http://www.dhammadownload.com

ဝိပဿနာနည်းပြ

# ဆရာကြီးဦးကြင်ရွှေ

၏

# ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး

(တတိယတွဲ)

ပခုက္ကူဝိပဿနာသင်တန်းဟောစဉ်

http://www.dhammadownload.com


အသင်းတည်ရာဌာန

ပဋ္ဋူဝိပဿနာသင်တန်းဆွဲများတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်

( အောက်မြန်မာပြည် )

အမှတ် (၈၆) ၊ သီရိ (၅)လမ်း ၊

(၂)ရပ်ကွက် ၊ လှိုင်မြို့နယ် ၊

ရန်ကုန်မြို့။

ဖုန်း-၅၂၄၀၇၈


အလှူတကာတွင် တရားပေး မှန်ပေး အမြတ်ဆုံး

http://www.dhammadownload.com


အသင်းတည်ရာဌာန

ပဉ္စက္ကူဝိပဿနာသင်တန်းခွဲများတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်

(အောက်မြန်မာပြည်)

အမှတ် (၈၆)၊ သီရိ (၅)လမ်း၊
(၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၅၂၄၀၇၈


အလှူ့တကာတွင် တရားပင် မှန်ပင် အမြတ်ဆုံး

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး (တတိယတွဲ) ပဉ္စက္ကူဝိပဿနာသင်တန်းဟောစဉ်

ဝိပဿနာနည်းပြ

# ဆရာကြီးဦးကြင်ရွှေ

၏

# ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး

## (တတိယတွဲ)

ပဉ္စက္ကူဝိပဿနာသင်တန်းဟောစဉ်

http://www.dhammadownload.com

ဆရာကြီး ဦးကြင်ရွှေ

ဟောကြားခဲ့သော

ပခုက္ကူဝိပဿနာသင်တန်းဟောစဉ်မှ

# ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး

(ဒုတိယတွဲ)


http://www.dhammadownload.com

# " ပုံနှိပ်မှတ်တမ်း "



| | | |
|---|---|---|
| **စာမူခွင့်ပြုချက်အမှတ်** | - | ၃၂၀၀၅၃၀၆၀၁ |
| **မျက်နှာဖုံးခွင့်ပြုချက်** | - | ၃၂၀၄၁၀၀၆၀၇ |
| **ကွန်ပျူတာစာစီ** | - | ဦးချမ်းသာ (သီရိပဝရ၊ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ) |
| **ထုတ်ဝေသူ** | - | ဦးကျော်ဟင်း<br>ယုံကြည်ချက်စာပေ၊ ၁၁၁/၃၃-လမ်း၊ ရန်ကုန်မြို့။ |
| **ပုံနှိပ်သူ** | - | ရွှေမြို့တော်ပုံနှိပ်တိုက်<br>အမှတ် ၁၃၂၊ ၃၄ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့။ |
| **ပုံနှိပ်ခြင်း** | - | ဒုတိယအကြိမ် |
| **အုပ်ရေ** | - | ၁၀၀၀ |
| **တန်ဖိုး** | - | ၂၀၀၀/- (နှစ်ထောင်ကျပ်)ဖြင့် ဖြန့်ချိသည်။ |
| **မူပိုင်ဖြန့်ချိရေး** | - | ဦးမြင့်စိုး<br>(ဥက္ကဋ္ဌ)<br>ပခုက္ကူ ဝိပဿနာသင်တန်းခွဲများ<br>တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)<br>အမှတ်(၈၆)၊ သီရိ (၅)လမ်း၊<br>(၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၅၂၄၀၇၈၊ ၀၉ - ၅၁၄၀၉၅၈ |

http://www.dhammadownload.com

# ဩဝါဒါစရိယ ဆရာတော်ကြီးများ




ဘဒ္ဒန္တပညိန္ဒာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)




ဘဒ္ဒန္တပဏ္ဍိတ
(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)



ဘဒ္ဒန္တပဏ္ဍိတ
(အဂ္ဂမဟာပဏ္ဍိတ)



ဘဒ္ဒန္တဝိစာရ
(အဂ္ဂမဟာပဏ္ဍိတ)




ဘဒ္ဒန္တတိလောက
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)




ဘဒ္ဒန္တကောသလ္လ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)



ဘဒ္ဒန္တဝိလာသ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)




ဘဒ္ဒန္တစန္ဒောဘာသ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)




ဘဒ္ဒန္တဩဘာသ
(အဂ္ဂမဟာပဏ္ဍိတ)

http://www.dhammadownload.com


# နာယက ဆရာတော်ကြီးများ




ဘဒ္ဒန္တ နေမိန္ဒာဘိသီရိ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)




ဘဒ္ဒန္တ နန္ဒောဘာသ
(နန္ဒာရွှေဘုံကျောင်းတိုက်)




ဘဒ္ဒန္တ သုန္ဒရ
(ဇေယျာဝံသကျောင်းတိုက်)




ဘဒ္ဒန္တ သီရိန္ဒ (တိုက်အုပ်)
(သုစိတ္တာရုံစာသင်တိုက်)




ဘဒ္ဒန္တ ဥတ္တရ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)




ဘဒ္ဒန္တ ဝိမလ
(မစိုးရိမ်စာသင်တိုက်)




ဘဒ္ဒန္တ သုန္ဒရ
(ပဏ္ဍိတာရာမစာသင်တိုက်)



ဘဒ္ဒန္တ ကဝိသာရ
(ဇေယျဝတီစာသင်တိုက်)



ဘဒ္ဒန္တ ဝဏ္ဏသိဒ္ဓိ
(ရွှေမန်းကျောင်းတိုက်)



ဘဒ္ဒန္တ သုန္ဒရ (ဟသ်ာတ)
(ဇေယျဝတီစာသင်တိုက်)

20/12/2005, 1:05 PM

http://www.dhammadownload.com



ပခုက္ကူဝိပဿနာသင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေ

http://www.dhammadownload.com



နာယကကြီး ဦးချစ်

ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

http://www.dhammadownload.com

# ၁၃၀၉–ခုနှစ်မှ စတင်ပြသခဲ့သော ပခုက္ကူဝိပဿနာနည်းပြဆရာကြီး ဦးကြင်ရွှေ၏ ဝိပဿနာသင်တန်းတရားစဥ်များ

၁။ ပမာဏ ( ၄ ) ပါး

၂။ ဘေးကြီး ( ၄ ) ပါး

၃။ မှာတမ်းတော်

၄။ ပညတ် - ပရမတ်

၅။ ရုပ်ခတ် - နာမ်ခတ်

၆။ ခန္ဓာ ( ၅ ) ပါး

၇။ ပစ္စယပရိဂ္ဂဟဉာဏ်

၈။ မဂ္ဂင် ( ၈ ) ပါး

၉။ အာယတန ( ၁၂ ) ပါး

၁၀။ ဓာတ် ( ၁၈ ) ပါး

၁၁။ ဝီထိစဥ်

၁၂။ လက္ခဏာရေး ( ၃ ) ပါး

၁၃။ ဝိပဿနာဉာဏ် ( ၁၀ ) ပါး

၁၄။ ပဋိစ္စသမုပ္ပါဒ်

၁၅။ သစ္စာ ( ၄ ) ပါး

၁၆။ နိဗ္ဗာန်

http://www.dhammadownload.com

A 1666

# (၁၃၀၉) ခုနှစ်မှ စတင်တည်ထောင်ခဲ့သော ပခုက္ကူဝိပဿနာ သင်တန်းနည်းပြ

# ဆရာကြီး ဦးကြင်ရွှေ

# ၏

# ဘဝဖြစ်စဉ် သမိုင်းရာဇဝင် အကျဉ်းချုပ်

ပခုက္ကူဝိပဿနာသင်တန်းသားများ၏ ရှေ့သွားခေါင်းဆောင် သမိုင်းပြောင်သည့် ဆရာကြီး ဦးကြင်ရွှေသည် ဧရာဝတီတိုင်း အပါအဝင် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၊ ပုသိမ်မြစ်ဟုလည်း ခေါ်တွင်သော ငဝံမြစ် လက်ဝဲဘက်ကမ်းတွင် တည်ရှိသော သာယာလှသော လူတော်စုရွာ၌ အဖ ဦးသာပေါ်+အမိ ဒေါ်မေခင်-တို့မှ သက္ကရာဇ် (၁၂၆၁) ခုနှစ်၊ တော်သလင်းလဆန်း (၁၂) ရက်၊ သောကြာနေ့ နံနက် (၄) နာရီ အချိန်တွင် ထောင်သောင်းသိန်းမက များလှစွာသော လူအပေါင်းတို့အား ဓမ္မဒါန အမြုတေ ငှဝေအံ့ငှာ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။ ဆရာကြီး၏ ငယ်မည်မှာ 'မောင်ကြင်' ဖြစ်ပါသည်။

❖ များပြောင်သချာ၊ လူတကာတို့၊ ဓမ္မအမြုတေ၊ ပေးဝေအံ့ငှာ၊
ဆရာလောင်းလျာ၊ ဖွားမြင်ပါသည်၊ လွန်စွာ အံ့ဖွယ်ကောင်းပါသတည်း။

## တတ်သင့်တတ်ရာ ပညာအရပ်ရပ် သင်ကြားခဲ့ခြင်း

ကျေးဇူးရှင် ပခုက္ကူဝိပဿနာ နည်းပြဆရာကြီးလောင်းလျာ မောင်ကြင်သည် သက်တော် (၇) နှစ်သားအရွယ်တွင် လူတော်စုရွာ ကျောင်းဆရာမကြီး ဒေါ်သိန်းလှိုင်၏ မူလတန်းကျောင်း၌ အခြေခံမူလတန်း ပညာရပ်များကို သင်ယူခဲ့ပါသည်။ ထိုဒေါ်သိန်းလှိုင် မူလတန်းကျောင်းမှ လူတော်စုရွာ ဆရာတော် ဦးတေဇဝန္တ ကျောင်းသို့ ပြောင်းရွှေ့နေထိုင်ကာ ဆရာကြီးဦးဘိုးရန် ကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့ရာ အောက်ခြေမူလတန်းစာများ လွယ်ကူစွာ တတ်မြောက်ခဲ့ပါသည်။

❖ ဆရာကြီးလောင်းလျာ၊ သူတော်စွာကား၊ ငယ်ခါသမယ၊
ကာလကပင်၊ လွန်လျှင်ထူးခြား၊ ပညာများကို၊ ကြိုးစား၍ပင်၊
သူသွန်သင်သည်၊ လူတွင် တံခွန်ဖြစ်မည်ကို။

http://www.dhammadownload.com

## သာမဏေဝတ် ဘုရားမြတ်စွာသာသနာ့ဝန် ထမ်းဆောင်ခြင်း

ပခုက္ကူဝိပဿနာသင်တန်းသားများ၏ ရွှေတောင်ကြီးပမာ မှီခိုအားထားရာဖြစ်သော ဆရာကြီးသည် သက်တော် (၁၂) နှစ်သားအရွယ်တွင် ပြည်ခရိုင်၊ ပန်းတောင်းမြို့ ဆုတောင်းပြည့်ကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့သော အဘိဓမ္မတ္ထသာရမေဒနီကျမ်း စသော ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ဒွါရနိကာယ ဆဋ္ဌမမြောက် သံဃရာဇာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ဝါသဝ မဟာထေရ်မြတ်၏ စက်ရိပ်ဝယ် သာဝတ္ထိအဖွဲ့ နှစ်ဆယ့်လေးသွယ် စလွယ်တော်သိုင်းခြုံ မဟာသရဏဂုံနှင့်တကွ ဆယ်ပုံသီလ နိစ္စမြဲထွေ သာမဏေဘုံရောက် ချီးမြှောက်တော်မူချက်အရ "ရှင်သာစုဝတ" ဟူသော ဘွဲ့မည်ဖြင့် ဘုရားဇိနေ်ာသာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့ပါသတည်း။

❖ **တစ်ဆယ့်နှစ်နှစ်၊ ရွယ်တော်ခေတ်ဝယ်၊ ဘုန်းကြွယ်မြတ်စွာ၊**
**သာသနာတွင်၊ သုံးအင်သရဏဂုံ၊ ဆယ်ပုံသီလ၊ မြတ်ဓမ္မဖြင့်၊**
**သာသနာ့ဝန်၊ သူအားသွန်သည်၊ လွန်လျှင်ထူးတဲ့ ပါရမီရှင်ပါတည်း။**

## 'သရေခေတ္တရာ'မည် ပြည်မြို့၌ ပညာသင်ကြားခြင်း

သက္ကရာဇ် (၁၂၇၆) ခုနှစ်မှစ၍ 'သရေခေတ္တရာ'ဟု ထင်ရှားသော ပြည်မြို့ ကန်တွင်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုဘာသိတထံ ရောက်ရှိနေထိုင်၍

❖ **"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊**
**သင်ထွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ"**

ဟူသည်နှင့်အညီ တပည့်ဝတ်ငါးပါး ပြည့်စုံစွာကျင့်ကြံ၍ တတ်ကောင်းတတ်ရာ လောကုတ္တရာ ပညာအရပ်ရပ်ကို ဒိုးကဲ့သို့မွှေ အာဂုံကျေအောင် သင်ယူတတ်မြောက်တော်မူခဲ့ပါသတည်း။

❖ **သရေခေတ္တရာ၊ သညာဖွဲ့ချည်၊ ပြည်နဂရ၊ ဌာနသမိုက်၊**
**ကန်တွင်းတိုက်တွင်၊ အရှင်သုဘာသိတ၊ ထေရိန္ဒရ၏၊**
**သန္တိကေနီး၊ ကပ်ခါမှီး၍၊ ဘုန်းမီးသာသနာ၊ ကျမ်းစာဆူဆူ၊**
**သင်သင်ယူသည်၊ ကြည်ဖြူသဒ္ဓါပိုင်ရှင်တည်း။**

## ဥပသမ္ပဒဇာတ်မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်း

သက်တော် (၂၀) ပြည့်မြောက်ရာ သက္ကရာဇ် (၁၂၈၁) ခုနှစ်၊ မအူပင်မြို့၊ ဒီပဲရင်းကျောင်းတိုက် သိမ်တော်၌ အဂ်ပူဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မအူပင်မြို့ စက်ရှင်မင်းကြီး ဦးသက်ညွန့်+ ဒေါ်ရွှေမေ-တို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ရဟန်းဘဝ ဒုလ္လဘကို မုချပုံသေ ရရှိတော်မူခဲ့ပါပေသတည်း။

❖ သက်တော်နှစ်ဆယ်၊ သူပြည့်ကြွယ်က၊ တင့်တယ်အေးမြ၊
သာယာလှသည့်၊ ဗုဒ္ဓသာသနာ၊ ကြီးစွာဝန်ထမ်း၊ ရဟန်းဘဝ၊ ဒုလ္လဘကို၊
လှလှမသွေ၊ ရရှိလေသည်၊ အသရေလျှမ်းတင့်လှပါသတည်း။

## ပညာသင်ကြားတော်မူခြင်း

တစ်ခေတ်တွင် ပခုက္ကူဝိပဿနာ သင်တန်းဆရာကြီးအဖြစ် ကျော်စောမည့် ရဟန်းတော် ဦးသာဓုဝတသည် ပြည်မြို့ ကန်တွင်းကျောင်းတိုက် ဆရာတော်ဘုရားကြီးနှင့် အင်္ဂပူဆရာတော် ဘုရားကြီးတို့ထံတွင် ဂန္ထဓုရ အဝဝကို မဟုသာဟ ဖွဲလုံ့လဖြင့် သင်ယူရာ တတ်မြောက်ကျွမ်းကျင်တော်မူခဲ့ပါသည်။

နေလတန္တျ၊ ဦးသုဘာသိတ၊ ထေရိန္ဒနှင့်၊ သံဃပိတာ၊
သံဃဖကင်၊ အင်္ဂပူတွင်၊ သခင်ဆရာ၊ များစွာတို့ထံ၊
တန်တန်သချာ၊ ကျမ်းရွှေစာကို၊ ကောင်းစွာအလျင်၊
သူသင်ယူသည်၊ သဗ္ဗညုသာသနာ ပြုရန်ကို။

## ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်၌ ပညာသင်ကြားခြင်း

ရဟန်းသိက္ခာ ခြောက်ဝါအရတွင် နတ်သိကြားတို့ နှိုးဆော်သည့်အလား ပခုက္ကူသို့ ပညာ သင်သွားလိုစိတ်တွေ တဖွားဖွားဖြစ်ပါသဖြင့် ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်း တိုက်ကြီးသို့ ရောက်ရှိကာ အဂ္ဂမဟာပဏ္ဍိတ အဘိဇမဟာရဋ္ဌဂုရု ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးဇဝနထံ ပိဋကတ်နိကာယ် အသွယ်သွယ်သော ကျမ်းဂန်များကို သင်ယူခဲ့ရာ ပိဋကတ် တတ်မြောက် ကျွမ်းကျင်ခဲ့လေသည်။

❖ ပခုက္ကူမည်၊ လွန်ပြောစည်သည့်၊ အင်္ဂီရသ၊ ဗုဒ္ဓသာသနာ၊
ရောင်ဝါယှက်ဝေ၊ မြို့မဟေ၌၊ သုံးထွေပိဋက၊ ချရာပို့ရာ၊
မဟာဝိဇယာရာမ၊ နာမသမိုက်၊ တိုက်တော်ကြီးတွင်၊ သုံးအင်ပိဋကတ်၊
တတ်မြောက်အောင်ပင်၊ သင်သင်ယူသည်၊ ဝိညူပဏ္ဍိဖြစ်ပြီတည်း။

## စာပေကျမ်းဂန်ချပို့ သာသနာကျိုး သည်ပိုးဆောင်ရွက်ခြင်း

စာပေကျမ်းဂန် သင်ယူတတ်မြောက်ပြီးနောက် မိမိအောက်ငယ်သား စာသင်သားများကို စာပေချပို့ကာ သာသနာ ကျိုးကို သည်ပိုးထမ်းဆောင်ခဲ့လေသည်။ ဆရာကြီးလောင်းလျာ ရဟန်းတော် ဦးသာဓုဝတသည် ပန်းဘဲတိုက်ရပ် ကျောက်စေတီဘုရားအနီးရှိ ယခု အမှတ် (၁) အ-လ-က ကျောင်း

http://www.dhammadownload.com

နေရာ၌ ရှိခဲ့ဖူးသော ဘုန်းတော်ကြီးဦးဝင့်ကျောင်း၌လည်း နေထိုင်၍ သာမဏေငယ်များ, ကျောင်းသားများကို စာပေသင်ကြား ချပို့ပေးခဲ့ပါသည်။

❖ **စာပေအရပ်ရပ်၊ တတ်မြောက်လေက၊ သိဿပေါယယ်၊ အသွယ်သွယ်အား၊**
**ငါနှုယ်မသွေ၊ တတ်ပါစေဟု၊ နှလုံးမြှုကာ၊ များစွာကျမ်းစာ၊**
**ချပို့ပါသည်၊ စေတနာသုံးဖြာ၊ ထူးလှပါသတည်း။**

## ဝိပဿနာတရားပြန့်ပွားအောင် ဆောင်ရွက်ခြင်း

ရဟန်းတော် ဦးသာဓုဝတသည် ရဟန်းသိက္ခာ (၁၈) ဝါအရတွင် လွန်စွာထူးတင့် မြင့်မြတ်လှသည့် သာသနာ့ဘောင်မှ ဆင်းခဲ့လေသည်။ 'ဦးကြင်ရွှေ' အမည်ဖြင့် လူ့ဘဝရောက်၍ (၄)နှစ်ကြာသော အခါ ဒေါ်စိန်ဥနှင့် အိမ်ထောင်ဖက်ပြုခဲ့ရာ သမီးတစ်ယောက် ထွန်းကားခဲ့ပြီး မကြာမီ သမီး, ဇနီးတို့ ကွယ်လွန်ခဲ့သဖြင့် သောကမီးတောက်လောင်လေရာ ယင်းသောကမီးမှ ငြိမ်းရန်ငြိမ်းကြောင်း ဘုရားမြတ်စွာ၏ ဆေးကောင်းဖြစ်သည့် ပိဋကကျမ်းစာများကို ကြည့်ရှု၍ အနှစ်သာရကို ရှာဖွေခဲ့လေသည်။

❖ **တဏှာအကြိုက်၊ သူ့လိုက်မိကာ၊ မြတ်စွာခမ်းဝါ၊ သာသနာမှ၊**
**ယုတ်မာသည်းခေါင်၊ ဤလူ့ဘောင်ဝယ်၊ အိမ်ထောင်ညွတ်ကွင်း၊**
**သံချိုင့်တွင်း၌၊ ဆင်းသက်မိကာ၊ ပူဝေဆာ၊ သောကရောက်ရပါသတည်း။**
**သောကပြေကြောင်း၊ ဆေးဝါးကောင်းမှန်၊ သုံးတန်ပိဋက၊**
**နိစ္စမသွေ၊ ကြည့်ရှုလေက၊ သံဝေဂ မုချဖြစ်ခဲ့ပါသတည်း။**

ယင်းသို့ စာပေကျမ်းဂန်အရပ်ရပ်ကို ကြည့်ရှုလေ့လာ သုံးသပ်ရှုမှတ် ကြံစည်ရင်း လောကကြီး ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးမှတစ်ပါး ဘာမျှမရှိ သူည၏အဖြစ်ကိုလည်းကောင်း၊ ငါ, သူတစ်ပါး ယောကျာ်း, မိန်းမ မရှိ ပရမတ်ပေါ်တွင် ပညတ်ဖုံးနေသည်အဖြစ်ကိုလည်းကောင်း ပိုင်ပိုင်မိမိ သိရှိ၍ မိမိသိသည့်အတိုင်း အများတကာတွေ သိကြပါစေ ဟူသော ရည်ရွယ်ချက်ဖြင့် (၁၃၀၉) ခုနှစ်၊ တန်ဆောင်မုန်းလက စ၍ "ပဓုက္ကျုဝိပဿနာသင်တန်း" ဟူသော အမည်ဖြင့် စတည်ထောင် ဖွင့်လှစ်ခဲ့ရာ ဘုန်းကံရှိသော အမျိုးကောင်းသား အမျိုးသမီး ထောင်ပေါင်းများစွာတို့ ဒီရေအလား တဖွားဖွား ရောက်ရှိ တပည့်ခံကြကာ တရားမွေ့နဲ ၁ယူကြရာ အတိုင်းမသိ အကျိုးရှိလှသည်။

## သင်တန်းခွဲပေါင်း (၂၇၀) ကျော်

ယခုဆိုလျှင် ပြည်ထောင်စု မြန်မာနိုင်ငံ တစ်နိုင်ငံလုံး အနယ်နယ် အစိုစို အမြို့မြို့ အရွာရွာတွင် ဆရာကြီး၏ ဝိပဿနာသင်တန်းခွဲပေါင်း (၂၇၀)ကျော်မျှရှိရာ လွန်စွာအားရ ကျေနပ်ဖွယ်ကောင်း လှပါသည်။

http://www.dhammadownload.com

# ဆရာကြီးကွယ်လွန်သဖြင့် ဆုံးရှုံးနစ်နာခြင်း

အားလုံးသော သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့ -

အားလုံးသိတော်မူကြသည့်အတိုင်း ဇရာဗျာဓိတို့ အနှိပ်စက်ခံရသော ဆရာကြီး အသက် (၈၅)နှစ်ရှိရာ (၁၃၄၆) ခုနှစ်၊ ဝါဆိုလကွယ်နေ့ (၁) နာရီ (၆)မိနစ်အချိန်တွင် ဆရာကြီး ကွယ်လွန်သွားပါသဖြင့် လွန်စွာဆုံးရှုံးနစ်နာခြင်း ဖြစ်ကြရပါသည်။ သို့ရာတွင် "ဖြစ်လျှင်ပျက်မြဲ မလွဲတံထွာ ဓမ္မတာ" ဟု သဘောပေါက် ဖြေသိမ့်ပြီး ဆရာကြီး၏ တရားတော်များ ပြန့်ပွားအောင် ကျန်ရစ်ကြသော တပည့်တွေ တက်ညီလက်ညီ ဆောင်ရွက်ကြဖို့ လေးနက်စွာ တိုက်တွန်းပါသည်။

မြင်မြင်သမျှ သင်္ခါရ စိတ်က နှလုံးသွင်း။

အရှင်ကေလာသ<br>
အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မာစရိယ ဂဏဝါစက<br>
B.A .Hons ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


## ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး (တတိယတွဲ)


| | | |
|---|---|---|
| ၁။ | နိဒါန်း | က |
| ၂။ | သမလောဘနှင့်ဝိသမလောဘ ဆိုတာ | ၇ |
| ၃။ | မန္ဓာတုမင်းကြီးထုံးဝတ္ထု | ၁၅ |
| ၄။ | သက္ကပဥ္စသုတ် သိကောင်းစရာ | ၃၂ |
| ၅။ | ဒါနနှစ်မျိုး | ၃၂ |
| ၆။ | အောင်ခြင်းတရားလေးပါး ဆိုတာ | ၃၅ |
| ၇။ | အတိတ် ပစ္စုပ္ပန် အနာဂတ်သုံးပိုင်းရှိတဲ့ ပဋိစ္စသမုပ္ပါဒ် | ၇၉ |
| ၈။ | စုတိ ဆိုတာ ဘာလဲ | ၁၀၆ |
| ၉။ | ဇရာဆိုတာ ဘာလဲ | ၁၁၁ |
| ၁၀။ | ဇရာနှစ်မျိုးဆိုတာ | ၁၁၂ |
| ၁၁။ | တစ်နည်း ဇရာ နှစ်မျိုး | ၁၂၀ |
| ၁၂။ | မရဏ ဆိုတာ | ၁၂၄ |
| ၁၃။ | သေခြင်းတရား သုံးပါး | ၁၂၅ |
| ၁၄။ | သေခြင်းတရား ဘယ်သူမှ မလွတ် | ၁၄၂ |
| ၁၅။ | ဗျသနတရားငါးပါး ဆိုတာ | ၁၄၈ |
| ၁၆။ | ပတိပူဇိကာအကြောင်း သိကောင်းစရာ | ၁၈၀ |
| ၁၇။ | သုပြဟ္မာအကြောင်းသိကောင်းစရာ | ၁၈၄ |
| ၁၈။ | ရဟန်းငါးရာဝတ္ထုအကြောင်း | ၂၂၄ |

http://www.dhammadownload.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | မြတ်စွာဘုရားနဲ့သစ္စကပရိဗိုဇ်ဝါဒပြိုင်ပုံ . . . . . . . . . . . . . . . . . . . . . . . . | ၂၅၄ |
| ၂၀။ | ပရိဒေဝအမိပွာယ် အရကောက် . . . . . . . . . . . . . . . . . . . . . . . . . | ၃၅၀ |
| ၂၁။ | ဒုက္ခဆိုတာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . | ၃၅၃ |
| ၂၂။ | ဒေါမနဿ ဆိုတာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . | ၃၅၃ |
| ၂၃။ | ဥပါယာသဆိုတာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . | ၃၅၄ |

**တတိယတွဲ မာတိကာပြီး၏။**

◎ ◎ ◎ ◎ ◎ ◎ ◎ ◎ ◎ ◎

http://www.dhammadownload.com



# ပစ္စုပ္ပန္နာဘိဓမ္မာ

# ပဋိစ္စသမုပ္ပါဒ် နိဒါန်း

လောကလူသားအားလုံးတို့တွင် အနန္တကျေးဇူးရှင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာ ဘုရားသည် လောကလူသားအားလုံးအတွက် အကျိုးနှစ်ဝ ပြည့်စုံကြစေရန် ဒေသနာတော်ကို အပြည့်အစုံ ဟောကြားတော်မူခဲ့၏။

ထိုသို့ ဟောကြားတော်မူရာတွင် -

၁။ လောကလူသား အားလုံးကို အစဉ်သနား စောင့်ရှောက်ရန်၊

၂။ နတ်, လူတို့ အကျိုးရှိစေရန်၊

၃။ နတ်, လူတို့ အကျိုးစီးပွား ဖြစ်ပွားစေရန်၊

၄။ နတ်, လူတို့ ချမ်းသာစေရန်၊

ဟူသော ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်ပေါက်လာရခြင်း၏ မူလအချက်ကြီး လေးရပ်နှင့်အညီ ဟောကြားတော်မူ၏။

ထိုခေတ်, ထိုအခါ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က ဟောကြားတော်မူခဲ့သော သုတ္တန်, အဘိဓမ္မာ, ဝိနည်းဒေသနာတော်သည် ယခုအချိန်အထိလည်းကောင်း၊ နောင်အခါ နှစ်ပေါင်းများစွာ အထိလည်းကောင်း လိုက်လျောညီထွေ ရှိနေပြီး, ရှိနေဆဲ, ရှိနေဦးမည်သာ ဖြစ်၏။

## နက်နဲခြင်း, ခက်ခဲခြင်း, ကြောင်းကျိုးပြ

ထိုသို့ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာ တော်သည် -

၁။ အနညာ - ဝိုးတိုးဝါးသား သာမညအားဖြင့် မသိခြင်း။

၂။ အနနုဗောဓ - ဝိသေသ အထူးအားဖြင့် ထိုးထွင်း၍ မသိခြင်း။

၃။ အပ္ပဋိဝေဓ - မဂ်ရ, ဖိုလ်ရ, ပဋိဝေဓဒေသနကိစ္စအားဖြင့် မသိခြင်း။

http://www.dhammadownload.com



ဟူသော အခက်အခဲကြီး သုံးပါးတို့ကြောင့် မှန်မှန်ကန်ကန် လွယ်ကူစွာ သိဖို့ရန် ခက်ခဲသော ဒေသနာတော်များ ဖြစ်၏။

ထိုသို့ အသိခက်ခဲခြင်း၊ နက်နဲခြင်း အကြောင်းရင်းများကို ယနေ့ ပစ္စက္ခလူသားတို့သည် ဒေသနာတော်များကို ပိုင်နိုင်စွာ သိရှိနားလည်စေရန်နှင့် လိုက်နာကျင့်ဆောင်စေရန် နည်းစနစ်ကို လွယ်ကူစွာ သိရှိနားလည် သဘောပေါက်အောင် ဆိုပြီးတော့ -

ပခုက္ကူဝိပဿနာ သင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေက ပိဋကတ်တော်မှ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ထုတ်နှုတ်ပြီး -

ပခုက္ကူဝိပဿနာ သင်တန်းကြီးကို ၁၃၀၉-ခုနှစ်၊ တန်ဆောင်မုန်းလမှ စပြီး ဟောကြားလာခဲ့တာ သင်တန်းတစ်ပတ်ဆိုရင် တစ်နှစ်ကျော်ကျော် ကြာခဲ့၏။

ဆရာကြီး ဦးကြင်ရွှေ၏ တရားသည် မြန်မာပြည် အထက်အောက်တစ်ခွင် ရည်ရွယ်ချက်ရှိသည့်အတိုင်း သင်တန်းခွဲများ မြို့ရွာအသီးသီး၌ နာကြားကြသူများအတွက် ပေါ်ပေါက်ခဲ့၏။

ထိုသင်တန်းကြီးသည် သက်ဆိုင်ရာ အကြောင်းအရာအလိုက် သိမ်မွေ့နက်နဲ ခက်ခဲသည်များကို ပေါ်လွင်ထင်ရှားစွာ ဟောကြားနိုင်စွမ်းလည်း ရှိခဲ့ပေသည်။

ထိုသို့ ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရား သင်ကြားပြသလာသော တရားစဉ်တို့ကား -

နိဒါန်းအစ၊ မှာတမ်းတော်မှစ၍ ပညတ်၊ ပရမတ်၊ ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဝီထိစဉ်၊ လက္ခဏာရေးသုံးပါး၊ ဝိပဿနာဉာဏ်စဉ်ဆယ်ပါး၊ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါး၊ နိဗ္ဗာန်တရားတော်အထိ အခန်းပေါင်းများစွာကို သင်တန်းတစ်ပတ်လျှင် တစ်နှစ်တာမျှ ကာလကြာညောင်းအောင် နေ့ရက်မပျက် ဆက်ခါဆက်ခါ သင်တန်းတရားများ ဟောကြားလာခဲ့ခြင်း ဖြစ်ပေသည်။

## တိတ်ကြိုး၊ တိတ်ခွေမှ ပုံနှိပ်ရခြင်းအကြောင်း

ဤသို့ သင်တန်းတရားဟောစဉ်တွေကို တိတ်ကြိုးခွေမှ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိစေရန် တိုက်တွန်းပြန်တော့ -

ပခုက္ကူဝိပဿနာ သင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)၏ အဖွဲ့ချုပ်အမှုဆောင်များအနေဖြင့် နှစ်စဉ်ဆင်နွှဲ "ဩဝါဒခံယူပွဲ" တွင် နိုင်ငံတော် သံဃမဟာနာယက ဩဝါဒါစရိယ ဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်၊ ဇဟိုဝန်ဆောင် ဆရာတော်၊ တိုင်း၊ မြို့နယ်တို့မှ သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ကြီးများ၏ ဩဝါဒခံ မိန့်ကြားသံက-

http://www.dhammadownload.com



"ဒါယကာတို့ရဲ့ ဤသင်တန်းတရားသည် နှစ်ရှည်ကြာညောင်းခဲ့သည့်အလျောက် တစ်နေ့တစ်ခါ တရားများကို နှစ်ရှည်ကြာအောင် ရက်ဆက်မပျက် နာဖို့ခက်ပါတယ်။ ဤသို့ ဒါယကာများ စွမ်းအားရှိက တိတ်ခွေတရား ပုံနှိပ်ထားပါက ရက်ရှည်လည်းခံ၊ လွယ်ကူပြန်တော့ အများလည်းဖတ်၊ ကိုယ့်မှာလည်း မြတ်၏"ဟု အကျိုးများသော ပစ္စယဒါန, ဓမ္မဒါန နှစ်ဌာန ကုသိုလ်ကြီးကို ရစေရန် ဆရာတော်များက တိုက်တွန်းခဲ့ပေသည်။

ဤသို့ ဆရာတော်ဘုရားကြီးများ၏ ဩဝါဒခံ မိန့်ကြားသံနှင့်အတူ ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ဥက္ကဋ္ဌကြီးနှင့် အမှုဆောင်လူကြီးများမှ ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရား တိတ်ကြိုးခွေမှ ပုံနှိပ်စာအုပ်အဖြစ်သို့ အမြန်ဆုံး ရောက်ရှိအောင် ဆောင်ရွက်ပေးပါရန် လျှောက်ထားတောင်းပန်လာသောကြောင့် စီစဉ်ဆောင်ရွက်ပေးခဲ့သော အရှင်သည် ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရားများ တိတ်ကြိုးခွေမှ ပုံနှိပ်စာအုပ် ဖြစ်မြောက်ရေးကိုသာ ရှေးရှုပြီး ပါဠိဆရာ ဦးချမ်းသာ (သီရိပဝရ ဓမ္မာစရိယ ပါဠိပါရဂူ) မှ ကိုယ်တိုင်စာစီပြီး စာမူချောအထိ အထူးကြီးကြပ်ဆောင်ရွက်ပြီး၊ သင်တန်းဟောစဉ် တရားများမှ ပဋိစ္စသမုပ္ပါဒ်တရားကို ပထမဦးစွာ ရွေးချယ်ပြီး ဆရာကြီးဟောစဉ်အတိုင်း မူမပျက် ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်အောင် ပို့ဆောင်ပေးခြင်း ဖြစ်ပါသည်။

## ဤတရားစာကို လေ့လာခြင်း၏ အကျိုးရလာဒ်များ

ဤပဋိစ္စသမုပ္ပါဒ်တရားကို မဖတ်ရှုမီ နားမလည်ခင်က ဗုဒ္ဓဘာသာတို့ အစဉ်အလာရ ကံ, ကံ၏ အကျိုးကို ယုံကြည်သည့်အလျောက် ထိုက်သည့်အားလျော်စွာ ဒါန သီလ စသော ကုသိုလ်ကောင်းမှုတို့ကို နည်းများမဟူ ကြည်ဖြူသော သဒ္ဓါတရားဖြင့် ကြိုးစားပြုလုပ် အားထုတ်ခဲ့ကြပေသည်။ ထိုကုသိုလ်ကံ စေတနာတို့သည် အမှန်ပင် အခွင့်အခါအားလျော်စွာ ကောင်းကျိုးချမ်းသာတို့ကို မုချမသွေ ပေးစွမ်းနိုင်ပေလိမ့်မည်ဟု ယုံကြည်ကြပေသည်၊ ယုံကြည်သည့်အတိုင်းပင် မှန်လှပေသည်။

သို့သော် ဤကုသိုလ်ကောင်းမှုမျိုးတွေ ပြုကြ၍ အပြည့်အဝနှင့် သေကြရသော သူတိုင်းမှာပင် "ဒေဝ ပေတ မနုဿ တိရစ္ဆာန နိရယ" ဟု ငါးဝသော လားရာ ဂတိမျိုးတို့တွင် သူလားချင်ရာ လားနိုင်သည်။ သူကျချင်ရာ ကျနိုင်သည်ဆိုသော ဂတိမမြဲသော ဝိနိပါတ ဘေးဆိုးကြီးမှ တကယ်လွတ်မြောက်အောင် စွမ်းဆောင်နိုင်တဲ့ ရုပ်နာမ်ခန္ဓာ စသော ဝိပဿနာတရားကို သိကြားနားလည်၍ အနည်းဆုံးအားဖြင့် မဟာသောတာပန် မဖြစ်နိုင်ဟု လျှော့ချရစေကာမူ စူဠသောတာပန်အဆင့်

http://www.dhammadownload.com



မျိုးလောက် ရောက်အောင် တစ်ဆင့်တိုး၍ ကြိုးစားစေရန် တိုက်တွန်း၍ ယခုလို နားလည်ယုံကြည်လောက်အောင် တင်ပြသည်မှာ ငါတို့အတွက်ပင်ဟု ဉာဏ်ယှဉ်သူအဖို့မှာ အပြစ်မမြင်သည့်အပြင် ကျေးဇူးပင် တင်ရမည်ကား ယုံမှားဖွယ်ရာ မရှိပါ။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားများကို ပုံနှိပ်စာအုပ်အဖြစ်သို့ လေးပိုင်းခွဲပြီး ပ-ဒု-တ-စ၊ စာမျက်နှာ (၄၃၄) ကျော်ပါ တတိယတွဲစာအုပ်ကို စတင်ထုတ်ဝေမည် ဖြစ်ပါသည်။ ဤပဋိစ္စသမုပ္ပါဒ်တရားကို အစမှ အဆုံးတိုင်အောင် မှတ်မှတ်သားသားနှင့် ဖတ်ရှုသူ ပရိသတ်များမှာ ရုပ်တစ်လုံး၊ နာမ်တစ်လုံးမှ မသိ၍ ပညာမျက်စိ လုံးဝမရှိသော အကန်းခေါ်တဲ့ "အန္ဓပုထုဇဉ်"ဘဝမှ လွတ်မြောက်၍ ကလျာဏပုထုဇဉ်အဖြစ်သော်လည်းကောင်း၊ စူဠသောတာပန်အဖြစ်သော်လည်းကောင်း ဘဝသစ်ဘဝထူးသို့ ကူးပြောင်းရရှိသည့်အဖြစ်ကို ကိုယ်တိုင်သိရှိလာသောအခါ ဤပဋိစ္စသမုပ္ပါဒ် သင်တန်းတရား ထုတ်ဝေရသော အကျိုးရလာဒ်သည် ယခုပစ္စုပ္ပန် မျက်မှောက်၌ တစ်သက်လုံး ဝမ်းသာလို့မဆုံးအောင် အပြုံးကြီး ပြုံးရပါတော့သည်။

ဦးသုန္ဒရ (ဟသ်ာတ)
ဇေယျဝတီပရိယတ္တိစာသင်တိုက်
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com



# နာယကကြီး၏ တိုက်တွန်းလွှာ မှာထားချက်

ဤပဋ္ဌိစ္စသမုပ္ပါဒ်တရားမြတ်သည် သစ္စာလေးပါး မြတ်တရားကို အကြောင်းတရားနှင့်အကျိုး တရားတို့အား တိုက်ရိုက်ဆက်သွယ် ဖော်ပြထားသော ကြောင်းကျိုးဆက် မြတ်ဓမ္မပင် ဖြစ်ပါ၏။

ထိုဓမ္မတို့၏အနက် သစ္စာလေးပါး မြတ်တရားသည် အသိခက်၏၊ အသိနက်၏၊ ထို့ကြောင့် နားလည်သဘောပေါက်ရန် အလွန်ပင်ခဲယဉ်းလှ၏။ ထိုအသိခက် အသိနက်လှသော တရားတို့ကို ရှင်းလင်းပြတ်သား လွယ်ကူစွာ နားလည်နိုင်ကြစေရန် ဟောကြားခဲ့သော ပခုက္ကူဝိပဿနာနည်းပြ ဆရာကြီး ဦးကြင်ရွှေ၏ ဟောစဉ်အခန်း (၁၆) အနက်မှ အခန်း (၁၄) ပဋ္ဌိစ္စသမုပ္ပါဒ်တရားစဉ် ဖြစ်ပါသည်။ ဤပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်မြတ်ကို တစ်ရက်လျှင် (၁)နာရီနှုန်းဖြင့် ရက်ပေါင်း (၈၀)၊ နာရီပေါင်း (၈၀)ကြာ ဟောခဲ့ရပါသည်။

ယခု ထိုတိတ်ကြိုးခွေမှတစ်ဆင့် ပုံနှိပ်စာအုပ်အဖြစ်သို့ အောက်မြန်မာပြည် ပခုက္ကူဝိပဿနာ သင်တန်းခွဲများ၊ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်က ပစ္စယဒါနနှင့်ဓမ္မဒါနအဖြစ် ဆက်လက်ဆောင်ရွက် လျက်ရှိရာ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်အစမှ အဆုံး လေးပိုင်းခွဲ၍ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲတွင် ပြီးဆုံးမည်ဖြစ်ပါသည်။ အစဉ်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

ယခင် ပထမတွဲ၊ ဒုတိယတွဲ ထုတ်ဝေခဲ့ပြီး၊ ယခု တတိယတွဲကို ဆက်လက်ထုတ်ဝေလိုက်သည် ဖြစ်ရာ ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)နှင့်အတူ သင်တန်းခွဲများ၊ သင်တန်းသူ သင်တန်းသားများနှင့် ဤကျမ်းစာအုပ်များကို လေ့လာဖတ်ရှု သူအားလုံး လွယ်ကူလျင်မြန်သော အသိဉာဏ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုလွယ်နိုင်ကြပါစေကုန်သတည်း။

**နာယကကြီး ဦးချစ်**

ပခုက္ကူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
(အောက်မြန်မာပြည်)

http://www.dhammadownload.com



## ကျေးဇူးတင်လွှာ

ဤပဋ္ဌာန်းစွဲသမုပ္ပါဒ် တရားတော်ကြီးကို ပုံနှိပ်စာအုပ် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ဘုရားကြီးများ၏ ဩဝါဒနှင့်အတူ ဝိုင်းဝန်းကူညီပံ့ပိုးကြသော သူတော်ကောင်းများ၏ ကာယ, ဉာဏ, မနအင်အား မေတ္တာစေတနာတို့ဖြင့် အဘက်ဘက်မှ တိုက်တွန်းဆောင်ရွက်ကြသော ကျေးဇူးတင်ထိုက်သူများမှာ -

**ဩဝါဒစရိယ ဆရာတော်ကြီးများ**

၁။ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒု-ဥက္ကဋ္ဌဆရာတော်)၊

၂။ ဘဒ္ဒန္တ ပဏ္ဍိတ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ပရဟိတကျောင်းကျောင်းဆရာတော်၊

၃။ ဘဒ္ဒန္တ ပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်ဩဝါဒါစရိယဆရာတော်၊

၄။ ဘဒ္ဒန္တ ဝိစာရ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အကျိုးတော်ဆောင်ဆရာတော်)၊

၅။ ဘဒ္ဒန္တ တိလောက
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊

၆။ ဘဒ္ဒန္တ ကောသလ္လ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ (ဥက္ကဋ္ဌဆရာတော်)၊

၇။ ဘဒ္ဒန္တ ဝိလာသ
ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ (အကျိုးတော်ဆောင်ဆရာတော်)၊

၈။ ဘဒ္ဒန္တ စန္ဒောဘာသ (မေတ္တာဝါဒီဆရာတော်)
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
တိုင်းသံဃနာယက ဥက္ကဋ္ဌ (ဒွါရ)၊

၉။ ဘဒ္ဒန္တ ဩဘာသ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊ ပါဠိတက္ကသိုလ်၊ ပျော်ဘွယ်ကျောင်းတိုက်၊

http://www.dhammadownload.com



## နာယက ဆရာတော်ကြီးများနှင့်အဖွဲ့ဝင်များ

၁၀။ ဘဒ္ဒန္တ နေမိန္ဒာဘိသီရိ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်၊ ရတနာသိဃ်ပရိယတ္တိစာသင်တိုက်၊

၁၁။ ဘဒ္ဒန္တ နန္ဒောဘာသ
လှိုင်မြို့နယ် သံဃနာယကဆရာတော်၊ နန္ဒာရွှေဘုံကျောင်းတိုက်၊

၁၂။ ဘဒ္ဒန္တ သုန္ဒရ
လှိုင်မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်၊ ဇေယျာဝံသကျောင်းတိုက်၊

၁၃။ ဘဒ္ဒန္တ သီရိန္ဒ (တိုက်အုပ်ဆရာတော်)
သုစိတ္တာရုံပရိယတ္တိစာသင်တိုက်၊ ကမာရွတ်မြို့နယ်၊

၁၄။ ဘဒ္ဒန္တ ဥတ္တရ
လှိုင်မြို့နယ် သံဃနာယက ဆရာတော်၊ ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

၁၅။ ဘဒ္ဒန္တ ဝိမလ
မစိုးရိမ်ပရိယတ္တိစာသင်တိုက်၊ (၉) မိုင်၊ မရမ်းကုန်းမြို့နယ်၊

၁၆။ ဘဒ္ဒန္တ သုန္ဒရ
လှိုင်မြို့နယ် သံဃနာယကအကျိုးတော်ဆောင် ဆရာတော်၊
ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်၊

၁၇။ ဘဒ္ဒန္တ ကဝိသာရ
ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

၁၈။ ဘဒ္ဒန္တ ဝဏ္ဏသိဒ္ဓိ
ရွှေမန်းကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊

၁၉။ ဦးဩသဓ (ပထမကြီးတန်း) တိတ်ကြိုးခွေမှ လက်ရေးမူကြမ်း ရေးပေးသောအရှင်၊
၂၀။ ဦးစရဏ (စာချတန်း) ။ ။ ။
၂၁။ ဦးဝီရိယ (စာချတန်း) ။ ။ ။
၂၂။ ဦးချမ်းသာ (သီရိပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)
ကွန်ပျူတာစာစီ၊ စာချော ဆောင်ရွက်ပေးသူ၊

http://www.dhammadownload.com



၂၃။ ဦးမြင့်ထွန်း (မြန်မာမှု) မျက်နှာဖုံးဒီဇိုင်း၊

၂၄။ ဦးမြင့်စိုး (ဥက္ကဋ္ဌ)
ပဋ္ဌာကျူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)


၂၅။ ဦးဘငြိမ်း (အတွင်းရေးမှူး)
ပဋ္ဌာကျူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

စာအုပ်ဖြစ်ပေါ်လာရေးအတွက် အဘက်ဘက်မှ သြဝါဒပေး၍ အကြံဉာဏ်ကောင်းများ ညွှန်ကြားတော်မူသော သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် နာယက ဆရာတော်ကြီးများအားလည်းကောင်း၊ စာမူကြမ်း ကူးယူပေးကြသော ညီတော် နောင်တော်များအားလည်းကောင်း ထောက်ပံ့လှူဒါန်းသော ပစ္စည်းလေးပါး ဒါယကာတို့အား ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။။

ဦးသုန္ဒရ (ဟသ်ာတ)
ဇေယျဝတီပရိယတ္တိစာသင်တိုက်
လှိုင်မြို့နယ်။

http://www.dhammadownload.com

# "ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တရားတော်စက်ဝိုင်း"




အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ။

| | | | |
|---|---|---|---|
| အင်္ဂါ (၁၂) ပါး | ကာလ (၃) ပါး | အလွှာ (၄) ပါး | သစ္စာ (၂) ပါး |
| အခြင်းအရာ (၂၀) | အစပ် (၃) ပါး | ဝဋ္ဋ (၃) ပါး | မူလ (၂) ပါး |

http://www.dhammadownload.com

http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး
## (တတိယတွဲ)

ပဋိစ္စသမုပ္ပါဒ်ကို အနက်အဓိပ္ပါယ်တွေနဲ့ ပြတ်ပြတ်သားသား နားလည်ရင် ဘာလို့ဝန်ခံနိုင်တုံး (သောတာပန်လို့ဝန်ခံနိုင်ပါတယ်ဆရာ)၊ သောတာပတ္တိမဂ်ဉာဏ်ရပြီလား (မရသေးပါဘူးဆရာ)၊ မရဘဲနဲ့ ဘာကြောင့် ဝန်ခံနိုင်တုံး (မဂ်တံခါး ဖိုလ်တံခါး ပွင့်သွားလို့ပါဆရာ)၊ အေး-ဟုတ်ပြီ ဒါကျမှ (once more) ဝမ်းစမိုးပေါ့ကွ နော်။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမယ့်ပုဂ္ဂိုလ်လား (မှန်ပါတယ်ဆရာ)၊ ဒီအဆင့်အတန်းကြီးက ပြန်ပြီးတော့ ပျောက်သွားအုံးမှာလားဟ (မပျောက်နိုင်ပါဘူးဆရာ)၊ ယုတ်လျော့သွားအုံးမှာလား (မယုတ်လျော့ပါဘူးဆရာ)၊ မယုတ်လျော့ဘူး၊ ဒီအဆင့်အတန်းက ဘယ်တော့မှ မယုတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နား ဆိုက်သွားမှာတဲ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ်သာ အမှန်ရမှာတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီလို ဉာဏ်ဖြတ်ကလေးတွေ ဖြတ်ဖြတ် ဖြတ်ဖြတ်ပေးတဲ့နေရာမှာ သဘောထဲမှာ ရှင်းအောင်လည်း သေချာမှတ်ကြ။ မြတ်စွာဘုရားကိုယ်တော်မြတ် ကိုယ်တော်တိုင် မိန့်ကြားသွားတဲ့ စကားကို အဓိပ္ပါယ်အားဖြင့် ဒီလိုယူရတယ်တဲ့။ မဂ်လည်း မရသေးဘဲနဲ့ ပဋိစ္စသမုပ္ပါဒ်ပြတ်သား နားလည်တာနဲ့ သောတာပန်လို့ ဝန်ခံနိုင်တယ်လို့ အဖဘုရားကိုယ်တော်မြတ် မိန့်ကြားတော်မူသွားတဲ့ စကားက ဘယ်လိုပါလိမ့်။ မဂ်ကလည်း မရသေးဘဲနဲ့ မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ တွေးစရာ မလိုဘူးလား (လိုပါတယ်ဆရာ)၊ တစ်မဂ်မှလည်း မရသေးဘဲနဲ့ ပဋိစ္စသမုပ္ပါဒ် တက်ကျွမ်းနားလည်ကာမျှနဲ့ သောတာပန်လို့ ဝန်ခံနိုင်တယ်။ သောတာပန်ဖြစ်လား မဖြစ်သေးဘူး၊ မဖြစ်သေးဘဲနဲ့ ဘာကြောင့် သောတာပန်လို့ ဝန်ခံနိုင်ပါလိမ့်။ သောတာပန်ဖြစ်အံ့ဆဲဆဲ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလိုမှ ကိုက်တာ။

http://www.dhammadownload.com



ဒါကြောင့် ဖြစ်ပြီးသားပုဂ္ဂိုလ်နဲ့ တစ်တန်းထဲထားပြီးတော့ မိန့်ကြားတော်မူတဲ့စကား ဘယ်လောက် အားရှိစရာကောင်းလဲလို့ အသေဖြောင့် အနေဖြောင့်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အသေဖြောင့် အနေဖြောင့်၊ ဒီတန်းများရောက်လာတယ်ဆိုတာများကွာ သေသေချာချာ တွေးပြီးတော့ တရေးရေးနဲ့ ပြုံးကြစမ်းပါ၊ ဝမ်းသာကြစမ်းပါ။ တို့ ဒီအဆင့်အတန်း ရောက်လာပြီ၊ အချိုးကိုက်လာပြီ၊ ဒီနေရာ ဆိုက်လာပြီ၊ သံသရာရေးနဲ့တွေးရင် စိတ်လေးစရာမရှိ တစ်အေးထဲအေး နော် (မှန်ပါတယ်ဆရာ)၊ ဘာကြောင့် အပါယ်တံခါးလည်း လုံးဝကွင်းလုံးကျွတ်ပိတ်၊ ဘယ်တော့မှ အပါယ်သံသရာ မလား တော့ဘူး။ တန်းက မြင့်ချင်တိုင်းမြင့်လို့ မြတ်ချင်တိုင်းမြတ် တစ်မဂ်တစ်ဖိုလ်မှလည်း မရသေးဘဲနဲ့ ဒီအသိရရုံ ရှိသေးတယ်။ ကိုယ့်ကိုယ်ကို သောတာပန်လို့ ဝန်ခံနိုင်တယ်လို့ အဖဘုရားကိုယ်တော် တိုင်က မိန့်ကြားသွားတဲ့ စကားကလည်း ရှိထားပြီ။ ဘာပြုလို့ ဒီစကားမိန့်ပါလိမ့်၊ တစ်မဂ် တစ်ဖိုလ် မှလည်း မရဘဲနဲ့ အခု မရသေးပေမယ့် ရအံ့ဆဲဆဲ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ရပြီးသားပုဂ္ဂိုလ်နဲ့ တစ်တန်းထဲ ထားပြီးတော့ မိန့်ကြားတော်မူတဲ့စကား မှတ်မိရဲ့လား (မှတ်မိပါတယ် ဆရာ)၊ အင်မတန်ဝမ်းသာစရာကောင်း။

ဒါကြောင့် ကြိုးစားကြ ကြိုးစားကြ၊ ကြိုးစားတဲ့ နေရာလည်းပဲ အမှုမဲ့အမှတ်မဲ့ ဝတ်ကျေတန်းကျေ ဆိုတဲ့ အနေအားဖြင့် မနေနဲ့၊ တကယ်တစ်လုံးချင်း တစ်လုံးချင်း ရှင်းရှင်းရှင်းရှင်းပြီးတော့ ပြတ်သား နားလည်သွားအောင် ကြိုးစား နော် (မှန်ပါတယ်ဆရာ)၊ တန်ဖိုးရှိ။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်များ အမှုမဲ့ မနာကြနဲ့လို့ အစကနေ အဆုံးတိုင် တစ်ထိုင်တည်းသာ ဟောကြ ပြောကြမှာလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တစ်ထိုင်တည်း တစ်ညတည်း တစ်ခဏတည်းသာ ဒီလို ဟောကြပြောကြမှာလို့ ပဋိစ္စသမုပ္ပါဒ် အစကနေ အဆုံးတိုင် နေ့စဉ်ရက်ဆက်ဆိုတဲ့ အနေအားဖြင့် တစ်လုံးချင်း တစ်လုံးချင်း ရှင်းပြီးတော့ ပြတယ် သတယ် ဆိုတာကတော့ စာသင်သားများ သံဃာတော်များရဲ့ ပရိယတ္တိသာသနာ ပြုတဲ့ အခန်းပဲရှိပါတယ်။ အခုလို လူ့လောကတော့ အင်မတန် ရှားပါတယ်။ မရှားဖူးလား (ရှားပါတယ် ဆရာ)၊

ဒါကြောင့် တကယ်တိတိကျကျ သင်ကြားချင်လို့ရှိရင်လည်း စာသင်တိုက်ကြီးတွေ သွားသင်။ အဲဒါမှပဲ ကျကျနန အနက်အဓိပ္ပါယတ္ထနဲ့၊ တရားကိုယ် တရားသားနဲ့ သဘောအဓိပ္ပါယ်နဲ့ တတ်မြောက် လိမ့်မှာအောင် သင်ကြားပေးလိမ့်မယ်။ ဒီလို လူလူချင်း ဟောတယ် ပြောတယ်ဆိုတဲ့ ဓမ္မကထိက အနေအားဖြင့် ဟောတာ ပြောတာကတော့ တစ်ညဟောလို့, နှစ်ညဟောလို့, သုံးညဟောလို့ ဒီလောက်ပဲ ရှိမှာ နော် (မှန်ပါတယ်ဆရာ)၊ ဟောခါ ပြောခါပဲ ရှိမှာပဲလို့။ ဒါကြောင့် ဟောသူ ပြောသူ

http://www.dhammadownload.com



အင်မတန်နည်းလို့ နာလည်း နာရခဲ့တယ်၊ ကြားလည်း ကြားရခဲ့တယ်၊ နာရ, ကြားရပြန်တော့ တန်ဖိုး ချိန်ထိုးကြည့်ပြန်တော့လည်း အဖိုးမဖြတ်နိုင်အောင် မြတ်ပေ၏၊ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ) အင်မတန်မှ အားရှိစရာလည်းကောင်း ဝမ်းသာစရာလည်းကောင်း။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်နာတဲ့ နေရာမှာ အခု အဝိဇ္ဇာကစပြီးတော့ မနေ့ညက ပြထားတဲ့ ဥပါဒါန်ရောက်၊ ပြန်ပြီးတော့ တစ်ခေါက်ချင်း တစ်ခေါက်ချင်း စာရင်းလေးတွေလည်း ရှင်းကြ၊ အချင်းချင်းလည်း မေးမြန်း ဆွေးနွေးကြ။ ငါဒီနှစ်တော့ လာသမျှ လူအပေါင်းတော့ တယ်ပြီးတော့ နှုတ်မဆိတ်နိုင်ဘူး၊ တစ်မေးထဲမေးတယ်။ ဘယ်အရပ် ဘယ်ဒေသတော့ ဆွေးနွေးပွဲရှိသလဲ၊ တော်တော်လေးများ တိုးတက်မှု ရှိကြရဲ့လား၊ ထထကြွကြွ ရှိရဲ့လား။ သင်တန်းတရားနဲ့ ပတ်သက်လို့ မမေ့မပျောက်အောင် ဆိုသလိုပဲ ကောက်ခါငင်ခါနဲ့ ပြော ဖော် ဆိုဖော်ရကြရဲ့လားလို့ ငါတော်တော်ထောက်လှမ်းကြည့်။ အဲဒီထဲမှာ တော်တော်အားရှိစရာ ကောင်းတဲ့ အရပ်တွေလည်း ပါတယ် နော်။ (မှန်ပါတယ်ဆရာ)၊ အရပ်တော့ ဖော်မပြောပါဘူး၊ ဖော်ပြောရင် ရန်တိုက်သလို ဖြစ်နေမှာစိုးလို့ မပြောပါဖူး နော် (မှန်ပါတယ်ဆရာ)၊ တော်ကြာရင် သူ့ အရပ်တော့ ဘယ်လိုပြောတယ်၊ တို့အရပ်တော့ ဘယ့်နဲ့ပြောတယ် ဖြစ်လာမှာစိုးလို့ ကိုယ့်ပမာဏ ကိုယ်သိကြ၊ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ငါကလည်း အင်မတန်လိုလားလွန်းလွန်းလို့ မနေနိုင်လို့ မေးတယ်၊ ခါတိုင်းလို သိပ်ပြီးတော့ နှုတ်မဆက်ဘူး။ လာသမျှ ကန်တော့လာတဲ့လူတွေ မှန်သမျှ အကုန်မေးတယ်။ ကန်တော့လာမှပဲ ငါ့လည်း မျက်နှာချင်းဆုံရတယ်ဟဲ့ဆိုပြီးတော့ မေးစမ်း ကြည့်၊ အားရှိစရာကောင်းတဲ့ အရပ်တွေလည်း တော်တော်ပါတယ်။

မျက်စိနှစ်လုံး ပြူန်းခနဲ ဖွင့်လိုက်လို့ အိပ်ရာက နိုးသည်နဲ့တစ်ပြိုင်နက် အိမ်မှုအိမ်ရာလေးတွေ လုပ်စရာ ကိုင်စရာ ရှိတာလုပ်တဲ့ လူကလုပ်၊ လက်ဖက်ရည်ကြမ်းကလေးနဲ့ အစာပြေ လက်ဖက်ရည် သောက်တဲ့လူကသောက် ဘာစကားက စကြ၊ ရောင်းရေး, ဝယ်ရေး စီးပွားရေး ကြီးပွားရေးက စသလား မဟုတ်ဖူး သင်တန်းကစ၊ မနေ့ညက ဟောလိုက်တာ ဘယ့်နဲ့၊ မရှင်းတဲ့လူက မေးတယ် နော် (မှန်ပါတယ် ဆရာ)၊ ဒီနေရာလေးတော့ ကျုပ်မရှင်းလို့ မနေ့ကပြောသွားတာ၊ ရှင်းတဲ့လူက နားလည်တဲ့လူက ရှင်းပေးတယ်။ ဒါကြတော့ ဒီလိုယူကွာ၊ မနေ့ညက ပြောသွားတဲ့ အဓိပ္ပါယ်က ဒီလိုဆိုတယ်၊ မကောင်း ဖူးလားကွယ် (ကောင်းပါတယ်ဆရာ)၊ အဲဒီ အရပ်တွေလည်း ပါတယ်လို့ ဝမ်းသာပါတယ်၊ ကျေးဇူး လည်းတင်တယ် ဝမ်းလည်းသာတယ်။ တို့တော့ ဒါပဲအသားယူရ၊ ဒါနဲ့ အမောဖြေရ၊ အပန်းဖြေရ၊ ပင်ပန်းကြိုးနပ်တာဟ။ တော်တော်တော့ကို ခေတ်စားနေ၊ တော်တော်တော့ကို ထထကြွကြွနဲ့ တိုး

http://www.dhammadownload.com



တက်မှု ရှိတယ်။ ဒီသာသနာကြီး ပြန့်ပွားလာမှ တို့မြန်မာနိုင်ငံကြီးလည်းပဲ မြို့တိုင်းမြို့တိုင်း ရွာတိုင်း ရွာတိုင်း သူတော်ကောင်းတွေ ပညာရှိအစစ်တွေ ဖြစ်ကြမယ်လို့ နော် (မှန်ပါတယ်ဘုရား)။

## သမလောဘနှင့်ဝိသမလောဘ ဆိုတာ

ဒီသာသနာကြီး မပြန့်ပွားသမျှ ကာလပတ်လုံး သူခိုးနဲ့ဓားပြတွေ နေကြမှာ အတူတူပါပဲ အတူတူ ပါပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဘုရား)၊ ဒီတရားမသိရင် သူခိုးနဲ့ဓားပြ၊ ငါတစ်ခါပြောတဲ့အထဲ ရောင်းတဲ့လူနဲ့ ဝယ်တဲ့လူ၊ ဝယ်တဲ့လူက ဓားပြ၊ ရောင်းတဲ့လူက သူခိုး မဟုတ်ဖူးလား (မှန်ပါတယ်ဘုရား)၊ ဒီလိုပဲ သွားနေကြ။ အဲဒါ ဘာပြုလို့တုံး ဒီတရားက မသိ။ ဒီတရားမသိတော့ သမလောဘနဲ့ ဝိသမ လောဘ ပိုင်းပိုင်းခြားခြား နားမလည်တော့ လုယူလည်း ကောင်းတယ်ထင်တာပဲ၊ ခိုးယူလည်း ကောင်း တာပဲ၊ လိမ်ယူလည်း ကောင်းတယ်ထင်တာပဲ၊ တိုက်ယူလည်း ကောင်းတယ်ထင်တာပဲ ဒီလို ဖြစ်မနေ ဘူးလား (မှန်ပါတယ်ဘုရား)၊ ဒုရာဇီဝကြီးပါလား ဒီလိုမတရားသဖြင့် ရှာဖွေတဲ့ဥစ္စာပစ္စည်း တို့မျိုးမျိုး ပြီးတော့ အပင်းလျှိုနေရတာ အင်မတန် ဆိုးပါလားလို့ နားက မလည်ရှာဘူး နော် (မှန်ပါတယ်ဘုရား)၊ ဒါပုထုဇဉ် ခုနပြောတဲ့အတိုင်း အရှုးကိုတဲ့၊ မသိကြတော့ ဒီလိုပဲ လုပ်နေတာ အကောင်းထင်တာပဲတဲ့၊ ဟောဒီတရား သိလာတဲ့ အချိန်ကစ ခိုးမှု တိုက်မှု လုမှု လိမ်မှုဆိုတဲ့ ဝိသမလောဘဆိုတဲ့ အလုပ် တွေ အကုန်လုံး ပြုတ်ကရော့ မပြုတ်ဖူးလား (ပြုတ်ပါတယ်ဘုရား)၊ ဘယ်သူမှ အဖြုတ်မခိုင်းဘူး၊ ဘယ်သူမှ သီလအဆောက်တည် မခိုင်းဘူး နော် (မှန်ပါတယ်ဘုရား)၊ အလိုလို ပြုတ်တယ်။

ဒါကြောင့် ဝိသမလောဘအနေအားဖြင့် မကောင်းသော အသက်မွေးခြင်း တည်းဟူသော ဒုရာဇီဝတရားတွေ အလိုလို လုံးဝရှောင်ရှားသွားတယ် ဆိုတော့ ဟောတာ သူတော်ကောင်းအစစ်ဖြစ် ကရော့၊ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒီတရားပြလာမှ တို့မြန်မာနိုင်ငံမှာ ထွန်းနေတဲ့သာသနာက ဒို့ထက်အရောင်တွေ ပိုပြီး ရွှန်းလိမ့်၊ တကယ်သန့်ရှင်းလာလိမ့်မယ်၊ တကယ့်သူတော်ကောင်း ပညာရှိ အစစ်တွေ ပေါလိမ့်မယ်။ ဒီမှ တို့နိုင်ငံကြီးက ဘေးခပ်သိမ်း ရန်ခပ်သိမ်းတွေ ကင်းငြိမ်းလို့ တကယ့် အေးချမ်းမှုကြီး ရကြမယ်။ အဲဒါမှ ငြိမ်းချမ်းရေး အစစ်ခေါ်တယ်။ အခုလည်းပဲ တို့ ပြည်သူပိုင်အစိုးရက ချထားတဲ့ ဗုဒ္ဓသာသနာအဖွဲ့ချုပ်ကြီးကလည်း လုပ်နေပါပြီ ရန်ကုန်၊ မနေ့က သတင်းစာထဲ ပါလာ လူတိုင်းလူတိုင်း ငါးပါးသီလတည်မြဲရေးတဲ့ လုပ်တယ် လုပ်တယ်၊ မနေ့ညက သတင်းစာထဲတွေ့၊ အဲဒါ ဘယ်နှစ်ရက်နေ့ဆိုလား၊ မဟာစည် ဆရာတော်ဘုရားကျောင်းမှာ အစည်းအဝေးခေါ်ထားတယ်၊ အသင်းပေါင်းများစွာ အဖွဲ့ပေါင်းအစုံအညီတဲ့။ အဲဒီ အစည်းအဝေးကြီးကြမှ အဖွဲ့ပေါင်းအစုံအညီကို

http://www.dhammadownload.com



အကြံဉာဏ်တောင်းမယ်။ လူတိုင်းလူတိုင်း ငါးပါးသီလတည်မြဲရေးကို ဘယ်လိုလုပ်မှ ဖြစ်မလဲလို့ အကြံဉာဏ်တောင်းလိမ့်မယ်။ အဲဒါ လုပ်ပုံလုပ်နည်းလဲ သေချာကြည့်။ ငါကတော့ တစ်ခါလဲပြောခဲ့ပေါ့။ မင်းတို့ တထစ်ချ မှတ်ထားလို့၊ ဘာနဲ့လုပ်လုပ် ဘယ်သူမှ ငါးပါးသီလ မမြဲဘူးဆိုတာ မှတ်ထား။ သူခိုး သူခိုးပဲ၊ ခားပြ ခားပြပဲ၊ လူလိမ် လူလိမ်ပဲ နေမှာပဲ နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ နောက်ကလည်း လုပ်ပေါင်းများလှပြီလို့၊ ဒီအဖွဲ့မျိုးတွေ၊ ဒီအသင်းမျိုးတွေ၊ ဒီစည်းမျဉ်းမျိုးတွေ၊ ဒီဥပဒေမျိုးတွေ လုပ်ပေါင်းများပြီ၊ ပြီးတော့လည်း ပြယ်သွားတာ ဘာမှ မဟုတ်ဘူး။ ဘယ်သူမှလည်း မမြဲဘူး၊ တထစ်ချ မှတ်ထားတာက လက်တွေ့ တို့သင်တန်းတက်နေတဲ့ ပုဂ္ဂိုလ်များရဲ့ လက်တွေ့ ဒီရုပ်နာမ်ခန္ဓာဆိုတဲ့ ပရမတ် ပညတ်ကမှ မပြတ်မသားဘဲနဲ့၊ ဘယ်တော့မှ ငါးပါးသီလ မတည်မြဲနိုင်ဘူးဆိုတာ တို့တော့ တထစ်ချ မှတ်ထား ဝိသမလောဘရှိမှာပဲ။

ဒါကြောင့် ရုပ်နာမ်ခန္ဓာ ပရမတ် ပညတ်ကို ပြတ်သားနားလည်လာလို့ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရလာရင် ငါးပါးသီလ အလိုလို တည်မယ်။ ဘာပြုလို့ ဝိသမလောဘပြုတ်သွားလို့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဝိသမလောဘ ပြုတ်သွားတယ်ဆိုတဲ့ ငါးပါးသီလမြဲပြီဆိုတာ မှတ်ထား။ ဘာမှ လုပ်စရာ မလိုဘူး။ ဒါကြောင့် လုပ်ချင်သလိုလုပ်၊ စီရင်ချင်သလိုစီရင် အောင်မြင်မယ်လို့တော့ မထင်၊ ဒါပေမယ့် မလုပ်ဘဲနေတာ စာရင်တော့ လုပ်နိုင်သမျှသည် ကောင်းပါ၏၊ မကောင်းဖူးလားကွာ (ကောင်းပါတယ်ဆရာ)၊ မလုပ်ဘဲနေရင် ပိုဆိုးမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ လုပ်နိုင်ရင် လုပ်နိုင်သမျှလေး ရမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါပေမယ့် ရည်ရွယ်ချက်အတိုင်းတော့ လုံးလုံးကြီး အောင်မြင်ဖို့ဆိုတာ အတော်ခဲယဉ်းတယ်။ ဒါကြောင့် တရားမသိရင် ဘယ်တော့မှ မဖြစ်ဘူး၊ သူတော်ကောင်း ပညာရှိဖြစ်ဖို့ ခဲယဉ်းတယ်လို့။

ဒါကြောင့် ဒီတရားကတော့ သမလောဘနဲ့ ဝိသမလောဘ ပိုင်းပိုင်းခြားခြား တရားနားလည်တဲ့ အချိန်ကစ ခွဲခြားနိုင်တယ်ဆိုတည်းက ဝိသမလောဘက အလိုလို ပြုတ်တယ်။ ဒုရာဇိဝ မဟုတ်တာနဲ့ ငါအသက်မမွေးဘူးဆိုတဲ့ သဘောလေးက အလိုလို ပေါ်လာလိမ့်မယ်။ ဒီတရားမြင်ပြီလားဆိုမှ သူတော်ကောင်း ပညာရှိအစစ်တွေဖြစ်ကရော့ ဟုတ်ဖူးလားကွာ (မှန်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် တို့သင်တန်းက စံပြအနေအားဖြင့် တကယ်လည်း တို့မြန်မာပြည်မှာ စံပြ၊ စံပြခေါ် လောက်ပါတယ်။ အခုဆိုရင်ဖြင့် ဝိပဿနာစခန်းမှာ သင်တန်းဆိုတဲ့ အနေနဲ့ဖွင့်တာ တို့အဦးဆုံး၊ မြန်မာပြည်လွတ်လပ်ရေးမကြေညာခင် သုံးလက ကြိုတင်ပြီး ဖွင့်လာတဲ့ သင်တန်း နော် (မှန်ပါတယ်ဆရာ)၊ နောက်မှ ဝိပဿနာကောင်းမှန်းသိလို့ ဝိပဿနာခေတ်စားမှန်း သိလို့ ပလူပျံသလိုပေါ့။ စာအုပ်တွေထွက်၊ ဆရာ

http://www.dhammadownload.com



တွေထွက် များလာ၊ တို့များ စလုပ်စဉ်အခါတုန်းက ဒီလောက်ရှိတာ မဟုတ်ပါဘူး နော် (မှန်ပါတယ် ဆရာ)၊ ဒါကြောင့် စံပြဝိပဿနာ သင်တန်းပေါ့ကွာ။ သင်တန်းကဆင်းတဲ့ ပုဂ္ဂိုလ်မှန်မှန်သမျှလည်းပဲ စံပြနဲ့ညီအောင်လည်း ကျင့်ကြံပွားများ အားထုတ် အလုပ်လုပ်ကြပါလို့။

ခုတော့ နည်းနည်း တို့သင်တန်းရဲ့ဂုဏ်လေးက တော်တော်ရှိထားတော့ ရောင်းရာ ဝယ်တာ တောင်ပဲ ငါကြားတာ ပြောရမှာဖြင့် ရောင်းရာ ဝယ်ရာတောင်မှ ရောင်းသူနဲ့ဝယ်သူ ရောင်းသူက ဈေးပြောတယ်၊ ဝယ်သူက ဘယ့်နဲ့ပြော ရှင့်အထည်ကလည်း ဆိုလှချည်လား၊ များလှချည်လားတဲ့။ ပိုမဆိုပါဘူးတဲ့၊ ကျွန်မတို့က သင်တန်း တက်နေတာပါတဲ့၊ ထောက်ခံချက် ထောက်ခံချက်လေးနော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ သင်တန်းရဲ့ဂုဏ်က တော်တော်လေးရှိလာတယ်၊ သင်တန်းဆင်းလာတယ် ဆိုရင် သာမာန်မဟုတ်ဘူးဟဲ့၊ မဟုတ်တာ မပြောဘူးဟဲ့၊ မဟုတ်တာ မလိမ်ဘူးဟဲ့ ဆိုတဲ့ တစ်ဘက်သား ယုံကြည်မှုလေးတွေက ရ,ရ, ရ,ရလာတော့ အားကိုးတစ်ခုနဲ့ သက်သေထူပေါ့ကွာ၊ မဟုတ်တာ ပိုမပြောပါဘူး ကျွန်မတို့က သင်တန်းဆင်းပါ။ ဒီလိုဆိုတော့ တစ်ဘက်သားကလည်း ယုံသွား နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို သင်တန်းဆင်းပါဆိုတဲ့အတိုင်း လိုက်ပေါ့။ သင်တန်းဆင်းနဲ့ ညီအောင် လည်းပဲ ဒုရာဇီဝ မဖြစ်အောင် သုရာဇီဝဖြစ်အောင် လုပ်ကြပါလို့ ရောင်းမှု ဝယ်မှု နော် (မှန်ပါ တယ်ဆရာ)၊ အင်မတန်လည်း ရှင်းပါတယ်၊ အင်မတန်လည်း ပြတ်သားပါတယ်၊ အင်မတန်လည်း ကောင်း။

ဒါကြောင့် "တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ" ဆိုတဲ့ နေရာလေး "ဥပါဒါန်တရား လေးပါးကြောင့် ဘဝဖြစ်တယ်" ဆိုတဲ့ အခန်းလေးမှာ ဥပါဒါန်က အကြောင်းနေရော့ နော် (မှန်ပါတယ် ဆရာ)၊ ဘဝက အကျိုးတရားနေရော့။ ဒါဖြင့် အကြောင်းတရား ဥပါဒါန်ကြောင့် ဖြစ်တယ်ဆိုတဲ့ အကြောင်းဥပါဒါန်က ဘယ်နှစ်မျိုးလည်းဆိုတော့ လေးမျိုးစလုံး အကုန်ကောက်တဲ့။ ကာမုပါဒါန် ကြောင့် ဘဝဖြစ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌုပါဒါန်ကြောင့် ဘဝဖြစ်တယ်။ သီလဗ္ဗတုပါဒါန် ကြောင့် ဘဝဖြစ်တယ်။ အတ္တဝါဒုပါဒါန်ကြောင့် ဘဝဖြစ်တယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုတဲ့နေရာ ဥပါဒါန်က အကြောင်းတရား ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ အကြောင်းတရား ဥပါဒါန်က ဘယ်နှစ်ပါးရ (လေးပါးရပါတယ်ဆရာ)၊ ဟုတ်ပြီ ဘယ်သူ တွေတုံး (ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်)၊ ဟုတ်ပြီ၊ အကြောင်းတရား လေးပါး နော် (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့် ဘဝလာဖြစ်တယ်။ အဲဒီဘဝ လာဖြစ်တယ်ဆိုတဲ့ ဘဝက ကမ္မဘဝ ဥပပတ္တိဘဝလို့ နှစ်မျိုးမှတ်တယ် ရှင်းရှင်းလေးပေါ့

http://www.dhammadownload.com



နော် (မှန်ပါတယ် ဆရာ)၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုတဲ့ နေရာမှာ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ နှစ်ပါးရ၏။ ဘာနဲ့ဘာ (ကမ္မဘဝနဲ့ ဥပပတ္တိဘဝပါဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊

ဥပါဒါနပစ္စယာ၊ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ အကြောင်းဥပါဒါန်က ဘယ်နှစ်ပါးတုံး (လေးပါးပါဆရာ)၊ အကျိုးဘဝက ဘယ်နှစ်ပါးတုံး (နှစ်ပါးပါဆရာ)၊ အကျိုးဘဝနှစ်ပါး ဘယ်သူနဲ့ ဘယ်သူတုံး (ကမ္မဘဝနဲ့ ဥပပတ္တိဘဝပါဆရာ)၊ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ကမ္မဘဝ ဆိုတာက တရားကိုယ် တရားသားကောက်တော့ စေတနာရတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကမ္မဘဝ တရားကိုယ် တရားသား ကောက်လိုက်ရင် ဘာရတယ် (စေတနာရပါတယ်ဆရာ)၊ စေတနာက နှစ်မျိုးရှိတယ်။ ကုသိုလ်စေတနာ အကုသိုလ်စေတနာ နှစ်မျိုးမနေဘူးလား (နှစ်မျိုးပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ကမ္မဘဝတရားကိုယ် ကောက်တော့ ဘာရ (စေတနာရပါတယ်ဆရာ)၊ စေတနာက ဘယ့်နှစ်မျိုးရှိ (အကုသိုလ်ကံနဲ့ ကုသိုလ်ကံပါဆရာ)၊ ကုသိုလ်စေတနာ အကုသိုလ်စေတနာ နှစ်မျိုးရှိတယ်လား (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝတရားကိုယ်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ လောကီကုသိုလ်နဲ့ အကုသိုလ် ရတယ်နော် (မှန်ပါတယ်ဆရာ)၊ လောကီကုသိုလ်စေတနာရယ် အကုသိုလ်စေတနာရယ် ဒါလာရတယ်၊ ဒါကမ္မဘဝ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ -

ဥပပတ္တိဘဝ တရားကိုယ်ကြတော့ ဘာရ၊ တို့နောက်နားက ဝိညာဏ်တုန်းက ငါတစ်ခါပြောခဲ့ပြီ၊ ဝိပါက်စိတ် လောကီဝိပါက် ဇာတ္တိသ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ လောကီဝိပါက် ဇာတ္တိသ လောကီဝိပါက်စိတ် သုံးဆယ့်နှစ်ပါး နော် (မှန်ပါတယ်ဆရာ)၊ စေတသိက်က သုံးဆယ့်နဲ့ငါး နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ကမ္မဇရုပ်နှစ်ဆယ် ဥပပတ္တိဘဝ တရားကိုယ် တရားသားလေး မှတ်ထား။ လောကီဝိပါက်စိတ် သုံးဆယ့်နှစ် ဆိုစမ်းပါ (လောကီဝိပါက် သုံးဆယ့်နှစ်ပါဆရာ)၊ လောကီဝိပါက်စိတ် သုံးဆယ့်နှစ် ဒီလိုထည့် (လောကီဝိပါက်စိတ် သုံးဆယ့်နှစ်) စေတသိက် သုံးဆယ့်ငါး (စေတသိက်သုံးဆယ့်နဲ့ငါး) ကမ္မဇရုပ်နှစ်ဆယ် (ကမ္မဇရုပ်နှစ်ဆယ်) ပြန်ဆိုစမ်း (လောကီဝိပါက်စိတ် သုံးဆယ့်နှစ်) စေတသိက် (စေတသိက်သုံးဆယ့်နဲ့ငါး) ကမ္မဇရုပ် (ကမ္မဇရုပ်နှစ်ဆယ်)၊ အဲဒါ ဘယ်သူ့ တရားကိုယ်တုံး (ဥပပတ္တိဘဝ ပါဆရာ)၊ ဥပပတ္တိဘဝရဲ့ တရားကိုယ် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ကမ္မဘဝ ဥပပတ္တိဘဝ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုတဲ့နေရာ ဘဝဘယ်နှစ်ပါး (နှစ်ပါးရပါတယ်ဆရာ)၊ ဘယ်သူနဲ့ဘယ်သူတုံး၊ (ကမ္မဘဝနဲ့ဥပပတ္တိဘဝ ပါဆရာ)၊ ကမ္မဘဝနှင့် ဥပပတ္တိဘဝ နှစ်ပါးရ၏။ (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



အေး-အဲဒါကြောင့် "ဥပါဒါနပစ္စယာ ဘဝေါ" ဆိုတဲ့နေရာ ဥပါဒါန်ကြောင့် ဘဝဆိုတဲ့ နေရာလေးမှာ ကမ္မဘဝနှင့် ဥပပတ္တိဘဝနှစ်ပါးကိုရတဲ့ အကျဉ်းအားဖြင့် "ဥပါဒါနပစ္စယာ ဘဝေါ"။ ဥပါဒါနပစ္စယာ၊ ဥပဒါန်တည်းဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဥပါဒါန်က အကြောင်းတရား၊ ဘဝက အကျိုးတရား၊ အကြောင်း ဥပါဒါန်က ဥပါဒါန်တရား လေးပါးစလုံး အကုန်ရ။ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တ ဝါဒုပါဒါန်၊ ဥပါဒါန်တရားလေးပါးကြောင့် လေးပါးဆိုတော့ တစ်ပြိုင်နက် ပြိုင်ဖြစ်တာ မဟုတ်ဘူး။ တစ်ပါးပါးကြောင့် ခေါ်တယ်၊ ဥပါဒါန်တစ်ပါးပါးကြောင့် ဘဝဖြစ်၏။ ဒီလိုသွားရ၊ တစ်ပါးပါးကြောင့် ဆိုတော့ အကြောင်းဖြစ်တတ်တဲ့ ဥပါဒါန်က ဘယ်နှစ်ပါးမျိုးလဲဆို လေးမျိုး၊ ပြထားတဲ့ဥပါဒါန်လေးပါး ကာမုပါဒါန်ကြောင့်လည်း ဘဝဖြစ်တတ်တယ်၊ ဒိဋ္ဌုပါဒါန်ကြောင့်လည်း ဘဝဖြစ်တတ်တယ်၊ သီလဗ္ဗတုပါဒါန်ကြောင့်လည်း ဘဝဖြစ်တတ်တယ်၊ အတ္တဝါဒုပါဒါန်ကြောင့်လည်း ဘဝဖြစ်တတ်တယ် ဒီလိုသွား။ ပုဂ္ဂိုလ်တစ်ပါးတည်းတော့ လေးမျိုးစလုံး စုံပြီးတော့ မသွားကောင်းဘူး။ ဒီတော့ ဥပါဒါန် လေးပါးရှိတဲ့အနက်က ကာမုပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုတော့ ကာမုပါဒါန်က အကြောင်း၊ ဘဝက အကျိုး၊ ဒိဋ္ဌုပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုရင် ဒိဋ္ဌုပါဒါန်က အကြောင်း၊ ဘဝက အကျိုး၊ သီလဗ္ဗတုပါဒါန်ကြောင့် ဘဝဖြစ်တယ် ဆိုရင် သီလဗ္ဗတုပါဒါန်က အကြောင်း၊ ဘဝက အကျိုး၊ အတ္တဝါဒုပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုရင် အတ္တဝါဒုပါဒါန်က အကြောင်း၊ ဘဝက အကျိုး ဒီလို မှတ်ရမယ်။

ဒီတော့ ပုထုဇဉ် မှန်မှန်သမျှလည်း ဒီဥပါဒါန်တရားက ထင်ရှားရှိထားတော့ ဥပါဒါန်ဆိုတာ စွဲလမ်းမှုခေါ်တယ်။ စွဲလမ်းမှုတရားကြီး ငါးဖြာအာရုံ ကာမဂုဏ်အားဖြင့် စွဲလမ်းမှု၊ မိစ္ဆာအယူဝါဒ အားဖြင့် စွဲလမ်းမှု၊ သီလဗ္ဗတုပါဒါန်ဆိုတဲ့ ခွေးအကျင့် နွားအကျင့်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရောက်နိုင် ရနိုင်တယ်လို့ စွဲလမ်းမှု၊ အတ္တဝါဒုပါဒါန် - ငါ့ကို သူ့ကိုယ် ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာ ဟုတ်တယ်လို့ စွဲလမ်းမှု။ ဒီစွဲလမ်းမှု လေးမျိုးလေးစားက ပုထုဇဉ်သတ္တဝါများသန္တာန်မှာ ထင်ရှား ရှိထားတော့ ဒီစွဲလမ်းမှုကြောင့်ပဲ ဘဝဖြစ်ရတယ်လို့ ဆိုတော့ အဲဒီဘဝဆိုတဲ့ နေရာလေး တစ်မြန်မနေ့က စထားတဲ့အတိုင်း ကမ္မဘဝ, ဥပပတ္တိဘဝ ဒီနှစ်မျိုးမှတ်ရ၊ ဒီနှစ်မျိုးပေါ် သွားပေ့။ ဥပါဒါန်ကြောင့် ကမ္မဘဝ ဥပပတ္တိဘဝ နှစ်မျိုးရှိ၏၊ ကမ္မဘဝ ဥပပတ္တိဘဝ နှစ်မျိုးဖြစ်၏။ ကမ္မဘဝ ဆိုတာက အကြောင်းဘဝ ခေါ်တယ်။ ဥပပတ္တိဘဝ ဆိုတာက အကျိုးဘဝခေါ်တယ်။ တရားကိုယ်တရားသား ကောက်ပြပါ ဆိုတော့ ကမ္မဘဝ အကြောင်းဘဝက စေတနာတွေရ စေတနာတွေရ၊ ကုသိုလ်စေတနာ, အကုသိုလ်

http://www.dhammadownload.com



စေတနာ, လောကီကုသိုလ်စေတနာရယ်, အကုသိုလ်စေတနာရယ်၊ လောကီကုသိုလ်စေတနာက ရေတွက်ကြည့်ရင် မဟာကုသိုလ်စေတနာရှစ်၊ ရူပကုသိုလ်စေတနာငါး၊ အရူပကုသိုလ်စေတနာလေး ပေါင်းတော့ ဘယ်လောက်ရ မသိဘူး (ဆယ့်ခုနစ်ပါးဆရာ)၊ အေး-ဆယ့်ခုနစ်ရ မှတ်မိလား (မှတ်မိ ပါတယ်ဆရာ)၊ ပြီးတော့မှ အကုသိုလ်စေတနာက ဆယ့်နှစ် ပေါင်းလိုက်တော့ ဘယ်လောက်ရှိ (နှစ်ဆယ့်ကိုးပါဆရာ) အေး-နှစ်ဆယ့်နဲ့ကိုး နော် (မှန်ပါတယ်ဆရာ)။

လောကုတ္တရာကုသိုလ်စေတနာကြတော့ ဒီနေရာမှာ ကုသိုလ်တော့မှန်ရဲ့၊ စေတနာတော့ မှန်ရဲ့ ဒါပေမယ့် ဝဋ်ကို လည်စေတတ်တဲ့ တရားက မဟုတ်၊ ဝဋ်ကို ပြတ်စေတတ်တဲ့ ကုသိုလ်ဖြစ်နေတော့ လောကုတ္တရာကုသိုလ် မဂ်စိတ်လေးခုယှဉ်တဲ့ ကုသိုလ်စေတနာလေးခုတော့ ဖယ်ထား နော် (မှန်ပါတယ်ဆရာ)၊ အစပိုင်းက သင်္ဂြိုဟ်ကတော့ တစ်ခါပြောခဲ့ပေ့ါ။ "လောကုတ္တရာနိ ပန (ဝဋ္ဋမူလစ္ဆေဒက-ဘူတတ္တာ) ဝဋ္ဋကထာယံ န ယုဇ္ဇန္တီတိ န ဂဟိတာနိ" ကုသိုလ်စေတနာတွေ အကုန် ကောက်ရဲ့သားနဲ့ လောကုတ္တရာကုသိုလ်စေတနာ ဆိုတဲ့ မဂ်စိတ်လေးခု ယှဉ်ထားတဲ့ ကုသိုလ်စေတနာ လေးပါးတော့ ဘာကြောင့် မထည့်လဲဆိုတော့ လောကုတ္တရာကုသိုလ်စေတနာက ဝဋ်ကိုလည်တတ်တဲ့ ကုသိုလ် မဟုတ် ဘူးတဲ့။ ဝဋ်မြစ်ကို ပြတ်တတ်တဲ့ ကုသိုလ်စေတနာလို့။ ဒါကြောင့် -

လောကုတ္တရာနိ ပန၊ လောကုတ္တရာကုသိုလ်စေတနာတို့သည်ကား။ ဝဋ္ဋမူလစ္ဆေဒကဘူတတ္တာ၊ ဝဋ်မြစ်ကို ဖြတ်စေတတ်သည်၏အဖြစ်ကြောင့်။ ဝဋ္ဋကထာယံ၊ ဤဝဋ်ကို လည်သော ပဋိစ္စသမုပ္ပါဒ် အရာ၌။ န ယုဇ္ဇန္တိ၊ မယှဉ်ကုန်။ ဣတိ၊ ဤသို့။ န ဂဟိတာနိ၊ မယူအပ်ကုန် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဘာကောက်သွား၊ လောကီကုသိုလ်တွေချည်း ကောက်သွား။ မဟာကုသိုလ်စိတ်ရှစ်ခုယှဉ်တဲ့ စေတနာရှစ်၊ ရူပကုသိုလ်စိတ် ရှစ်ခုယှဉ်တဲ့ ကုသိုလ်စေတနာငါး၊ အရူပကုသိုလ်လေးခုယှဉ်တဲ့ စေတနာလေး၊ ဒါလောကီကုသိုလ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီကုသိုလ်စေတနာတွေ အကုန်ကောက်၊ ပြီးတော့မှ အကုသိုလ် စေတနာ ဆယ့်နှစ်ထည့်။ စေတနာမှန်သမျှ အကုန်ထည့်လိုက်၊ နှစ်ဆယ့်ကိုး မနေဘူးလား (နှစ်ဆယ့်ကိုးပါဆရာ)၊ လောကုတ္တရာကုသိုလ်စေတနာက ကုသိုလ်လည်း မှန်တယ်၊ စေတနာလည်း ဟုတ်ရဲ့သားနဲ့ ဘာကြောင့် မထည့်တုံး (မဂ်လေးပါး ဖိုလ်လေးပါးက ရပြီးသား စိတ်မို့ပါဆရာ)၊ ဟောဗျာ ချတာပဲ တော်လည်းတော်ပ့ါ၊ ခုငါပြောသွားပြီး၊ လောကုတ္တရာ ကုသိုလ်စေတနာ, စေတနာက ဘာလုပ် တတ်တယ် (မဂ်စိတ်လေးပါးရပါတယ်ဆရာ)၊ အေး လေ ဘာလုပ်တတ်တုံး ပြောတယ်၊ ဝဋ်ကို လည်စေတတ်တဲ့သတ္တိရှိသလား (မရှိပါဘူးဆရာ)၊ ဘာလုပ်

http://www.dhammadownload.com



တတ်တုံး (ဘဝဝဋ်ကို ဖြတ်စေတတ်ပါတယ်ဆရာ)၊ ဒီလိုကျလည်း တော်သားပဲ၊ ဘဝဝဋ်မြစ်ကို ဖြတ်တတ်တဲ့သတ္တိ ရှိတယ်လား (မှန်ပါတယ်ဆရာ)။

အခု ကောက်နေတဲ့စေတနာ နှစ်ဆယ့်ကိုးကတော့ ဘာဖြစ်တတ်တုံး (ဘဝကို ဖြစ်စေတတ်တဲ့ စိတ်ရှိပါတယ် ဆရာ)၊ အေး-လည်စေတတ်တယ်၊ ဘဝကို ဖြစ်စေတတ်တဲ့စိတ်ရှိတယ်။ ဘဝကို လည်စေတတ်တယ်လား (မှန်ပါတယ်ဆရာ)၊ အခုပြနေတာက ဘဝလည်တယ် ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ကထာ ပြတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘဝလည်ကြောင်းတရားတွေ ပြနေ။ လည်တတ်တယ် လည်တတ်တယ်၊ ဒီလိုလုပ်တော့ လည်တတ်တယ်၊ ဒီလိုကျင့်တော့ လည်တတ်တယ်၊ ဒီလို ကြိုးစား တော့ လည်တတ်တယ်၊ ဒီလိုအားထုတ်တော့ လည်တတ်တယ်၊ လည်တတ်တယ် ပြနေတာ မဟုတ် လား (မှန်ပါတယ်ဆရာ)၊ လည်တတ်တဲ့ တရားတွေ ပြနေတဲ့အထဲမှာ ဒီဝဋ်မြစ်ကြီးကို ဖြတ်အောင် ရပ်အောင် စွမ်းဆောင်နိုင်တဲ့ လောကုတ္တရာကုသိုလ် ထည့်လို့ ဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဒါကြောင့် -

လောကုတ္တရာနိ ပန (ဝဋ္ဋမူလစ္ဆေဒကဘူတတ္တာ) ဝဋ္ဋကထာယံ န ယုဇ္ဇန္တီတိ န ဂဟိတာနိ”

လောကုတ္တရာနိ ပန၊ လောကုတ္တရာကုသိုလ်စေတနာတို့သည်ကား။ ဝဋ္ဋမူလစ္ဆေဒဘူတတ္တာ၊ ဝဋ်မြစ်ကို ဖြတ်တတ်သည့်အဖြစ်ကြောင့်။ ဝဋ္ဋကထာယံ၊ ဝဋ်ကိုလည်ကြောင်းပြနေသော ပဋိစ္စ သမုပ္ပါဒ်အရာ၌။ န ယုဇ္ဇန္တိ၊ မယှဉ်ကုန်။ ဣတိ၊ ဤသို့။ န ဂဟိတာနိ၊ မယူအပ်ကုန်။

နားလည်လား (နားလည်ပါတယ် ဆရာ)၊ လောကုတ္တရာ ကုသိုလ်စေတနာကတော့ စေတနာမှန် ရဲ့သားနဲ့ ဒီနေရာ ဘာကြောင့် မယူတုံး (ဘဝဝဋ်မြစ် ဖြတ်စေတတ်လို့ပါဆရာ)။

သြော်-ဘဝဝဋ်မြစ်ကို ဖြတ်စေတတ်တဲ့ သတ္တိရှိတယ်လား (မှန်ပါတယ်ဆရာ)၊ အခုကောက် ထားတဲ့ စေတနာနှစ်ဆယ့်ကိုးကတော့ ဘာဖြစ်တယ် (ဘဝကို လည်စေတာပါဆရာ၊ လည်စေတတ်တဲ့ စေတနာရှိလို့ပါဆရာ)၊ လည်စေတတ်တဲ့တရား နော် (မှန်ပါတယ်ဆရာ)၊ ကြည့်နော် သေသေချာချာ၊ ပဋိစ္စသမုပ္ပါဒ် သဘာဝလေးတွေ သေချာလည်း ကြည့်ကြ၊ ဘယ်လိုဟောတယ်၊ ဘယ်လို ယူဆရမယ် ဆိုတဲ့ အဓိပ္ပါယ်လေးတွေ ဒီနေရာမှာ အခု မင်းတို့ငါတို့ သူသူငါငါ လူတကာ ကြိုးစားအားထုတ်နေတဲ့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် သုံးမျိုးသုံးစား မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ရှိသေးလား (မရှိပါဘူးဆရာ)၊ ဒါပဲလုပ်နေတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဒါနလုပ်လည်း ဒါနကုသိုလ်၊ သီလလုပ်လည်း သီလကုသိုလ်၊ သမထလုပ်လည်း သမထကုသိုလ် သုံးမျိုးသုံးစားရှိတဲ့

http://www.dhammadownload.com



အနက်က မှတ်ထားနော် အခုပြောသွားတဲ့ မဟာကုသိုလ် ဒါကတော့ ဒါနသီလ သူသူ ါ လုပ်နေကြတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သီလကုသိုလ် ဒီမဟာကုသိုလ်စိတ်နဲ့ လုပ်နေကြ။ သမထကုသိုလ်ဆိုတဲ့ ရူပကုသိုလ်နဲ့ အရူပကုသိုလ် နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဒါဖြင့် သူသူငါငါ လူတကာ အခု ကြိုးစားအားထုတ်နေတဲ့ ကုသိုလ်တွေဟာ မဟာကုသိုလ်ရယ် ရူပကုသိုလ်ရယ် အရူပကုသိုလ်ရယ် ဒါပဲမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ရှိသေးလား (မရှိပါဘူးဆရာ)၊ ဒီကုသိုလ်တွေ လုပ်နေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါနလုပ် သီလလုပ် သမထလုပ် ဒီသုံးခုပဲ ကြိုးစားအားထုတ် အလုပ်လုပ်၊ ဒီကုသိုလ်တွေလုပ်နေတော့ ဝဋ်မြစ်ပြတ်တယ်လို့ ဘုရားကိုယ်တော်မြတ်က ဟောသလား (မဟောပါဘူးဆရာ)၊ အခု ဒီသံသရာဝဋ်မြစ်ကြီးလည်နေတဲ့ သံသရာ့စက်ရဟတ်ကြီးမှာ လည်ပုံလည်နည်းပြတော့ ဒီတရားကို အခြေခံထားပြ။

ဒါကြောင့် "ဥပါဒါနပစ္စယာ ဘဝေါ"ဆိုတဲ့ နေရာကို ဥပါဒါန်တည်းဟူသော အကြောင်းကြောင့် ဘဝလို့ ကောက်တဲ့နေရာမှာ ကမ္မဘဝဆိုတဲ့ အကြောင်းဘဝရယ် ဥပပတ္တိဘဝဆိုတဲ့ အကျိုးဘဝရယ် နှစ်မျိုးနှစ်စား အဲဒီကမ္မဘဝကောက်တဲ့နေရာ ဘာတွေရသလဲဆိုတော့ စေတနာ နှစ်ဆယ့်နဲ့ကိုးရပါတယ်တဲ့။ စေတနာနှစ်ဆယ့်နဲ့ကိုးရတော့ ဒီစေတနာနှစ်ဆယ့်ကိုးက ဘယ်သူတွေလဲလို့ မေးလိုက်တော့ ငါတို့ သူငါလူတကာ ကျင့်ကြံပွားများ အားထုတ်အလုပ်လုပ်တဲ့ ကုသိုလ်စိတ်တွေ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ သံသရာလည်နေတဲ့ လည်ကြောင်းတရားတွေ ပြတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုဆိုတော့ ရင့်ရင့်သီးသီးဖြစ်သွားပြန်။ ဒါပေမယ့် ပဋိစ္စသမုပ္ပါဒ် ဒေသနာ တိုက်ရိုက်ဟောထားတာ။ သြော် လက်စသတ်တော့ ဒီနေရာမှာ ငါတို့သူငါ လူတကာ ကြိုးစားအားထုတ်နေတဲ့ ဒါန သီလ သမထဆိုတဲ့ တရားသုံးပါး ကြိုးစားအားထုတ် အလုပ်လုပ်တဲ့ ကုသိုလ်တွေ ပြနေပါပဲ နော် (မှန်ပါတယ်ဆရာ)၊ လည်တတ်တယ် လည်တတ်တယ်၊ ဒီကုသိုလ်တရားတွေက ဝဋ်လည်နေတာပဲ။ ဝဋ်ကို မလည်ဘဲနဲ့ ဝဋ်ကို ဖြတ်တတ် ရပ်တတ်တဲ့ လောကုတ္တရာကုသိုလ်ကြတော့ ထုတ်ဖယ်ထားတဲ့၊ ဒီနေရာကျတော့ လောကုတ္တရာကုသိုလ်စိတ်လေးခုများ ထည့်မကောက် နဲ့နော် (မှန်ပါတယ်ဆရာ)၊ မရှင်းဖူးလားဟ (ရှင်းပါတယ်ဆရာ)၊ အင်မတန်ရှင်းတယ်။ အဲဒါ ဝဋ်လည်စေတတ်တဲ့ ဝဋ္ဋကုသိုလ်မျိုးကို ရည်ရွယ်ပြီးတော့ ဟောကြားတော်မူတယ် မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ ဝဋ်ကို လည်စေတတ်သော ဝဋ္ဋကုသိုလ်မျိုးကို ရည်ရွယ်၍ ဟောကြားတော်မူ၏။ ဝဋ်တောင်းတတယ်နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါကြောင့် "နည်းရောင်းများရောင်း တောင်းပြည့်ဆိုသလိုပဲ၊ ဝန်နဲ့အား မြားနဲ့လေး"တဲ့၊ မိမိတို့ အနေနဲ့ ကုသိုလ်ကမ္မပထတရားကြိုးစားကြ။ ကိုယ်ကြိုက်ရာကနေ ကိုယ်အလုပ်လုပ်ကြရတယ်။ ဒါနမှု သီလမှု သမထမှု အစုစု ကုသိုလ်တရားတွေ ကြိုးစားပွားများ အားထုတ်အလုပ်လုပ် မကောင်းဘူး လား ကောင်းပါ၏။ ဒါပေမယ့် အလုပ်မတတ်ရင်တဲ့ သံသရာ့စက်ရဟတ်မှာ အဆက်မပြတ်လည်အုံး မှာပဲ ဘာပြုလို့ လည်ကြောင်းဆိုတဲ့ တရားတွေထဲ ဒီကုသိုလ်တရားတွေ ကောက်သွားပြီ။ မကောက် ဖူးလား (ကောက်သွားပါတယ်ဆရာ)၊ ဒါ အဖဘုရားကိုယ်တော်တိုင် ဟောသွားတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာခေါ်တယ်။ ဒါကြောင့် ဒီနေရာလေး သေသေချာချာ ရေရေလည်လည် ပြတ်ပြတ်သားသား နားလည်အောင် တို့လူစုက နားရေတော့ ဝလောက်ပါပြီ။ ဝဋ္ဋကုသိုလ်နဲ့ ဝိဝဋ္ဋကုသိုလ် ခွဲခြားခွဲခြားပြီး ပြတယ်။ သင်္ခါရတုန်းက တော်တော်ကြီးပြောခဲ့။

ဒါကြောင့် ဒီနေရာမှာ "ဥပါဒါနပစ္စယာ ဘဝေါ" ဆိုတဲ့နေရာ ကမ္မဘဝ, ဥပပတ္တိဘဝ နှစ်မျိုး နှစ်စား ကောက်ထားတဲ့အနက်က ကမ္မဘဝဆိုတဲ့ ဘဝရဲ့တရားကိုယ် တရားသားကောက်တော့ လောကီကုသိုလ် သတ္တရသ, အကုသိုလ်တစ်ဆယ့်နှစ်ခု ပေါင်းလိုက်တော့ နှစ်ဆယ့်နဲ့ကိုးပါးရတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီနှစ်ဆယ့်ကိုးပါးထဲ ရှာကြည့်လိုက်တော့ ငါတို့သူငါ လူတကာ အမြဲတစေ ပြုနေတဲ့ ကုသိုလ်စိတ်တွေပါပဲလား။ ကုသိုလ်စေတနာတွေကလည်း ပေါ်မလာဘူးလား (ပေါ်လာ ပါတယ်ဆရာ)၊ ဒါကကို ရှောင်လွှဲလို့ မရနိုင်ဘူး မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ စဉ်းစားရမယ်၊ ဒီတော့ လုပ်တတ်အောင် လုပ်ရတယ်၊ ဘယ့်နဲ့ကြောင့် တို့ကုသိုလ်တရား ကြိုးစားရဲ့ သားနဲ့ ဝဋ်ထဲ လည်ရပါလိမ့်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး အဆက်မပြတ် လည်ရပါလိမ့်။ လည် ကြောင်းဖြစ်ပါလိမ့်၊ လုပ်ပုံလုပ်နည်း မဟုတ်လို့တဲ့။ ဝဋ်သုံးပါး တမ်းတပြီးတော့ အလုပ်လုပ်တဲ့ ကုသိုလ် တရားတွေ ခေါ်တယ်တဲ့။ ဝဋ္ဋကုသိုလ်မျိုးတွေတဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဝဋ်ကို ငြီးငွေ့တော့ တကယ်မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ တောင့်တရည်ရွယ်ပြီး လုပ်ပြန်တော့ ဝိဝဋ္ဋကုသိုလ် ဖြစ်သွားပြန်တယ်တဲ့။ အဲဒီကုသိုလ်ကြမှ ဝဋ်မြစ်ကို ဖြတ်တတ်တယ်တဲ့၊ ဒီလို မဟုတ်လား (မှန်ပါ တယ်ဆရာ)။ ဒါကြောင့် ဝဋ်မြစ်ကို ပြတ်စေတတ်သော ဝိဝဋ္ဋကုသိုလ်မျိုးဖြစ်အောင် ကြိုးစားရတယ်။

ကိုယ်လည်း နေ့နဲ့အမျှ ကြိုစားအားထုတ်နေတာပဲ လိုင်းလေးပြောင်းရုံလေး နော် (မှန်ပါတယ် ဆရာ)၊ လိုင်းလေးပြောင်းရုံလေးနော်၊ ရည်ရွယ်ချက်လေး ပြောင်းရုံလေး။ ဩော် ဟို့အရင်တုန်းကတော့ ဒီတရားမသိခင်တုန်းကတော့ ငါတို့ ဒါန သီလ သမထဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ ကြိုစားအားထုတ် တိုင်း အားထုတ်တိုင်း ဘဝကောင်းရာ ငါကောင်းရာဆိုတဲ့ အနေအားဖြင့် ကြိုးစားအားထုတ်ခဲ့တယ်။

http://www.dhammadownload.com



ရည်ရွယ်ချက်က မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဘက်တော့ နည်းနည်းလေးမှ မပါလာ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ ဝဋ်သုံးပါး တောင်းတပြီးလုပ်တဲ့ ဝဋ္ဋကုသိုလ်မျိုး ခေါ်တယ်။ ဒီကုသိုလ်မျိုးသာ ကြိုးစားလို့ရှိရင်ဖြင့် တို့သံသရာဝဋ်အတွင်းက လွတ်ကင်းဖို့ ခက်လှချည်ရဲ့၊ တဝဲလည်လည်နဲ့ လည်အုံးမှာပဲ။ ဒါဖြင့် ဘယ့်နဲ့လုပ်ပ့ါ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို ရည်ရွယ်တမ်းတ မှန်းဆ၍ အလုပ်လုပ်ပါလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလို လုပ်လိုက်တော့ ဘာကုသိုလ်ဖြစ်သွား (ဝိဝဋ္ဋကုသိုလ် ဖြစ်သွားပါတယ်ဆရာ)၊ ဩော် - ဝိဝဋ္ဋကုသိုလ်ဖြစ်။

အမြန်ဆုံး ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးကို အဆက်ဖြတ်နိုင်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဘဝစက်ကြီး ဖျက်ဆီးနိုင်တယ်တဲ့။ ဒါမှ သံသရာဝဋ်အတွင်းက လွတ်ကင်းလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ မျက်မှောက်ပြုနိုင်တယ်တဲ့။ အဲဒီလို လမ်းနှစ်ခွပြထားတဲ့ သဘာဝ မှားတာ, မှားခဲ့တာကို “မကောင်းအစဉ် ပြင်ခဏ” ပြင်လိုက်ရင် ခဏလေး မလွယ်ဖူးလားကွာ (လွယ်ပါတယ်ဆရာ)၊ အဲဒါ ဝဋ်သုံးပါးမတမ်းတဘဲနဲ့ ဝဋ်သုံးပါးမှ ထွက်မြောက်ရာထွက်မြောက်ကြောင်းဆိုတဲ့ အနေအားဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရည်ရွယ်တောင်းတပြီး အလုပ်လုပ်တာ ဝိဝဋ္ဋ ကုသိုလ်ဖြစ်ကရော့။ အဲဒီကုသိုလ်အထောက်အပံ့ပေးလို့ ဒါမှ သံသရာဝဋ်အတွင်းက လွတ်ကင်းနိုင်တယ်၊ ဘဝစက်ကြီး ဖျက်ဆီးနိုင်တယ်လို့ ဒီလိုဆိုတယ်။

ဒါကြောင့် တို့လူစုတွေ ကြပ်ကြပ်ကြီး သတိပြုကြပါလို့။ တစ်ချက်လုပ်ပြီးလို့ရှိရင် တစ်ချက်ပဲ အကျိုးက ပေးမှာ၊ မပေးဘဲ မနေဘူး နော် (မှန်ပါတယ်ဆရာ)၊ “ဧကစိတ္တံ ဧကပဋိသန္ဓိံ ဇနေတိ” အမှောက်မှောက်အမှားမှားတော့ မလုပ်ကြနဲ့။ ရည်ရွယ်ချက်မပါဘဲနဲ့ မလုပ်ကြနဲ့၊ စိတ်စေတနာ ဇောစိတ်ကလေးတွေ မသန်ဘဲလည်း မလုပ်ကြနဲ့၊ အလကားပဲ ဘာမှ တန်ဖိုးမရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ ရည်ရွယ်ချက်ပါပြီး လုပ်ကြပါ၊ စိတ်စေတနာဇောစိတ်လေးတွေ သန်သန်ထားလုပ်ကြပါနော် (မှန်ပါတယ်ဆရာ)၊ ပြတ်ပြတ်သားသား လုပ်ကြပါ၊ တွေတွေဝေဝေ မလုပ်ကြပါနဲ့လို့။ ဒါကြောင့် အားနာလို့၊ သူတစ်ပါးကဲ့ရဲ့မှာစိုးလို့၊ မကောင်းတတ်လို့၊ မတော်လှလို့၊ နာမည်ကြီးချင်လို့၊ ဂုဏ်ရှိချင်လို့၊ ထင်ပေါ်ချင်လို့၊ ကျော်စောချင်လို့၊ မျက်နှာပန်းလှချင်လို့၊ လူချီးမွမ်းခံရအောင်လို့ ဆိုတဲ့ တော်ရိယော်ရိအနေအားဖြင့် လုပ်တဲ့ကုသိုလ်ကြတော့ စောစောကပြောတဲ့ ဝဋ္ဋလည်း မခွဲနိုင်ဘူး၊ ဝိဝဋ္ဋလည်း မခွဲနိုင်ဘူး၊ ခွဲနိုင်ပါအုံးမလား (မခွဲနိုင်ပါဘူးဆရာ)၊ မခွဲနိုင်ဘူးတဲ့။ လုပ်ကတည်းက စေတနာက မသန့်ရှင်းဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ စေတနာမသန့်မရှင်းနဲ့ လုပ်တာတွေ ခေါ်တယ်။

http://www.dhammadownload.com



ဒါကြောင့် ဝင်္ဂသုံးပါးများ တကယ်ကြောက်လို့ ဝင်္ဂသုံးပါးများ တကယ်ကျွတ်ချင်လွတ်ချင်ရင် တိတိကျကျနဲ့ ပြတ်ပြတ်သားသား အလုပ်လုပ်။ ဝဋ်သုံးပါး စက်ဆုပ်ရွံ့ရှာမုန်းတီး၍ ထိုဝဋ်သုံးပါးမှ ကျွတ်ပါ လွတ်ပါစေခြင်းအကျိုးငှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီး မျက်မှောက်ပြုနိုင်ပါစေခြင်း အကျိုးငှာ ဆိုတဲ့ အနေအားဖြင့် ဝိဝဋ္ဋကုသိုလ် အဓိကထားပြီးတော့ ရည်ရွယ်ချက်နဲ့လုပ်ပါလို့၊ ဒါမှ တန်ဖိုးရှိမယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "ဥပါဒါနပစ္စယာ ဘဝေါ"ဆိုတဲ့နေရာ ဥပါဒါန်ရဲ့ သတ္တိကလည်း သေးတာမဟုတ်ဘူး၊ စွဲလမ်းမှုခေါ်တယ်။

**ဥပဂမနံ ဥပါဒါနန္တိ** ယံ ကမ္မံ ဘဝဿ ပစ္စယဘူတံ "ဣဒံ ကတွာ အသုကသ္မိံ နာမ ဌာနေ ကာမေ သေဝိဿာမိ ဥစ္ဆိဇ္ဇိဿာမီ"တိ အာဒိနာ နယေန ပဝတ္တံ ဥပဂမနံ ဂဟဏံ ပရာမသနံ၊ ဣဒံ ဥပါဒါနံ နာမ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၈၃)

ဥပဒါန်စွဲလမ်းမှု။ ဒါကြောင့် အရေးအကြီးဆုံးက တဏှာကအကြောင်းခံလာတာ ဘဝတဏှာ သဿတဝါဒ သဿတဒိဋ္ဌိခေါ်တယ်။ ကာမတဏှာတွေ သံသရာလည်စေတတ်တဲ့ အကြောင်းရင်း တရား မဟုတ်ပါဘူး။ ဘဝတဏှာမှ သံသရာလည်စေတတ်တဲ့ အကြောင်းရင်းဆိုတာ အင်မတန် ထင်ရှားတယ်။ ထိုဘဝတဏှာ၏ အကြောင်းခံပြီး ဥပါဒါန်ဆိုတဲ့ အကျိုးပေါ်လာတော့ ဒီဥပါဒါန် အကြောင်းခံပြီး ဘဝဆိုတဲ့ အကျိုးဖြစ်လာတော့ ဒီဥပါဒါန်ရဲ့သတ္တိလေး ထိုးပြတယ်။ ဘယ်နဲ့ ထိုးပြတုံး၊ ဥပဂမနံ ဥပါဒါနန္တိ၊ ဥပဂမနံ ဥပါဒါနံ ဟူသည်ကား။ ဥပါဒါန ဆိုတာ "ဥပဂမန"ပါပဲတဲ့၊ စွဲလမ်းခြင်း သဘော စွဲလမ်းသည့် ယူတဲ့သဘောလေး။ ဘဝဿ ပစ္စယဘူတံ၊ ဘဝ၏အကြောင်း ဖြစ်၍ဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံသည်။ အတ္ထိ၊ ရှိ၏။ ဒီနေရာလေးမှာ "ဘဝဿ ပစ္စယဘူတံ" ဆိုတဲ့ ပုဒ်ကလေး သေချာကြည့်။ တို့လုပ်နေတာတွေ ဟုတ်သလား မဟုတ်ဘူးလားလို့ ပြန်ကြည့်။ စွဲလမ်းလာတည်းက ဒီဘဝက သေလို့ ရှိရင်ဖြင့် နောက်ဘဝ ဒီအဖြစ်မျိုး ပြန်ပြီးတော့ ရအောင်, ရောက်အောင် ဒီအမိ ဒီအဖ ဒီလင် ဒီသား ဒီမယား ဒီဆွေ ဒီမျိုးနဲ့ ဒီမြို့ ဒီနိုင်ငံ ဒီရပ် ဒီဒေသ ဒီလိုပဲ သိုက်သိုက်ဝန်းဝန်းနဲ့ ဥမကွဲ သိုက်မပျက် ဖြစ်ချင်လှပါချည်ရဲ့၊ သဘောလေးတွေ ရည်ရွယ်ချက်ကလေးကနော် (မှန်ပါတယ် ဆရာ)၊ သေမင်းခေါ်သွားလို့သာ မနေသာလို့သာ လိုက်ရတယ်၊ ဘယ်တော့မှ မခွဲချင်ဘူး၊ ခွဲချင်လား (မခွဲချင်ပါဘူးဆရာ)၊ ဆင်းရဲတဲ့လူလည်း ဆင်းရဲတဲ့အလျောက်ပဲ၊ ချမ်းသာတဲ့လူလည်း ချမ်းသာတဲ့ အလျောက်ပဲ လက်ရှိဘဝကြီး ဘယ်တော့မှ မခွဲချင်ဘူးတဲ့။

http://www.dhammadownload.com



မိမိအမြဲတစေ ပေါင်းသင်းနေကြတဲ့ မိဘ ဆွေမျိုး ဉာတကာ ရှိရှိသမျှ မိတ်ဆွေသင်္ဂဟက စပြီးတော့ ဖဲခွာပြီးတော့ မသွားချင်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မသွားချင်တော့ ရည်ရွယ်ချက်က ဘယ့်နဲ့ဖြစ်၊ ဒီလိုပြန်ဖြစ်ချင်တယ်၊ မဖြစ်ချင်ဖူးလား (ဖြစ်ချင်ပါတယ်ဆရာ)၊ ဒီအဖြစ်မျိုး ပြန်တိုးချင်တယ်၊ ဒီအဖြစ်မျိုး ပြန်ရောက်ချင်တယ်။ ဒါက ဒီမျက်စိလောက်ကြည့်၊ ဒါထက်တော်တော်လေး သဒ္ဓမ္မဿဝန-သူတော်ကောင်းတရားကြားနာတဲ့ ပုဂ္ဂိုလ်ကြတော့ ဒါထက် တစ်မျိုးတိုးပြီးတော့ မြှင့်တင်လိုက်တယ်၊ လူစည်းစိမ်စာလို့ရှိရင် နတ်စည်းစိမ်က သာချင်တိုင်းသာသတဲ့၊ နတ်ဖြစ်ချင်စမ်းပါဘိ၊ ဒီလိုဖြစ်လာ နော် (မှန်ပါတယ်ဆရာ)၊ ဒါထက် တစ်ဆင့်တိုး တစ်မျိုးကြံစည် အားထုတ်အလုပ်လုပ်ပြန်တယ်။ နတ်ထက် ဗြဟ္မာက အဆပေါင်းများစွာ သာသတဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘဝကိုရည်မှန်းတဲ့ ဘဝတဏှာ ခေါ်တယ်။

ဒါကြောင့် "ဘဝဿ ပစ္စယဘူတံ၊ ဘဝ၏အကြောင်းဖြစ်၍ ဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ဤကံကို။ ကတွာ၊ ပြု၍။ အသုကသ္မိံ နာမ ဌာနေ၊ ဤအမည်ရှိသော ဌာန၌။ ကာမေ၊ ငါးဖြာအာရုံ ကာမဂုဏ်တရားတို့ကို။ သေဝိဿာမိ၊ ငါခံစားလိုက်အံ့။ ကာမေ၊ ငါးဖြာအာရုံ ကာမဂုဏ် တရားတို့ကို။ ဥစ္ဆိန္ဒိဿာမိ၊ စွန့်လိုက်အံ့။ ဣတိ အာဒိနာ နယေန၊ ဤသို့ အစရှိသော နည်းဖြင့်။ ပဝတ္တံ၊ ဖြစ်သော၊ ဥပဂမနံ၊ စွဲလမ်းခြင်းသည်။ ဂဟနံ၊ ယူခြင်းသည်။ ပရာမသနံ၊ သုံးသပ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ဤသို့ စွဲလမ်းခြင်း ယူခြင်း သုံးသပ်ခြင်းသည်။ ဥပါဒါနံ နာမ၊ ဥပါဒါန်မည်၏။

ဥပါဒါန် ဆိုတဲ့ တရားဟာ တခြားမဟုတ်ပါဘူးတဲ့၊ ဘဝသစ်ဖြစ်စေဖို့ အကြောင်းခံတဲ့ တရားချည်းပဲလို့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဘဝသစ်ဖြစ်စေဖို့ အကြောင်းခံတတ်တဲ့ တရားချည်းတဲ့၊ လုပ်နေသမျှ ဘဝသစ် မျှော်မှန်းတမ်းတပြီး အလုပ်လုပ်။ ဒါကြောင့် လူ့ဘဝထက် နတ်ဘဝက ငါးဖြာအာရုံ ကာမဂုဏ်စည်းစိမ် သာတယ်ဆိုပဲ။ နတ်ဘဝရောက်ရင် ကောင်းမှာပဲလို့ ငါးဖြာအာရုံ ကာမဂုဏ် မက်မောတဲ့ ကာမုပါဒါန်စွဲလမ်းတဲ့ပုဂ္ဂိုလ်က နော် (မှန်ပါတယ်ဆရာ)၊ စွဲလမ်းတယ်၊ စွဲလမ်းတယ်။

## မန္ဓာတုမင်းကြီးထုံးဝတ္ထု

တို့ဘုရားအလောင်းတော်မြတ် မန္ဓာတု စကြာမင်းကြီးဖြစ်စဉ်အခါတုန်းက သေချာကြည့်စမ်း။ မန္ဓာတု စကြာမင်းဆိုတာ လေးကျွန်းသနင်း စကြာမင်း အရှေ့ကျွန်း အနောက်ကျွန်း တောင်ကျွန်း

http://www.dhammadownload.com



မြောက်ကျွန်း ကျွန်းကြီးလေးကျွန်း အာဏာတန်ခိုး အစိုးရလို့ စကြာရတနာကြီးနဲ့ ဖြန့်ချိပြီးတော့ ရှိသမျှ လူ့လောက လူစည်းစိမ်ကို အမျိုးမျိုးအဖုံဖုံ စုံစုံလင်လင်ခံစား စံစားတယ်။ ကျွန်းကြီးလေးကျွန်း အာဏာတန်ခိုး အစိုးရတယ်။ ကျွန်းကြီးလေးကျွန်းဆိုတာလည်းပဲ တို့ခုခေတ်မှာပေါ်နေတဲ့ မြေပုံကတော့ တချို့ကလည်းပဲ အဲဒီတိုက်ကြီးလေးတိုက်ကိုပဲ ကျွန်းကြီးလေးကျွန်း ပြောလို့ပြော မဟုတ်ပါဘူး၊ ဒါအမှန်က သမုဒ္ဒရာလေးစင်းနဲ့ ကျွန်းကြီးလေးကျွန်းကတော့ မြင်းမိုရ်တောင်ခလယ်ထားလို့ တစ်စကြဝဠာ ခေါ်တယ်။ ဒီတော့ ဒီကျွန်းကြီးလေးကျွန်းဟာ တစ်ခုနဲ့တစ်ခု အင်မတန် ဝေးကွာတယ်၊ ရောက်နိုင်ပေါက်နိုင်ဖို့ ခဲယဉ်းတယ်၊ စကြာရတနာရှိတဲ့ စကြာမင်းများသာလျှင် လေးကျွန်းလုံးကို အာဏာတန်ခိုး အစိုးရပြီး အုပ်စိုးနိုင်တယ်လို့၊ သူကတော့ စကြာရတနာရ၊ လေးကျွန်းလုံး လှည့်လိုက်ရင် ခဏကိုကွ နော် (မှန်ပါတယ်ဆရာ)။

အဲဒီ မန္ဓာတုစကြာမင်းကြီး စကြာရတနာရလို့ စကြာမင်းကြီးဖြစ်တော့ လေးကျွန်းသနင်း စကြာမင်းဖြစ်သည့်အားလျော်စွာ အာဏာတန်ခိုး အစိုးရလို့ လူ့လောက လူ့စည်းစိမ် ခံစားလိုက်တာ စုံလို့ ငါးဖြာအာရုံ ကာမဂုဏ်ဘက်က ဒီလိုခံစားရင်းကနေပြီးတော့ ရောင့်ရဲမှု တင်းတိမ်မှုက မရှိတော့ အမတ်တွေ မေးတယ် - ကာမဂုဏ်ခံစားရတာ လူ့ပြည်ထက် သာတာများ ရှိသေးလားလို့၊ အမတ်တွေက လျှောက်တယ်။ လူ့ပြည်ခံစားရတဲ့ ကာမဂုဏ်က မပြောပလောက်ပါဘူးတဲ့။ ကြာတော့ သူကလည်း ကာမဂုဏ်တော်ကြီးကျတော့ အမတ်တွေကလည်း မျက်မှန်းကျိုးလာတယ် ထင်ပါရဲ့ကွာ။ တော်ရာသွားတာ အေးပါတယ် ဆိုပြီးတော့ ထိုးလွှတ်တယ်။ လူ့ပြည်ကာမဂုဏ် ခံစားရတာဆိုတာ မပြောပလောက်ပါဘူးတဲ့။ လူ့ပြည်ထက် စတုမဟာရာဇ်နတ်ပြည်က သာချင်တိုင်းသာတယ်တဲ့ ဟုတ်ကဲ့လားဟဲ့ ဟုတ်ကြောင်းပါ တင်ပြတယ် နော် (မှန်ပါတယ်ဆရာ)၊ စတုမဟာရာဇ်နတ်ပြည်ထက် တာဝတိံသာကြတော့ ပြောစရာမရှိပါဘူး။ အလွန့်အလွန် ထူးကဲမွန်မြတ်ပါတယ်။ တကယ်ဟုတ်ကဲ့လားဟ (ဟုတ်ကြောင်းပါဘုရား)။ ယုတ္တိယုတ္တာနဲ့ သံတော်ဦးတင်ကြ။ ကာမဂုဏ်တစ်ဆင့်ထက် တစ်ဆင့် မြင့်မြင့်တက်သွားတဲ့နေရာ, ချမ်းသာတဲ့နေရာ ငါခံစားလေမှပဲလို့ မန္ဓာတုစကြာမင်းကြီး လူ့ပြည်ကနေတက်သွား စတုမဟာရာဇ်နတ်ပြည်ရောက် အောက်ဆုံးနတ်ပြည် စတုမဟာရာဇ်နတ်ပြည်မှာ ခံစားလိုက်တာလို့ သောက်သောက်လဲ ဟိုမှာနတ်တွေ အသီးသီး စုတိစိတ်ကျ၊ သူက သက်တမ်းက အလွန်ရှည်တဲ့အခါကြီးဖြစ်နေတော့ သူမသေနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ စတုမဟာရာဇ်နတ်ပြည်မှာ ငါးဖြာအာရုံ ကာမဂုဏ်ခံစားလို့ အားရတင်းတိမ်လောက်တဲ့ အချိန်ကြတော့ ဒါထက်သာတာက လှမ်းမေးတော့ တာဝတိံသာနတ်ပြည် လက်ညှိုးထိုးပြ။ တာဝတိံသာ နတ်ပြည်

http://www.dhammadownload.com



ဆိုတော့ သာချင်တိုင်းသာတယ်တဲ့။ ဘယ်တူလိမ့်မတုံးဆိုတော့ တာဝတိံသာနတ်ပြည် တစ်ခါတက်၊ မန္ဓာတုစကြာမင်းကြီး တာဝတိံသာနတ်ပြည်တက်လာသတဲ့ဆိုရင် သိကြားမင်းကိုယ်တိုင်က ဆီးပြီးတော့ ကြိုရတယ်။ "လူမင်းဘုန်းကြီးတော့ နတ်မင်းမနေသာ" ဆိုတာ ဒီကစတယ်၊ နတ်မင်း နေနိုင်ရသေးလားဟ (မနေနိုင်တော့ပါဘူးဆရာ)။ "လူမင်းဘုန်းကြီးတော့ နတ်မင်းမနေသာ"တဲ့။

မန္ဓာတုစကြာမင်းကြီးက တကယ်ဘုန်းတန်ခိုး အာနိသင်ကြီးမှာပေါ့။ ဘုရားဆုပန်ပြီးတော့ ပါရမီတွေ ဖြည့်ချင်တိုင်း ဖြည့်လာတော့ ပါရမီတွေစုပေါင်း အကောင်းဆုံးဆိုတဲ့ အညွန့်အဖူး ကုသိုလ်ထူးတွေက ရှိထားတော့ ဘယ်သိကြားလောက်ဆိုတာ ဘယ်ဂရုစိုက်လိမ့် နော် (မှန်ပါတယ် ဆရာ)၊ သိကြားက ဆီးကြိုရတယ်။ သိကြားက ဆီးကြိုပြီးတော့ တာဝတိံသာ နတ်ပြည်ရောက်တဲ့ အခါကြတော့ သိကြားမင်းစည်းစိမ် တာဝတိံသာနတ်မြို့ကြီး ထက်ခြမ်းခွဲ၊ တစ်ခြမ်းစီခွဲပြီးတော့ မန္ဓာတု စကြာမင်းကြီး တစ်ခြမ်းပေး၊ သိကြားမင်းက တစ်ခြမ်းယူလို့ နှစ်ယောက်အတူတူ အုပ်ချုပ်ပြီးတော့ မင်းလုပ်နေကြတယ်။ နတ်စည်းစိမ် ခံစားလိုက်တာလို့ နော် (မှန်ပါတယ်ဆရာ)။

ဒီစဉ်အခါတုန်းက တို့ကြားဖူးကြတဲ့ အတိုင်းလို့ လမ်းပြင် ဇရပ်ဆောက် ရေတွင်း ရေကန်တူးနဲ့ ကုသိုလ်ထူးတွေ လုပ်သွားတဲ့ သုံးကျိပ်သုံးယောက်သော မာဃသိကြားမင်းတို့ရဲ့ လက်ထက်ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ဘုန်းတန်ခိုးကလည်း ကြီးတော့ အဲဒီသိကြားမင်း သုံးကျိပ်နဲ့ သုံးယောက် တစ်ယောက်ပြီးတစ်ယောက် တစ်ယောက်ပြီးတစ်ယောက် သက်တမ်းတွေကုန် စုတိ စိတ်ကျ သူမသေသေးဘူး ငုတ်တုတ် နော် (မှန်ပါတယ်ဆရာ)၊ အားရပါးရ ခံစားနေလိုက်တာ၊ အဲဒီအခါမှာ သူ့သက်တမ်းကုန်မှ တာဝတိံသာနတ်ပြည်ကနေပြီးတော့ လူ့ပြည်ပြန်ဆုံ၊ ဆုံတော့ အသက်မပါလာတော့ အသေဆုံလား၊ အပေါ်က နေတွန်းချလိုက်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့် ငါးဖြာအာရုံ ကာမဂုဏ်မက်မောတဲ့နေရာ သာသတဲ့သာတယ်ဆိုတာ စနည်းနာ၊ ကာမု ပါဒါန် အစွဲအလမ်းအားကြီးတဲ့ ပုဂ္ဂိုလ်များကြတော့ လူ့ပြည်ထက် နတ်ပြည်က ကာမဂုဏ်သာတယ်။ သာတဲ့နေရာ ရောက်ချင်တယ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် တချို့များ တော်တော်လေး မျက်စိအမြင်ကျယ်လာတော့ လူတောင်ပြန်မဖြစ်ချင်ဘူး။ ကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ် နင်လား ငါလား အတင်းနင်းလုပ်၊ ဘာဖြစ်လို့ နတ်ဖြစ်ချင်လွန်းလို့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ နတ်စည်းစိမ်ခံစားချင် စံစားချင်လွန်းလို့ ကြိုးစားတယ် ကြိုးစားတယ်။ တချို့တော့လဲပဲ ဒီလိုပဲ ကြားဖူးနားဝရှိသည့်အားလျော်စွာ နတ်စည်းစိမ်ထက် ဗြဟ္မာ့စည်းစိမ်က ပိုတယ် ဆိုပြန်တော့ ဗြဟ္မာဖြစ်ချင်ပြန်တယ် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို သဘောတွေ။ ဒါကြောင့်

http://www.dhammadownload.com



သေသေချာချာ ကြည့်လိုက်တော့ သူလုပ်နေတဲ့ သူဖြစ်နေတဲ့ ဉပါဒါန်တရား ဘဝသစ်ဖြစ်စေတတ်တဲ့ အစွဲအလမ်းပဲလို့။

ဒါကြောင့် ဘဝဿ ပစ္စယဘူတံ၊ ဘဝသည် အကြောင်းဖြစ်၍ဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံသည်။ အတ္ထိ၊ ရှိ၏။ "ကံ"ဆိုတာ ဘဝသစ်ဖြစ်စေတတ်တဲ့တရား၊ ကံဆိုတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာတုံး (စေတနာပါဆရာ)၊ အေး-ဟုတ်ပြီ ဟုတ်ပြီ၊ တော်ပေသားပဲနော် (မှန်ပါတယ်ဆရာ)၊ စေတနာလေး ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မင်းကုသိုလ်လုပ်ရင် မင်းလုပ်တဲ့ကုသိုလ်စိတ်တွေ ယှဉ်ယှဉ်နေတဲ့ စေတနာလေးတွေ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး-ဒီစေတနာလေးတွေက အကျိုးပေးတယ် နော် (မှန်ပါတယ်ဆရာ)၊ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" လို့ အဲဒီ စေတနာလေးတွေ ကံလို့ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီကံသည် ဘာဖြစ်တတ်သလဲဆိုတော့ ဘဝသစ်ဖြစ်စေတတ်တဲ့အကြောင်းတဲ့။

ဒါကြောင့် ဘဝဿ ပစ္စယဘူတံ၊ ဘဝသစ်ကို ဖြစ်စေတတ်သော အကြောင်းဖြစ်၍ ဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံသည်။ စေတနာလေးတွေ ဆိုတော့ ဒီကံလေးတွေက ကုသိုလ်ကံပဲ ရှိသလားဟ (မဟုတ်ပါဘူးဆရာ)၊ ဘာရှိသေးတုံး (အကုသိုလ်ကံပါဆရာ)၊ အေး-နှစ်မျိုးနော် (မှန်ပါတယ်ဆရာ)၊ နှစ်မျိုးနှစ်မျိုး၊ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်မျိုး၊ ကုသိုလ်စေတနာ အကုသိုလ်စေတနာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ နှစ်ခုစလုံးပါပဲတဲ့။ ဘဝသစ်ကို ဖြစ်စေတတ်တဲ့ အကြောင်းတရားတွေတဲ့။ ဒီတရားတွေက၊ ကြပ်ကြပ်စဉ်းစားနော် ဟုတ်လား မဟုတ်လားလို့ အင်မတန် ကြောက်စရာ ကောင်းတယ်။ ဒါကြောင့် "ဘဝဿ ပစ္စယဘူတံ၊ ဘဝသစ်ကို ဖြစ်စေတတ်သော အကြောင်းဖြစ်၍ ဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံသည်။ ဒီနေရာ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကောက်။ အတ္ထိ၊ ရှိ၏။ တံ ကမ္မံ၊ ထိုကံကို။ ကတွာ၊ ပြု၍။ ဒီကံတွေပဲ လုပ်နေကြတဲ့၊ ဘာလုပ်ဖို့လုပ်၊ သူ့ရည်ရွယ်ချက် ပါတယ်။ အသုကသ္မိံ နာမ ဌာနေ၊ ဤမည်သော ဘဝသစ်ဖြစ်ရာဌာန၌။ ကာမေ၊ ငါးဖြာအာရုံ ကာမဂုဏ်တရားတို့ကို။ သေဝိဿာမိ၊ အဲဒီကြမှ ဇိမ်နဲ့ ငါခံစားလိမ့်မယ်။ ဒီလိုရည်ရွယ်ချက်လာတယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရည်ရွယ်ချက်က ဒီလိုလာတယ်၊ (သို့မဟုတ်) ကာမေ၊ ငါးဖြာအာရုံ ကာမဂုဏ်တရားတို့ကို။ ဉစ္ဆိန္ဒိဿာမိ၊ စွန့်အံ့။ ဒီဘုံရောက်သွားရင်တော့ ဒါတွေ ငါစွန့်နိုင်ကောင်းပါရဲ့။ ဣတိ အာဒိနာ နယေန၊ အာဒိသဒ္ဒါဖြင့် အများကြီးရှိသေးတယ်။ ပဝတ္တံ၊ ဖြစ်သော။ ဉပဂမနံ၊ စွဲလမ်းခြင်းသည်။ ဂဟနံ၊ ယူခြင်းသည်။ ပရာမသနံ၊ သုံးသပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤသို့ စွဲလမ်းခြင်း

http://www.dhammadownload.com



ယူခြင်း သုံးသပ်ခြင်းသည်။ ဥပါဒါနံ နာမ၊ ဥပါဒါန်မည်၏တဲ့။ ဘဝအကြောင်းဖြစ်စေတတ်တဲ့ စွဲလမ်းမှု တရားကြီး ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။

အဲဒီလို စွဲလမ်းလို့လည်းပဲ, ဒီဥပါဒါန်ဖြစ်လို့လည်းပဲ ဒီလိုစွဲလမ်းကာမျှနဲ့ ငါလက်ပိုက်ကြည့်နေလို့တော့ ရမှာမဟုတ်ဘူး စဉ်းစားတယ်, စဉ်းစားတယ်။ အဓိပ္ပာယ်အားဖြင့် မင်းလူ့ဘဝ လူပြန်ဖြစ်ချင်တယ်။ လူ့ဘဝ လူပြန်ဖြစ်ချင်တယ် ဆိုတော့ ဥပါဒါန်တရားကြီးက စွဲလမ်းနေတော့ လူ့စည်းစိမ် လိုချင်လို့ ငမ်းငမ်းတက် စွဲလမ်းနေတော့ ဒီလိုလိုချင်တယ် ဆိုတဲ့ စွဲလမ်းမှု ဖြစ်ကာမျှနဲ့ လူ့ဘဝ မင်းရပ့ါမလား (မရနိုင်ပါဘူးဆရာ)၊ ဒီတော့ ရအောင် ဘာလုပ်ရ (ကုသိုလ်စေတနာတွေ လုပ်ရမှာပါဆရာ)၊ ဩော် - ကုသိုလ်ကံတွေ လုပ်ရမယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ ဟုတ်ပြီ။ အဲဒါကြောင့် “ဥပါဒါနပစ္စယာ ဘဝေါ” လို့ ပြထားတာ။ ဥပါဒါနပစ္စယာ၊ စွဲလမ်းခြင်း သဘောကြောင့်, စွဲလမ်းခြင်း ဥပါဒါန်ကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏ ဆိုတော့ ဟောဒီ စောစောကပြောတဲ့ စေတနာနှစ်ဆယ့်နဲ့ကိုး ကြိုးစားနော် (မှန်ပါတယ်ဆရာ)၊ လူ့စည်းစိမ် နတ်စည်းစိမ် လိုချင်တဲ့ ပုဂ္ဂိုလ်ကြတော့ ဒါန သီလဆိုတဲ့ ကုသိုလ်တရားတွေ ကြိုးစား၊ ဒါထက်သာလွန်တဲ့ ဗြဟ္မာ့ စည်းစိမ် လိုချင်ပါတယ် ဆိုတော့ ဈာန်သမထတရားတွေ ကြိုးစား ရူပကုသိုလ် အရူပကုသိုလ် နော် (မှန်ပါတယ်ဆရာ)၊ လုပ်ကြတယ်တဲ့၊

ဒါကြောင့် ဒီနေရာမှာ စေတနာနှစ်ဆယ့်နဲ့ကိုး ကောက်ပြတာတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စေတနာနှစ်ဆယ့်ကိုးထဲ အကုသိုလ်စေတနာကလည်း ပါနေတော့ ဒါဖြင့် အကုသိုလ်ကံကြတော့ ဘယ့်နဲ့လုပ်ပ့ါမတုံး၊ အကုသိုလ်ကံလည်း လုပ်နေတာပဲတဲ့။ ဘယ့်နဲ့လုပ် သူလုပ်နေတာက ဒိဋ္ဌုပါဒါန်အနေအားဖြင့် ကြိုးစားအားထုတ်၊ ဒိဋ္ဌုပါဒါန်အနေအားဖြင့် ကြိုးစားအားထုတ်လိုက်တော့ လှူတာ တမ်းတာ အကျိုးမရှိဘူး၊ ပေးတာ ကမ်းတာ စွန့်တာ ကြဲတာ အကျိုးမရှိဘူး။ ဘာပြုလို့ ဒီဘက်ဘဝ ကနေပြီးတော့ ဒါနသီလ အစရှိတဲ့ ကုသိုလ်ကောင်းမှု အကြောင်းတရားတွေကြောင့် နောင်ဘဝ ကောင်းကျိုးချမ်းသာတွေ ရလိမ့်မယ်ဆိုတာ အလကားပြောတာ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါတွေ ယုံကြည်ပြီးတော့ ဒီဒိဋ္ဌုပါဒါန်ဆိုတဲ့ အစွဲအလမ်းကြီးနဲ့ သူထင်ရာ သူလုပ်နေတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ သူထင်ရာ သူလုပ်နေတော့ သူလုပ်တာကံချည်း မဟုတ်ဘူးလားဟ (ကံချည်းပါပဲဆရာ)၊ ဒိဋ္ဌုပါဒါန်ကြောင့် ဖြစ်ပေါ်လာတဲ့ ကံဆိုတော့ ကုသိုလ်ကံ ဖြစ်ကောင်းပ့ါမလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဘာကံတွေဖြစ် (အကုသိုလ်ကံတွေပါဆရာ)၊

http://www.dhammadownload.com



အဲဒါကြောင့် သေအပါယ်လေးပါး လားတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ မလားဖူးလား (လားမှာ ပါဆရာ)၊ သွားရော့။

ဒါကြောင့် ဘုရားပွင့်တော်မူစဉ်အခါတုန်းက မက္ခလိဂေါသာလ, ပူရဏကဿပ အစရှိတဲ့ ဘုရားကြီးတွေ ပွင့်နှင့်နေလို့ သူတို့ရဲ့အသင်းအပင်း အားလုံးရေတွက်ကြည့်ရင် ခြောက်သောင်းကျော်ရှိတယ် နော် (မှန်ပါတယ်ဆရာ)၊ သေကြတော့ အသီးသီးနဲ့ အဝီစိဆင်းကြတယ်လို့ ဒိဋ္ဌုပါဒါန်သဘောအားဖြင့် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ သီလဗ္ဗတုပါဒါန်လည်း ဒီအတိုင်းပဲ ဒီအယူဝါဒကြီးစွဲလမ်းပြီးတော့ သူလုပ်နေတဲ့ကံတွေက နည်းနည်းလေးမှဟုတ်တာ မပါတော့ သေသည်၏အခြားမဲ့ အပါယ်လေးပါးကို အကုန်လားတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သူတို့အယူဝါဒကိုက ဖောက်လွဲဖောက်ပြန်ဖြစ်နေတော့ မမှန်တဲ့အလုပ်တွေ လုပ်နေတော့ သူတို့လုပ်တဲ့ကံက ကုသိုလ်ကံဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဘာကံတွေဖြစ် (အကုသိုလ်ကံတွေဖြစ်ပါ တယ်ဆရာ)၊ အကုသိုလ်ကံတွေချည်းပဲနော် (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အစွဲသန်သန်နဲ့ လုပ်ကြတဲ့ ပုဂ္ဂိုလ်တွေကြတော့ အပါယ်လေးပါးချည်း လားကြတယ်။ ဘာပြုလို့ သူတို့လုပ်နေတဲ့ အလုပ်တွေကိုက ကုသိုလ်ကံ မဖြစ်နိုင်ဘူး။ အကုသိုလ်ကံတွေ ဖြစ်နေတယ် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ သူတစ်ပါးအသက် သတ်ဖြတ်ခြင်းဆိုတဲ့ ဒုစရိုက် ဒုရာဇီဝဆိုတဲ့တရားတွေ ကောင်းကျိုးချမ်းသာ ပေးလိမ့်မယ်ထင်ပြီးတော့ ကြိုးစားပမ်းစားနဲ့ ကံတရားတွေ အားထုတ် အလုပ်လုပ်။ ဒါဟုတ်လား မဟုတ်လား စဉ်းစားကြည့်။ လူတို့၏ သက်တမ်းက သိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ရှည်စဉ်အခါတည်းက ဒီတရားမျိုးတွေ ပေါ်လာလိုက်ကြတာ၊ သူတစ်ပါးအသက် ရက်ရက်စက်စက်သတ်ပြီးတော့ ယဇ်နတ်ပူဇော်မှ ကောင်းကျိုးချမ်းသာ ပြည့်ဝမယ်ဆိုတဲ့ အယူဝါဒတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ရှိတာပဲ၊ အရင်လည်းရှိတယ်၊ ခုလည်း ရှိတယ်၊ နောင်လည်း ရှိအုံးမှာပဲလို့၊ အဲဒါ ဘာတွေတုံး ဒိဋ္ဌုပါဒါန် နော် (မှန်ပါတယ်ဆရာ)၊ အတ္တကိလမထာနုယောဂအနေအားဖြင့် ကျင့်ကြံပွားများ အားထုတ် အလုပ်လုပ်မှ ငါတို့ ကောင်းကျိုးချမ်းသာ ရလိမ့်မယ်ဆိုတဲ့ အနေအားဖြင့် ကိုယ်ကိုပင်ပန်းနွမ်းနယ်စေတတ်တဲ့အနေအားဖြင့် ကြိုးစားတဲ့ သီလဗ္ဗတုပါဒါန်၊ ဒီကံတွေလည်း ပြန်ကြည့်။ ဒါကုသိုလ်လား အကုသိုလ်လား အကုသိုလ်ချည်းပဲနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါကြောင့် သေသည်၏အခြားမဲ့၌ အပါယ်လေးပါး အကုန်မသွားဖူးလား (သွားပါတယ် ဆရာ)၊ နောက်ဆုံး အတ္တဝါဒုပါဒါန်ကြတော့ ကုသိုလ်ကောင်းမှုပြုတယ်တဲ့၊ သူတော်ကောင်းတရား နာကြားတော့ အတ္တကို စောင့်စည်းလိုတဲ့အနေအားဖြင့် (တစ်နည်း) ထိုကာမဂုဏ်မက်မောသော အနေအားဖြင့် "ကာမေ သေဝိဿာမိ" ဆိုတဲ့ ပါဠိအရ အတ္တစွဲကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီဘဝကနေ ဒီကံတွေ ငါကြိုးစားအားထုတ်၊ ကောင်းတဲ့ကံတွေ ကြိုးစားအားထုတ် အလုပ်လုပ်ရင် နောက်ဘဝကြတော့ ငါကောင်းတဲ့ ကိုယ်ဖြစ်အုံးမှာ၊ ကောင်းတဲ့ဘဝရအုံးမှာ၊ လူကောင်း နတ်ကောင်း ဖြစ်အုံးမှာ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အတ္တဝါဒုပါဒါန် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ အတ္တဝါဒုပါဒါန် အစွဲသန်တဲ့ပုဂ္ဂိုလ်ကြတော့ လက်ရှိရပြီးသော ကာမဂုဏ်ကို စောင့်ရှောက်စေခြင်း အကြောင်းလည်းကောင်း၊ လက်ရှိဘဝ၌ ကာမဂုဏ်ချမ်းသာကို လိုလားသောကြောင့်လည်းကောင်း၊ သေသည်၏အခြားမဲ့၌ ထိုအတ္တရဲ့ချမ်းသာမှုကို လိုသောကြောင့်လည်းကောင်း သူကြတော့ ဒုစရိုက် ဒုရာဇီဝ ရှောင်ပြီးတော့ သုစရိုက် သုရာဇီဝဆိုတဲ့ တရားပွားများအားထုတ်၊ ကုသိုလ်တရား ကြိုးစားအားထုတ်တော့ ကောင်းရာသုဂတိ ရောက်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)။

ဒါလည်း သေချာကြည့်တော့ စောစောက ပြထားတဲ့ "ဘဝဿ ပစ္စယဘူတံ" ဆိုတဲ့ အတိုင်းပါပဲ။ ဘဝသစ်ဖြစ်စေတတ်တဲ့ အကြောင်းပဲ ရှိတယ်။ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အင်မတန် ကြောက်စရာကောင်းတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီနေရာလေးမှာ အဋ္ဌကထာဆရာက ပြသွားတာ ရှိတယ်။ "ဥမ္မတ္တကော ဝိယ ပုထုဇ္ဇနော" တဲ့။ ထင်ရာလုပ်ကြတာ။

"ဥမ္မတ္တကော ဝိယ ဟိ ပုထုဇ္ဇနော၊ သော "ဣဒံ ယုတ္တံ ဣဒံ အယုတ္တံ"န္တိအဝိစာရေတွာ ယဿ ကဿစိ ဥပါဒါနဿ ဝသေန ယံကိဉ္စိ ဘဝံ ပတ္ထေတွာ ယံကိဉ္စိ ကမ္မံ ကရောတိယေဝ"။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၇၆)

ကြောက်စရာ ကောင်းလိုက်တာ နော်၊ ကိုယ့်ကိုယ် ကိုယ်ပြန်ကြည့်။ အင်မတန် ကြောက်စရာ ကောင်းတယ်။ ဥပါဒါန် လေးမျိုးလေးစားရှိတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ငါတစ်နေ့ကတုန်းက စာရင်းတွက်ထား စာရင်းတွက်ထားလို့ပြောတာ။ တို့ဥပါဒါန် လေးမျိုးလေးစားရှိတဲ့ အနက်က ဘယ်ဥပါဒါန်ကျန်သေးတုံး၊ ဘယ်ဥပါဒါန်တွေ စင်ကြယ်သန့်ရှင်းတုံး၊ ပြန်တွက်ကြည့်။ ဟိုနေ့ကပြသွားပြီ 'ပုထုဇ္ဇနော'တဲ့၊ ပညာမျက်စိလုံးလုံး မရှိသော အန္ဓပုထုဇဉ်တို့သည် ဥမ္မတ္တကော ဝိယ၊ အရူးကဲ့သို့တည်းတဲ့။ အရူးနဲ့တမူတူ၏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပညာမျက်စိ လုံးဝမရှိတဲ့

http://www.dhammadownload.com



ပုထုဇဉ်နဲ့ အန္ဓပုထုဇဉ်နဲ့ ဘာနဲ့တူတယ်။ (အရူးနဲ့တူပါတယ်ဆရာ)၊ အရူးနဲ့တူတယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သော၊ ထိုအရူးနဲ့တူသော ပုထုဇဉ်သည်။ ဣဒံ၊ ဤအရာသည် ကား။ ယုတ္တံ၊ သင့်မြတ်ပေ၏။ ဣဒံ၊ ဤအရာသည်ကား။ အယုတ္တံ၊ မသင့်မြတ်။ ဣတိ၊ ဤသို့။ အဝိစာရေတွာ၊ မရွေးချယ်မူ၍။ ကြည့်စမ်း အရူးနဲ့တူတဲ့ ပုထုဇဉ်တဲ့။ ဒီဟာကတော့ သင့်မြတ်ပါလိမ့် မယ်လေ။ ဒီဟာကတော့ သင့်မြတ်ဟန်မတူပါဘူး။ ဟောတာကတော့ အကျိုးနဲ့တူရဲ့၊ ဟောတာ ကတော့ အပြစ်နဲ့တူရဲ့နော် (မှန်ပါတယ်ဆရာ)၊ ဣတိ၊ ဤသို့။ အဝိစာရေတွာ၊ မရွေးချယ်မူ၍။ မရွေးချယ်နိုင်ဘူးတဲ့။ ရွေးချယ်နိုင်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ယဿ ကဿစိ ဥပါဒိန္နဿ ဝသေန၊ အမှတ်မထား တစ်ပါးပါးသော ဥပါဒိန်၏အစွမ်းအားဖြင့်။ လာပြီ ဥပါဒိန်လေးပါး၊ ဒီလေးပါးထဲက တစ်ပါးပါးနဲ့ သူကြိတ်မှာပဲလို့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒါက အကျိုးပဲ၊ ဒါက အပြစ်ပဲ၊ ဒါက ယုတ္တိရှိတယ်၊ ဒါက ယုတ္တိမရှိဘူး၊ ဒါက ကောင်းတယ်၊ ဒါက ဆိုးတယ်၊ ဒါက မှန်တယ်၊ ဒါက မှားတယ်တဲ့လို့ ဝေဖန်နိုင်တဲ့ သတ္တိမရှိဘူးတဲ့။ ရှိရဲ့လား (မရှိပါဘူးဆရာ)။

ဒါ အဋ္ဌကထာဆရာက တိုက်ရိုက်ဖွင့်သွားတာ နော် သေချာလည်း မှတ်ကြ၊ ကိုယ့်ကိုယ်လည်းပဲ ပြန်ပြီးတော့ စစ်ဆေးလည်း ကြည့်ကြ။ တို့ဒီလိုပဲလားဟ တို့ဥပါဒိန်လေးပါးထဲ ထင်ရှားရှိနေတော့ ဒီဥပါဒိန်လေးပါးကလည်း နဂိုအတိုင်းပဲထင်ရှား လေးပါးစလုံးပဲ ရှိသေးသလားဟ အဓိပ္ပါယ်အားဖြင့်၊ ရှိသေးပြန်ရင်လည်းပဲ ဒီဥပါဒိန်လေးပါးထဲက အမှတ်မထား တစ်ပါးပါးသော ဥပါဒိန်စွဲလမ်းမှုကြီးနဲ့ ယူပြီးတော့ ဟုတ်တာ မဟုတ်တာ မစုံစမ်းနိုင်ဘူး၊ မစိစစ်နိုင်ဘူး၊ အကျိုးနဲ့အပြစ် မဝေဖန်နိုင်ဘူး၊ ချမ်းသာဆင်းရဲ မသဲကွဲဘူး။ ဘာလုပ် အမှတ်မထား တစ်ပါးပါးသော ဥပါဒိန်ဘစ်ခုကို ကိုင်ပြီးတော့ ဒါလက်ကိုင်ထားပြီးတော့ ကြိုးစားရော့တဲ့။ ဘာကြိုးစား "ယံကိဉ္စိ ဘဝံ ပတ္တေတွာ"တဲ့ အမှတ်မထား တစ်ပါးပါးသော ဘဝကို တောင့်တ၍ လုပ်နော် (မှန်ပါတယ်ဆရာ)၊ အမှတ်မထား တစ်ပါးပါးသော ဘဝတောင့်တ၍ "ယံကိဉ္စိ ကမ္မံ ကရောတိယေဝ" ယံကိဉ္စိ ကမ္မံ၊ အမှတ်မထား တစ်ပါးပါးသော ကံကို။ ကရောတိယေဝ၊ ပြုတော့သည်သာလျှင်တည်းတဲ့။ လုပ်ချလိုက်တာပဲ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီပါဠိလေးများ သေချာလည်းမှတ်ထား။ မှတ်စရာလည်း အင်မတန်ကောင်းတယ်။

ဥမ္မတ္တကော ဝိယ ဟိ ပုထုဇ္ဇနော၊ သော "ဣဒံ ယုတ္တံ, ဣဒံ အယုတ္တ"န္တိ အဝိစာရေတွာ ယဿ ကဿစိ ဥပါဒိန္နဿ ဝသေန ယံကိဉ္စိ ဘဝံ ပတ္တေတွာ ယံကိဉ္စိ ကမ္မံ ကရောတိယေဝ။

ဟိ၊ ချဲ့ဦးအံ့။ ပုထုဇ္ဇနော၊ ပညာမျက်စိလုံးလုံးမရှိသော ပုထုဇဉ်သည်။ ဥမ္မတ္တကော ဝိယ၊ အရူးနှင့်တူ၏။ သော၊ ထိုအရူးနှင့်တူသော ပုထုဇဉ်သည်။ ဣဒံ၊ ဤသည်ကား။ ယုတ္တံ၊ သင့်မြတ်

http://www.dhammadownload.com



ပေ၏။ ဣဒံ၊ ဤသည် ကား။ အယုတ္တံ၊ မသင့်မြတ်။ ဣတိ၊ ဤသို့။ အဝိစာရေတွာ၊ မရွေးချယ်နိုင်မူ၍။ (ဝါ) မရွေးချယ်တတ်၍။ မတတ်ဘူးတဲ့ ဘာမှ မသိဘူး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ ဘာဖြစ်သလဲ။ ယဿ ကဿစိ ဥပါဒါနဿ ဝသေန၊ အမှတ်မထား တစ်ပါးသော ဥပါဒါန်လက်ကိုင် ထား။ ဥပါဒါန်လေးပါးထဲက တစ်ပါးပါးသူကြိုက်ရာ လက်ကိုင်ထားလို့ စွဲလမ်း၊ စွဲလမ်းတော့ ဘာဖြစ် လဲတဲ့။ "ယံကိဉ္စိ ဘဝံ ပတ္ထေတွာ"တဲ့။ ဒီလို စွဲလမ်းလာသည်နှင့် တစ်ပြိုင်နက် အမှတ်မထား တစ်ပါးပါးသော ဘဝကို တောင်းတ ပြီးတော့ အမှတ်မထား တစ်ပါးပါးသော ကံကို လုပ်ပါရော့တဲ့။ ကုသိုလ်ရယ်, အကုသိုလ်ရယ် ခွဲပြောတာ မဟုတ်ဘူး။ သူလုပ်ချင်တာ လုပ်လိုက်တာပဲတဲ့။ သူကောင်း တာထင်တာ လုပ်လိုက်တာပဲတဲ့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို လုပ်လိုက်ကတည်းက သွားရော့နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ပညာမျက်စိမရှိတဲ့ အန္ဓခေါ် တဲ့ ပုထုဇဉ်သူကန်းများဟာ အရှုးနဲ့တူတဲ့ သူကန်းများ မျက်ကန်းလမ်းသွားသလိုပဲ စက္ခုနှစ်ကွင်း အလင်းမရတဲ့လူ လမ်းသွားတော့ ဒီလိုပဲ တစ်ခါတစ်ရံလည်း လမ်းကောင်းလမ်းမွန်လေး မြေပြန့်လေး လျှောက်ရ သွားရ ကိုယ်စိတ်နှစ်ပါးချမ်းသာ။ တစ်ခါတစ်လေ လည်း ဆူးငြောင့် ခလုတ်ကန်သင်း ကျင်းချိုင့် ကျွမ်းထိုးမှောက်ခုံလဲလို့ ကွဲလို့ တိုက်လို့ စူးလို့ ရှလို့ ဆင်းရဲဒုက္ခ ရောက်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ လမ်းကောင်းလျှောက်လည်း မမြင်လို့လျှောက်တာ၊ မကောင်းတဲ့လမ်းဆိုးလျှောက်လည်း မမြင်လို့လျှောက်တာ၊ ဘာမှ သူမြင်တာ ရှာမရဘူး မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ပုထုဇဉ်များ ပုထုဇဉ်ဆိုတဲ့ ဘဝဟာ အရူးဘဝပါလို့ မကြာသေးဘူး ငါပြော၊ သတိပေးရုံ ရှိသေး၊ ပုထုဇဉ်အရူး ပညာမျက်စိလုံးဝမရှိသေးရင် အရူး၊ တစ်မဂ်တစ်ဖိုလ် မရသေးရင် အရူး၊ ဘုရား ကိုယ်တော်မြတ်က ဟောသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘုရားကိုယ်တော်မြတ်က ဟောသွား တယ်။ ငါတစ်မြန်နေ့က ပြောသွားတာ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ ဘယ့်နဲ့မှတ်မိ ဘယ့်နဲ့ ပြောသွား (တိုက်ကြီးပေါ် ကခုန်ချ) ဟောဗျာ ချလိုက်တာပဲ။ ဒီလောက်မိုက်တဲ့အကောင်၊ ပုထုဇဉ် ဆိုရင် အရူး နော် (မှန်ပါတယ်ဆရာ)၊ ဘုရားက ဘယ့်နဲ့ပြော (ပုထုဇဉ်ဆိုရင် အရူးပါဆရာ)၊ အေး-အရူး နဂိုက အရူးမဟုတ်လား (မှန်ပါတယ်ဆရာ)၊ တို့ဘုရားက ဒီအရူးပျောက်အောင် ဘယ့်နဲ့လုပ် တရားဟောတယ် (တရားဟောပါတယ်ဆရာ)၊ ဘုရားတရားတော်နာရင် အရူးပျောက်တယ်လား (ပျောက်ပါတယ်ဆရာ)၊ ဒါဖြင့် ဘုရားတရားတော်က အရူးပျောက်တဲ့ဆေးလား (မှန်ပါတယ်ဆရာ)၊ အေး-အရူးပျောက်တဲ့တရား မှတ်ထားနော် သေသေချာချာ၊ စကားပြောလို့ မဆုံးသေးဘူး၊ လုံးလုံးကြီး

http://www.dhammadownload.com



ဖြစ်ချင်သလို ဖြစ်ကုန်ပေါ့။ နဂိုက အရှုးတွေတဲ့၊ ဘုရားတရားတော်နာရင်း အရှုးပျောက်တယ်တဲ့။ ဘုရားတရားတော်မှန်လို့ရှိရင် အရှုးပျောက်နိုင်တယ်တဲ့။ မပျောက်ဖူးလား (ပျောက်ပါတယ်ဆရာ)၊ အဲဒါ နဂိုက အရှုးတွေ တရားအားထုတ်ကာမှ ထပ်ပြီးတော့ ရှုးရတယ်ဆိုလို့ရှိရင်ဖြင့် ငါတစ်မြန်နေ့က သတိပေးခဲ့သေးတယ်၊ ဒီတရားဟာ ဘုရားတရား ဟုတ်နိုင်ပ့ါမလားလို့ ကြပ်ကြပ်ကြီး စဉ်းစားကြလို့ ထင်တိုင်းလည်း မလုပ်ကြနဲ့လို့ ငါပြောခဲ့တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကွာ အကြောင်းက စပ်နေလို့ ဒါမပြောမပြီး မတီးမမြည်တဲ့၊ ငါကလည်း ပြောလည်း မပြောချင်ဘူး။ ဝမ်းကလည်း နည်း၊ ဘာမှ မကြာသေးဘူး အခု မိုးလေးရွာလို့ ပိတ်တဲ့ရက်အတွင်းမှာ သင်တန်းလေးနားနေတဲ့အခိုက်ပဲ လစ်သွားရှာတယ်။ အမြဲတစေ တစ်ခါတလေလဲ ရံဖန်ရံခါနဲ့ လာပြီး သင်တန်းကြိုးစားပမ်းစားနဲ့ လိုက်နေတဲ့ တို့သင်တန်းသားတစ်ယောက် သြော်-အခု မိုးလေးရွာလို့ သင်တန်းလေးငါးဆယ်ရက် ပိတ်ထားတဲ့ အတောတွင်းလေး ဘယ့်နဲ့ဖြစ်သွားတယ်ကို မပြောတတ်ဘူး။ ပျက်စီးရှာတယ်နော် (မှန်ပါတယ်ဆရာ)၊ စိတ်ထဲလည်း မကောင်းဘူး နှမြောတယ်။

အဲဒါ ပျက်စီးသွားတာက ကြားကြတဲ့အတိုင်းပဲလို့ ပျက်စီးတဲ့ပုဂ္ဂိုလ်အကွက် ငဲ့ကွက်ပြီးတော့ သနားတာတစ်ကြောင်း၊ ၎င်းအပြင် ဘာဖြစ်လာလဲဆိုတော့ "ဘုန်းကြီးအမှု ရွာပတ်"ဆိုတဲ့ အဲဒီအမှုက ငါ့ကိုလာပတ်။ ပါးစပ်တွေက ဘယ့်နဲ့ထွက်လာလဲဆိုတော့ သူ့ဘာသာသူ သင်တန်းတရားလိုက်နေတာ အကောင်းသားတဲ့။ သင်တန်းသုံးပတ်တောင် ဆင်းပြီးလို့ ပြောတယ်တဲ့။ အဲဒါ ဆရာက အလုပ်ထိုင်ပါ အလုပ်ထိုင်ပါ အတင်းခိုင်းလို့ အလုပ်ထိုင်လိုက်တာ စိတ်ဖောက်ပြန်ပြီးတော့ ခုတော့ ကြိုးဆွဲချ ပျက်ဆီးသွားရှာပေါ့တဲ့။ ဟော-"ဘုန်းကြီးမှု ရွာပတ်" ဟင့် (မှန်ပါတယ်ဆရာ)၊ ခက်ရချည်းရဲ့ စိတ်က အောက်မေ့။ ဒါပေမယ့် နားမှာ ကြားကြပါလိမ့်မယ်။

သူ့ရဲ့ခင်ပွန်းသည် ငိုတာတော့ - အမလေး ဘုရားကျော်ဇောချွတ်လို့ ငါ့ယောကျ်ား အခုမှ လုံးလုံးကျွတ်ပါတော့ဟဲ့။ ခင်ပွန်းသည်က ငိုရှာတယ် နော် (မှန်ပါတယ်ဆရာ)၊ ကျော်ဇောဆိုလား ဘယ်သူဆိုလား ငါတော့ မသိတတ်ပါဘူး ကြားတာပဲ၊ အဲဒါ အခုပိတ်ထားတဲ့ ရက်ကလေးအတွင်းမှာပဲ အတင်းရော ဇွတ်ရောဆိုသလိုပဲ တရားဟောသတဲ့။ တရားပြတယ်၊ တရားပြပြီးတော့ အလုပ်ထိုင် ခိုင်းတယ်၊ ပြောတဲ့အတိုင်း တရားကလည်း လိုချင်စိတ်က အင်မတန်ပြင်းထန်လိုက်တော့ ဟုတ်လိမ့် မယ် ထင်ပြီးတော့ သူခိုင်းတဲ့အတိုင်း အလုပ်ထိုင်လိုက်တာ ညခုနစ်နာရီလောက်က ထိုင်တာ မနက် ခုနစ်နာရီလောက်ကျတော့ စိတ်ကဖောက်ပြန် ဂယောက်ဂယက်ဖြစ်ရှာ၊ ဖြစ်ရှာ သုံးလေးရက် နေရှာရ တစ်မြန်နေ့ကတော့ ဆုံးရှာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဟိုတမြန်နေ့ကတည်းက ငါပြောသွားတာ။

http://www.dhammadownload.com



ငါက သက်သေခံ နီးနီးနားနားပေးလို့ရှိရင် တစ်ဖက်သားကို ဂရဟိတာအနေအားဖြင့်, ကဲ့ရဲ့တဲ့ အနေအားဖြင့် စောင်းတဲ့မြောင်းတဲ့အနေအားဖြင့် ပြောတယ် ဆိုတယ်လို့ စွပ်စွဲမှာစိုးလို့ ငါရန်ကုန်လှမ်းပြီးတော့ သက်သေခံပေးလိုက်တာ၊ တရားအားမထုတ်ခင်တုန်းက အကောင်း၊ တရားအားထုတ်ပြီး ပြန်လာတော့ တိုက်ပေါ်က ခုန်ချတယ်လို့ ပြောတယ် မဟုတ်လား (ပြောပါတယ်ဆရာ)။

အဲဒါဝေးဝေး လှမ်းပြီးတော့ ငါသက်သေခံပေး၊ ဒီနားတင် မပေးချင်လို့၊ ဒီနားလည်းပဲ ပေးစရာတွေ ပြည့်လို့၊ အဲဒီလို ပေးလိုက်ရင် ပိုပြီးအစွပ်စွဲခံရတယ်။ ဒါတောင် သိုးသိုးသန့်သန့် ကြားသေးတယ် ဆရာက သူ့ရဲ့ပရိသတ်များအောင် ဒါတစ်မျိုးတစ်မည်အားဖြင့် ပြောဟောစွဲတာ ပဲတဲ့။ တစ်ဘက်သား နှိမ့်ချပြီးတော့ ပြောတာပဲတဲ့။ နဂိုတည်းက ငါပြောတယ် တရားမှန် တရားစစ် ဆိုလို့ရှိရင် ငါကိုယ်တိုင် တိုက်တွန်းပေးပါတယ်။ လမ်းမှန်ကမ်းမှန်ဆိုလို့ရှိရင် ခုတော့ ဒီလိုဖောက် လည်းဖောက်ပြန် မကြာမကြာဖြစ်ဖြစ်သွားတဲ့ အသံတွေ ကြားပြန်တော့ စဉ်းစဉ်းစားစားနဲ့ အလုပ်လုပ် ကြလို့ သုတ်သီးသုတ်ပြာနဲ့ “ဆပ်ပြာသည် လင်ပျောက်သလို” လုပ်လို့ တရားဖြစ်တာ မဟုတ်ဘူး။ ဆွေးဆွေးနွေးနွေး မေးမေးမြန်းမြန်း တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်းနဲ့ ဒီလိုလုပ်ရတယ် နော် (မှန်ပါတယ် ဆရာ)၊ အပြောကောင်းတိုင်းလည်း ဟုတ်တာ မဟုတ်ပါဘူး။

တချို့လည်း အပြောကောင်းတော့ အဟုတ်မှတ်လို့ပါသွား။ ဂယောက်ဂယက်တွေဖြစ်၊ ကို့ယိုးကားယားတွေဖြစ်၊ ဒီနားလည်း သက်သေခံတွေ အများကြီးရှိ၊ ဖော်တော့ မပြောပါဘူး သိကြတဲ့အတိုင်းပဲလို့၊ ဒီတော့ ငါ့ဝမ်းထဲ ဘယ့်နဲ့ဖြစ်သွားလဲဆိုတော့ ဩော် - ဒီလောက်တောင်တရားကို ပြာပြာသလဲနဲ့ လိုချင်နေတဲ့ သင်တန်းသားတစ်ယောက် ဒီလိုအဖြစ်မျိုးနဲ့ ဆုံးရှုံးသွားရတယ်ဆိုတာကို ယူကြုံးမရ ဖြစ်တယ်။ စိတ်မကောင်းဘူး၊ ကြားကြားချင်း မကောင်းဘူး။ မိုးလင်းသည်နှင့်တစ်ပြိုင်နက် ဖြုန်းကနဲ လာကြားရှာတယ်။ အဲ . . . တရားနာတာတောင် ဟောဒီအိမ်ပေါ်ကတတ်နာနေတာ၊ သနားလည်း သနားပါ တယ်။ အဲဒါ ဒီလိုပဲလို့ ဒီက တရားကို အမှန်စင်စစ်က ခမျာလည်း မပြတ်သားလို့ ဒီအဖြစ်မျိုး ရောက်တာနော် (မှန်ပါတယ်ဆရာ)၊ ဒီက ပြထားတဲ့, ချထားတဲ့ လမ်းစဉ်ကို တကယ်မိမိတို့ဉာဏ် ထဲမှာ တိတိကျကျနဲ့ ပြတ်ပြတ်သားသားရှိတဲ့ လူဆိုရင်ဖြင့် ဘယ်သူလာခေါ်ခေါ်၊ ဘယ်သူပဲ ဖြားယောင်း ဖြားယောင်း၊ တရားမပြောင်းဘူးဆိုတာ တို့ကလည်း ယုံကြည်တယ် မဟုတ်ဖူးလားဟ (မှန်ပါတယ် ဆရာ)။

http://www.dhammadownload.com



တရားရတဲ့ လူတစ်ယောက်က တရားပြောင်းလို့ ဖြစ်ပါ့အုံးမလား (မဖြစ်နိုင်ပါဘူးဆရာ)၊ “ကေသဒ္ဓါ ကေပေမာ”လို့ ပါဠိတော် အဌကထာလည်း တိုက်ရိုက်ရှိပါတယ်။ အဲဒါ တရားစစ် တရားမှန် မိမိရတဲ့တရား မပြုတ်သွားရင် တရားကပြောင်းလို့ပြီးမှာ မဟုတ်ဘူး။ ဟိုကခေါ်လည်း ဟုတ်နိုးနိုး၊ ဒီကလည်း ဟုတ်နိုးနိုး၊ ဟိုရနိုးနိုး ဒီရနိုးနိုး ဒီလိုနေမှာပဲ၊ တယားယားနေမှာပဲ။ အဲဒါ အမှန်စင်စစ်က မိမိကိုယ်တိုင်ကလည်းပဲ ဒီသင်တန်း သုံးပတ်ဆင်းဆင်း လေးပတ်ဆင်းဆင်းပဲ ဒီဂါချသွားတဲ့ လမ်းစဉ် အနေအားဖြင့် မိမိဉာဏ်ထဲမှာ မရှင်းလင်း မပြုတ်သားလို့ အဲသလို ယောင်သုံးဆယ်ထဲ ပါသွားတာလို့ ဘာမှအခြေအမြစ် အားကိုးလောက်တဲ့ အခြေအမြစ် ရှိတာ မဟုတ်ပါဘူး။ တစ်နေ့ပြောနဲ့ ပါသွားတယ်။ ပြောမှာပေါ့လေ ကောင်းလိုက်တာ၊ ဘယ်လိုကောင်းတယ်၊ နိဗ္ဗာန်ဆိုတာ ဘယ့်နဲ့နေတယ် လျှောက်ပြောမှာပေါ့။ ခဏလောက်ထိုင်လိုက်ရင် ဘယ်ရောက်သွားတာ၊ ဘယ်ပေါက်သွားတာပဲဆိုတာ ပါအုံးမှာ နော် (မှန်ပါတယ်ဆရာ)၊ ဒါပြောတာ၊ အားရှိပါးရှိ မှတ်ပြီးတော့ ဒီကလည်း တရားလိုချင် စိတ်က ထက်သန်နေတော့ ပြုန်းဆို ပါသွားတာပေါ့။

အဲဒါကြောင့် အခုလို ပါသွားတယ်ဆိုတော့ ဘယ်လောက်ဆုံးရှုံး ဘယ်လောက်နစ်နာသလဲလို့ ဘယ်လောက်နှမျောစရာ ကောင်းသလဲလို့ တို့ဘုရားလက်ထက်တော်မှာ မကြားဖူးပါဘူးကွာ။ မြတ်စွာ ဘုရားကိုယ်တော်မြတ်ထံ တရားတောင်း၊ တောထဲ တရားအားထုတ်။ တချို့လည်း အားထုတ်ပုံ အားထုတ်နည်း မဟုတ်တော့ တရားမရပဲ ပြန်လာ။ ဖောက်ပြန်မှုတော့ မရှိပါဘူး၊ ရှုံးသွားတယ် မကြားပါဘူး နော် (မှန်ပါတယ်ဆရာ)၊ ဝါဆိုဦးကနေ ဘုရားကိုယ်တော်မြတ်ထံ တရားတောင်း၊ တရား တောင်း တရားပေးလိုက်၊ ဘုရားကိုယ်တော်မြတ်က ပေးတဲ့ တရားယူသွားပြီးတော့ ဝါတွင်းသုံးလ ပတ်လုံး ဟိုးတောထဲသွား အားထုတ်၊ သူအားထုတ်ပုံ အားထုတ်နည်း မဟုတ်တော့ ဝါကျွတ်တော့ တရားမရ၊ ဘုရားထံပြန်လာ၊ ချစ်သားတရားရခဲ့လား မရကြောင်းပါဘုရား။ ဘုရားက ပြန်ဆင်ခြင်တယ် သြော် -တရားအယူအဆလွဲမှားတာကို နောက်ပြန်ပေး၊ အဲဒီလို တရားအားထုတ်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရင်လည်း ရသွားတယ်။ မရလို့ရှိရင်လည်း ဒီအတိုင်းပြန်လာတာပါပဲ။ ရှုံးပြန်တယ်လို့ ငါတစ်ခါမှ မတွေ့ဖူးဘူးနော် (မှန်ပါတယ်ဆရာ)၊ စဉ်းစားကြည့် စဉ်းစားကြည့် ဟုတ်လား မဟုတ် လားလို့၊ ဒါတရားရရင်လဲ ရသွားတာ။ မရရင်လည်း ဒီအတိုင်းပါပဲလို့ နဂိုနေ မပျက်ပါဘူး။ ဉာဏ်ရည် တွေ ထက်သန်လာရမယ် အမှန်က ဒီလိုသာရှိရမယ်။ ဘယ်လိုဆင်ခြေမျိုးမှ ပေးလို့ တွေးလို့ မရအောင် ဖြစ်နေ။

http://www.dhammadownload.com



ဒါကြောင့် ဘာဖြစ်ဖြစ် စောစောက ပြောသလို ဆပ်ပြာသည် လင်ပျောက်တဲ့ အနေအားဖြင့် ဒေါက်ဒေါက် ဒေါက်ဒေါက် ဒေါက်ဒေါက် တယားယား တယားယား တယားယားနဲ့ ဒလို သုတ်သီသုတ်ပြာနဲ့ လုပ်လို့ဖြစ်တဲ့ အလုပ်မျိုးလဲ မဟုတ်ပါဘူး။ ကိုယ့်ဆရာသမားရှိရင် ဆရာသမားနဲ့ တိုင်ပင်နှီးနှောလို့ ဆရာ့ဆရာထက် တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်ရှိလည်း တိုင်ပင်နှီးနှောလို့ ဆွေးဆွေးနွေးနွေး မေးမေးမြန်းမြန်းနဲ့ တိတိကျကျရှိမှ အလုပ်လုပ်ကြပါလို့ ကြိုးစားကြ။ ဒီတရားတွေ ချက်ချင်းဘယ်မှ ထွက်မပြေးပါဘူး။ တရားအင်မတန် ငမ်းငမ်းတက် လိုချင်တဲ့လူများအဖို့ အမှောက် မှောက်အမှားမှား ဖြစ်မှာစိုးလို့၊ ဒါကြောင့် နောက်ပိုင်းကြတော့ ဘယ့်နဲ့ဖြစ်၊ အဲဒီတို့သင်တန်းသား ပျက်စီးသွားတာ ငါ့အပေါ် လက်သယ်ကျလို့ သူ့ဘာသူ သင်တန်းလိုက်နေတာ အကောင်းသားတဲ့။ ဆရာက အလုပ်ထိုင်ခိုင်းတာနဲ့ ထိုင်လိုက်တာ တစ်ခါတည်း ဒီလိုဖြစ်သွားပေါ့။ ဘုရားစူးရပါစေဗျာ ကျုပ်မဟုတ်ပါဘူး၊ တစ်ခါမှ အထိုင်မခိုင်းပါဘူး။ အဲဒါကြောင့် စဉ်းစဉ်းစားစားနဲ့ အလုပ်လုပ်ကြပါ၊ ပြီးတော့လည်းပဲ သဘာဝယုတ္တိ အာဂမယုတ္တိ သာဓကယုတ္တိလည်း ရှာကြပါ။ သာဓကဆိုတာ သက်သေခေါ်တယ်။ အာဂမဆိုတာက ဒေသနာရှာတာ ခေါ်တယ်၊ ဒေသနာ ပါသလား မပါဘူးလား။ သဘာဝဆိုတော့ သဘောအားဖြင့် တကယ်ဖြစ်နိုင်လား မဖြစ်နိုင်ဘူးလား သေချာကြည့်။

ဒါကြောင့် တစ်မြန်မနေ့က ပြောထားတဲ့စကားမှ မဆုံးတတ်သေးဘူးလို့ လုံးလုံးကြီး ရုပ်လုံးပေါ်သွားရှာပြီလို့. ဒါမေတ္တာနဲ့ပြောတာ။ တရားမှာ အဘိဇ္ဈာများစရာ ဘာမှမရှိဘူး။ တကယ်လည်း ကိုယ့်ကိုယ်တိုင်က သံသရာမှာ ထောက်ရာတည်ရာ ရပါစေဆိုတဲ့ စေတနာအားဖြင့် ဒီလောက်သည်းခံပြီးပြနေ၊ တကယ်ဒီနေရာထက် ကောင်းတဲ့, သာတဲ့ တကယ်စိတ်ခတ်ယုံကြည်လောက်တဲ့ နေရာတွေ့ရင် အကုန်တွန်းထုတ်၊ ကိုယ်ပါလိုက်သင့် လိုက်ရမယ် ဒီလိုသဘောထား နော် (မှန်ပါတယ်ဆရာ)၊ အပြိုင် အဆိုင် မဟုတ်ပါဘူး။ ဟာ-ပရိသတ်များစေချင်လို့၊ ပရိသတ်နည်းသွားမှာစိုးလို့. ဘယ်ဘက်က သာလို့ ဘယ်တော့မှ မပါခဲ့ဘူး။ ဒါပေမယ့် လုပ်တာက တို့များကရှေ့က၊ တို့များက ဦးတယ်။ တို့များစိတ်ကူးနဲ့ တို့များထပြီးတော့ တည်ထောင်ပြီးတော့ လုပ်ပြီးတဲ့ နောက်ပိုင်းရောက်မှ အလျှိုအလျှိုပေါ်လာတာပါ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် စေတနာသန့်သန့်ရှင်းရှင်း ထားပြီးတော့ အမှောက်မှောက်အမှားမှား ဖြစ်မှာစိုးလို့ ပြောတာပါလို့ စဉ်းလည်းစဉ်းစားကြဖို့။ ဒါကြောင့် တရားကို သုတ်သီသုတ်ပြာနဲ့ လိုချင်လို့ ရမှာမဟုတ်ဘူး။ စစ်စစ်ဆေးဆေး မေးမေးမြန်းမြန်း တွေးတွေးဆဆနဲ့ အလုပ်လုပ်ကြပါလို့ တရားရှာကြပါ တရားကြိုးစားကြပါ။ လမ်းစဉ်ချကြည့်တော့ ကိုယ်ပိုင်ဉာဏ်နဲ့လည်း တွေးကြည့်။ တို့ဘုရားကိုယ်တော်

http://www.dhammadownload.com



မြတ် ပေးသွားတဲ့တရားက နဂိုဗီဇ နဂိုမူလက အရှူးတွေ နော် (မှန်ပါတယ်ဆရာ)၊ ဥမ္မတ္တကော ဝိယ ပုထုဇ္ဇနော”လို့ တိုက်ရိုက်ဟောထားတာ။ ပုထုဇဉ်ဘဝဖြင့် အရှူးချည်းပဲလို့၊ အဲဒါ နဂိုမူလက အရှူးတွေ၊ အဘဘုရားကိုယ်တော်မြတ်က ဟောကြားတော်မူတဲ့တရားတော် နာရလို့ရှိရင် အရှူးပျောက်တယ် ဒီလို ဟောသွားတာနော် (မှန်ပါတယ်ဆရာ)၊ ဘုရားတရားတော်နာရရင် အရှူးပျောက်တယ်။ ဘုရားတရားတော် တတ်သိလိမ္မာရင် အရှူးပျောက်တယ်၊ အရှူးပျောက်တဲ့ တရားလို့စဉ်းစား ဟုတ်လား မဟုတ်လားလို့။

ဒါဖြင့်လည်းပဲ နဂိုက ပုထုဇဉ်မှန်သမျှ သူရူးတွေလို့ ဘုရားကိုယ်တော်မြတ် ဟောထားတာ၊ ဘုရားတရားတော်ကြတော့ အရူးပျောက်ပြီးတော့ ဒါဖြင့် အရူးပျောက်တဲ့တရားပဲ၊ ထပ်ရူးစရာမရှိပါဘူး။ ဒါကိုယ်ပိုင်ဉာဏ်ဖြင့် အရာရာအားဖြင့် တွေးဖူး စဉ်းစားဖူးတယ်၊ ဟုတ်တာရယ် မဟုတ်တာရယ် အဲဒါ ပုဂ္ဂလဓိဋ္ဌာန်အနေအားဖြင့် ဘယ်သူကိုမှ စောင်းမြောင်းပြောတာ မဟုတ်ဘူး။ အခုပဲ လက်တွေ့ အားဖြင့် တွေ့နေလို့ စိတ်ထဲကလည်း တော်တော်ကြီး ဝမ်းနည်းပက်လက်ဖြစ်ပါတယ်။ ဖြစ်မှဖြစ်ရ လေလို့ နှမြောလည်း နှမြောပါတယ်။ တရားလိုချင်တာနဲ့ အလွန်အမင်းဖြစ်နေ။ အဲဒီအလွန်မင်းဖြစ်လို့ ဒီလို အမှားမှား အရမ်းရမ်းဖြစ်သွား၊ ကြွေမရအောင် လိုချင်တယ် ဒါကြောင့် ဒီလိုဖြစ်မှာ စိုးလို့ မေတ္တာနဲ့ ပြောတာပါ။ စုံစမ်းစရာတွေ ထောက်လှမ်းစရာတွေ အများကြီး၊ တိုင်းတာစရာတွေ အများကြီး၊ တိုင်းထွာစရာတွေ အများကြီး၊ ကိုယ်ပိုင်ဉာဏ်နဲ့ အပြန်ပြန်အထပ်ထပ် စဉ်းစားစရာတွေ အများကြီး ရှိပါတယ်။ တကယ်ပညာရှိ သူတော်ကောင်းကြီးတွေ ထင်ရှားနေတဲ့ ထင်ရှား ရှိတဲ့မြို့၊ သာသနာကြီး အင်မတန် ပွင့်လင်းတဲ့မြို့ စုံးစမ်းနိုင်တယ်၊ ထောက်လှမ်းနိုင်တယ်၊ မေးမြန်းနိုင်တယ်၊ လျှောက်ထား နိုင်တယ်၊ ဘာမှ ခက်တာ မဟုတ်ဘူး။ ခုတော့ ဘယ့်နှဲ့ဖြစ်နေလဲဆိုတော့ ကိုယ်ထင်ရာ ကိုယ်အပြော ကောင်းရာပါနေ။ ဟာ ဟုတ်လိုက်တာက ဘယ်လို ဘယ်ပုံဘယ်နည်းတဲ့။ ဟုတ်လိုက်တာဟာဆိုပြီး မျက်လုံးပြူးပြီး ကြောင်ပြီးတော့ ကြိုက်သွားပြီ၊ လိုက်သွားပြီး၊ ဒီလို ဖြစ်နေတယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ခုကြားကြတဲ့အတိုင်းပဲလို့ ရင်ထုမနာ ဖြစ်စရာဆိုတဲ့ အဖြစ်မျိုးနဲ့ လာတိုးနေလို့ တစ်မြန် နေ့က ပြောထားတဲ့ စကားလက်စရှိလို့ တစ်နည်းအားဖြင့်လဲ ခုညပြထားတဲ့ ပါဠိကိုးက “ဥမ္မတ္တကော ဝိယ ဟိ ပုထုဇ္ဇနော၊ သော “ဣဒံ ယုတ္တံ ဣဒံ အယုတ္တ”န္တိ အဝိစာရေတွာ ယဿ ကဿစိ ဥပါဒါနဿ ဝသေန ယံကိဉ္စိ ဘဝံ ပတ္ထေတွာ ယံကိဉ္စိ ကမ္မံ ကရောတိယေဝ”၊ ဒီပါဠိလည်း တိုက်ရိုက်ပါနေလို့ သုံးဦးသုံးဖလည်အားဖြင့် စကားဆုံဆည်းနေလို့ တစ်နည်းအားဖြင့်လည်း ကိုယ့်အပေါ် အမှုကြီးက လည်း ပတ်နေလို့ အားလုံး ရှင်းပါစေ, လင်းပါစေလို့ ထည့်သွင်းပြီး ပြောရခြင်းပါလို့။ ပုဂ္ဂလဓိဋ္ဌာန်အနေ

http://www.dhammadownload.com



အားဖြင့် ဘာကြောင့်, ညာကြောင့် ပြောတယ်လို့ ဒီလို မယူဆပါနဲ့၊ အဲဒါ ကျေးဇူးတင်တတ်ရင်လည်း တင်ကြပေါ့။ မတင်တတ်လည်း ထင်သလိုပေါ့လေ။ မေတ္တာနဲ့ ပြော...ကော့ အမှန်ပဲလို့။ ဒါ မစဉ်းစား တတ်ရင် စဉ်းစားတတ်ဖို့ဆိုတဲ့ ကိုယ်ပိုင်သဘောလေးတွေနဲ့၊ မဝေဖန်တတ်ရင် ဝေဖန်တတ်ဖို့ဆိုတဲ့ အနေအားဖြင့် လမ်းစဉ်လေးချပြီးတော့ ရှင်းပေးတာပါပဲလို့။

ဒါကြောင့် "ဥပါဒါနပစ္စယာ ဘဝေါ"ဆိုတဲ့ နေရာထက် ဥပါဒါန်ဆိုတဲ့ တရားကိုယ်က ထင်ရာ လုပ်တတ်ပါတယ်လို့ ဆိုထားတာ။ စွဲလမ်းပြီ ဆိုမှဖြင့် ဒါယုတ္တိရှိသလား၊ ဒါယုတ္တိမရှိဘူးလား၊ ဒါ သင့်သလား၊ ဒါ မသင့်ဘူးလား၊ ဒါ အကျိုးရှိသလား၊ ဒါ အပြစ်ရှိသလား၊ ဒါ မှားသလား၊ ဒါ မှန်သလားလို့ မရွေးချယ်နိုင်ဘူးတဲ့။ သော၊ ထိုအရှုးနဲ့တူသော အန္ဓပုထုဇဉ်သည်။ ဣဒံ၊ ဤသည် ကား။ ယုတ္တံ၊ သင့်မြတ်၏။ ဣဒံ၊ ဤသည်ကား။ အယုတ္တံ၊ မသင့်မြတ်။ ဣတိ၊ ဤသို့။ အဝိစာရေတွာ၊ မရွေးချယ်နိုင်မူ၍ (ဝါ) ရွေးချယ်တတ်သော ပညာဉာဏ် မရှိ၍ အသိဉာဏ် မရှိ၍။ (ဝါ) မရွေးတတ်၍။ မရွေးတတ်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မရွေးတတ်တော့ ဘာလုပ်တုံးတဲ့။ ယဿ ကဿစိ ဥပါဒါနဿ ဝသေန၊ အမှတ်မထား လေးပါးသော ဥပါဒါန်ထဲက တစ်ပါးပါးဖြင့် တစ်ပါးပါး၏အစွမ်း အားဖြင့်။ အဲဒီ ဥပါဒါန်လေးပါး၊ သူ့ရှိတဲ့ဥပါဒါန်လေးပါးထဲက တစ်ပါးပါး၏အစွမ်းနဲ့ အလုပ်လုပ် တယ်တဲ့။ ဘာလုပ်၊ ယံကိဉ္စိ ဘဝံ ပတ္ထေတွာ၊ အမှတ်မထား တစ်ပါးပါးသော ဘဝတောင့်တ၍။ တောင့်တပြီးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ တောင့်တပြီး သူဘာလုပ်၊ ယံ ကိဉ္စိ ကမ္မံ ကရောတိယေဝ၊ သူလုပ်ချင်တဲ့ကံ လုပ်လိုက်တာပဲ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ ကာမုပါဒါန်စွဲလမ်းတဲ့ ပုဂ္ဂိုလ် ကျတော့ ထိုကာမဂုဏ် စောင့်ရှောက်ခြင်းအကျိုးငှာ ကာမဂုဏ်လိုလား နှစ်သက်တဲ့ အနေအားဖြင့် ဒါနမှု သီလမှုဆိုတဲ့ ကာမာဝစရကုသိုလ်ကံ ကောင်းမှုတွေ ကြိုးစားလိုက်တယ်။ မကြိုးစားဖူးလား (ကြိုးစားပါတယ်ဆရာ)၊ ကြိုးစားတယ်။

ဒိဋ္ဌုပါဒါန်စွဲလမ်းတဲ့ ပုဂ္ဂိုလ်ကြတော့ ဒီလိုလုပ်မှ ဒီလို ဟုတ်မယ်ဆိုတဲ့အနေအားဖြင့် ဒုစရိုက် ဒုရာဇီဝဆိုတဲ့ ပါဏာတိပါတ အစရှိသော မကောင်းမှုတွေလုပ်နေတယ်၊ မလုပ်ဖူးလား (လုပ်ဖူးပါတယ် ဆရာ)၊ သူကျတော့ ဘယ်သွား (အပါယ်လေးပါးသွားပါတယ်ဆရာ)၊ အပါယ်လေးပါးသွား၊ သီလဗ္ဗတုပါဒါန် အနေအားဖြင့်လည်း အစွဲအလမ်းက ထက်သန်ပြန်တော့ သူလည်း ဒီလိုပဲတဲ့။ သူလုပ်တဲ့ဥစ္စာတွေက အမှားအရမ်းချည်းပဲ ကုသိုလ်ကံ မဖြစ်နိုင်ဘူး၊ အကုသိုလ်ကံတွေဖြစ်နေ၊ သေတော့လည်း အပါယ်လေးပါး လားတာပဲတဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အတ္တဝါဒုပါဒါန် အနေအားဖြင့် ငါဟုတ်တယ် ငါ့ကိုယ်ဟုတ်တယ်၊ ပုဂ္ဂိုလ်သတ္တဝါဟုတ်တယ်၊ အသက်လိပ်ပြာ

http://www.dhammadownload.com



ဟုတ်တယ်လို့ စွဲထားတဲ့ အတ္တဒိဋ္ဌိသမားကြတော့ မိမိရတဲ့အတ္တကို စောင့်စည်းနေလိုတဲ့ အနေအားဖြင့်ငင်း၊ ကာမဂုဏ်ချမ်းသာကို စောင့်ရှောက်လိုတဲ့အနေအားဖြင့်ငင်း၊ ကာမဂုဏ်ကို တစ်ဆင့်တိုး၍ တစ်မျိုးချမ်းသာစွာ ခံစားလိုတဲ့ အနေအားဖြင့်ငင်း အတ္တရှေ့ရှုတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီအတ္တချမ်းသာမှ ဒီဘဝသေလို့ရှိရင် နောက်ဘဝ နတ်ဖြစ်ရင် ငါသိပ်ချမ်းသာမှာ၊ နတ်ထက် ပြဟ္မာများဖြစ်သွားရင် ပြောစရာ မရှိဘူး။ ငါ့ကိုယ်ချမ်းသာမှာပဲလို့ အတ္တဝါဒုပါဒါန်အစွဲအားဖြင့် အစွဲသန်တဲ့ ပုဂ္ဂိုလ်လည်းပဲ ကာမာဝစရကုသိုလ်တရားတွေ ဒါနမှု သီလမှု အစုစုသော ကုသိုလ်တရားတွေ ကြိုးစားအားထုတ် အလုပ်လုပ်တတ်တယ်တဲ့ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ သူက ပါဏာတိပါတ အစရှိတဲ့ ဒုစရိုက် ဒုရာဇီဝဆိုတဲ့ အကုသိုလ်တရားတွေ ရှောင်ရှားလို့ ကုသိုလ်တရား ပွားများတော့ သူလုပ်တာ ကုသိုလ်မဟုတ်လားကွာ (မှန်ပါတယ်ဆရာ)၊ သေတော့ ဘယ်သွား (လူ့ပြည် နတ်ပြည် သွားမှာပါဆရာ)၊ အေး . . . လူ့ပြည်နတ်ပြည်သွားမှာ နော် (မှန်ပါတယ်ဆရာ)၊ ကောင်းရာသုဂတိ ရောက်နိုင်တယ်တဲ့။

ဒါကြောင့် "ယဿ ကဿစိ ဥပါဒါနဿ ဝသေန၊ အမှတ်မထား တစ်ပါးပါးသော ဥပါဒါန်၏ အစွမ်းအားဖြင့်"။ ဥပါဒါန်လေးပါးထဲက သူကြိုက်ရာ သူစွဲလမ်းတာပဲတဲ့။ ယံကိဉ္စိ ဘဝံ၊ အမှတ်မထား တစ်ပါးပါးသော ဘဝကို။ ပတ္ထေတွာ၊ တောင့်တ၍။ သူကြိုက်တဲ့ ဘဝတစ်ခု သူတောင့်တပြီတဲ့၊ တောင့်တ ဘာလုပ်၊ တောင့်တနေတော့ ဖြစ်မှာမဟုတ်ဘူးကွ၊ ဒီဘဝရောက်အောင် တော့ဖြင့် ကုသိုလ်ကံ အကုသိုလ်ကံတရား ကြိုးစားမှုပဲ ဆိုပြီးတော့ "အာယူဟန"ခေါ်ထားတဲ့ ကံနှစ်ပါး နော် (မှန်ပါတယ်ဆရာ)၊ အပါယ်လေးပါးလားမယ့် အကောင်ကလည်း ဒုစရိုက် ဒုရာဇီဝတွေ သိပ်လုပ်တာပဲ၊ ကောင်းရာသုဂတိ လားမဲ့ပုဂ္ဂိုလ်ကြတော့လည်း ဒါန သီလဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ် အလုပ်လုပ်၊ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ ဒါကြောင့် ယံကိဉ္စိ ဘဝံ ပတ္ထေတွာ၊ အမှတ်မထား တစ်ပါးပါးသော ဘဝကို။ ပတ္ထေတွာ၊ တောင့်တ၍။ ယံကိဉ္စိ ကမ္မံ၊ အမှတ်အထား တစ်ပါးပါးသောကံကို။ ကရောတိယေဝ၊ ပြုထိုက်တော့သည်သာလျှင်တည်း။

အသင်းအဖွဲ့က ဝယ်ထားတဲ့ ကြိုးခွေတစ်ရာကျော်က ခုပဋ္ဌာနသမုပ္ပဒ်ပြဆဲမှာပဲ ကုန်နေ။ မကုန်ခင်က ကြိုပြီးတော့ ကြိုးခွေ ခုနစ်ဆယ့်နဲ့ငါးခွေ ထပ်ပြီးတော့ မှာတယ်။ လက်ထဲတော့ ပိုက်ဆံမရှိဘူး။ ကြိုးခွေ ခုနစ်ဆယ့်ငါးခွေ ထပ်မှာလိုက်တော့ ဟိုက အတွင်းဝန်ရုံးက အတွင်းဝန်မင်း ဦးဘဝင်း ကိုယ်တိုင်က စပြီး အလုပ်လုပ်ပေးလို့ အစိုးရထံက အင်ပို့လိုင်စင်ရတယ်၊ အမြန်ဆုံးပဲ ရပါတယ်။ ဒီလိုနေရာကြတော့ ဖဆပလ အစိုးရကို တော်တော်ကျေးဇူးတင်တယ်၊ တော်တော်ကောင်းတဲ့ အစိုးရ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုရတော့ အင်ပို့လိုင်စင်ထွက်လာတော့ ဟိုက ဘဏ်တိုက်ကို

http://www.dhammadownload.com



ငွေတစ်ထောင့်ရှစ်ရာ သွင်းရမယ်တဲ့ ကြေးနန်းလာတယ်၊ ကြေးနန်းလာတော့ သူတို့အသံသွင်းယူရေး အဖွဲ့ကလည်း လက်ခံယူစရာ ဘာမှမရှိဘူး။ အဲဒါက ကိုင်း-တတ်နိုင်တဲ့ပုဂ္ဂိုလ်များက ချက်ချင်း ရုတ်တရက် ဆောင်လေရှာလေ ဆောင်ပေတော့၊ ငွေတစ်ထောင်နဲ့ရှစ်ရာ ဘဏ်တိုက်ကို ဒီကနေ ကြေးနန်းနဲ့ ပို့လိုက်။ ဒါကတော့ ဆောင်ပြီးသွားပြီ။ ကြိုးခွေက မကြာမီ ရောက်တော့မယ်တဲ့။ အဲဒါ ယခုစုဆောင်းထားတဲ့ တစ်ထောင့်ရှစ်ရာရယ်, ကြိုးခွေး ခုနစ်ဆယ့်ငါးခွေ ရောက်လာတော့ ကျသင့်တဲ့ တန်ဖိုးရယ် ရွေးစရာက တစ်ပြားမှ မရှိဘူး၊ ကြွားတယ်လို့လည်း မအောက်မေ့နဲ့။

အဲဒါကြောင့် အသံသွင်းယူရေးအဖွဲ့က ကိစ္စကလည်း နီးနေပြီတဲ့၊ လာတော့မယ်၊ ရောက် တော့မယ် နီးနေပြီတဲ့။ ဒါကြောင့် ရောက်လာရင် အခန့်သင့်၊ ဒီလည်းလိုတဲ့အပိုင်းကနေ ဆက်ပြီး ဖမ်းသွားရအောင်၊ သင်တန်းသူ သင်တန်းသားများ သဒ္ဓါတရားတိုးပွားစိမ့်သောငှာ ထိုကြိုးခွေတည်း ဟူသော ဓမ္မဒါနကြီး တတ်အားသမျှ နည်းများမဆိုပေ့ါ။ "ဝန်နဲ့အား မြှားနဲ့လေး"တဲ့။ မနိုင်တဲ့ဝန် လည်း မထမ်းခိုင်းပါဘူး။ ကိုယ်တတ်အားသမျှလေးတွေ တစ်ခွေစာ တတ်နိုင်တဲ့ပုဂ္ဂိုလ်က တစ်ခွေစာ၊ တစ်ခွေမတတ်နိုင်တော့ တစ်ဝက်ဆိုလည်းတစ်ဝက်၊ လေးစိတ် တစ်စိတ်ဆိုလည်း တစ်စိတ်၊ တစ်စိတ်မှ မတတ်နိုင်ဘူးဆိုရင်လဲပဲ တစ်ကျပ်တစ်ပြား၊ တစ်ကျပ်တစ်ပြားမှ မတတ်နိုင်ဘူး ထားလို့ရတယ်၊ ယူလို့တယ် မတော်ဘူးထင်တယ် နော် (မှန်ပါတယ်ဆရာ)၊ မင်းတို့ ငါးပြားတွေ ဘာတွေပါလာ နော်။ အဲဒါ တတ်အားသမျှ ကုသိုလ်ပါဝင်ကြပ့ါမယ့်အကြောင်း သဒ္ဓါတရားတိုးပွားအောင် ဓမ္မဒါနမြတ်တဲ့ အဓိပ္ပါယတ္ထ ဟောပြောတိုက်တွန်းပေးပါအုံးတဲ့ လာပြန်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ တို့လည်းပဲ အလှည့်ကျ မရှောင်သာတော့ ထိုက်သည့်အားလျော်စွာ တကယ့်တန်ဖိုးရှိတဲ့ ကုသိုလ် တရားကြီးကလည်း ဖြစ်နေတော့ ကိုယ်ကိုယ်တိုင် ဟောပြောနေတာပဲ။ ဟောရ ပြောရတာပဲ အင်မတန် တန်ဖိုးရှိတဲ့ အကျိုးတွေ ရတယ်လို့ မိမိစိတ်ထဲလည်း အောက်မေ့။

ဒါပေမယ့် တို့သင်တန်းသားအဟောင်းများကတော့ ဓမ္မဒါနနှင့်ပတ်သက်ပြီးတော့ အရင် အသံဖမ်းစက်ဝယ်စဉ်အခါတုန်းက တို့များ သက္ကပဥ္စသုတ် တစ်ခါထုတ်ဟောတယ်။ နာဖူး ကြားဖူး ဖြစ်ကြတယ်။ ဒါပေမယ့် ခုတစ်ပတ်မှ လိုက်လာတဲ့ လူတွေများအဖို့ကတော့ ၎င်းသက္ကပဥ္စသုတ် နာဖူးဟန်လည်း မတူလို့ ဒီတော့ မနာဘူးတာလည်း နာဖူးရအောင်ပေ့ါ။ မိမိတို့ အခု စေတနာလေးတွေ ထက်သန်စွာနဲ့ နည်းများမဆို ထည့်ဝင်လှူဒါန်းမဲ့ ကုသိုလ်ရဲ့တန်းကလည်း ဘယ်တန်းလဲလို့ ဒါလေးတွေ ပြတ်သားခြားနားမှ နော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ဆိုတဲ့တရားက လုပ်ကောင်းတာချည်းပဲလို့ ကုသိုလ်ဆိုရင် ဘယ်ကုသိုလ်မဆို ကြိုးစားကောင်းတယ်၊ ကြိုးစားကောင်းတယ် ဆိုပေမယ့် အဲဒီ

http://www.dhammadownload.com



ကြီးစားကောင်းတဲ့, အားထုတ်ကောင်းတဲ့ ကုသိုလ်ထဲမှာကို တစ်ဆင့်ထက်တစ်ဆင့် မြင့်သတဲ့မြင့် မြတ်သတဲ့မြတ် ဒီလို ရှာလုပ်ရတာမို့ ပိုတန်ဖိုးမရှိလားကွယ် (ရှိပါတယ်ဆရာ)။

## သက္ကပဉှသုတ် သိကောင်းစရာ

အေး-အဲဒါလည်း ဒုက္ခ နော်။ အဲဒါ အာစရိယပူဇော်ပွဲတဲ့။ အာစရိယပူဇော်ပွဲက သွင်းတဲ့ အငြိမ့်တဲ့။ ဒေသေ ဒေသေ န ပညဝ်၊ ဝနေ ဝနေ န စန္ဒနံ။ ဒေသေ ဒေသေ၊ အရပ်တိုင်း အရပ်တိုင်း။ န ပညဝ်၊ ပညာရှိ မရှိကောင်း မရှိနိုင်တဲ့။ ဝနေ ဝနေ၊ တောတိုင်း တောတိုင်း။ န စန္ဒနံ၊ စန္ဒကူးမရှိနိုင်။ မြဲမြဲမှတ်၊ အလုပ်တစ်ခုက ဘာဖြစ်ဖြစ် သန့်ရှင်းရင် ပိုကောင်း၊ သက္ကပဉှသုတ်ဆိုတာ တခြား မဟုတ်ပါဘူး။ သိကြားမင်းအမေး၊ ဘုရားအဖြေ၊ သိကြားမင်းက မေးကာ၊ ဘုရားကိုယ်တော်မြတ်က ဖြေလို့ ဒီသုတ်ကို “သက္ကပဉှသုတ်”ဟု ခေါ်၊ အဲဒီ သက္ကပဉှသုတ် ကနေ့ထုတ်ဖော်ပြီးတော့ နည်းနည်းပါးပါး ကျကျနန ဟောပေးပါ့မယ်။ မိမိတို့ သဒ္ဓါတရားလည်း တိုးပွားလာစေရပါ့မယ်။ စောစောကပြောသလို ကုသိုလ်ကောင်းမှု အစုစုပြုတဲ့ နေရာလည်းပဲ မြင့်သထက်မြင့် မြတ်သထက်မြတ် အမြတ်တကာ အမြတ်ဆုံးဆိုတာ သူသူငါငါ လိုချင်ကြတယ်။ မရှိရင်သာ နေကြ၊ မရရင်သာ နေကြ၊ ကောင်းသထက် ကောင်းတာ လိုချင်တယ်၊ ကောင်းသထက် ကောင်းတာ ကြိုက်တယ်၊ မြတ်သထက် မြတ်တာ ကြိုက်တယ်လို့။

## ဒါနနှစ်မျိုး

ဒါကြောင့် အကောင်းဆုံး အမွန်ဆုံး အမြတ်ဆုံးဆိုတဲ့ ကုသိုလ်တရားကြီးကို ညွှန်ကြားပေးပါ့မယ်။ သမာဓိလည်း ကောင်းကောင်းထား၊ သေချာလည်း မှတ်သားကြ။ တို့လူတွေ နေ့နှင့်အမျှ ကုသိုလ်ကောင်းမှု ကြိုးစားအားထုတ် အလုပ်လုပ် အယုတ်ဆုံးပြောကြစို့ - ဒါနကုသိုလ်တဲ့, သီလကုသိုလ်တဲ့, သမထကုသိုလ်ကတော့ အပြုနည်းလို့ ထားပါတော့၊ ဒါနကုသိုလ်နဲ့သီလကုသိုလ် အလုပ်လုပ်ပြီးနေကြတော့ တစ်ခါလာပြန်တယ်။ ဒါနနဲ့သီလ ဘယ်သူက အပြုများလည်းဆို ဒါနက အပြုများတယ်။ ဒါနကုသိုလ်က ပိုများတယ်။ အဲဒါ ဒါနလည်းပဲ ဘယ်နှစ်မျိုး ဘယ်နှစ်စားလာသလဲဆိုတော့ ဘုရားသာသနာကြီး ချီးမြှောက်ထောက်ပံ့တဲ့နေရာမှာ ပစ္စည်းအားဖြင့် ချီးမြှောက်ချင်းဆိုတဲ့ ပစ္စယာနုဂ္ဂဟ၊ တရားအားဖြင့် ချီးမြှောက်ခြင်းဆိုတဲ့ ဓမ္မာနုဂ္ဂဟ၊ ပစ္စည်းအားဖြင့် ချီးမြှောက်လှူဒါန်းပေးကမ်းတော့ ပစ္စယဒါန၊ တရားအားဖြင့် ပေးကမ်းလှူဒါန်းတော့ ဓမ္မဒါန၊ ပစ္စယဒါန ဓမ္မဒါန ဒါနနှစ်မျိုးကွဲလာတယ်။

http://www.dhammadownload.com



ပစ္စယဒါန-ပစ္စည်းလေးပါးဖြင့် လှူဒါန်းခြင်း၊ ဓမ္မဒါန-တရား ဖြင့် လှူဒါန်းခြင်း။ ပစ္စယဒါန တစ်မျိုး ဓမ္မဒါနတစ်မျိုး မှတ်ထား နော် သေသေချာချာ။

မနာသေးဘူးတဲ့ပုဂ္ဂိုလ်များ တို့လည်းပဲ ဒါနကုသိုလ် အမြဲတစေ ပြုနေပါပဲ၊ တို့တော့ ဒီတစ်မျိုး တည်းသိတော့ ဒီတစ်မျိုးတည်း ကြိုးစားရတာပဲ။ ဆွမ်း သင်္ကန်း ကျောင်း ဆေး လေးပါးသော ပစ္စည်းနဲ့ သာသနာတော်ကြီး ချီးမြှင့်ထောက်ပံ့ လှူဒါန်း ပေးကမ်း စွန့်ကြ ဒီဓမ္မဒါန မသိ၊ ဒီပစ္စယဒါနပဲ သိ။ ဓမ္မဒါနတော့ နားမလည်ရှာဘူး။ ဒီတော့ ဓမ္မဒါန ပိုပြီးတော့ မွန်မြတ်တယ်ဆိုတဲ့ အဓိပ္ပါယ်လည်း နားမလည်ဘူး။ နားမလည်တော့ ကိုယ်လုပ်နေကြအတိုင်းပဲ ကြိုးစားပမ်းစားလုပ်။ အဲဒါ ဓမ္မဒါန၊ ဒီတော့ ဒီပစ္စယဒါန ဓမ္မဒါန နှစ်မျိုးနှစ်စားရှိတဲ့အနက်က ပစ္စယဒါနက ဘာလဲဆိုရင် ဆွမ်းတဲ့၊ သင်္ကန်းတဲ့၊ ကျောင်းတဲ့၊ ဆေးတဲ့ ပစ္စည်းလေးပါး ဒါအခြေခံပေါ့လေ။ နောက်ပိုင်းကြတော့ လေးပါးထဲ မကပါဘူး။ ပစ္စည်းလေးပါးမကတော့ပါဘူး၊ ခုတော့ အများကြီးဖြစ်။ ကိုယ်လှူချင်ရာလှူ၊ ကိုယ်တမ်း ချင်ရာတမ်းပေါ့။ ပစ္စည်းထဲ သက်ဝင်လာရင် ဒါပစ္စယဒါန ခေါ်တယ်။ ဒီတော့ ဆွမ်း သင်္ကန်း ကျောင်း ဆေး လေးပါးသော ပစ္စည်းဖြင့် ချီးမြှင့်လှူဒါန်း ထောက်ပံ့ခြင်းသည် ပစ္စယဒါန။

ဓမ္မဒါနက ဘာတုံး၊ ဓမ္မဒါနက ရှင်ပြုတာတို့ ရဟန်းခံတာတို့ သူတစ်ပါးအသက် ကယ်ဆယ်တာ တို့ နော် (မှန်ပါတယ်ဆရာ)၊ သူတစ်ပါးအသက် ကယ်ဆယ်တာတို့ ပြီးတော့ စာပေကျမ်းဂန် လှူဒါန်း တာတို့ စာပေကျမ်းဂန် ရေးသားမှတ်သားထားလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော် ဓမ္မဒါန သေသေချာချာ။ သူတစ်ပါးအသက် ကယ်ဆယ်တာတို့ ရှင်ပြုတာတို့ ရဟန်းခံတာတို့ သာသနာကို တိုက်ရိုက်အားဖြင့် ဓမ္မအနေအားဖြင့် သွတ်သွင်းချီးမြှင့် ပေးတယ်ခေါ်တယ်။ ပြီးတော့ စာပေကျမ်းဂန် လှူဒါန်းတာတို့ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ကောတဲ့ - တရားဟောတာတဲ့၊ စာပေပို့ချတာတဲ့၊ တရားနာတာတဲ့၊ ဒါနဲ့ တို့သက္ကပဥ္စသုတ်ပြထားတော့ သုံးမျိုးတည်း ထုတ်ပြသွား ပါတယ်။ "ဓမ္မံ ဒေသေန္တဿ ဝါ သုဏန္တဿ ဝါ ဝါစေန္တဿ ဝါ။ ဓမ္မံ တရားတော်မြတ်ကို။ ဒေသေန္တဿ ဝါ၊ ဟောကြားခြင်းသည်၎င်း။ သုဏန္တဿ ဝါ၊ နာကြားခြင်းသည်၎င်း။ ဝါစေန္တဿ ဝါ၊ ပို့ချသင်ကြားခြင်း သည်၎င်း။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘယ်သူဘယ်သူ (တရားဟောတာရယ်၊ နာကြားတာ ရယ်၊ စာပေပို့ချတာရယ်) အေး-ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီသုံးမျိုး တစ်မျိုးမျိုး လုပ်ရင် ဘာတဲ့ (ဓမ္မဒါနဖြစ်ပါတယ်ဆရာ)၊ အော်-ဓမ္မဒါန မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဓမ္မဒါန ဘယ်သူဘယ်သူကွ (တရားဟောတာရယ်၊ နာကြားတာရယ်၊ စာပေပရိယတ္တိပို့ချတာရယ်) အေး- ဟုတ်ပြီ။ ဒါဘာတွေတုံး (ဓမ္မဒါနတွေပါဆရာ)၊ တရားဟောရင်လည်း ဓမ္မဒါန နော် (မှန်ပါတယ်ဆရာ)

http://www.dhammadownload.com



တရားနာရင်လည်း ဓမ္မဒါန ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စာပေပို့ချသင်ကြားပေးရင်လည်း ဓမ္မဒါန အဲဒါ ဓမ္မဒါန သေချာမှတ်ထား။ ဒီတော့ တို့လူစုတွေက "တစ်နှစ်ကုန် တစ်နှစ်ဆန်း" ဆိုသလိုပဲ ဒီသင်တန်းကြီးကို ကြိုးပမ်းတကုတ် အားထုတ်ပြီးတော့ ဟောတဲ့လူကဟော၊ နာတဲ့လူက နာပေါ့ကွ၊ သင်ပေးတဲ့လူက သင်ပေး၊ လိုက်တဲ့လူက လိုက်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊

တစ်နည်းအားဖြင့် တို့လုပ်ငန်းဟာ ပရိယတ္တိသာသနာကြီး စာချနေတာနဲ့လည်း တူတယ် နော် (မှန်ပါတယ်ဆရာ)၊ တို့များက တတ်သမျှ မှတ်သမျှ ချပို့သင်ကြားပေး။ တို့သင်တန်းသူ သင်တန်းသားတွေက လိုက်နာကြ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါလည်း စာသင်စာချ မဟုတ်လားကွ (မှန်ပါတယ်ဆရာ)၊ တစ်စိတ်တစ်ဒေသပေါ့၊ တစ်နည်းအားဖြင့်လည်းပဲ တို့များက တတ်သမျှ မှတ်သမျှ ဟောပြောပေး။ သင်တန်းသူ သင်တန်းသားက နာယူကြ။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "ဓမ္မံ ဒေသေန္တဿ ဝါ" တို့က ဟောလည်း ဟောတယ်၊ ချလည်း ချတယ် ဆိုပါတော့ "ဓမ္မံ ဒေသေန္တဿ ဝါ" ကိုက်ကဲ့လား (ကိုက်ပါတယ်ဆရာ)၊ သုဏန္တဿ ဝါ၊ သင်တန်းသားတွေနှင့် ကိုက်ရဲ့လား (ကိုက်ပါတယ်ဆရာ)၊ ဝါစေန္တဿ ဝါ၊ ပို့ချတာကော ကိုက်ရဲ့လား (ကိုက်ပါတယ်ဆရာ)၊ အေး- ပို့ချတာကြတော့ တို့က တစ်စိတ်တစ်ဒေသလေးပါ။

အခု ထင်ရှားရှိတော်မူကြတဲ့ ဆရာတော် သမားတော်ကြီးတွေ, သမ္မုတိသံဃာတော် အရှင်မြတ်တွေ နေ့နဲ့အမျှ ပရိယတ္တိသာသနာကြီး ပို့ချသင်ကြား ကြိုးစားပမ်းစားနဲ့ အားထုတ်အလုပ် လုပ်နေကြတယ်လို့ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ အဲဒီထဲ တို့သင်တန်းကြီးကလည်း တစ်စိတ်တစ်ဒေသ အားဖြင့် ပါသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ပရိယတ္တိသာသနာကြီး မဆုပ်မနစ်အောင် မပျောက် မပျက်အောင်၊တစ်လက်မှ တစ်လက် လက်ချင်း ဆက်ဆက် ဆက်ဆက်၊ကမ်းကမ်း ကမ်းကမ်းပြီးတော့ သယ်ယူပို့ဆောင်လာကြလို့ ဒီသာသနာ နှစ်ထောင်နဲ့ငါးရာ ဒီဘက်ရောက်လာပေါ့။ တစ်လုံးတစ်ပါဒမှ မပျောက်မပျက်အောင် စောင့်ရှောက်လာတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ပရိယတ္တိ သာသနာကြီး ပို့ချ သင်ကြားတာပဲလို့။ ဒါဖြင့်ရင် "ဓမ္မံ ဒေသေန္တဿဝါ သုဏန္တဿ ဝါ ဝါစေန္တဿ ဝါ"လို့ သုံးမျိုးသုံးစား ဟောထား၊ တရားဟောတဲ့ပုဂ္ဂိုလ်တဲ့၊ တရားနာတဲ့ပုဂ္ဂိုလ်တဲ့၊ ဒီတရားတွေ သင်ကြားပို့ချပေးနေတဲ့ပုဂ္ဂိုလ်တဲ့ နော် (မှန်ပါတယ်ဆရာ)။

ဒီပုဂ္ဂိုလ်တွေ ဘာတွေလုပ်သလဲဆို ဓမ္မဒါနတွေ လုပ်နေတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ပစ္စယဒါနကတော့ ဘာတဲ့၊ ဘာတွေ လှူတာ တမ်းတာ (ဆွမ်း သင်္ကန်း ကျောင်း

http://www.dhammadownload.com



တစ်ပါးမေ့နေတယ်)၊ ဆေး ဆေး (ဆေးပါဆရာ)၊ အောင်မယ် ရီသေး၊ ဆွမ်း သက်န်း ကျောင်း ဆေးပေ့ါ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာတဲ့ (ဆွမ်း သက်န်း ကျောင်း ဆေး)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဆွမ်း သက်န်း ကျောင်း ဆေး လေးပါးသော ပစ္စည်းကိုကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါတွေနဲ့ သာသနာကြီး ချီးမြှင့်ထောက်ပံ့ လှူဒါန်းနေထားတော့ ဘာဒါနခေါ်တယ် (ပစ္စယဒါန ပါတယ်ဆရာ)၊ အေး-ပစ္စည်းနဲ့၊ ပစ္စည်းလေးပါးနဲ့ လှူဒါန်းတယ်နော် (မှန်ပါတယ်ဆရာ)၊ တရားဟောတာရယ်, တရားနာတာရယ်, စာပေပရိယတ္တိပို့ချ သင်ကြားတာရယ် ဒါကြတော့ ဘာခေါ်တယ် (ဓမ္မဒါနပါဆရာ)၊ ဟော ဓမ္မဒါန မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မှတ်ထားကြနော်၊ လုပ်ပုံလုပ်နည်းလေးလည်း တစ်စတစ်စနဲ့ တတ်လာအောင်၊ တစ်စတစ်စတတ်လာတော့ လုပ်လည်းလုပ်တတ်၊ မြတ်လည်း မြတ်၊ ပိုပြီးအမြတ်ထွက်တယ် ဆိုတာ ကြပ်ကြပ်လည်း စဉ်းစား။

အဲဒါ ပစ္စယဒါနနဲ့ ဓမ္မဒါန နှစ်မျိုးနှစ်စားရှိတဲ့အနက်က ဘယ်ဒင်းက မြတ်သလဲလို့ မေးလို့ရှိရင် ဓမ္မဒါနက မြတ်တယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘယ်သူက မြတ်တယ် (ဓမ္မဒါနက မြတ်ပါတယ်ဆရာ)၊ ဓမ္မဒါနက မြတ်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ "ကာယိကဒါနံ ကလံ နဂ္ဃတိ သောဠသိ" အဋ္ဌကထာဆရာ ဖွင့်ထားတယ်။ စောစောကပြောတဲ့ ပစ္စယဒါနဘယ်လောက်ကြီးကျယ်ခမ်းနားတဲ့ ပစ္စယဒါန အလှူကြီးလုပ်တဲ့ အဲဒီ အလှူကြီးဟာ တစ်ပုဒ် တစ်ဂါထာဆိုတဲ့ ဂါထာလေးဟောပြောပေးတဲ့ ဓမ္မဒါနနဲ့ စာမယ်ဆိုရင် တစ်ဆယ့်ခြောက်စိတ်စိတ် တစ်စိတ်စာလောက်ရှိတယ်တဲ့။ တန်းချင်းမကွာဘူးလားကွာ (ကွာပါတယ်ဆရာ)၊ အဲဒီဒါနခန်းကို တို့လူများ ရှေ့ဦးမဆွက ဘယ်လောက်မွန်မြတ်တဲ့ ဓမ္မဒါနလည်းဆိုတဲ့ အဓိပ္ပါယတ္ထလေးသိရုံမျှ ပလ္လင်ခံရပြီးတော့မှ ထုံးဝတ္ထုသက်သေသာဓက ထုတ်ကြစို့။

## အောင်ခြင်းတရားလေးပါး ဆိုတာ

မြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတယ်။ ပါဠိတော် -

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**

**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**

**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**

**တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

http://www.dhammadownload.com



လို့ အောင်ခြင်းတရားလေးပါး ဘုရားကိုယ်တော်မြတ် ဟောသွားတယ်။ ဘယ်မှာ အကြောင်းပြုဟော သလဲလို့ မေးစရာရှိ။ ဇေတဝန်ကျောင်းတော်၊ ဘယ်သူကို အကြောင်းပြုဟောသလဲလို့ သိကြားမင်းနှင့် တကွ စကြဝဠာတိုက်တစ်သောင်းအတွင်းက နတ်ဗြဟ္မာအပေါင်းတွေ စုပေါင်းပြီးတော့ မေးခွန်းထုတ်၊ ဒါကို အကြောင်းပြု ဟောတယ် နော် (မှန်ပါတယ်ဆရာ)၊ သိကြာမင်းအမှူးရှိသော စကြဝဠာတိုက် တစ် သောင်းက နတ်အပေါင်းတွေ ဘာကြောင့် ဒီမေးခွန်းလာမေးသလဲလို့ မေးပုံမေးနည်းလေး ပြောရ အုံးမယ်။ တို့ တာဝတိံသာနတ်ပြည်မှာ အားလုံးနတ်တွေ စုပေါင်းပြီးတော့ အစည်းဝေးခေါ်ပြီး ပုစ္ဆာ လေးချက်ထုတ်တယ်။ နတ်တွေ နတ်တွေ၊ ဘယ်လိုထုတ်သလဲဆိုတော့ ဒါနထဲမှာ ဘယ်ဒါန အမြတ်ဆုံး လဲတဲ့ နံပါတ်တစ် နော် (မှန်ပါတယ်ဆရာ)၊ အရသာထဲ ဘယ်အရသာ အမြတ်ဆုံးလဲ နံပါတ်နှစ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မွေ့လျော်စရာထဲမှာ ဘယ်မွေ့လျော်စရာဟာ အမြတ်ဆုံးလဲ နံပါတ် သုံး၊ တဏှာကုန်ခမ်းတယ်ဆိုတာ ခပ်သိမ်းသောဒုက္ခကို လွန်မြောက်တယ်ဆိုတာ ဘယ်သဘောလဲ နံပါတ်လေး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ပုစ္ဆာလေးချက်ထုတ်ပြီးတော့ တာဝတိံသာနတ် မြို့ရှိသမျှ နတ်တွေ အစည်းအဝေးလုပ်၊ ပုစ္ဆာလေးချက်ထုတ်ပြီးတော့ မေးကြတယ်၊ နှီးနှောကြတယ်၊ တစ်ယောက်မေးလည်း မသိပါဘူး။ နတ်တစ်ယောက်မေးလည်း မသိပါဘူး။ နတ်တွေကို သူ့ငါမေး ငါ့သူမေးနဲ့ မေးလိုက်ကြတာ ဒီပုစ္ဆာလေးချက် အလိုလိုအားဖြင့် ရှတ်တရက်ပေါ် ထွက်လာလို့ အမေး ပြဿနာအနေအားဖြင့် ဖြစ်ပေါ်လာတော့ သူသူငါငါ နတ်တကာတွေ အချင်းချင်း မေးတယ်၊ ဆွေး နွေးတယ်၊ ဖြေနိုင်သူတစ်ယောက်မှ မရှိတဲ့ နော် (မှန်ပါတယ်ဆရာ)။

အဲသလိုပဲ စုရုံးစုရုံး အုတ်ကျွက် အုတ်ကျွက် ညံစီညံစီနဲ့ ဒီပုစ္ဆာလေးချက် အဖြေထွက်မလားလို့ အငြင်းပွားနေလိုက်ကြတာ ဘယ်လောက်ကြာလဲလို့ဆို တစ်ဆယ့်နှစ်နှစ် ကြာတယ်။ မှတ်ထားကြ နော်၊ ဆီလျော်တဲ့အခန်းမို့လို့ ထည့်သွင်းပြီးတော့ ဟောပေးတာ တို့ဝိပဿနာသင်တန်းကလည်း မဂ်ရ ကြောင်း ဖိုလ်ရကြောင်းဆိုတဲ့ ဝိဇ္ဇာသနာ ရုပ်နာမ်ဓမ္မတွေချည်းပဲ စမူတည်ကကည်းက ပြလာတာ၊ သုတ္တန် ဝတ္ထုဆိုတာ အင်မတန်ပါခဲတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါသူ့အခန်းနဲ့သူ ဆီလျော်လို့ ထည့်သွင်းပြီး ဟောပေးလို့ တို့တွေ နာကြားရတယ်လို့ စိတ်ကလည်း အောက်မေ့၊ ငိုက်လည်း မနေကြနဲ့ သေချာလည်း မှတ်ထား။ ဒီကော့ ကျွက်စီကျွက်စီနဲ့ အား၀ ... နတ်အပေါင်းတွေမှာ ဒီပုစ္ဆာ လေးချက် ပေါ်ထွက်တဲ့ နေ့ကစပြီးတော့ အငြင်းပွားကြတယ်၊ အငြင်းပွားသာ ပွားတယ်၊ အဖြေ မထွက်လာဘူး။ ဒီလို အငြင်းပွားနေလိုက်တာ ဘယ်လောက်ကြာသလဲဆို တစ်ဆယ့်နှစ်နှစ် ကြာ တယ်နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



အဲဒါ တို့ဘုရားလက်ထက်တော်က တရားတွေထဲမှာ ကောလာဟလနဲ့လာတဲ့ ကောလာဟလ တရားကတော့ ဘယ်လောက်ရှိသလဲဆိုလို့ရှိရင်ဖြင့် ဘုရားပွင့်တော်မူတဲ့အခါကြ မောနေယျအကျင့် ကျင့်တဲ့ပုဂ္ဂိုလ် တစ်ပါးပါး ပါတတ်တယ်။ ဘုရားပွင့်တော့ ဘုရားတစ်ဆူပွင့်ပြီဆို မောနေယျပုဂ္ဂိုလ် တစ်ပါးပါတယ်။ အဲဒီ မောနေယျပုဂ္ဂိုလ်အကျင့်ကျင့်တဲ့ ပုဂ္ဂိုလ်တစ်ပါး ပါပြီးလား ဆိုမှဖြင့် ဒီပုဂ္ဂိုလ် မပေါ်မီက ကောလာဟလ ကြွေးကြော်မှု ရှိတယ်တဲ့။ ခုနစ်နှစ်က ကြိုတင်ပြီး ကြွေးကြော်တယ်။ မောနေယျ ပေါ်လိမ့်မယ် မောနေယျ ပေါ်လိမ့်မယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါ ကောလဟာလ ခေါ်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကျယ်ကျယ်ပြော၊ ပြီးတော့ ခုနစ်နှစ်ရှိမှ ကြွေး ကြော်လို့ ခုနစ်နှစ်ရှိမှ မောနေယျပုဂ္ဂိုလ် ပေါ်တယ်တဲ့၊ ဒါ ကောလာဟလတဲ့ ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)၊

တို့ သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာတရားတော်ကြီး ပေါ်မယ်ကြံတော့ ဘယ်နှစ်နှစ်က စပြီးတော့ ကြွေးကြော်နေသလဲဆို မင်္ဂလာတရားတော် ပေါ်လိမ့်မယ်၊ မင်္ဂလာတရားတော် ပေါ်လိမ့်မယ်။ မင်္ဂလာဆိုတာ ဘယ်ဒင်းခေါ်တယ်၊ ဟာ ဘယ်ဒင်းခေါ်တာပဲနဲ့ အငြင်းတွေ ပွားများပြီး စကားတွေ များနေတာ ဘယ်နှစ်နှစ်၊ ဘယ်နှစ်နှစ် ကြာဖူးသလဲ (ခုနစ်နှစ်ကပါဆရာ)၊ ဟော - မြင်လား၊ ဟော ဒီကောင် မင်္ဂလသုတ်တောင် မသင်ဖူးဘူး။ "ဒွါဒသဟိ စိန္တယိံသု" ဘယ်နှစ်နှစ်တဲ့ (ဆယ်သုံးနှစ်ပါဆရာ)၊ အေး-ဟုတ်ပြီ ဟုတ်ပြီ ဟုတ်ပြီဟေ့၊ ဟုတ်ပြီ တစ်နှစ်က တိုင်းပျက်ပြည်ပျက်တွေ့လို့ တစ်နှစ်တိုးရတယ် ထင်တယ်၊ တစ်ဆယ့်နှစ်နှစ်နော် (မှန်ပါတယ်ဆရာ)၊ မင်္ဂလာတရားတော်ကြီး မပေါ်ခင် တစ်ဆယ့် နှစ်နှစ်ကျော်က ကောလာဟလဖြစ်တယ်တဲ့ အငြင်းစကားတွေ ပွားကြတယ် နားလည်လား (နားလည် ပါတယ်ဆရာ)၊ ကောလာဟလ ကောလာဟလ၊ လောကကြီး စကြာမင်းများ စကြာ ရတနာရတဲ့ စကြာမင်းများ ပေါ်မယ့်ကြံတော့ မပေါ်ခင် အနှစ်တစ်ရာကနေ ကြွေးကြော်တယ်နော် (မှန်ပါ တယ်ဆရာ)၊ စကြာမင်းပေါ်လိမ့်မယ်၊ စကြာမင်းပေါ်လိမ့်မယ်၊ ဟာဘယ်ဒင်း စကြာမင်း ခေါ်တာဟာ မဟုတ်ပါဘူး။ ဟိုဒင်းမှခေါ်တာ၊ ဒီဒင်းမှ ခေါ်တာနဲ့ အငြင်းတွေပွားလို့ ရှုတ်ယှက်ခတ်လို့။ နှစ်ပေါင်း တစ်ရာလောက်ကနေပြီး ကြွေးကြော်တယ်တဲ့။ ကောလာဟလဖြစ်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)။ ဒါကောလာဟလ ကောလာဟလတွေ မှတ်ထားနော်သေသေချာချာ။ လောကကြီး လောကသုံးပါးမှာ တကယ့်ဘုရားအစစ် ပွင့်တော်မူမဲ့ကြံတော့ မပွင့်ခင် နှစ်ပေါင်းတစ်ထောင်ကနေ ကြွေးကြော်တယ်။ လောကကြီး ဘုရားပွင့်မလို့တဲ့၊ လောကကြီး ဘုရားဖြစ်မလို့တဲ့၊ ဘုရားပေါ်တော့မယ်တဲ့၊ ဘုရား ပွင့်တော့မယ်တဲ့။ ဟာ ဘုရားပွင့်လာရင် ဘယ်လိုဟာမှ ဘုရား၊ ညာလိုဟာမှ ဘုရားနဲ့ အမျိုးမျိုး

http://www.dhammadownload.com



အဖုံ့ဖုံ့အားဖြင့် အငြင်းအခုံတွေ ဖြစ်ကြတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘယ်နှစ်နှစ်ကစ ကြွေးကြော်တုံး (အနှစ်တစ်ထောင်ကပါဆရာ)၊ အေး-အနှစ်တစ်ထောင်က မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ကမ္ဘာကြီး မီးလောင်ပြီးတော့ ပျက်စီးတော့မယ်လို့ဆိုတော့ မပျက်စီးခင် ဘယ်အချိန်ကစ ကြွေးကြော်သလဲ ဆိုတော့ နှစ်ပေါင်းတစ်သိန်းကနေ ကြွေးကြော်တယ်၊ ကမ္ဘာကြီး ပျက်တော့မယ်၊ ကမ္ဘာကြီး ပျက်တော့ မယ်၊ ဒီလိုမျက်နှာပြူးလို့ ကြောက်လိုက်တာလို့ နှစ်ပေါင်းတစ်သိန်းလိုနေသေးတယ်နော် (မှန်ပါတယ်ဆရာ)၊ နှစ်ပေါင်းတစ်သိန်းတိုင် ကမ္ဘာကြီး ပျက်တော့မယ်၊ ကမ္ဘာကြီး ပျက်တော့မယ်၊ ကမ္ဘာပျက်တော့ မပျက်ခင် နှစ်ပေါင်းတစ်သိန်းက ကောလဟာလဖြစ်တယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘုရားပွင့်မယ်ကြဲတော့ မပွင့်ခင် နှစ်ပေါင်းတစ်ထောင်က ကောလဟာလဖြစ်တယ်တဲ့။

လောကကြီးထဲ စကြာဝတေးမန္တာတ်ပေါ်မယ်ကြဲတော့ မပေါ်ခင် နှစ်ပေါင်းတစ်ရာက ကောလဟာလဖြစ်တယ်တဲ့။ ဘုရားပွင့်တော်မူတဲ့အခါတိုင်း အခါတိုင်း မောနေယျတစ်ပါး တစ်ပါးပါတော့ ဒီမောနေယျ အကျင့်ကျင့်တဲ့ပုဂ္ဂိုလ် မပေါ်ခင် ခုနစ်နှစ်က ကြွေးကြော် ကောလာဟလဖြစ်တယ်။ မင်္ဂလာ တရားတော်ကြီး တစ်ဆယ့်နှစ်နှစ်ကနေပြီးတော့ ကြွေးကြော်ခြင်းဖြစ်တယ်လို့ ကောလာဟလနော်။

ဒါကြောင့် တို့ငယ်စဉ်က စာချရင်း ဒီအခန်းတွေ့တော့ လက်တန်းအားဖြင့် သီကုံးသွားလို့ (ပြည်) ဆရာတော်ဘုရား ရေးသွားတဲ့ လင်္ကာလေး ယခုတစ်ပိုင်းတစ်စရှိတော့ "မောနေယျသတ္တနှင့် ဒွါဒသမင်္ဂလာ စကြာမှာတစ်ရာထားလို့ ဘုရားမှာ တစ်ထောင်ကိန်းသာပ သိန်းနှစ်ကမ္ဘာ"။ "မောနေယျ သတ္တနှင့် ဒွါဒသမင်္ဂလာ"လို့ မောနေယျ ခုနစ်နှစ်၊ "ဒွါဒသမင်္ဂလာ"တဲ့ -မင်္ဂလာတရားတော်ကြ တစ်ဆယ့်နှစ်နှစ်၊ "စကြာမှာ တစ်ရာထားလို့" - စကြာမင်းကြတော့ နှစ်ပေါင်းတစ်ရာ၊ "ဘုရားမှာ တစ်ထောင်ကိန်းသာပ" လို့ ဆိုတော့ ဘုရားမပွင့်ခင် တစ်ထောင်၊ "သိန်းနှစ်ကမ္ဘာ" ဆိုတော့ ကမ္ဘာ မပျက်ခင် အနှစ်တစ်သိန်း၊ ကောလဟာလနဲ့ လာတဲ့တရားတွေ နော် (မှန်ပါတယ်ဆရာ)၊ အရင်က ကြွေးကြော်မှုရှိကြတယ်တဲ့။ ဟော ခုလည်းပဲ ပုစ္ဆာလေးချက် တာဝတိံသာနတ်မြို့ကြီး အသီးသီး ပေါ်ထွက်လာတော့ အငြင်းပွားနေလိုက်ကြတာ၊ ဒါနထဲ ဘယ်ဒါနက အမြတ်ဆုံးလဲ၊ အရသာထဲမှာ ဘယ်အရသာ-က အကောင်းဆုံးလဲ၊ မွေ့လျော်စရာထဲမှာ ဘယ်မွေ့လျော်စရာ အကောင်းဆုံးလဲ၊ တဏှာကုန်ခန်းခြင်းသည် ဒုက္ခခပ်သိမ်းကင်းငြိမ်းတယ်ဆိုတာ ဘယ်သဘောလဲ ပုစ္ဆာလေးချက်ထွက် နော် (မှန်ပါတယ်ဆရာ)၊ တာဝတိံသာနတ်မြို့ကြီး စုရုံးစုရုံးနဲ့ ဟိုနေရာသွားလည်း ဒီစကား၊

http://www.dhammadownload.com



ဒီနေရာသွားလည်း ဒီစကား၊ အချင်းချင်းတွေ့လည်း ဒီစကားမေးကြ မသိပါဘူး၊ တစ်ယောက်မေးလဲ မသိပါဘူး၊ သိနိုင်ဖို့ ခဲယဉ်းလှချည့်၊ ဘယ်ကဖြစ်လာတဲ့ တရားလေးပါးပါလိမ့်၊ ပုစ္ဆာလေးချက်ပါလိမ့်၊ မသိဖူး ဘယ်က ပေါ်လာမှန်း၊ နတ်တွေရဲ့နှုတ်ဖျား ဒီလိုပဲ တစ်ဖွားဖွားနဲ့ ဒီလိုပဲ ပြောကြတာ၊ ခြေရာခံလိုက်လို့ မရဘူးနော် (မှန်ပါတယ်ဆရာ)။

အဲဒါ ဘယ်လောက်ကြာသလဲဆို တစ်ဆယ့်နှစ်နှစ် ကြာတယ်။ ပုစ္ဆာလေးချက်များ တန်ဖိုးထားကြ တစ်ဆယ့်နဲ့နှစ်နှစ်လုံးလုံး အငြင်းပွားပြီးတော့ စကားများနေကြ ကောလာဟလဖြစ်၊ အင်မတန်ထူးဆန်းတဲ့ ပုစ္ဆာလေးချက်လို့ မှတ်ထား။ တစ်ဆယ့်နှစ်နှစ်ရောက်တဲ့အချိန်ကြတော့ စကြဝဠာတိုက်တစ်သောင်းမှာ အကုန်လုံးနတ်တွေ စုပေါင်းပြီး အစည်းအဝေးခေါ်တယ်။ နတ်တွေ လာကြနတ်ကွန်ဖရင့်ကိုးကွနော် (မှန်ပါတယ်ဆရာ)။ ပြည်လုံးကျွတ်ကွန်ဖရင့်ပေါ့၊ စကြဝဠာတိုက် တစ်သောင်းက အကုန်လုံးနတ်တွေ စုပေါင်းပြီးတော့ အစည်းအဝေးကြီးခေါ်၊ အစည်းအဝေးကြီး ခေါ်တော့ဒီနေရာမှာ ဆရာတွေ, သဘာပတိတွေ, အတွင်းရေးမှူးတွေ ဘာတွေနဲ့ပေါ့ကွာ။ အစည်းအဝေးပါခေါ်ပြီးတော့ ဘာအစည်းအဝေးတုံး၊ အခုပေါ်နေတဲ့ ငါတို့ အငြင်းပွားနေတဲ့ လေးချက်သော ပုစ္ဆာကိုအဖြေရှာဖို့ အစည်းအဝေး ခေါ်ပါတယ်။ ကဲ ကဲ ဘယ်လိုနည်းနဲ့ အဖြေရှာကြမလဲ၊ တို့အချင်းချင်းတော့တစ်ဆယ့်နဲ့နှစ်နှစ်ရှိပေါ့၊ တို့တိုင်းသူပြည်သားတွေ အားလုံးနတ်အများတွေ အချင်းချင်း မေးကြ, မြန်းကြဒီပုစ္ဆာလေးချက် အဖြေထွက်ဖို့ ခက်လှချည့်ရဲ့လို့ တစ်ယောက်မှ ဖြေနိုင်သူလည်း မရှိ။ ဒါဖြင့် ဘယ်လိုလုပ်ကြပါမလဲ။

အများသဘောတူတဲ့အတိုင်း ဒီမိုကရေစီနည်းစနစ်အရပေါ့ အများဆုံးဖြတ်တဲ့အတိုင်း အလုပ်လုပ်မယ်။ နတ်တစ်ယောက်က ထ, အဆိုသွင်းတာဟာ အချင်းချင်း မေးနေလို့တော့ ဘယ်နဲ့နည်းမှရမှာ မဟုတ်ဘူး။ ဘာပြုလို့ ဉာဏ်ဣန္ဒြေရော အကျိုးပေးတရားကော ကြည့်ပြန်တော့ ငါးသိုင်းငါးကြင်မကွာသလိုပါပဲ။ သူလဲအတူတူ ငါလည်းအတူတူပဲ။ ဒါလဲ အဖြေရှာနေလို့ ထွက်နိုင်စရာအကြောင်း မရှိပါဘူး။ ဒီတော့ ဒီလိုလုပ်ကြစို့ရဲ့၊ ကျွန်ုပ်တို့အထက်က ဝန်ကြီးလုပ်ပြီး အုပ်ချုပ်နေတဲ့စတုလောကပါလနတ်မင်းကြီးလေးပါးဆီ သွားမေးရရင် အဖြေထွက်မယ်၊ သူတို့ကတော့ ကံလည်းသာတယ်၊ ဉာဏ်လည်းသာတယ်တဲ့။ ကျုပ်တို့ထက် ကံတွေ ဉာဏ်တွေသာလို့ပေါ့တဲ့။ ကျုပ်တို့အထက်ကဝန်ကြီးလုပ်ပြီး အုပ်ချုပ်နေတာပေါ့။ တာဝတိံသာနတ်ပြည်က အုပ်ချုပ်ပုံ အုပ်ချုပ်နည်းကလည်းတို့ လူ့ပြည်နဲ့ အတူတူပဲ သိပ်မထူးလှဘူး နော် (မှန်ပါတယ်ဆရာ)၊ သိပ်မထူးပါဘူး၊ ဟိုလဲ တာဝန်ခံဝန်ကြီးတွေနဲ့ အုပ်ချုပ်နေတာပါပဲ၊ လူ့ပြည်လည်း သမ္မတနဲ့၊ ဟိုလည်း သိကြားမင်း မဟုတ်

http://www.dhammadownload.com



ဘူးလား (မှန်ပါတယ်ဆရာ)၊ စတုလောကပါလနတ်မင်းကြီးလေးပါးဆိုတာ လောကကို တာဝန်ခံပြီးတော့ လေးယောက်ဝေပြီးတော့ စောင့်ပြီးတော့ အုပ်ချုပ်နေ။ ဒါကတော့ ဝန်ကြီးတွေပါပဲ တာဝန်ခံဝန်ကြီးတွေ ခေါ်တယ်။ ဒီတော့ ဒီနတ်အဆိုသွင်းတာ သဘောကြပြီးတော့ ကိုင်း-ဒါဖြင့် နတ်မင်းကြီးလေးပါးထံ သွားကြစို့ရဲ့။

အစည်းအဝေးတက်တဲ့ နတ်တွေအကုန်လုံး စီတန်းပြီးတော့ ချီတက်သွားကြတယ် နော် (မှန်ပါတယ်ဆရာ)၊ နတ်မင်းကြီးလေးပါးနေတဲ့ ဘုံဗိမာန်နဲ့ မနီးမဝေးရောက်တော့ နတ်မင်းကြီးလေးပါးက လှည့်ကြည့်တော့ နတ်ထုနတ်ပရိသတ်၊ လူ့ပြည်တော့ လူထုကိုကွ နော် (မှန်ပါတယ်ဆရာ)၊ ဟိုကြတော့ ဘာတဲ့ (နတ်ထုပါဆရာ)၊ အေး-နတ်ထု၊ နတ်ထုကြီး ချီတက်လာတာကို မြင်တာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ နတ်မင်းကြီးလေးပါးက အံ့အားသင့်သွားတယ်။ ဘယ့်နဲ့လဲ များလှချည်းလားဟ။ နတ်ထုကြီးက တယ်အားကောင်းပေ့။ ဒီနေ့လည်း အမတော်ကြေး ဝေတယ်လို့ မကြားပါဘူး နော် (မှန်ပါတယ်ဆရာ)၊ ထူးလှချည့်လား။ ဒါဖြင့် ကြည့်နေ အကြောင်းတော့ ထူးရဲ့၊ ဒီလောက်အင်အားများတဲ့ နတ်ပရိသတ်တွေ လာတာ အကြောင်းတော့ ထူးတာပဲဟ။ ဒါနဲ့ အသာလက်ခံထား၊ အနားရောက်တဲ့အခါကြ မေးတယ်။ "အသင်နတ်သားတို့ များလှချည်လား၊ ဘယ်အကြောင်း ဘယ်ကိစ္စကြောင့် အခုလိုပဲ နတ်ထုကြီးနဲ့ ချီတက်ပြီး လာကြသလဲ"လို့ မေးတော့ နတ်တွေက ပြောတယ်။ "အရှင်နတ်မင်းကြီးတို့ အခုနတ်ပြည်ကြီးမှာ စုရုံးစုရုံး ကျွက်စီကျွက်စီနဲ့ လေးလီသောပုစ္ဆာ လေးဖြာသော ပြဿနာကြီး ပေါ်ထွက်လို့ တစ်ယောက်မှ တစ်ယောက်၊ တစ်ဆင့်မှတစ်ဆင့်ဆိုသလိုပဲ နတ်လောကကြီးမှာ အုံးအုံးတက်အောင် ဆိုသလိုပဲ ပုစ္ဆာလေးချက် ပေါ်ထွက်နေလို့ အဖြေရှာကြတယ်။ အဖြေရှာပေမယ့် ဘယ်ပုဂ္ဂိုလ်မှ မရေရာပါဘူးတဲ့။ အဖြေရနိုင်စရာ အကြောင်းလည်း မရှိဘူး။

ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် ကံရော, ဉာဏ်ရော အကြောင်းမထူးတဲ့ တို့တိုင်းပြည်သားတွေ အနေအားဖြင့် အဖြေရှာလို့ ထွက်မှာမဟုတ်ဘူး။ တို့ထက် ကံလည်းသာ, ဉာဏ်လည်းသာ တကယ့်ပညာဉာဏ်နဲ့ ပြည့်စုံတဲ့ ငါတို့အထက်က အုပ်ချုပ်ပြီးနေတဲ့ နတ်မင်းကြီးလေးပါးထံ သွားပြီးတော့ မေးရရင်ဖြင့် ဒီပုစ္ဆာအမြန်ဆုံး အဖြေထွက်မှာပဲလို့ ကျွန်တော်မျိုးများ လာခဲ့ပါတယ်"လို့ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ နတ်မင်းကြီးတွေက ဘာပြောမှတ်လို့။ ဟင်း - တိုင်းသူပြည်သား နတ်တွေတော့ တို့အပေါ် အထင်လွဲကုန်ပေ့၊ တကယ့်ပညာရှိလို့ နတ်ဝန်ကြီးတွေ လာဖြစ်တယ်မှတ်နေ၊ လူရေလည်လို့ မဲဆွယ်ကောင်းလို့ တက်ဖြစ်တာ။ တို့လည်း ဒါတွေသိတာ မဟုတ်ဘူးတဲ့ နော်

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ ဒီတော့ အဖြေရခက်၊ တို့လည်း အဖြေမပေးနိုင်ဘူးတဲ့၊ တို့အပေါ် အထင်မကြီး နဲ့တဲ့၊ မင်းတို့လိုပဲ အတူတူပဲတဲ့၊ လူပေါ် လူဇော်လုပ်တဲ့ နည်းလေးတွေ ရလို့ တို့ကလည်း ဝန်ကြီးလာဖြစ်နေတာတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မတတ်ပါဘူးတဲ့ တို့လည်း နားမလည်ပါဘူး။

ဒါဖြင့် အသင်နတ်မင်းကြီးတို့ကို အားကိုးလာတာ၊ ဒီလိုဖြင့် ဘယ့်နဲ့လုပ်ပါ့၊ ဒီပြဿနာကြီး အဖြေမထွက်ဘဲ ရုတ်တရက်လဲ အေးမဲ့ကိစ္စလည်း မဟုတ်ဘူး။ ဒါကြောင့် အဖြေရရာ ရကြောင်းဆိုတဲ့ အနေအားဖြင့် နတ်မင်းကြီးများဟာ တစ်ဆိတ်လောက် အကြံဉာဏ် ပေးပါအုံးလို့ ဝိုင်းပြီး တောင်းကြ တယ်၊ အေး ဒီလိုအကြံဉာဏ် ပေးပါဆိုရင် တို့လည်း ဉာဏ်မှီသမျှ အကြံဉာဏ်နဲ့ ပေးရတာပေါ့ ကွယ်။ တို့ကိုယ်တိုင်ကတော့ မဖြေနိုင်တာ အမှန်ပဲလို့ ဒီလိုရှိတယ်ကွယ် တို့ထက် ကံလည်းသာ, ဉာဏ်လည်းသာ တကယ့်ကို ပညာဉာဏ်ကြီးမားတဲ့ တို့အထက်က အုပ်ချုပ်နေတဲ့ သမ္မတခေါ်ထားတဲ့ သိကြားမင်း ဘိုးတော်ဆီ သွားရင်ဖြင့် မုချအဖြေရလိမ့်မယ်ထင်တယ်။ ဒါပေမယ့် ငါ တထစ်ကျ ပြောနိုင်တာ မဟုတ်ဘူးတဲ့။ ဒါပေမယ့် တို့ထက်နိုင်းစာလို့ရှိရင် အစစအရာရာ သာချင်တိုင်း သာတယ်။ တို့ဘိုးတော် သိကြားမင်းဆီ သွားရင် အဖြေရလိမ့်မယ်လို့ ငါထင်တဲ့အတွက် တို့လည်း လိုက်မကွယ်၊ ဒီအဖြေလည်း တို့လည်း သိလိုတယ်၊ ဘိုးတော် သိကြားမင်းထံ သွားကြစို့ရယ်၊ အားလုံး စုပေါင်းလာတဲ့ နတ်တွေ ဘိုးတော်သိကြားမင်းဆီ ချီတက်ပြီး သွားကြတယ်၊ ဘိုးတော်သိကြားနေတဲ့ ဝေဇယန္တာ ပြာသာဒ် ရောက်တဲ့အခါကြတော့ နန်းရင်ပြင် အကုန်လုံး စီတန်းပြီးတော့ ရပ်။ ဘိုးတော်သိကြားက ဆီးနှုတ်ဆက်တယ်။ အင်အားများလှချည်ရဲ့၊ ဘယ်ကိစ္စ ဘယ်အကြောင်းကြောင့် လာကြသတုံး၊ အကြောင်းများ ထူးသလား၊ တို့တာဝတိံသာနတ်မြို့ကြီး တာဝတိံသာနတ်ပြည်ကြီး ဘယ်လို အကြောင်း ထူးတွေ များပေါ်တုံး၊ မင်းတို့လာတာ အကြောင်းထူးလှချည့်ရဲ့။ ငါ့သံတော်ဦးတင်စမ်းဆိုတော့ တော်တော် လူရေလည်တဲ့နတ်က သံတော်ဦးတင်တယ် -

မှန်လှပါ၊ ဘုန်းတော်ကြောင့် တခြားမဟုတ်ပါဘူး။ ခုတာဝတိံသာနတ်ပြည်ကြီးမှာ ကောလာ ဟလသတင်းတွေဖြစ်ပြီးတော့ နေလိုက်တာ တစ်ဆယ့်နှစ်နှစ်ရှိကြောင်းပါ။ ပုဏ္ဏာလေးချက်ပေါ် ထွက်လာ၊ ပုဏ္ဏာလေးချက်ပေါ်ထွက်နေတော့ အဖြေရမလားလို့ တစ်ယောက်နဲ့တစ်ယောက် မေးကြ စမ်းကြ အငြင်းတွေ ပွားကြ၊ သူ့ဟုတ်နိုး ငါဟုတ်နိုးနဲ့ အမျိုးမျိုးတွေ ပြောကြ ဆိုကြတယ်။ အဲဒါ ဝိဝါဒ အဓိကရုဏ်းကြီးတွေ ဖြစ်နေတယ်တဲ့။ ငြင်းသံမစဲ အမြဲပဲငြင်းဆိုနေကြ။ ဒီပြဿနာကြီး အဖြေမှန် မထွက်ဘဲတော့ ရုတ်တရက် အေးမဲ့ကိစ္စ မဟုတ်ဘူး ဆိုပြီးတော့ ကျွန်တော်မျိုးများ စကြဝဠာ တစ်သောင်းရှိတဲ့နတ်တွေ အကုန်လုံး စုပေါင်းပြီးတော့ အစည်းဝေးခေါ်၊ အစည်းအဝေးရဲ့ အများ

http://www.dhammadownload.com



သဘောတူ ဆုံးဖြတ်ချက်အရ နတ်မင်းကြီးလေးပါးဆီ သွားလို့ရှိရင် အဖြေရလိမ့်ဆိုပြီးတော့ လာခဲ့တာ၊ ရောက်ပြန်တော့ နတ်မင်းကြီးလေးပါးကလည်း မဖြေနိုင်ကြောင်း၊ ၎င်းအပြင် ဘိုးတော်သိကြားဆီ သွားရင် မုချဒီအဖြေထွက်လိမ့်မယ်လို့ ငါတို့ထက် ပညာဉာဏ်ကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်တယ်လို့ နတ်မင်းကြီးလေးပါးက ညွှန်ကြားတဲ့အတွက် ဘိုးတော်သိကြားဆီ ရောက်ရကြောင်းပါ လျှောက်ထားလို့ နော် (မှန်ပါတယ်ဆရာ)၊ ဘိုးတော်သိကြားက ဘာပြောတုံး ခက်တာပဲ ဒီနတ်တွေ အထင်လွဲပြန်ပေါ့။

ငါ ဒီသမ္မတနေရာကြီး ရောက်နေတာ သူတို့ထက် တကယ့်ဉာဏ်ပညာရှိလို့ ဒီပုစ္ဆာကြီးတွေ ဖြေနိုင်တဲ့ ပညာစွမ်းတွေ ရှိလိမ့်မယ်၊ သူတို့ကတော့ ဒီလိုထင်တာတဲ့။ အမှန်ကတော့ ငါ ဒီနေရာ ရောက်လာတာကတော့ ပြည်ထောင်စုအနေအားဖြင့် လူမျိုးရေးအရ ငါ့အလှည့်ကျ ငါသမ္မတတက်ဖြစ်တာပါ ဒီတရားတွေ ငါမသိဘူး နော် (မှန်ပါတယ်ဆရာ)၊ တာဝတိံသာနတ်ပြည်ကလည်း ပြည်ထောင်စုပဲဟ ထူးတာ မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့မှ သိကြားမင်းက အေး - မင်းတို့မေးတဲ့ပြဿနာ ငါတစ်ခါမှ မကြားဖူးဘူး၊ ဖြေတတ်ဖို့ နေနေသာသာ အမေးတောင် ငါမကြားဖူးဘူး။ အဲဒါ ငါရဲ့အရာလည်း မဟုတ်ဘူး။ ငါလည်း မဖြေနိုင်ဘူးတဲ့။ ဖြေနိုင်တဲ့ပုဂ္ဂိုလ် ရှာလိုက်တော့ လောကသုံးပါး ဘုရားကိုယ်တော်မြတ် ပွင့်နေတာ ရှိတော့ ထင်ရှားပွင့်တော်မူတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ထံမှောက် ရောက်ရင်ဖြင့် ဒီအဖြေပြဿနာ မုချရမှာပဲ၊ သိကြားမင်းက တစ်ဆင့်ညွှန်ကြားတယ် နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် အရှင်သိကြားမင်းကိုယ်တိုင် ဦးစီးခေါင်းဆောင် အနေအားဖြင့် ဘုရားရှိရာ သွားရောက်ပြီးတော့ လျှောက်ထားရင်ဖြင့် ဒီအဖြေရကောင်းပါလိမ့်မယ်လို့ နတ်ပြဟ္မာအပေါင်းက နတ်တွေက တောင်းပန်လို့ သိကြားမင်းက ခေါင်းဆောင်အနေနဲ့ နောက်ကနတ်တွေ အားလုံးစုပေါင်းပြီးတော့ ဘုရားရှိတော်မူရာ သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်လာကြ၊ လာတော့ ညအခါ နော် (မှန်ပါတယ်ဆရာ)၊ နတ်များက တို့ဘုရားကိုယ်တော်မြတ်ထံ အမေးပုစ္ဆာပြဿနာ လျှောက်ထားစရာရှိပါက ညအခါ လာကြတဲ့ထုံးစံ။ နေ့အခါ ဘုရားကိုယ်တော်မြတ် မအားဘူး၊ အလုပ်များတယ် နော် (မှန်ပါတယ်ဆရာ)၊ ပရိသတ်လေးပါး ဟောရ ပြောရ ဆိုဆုံးမရ သွားရ လာရ ကိစ္စအဝဝတွေက များတော့ နေ့အခါ မအားတော့ နတ်များလျှောက်ထားချင်၊ ဘုရားနဲ့ တွေ့ချင်ရင် ညလူဆိတ်တဲ့အချိန်မှာ ဒီမှလာတယ်။ အဲဒီတော့ သိကြားမင်းနဲ့တကွ အားလုံး စကြဝဠာတစ်သောင်းက နတ်တွေ စုပေါင်းပြီးတော့ ဘုရားကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်ပေါ် ရောက်တဲ့အခါကြ

http://www.dhammadownload.com



ကိုယ်ရောင်ကိုယ်ဝါလင်းလို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်း အရင်မေးတယ် "အသင်တို့ အသင်သိကြားမင်း နတ်ပရိသတ်အများနှင့်တကွ ငါဘုရားထံ ဘာကြောင့်လာတုံး၊ အကြောင်းထူးရှိရင် လျှောက်ထားပေတော့။"

ဒီတော့မှ သိကြားမင်းက လျှောက်ထားတယ်။ တာဝတိံသာနတ်ပြည်ကြီးမှာ တစ်ဆယ့်နှစ်နှစ် နှစ်ရှိပါပြီတဲ့၊ ကောလာဟလသတင်းဖြစ်၊ ပုစ္ဆာလေးချက်ပေါ်ထွက်နေတာ အဖြေပေးနိုင်တဲ့ ပုဂ္ဂိုလ် မရှိတဲ့ အတွက် ဒါကြောင့် အရှင်ဘုရားထံမှာ အမှန်အားဖြင့် အဖြေရလိမ့်မယ်ဆိုတဲ့ အနေအားဖြင့် တပည့်တော်များ လျှောက်ထားရခြင်းဖြစ်ပါတယ် ဘုရားလို့"၊ အဲဒီလို လက်မြှောက်ပြီး လျှောက်တော့မှ မြတ်စွာဘုရားကိုယ်တော်မြတ်က အဖြေလေးချက် ပေးလိုက်တယ်။

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**
**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**
**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**
**တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

မဟာရာဇ၊ မြတ်သော သိကြားမင်း။ သဗ္ဗဒါနံ၊ အလုံးစုံသော ဒါနမျိုးတို့ထက်။ ဓမ္မဒါနံ၊ ဓမ္မ ဒါနသည်။ ဇိနာတိ၊ အောင်၏၊ မြတ်၏၊ ပို၏၊ လွန်၏၊ ကဲ၏ နော် (မှန်ပါတယ်ဆရာ)၊ အလုံးစုံသော ဒါနထက် ဘာတဲ့ (ဓမ္မဒါနက မြတ်ပါတယ်ဆရာ)၊ အေး-ဓမ္မဒါနက မြတ်တယ် နော် (မှန်ပါတယ်ဆရာ)၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ - သဗ္ဗရသံ၊ အလုံးစုံသော အရသာအပေါင်းတို့ထက်။ ဓမ္မရသော၊ တရားတည်းဟူသော အရသာသည်။ ဇိနာတိ၊ အောင်၏၊ ပို၏၊ မြတ်၏။ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ အရသာထဲ ဘယ်အရသာပိုတယ် (ဓမ္မအရသာက ပိုပါတယ်ဆရာ)၊ ဓမ္မအရသာက အမြတ် ဆုံးတဲ့ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊ သဗ္ဗရတိံ၊ အလုံးစုံသော မွေ့လျော်စရာတကာတို့ထက်။ ဓမ္မရတိ၊ တရားတည်ဟူသော မွေ့လျော်ခြင်းသည်။ ဇိနာတိ၊ အောင်၏၊ ပို၏၊ မြတ်၏။ မွေ့လျော်စရာ ပျော်စရာထဲမှာ ဘယ်ဒင်းအကောင်းဆုံး (ဓမ္မနဲ့မွေ့လျော်ခြင်း ပါဆရာ) ဓမ္မနဲ့မွေ့လျော်ခြင်းသည် အကောင်းဆုံးလား (မှန်ပါတယ်ဆရာ)၊ အေး-မွေ့လျော်စရာထဲမှာ ဓမ္မက အကောင်းဆုံးပဲတဲ့။ တဏှာက္ခယော သဗ္ဗဒုက္ခာ ဇိနာတိ - တဏှာက္ခယော၊ တဏှာကုန်ခန်း ခြင်းသည်။ သဗ္ဗဒုက္ခံ၊ အလုံးစုံသော ဆင်းရဲကို။ ဇိနာတိ၊ အောင်၏။ အလုံးစုံသော ဆင်းရဲကို အောင်တာ ဘယ်တရားတုံး (ဓမ္မဒါနပါဆရာ)၊ တဏှာကုန်ခန်းတယ်နော် ဟုတ်ကဲ့လား (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ တဏှာကုန်ခန်းတာ ခပ်သိမ်းသော ဒုက္ခတို့မှ လွတ်မြောက်နိုင်တယ်တဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ပုဏ္ဏာလေးချက် သိသွားပြီးလား (သိသွားပါပြီဆရာ)။

အားလုံးသော ဒါနထဲမှာ ဘယ်ဒါနမြတ်တယ် (ဓမ္မဒါနက အမြတ်ဆုံးပါဆရာ)၊ အလုံးစုံသော အရသာထဲ ဘယ်အရသာ မြတ်တယ် (ဓမ္မအရသာ အမြတ်ဆုံးပါဆရာ)၊ အလုံးစုံသော မွေ့လျော်စရာထဲမှာ ဘယ်မွေ့လျော်စရာမြတ်တယ် (ဓမ္မနဲ့ မွေ့လျော်ခြင်းသည် အမြတ်ဆုံးပါဆရာ)၊ တဏှာကုန်ခန်းခြင်းသည် ခပ်သိမ်းသော ဒုက္ခတို့မှ လွန်မြောက်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တဏှာကုန်ခန်းခြင်းသည် ဘာဖြစ်တယ် (ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းပါတယ်ဆရာ) ကင်းငြိမ်းတယ်၊ (ကင်းငြိမ်းပါတယ်ဆရာ)၊ ဒုက္ခခပ်သိမ်းကို အောင်မြင်တယ်လား (မှန်ပါတယ်ဆရာ)၊ တဏှာကုန်ခန်းခြင်းသည် ဒုက္ခခပ်သိမ်းကို အောင်မြင်၏၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိ ပါတယ်ဆရာ)၊ ပုဏ္ဏာလေးချက် အဖြေထွက်သွားပြီလား (ထွက်သွားပါပြီဆရာ)၊ ပုဏ္ဏာလေးချက် အဖြေထွက်သွားတော့ သိကြားမင်းလည်း ဝမ်းသာလို့ နောက်ကနတ်တွေကလည်း ဝမ်းသာလို့ အောင်မလေး တစ်ဆယ့်နှစ်နှစ်လုံးလုံး တို့ တစ်ယောက်နဲ့တစ်ယောက် အငြင်းပွားလို့ နဂိုက ခင်ခင်မင်မင်ရှိတဲ့ပုဂ္ဂိုလ်ချင်းတောင်ပဲ ဒီတရားလေးပါးငြင်းတာနဲ့ တစ်ယောက်နဲ့တစ်ယောက် စကားတောင် မပြောကြ၊ တို့ ရန်မရှိဘဲ ရန်ဘက်ကြီးလို ဖြစ်နေတာနော် (မှန်ပါတယ်ဆရာ)။

အခုမှ အဖြေထွက်တယ်၊ ရှင်းသွားတယ်ကိုး၊ အရင်တုန်းကများ တောပြော တောင်ပြော၊ ခပ်သိမ်းသော ဒါနထဲ ဘယ်ဒါန မြတ်သလဲဆိုတာ ဟိုဟိုဒီဒီ တောပြော တောင်ပြော မဟုတ်မဟတ်တာတွေ လျှောက်ပြောငြင်းကြ၊ ခပ်သိမ်းသော အရသာထဲ ဘယ်အရသာ ကောင်းလဲ ဘယ်အရသာမြတ်လဲဆို ဘယ်အရသာက မြတ်တယ် သူထင်ရာတွေ သူလျှောက်ပြော ကိုယ်ထင်တာကိုယ်ပြော။ ခပ်သိမ်းသော မွေ့လျော်စရာထဲမှာ ဘယ်မွေ့လျော်စရာက မြတ်သလဲ မေးပြန်တော့ မွေ့လျော်စရာတွေ လျှောက်ပြောလိုက်တာ ရစရာမရှိဘူး။ ကိုယ်ထင်ရာ ကိုယ်ပြောကြတာပဲလို့။ အဲသလို အငြင်းပွားနေတဲ့ ပုဏ္ဏာလေးချက်ကို အခု အဖြေထွက်လိုက်တော့ အားလုံးနတ်တွေက နှစ်သက်တယ်။ ကောင်းလိုက်တာ အခုမှ တို့ရင်ထဲ အေးသွားတယ်။ ပုဏ္ဏာလေးချက် အဖြေထွက်မှ ဝမ်းပန်းတသာဖြစ်၊ နတ်တွေ ဝိုင်းပြီးတော့ သာဓုအနုမောဒနာ ကောင်းချီးခေါ်ကြတယ်နော် (မှန်ပါတယ်ဆရာ)၊ သိကြားမင်းကလည်း ဝမ်းသာလွန်လွန်းလို့ အခုမှ အဖြေမှန်ရတယ်။

ငါလည်း သိကြားမင်း ဖြစ်နေတာကြာပေါ့။ ဒီပုဏ္ဏာလေးချက်လည်း ကြားတောင် မကြားဖူးဘူး၊ အဖြေဆိုတာ အဝေးကြီး၊ အခုတော့ အဖြေလေးချက်လည်း ငါသိရပေါ့။ သိပ်ဝမ်းသာတယ်တဲ့ နော်

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ ဒါတင်လားဆို မကပါဘူးတဲ့၊ အဲဒီ ပုစ္ဆာလေးချက် ဖြေကြားတော်မူသော တရားတော်ကြောင့် ရှစ်သောင်းနဲ့လေးထောင်သောပရိသတ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသွားတယ်တဲ့။ တရားနာနေရင်း မဟုတ်လား (မှန်ပါတယ်ဆရာ)၊ တရားနာရင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတယ်။ နာကာမျှနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတယ်ဆိုတဲ့ ထုံးဝတ္ထု သက်သေသာဓကေ သေချာမှတ်ကြ။ တချို့က နာကာမျှ ကြားကာမျှနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပ့ါမလားဟ။ မလုပ်ဘဲနဲ့ ဖြစ်ပ့ါမလားဟ။ လောကီစီးပွားတောင်ပဲ လုပ်မှ ရတယ်၊ မလုပ်ရင် မရဘူး ပြောတာပဲ။ ဒါပေမယ့် အခုလိုပဲ မြတ်စွာဘုရား ကိုယ်တော်မြတ် ဟောသွားတော်မူတဲ့ တရားတော်ကြီး ဝိုင်းနာနေ နာနေရင်းမတ္တကနေပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတာတွေက အခုပဲ ရှစ်သောင်းနဲ့လေးထောင် နည်းသေးလား (မနည်းပါဘူးဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ အရိယာစစ်တွေ ဖြစ်သွားပြီတဲ့၊ ဒီပုစ္ဆာလေးချက် မြတ်စွာဘုရားကိုယ်တော်မြတ်က ဖြေကြားတယ်။

ဒါပေမယ့် ပြောလိမ့်ဦးမယ်၊ ဘုရားလက်ထက်ကတော့ ဘုရားကိုယ်တိုင် ဟောတာဆိုတော့ ဖြစ်ချင်ဖြစ်မှာပေ့ါတဲ့။ ဟောလိမ့်အုံးမယ် ပြောတဲ့လူက ကတ်သီးကတ်သပ်သမားနော် (မှန်ပါတယ်ဆရာ)၊ ဘုရားလက်ထက်က ဘုရားကိုယ်တိုင်ဟောတယ်ဆိုတော့ ဟုတ်ချင်ဟုတ်မှာပေ့ါလို့ ပြောလိမ့်မယ်၊ ဒီတော့ စဉ်းစားရတယ် - ဘုရားဟောသွားတဲ့ တရားတော်က ဘုရားချထားတဲ့ လမ်းစဉ်က ငါဟောတဲ့တရားတော်က ငါကိုယ်တိုင်ဟောမှသာလျှင် နာတဲ့ ကြားတဲ့လူ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကောင်း၏။ ငါကိုယ်တိုင်မဟုတ်ဘဲနဲ့ တစ်ပါးသောပုဂ္ဂိုလ် ဟောပါက နာကြားတဲ့ပုဂ္ဂိုလ် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရကောင်းဘူးလို့ ဘုရားက မှာခဲ့သလား (မမှာပါဘူးဆရာ)၊ ဘယ်သူဟောဟော (မှန်ပါတယ်ဆရာ)၊ ရမှာချည်းပဲ (ရမှာချည်းပဲပါဆရာ)၊ အဲဒါ တွက်ထား၊ ဒါကပ်ကပ်ကိုးကိုး ပြောတတ်လွန်းလို့ ငါက ပြောရတာ။ ဘယ်သူဟောဟောတဲ့၊ ငါဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ လမ်းစဉ်အတိုင်းသာ ချဟောတဲ့ ငါဘုရားကိုယ်တော်မြတ်ဟောလည်းပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမှာပဲ။ နာတဲ့ပုဂ္ဂိုလ်များ, ကြားတဲ့ပုဂ္ဂိုလ်များ ငါမှတစ်ပါးသော ငါ့သာဝကတွေ အသီးသီး ဟောလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမှာပဲ။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက် မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ တပည့်တပန်းရဟန်းသာဝက ကိုယ်တော်မြတ်တွေ အသီးသီးဟောလို့ မဂ်ဉာဏ် ရတာတွေ ပေါတယ် မဟုတ်လား (ပေါပါတယ်ဆရာ)၊ အင်မတန်များတယ် အစုလိုက် အပြုံလိုက်၊ တရားတစ်ပွဲတစ်ပွဲ ဟောလိုက်ပြီဆိုမှဖြင့် တရားလည်းချ မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်းရဆိုတဲ့ ပုဂ္ဂိုလ်တွေ အင်မတန် များတယ်။ အဲဒီ

http://www.dhammadownload.com



သက်သေတွေကတော့ ပြလို့တော့ မကုန်နိုင်ပါဘူး။ သုတ္တန်ဒေသနာများ လျှောက်ကြည့်ပါ။ တရား တစ်ပွဲချလိုက်ပြီ။ တရားချလိုက်ပြီဆိုမှဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်တွေ အစုလိုက် အပြုံလိုက် ဘယ်လောက်အားရှိစရာကောင်း။ အဲဒါ နာကာ ကြားကာမျှနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတယ် ဆိုတဲ့ သက်သေခံများဟာ အထူးတလည်အားဖြင့် ထုတ်ပေးနေစရာ မလိုပါဘူး။ မယုံဘူးဆိုတဲ့ ပုဂ္ဂိုလ် ကလည်း ကတ်သီးကတ်သတ် ပြောတယ်လို့ မှတ်ထား နော် (မှန်ပါတယ်ဆရာ)၊ သူကိုယ်တိုင်လည်း စာတွေ ဖတ်ဖူးသေး၊ သူကိုယ်တိုင်လည်း နာဖူး ကြားဖူးသေး။

ဒေသနာဝသာနေ သောတာပတ္တိဖလာဒီနိ ပါပုဏိံသု။ ဗဟူ များစွာကုန်သော။ ဇနာ၊ ပရိသတ် အပေါင်းတို့သည်။ ဒေသနာဝသာနေ၊ တရားဟောသည်၏ အဆုံး၌။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်အစရှိသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကြကုန်၏။ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်သွားတာပဲ နော် (မှန်ပါတယ်ဆရာ)၊ ဒီစခန်းများ အလုပ်များပါသေးလား (မပါပါဘူးဆရာ)၊ လုပ်စရာအချိန်ကို မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ နာရင်း, ကြားရင်း ရတယ်ဆို တာ မှတ်ထား။ အခုပဲ မြတ်စွာဘုရားကိုယ်တော်မြတ်က သိကြားမင်းအမှူးရှိတဲ့ နတ်ပရိသတ်ကြီး ပုစ္ဆာလေးချက်ပြန်ပြီးတော့ အဖြေထွက်၊ ဖြေကြားတော်မူနေတဲ့ အခိုက်အတန့်လေးမှာပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတာ ရှစ်သောင်းနဲ့လေးထောင် အစုလိုက် အပြုံလိုက် မဟုတ်ဖူးလားဟ (မှန်ပါတယ်ဆရာ)။

အဲဒါကြောင့် သိကြားမင်းက လျှောက်တယ်၊ ရှိခိုးပြီး လျှောက်တယ်။ အရှင်ဘုရား သို့ကလောက် တောင် အကျိုးများတဲ့ ဆုထူးဆုမြတ်ကြီးကိုတဲ့ စောစောတုန်းက တပည့်တော်တို့ နတ်ပြည်ရှိတဲ့ နတ်တွေ၊ လူ့ပြည်ရှိတဲ့လူတွေ သို့ကလောက်တောင် မွန်မြတ်တဲ့ ဆုထူးဆုမြတ်ကြီးကို အရှင်ဘုရား ဘာကြောင့် မပေးပါသလဲဘုရားတဲ့။ အခုချိန်က စပြီးတော့ ဒီဆုထူးဆုမြတ်ကြီးကို သတ္တဝါများ သနားသောအားဖြင့် ချီးမြှင့်တော်မူပါ၊ ပေးသနားတော်မူပါလို့ လျှောက်ထားလို့ လျှောက်ထားပြီး တာဝတိံသာနတ်ပြည် အသီးသီးပြန်သွားကြတယ်၊ ဘုရားကိုယ်တော်မြတ် သိကြားပြန်သွားတော့ နောက်တစ်နေ့ကြတော့ သံဃာ့စည်းဝေး၊ သံဃာစည်းဝေး ရှိသမျှသံဃာတွေ စည်းဝေးပြီးတော့ မြတ်စွာ ဘုရားကိုယ်တော်မြတ် ဥပဒေတရား အသစ်ပြဋ္ဌာန်းတယ်။ မနေ့ညက ငါ့သိကြားမင်းလျှောက်သွား တယ်တဲ့။ အခုလို ဓမ္မဒါနဆိုတဲ့ တရားဟောခြင်းတဲ့, တရားနာခြင်းတဲ့, စာပေပရိယတ္တိပို့ချခြင်းဆိုတဲ့ ဓမ္မဒါနဆိုတဲ့ ဒါနဟာ ဘယ်ထိအောင် မြတ်သလဲ၊ ဘယ်ထိအောင် ကောင်းသလဲဆိုရင် ခပ်သိမ်းသော ဒါနတို့ထက် မနှိုင်းသာ မယှဉ်သာအောင် သာချင်တိုင်းသာတဲ့ မြတ်ချင်တိုင်း မြတ်တယ်။ ဘာဖြစ်လို့ သာချင်တိုင်းသာ မြတ်ချင်တိုင်း မြတ်သလဲဆိုရင် တရားနာနေရင်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသွား

http://www.dhammadownload.com



တယ်တဲ့။ တရားဟောနေရင်းလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသွားတယ်တဲ့။ စာပေပရိယတ္တိ ပို့ချ သင်ကြားနေရင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသွားတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အဲဒါကြောင့် ထိုဓမ္မဒါနကြီးသည် အမြတ်ဆုံးသော ဆုထူးဆုမြတ်ကြီးဖြစ်ပါသဖြင့် သတ္တဝါများ ရင်ဝယ်သားကဲ့သို့ သနားတော်မူသောအားဖြင့် ထိုဆုထူးဆုမြတ်ကြီးကို ဝေငှ၍ အစဉ်တစိုက်အားဖြင့် ပေးသနား တော်မူပါဘုရားလို့ လျှောက်ထားသွားတဲ့အထဲ ငါ၏သားတော်များ ယနေ့ကစလို့ တရားကို များများ ဟောရမယ်တဲ့။

သက္ကပဉှသုတ်, ဓမ္မပဒအဋ္ဌကထာ ပြန်ကြည့်ကြပါ။ တရားများများ ဟောပေးရမယ် နော် (မှန်ပါ တယ်ဆရာ)၊ ဥပဒေတရားသစ် ပညတ်ချက်ထုတ်၊ တရားများများ ဟောပေးရမယ် ချစ်သားတို့။ တရား များများဟောပေးတော့ ဘာဖြစ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် များများကြီးရနိုင်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တရားများများဟောရင် များများနာကြမယ်။ များများနာရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် များများရကြမယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ တိုက်ရိုက်တိုက်ရိုက်၊ အဲဒါ နာကာမျှ ကြားကာမျှနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူးဆိုတဲ့လူများ တစ်ဆင့်ဖောက်သယ်ချလိုက်ကြပါကွာ။ သက္ကပဉှ သုတ်များ အစကနေ အဆုံးပြန်ကြည့်ကြပါအုံးလို့။ ဘုရားက ဘယ့်နဲ့ မိန့်ကြားသွားတယ်ဆိုတာ နော် (မှန်ပါတယ်ဆရာ)၊ တရားများများ ဟောရမယ်၊ ပြီးတော့ နောက်ဆုံးဘာပြော - ချစ်သားတို့ အများကြီးမဟောနိုင်တောင် အယုတ်ဆုံးအားဖြင့် လေးပါဒ တစ်ဂါထာရှိတဲ့ အနုမောဒနာ တရားလေး ဖြင့်လည်း ဟောရမယ်တဲ့ အယုတ်ဆုံးနော် (မှန်ပါတယ်ဆရာ)၊ လေးပါဒ တစ်ဂါထာဆိုတာ များတာ မဟုတ်ပါဘူး၊ တစ်ပါဒကို ရှစ်လုံးရှိတယ်။ လေးပါဒဆိုတော့ ဘယ်နှစ်လုံးရှိ (နှစ်ဆယ့်လေးပါဆရာ)၊ ဒုက္ခနော် (သုံးဆယ့်နှစ်ပါးဆရာ)၊ အေး-သုံးဆယ့်နှစ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ လေးပါဒ ကိုးကွ၊ တစ်ပါဒ ရှစ်လုံးမဟုတ်လား (ရှစ်လုံးပါဆရာ)၊ တစ်ပါဒ အက္ခရာရှစ်လုံး၊ တစ်ဂါထာဆိုတော့ လေးပါဒရှိတယ်။ လေးပါဒဆိုတော့ သုံးဆယ့်နှစ်လုံး မနေဘူးလား (မှန်ပါတယ်ဆရာ)။

အဲဒါ အက္ခရာသုံးဆယ့်နှစ်လုံးရှိတဲ့ တစ်ဂါထာလောက်တော့ အနည်းဆုံးဟောပါလို့ ဘုရား ကိုယ်တော်မြတ် ဥပဒေတစ်ရပ်ဖြင့် ပညတ်ပြီးတော့ ရဟန်းတော်များ ညွှန်ကြားတော်မူတယ်၊ တိုက်တွန်း တော်မူတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့်စမ်းကွာ၊ ဘယ်လောက်ထင်ရှားလဲဆိုတာ၊ ဘာပြု လို့လဲ အဲဒီ တရားဟောလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံး ရနိုင်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အမြန်ဆုံးရတယ်တဲ့၊ ဘာပြုလို့ တစ်ယောက်ကဟော တစ်ထောင်တစ်သောင်း ဝိုင်းနာနိုင်တယ် မဟုတ်ဘူးလားဟ (နာနိုင်ပါတယ်ဆရာ)၊ အလုပ်ဆိုတာ ငါပြောမယ် - မင်းက ငါ့အလုပ်လာပြော

http://www.dhammadownload.com



ဆရာရယ် အလုပ်ပေးစမ်းပါ။ ရှေ့ သွားလုပ်ကြည့် ခိုင်းတယ်။ မင်းတစ်ယောက်ပဲ ရတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ မင်းတစ်ယောက်ပဲ ရတယ်။ အလုပ်လုပ်လို့ ဒါမဂ် ဉာဏ် ဖိုလ်ဉာဏ် ရတယ် ထားပါ။ နောက်တစ်ယောက် လာတောင်းတယ်။ ငြေ့ကြ လာတောင်းတယ် ငြေ့သွားလုပ်ကြည့်ကွာ ခိုင်းလိုက်တယ်။ ဆရာလုပ်တဲ့လူက နိသျှည်းပေးလိုက်တယ်။ အဲဒီ တစ်ယောက်ပဲရတယ်။ နားလည် လား (နားလည်ပါတယ်ဆရာ)။

စခန်းချင်း, လမ်းချင်းက သိပ်ကွာတယ်။ တရားဟောတော်မူတယ်ဆိုတဲ့ ဓမ္မဒေသနာက ဒီလို မဟုတ်ပါဘူး။ တစ်ယောက်ကဟော တစ်ထောင် တစ်သောင်း တစ်သိန်း မနာနိုင်ဖူးလား (နာနိုင်ပါ တယ်ဆရာ)၊ ခုခေတ်ကြီးတော့ လော်စပီကာတွေက ပေါနေတော့ တစ်သန်းတောင် နာနိုင်ရဲ့ မနာနိုင် ဘူးလား (နာနိုင်ပါတယ်ဆရာ)၊ ဒီတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် အများဆုံးရနိုင်တယ်လို့ ဘုရားကိုယ်တော် မြတ်က တိုက်ရိုက်ဟောထားတော့ နာကာမျှ ကြားကာမျှနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူးဆိုတဲ့ လူတွေကို နားလည်အောင် ပြန်ပြီးတော့ ပြောပါ။ ဘုရားဟောထားတာ ပုန်မကန်နဲ့နော် (မှန်ပါတယ် ဆရာ)၊ ဘုရားတိုက်တွန်းတော်မူထားတာ ပုန်မကန်နဲ့၊ ပုံမကန်ကောင်းဘူးလို့ မတော်လှန်ကောင်း ဘူးလို့ နော် (မှန်ပါတယ်ဆရာ)၊ တော်လှန်ရေးသမားတွေ, ပုန်ကန်သမားတွေ အင်မတန်ကြောက်စရာ ကောင်းတယ်။ ဘုမသိ ဘမသိနဲ့ ရမ်းချလိုက်တာပဲ။ ဘုရားကဖြင့် လိုတယ်မရှိဘူး၊ ပိုသာပိုမယ်၊ ဆုံးမသွားတာလေး, နည်းပေးလမ်းပြ လုပ်သွားတာလေး နော် (မှန်ပါတယ်ဆရာ)။

ကိုယ်တော်မြတ်ကြီး ဆုံးမသွားတဲ့ နည်းပေးလမ်းပြလုပ်သွားတဲ့ နည်းနိဿယကိုတော့ ကျကျနန ဘယ်ပါဠိ ဘယ်အဋ္ဌကထာ ဘယ်ဋီကာ လာတယ်ဆိုတာ မရှာဘူး။ အတ္တနောမတိနဲ့ ထင်ရာတွေ ပြော၊ ထင်ရာတွေလုပ်၊ ထင်ရာတွေဆို၊ တစ်ဘက်သား ထင်ရာတွေ ပိတ်ပင်တားဆီး အလုပ်တွေ လုပ်ကြတယ်၊ အင်မတန် ကြောက်စရာကောင်းတယ် နော်။ ဓမ္မနဲ့ ပတ်သက်လို့များ လူစွာမလုပ် ကြပါနဲ့။ ဘုရားပုန်ကန်ရာ ရောက်တယ်။ ဒါကြောင့် ဒီနေရာ သေချာကြည့်။ အနည်းဆုံးအားဖြင့် ချစ်သားချစ်သမီးတို့ တစ်ပါဒ ရှစ်လုံးရှိတယ်။ လေးပါဒ တစ်ဂါထာ၊ တစ်ဂါထာလောက် အနည်းဆုံး အားဖြင့် တစ်ဂါထာလောက်တော့ အနုမောဒနာ တရားဟောကြပါလို့ များများကြီး ဟောနိုင်ရင် ပိုကောင်း၏၊ သက္ကပဥ္စသုတ်၊ ဓမ္မပဒအဋ္ဌကထာမှာ, သေသေချာချာ အစအဆုံး ကြည့်ကြပါလို့။ ကိုယ်မကြည့်တတ်ရင် ကြည့်တတ်တဲ့ပုဂ္ဂိုလ် အင်မတန်ပေါပါတယ်။ ကြည့်တတ်တဲ့ပုဂ္ဂိုလ် လျှောက် ထားမေးမြန်းကြည့်ပါ ဟောပြောပေးပါလို့၊ အနက်မြန်မာပြန် ဆိုပေးလိမ့်။ ဘယ်လို ဆိုသွားတာ၊ ဘယ်လိုပြောသွားတယ် ဆိုတာ အဲဒါနောက်ပိုင်းမှာ တရားနာကာမျှနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်

တကယ်ရနိုင်တယ်၊ အဟုတ်ရနိုင်တယ်၊ အမှန်ရနိုင်တယ်၊ ဧကန်ရနိုင်တယ်၊ အများကြီး ရနိုင်တယ်ဆိုတဲ့ ထောက်ခံချက်၊ တစ်ဆင့်ပြီးတစ်ဆင့် ပြသွားမှာပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊

ဒီတော့ သိကြာမင်းလည်း ပြန်သွား၊ မြတ်စွာဘုရားကိုယ်တော်မြတ်လည်းပဲ အားလုံးရဟန်းတော်များပါ ဥပဒေတစ်ရပ်နဲ့ ပြဋ္ဌာန်းပြီး ပေးလိုက်တယ်၊ တိုက်တွန်းပေးလိုက်တယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမှန်ရနိုင်တဲ့ အများဆုံးရနိုင်တယ်ဖြစ်သောကြောင့် ချစ်သားချစ်သမီးတို့ တရားများများ ဟောပေးကြ။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရလို့ မဟုတ်လား (ရပါတယ်ဆရာ)၊ လက်တွေ့အားဖြင့် ရသွားတာ သေချာကြည့်။ ရလို့လည်း ဘုရားကိုယ်တော်မြတ် တိုက်တွန်းတာ၊ သိကြားမင်းကလည်း လျှောက်တယ်။ ဒါကြောင့် တိုက်တွန်းပေးတာ များများဟောပေးကြ။ များများ မဟောနိုင် အနည်းဆုံးအားဖြင့် တစ်ဂါထာလောက်တော့ ဟောကြပါ။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်ဂါထာမှ အက္ခရာ ဘယ်နှစ်လုံးရှိ (သုံးဆယ့်နှစ်လုံးပါဆရာ)၊ အေး - ဒါလေးရှိ၊ အနုမောဒနာတရား ဟောလို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ သက္ကပဥှသုတ်လာတာ ဒါအကျဉ်း၊ မြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတဲ့ ပါဠိတော်လို့၊ ပြီးတော့မှ အဋ္ဌကထာဆရာက ဖွင့်။ ဒီနေရာမှာ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဆိုတဲ့ နေရာမှာ သဗ္ဗဒါနံ၊ အလုံးစုံသော ဒါန အပေါင်းတို့ထက်။ ဓမ္မဒါနံ၊ တရားဟောခြင်း တရားနာခြင်း စာပေပို့ချခြင်း တည်းဟူသော ဓမ္မဒါနက၊ ဇိနာတိ၊ အောင်၏၊ မြတ်၏၊ ပို၏။ ဘုရားကိုယ်တော်မြတ် ဒီလို ဟောသွားတယ်တဲ့။ ခပ်သိမ်းသော ဒါနအပေါင်းတို့မှာ ဓမ္မဒါန အမြတ်ဆုံး၊ ဓမ္မဒါန အပိုဆုံး အလွန်ကဲဆုံးလို့ ဘုရားကိုယ်တော်မြတ်က ဒီလို ဖြေသွားတယ်တဲ့။ နံပါတ်တစ်ပုစ္ဆာ။

ဒီတော့ ပုစ္ဆာဖြေနည်းလေး အကျယ်အားဖြင့် အဋ္ဌကထာဆရာက ဝေဖန်ပြတော့ ဘယ့်နဲ့ပြ။ သဗ္ဗဒါနံ၊ အလုံးစုံသော ဒါနတို့ထက်ဆိုတဲ့ နေရာမှာ အလုံးစုံသော ဒါနဆိုတာ ဘယ်ဒါနတုံး။ ဘယ်ဒါန တွေထက် ဓမ္မဒါနပိုသလဲတဲ့။ ဆွမ်း သင်္ကန်း ကျောင်း ဆေး လေးပါးသော ပစ္စည်းပေါ့တဲ့။ ဒါ သဗ္ဗဒါန အလုံးစုံသော ဒါနခေါ်တာပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ဒါနတွေဟာ တန်ဖိုးမရှိတဲ့ ဒါနမျိုးလား ဆိုတော့ မဟုတ်သေးဘူးတဲ့။ လုပ်စမ်းပါတဲ့ လောကကြီး အဋ္ဌကထာဆရာက ပြသွားတယ်။ "စက္ကဝဠဂဗ္ဘေ ယာဝ ဗြဟ္မလောကာ နိရန္တရံ" ဟောဒီ စကြဝဠာတိုက်ကြီးရဲ့အပြည့် ပြပုံသေချာ ကြည့်နော်။ တွက်သားချတတ်အောင်၊ တို့ လူစု တွက်သားချတတ်အောင်၊ ပြီးတော့မှ တို့လုပ်နေတဲ့ လုပ်ငန်းတွေ ဘယ်လောက်တန်ဖိုးရှိလဲဆိုတဲ့ ဥစ္စာလေးတွေ အရှင်းသား အကွင်းသား ပေါ်လာအောင် စကြဝဠာ တိုက်ခန်းကြီးနဲ့အပြည့်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ စကြဝဠာ, စကြဝဠာ

http://www.dhammadownload.com



သိရဲ့လား (သိပါတယ်ဆရာ)၊ လေးကျွန်းတစ်မြင်းမိုရ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ စကြဝဠာ တိုက်ခန်းကြီးနဲ့ အပြည့်၊ အပြည့်၊ အပြည့်။ ဟိုးအမြင့်ကတော့ ဗြဟ္မာပြည်တိုင်အောင် နော် (မှန်ပါတယ် ဆရာ)၊ မများဘူးလား (များလှပါတယ်ဆရာ)၊ ဒါထက် ဖြည့်စရာလည်း မရှိဘူး၊ အဲဒီထဲမှာ စကြဝဠာ တိုက်ခန်းကြီးနဲ့ အပြည့်၊ အမြင့်ကတော့ ဗြဟ္မာပြည့်တိုင်အောင်တဲ့၊ ဘုရားကိုယ်တော်မြတ်တွေတဲ့၊ ပစ္စေကဗုဒ္ဓကိုယ်တော်မြတ်တွေတဲ့နော် (မှန်ပါတယ်ဆရာ)၊ ခီဏာသဝဆိုတဲ့ ရဟန္တာမထေရ်မြတ် တွေတဲ့။ အဲဒီစကြဝဠာတိုက်ခန်းကြီးနဲ့အပြည့် ရွှေကျောင်း စိန်ကျောင်း မြကျောင်း ပတ္တမြားကျောင်းကြီး ဆောက်ပြီး ဗြဟ္မာပြည်ထိအောင် ဆောက်လို့၊ အဲဒီ ရွှေကျောင်း မြကျောင်း စိန်ကျောင်း ပတ္တမြား ကျောင်းကြီးပေါ်မှာ ဘုရားကိုယ်တော်မြတ်တွေ, ပစ္စေကဗုဒ္ဓကိုယ်တော်မြတ်တွေ, ရဟန္တာကိုယ်တော် မြတ်တွေ အပြည့်အပြည့်နော် (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊

အသက်နဲ့အမျှ ဆွမ်း သင်္ကန်း ကျောင်း ဆေး၊ အသက်နဲ့အမျှ ပစ္စည်းလေးပါးဖြင့် လုပ်ကျွေး ပါတဲ့၊ ပူဇော်ပါတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘယ်လိုဆွမ်းမျိုး ဘယ်လိုသင်္ကန်းမျိုး ဘယ်လိုကျောင်းမျိုး ဘယ်လိုဆေးမျိုးနဲ့လည်း မေးတော့ ကျောင်းတော့ မြင်ဖူးကြားဖူးတာ ပြောရမှာ ပဲတဲ့ အဋ္ဌကထာဆရာက၊ မဟာဝိဟာရကျောင်းတော်ကြီး ဘုရားလက်ထက်တော်က နော် (မှန်ပါတယ် ဆရာ)၊ မဟာဝိဟာရကျောင်းတော်ကြီး အဲဒီကျောင်းတော်ကြီး အစရှိသည်အားဖြင့် လောဟပါသာဒ ပြာသာဒ်ကျောင်းတော်ကြီး နော် (မှန်ပါတယ်ဆရာ)၊ လောဟပါသာဒ ပြာသာဒ်ကျောင်းတော်ကြီး ဆိုတာ ကြေးပြာသာဒ်ကြီး ခေါ်တယ်။ တိုင်ပေါင်း တစ်ထောင်ရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ကြီးက အခုတော့ ကွယ်နေတယ် အိန္ဒိယထဲ၊ နောက်ဆုံး တို့ သာသနာငါးထောင်ပြည့်လို့ ရုပ်သိမ်း တဲ့အခါကြတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ဓာတ်တော်တွေ စုပေါင်းပြီးတော့ သီဟိုဠ်ကျွန်းက ထူပါရုံ စေတီအရင်ကြွ၊ ဓာတ်တော်စုပေါင်း အကုန်လုံး ထူပါရုံစေတီကမှ နေပြီးတော့ အခုပြောတဲ့ လောဟပါသာဒဆိုတဲ့ တိုင်ပေါင်းတစ်ထောင်ရှိတဲ့ ကြေးပြာသာဒ်ကြီးကြွ နော် (မှန်ပါတယ်ဆရာ)၊ ဓာတ်တော်တွေ ဓာတ်တော်တွေ၊ ကြေးပြာသာဒ်ကြီးကြွပြီးတဲ့အခါကြမှ ကြေးပြာသာဒ်ကနေပြီးတော့ မြတ်စွာဘုရားကိုယ်တော် ပွင့်တော်မူတဲ့ အပရာဇိတပလ္လင် ဗောဓိပင်နှင့်ရွှေပလ္လင် တစ်ခါကြွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီမှ ဗောဓိပင်နှင့်ရွှေပလ္လင် ရောက်တဲ့အခါကြတော့မှ တို့မြတ်စွာဘုရား ကိုယ်တော်မြတ် ပထမပွင့်တော်မူတဲ့အတိုင်း ဗောဓိပင်နှင့်ရွှေပလ္လင် ပေါ်အုံးမယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ အေး - အဲဒီ ဗောဓိပင်နှင့်ရွှေပလ္လင် အပရာဇိတပလ္လင်ပေါ်မှ ဓာတ်တော်တွေ

http://www.dhammadownload.com



နိမ္မိတဘုရားကိုယ်တော်မြတ်ဖြစ်ပြီးတော့ ပရိနိဗ္ဗာန်စံမှာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီမှ သာသနာသိမ်းတယ်ခေါ်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)။

အေး-ဒီတော့ ဒီအဋ္ဌကထာဆရာက ပြသွားတာ ဘယ်ကျောင်းမျိုးလဲတဲ့။ ဘယ်ဆွမ်းမျိုးလဲတဲ့။ ဘယ်သင်္ကန်းမျိုးလဲတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ကျောင်းလည်းပဲ စကြဝဠာတိုက်ခန်းကြီးနဲ့အမျှတဲ့၊ အခုပြောနေတဲ့ လောဟပါသာဒခေါ်ထားတဲ့ တိုင်ပေါင်းတစ်ထောင်ရှိတဲ့ ကြေးပြာသာဒ်လို ကျောင်းကြီးတွေတဲ့၊ အနာထပိဏ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်မျိုးကြီးတွေတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီကျောင်းတော်မျိုးကြီးတွေ ဆောက်ပြီးတော့ ကိုးကွယ်ပါတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘုရားတဲ့၊ ပစ္စေကဗုဒ္ဓါတဲ့၊ ရဟန္တာတဲ့ ကိုးကွယ်ပါတဲ့။ ကျောင်းတွေကလည်း ထိပ်တန်းမဟုတ်လား (ထိပ်တန်းပါဆရာ)၊ ဆွမ်းကကောတဲ့၊ ဆွမ်းက ဆီဦး ထောပတ်တို့ဖြင့် ကောင်းနိုးရာရာအမွန်မြတ်ဆုံးဆိုတဲ့ အဖျော်ယမကာတို့ဖြင့် နေ့နဲ့အမျှ လှူဒါန်းပါတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဆေးကကောတဲ့၊ ဆေးက စတုမဓုဆိုတဲ့ အရသာ အမွန်မြတ်ဆုံးဆိုတဲ့ ဆေးဝါးတို့ဖြင့် လည်းတစ်သက်လုံး လှူဒါန်းပါတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သင်္ကန်းကကောတဲ့၊ သင်္ကန်းကလည်း ခေါမတိုင်း ရောမတိုင်းကလာတဲ့ အကောင်းဆုံးဆိုတဲ့ ပိုးဖဲကတ္တီပါ ကမ္ဗလာ သင်္ကန်းတွေဆက်ကပ်လှူဒါန်းပြီးတော့ ကိုးကွယ်ဆည်းကပ်ပါတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီတော့ဘယ့်နဲ့သွားတုံး၊ စကြဝဠာတိုက်ကြီးနဲ့အပြည့် ဗြဟ္မာ့ပြည်တိုင်အောင် ဘုရားကိုယ်တော်မြတ်တွေ, ပစ္စေကဗုဒ္ဓကိုယ်တော်မြတ်တွေ, အာသဝေါတရားကုန်ခန်းတဲ့ ရဟန္တာကိုယ်တော်မြတ်တွေ အပြည့်နော် (အပြည့်ပါဆရာ)၊

အဲဒီ အပြည့်မှာ လောဟပါသာဒ ပြာသာဒ်ကြီး အစရှိသော ကျောင်းကြီးမျိုးတွေ, ရွှေကျောင်းတွေ, ငွေကျောင်းတွေ, ကျောင်းကြီးတွေကလည်း အင်မတန်မွန်မြတ်တဲ့ ကျောင်းမျိုးကြီးတွေနဲ့ဆောက်။ ဒီကျောင်းတွေပေါ် ကိုယ်တော်မြတ်တွေတင်၊ ဆွမ်းကလည်း ဆီဦး ထောပတ်တို့ဖြင့် မွှန်းမံခြယ်လှယ်ထားတဲ့ ပြုပြင်ထားတဲ့ ဆွမ်းအကောင်းဆုံး။ ဆေးကလည်း စတုမဓုဆိုတဲ့ အရသာရှိဆုံးဆေး။။သင်္ကန်းကလည်း ခေါမတိုင်း ရောမတိုင်းဖြစ်တဲ့ ပိုးဖဲကတ္တီပါ ကမ္ဗလာဆိုတဲ့ သင်္ကန်း။ ဒါကြောင့် ဆွမ်း သင်္ကန်း ကျောင်း ဆေး အခုလို တန်ဖိုးအများကြီးရှိတဲ့ ပစ္စည်းလေးပါးဖြင့် စကြဝဠာနဲ့အပြည့်ရှိသော ဘုရားကိုယ်တော်မြတ်, ပစ္စေကဗုဒ္ဓါကိုယ်တော်မြတ်, အာသဝေါတရား ကုန်ခန်းတဲ့ ရဟန္တာအရှင်မြတ်တွေ အသက်နဲ့အမျှ လုပ်ကျွေးပါ၊ လှူဒါန်းပါတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။

http://www.dhammadownload.com



အရင်ပြထားတဲ့ အဆက်ကလေး ဘယ်ရောက် (ဘဝပါဆရာ)၊ "ဥပါဒါနပစ္စယာ ဘဝေါ" ဥပါဒါန ပစ္စယာ၊ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါန် ကြောင့် ဘဝဖြစ်၊ ဥပါဒါန်က ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ဥပါဒါန် တရားလေးပါး၊ ဥပါဒါန်လေးပါးတည်းဟူသော အကြောင်းကြောင့် ဘဝဖြစ်တယ်လို့ဆိုတော့ ဘဝက အကျိုး၊ ဥပါဒါန်က အကြောင်း။ ဒီတော့ ဒီဘဝက ဘယ့်နှစ်မျိုးရလဲဆိုတော့ ကမ္မဘဝ ဥပပတ္တိဘဝ နှစ်မျိုးရတယ်။ ကမ္မဘဝ ဥပပတ္တိဘဝ၊ ဘယ်နှစ်မျိုးရတုံး (နှစ်မျိုးရပါတယ်ဆရာ)၊ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့် ဘဝဖြစ်တယ်ဆိုတဲ့ နေရာမှာ ဘဝဘယ်နှစ်မျိုးတုံး (နှစ်မျိုးပါဆရာ)၊ ဘယ်သူနဲ့ ဘယ်သူတွေတုံး (ကမ္မဘဝနဲ့ ဥပပတ္တိဘဝပါဆရာ)၊ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ၊ ကမ္မဘဝဆိုတာ အကြောင်းတရား၊ ဥပပတ္တိဘဝဆိုတာ အကျိုးတရား၊ ကမ္မဘဝ-အကြောင်းဘဝ၊ ဥပပတ္တိဘဝ- အကျိုးဘဝ ဘဝနှစ်မျိုးစလုံး ရတယ် နော် (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝတရားကိုယ် တရားသား ကောက်တော့ လောကီကုသိုလ်စိတ် တစ်ဆယ်ခုနစ်ခုမှာယှဉ်သော စေတနာဆယ့်ခုနစ်ပါး၊ အကုသိုလ် စိတ် ဆယ့်နှစ်ခုမှာယှဉ်သောစေတနာ ဆယ့်နှစ်ပါး ပေါင်းလိုက်တော့ စေတနာစေတသိက် နှစ်ဆယ့်နဲ့ ကိုးပါး ရတယ်နော် (မှန်ပါတယ်ဆရာ)၊ စေတနာလေးတွေ ကောက်ရတယ်။

ကမ္မဘဝဆိုတာ အကြောင်း စေတနာသန့်သန့်ကောက်။ ဥပပတ္တိဘဝဆိုတော့ လောကီဝိပါတ် ဗာတ္တိံသ၊ ဝိညာဏ်တုန်းက ကောက်သလို လောကီဝိပါတ် သုံးဆယ့်နှစ်ပါး၊ စေတသိက်က သုံးဆယ့်နဲ့ ငါး၊ ကမ္မဇရုပ်။ ဒါက ဥပပတ္တိဘဝရဲ့ တရားကိုယ်တရားသား နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ သရုပ်ခွဲတဲ့ အနေလေးအားဖြင့် ပြောပေးရတယ်။ ဝိပဿနာဉာဏ်စဉ် ဝိပဿနာလမ်းစဉ်သွားတော့ သရုပ်ကွဲ သည်ဖြစ်စေ၊ မကွဲသည်ဖြစ်စေပါပဲ ဖြစ်ကောင်းပါ၏။ ဘာဖြစ်လို့ သဘောအဓိပ္ပါယ် နားလည်သွားရင် ဒါ ပဋိစ္စသမုပ္ပါဒ် နားလည်တယ် ခေါ်ပါတယ်။ ဒီတော့ သေသေချာချာလေးလည်း မှတ်။ ဥပါဒါန်ဆိုတဲ့ တရားကြီးလေးပါး စွဲလမ်းမှုအားကြီးလာတော့ ထင်ရာလုပ်တတ်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ပုထုဇဉ်တို့မည်သည်မှာ အရူးနဲ့အတူတူပဲတဲ့။

**ဥမ္မတ္တကော ဝိယ ဟိ ပုထုဇ္ဇနော၊ သော "ကြဒံ ယုတ္တံ ကြဒံ အယုတ္တံ"န္တိ အဝိစာရေတွာ ယဿ ကဿစိ ဥပါဒါနဿ ဝသေန ယံကိဉ္စိ ဘဝံ ပတ္ထေတွာ ယံကိဉ္စိ ကမ္မံ ကရောတိယေဝ။**

တစ်မြန်နေ့က ပြထားတဲ့ ပါဠိအတိုင်း။ ဟိ၊ ချဲ့ဦးအံ့။ ပုထုဇ္ဇနော၊ ပုထုဇဉ်မည်သည်။ ဥမ္မတ္တကော ဝိယ၊ အရူးနှင့်တူ၏။ သော၊ အရူးနှင့်တူသော ပုထုဇဉ်မျိုးသည်။ ကြဒံ၊ ဤသည်ကား။ ယုတ္တံ၊

http://www.dhammadownload.com



သင့်မြတ်၏။ ဣဒံ၊ ဤသည်ကား။ အယုတ္တံ၊ မသင့်မြတ်။ ဣတိ၊ ဤသို့။ အဝိစာရေတွာ၊ မရွေးချယ်မူ၍ (ဝါ) မရွေးချယ်နိုင်၍။ မရွေးချယ်တတ်၍။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါက သင့်တယ်ဟဲ့၊ ဒါတော့ မသင့်ဘူးဟဲ့။ ဒါတော့ ကောင်းတယ်၊ ဒါတော့ မကောင်းဘူး။ ဒါကတော့ အကျိုးဟဲ့၊ ဒါကတော့ အပြစ် မစိစစ်နိုင်ဘူးတဲ့၊ မဝေဖန်နိုင်ဘူး၊ မစဉ်းစားနိုင်ဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူရူး သူကန်းနဲ့တူတဲ့ ပုထုဇဉ်မျိုးဆိုတာ ဒီလိုပဲ၊ ဘယ့်နဲ့လုပ်တုံးတဲ့။ ယဿ ကဿစိ ဥပါဒါဿ ဝသေန၊ အမှတ်မထား တစ်ပါးပါးသော ဥပါဒါန်လေးပါး တစ်ပါးပါးဖြင့်။ ဥပါဒါန်လေးမျိုး လေးစားရှိတဲ့အနက်က တစ်ပါးပါးစွဲလမ်း၊ စွဲလမ်းတော့ ဘာဖြစ်။ ယံကိဉ္စိ ဘဝံ ပတ္ထေတွာ၊ အမှတ်မထား တစ်ပါးပါးသော ဘဝတောင့်တရော့။ သူကြားဖူးတာ သူနာဖူးတာ သူမှတ်ဖူးတာ သူတစ်ဆင့်စကားအားဖြင့် ကြားဖူးတဲ့ ဘဝတစ်ခုခု သူတောင်းတပါရော့တဲ့။ တောင့်တတော့ ဘာလုပ်၊ အမှတ်မထား တစ်ပါးပါးသောကံကို လုပ်လိုက်တာပဲတဲ့ ကုသိုလ်ကံသော်လည်းကောင်း၊ အကုသိုလ်ကံသော်လည်းကောင်း ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အဓိပ္ပါယ်လေး ပြတ်သားနားလည်သွားအောင် ဩော် ဥပါဒါန်တရား စွဲလမ်းလာပြီဆိုမှဖြင့်၊ ဥပါဒါန်တစ်ပါးပါး စွဲလမ်းပြီဆိုမှဖြင့် အမှတ်မထားတဲ့ ဘဝတစ်ခုကို တောင့်တမှုနဲ့ ပြုပြီးတော့ တစ်စုံတစ်ခုသော ကံကို သူလုပ်တော့တာပဲတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့်လည်း ဘဝသံသရာကြီးမှာ မျက်စိလည် မပျောက်တာတဲ့။ လည်ပြီးရင်း လည်ရင်း၊ လည်ပြီးရင်း လည်ရင်း၊ မှားပြီးရင်းမှားရင်း၊ မှားပြီးရင်းမှားရင်း၊ ဘယ်တော့မှ အမှန်နဲ့ မတွေ့နိုင်ဘူးတဲ့။ ဘာပြုလို့ သူ့ဉာဏ်ဣန္ဒြေကိုက မရှိဘူး၊ ဒါသင့်တယ်၊ ဒါမသင့်ဘူး၊ ဒါဟုတ်တယ်၊ ဒါမဟုတ်ဘူး၊ ဒါမှန်တယ်၊ ဒါမှားတယ်၊ ဒါကောင်းတယ်၊ ဒါမကောင်းဘူး၊ ဒါအကျိုး၊ ဒါအပြစ် စိစစ်ဝေဖန်တတ်တဲ့ ပညာဉာဏ်က မရှိတော့ သူထင်ရာ သူကောင်းတယ် မှတ်ပြီး အလုပ်လုပ်တယ်တဲ့။ သူထင်ရာ သူယူစရာ သူစွဲ လမ်းရာ သူအကောင်းမှတ်ပြီးတော့ ကုသိုလ်ကံကိုလည်းကောင်း၊ အကုသိုလ်ကံကိုလည်းကောင်း ကြိုးစားအားထုတ် အလုပ်လုပ်တော့ ဘာဖြစ်သလဲ၊ အဲဒါ ကမ္မဘဝခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ တစ်ခုခုတော့ ကံကို ကြိုးစားမယုတ် အားထုတ်လုပ်တယ်ဆိုတော့ ကမ္မဘဝခေါ်တယ်။ ဒီကမ္မဘဝနဲ့ ကြိုးစားအားထုတ်လိုက်တော့ ဘာဖြစ်လဲဆိုတော့ ဥပပတ္တိဘဝဖြစ်တယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)။ ဥပပတ္တိဘဝဆိုတာ ဘာခေါ်လဲ ဆိုတော့ ဥပပတ္တိဘဝဆိုတာ -

**"ဥပပတ္တိဘဝေါ နာမ တေန ကမ္မေန နိဗ္ဗတ္တံ ဥပါဒိန္နက္ခန္ဓပဉ္စကံ"။** (နိဒါနဝဂ္ဂအဋ္ဌကထာ၊ *နိဒါနသုတ္တ)*

http://www.dhammadownload.com



ဥပပတ္တိဘဝေါ နာမ၊ ဥပပတ္တိဘဝမည်သည်ကား။ တေန ကမ္မေန၊ ထိုကမ္မဘဝတည်းဟူသော စေတနာဖြင့်။ နိဗ္ဗတ္တာ၊ ပြုပြီးလုပ်အပ်သော။ ဥပါဒိန္နက္ခန္ဓပဉ္စကံ၊ ဥပါဒိန္နဟု ဆိုအပ်သော ခန္ဓာငါးပါးကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဥပပတ္တိဘဝ ဆိုတာ တခြားမဟုတ်ဘူး။ အဲဒီ ကမ္မဘဝဆိုတဲ့ စေတနာတွေနဲ့ သူလုပ်လိုက်တော့ ဖြစ်ပေါ်လာတဲ့ ဥပါဒိန္နက္ခန္ဓာ၊ ခန္ဓာငါးချက်ပေါ်ထွက်လာတာ။ ဒါဥပပတ္တိဘဝပါပဲလို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ဥပပတ္တိဘဝမှာ တစ်ခါထပ်ပြီး တရားကိုယ်ကောက်တော့ ဘာရလဲဆိုတော့ ကာမဘဝ ရူပဘဝ အရူပဘဝ သညီဘဝ အသညီဘဝ နေဝသညီနာသညီဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝ ဘဝကြီးကိုးပါး၊ ဘဝကြီးကိုးပါးနဲ့ ဝေဖန်တော့လည်း သုံးဆယ့်တစ်ဘုံ ကုန်သွားပြန်ရော့ နော် (မှန်ပါတယ်ဆရာ)၊ ဆိုလိုတာကတော့ သုံးဆယ့်တစ်ဘုံမှာ ဖြစ်နေတဲ့ခန္ဓာသစ်ကိုတွေ ဥပပတ္တိဘဝလို့ ယူဆတယ်။ ဒီဥပပတ္တိဘဝတည်းဟူသော ခန္ဓာတွေ, ဥပါဒိန္နခန္ဓာတွေဟာ ဘာကြောင့် ဖြစ်ပါလိမ့်လဲဆိုတော့ စေတနာ တည်းဟူသော, ကံ တည်းဟူသော ကမ္မဘဝကြောင့် ဖြစ်တာ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝကြောင့် ဖြစ်တာတွေတဲ့။ ဒါဖြင့် ဒီကမ္မဘဝဆိုတဲ့ အကြောင်းဘဝနဲ့ ဥပပတ္တိဘဝဆိုတဲ့ အကျိုးဘဝ ဘယ်သူကြောင့် ဖြစ်သလဲဆိုတော့ လွန်ခဲ့သော အတိတ်ဘဝက ဥပါဒါန် စွဲလမ်းမှု အားကြီးတယ်၊ အခုပစ္စုပ္ပန်ဘဝလည်း နောင်ဖြစ်အုံးမယ်ဆိုတာ ဥပါဒါန်စွဲလမ်းအားကြီးလို့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "ဥပါဒါနပစ္စယာ ဘဝေါ" ဥပါဒါနပစ္စယာ၊ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ကမ္မဘဝ ဥပပတ္တိဘဝ နှစ်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါန်လေးပါးကြောင့် ကမ္မဘဝနှင့် ဥပပတ္တိဘဝ နှစ်ပါးလာဖြစ်တယ်တဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဥပါဒါန်ကြောင့် ဘာဖြစ်တယ် (ကမ္မဘဝနှင့် ဥပပတ္တိဘဝ လာဖြစ်ပါတယ်ဆရာ)၊ ဘဝနှစ်မျိုး ဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝဆိုတာ အကြောင်းဘဝလား၊ အကျိုးဘဝလား (အကြောင်းဘဝပါဆရာ)၊ ဥပပတ္တိဘဝဆိုတာ အကျိုးဘဝလား၊ အကြောင်းဘဝလား (အကျိုးဘဝပါဆရာ)၊ အကျိုးဘဝ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာလေးမှာ ကမ္မဘဝရဲ့ တရားကိုယ် တရားသား စောစောက ပြောထားတဲ့အတိုင်း လောကီ ကုသိုလ် ဆယ့်ခုနစ်ပါးမှာ ယှဉ်သော စေတနာ ဆယ့်ခုနစ်ခု၊ အကုသိုလ်စိတ် ဆယ့်နှစ်ခုမှာ ယှဉ်သော စေတနာ ဆယ့်နှစ်ခု၊ ပေါင်းလိုက်တော့ နှစ်ဆယ့်ကိုးခုသော စေတနာ နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



တစ်နည်းအားဖြင့် လောကီကုသိုလ်စိတ်နှင့်တကွ လောကီကုသိုလ်စိတ်မှာ ယှဉ်သော စေတသိက် ဆယ့်ခုနစ်၊ အကုသိုလ်စိတ်နှင့်တကွ အကုသိုလ်စိတ်မှာယှဉ်သော စေတနာ ဆယ့်နှစ်။ စိတ်ရော စေတသိက်ကော နှစ်ပါးစလုံး ရတယ်နော် (မှန်ပါတယ်ဆရာ)၊ နှစ်မျိုးနှစ်စားအားဖြင့် ပြထားတာ ရှိတယ် အတူတူပါပဲ။ ဒါကြိုက်တာ ယူပေါ့။ "ကမ္မံ သတ္တေ ဝိဘဇ္ဇတိ" ဆိုတော့ ကံလေးတင် အဖျားစွပ်ပြီး ဟောသွားလို့ စိတ်မပါဘူးလို့ မဟုတ်ပါဘူး။ ဒါပေမယ့်လို့ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဆိုတဲ့ ပါဠိကြည့်ပြန်တော့လည်း စိတ်လည်း ပါတာပဲလို့။ ဒါကြောင့် "သဗ္ဗမ္ပိ ဘဝဂါမိကံ ကမ္မံ" အဲဒါဘဝဖြစ်စေတတ်သော ကံနှင့် သမ္ပယုတ္တဓမ္မဖြစ်တဲ့ စိတ်တရားတွေပါ အကုန်ရတယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒီနေရာမှာ ကမ္မဘဝနှင့် ဥပပတ္တိဘဝ ခွဲလိုက်တော့ ထိုကမ္မဘဝသည် အကြောင်းဘဝ၊ ဥပပတ္တိဘဝသည် အကျိုးဘဝ၊ ဒါလေးနှစ်ခု ပိုင်းခြားပြီးမှတ်ထား။ ကမ္မဘဝ,က အကြောင်းဘဝ။ ဥပပတ္တိဘဝ, က-အကျိုးဘဝ။ ထိုအကြောင်းဘဝ အကျိုးဘဝဆိုတဲ့ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ နှစ်ပါးသည် ဘယ်သူကြောင့် ဖြစ်သလဲဆိုရင် ဥပါဒါနကြောင့် ဖြစ်တယ်လို့ ဒီလို ယူရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီနေရာနှစ်ပါးလုံးရထားတဲ့ အဓိပ္ပါယတ္ထ ဖြစ်တတ်တယ် ခပ်ရှုတ်ရှုတ်ကလေး၊ ပဋိစ္စသမုပ္ပါဒ် လေ့လာတဲ့ ပုဂ္ဂိုလ်များလို့ အဲဒါလေး ဝင်စား၊ သမာဓိလည်းကောင်းကောင်းထားပေါ့။ ဒီနေရာ ထွေးထွေးယှက်ယှက်ကလေး ဖြစ်တတ်တယ် မဝေဖန်တတ်လို့ရှိရင်၊ ဒီတော့ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့် သူဘာလုပ်သလဲ ဆိုတော့ ကံလုပ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ကံ, အကုသိုလ်ကံလုပ်တယ်လား (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝ မနေဘူးလားဟ (ကမ္မဘဝပါဆရာ)၊ အဲဒီ ကမ္မဘဝလုပ်လိုက်တော့ ကမ္မပထလည်းမြောက်သွားရော့။ သူ့အကျိုးပေးလတ္တံ့သော ဝိပါက်တရားက သူ့မှာ ရရှိပြီးသား ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ ဝိပါက်တရားတွေ ရရှိပြီးသား ဖြစ်သွားရော့။ ဒါပေမယ့် အကျိုးကလည်း ရုတ်တရက် မပေးသေးဘူးပေါ့ (မပေးသေးပါဘူးဆရာ)၊ စုဗူးလို အနေအားဖြင့် သူ့စုထားတာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပါယ်ဆိုကြစို့ကွာ - မင်း ဘုရားပုထိုး ရှိခိုးဝတ်တက်နေတယ်။ ဘုရားပုထိုးရှိခိုး ဝတ်တက်တယ်လို့ ဆိုတဲ့ အခါဖြစ်ပေါ်နေတဲ့ စေတနာ ကံမဟုတ်လားကွာ (ကံပါဆရာ)၊ ရှိခိုးဝတ်တက်လို့လည်း ပြီးသွား၊ ကမ္မပထလည်း မြောက် မသွားဘူးလား (မြောက်သွားပါတယ်ဆရာ)၊ မြောက်သွားတော့ ဒီမြောက်သွားသော ကံက အကျိုးပေးမဲ့ဝိပါက်က မင်းမှာ ရမနေဘူးလား (ရနေပါတယ်ဆရာ)။

http://www.dhammadownload.com



တစ်နေ့သောအခါ အကျိုးပေးလတ္တံ့၊ တစ်နေ့သောအခါ အကျိုးရလတ္တံ့၊ ဒီလို ဖြစ်မနေဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ မိမိမှာရထားတဲ့ မဖြစ်သေးသော အကျိုးမပေးရသေးသော အကျိုးပေးလတ္တံ့၊ အကျိုးပေးအံ့လိမ့်မယ်ဆိုတဲ့ အကျိုးတရားတွေက ဒီနေရာမှာ ဥပပတ္တိဘဝထဲ သွင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဘယ့်နဲ့ဖြစ်နေလဲဆိုတော့ ဥပါဒါန်ကြောင့် ကံလုပ်တယ်။ ကံလုပ်လို့ ကမ္မပထမြောက်တယ်။ အကျိုးပေးအံ့သော ဝိပါကတရားတွေသည် ငါ့၌ ထင်ရှားရှိတယ်ဆိုတော့ စုပူးလို လျှောင်ထားတယ်။ အခုပေးမလား၊ အခုပေးတာလည်း ရှိတယ်။ ဒိဋ္ဌဓမ္မဝေဒနီယကံ နော် (မှန်ပါတယ်ဆရာ)၊ အခုမပေးသေးဘူး၊ အဟောသိကံဖြစ်သွားတယ်။ နောင်ဘဝ ပဋိသန္ဓေပေးမယ် သတ္တမဇော၊ မပေးဘူး၊ အဟောသိကံ ဖြစ်တယ်။ အလယ်ဇော ငါးချက်၊ စုရဲ့ဆောင်းရဲ့ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီတော့ အကယ်တန္တု ဒီဘဝကနေပြီးတော့ စုတိမနေ သေလွန်တော့ ဒုတိယဘဝကြတော့ ဝိပါက်အကျိုးရမဲ့ တရားတွေက အကုန်အကျိုးပေးလိုက်ရော့ မပေးဖူးလား (ပေးမှာပါဆရာ)၊ ပဋိသန္ဓေလည်း ပဋိသန္ဓေအလျောက်ပေး။ ပဝတ္တိ့က ပဝတ္တိအလျောက်ပေးတော့ ဟောတာ ဘာဖြစ်လဲလို့ ပဋိသန္ဓေပေးလိုက်တယ်ဆိုရင် ဇာတိဖြစ်သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီဇာတိသည် ဘယ်သူကြောင့် ဖြစ်သလဲဆိုတော့ ကမ္မဘဝကြောင့် ဖြစ်တယ်လို့။ "ဘဝပစ္စယာ ဇာတိ" ဆိုတဲ့ နေရာမှာ ဘဝနဲ့ဇာတိအကူးလေးမှာ ဒီကြတော့ ဥပပတ္တိဘဝ မဟုတ်ဘူး။ ဇာတိ ကမ္မဘဝ ကောက်သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝကြောင့် ဇာတိဖြစ်၏။ အဲဒီနေရာလေးမှာ မိမိရထားတဲ့ အကျိုးဆိုတဲ့ သဘာဝလေးက နည်းနည်းမြုပ်နေ။

ဒါပေမယ့် ဒီနေရာမှာ "ဥပါဒါနပစ္စယာ ဘဝေါ"ဆိုတဲ့ နေရာ မုချဆတ်ဆတ် ဥပါဒါန်ကြောင့် ဖြစ်တဲ့ အကျိုးတရားသည် ဘယ်သူ့ရမလဲဆိုလို့ရှိရင် အမှန်ကတော့ ဥပပတ္တိဘဝ ဖြစ်နေရ၊ သူ့မှာ အကျိုးစစ် အကျိုးမှန်ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုမဟုတ်လို့ ဥပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်လာတယ် ဆိုတော့ အကြောင်းကြောင့် အကြောင်းဖြစ်တယ် ဆိုတဲ့ အဓိပ္ပါယ်ပေါ်တတ်တယ်။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဒီကမ္မဘဝ မကောက်ရဘူးလားဆိုတော့ ကောက်ရမယ်တဲ့။ ဘာပြုလို့တုံး၊ ဒါဖြင့် အကြောင်းကြောင့် အကြောင်းဖြစ်တာလားဆိုတော့ ဒီလိုဆိုတော့ မဟုတ်ဘူးတဲ့။ အမှန်သေချာကြည့်။ ဥပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်တယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝလည်း အကြောင်းမဟုတ်လား (အကြောင်းပါဆရာ)၊ ဒါဖြင့် အကြောင်းကြောင့် အကြောင်း ဖြစ်လာတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်တယ်၊ အကြောင်းကြောင့် အကြောင်း၊ ပြီးတော့မှ ကမ္မဘဝကြောင့် ဥပပတ္တိဘဝဖြစ်တယ်။ အကြောင်းကြောင့် အကျိုး

http://www.dhammadownload.com



ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာလေးမှာ အကြောင်းကြောင့် အကြောင်းဖြစ်တယ်ဆိုတဲ့ နေရာလေးမှာ အကြောင်းတစ်ချက်မြုပ်နေ၊ အကြောင်းတစ်ချက်မြုပ်နေ။ ဘာပြုလို့ အကယ်တန္တု ဥပါဒါကြောင့် ကမ္မဘဝဖြစ်တယ်လို့ ယူဆရင် ဘယ်လို ဖြစ်သွားမတုံး၊ ဥပါဒါန်ကလည်း အကြောင်းတရား၊ ကမ္မဘဝလည်း အကြောင်းတရား၊ အကြောင်းကြောင့် အကြောင်းဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ်နေတယ်။ ဒီလို မယူနဲ့၊ ကမ္မဥပါဒါန်ကြောင့် ကမ္မဘဝနှင့် ဥပပတ္တိဘဝ နှစ်ပါးဖြစ်တယ် ဆိုတော့ ကမ္မဘဝ အကြောင်းလေးက ဒီနေရာမြုပ်နေ နော် (မှန်ပါတယ်ဆရာ)၊ အကျိုးမကောက်ပါနဲ့တဲ့။ သူ့ကြောင့်ဖြစ်တာတဲ့ ဆိုလိုတာက စွဲလမ်းရော့ အဓိပ္ပါယ်အားဖြင့် ဥပါဒါန်တရားဖြစ်လာတယ် နော် (မှန်ပါတယ်ဆရာ)။

ငါတော့ လူ့ဘဝ နတ်ဘဝ ဘဝကောင်း ရချင်တယ်လို့ စွဲလမ်း ဥပါဒါန် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အတ္တဝါဒုပါဒါန်အနေအားဖြင့် စွဲလမ်းတယ်၊ (တစ်နည်း) ကာမုပါဒါန်အားဖြင့် စွဲလမ်းတယ်။ ငါတော့ ငါးဖြာအာရုံ ကာမဂုဏ်တရား ဘယ်နေရာ ထင်ရှားရှိတယ်၊ ဘယ်နေရာ သာလွန်တယ်လို့ ထိုသာလွန်တဲ့ဘဝ ငါလိုချင်ပါဘိလို့ စွဲလမ်းမှု ဥပါဒါန် ကာမုပါဒါန်စွဲလမ်း၊ စွဲလမ်းတော့ အဓိပ္ပါယ်က လူ့ထက်နတ်က ချမ်းသာတယ်ဆိုတော့ နတ်ဘဝ လိုချင်ရော့ ဒါ ဥပါဒါန်ခေါ်တယ်။ အဲဒီလို စွဲလမ်းတော့ လိုချင်လို့ရှိရင်တော့ ဒီအတိုင်းလက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး။ လူ့ဘဝ နတ်ဘဝရရာ ရကြောင်းဆိုတဲ့ ကုသိုလ်ကမ္မပထတရား ကြိုးစားအားထုတ်ရတယ်။ အလုပ်လုပ်ရတယ်လို့ဆိုတော့ စွဲလမ်းခြင်းကြောင့် ကံလုပ်တယ် မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ အဲဒီလုပ်တဲ့ကံ ကမ္မဘဝ ဖြစ်မနေဘူးလား။ (ကမ္မဘဝပါ ဆရာ)၊ ကမ္မဘဝ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကမ္မဘဝတဲ့၊ ဘာဘဝခေါ်တယ်။ (ကမ္မဘဝပါဆရာ)၊ အေး-စေတနာတွေ တစ်ဖွားဖွားနဲ့ ပေါ်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ လုပ်ပေရော့ မှတ်ထားနော်၊ လုပ်ပြီးတော့ ဘာဖြစ်လဲဆိုတော့ အဲဒီလုပ်တဲ့ စေတနာ ကံတွေကြောင့် နောင်အကျိုး တစ်ဖန်ပေါ်လာတော့ ဥပပတ္တိဘဝ မဖြစ်ဘူးလား (ဖြစ်လာမှာပါဆရာ)။

ဒီတော့ ဥပပတ္တိဘဝ သွားပြီးတော့ အကျိုးပေးသွားပြီး ထင်ရှားတယ်။ ဒီနေရာ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့်၊ ကမ္မဘဝတည်းဟူသော အကြောင်းကြောင့် ဥပပတ္တိဘဝဖြစ်ရတယ်လို့ ဒီလိုနေရမယ် နော် (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝကလည်း အကြောင်းကိုးကွ၊ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့်၊ ကမ္မဘဝတည်းဟူသော အကြောင်းကြောင့် ဥပပတ္တိဘဝဖြစ်ရတယ်ဆိုတော့ အကြောင်းကြောင့် အကြောင်း ဒီလို ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ အဲဒီ နေရာလေး နည်းနည်း ဝိုးတိုးဝါးတား ဖြစ်တတ်တယ်။ ဒါပေမယ့်လို့ ဒီကမ္မဘဝဟာ ဥပါဒါန်ကြောင့် ဖြစ်လာတဲ့

http://www.dhammadownload.com



အကျိုးတရားဆိုတာ ဥပစာရနည်းအားဖြင့် ဟောထားတာတဲ့။ အမှန်ကတော့ သူအကြောင်းပဲတဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "ကာရဏကာရဏမ္ပိ ကာရဏံတွေ၀ ဝုစ္စတိ" ကာရဏကာရဏမ္ပိ၊ အကြောင်းရဲ့ အကြောင်းကိုလည်း။ ကာရဏံတွေ၀၊ အကြောင်း ဟူ၍သာလျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။ သူက အကြောင်းရဲ့အကြောင်း၊ အကြောင်းရဲ့အကြောင်းပဲ နေတာပဲတဲ့၊ အမှန်ကတော့ ဥပါဒါန်ကြောင့် ဖြစ်လာတဲ့ အကျိုးတရားလို့ မခေါ်နိုင်ဘူးတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အကြောင်းပဲတဲ့။ ဒါဖြင့် အကြောင်းဒီနေရာ မရကောင်းလားဆိုတော့ ရကောင်းတာပေါ့တဲ့။ တစ်စိတ်တစ်ဒေသရဲ့ "ဘဝေကဒေသော"လို့ ပြသွားတယ်။ ကမ္မဘဝ မပါလို့လဲ ဒီဥပပတ္တိဘဝ ဘယ်ဖြစ်မတုံး။ ဒီနေရာမှာ အဋ္ဌကထာဆရာ ဥပမာပြတာက "တိဏေန ဘတ္တံ သိဒ္ဓံ" ဆိုတဲ့ ဥပမာလေးပြတယ်။ တိဏေန၊ မြက်ထင်းကြောင့်။ ဘတ္တံ၊ ထမင်းသည်။ သိဒ္ဓံ၊ ကျက်၏။ ဥပမာလေး တိဏေန ဘတ္တံ သိဒ္ဓံ၊ တိဏေန၊ မြက်ထင်းကြောင့်။ ဘတ္တံ၊ ထမင်းသည်။ သိဒ္ဓံ၊ ကျက်၏။ မြက်ထင်းကြောင့် ထမင်းကျက်ရတယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မြက်ထင်းကြောင့် ထမင်းကျက်တာ ဟုတ်လား (မှန်ပါတယ် ဆရာ)၊ ဘယ့်နှဲ့လုပ်ကျက် ဒါဖြင့် မြက်တွေပေါ်ပုံတင်၊ ထင်းတွေပုံပေါ်တင် ထမင်းအိုးတည်တာ ကျက်လား (မကျက်ပါဘူးဆရာ)၊ ဘာမှန်ပါတယ်တုံး (မီးထိုးရပါတယ်ဆရာ)၊ မီးထိုးပြီး ကျက်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကဲ ဒါဖြင့် မြက်ထင်းကြောင့်၊ မီးကြောင့် ထမင်းကျက်တယ် ဒီလို မနေဘူးလားဟ (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ မြက်ထင်းကြောင့်၊ မီးကြောင့် ထမင်းကျက်၏။

ဒါနဲ့ ဒီနေရာ မီးကြောင့်ပါတယ်လား (မပါဘူးဆရာ)၊ "တိဏေန ဘတ္တံ သိဒ္ဓံ" ဆိုတဲ့ ဝါကျထဲမှာ မီးကြောင့် မပါလာဘူး၊ ပါဖူးလား (မပါပါဘူးဆရာ)၊ မပါဘူး၊ မြက်ထင်းကြောင့် အရေးကြီးဆုံး ဥပါဒါန် ဆိုတဲ့ အကြောင်းကို အကြောင်းတရား ပေါ်သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ မီးက ဘာတုံးတဲ့၊ မီးဟာ အကြောင်းရဲ့အကြောင်းပဲ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အခုလည်း ဒီလိုပဲ အရေးကြီး ဥပါဒါန်တရားကို အကြောင်းရင်း ပေါ်သွားတယ်။ ကမ္မဘဝကိုတော့ အကြောင်းရင်းတရား မထားဘူး။ ဥပါဒါန်ကြောင့် ဖြစ်လာတဲ့ အကြောင်းပဲတဲ့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်ကြောင့် ဖြစ်လာတဲ့အကြောင်း။ ဒါကြောင့် ဥပါဒါန်ကြောင့် ကမ္မဘဝရောက် ဥပပတ္တိဘဝဖြစ်ရတယ်။ နားလည် လား (နားလည်ပါတယ်ဆရာ)၊ ဥပါဒါန်ကြောင့် ကမ္မဘဝကြောင့် ဥပပတ္တိဘဝ ဖြစ်ရ၏ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အခုနက ဥပမာနဲ့ ဘယ့်နှဲ့နေ၊ (မြက်ကြောင့် ထမင်းကျက်ရပါတယ်ဆရာ)၊

http://www.dhammadownload.com



မြက်ကြောင့် ထမင်းကျက်တယ် (မြက်ထင်းကြောင့် ထမင်းကျက်ရပါတယ် ဆရာ)၊ မြက်ထင်းကြောင့် ထမင်းကျက်တယ် (မှန်ပါတယ်ဆရာ)၊ မြက်ထင်းကြောင့် ထမင်းကျက်တယ် ဆိုတဲ့ကြားထဲ ဘာပါနေ (မီးပါပါတယ်ဆရာ)၊ မီးပါတယ်၊ ဒါဖြင့် ဘယ့်နှဲ့လုပ် အကြောင်းခံပြ စမ်းပါ (မြက်ထင်းကြောင့်, မီးကြောင့် ထမင်းကျက်ရပါတယ်ဆရာ)။

အေး-ဟုတ်ပြီ၊ မြက်ထင်းကြောင့်၊ မီးကြောင့် ထမင်းကျက်၏။ မြက်ထင်းကြောင့် ထမင်းကျက်တယ် ဆိုရင် မြက်ထင်းပေါ် ထမင်းပုံထားလို့ ထမင်းအိုးတည်ထားလို့ ကျက်ပါ့မလား (မကျက်နိုင်ပါဘူးဆရာ)၊ မီးကြောင့် နော် (မှန်ပါတယ်ဆရာ)၊ မြက်ထင်းမပါဘဲနဲ့ မီးချည်းပဲဆို ဖြစ်ပါ့မလား ဟော-အခုမှ လျော့ချသွား၊ မြက်ထင်းကြောင့်, မီးကြောင့် ထမင်းကျက်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းဘယ်နှစ် ပါးထပ်နေတုံး (နှစ်ပါးထပ်နေပါတယ်ဆရာ)၊ အေး-အဲဒါ အကြောင်းရဲ့ အကြောင်းပဲတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မြက်ထင်းကြောင့် မီးတောက်ရ၏။ မီးတောက်ခြင်းကြောင့် ထမင်းကျက်ရ၏။ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဥပါဒါန်ကြောင့် ကံကို လုပ်၏။ ကံကြောင့် ဥပပတ္တိဘဝ ဖြစ်၏၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါပေမယ့် ကံဆိုတဲ့ ကမ္မဘဝဟာ အမှန်က ကမ္မဥပါဒါန်ကြောင့် ဖြစ်လာတဲ့ တရားကြီးမို့လို့ ဒီနေရာမှာ အကျိုးဘဝထဲ သွင်းပြီးတော့ ထားတာတဲ့။ "ဥပါဒါနပစ္စယာ ဘဝေါ"လို့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီနေရာလေးက နည်းနည်းလေး ခပ်ထွေးထွေးလေး လိမ်တတ်တယ်။ လိမ်တိမ်တိမ်လေး နေတတ်တယ်။ ဒီတော့ ခုန ဥပမာလေးလဲ မှတ်ထား၊ မြက်ထင်းကြောင့် ထမင်းကျက်၏။ "တိဏေန ဘတ္တံ သိဒ္ဓံ" တိဏေန၊ မြက်ထင်းကြောင့်။ ဘတ္တံ၊ ထမင်းသည်။ သိဒ္ဓံ၊ ကျက်၏။ မြက်ထင်းကြောင့် ထမင်းကျက်တယ်ဆိုတဲ့ ဝါကျထဲမှာ မီးပါတယ် မပါဖူးလား (ပါပါတယ်ဆရာ)၊ မြက်ထင်းကြောင့်, မီးကြောင့် ထမင်းကျက်၏ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အခုလည်း ဥပါဒါန်ကြောင့် ဥပပတ္တိဘဝဖြစ်၏။ အကြောင်းလေးသွင်းပြစမ်းပါ (ဥပါဒါန်ကြောင့်, ကမ္မဘဝကြောင့် ဥပပတ္တိဘဝ အကျိုးဖြစ်ရပါတယ်ဆရာ)၊ အေး-ပြန်ဆိုစမ်းပါ။ ဥပါဒါန်ကြောင့် (ဥပါဒါန်ကြောင့် ကမ္မဘဝအကြောင်းကြောင့်) ဥပါဒါန်တော့ 'ကြောင့်'တဲ့ထား။ ကမ္မဘဝကြ အကြောင်းကြောင့်၊ မျက်နှာ လိုက်သေးတယ်၊ ဥပါဒါန်ကြောင့် (ဥပါဒါန်ကြောင့် ဥပပတ္တိဘဝ အကျိုးဖြစ်တယ်) အကျိုးဖြစ်တယ် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

http://www.dhammadownload.com



ဒီတော့ "ဥပါဒါနပစ္စယာ ဘဝေါ" ဆိုတဲ့နေရာမှာ ဥပါဒါန်က အကြောင်းတရား၊ ဘဝဆိုတဲ့ နေရာမှာ ကမ္မဘဝ ဥပပတ္တိဘဝ နှစ်မျိုးကောက်လိုက်ကရော့နော် (မှန်ပါတယ်ဆရာ)၊ နှစ်မျိုးကောက်လိုက်တော့ နှစ်မျိုးက ဘယ်သူလဲဆိုတော့ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ မနေဖူးလား (နေပါတယ်ဆရာ)၊ ကမ္မဘဝက အကြောင်းဘဝလား အကျိုးဘဝလား (အကြောင်းဘဝပါဆရာ)၊ ဥပပတ္တိဘဝက အကျိုးဘဝလား အကြောင်းဘဝလား (အကျိုးဘဝပါဆရာ)၊ အေး-ဒါကြောင့် ဒီကမ္မဘဝဆိုတဲ့ စေတနာ ကံတွေ လုပ်ပြီဆိုမှဖြင့် အကျိုးဆိုတဲ့ ဥပပတ္တိဘဝတွေ ဖြစ်လာတယ်တဲ့။ ဘယ်သူတွေတုံးတဲ့ "တေန ကမ္မေန နိဗ္ဗတ္တံ ဥပါဒိဏ္ဏကက္ခန္ဓပဥ္စကံ" နော် (မှန်ပါတယ်ဆရာ)၊ ထိုကံကြောင့်, ထိုကံဖြင့် ပြီးသော၊ ထိုကံကြောင့် ဖြစ်ပေါ်လာသော ခန္ဓာငါးပါးဟာ ဒါ ဥပပတ္တိဘဝပဲ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီခန္ဓာငါးပါးလဲ ဘုံသုံးဆယ့်တစ် ဝေလိုက်တော့, ဘဝကြီးကိုးပါးနဲ့ ဝေလိုက်တော့ ကိုးပါးဖြစ်လာရော့။ ကာမဘဝနဲ့ကမ္မဘဝ သေချာမှတ်ထားနော်။ ခုန အကြောင်းဘဝသည် ကမ္မဘဝ မဟုတ်ဘူးလား (ကမ္မဘဝပါဆရာ)၊ အခု ဘဝကြီးကိုးပါး ရေတဲ့အခါကြတော့ ကာမဆယ့်တစ်ဘုံ ကာမဘဝ ခေါ်၏။ နားလည်လား (နားလည်ပါတယ်ဆရာ)။

အဲဒါကြောင့်လဲ ကာမဘဝနဲ့ကမ္မဘဝ သေချာခွဲဆို၊ ခုန "ဥပါဒါနပစ္စယာ ဘဝေါ"ဆိုတဲ့ နေရာမှာ အကြောင်းဘဝက ဘာဘဝ (ကာမဘဝပါဆရာ)၊ ကမ္မဘဝ၊ ကံကံ (ကမ္မဘဝပါဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ အခုလည်း ဥပပတ္တိဘဝ ဘဝကြီးကိုးပါး ရေတဲ့အခါကြတော့ ဘာဘဝက စရေ (ကာမဘဝကပါဆရာ)၊ ကာမဘဝ (မှတ်မိလား) မှတ်မိပါတယ်ဆရာ။ ကာမဘဝ ရူပဘဝ အရူပဘဝ သညီဘဝ အသညီဘဝ နေဝသညီနာသညီဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝ ဘဝကြီးကိုးပါး မဟုတ်လား (ကိုးပါးပါဆရာ)၊ အဲဒီ ဘဝကြီးကိုးပါး ဘုံသုံးဆယ့်တစ်နဲ့ ဝေတော့ ကုန်ရော့။ ဘုံသုံးဆယ့်တစ်ကိုပဲ ကိုးမျိုးအားဖြင့် ပိုင်းခြားပြီး ခေါ်ထားတယ်။ အမှန်ကတော့ ဘုံသုံးဆယ့်တစ်မှာ ဖြစ်ဖြစ်သမျှ ခန္ဓာတွေဟာ ဒါ ဥပပတ္တိဘဝချည်းပဲ နော် (မှန်ပါတယ်ဆရာ)၊ ဘယ်ဘဝမှာဖြစ်ဖြစ် ခန္ဓာဖြစ်လာရင် အရင်ကလုပ်ထားတဲ့ ကမ္မဘဝတည်းဟူသော စေတနာကြောင့် ဖြစ်တာ မဟုတ်ဘူးလား (စေတနာကြောင့်ပါဆရာ)။

ဒါကြောင့် "ဥပပတ္တိဘဝေါ နာမ တေန ကမ္မေန နိဗ္ဗတ္တံ ဥပါဒိဏ္ဏကက္ခန္ဓပဥ္စကံ" နော် (မှန်ပါတယ်ဆရာ)၊ ထိုကံကြောင့် ပြီးသော၊ ထိုကံကြောင့် ဖြစ်ပေါ်လာသောခန္ဓာ ဥပပတ္တိဘဝပဲတဲ့ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ အဲဒါ တစ်ခုချင်း တစ်ခုချင်း သူ့တရားကိုယ်လေးနဲ့ သူ့သဘော အဓိပ္ပါယ်လေးနဲ့ ရှင်းရှင်းပြီးတော့ ယူထား။ ဩော်-ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်၊ ကမ္မဘဝကြောင့်

http://www.dhammadownload.com



ဥပပတ္တိဘဝဖြစ်။ ဒါပေမယ့် ဒီနေရာမှာ ကမ္မဘဝကြောင့် ဥပပတ္တိဘဝဖြစ်လို့ မဆိုရဘူး နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာပြုလို့ မဆိုရလဲဆိုတော့ ဒီအင်္ဂါဆယ့်နှစ်ရပ်ပြသွားတာ "ဥပါဒါနပစ္စယာ ဘဝေါ"လို့၊ ဘဝတစ်လုံးထဲ ပြသွား နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီ ဘဝတစ်လုံးထဲမှာ အကြောင်းဘဝ အကျိုးဘဝ နှစ်မျိုးယူထားတာ။ ခုဝေဖန်ပြတဲ့အတိုင်း အကြောင်းဘဝ,က ကမ္မဘဝ အကျိုးဘဝ,က ဥပပတ္တိဘဝ၊ အကြောင်းဘဝ ကမ္မဘဝက စေတနာ လောကီကုသိုလ်စေတနာ တစ်ဆယ့်ခုနစ်၊ အကုသိုလ်စေတနာ ဆယ့်နှစ် ပေါင်း နှစ်ဆယ့်နဲ့ကိုး။ ဥပပတ္တိဘဝ ဘယ်သူတုံး ကောက်လိုက်တဲ့အခါကြတော့ ဝိပါက်စိတ် သုံးဆယ့်နဲ့နှစ်, စေတသိက် သုံးဆယ့်နဲ့ငါး, ကမ္မဇရုပ် နော် (မှန်ပါတယ်ဆရာ)၊ ဒါလေးတွေ ကောက်တာ။

ဩော်-ဒီနေရာမှာ ကမ္မဘဝနဲ့ဥပပတ္တိဘဝ နှစ်ပါးဟာ ဥပါဒါန်ရဲ့ အကျိုးအနေအားဖြင့် ကောက်ထားပါပဲ၊ ဘာပြုလို့ ကမ္မဘဝ ထည့်ကောက်ပါလိမ့်၊ ထည့်ကောက်ရပါသောကောတဲ့ ဥပါဒါန်ဖြစ်ရင် ကမ္မဘဝဖြစ်မှာတဲ့။ ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ရတာတဲ့။ စွဲလမ်းရင် အလုပ်လုပ်တယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ စွဲလမ်းရင် အလုပ်လုပ်တယ်တဲ့၊ အလုပ်ဆိုတာ ဘာတုံး (ကံပါဆရာ)၊ အေး-ကံ, ကံ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒါကြောင့် "ယဿ ကဿစိ ဥပါဒါနဿ ဝသေန ယံကိဉ္စိ ဘဝံ ပတ္ထေတွာ ယံကိဉ္စိ ကမ္မံ ကရောတိယေဝ။" ယဿ ကဿစိ ဥပါဒါနဿ ဝသေန၊ အမှတ်မထား တစ်ပါးပါးသော ဥပါဒါန်၏ အစွမ်းအားဖြင့်။ ယံကိဉ္စိ ဘဝံ၊ အမှတ်မထား တစ်ပါးပါးသော ဘဝကို။ ပတ္ထေတွာ၊ တောင့်တ၍။ ယံကိဉ္စိ ကမ္မံ၊ အမှတ်မထား တစ်ပါးပါးသော ကံကို။ ကရောတိယေဝ၊ ပြုတော့သည်သာလျှင်တည်း ဆိုတော့ အမှတ်မထား တစ်ပါးပါးသော ဥပါဒါန်ကြောင့် အမှတ်မထား တစ်ပါးပါးသော ကံကို ပြု၏။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အမှတ်မထား တစ်ပါးပါးသော ကံကို ပြုခြင်းကြောင့် ဥပပတ္တိဘဝ ဘဝကြီးကိုးပါး ဖြစ်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး မှတ်ထား။

ဒီတော့ ပဋိစ္စသမုပ္ပါဒ် ယခုတစ်ပတ်မှာ ဘွားကနဲ လိုက်တဲ့လူများကျတော့ အဲဒါ ဝိုးတိုးဝါးတား လည်း ဖြစ်နေတယ်၊ မနိုင်မနင်းလည်း ဖြစ်နေတယ်။ အခုလမှလည်း ဝင်လိုက်တယ်ဆိုတော့ မနိုင်မနင်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဖြစ်ပေမယ့် မငြီးငွေ့နဲ့၊ မပျင်းမရိနဲ့နော် (မှန်ပါတယ်ဆရာ)၊ တို့ အခုတစ်ပတ်က ဒီလိုပဲ ဗဟုသုတအနေအားဖြင့် နာထား။ နောက်တစ်ပတ် ထပ်လိုက်ရင် ပြတ်သားရမယ်၊ စိတ်ထဲမှာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အခုနေ ဗဟုသုတအနေအားဖြင့် နာထား၊ မှတ်သင့်သလောက် မှတ်ထားတော့ ကြားဖူးနားဝရှိလို့ နောက်တစ်ပတ် ထပ်လိုက်ရင် မပြတ်သားဘူးလားကွ (ပြတ်သား

http://www.dhammadownload.com



မှာပါဆရာ)၊ နောက်တစ်ပတ် ထပ်လိုက်လို့ မပြတ်သား၊ နောက်တစ်ပတ် နောက်တစ်ပတ် ထပ်ထပ် နာသွားလို့ ရှိရင် မုချပြတ်သားသွားမှာနော် (မှန်ပါတယ်ဆရာ)၊ အနည်းဆုံး သုံးပတ်လေးပတ် ငါးပတ် ခြောက်ပတ် တစ်သက်လုံး လိုက်ကွာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လိုက်နိုင်လေ ကောင်းလေ မဟုတ်ဘူးလား (ကောင်းပါတယ်ဆရာ)၊ ဘာမှ ပင်ပန်းဆင်းရဲစရာ မရှိဘူး၊ ဘာမှ စိတ်ပျက်စရာ မရှိဘူး။ အမှန်ကတော့ ပြောတဲ့လူကပြော၊ သင်တဲ့လူကသင်ပေး၊ ဟောတဲ့လူကဟော ကိုယ်က သေချာ အာရုံလေးစိုက်ပြီးတော့ နာနေ၊ မှတ်သင့်သလောက်လေးတွေ မှတ်မှတ် မှတ်မှတ်သွား၊ မနိုင်မနင်းဖြစ်တဲ့ဟာကျ လက်လွှတ်လိုက် ဦးနှောက်အရှုပ်ခံမနေနဲ့။ တရားက မနိုင်မနင်းကြီးဖြစ်ပြီး အကုန်လုံး ထည့်စဉ်းစားမှ ရမယ်ဆိုတာ မဟုတ်ဘူး။ နိုင်နင်းတဲ့ အပိုင်းလောက်ကလေး ရောက်ရင်, ပိုင်သွားရင် တရားက ရပြီးသားဆိုတာ မှတ်ထားနော် (မှန်ပါတယ်ဆရာ)။

သံသရာကြီးမှာ သက်သာရာရဖို့, ထောက်ရာတည်ရာ ရဖို့လို့ ဒီလိုလာပြီး နာကြတာ၊ သက်သာရာရမယ်တဲ့။ သံသရာရေးနဲ့တွေး။ အခုမှ ငါ့သက်မ ချနိုင်တယ်၊ သက်ပြင်းချနိုင်တယ်၊ အခုမှ ရှူသာရှိုက်သာ ရှိတယ်၊ သက်သာသွားပေါ့၊ နေသာထိုင်သာရှိပေါ့။ ဒါသက်သာရာရတယ် ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ ငါ့သံသရာကြီး မနစ်မွန်းတော့ဘူး၊ ထောက်ရာတည်ရာ ရပေါ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါက အမှီတကဲ သဟဲပြုတဲ့အနေအားဖြင့် ထောက်ရာ တည်ရာရတယ် ခေါ်တယ်။ သံသရာကြီး မနစ်မြုပ်တော့ဘူး။ သက်သာရာရတာနဲ့ ထောက်ရာ တည်ရာ ရတယ်ဆိုတာ မြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတာ။ သက်သာရာရတယ် ထောက် တည်ရာ ရတယ်လို့၊ အဓိပ္ပါယ်က အင်မတန်ကျယ်ဝန်းတဲ့ မြစ်ပင်လယ်ကြီးထဲမှာ တွယ်စတာစရာ မရှိသော သူတစ်ယောက်က ရေနစ်သေတယ်နော် (မှန်ပါတယ်ဆရာ)၊ ရေနစ်နေတော့ကား ကယ်သူ ဆယ်သူ တွယ်စရာရှာမရ သေတော့မယ် မဟုတ်လား (သေမှာပါဆရာ)၊ မုချပေါ့နော် (မုချ သေမှာ ပါဆရာ)၊ လှေငယ်တစ်စင်းသော်လည်း မပေးနိုင်သေးဘူး။ အဓိပ္ပါယ်အားဖြင့် တုံးတိုလေး ဖြစ်ဖြစ်၊ ဖော်ဝါးလေးဖြစ်ဖြစ် တစ်ယောက်သောပုဂ္ဂိုလ်က ချပေးလိုက်တယ်။ အဲဒီ တုံးတိုလေးတွယ်ဟဲ့၊ ဒီဖော်ဝါးလေးတွယ်ဟဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလို ချပေးတော့ ဖော်ဝါးလေးကို တွယ်လိုက် ရတဲ့ အချိန်ကြတော့ သူ့စိတ်ထဲ ဟယ် ငါတော့ မသေဘူးဟ၊ မနစ်ဘူးဟ ဒီလို ဖြစ်မသွား ဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကယ်တန္တု ဒီဖော်ဝါးတိုလေး မရရင် သေမယ်မဟုတ်လား, နစ်မယ်မဟုတ်လား (နစ်မှာပါဆရာ)၊ နစ်ရင် သေမယ်ပေါ့ (သေမှာပါဆရာ)။

http://www.dhammadownload.com



အခုတော့ ဒီဖော်ဝါးလေး ချပေးလိုက်၊ ဒီဖော်ဝါးလေး တွယ်ရတော့ သူနစ်သေးရဲ့လား (မနစ်တော့ပါဘူးဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ သူ့စိတ်ထဲလည်း သက်သာရာ ရမသွားဘူးလား (ရသွားပါတယ်ဆရာ)၊ ငါတော့ မသေတော့ဘူး၊ ရေနစ်လို့တော့ မသေနိုင်တော့ဘူး။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါပေမယ့် ကမ်းတော့ ရောက်ကဲ့လား (မရောက်သေးပါဘူးဆရာ)၊ ကူးရမပေါ့ (ကူးရမှာပါဆရာ)၊ သေတော့ မသေဘူးပေါ့ (မသေပါဘူးဆရာ)၊ အေး-အဲဒါ ထောက်ရာ တည်ရာ ရတယ်ဆိုတဲ့ ဥပမာသဘောလေး သေချာကြည့်။

ဒါကြောင့် တို့လူစုက သံသရာမှာ ထောက်ရာ တည်ရာ သက်သာရာ ရချင်လို့ ဒီတရားကို ကြိုးစားပမ်းစားနဲ့ လိုက်နေကြတယ်၊ ဒါဖြင့် ထောက်ရာ တည်ရာ သက်သာရာ ရရဲ့လားလို့ မေးရင် ရတယ်လို့ပြော နော် (မှန်ပါတယ်ဆရာ)၊ ရရဲ့လား (ရပါတယ်ဆရာ)၊ မရရင် ရသလို ထောက်ထား၊ ရသလား (ရပါတယ်ဆရာ)၊ တကယ်ရတယ်နော် (တကယ်ရပါတယ်ဆရာ)၊ မင်းက ဘယ်တန်း ရောက်နေ မင်းတန်းပြောစမ်းပါ (အဲဒါတော့ မခွဲခြားတတ်ဘူးဆရာ)၊ ဩော်-အဲဒါနဲ့ သူရပြန်ပေါ့တဲ့ သက်သာရာ၊ ထောက်ရာ တည်ရာရပြန်ပေါ့တဲ့။ မင်းအရင်တုန်းက, သင်တန်းမလိုက်ခင်တုန်းက ဘာခေါ်တယ်။ (လူမိုက်ပါဆရာ)၊ ဟောဗျာ မင်း ငါဒီလို မပြောပါဘူး။ ဘာပုထုဇဉ်လဲလို့မေးတော့ (အန္ဓပုထုဇဉ်ပါဆရာ)၊ တော်တော့ကို ကိုယ့်ဂုဏ်ကိုယ် ဖော်ချင်တဲ့ကောင်ကိုးကွ။ မင်းသင်တန်းမလိုက် ခင်တုန်းက ဘာခေါ်လဲ (အန္ဓပုထုဇဉ်ပါဆရာ)။

အခုသင်တန်းလိုက်တော့ ရုပ် နာမ် ခန္ဓာတွေ မင်းပြတ်သား နားလည်လိုက်ပြီလား (နားလည်ပါတယ်ဆရာ)၊ သဘောဆိုက်အောင် သိရဲ့လား (သိပါတယ်ဆရာ)၊ ခန္ဓာ အာယတန ဓာတ်တွေ မင်းပြတ်သားပြီပေါ့ (ပြတ်သားပါတယ်ဆရာ)၊ မင်းကိုယ်မင်း ဘာရှိသလဲလို့မေးရင် ဘာပြော (ရုပ်နာမ် ခန္ဓာပဲ ရှိတယ်လို့ ပြောမှာပါဆရာ)၊ ဩော်-ဒါပဲ ရှိတဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါပြင် မရှိဘူးပေါ့။ ပုဂ္ဂိုလ် သတ္တဝါ မရှိသေးဘူးပေါ့ (မရှိပါဘူးဆရာ)၊ အထည်ဒြပ်သဏ္ဍာန် မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ဒါတော့ မင်းယုံကြည်တယ်လား (ယုံကြည်ပါတယ်ဆရာ)၊ သေချာကြည့် သေချာကြည့်၊ မှတ်ထားမှတ်ထား။ သံသရာ ထောက်ရာ တည်ရာ ရချင်လွန်းလို့ ဒီတရားကို ကြိုးစားပမ်းစားနဲ့ သင်ကြားလေ့လာနေကြတယ်လို့ မှတ်ထားပါ။ ပြန်ပြန်တွေးပါ။ ကိုယ့်ကိုယ်ကို တရားရလို့ ရမှန်း မသိသူတွေက တော်တော်များတယ်။ နားကလဲ မလည် ဂယောင်ချောက်ချားနဲ့။ ဒါဖြင့် မင်းကိုယ်မှာ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဆိုတာ မင်းယုံသွားပြီပေါ့ (ယုံကြည်ပါတယ်ဆရာ)၊ ရုပ် နာမ် ခန္ဓာတော့ ရှိတယ်လား (ရှိပါတယ်ဆရာ)၊ အဲဒီ ရုပ်နာမ်ခန္ဓာဆိုတဲ့ ခန္ဓာကောင်က အကြောင်းမရှိဘဲနဲ့ ဖြစ်လာ

http://www.dhammadownload.com



တာလား (မဟုတ်ပါဘူးဆရာ)၊ အကြောင်းကြောင့်ဖြစ်တယ်လား (အကြောင်းကြောင့်ဖြစ်တာပါဆရာ)၊ ဒီခန္ဓာကောင်ကြီး ဖြစ်လာတဲ့အကြောင်းက လွန်ခဲ့သော အတိတ်ဘဝတုန်းက ဘာတုံး (အဝိဇ္ဇာရယ် တဏှာရယ် ကံရယ် ပါဆရာ)၊ ဩော်-ဒီသုံးပါး အကြောင်းခံလို့လား (မှန်ပါတယ်ဆရာ)၊ ပစ္စုပ္ပန် ကြတော့ နာမ်ရုပ်တို့ ဖဿတို့ ဝိညာဏ်တို့ နာမ်ရုပ်တို့ပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ အာဟာရရယ် ဖဿရယ် နာမ်ရုပ်ရယ် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ဒီခန္ဓာကောင်ကြီးသည် အတိတ်ဘဝက လွန်ခဲ့သော အတိတ်ဘဝက အဝိဇ္ဇာ တဏှာ ကံ ဆိုတဲ့ အကြောင်းတရားသုံးပါးခံလို့ ဖြစ်လာတယ်ဆိုတာ မင်းယုံရဲ့လား (ယုံပါတယ်ဆရာ)၊ ဘာ ကြောင့်, ဉာဏ်ကြောင့်ဆိုတာ မယုံတော့ဘူးပေါ့ (မယုံတော့ပါဘူးဆရာ)၊ အဲဒါ ဘာဉာဏ်ခေါ်တုံး (ပစ္စယပရိဂ္ဂဟဉာဏ်ပါဆရာ)၊ ဩော်-ပစ္စယပရိဂ္ဂဟဉာဏ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒီ ပစ္စယပရိဂ္ဂဟဉာဏ် ရောက်လာတော့ မင်းဟာ အရင်တုန်းက သင်တန်းမလိုက်ခင်တုန်းက အန္ဓပုထုဇဉ် ပစ္စယပရိဂ္ဂဟဉာဏ်လည်း သိရော့ ဘာဖြစ် (ကလျာဏပုထုဇဉ်ပါဆရာ)၊ ဟာ နိမ့်ချလှချည်းလား ပြီးတော့ကော (စူဠသောတာပန်ပါဆရာ)၊ ဒီကောင်က သူ့ကိုယ်သူ ဘာဖြစ်လို့ ဖြစ်မှန်း မသိပါဘူး။ ဟော ဒီကောင် နင့်ကိုယ်နင် ဘာဖြစ်မှန်းကို သိမှာမဟုတ်ဘူး။ ပထမ ရုပ်နာမ်ခန္ဓာ ပြတ်သားနားလည် သွားရင် မင်းကလျာဏပုထုဇဉ်ဖြစ်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ထိုရုပ်နာမ်ခန္ဓာဆိုတဲ့ ခန္ဓာကောင်ကြီးသည် အကြောင်းမဲ့ဖြစ်တာ မဟုတ်ဘူး။ လွန်ခဲ့သော အတိတ်ဘဝက အဝိဇ္ဇာ တဏှာ ကံ အကြောင်းခံလို့ ဖြစ်ဖြစ်လာတာ၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဆက်ဆက်ပြီးဖြစ်နေတဲ့ တရားချည်းပဲလို့ ဒီလို ပစ္စယပရိဂ္ဂဟဉာဏ်သိတာနဲ့ တစ်ပြိုင်နဲ့ စူဠသောတာ ပန် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဒါဖြင့် မင်းဘာတန်းတုံး (စူဠသောတာပန်တန်းပါဆရာ)၊ မနည်း ဆွဲခေါ်ရတယ်။

သူတစ်ပါးကြား ယုံစရာတောင် မရှိဘူး။ တော်တော်ကို မိုက်တွင်းနက်တဲ့ကောင် နားလည်လား (နားလည်ပါတယ်ဆရာ)၊ မင်းကိုယ်မင်း စူဠသောတာပန်ဖြစ်တာ ယုံသလား (ယုံပါပြီဆရာ)၊ ဟုတ်ကဲ့ လား (မှန်ပါတယ်ဆရာ)၊ စူဠသောတာပန်ဖြစ်တော့ ဂတိမြဲတယ်လား မမြဲဘူးလား (မြဲသွားပါတယ် ဆရာ)၊ အပါယ်လေးပါး တံခါးမပိတ်ဘူးလား (ပိတ်သွားပါတယ်ဆရာ)၊ ဂတိမြဲတယ် ဆိုတာ ဘာခေါ်တုံး (ဝိနိပါတဘေး မကျတော့ပါဘူးဆရာ)၊ ဩော် - ဝိနိပါတဘေးက လွတ်သွားပြီးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဒုဂ္ဂတိနဲ့သုဂတိ နှစ်မျိုးရှိတဲ့အနက်က ဒုဂ္ဂတိ မသွားတော့ဘူးပေါ့ (မသွားတော့ပါဘူးဆရာ)၊ သုဂတိသာ သွားတော့မယ်လား (မှန်ပါတယ်ဆရာ)၊ ဒုဂ္ဂတိ မသွားတော့

http://www.dhammadownload.com



ဘူးဆိုတဲ့ အပါယ်လေးပါး တံခါးပိတ်မသွားဘူးလား (ပိတ်သွားပါတယ်ဆရာ)၊ တစ်ဘဝ တစ်နပ်စာ ပိတ်တာလား (တစ်သက်လုံး ပိတ်တာပါဆရာ)၊ တစ်သံသရာလုံး ပိတ်တာ၊ တစ်သက်လုံး မင်းက ဘယ်နှစ်ခါသွားချင်လို့တုံး၊ တစ်ဘဝ တစ်နပ်စာ ပိတ်တာလား (မဟုတ်ပါဘူးဆရာ)၊ ဘယ်လောက်ပိတ်ထားတုံး (တစ်သံသရာလုံး ပိတ်သွားပါတယ်ဆရာ)၊ တစ်သံသရာလုံး၊ တစ်သံသရာလုံး ပိတ်သွားတယ်လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် အပါယ်နဲ့ မင်းနဲ့ သေခန်းပြတ် ရှင်ခန်းပြတ်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ နောက်ထပ် မဆက်သွယ်ဘူးပေါ့ (မဆက်သွယ်တော့ပါဘူးဆရာ)၊ သေတော့ ကြည့်ရအုံးမယ် မင်းအကဲကို ဟင်း ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စူဠသောတာပန် ဖြစ်ပြီလား (ဖြစ်ပါပြီဆရာ)၊ အဲဒီ စူဠသောတာပန် အဖြစ်ရောက်အောင် မြင်သွားတဲ့ဉာဏ်ကြ ဘာဉာဏ်ခေါ်တယ် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဆရာ)၊ အေး - ပစ္စယပရိဂ္ဂဟဉာဏ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ပစ္စယပရိဂ္ဂဟဉာဏ်လည်း မြင်ရော စူဠသောတာပန်လည်းဖြစ်ရော့တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သမ္မာဒိဋ္ဌိဉာဏ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ယထာ ဘူတဉာဏ်လဲခေါ်တယ်။ ကင်္ခါဝိတရဏဉာဏ်လဲခေါ်တယ်။ သုံးနာမည်တောင် ထွက်တယ်။ သမ္မာဒိဋ္ဌိဉာဏ်တဲ့၊ ယထာဘူတဉာဏ်တဲ့၊ ကင်္ခါဝိတရဏဉာဏ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီဉာဏ်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ယောက်က အပါယ်လေးပါး ဘယ်တော့မှ မလားဘူးတဲ့။ ဂတိလည်း မြဲသွားပြီတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဂတိမြဲသွားတယ်ဆိုတာ တစ်ဘဝ တစ်နစ်စား မဟုတ်ပါဘူးတဲ့။ တစ်သံသရာလုံး မြဲသွားတာ ပြောတာတဲ့။ သုဂတိဘဝ တစ်ခုရှိတော့တယ်။ ဒုဂ္ဂတိဘဝက တံခါးပိတ်သွားပြီတဲ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါ ဝိသုဒ္ဓိမဂ်ပါဠိတော်မှာ -

**"ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။"** (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊)

တိုက်ရိုက်ပြထားတာရှိ။ ဗုဒ္ဓသာသနေ၊ ငါဘုရားသာသနာတော်၌။ ဣမိနာ ပန ဉာဏေန၊ ဤသမ္မာဒိဋ္ဌိဉာဏ် အမြန်မှန်နဲ့။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ တရားကို အားထုတ်ရှုမြင်သော ပုဂ္ဂိုလ်သည်။ လဒ္ဓဿာသော၊ သံသရာ၌ သက်သာရာရသည်။ လဒ္ဓပတိဋ္ဌော၊ သံသရာကြီး၌ ထောက်ရာတည်ရာ မှီရာရသည်။ နိယတဂတိကော၊ မြဲသော ဂတိရှိသည်။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏ နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



"လဒ္ဓဿာသော၊ လဒ္ဓပတိဋ္ဌော" လို့ မှတ်ထားနော်။ ကိုယ်ရတဲ့ တန်းလေးတွေ ကိုယ်မှတ်ထားကြ။ အဲဒါမှ မသေချာလို့ရှိရင် ဇဝေဇဝါနဲ့ သေကြမယ်ဆိုလို့ရှိရင်ဖြင့် အပါယ်လေးအုံးမှာ သေချာတယ် မှတ်သာထား နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပြတ်ပြတ်သားသားသေရင် မတွေမဝေနဲ့ သေမယ်။ တကယ် ဒီအဆင့်အတန်း ရမယ်ဆိုတာ မှတ်ထား။ အဲဒါ မသေမချာ ဇဝေဇဝါနဲ့ သေကြမယ် ဆိုရင်ဖြင့် အပါယ်လေးမှာတော့ သေချာတယ်လို့ အဲဒါသာတွက်ထားကြ။ တရားမပြတ်ဘူး၊ ဒီလောက်မှ အသိဉာဏ် မပေါက်ရင် တရားမပြတ်ဘူး ခေါ်တယ်။ ပြတ်သားပါစေလို့ မတွေဝေပါစေနဲ့လို့ ပြတ်သားမှ သေသေချာချာ ခိုင်ခိုင်လုံလုံ တိတိကျကျ ပြပြီးတော့ ကိုယ့်ဉာဏ်လည်းပဲ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း နားလည်ပြီဆိုမှဖြင့် ဘုရားကိုယ်တော်မြတ်က ဒီအမြင်မျိုး မြင်လို့ရှိရင် ဒီအကျိုးတွေရရော့၊ ဒီအတန်းရောက်ကရော့ ဒီအဖြစ်မျိုးရောက်ပေ့ါဆိုမှဖြင့် ဘာကြောက်စရာရှိ၊ ဘာမှကြောက်စရာ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ တစ်ယောက်ချပဲ ငါကိုယ်တိုင်လည်း နားလည်တယ်၊ ငါကိုယ်တိုင်လည်း မြင်တယ်၊ ငါကိုယ်တိုင်လည်း သိတယ်၊ ဒီအသိဉာဏ် ဒီအဖြစ်မျိုး ရပြီဆိုမှဖြင့် ဘုရားကိုယ်တော်မြတ်က လက်ညှိုးညွှန်သွားတယ်။ စူဠသောတာပန်ဖြစ်ကရော့တဲ့။ စူဠသောတာပန်ဖြစ်ရင် ဂတိမြဲမယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် -

**"ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတ ဂတိကော စူဠသောတာပန္နော နာမ ဟောတိ။"**

ဗုဒ္ဓသာသနေ၊ ငါဘုရားသာသနာတော်၌။ ဣမိနာ ပန ဉာဏေန၊ ဤသမ္မာဒိဋ္ဌိဉာဏ် အမြန်မှန်နဲ့။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ တရားကို အားထုတ် ရှုမြင်သော ပုဂ္ဂိုလ်သည်။ လဒ္ဓဿာသော၊ သံသရာ၌ သက်သာရာရသည်။ လဒ္ဓပတိဋ္ဌော၊ သံသရာကြီး၌ ထောက်ရာတည်ရာ မှီရာရသည်။ နိယတဂတိကော၊ မြဲသော ဂတိရှိသည်။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန် မည်သည်။ ဟောတိ၊ ဖြစ်၏။

သောတာပန် အငယ်စား ဖြစ်သွား။ ဒါကြောင့် ဂတိမြဲတာတဲ့၊ ဝိနိပါတ အစရှိသော ဘေးကြီး လေးပါးကလည်း လွတ်သွားရော့တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာလေးမှာ "လဒ္ဓဿာသော" ဆိုတာ လဒ္ဓ,က ရတာခေါ်တယ်။ အဿာသ,က သက်သာရာခေါ်တယ်။ လဒ္ဓဿာသ-လဒ္ဓ အဿာသ - သက်သာရာရတယ်ဆိုတာ ဘယ်လို တုံး။ "လဒ္ဓပတိဋ္ဌော" ဆိုတာ သာသနာမှာ ထောက်ရာ တည်ရာ ရတယ်ဆိုတာ ဘယ်လိုတုံး။ ပတိဋ္ဌ,က တည်ရာမှီရာ။ ဒါကြောင့် အဋ္ဌကထာဆရာက ဖွင့်ပြတော့ -

http://www.dhammadownload.com



**ပရမတ္ထတော သာသနေ အဿာသော နာမ အရိယဖလံ၊ ပတိဋ္ဌော နာမ အရိယမဂ္ဂေါ၊ အယံ ပန အနမိဂတမဂ္ဂဖလောပိ အမိဂမုပါယပဋိပတ္တိယံ ဋ္ဌိတတ္တာ လဒ္ဓဿာသော ဝိယ, လဒ္ဓပတိဋ္ဌော ဝိယ စ ဟောတီတိ ဝုတ္တံ "လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော"တိ။** (ဝိသုဒ္ဓိမဂ်ဋီကာ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ နိဒ္ဒေသဝဏ္ဏနာ)

မှတ်စရာ သေသေချာချာ ကောင်းတယ်။ အဲဒါ ကိုယ်ရတဲ့ဉာဏ်ကို ဒီဂရီတိုင်းထွာပြတဲ့ အဋ္ဌကထာဖွင့်ခေါ်တယ်။ အဋ္ဌကထာ ဆရာဖွင့်သွားတာ၊ မိမိတို့ သင်တန်းသူ သင်တန်းသားများ ရောက်ရှိ ရရှိအပ်သော ဉာဏ်ကို အဋ္ဌကထာဆရာက တိုင်းစရာ ဒီဂရီလေးပြသွားတယ်။ ပြသွားတဲ့ ဒီဂရီလေး သေချာမှတ်ကြည့်စမ်း။

ပရမတ္ထတော၊ ထင်ရှားရှိသော ပရမတ္ထအားဖြင့်။ သာသနေ၊ ငါဘုရားသာသနာတော်၌။ အဿာသော နာမ၊ သက်သာရာမည်သည်ကား။ အရိယဖလံ၊ အရိယာဖိုလ်တည်း။ ဖိုလ်ရောက်သွားတဲ့ပုဂ္ဂိုလ်၊ မဂ်ပြီးတော့ ဖိုလ်ရောက်သွားတဲ့ပုဂ္ဂိုလ် ဒါသက်သာရာရတယ် ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ "ပတိဋ္ဌော နာမ၊ အရိယမဂ္ဂေါ"တဲ့။ သံသရာကြီးမှာ ထောက်ရာ တည်ရာ ရတယ်ဆိုတာ ဘာတုံးတဲ့။ အရိယမဂ္ဂေါ၊ အရိယာမဂ်သည်။ မဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်တဲ့။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်က သံသရာ ထောက်ရာ တည်ရာ ရတယ်။ ဖိုလ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်က သံသရာ သက်သာရာ ရတယ်။ ဒီလိုဆိုတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် တို့ စူဠသောတာပန်နဲ့ ဘာဆိုင်တုံး။ တစ်မဂ်မှလည်းမရ၊ တစ်ဖိုလ်မှလည်းမရ မေးစရာ မလိုဘူးလားဟ (လိုပါတယ်ဆရာ)၊ မှတ်ထားနော် သေသေချာချာ။ အဋ္ဌကထာဆရာပြသွားတာက စာအနေအားဖြင့်လည်း နည်းက သေသေချာချာ စဉ်းစားဝေဖန်ရတယ်။ မှတ်လည်း မှတ်ရတယ်။ ဒီတော့ မေးစရာရှိပြီ။ အခု အဋ္ဌကထာ ဆရာက ဖွင့်သွားတာ သံသရာမှာ သက်သာရာရတယ်ဆိုတာ ဘာတုံးတဲ့၊ သက်သာရာ ရတယ် ဆိုတာတဲ့ ဖိုလ်ဉာဏ်ရသွားတာ ခေါ်တယ်တဲ့။ ဒါဖြင့် သံသရာ ထောက်ရာ တည်ရာ ရတယ်ဆိုတာ ဘာတုံးတဲ့။ မဂ်ဉာဏ်ရတာ ခေါ်တယ်။ ဒါဖြင့် သံသရာ ထောက်ရာ တည်ရာ ရတာရယ်, သက်သာရာရတယ် ဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတယ်ဆိုပဲ့ပါပဲ။ ဒါဖြင့် တို့သင်တန်းသူ သင်တန်းသား စူဠသောတာပန် အဖြစ် ရောက်တာနဲ့ ဘာဆိုင်တုံးမေးတော့ မမေးသင့်ဘူးလား (မေးသင့်ပါတယ် ဆရာ)၊ အတူတူပါပဲတဲ့။

**အယံ ပန အနမိဂတမဂ္ဂဖလောပိ အမိဂမုပါယပဋိပတ္တိယံ ဋ္ဌိတတ္တာ လဒ္ဓဿာသော ဝိယ, လဒ္ဓပတိဋ္ဌော ဝိယ စ ဟောတီတိ ဝုတ္တံ "လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော"တိ။**

http://www.dhammadownload.com



ပန၊ တစ်နည်းသော်ကား။ အယံ အနမိဂတမဂ္ဂဖလောပိ၊ အကြင်မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရသေးသော် မရောက်သေးသော်လည်း။ မှတ်ထားနော် နားလည်လား (နားလည်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးဘူး၊ မရောက်သေးဘူးထားပါတဲ့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဓိဂမုပါယပဋိပတ္တိယာ၊ ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရာ ရကြောင်း အကျင့်ဖြင့်။ ဌိတတ္တာ၊ တည်သည်၏အဖြစ်ကြောင့်။ လဒ္ဓဿာသော ဝိယ၊ သက်သာရာသက်သာကြောင်း ရသကဲ့သို့ လည်းကောင်း။ လဒ္ဓပတိဋ္ဌော ဝိယ စ၊ သံသရာထောက်တည်ရာ ထောက်တည်ကြောင်း ရအပ်သည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌောတိ၊ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ မြန်မာလို ပြောတော့ နားထောင်စမ်း။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တော့ မရသေးဘူးလို့ ထားပါတော့တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တော့ မရသေးဘူး ထားပါတော့။

ဒါပေမယ့် အဲဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရခြင်း ရောက်ခြင်းအကျိုးငှာ ကျင့်ကြံပွားများ အားထုတ်၍ နေသောကြောင့် (တစ်နည်း) ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရာရကြောင်းအကျင့်၌ တည်ရှိနေသည် ဖြစ်ပါသောကြောင့် နော် (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်လိုပဲတဲ့ ထောက်ရာ တည်ရာ ရပါတယ်တဲ့။ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌောတိ၊ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဒီပုဂ္ဂိုလ်လည်း "လဒ္ဓဿာသ လဒ္ဓပတိဋ္ဌ"ပဲတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် စောစောက ပြောတဲ့ သာသနာကြီးမှာ ထောက်ရာတည်ရာ ရတယ်ဆိုတဲ့ပုဂ္ဂိုလ် သက်သာရာ ရတယ်ဆိုတဲ့ပုဂ္ဂိုလ်က မဂ်ဉာဏ်နဲ့ဖိုလ်ဉာဏ် ပြောသွားတယ်။ တို့သင်တန်းသူ သင်တန်းသား တစ်မဂ် တစ်ဖိုလ်မှလည်း မရသေးဘူး။ စူဠသောတာပန် ရောက်သေးတယ်ထားပါတော့။ ဘာဆိုင်တုံးမေးရင် မင်းဘယ့်နဲ့ပြော (မဂ်အကျင့် ဖိုလ်အကျင့် ပွားများနေတဲ့ ပွားများနေလို့ ရခဲ့ ဖြစ်ပါတယ် ဆရာ) ဟော - မဂ်အကျင့် ဖိုလ်အကျင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်းအကျင့်၌ တည်တယ် ဟုတ်လား၊ (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရာရကြောင်း ဆိုတဲ့ တရားကောင်းနဲ့ ကျင့်ကြံပွားများ အားထုတ်နေတယ်လား (အားထုတ်နေပါတယ်ဆရာ)၊ အဲဒီလို အားထုတ်နေလို့ရှိရင် ဘာပြုလို့ (မဂ်ဉာဏ်ဖိုလ်ဉာဏ် ရပြီးသားလိုပါပဲဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီးသားလိုပဲ ဂတိမြဲတယ်လား (မှန်ပါတယ်ဆရာ)၊ သက်သာရာ ရတယ်လား (မှန်ပါတယ်ဆရာ)၊ သံသရာမှာ ထောက်ရာ တည်ရာ ရတယ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ အဋ္ဌကထာဆရာက သေသေချာချာ မဂ်ဉာဏ် မရသေးသော်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်းဆိုတဲ့ အကျင့်ကောင်းမှ ကျင့်ကြံပွားများ အားထုတ်

http://www.dhammadownload.com



နေဆဲအခိုက် တည်တံ့နေတဲ့ပုဂ္ဂိုလ်တွေတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီလို တည်တံ့နေတဲ့ ပုဂ္ဂိုလ်တွေမို့လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီးသားပုဂ္ဂိုလ်များကဲ့သို့ လဒ္ဓဿာသ လဒ္ဓပတိဋ္ဌ ဖြစ်ပါတယ် နော် (မှန်ပါတယ်ဆရာ)၊ သက်သာရာ ရမသွားဘူးလား (ရသွားပါတယ်ဆရာ)။

အခုန ငါပြောတဲ့မြစ်ပင်လယ် ဖော်ဝါးတိုလေးနဲ့ ကူးနေတဲ့လူ နစ်အုံးမှာလား (မနစ်တော့ပါဘူးဆရာ)၊ မနစ်ဘူးလား (မနစ်ပါဘူးဆရာ)။ သက်သာရာ ရမသွားဘူးလား (ရသွားပါတယ်ဆရာ)။ ထောက်ရာ တည်ရာ မရဘူးလား (ရပါတယ်ဆရာ)၊ အဲဒါကြောင့် အနည်းဆုံးအားဖြင့် ရုပ်နာမ်ခန္ဓာ အာယတနဆိုသလိုပဲ ပရမတ်ပညတ်ကွဲအုံးတော့, ပြတ်ပြတ်သားသား နားလည်အုံးတော့ ကလျာဏ ပုထုဇဉ် စူဠသောတာပန်အဖြစ်ရောက်။ တို့လူစုတွေ သံသရာမှာ ကြောက်စရာ မလိုတော့ဘူး။ ထောက်ရာတည်ရာ ရပြီတဲ့၊ သက်သာရာရပြီတဲ့ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီတန်းများ သေသေချာချာ ပြန်ပြန် ပြန်ပြန်ပြီးတော့ နဖူးပေါ်လက်တင် လက်တင်ပြီးတော့ တို့သင်တန်းသားများ စဉ်းစားစမ်း။ ဒီသင်တန်းနဲ့ တွေ့ပေလို့သာ တစ်မဂ်တစ်ဖိုလ် မရချင်း အတူတူထားလို့ ဒါပေမယ့် ခုခေတ်က မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတာတွေက သိပ်များတယ်။

တစ်ယောက်ဖြင့်လည်း လက်ညှိုးတစ်ချောင်း၊ တစ်ယောက်ဖြစ်လည်း လက်ညှိုးတစ်ချောင်း၊ တစ်မဂ်ပြီးပေါ့ နှစ်မဂ်ပြီးပေါ့ သိပ်ပြောတာ။ အဲဒါ ပြောချင်တာသာ လျှောက်ပြောနေ ဟုတ်ချင်မှ ဟုတ်မှာ။ ဒီတော့ ထားပါတော့ သူလည်း မရဘူး၊ ငါလည်း မရဘူး။ သူလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူး။ ငါလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူး။ သူရရင် ငါရရမယ် နော် (မှန်ပါတယ်ဆရာ)၊ တန်းက သာချင်တိုင်းသာနေတာ၊ တစ်နေရာက မဂ်ရတယ်ဆိုရင် တို့နေရာလည်း မဂ်ရမယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူများက တစ်ခါရ နှစ်ခါတောင်ရရမယ်၊ ဒီလိုမဟုတ်ဘူးလား၊ ဒါပေမယ့် သူလည်းမရဘူး၊ ငါလည်းမရဘူး ထားပါ၊ သံသရာမှာ မရချင်း အတူတူဆိုလို့ရှိရင် တို့သင်တန်းသူ သင်တန်းသားများက သာသနာမှာ ထောက်ရာတည်ရာ မရဘူးလား (ရပါတယ်ဆရာ)၊ သက်သာရာ မရဘူးလား (ရပါတယ်ဆရာ)၊ သံသရာနစ်မွန်းအုံးမှာလား (မနစ်မွန်းတော့ပါဘူးဆရာ)၊ နစ်မြုပ်အုံး မှာလား (မမြုပ်နိုင်ပါဘူးဆရာ)၊ အပါယ်လေးပါးလားအုံးမှာလား (မလားတော့ပါဘူးဆရာ)၊ ဂတိမမြဲဘူးလား (မြဲသွားပါတယ်ဆရာ)၊ "နိယတဂတိကော စူဠသောတာပန္နော နာမ" နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဒီ"နိယတဂတိကော" ဆိုတာ ဂတိမြဲတယ်ဆိုတာ တချို့ နာမည်ကြီး ပုဂ္ဂိုလ်များက တစ်ဘဝ တစ်နပ်စာလောက် မြဲတာပါတဲ့။ ဒီဘဝ ဒုတိယဘဝဆို မြဲချင်မြဲလိမ့်မယ်တဲ့။

http://www.dhammadownload.com



တတိယ စတုတ္ထဆိုတဲ့ ဘဝတွေကြ စိတ်မချရဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒ် အလကား ပြောတာ မယုံနဲ့။

အခု မြတ်စွာဘုရားကိုယ်တော်မြတ်ဟောထားတဲ့ ဝိသုဒ္ဓိမဂ်လာတဲ့ ပါဠိတော် အဋ္ဌကထာ ဆရာဖွင့်ထားတဲ့ စကားအရဆိုရင် တစ်သံသရာလုံး သွားတယ်။ "နိယတဂတ်ကော စူဠသောတာ ပန္နော နာမ"၊ တစ်သံသရာလုံး မြဲတဲ့ဂတိနော် (မှန်ပါတယ်ဆရာ)။ ဘာပြုလို့ "လဒ္ဓဿာသ လဒ္ဓ ပတိဋ္ဌ" ပုဒ်ဖွင့်သွားတာ သေချာကြည့်။ "အယံ ပန အနမိဂတမဂ္ဂဖလောပိ အဓိဂမုပါယပဋ္ဌိပတ္တိယံ"လို့ ဆိုထားတာ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တော့ မရသေးဘူးတဲ့။ တစ်နည်းအားဖြင့်ဆိုလို့ရှိရင် မဂ်ဉာဏ်တော့ ဒီပုဂ္ဂိုလ်မရသေးဘူးတဲ့။ မရသေးပေမယ့် ဒီဉာဏ်အမြင်ကြီး ဒီဉာဏ်စဉ်ကြီး သူသိနေတဲ့အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်း အကျင့်ကောင်းမှာ တည်သည်ဖြစ်သောကြောင့် မဂ်ဉာဏ်ရပြီးသား ပုဂ္ဂိုလ်နဲ့ တစ်ထပ်တည်းပါတဲ့ "လဒ္ဓဿာသ လဒ္ဓပတိဋ္ဌ" ဖြစ်ပါတယ်တဲ့။

ဒါထက် သေချာတဲ့နည်းမရှိတော့ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒီပါဠိပဲ၊ ဒီအနက်ပဲ၊ အနက် အဓိပ္ပါယတ္ထလေးများ သေသေချာချာ ကျက်မှတ်သားထားဖို့ကောင်း။ ပြန်ပြန် ပြန်ပြန်ပြီးတော့ စဉ်းစားကြည့်။ ဒီပါဠိအရ ငါရနေတဲ့တန်းက မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ အရိယာနဲ့ တစ်တန်းထဲ ပြထား တာပါပဲ၊ ဘဝသံသရာကြီး ထောက်ရာ တည်ရာ ရသွားပုံတွေ၊ အပါယ်လေးပါးလုံးလုံး တံခါးပိတ်ပုံတွေ အားရစရာကောင်းလိုက်တာလို့။ အဲဒီတန်းရောက်ဖို့က လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ကြွားပြော တယ်လဲ မမှတ်နဲ့။ သင်တန်းအပြင်ဘက် ထွက်ကြည့်စမ်း ဒီတန်းမျိုးရဖို့ မခက်ဖူးလား (ခက်ပါတယ် ဆရာ)၊ မပေးနိုင်တဲ့ပုဂ္ဂိုလ်တွေ ရှိနေလို့ပြောတာ မဟုတ်ပါဘူး။ ပေးနိုင်တဲ့ပုဂ္ဂိုလ်များပေမယ့် မပေးဘူး၊ မပေးနိုင်ဘူး၊ မပေးအားဘူး နော် (မှန်ပါတယ်ဆရာ)၊ မပေးအားဘူး၊ သာမညမမှတ်နဲ့။

ဒါကြောင့် မတက်နိုင်ဘူးတဲ့ ဒီတန်းမျိုးက၊ အော်-ဒါဖြင့် တို့ သင်တန်းကြီးလိုက်ပေလို့ အခုလိုပဲ သံသရာကြီးမှာ ထောက်ရာတည်ရာ ရတယ်။ သက်သာရာလည်း ရပေပေါ့။ အပါယ်လေးပါးလည်း လုံးလုံးတံခါးပိတ်ပေါ့။ စူဠသောတာပန်လည်း အခေါ်ခံနိုင်ပေါ့ဆိုတဲ့ တန်းပဲ စဉ်းစားကြည့်ပါ အရိယာနဲ့ တစ်ထပ်တည်း ပြထားတာ။ အရိယာတော့ မဖြစ်သေးဘူးပေါ့။ ဘာဖြစ်တဲ့လူ ငါထည့် ပြောတာ မဟုတ်ဘူး၊ ဖြစ်တဲ့လူ ဖြစ်ချင်ဖြစ်မှာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲသလောက် ကျေးဇူး များတဲ့ တရားစဉ်၊ ကျေးဇူးများတဲ့ သင်တန်းစဉ်ကြီး ဟောပြောပြသ သင်ကြားပေးပြီး လာတော့ ဒီတရားစဉ် သင်တန်းစဉ်ကြီးကိုပဲ နောင်လာနောက်သားများဟာ ငါတို့ အကျိုးခံစားခွင့် ရကြသလို

http://www.dhammadownload.com



ရကြပါစေဆိုတဲ့ စေတနာအားဖြင့် အသံသွင်းယူရေးအဖွဲ့က ကြိုးစားပမ်းစားနဲ့ ဒီတရားစဉ်ကြီး မပျောက်အောင်, သင်တန်းစဉ်ကြီး မပျောက်အောင် တောက်လျှောက်ကြီး အသံဖမ်းမယ်ဆိုတဲ့ အစီအစဉ်အားဖြင့် သင်တန်းသူ သင်တန်းသားများနဲ့ တိုင်ပင်ညှိနှိုင်းပြီးတော့ အုံနဲ့ကြွပြီးတော့ အားပါးတရနဲ့ ကြိုးစားပမ်းစား အလုပ်လုပ်တယ်။ အရင်တစ်ကြိမ်လုပ်ခဲ့တယ်၊ မအောင်မြင်ခဲ့ဘူး။ အခုတစ်ကြိမ်လည်း ပျက်တယ်။

အခုတစ်ကြိမ် နောက်ထပ်ပြီးလုပ်တော့ အခု နောက်ပိုင်းမှာ ငွေရေး ကြေးရေးလေး အတော်လေးလိုသေးတဲ့အတွက်ဆိုပြီးတော့ တစ်မြန်နေ့က တိုက်တွန်းတဲ့အနေအားဖြင့် သက္ကပဉ္စသုတ်လည်း ဟောပြီး နော် (မှန်ပါတယ်ဆရာ)၊ သက္ကပဉ္စသုတ် နှစ်ရက်ဆက်ဟော၊ ၎င်းနောက် ရှေ့ပိုင်းက အလှူဒါယကာ မောင်တိုးလေး အကြောင်းပြုပြီးတော့ ဘတ္တပဋိယဆိုတဲ့ တစ်သိန်းတန်စားတဲ့ သုခသာမဏေ အလောင်းလေးတစ်ခါထုတ်ဟော။ သဒ္ဓါတရားက ထက်မြက်စရာတွေ တိုးတက်စရာတွေ တော်တော်ကြီး အပင်ပန်းခံပြီးတော့ တို့များ တွန်းတင်ပေးလိုက်တယ်။ တော်တော်ကြီးလည်းပဲ အားပါးတရနဲ့ လာလည်း လာကြပါတယ်။ ကြိုးလည်း ကြိုးစားကြပါတယ် နော် (မှန်ပါတယ်ဆရာ)၊ လာလည်း လာကြပါတယ်၊ ကြိုးလည်းကြိုးစားကြပါတယ်။ ခုညတော့ စာရင်းပိတ်လို့ ဘယ်လောက်ရတယ်ဆိုတာ ငါမပြောတတ်ဘူး။ အဲ သုံးရာငါးဆယ်ရတယ်တဲ့။ ဒါပေမယ့် အရင်နှစ်ညလောက် အတော်ကြီး ယုတ်သွားပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ပထမည ငါးရာ၊ ဒုတိယည ခုနစ်ရာ၊ ဟော အခု သုံးရာငါးဆယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် စဉ်းစဉ်းစားစား လာလိမ့်မယ် ထင်ပါတယ်ကွာ။ ဖြည်းဖြည်းရေးရေးနဲ့ နော် (မှန်ပါတယ်ဆရာ)၊ တို့များကလည်း စာရင်းမပိတ်သေးဘူး ဟုတ်လား (မှန်ပါတယ်ဆရာ)၊ စာရင်းကတော့ ဘယ်တော့မှ မပိတ်ပါဘူးလို့ ဖြည်းဖြည်းအေးအေးနဲ့ အခုည ပြောသွားတဲ့ မိမိတို့ ခံစားထားတဲ့ သင်တန်းက ပြတဲ့တရား အရသာကြီးရဲ့ ဂုဏ်ကျေးဇူးတွေ အထူးအောက်မေ့သော အနေအားဖြင့် ဟော-တို့သင်တန်းက ကယ်တင်ပေးလို့သာ၊ သင်တန်းတရား နာရပေလို့သာ အပါယ်ဘေးက တကယ်ဝေးရတယ်၊ တကယ်အေးရတယ်၊ သံသရာကြီး ထောက်ရာတည်ရာ ရပါပေတယ်၊ သက်သာရာရပါပေတယ်။ သေပျော် နေပျော်ဆိုတဲ့အဖြစ်မျိုး ရောက်ရပါပေတယ်၊ တစ်ဘဝက နှစ်ဘဝ ပြောင်းရပါပေတယ်။ တစ်ဘဝက နှစ်ဘဝ ပြောင်းဆိုသိလား (သိပါတယ်ဆရာ)။ ဘာတုံး (အန္ဓဘဝကနေ စူဠသောတာပန် ရောက်အောင်ပါဆရာ)၊ သြော် - နေရာကျသွားနော် (မှန်ပါတယ်ဆရာ)၊ ဒါလက်တွေ့တွေ မဟုတ်လားဟ (လက်တွေ့ပါဆရာ)၊ လူပြော သူပြော မဟုတ်ပါဘူး။ သူများတပ်ပေးတဲ့ နာမည်လည်း မဟုတ်ပါဘူး။

http://www.dhammadownload.com



အန္ဓဘဝနဲ့ ဒီအတိုင်းသာနေပြီး အန္ဓဘဝနဲ့ သေသွားလို့ရှိရင် အပါယ်တန်းသွားတာ မဟုတ်လား၊ (သေချာပါတယ်ဆရာ)၊ အေး သေချာတယ်၊ အခု အန္ဓဘဝနဲ့ မွေးလာပေမယ့် စူဠသောတာပန်ဘဝကနေ သေကြရမယ်ဆိုတော့ အပါယ်သွားအုံးမှာလား (မသွားတော့ပါဘူးဆရာ)၊ အဲဒါကွာ ဒီထိအောင် ကယ်တင်ပေးထားတဲ့ သင်တန်းရဲ့ ကျေးဇူးကိုထောက်ဆသော အနေအားဖြင့် ကြိုးစားကြပါအုံး"လို့ စာရင်းကြီးကလည်း ဖွင့်ရက်သားထားပါတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ငါတော့ ဒီလိုလုပ်ရမှာပဲ။ ဟိုဖောင်တော်ဦးဘုရားထဲ စိတ်နောက်တဲ့ လူတစ်ယောက်ရောက်လာ၊ စိတ်နောက်တဲ့ လူတစ်ယောက် ရောက်နေတော့ ညနေပိုင်း ညနေပိုင်းကြတော့ ဖောင်တော်ဦးနား သူငယ်တစ်ယောက်က သနားလို့ အိမ်စဉ်လျှောက်ပြီးတော့ ထမင်းကျန် ဟင်းကျန် တောင်းတောင်းပြီးတော့ အမြဲကျွေးတယ်။ သူ့အိမ်က လည်းကျွေး၊ သူ့အိမ်ကလည်းထည့်၊ အမြဲကျွေး၊ အမြဲကျွေးနေတော့ တစ်နေ့ကြတော့ အဲဒီစိတ်နောက်တဲ့လူက ဘာပြောတယ် မှတ်။ သူ့ထမင်းတောင်ကျွေးတဲ့သူငယ်ကို ဆရာ့, ဟင်း ဆရာ့ ကျွေးပေး ကျွေးပေး နာနာကျွေးပေး တိုက်တွန်းရှာတယ်နော် (မှန်ပါတယ်ဆရာ)၊ အခု မင်းတို့ တစ်သုတ်သုတ်လာ သည့်ထဲက ငါက ဘာလုပ်လုပ်မှန်း မသိဘူး၊ ဆရာကျွေးပေး၊ ကျွေးပေးနော် (မှန်ပါတယ်ဆရာ)၊ တတ်နိုင်ရင် ဒီလိုလုပ်ရမှာပဲ၊ ထည့်ပေးကြပါလို့ ကြိုးစားပမ်းစားနဲ့ ဒီတာဝန်ကြီး ကိစ္စပြီးဖို့လည်း နီးပါပြီလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒီတာဝန်ကြီး ကိစ္စပြီးလို့ငြိမ်းသွားတဲ့ အခါကြတော့ နောက်ပိုင်းကြတော့ တို့ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီးတော့ အထူးတလည် ပြောစရာ ဆိုစရာလည်း ရှိမှာ မဟုတ်ပါဘူး။ သိပ်လည်း တာဝန်ကြီးစရာ အကြောင်းလည်း မရှိပါဘူး။ အဲဒီ တာဝန်ကြီးကတော့ အများနဲ့ထမ်းဆောင်မှ ပြီးမဲ့ကိစ္စကြီးပါလို့။

ဒါကြောင့် အရင်ထည့်ပြီးသား အဟောင်းပုဂ္ဂိုလ်များလည်းပဲ တော်တော်ကြီး အခုဒုတိယ အကြိမ်လည်း ထပ်မံပြီးတော့ ကြိုးစားကြပါတယ်၊ တစ်ကြိမ်မှ မထည့်သေးဘူးဆိုတဲ့ အခု သင်တန်း အသစ်စက်စက်သူများကလည်းပဲ ကြိုးစားသင့်သလောက် ကြိုးစားပါတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ ငါ ဖြတ်ပိုင်းအရေအတွက်နဲ့ လူဦးရေထည့်တဲ့ အရေအတွက်နဲ့ ငွေပြောတာ မဟုတ်ပါဘူး။ ဖြတ်ပိုင်းအရေအတွက်နဲ့ လူဦးရေနဲ့ တစ်ယောက်တစ်ရွက် တစ်ယောက်တစ်ရွက် တွက်ကြည့်တော့ ကား လူပေါင်းသုံးထောင်ကျော်ကျော်လောက် စာရင်းပေါက်ထားတဲ့အနက်က လာတာက အခု နှစ်ထောင်ကျော်ကျော် ရှိသေးတယ် လူဦးရေ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ လိုသင့်သလောက် လိုပါသေးတယ်လို့ ဆရာတော့ သိဟန် မတူဘူးဆိုတော့ ချောင်ထဲခိုကပ်ပြီးတော့ မသိချင်အောင်

http://www.dhammadownload.com



ဆောင်မနေကြပါနဲ့လို့ နော် (မှန်ပါတယ်ဆရာ)၊ လူစေ့သက်စေ့အနေအားဖြင့် နည်းများမဆို ကြိုးစား သွားရင် ဒါရုတ်တရက် အောင်မြန်သွားပေ့ါကွာ နော် (မှန်ပါတယ်ဆရာ)၊

ငါအလကားပြောတာ မဟုတ်ပါဘူး၊ ပထမအသုတ်တုန်းက တို့အရင်တည်ထောင်တဲ့ ကိစ္စကြီး တုန်းက ဆယ့်ငါးရက်အတွင်းမှာ ငွေခြောက်ထောင်ကျော်ရတယ်၊ အင်တိုက်အားတိုက် လာလိုက်ကြ တာလို့ တဖွဲဖွဲနဲ့၊ ဆယ့်ငါးရက်အတွင်းမှာ ငွေခြောက်ထောင်ကျော်ရတယ်၊ ငွေခုနစ်ထောင်ကို ရက်နှစ်ဆယ်လောက်နဲ့ ပြည့်စုံသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ရက်နှစ်ဆယ်လောက်နဲ့ ငွေခုနစ်ထောင် ပြည့်စုံသွားတယ်ဆိုတော့ အခုတို့ ကောက်ခံတဲ့ရက်က သုံးရက်ရှိပါသေးတယ်ကွာ။ ငွေနှစ်ထောင်လောက် ရှိသွားပြီပေ့ါ နော် (မှန်ပါတယ်ဆရာ)၊ သုံးရက်နဲ့ နှစ်ထောင်ဆိုတော့ အရင်ရက် နှစ်ဆယ်မှ ခုနစ်ထောင်နဲ့ တွက်ကြည့်။ အခုဥစ္စာ ဆထက်ထမ်းပိုး တိုးပြီးတော့ များချင်များလိုဖြင့် ခေါ်ကြည့်ရတာပဲ ဟုတ်လား, မဟုတ်လား မပြောတတ်ဘူးနော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ အခုန စိတ်မနှံ့တဲ့လူ ပြောသလိုပဲ ကျွေးပေးဆရာ, ကျွေးပေးဆိုတာမျိုးလို ထည့်ပေးဆရာ ထည့်ပေး ထည့်ပေး ကြိုးစား ပေးကြနော် (မှန်ပါတယ်ဆရာ)၊ အဲဒါမှ တရားကျေးဇူးလည်း ဆပ်ရာရောက်မယ်လို့ သင်တန်းကျေးဇူးလည်း ဆပ်ရာရောက် နော် (မှန်ပါတယ်ဆရာ)၊ ဒါမှ တရားကျေးဇူး အထူးသိတဲ့ ပုဂ္ဂိုလ်လို့ ခေါ်တယ်။

ဒါကြောင့် အခုနစောစောကပြောတဲ့ သဘောလေး ပြန်ပြီးတော့ မိမိတို့ရထားတဲ့ အဆင့်အတန်း ရဲ့တန်ဖိုးလေး ချိန်ထိုးစရာဆိုတဲ့ အနေအားဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာပြသွားလို့ "လဒ္ဓဿာသ လဒ္ဓပတိဋ္ဌ" သံသရာမှာ သက်သာရာရတယ်။ သံသရာမှာ ထောက်ရာတည်ရာ ရတယ်ဆိုတာ ဘာတုံး။ အဿာသော နာမ အရိယဖလံ၊ ပတိဋ္ဌော နာမ အရိယမဂ္ဂေါ။ အဿာသော နာမ၊ သက် သာရာမည်သည်ကား။ အရိယဖလံ၊ အရိယာဖိုလ်တည်းတဲ့။ ဖိုလ်ဉာဏ်ရတဲ့ပုဂ္ဂိုလ် သက်သာရာ ရတယ် ခေါ်တယ်။ ပတိဋ္ဌော နာမ၊ ထောက်ရာ တည်ရာ မည်သည်ကား။ အရိယမဂ္ဂေါ၊ အရိယာ မဂ်တည်းတဲ့၊ မဂ်ဉာဏ်ရသွားရင် သံသရာထောက်ရာ တည်ရာရသွားပေ့ါ။ မနစ်မွန်းတော့ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)။ ဒါဖြင့် တို့သင်တန်းသားနဲ့ ဘာဆိုင်လဲမေးရင် ဆိုင်ပါသောကောတဲ့။ "အယံ ပန အနဓိဂတမဂ္ဂဖလောပိ" နောက်တက်တဲ့ ဝါကျသေချာမှတ်။ ပန၊ တစ်နည်းသော်ကားတဲ့ (ဝါ) တစ်မျိုးအားဖြင့် ပြောလိုက်အုံးမယ်တဲ့။ အဋ္ဌကထာဆရာက - အယံ၊ ဤပုဂ္ဂိုလ်သည်။အနဓိဂတ မဂ္ဂဖလောပိ၊ ဤမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရသေးသော်လဲ။ မရသေးဘူးပေ့ါ (မရသေးပါဘူးဆရာ)၊ ထားပါတော့ အဓိဂမုပါယပဋိပတ္တိယံ၊ ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရာ ရကြောင်း ကောင်းမြတ်သော

http://www.dhammadownload.com



အကျင့်၌။ ဌိတတ္တာ၊ တည်သည်၏အဖြစ်ကြောင့်။ သြော်-ဒီမဂ်ဉာဏ်ဖိုလ်ကို ရရာရကြောင်းဆိုတဲ့ အကျင့် ကောင်းမှာ တည်နေတယ်တဲ့ မတည်ဖူးလား (တည်နေပါတယ်ဆရာ)၊ တို့သူတွေ ဘာလိုချင်လို့ သင်တန်းလိုက်တယ် (နိဗ္ဗာန်လိုချင်လို့ပါဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လို့ လိုက်တယ်လို့ ပြောရတယ်။ အမလေး အမေးနဲ့ အဖြေနဲ့ တစ်ခြားစီ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် အရင်ရမယ် မဟုတ်လားဟ (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘဲနဲ့ နိဗ္ဗာန်ရောက်ကောင်းပါ့မလား (မရောက်ကောင်း သေးပါဘူးဆရာ)၊ ဒါဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လို့ ပြောရတယ်။

တို့ သင်တန်းသူ သင်တန်းသားတွေ ဘာကြောင့် သင်တန်းလိုက်တယ် (မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လို့ပါဆရာ)၊ ဟော-မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လို့ သင်တန်းလိုက်တယ်လား (မှန်ပါတယ် ဆရာ)၊ ဟောနေတဲ့တရားက မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်း တရားကောင်း ဟုတ်လား, မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ ဟုတ်သမှ ဘယ်နှစ်ခါဟုတ် (အခါတစ်ရာသောက် ဟုတ်တယ် ဆရာ)၊ အေး - ဟုတ်ပြီနော် (မှန်ပါတယ်ဆရာ)၊ တကယ်ဟုတ်၊ သေသေချာချာဟုတ်တဲ့ တရားနော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သူ့အဆင့်တန်းနဲ့ တက်တက် တက်တက်လာ လမ်းစဉ်လေးတွေ ချပြ။ ဒါကြောင့် တို့သင်တန်းသူ သင်တန်းသားများသည် “အယံ ပန အနဓိဂတမဂ္ဂဖလောပိ အဓိဂမု ပါယပဋိပတ္တိယံ” ဆိုတဲ့ ပါဠိအရ ပန၊ တစ်နည်းသော်ကား။ (ဝါ) တစ်မျိုးအားဖြင့်။ အယံ၊ ဤပုဂ္ဂိုလ်သည်။ အနဓိဂတမဂ္ဂဖလောပိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရသေးသော်လည်း။ အဓိဂမုပါယ ပဋိပတ္တိယံ၊ ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရခြင်း ရကြောင်းဖြစ်သော အကျင့်မြတ်၌။ ဌိတတ္တာ၊ တည်သည်၏အဖြစ်ကြောင့် နော် (မှန်ပါတယ်ဆရာ)၊ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌောတိ၊ လဒ္ဓဿာသ ဆိုတဲ့ အရိယာဖိုလ်သို့ ရောက်သော, လဒ္ဓပတိဋ္ဌဆိုတဲ့ အရိယာမဂ်သို့ ရောက်သောပုဂ္ဂိုလ်နဲ့ အတူတူ ပါပဲတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီးသား အရိယာပုဂ္ဂိုလ်နဲ့ အတူတူဆိုတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီးသား အရိယာပုဂ္ဂိုလ်များက အပါယ်များ ကျအုံးမှာလားဟ (မကျတော့ပါဘူးဆရာ)၊ ကျကောင်းသေးရဲ့လား (မကျကောင်းပါဘူးဆရာ)၊ မကျကောင်းတဲ့ ဒီအရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ အရိယာပုဂ္ဂိုလ်က အပါယ်လေးပါး မလားဘူးဆိုတာ တစ်ဘဝ တစ်နပ်စားလား (မဟုတ်ပါဘူးဆရာ)၊ တစ်သံသရာလုံး မဟုတ်ဘူးလား (တစ်သံသရာလုံးပါဆရာ)၊ တစ်သံသရာ ဘယ့်နှဲ့ဖြစ်သွားတယ် မသိဘူး။ ရှာလိမ့်သွား ဟင့်၊ တစ်သံသရာလုံးပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)။ အဲဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီးသား အရိယာပုဂ္ဂိုလ် တစ်စပ်ထဲ ပြထားတာလို့နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် အားရှိစရာကောင်း။ ဒါကြောင့်လည်းပဲ သူ့အကန့်

http://www.dhammadownload.com



လေးနဲ့သူပေါ့။ သင်တန်းတစ်ပတ်စာလုံးကို လုံးလုံးမမှတ်မိသော်လည်းပဲ သူအပိုင်းလေးနဲ့ သူ့အကန့်လေးနဲ့ ပိုင်းပိုင်း ပိုင်းပိုင်းသွားလို့ရှိရင် အင်မတန် တန်ဖိုးရှိပါတယ်လို့။ ဒါအနည်းဆုံး အဆင့်အတန်းလေးတို့များကပြ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် သင်တန်းနိဒါန်းကစ ဒါရုပ် ဒါနာမ် ဒါခန္ဓာတဲ့။ ဒီခန္ဓာငါးပါးသည် ဒီလိုကြောင့်ဖြစ်လာတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ ထိုခန္ဓာငါးပါး တွယ်ကပ်နေတဲ့ သက္ကာယဒိဋ္ဌိ ခွာရှင်းလင်းပေး။ ဟောဒါလေး ပြတ်ပြတ်သားသား နားလည်လို့ ပိုင်လို့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါအောက်ထစ်ဆုံးနည်းအားဖြင့် တွက်ပြီးသား သေချာပေါက် မမှားနိုင်တဲ့ နည်းအားဖြင့် ပိုင်းပေးတဲ့ စူဠ သောတာပန်တန်းပါလို့၊ အတန်းက ဒါထက်အများကြီး ကျော်နိုင်သေးတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် မယုတ်မလွန်ဆိုတဲ့ အနေအားဖြင့် မမှားနိုင်တဲ့ တန်းကနေ ပိုင်းပေး။ ဒီရုပ်နာမ်ခန္ဓာ အာယတနဆိုတဲ့ သဘာဝတွေ ပြတ်ပြတ်သားသား နားလည်ထား၊ စူဠသောတာပန်ဖြစ်၊ စူဠသောတာပန် ဖြစ်ဆိုတဲ့ ဒါဂတိမြဲသွားပြီ။ ဒီဂတိမြဲသွားပြီဆိုတဲ့ ဒီပါဠိကိုပဲ "နိယတဂတိကော စူဠသောတာပန္နော နာမ" ဆိုတဲ့ ပါဠိကိုပဲ အဋ္ဌကထာဆရာက အကျယ်ဝိတ္ထာအရ ဖွင့်ပြလိုက်တော့ တို့လူစုက မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးသော်လည်း ရပြီးသား မဂ်ဉာဏ် ဖိုလ်ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်များနဲ့ တစ်တန်းထဲပဲ နော် (မှန်ပါတယ်ဆရာ)၊ ဂတိလည်းမြဲတယ်၊ အပါယ်လေးပါးလည်း တံခါးပိတ်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒီအဆင့်အတန်း, ဒီဂုဏ်ကျေးဇူး, ဒီအကျိုးထူးတရားကြီးတွေ၊ ဒီဘဝမျိုး တို့ရောက်အောင် အကျိုးကျေးဇူးတွေ ခံစားရတာ ဘာသဘောလဲ။ သင်တန်းရဲ့သဘော သင်တန်းရဲ့သတ္တိ သင်တန်းရဲ့ ဂုဏ်ကျေးဇူးပါပဲလို့၊ ဒါကြောင့် သင်တန်းရဲ့ ဂုဏ်ကျေးဇူးအထူးဆပ်ပေးတဲ့ အနေအားဖြင့် ကျွေးပေးစရာ ဆိုတာမျိုးလို ထည့်ပေး ထည့်ပေးစရာပေါ့ကွနော်။

ပထမည ဖွင့်ခါစ ငါးရာ၊ ဒုတိယညခုနစ်ရာကျော်၊ တတိယညသုံးရာ၊ တတိယညဆိုတော့ မနေ့ကပေါ့ ကနေ့ညနှစ်ရာ၊ အဲဒါ နောက်ဆုတ် ပြောတယ်ဆိုတာ ခေါ်တယ်။ ဒါပေမယ့် နေ့ခင်းမပါလို့ပါ။ နေ့ခင်းလက်ခံထားတာက တစ်ရာကျော်နဲ့ဆိုရင် သုံးရာကျော်ဆိုပါတော့။ ဒါတင်လားဆိုတော့ မကပါဘူး။ ကနေ့အဖို့ကတော့ တွက်သားမိပါတယ်။ နေ့ခင်းလက်ခံထားတာက တစ်ရာကျော်၊ ခုည ရတာက နှစ်ရာကျော် သုံးရာကျော် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ သုံးရာကျော်ထဲမှာ ဝမ်းမြောက်စရာလဲ ကောင်းရဲ့၊ ဂမ်းသာစရာလဲ ကောင်းရဲ့၊ စေတနာသဒ္ဓါတရားထက်သန်စွာနဲ့ အကြောင်း အတ္ထုပ္ပတ္တိလေးက ပြောရအုံးမယ်။ ဟောဒီနားက ရွှေပြည်အေးပွဲရုံ ပွဲစားဦးဘအုန်းပွဲကတော် ဒေါ်လုံးတင်တို့က အခု ညနေ နေဝင်ကာနီးမှ ကြိုးခွေအတွက် အလှူငွေငါးရာ ဝမ်းသာ

http://www.dhammadownload.com



စရာကောင်း၊ မသာဘူးလားဟ (ဝမ်းသာပါတယ်ဆရာ)၊ ကြိုးခွေအတွက် အလှူငွေ ငါးရာလို့ အဲဒါလည်းပဲ ဖြစ်တောင့်ဖြစ်ခဲပဲလို့ ဘာပြုလို့လဲ ဆိုတော့ သင်တန်းခမျာ ခုပဋ္ဌိစ္စသမုပ္ပါဒ်မှာ ဝင်လိုက် အစက မပါလာဘူး။ ကိစ္စအဝဝတွေ တာဝန်များလွန်းလွန်းလို့ လိုက်ချင်တဲ့ဆန္ဒတော့ ရှိပါရဲ့တဲ့။ ဒါပေမယ့် ကိစ္စဝိစ္စတွေက လိုက်ခွင့်မရအောင်ပဲ များနေလို့ သင်တန်းလိုက်ရတာ နောက်ကျတယ်တဲ့။ သင်တန်းဝင်ပြန်းကနဲ့ လိုက်ပြန်တော့ ဘာနဲ့တွေ့သလဲလို့ တို့ ခု ကျေးဇူးရှင် ပဒေါင်းဆရာတော် ဘုရားကြီး ရေးသားတဲ့ သုပ္ပဋ္ဌိကာရ စာအုပ်အတွက် တို့များ ဝေဖန်ပြီးတော့ အကြောင်းဟောပြောတဲ့ ည၊ ဒီညက စပါတယ် နော် (မှန်ပါတယ်ဆရာ)၊ မိဘများရဲ့ကျေးဇူး ဘယ်ထိအောင် ထူးတယ်၊ မိဘများရဲ့မေတ္တာ သားသမီးအပေါ် ဘယ်ထိအောင် ရှိတယ်လို့ သုပ္ပဋ္ဌိကာရတရားတော်ကို တို့တစ်ည လား နှစ်ညလား ဆက်ပြီးတော့ တော်တော်ကြီး အကျယ်တဝင့် ဟောလိုက်တယ်။

အဲဒီညက စပါတယ် ဆိုတော့ ဒီတရားနာရစဉ်အခါတည်းက စေတနာသဒ္ဓါတရားဟာ အများကြီး ဖြစ်ခဲ့ပါတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ မိမိကိုယ်တိုင်ကလည်းပဲ ထင်ရှားရှိသောမိဘကို တကယ်ရိုရိုသေသေ လေးလေးစားစားနဲ့ သဒ္ဓါတရားရှေ့ထားပြီးတော့ ပြုစုစောင့်ရှောက်တဲ့ စိတ်နေ စိတ်ထားကလည်း ရှိတယ်၊ ပြုလည်း ပြုစုတယ်၊ စောင့်လည်း စောင့်ရှောက်တယ်။ ကိုယ်တိုင်က သို့ကလောက်တောင် မိဘကျေးဇူး အထူးသိတဲ့ အနေအားဖြင့် ကြိုးစားပမ်းစားနဲ့ ပြုစုစောင့်ရှောက် နေသော်လည်းပဲ အခုလိုပဲ အတ္တူပ္ပတ္တိ အကျယ်အားဖြင့် တစ်ခါမှ မနာဘူးလို့ အခုတစ်ည ရောက်လာ ခြင်း နာလိုက်ရတာ သူ့စိတ်ထဲမှာ တန်ဖိုးဟာ မဆုံးဖြတ်နိုင်အောင် မြတ်ပါတယ်တဲ့။ ဒီအခါတည်းက သဒ္ဓါတရား အများကြီးဖြစ်နေ။ ငါ့သင်တန်းလိုက်ရတာ ခုတစ်ညနဲ့ပဲ ဝမ်းသာလို့မဆုံး မိမိအင်မတန် နှစ်နှစ်သက်သက်နဲ့ အမြတ်တနိုးအားဖြင့် ကိုးစားယုံကြည်သည့်အနေအားဖြင့် ငါမိဘကို ထင်ရှားရှိတဲ့ မိဘကို လုပ်ကျွေးသမှု ပြုနေတဲ့ စေတနာတွေက ခုမှ သဒ္ဓါတရားတွေ တဖွားဖွားနဲ့ တိုးပြီး မိဘဂုဏ် ကျေးဇူးတွေ အထူးပိုသိ။ အဲဒီတော့ လက်ရှိလုပ်ငန်းနဲ့ ဒီသင်တန်းကပြတဲ့ သုပ္ပဋ္ဌိကာရ တရားတော်နဲ့က အင်မတန် အချိုးကကိုက်သွားတော့ ဝမ်းသာလို့လဲ မဆုံးပါဘူးတဲ့။ သင်တန်းစဉ် တရားဆိုတာကတော့ မှတ်သားနိုင်သမျှ အခု မှတ်သားရက်ပါပဲတဲ့။ ဒါပေမယ့် သိပ်တော့ မပြတ်သားသေးဘူး။ နောက်က လည်း ကျနေနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ၎င်းသုပ္ပဋ္ဌိကာရ တရားတော်နာစဉ် အခါတည်းက တစ်သောင်းလဲမက၊ တစ်သိန်း လည်းမက၊ တစ်သန်းလည်းမက၊ ကုဋေလဲမက အင်မတန်မွန်မြတ်တဲ့ တန်ဖိုးကြီး ငါ့ရပေတယ်။ ကျေးဇူးဟာလည်း သောင်းသိန်းကုဋေချီပြီးတော့လည်း ပေးဆပ်လို့ မကုန်နိုင်အောင် ငါ့စိတ်ထဲ

http://www.dhammadownload.com



လည်းပဲ အထူးသဖြင့် တင်ရှိပါတယ်ဆိုတဲ့ စေတနာအလျောက် အခုကြိုးခွေ အလှူခံကိစ္စ ပေါ်ပေါက်လာတော့ အဲဒါ စင်စင်ကြယ်ကြယ် ထက်ထက်သန်သန် သဒ္ဓါတရား ရှေ့ထားပြီးတော့ အလှူတော်ငွေ ငါးရာထည့်သွားတယ်။ အလှူတော်ငွေ ငါးရာထည့်ပြီးတော့ ကျွန်တော်တို့ ကျွန်မတို့ လှူဒါန်းရတဲ့ အလှူဟာ တစ်စုံတစ်ခုသော လုံးလပယောဂ မပါဘဲနဲ့ စင်ကြယ်သန့်ရှင်းသော သဒ္ဓါတရား အနေအားဖြင့် လှူဒါန်းရပါသဖြင့် ကျွန်တော်တို့နဲ့ အတူတကွ ဓမ္မဒါယကာဖြစ်ကြတဲ့ သင်တန်းသူ သင်တန်းသား အပေါင်းကိုလည်း ကျွန်တော်တို့နှင့် ထပ်တူထပ်မျှ ရပါစေဆိုတဲ့ စေတနာအားဖြင့် ကျွန်တော် အမျှဝေလိုပါတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ အမျှဝေပေးရမယ်။ ဒီတော့ မိမိတို့ကလည်း သို့ကလောက်တောင် စင်ကြယ်သန့်ရှင်းသော ငါးရာထုပ်ပဲဆိုတဲ့ ကုသိုလ်ကြီးကို တို့ငါးရာမတတ်နိုင် မပြုနိုင်သော်လည်းပဲ တို့ရဲ့ဓမ္မဒါယကာ မိတ်ဆွေတစ်ယောက်က ဝေငှပေးလို့ ရရပေပေါ့ဆိုတဲ့ အနေအားဖြင့် ဝမ်းပန်းတသာနဲ့ တမြန်နေ့က သာဓုအနုမောဒနာခေါ်ပုံနဲ့ အမျှဝေပုံနဲ့ ဘတ္တပဋ္ဌိယရ လုလင်တို့ ပြောခဲ့ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေး စိတ်ထဲက စဉ်းစားထား၊ ဒါလေး စဉ်းစားထားပြီးတော့ သန့်ရှင်းစင်ကြယ်တဲ့ သဒ္ဓါတရားနဲ့ ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုအနုမောဒနာ ခေါ်ဆိုကြ။ အဲဒီတော့ ရွှေပြည်အေးပွဲစား ဦးဘအုန်း ပွဲကတော် ဒေါ်လုံးတင်တို့ရဲ့ကိုယ်စား တို့များ အမျှဝေ ရမှာပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)။

ယခု အသံသွင်းယူရေးအဖွဲ့က အလှူခံသော အသံသွင်းကြိုးခွေအတွက် ကျွန်တော် ကျွန်မတို့က စေတနာသဒ္ဓါတရား ရှေ့ထား၍ စင်ကြယ်သန့်ရှင်းစွာ အလှူတော်ငွေ ငါးရာလှူဒါန်းပါ၏၊ ဆက်ကပ်ပါ၏၊ ပူဇော်ပါ၏။ ဤကဲ့သို့ ဓမ္မဒါနအမြတ်ဆုံးသော တရားတော်မြတ်ကြီးကို လှူဒါန်းပူဇော်အပ်သော ကုသိုလ်ကောင်းမှုအဖို့ကို ဓမ္မဒါယကာဖြစ်ကြကုန်သော သင်တန်းသူ သင်တန်းသား အပေါင်းနှင့် တကွ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျ သတ္တဝါဥသုံ အလုံးစုံတို့အား အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ အမျှရကြပါစေခြင်းအကျိုးငှာ အကျွန်ုပ်တို့က စင်ကြယ်သန့်ရှင်းသော စေတနာ သဒ္ဓါ တရားဖြင့် ထိုကုသိုလ်၏ အဖို့ဘာဂကို အားလုံးအမျှ အမျှ အမျှ ပေးဝေပါ၏။ (သာဓု သာဓု သာဓု)

အဲဒါ ပတ္တိဒါနနဲ့ ပတ္တာအနုမောဒနာ နော် ( မှန်ပါတယ်ဆရာ)၊ ဒီတော့ တို့ ဒီနေ့ ဟိုတစ်နေ့က တစ်ရာကျော်၊ ညက နှစ်ရာကျော်၊ ပွဲစားဦးဘအုန်းတို့ ဒေါ်လုံးတင်တို့က ငါးရာထည့်၊ ဘယ်လောက်ရှိသွား (ရှစ်ရာကျော်ပါဆရာ)၊ အားရှိစရာပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ သုပ္ပဋ္ဌိကာရ စာတန်းစာအုပ် ကလည်းပဲ ပထမ ငွေစာရင်းသွင်းတာနဲ့ မှာတဲ့စာအုပ်ရေနဲ့ ငွေစာရင်းသွင်းတာက သုံးရာကျော်၊

http://www.dhammadownload.com



မှာတာက စာအုပ်ငါးရာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ရောက်လာပြန်တော့ ငွေစာရင်း မသွင်းဘဲနဲ့ နောက်ထပ်ပြီးတော့ လိုချင်စိတ်ရှိလို့ ကောက်ခါငင်ကာနဲ့ ဝယ်ယူတာနဲ့ဆိုတော့ စာအုပ်ငါးရာ ခုကုန်ခါနီးပါပြီလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါလေးလဲ လက်စသတ်သွားအောင်, ပြတ်သွားအောင်ဆိုသလို နောက်ထပ်ပြီးတော့ မိဘထင်ရှားရှိတဲ့ပုဂ္ဂိုလ်များ သို့မဟုတ် သားသမီးရှိတဲ့ ပုဂ္ဂိုလ်များလို့ တစ်အိမ်တစ်အုပ်ကြ ဆောင်ထားသင့်ပါတယ်။ မိမိတို့ကလည်း လမ်းညွှန်ကြားသင့်ပါတယ်။ ဆိုဆုံးမသင့်ပါတယ်လို့ ဒီစာအုပ်ရဲ့ ကျေးဇူးကလည်း တန်ဖိုးထူးပါတယ်။

ဒါကြောင့် အဲဒီ စာအုပ်ကလေးများလဲ နောက်ထပ်ပြီးတော့ လိုချင်သူများရှိရင် လှမ်းပေးလိုက်သုတ်သီးသုတ်ပြာလာအောင်၊ နောက်ကျရင် ရမည်မဟုတ်နော် (မှန်ပါတယ်ဆရာ)၊ ကိုင်း- အခုအမျှပေးဝေသော ပဋ္ဌိဒါန ပတ္တာနုမောဒန အမျှဝေလိုက်တော့ တို့လူစုတွေ ငါးရာတန် ဆိုတဲ့ ကုသိုလ်တွေ အသီးသီး မရဘူးလားဟ (ရပါတယ်ဆရာ)၊ မလိုချင် လိုချင် သာဓုခေါ်တဲ့လူဟော့ ရချင်မှရမှာနော် (မှန်ပါတယ်ဆရာ)၊ လိုလိုချင်ချင်နဲ့ အင်မတန် စင်ကြယ်သန့်ရှင်းသော ငါးရာတန်ဆိုတဲ့ ကုသိုလ်ကြီးတို့မလုပ်ပေမယ့် တို့ဓမ္မဒါယကာ တည်းဟူသော မိတ်ဆွေ ပွဲစားဦးဘအုန်း ပွဲကတော် ဒေါ်လုံးတင်တို့က ဝေပေးလို့ မျှပေးလို့ ကနေ့ည ငါးရာတန်ကုသိုလ်ကြီးရပြီ၊ ဝမ်းသာစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ ယုံလည်း ယုံကြည်ကြနော်။ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ လမ်းစဉ်အတိုင်း ညွှန်ကြားပေးနေတာ ပဋ္ဌိဒါန ပတ္တာအနုမောဒနလို့နော် (မှန်ပါတယ် ဆရာ)၊ တို့များကလည်းပဲ အဲဒီထဲ အချောင်ယူလိုက်တယ်၊ မောင်တိုးကုသိုလ်တုန်းကလည်း သာဓုခေါ်လိုက်၊ ကိုဘအုန်းကုသိုလ်ကြလည်း သာဓုခေါ်လိုက် တစ်ထောင်ဖိုးဖြစ်သွားနော် (မှန်ပါတယ်ဆရာ)၊ အချောင်ရတာနော် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီလို ယူရတာပဲ ယူတတ်ရတယ်ဆိုတာပေါ့။ ဟော်တော် နေရာကျ ငါပရိသတ်အများ အမျှဝေပေးတာ ဘယ်နှစ်ခါရှိပြီတုံးဟ (နှစ်ခါရှိပါပြီဆရာ)၊ တစ်ခါတစ်ခါ တန်ဖိုးဘယ်လောက်ရှိ(ငါးရာပါဆရာ)၊ အဲ နောက်တစ်ခါ အမျှဝေချင်ရင် ငါးရာလာခဲ့ နော် (မှန်ပါတယ် ဆရာ)၊ ဟုတ်ဘူးလား ဟင်း ဟင်းဟင်း။

ကိုင်း-တို့လက်စ ပဋိစ္စသမုပ္ပါဒ်ကလေး ဆက်ကြအုံးစို့နော် (မှန်ပါတယ်ဆရာ)။ ပဋိစ္စသမုပ္ပါဒ် "ဥပါဒါနပစ္စယာ ဘဝေါ" ဥပါဒါန်တရားလေးပါးတည်းဟူသော အကြောင်းကြောင့် ဘဝဖြစ်တယ်။ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်ဆိုတဲ့ ဥပါဒါန်တရားလေးပါးကြောင့် ဘဝဖြစ်တယ်လို့ ဒီတော့ ဘဝ ဘယ်နှစ်မျိုးရ (နှစ်မျိုးရပါတယ်ဆရာ)၊ ဘယ်သူတွေတုံးဟ (ကမ္မဘဝနဲ့

http://www.dhammadownload.com



ဥပပတ္တိဘဝပါဆရာ)၊ ဟုတ်ပြီ၊ ဒါပေမယ့် ကမ္မဘဝက အကြောင်းလား, အကျိုးလားဟ (အကြောင်းပါဆရာ)၊ ဥပပတ္တိဘဝကော (အကျိုးပါဆရာ)၊ အေး-အကြောင်းဘဝနဲ့ အကျိုးဘဝ နှစ်ပါးလာရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီဘဝနှစ်မျိုးဟာ ဘယ်သူကြောင့်ဖြစ်တယ်ဆိုတော့ ဘယ့်နဲ့ပြော (ဥပါဒါန်ကြောင့်ဖြစ်တာပါဆရာ)၊ ဥပါဒါန်လေးပါးကြောင့် ဖြစ်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ တရားကိုယ်သရုပ်ကလေးတွေလဲခွဲ ခွဲပေးထားတယ်။ ကမ္မဘဝရဲ့ တရားကိုယ်ကောက်တော့ ဘာရတုံး မှတ်မိလား (အကုသိုလ်ကံ, ကုသိုလ်ကံ ရပါတယ်ဆရာ)၊ အကုသိုလ်ကံနှင့် ကုသိုလ်ကံ စေတနာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အကုသိုလ်စိတ် ဆယ့်နှစ်ခု၌ ယှဉ်သော စေတနာဆယ့်နှစ်ခု၊ ကုသိုလ်စိတ်ဆယ့်ခုနစ်ခု၌ ယှဉ်သော စေတနာ ဆယ့်ခုနစ်ခု၊ ပေါင်းလိုက်တော့ ဘယ်လောက်ရှိ (နှစ်ဆယ့်ကိုးပါဆရာ)၊ နှစ်ဆယ့်နဲ့ကိုးပါး နော် (မှန်ပါတယ်ဆရာ)၊ ကံတရားတွေနော် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"၊ သေချာမှတ်ကြနော်။ လက်ရှိဘဝမှာ နောက်ဆုံးဖြစ်တဲ့ တရားလေးပြနေ။

## အတိတ် ပစ္စုပ္ပန် အနာဂတ်သုံးပိုင်းရှိတဲ့ ပဋိစ္စသမုပ္ပါဒ်

အခုလက်ရှိဘဝကြီးမှာ နောက်ဆုံးဖြစ်တဲ့ တရားလို့ ပဋိစ္စသမုပ္ပါဒ်က သုံးပိုင်းခွဲထားတယ်။ အတိတ်ရယ် ပစ္စုပ္ပန်ရယ် အနာဂတ်ရယ် နော် (မှန်ပါတယ်ဆရာ)၊ အတိတ်က ဘယ်သူနဲ့ ဘယ်သူတုံး (အဝိဇ္ဇာနဲ့တဏှာကံ ပါဆရာ)၊ ဟော, ဟော-ပဋိစ္စသမုပ္ပါဒ် ခုပြတဲ့ အင်္ဂါဆယ့်နှစ်ပါးမေးနေတာ။ အတိတ်တရားက ဘယ်သူနဲ့ ဘယ်သူတုံး၊ မပြောရသေးဘူးလား အဝိဇ္ဇာနဲ့သင်္ခါရ မဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်မိသေးလား ပြောခဲ့တာ (မှတ်မိပါတယ်ဆရာ) ဝိညာဏ်ကစ ပဋိသန္ဓေ အခန်းလေး ပြခဲ့တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါပစ္စုပ္ပန်ဘဝ မဟုတ်ဘူးလား (ပစ္စုပ္ပန်ဘဝပါဆရာ)၊ မှတ်ထားပါဟ။ အဝိဇ္ဇာနှင့် သင်္ခါရက လွန်ခဲ့သော အတိတ်ဘဝက တရား၊ လက်ရှိရလာတဲ့ဘဝကို ဝိညာဏ်က စခဲ့တယ်၊ ပဋိသန္ဓေ ဝိညာဏ်လေး နော် (မှန်ပါတယ်ဆရာ)၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ၊ ဟော- ရောက်လာပြီ၊ မရောက်ဖူးလား (ရောက်ပါတယ်ဆရာ)၊ တဏှာ ဥပါဒါန် ဘဝ အဲဒီ ဝိညာဏ်ကစ ခုဘဝထိအောင် အဲဒါ မင်းတို့ငါတို့ အခုလက်ရှိ ပစ္စုပ္ပန်ဘဝမှာ ရထားတဲ့ တရားစုတွေတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီ ဘဝပြီးတော့ ပဋိစ္စသမုပ္ပါဒ် ဘာတုံးဟ ဘဝပစ္စယာ (ဘဝပစ္စယာ ဇာတိဇရာမရဏ ပါဆရာ)၊ "ဘဝပစ္စယာ ဇာတိ" တစ်လုံးထဲ မေး

http://www.dhammadownload.com



တစ်လုံးထဲ ပြောရတယ်။ "ဘဝပစ္စယာ ဇာတိ"တဲ့လား (မှန်ပါတယ်ဆရာ)၊ အဲ ဇာတိကြတော့ အနာဂတ်ဘဝ ရောက်မသွားဘူးလား (ရောက်သွားပါတယ်ဆရာ)၊ လာလတ္တံ့ ဘဝသစ်မှာဖြစ်မဲ့ ပဋိသန္ဓေကိုးကွ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဇာတိ ဇရာ မရဏ, က လာလတ္တံ့ အနာဂတ်ဘဝအတွက်တရား မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အတိတ်ရယ် ပစ္စုပ္ပန်ရယ် အနာဂတ်ရယ် ကာလသုံးပါး ပိုင်းထားတယ် မဟုတ်လား (ပိုင်းထားပါတယ်ဆရာ)၊ အဲဒါကြောင့် အခုပြနေတဲ့ ဘဝဆိုတာဟာ မင်းတို့ ငါတို့ ရထားတဲ့ ဘဝမှာ နောက်ဆုံးတရားလေးဆိုတာ မှတ်ထားနော် (မှန်ပါတယ်ဆရာ)၊ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ နေရာလေးမှာ နည်းနည်းလေး ပြန်ပြီးတော့ စာဒကတတ်စရာ စကားလေးပါတယ်။ ဒီတော့ ဒီဥပါဒါန် ကြောင့် ဖြစ်လာတဲ့ဘဝဆိုတာ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ နှစ်မျိုးရထားတော့ ကမ္မဘဝဟာ အကြောင်း ဘဝ၊ ဥပပတ္တိဘဝဟာ အကျိုးဘဝလို့ ဒီလိုရထားတော့ အဲဒီကမ္မဘဝ အကြောင်းဘဝမှာ တရားကိုယ် တရားသားကောက်တော့ လောကီကုသိုလ်မှာယှဉ်တဲ့ စေတနာ ဆယ့်ခုနစ်ခုရယ်၊ အကုသိုလ်စိတ်မှာ ယှဉ်တဲ့ စေတနာဆယ့်နှစ်ခုရယ်၊ ပေါင်းလိုက်တော့ နှစ်ဆယ့်နဲ့ကိုးပါး စေတနာလေးတွေ မရလားကွယ် (ရပါတယ်ဆရာ)၊ ကံလေးတွေပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေး မှတ်ထား။

တို့ ပဋိစ္စသမုပ္ပါဒ် အစနားပြန်ကြည့်လိုက်စမ်း၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတော့ အဝိဇ္ဇာ ကြောင့်ဖြစ်လာတဲ့ သင်္ခါရ ဘယ့်နှစ်မျိုးတုံး (သုံးမျိုးပါဆရာ)၊ ဘယ်သူတွေတုံး ဟော-မြင်လား၊ ပေခံ နေတယ်၊ ပုညာဘိသင်္ခါရ (ပုညာဘိသင်္ခါရ အပုညာဘိခါရ အာနေဉ္ဇာဘိသင်္ခါရပါဆရာ)၊ မှတ်မိ ရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ပုညာဘိသင်္ခါရဆိုတာ ဘယ်သူခေါ်တုံး (ရူပကုသိုလ်နဲ့)၊ ဟော-ပြီးတော့ ဟုတ်ပြီ ရူပကုသိုလ်နဲ့၊ ကာမာဝစရကုသိုလ် (ကာမာဝစရကုသိုလ်နဲ့ရူပါဝစရကုသိုလ်ပါဆရာ)၊ ကာမာဝစရကုသိုလ်မှာယှဉ်တဲ့ စေတနာနဲ့ ရူပါဝစရကုသိုလ်မှာ ယှဉ်တဲ့စေတနာ မဟုတ်လား (မှန် ပါတယ်ဆရာ)၊ စေတနာပဲ ကောက်တယ်မဟုတ်လား (စေတနာပါပဲဆရာ)၊ အပုညာဘိသင်္ခါရ ဘယ်သူခေါ်တုံး။ အကုသိုလ်စိတ်မှာ ယှဉ်တဲ့စေတနာ (မှန်ပါတယ်ဆရာ)၊ သူများပြောမှ မှန်ပါတယ် မှန်ပါတယ်။ အာနေဉ္ဇာဘိသင်္ခါရကကော အရူပါဝစရကုသိုလ်မှာယှဉ်တဲ့စေတနာ (မှန်ပါတယ်ဆရာ)၊ မှန်ပါတယ်ချည်းပဲ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပေါင်းလိုက်တော့ ဘာရတုံးဟ လောကီ ကုသိုလ်နဲ့ အကုသိုလ်ပြန်မရဘူးလား (ရပါတယ်ဆရာ)၊ လောကီကုသိုလ်စေတနာနဲ့ အကုသိုလ် စေတနာ ပြန်မရဘူးလား (ရပါတယ်ဆရာ)၊ အခု ဒီကမ္မဘဝ ကောက်ထားတဲ့ တရားကိုယ်နဲ့ ထူးသေး

http://www.dhammadownload.com



ရဲ့လား (မထူးပါဘူးဆရာ)၊ ငါ့ပြောတာကော နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဟိုက ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ သုံးမျိုးကောက်ထားတယ်ဆိုတော့ ပုညာဘိ သင်္ခါရ ဆိုတာ ကာမာဝစရကုသိုလ်စိတ်မှာ ယှဉ်တဲ့စေတနာရယ်၊ ရူပါဝစရကုသိုလ်စိတ်မှာယှဉ်တဲ့ စေတနာရယ် ဆယ့်သုံးပါး နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီတော့ အာနေဉ္ဇာဘိသင်္ခါရဆိုတာ အရူပါဝစရ ကုသိုလ်စိတ်လေးခုမှာယှဉ်တဲ့ စေတနာရယ် ပေါင်းလိုက်တော့ ဆယ့်ခုနစ် မနေဘူးလား (ဆယ့်ခုနစ်ပါဆရာ)၊ ဒါ ကုသိုလ်စေတနာ ဆယ့်ခုနစ် မနေဘူးလား (မှန်ပါတယ်ဆရာ)။

ဒီတော့ အပုညာဘိသင်္ခါရဆိုတော့ အကုသိုလ်စိတ် ဆယ့်နှစ်ပါးမှာယှဉ်တဲ့ စေတနာ ဆယ့်နှစ်ခု ပေါင်းလိုက်တော့ နှစ်ဆယ့်နဲ့ကိုးပါး မနေဘူးလား (နှစ်ဆယ့်ကိုးပါဆရာ)၊ အခု ကမ္မဘဝ တရားကိုယ် ကောက်ထားတာနဲ့ ထူးသေးရဲ့လားလို့ မေးနေတာ (မထူးပါဘူးဆရာ)၊ မထူးဘူး နော် (မှန်ပါတယ် ဆရာ)၊ ဟိုလည်း စေတနာ၊ ဒီလည်း စေတနာ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဟိုလည်း ဒီစေတနာ နှစ်ဆယ့်ခုနစ်ပါးပဲ၊ ဒီလည်း ဒီစေတနာ နှစ်ဆယ့်ခုနစ်ပါးပဲလို့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးမှာ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဆိုစဉ်အခါတုန်းကလည်း ဒီစေတနာ နှစ်ဆယ့်နဲ့ကိုးလုံးကိုပဲ သင်္ခါရအရ ကောက်ပြီး ပြခဲ့ပေ့ါ။ အခုလည်းပဲ ဥပါဒါန်ကြောင့် ဖြစ်လာတဲ့ ကမ္မဘဝနဲ့ ဥပပတ္တိဘဝတို့ နှစ်မျိုးနှစ်စားမှာ ကမ္မဘဝမှာ ဒီစေတနာ နှစ်ဆယ့်နဲ့ခုနစ်ပါးပဲ ကောက်ပြ ပြန်ပေ့ါဆိုတော့ ထူးသေးလား (မထူးပါဘူးဆရာ)၊ မထူးတော့ ဒါဟာ ပြီးပြီးသားစကားကို နောင် တစ်ဖန်ထပ်ပြီး ဆိုလို့ရှိရင် ပုနရုတ္တိဒေါသသင့်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဆိုပြီးသား တစ်ဖန် ထပ်ပြီးဆိုသောကြောင့် ပြပြီးသား တစ်ဖန်ထပ်ပြီးပြသောကြောင့် ပုနရုတ္တိ ဒေါသသင့်တယ်တဲ့။ ဒါဖြင့် ဒီနေရာ ပုနရုတ္တိ ဒေါသသင့်တယ်လို့ဆိုရမလားဆို ဒါကို ဘုရားဟောထားသတဲ့၊ ဘုရားက ဘယ်တော့မှ ဒေါသ အသင့်မခံဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အသင့်သာမခံတယ် အခုလိုပဲ နှစ်ချက် ကလည်း ထပ်ဟောထားပြန်တော့ မခက်ဖူးလား (ခက်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီနေရာ ပုနရုတ္တိဒေါသ မသင့်ဘူးတဲ့။ ဆိုပြီးသား တစ်ဖန်ထပ်ဆိုလည်း အပြစ်မသင့်ပါဘူးတဲ့။ ဒေသနာများမှာ ဟောချင်တိုင်း ဟောသွားလို့ ဖြစ်တာ မဟုတ်ဘူး။ သူ့အပြစ်နဲ့ သူ့ဒေါသနဲ့ သူ့ဝါကျနဲ့ ဒီလို သွားကြတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါ ပုနရုတ္တိဒေါသ မသင့်ပါဘူးတဲ့။

ဘာပြုလို့တုံး "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"တုန်းက သင်္ခါရအရ စေတနာနှစ်ဆယ့်နဲ့ ခုနစ်ပါးကောက် တာ မှန်တယ်။ အခုဘဝလည်းပဲ ကမ္မဘဝ ဒီစေတနာ နှစ်ဆယ့်ခုနစ်ပါး ကောက်တာ မှန်တယ်။ စေတနာချင်းတော့ တူကြပါရဲ့ ဒါပေမယ့် ကာလချင်း မတူဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ "အဝိဇ္ဇာ

http://www.dhammadownload.com



ပစ္စယာ သင်္ခါရာ” တုန်းက သင်္ခါရကောက်ထားတဲ့ စေတနာ နှစ်ဆယ့်ကိုးပါးကို ဘယ်ကာလတုန်းက ကောက်တာတုံး ကာလသုံးပါး (ကာလသုံးပါးတုန်းကပါဆရာ)၊ ဟောဗျာ- ချလိုက်တယ် ဘယ်တော့မှ အရှုံးမပေးဘူး။ သူထင်ရာတော့ အုပ်လိုက်တာ တစ်ခါတည်း။ ကာလသုံးပါး ဘယ်ကာလကောက်တဲ့ သင်္ခါရတုံးလို့ ဒီစေတနာက (အတိတ်ကပါဆရာ)၊ အေး-နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဟိုလွန်ခဲ့သော အတိတ်ဘဝက ပြုခဲ့တဲ့ စေတနာ နှစ်ဆယ့်ခုနစ်ပါးကောက်ထားတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ အခု ကမ္မဘဝကောက်ထားတဲ့ စေတနာ နှစ်ဆယ့်ခုနစ်ပါးက ဘယ်ကာလ ကောက်တာတုံး (ပစ္စုပ္ပန်ကာလပါဆရာ)။ အော်-ပစ္စုပ္ပန်ကာလ၊ ခု ဘဝ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် ဆိုပြီးသားစကားကို နောက်ထပ်ဆိုတဲ့ ပုနရုတ္တိဒေါသ ဖြစ်အုံးမှာလားဟ (မဖြစ်နိုင်ပါဘူးဆရာ)၊ မဖြစ်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ စာနယ်သဘောလေးတွေပေါ့၊ သင်ဖူး ကြားဖူးရှိတဲ့ လူကလည်း မှတ်ပေါ့။

ဩော်-ဒီနေရာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ်မှာ နှစ်ထပ်ဆိုထားပေမဲ့ ပုနရုတ္တိဒေါသ ဆိုပြီးသား နောက်ထပ်ဆိုတဲ့ ဒေါသမသင့်နိုင်ဘူး။ ဘာပြုလို့ ကာလအားဖြင့် ပိုင်းခြားဟောထားတာတဲ့။ “အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ”တုန်းက သင်္ခါရရဲ့တရားကိုယ် တရားသား ကောက်တဲ့စေတနာက လွန်ခဲ့သော အတိတ်ဘဝ,က ကောက်လာတဲ့ စေတနာနှစ်ဆယ့်ခုနစ်ပါး ပြောတာတဲ့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် “သင်္ခါရပစ္စယာ ဝိညာဏံ” ဆို ပဋိသန္ဓေပစ္စုပ္ပန်ဘဝကို ဝိညာဏ်လာဖြစ်တာပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ အခု ကမ္မဘဝဆိုတဲ့ နေရာမှာ စေတနာ နှစ်ဆယ့်ခုနစ်ပါး ကောက်တာကတော့ ပစ္စုပ္ပန် ယခုမျက်မှောက် ရောက်ဆဲဆိုတဲ့ ပစ္စုပ္ပန်ဘဝ ကောက်တာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တစ်နည်းအားဖြင့် အဲဒီလိုမှတ်။ တစ်နည်း အားဖြင့်ကော သင်္ခါရ ကောက်တဲ့ စေတနာက တစ်မျိုး၊ ကမ္မဘဝကောက်တဲ့စေတနာက တစ်မျိုး။ ဘယ်လိုတုံး သင်္ခါရမှာ ကောက်လာတဲ့ စေတနာက အခုနတုန်းက အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါးအပြင်ပေါ့ တစ်မျိုးအားဖြင့် မှတ်ဖို့၊ အခုပစ္စုပ္ပန်ဘဝထဲမှာတင် ၁နှစ်မျိုး ကောက်နိုင် သေးတယ်။ ဘယ်လို ကောက်မတုံး၊ မလျှုမီ ရှေ့အဖို့က၊ ကုသိုလ်မပြုမီ ရှေ့အဖို့က တစ်လဖြစ်စေ၊ ဆယ့်ငါးရက်ဖြစ်စေ၊ ဆယ့်ငါးရက်ဖြစ်စေ၊ တစ်လဖြစ်စေ၊ တစ်နှစ်ဖြစ်စေ ကြိုင်တင်ပြီးတော့ စေတနာ ဖြစ်ပေါ်တတ်တယ်တဲ့။ လူများမှာ မဖြစ်ပေါ်တတ်ဘူးလား (ဖြစ်ပေါ်တတ်ပါတယ်ဆရာ)။

သားလေး ဆယ်နှစ်အရွယ်လောက်ရှိ အရိပ်တကြည့်ကြည့်နဲ့ ကြည့်ကြည့်ဟုတ်လား၊ မဟုတ် လားလို့ သားလေးပေါက်ဖွားလာလို့ ဆယ်နှစ်လောက်ရှိရင်ပဲ ငါ့သားလေး ရှင်ပြုဖို့နီးလာပေါ့။

http://www.dhammadownload.com



ရှင်ဖြစ်အောင်တော့ ကြိုးစားအုံးမှပဲ မပေါ်ဖူးလား (ပေါ်ပါတယ်ဆရာ)၊ စေတနာ မဟုတ်ဘူးလား (စေတနာပါဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကျောင်းဆောက်လှူဒါန်းချင်တဲ့ ပုဂ္ဂိုလ်ကလဲပဲ ကျောင်းဆောက်ချင်လိုက်တာ။ ဒါပေမယ့် ခုရုတ်တရက် မဆောက်နိုင်သေးဘူး။ သွပ်ဈေး သံဈေးက ကြီးသေးတယ်။ ဖက်စပ်ကော်ပိုရေးရှင်းကထုတ်မှ ဆောက်ရတော့မှာပဲနော် (မှန်ပါတယ်ဆရာ)၊ ချို့ချို့ချမ်းချမ်း ကြည့်သေသေချာချာ ဆောက်အုံးမှာပဲ ဒီနှစ်မဆောက်နိုင် နောင်နှစ် စေတနာ ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)၊ ဇရပ်ဆောက်မဲ့လူကလည်း ထို့အတူပဲ ဇရပ်တစ်ဆောင်တော့ ဆောက်ဦးမှပဲ၊ ငါ့ပိုလျှံတဲ့ပစ္စည်းက ကိုယ့်နောက်ပါအောင်ဆိုတဲ့ အနေအားဖြင့် ဇရပ်ကုသိုလ် ငါလုပ်အုံးမှ။ ဒါပေမယ့် ခုရုတ်တရက် မလုပ်နိုင်သေးဘူး။ အခိပ္ပါယ်အားဖြင့် ဘာကြောင့် ညာကြောင့် ငါမအားလပ်လို့ နောက်ခြောက်လလောက်ကြာရင် လုပ်နိုင်ကောင်းပါရဲ့။ လုပ်အုံးမှပဲ စေတနာ ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)၊

အဲဒါ ရက်အားဖြင့် လအားဖြင့် နှစ်အားဖြင့် ကြိုတင်ပြီးဖြစ်ပေါ်နေသော ကုသိုလ်စေတနာ ဒါသင်္ခါရကောက်တဲ့ စေတနာလို့ ဒီလို မှတ်ရမယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါ တစ်မျိုးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါ ကုသိုလ်စေတနာချည်းပဲ တို့သက်သေနဲ့ ပြနေပေမဲ့ မဟုတ်သေးဘူး၊ အကုသိုလ်စေတနာလည်း ပါသေးတယ်။ စေတနာက ကုသိုလ်စေတနာ အကုသိုလ် စေတနာ နှစ်မျိုးကောက်ထား မဟုတ်ဘူးလား (နှစ်မျိုးကောက်ထားပါတယ်ဆရာ)၊ စေတနာ နှစ်ဆယ့်ကိုး၊ အကုသိုလ်လဲ ဒီလိုပဲ နော် (မှန်ပါတယ်ဆရာ)၊ ဘယ်တော့တုံး၊ မလစ်သေးဘူး။ လစ်ရင်တော့ အုပ်မှာပဲ ထင်ပြီးသားနော် (မှန်ပါတယ်ဆရာ)၊ ခိုးဖို့ စိတ်ကူးနေတယ်၊ ခိုးဖို့ ကြံစည်နေတယ် ဆိုတာ အကုသိုလ်စေတနာ မဟုတ်ဘူးလား (အကုသိုလ်စေတနာပါဆရာ)၊ ခိုးတော့ ခိုးပြီလား (မခိုးသေးပါဘူးဆရာ)၊ ဘယ်တော့ ခိုးမတုံး (လူလစ်မှခိုးမှာပါဆရာ)၊ အေး - ဟုတ်ပြီ လူလစ်မှ ခိုးမယ်။ ဒါ ပုဗ္ဗစေတနာတွေ မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ အဲဒီလို အမှုဝတ္ထု မလုပ်ခင် ကြိုတင်ပြီး ဖြစ်ပေါ်နေသော ပုဗ္ဗစေတနာသည် သင်္ခါရ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တကယ် နားလည် တယ်လား (တကယ်ပါဆရာ)၊ မင်း ဘုရားစူး၊ ပြီးတော့ မေး၊ ဘယ်တော့မှ သူမသိဘူး။ ဘယ်ရောက်ကုန်မှန်းလည်း မသိဘူး။

အမှုမလုပ်ခင်က ကြိုတင်ပြီး ဖြစ်ပေါ် နေသော ကုသိုလ်စေတနာ အကုသိုလ်စေတနာသည် ဘာတဲ့ (သင်္ခါရပါဆရာ)၊ အေး-မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒါနဲ့ ကျောင်းဒကာကလည်း ကျောင်းဆောက်မလို့ ဟန်ပြင်ထားတာ ခြောက်လ တစ်နှစ် ရှိတဲ့အခါကြတော့ ထမြောက် လက်

http://www.dhammadownload.com



သမားပါ ငှားရလို့၊ သွပ်သံများ ဝယ်ရလို့၊ အသားများ ထပ်လို့ ကိုင်း-ဆရာတို့ ဆောက်ကြတော့ နော် (မှန်ပါတယ်ဆရာ)၊ ကျောင်းဆောက်ကရော့ ကျောင်းဆောက်၊ ကျောင်းက တော်တော်ကြီးတယ် ဆိုရင် ခြောက်လလောက်ဆောက်ရ။ တချို့လည်း သုံးလ လေးလ၊ ခုခေတ်ကတော့ မြန်ပါတယ်ကွာ ကျောင်းပြီးရော မဟုတ်လား (ပြီးပါတယ်ဆရာ)၊ ကျောင်းပြီးတော့ ကျောင်းရေစက်ချလို့ သံဃာ တော်များ လှူတယ် မဟုတ်လား (လှူပါတယ်ဆရာ)၊ အဲဒီ သံဃာတော်များ လှူဆဲခဏ ရေစက်ချ၊ ရေစက်ချတဲ့အထဲမှာ ရှေ့ပိုင်း နောက်ပိုင်းတွေက အပိုတွေ အဲဒါတွေက၊ အလှူ ကမ္မပထ မြောက်သွား တယ်ဆိုတဲ့ အချိန်လေးက အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား၊ သံဃိကဖြင့်လည်း ပုဂ္ဂလိကဖြင့်လည်း ပုဂ္ဂလိကပေါ့။ ဒေမိ ပူဇေမိ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပူဇော်ပါ၏အရှင်ဘုရား၊ အဲဒီတစ်ချက်တည်း ကမ္မပထမြောက်တာ နော် (မှန်ပါတယ်ဆရာ)၊ ဒီအချိန်လေး သတိထားရတယ် ရေစက်ချ၊ တို့လူစုတွေ အလှူတွေလည်း အမြဲတန်း လုပ်ကြပါတယ်။ ရေစက်ချကြီး ဘယ်လောက်ပဲရှည်ရှည် သံသရာ မျက်စိလည်နေတာ။ မိမိလုပ်တဲ့ ကုသိုလ်ကမ္မပထမြောက်သွားတယ်ဆိုတဲ့ အချိန်ကလေးက "ဒေမ ပူဇေမ ဒေမိ ပူဇေမိ" ပါဠိလို၊ မြန်မာလိုပြန်တော့ သဒ္ဓါကြည်ဖြူ ကပ်လှူပါ၏ အရှင်ဘုရား။

အဲဒါ အလှူမြောက်သွားပြီ၊ ဒီတစ်ချက်တည်းရှိ ဒီအချိန်လေး နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ အချိန်ကလေး စေတနာက သန့်သန့်ရှင်းရှင်းနဲ့ အသိဉာဏ်လေး ဦးစီးပြီး ဝင်သွားရင် ဒီကုသိုလ်ဟာ မဟပ္ဖလ မဟာနိသံသ - မြတ်သောအကျိုး များသောအကျိုးပေးတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ တချို့လည်းပဲ အဲဒီအချိန်လေး တန်ဖိုးရှိမှန်း မသိဘူး။ ငါ့အလှူ ကမ္မပထမြောက်သွားတာ အလှူမြောက် သွားတာ ဒီနေရာလေးပါပဲလား။ "ဒေမိ ပူဇေမိ ဒေမ ပူဇေမ" ဆိုတဲ့ အခန်းလေးပါလားလို့ ဒီအပိုဒ် ကလေး နားမလည်ဘူး။ သံဃာတော်များက ချပေး လျှောက်လိုက်တာပဲ၊ ရေစက်ချနေမတ္တ, ကနေ ပြီးတော့ စိတ်တွေ ဂယောက်ဂယက် တောင်ရောက် မြောက်ရောက် ငါလုပ်တဲ့အလုပ် မှန်းထားလို့ ဒီကျောင်းက ငါးထောင်လောက်မှန်းတာ၊ ခုတော့ တိုးပါအုံး တိုးပါအုံးဆို လိုရာဖြည့်ရတာနဲ့ ခုနစ် ထောင်ကျော်သွားတယ် ခက်တာပဲ။ ရေစက်ချရင်း တွေးတယ်။ စိတ်လေးနေတာ၊ အလှူ လှူတော့ လည်း ဒီလိုပဲ တောင်တွေး မြောက်တွေးနဲ့ တွေးနေ၊ စိတ်ဆိုတာ ဂယောက်ဂယက် ဖြစ်တတ် တယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ တော်ကြာတော့ တို့ပခန်းနယ်က ကျောင်းဒကာကြီးလို ဖြစ်နေမယ်။ တစ်နေ့ကြတော့ ကျောင်းဒကာကြီး ကျောင်းဒကာကြီးနဲ့ ဥစ္စာပစ္စည်းက တော်တော်ချမ်းသာ တစ်နေ့ကြတော့ သားရှင်ပြုပြီးတော့ အလှူရေစက်ချ သူဆောက်တဲ့ကျောင်းက ဆရာတော်ဘုရား ကိုယ်တိုင်ပင့်၊ အရှင်ဘုရားကိုယ်တိုင် ရေစက်ချမှပဲ တပည့်တော် လှူတော့မယ်။ အေးကွာ မင်း

http://www.dhammadownload.com



ကျောင်းဒကာ တစ်ယောက်ဆိုတော့ ငါ မင်းအလှူ ချီးမြှောက်ရတာပေါ့။ ဒီတော့ ငါ့လဲ ကျောင်း ဆောက်ကိုးကွယ်ထားတဲ့ ဒကာဆိုတဲ့ ကျေးဇူးလည်း များတယ်။ ရေစက်ချလည်း အကျယ်တဝင့်နဲ့ ဆန်းဆန်းပြားပြားလေး မှတ်လောက်သားလောက် ငါချမှပဲလို့ ဆရာတော်က ကြံပြီးတော့ စီမံ ထားတယ်။ ရေစက်ချတယ်။

အဲဒီ ကျောင်းဒကာက နွားကလည်း အင်မတန် ဝါသနာပါတယ်၊ နွားရောင်းချင်တယ်၊ နွားဝယ် ချင်တယ်၊ နွားလဲချင်တယ် နွားမွေးချင်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဘယ်မှာနွားကောင်းရှိတယ်ဆို သူက သွားပေ့ါ, ရောက်ပေ့ါ။ နွားက အင်မတန် ဝါသနာပါရှာတယ်။ အလှူရက်နဲ့ နေ့စေ့တဲ့အခါ ကျတော့ သူဆောက်ထားတဲ့ကျောင်း ကိုးကွယ်ထားတဲ့ ဆရာတော်ကကြွ အလှူရေစက်ချ၊ ရေစက် ချတော့ ခမျာလဲ ကျောင်းဒကာချီးမြှောက်တဲ့အနေအားဖြင့် ရေစက်ချ အဆန်းတစ်ပြားနဲ့ အကျယ် တဝင့် စီစဉ်ထားတဲ့ ရေစက်ချကြီး ချပြီးတော့ သူ့ခမျာလည်း ဝမ်းပန်းတသာပေ့ါလေ ဆရာတော် ဘုရား၊ ဒါနဲ့ ပြီးတော့ ပြန်သွား၊ နောက်လေးရက်ကြာတော့ ကျောင်းဒကာက ကိစ္စရှိတော့ ကျောင်း ရောက်သွား။ သူကလည်း သူ့ရေစက်ချအကြောင်းကို ငါ့ဒကာ ဝမ်းပန်းတသာရှိသလားတယ် မေးချင်၊ ကျောင်းရောက်တော့ မေးတယ်။ ဟေ့ . . ဒကာ မင်းအလှူဆိုပြီးတော့ ငါ့ကွာ ကျောင်းဒကာ တစ်ယောက်ဆို ချီးမြှောက်တဲ့အနေအားဖြင့် တော်တော်လေး ရေစက်ချကို ကောင်းကောင်းမွန်မွန် ဆန်းဆန်းကြယ်ကြယ်နဲ့ ဖြစ်ပါစေဆိုပြီးတော့ အကျယ်တဝင့် ငါဝေဖန်ပြီးတော့ ချပေးလိုက်တယ်၊ ကောင်းရဲ့လားဟ (တပည့်တော်မသိဘူးဘုရား)၊ ဒကာက နော် (မှန်ပါတယ်ဆရာ)၊ ဘယ့်နဲ့ မင်း မသိရမှာတုံးဟ၊ ငါရေစက်ချလေ မင်းအလှူတုန်းက (မသိဖူးဘုရား)၊ ဟော ခက်လိုက်လေ ကျောင်း ဒကာ မင်းငုတ်တုတ်ကြီး မင်းကိုယ်တိုင် ရေစက်ခွက်ကိုင်ပြီးတော့ ငါရေစက်ချပေးနေတာ မင်းမသိဘူးလို့ ဟုတ်တယ်ဘုရား၊ တပည့်တော်လည်း မှတ်လည်းမမှတ်မိဘူး၊ ရှိလည်းမရှိဘူး၊ မဟုတ်ပါဘူး၊ မင်းကိုယ် တိုင် ရေစက်ချတာပါဟ၊ အေးလေ တပည့်တော်ကိုယ်တိုင် ရေစက်တော့ ချတာပါ ဒီအချိန်လေး တပည့်တော် လှေတစ်စင်းနဲ့ နွားချင်းလဲနေတာဘုရား။ သူ ဘာမှ မကြားလိုက်ဘူး နော် (မှန်ပါတယ် ဆရာ)။ အဲသလိုလဲ ဖြစ်တတ်တယ်။

ဒါကြောင့် မိမိတို့လုပ်တဲ့ အလှူဒါန ကုသိုလ်ကောင်းမှု အစုစုတွေ ရေစက်မိုးစက်ချပလားဆို မှဖြင့် ဘယ်နေရာလေးသည် ငါ့ကုသိုလ် ကမ္မပထမြောက်တဲ့ နေရာလေးပါလားဆိုတာ နားလည် ထားကြပါလို့ နော် (မှန်ပါတယ်ဆရာ)၊ "ဣမာနိ ဒါတဗ္ဗဝတ္ထူနိ၊ ဤအထူးထူးသော လှူဖွယ်ဝတ္ထု တို့ကို။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား။ ဒေမ ပူဇေမ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပါ၏ အရှင်ဘုရား"

http://www.dhammadownload.com



ဆိုရင် အဲဒါ မုဉ္စစေတနာ အလှူမြောက်သွားပြီ။ အလှူမြောက်တာ ဒီတစ်ချက်တည်း ရှိတယ်။ ရှေ့ပိုင်းတွေ နောက်ပိုင်းတွေကတော့ ဝေဝေဆာဆာနဲ့ သံသရာလည်စေဖို့ဆိုတဲ့ အနေအားဖြင့် သံသရာမျက်စိလည်အောင် ဆုတွေအမျိုးမျိုး တောင်းကြ၊ မတောင်းဖူးလား (တောင်းဖူးပါတယ်ဆရာ)၊ လူကောင်း နတ်ကောင်း ပြဟ္မာကောင်း လူ့စည်းစိမ် နတ်စည်းစိမ် ပြဟ္မာ့စည်းစိမ် အမျိုးမျိုးပေါ့ကွာ။ ချဲ့ထွင်ပြီးတော့ ကိုယ်လိုချင်သမျှတွေ အကုန်လုံး၊ ဒီတော့ တန်ဖိုးရှိတဲ့အခန်းလေးမှာ "ဒေမ ပူဇေမ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပူဇော်ပါ၏"ဆိုတဲ့ အချိန်ကလေးမှာ မိမိ ဉာဏသမ္ပယုတ္တ-ဉာဏ်ယှဉ်သော အနေနဲ့ ဒီနေရာ စေတနာလေးက ပြတ်လိုက်ရတယ်။

ငါ့အလှူ အင်မတန် မြတ်ပေတယ်၊ မဟပ္ဖလ မဟာနိသံသ-အကျိုး ငါမုချရမှာပဲလို့ ငါ့အလှူတော့ ကမ္မပထမြောက်ပေပေါ့ဆိုတဲ့ ဒီနေရာလေး ဝမ်းမြောက်လိုက်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါ မုဉ္စစေတနာခေါ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ မုဉ္စစေတနာ လှူဆဲခဏလေး ဖြစ်လာတဲ့ စေတနာကြတော့ အဲဒါ ကမ္မဘဝ နားလည်လား (နားလည်ပါတယ်ဆရာ)၊ လှူဆဲခဏ (မှန်ပါတယ် ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စောစောတုန်းက ကျောင်းဆောက်မယ်လို့ ကြိုတင်ပြီးတော့ ကျောင်းဆောက်မယ်၊ ကျောင်းလှူမယ်၊ ကျောင်းလှူမယ်နဲ့ ကြိုတင်ပြီး ဖြစ်ပေါ်တဲ့ စေတနာလေးက ဘာခေါ်တယ် (သင်္ခါရ ပါဆရာ)၊ အေး ဟုတ်ပြီ၊ နောက်ကျောင်းကြီးဆောက်ပြီးလို့ တစ်ခါ ရေစက်မိုးစက်ချပြီးတဲ့ "ဒေမ ပူဇေမ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပါ၏ အရှင်ဘုရား"လို့ ရေစက်ချ လိုက်တဲ့အခါ ဖြစ်ပေါ်လာတဲ့ မုဉ္စစေတနာလေးက ဘာခေါ်တယ် (ကမ္မဘဝပါဆရာ)၊ ဟော နေရာကို ကျလို့ နော် (မှန်ပါတယ်ဆရာ)၊ စေတနာတော့ စေတနာချည်း မဟုတ်ဘူးလား (စေတနာချည်းပါပဲ ဆရာ)၊ ဒါပေမဲ့ အချိန်ကာလချင်း ကွာမသွားဘူးလား (ကွာသွားပါတယ်ဆရာ)၊ အေး-အဲဒီလို မှတ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ နေရာလေး ဒီလို ထူးခြားတယ်တဲ့။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကြီးမှာ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဆိုတုန်းကလည်းပဲ သင်္ခါရရဲ့ တရားကိုယ်တရားသား စေတနာနှစ်ဆယ့်နဲ့ကိုးပါး ကောက်လာတယ်။ အခု "ဥပါဒါနပစ္စယာ ဘဝေါ" ဆိုတဲ့နေရာ ဘဝ၊ ကမ္မဘဝ နေရာမှာလည်းပဲ ဒီစေတနာ နှစ်ဆယ့်ကိုးပါး ကောက်တာပဲဆိုတော့ ဟောပြီးသား ထပ်ပြီးဟော၊ ဆိုပြီးသား ထပ်ပြီးဆိုခြင်းကြောင့် ပုနရုတ္တိဒေါသ မသင့်ပေဘူးလားဆိုရင် မသင့်ပါဘူး နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ ကောက်တဲ့ တရားကိုယ် တရားသား စေတနာချင်း တူပေမယ့် ကာလအားဖြင့် ကွာခြား၏။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" တုန်းက ဘယ်ကာလ (အတိတ်ကာလ ပါဆရာ)၊ ကမ္မဘဝကြတော့ ဘယ်ကာလ (ပစ္စုပ္ပန်

http://www.dhammadownload.com



ဘဝပါဆရာ)၊ ပစ္စုပ္ပန်ကာလ နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တူသေး ရဲ့လား (မတူပါဘူးဆရာ)၊ မတူဘူး နော် (မှန်ပါတယ်ဆရာ)၊ တစ်နည်းမှတ်အုံး "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" တုန်းကတော့ စေတနာသန့်သန့်လေး ကောက်သွားတယ်။ စေတနာ နှစ်ဆယ့်ကိုးနော် (မှန်ပါတယ်ဆရာ)၊ ကောကီကုသိုလ်စိတ် တစ်ဆယ့်နှစ်ခုနှစ်ပါးမှာ ယှဉ်သော စေတနာ ဆယ့်ခုနစ်ခုရယ်၊ အကုသိုလ်စိတ်ဆယ့်နှစ်ပါးမှာ ယှဉ်သော စေတနာဆယ့်နှစ်ပါးရယ် ပေါင်းလိုက်တော့ စေတနာ နှစ်ဆယ့်နဲ့ကိုးပါး မနေဘူးလား (နှစ်ဆယ့်ကိုးပါးပါဆရာ)၊ သင်္ခါရတုန်းကတော့ ဒီစေတနာ နှစ်ဆယ့်ကိုး ပါး သန့်သန့်လေး ကောက်တယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊

ကမ္မဘဝကြတော့ အဲဒီစေတနာနှစ်ဆယ့်ကိုးပါးလဲ ကောက်တတ်တဲ့၊ ထိုစေတနာ နှစ်ဆယ့် ကိုးပါးနဲ့ သမ္ပယုတ္တဓမ္မဖြစ်တဲ့ စိတ်တရားတွေလဲ ကောက်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲသလိုလဲ တစ်နည်းမှတ်ပါလို့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒါ သင်္ခါရနဲ့ကမ္မဘဝ စေတနာ အကောက် ချင်း တရားကိုယ်ချင်းတူသော်လည်းပဲ အချိန်ကာလအားဖြင့် ကွာခြားပုံ၊ ယူဆနည်း အဓိပ္ပါယ် ယတ္တလေးကို ဒီလိုမှ မယူဆတတ်ရင် တို့ဘုရားကိုယ်တော်မြတ်သည် ဟောပြီးသားထပ်ဟောတာ၊ ဆိုပြီးသားစကား ထပ်ဆိုတာပဲလို့ ပုနရုတ္တိဒေါသများ သင့်လေရော့သလားလို့ ဒီလိုလဲပဲ မတွေးမဆ ရအောင် တွေးလဲ မတွေးကောင်းဘူး၊ ဆလည်း မဆကောင်းဘူး။ မြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက်အားဖြင့် ဟောသွားတာ။ ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ဒေသနာမှာ သေသေချာချာ ဒီကဲ့သို့ ယူဆလိုက်တော့ စင်ကြယ်သန့်ရှင်း၍ အပြစ်ကင်းလှပေ၏။ အချိုးလည်း ကိုက်သွား နော် (မှန်ပါတယ်ဆရာ)။ အဲဒါ သင်္ခါရနဲ့ ကမ္မဘဝရဲ့အဓိပ္ပါယ် မှတ်မိလား (မှတ်မိပါ တယ်ဆရာ)၊ ဥပပတ္တိဘဝကျတော့ လောကီဝိပါက်စိတ် ဗာတ္တိံသရယ်၊ စေတနာသုံးဆယ့်နဲ့ငါးရယ်၊ ကမ္မဇရုပ် တရားကိုယ် တရားသားကောက်တော့ ဒါရတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘယ်သူဘယ်သူ (လောကီဝိပါက်စိတ် သုံးဆယ့်နှစ်ပါး) စေတသိက် (စေတသိက် သုံးဆယ့်ငါးရယ်) ကမ္မဇရုပ် (ကမ္မဇရုပ် နှစ်ဆယ်ရယ်) ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါက ဥပပတ္တိဘဝ တရား ကိုယ်တရားသား၊ ၎င်းအပြင် ဘဝကြီး ကိုးပါးကောက်နော် (မှန်ပါတယ်ဆရာ)၊ ကာမဘဝ ရူပဘဝ အရူပဘဝ သညီဘဝ အသညီဘဝ နေဝသညီနာသညီဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝ သုံး+သုံးလီ ကိုး နော် (မှန်ပါတယ်ဆရာ)။ အဲဒီ ဘဝကြီးကိုးပါး ကောက်၊ ဒီတော့ ကမ္မဘဝနှင့် ဥပပတ္တိဘဝ အဓိပ္ပါယ် သိသွားပြီပေါ့ နော် (သိပါပြီဆရာ)၊ တရားကိုယ်တရားသားလည်း

http://www.dhammadownload.com



ကောက်တတ်ပြီလား (ကောက်တတ်ပါပြီဆရာ)၊ မှတ်ထားနော် သေသေချာချာ စဉ်းလုံးချောကြီး ပြတ်ပြတ်သားသား မမှတ်သားတတ်ပေမဲ့ သဘောအဓိပ္ပါယ်လေးတွေ သေချာမှတ်ထားကြပါ။

ပဋိစ္စသမုပ္ပါဒ်ကို လည်လည်ပတ်ပတ် အဓိပ္ပါယတ္ထနဲ့ ပြတ်သွားစွာ နားလည်ရင် ဘာလို့ခေါ်တယ် (ငါသောတာပန်လို့ ပြောနိုင်ပါတယ်ဆရာ)၊ အေး-ငါသောတာပန်လို့ ပြောနိုင်တယ်တဲ့။ အင်မတန် မြင့်တဲ့ တန်းကြီးပါလို့ တရားကလည်း အင်မတန် ခက်ခဲနက်နဲ့လို့ နော် (မှန်ပါတယ်ဆရာ)၊ ဂမ္ဘီရ လေးပါးခေါ်တယ်။ နက်နဲခြင်းလေးပါးနဲ့ ပြည့်စုံသော တရားတဲ့။ ခက်ခဲခြင်းလေးပါးနဲ့ ပြည့်စုံသော တရားတဲ့။ သို့ကလောက်တောင် ခက်ခဲနက်နဲတဲ့ တရားတော်မြတ်ကြီးကို ဝိုးတိုးဝါးတား သာမည အားဖြင့် ငါတို့သူငါ လူတကာ ပြောတတ်၊ ဆိုတတ်၊ မှတ်သားတတ် အဓိပ္ပါယ်ယတ္ထလေးတွေ ပြတ်သားနားလည်ရင်ပဲ ငါသောတာပန်လို့ ဝန်ခံနိုင်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘုရားပေးတဲ့နံပါတ်ကို သေချာတပ်ကြစမ်းပါကွာ။ သူများပေးတဲ့ နံပါတ်ကို မယုံစမ်းပါနဲ့။ သူလို ငါလို လူတကာ လိမ်တာညာတာ ယုံမနေစမ်းပါနဲ့ မဟုတ်ဖူးလားဟ (မှန်ပါတယ်ဆရာ)၊ ဘုရားတပ် ပေးတဲ့ နံပါတ်ကို သေချာမှတ်ကြစမ်းပါ။ တကယ်တတ်နိုင်အောင်လည်း ကြိုးစားကြစမ်းပါ။

တစ်မဂ် တစ်ဖိုလ်မှ မရသေးဘူး။ဘုရားက သောတာပန်နံပါတ်တတ် မပေးဖူးလား (မပေးပါ ဘူးဆရာ)၊ ပေးဗျာ (ပေးပါတယ်ဆရာ)၊ ဘယ့်နဲ့ပေးသွားတုံး (ငါသောတာပန်ဖြစ်ပြီလို့ ပေးသွား ပါတယ်ဆရာ)၊ ဘာတတ်ရင်တုံး (ပဋိစ္စသမုပ္ပါဒ်ကို ဝိုးတိုးဝါးတားသိသွားရင်) အေး-ပဋိစ္စသမုပ္ပါဒ် ဝိုးတိုးဝါးတား အဓိပ္ပါယ်အားဖြင့် နားလည်သွားရင်လား (မှန်ပါတယ်ဆရာ)၊ နံပါတ် ဘယ်နဲ့တပ်တုံး (ငါသောတာပန်တည်ပြီလို့ ပြောနိုင်ပါတယ်ဆရာ)၊ သြော် - ငါသောတာပန်လို့ ပြောနိုင်တယ်။ တည်ပြီလို့ မထည့်ပါနဲ့ကွာ။ ဘုရားကလည်း ဒီလို မပြောပါဘူး။ ငါသောတာပန်လို့ ဝန်ခံနိုင်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါ ဘုရားတပ်ပေးတဲ့ နံပါတ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီနံပါတ်မျိုးကြတော့ ဘယ်သူမှ မချိတ်ချင်ဘူး။ သူလိုငါလို ပေးတဲ့နံပါတ်တွေကြတော့ အဟုတ် မှတ်တယ် နော် (မှန်ပါတယ်ဆရာ)။ သူလိုငါလို ပေးတဲ့နံပါတ်တွေများ အဟုတ်မမှတ်ကြပါနဲ့လို့ သူလည်းမသိဘူး၊ ကိုယ်လည်းမသိဘူး၊ ဘာမှ မထူးဘူး နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကိုယ်တော်တိုင်တပ်ပေးတဲ့ နံပါတ်ကို တပ်ကြစမ်းပါ။ ချိပ်ကြစမ်း ပါလို့။ ဒီနံပါတ်တော့ ငါမိအောင် လိုက်မယ်ဟ။ ဒီနံပါတ်တော့ ငါတပ်မိအောင် တပ်မှပဲလို့ ဒီလို ကြိုးစားစမ်းပါ၊ အင်မတန်တန်ဖိုးရှိလွန်းလို့ အထူးသဖြင့် တိုက်တွန်းနေတာ။

http://www.dhammadownload.com



ဒါကြောင့် အဝိဇ္ဇာကစ သင်ပြထားတာလေး ပြန်ပြန်ပြီးတော့ စားမြုပ်ပြန်ကြည့်စမ်း။ “အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်တယ် ဒီလိုလားတဲ့နော် (မှန်ပါတယ်ဆရာ)၊ လက်စသက်တော့ ဒီအဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် ဆိုတဲ့ တစ်ဆယ့်နှစ်ရပ်သော အင်္ဂါတရားကြီးက ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လို အဆက်မပြတ် လည်နေတယ်ဆိုတာ ငါ့ဘယ်များ လည်နေတာပါလိမ့်လို့ အောက်မေ့။ ငါ့ကိုယ် လည်နေပါပဲ ဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အင်မတန် တန်ဖိုးရှိတယ်။ စဉ်းစားစမ်းပါအုံး ပဋိစ္စသမုပ္ပါဒ်၊ အနုလောမ ပဋိလောမနည်းအားဖြင့် အနုလုံ ပဋိလုံအားဖြင့် အပြန်ပြန် အထပ်ထပ် သုံးသပ်ကြည့်စမ်း။ ငါ့ကိုယ်လည်နေတဲ့ တရားကြီးပါပဲလား။ တခြားလည်တဲ့ တရားမဟုတ်ဘူး။ တောထဲလည်တာ မဟုတ်ဘူး။ တောင်ထဲ လည်တာ မဟုတ်ဘူး။ တိုက်တွေ, တာတွေ လည်တာ မဟုတ်ဘူး။ အိမ် ကျောင်း ဇရပ် လည်တာ မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် အကြောင်းအကျိုး ဆက်စပ်ပြီး ဖြစ်နေတဲ့ တရားကြီးပါလားလို့ ပြန်ကြည့်နော် (မှန်ပါတယ်ဆရာ)။ ပြန်ကြည့် ပြန်ကြည့် အင်မတန်တန်ဖိုးရှိ။

ဒါကြောင့် အဝိဇ္ဇာကစ ဇရာမရဏကျအောင် လွန်ခဲ့သော အတိတ်ဘဝကစ အခုပစ္စုပ္ပန်ဘဝကြီးရ၊ ဒီဘဝက သေပြန်တော့ ဒုတိယဘဝ ဇာတိဘဝက စပြန်ပြီ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အဲဒီလို ဆက်ကာဆက်ကာ သွားနေတာ ဒီပထမစက်ဝိုင်းအတွင်းက ဒုတိယစက်ဝိုင်းကြတော့ သံသရာမှာ ဆက်စပ်ပြီး လည်သွားပုံ ပိုပြီးတော့ ထင်ရှားလာလိမ့်မယ်။ ဩော် ဒီလိုပဲ သွားနေပါ့ပဲ မရပ်မနားနဲ့၊ စက်ရဟတ်ကြီးလိုပဲ မရပ်မနားနဲ့ တလည်ထဲလည် နေပါ့ပဲဆိုတာ ပြန်ကြည့်။ ဘယ်သူလည်တာတုံး ငါလည်တာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ငါအဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ဖြစ်နေတဲ့ သဘောသွားတွေ ပြနေတာ ဘုရားကိုယ်တော်မြတ်က ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဒီတရား ဘေးချ၊ ဒီစာရွက်ကြီး ဘေးချ၊ ပြီးတော့ ဘေးလည်နေတယ် မှတ်မနေနဲ့။ မိမိအဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ကြောင်းကျိုးဆက်စပ်ပြီးတော့ လည်နေတဲ့တရားကြီး။ အဲဒါမှ အရင်းအဖျား တရားကိုယ်တရားသား သဘောအဓိပ္ပါယ်လေးတွေနဲ့ စဉ်းစားတတ်ရင် ငါသောတာပန်လို့ ဝန်ခံနိုင်တယ်တဲ့။ သောတာပတ္တိမဂ်ဉာဏ်ရတဲ့ သောတာပန်ဆိုတဲ့ အမည်ခံချင်တာကတော့ နန့်နန့်တက်လို့ သူကလိုချင် ငါကလိုချင် သောတာပန်ဖြစ်ပြန်ပေါ့။ သကဒါဂါမ်ဖြစ်ပြန်ပေါ့။ အနာဂါမ်ဖြစ်ပြန်ပေါ့ တစ်မဂ်ရပြန်ပေါ့။

http://www.dhammadownload.com



နှစ်မဂ်ရပေါ့၊ သုံးမဂ်ရပေါ့။ ဘာကိစ္စပြီးပေါ့၊ ညာကိစ္စပြီးပေါ့ ပြောချင်တာလွန်လို့။ ဒါပေမယ့် မြတ်စွာဘုရားကိုယ်တော်မြတ် ချပေးတဲ့ လမ်းစဉ်အားဖြင့် ၎င်းတစ်မဂ် နှစ်မဂ် သုံးမဂ် လေးမဂ် အစရှိသည်အားဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာ ရကြောင်း တရားကောင်းကြတော့ အားမထုတ်ချင်ကြဘူးတဲ့။ ဒီတရားနဲ့ ဖီလာဆန့်ကျင်ဆိုတဲ့ မဆိုင်တဲ့ မသက်ဝင်တဲ့ အလုပ်တွေတော့ အင်တိုက်အားတိုက် ကြိုးစားအားထုတ် အလုပ်လုပ်ကြတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် တို့လူစုက ကြိုးစားကြည့်စမ်းပါ၊ ပဋိစ္စသမုပ္ပါဒ်အရင်းအဖျား စဉ်းစားကြည့်စမ်း၊ ဝေဖန်ကြည့်စမ်း၊ တစ်ယောက်နဲ့တစ်ယောက် နှီးနှောစမ်း၊ တိုင်ပင်စမ်း၊ မသိတဲ့အဓိပ္ပာယ်လေး သိတဲ့လူက ဖော်ပေးစမ်း။ ဘယ်လောက်များကောင်း၊ မကောင်းဖူးလား (ကောင်းပါတယ်ဆရာ)၊ အဲဒါ ပဋိစ္စသမုပ္ပါဒ်နဲ့လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတယ်။ ခန္ဓာငါးပါးသိတာနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတယ်။ အာယတနတစ်ဆယ့်နှစ်ပါး ပြတ်သားတာနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတယ်။ ဓာတ်တစ်ဆယ့်ရှစ်ပါး နားလည်တာနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတယ်။ ပဋိစ္စသမုပ္ပါဒ်ကြီးသိတာနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သစ္စာလေးပါးသိလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ ကဏ္ဍလေးတွေ တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ အဲဒါ တစ်နည်းနဲ့မရ တစ်နည်းနဲ့ ရပါစေလို့ ဒေသနာအစဉ်အားဖြင့် ဖြန့်ပြီးတော့ ပြနေတဲ့ သင်တန်းပါလို့။ ဒါကြောင့် သေချာပြန်ကြည့်။

ခန္ဓာပိုင်တဲ့လူက ခန္ဓာနဲ့ဝေဖန်သွား၊ အာယတနပိုင်တဲ့ပုဂ္ဂိုလ်က အာယတနနဲ့ ဝေဖန်၊ ဓာတ်နဲ့ ပိုင်တဲ့ပုဂ္ဂိုလ်က ဓာတ်နဲ့ဝေဖန်၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ပိုင်တဲ့ပုဂ္ဂိုလ်က ပဋိစ္စသမုပ္ပါဒ်နဲ့ဝေဖန်ကြ။ သူ့အခန်းနဲ့ သူ ရနိုင်တာချည်းပဲ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုက်ရိုက်အားဖြင့် ပို့တာချည်းပဲ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် “ဥပါဒါနပစ္စယာ ဘဝေါ”ဆိုတဲ့ နေရာလေးက အခုပစ္စုပ္ပန်ဘဝ နောက်ဆုံး ပြထားတဲ့ တရား၊ ဒါပြီးရင် ဇာတိသွားလိမ့်မယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဇာတိဆိုတော့ ဒုတိယဘဝ ရောက်မသွားဘူးလား (ဒုတိယဘဝရောက်သွားပါတယ်ဆရာ)၊ အနာဂတ် ဖြစ်မသွားဘူးလား (အနာဂတ်ပါဆရာ)၊ အေး-အနာဂတ်ရောက်မည့်တရား တစ်ခါလှမ်းပြ ဒီကနေ၊ သြော် ဒါဖြင့် ဒီဘဝဟာ တို့ ဝိညာဏ်ကစ ဘဝထိအောင်ဆိုတဲ့ ဒီတရားလုံးတွေက အမှန်က တို့ပဋိသန္ဓေခဏ သေတဲ့အချိန်ကျအောင် ရနေတဲ့, ဖြစ်နေတဲ့ တရားစုတွေပါလားလို့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြန်ကြည့် - ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ။ ဝိညာဏ် ပဋိသန္ဓေခဏ၊ နာမ်ရုပ် ပဋိသန္ဓေခဏ၊ သဠာယတန ပဋိသန္ဓေခဏ ခုနစ်သတ္တာဟရှိမှ အကျိုးခြောက်ပါး ပေါ်လာတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဖဿ မွေးလာပြီး အတိုက်ဓာတ် အခံဓာတ်တွေ တိုက်ပြီ။

http://www.dhammadownload.com



အာယတန တစ်ဆယ့်နှစ်ပါး ဓာတ်တစ်ဆယ့်ရှစ်ပါး နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဝေဒနာ အတိုက်ဓာတ် အခံဓာတ် နှစ်ပါးတိုက်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ အာရုံ၏ အရသာလေးတွေ ခံစားမှုသဘော မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တဏှာ အဲဒီအာရုံ၏ အရသာလေးတွေ ခံစားရင် လိုချင်လာပေ့ါ တဏှာနော် (မှန်ပါတယ်ဆရာ)၊ ဥပါဒါန် ဒီတဏှာဆိုတဲ့ လိုချင်မှုလေး ပေါ်လာရင် မရရင် ငါမနေ စွဲလမ်းမှု ဥပါဒါန်တရားရှိတယ်၊ ဟော ဆက်လျက်သား မသွားဘူးလား (ဆက်ရက်ပါဆရာ)။

ဒါကြောင့် ဝိညာဏ်ပဋိသန္ဓေခဏ ဝိညာဏ်ကစပြီးတော့ မင်းတို့ ငါတို့တွေမှာ မသေမချင်းပေ့ါ။ မျက်စိက မြင်လိုက်၊ နားက ကြားလိုက်၊ နှာခေါင်းက နံလိုက်၊ လျှာက စားလိုက်၊ ကိုယ်က ထိလိုက်၊ စိတ်က ကြံစည်သိလိုက် ဝိညာဏဓာတ်ခြောက်ရပ် တစ်ဖျတ်ဖျတ်နဲ့ဖြစ်နေ၊ အာယတနတစ်ဆယ့်နှစ်ပါး တစ်ဖျတ်ဖျတ်နဲ့ ဖြစ်နေ၊ ဓာတ်တစ်ဆယ့်ရှစ်ပါး တစ်ဖျတ်ဖျတ်နဲ့ ဖြစ်နေတယ် မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ ခန္ဓာငါးပါး အဲဒီ အတိုက်ဓာတ် အခံဓာတ် ခြောက်ပါးချင်း ခြောက်ပါးချင်း တိုက်တိုင်းတိုက်တိုင်း ဝိညာဏဓာတ်ခြောက်ရပ် ပေါ်တိုင်းပေါ်တိုင်း ခန္ဓာငါးချက်က တစ်ပြိုင်နက် ဖြစ်ပျက်မသွားဘူးလား (ဖြစ်ပျက်သွားပါတယ်ဆရာ)၊ အေး-ခန္ဓာငါးချက် တစ်ပြိုင်နက် ဖြစ်နေတယ်။ အာယတန ဆယ့်နှစ်ပါး တစ်ပြိုင်နက် ဖြစ်နေတယ်။ ဓာတ်ဆစ်ဆယ့်ရှစ်ပါး တစ်ပြိုင်နက်ဖြစ်နေတယ်။ အဲဒီလို ဖြစ်နေတဲ့ သဘာဝတွေဟာ တစ်ခုနဲ့တစ်ခု အကြောင်းအကျိုး ဆက်စပ်ပြီးတော့ လည်နေတယ်ဆိုခြင်းကြောင့် ခုပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နဲ့ ရှင်းပြလို့ အတိတ်ဘဝတုန်းက အဝိဇ္ဇာနဲ့သင်္ခါရ၊ ပစ္စုပ္ပန်ကြတော့ ဝိညာဏ်ကစ ဘဝကျအောင် နော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး။

ဒါကြောင့် မင်းတို့ ငါတို့ အခုဘာတွေ လုပ်နေတုံး ပြန်ကြည့်။ အခုဘာတွေ လုပ်နေတုံးဆိုတော့ ကမ္မဘဝတွေ လုပ်နေကြတယ် မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ ကမ္မဘဝတွေ လုပ်နေကြတယ်။ ကမ္မဘဝတွေ ဖြစ်နေတယ်တဲ့။ ဘာပြုလို့ ကမ္မဘဝတွေ ဖြစ်တာတုံးဆိုတော့ ဥပါဒါန်ကြောင်တဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်ကြောင့် ကမ္မဘဝတွေဖြစ်နေတယ်။ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်။ ဒါပေမယ့် တို့ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်တဲ့ပုဂ္ဂိုလ်တွေကြတော့ ဘာတွေများတုံးဆိုတော့ ကာမုပါဒါန်နဲ့ အတ္တဝါဒုပါဒါန်တွေ များတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌုပါဒါန်မရှိဘူး၊ သီလဗ္ဗတုပါဒါန်မရှိဘူး နည်းတယ်၊ ကာမုပါဒါန်နဲ့အတ္တဝါဒုပါဒါန်တွေ များတယ်၊ ဥပါဒါန်စွဲလမ်းမှုကြီးတွေ ဒဏ်မခံနိုင်တော့ ငါတော့ ရအောင်ကြိုးစားအုံးမှပဲဆိုပြီးတော့ ကံတရားတွေ ကြိုးစားနေကြတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကံတရားတွေ အားထုတ်နေကြတယ်တဲ့၊

http://www.dhammadownload.com



ဘာကံတရားတွေတုံး၊ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ သူသူငါငါ လူတကာတို့သည် ကုသိုလ်ကံလုပ်ရင်လုပ်, မလုပ်ရင် အကုသိုလ်ကံ လုပ်နေတယ်လား (လုပ်နေပါတယ်ဆရာ)၊ ဘာကံမှ မလုပ်ဘဲ ရပ်နေတဲ့ပုဂ္ဂိုလ် တွေ့ဖူးရဲ့လား (မတွေ့ဘူးပါဘူးဆရာ)၊ ရှိမှ မရှိဘဲ ဘယ်တွေ့ဖူးပါ့ နော် (မှန်ပါတယ်ဆရာ)၊ "ကုသလံ ကုသလံ ဇဟံ" တဲ့ အာသဝေါတရား ကုန်ခန်းတဲ့ ရဟန္တာပုဂ္ဂိုလ်များမှာ ကုသိုလ်ကံလည်း မရှိဘူး၊ အကုသိုလ်ကံလည်း မရှိဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီကိလေသာကုန်ခန်း၍ ရဟန္တာမဖြစ်သမျှ ကာလပတ်လုံးဆိုတော့ "ကုသလံ ကုသလံ ဇဟံ" ဆိုတဲ့ပုဒ်လည်း မရဘူး။ ကုသိုလ် အကုသိုလ် နှစ်ပါးလည်း မစွန့်လွှတ်နိုင်သေးတော့ ဒီကံတရားတွေပဲ ကြိုးစားအားထုတ် အလုပ်လုပ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ကံတွေ လုပ်လိုက်၊ အကုသိုလ်ကံတွေ လုပ်လိုက်၊ ကုသိုလ်လုပ်လိုက်၊ အကုသိုလ်လုပ်လိုက်။ ဒီကံနှစ်ပါးပဲ ကြိုးစားနေတာ။

ဒါကြောင့် ဒီကံနှစ်ပါးကို အာယူဟနခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ "အာယူဟန ကံနှစ်ဝ ကို လက်စမသပ် နင်မရပ်က ရဟတ်စက်နယ် ပတ်ပတ်လည်သည်၊ တကယ်နင်ပဲ လွတ်အောင်ခဲ" "အာယူဟန ကံနှစ်ဝကို လက်စမသပ် နင်မရပ်က ရဟတ်စက်နှယ် ပတ်ပတ်လည်သည် တကယ် နင်ပဲ လွတ်အောင်ခဲ"တဲ့၊ သံသရာစက်ရဟတ်ကြီး လည်အုံးမယ်တဲ့။ ဘာတွေလုပ်နေတုံး အာယူဟန ဆိုတဲ့ အားထုတ်မှု တည်းဟူသော နှစ်ခု သူလုပ်နေတယ်။ အားထုတ်နေတယ်။ ဘာတွေတုံး ကံနှစ်ဝ ကုသိုလ်ကံနှင့် အကုသိုလ်ကံ တရားကြိုးစားနေတယ် နော် (မှန်ပါတယ်ဆရာ)။ အဲဒါ နားမလည်လို့ ရှိရင် နည်းနည်းငြိုငြိုငြင်ငြင် ဖြစ်သွားအုံးမယ်။ အကုသိုလ်ကံ ကြိုးစားတာတော့ ဟုတ်ပါပြီ၊ ကုသိုလ် ကံ ကြိုးစားတာတော့ ဒီထဲပဲထည့်ဖို့ မကောင်းပါဘူး ဒီလိုမအောက်မေ့နဲ့၊ သံသရာလည်ကြောင်း တရားတွေပြ။ ဒီနေရာမှာ ကုသိုလ်ကံ၊ ဘာကုသိုလ်ကံ ယူရမှာတုံး (ဝိဝဋ္ဋကုသိုလ်ကံ ယူရမှာပါ ဆရာ)၊ ဩော်-(ဝဋ္ဋကုသိုလ်ကံယူရမှာပါဆရာ)၊ ဒီလို မလုပ်စမ်းပါနဲ့ဟာ၊ ဝဋ္ဋကုသိုလ်လား (မှန်ပါတယ် ဆရာ)၊ အေး-ဝဋ္ဋကုသိုလ် လုပ်နေသမျှတော့ သံသရာလည်မယ်လား (လည်မှာပါဆရာ)၊ သံသရာက ကျွတ်ချင်တော့ ဘာကုသိုလ်လုပ်ရမယ်၊ (ဝိဝဋ္ဋကုသိုလ်လုပ်ရမယ် ဆရာ)၊ အေး-ဝိဝဋ္ဋကုသိုလ်လုပ် နော် (မှန်ပါတယ် ဆရာ)။ အေး-ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် လည်ကြောင်းပြနေတဲ့ အခါမှာ ကုသိုလ်ကံ ပါလာပေမယ့် ငြိုငြင်စရာ မရှိပါဘူး။ ဒီကုသိုလ်ကံ ဘုရားကိုယ်တော်တိုင် ဟောထားတာ။ ဒါ ဝဋ်လည်စေတတ်တဲ့ ကုသိုလ်ကံလုပ်ရင် လည်မှာပဲတဲ့။ ဝဋ်ကို ထွက်မြောက်စေတတ်သော ဝိဝဋ္ဋ ကုသိုလ်ကံလုပ်ရင် ထွက်မှာပဲ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါကြောင့် "အာယူဟာန ကံနှစ်ဝကို လက်စမသတ် နင်မရပ်က ရဟတ်စက်နှယ် ပတ်ပတ်လည်သည် တကယ်နင်ပဲ လွတ်အောင်ခဲ့"တဲ့ နင့်ဥစ္စာ နင်လွတ်ချင်လို့ရှိရင်တဲ့ နင်ပဲလွတ်အောင်ကြိုးစား အားခဲ အလုပ်လုပ်တဲ့၊ နင့်ကြည့်ပြန်တော့လည်းပဲ ဒီအာယူဟာနဆိုတဲ့ ကံနှစ်ဝက လက်စမသပ်ဘူးတဲ့။ နင်မရပ်ဘူး လုပ်လျက်ပဲ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ အဲဒါ ဘယ့်နဲ့ပြောပြော၊ တချို့ ကြားမှာ မဟုတ်ဘူး။ နားကလည်း မလည် သံသရာထဲ တစ်မျောထဲ မျောနေကြ။ နားလည်တဲ့ပုဂ္ဂိုလ်များ နားလည်လောက်အောင် ပြောချင်လည်းပဲ ကိုယ်တို့က လမ်းလေးတွေ ပြောင်းကြ၊ ရည်ရွယ်ချက်ကလေးတွေ ပြောင်းကြ။ ကုသိုလ်ကောင်းမှု မလုပ်ကောင်းဘူးလို့ ဟောတာ မဟုတ်ဘူး။ လုပ်ကောင်း၏။ ဒါပေမယ့် လုပ်ပုံလုပ်နည်း နှစ်မျိုးနှစ်စားရှိ၏။ ဝဋ်ထဲတဝဲလည်လည်နဲ့ ဖြစ်စေတတ်သော ကုသိုလ်မျိုးကို မလုပ်ကြနဲ့။ ဝဋ်ကို ထွက်မြောက်ကြောင်းဆိုတဲ့ ဝိဝဋ္ဋကုသိုလ်မျိုးဖြစ်အောင် ကြိုးစားကြ။ ဒါဖြင့် ဒီကုသိုလ်နှစ်ပါး ဘာထူးတုံး၊ ရည်ရွယ်ချက်ထူး၏။ တစ်ခုက ဝဋ်ထဲကို တောင်းတလုပ်တယ်။ တစ်ခုက ဝဋ်ပြင်ဘက်ထွက်အောင် လုပ်တယ် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။ ကုသိုလ်တော့ ဒီကုသိုလ်ပဲလား (ဒီကုသိုလ်ပါပဲဆရာ)။

အေး - ဒီဒါန ဒီအလှူ ဒီပစ္စည်းပါပဲလို့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး လိုင်းပြောင်းတဲ့အနေအားဖြင့် ဒီနေရာလေး လမ်းခွဲလေး ခေါ်တယ်။ ကိုင်း-ဒါဖြင့်ရင် အခု ငါတို့ သူငါဆိုတဲ့ လူတကာတွေ ဘာလုပ်နေ၊ အာယူဟာန ကံနှစ်ဝနှစ်ပါး အားထုတ်နေ။ ကုသိုလ်ကံနဲ့ အကုသိုလ်ကံနှစ်ပါး ကြိုးစားနေကြ၏။ မကြိုးစားဖူးလား (ကြိုးစားပါတယ်ဆရာ)၊ ကြိုးစားတော့ ဝဋ်မှ ထွက်မြောက်တတ်တဲ့ ဝိဝဋ္ဋကုသိုလ် ဖယ်ထားလိုက်။ ဝဋ်ကို လည်စေတတ်သော ဝဋ်သုံးပါး တောင့်တတဲ့ ဝဋ္ဋနိဿိတဆိုတဲ့ ကုသိုလ်ကံမျိုး ကြိုးစားတော့ ဒီဘဝနောက်မှာ ပဋိသန္ဓေအသစ်ဖြစ်အုံးမယ်လား (ဖြစ်မှာပါဆရာ)၊ "အာယူဟနန္တိ အာယတိံ ပဋိသန္ဓိဟေတုဘူတံ ကမ္မံ"လို့ အဋ္ဌကထာဆရာက ဖွင့်ထားတယ်။ အာယူဟနန္တိ၊ အာယူဟနဟူသည်ကား။ အာယတိံ၊ နောင်အခါ၌။ ပဋိသန္ဓိဟေတုဘူတံ၊ ပဋိသန္ဓေအသစ်ကို ဖြစ်စေတတ်သော။ ကမ္မံ၊ ကုသိုလ်ကံနဲ့ အကုသိုလ်ကံနှစ်ပါးတဲ့။ ဘာတွေပြောနေ နောင်ဘဝ ပဋိသန္ဓေ အသစ်ဖြစ်အောင် လုပ်နေတဲ့ ကံမှန်ရင်ဖြင့် အာယူဟနတရား ခေါ်တယ်၊ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ နောင်ဘဝ ပဋိသန္ဓေအသစ် ဆက်ကာ ဆက်ကာ ဖြစ်အောင် လုပ်တာ မဟုတ်ပါဘူးဆိုရင် ဒါဝိဝဋ္ဋကုသိုလ်မျိုး ခေါ်တယ်။ သံသရာက ကျွတ်တော့မှာပဲ ဒါဖြင့် ခုလူတစ်ရာမှာ ကိုးဆယ့်နဲ့ကိုးက နားကမလည်ရှာတော့ ဒါန သီလ သမထ တည်းဟူသော ကုသိုလ်ကောင်းမှုတွေ အင်တိုက်အားတိုက် ကြိုးစားနေကြ၏။ အမြဲတစေ အားထုတ်

http://www.dhammadownload.com



နေကြ၏။ အဲဒီအားထုတ်နေတဲ့ ကုသိုလ်တွေက ဝဋ္ဋသုံးပါးတမ်းတပြီး အလုပ်လုပ်နေတော့ အာယူဟန ထဲ ပါမသွားဘူးလား (ပါသွားပါတယ်ဆရာ)၊ အာယူဟနထဲ ပါသွားပြီဆိုတဲ့ "အာယတိံ ပဋိသန္ဓိဟေတု-ဘူတံ ကမ္မံ" ဆိုတဲ့ အဋ္ဌကထာဖွင့်နဲ့ မကိုက်ဘူးလား (ကိုက်ပါတယ်ဆရာ)၊ အာယတိံ၊ နောင်အခါ၌၊ ပဋိသန္ဓိဟေတုဘူတံ၊ ပဋိသန္ဓေအသစ်ကို ဖြစ်စေတတ်သော။ ကမ္မံ၊ အားထုတ်ပြုလုပ်နေသော ကုသိုလ်ကံနဲ့အကုသိုလ်ကံနှစ်ပါး။ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲ ကမ္မဘဝ လုပ်နေပြီနော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ကမ္မဘဝလုပ်ခြင်းကြောင့် ဒီစေတနာတွေကြောင့် သေသည်၏အခြားမဲ့ ဘာဖြစ်မယ် (ဇာတိဖြစ်မှာပါဆရာ)၊ ဇာတိဖြစ်မယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇာတိဖြစ်အုံး မယ်တဲ့ မဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)၊ ဇာတိဖြစ်အောင် ဘယ်သူလုပ်တာတုံး၊ (ကံတွေက လုပ်ပေး တာပါဆရာ)၊ ကံတွေကလုပ်၊ ကံတွေ ဘယ်သူလုပ် ကိုယ့်ဟာကိုယ် လုပ်တာပဲလား (မှန်ပါတယ် ဆရာ)၊ မင်းဇာတိဖြစ်အောင် မင်းကို ငါကလုပ်ပေးလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ မင်းကံ မင်းကြိုးစားတယ် မဟုတ်လား (ကြိုးစားပါတယ်ဆရာ)။ မင်းဥစ္စာ မင်းအားထုတ်ရတာပဲ ကိုယ်ဥစ္စာ ကိုယ်လုပ်တာတဲ့ ကိုယ့်တွင်း ကိုယ်တူးနေတာ နော် (မှန်ပါတယ်ဆရာ)။ "ကိုယ့်တွင်းကိုယ်တူး၊ ကိုယ့်မသာ ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ်အလောင်းကိုယ်သင်္ဂြိုဟ်"ဆိုသလိုပဲ တစ်ဘဝ လာရင် ဇာတိအသစ် ဖြစ်အောင် ကြိုးစားရင်း တစ်ဘဝလာရင်း ဇာတိအသစ်ဖြစ်အောင် ကြိုးစားရင်း ဒီလို လုပ်နေတာ မဟုတ်လား (လုပ်နေတာပါဆရာ)၊ ဘယ်သူမှ လုပ်တာ မဟုတ်ဘူး၊ "ဘယ်သူမပြု မိမိမှု"တဲ့။

ဒါကြောင့် "အာယူဟန ကံနှစ်ဝကို လက်စမသပ် နင်မရပ်က" ဟုတ်လား (မှန်ပါတယ်ဆရာ)၊ "အာယူဟန ကံနှစ်ဝကို လက်စမသက် နင်မရပ်က ရဟတ်စက်နှယ် ပတ်ပတ်လည်သည်"တဲ့ လည်မှာပဲတဲ့။ တကယ်နင်ပဲ လွတ်အောင်ခဲ။ ကြောက်ရင် လွတ်အောင်ခဲပါ အားခဲပါ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ကိုင်း-အခု ကမ္မဘဝကြောင့် ဟိုဘက်အကြောင်းခံစမ်း။ "ဘဝပစ္စယာ ဇာတိ" "ဘဝပစ္စယာ" ဒီနေရာ ဥပပတ္တိဘဝလား၊ ကမ္မဘဝလားဟ (ကမ္မဘဝပါဆရာ)၊ ကမ္မဘဝ နော် (မှန်ပါ တယ်ဆရာ)၊ ဘဝပစ္စယာ၊ ကမ္မဘဝတည်းဟူသော အကြောင်းကြောင့်။ အကြောင်းဘဝ ကမ္မဘဝ တစ်ခုတည်းရတယ်နော် (မှန်ပါတယ်ဆရာ)။ ဘဝပစ္စယာ၊ ကမ္မဘဝတည်းဟူသော အကြောင်းကြောင့်။ ဇာတိ၊ ဒုတိယဘဝသစ်၌ ပဋိသန္ဓေဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏၊ သွားပြီ။ လာလတ္တံ့ ဒုတိယဘဝ ဆက် ဒီကနေ စရံပေးထားတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီကနေ စရံပေးမထားဘူးလား (ပေးထားပါတယ်ဆရာ)၊ စေတနာလမ်းကြောင်းကြီး စေတနာရှေ့က သွားနှင့်ပြီ။ ငါတို့ သူငါ

http://www.dhammadownload.com



ခေါ်ထားတဲ့ လူတကာကတော့ ဒီဘဝရှိသေး၊ စေတနာက ရှေ့ပြေးတယ် မဟုတ်လား (ပြေးပါတယ် ဆရာ)၊ စေတနာက ရှေ့ကပြေးသွားပြီ။ အဲဒါ စေတနာရောက်သွားပြီဆိုတော့ ကိုယ်က သိချင်မှသိမယ် နားမလည်ကြဘူး။ စေတနာလေးက ဒီမှာ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး လုပ်တိုင်းလုပ်တိုင်း ဒုတိယဘဝ သွားသွားပြီးတော့ စရံပေးထားတယ်။ ပေးပြီးသားဖြစ်နေ စရံ သတ်ပြီးသား ဖြစ်နေတယ် မဟုတ်လား (ဖြစ်နေပါတယ်ဆရာ)၊ သေရင် သွားတော့မယ်တဲ့၊ သေရင် သွားရတော့မယ်၊ ရောက်ရတော့မယ်၊ ဖြစ်ရတော့မယ်တဲ့၊ ဘာတုံး ဇာတိနော် (မှန်ပါတယ်ဆရာ)၊ အဲဒီဒုတိယဘဝ ပဋိသန္ဓေဆိုတဲ့ ဇာတိအသစ် ဖြစ်ဖို့လို့ ဒီဘဝကနေပြီးတော့ ကံကြွေးတွေ ပေးထားတယ်တဲ့၊ စရံပေးထားတယ်တဲ့။ ဘာစရံတွေတုံး၊ စေတနာတည်းဟူသော စရံတွေ သူလုပ်ထားပြီတဲ့၊ အပါယ်လေးပါး သွားမဲ့လူကလည်း အကုသိုလ်စေတနာတွေ စရံပေးထားတာနော် (မှန်ပါတယ်ဆရာ)၊ လူတို့ နတ်တို့ ဗြဟ္မာတို့ ဖြစ်မဲ့လူကလည်း ကုသိုလ်ကံ ရူပါဝစရကုသိုလ် ကာမာဝစရကုသိုလ် အရူပါဝစရကုသိုလ်ဆိုတဲ့ ကုသိုလ်ကံ စရံတွေ ပေးထားပြီတဲ့၊ ပေးမထားဘူးလား (ပေးထားပါတယ်ဆရာ)။

ဒါဖြင့် ပုဂ္ဂိုလ်က နောက်၊ စေတနာက ရှေ့၊ ရောက်မနေဘူးလား (ရောက်နေပါတယ်ဆရာ)၊ အေး - ဒါကြောင့် ကံခေါ်တဲ့ စေတနာလမ်းကြောင်းကြီးပေါ် တို့လူစုတွေ သံသရာအစက လျှောက်လာလိုက်ကြတာလို့ စေတနာရှေ့သွားနဲ့နော် (မှန်ပါတယ်ဆရာ)၊ စေတနာက ကြိုတင်ပြီး ရှေ့ကသွား၊ ပုဂ္ဂိုလ်အနေအားဖြင့် နောက်ကလိုက်။ ဒီဘဝဖြင့် မသေ ရသေးဘူး ဟိုရောက်နှင့်ပေါ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီဘဝကဖြင့် လူက မသေရသေးဘူး ဟိုဘဝရောက် နှင့်နေပေါ့။ စရံပေးပြီးသား ဖြစ်နေပေါ့။ တစ်ဘဝလာလည်း စရံသတ်ရင်း တစ်ဘဝလာလည်း စရံသတ်ရင်း ဘယ်တော့ လက်စတုံးမလဲဆို ဘယ်တော့မှ လက်စမတုံးဘူးတဲ့။ဒါကြောင့် "ဘဝပစ္စယာ ဇာတိ"ဆိုတဲ့ နေရာမှာ - "ဘဝေါတိ ပနေတ္ထ ကာမဘဝေါ ဝ အဓိပ္ပေတော"လို့ ဋ္ဌကာ၊ ဤပဋိစ္စသမုပ္ပါဒ်အရာ၌။ ဘဝေါတိ ပန၊ ဘဝဟူသည်ကား။ ကာမဘဝေါဝ၊ ကာမဘဝကိုသာလျှင်။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ ဒီနေရာမှာ "ဘဝပစ္စယာ ဇာတိ"ဆိုတဲ့ နေရာမှာ အကြောင်းဘဝက ဥပပတ္တိဘဝ မကောက်ပါနဲ့တဲ့။ ကာမဘဝကို ကောက်ပါတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ကာမဘဝကို ကောက်ပါတဲ့။ ကာမဘဝကမှ ဇာတိရဲ့ အကြောင်းတရား ဖြစ်နိုင်ပါတယ်တဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီတော့ ဇာတိဆိုတော့ ပဋိသန္ဓေဖြစ်။ ဘယ်ဘဝမတုံးဟ (အနာဂတ်ဘဝပါ) အနာဂတ်ဘဝ ဒုတိယဘဝပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီဘဝက သေ ဟိုဘက်ဘဝ ဇာတိဖြစ်တယ်။ အဲဒီဇာတိတရားကိုယ် ကောက်ပါဆိုတော့ ဇာတိရဲ့တရားကိုယ်က ပဋိသန္ဓေဝိပါက်စိတ် ခေါ်ထားတဲ့ နာမက္ခန္ဓာရယ်၊

http://www.dhammadownload.com



တစ်ပြိုင်တည်း သွားဖြစ်တဲ့ ကမ္မဇရုပ်ရယ် နော် (မှန်ပါတယ်ဆရာ)၊ ဇာတိရဲ့ တရားကိုယ်လေး မှတ်ထား။

ဝိညာဏ်တုန်းက မှတ်မိသေးလား၊ "သင်္ခါရပစ္စယာ ဝိညာဏံ"ဆိုတဲ့ ဝိညာဏ်လေး ပါရတယ်။ ပဋိသန္ဓေစိတ် ဘယ်လောက် (ဆယ့်ကိုး) ပြီးတော့ကော (ကမ္မဇရုပ်နှစ်ဆယ်) အဲ - တစ်ဥပါဒ်ထဲ ပြိုင်လာတာပေ့ါ နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေခဏ ဥပါဒ်ခဏ တစ်ဥပါဒ်ထဲ ပြိုင်လာတယ်။ ပဋိသန္ဓေစိတ်ဆယ့်ကိုးပါး ကမ္မဇရုပ်နှစ်ဆယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အခု ဒီမှာလည်းပဲ ဒီအတိုင်းပါပဲ မထူးပါဘူး။ ဒုတိယဘဝ ဇာတိလို့ ပဋိသန္ဓေဖြစ်လိုက်ရင် ဒီဇာတိရဲ့ တရားကိုယ် တရားသားလေးက ဘယ်သူလဲဆိုတော့ ပဋိသန္ဓေဝိပါက်စိတ် ကမ္မဇရုပ်၊ ပဋိသန္ဓေဝိပါက်စိတ်က နာမက္ခန္ဓာ၊ ကမ္မဇရုပ်က ရူပက္ခန္ဓာ ခန္ဓာငါးပါး မရဘူးလား (ရပါတယ်ဆရာ)၊ ခန္ဓာငါးပါး ပဋိသန္ဓေခဏ လေးမှာကို ခန္ဓာငါးချက် ပေါ်ထွက်လာတယ်နော် (မှန်ပါတယ်ဆရာ)။ ပဋိသန္ဓေစိတ်နဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော စေတသိက်တရားစု၊ သူကတော့ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ နေရော့၊ ပဋိသန္ဓေစိတ်ကတော့ ဝိညာဏက္ခန္ဓာနေရော့။ ထိုပဋိသန္ဓေစိတ်နဲ့ တစ်ဥပါဒ်ထဲ ပြိုင်ပြီးဖြစ်လာတဲ့ ကမ္မဇရုပ် နှစ်ဆယ်ကြလို့ရှိရင် ရူပက္ခန္ဓာ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဲဒါကြောင့် ဒီဇာတိဆိုတာ ဘယ်သူခေါ်လဲလို့ မေးလိုက်တော့ ဒီမှာ ခန္ဓာငါးချက် စုံမနေဘူးလား (စုံနေပါတယ်ဆရာ)၊ "ဇာတီတိ ပနေတ္ထ သဝိကာရာ ပဉ္စက္ခန္ဓာ ဒဋ္ဌဗ္ဗာ" (သီလက္ခန္ဓအဋ္ဌကထာ၊ ၁၁၅) အဋ္ဌကထာ ဆရာက ပြသွားတာ။ ပန၊ ဆက်ဦးအံ့။ ဇာတီတိ ဧတ္ထ၊ ဇာတိဟူသော ဤပါဌ်၌။ သဝိကာရာ၊ ဥပါဒ် ဌီ ဘင် ဆိုတဲ့ ခဏငယ်သုံးချက် ဖောက်ပြန်ခြင်းနဲ့တကွ ဖြစ်ကုန်သော။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ဇာတိဆိုတာတဲ့ ဥပါဒ် ဌီ ဘင်လို့ ခဏငယ်သုံးချက်နဲ့ ဖြစ်ပေါ်လာတဲ့ ခန္ဓာငါးပါးကို ဇာတိလို့ မှတ်ပါလို့ နော် (မှန်ပါတယ်ဆရာ)၊ စုတိနောင် ပဋိသန္ဓေ၊ စုတိက သေတာ၊ ဒီဘက်ဘဝ သေလိုက်တာ၊ ဒီဘက်ဘဝက နောက်ဆုံးစိတ်က ဘယ်သူတုံးဟ (စုတိပါဆရာ)၊ စုတိလား (မှန်ပါတယ်ဆရာ)၊ စုတိစိတ်ကလေးက အသက်ဘယ်လောက်ရှိ (ခဏငယ် သုံးချက်ပဲရှိပါတယ်ဆရာ)၊ ဘယ်သူ ဘယ်သူ တုံး (ဥပါဒ်ဌီဘင်ပါဆရာ)၊ ဩော်-ဥပါဒ် ဌီဘင်၊ ဥပါဒ် စဖြစ်၊ ဌီကျတည်၊ ဘင်ကျပျက်လား (မှန်ပါတယ်ဆရာ)၊ ဖြစ်၊ တည်၊ ပျက်ပေ့ါ (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီဘက်ဘဝ နောက်ဆုံးစိတ်ကလေးသည် စုတိစိတ် ဘင်ခဏကျ ချုပ်သွားရော့လား (ချုပ်သွားပါတယ်ဆရာ)၊ နောက်ဘာဖြစ် (ပဋိသန္ဓေစိတ်ဖြစ်ပါတယ်ဆရာ)၊ ပဋိသန္ဓေစိတ်ဖြစ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ပဋိသန္ဓေစိတ်က ဇာတိပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ပဋိသန္ဓေစိတ်ကလေး

http://www.dhammadownload.com



လည်း ခဏငယ် ဘယ်လောက်ရှိ (သုံးချက်ပါပဲဆရာ)၊ ဘယ်သူတွေတုံး (ဥပါဒ် ဌီ ဘင် ပါပဲဆရာ)၊ ဪ-ဥပါဒ် ဌီ ဘင်၊ အဲဒီပဋိသန္ဓေစိတ်ကလေးရဲ့ ဥပါဒ်ခဏမှာ ထိုပဋိသန္ဓေစိတ်ချည်း ဖြစ်သလားဆို ဘယ့်နဲ့ပြော (ကမ္မဇရုပ်နှစ်ဆယ်ပါ ယှဉ်ဖြစ်ပါတယ်ဆရာ)၊ အေး-တစ်ဥပါဒ်တည်းပြိုင်တာနော် (မှန်ပါတယ်ဆရာ)။

ပဋိသန္ဓေစိတ်၏တစ်ဥပါဒ်ထဲ၌ ကံဖြစ်သောကြောင့် ကမ္မဇရုပ်နှစ်ဆယ်ဖြစ်၏။ ပဋိသန္ဓေ အခန်းလေးက အင်မတန် သိမ်မွေ့တယ်။ ဒီနေရာတွင် ဇာတိခေါ်ထားတဲ့ ပဋိသန္ဓေလေး ဖြစ်လာတဲ့ အချိန်လေးမှာ ခန္ဓာငါးချက် တစ်ပြိုင်နက် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဖြစ်သွားပြီ၊ မှတ်ထား ကြနော်။ ပဋိသန္ဓေအခန်းလေးတွေများ ခန္ဓာငါးပါး ဖွဲ့ပုံလေးတွေ ကောက်ပုံလေးတွေနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီပဋိသန္ဓေခဏမှာ ခန္ဓာငါးချက်ရသွားလို့ အဋ္ဌကထာဆရာက အဲဒီ ခန္ဓာငါးချက်က ဥပါဒ် ဌီ ဘင်ဆို ပျက်မသွားဘူးလား (ပျက်သွားပါတယ်ဆရာ)၊ ဥပါဒ်ခဏလာပြီးတော့ ဘွားကနဲဖြစ်လိုက် ပဋိသန္ဓေ၊ စုတိနောင် ပဋိသန္ဓေ၊ အဲဒီပဋိသန္ဓေ ဝိပါက်နာမက္ခန္ဓာနဲ့ ကမ္မဇရုပ် "ခဏတ္တယသမင်္ဂီ"တဲ့ ဆိုထားတာက နော် (မှန်ပါတယ်ဆရာ)၊ သမ္မောဟအဋ္ဌကထာ သစ္စဝိဘင်္ဂကို တိုက်ရိုက်ပြထား။ ခဏတ္တယသမင်္ဂီတဲ့၊ ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာနဲ့ ကမ္မဇရုပ်တဲ့။ ဒါဟာ အမှန်ကတော့ ဇာတိရဲ့တရားကိုယ်ပါပဲလို့ ဇာတိခေါ်တာ သူပါပဲလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ခဏတ္တယ သမင်္ဂီ ဆိုတာက ခဏငယ်သုံးချက်နဲ့ ပြည့်စုံသော ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ခဏငယ် သုံး ချက်နဲ့ ပြည့်စုံသော ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာနဲ့ ကမ္မဇရုပ်ကို ခေါ်၏။ နားလည်လား (နားလည်ပါတယ် ဆရာ)၊ စာနယ်လေးတွေ စာဝါသနာပါတဲ့လူက မှတ်ထားပေါ့။ ဒီလို တိတိကျကျရှိတဲ့ တရား ကိုယ်လေးတွေလည်း ထိုက်သည့်အားလျော်စွာ သွင်းပြအုံးမယ် နော် (မှန်ပါတယ်ဆရာ)။

အဲဒါကြောင့် ဇာတိတိ ပနေတ္ထ သဝိကာရာ ပဉ္စက္ခန္ဓာ ဒဋ္ဌဗ္ဗာ။ ပန၊ ဆက်ဦးအံ့။ ဇာတီတိ၊ ဧတ္ထ၊ ဇာတိဟူသော ဤနေရာ၌။ သဝိကာရာ၊ မိမိနဲ့ ဥပါဒ် ဌီ ဘင် ဆိုတဲ့ ဖောက်ပြန်ခြင်းနှင့်တကွ ဖြစ်ကုန်သော။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တိုတိုလေးပြောရင် ခဏတ္တယသမင်္ဂီ ဥပါဒ် ဌီ ဘင် ဆိုတဲ့ ခဏငယ်သုံးချက်နဲ့ ပြည့်စုံသော ခန္ဓာငါးပါးကို ခေါ်၏ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းအဋ္ဌကထာက ထပ်ပြတယ်။ "ဣဓ ပနာယံ ဇာတိသဒ္ဒေါ သဝိကာရေသု ပဌမာဘိနိဗ္ဗတ္တက္ခန္ဓေသု ပဝတ္တတိ" ခုန အဓိပ္ပါယ်နဲ့ အတူတူလိုပါပဲ မထူးပါဘူး။ ပန၊ တစ်နည်းကား။ ဣဓ၊ ဤပဋိစ္စသမုပ္ပါဒ်အရာ၌။ (ဝါ) ဣဓ၊ ဤပဋိစ္စ သမုပ္ပါဒ် ဘဝစက်ကြီး၌။ အယံ ဇာတိသဒ္ဒေါ၊ ဤဇာတိသဒ္ဒါသည်။ သဝိကာရေသု၊ ဥပါဒ် ဌီ ဘင်ဆိုတဲ့

http://www.dhammadownload.com



ခဏာယ်သုံးချက်နဲ့တကွဖြစ်ကုန်သော။ ပဋမာဘိနိဗ္ဗတ္တက္ခန္ဓေသု၊ ရှေ့ဦးမဆွ ဘဝသစ်၌ ဖြစ်ပေါ်၍ လာသော ခန္ဓာတို့၌။ ပဝတ္တတိ၊ ဖြစ်၏။ ဒီဇာတိသဒ္ဒါက တခြားမဟုတ်ပါဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဇာတိသဒ္ဒါ တခြားဟောတာ မဟုတ်ပါဘူးတဲ့။ ဘဝသစ်မှာ ပထမဆုံးဖြစ်လာတဲ့ ခန္ဓာကို ခေါ်တာ ပါတဲ့။ ဒီတော့ အခု အဋ္ဌကထာအဖွင့်နဲ့ ကိုက်မသွားဘူးလား (ကိုက်ပါတယ်ဆရာ)၊ ပထမဆုံး တစ်ဥပါဒ် ထဲ ပြိုင်လာတဲ့ ခန္ဓာငါးပါးပဲ ခေါ်တယ် မဟုတ်လား (ခန္ဓာငါးပါးပဲ ခေါ်ပါတယ်ဆရာ)။ အေး- ခန္ဓာငါးပါးပြန်ရ။ ဒါဇာတိရဲ့အဓိပ္ပါယ်လေး။

ဒါကြောင့် ဇာတိ တရားကိုယ်ကောက်စမ်းပါလို့ ဆိုလို့ရှိရင် ဒုတိယဘဝသစ်၌ ပထမဆုံးဖြစ် သော ခန္ဓာငါးပါးကို ခေါ်၏။ မရှင်းဖူးလား (ရှင်းပါတယ်ဆရာ)၊ ဇာတိရဲ့ တရားကိုယ်ကောက်ပြစမ်းပါ။ ရှင်းလိုက်တာ မရှင်းဖူးလားလို့ ရှင်းပါတယ်။ ကဲ ကောက်ပြစမ်းပါအုံး၊ ရှင်းလိုက်တာ ဟင်း လုပ်စမ်း ပါအုံး။ ဇာတိရဲ့ တရားကိုယ် ဘယ်သူတုံး (ပဋိသန္ဓေစိတ် ဆယ့်ကိုးပါး) ဟုတ်ပြီ (ကမ္မဇရုပ် နှစ်ဆယ်) အေး-ဟုတ်ပြီ (ခန္ဓာငါးပါး တစ်ပြိုင်တည်း ပြန်ထွက်လာပါတယ်ဆရာ)၊ ဟဲ ဟဲ ဘယ့်နဲ့ကွာ ခန္ဓာငါးပါး တစ်ပြိုင်နက် ပြန်ထွက်လာတယ် ဟုတ်လား၊ ဘာစိတ်လဲကွာ၊ ပဋိသန္ဓေစိတ် ဆယ့်ကိုးပါးလား (မှန်ပါတယ်ဆရာ)၊ ကမ္မဇရုပ် နှစ်ဆယ်ပါးလား (နှစ်ဆယ်ပါဆရာ)၊ ပဋိသန္ဓေစိတ်နဲ့ယှဉ်ဖော် ယှဉ်ဘက်ဖြစ်တဲ့ စေတသိက်တွေလည်း ပါတယ်လား (ပါပါတယ်ဆရာ)၊ ပြီးတော့ ကမ္မဇရုပ်နှစ်ဆယ်၊ ရုပ်တရားလည်း ပါတယ်လား (ပါပါတယ်ဆရာ)၊ အဲဒီပဋိသန္ဓေစိတ်က ပဋိသန္ဓေစိတ်နဲ့ ယှဉ်ဖော် ယှဉ်ဘက်ဖြစ်တဲ့ စေတသိက်ရယ်၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်ကယ်ဆိုတော့ ခန္ဓာဖွဲ့လိုက်တော့ ဘယ်နှစ်ပါးရ (ငါးပါးရပါတယ်ဆရာ)၊ ခန္ဓာငါးပါးရတယ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီပဋိသန္ဓေ ခဏ ဇာတိရဲ့အရ တရားကိုယ်လေး ကောက်ပြစမ်းပါဆိုရင် ပဋိသန္ဓေ ဆယ့်ကိုး ကမ္မဇရုပ် နှစ်ဆယ်လား (မှန်ပါတယ်ဆရာ)၊ ဒါကောက်ရမယ်ဟုတ်လား (ဒါကောက်ရမှာပါဆရာ)၊ ဒါဖြင့် တိုတိုတုတ်တုတ် ကလေး ပြောစမ်းပါ။ ဇာတိရဲ့တရားကိုယ် ကောက်ပြစမ်းပါဆိုရင် ဇာတိဆိုတာ ဘယ်သူခေါ်လဲ ဆိုတော့ ဘယ့်နဲ့ပြော (ပဋိသန္ဓေစိတ်ဆယ့်ကိုးပါးပါဆရာ) ခန္ဓာငါးပါး တိုတိုလေး၊ မင်းဥစ္စာ သရုပ်ခွဲနေလို့ ကြာနေလို့ အတိုဆုံးနည်းနဲ့ ပြောစမ်းပါ။ ဇာတိဆိုတာ ဘယ်သူခေါ်တုံး (ခန္ဓာငါးပါး ပါဆရာ)၊ ဟော ဇာတိဆိုတာ ဘယ်သူခေါ်တုံး (ခန္ဓာငါးပါးပါဆရာ)၊ အေး-ဟုတ်ပြီ ခန္ဓာငါးပါးလား (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေခဏ ပထမဆုံးဖြစ်တဲ့ ခန္ဓာငါးပါးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "ဣဓ ပနာယံ ဇာတိသဒ္ဒေါ သဟဝိကာရေသု ပဋမာဘိနိဗ္ဗတ္တက္ခန္ဓေသု ပဝတ္တတိ"။ ပန၊ အထူးကို ဆိုဦးအံ့။ ဣဓ၊ ဤပဋိစ္စသမုပ္ပါဒ်အရာ၌။ အယံ ဇာတိသဒ္ဒေါ၊ ဤဇာတိသဒ္ဒါသည်။

http://www.dhammadownload.com



သဟာဝိကာရေသု၊ ဥပါဒ် ဌီ ဘင်ဆိုတဲ့ ဖောက်ပြန်ခြင်းနှင့်တကွ ဖြစ်ကုန်သော။ ပဌမာဘိနိဗ္ဗတ္တက္ခန္ဓေသု၊ ရှေ့ဦးမဆွ ပထမဆုံးဖြစ်လာသော ခန္ဓာငါးပါး၌။ ပဝတ္တတိ၊ ဖြစ်၏။ ဘဝကြောင့် ဇာတိဖြစ်တယ်။ ဒီနေရာ ဘဝကြောင့်ဆိုတဲ့ အကြောင်းဘဝက ဘာဘဝတုံးဟ (ကမ္မဘဝပါဆရာ)၊ ကမ္မဘဝ၊ ကမ္မဘဝ တရားကိုယ်ကောက်တော့ ဘာရ (ကုသိုလ်စေတနာနဲ့ အကုသိုလ်စေတနာ ရပါတယ်ဆရာ)၊ ကုသိုလ် စေတနာနဲ့ အကုသိုလ်စေတနာလို့ နောက်နားက ပြလာတဲ့ သင်္ခါရတရားကိုယ်နဲ့ မတူဘူးလား (တူပါ တယ်ဆရာ)၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်တယ်လို့။ သင်္ခါရတုံးကလည်း ဒီစေတနာပဲ ကောက်တယ်။ လောကီကုသိုလ်စေတနာနဲ့ အကုသိုလ်စေတနာ ကောက်။ ကမ္မဘဝကြလည်း ဒီစေတနာပဲ တရားကိုယ်ကောက်တယ်။ ဒါဖြင့်ရင် ရှေ့ကဆိုပြီးသား စကား နောက်ထပ် ပုနရုတ္တိဒေါသသင့်သလားလို့ ဒီလိုမေးတော့ သင့်ပါ့မလား (မသင့်ပါဘူးဆရာ)၊ ဘာပြုလို့မသင့် (ဟိုက အတိတ်ကဆိုခဲ့လို့ပါဆရာ)၊ အတိတ်ဖြစ်တဲ့စေတနာကို ကောက်တယ်လား (မှန်ပါတယ်ဆရာ)၊ အခုကမ္မဘဝ ကောက်တဲ့စေတနာက ဘာကောက်တာတုံး (ပစ္စုပ္ပန်ကာလ ကောက်တာပါဆရာ)၊ ပစ္စုပ္ပန်လို့ အခု ပြုဆဲကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ စာနယ်က မှတ်စရာလေးတွေပဲ၊ ဝိပဿနာလမ်းစဉ်ကတော့ သိပ်မလိုလားပါဘူး။ တရားကိုယ်တရားသား ကောက် သွားတဲ့ အဓိပ္ပါယ်နားလည်ဖို့ အရေးကြီးတယ်။ သင်္ခါရတုန်းက ကုသိုလ်စေတနာ အကုသိုလ်စေတနာ ကောက်၏။ ကမ္မဘဝကြလည်း ကုသိုလ်စေတနာ အကုသိုလ်စေတနာ ကောက်သွား၏။ ဒီစေတနာ နှစ်မျိုးသာလျှင် နောင်ဘဝကို ပဋိသန္ဓေအသစ်ကို ဖြစ်စေတတ်တယ် မဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)၊ ဒီကုသိုလ်စေတနာရယ် အကုသိုလ်စေတနာရယ် ဒီစေတနာလေးတွေ ပြုလုပ်အားထုတ်နေခြင်း ကြောင့် နောင်ဘဝ ပဋိသန္ဓေအသစ်ဖြစ်အုံးမယ်လား (ဖြစ်မှာပါဆရာ)။

ဒါကြောင့် "ဘဝပစ္စယာ ဇာတိ"ဆိုတဲ့ နေရာမှာ "ဘဝေါတိ ပနေတ္ထ ကမ္မဘဝေါဝ အဓိပ္ပေတော" လို့၊ ပန၊ အထူးကို ဆိုဦးအံ့။ ဧတ္ထ၊ ဤနေရာ၌။ ကမ္မဘဝေါဝ၊ ကမ္မဘဝကိုသာလျှင်။ ဘဝေါတိ၊ ဘဝဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ ဒီနေရာ ဥပပတ္တိဘဝနဲ့ ကမ္မဘဝ နှစ်မျိုးနှစ်စားရှိတဲ့ အနက်က ဇာတိကို ဥပနိဿယပစ္စည်းအားဖြင့် ကျေးဇူးပြုတာ၊ နာနာက္ခဏိကကမ္မ ပစ္စည်းအားဖြင့် ကျေးဇူးပြုတာ ဘယ်ဘဝလဲလို့မေးရင် ကမ္မဘဝနော် (မှန်ပါတယ်ဆရာ)။ တရားကိုယ်ကောက်တော့ ဘာရ လောကီ ကုသိုလ် အကုသိုလ်စေတနာကံ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ လောကီကုသိုလ် တစ်ဆယ့်ခုနစ်၊ အကုသိုလ်စိတ်ဆယ့်နှစ်၊ လောကီကုသိုလ် တစ်ဆယ့်ခုနစ်ပါးသော စိတ်မှာယှဉ် နေတဲ့ *စေတနာဆယ့်နှစ်ခု၊ အကုသိုလ်စိတ်ဆယ့်နှစ်ပါးမှာ* ယှဉ်တဲ့စေတနာ ဆယ့်နှစ်ပါး စေတနာ

http://www.dhammadownload.com



နှစ်ဆယ်နဲ့ကိုးပါး ရတယ် မရဖူးလား (ရပါတယ်ဆရာ)၊ အဲဒီ စေတနာလေးတွေပဲ ပုဂ္ဂိုလ်သတ္တဝါကတော့ ဒီဘက်ရှိသေး။ စေတနာက ရှေ့သွားနှင့်ပေါ့ လမ်းပြနော် (မှန်ပါတယ်ဆရာ)၊ ဒီစေတနာနောက် လိုက်ရမယ် မဟုတ်လား (လိုက်ရမှာပါဆရာ)၊ သူက ကြိုတင်ပြီးတော့ စရံပေးနှင့်ပြီလို့။

ဒါကြောင့် မိမိတို့ စရံပေး ကံကြွေးအနေအားဖြင့် ပြုလုပ်တဲ့ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ လုပ်ငန်းလေးတွေမှာ ပြတ်သားကြတာ ပိုကောင်းတယ်။ ပြတ်သားကြပါစေလို့ တစ်သံသရာလုံးက ထွေးလုံးရစ်ပတ်နဲ့လာလို့ အခုလည်း ထွေးလုံးရစ်ပတ်ကြီးဖြစ်လို့။ သံသရာထဲ မျက်စိလည် တစ်ဝဲဝဲလည်လည်နဲ့ ဘယ်ကနေ ထွက်ရမှန်းမသိ။ ဘယ်ကနေ လွတ်အောင်ရုန်းရမှန်းမသိ။ ဘယ်ကနေသွားရမှန်းမသိ။ ဒါသံသရာထဲ တဝဲလည်လည်နဲ့ မျက်စိလည်နေတာ ခေါ်တယ်။ ဘာပြုလို့ ဒီလိုပဲ လုပ်လာတဲ့ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးက မပြတ်သားခဲ့လို့ ကုသိုလ်ကံ ကြည့်ပြန်လည်းပဲ မျက်စိလည် ပျောက်စရာ အကြောင်းမရှိဘူး။ အုတ်ရောရောရော ကျောက်ရောရော နော် (မှန်ပါတယ်ဆရာ)၊ အကုသိုလ်ကံဆိုတာတော့ ဆိုဖွယ်ရာမရှိဘူး။ သူကတော့ အပါယ်လေးပါးလားမှာ အမှန်ပဲလို့။

ဒါကြောင့် မိမိတို့ အင်မတန်ကြောက်လို့ အင်မတန်စိုးရိမ်လို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို အမြဲအားဖြင့် ကြိုးစားအားထုတ် အလုပ်လုပ်တဲ့နေရာမှာ ကြောက်သည်အားလျော်စွာ ဘေးကင်းရန်ကင်းနဲ့ အချိုးမျိုးရောက်အောင် သံသရာကြီး မျက်စိလည် ပျောက်အောင်ဆိုသလိုပဲ ဝိဝဋ္ဋကုသိုလ်မျိုးဖြစ်အောင် ကြိုးစားပါလို့။ ဝိဝဋ္ဋကုသိုလ်မျိုးဖြစ်အောင် ကြိုးစားတော့ ဒီစေတနာက သံသရာမှာ လမ်းမပြဘူးခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်သာ လမ်းပြတယ်တဲ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘက်သာ ဆွဲခေါ်တယ်တဲ့။ အခုတော့ ဒီလိုမဟုတ်ဘူး၊ ဘယလာဘက္ကုလာစာရ အလုပ်မျိုးတွေနဲ့ ကြိုးစားအားထုတ်။ ဘေးကြောက်လို့လုပ်တဲ့ ကုသိုလ်တွေ၊ လာဘ်လိုလို့ လုပ်တဲ့ကုသိုလ်တွေ၊ အမျိုးတို့၏ အလေ့အကျင့်အနေအားဖြင့် လုပ်တဲ့ကုသိုလ်တွေလို့၊ ကုသိုလ်ကံကတော့ မှန်ပါရဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် စင်ကြယ်မှု သန့်ရှင်းမှုကမရှိ၊ ဘာပြုလို့ မိမိကိုယ်တိုင်က အတိအကျမသိကြ။ ဘေးကြောက်လည်း ကုသိုလ်ကောင်းမှုလုပ်ကြတာပဲ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ လာဘ်သပ္ပကာလိုချင်ပြန်လည်း ကုသိုလ်ကောင်းမှုလုပ်ကြတာပဲ မလုပ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မိမိတို့ ဘိုးဘွားဘီဘင်အစဉ်ဆက်က ဆင်းသက်လာတဲ့ လုပ်ငန်းတစ်ရပ်အနေအားဖြင့် လုပ်ကြတာပဲလို့ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ ဒါကုသိုလ်တော့ ကုသိုလ် မဟုတ်ဘူးလား (ကုသိုလ်ပါပဲဆရာ)၊ သံသရာမျက်စိလည်ပျောက်ပဲ့မလား (မပျောက်ပါဘူးဆရာ)။

http://www.dhammadownload.com



အေး-ဒါကြောင့် မိမိက နောက်ကျန်ရစ်ခဲ့ မိမိလုပ်တဲ့ကံတွေက ရှေ့ကသွားနှင့် နော် (မှန်ပါတယ်ဆရာ)၊ လမ်းပြထားပြီတဲ့။ ဒီကံတွေပဲ အကြောင်းခံပြီးတော့ ဇာတိပဋိသန္ဓေအသစ်ဖြစ်အုံးမယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဇာတိကုန်ခန်းတဲ့ ရဟန္တာအဖြစ်ရောက်တော့ ကံကရှေ့က လမ်းမပြဘူး၊ ကံကလည်း ရှေ့ကြိုတင် မသွားတော့ဘူး။ သွားစရာလည်း မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ဇာတိဆိုတဲ့ ခန္ဓာသစ်လည်း ဖြစ်စရာ မရှိ။ အဲဒါ အခုကတည်းကစ နားလည်လို့ရှိရင် အခုကတည်းက ဇာတိအသစ်အသစ် ပဋိသန္ဓေအသစ်အသစ် ဖြစ်စေတတ်သော ကံမျိုးကို ကြိုးစားမှုတွေ ရပ်ကြ, ဖြတ်ကြလို့။ ခုနေကစပြီး ဖြတ်မှ သံသရာကြွေးပြတ်မယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် နောက်ထပ်ဘယ်လောက် သွားရမှန်း မသိသေးဘူး။ အရင်ယူစားထားတဲ့ သံသရာကြွေးတွေက တစ်ပုံတစ်ခေါင်းကြီး ဆပ်ပေးလို့ မကုန်နိုင်ဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် အခုသိတဲ့အချိန်ကလေးက ရပ်လိုက်ကရော့၊ ရပ်လိုက်ပြီဆိုမှဖြင့် ဒီအကြွေးအတွက်က အေးရော့။ နောက်လည်း ဘဝအဆက်ဆက် ဘယ်တော့မှ ဒီသံသရာကြွေး မယူတော့ဘူး၊ မလုပ်တော့ဘူးဆိုတဲ့ အနေအားဖြင့် ကံကြွေးတွေ ရပ်တန်းက ရပ်လိုက်ရင် အေးရော့တဲ့ နော် (မှန်ပါတယ် ဆရာ)၊ ဒီလိုမှ မရပ်ရင် ခုလုပ်နေတဲ့ လုပ်ငန်းစဉ်နဲ့ပြန်ကြည့်။

"အာယူဟန" ခေါ်ထားတဲ့ ကံနှစ်ဝ သူသူငါငါ လူတကာ အမြဲတစေ ကြိုးစားအားထုတ်နေကြ လုပ်နေကြ၊ လုပ်နေတဲ့ ကံတွေဟာ ဘာဖြစ်မလဲလို့ "ဘဝပစ္စယာ ဇာတိ" ဇာတိမဖြစ်ပေဘူးလား (ဖြစ်မှာပါဆရာ)၊ အေး - ဒါကြောင့် "အာယူဟန"ဆိုတဲ့ အားထုတ်မှု တည်းဟူသော ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါး အာယူဟန ကံနှစ်ဝ နော် (မှန်ပါတယ်ဆရာ)၊ "အာယူဟနန္တိ အာယတိပဋိသန္ဓိဟေတုဘူတံ ကမ္မံ"၊ အင်မတန် မှတ်စရာသားစရာ ကောင်းတယ်။ တို့ ဝိပဿနာဉာဏ်ဆယ်ပါး တုန်းက တော်တော်ကြီးပြောခဲ့ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အာယူဟန အားထုတ်မှုဆိုတာ ဘာလဲ။ အာယတိ၊ နောင်အခါ၌။ ပဋိသန္ဓိဟေတုဘူတံ၊ ပဋိသန္ဓေကို ဖြစ်စေ တတ်သော။ ကမ္မံ၊ ကုသိုလ်ကံနှင့်အကုသိုလ်ကံ။ မိမိတို့လုပ်နေတဲ့ လုပ်ပုံလုပ်နည်းကိုက ဘဝအသစ်အသစ် ဖြစ်စေတတ်သော ပဋိသန္ဓေအသစ်အသစ် ဖြစ်စေတတ်သောဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်နေကြတာလို့ မဟုတ်ဘူးလား၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ လုပ်ကြတာပဲ၊ သူများလုပ်တာ မြင်လုပ်တာပဲ။ ဒီတော့ ဘာပြတ်သားလည်း မေးတော့ သူ့အသိဉာဏ် ဘာမှ မပြတ်သားဘူး။ ဘာမှ မပြတ်သား သွားလေ၊ ကံကရှေ့က သွားနှင့်ပေါ့၊ လူကတော့ ဒီမှာ ရှိသေးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ကံက ရှေ့သွားနှင့်ပြီ။ ဒါကြောင့်

http://www.dhammadownload.com



သံသရာတည်းဟူသော ကံလမ်းကြောင်းကြီးပေါ် လျှောက်နေလိုက်ကြတာ သံသရာ့စက်ကြီး ခေါ်တယ်။ ဘယ်တော့ရပ်၊ ဘယ်တော့မှ မရပ်ဘူး။

ဒါကြောင့် "ဘဝပစ္စယာ ဇာတိ" ဘဝပစ္စယာ၊ ကမ္မဘဝတည်းဟူသော အကြောင်းကြောင့်။ ဇာတိ၊ ပဋိသန္ဓေအသစ် ဖြစ်ရခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ပဋိသန္ဓေအသစ်ဖြစ်ပါရော့ နော် (မှန်ပါ တယ် ဆရာ)။ အခုတို့ လူစုတွေ မဖြစ်သေးဘူးပေါ့ နော် (မဖြစ်သေးပါဘူးဆရာ)၊ ပဋိသန္ဓေအသစ် မဖြစ်သေးဘူး။ ရရှိထားတဲ့ ပဋိသန္ဓေက လာခဲ့တာ ရှိသေးတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီဘဝ နောက်ဆုံးစိတ်က ဘာတုံးဟ (စုတိပါဆရာ)၊ စုတိတဲ့၊ နောက်ဆုံး စုတိဆိုက်ကြမယ် မဟုတ်လား (ဆိုက်မှာပါဆရာ)၊ နောက်ဆုံးကြတော့ စုတိ သေကြတော့မှာပဲ။ တစ်နေ့သောအခါကြတော့ သေကြတော့ မှာပဲ။ သေဘေးများ တွေးမိရဲ့လားဟ (မတွေးမိပါဘူးဆရာ)။ ကောင်းတယ်, ကောင်း တယ် မတွေးနဲ့ မတွေးနဲ့၊ စိတ်ညစ်စရာ သိပ်ကောင်းတယ် နားလည်လား၊ မတွေးနဲ့နော်။ သေဘေးများ မတွေးနဲ့ စိတ်ညစ်စရာ အလွန်ကောင်းတယ်၊ တွေးရတယ်ကွ နော်။ မရဏာနုဿတိ ကမ္မဋ္ဌာန်း ခေါ်တယ် တွေးရတယ်။ အိပ်ရာထဲ အိပ်မယ်လို့ ပက်လက်လှန်သည်နဲ့ တစ်ပြိုင်နက် တစ်နေ့ကြ အခုလိုပဲ ငါသေရအုံးတော့မှာပါပဲ၊ သေအုံးတော့မှာပါပဲ၊ သေရမှာပါကလား နားလည်လား (နားလည် ပါတယ်ဆရာ)၊ အိပ်ရာဝင် အိပ်ရာဝင် တစ်ခါတစ်ခါတွေး၊ တွေး တွေး တွေးပေး၊ ဒါ မရဏာနုဿတိ ကမ္မဋ္ဌာန်းခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ သေခြင်းတရားသည် ရှောင်လွှဲလို့ မရပါဘဲလား။ ငါ့၌ သေခြင်းတရားသည် မြဲလေ၏။ ငါ၏ အသက်သည် မမြဲပါလား၊ မြဲရဲ့လား (မမြဲပါဘူးဆရာ)။ အသက်က မမြဲဘူး၊ သေခြင်းက မြဲတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ နောက်ဆုံးကျ သေမှာ အမှန်ပဲ မဟုတ်လား (သေမှာပါပဲဆရာ)၊ အေး-သေမှာ။

ဒါကြောင့် ဒီဘဝမှာ လက်ရှိရထားတဲ့ ပဋိသန္ဓေခဏက စပြီးတော့ တစ်ဘဝလုံး လာလိုက် ကြတာ ကိုယ့်အသက်တမ်းနဲ့ ကိုယ်ပေါ့။ နောက်ဆုံး ဘယ်လိုပဲကျန်းမာတယ် ပြောပြော၊ ဘယ်လိုပဲ ချမ်းသာတယ် ပြောပြော၊ ဘယ်လိုပဲပညာရှိကြီးပဲ ပြောပြော၊ ဘယ့်နဲ့ပညာမဲ့တယ် ပြောပြော၊ ဘယ်လိုလိမ္မာတယ် ပြောပြော၊ ဘယ်လိုမိုက်တယ် ပြောပြော၊ ဘယ်လိုသူတော်ကောင်းဖြစ်ဖြစ်၊ ဘယ်လိုသူယုတ်မာဖြစ်ဖြစ် နောက်ဆုံးသေမယ်လား (မှန်ပါတယ်ဆရာ)၊ ရှောင်လွှဲလို့ ရသေးရဲ့လား (မရပါဘူးဆရာ)၊ "မရဏံ မေ ဓုဝံ" တဲ့။ မေ၊ ငါ့အား။ မရဏံ၊ သေခြင်းဆိုတဲ့ သဘောတရားသည်။ ဓုဝံ၊ မြဲလှ၏။ ရှောင်လွှဲလို့ မရဘူး။ မကြောက်ဖူးလား (ကြောက်ပါတယ်ဆရာ)။ ဒါကြောင့် သေခြင်း မင်းမတွေးဘူးပေါ့ (တစ်ခါတစ်လေ တွေးတတ်ပါတယ်ဆရာ)၊ အောင်မယ် တစ်ခါတစ်လေ

http://www.dhammadownload.com



ပါလာပြန်ပေါ့။ တစ်ခါတလေ တွေးကြည့်တယ်လား (တွေးပါတယ်ဆရာ)၊ ကြောက်ကဲ့လား (ကြောက်ပါတယ်ဆရာ)၊ သေရမှာ တကယ်ကြောက်တာပေါ့ (ကြောက်ပါတယ်ဆရာ)၊ ဒါဖြင့် သေရမှာ တကယ်ကြောက်ရင် မသေတဲ့နေရာ လိုက်မလားဆို မင်းလိုက်မလား (လိုက်မှာပါဆရာ) ဒါအခုနေ ခေါ်တဲ့အနေအားဖြင့် မင်းပြောနေတာပါ။ သေရမှာ ကြောက်လို့ရှိရင် မသေတဲ့နေရာကို လိုက်ကြမလား။ အခုလားပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ငါက သိပါတယ်၊ လိုက်ကြမလားဆို အခုလားလို့မေးရင် တစ်ယောက်ချင်းပြောတာ မဟုတ်ပါဘူး။ အိမ်သူအိမ်သားနဲ့ ဆွေစုမျိုးစုနဲ့ အကုန်ခေါ်လိုက်ချင်တာပါ ငါက သိပါတယ်၊ ဟုတ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ တစ်ယောက်ထဲတော့ ခွဲမလိုက်နိုင်ဘူး မဟုတ်လား။ ဟော ဟော ဟော မှန်တာပြော၊ မလိုက်နိုင်ဘူး မဟုတ်လား (မလိုက်လည်း သွားရမှာပါဆရာ)၊ အောင်မယ် ဟင်း - မလိုက်လည်း သွားရမှာ၊ သေရမှာပဲ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး - မရဏာနုဿတိ ကမ္မဋ္ဌာန်းခေါ်တယ်။ လောဘ ဒေါသ မောဟလည်း သိမ်းဆည်းတတ်တဲ့ သတ္တိရှိတဲ့၊ မကြာမကြာ အိပ်ရာထဲ ဝင်တိုင်း ဝင်တိုင်း တို့အရှေ့တိုက် ဆရာတော်ကြီးများ မကြာမကြာ ဆုံးမဖူးတယ်။ အိပ်ရာထဲ အိပ်တော့မယ်လို့ ပက်လက်လှန်လိုက်ပြီဆိုမှဖြင့် နောက်ဆုံးအနေအားဖြင့် တစ်နေ့ကြ ငါ့အခုလိုပဲ ပက်လက်သေရ အုံးတော့မှာပဲ တွေးပါတဲ့။ အထူးတလည် မပွားများ အားမထုတ်သော်လည်းပဲ မရဏာနုဿတိ ကမ္မဋ္ဌာန်း အားထုတ်ပြီးသား ဖြစ်ပါတယ်တဲ့။ ကိုယ်လည်း ရာဂ ဒေါသ မောဟ ဆိုတဲ့ တရားတွေ အတော်ကြီးခေါင်းပါးပါတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ငါရက်ကန်းသည်လေး ဝတ္ထုတုံးက အတော် ဟောခဲ့။ အခုတစ်ပတ် ပါလား မပါလား ငါမပြောတတ်။ ရက်ကန်းသည်လေးဝတ္ထုတုံးက မရဏာနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်၊ ဘုရားကိုယ်တော် ချီးမွမ်းခံရတဲ့အကြောင်း၊ သောတာပတ္တိမဂ်ဉာဏ် တည်သွားတဲ့အကြောင်း အင်မတန်တန်ဖိုးရှိ။ ဒါကိုယ်မရှောင်သာ မလွှဲသာတဲ့ လမ်းစဉ်ကြီးတစ်ခုကို အမြဲမြင်မြင်ပေးရတယ်။

အဲဒါကြီး မြင်ပြီမှဆိုဖြင့်, သေခြင်းသဘောတရားကြီး မြင်နေပြီဆိုမှဖြင့် သည်းခံနိုင်တဲ့ သတ္တိတွေလည်း ပေါ်လာတယ်။ ဘယ်သူက ဆိုဆို၊ ဘယ်သူက ဆဲဆဲ၊ ဘယ်သူက ပြောပြော နော် (မှန်ပါတယ်ဆရာ)၊ သေမှာပဲ၊ သေမှာပဲဆိုတာ စိတ်ထဲစွဲ၊ သေခြင်းသဘောတရား ဆိုတာ ဒီလို ဆင်ခြင်ပေးရတယ် တဲ့။ ကိုင်း-ဒါဖြင့် တို့လူစုတွေ နောက်ဆုံးသေကြမှာပဲလားဟ (သေမှာပါပဲဆရာ)၊ သေဆိုတဲ့စကား ကြောက်တဲ့လူများ နောက်နားဆုတ်နေကြ၊ နောက်ဆုံးကျ သေမှာပဲ နော် (မှန်ပါတယ်ဆရာ)။ ပညာရှိ ပညာမဲ့၊ သူတော်ကောင်း သူယုတ်မှာ၊ လူလိမ္မာ လူမိုက်၊ လူချမ်းသာ လူဆင်းရဲ

http://www.dhammadownload.com



လူမွဲ နော် (မှန်ပါတယ်ဆရာ)၊ နောက်ဆုံးကြ အကုန်သေပွဲဝင်ကြတော့မယ်တဲ့။ ဒါ စုတိမဟုတ်လား (စုတိပါဆရာ)၊ အေး- ပဋိသန္ဓေကစ စုတိဆုံးပါးလေရော့၊ ပဋိသန္ဓေက စဖြစ်လာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေဝိညာဏ်ခါတ်ကလေးက စပြီးလာလိုက်တာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ နော် (မှန်ပါတယ်ဆရာ)၊ ဘဝ၊ အဲဒီ ဘဝပဲ အခု တို့လူစုလက်တွေ့အားဖြင့် ရထားတဲ့ ပစ္စုပ္ပန်တရားစုတွေ ဝိညာဏ်ကစ ဘဝကျအောင်လို့ ပဋိစ္စ သမုပ္ပါဒ်စက်ဝိုင်းကြီးတွေ သေချာပြန်လက်ထောက်ကြည့်။ လက်စသတ်တော့ ဘို့ဘဝအခန်း ရောက် နေပါ့ပဲ။

အဲဒီဘဝ၊ ဘာဘဝတုံး ဆိုတော့ ကမ္မဘဝ ပြောထားတာ။ ကမ္မဘဝ ဆိုတာ ဘာတုံးတဲ့၊ အာယူဟနဆိုတဲ့ ကံနှစ်ဝ စေတနာနှစ်မျိုးနှစ်စား ကောက်ထားတာ။ လောကီ ကုသိုလ်စေတနာ တွေရယ်, အကုသိုလ်စေတနာရယ် ဒီစေတနာတွေ ကောက်ထား။ ဒါဖြင့် တို့ ဘာတွေလုပ်နေကြ။ အဲဒီ အာယူဟန ဆိုတဲ့ ကံနှစ်ဝပဲ အားထုတ်အလုပ်လုပ်တယ်။ အပါယ်လေးပါး မကြောက်တဲ့လူက အကုသိုလ်ကံတရားတွေ ကြိုးစားအားထုတ်တယ်။ အပါယ်လေးပါး ကြောက်တဲ့လူက အပါယ် လေးပါးမှ လွတ်ရာ လွတ်ကြောင်းဆိုတဲ့ ကုသိုလ်ကမ္မပထတရား ကုသိုလ်ကောင်းမှု ကြိုးစားအားထုတ် အလုပ်လုပ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တစ်ယောက်ကလည်း အပါယ်မကြောက်ဘူး။ တစ်ယောက်ကတော့ အပါယ်ကြောက်လို့ အပါယ်ကလွတ်ရာ လွတ်ကြောင်း ကြိုးစားတယ်။ မျက်စိ အမြင်က ဒါပဲ ရှိတယ်တဲ့၊ ဒီပြင် မရှိဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အပါယ်လေးပါးကြောက်လို့ အကုသိုလ် ဒုစရိုက် ဒုရာဇီဝတွေ ရှောင်ရှားပြီးတော့ ကုသိုလ်ကောင်းမှုတွေ ကြိုးစားတဲ့ပုဂ္ဂိုလ် လည်းပဲ အပါယ်လေးပါးတော့ လွတ်တာ မှန်ပါရဲ့ လွတ်သင့်သလောက် လွတ်တာတော့ မှန်ပါ တယ်တဲ့။ ဒါပေမယ့် သံသရာထဲ ပဋိသန္ဓေအသစ်ဖြစ်စေတတ်တဲ့ သဘောက လွတ်ရဲ့လားဟ (မလွတ်ပါဘူးဆရာ)၊ မလွတ်ဘူး၊ မလွတ်တော့ ဒါဖြင့် နောင်ဘဝသွားပြီးတော့ ပဋိသန္ဓေအသစ် သွားဖြစ်တော့ ဇာတိဆိုတဲ့ ဒုက္ခကြီး မတွေ့ဘူးလား (တွေ့မှာပါဆရာ)၊ ဇရာဆိုတဲ့ ဒုက္ခရော (တွေ့မှာ ပါဆရာ)၊ မရဏဆိုတဲ့ ဒုက္ခကော (တွေ့မှာပါဆရာ)။ ဒါကြောင့် အိုဘေးဆိုး နာဘေးဆိုး သေဘေးဆိုးကြီးတွေနဲ့ နောက်ဘဝလည်း တွေ့အုံးမှာပဲ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။။

ဒါကြောင့် ခုဘဝတည်းက ဇာတိအသစ်ဖြစ်စေတတ်သော၊ ပဋိသန္ဓေအသစ်ကို ဖြစ်စေတတ် သော အာယူဟန ခေါ်ထားတဲ့ ကံနှစ်ဝတော့ ငါလက်စသက်တော့မယ် ဆိုကော့ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒါဖြင့် အာယူဟန ခေါ်ထားတဲ့ ကံနှစ်ဝ ငါလက်စသတ်တော့မယ် ဆိုတော့

http://www.dhammadownload.com



ဘာလုပ်ပါ့ (ဝိဝဋ္ဋကုသိုလ်မျိုးလုပ်ရပါတယ်ဆရာ)၊ ဩော် - ဝိဝဋ္ဋကုသိုလ်လုပ်ကြလား (မှန်ပါတယ်ဆရာ)၊ ဒီဒါန သီလ သမထပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ လိုင်းလေးပြောင်းပေး၊ ရည်ရွယ်ချက်ကလေး ပြောင်းပေး ဒါပဲ မဟုတ်လား (ဒါပါပဲဆရာ)၊ အဲဒီ ရည်ရွယ်ချက်ကလေး ပြောင်းမှုကိုပဲ သတိပေးလို့ မရဘူးဟ၊ သတိပေးလို့ မရဘူး။ ကိစ္စလေးတစ်ခု ပေါ်လာပြီဆိုမှဖြင့် အုံကြွလာတာပဲဟေ့၊ ဝမ်းထဲက မြူးလို့ တစ်ခါတည်းကို၊ ဒါ ဘယ်သူဖြစ်ဖြစ် ပြထားတဲ့ သဘာဝလေးတွေ မစဉ်းစားမိတော့ဘူး။ အဲဒီကျတော့ ဘာဖြစ်၊ စိတ်က တစ်မျိုးတစ်မည် ဖြစ်လာပြန်ပြီ၊ ကြွလာပြန်ပြီ၊ ဆိုင်းသံဗုံသံကြားလေ အူမြူးလေ နော် (မှန်ပါတယ်ဆရာ)၊ မတွေးမိဘူး၊ ငါလုပ်တဲ့ အာယူဟာန ခေါ် ထားတဲ့ ကံဟာ ဘာရည်ရွယ်လို့ ငါလုပ်တာလဲလို့ ပြန်မစဉ်းစားနိုင်ဘူး။ ပျော်မှု ရွှင်မှု ပါးမှုကလည်း တို့လူစုက တော်တော်ကြီးများတယ်၊ ကြိုက်လည်းကြိုက်တယ်၊ လုပ်လည်း လုပ်တယ်။ အဲဒါကြောင့် အမှားမှား အရမ်းရမ်း မဖြစ်ရအောင် အခုကစပြီးတော့ သိတတ်တဲ့ အသိဉာဏ်လေး ရတဲ့အချိန်ကစ ပဋိသန္ဓေ အသစ်ကို ဆက်ကာဆက်ကာ ဖြစ်စေတတ်သော ဆိုတဲ့ ဝဋ္ဋကုသိုလ်ကံမျိုးဖြင့် ငါမလုပ်ပါဘူးလို့၊ ကုသိုလ်ကောင်းမှု လုပ်တိုင်းလုပ်တိုင်း “ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု” မကောင်းဖူးလား (ကောင်းပါတယ်ဆရာ)။

“ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု”။ မေ၊ ငါ၏။ ဣဒံ ပုညံ၊ ဤသို့ ယခုပြုစုရသော ကုသိုလ်ကောင်းမှုသည်။ အာသဝက္ခယံ၊ ကာမသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရားလေးပါးတို့၏ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေသတည်း။ သမရိုးကျ ဆုတောင်း အဋ္ဌကထာဆရာပြထားတယ်။ အင်မတန် တန်ဖိုးရှိ ဒီလို လုပ်ကြပါတဲ့။ တို့များကလည်းပဲ အဋ္ဌကထာဆရာ ညွှန်ကြားပေးတဲ့အတိုင်းပဲ ညွှန်ကြားနေရတယ်၊ တိုက်တွန်းနေရတယ်၊ သတိပေးနေရတယ်။ အဋ္ဌကထာဆရာကြီးက ဒီလို လမ်းခွဲလေးပြသွားတယ်။ ဒီလိုလုပ်ကြတဲ့၊ ဒါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ရပြီးတော့ သံသရာဝဋ်က ကျွတ်မှာ လွတ်မှာလို့ နော် (မှန်ပါတယ်ဆရာ)။ သံသရာဝဋ်ကို ကျွတ်တော့ လွတ်တော့ ဘယ်ရောက်သွားမတုံးဟ (နိဗ္ဗာန်ရောက်သွားမှာပါဆရာ)၊ အေး-နိဗ္ဗာန်ရောက်သွား၊ နိဗ္ဗာန်ရောက်သွားရင် မကောင်းဘူးလားကွာ (ကောင်းပါတယ်ဆရာ)။ မချမ်းသာဘူးလား (ချမ်းသာပါတယ်ဆရာ)၊ ဒါပေမယ့် မင်းက နိဗ္ဗာန်တရား တစ်ခါမှ မနာရသေးတော့ နိဗ္ဗာန်ရဲ့ အရသာသဘောလဲ သိမှာ မဟုတ်ပါဘူး။ မှန်းတာ ပြောနေရ၊ နိဗ္ဗာန်ဆိုတာ သိပ်ကောင်းတာပဲ ဒီလိုလား (မှန်ပါတယ်ဆရာ)၊ တကယ် မင်း ဒီလို ကြားဖူးသလား (ဒီလို ကြားဖူးပါတယ်ဆရာ)။ ဟုတ်မှ လိမ်စမ်းပါဟ၊

http://www.dhammadownload.com



နိဗ္ဗာန်ဆိုတာ ဘာမှမရှိဘူး။ နေလို မီးခိုးလိုပဲ ချုပ်ပျက် ပျောက်ပျက်သွားတာပဲလို့ ဒီလို မကြားဖူး ဘူးလား (မကြားဖူးဘူးဆရာ)၊ မကြားဖူးဘူး (မကြားဖူးဘူးဆရာ)၊ ဟော ဒီဟောင် ခုနဟာလည်း မကြားဖူးဘူး။ အဲဒါလည်း မကြားဖူးဘူး။ ငါ့ညာနေတာ၊ နှစ်ခုစလုံး သူမကြားဖူးဘူး။ နိဗ္ဗာန်ဆိုတာ အချမ်းသာဆုံးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အချမ်းသာဆုံးတဲ့၊ ဘာမှ မရှိရင် နိဗ္ဗာန်အချမ်းသာဆုံးလို့ ဟောစရာ မလိုဘူး။

ဒါကြောင့် ဒီက သင်တန်းတစ်ပတ်ဆုံးပြီဆိုမှဖြင့် အင်မတန်မွန်မြတ်တဲ့ မိမိတို့ လိုချင်အပ် တောင့်တအပ်တဲ့ အမြတ်ဆုံးတည်းဟူသော နိဗ္ဗာန်ရဲ့ တရားတော်ကြီးလည်းပဲ ပြတ်ပြတ်သားသားနဲ့ နာကြားရပါလိမ့်မယ်၊ ဒါမှလည်း တို့လူစု နိဗ္ဗာန်လိုချင်မှုတွေ ပေါ်လာမယ်။ အခုတော့ ဘယ့်နဲ့ဖြစ် နေတုံး။ အုတ်ရောရော ကျောက်ရောရော လူပြောသူပြောဆိုတဲ့ အနေအားဖြင့် နိဗ္ဗာန်ဟာ နေလို မီးလိုလိုပဲ ဘာမှ မရှိဘူးဆိုတော့ တချို့လည်း နိဗ္ဗာန်တကယ်ရောက်သွားမှာတောင် စိုးတယ်၊ ခပ်ကြောက် ကြောက်ဖြစ်၊ ခုတိုင်းနေတာက ကောင်းသေးတယ်။ ဒီဆွေ ဒီမျိုးနဲ့ ဒီလင် ဒီသားနဲ့ ဒီမိတ်ဆွေသင်္ဂဟ နှင့် ဒီမြို့ ဒီရွာ ဒီဌာန အခုလိုပဲ ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ အခုလို နေရတာ ကောင်းပါသေး။ ဘာမှ မရှိဘူးဆိုတဲ့ နေမီးခိုးအဖြစ် ရောက်သွားမှာများ ငါကြောက်လှချည်ရဲ့ တချို့ကြောက်တယ် နော် (မှန်ပါတယ်ဆရာ)။ ပြောရင် ကဲ့ရဲ့မှာစိုးလို့ မပြောဘူး။ ဒါကြောင့် နိဗ္ဗာနဓာတ်ကြီး ပြတ်ပြတ် သားသားလည်း နာကြားရမယ်။ အဲဒီလို ပြတ်ပြတ်သားသား နာကြားလို့ နိဗ္ဗာန်ကို သဘောအဓိပ္ပါယ် လည်လည်ပတ်ပတ်သိလာမှ နောက်ထပ်ပြီးတော့ စေတနာတွေ တိုးလာလိမ့်မယ်။ နိဗ္ဗာန်ရောက်ချင် စမ်းပါဘိ၊ နိဗ္ဗာန်လိုချင်စမ်းပါဘိ၊ နိဗ္ဗာန်မရောက်ရင် ငါမအေးဘူး ဒီလို ဖြစ်လာနော် (မှန်ပါတယ်ဆရာ)၊ အဲဒါမှ ဆန္ဒဓာတ်ပြင်းလာမယ်။ ခုတော့ ပျော်ပြုံပြုံ ရော်ရဲရဲဆို သလိုပဲ နိဗ္ဗာန်ဝတ်ကျေတန်းကျေလောက်ရှိ၊ “နိဗ္ဗာနဿ ပစ္စယော ဟောတု”။ လူကြားကောင်း သူကြားကောင်း ပါးစပ်ကတော့ ပါပါရဲ့၊ ဒါပေမယ့် ခပ်ကြောက်ကြောက်နဲ့ ဟောယူရတယ် နော် (မှန်ပါတယ်ဆရာ)၊ မတော်တဆ ရောက်သွားမှာစိုး။

## စုတိ ဆိုတာ ဘာလဲ

အေး - ဒါကြောင့် အခုကစပြီးတော့ တကယ်မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီး ရောက်ချင် ရချင်လို့ရှိရင် အမြန်ဆုံး သံသရာ့စက်ရဟတ်ကြီးကို ဖျက်ဆီးနိုင်တဲ့ တားဆီးနိုင်တဲ့ ဝိဝဋ္ဋခေါ်တဲ့

http://www.dhammadownload.com



ကုသိုလ် မျိုးဖြစ်အောင် ဝိဝဋ္ဋခေါ်တဲ့ ကံမျိုးဖြစ်အောင် ကြိုးစားအားထုတ်ပါလို့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒီနေရာမှာ "ဘဝပစ္စယာ ဇာတိ"၊ ဘဝပစ္စယာ၊ ဘဝတည်းဟူသော အကြောင်းကြောင့်။ ဇာတိ၊ ပဋိသန္ဓေသည်။ သမ္ဘဝတိ၊ ဖြစ်၏။ နောင်ဘဝ ပဋိသန္ဓေဖြစ်ကြမယ် မဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)၊ နောက်ဖြစ်မဲ့ လမ်းစဉ်ပြနေတာ မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒီဘဝမှာ အားလုံးရှိသမျှ သူသူငါငါ သတ္တဝါတွေ သေခြင်းနောက်ဆုံးလို့ သေကြရ၊ သေတော့ စုတိမဟုတ်လားဟ (စုတိပါဆရာ)။ ဒီဘဝရထားတဲ့ နောက်ဆုံးစိတ်ကလေးသည် စုတိစိတ်တဲ့။ အဲဒီ စုတိဆိုတဲ့ စိတ်ကလေးက မြန်မာလို ပြန်တော့ ခုတော့ စုတိစိတ်ကျတယ်ဆိုရင် သေတယ်လို့ ခေါ်ကြတယ်နော် (မှန်ပါတယ်ဆရာ)၊ စုတိဆိုတာ "ရွေ့လျောခြင်း" ခေါ်ပါတယ်တဲ့။ သေတာမဟုတ်ပါဘူး၊ ရွေ့သွားတယ်, ရွေ့သွားတယ်၊ ပြောင်းသွားတယ်၊ ဒီဘက်ဘဝဟောင်းကနေ ဟိုဘက်ဘဝသစ် ပြောင်းသွားတယ်။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ "စဝနံ စုတိ" စဝနံ၊ ရွေ့လျောခြင်း။ စုတိ၊ ရွေ့လျောခြင်း။ ဒီဘက်ဘဝကနေ ဟိုဘက်ဘဝ ရွေ့သွားတာတဲ့။

ဒါကြောင့် စုတိလို့ နောက်ဆုံးစိတ်ကလေး တစ်ချက်ဖြစ်လိုက်တော့ ဥပါဒ် ဌီ ဘင် လို့ ခဏငယ်သုံးချက် စေ့တော့ ပျက်သွား။ မပျက်ဖူးလား (ပျက်သွားပါတယ်ဆရာ)၊ ဥပါဒ် ဌီ ဘင် ခဏငယ်သုံးချက်စေ့လို့ ပျက်သွားတဲ့နောက် ဘာပေါ်လာတုံးဟ (ဇာတိပေါ်လာပါတယ်ဆရာ)၊ ပဋိသန္ဓေ နော် (မှန်ပါတယ်ဆရာ)၊ စုတိနောင် ဘာတဲ့ (ပဋိသန္ဓေပါဆရာ)၊ စုတိနဲ့ ပဋိသန္ဓေ ဘယ့်နှဲ့နေ (ဆက်လျက်သားပါဆရာ)၊ အေး-ဆက်လျက်သား အကြားလေးများ ရှိလား (မရှိပါဘူးဆရာ)၊ အကြားမရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ စုတိက ဥပါဒ် ဌီ ဘင်လို့ ခဏငယ်သုံးချက်စေ့လို့ ချုပ်ရင် ပဋိသန္ဓေက ဥပါဒ်ကလေး စဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ စုတိကြားနဲ့ ပဋိသန္ဓေကြား ကြားလေးများ ရှိသေးသလား (မရှိပါဘူးဆရာ)၊ စုတိကလည်း ဥပါဒ် ဌီ ဘင်၊ ပဋိသန္ဓေကလည်း ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင် ဒီလိုဆက်မသွားဘူးလား (ဆက်သွားပါတယ်ဆရာ)၊ စုတိနဲ့ပဋိသန္ဓေ ဆက်လျက်သားနေတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် လူတွေက ဘယ့်နှဲ့ဖြစ်နေလဲဆိုတော့ အဲဒီစုတိနဲ့ပဋိသန္ဓေကြားမှာ တော်တော်ကြီး သွားနေရတယ် မှတ်နေ။ တော်တော်ကြီးကို သွားနေရသေးတယ် မှတ်နေ။ ဘဝသစ်နဲ့ဘဝဟောင်း ပြောင်းသွားတာမှ တော်တော်ခြားတယ် မှတ်တယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ မမှတ်ဖူးလား (မှတ်နေပါတယ်ဆရာ)၊ မှတ်နေ မှတ်နေ။

http://www.dhammadownload.com



တချို့များ လူသေပြီလားဆိုမှဖြင့် သင်္ချိုင်းပို့ သုသာန်ရောက် မြုပ်နှံပြီးတော့ အပြန်ကြတော့ တမာခက်ကလေးနဲ့ ရိုက်ပြီး ခေါ်လာခဲ့တယ်၊ ခေါ်လာတယ်။ စုတိနောင်များ ကြားခြားနေတာကိုးကွ အယူက အယူက နော် (မှန်ပါတယ်ဆရာ)။ တမာခက်ကလေး သစ်ခက်ကလေးနဲ့ ယူလာပြီး အိမ်ကြတော့ အိပ်ရာထိုင်ခင်းလေးပြင်၊ နေရာထိုင်ခင်းလေးပြင်၊ ပြီးတော့ အဲဒီ ပေါ်တင်ပြီးတော့ ခုနစ်ရက်တောင် ထားတယ်။ ဒီမှာလာနေသကိုး အဓိပ္ပါယ်က ဆိုလိုတာက နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ သူ့နောက်ဘဝက ဒုတိယဘဝ ပဋိသန္ဓေ မရောက်သေးဘူးပေါ့ (မရောက်သေးဘူးလို့ ထင်တာပါဆရာ)၊ ထင်တယ် ထင်တယ်၊ ဒီအတိုင်းထင်လို့ ဒီလို လုပ်နေတာပေါ့ကွ နော် (မှန်ပါတယ် ဆရာ)၊ ဒီတော့ သူခမျာ ဘယ့်နဲ့ဖြစ်နေသလဲဆိုတော့ စိတ်ထဲမှာ ယောင်လည်ယောင်လည်နဲ့ အိမ်နားလိုလို ခြံစည်းရိုးနားလိုလို အိမ်ကသစ်ပင်လိုလို ဘယ်နားလိုလို နေလိုက်တာ ခုနစ်ရက် နော် (မှန်ပါ တယ်ဆရာ)၊ ပြီးတော့မှ ရက်လည်ဆွမ်းပါ သွတ်ပြီးမှ ဒီနေရာထိုင်ခင်းလေး ဖျက်လိုက်တယ်။ ဒီတော့မှ ပဋိသန္ဓေအသစ် ဘဝသစ် ဖြစ်သွားပြီ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

အဲဒါ စုတိနဲ့ပဋိသန္ဓေမှာ အနည်းဆုံးအားဖြင့် ခုနစ်ရက်လောက် ဝေးနေတယ် ထင်သေးတယ်၊ ခုနစ်ရက်လောက် ခြားနေတယ်၊ ယောင်လည်ယောင်လည်နဲ့ ပဋိသန္ဓေမကူးသေးဘူး။ ဒီဘက်က စုတိစိတ်ကျသွား ပဋိသန္ဓေမရသေးဘူး၊ မဖြစ်သေးဘူး၊ ဘဝသစ် မဖြစ်သေးဘူး ဒီလိုထင်နေ မထင် ဖူးလား (ထင်ပါတယ်ဆရာ)။ အဲ - တချို့များသေတောင် ကူးတို့က ထည့်သေး ပါးစပ်ထဲ၊ အရင် တုန်းကတော့ တစ်မူး မူးစေ့ကြီး၊ တစ်မူး တစ်မတ်ထည့်။ အခုတော့ ဘယ့်နဲ့ဖြစ်၊ မူးစေ့ မတ်စေ့က လည်း မရှိတော့ ဆယ်ပြား မတ်စေ့ နော် (မှန်ပါတယ်ဆရာ)၊ ပြားစေ့ထည့်၊ အဲဒါ ဘာလုပ်ဖို့လဲ မေးတော့ ဒီဘက်ဘဝက သေတော့ ဟိုဘက်ဘဝမှာ ရုတ်တရက် ဘဝသစ်မဖြစ်ခင်နဲ့ ဟိုဟိုဒီဒီ သွား ချင် လာချင်တော့ ဟိုဘက်ဒီဘက် ကူးချင်တော့ ကူးတို့ခ မပါလို့တဲ့၊ အဲ - သူ့ပို့တဲ့ ကူးတို့သူကြီး ငါအံ့ဩလွန်းလို့ မဆုံးပါဘူးကွာ နော် (မှန်ပါတယ်ဆရာ)၊ တို့လူစုတွေရဲ့ အယူဝါဒတွေက ဘယ်လို ဖြစ်နေမှန်းကို မသိဘူး။ အဲဒါ မုချဆတ်ဆတ် ပရမတ်သဘောသွားလေးတွေက နားကမလည်တော့ ဒီလိုပဲ ယောင်လည်ယောင်လည်နဲ့ စုတိနောင် ပဋိသန္ဓေရောက်ပါ့မယ့်အကြောင်းမှာ အတော်ကြီး ခြားနေထင်နေ မထင်ဖူးလားဟ (ထင်ပါတယ်ဆရာ)၊ ထင်နေ၊ ဒါပေမယ့် ကဲ့ ပရမတ်သဘောနဲ့ ကြည့်ရင် ဘယ့်နဲ့ဖြစ်လဲဆိုတော့ စုတိနောင် ပဋိသန္ဓေ၊ စုတိကလည်း ဥပါဒ် ဌီ ဘင်၊ ပဋိသန္ဓေကလည်း ဥပါဒ် ဌီ ဘင်၊ မသေခင်က ပဋိသန္ဓေလေးက စပြီးတော့ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင် နာမ်လုံးလေးတွေ တစ်လုံးပြုတ် တစ်လုံးချုပ် တစ်လုံးရောက် တစ်လုံးပျောက် တစ်လုံးရောက်

http://www.dhammadownload.com



တစ်လုံးပျောက် တစ်လုံးရောက် တစ်လုံးပျောက် ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီတိုင်း သွားနေတာ ဘာမှ မထူးဘူး။

ဒီဘက်စုတိနဲ့ ဟိုဘက်က ပဋိသန္ဓေ ကူးတော့လည်း ဒီအတိုင်းသွားတာပဲ။ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်၊ ဆက်လျက်သာသွား။ ဒါကြောင့် စုတိနဲ့ ပဋိသန္ဓေ ဆက်လျက်သွားနေ၏ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ကံများ ဆန်းကြယ်တယ်။ ပရမတ်သဘောဆိုတာ အင်မတန် အံ့သြစရာကောင်းတယ်။ လှူပြည်က စုတိစိတ်ကျလို့ ဆိုပါတော့ မောင်ဖြူ လှူပြည်က စုတိစိတ်ကျ နတ်ဘဝသွားဖြစ်တယ်။ စတုမဟာရာဇ်တို့ တာဝတိံသာတို့ မိုင်နဲ့သာ တွက်ကြည့်ရင်ဖြင့် လူ့ပြည်နဲ့ စတုမဟာရာဇ် တာဝတိံသာနတ်ပြည်နဲ့ မိုင်နဲ့တွက်ကြည့်ရင်ဖြင့် မိုင်ဟာ ကုဋေကုဋာလောက် တွက်ရ လိမ့်မယ်။ ဒီလောက်ဝေး မဝေးဖူးလား (ဝေးပါတယ်ဆရာ)၊ အဲသလောက်ဝေးနေတာကို လှည်းနဲ့ လှေနဲ့ သွားသလို ကြာနေတာ မဟုတ်ပါဘူး။ ဒီက စုတိလို့ ဆိုသည်နှင့်တစ်ပြိုင်နက် နတ်ပြည် ဥပါဒ် ပဋိသန္ဓေ၊ စုတိနဲ့ ပဋိသန္ဓေ ဆက်လျက်သား မနေဘူးလား (ဆက်လျက်သားပါဆရာ)၊ ဘယ်လောက် အံ့သြစရာကောင်းတဲ့ တရားလည်းလို့။ ဒါကြောင့် စုတိနဲ့ ပဋိသန္ဓေ ဖြဟ္မာ့ပြည်လားတဲ့ ပုဂ္ဂိုလ်လည်း ဆက်လျက်သားနေတာပဲ။ နတ်ပြည်လားတဲ့ပုဂ္ဂိုလ်လည်း ဆက်လျက်သားနေတာပဲ နားလည်လား (နားလည်ပါတယ်ဆရာ)၊ စုတိနောင် ပဋိသန္ဓေ၊ အဲဒီ စုတိနောင် ပဋိသန္ဓေဆိုတော့ အဲဒီပဋိသန္ဓေဟာ ဇာတိပါပဲ နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေဟာ ဇာတိပါပဲ။ ဇာတိဆိုတာ ပဋိသန္ဓေတဲ့၊ ဒီတော့ စုတိနောင် ပဋိသန္ဓေ ဆိုတော့ ပဋိသန္ဓေခဏလေးက ပထမ ရှေ့ဦးမဆွ လာဖြစ်တာ ဘာတုံး။ ပဋိသန္ဓေ ဝိညာဏ်စိတ်ရယ်၊ ကံကြောင့်ဖြစ်လာတဲ့ ကမ္မဇရုပ် နှစ်ဆယ်ရယ်၊ ယှဉ်ဖော်ယှဉ်ဘက်ဖြစ်တဲ့ သမ္ပယုတ္တ ဓမ္မဆိုတဲ့ စေတသိက် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဂဗ္ဘသေယျက သတ္တဝါများကြတော့ ပဋိသန္ဓေခဏ၊ ပဋိသန္ဓေခဏမှာ များသောအား ဖြင့် ရုပ်သုံးဆယ် ရတယ်ဆိုတဲ့နေရာ၊ ရုပ်ကတော့ ဒသကလိုက်လို့ ဒသကသုံးစည်းက ရထားတော့ ရုပ်ပေါင်းသုံးဆယ်၊ အဲဒီ ရုပ်သုံးဆယ်က ဘာဖြစ်လဲဆိုလို့ရှိရင် ရူပက္ခန္ဓာလို့ ခေါ်ထားတယ်။ ဒီတော့ ပဋိသန္ဓေစိတ်ကလေးကတော့ ဝိညာဏက္ခန္ဓာနေရော့။ ပဋိသန္ဓေစိတ်နဲ့ ယှဉ်ဖော်ယှဉ်ဘက်ဖြစ်တဲ့ ဝေဒနာက ဝေဒနာစေတသိက်၊ သညာက သညာစေတသိက်၊ ဝေဒနာသညာမှ ကြွင်းတဲ့ စေတသိက်စု တွေကတော့ သင်္ခါရက္ခန္ဓာ ဆိုတာ ခန္ဓာငါးချက် တစ်ပြိုင်နက်ဖြစ်ကရော့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "ပဋိသန္ဓိက္ခဏေ ပဉ္စက္ခန္ဓာ ပရိပုဏ္ဏာ' လို့ ပဋိသန္ဓေခဏလေးမှာ ခန္ဓာငါးချက် တစ်ပြိုင် နက်ဖြစ်ကရော့။ ဒါ ပရမတ်နည်းနဲ့ ပြောတော့ ဘယ်လိုပြောမလဲဆိုလို့ရှိရင် စုတိနောင် ပဋိသန္ဓေဆိုတာ

http://www.dhammadownload.com



တခြားမဟုတ်ပါဘူး။ ခန္ဓာငါးပါးဘွားကနဲ ဖြစ်တာပါတဲ့ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)။ ဒါကြောင့် "ခန္ဓာနံ နိဗ္ဗတ္တိ ဇာတိ" ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ နိဗ္ဗတ္တိ၊ ရှေ့ဦးမဆွ ပထမ ဖြစ်ပေါ်၍လာခြင်းသည်။ ဇာတိ၊ ဇာတိမည်၏။ ဇာတိဆိုတာ ဘာခေါ်တုံး (စုတိပါ ပဋိသန္ဓေပါဆရာ)၊ ဟော ဗျာ ဟုတ်ပြီ၊ အဲဒီ ဇာတိဆိုတာ ခု ငါရွတ်သွားပြီ (ခန္ဓာငါးပါးပါဆရာ)၊ ခန္ဓာငါးပါး လာဖြစ်တယ်လား (မှန်ပါတယ် ဆရာ)၊ "ခန္ဓာနံ နိဗ္ဗတ္တိ ဇာတိ"၊ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ နိဗ္ဗတ္တိ၊ ဖြစ်ပေါ်၍လာခြင်းသည်။ ဇာတိ၊ ဇာတိ မည်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇာတီတိ ပနေတ္တ သဝိကာရာ ပဌက္ခန္ဓာ ဒဋ္ဌဗ္ဗာ။ ပန၊ အထူးကို ဆိုဦးအံ့၊ ဧတ္ထ၊ ဤပဋိစ္စသမုပ္ပါဒ်အရာ၌။ သဝိကာရာ၊ ဥပါဒ် ဋ္ဌီ ဘင် ဆိုတဲ့ ဖောက်ပြန်ခြင်းနှင့်တကွ ဖြစ်ကုန်သော။ ပဌက္ခန္ဓာ၊ ခန္ဓာငါးပါးတို့ကို။ ဇာတီတိ၊ ဇာတိဟူ၍။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ စုတိနောင် ဘွားကနဲ လာ ဖြစ်တယ် ပဋိသန္ဓေခဏ၊ ခန္ဓာငါးချက်ရတယ် နော် (မှန်ပါတယ် ဆရာ)၊ ဥပါဒ် ဋ္ဌီ ဘင် ဆိုတဲ့ ခဏယ်သုံးချက်နဲ့တကွ လာဖြစ်တဲ့ ခန္ဓာငါးပါးဟာ ဇာတိပါပဲတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဇာတိပါပဲ။ ဒါလေး မှတ်ထား။

**က္ကမ ပနာယံ ဇာတိသဒ္ဒေါ သဝိကာရေသု ပဌမာဘိနိဗ္ဗတ္တက္ခန္ဓေသု ပဝတ္တတိ။**

ပန၊ ဆက်ဦးအံ့။ က္ကမ၊ ဤပဋိစ္စသမုပ္ပါဒ်အရာ၌။ အယံ ဇာတိသဒ္ဒေါ၊ ဤဇာတိ ဟူသော သဒ္ဒါသည်။ သဝိကာရေသု၊ ဥပါဒ် ဋ္ဌီ ဘင် ဆိုတဲ့ ခဏယ်သုံးချက်နဲ့ တကွဖြစ်ကုန်သော။ ပဌမာဘိနိဗ္ဗတ္တက္ခန္ဓေသု၊ ရှေ့ဦးမဆွ ပထမဆုံးလာဖြစ်သော ခန္ဓာငါးပါးတို့၌။ ပဝတ္တတိ၊ ဖြစ်၏။

ဇာတိ ဆိုတာ တခြားမဟုတ်ပါဘူးတဲ့။ ဟိုဘက်ဘဝသစ်မှာ ပဌမဆုံးလာဖြစ်တဲ့ ခန္ဓာငါးပါး ဒါဇာတိပါတဲ့ နားလည်လား (နားလည်ပါတယ် ဆရာ)၊ ဇာတိဆိုတာ ဘာတုံး (ဟိုဘက်ဘဝမှာ ခန္ဓာငါးပါး တစ်ပြိုင်တည်း လာဖြစ်တာပါဆရာ)။ ပထမဆုံးလာဖြစ်တဲ့ ခန္ဓာငါးပါးလား (မှန်ပါတယ် ဆရာ)၊ ဇာတိ နော် (မှန်ပါတယ်ဆရာ)၊ "ပထမာဘိနိဗ္ဗတ္တက္ခန္ဓေသု"လို့ ဆိုထားတာ။ ပထမဆုံးလာဖြစ်တဲ့ ခန္ဓာငါးပါးဟာ ဇာတိလို့ ဆိုထားတော့ ဒါဖြင့် ပထမဆုံးလာဖြစ်တဲ့ ခန္ဓာငါးပါးက ဇာတိယူထားတော့ သူ့နောက်နားမှာ ဒုတိယ တတိယ စသည်အားဖြင့် ဖြစ်သွားတဲ့ ခန္ဓာငါးပါးကြတော့ ဘာခေါ် ပဝတ္တိ (ပဝတ္တိပါဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဇာတိနဲ့ပဝတ္တိ မင်း နားလည်လား။ ဇာတိက ပဋိသန္ဓေခဏ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီပဋိသန္ဓေခဏနောက်ပိုင်း ဖြစ်နေတဲ့ မသေမချင်းဖြစ်နေတာ ဒါဘာခေါ်လဲ (ပဝတ္တိ ဘဝပါဆရာ)။ အေး - ပဝတ္တိ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မှတ်ထား မှတ်ထား။

http://www.dhammadownload.com



အခု တို့လောကလည်း သုံးကြတာ၊ လောကသုံးတာကတော့ သမ္မုတိအနေအားဖြင့် သုံးတာပေါ့ကွာ၊ ရုတ်တရက်အားဖြင့် လှမ်းပြောတယ်၊ သူငယ် ဘယ်ဇာတိက လာတာတုံး၊ ဘယ်သွားမတုံး၊ ဘယ်မှာနေတုံး မမေးဘူးလား (မေးပါတယ်ဆရာ)၊ သူငယ်ဇာတိဆိုတာ ဘာမေးတာတုံး (ဘယ်မြို့ကတုံးလို့ မေးတာပါဆရာ)၊ ဟော ဗျာ ဟုတ်တယ် ဟုတ်တယ်၊ ဘယ်မြို့ကတုံး၊ ဇာတိ ဘယ်ကတုံး၊ တချို့ကလည်း မင်းချက်မြုပ်က ဘယ်ကတုံး၊ ဒီလို မမေးဖူးလား (မေးပါတယ်ဆရာ)၊ ဒါဘာမေးတာ၊ မမေးရဘူးလား၊ မင်းမွေးရာဌာနက ဘယ်မှာတုံးတဲ့၊ မင်းမွေးဖွားတုန်းက ချက်မမြုပ်ရဖူးလားဟ (မပြောတတ်ဘူးဆရာ)၊ ဟော - ဒီပြင်လူတွေ မင်းမမြင်ဘူးလား မကြားဖူးဘူးလား (ကြားဖူးပါတယ်ဆရာ)၊ ကြားဖူးရင် ဒီပြင်လူနဲ့မင်းနဲ့ ထူးသေးလား (မထူးပါဘူးဆရာ)၊ မင်းက အာကာသယံတက်ပြီး မွေးတယ်ထင်တယ်။ ဒုတိယဂြိုဟ်တုကြီးထင်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ တို့သမ္မုတိနယ်က သုံးနေတဲ့ စကားတွေ။ မင်းရဲ့ချက်မြုပ်က၊ မင်းရဲ့ဇာတိချက်မြုပ်က ဘယ်ကတုံး၊ ဇာတိချက်ကြွေက ဘယ်ကတုံး ဒီလိုမေးကြတယ်။ မင်းမွေးဖွားရာ ဌာနက ဘယ်ကတုံးလို့ မေးတယ် ဒါဇာတိနော် (မှန်ပါတယ်ဆရာ)၊ ပဝတ္တိကြတော့ ဇာတိနောက်မှာ နေတဲ့ ထိုင်တဲ့ မြို့ရွာဒေသ ဒါပဝတ္တိခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ အဲဒါ သမ္မုတိအနေအားဖြင့် အရပ်သုံး၊ ပရမတ်နဲ့ သေချာကြည့်လို့ရှိရင် ဇာတိဆိုတာ ပဋိသန္ဓေခဏ တစ်ချက်ထဲ ရထားတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စုတိနောင်ပဋိသန္ဓေ၊ တို့ပဋိသန္ဓေဆိုတဲ့ စိတ်ကလေးကလဲ ဥပါဒ် ဌီ ဘင်လို့ ခဏငယ် သုံးချက်စေ့ ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဆရာ)၊ ချုပ်သွားတယ်။

## ဇရာဆိုတာ ဘာလဲ

အဲဒီ နောက်ပိုင်း တောက်လျှောက်ကြီးဖြစ်လာတာ ဒါပဝတ္တိ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဇာတိနဲ့ ပဝတ္တိ ဒီလို မှတ်ထား။ ဒါကြောင့် "ဘဝပစ္စယာ ဇာတိ" ဘဝပစ္စယာ၊ ကမ္မဘဝတည်းဟူသော အကြောင်းကြောင့်။ ဇာတိ၊ ဒုတိယဘဝသစ်နဲ့ ပဋိသန္ဓေ ဖြစ်ရခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိဖြစ်ကရော့ မဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)၊ အဲဒီ ဇာတိဖြစ်ပြီး နောက်ပိုင်းလေးမှာ ဇာတိရဲ့နောက်နားကစ သေရာညောင်စောင်း လျောင်းတဲ့အချိန်အထိ ဇရာခေါ်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဇရာခေါ်တယ်တဲ့၊ ဇရာဆိုတာ ဘာတုံး (အိုရ, နာရမှာပါ ဆရာ)၊ အောင်မယ်နာတာတွေတောင် ပိုလာ၊ ဇရာဆိုတာ လောက အရပ်သုံးနေကတော့ အိုတာ ခေါ်တယ်လား (မှန်ပါတယ်ဆရာ)၊ အမှန်ကတော့ ဇရာဆိုတာ စာသဘောနဲ့ပြောရင် ရင့်ကျက်မှု ခေါ်တယ်နော်

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေနောက်ပိုင်းမှာ တောက်လျှောက်ကြီး တစ်စတစ်စ တစ်နာရီထက် တစ်နာရီ၊ တစ်ရက်ထက် တစ်ရက်၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် ရင့်ရော်မလာဘူးလားဟ (လာပါတယ်ဆရာ)၊ ရင့်ကျက် မလာဘူးလား (လာပါတယ်ဆရာ)၊ အဲဒါ အိုမင်းလာတဲ့သဘော ဒါ "ဇရာ"လို့ ဒီလို ခေါ်တယ်။ စာပြောအနေအားဖြင့် ရင့်ကျက်ရင့်ကျက်လာတယ်တဲ့ ရင့်ရော်လာတယ်တဲ့၊ အိုမင်းလာတယ်တဲ့၊ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။

## ဇရာနှစ်မျိုးဆိုတာ

အဲဒီဇရာကလည်းပဲ -

(၁) ထင်ရှားတဲ့ ဇရာလို့၊

(၂) မထင်ရှားတဲ့ ဇရာလို့၊

ဇရာတွေကလည်း သူနည်းနဲ့သူဖွင့်ထားတာရှိတယ်။ တို့ အိုမင်းမစွမ်းရှိလာတော့ လက်သည်း ခြေသည်းတို့၊ သွားတို့ ကျိုးကြတယ်၊ ကြွေကြတယ်၊ မကြွေဖူးလား (ကြွေပါတယ်ဆရာ)၊ အဲဒါ ခဏ္ဍိစ္စ ဇရာခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ခဏ္ဍိစ္စဇရာတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အခုမှ တို့ ဟိုဒင်း ထင်တယ်ဟေ မြွေအလာနည်းလို့ ခေါ်ဟန်ထင်တယ်။ နောက်ဘက်ညှော့်တယ် ခေါ်တယ်။ ဒီနေ့ ဟစ်ရာ့သုံးဆယ်ကျော်ရတယ်။ အဲဒါ နောက်ဆုတ်ပြောတာဆိုတာ ဒါပါပဲ။ မနေ့က တော်သေး ဒီနေ့တစ်ရာသုံးဆယ်ကျော်၊ သွားကျိုးခြင်း၊ လက်သည်း ခြေသည်း ကြွေခြင်း၊ ကျိုးခြင်း ခဏ္ဍိစ္စဇရာ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဆံဖြူခြင်းဆိုတာကတော့ ပါလိစ္စဇရာလို့ နော် (မှန်ပါတယ်ဆရာ)၊ အရေတွန့်ခြင်းဆိုတာကတော့ ဝလိတ္တဇရာတဲ့၊ ဇရာလည်း အများကြီးရှိတယ် မြင်ရဲ့လားဟ။ မြင်ရဲ့လား ဒီလို ဖြစ်တာတွေ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ သွားကျိုးလာပေါ့၊ လက်သည်း ခြေသည်းတွေ ကြွေလာပေါ့၊ တဖြည်းဖြည်း ဟောင်းနွမ်းလာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဆံများလည်း ဖြူလာပေါ့၊ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ ပါးရေ နားရေတွေလည်း တွန့်လာကုန်ပေါ့ မြင်လား (မြင်ပါတယ် ဆရာ)၊ ခါးလည်းကိုင်းလာပေါ့၊ နားလည်းထိုင်းလာပေါ့၊ မျက်စိလည်းမှိုင်းလာပေါ့၊ မြင်လား (မြင်ပါ တယ်ဆရာ)၊ အဲဒါ ခဏ္ဍိစ္စဇရာရယ်၊ ပါလိစ္စဇရာရယ်၊ ဝလိတ္တဇရာရယ် သွားကျိုးခြင်း ခြေသည်း လက်သည်း ကြွေကျခြင်းဆိုတာ ခဏ္ဍိစ္စဇရာ၊ ဆံပင်ဖြူခြင်းဆိုတာကတော့ ပါလိစ္စဇရာ ခေါ်တယ်၊ အရေတွန့်ခြင်း၊ ခါးကိုင်ခြင်း၊ နားထိုင်းခြင်းဆိုတာကတော့ ဝလိတ္တဇရာ ခေါ်တယ် နော် (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ဇရာအမျိုးမျိုး အဲဒါကြ သူမြင်ငါမြင် မမြင်ဘူးလားဟ (မြင်ပါတယ်ဆရာ)၊ ပြီးတော့မှ ပါကဋဇရာတဲ့၊ ပဋိစ္ဆန္နဇရာတဲ့၊ ဇရာခန်းလေးတွေလည်း မှတ်ထားကြ။

ငယ်တဲ့သူများကလည်း တို့တွေ့ရချည်သေး အောက်မေ့၊ တွေ့နေတဲ့ လူအိုများကြပြန်လည်း တို့တော့လည်း တွေ့နေပဲ့ပဲ။ ဇရာဆိုတဲ့ တရားကြီး နှိပ်စက် နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ပါကဋဇရာနဲ့ ပဋိစ္ဆန္နဇရာ၊ **ပါကဋဇရာ** ကတော့ ထင်ရှားတတ်တယ် ခုန အဓိပ္ပါယ်ပြန်ရတာပါပဲ။ ဆံဖြူခြင်း သွားကျိုးခြင်း ခါးကိုင်းခြင်း နားထိုင်းခြင်း အရေတွန့်ခြင်း မျက်စိမှုန်ခြင်း မွဲခြင်း နော် (မှန်ပါတယ်ဆရာ)၊ သူမြင်ငါမြင် မြင်ကြလို့ ထင်ရှားလို့ ပါကဋဇရာတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

**ပဋိစ္ဆန္နဇရာ** ဆိုတာ ဖုံးကွယ်ထားလို့ မမြင်နိုင်ဘူးတဲ့။ ဘယ်ဇရာမျိုးလဲလို့ မေးတော့ ဒါတော့ ရုပ်ဇရာ နာမ်ဇရာ ခေါ်တယ်။ ရုပ်အိုတာ နာမ်အိုတာကြတော့ မသိနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပရမတ်သဘောအားဖြင့် ရုပ်တွေ အိုနွမ်း အိုလာပြီ၊ ဟောင်းနွမ်းလာပြီ။ နာမ်တရားတွေ ဟောင်းနွမ်းလာပြီ၊ အိုလာပြီ သိနိုင်ပဲ့မလား (မသိနိုင်ပါဘူးဆရာ)၊ အဲဒီ ရုပ်အိုလာ, နာမ်တွေအိုလာ ဆိုတဲ့ ရင့်ကျက်လာတဲ့ သဘောလေး အဲဒါတွေကြတော့ အာယုသံဟနိ၊ ပြီးတော့ ဣန္ဒြိယပရိပါက-ဇရာမျိုးခေါ်တယ်။ အာယုသံဟနိ-တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ အသက်က ဆုတ်ဆုတ်၊ ဆုတ်ဆုတ်လာတယ်တဲ့။ ရှေ့တိုးစရာ အကြောင်းမရှိဘူး။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အသက်တစ်ရာတမ်း ထားစမ်းပါကွာ။ ငါးဆယ်ရောက်တဲ့လူက နောက်နေစရာ ဘယ်လောက်ရှိ (ငါးဆယ်ကျန်ပါသေးတယ် ဆရာ)၊ ဒါဖြင့် အသက်တစ်ရာတမ်းချင်း အတူတူပေါ့ (အတူတူပါပဲဆရာ)၊ ငါပြောမှာ တစ်မျိုးပါဟ၊ အသက်တစ်ရာတမ်းချင်း အတူတူထား၊ တစ်ယောက်က အသက်နှစ်ဆယ်ရှိသေးတယ်၊ နောက်နေစရာ သက်တမ်းက ဘယ်လောက်ကျန် (ခုနစ်ဆယ်ကျန်ပါသေးတယ်ဆရာ)၊ ဟော ဗျာ (ရှစ်ဆယ်ကျန်ပါသေးတယ်ဆရာ)၊ ဘယ်လိုကောင်မှန်း မသိဘူး။ အသက်နှစ်ဆယ်အရွယ်ရောက်တော့ သူ့နောက်နေစရာ နှစ်ကဘယ်လောက်ကျန် (ရှစ်ဆယ် ကျန်ပါတယ်ဆရာ)၊ ရှစ်ဆယ်ကျန်သေးတယ်လား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် အသက်တစ်ရာ နေရချင်းအတူပဲ။ တစ်ယောက်ကတော့ ငါးဆယ်ရောက်နေပြီတဲ့၊ သူတို့နှစ်ယောက်ယှဉ်ကြည့်တော့ ငါးဆယ်ရောက်တဲ့ လူက နောက်နေစရာ ဘယ်လောက်ရှိသေး (ငါးဆယ်ပဲကျန်ပါတော့တယ်ဆရာ)၊ နည်းမနေဘူးလား (နည်းနေပါတယ်ဆရာ)၊ ခြောက်ဆယ်ရောက်တဲ့ လူနဲ့ကော (နည်းနေပါတယ်ဆရာ)၊ ဘယ်လောက် နည်းသွား (လေးဆယ်နည်းသွားပါတယ်ဆရာ)၊ လေးဆယ်နည်းသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ခုနစ်ဆယ်သမားတော့ကော (နည်းသွားပါတယ်ဆရာ)၊ ဘယ်လောက်နည်းတုံး (သုံးဆယ်ပါဆရာ)၊

http://www.dhammadownload.com



ရှစ်ဆယ်သမားတော့ကော (နည်းသွားပါတယ်ဆရာ)၊ ဘယ်လောက်နည်းတုံး (နှစ်ဆယ်နည်းသွားပါတယ်ဆရာ)၊ နှစ်ဆယ်ကျန်တော့တယ်လား (မှန်ပါတယ်ဆရာ)၊ နည်းနည်းမသွားဘူးလား (နည်းနည်း သွားပါတယ်ဆရာ)၊ ဟိုအသက်နှစ်ဆယ်ရှိသေးတဲ့ လူနဲ့စာရော့ နောက်နေစရာ အသက်က နည်းမသွားဘူးလား (နည်းသွားပါတယ်ဆရာ)။

ဒါ အာယုသံဟာနိ ခေါ်တယ်။ အာယုသံဟာနိ နော် (မှန်ပါတယ်ဆရာ)၊ သက်တမ်းအားဖြင့် နည်းနည်း နည်းနည်းလာတယ်တဲ့။ တဖြည်းဖြည်း တဖြည်းဖြည်း နော် (မှန်ပါတယ်ဆရာ)၊ ဘကြီးတို့ ကြီးတော်တို့ စဉ်းစားကြနော် ခုနစ်ဆယ်ကျော် ရှစ်ဆယ်ကျော်တို့၊ တို့နောက်ပိုင်း တယ်မရှိပါဘဲကလားလို့ တို့အတွက် တို့ဖို့ အတော်နည်းသွားပါပဲလား နော် (မှန်ပါတယ်ဆရာ)၊ ရောဂါဝေဒနာ မနှိပ်စက်ဘဲနဲ့ ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းနဲ့ ဖျတ်ဖျတ်လတ်လတ် နေနိုင် ထိုင်နိုင်မှ ရှစ်ဆယ်ဆိုတာ တော်တော့ ကုသိုလ်ထူး၊ သက်ကြီးပူဇော်ပွဲမှာ သွားကြည့်စမ်း အခုဘယ်ကစနေ ခုနစ်ဆယ့်ငါး လူကြီးထားပြီး ပူဇော်ကြတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရှားလား (ရှားလာပြီ)။ ဒါကြောင့် အသက်တမ်း တဖြည်းဖြည်း ဆုတ်လာတယ်တဲ့။ **အာယုသံဟာနိတရား** ခေါ်တယ်။

**ဣန္ဒြိယပရိပါက** ဆိုတာ ဣန္ဒြေတွေ ရင့်ရင့် ရင့်ရင့်ဆွေးလာပြီတဲ့၊ ဘာတုံး စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ နော် (မှန်ပါတယ်ဆရာ)၊ စောင့်စည်းကောင်းတဲ့ စောင့်စည်းတတ်တဲ့ ဣန္ဒြိယဆိုတဲ့ မျက်စိတို့ နားတို့ နှာခေါင်းတို့ လျှာတို့ ကိုယ်တို့ စိတ်တို့ ခြောက်ဌာနတွေ ဆုတ်ဆုတ် ဆုတ်ဆုတ် မလာဘူးလား (လာပါတယ်ဆရာ)၊ အဲဒါ ရင့်ရင့်သွားပြီတဲ့၊ ဟောင်းဟောင်းသွားပြီ၊ ဆွေးဆွေးသွားပြီ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် ခြောက်ဆယ် ခုနစ်ဆယ်လောက် ရောက်လာရင်ပဲ သူသူငါငါ မျက်ခွက် မျက်နှာ သိပ်မကွဲချင်ဘူး။ နဖူး လက်ကလေးကာပြီး ကြည့်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နားကကော ဘယ်နဲ့ဖြစ်သလဲလို့ တောင်ဆိုမြောက်၊ အနောက်ဆို အရှေ့ ကြားချင်ရာကြား ကမောက်ကမ ဖြစ်လာပေါ့ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ နှာခေါင်းကလည်း ဒီလိုပဲ တော်ရုံတန်ရုံ အနံ့လည်းပဲ နှာခေါင်းမတိုး၊ လျှာလည်း အရသာတွေက ဘယ့်နဲ့ဖြစ်၊ ငယ်ငယ်တုန်းကလို စားချင် သောက်ချင်ရှိပေမယ့် ငယ်ငယ်တုန်းက ကောင်းခဲ့တာလေးတွေ တွေးဆစားပေမယ့် မကောင်းတော့ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ကာယပသာဒတည်းဟူသော ကိုယ်ကြီးရဲ့ အကြည်ရုပ်ကြီးကလည်း ထိုင်းမှိုင်းလာတော့ တော်ရုံတန်ရုံ ထိပေ ခိုက်ပေတဲ့ ထိမှန်း ခိုက်မှန်းမသိ တိုးမှန်း

http://www.dhammadownload.com



ရှုမှန်း မသိတဲ့၊ စိတ်ဓာတ်ကကောတဲ့ မနိဗ္ဗေဆိုတဲ့ စိတ်ဓာတ်ကြည့်ပြန်တော့ ခုပြောပြီး ခုမေ့တယ် တဲ့နော် (မှန်ပါတယ်ဆရာ)၊ အသက်အရွယ်ကြီးလာတော့ ဣန္ဒြိယပရိပါကတရား ခေါ်တယ်။ ဣန္ဒြေ ခြောက်ပါးကိုက ရင့်ရော်ဆွေးမြည့်လာပေ့၊ ဟောင်းလာပေ့။

ဒါကြောင့် ခုနစ်ဆယ်ကျော် ရှစ်ဆယ်ဆိုတဲ့ တန်းရောက်လာပြီဆိုမှဖြင့် အိမ်မှာ တကျက်ကျက်နဲ့ ဆူသံ ပူသံ ကြားရပေ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ မျက်စိကလည်း မှုန်သေးတယ်။ နားကလည်း ထိုင်းသေးတယ်။ ဒါပေမယ့် သူများပါးစပ် လှုပ်လှုပ်ဖြင့် မေးတယ်။ ဘာပြောကြတုံးဟ သိချင်တာလည်း အလွန်ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ လောကထဲ လူရှုပ်ကြီး ဖြစ်လာပြီတဲ့၊ လူပိုဖြစ်လာပြီတဲ့။ အလိုလို ဝိုင်းပယ်လာတယ်။ ခုနစ်ဆယ်ကျော် ရှစ်ဆယ်ဆိုတဲ့ အဖိုးကြီး တစ်ယောက်က အစိတ်သုံးဆယ် အရွယ်ရှိတဲ့ လူငယ်လေးတွေ နေတဲ့ကြား သွားထိုင်လို့ လူငယ် လေးတွေ ကြိုက်ကဲ့လား (မကြိုက်ပါဘူးဆရာ)၊ ဘာပြုလို့ မကြိုက် (ရှုပ်လို့ပါဆရာ)၊ အေး-ရှုပ်လို့ နော် (မှန်ပါတယ်ဆရာ)၊ သူမေးတာ ပြန်ဖြေရတာလဲ ဝန်လေး၏။ ဒီလို မဟုတ်လား (မှန်ပါတယ် ဆရာ)၊ သူနဲ့အမေး အဖြေလုပ်ဖို့ကလည်း ခက်လှ၏။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အတိုင် အဖောက်ကကော ညီပဲ့မလား (မညီပါဘူးဆရာ)၊ အဲဒီလို ဖြစ်တော့ မလာစေချင်ဘူးတဲ့။ မလာစေ ချင်တော့ ခများလည်း အလိုက်သိသည်အားလျော်စွာ အဲဒီလို လူငယ်လူရွယ် စုစုမြင်ရင် အနား မကပ်ရှာဘူးတဲ့။ ဘာဖြစ်တာတုံး သူ့ဝိုင်းပယ်လာနော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ကြောက်စရာ ကောင်းတယ်။ ဒါကြောင့် သေချာကြည့် “အာယုသံဟာနိ”ဆိုတဲ့ အရွယ်မျိုး၊ “ဣန္ဒြိယပရိပါက”ဆိုတဲ့ အရွယ်မျိုး ဇရာနှိပ်စက် လွှမ်းမိုးလာတယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ပါကဋဇရာနဲ့ ပဋိစ္ဆန္နဇရာဆိုတာ၊ ပါကဋဇရာကတော့ သူမြင်ငါမြင် မြင်တတ်တယ်တဲ့။ အဖိုးကြီးကြီးလှပေ့ဟော။ ဆံတွေကလည်း ဖြူလို့၊ သွားတွေလည်း ကျိုးလို့၊ အရေအသားတွေလည်း တွန့်လို့၊ ခါးကလည်း ကိုင်းလို့၊ နားကလည်း ထိုင်းလို့၊ မမြင်ဘူးလားကွ (မြင်ပါတယ်ဆရာ)၊ အဲဒါ ပါကဋ ဇရာခေါ်တယ်။ ပဋိစ္ဆန္နဇရာဆိုတာ မြင်နိုင်ခဲတယ်တဲ့။ ဖုံးကွယ်ထားတယ်၊ အင်မတန် သိမ်မွေ့တဲ့ တရားကြီး ဘာတုံး။ ရုပ်တွေ အိုလာတာ နာမ်တွေ အိုလာတာတဲ့။ ဒါကြတော့ သိကောင်းပဲ့မလား (မသိကောင်းပါဘူးဆရာ)၊ မသိနိုင်ဘူး နော် (မှန်ပါတယ်ဆရာ)။ ဒါရုပ်အို နာမ်အိုဆိုတဲ့ ဇရာကြတော့ ပဋိစ္ဆန္နဇရာလို့ ဒီလိုခေါ်ပါတယ်၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒီတော့ ဒီဇရာဆိုတဲ့ သဘာဝ စောစောက ပြထားတဲ့ ခဏ္ဍိစ္စဇရာတို့၊ ပါလိစ္စဇရာတို့၊ ဝလိတ္တဇရာတို့၊ ဆံဖြူသွားကျိုး ခါးကိုင်း နားထိုင်း မျက်စိမှုံ မျက်စိမွဲ သူသူငါငါ လူတကာ သူများကြည့်။ အဲဒါမြင်တော့ ဒါသေချာ စဉ်းစား ကြည့်စမ်း။

http://www.dhammadownload.com



သမာဓိကောင်းကောင်းထား။ ဒါ ဇရာမြင်တာလားလို့မေး၊ မင်းဘယ့်နဲ့ပြော (မဟုတ်ပါ ဘူးဆရာ)၊ ဘာမြင်တာတုံး (အိုတာ မြင်တာပါဆရာ)၊ ငါ့ကို ဘယ်လို ဖြေရမှန်း မသိဘူးဆိုတာကျနေ။ ရုပ်ကို မြင်တာ မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇရာမြင်တာ မဟုတ်ဘူးတဲ့၊ ရုပ်ကိုမြင်တာတဲ့။ ရူပါရုံအဆင်းရုပ်ကို မြင်တာ၊ ရူပါရုံကို သူမြင်တာတဲ့။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဘာမြင်တာတုံး (ရုပ်ကို မြင်တာပါဆရာ)၊ ရုပ်ကို မြင်တာ နော် (မှန်ပါတယ်ဆရာ)။

ဒါတော့ မြင်ကောင်းတယ် မဟုတ်လား၊ ရူပါရုံ မဟုတ်လား (မြင်ကောင်းပါတယ် ဆရာ)၊ ဆံတွေ ဖြူနေပြီဟော့ မမြင်ဖူးလား (မြင်ပါတယ်ဆရာ)၊ သွားတွေ ကျိုးနေပြီဟော့ မမြင်ဖူးလားဟ (မြင်ပါတယ်ဆရာ)။ အရေတွေ တွန့်နေပြီဟော့ မမြင်ဖူးလား (မြင်ပါတယ်ဆရာ)၊ ခါးကိုင်းတယ်၊ နားထိုင်းတယ်ဟော့ မမြင်ဖူးလား (မြင်ပါတယ်ဆရာ)၊ အဲဒီလို မြင်တာ ဇရာလား (ရုပ်တွေ မြင်တာပါဆရာ)၊ ရုပ်တွေ မြင်တာလား (မှန်ပါတယ်ဆရာ)၊ ဇရာမဟုတ်ဘူး နော် (ဟုတ်ပါတယ်ဆရာ)၊ ဟော ဗျာ ဒါဖြင့် ဇရာမြင်တာပေ့ါ။ သမာဓိကောင်းကောင်းထား သေချာစဉ်စား။ ဒါဖြင့် ဇရာမြင်တာပေ့ါ၊ ချလိုက်ကွာ အရှုံးမပေးနဲ့ ဘယ့်နဲ့ပြော၊ ခုပဲ ရုပ်ကို မြင်တာပဲ ပြောသေးတယ်။ ခု ဇရာမြင်တာပေ့ါ ဆိုတော့လည်း မေးမရပြန်ဘူး။ ရုပ်တွေ မြင်တာ မဟုတ်လားဟ (မှန်ပါတယ်ဆရာ)။ ရူပါရုံ မြင်တာ မဟုတ်လား (မှန်ပါတယ် ဆရာ)၊ ဇရာဆိုတာ မမြင်ကောင်းဘူးတဲ့ မှတ်ထား မှတ်ထား၊ ဇရာဆိုတာ မမြင်ကောင်းဘူးတဲ့၊ မြင်ကောင်းတဲ့တရားလည်း မဟုတ်ပါဘူးတဲ့၊ နားလည်လား (နားလည်ပါတယ် ဆရာ)။

ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ တစ်စတစ်စ ရင့်ကျက်ရော်ရမ်းလာတဲ့ သဘောတရားလေးက ဇရာလို့ ခေါ်ထားတယ်၊ မြင်ကောင်းပါ့မလား (မမြင်ကောင်းပါဘူးဆရာ)၊ ရင့်ကျက်လာတယ်ဆိုတဲ့ သဘောလေး၊ ရင့်ရော်လာတယ်ဆိုတဲ့ သဘောလေး ဘယ်သူတုံး။ ရုပ်နာမ် နှစ်ပါး ခန္ဓာငါးပါးနော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ်ဇရာ သေချာပြန်ကြည့်ပါအုံး။ ပြန်ကြည့်စမ်း။ မျက်စိက မှုံလာတယ်ဆိုတာ ဒါ ဇရာမဟုတ်လား (မှန်ပါတယ်ဆရာ)၊ မျက်စိမှုံတာတော့ သူသူငါငါ မြင်တယ်လား (မြင်ပါတယ် ဆရာ)၊ ဆံဖြူတာကော (မြင်ပါတယ်ဆရာ)၊ နားထိုင်းတာကော (မြင်ပါတယ်ဆရာ)၊ ခါးကိုင်းတာကော (မြင်ပါတယ်ဆရာ)၊ ပါးရေတွန့်တာကော (မြင်ပါတယ်ဆရာ)၊ သွားကျိုးတာကော (မြင်ပါတယ်ဆရာ)၊ မြင်တယ်နော် (မြင်ပါတယ်ဆရာ)၊ အဲသလို မြင်တာ ဇရာမြင်တာလားဆို ဇရာမြင်တာ မဟုတ်ဘူးတဲ့။ ဒါရူပါရုံအဆင်းကို မြင်နေတာတဲ့နော် (မှန်ပါတယ် ဆရာ)၊ ဒါကြောင့် ရုပ်ဇရာ နာမ်ဇရာ မြင်ဖို့

http://www.dhammadownload.com



အင်မတန်ခဲယဉ်းတယ်လို့၊ ဘာပြုလို့ ရုပ်တရားတို့၏ ရင့်ရော်တဲ့ သဘောလေး၊ နာမ်တရားတို့၏ ရင့်ရော်ဟောင်းနွမ်းလာတဲ့ သဘောလေးကို ဇရာလို့ ခေါ်ထားတယ်။ ဘယ့်နဲ့နည်းမှ မြင်လို့ မဖြစ်ကောင်းဘူးတဲ့။ ရုပ်သဘောတရားလေး ရင့်ရော်လာတဲ့၊ နာမ်သဘောလေး ရင့်ရော်လာတဲ့ ဆိုတာ စောစောက ငါပြောခဲ့တယ်။

နာမ်ဆိုတဲ့ အသိစာတ် နာမ်တရားလေးဟာ ငယ်စဉ်အခါတုန်းကတော့ ထက်ထက်မြက်မြက် ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မရှိဘူး။ ပြောလိုက်ရင် သိလွယ်တယ်၊ ရလွယ်တယ်၊ မှတ်မိလွယ်တယ်၊ နာယူလွယ်တယ်။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အသက်အရွယ်ကြီးလာတော့ ဒီလိုမှတ်ဉာဏ်တွေ ဘာတွေ ရှိသေးရဲ့လားဟ (မရှိတော့ပါဘူးဆရာ)၊ အဲဒါ နာမ်လေးဟောင်းနွမ်းလာတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အိုလာတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မျက်စိကလည်း မှုန်တယ်၊ မျက်စိကလည်း မှုန်တယ် ဆိုတော့ သေချာကြည့်၊ ငယ်ငယ်တုန်းကလို ကြည်ကြည်လင်လင် မြင်သေးရဲ့လား (မမြင်တော့ပါဘူးဆရာ)၊ မမြင်ဘူး၊ ဘာပြုလို့လဲ ဆိုတော့ စက္ခုပသာဒဆိုတဲ့ အကြည်ရုပ်ကလေးကိုက မှုန်လာပြီတဲ့၊ ဟောင်းနွမ်းလာပြီတဲ့၊ ဆွေးမြေ့လာပြီတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အကြည်ရုပ်ကလေးဆိုကတည်းက မြင်ကောင်းပါ့မလားဟ (မမြင်ကောင်းပါဘူးဆရာ)၊ သဘောလေး မဟုတ်ဘူးလား (သဘောလေးပါဆရာ)၊ စက္ခုပသာဒ အကြည်ရုပ်ကလေး ဟောင်းနွမ်းယိုယွင်း၍လာခြင်း၊ သောတပသာဒ အကြည်ရုပ်ကလေး အဲဒီ အကြည်ရုပ်ကလေးဆိုရင် တို့လူစုက နောက်နားကပြထားတဲ့ သဘာဝလေးတွေ ပြန်ပြန်တွေး၊ သောတာပသာဒ-အကြည်ရုပ်ကလေး ဟောင်းနွမ်းဆွေးမြေ့၍ လာခြင်း၊ ဃာနပသာဒ- အကြည်ရုပ်ကလေး ဟောင်းနွမ်းဆွေးမြေ့၍လာခြင်း၊ ဇိဝှါပသာဒ-အကြည်ရုပ်ကလေး ဟောင်းနွမ်း ဆွေးမြေ့၍ လာခြင်း၊ ကာယပသာဒ-အကြည်ရုပ်ကလေး ဟောင်းနွမ်းဆွေးမြေ့၍လာခြင်း၊ ဟဒယဝတ္ထု-အကြည်ရုပ်ကလေး ဟောင်းနွမ်းဆွေးမြေ့၍လာခြင်းလို့။

ဒါကြောင့် အတိုက်စာတ်နဲ့ တိုက်ပေမယ့် ကြည်လင်ပြတ်သားမှု မရှိဘူးတဲ့၊ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ သိမှုလေးကကော ငယ်ငယ်တုန်းကလို ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် သိသေးရဲ့လား (မသိတော့ပါဘူးဆရာ)။ အဲဒါက နာမ်ဇရာကလေးတွေလို့ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ မေ့လျော့လာပြီတဲ့၊ မေ့တတ် လျော့တတ် ဖြစ်လာပေါ့တဲ့။ ထမင်းကျွေးတယ်၊ စားပြီးသား မစားရသေးဘူး ငြင်းတယ်တဲ့။ ပြောပြီးသား စကား မပြောရသေးပါဘူး ငြင်းချင်ငြင်းတယ်တဲ့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သတိမေ့လျော့ကာ

http://www.dhammadownload.com



အဲဒါ နာမ်ဇရာ ခေါ်တယ်။ ဒီတော့ ရုပ်ဇရာနဲ့ နာမ်ဇရာ အိုမင်းဟောင်းနွမ်းလာတဲ့ ရင့်ကျက်လာတဲ့ သဘောလေး ဇရာတရားလို့ ပြောထားတော့ ဒီဇရာမြင်ကောင်းပါလားဆို မမြင်ကောင်းဘူးတဲ့။ ဒါပေမယ့် စောစောကပြောတဲ့ သွားကျိုးခြင်း၊ လက်သည်းခြေသည်း ကွေးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်းဆိုတဲ့ ခဏ္ဍိစ္စဇရာ ပါလိစ္စဇရာ ဝလိတ္တဇရာတို့ ဒီဇရာတွေဟာ ဇရာလို့ ဟောထားတာ။ ဇရာမဟုတ်ပါဘူးဆိုတော့ ဒါတွေက ဇရာမဟုတ်ဘူး၊ တင်စားပြီး ဟောထားတာတဲ့။ အမှန်က ဒီလို မြင်နေတဲ့ သဘောလေးတွေ ဇရာမြင်တာ မဟုတ်ပါဘူး။ အမှန်က ရုပ်ရုံမြင်နေကာပါတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒီတော့ သေသေချာချာကြည့်။ အဋ္ဌကထာဆရာက ဥပမာလေးပေးထားတာ၊ အဓိပ္ပါယ်အားဖြင့် တောထဲ မီးလောင်သွားတယ်၊ မီးလောင်တဲ့ လမ်းကြောင်းကြီးက ထင်လို့နော် (မှန်ပါတယ်ဆရာ)၊ မီးလောင်တဲ့ လမ်းကြောင်းကြီး ထင်လို့၊ မီးက ငြိမ်းနေပါပြီ၊ နှစ်ရက် သုံးရက်လောက် ကြာတော့ ရောက်သွားတယ်၊ မီးသွားတဲ့လမ်းကြီး မီးလောင်သွားပြီ၊ ပြာတွေ တွေ့တယ်။ မီးသွေးတွေ တွေ့တယ်။ လောင်စလောင်နတွေ တွေ့တယ် တန်းလို့ မြင်လား (မြင်ပါတယ်ဆရာ)၊ အဲဒါ ပြာတို့ လောင်စာတို့ မီးသွေးတို့ လောင်စတို့ ဒါတွေ မြင်လိုက်တော့ မင်းစိတ်ထဲ ဒါဘာဖြစ် သွားတာပဲလို့ သိလား (သိပါတယ်ဆရာ)၊ ဘာဖြစ်သွားတာတုံး (မီးလောင်သွားတာပါလို့သိပါတယ် ဆရာ)၊ သြော်- မီးလောင်သွားတာပဲလို့ သိလား (မှန်ပါတယ်ဆရာ)၊ လွဲအုံးမှာလား (မလွဲတော့ပါဘူးဆရာ)၊ တကယ် မီးလောင်သွားတာပေါ့ (မှန်ပါတယ်ဆရာ)၊ မီး မင်းမြင်လိုက်ရရဲ့လား (မမြင်လိုက်ရပါဘူးဆရာ)၊ မမြင်ရဘူးပေါ့ (မမြင်ရပါဘူးဆရာ)၊ ဒါဖြင့် မီးလောင်တယ်လို့ ဘယ်သူကပြ (မီးလမ်းကြောင်းကြီးက ပြပါတယ်ဆရာ)၊ အေး-မီးလမ်းကြောင်းကြီးက ပြတယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မီးလမ်းကြောင်းသာ မင်းမြင်ကောင်းတာပေါ့။ မီးတော့ မမြင်လိုက်ဘူးပေါ့ (မှန်ပါတယ်ဆရာ)။ ဒီလိုပဲ ဇရာသွားတဲ့လမ်းကြောင်းကြီး မင်းတို့ မြင်နေတယ်နော် (မှန်ပါတယ်ဆရာ)၊ ဇရာကို မြင်ရပဲ့မလား (မမြင်ရပါဘူးဆရာ)၊ ဇရာသွားတဲ့ လမ်းကြောင်းကြီးမြင်လို့ ဇရာသွားတဲ့ လမ်းကြောင်းကြီးက ဘာတုံးဟ (မီးကြောင်းကြီးပါဆရာ)၊ ဟောဗျာ ဘယ်လို ကောင်မှန်းကို မသိဘူး။ ဇရာမေးတာ မင်းမီးမေးတာ မဟုတ်ဘူး။ ဇရာသွားတဲ့ လမ်းကြောင်းကြီး မြင်လား (မြင်ပါတယ်ဆရာ)၊ ဘာတွေတုံး၊ ဟောဗျာ ဟောဒီကောင် ဟောဒါကို ကောင်းကောင်းနားမလည်ဘဲကိုးကွ။ ဒါ့ကို သူကောင်းကောင်း လိပ်ပတ် မလည်ဘူး။ မင်း ငါပြောမယ် - ဆံဖြူတာ မင်းမြင်တယ်လား (မြင်ပါတယ်ဆရာ) သွားကျိုးတာ မြင်တယ်လား (မြင်ပါတယ်ဆရာ)၊ အရေတွန့်တာ မြင်တယ်လား (မြင်ပါတယ်ဆရာ)၊ ခါးကိုင်းတာ

http://www.dhammadownload.com



မြင်တယ်လား (မြင်ပါတယ်ဆရာ)၊ ဒါ ခဏိကဇရာတို့၊ ပါလိစ္စဇရာတို့၊ ဝလိတ္တဇရာတို့ပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါတွေက ဇရာတွေလား (ရှုပါရုံပါဆရာ)၊ ရှုပါရုံတွေမြင်တယ်လား (မှန်ပါတယ်ဆရာ)၊ ဇရာ မင်းမြင်ကောင်းပါ့မလား (မမြင်ပါဘူး ဆရာ)၊ မမြင်ကောင်းဘူးပေါ့ (မှန်ပါတယ်ဆရာ)။

ဒါပေမယ့်လို့ ဆံဖြူတယ်၊ သွားကျိုးတယ်၊ အရေတွန့်တယ်ဆိုတဲ့ မင်းအမြင်မှန် မြင်လိုက်တော့ကား ဘယ်သူ့လက်ချက်တွေဆိုတာ မင်းသိလား (ဇရာလက်ချက်တွေပါဆရာ)၊ အေး-ဇရာလက်ချက်တွေ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဇရာတော့ မင်းမြင်ရရဲ့လား (မမြင်ရပါဘူး ဆရာ)။ ဒါပေမယ့် ဆံဖြူခြင်း, အရေတွန့်ခြင်း, ခါးကိုင်းခြင်း, နားထိုင်းခြင်းဆိုတာ သေသေချာချာ ဒါတွေ မင်းမြင်လိုက်တော့ ဧကန်ဒိဋ္ဌ ဇရာလက်ချက်တွေပဲ ဇရာနှိပ်စက်သွားတာ။ ဇရာသွားတဲ့ လမ်းကြောင်းကြီးပါလားလို့ ဇရာကို လှမ်းပြီးတော့ မနောဒွါရစိတ်ခတ်ကလေးတွေ မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ ဉာဏ်အားဖြင့် မသိဘူးလား (သိပါတယ်ဆရာ)၊ ဉာဏ်အားဖြင့်သာ မြင်ကောင်းတယ်။ ဉာဏ်အားဖြင့်သာ သိကောင်းတယ်တဲ့။ ပကတိမျက်စိနဲ့ ဇရာကြည့်လို့မြင်ကောင်းတာ မဟုတ်ဘူးတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်ခြင်း၊ ခါးကိုင်းခြင်း၊ နားထိုင်းခြင်းဆိုတာ ဘာကြီးတုံးဟ (ဇရာလမ်းကြောင်းကြီးပါဆရာ)၊ သြော်-ဇရာသွားတဲ့ လမ်းကြောင်းကြီးလား (မှန်ပါတယ်ဆရာ)၊ ခုမှ တည့်သွားတယ် ဇရာသွားတဲ့ လမ်းကြောင်းကြီးလား (မှန်ပါတယ်ဆရာ)၊ ဇရာတော့ မင်းမြင်ရရဲ့လား (မမြင်ရပါဘူးဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဇရာသွားတဲ့ လမ်းကြောင်းကြီး၊ ဆံဖြူတာတို့, အရေတွန့်တာတို့, သွားကျိုးတာတို့, ခါကိုင်းတာတို့, နားထိုင်းတာတို့က ပြပေးလို့ ဇရာတရားမှန်း သိရပေတယ်။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဇရာသွားတဲ့ လမ်းကြောင်းကြီးပဲ။

ဒါကြောင့် လောင်စာတို့, ပြာတို့, မီးသွေးတို့, လောင်စာတို့ မြင်တာနဲ့ ဟောဒီနေရာ မီးလောင်သွားတယ် တစ်ထစ်ကျ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒါမီးလမ်းကြီး မြင်ပါသဖြင့် မီးလောင်သွားမှန်း သိလို့၊ မီးကို သိလို့ အခုလဲ ဆံဖြူ, သွားကျိုး, အရေတွန့်, ခါးကိုင်း, နားထိုင်းဆိုတဲ့ လမ်းကြောင်းကြီး မြင်တာနဲ့ ဇရာတို့ မိမိဉာဏ်ထဲမှာ သိရတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ မနောဒွါရမှာ ထင်ကောင်းတဲ့ အာရုံခေါ်တယ်။ ဉာဏ်ဖြင့် သိကောင်းတဲ့ တရားခေါ်တယ်။ ပကတိမျက်စိနဲ့ ဇရာချက်ကို မြင်အောင် ကြည့်လို့ ကြည့်ကောင်းတာ မဟုတ်ဘူးတဲ့။ မြင်ကောင်းတာ မဟုတ်ဘူးတဲ့။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အဲဒါ ဇရာတရားပဲ သေချာမှတ်ထား။

http://www.dhammadownload.com



ဒါကြောင့် "ဇာတိပစ္စယာ ဇရာ"တဲ့ ကြည့်စမ်း သေသေချာချာ။ ဇာတိလို့ ပဋိသန္ဓေ ခဏလေး တစ်ချက်ရောက်ပြီး, ရပြီးတဲ့နောက်ပိုင်းမှာ ဇာတိတော့ ဘယ်လောက်ကြာ ဥပါဒ် ဌီ ဘင် မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဇာတိလို့ ပဋိသန္ဓေတစ်ချက်ကလေး ရပြီးတဲ့နောက်ပိုင်းမှာ သေတဲ့အချိန်ထိ တောက်လျှောက်ကြီးက ဘာတရားတုံး (ဇာတိတရားတွေပါဆရာ)၊ ဘယ်နဲ့ (ဇရာတရားတွေပါဆရာ)၊ ဘယ်လိုကောင်မှန်းကို မသိပါဘူး။ အိမ်မျှား ပြန်ပြန်သွားတယ်လားဟ။ ဇရာတရားတွေလား (မှန်ပါတယ်ဆရာ)၊ တစ်နာရီထက် တစ်နာရီ၊ တစ်ရက်ထက် တစ်ရက်၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ် ရင့်ရင့်မသွားဘူးလား (ရင့်ရင့်သွားပါတယ်ဆရာ)၊ ရင့်သွားတာ ဘာတရားတုံး (ဇရာတရားပါဆရာ)၊ ဇရာတရား နော် (မှန်ပါတယ်ဆရာ)၊ ရင့်ရော်တယ်လို့ ဒီလို ခေါ်တယ်။ ဒါတွေ လောကအရပ်သုံးတာတော့ အိုတယ်လို့ ဒီလို ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ ဇရာတရား၊ ဒီတော့ သေချာကြည့်စမ်း။ ဇာတိလို့ ရလာရင် ဇရာဆိုတဲ့ တရားက ရှောင်ကွင်းလို့ ဖြစ်ကဲ့လားဟ (မဖြစ်ပါဘူးဆရာ)၊ ဖြစ်ဖူးလား (မဖြစ်ပါဘူးဆရာ)၊ ဇာတိနောက် တောက်လျှောက်ကြီး ဇရာပါ သွားပြီလား (ပါသွားပါပြီဆရာ)၊ တစ်နာရီထက် တစ်နာရီ ရင့်ကျက်သွားတယ်။ တစ်ရက်ထက် တစ်ရက် ရင့်ကျက်သွားတယ်။ တစ်လထက် တစ်လ ရင့်ကျက်သွားတယ်။ တစ်နှစ်ထက် တစ်နှစ် ရင့်ကျက်သွားတယ် ဆိုတော့ ရင့်ကျက်မှုက ဇာတိရဲ့ နောက်ပိုင်းကစပြီး သွားလိုက်တာလို့ တောကလျှောက်ကြီး နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဇာတိလို့ ပဋိသန္ဓေရှိလာမှဖြင့် ဇရာကို ရှောင်ကွင်းလို့ ရသေးရဲ့လားဟ (မရပါဘူးဆရာ)၊ ငြင်းလို့ ရသေးရဲ့လား (မလိုပါဘူးဆရာ)၊ မရကောင်းဘူးပေါ့ကွနော် (မရကောင်းပါဘူးဆရာ)၊ ငြင်းလို့ရသေးရဲ့လား (မရပါဘူးဆရာ)၊ မရကောင်းဘူးပေါ့ကွနော် (မရကောင်းပါဘူးဆရာ)။

ဒါကြောင့် "ဇာတိပစ္စယာ ဇရာ"တဲ့ ဇာတိက ကျေးဇူးပြု၊ ဇာတိက အကြောင်းခံလို့ နောက်နားက ဇရာတရားတွေ ဆက်ခါဆက်ခါ ပေါက်ဖွားလာတယ်တဲ့၊ မလာဖူးလား (လာပါတယ်ဆရာ)၊ သေချာမှတ်ထား။ ဇရာလည်း စောစောက ပြောတဲ့ ဇရာယူဆပုံလေးက ဇရာဆိုတာ မျက်စိနဲ့ မြင်ကောင်းတာ မဟုတ်၊ ဇရာသွားတဲ့လမ်းကြောင်း မြင်ပါသဖြင့် သြော်-ဇရာနှိပ်စက်လို့ ဒီလိုဖြစ်ရ သကိုးလို့ ဇရာကို မျှော်မှန်းပြီးတော့ ဉာဏ်စွမ်းဖြင့် သိရ၏ နော် (မှန်ပါတယ်ဆရာ)၊ မီးလောင်ထားတဲ့ မီးလမ်းကြောင်းမြင်ပါသဖြင့် မီးလောင်တာပဲလို့ မီးကို သိသလိုပဲလို့ ဒီအတိုင်းပြ ဒီအတိုင်းမှတ်ရမယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇရာရဲ့ အဓိပ္ပါယ်လေး၊ ပြီးတော့မှ စောစောကပြောတဲ့ ပါကဋဇရာနဲ့ ပဋိစ္ဆန္နဇရာ၊ ပါကဋဇရာက သူမြင်လူမြင် မြင်နိုင်တဲ့သဘောကလေး ယူဆပြီးတော့ ဘယ်သူတော့

http://www.dhammadownload.com



အိုလှပေတယ် အဓိပ္ပါယ်အားဖြင့်၊ ဘယ်သူတော့ဖြင့် ဆံတွေဖြူလို့၊ သွားတွေကျိုးလို့၊ အရေတွေတွန့်လို့ မထင်ရှားဖူးလားကွာ (ထင်ရှားပါတယ်ဆရာ)၊ ပါကဋဇရာ နော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္ဆန္နဇရာက မဖုံးကွယ်သော်လည်း ဖုံးကွယ်သကဲ့သို့ လုံးလုံးကြီး ပကတိမျက်စိနဲ့ မမြင်ကောင်းဘူး။ ဉာဏ်မျက်စိနဲ့ သာလျှင် မြင်ကောင်းသော ရုပ်ဇရာ နာမ်ဇရာကို ခေါ်၏ နော် (မှန်ပါတယ်ဆရာ)။

## တစ်နည်း ဇရာနှစ်မျိုး

ပြီးတော့မှ -

(၁) သဝီစိဇရာ၊

(၂) အဝီစိဇရာလို့ (ဝိဘင်္ဂအဋ္ဌကထာ၊ စာပိုဒ်၊ ၁၉၂)

သဝီစိဇရာ၊ အဝီစိဇရာ၊ သဝီစိဇရာ၊ ဆိုတာ တစ်ခုနဲ့တစ်ခု ကူးစက်သွားတဲ့ အကြားလေးတွေ မြင်ကောင်းတယ်။ ပြောင်းလဲမှုလေးတွေ။

"အဝီစိဇရာ"ဆိုတာကတော့ တစ်ခုနဲ့တစ်ခု ပြောင်းလဲသွားတဲ့ အကြားလေးတွေ မမြင်ကောင်းတာ "အဝီစိဇရာ" ခေါ်တယ်။

မြန်မာလိုပြန်တော့ အကြားရှိသောဇရာ၊ အကြားမရှိသောဇရာလို့ သေချာကြည့် သေချာကြည့်။ အဓိပ္ပါယ်အားဖြင့် ဆိုကြစို့ကွာ ကလေးလေးတွေ, ငယ်ရွယ်သူလေးတွေ သေချာကြည့်စမ်း။ တက်လူလေးတွေဆိုတော့ တစ်နေ့ထက်တစ်နေ့ ကြီးထွား မလာဘူးလား (လာပါတယ်ဆရာ)၊ ဇရာကြည့်လို့ မြင်ပဲ့မလားဟ (မမြင်ပါဘူးဆရာ)၊ ဒါပေမယ့် ဇရာအရနဲ့ကြည့်ရင် ပဋိသန္ဓေနောက်ပိုင်း ပဋိသန္ဓေခဏနောက်ပိုင်း လာသမျှဇရာတွေချည်း မဟုတ်လား (ဇရာတွေချည်းပါဆရာ)၊ တစ်နေ့ထက် တစ်နေ့ သူတို့ ရင့်ရော်လာတယ်၊ အိုမင်းလာတယ်ဆိုတဲ့ ဇရာအချက်ကလေး တက်လူလေးတွေဆိုတော့ ငါးနှစ်သား၊ ခြောက်နှစ်သား၊ တော်ကြာ ဆယ်နှစ်သား တစ်စတစ်စ သူကြီးလာအုံးမယ်။ ကြီးလာအုံးမယ် ဆိုတော့ ဒီတစ်စတစ်စရင့်ရော်လာတယ်ဆိုတဲ့ ဇရာမြင်ကောင်းပဲ့မလား (မမြင်ကောင်းပါဘူးဆရာ)၊ မမြင်ကောင်းဘူး မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး အဲဒါမျိုး အဝီစိဇရာလို့ ခေါ်တယ်၊ အကြားမရှိသော ဇရာလို့၊ ဇရာတော့ ဇရာမဟုတ်လား (ဇရာပါပဲဆရာ)၊ တစ်နေ့ထက်တစ်နေ့ ရင့်မလာဘူးလားဟ (ရင့်လာပါတယ်ဆရာ)၊ တစ်နှစ်ထက် တစ်နှစ် ရင့်မလာဘူးလား (ရင့်လာပါဆရာ)၊ အေး-ရင့်လာတယ်ဆိုတဲ့ ရင့်ကျက်မှု တည်းဟူသော ဇရာတရားကြီး ထင်ရှားရှိလျက်သားနဲ့

http://www.dhammadownload.com



တက်လူလူငယ်လေးတွေဆိုတော့ တစ်နေ့ထက် တစ်နေ့ ကြီးထွားလာတာ ကြည့်ကြည့်ပြီးတော့ ဇရာကို မမြင်နိုင်ဘူးတဲ့။ ပြောင်းလဲမှုအကြား အကြားလေးတွေ မမြင်ရဘူးတဲ့ နားလည်လား (နားလည်ပါတယ် ဆရာ)၊ ဒါတင်လားဆိုတော့ ဒါက သဝိညာဏက- အသက် ထင်ရှားရှိတာ ပြောလိုက်တာ၊ လူရှိတယ် ဆိုလို့ရှိရင် ခွေး ဝက် ကြက် ငှက် ဒီအတိုင်းသွားပေ့ါ။ ငယ်ငယ်လေးက တစ်စတစ်စ ကြီးထွား လာတာကြည့်၊ ဇရာမမြင်ဘဲကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ကြီးလာတာပဲ မြင်တယ်၊ တိုးလာတာပဲ မြင်တယ်၊ အိုသွားတာ မမြင်ဘူး။ ဒါကြောင့် သဝီစိဇရာ ခေါ်တယ်။ ဒါ သဝိညာဏက။

အဝိညာဏက-တော့ ကျောက်သံ ပတ္တမြား ရွှေ ငွေ နော် (မှန်ပါတယ်ဆရာ)၊ နေတို့ လတို့ နက္ခတ်တာရာတို့ ရုရှားကလွှတ်တဲ့ ဂြိုဟ်တုတို့ပေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊ နေတို့ လတို့ အစဉ်မပြတ်အားဖြင့် တစ်နေ့ထက်တစ်နေ့ ရင့်ရော်ရင့်ရော်လာတာ နက္ခတ်တာရာတွေ တစ်နေ့ထက် တစ်နေ့ ရင့်ရော်ရင့်ရော်လာတာတွေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ကျောက်သံပတ္တမြားတွေ ကြည့်နေ တစ်နေ့လာလည်း ဒီအတိုင်း၊ တစ်နေ့လာ ဒီအတိုင်း ပြောင်းလဲမှုတွေ မြင်ရရဲ့လား (မမြင်ရပါဘူးဆရာ)၊ မမြင်ရဘူး မဟုတ်ဘူးလား (မမြင်ရပါဘူးဆရာ)၊ မမြင်သာ မမြင်တယ်၊ နာရီကို ရက်က စားတယ်။ ရက်ကို လက စားတယ်၊ လကို နှစ်က စားတယ် ဆိုတော့ တစ်စတစ်စ ရင့်ကျက်မသွားဘူးလား (သွားပါတယ်ဆရာ)၊ ဒါပေမယ့် သူတို့ရဲ့ ရင့်ကျက်မှု သဘောလေးတွေ ပြောင်းလဲမှုမမြင်ရတော့ အကြားလေးတွေ အကြားလေးတွေ မရှိသလိုပဲတဲ့။ဒါကြောင့် အကြားမရှိသော အဝီစိဇရာတရားမျိုး ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

သဝီစိဇရာကြတော့ အကြားအကြားမြင်ရတယ်၊ ဘယ်လို အကြားအကြားမြင်၊ တစ်ခုနဲ့တစ်ခု ပြောင်းလဲမှုလေးတွေ မြင်တယ်။ ဒါဖြင့် သဝီစိဇရာ သေချာကြည့်ကွာ။ လှည်းအိုတို့၊ လှေအိုတို့၊ အိမ်အိုတို့၊ ဝန်းထရံအိုတို့ပေ့ါကွ နော်။ အိုတာတွေ ကျောင်းအိုတို့၊ ဇရပ်အိုတို့ သေချာကြည့်စမ်း။ အောင်မလေး - ငါ့မျက်စိထဲ ဆောက်ထားတာ ဘယ်သူ့ကျောင်းကြီးပေ့ါကွာ။ အခု ငါဟိုနား ဒီနားသွားနေ သုံးလေးနှစ်ကြာ ပြန်လာတော့ ဘယ့်နှဲ့ကြီးဖြစ်နေမှန်းမသိဘူးဟ။ အသွေးအရောင် လည်း မကောင်းဘူး ယိုင်လို့၊ မိုးတွေ, လေတွေ ဖျက်တာနဲ့ ဒီဘက်လည်း ဆွေးလို့ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ မြင်တယ် မဟုတ်လား (မြင်ပါတယ်ဆရာ)၊ အရင်တုန်းက အကောင်းမဟုတ်လား (အကောင်းပါဆရာ)၊ အခု ပျက်နေပြီလား (ပျက်နေပါပြီဆရာ)၊ အကောင်းနဲ့ အပျက်ကြားလေးတွေ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ သဝီစိဇရာခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ အဝိညာ- ဏက-အသက်မရှိသော အရာဝတ္ထုတွေ ဖြစ်လင့်ကစားတဲ့၊ တစ်ခုနဲ့တစ်ခု ပြောင်းလဲမှုဆိုတဲ့

http://www.dhammadownload.com



အကြားအကြားလေးတွေ မြင်ရတယ်တဲ့။ အိမ်ကြီးအိုပေါ့ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ငါးဆောက်တဲ့အိမ်ပဲ ငါ့တစ်သက်မှ မပြည့်သေးဘူး အိမ်က လဲရခါနီးပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အိမ်ကြီးအိုပေါ့၊ အရင်တုန်းကတော့ အိမ်သစ်မဟုတ်လား (အိမ်သစ်ပါဆရာ)။ ခုတော့ ပျက်ကုန်ပြီလား (ပျက်ကုန်ပါပြီဆရာ)။ အသစ်နဲ့အပျက်ကြားလေးတွေ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)။ အကူးအဆက် အပြောင်းအလဲလေးတွေ အကြားအကြားအားဖြင့် မြင်ရတဲ့ သဝီစိဇရာခေါ်တယ်။ ဒါအဝိညာဏက။ သဝိညာဏက-အသက်ရှိတာ ကြည့်ပြန်တော့ ဒီလိုပဲတဲ့နော် (မှန်ပါတယ်ဆရာ)၊ စောစောတုန်းက သူလိုငါလိုပဲတဲ့၊ ပြည့်ပြည့်ဖြိုးဖြိုးပဲတဲ့။ အခုတော့ သွားတွေကျိုးလို့နော် (မှန်ပါတယ်ဆရာ)၊ ဆံတွေဖြူလို့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အရေတွေ တွန့်လို့ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ အဲဒါ သဝိညာဏက,ဘက်က အသက်ထင်ရှားရှိသောဘက်က သဝီစိဇရာလို့ ဒီလို ခေါ်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဇရာသဘောရဲ့ အဓိပ္ပါယတ္ထ သေချာပြန်ကြည့်။ အကြားမမြင်ရသော တစ်ခုနဲ့တစ်ခု ပြောင်းလဲမှု မမြင်ရသော သက်ရှိသက်မဲ့ဆိုတဲ့ အဝီစိဇရာက တစ်မျိုးပဲတဲ့နော် (မှန်ပါတယ်ဆရာ)။

"ဇာတိပစ္စယာ ဇရာမရဏံ"၊ ဇာတိပစ္စယာ၊ ဇာတိတည်းဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာ မရဏတရားတို့သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇရာနဲ့မရဏတရားက တစ်ပါးတည်းကောက်တာ နော် (မှန်ပါတယ်ဆရာ)၊ ဇာတိတည်းဟူသော အကြောင်းကြောင့် ဇရာ မရဏဖြစ်တယ်။ ဒီနေရာမှာ ဇရာတစ်လုံး၊ မရဏတစ်လုံး နှစ်လုံးဖြစ်ရဲ့သားနဲ့ ဘာကြောင့် အင်္ဂါဆယ့်နှစ်ပါး တစ်ပါးတည်း ကောက်ထားတုံး။ ဇာတိတည်းဟူသော အကြောင်းကြောင့် ဇရာမရဏဖြစ်တယ်။ ဇရာနဲ့ မရဏ ခြားနားမှုမရှိဘူးတဲ့။ ဘာပြုလို့ ဇရာဆုံးရင် မရဏနဲ့ လုံးလုံးကြီးတွေ့ရတယ်။ ဇရာလမ်းကုန်ဆုံးပြီဆိုမှဖြင့် မရဏနဲ့ လုံးလုံးကြီးတွေ့ရတယ်တဲ့။ ဒါကြောင့် ဇရာဆိုတဲ့ တရားက မရဏတရားရဲ့ အချက်ပြတရား အလံပြတရား ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အင်္ဂါဆယ့်နှစ်ပါးမှာ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အင်္ဂါဆယ့်နှစ်ပါးအနေအားဖြင့် ဟောထား။ ဇရာနဲ့ မရဏကို တစ်လုံးတည်းယူရမယ်။ အင်္ဂါတစ်ပါးတည်း ယူရမယ်။ ဘာပြုလို့ ဇရာနဲ့ မရဏတရားက ပိုင်းခြားလို့ မရဘူးတဲ့။ ဇရာနဲ့ မရဏ တစ်ဆက်တည်းနေကြတယ်တဲ့။ ဇရာဆုံးရင် မရဏနဲ့ လုံးလုံးကြီး မတွေ့ဖူးလား (တွေ့မှာပါဆရာ)၊ ကိုးဆယ့်ခြောက်ပါး ရောဂါဝေဒနာ ကင်းရှင်းပါတယ်လို့ ဘယ်လို ပြောပြော နောက်ဆုံးကြ အိုပြီး သေတာပဲ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလိုမဟုတ်လား (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ အိုပြီး သေရတာပဲလို့ ဇရာနှင့်မရဏတရားသည် တစ်ဆက်တည်း တစ် သဘောတည်းမို့လို့ ဒီနေရာမှာ အင်္ဂါဆယ့်နှစ်ရပ်မှာ တစ်ရပ်တည်း ကောက်ထား၏၊ တစ်ပါးတည်း ကောက်ထား၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "ဇာတိပစ္စယာ ဇရာမရဏံ"။ ဇာတိပစ္စယာ၊ ဇာတိတည်းဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာ မရဏတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိကြောင့် ဇရာ မရဏဖြစ်တယ်။ ဒီတော့ တို့ ပဋိစ္စသမုပ္ပါဒ်မှာ အခု အင်္ဂါဆယ့်နှစ်ရပ်ပြီးတော့ ဇရာမရဏလည်းကျ၊ အင်္ဂါဆယ့်နှစ်ပါးလည်း ပြီးရော့ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ တစ်ခါ သံသရာစက်ကို ဆက်ပုံလေးဆိုပြီးတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တရားငါးပါး ဆက်ရလိမ့်မယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဒီဇာတိကြောင့် ဖြစ်လာတဲ့ ဇရာနဲ့မရဏ အဓိပ္ပါယ်လေးတစ်ခါ ရှင်းကြဦးစို့။ ဇာတိ မနေ့ညက ပြပြီး ပြီ။ "ခန္ဓာနံ နိဗ္ဗတ္တိ ဇာတိ"နော် (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးတို့၏ ရှေ့ဦးမဆွ ပထမဆုံးဖြစ်လာတာ ဒါ ဇာတိပဲလို့။ ဒါကြောင့် စုတိနောင် ပဋိသန္ဓေဆိုတဲ့ ပဋိသန္ဓေအခန်းလေးမှာ ဒီပဋိသန္ဓေက ဇာတိလို့ ယူ၊ ဒီတော့ ဇာတိသည် ပဋိသန္ဓေခဏမှာ ဥပါဒ် ဌီ ဘင်လို့ ခဏငယ်သုံးချက်နှင့်တကွ ဖြစ်လာသော ခန္ဓာငါးပါးဟာ ဇာတိပဲလို့။ ဒါကြောင့် "တတ္ထ ပနာယံ ဇာတိသဒ္ဒေါ သဝိကာရေသု ပဉ္စမာ-ဘိနိဗ္ဗတ္တက္ခန္ဓေသု ပဝတ္တတိ"။ တတ္ထ ပန၊ ဤအရာ၌ကား။ အယံ ဇာတိသဒ္ဒေါ၊ ဤဇာတိသဒ္ဒါသည်။ သဝိကာရေသု၊ ဥပါဒ် ဌီ ဘင် ဆိုတဲ့ ဖောက်ပြန်ခြင်းနှင့်တကွ ဖြစ်ကုန်သော။ ပဉ္စမာဘိနိဗ္ဗတ္တက္ခန္ဓေသု၊ ရှေ့ဦးမဆွ ပထမဆုံးပေါ်လာသော ခန္ဓာငါးပါးတို့၌။ ပဝတ္တတိ၊ ဖြစ်၏။ ခန္ဓာငါးချက် တစ်ပြိုင်နက် ပေါ်ထွက်လာတဲ့ ပဋိသန္ဓေခဏလေးက ဇာတိ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဇာတိနောက်ပိုင်း ရောက်သွားတော့ ဇရာ ဆက်ဖြစ်မသွားဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အဲဒီနောက်က ဥစ္စာလဲ ဇရာပဲလို့ သေတဲ့အချိန်ထိ မရဏထိအောင် ဇရာက သွားတယ်။

## မရဏ ဆိုတာ

ဒါကြောင့် ဇရာတရားနဲ့ မရဏတရားက ဆက်လျက်သားနေတယ်လို့ ပိုင်းခြားလို့မရဘူး။ ဇရာ ဆုံးရင် မရဏနဲ့ လုံးလုံးကြီးတွေ့ကြရတယ်လို့၊ ဒါဖြင့် ကောင်းပါပြီ၊ ဇာတိကြောင့် ဇရာဖြစ်တယ် ဆိုတာတော့ နားလည်သွားပြီ။ မရဏဖြစ်ပုံ - ခန္ဓာငါးပါးတို့ ဘင်္ဂက္ခဏသဘောလေးဟာ မရဏ တရား သေခြင်း ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးတို့ ဘင်္ဂက္ခဏ သဘောလေးသည် မရဏ ခေါ်၏။ ဘင်ခဏဆိုတာ ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဆရာ)။ ခန္ဓာငါးပါး ဖြစ်လာတဲ့

http://www.dhammadownload.com



ဥပါဒ် ဌီ ဘင်ဆိုတော့ ဘင်ကျတော့ ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဆရာ)၊ အဲဒီ ခန္ဓာငါးပါး ချုပ်သွားခြင်းသည် မရဏတရားပဲလို့ ဒီမရဏတရား ပရိယာယ်အားဖြင့် ဟောထားတာ လေးတော့ရှိ။ အဋ္ဌကထာက ပြထားတာရှိတယ် "ခန္ဓာနံ ဘေဒေါ မရဏံ"လို့ ခန္ဓာနံ၊ ခန္ဓာ ငါးပါးတို့၏။ ဘေဒေါ၊ ပျက်စီးခြင်းသည်။ မရဏံ၊ မရဏမည်၏။ ခန္ဓာငါးပါးတို့၏ ပျက်ဆီးသွားတာ မရဏ၊ ခန္ဓာငါးပါး ချုပ်သွားတာ မရဏ။ သမ္မုတိအနေအားဖြင့် သေတယ်လို့ ခေါ်ကြတယ်နော် (မှန်ပါတယ်ဆရာ)၊ ပရမတ္ထအနေအားဖြင့် ခန္ဓာငါးပါးချုပ်သွားတာ မရဏ။ ဒါ စုတိလို့လည်း ခေါ်၏။ သေတယ်လို့လည်း ခေါ်၏။ မရဏလို့လည်း ခေါ်၏နော် (မှန်ပါတယ်ဆရာ)။

## သေခြင်းတရား သုံးပါး

ဒါကြောင့် သေတယ်ဆိုတဲ့ သေခြင်းတရားက ဘယ်နှစ်ပါးရှိသလဲလို့ ဒီလိုမေးရင် ဘယ့်နဲ့ပြောမလဲ (နှစ်ပါးရှိပါတယ်ဆရာ)၊ အောင်မယ် လုပ်စမ်းပါဦး (ခဏိကမရဏ-သေခြင်းရယ်) ပြီးတော့ (သမ္မုတိမရဏ-သေခြင်းရယ်) သမ္မုတိမရဏ (မှန်ပါတယ်ဆရာ)။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒီနှစ်ပါးထဲလား (ဒီနှစ်ပါးထဲပါဆရာ)၊ ဟောဗျာ ဘုရားရဟန္တာ သေတာကြ ဘယ့်နဲ့ခေါ်တယ် (မေ့နေပါတယ်ဆရာ) ဩော်- သူသိတာ သူပြောတာ မဆိုးလှဖူးဟ၊ သုံးမျိုးသင်ထားတာ နှစ်မျိုးတော့ သူမှတ်မိသေး၊ သမုစ္ဆေဒမရဏ နော် (မှန်ပါတယ်ဆရာ)၊ ခဏိကမရဏ သမ္မုတိမရဏ သမုစ္ဆေဒ မရဏ သေခြင်းဘယ်နှစ်မျိုး (သုံးမျိုးပါဆရာ)၊ ဘယ်သူ ဘယ်သူတွေတုံး၊ (ခဏိကမရဏ သမ္မုတိ မရဏ သမုစ္ဆေဒမရဏ) အေး-ဟုတ်ပြီ၊ မရဏဆိုတာ ဘယ်သူခေါ်တုံး (ဥပါဒ် ဌီ ဘင်ပါဆရာ)၊ ဥပါဒ် ဌီ ဘင် ခဏငယ်သုံးချက်နဲ့ ဥပါဒ်က စဖြစ်။ ဘင်ခဏရောက် ပျက်သွားရင်း ဒီအသေတော့ ဘာခေါ်တယ် (ခဏိကမရဏပါဆရာ)၊ ခဏိကမရဏ၊ ဘယ်သူတွေ သေတာတုံး၊ ခဏိကမရဏနဲ့ ဘယ်သူတွေ သေတာတုံး (ခန္ဓာငါးပါးသေနေတာပါဆရာ)၊ ခန္ဓာငါးပါး သေနေတယ် နော် (မှန်ပါတယ်ဆရာ)၊ ရုပ်သေ နာမ်သေ ပရမတ်သေ ခန္ဓာသေ ဓာတ်သေပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ရုပ်တွေ နာမ်တွေ ခန္ဓာတွေ ပရမတ်တွေကြတော့ ဥပါဒ် ဌီ ဘင်ဆို သေသွားပြန်ပေါ့။ ဥပါဒ် ဌီ ဘင်ဆို သေသွားပြန်ပေါ့။ ဘင်ရောက်ရင် သေသွားရင်း၊ ဘင်ကာလရောက်ရင် သေသွားရင်း ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒီ ရုပ်သေ နာမ်သေ ခန္ဓာသေ ပရမတ်သေ ဓာတ်သေကြတော့ "ခဏိကမရဏ"လို့ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ သူသေ ငါသေ လူသေ နတ်သေ ဗြဟ္မာသေ ခွေးသေ ဝက်သေ

http://www.dhammadownload.com



ကြက်သေ ငှက်သေ မြွေသေ ငါးသေကြတော့ ဘာခေါ်တယ် (သမ္မုတိမရဏပါဘုရား)။ သမ္မုတိမရဏ၊ အရပ်က သမုတ်တယ်။ လောကက သမုတ်တယ် - မြွေတော့ သေပေါ့၊ ငါးတော့ သေပေါ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဘုရား)၊ အဲဒီလို သေကြတော့ သမ္မုတိမရဏ၊ သမုတ်ပြီးတော့ အများက သမုတ်တဲ့ သေခြင်းခေါ်တယ်။ ဒါ သမ္မုတိမရဏတဲ့။ ဘုရား ရဟန္တာများ စုတိတော့ စုတိစိတ်ကျ သွားတာ ဘာခေါ်တယ်။ (သမုစ္ဆေဒမရဏပါဘုရား)၊ သမုစ္ဆေဒမရဏ နော် (မှန်ပါတယ်ဘုရား)၊ အဲဒီ သမုစ္ဆေဒ မရဏဆိုတာ ဘုရား ရဟန္တာများ စုတိစိတ်ကျသွားတဲ့ စုတိတော်လေးက သမုစ္ဆေဒမရဏ လို့ ခေါ်ထားတော့ ဒီသမုစ္ဆေဒနဲ့မရဏလေးမှာ နားလည်မှုလေး ယူထားစမ်း။ သမုစ္ဆေဒ,က ပြတ် သွားတာ။ မရဏ,က သေတယ် နော် (မှန်ပါတယ်ဘုရား)၊ သမုစ္ဆေဒ မရဏ - ပြတ်သော သေခြင်း ဒီလို ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)၊ သမုစ္ဆေဒ,က ဘာဟောတယ် (ပြတ်သွားပါတယ်ဘုရား)၊ ပြတ်သော၊ ပြတ်တာ ဟောတယ်။ မရဏ,က ဘာတုံး(သေခြင်းပါဘုရား)၊ ဒီတော့ ပြတ်တာက ရှေ့က၊ သေတာက နောက်က မနေဘူးလား (မှန်ပါတယ်ဘုရား)၊ ပြတ်သော သေခြင်း ဒီလို ဖြစ်နေတယ်နော် (မှန်ပါတယ်ဘုရား)။ ဒီပုဒ်ကလေး ကပုဒ်ပြန်လေဒခေါ်တယ်။ အမှန်က မရဏက ရှေ့ကနေရမယ်၊ ဘာပြုလို့ သူ့ပုဒ်ကိုက မရဏ,က ရှေ့ကနေမှ သဘာဝကျ။ “မရဏဿ + သမုစ္ဆေဒံ သမုစ္ဆေဒမရဏံ” နော် (မှန်ပါတယ်ဘုရား)၊ နိဗ္ဗာန်ချတဲ့အခါကျတော့ ဝါကျ “သမုစ္ဆေဒ” ပုဒ်ကလေးက ပြန်သွားလို့ မရဏဿ+သမုစ္ဆေဒံ သမုစ္ဆေဒမရဏံ။ မရဏဿ၊ သေခြင်း၏။ သမုစ္ဆေဒံ၊ ပြတ်ခြင်း၊ ပြန်လိုက်။ သမုစ္ဆေဒမရဏံ၊ အသေပြတ်ခြင်း နော် (မှန်ပါတယ်ဘုရား)၊ ဘုရားရဟန္တာများ စုတိတော်ကျတော့ အသေပြတ်တယ် အသေရပ်တယ် ခေါ်တယ်နော် (မှန်ပါတယ်ဘုရား)၊ အဲဒီ အသေပြတ်တဲ့ အနေရပ်တဲ့ ဆိုတဲ့ စကားလေးဟာ လက်ရှိသေနေတဲ့ အသေရပ်သွားတာ ပြတ်သွားတာ ခေါ်တယ်နော် (မှန်ပါ တယ်ဘုရား)၊ လက်ရှိသေနေတာ ဘာသေတာတုံး။ ဘုရား ရဟန္တာတို့၏ သန္တာန်တော်ဖြစ်ပေါ်နေသော ခန္ဓာကမ္မဇရုပ် နော် (မှန်ပါတယ်ဘုရား)၊ ခန္ဓာကမ္မဇရုပ်တရားကြီးက တစ်သေထဲ သေနေတယ်လို့ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်နဲ့ မသေဘူးလား (သေနေပါတယ်ဘုရား)၊ အဲဒီလို တစ်သေထဲ သေနေတဲ့ ဥပါဒ် ဌီ ဘင် ဆိုတဲ့ ခဏငယ်သုံးချက်၊ ခဏငယ်သုံးချက်ဖြင့် ဆက်ကာ ဆက်ကာ သေနေတော့ အသေပြတ်သွားတယ်၊ အသေရပ်သွားတယ် ခေါ်တယ်။ မသေတော့ဘူးတဲ့ နားလည် လား (နားလည်ပါတယ်ဘုရား)။

ဒါကြောင့် သမုစ္ဆေဒမရဏ ဆိုတာ “မရဏသမုစ္ဆေဒ”လို့ ဒီလိုနေရမှာ ပုဒ်ရင်းက။ ဒါပေမယ့် ပုဒ်ပြန်ထားတယ် ခေါ်တယ်။ ဒါကြောင့် မရဏဿ+သမုစ္ဆေဒံ သမုစ္ဆေဒမရဏံ။ မရဏဿ၊ သေခြင်း၏။

http://www.dhammadownload.com



သမုစ္ဆေဒံ၊ ပြတ်ခြင်း။ သမုစ္ဆေဒမရဏံ၊ အသေပြတ်ခြင်း။ ဒါကြောင့် ဘုရားရဟန္တာများ စုတိတော်က ရှေ့ဆက်ပြီးတော့ ဥပါဒ် ဌီ ဘင်ဆိုတဲ့ ဘင်စွန်းမရှိတော့ဘူးတဲ့။ ရပ်သွားပေ့ါ၊ ပြတ်သွားပေ့ါ။ ဒါအသေ ပြတ်တယ်၊ အသေရပ်တယ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ အဲဒီအခန်းလေးကတော့ သမုစ္ဆေဒ မရဏ ဘုရားရဟန္တာ သေပုံသေနည်းဆိုတဲ့ သမုစ္ဆေဒမရဏပုဒ်ကလေးက နိဗ္ဗာန်ပြတဲ့ အခန်းကြတော့ တန်ဖိုးရှိလိမ့်။ ဒီနေရာလေး သေသေချာချာ မှတ်လာခဲ့။ ဘုရားရဟန္တာတို့ စုတိတော်သည်, ဘုရား ရဟန္တာတို့ စုတိချုပ်ငြိမ်းတော်မူခြင်းသည်, တစ်နည်း သေတော်မူခြင်းသည် သေတယ်လို့ ခေါ်ကောင်း သလား၊ အသေရပ်တယ်, အသေပြတ်တယ်လို့ ခေါ်ရမလားလို့ ဒါလေး နားလည်ရမယ်။ ဘုရား ရဟန္တာများ သေတယ်လို့ မခေါ်ရဘူး။ အသေပြတ်သွားတယ်၊ အသေရပ်သွားတယ် ခေါ်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီစုတိတော်လေး မရောက်ခင်တုန်းက၊ သမုစ္ဆေဒမရဏ မဖြစ်ခင်တုန်းကတော့ ဘုရားရဟန္တာသန္တာန်မှာဖြစ်နေတဲ့ ခန္ဓာငါးပါးလည်းပဲ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်နဲ့ အမြဲသေနေတာ မဟုတ်လား (သေနေပါတယ်ဆရာ)၊ အဲဒီစုတိစိတ်ကလေးလဲ ရောက်ရော့ ဥပါဒ် ဌီ ဘင် ဆိုတဲ့ နောက်ပိုင်းမှာ ဥပါဒ် ဌီ ဘင်လို့ နောက်ထပ်ပြီးတော့ မသေတော့ဘူးတဲ့။ ရုပ်သေ နာမ်သေ ခန္ဓာသေ ပရမတ်သေ ဓာတ်သေ အနေအားဖြင့် မသေတော့ဘူးတဲ့၊ အသေရပ်သွားပြီ၊ အသေပြတ်သွားပြီလို့ နော် (မှန်ပါတယ်ဆရာ)။ ဒါမှ သမုစ္ဆေဒမရဏပုဒ်နဲ့ အဓိပ္ပါယ်ထုတ်လိုက်တော့ အံကိုက်၊ ဒီနေရာမှာ အင်မတန်တန်ဖိုးရှိတယ်။

ဒါကြောင့် သမုစ္ဆေဒ မရဏဆိုသော ပုဒ်ကလေးမှာ ဝိဂြိုဟ်လုပ်၊ မရဏသဿ သမုစ္ဆေဒံ သမုစ္ဆေဒ မရဏံ၊ မရဏဿ၊ သေခြင်း၏။ သမုစ္ဆေဒံ၊ ပြတ်ခြင်း။ သမုစ္ဆေဒမရဏံ၊ အသေပြတ်ခြင်း နော် (မှန်ပါ တယ်ဆရာ)၊ ဒါကြောင့် သေခြင်းသုံးမျိုးဟောထားတဲ့အနက်က ရုပ်သေ နာမ်သေ ခန္ဓာသေ ပရမတ်သေ ဓာတ်သေကြတော့ ဥပါဒ် ဌီ ဘင်လို့ ဘင်ခဏရောက်ရင် သေးရင်း, ဘင်ခဏရောက်ရင် သေရင်း ခဏငယ်သုံးချက်နဲ့ အမြဲသေ၊ မသေဖူးလား (သေပါတယ်ဆရာ)၊ ဒီတော့ ရုပ်နာမ်ခန္ဓာတို့ သေနေတဲ့ ခဏိကမရဏအသေက မျက်တောင်တစ်ခတ် ဘယ်နှစ်ခါသေတုံးဟ (ကုဋေတစ်သိန်း ပါဆရာ)။ အောင်မလေး ကြောက်စရာ နော် (မှန်ပါတယ်ဆရာ)။ မျက်တောင်တစ်ခတ် အတွင်းမှာကို ကုဋေတစ်သိန်းသေတယ်လား (သေပါတယ်ဆရာ)။ နာမ်တွေက ကုဋေတစ်သိန်း၊ ရုပ်တွေက (ကုဋေ ငါးထောင်ရှစ်ရာ့ရှစ်ဆယ်ကျော်ပါဆရာ)၊ အောင်မလေး ရုပ်တွေသေတာကလည်း မျက်တောင် တစ်ခတ်မှာ ကုဋေငါးထောင်ရှစ်ရာ့ရှစ်ဆယ်ကျော်လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့်ပေ့ါကွယ် ပညာရှိများက ပြောကြတယ်။ ပြောနေတဲ့ စကားလေးတစ်ခွန်းမဆုံးခင် စကားတစ်ခွန်းရဲ့ အစက

http://www.dhammadownload.com



ဖြစ်ပေါ်နေသော ရုပ်တရား နာမ်တရား နှစ်ပါးသည် မရှိတော့ဘူး။ စကားတစ်ခွန်းရဲ့ အလယ်သို့ မပါတော့ဘူး မမြန်ဖူးလား (မြန်ပါတယ်ဆရာ)၊ စကားတစ်ခွန်းအလယ်၌ ဖြစ်ပေါ်နေသော ရုပ်တရား နာမ်တရားတို့သည် စကားတစ်လုံး၏ အဆုံးသို့ မပါတော့ဘူး၊ မပါကြဘူး ဒီလို မဟုတ်လား (မှန်ပါ တယ်ဆရာ)၊ အသစ်အသစ်တွေ ဆက်ဖြစ်သွားတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် သင်္ခါရဓမ္မ ဆိုတာ အင်မတန် လျင်မြန်တယ်။ ရှေးပညာရှိများသုံးထားတဲ့ စကား ရှိတယ်၊ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီထဲ ပျက်ပျက် ပျက်ပျက်နေတဲ့ သဘာဝလေးတွေ။ ဒါတော့ တို့သင်တန်းသူ သင်တန်းသားများ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးပြတုန်းက ခွဲစိတ်ကြေမွ ကျကျနန ပြခဲ့ပြီနော် (မှန်ပါတယ်ဆရာ)။ အခုတော့ ဇာတိပစ္စယာ၊ ဇာတိတည်းဟူသော အကြောင်းကြောင့် ဇရာနဲ့မရဏ အဓိပ္ပါယ်ရှင်းနေတော့ မရဏရဲ့ အဓိပ္ပါယ်လေး အကျယ်ဝေဖန်ပြီး ပြောနေရတယ်။ ဒါကြောင့် ဥပါဒ် ဌီ ဘင် ဆိုတဲ့ ခဏ ငယ်သုံးချက်နဲ့ သေခြင်းသည် ခဏိကမရဏမည်၏။ ဘယ်သူတွေသေတာတုံး၊ ရုပ်သေ နာမ်သေ၊ ခန္ဓာသေ၊ အာယတနတွေ သေ၊ ဓာတ်တွေ သေ၏၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါ ပရမတ်သေ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ သမ္မုတိအနေကတော့ ငဖြူသေတယ်၊ ငနီသေ တယ်၊ လူသေတယ်၊ နတ်သေတယ်၊ ဗြဟ္မာသေတယ်၊ ခွေးသေတယ်၊ ဝက်သေတယ်၊ ကြက်သေ တယ်၊ ငှက်သေတယ်၊ အားလုံးအရပ်က ပါးစပ်က မသမုတ်ဖူးလား (သမုတ်ပါတယ်ဆရာ)။ ငဖြူတော့ သေပေါ့၊ ငနီတော့ သေပေါ့၊ သမုတ်ကြတယ် နော် (မှန်ပါတယ်ဆရာ)။ အဲဒါ သမ္မုတိပညတ် အနေအားဖြင့် သမုတ်ပြီးတော့ သေတဲ့အသေမျိုး ဒါသမ္မုတိမရဏ။ ဘုရား ရဟန္တာများ နောက်ဆုံး စုတိတော်ကျတော့ သမုစ္ဆေဒမရဏ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အသေပြတ်ပြီ၊ အသေရပ်ပြီလို့ ဒီလိုဆိုလိုတယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒီနေရာမှာ ပဋိစ္စသမုပ္ပါဒ် ဒေသနာမှာ မရဏ-သေခြင်းဆိုတာ ဒီသုံးမျိုးသုံးစားရှိတဲ့အနက်က ခဏိကမရဏကိုပဲ ရည်ရွယ်ဟောသလား၊ သမ္မုတိမရဏကိုပဲ ရည်ရွယ်ဟောထားသလား၊ သမုစ္ဆေဒမရဏကိုပဲ ရည်ရွယ်ဟောသလား ဆိုတော့ သမ္မုတိမရဏကို ရည်ရွယ်ဟောတာပါတဲ့ နော် (မှန်ပါတယ်ဆရာ)။ သမ္မုတိမရဏ ရည်ရွယ်ဟော တာတဲ့။

ဒါကြောင့် "ခန္ဓာနံ ဘေဒေါ"လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ဘေဒေါ၊ ပျက်စီးခြင်း။ ခန္ဓာငါးပါး ပျက်သွားတာ ဒါတစ်နည်း သေခြင်းပရိယာယ်လေးတွေ၊ "ကဠေဝရဿ နိက္ခေပေါ" သူကောင်ကို ပစ်ချခြင်း ဒါလဲ သေတာပဲတဲ့။ ကဠေဝရဿ နိက္ခေပ သေနည်း ခေါ်တယ်။ "ခန္ဓာနံ ဘေဒေါ"ဆိုတဲ့ သေနည်း၊ ကဠေဝရဿ နိက္ခေပဆိုတဲ့ သေနည်း။

http://www.dhammadownload.com



ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ- ဣန္ဒြေချုပ်ငြိမ်းသွား၍ သေခြင်း၊ သေခြင်းတွေ ပြသွားတယ် နော် (မှန်ပါတယ်ဆရာ)။ ပရိယာယ်လေးတွေနဲ့ "ခန္ဓာနံ ဘေဒေါ" ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ဘေဒေါ၊ ဘင်ခဏအားဖြင့် ချုပ်ငြိမ်း၍ ရုတ်သိမ်းပျက်စီး၍ သေခြင်း။ အဲဒီ "ခန္ဓာနံ ဘေဒေါ"ကတော့ ဘယ်သူ့အတွက်ဟောလဲဆိုတော့ ရုပ်ခန္ဓာမရှိသော စတုဝေါကာရဘုံသူ ဘုံသားများအတွက် "ခန္ဓာနံ ဘေဒေါ"လို့ဟော၏။ "ကဠေဝရဿ နိက္ခေပေါ"တဲ့။ သူကောင်ထင်ရှားရှိသော ဧကဝေါကာရနဲ့ စတုဝေါကာရနှစ်မျိုးကိုတော့ ကဠေဝရဿ နိက္ခေပသဒ္ဒါနဲ့ ဟော၏။ သူတို့ကတော့ သူကောင်ထင်ရှားရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ သူကောင်ထင်ရှားရှိလို့ ကဠေဝရဿ နိက္ခေပ သေခြင်း၊ သေပေ့ါဟေ့ သူကောင်ကြီး ကျန်ရစ်ခဲ့တယ်။ သူကောင်ပစ်ချရ နော် (မှန်ပါတယ်ဆရာ)။ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါဆိုတာ ဇီဝိတိန္ဒြိယဿ၊ ရုပ်နာမ်နှစ်ပါးကို အစိုးရသော ဇီဝိတိန္ဒြေ၏။ ဥပစ္ဆေဒေါ၊ ပြတ်ခြင်း။ အဲဒါကတော့ တို့ သဝိညာဏက-အသက်ရှိသော သတ္တဝါမှာ ဟောထားတဲ့ သေခြင်းခေါ်တယ်နော် (မှန်ပါတယ် ဆရာ)။ ဘယ်သူတုံးတဲ့ ဒါ ဣန္ဒြိယဗဒ္ဓရုပ်အားဖြင့် ဖွဲ့ထားတဲ့ သဝိညာဏက-အသက်ရှိသော သတ္တဝါ သေပုံလေး ပြထားတာ။ "ဇီဝိန္ဒြိယဿ ဥပစ္ဆေဒါ" လို့ ဣန္ဒြိယဗဒ္ဓရုပ်အားဖြင့် ထင်ရှားရှိသော သဝိညာဏက အသက်ထင်ရှားရှိတဲ့ သတ္တဝါတို့၏သေခြင်း ခေါ်တယ်။

ဒါပေမယ့် အခုလောကသုံးထားတာက ဒီသေခြင်းဆိုတဲ့ သဘောလေး ဘယ်သူသုံးထားလို့ အဝိညာဏက-အသက်ထင်ရှားမရှိသော အရာဝတ္ထု သုံးထားတာ၊ ကောက်ပင်သေတယ်၊ သစ်ပင်သေတယ်၊ ဝါးပင်သေတယ်၊ မြက်ပင်သေတယ် မသုံးဖူးလား (သုံးပါတယ်ဆရာ)။ ဒီအပင်တွေ သုံးထားတော့ အဝိညာဏကဆိုတဲ့ အရာဝတ္ထုတွေသုံးထားတော့ တကယ်သေတာ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)။ မဟုတ်ဘူး၊ ထိုသစ်ပင် ဝါးပင်တို့၏ ခယ ဝယ သဘောလေးတွေ တင်စားပြီးတော့ ပြောထားတာ နော် (မှန်ပါတယ်ဆရာ)၊ သစ်ပင် ဝါးပင်လေးတွေ ကုန်ခန်း ချုပ်ပျက် ပြုန်းတီး ပျက်ဆီးခြင်းဆိုတဲ့ သဘောလေးတွေ သေတယ်ဟူသော သဝိညာဏက အမည်နဲ့ တင်စားပြီးတော့ ခေါ်ထားတာတဲ့။ ကောက်ပင်သေတယ် မရှိဘူး။ သစ်ပင်သေတယ် မရှိဘူး။ ဝါးပင်သေတယ် မရှိဘူး။ ဘာပြုလို့ သူတို့က အနိန္ဒြိယဗဒ္ဓရုပ်အားဖြင့် ဖြစ်ပေါ်နေတဲ့ အဝိညာဏက-အသက်မရှိတဲ့ဟာတွေနော် (မှန်ပါတယ်ဆရာ)၊ ဣန္ဒြိယဗဒ္ဓ သဝိညာဏက-အသက်ထင်ရှားရှိတဲ့ သတ္တဝါတွေကြတော့ "ဣန္ဒြိယဿ ဥပစ္ဆေဒေါ"လို့ ဇီဝိတိန္ဒြေရဲ့ ပြတ်သွားတာ, ချုပ်သွားတာ ခေါ်တယ်။ ဒါသေတယ်လို့ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါသေခြင်းပဲ၊ သေခြင်းတရားကိုယ် ကောက်စမ်းပါဆိုတော့ ခန္ဓာငါးပါးတို့၏ ဘင်ခဏသဘောလေး၊ ဘင်္ဂက္ခဏသဘောလေး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ခန္ဓာငါးပါးတို့၏ ဘင်္ဂက္ခဏ ဆိုတဲ့ ဘင်ခဏသဘောလေးသည် သေခြင်းပဲလို့ ဒီလို မှတ်ထား မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒီတော့ ပေါင်းလိုက်စမ်း "ဇာတိပစ္စယာ ဇရာမရဏံ" ဟောဒီ တရားသုံးပါးက သိပ်ကြောက်စရာကောင်းတာ။ ပဋိသန္ဓေနေခြင်းရယ်၊ အိုခြင်းရယ်၊ သေခြင်းရယ် လို့ ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ၊ ဓမ္မစကြာဟောသွားတာ ဗျာဓိဒုက္ခပါတယ်၊ ဇာတိ ဇရာ ဗျာဓိ မရဏ ဒီလို ဒုက္ခလေးချက်ပြသွားတာ။ ဒီနေရာကတော့ သုံးချက်ထဲပြသွား။ ဗျာဓိမပါပါလားလို့ ဗျာဓိ,က အန္တောဂဓအနေအားဖြင့် အတွင်းဝင်ပြီးသား ဖြစ်နေတယ်တဲ့။ ဘာပြုလို့ အိုတာလည်း နာတာပဲတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အိုတာလည်းပဲ ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာ မနှိပ်စက်သော်လည်း နှိပ်စက်တာနဲ့ အတူပဲတဲ့။ ဟုတ်ကဲ့လားဟ (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အိုကကြီးလာပြီဆိုမှဖြင့် အိုနာတယ်မှမကပဲ ဘယ်ကကိုက်ပြန်ပေါ့၊ ဘယ်က နာပြန်ပေါ့။ ဘယ်ကရောင်ရမ်းလာနဲ့ မဖြစ်ဖူးလားဟ (ဖြစ်ပါတယ်ဆရာ)။ အိုခြင်းဆိုတဲ့ သဘော တရားက သူ့မှာ ဗျာဓိက ပါပြီးသားတဲ့။ ဒါကြောင့် ဇာတိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခ သုံးချက် သာပြတယ်တဲ့ အဓိကအချက်အားဖြင့်၊ ဗျာဓိဒုက္ခ ဘာကြောင့် မပြလဲဆိုတော့ ဇရာဒုက္ခထဲ အန္တောဂဓ အားဖြင့် ဝင်ပြီးသား ဖြစ်နေတယ် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ဇာတိရယ် ဇရာ မရဏရယ် တရားသုံးလုံး အင်မတန် ကြောက်စရာကောင်းတယ်။ ဇာတိတည်းဟူသောဒုက္ခ၊ ဇရာ တည်းဟူသောဒုက္ခ၊ နောက်ဆုံးကြ မရဏတည်းဟူသောဒုက္ခ၊ ဒုက္ခ ဒုက္ခ မြင်ရဲ့လား (မြင်ပါတယ် ဆရာ)၊ ဇာတိလို့ရလာမှဖြင့် ဇရာဒုက္ခ ရှောင်လွှဲလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ မရဏဒုက္ခ ရှောင်လွှဲလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ဇာတိတွေ ရလာရင် ဇရာလည်း ရှောင်လို့မရ၊ မရဏ ဆိုတာလည်း ရှောင်လို့မရ မရဘူးနော် (မရပါဘူးဆရာ)။

ဒါကြောင့် ဒီတရားသုံးပါးဟာ ဘာနဲ့တူလဲလို့ အဋ္ဌကထာဆရာက ပြ၊ သူသတ်ယောက်ျား သုံးယောက်နဲ့တူတယ်တဲ့ သေချာမှတ်ထားနော်။ အင်မတန်မှ ဝမ်းနည်းစရာလဲကောင်း၊ ဝမ်းနည်းစရာ ကောင်းတဲ့အကြောင်းလေး ပြန်တွေး၊ ဘယ်လောက်ဝမ်းနည်းစရာကောင်းလဲလို့ ကိုယ့်မိနဲ့ဖနဲ့၊ ညီနဲ့ အစ်ကိုနဲ့၊ မောင်နဲ့နှမနဲ့၊ သားနဲ့အမိနဲ့၊ ဆွေနဲ့မျိုးနဲ့၊ မိတ်ဆွေသင်္ဂဟနဲ့ သိုက်သိုက်ဝန်းဝန်းကြီး ပျော်ပျော် ပါးပါးနဲ့ အားကိုးတစ်ခု အနေအားဖြင့် အခုလူ့ပြည်လောကကြီး လူရယ်လို့ ဖြစ်နေပေ့ါနော် (မှန်ပါ တယ်ဆရာ)၊ အားကိုးလောက်တယ် မဟုတ်လား (အာကိုးလောက်ပါတယ်ဆရာ)၊ ငါ့မိဘ ရှိသားပဲ၊ သားတွေသမီးတွေ ရှိသားပဲ၊ တူတွေ နှမတွေ ရှိသားပဲ၊ ညီအစ်ကိုမောင်နှမတွေ ရှိသားပဲ၊ မိထွေး မိကြီးတွေ ရှိသားပဲ၊ ဘကြီး ဘထွေးတွေရှိသားပဲ၊ ဦးကြီးဦးလေးတွေ ရှိသားပဲ၊ ငါ့မိတ်ကောင်း

http://www.dhammadownload.com



ဆွေကောင်းတွေ ပတ်လည်ဝိုင်းလို့ ဘာမှ ငါ့ကြောင့်ကြစရာမရှိ ငါ့တစ်စုံတစ်ခုသော အကြောင်းရှိရင် သူတို့တွေ ငါ့ကြည့်မနေဘူး၊ ဝိုင်းပြီးတော့ စောင့်ရှောက်ကြမှာပဲ, ကယ်ကြမှာပဲ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို အားကိုးတစ်ခုနဲ့ နေပေတဲ့ နောက်ဆုံးတစ်နေ့ကြတော့ သေရော့ တတ်နိုင် သေးလားဟ (မတတ်နိုင်ပါဘူးဆရာ)။ မတတ်နိုင်ဘူးနော် (မတတ်နိုင်ပါဘူးဆရာ)။ ကယ်မဲ့လူ ပေါ်သေးလား (မပေါ်ပါဘူးဆရာ)၊ မပေါ်ဘူး၊ ကြည့်ကြည့် -

ဇာတိရယ် ဇရာရယ် မရဏရယ်ဆိုတဲ့ တရားသုံးပါးဟာ သူသတ်ယောက်ျား သုံးယောက်တဲ့။ သူသတ်ယောက်ျားသုံးယောက်နဲ့ ဉပမာပြ။ ပဌမ သူသတ်ယောက်ျားက ဘာပြောလဲ ဟောဒီ ဖြေူဆိုတဲ့လူကို မိတွေ ဖတွေ ဆွေတွေ မျိုးတွေ မိတ်ဆွေ သင်္ဂဟတွေ ဝိုင်းရံနေတဲ့ အထဲကနေပြီးတော့ ငါ့နောက် မပါ,ပါအောင် ငါပရိယာယ်နဲ့ သွေးဆောင်ပြီးတော့ တောထဲ ဆောင်ခဲ့မယ်၊ ထုတ်ခဲ့မယ်။ ပဌမ သူသတ်ယောက်ျားက နော် (မှန်ပါတယ်ဆရာ)၊ ဒုတိယ သူသတ်ယောက်ျားက မင်းသာ ဆွေမျိုးအလယ်က တကယ်တောထဲ ရောက်အောင် ဆွဲခေါ်နိုင်လို့ရှိရင် ဒီဖြေူကို အားအင် ကုန်ခန်းသွားအောင် ထုဖို့, ရိုက်ဖို့, နှက်ဖို့က ငါ့တာဝန်ထား။ ဒုတိယ သူသတ်ယောက်ျားက နော် (မှန်ပါတယ်ဆရာ)၊ တတိယ သူသတ်ယောက်ျားက မင်းက မလှုန်နိုင်အောင် ထုရိုက်ထောင်း ထု ကြေမွပြီးလို့ အားအင်ဗလကုန်ခန်းလို့ လက်စွမ်းကျ လက်ပမ်းကျပြီဆိုတဲ့အချိန်ကြတော့ သူရဲ့လည် ပင်း ဦးခေါင်းပေါ် တောင်းတောင်းပြတ်ကြွေ တကယ်သေအောင် သန်လျက်နဲ့ ဖြတ်ဖို့တာဝန် ငါ့တာဝန်ထားလို့ သူသတ်ယောက်ျားသုံးယောက် တိုင်ပင်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒီတော့ ဖြေူက ဆွေမျိုးတွေ အလယ်တင့်တင့်တယ်တယ်နဲ့ အားကိုးတစ်ခုနဲ့ ပျော်ပျော်ပါးပါး မော်မော်ကြွားကြွားနဲ့ နေရော့၊ ငါ့အကြောင်းရှိ ဝိုင်းဝိုင်းလည်နေမှာပဲဟ။ ငါ့အင်မတန် အားထား ရတယ်။ ငါဘာမှ ပူစရာ ပင်စရာ မရှိဘူးလို့၊ တစ်နေ့သောအခါကျ တစ်နံပါတ် လူဆိုးက မောင်ဖြူ ဆွေမျိုးတွေ အလယ်ကနေပြီးတော့ တကယ်မိမိနောက်ပါအောင် သွေးဆောင်တယ်။ မိမိဆောင်မယ့် တောရဲ့ ကျက်သရေမင်္ဂလာရှိပုံ ပျော်မွေ့ဖွယ်ကောင်းပုံ နော် (မှန်ပါတယ်ဆရာ)၊ နေချင်စရာ ကောင်းပုံ ရှုချင်စရာကောင်းပုံ၊ တစ်နံပါတ် သူသတ်ယောက်ျားက မောင်ဖြူ သွေးဆောင်တယ် တောကြီးက ဘယ်လိုပျော်မွေ့စရာကောင်းတယ်။ ကြည့်စရာ ရှုစရာတွေက ဘယ်လို ပေါတယ်။ တင့်တယ်တာက ဘယ်လို၊ ဖွယ်ရာတာက ဘယ်နဲ့၊ စိတ်နှလုံးချမ်းမြေ့စရာက ဘယ်လို ကောင်းတယ်နဲ့ တကယ့်စိတ်ထဲမှာ အောက်မေ့အောင်လို့ တစ်နံပါတ် လူသတ်ယောက်ျားက မောင်ဖြူ သွေး ဆောင်တယ်။ သွေးဆောင်တော့ မောင်ဖြူက အဟုတ်မှတ်ပြီးတော့ သူသွေးဆောင်တဲ့စကား

http://www.dhammadownload.com



ကြားတော့ သူပြောတဲ့တော အင်မတန်လိုက်ခြင်တယ်တဲ့၊ လိုက်ချင်တော့ ခေါ်သွား နော် (မှန်ပါတယ်ဆရာ)၊ တောအလယ်ရောက်ပါရော့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တောအလယ်ရောက်တော့ နှစ်နံပါတ် သူသတ်ယောက်ျားက ဘာပြုတယ်။ (မလှန်နိုင်အောင် ရိုက်ပုတ် ထားပါတယ်ဆရာ)၊ အေး-တောအလယ်ရောက်တော့ မင်းဆွဲခေါ်လာ တောအလယ်ရောက် ငါ့တာဝန်ဖြစ်ပြီ။ ဒီတော့ မောင်ဖြူကို ရိုက်နှက်ထုထောင်း ကျေမွအောင် လုပ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

မောင်ဖြူက စောစောတုန်းက ဆွေမျိုးရဲ့အလယ်မှာ တကယ်တင့်တယ် ဖွယ်ရာနဲ့ အားကိုး တစ်ခုနဲ့နေတဲ့ မောင်ဖြူက ဆွေမျိုးတွေအားကိုးလို့ ရသေးလားဟ (မရတော့ပါဘူးဆရာ)၊ ခေါ်လို့ကော ကြားသေးလား (မကြားတော့ပါဘူးဆရာ)၊ ဆွေမျိုးတွေကော ကယ်နိုင်သေးလား (မကယ်နိုင်ပါဘူး ဆရာ)။ တောကြီး မျက်မည်းထဲက ထုထောင်းရိုက်နှိုက်ခံနေရပြီ နော် (မှန်ပါတယ်ဆရာ)၊ တစ်နံပါတ် လူဆိုးလှည့်ဖြားတဲ့စကားကြားလို့ တကယ်တော မျက်မည်းကြီးထဲ လိုက်သွားတော့ တောနက်ကြီးထဲ ရောက်တဲ့အခါကြတော့ ဒုတိယ နံပါတ်နှစ်ဆိုတဲ့ သူသတ်ယောက်ျားက ထုထောင်း ရိုက်နှိုက်ချေမွလို့ အခုတော့ မလှုပ်နိုင်ဘူးတဲ့။ ကယ်သူပေါ်သေးရဲ့လား (မပေါ်တော့ပါဘူးဆရာ)၊ သနားစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အဆိုးဆုံး, အဆိုးဆုံး၊ ပြီးတော့မှ မလှုပ်နိုင် မလှန်နိုင်တော့မှ သုံးနံပါတ် သူသတ်ယောက်ျားက သန်လျက်ကိုင်ပြီးတော့ မောင်ဖြူရဲ့လည်ပင်းကို တိကနဲနေအောင် ဖြတ်ပြီး သတ်လိုက်တယ်တဲ့ ငါ့တာဝန်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သနားစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဝမ်းနည်းစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ သိပ်ဝမ်းနည်းစရာကောင်းတယ်လို့ ကယ်သူ တစ်စုံတစ်ယောက်မှ ရှာဖွေလို့မရတဲ့ တောနက်ကြီးထဲရောက်အောင် ပထမသူသတ်ယောက်ျား သွေးဆောင်လို့ ပါသွားရှာတဲ့ မောင်ဖြူ တောနက်ကြီးထဲ ရောက်တဲ့အခါကြတော့ နံပါတ်နှစ်ဆိုတဲ့ ဒုတိယ သူသတ်ယောက်ျားက မလှန်နိုင်အောင်ဆို ထုထောင်းရိုက်နှိုက်ချေမွလုပ်လို့ အခုတော့ မလှုပ်နိုင်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မလှုပ်နိုင်လို့၊ မလှန်နိုင်တဲ့အချိန်ကျကာမှ တတိယ သူသတ်ယောက်ျားက ထက်လှစွာသောသန်လျက်နဲ့ လူ့ဇက်ဦးခေါင်း ထောင်းထောင်း ပြတ်ကြွေ အသေသတ်လိုက်တယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

သူသတ်ယောက်ျားသုံးယောက်နဲ့ မောင်ဖြူပရိသတ်အလယ်က ဆွေမျိုးအလယ်က ဆွဲထုတ် သွားပုံ နားလည်လား (နားလည်ပါတယ်ဆရာ) ပြီးတော့မှ ဇာတိ ဇရာ မရဏဆိုတဲ့ တရားသုံးပါးနဲ့ သူသတ်ယောက်ျား သုံးယောက်နဲ့ဟပ်၊ ဇာတိဆိုတဲ့ တရားနဲ့ ဘယ်သူနဲ့ဟပ် (နံပါတ်တစ် သူသတ်

http://www.dhammadownload.com



ယောက်ျားနဲ့ဟပ် မှတ်ပါတယ်ဆရာ)၊ နံပါတ်တစ် သူသတ်ယောက်ျားနဲ့ဟပ် နော် (မှန်ပါတယ်ဆရာ)၊ ဇရာ ဆိုတဲ့ တရားနဲ့ ဘယ်သူနဲ့ဟပ် (နံပါတ်နှစ် သူသတ်ယောက်ျားနဲ့ဟပ်ပါတယ်ဆရာ)၊ နံပါတ်နှစ်နဲ့ ဟပ်။ မရဏဆိုတဲ့ သူသတ်ယောက်ျားနဲ့ ဘယ်သူနဲ့ဟပ် (နံပါတ်သုံးဆိုတဲ့ သူသတ်ယောက်ျားနဲ့ ဟပ်ရပါတယ်ဆရာ)၊ ဟပ်တတ်သွားပြီလား (ဟပ်တတ်သွားပါပြီဆရာ)၊ ဒါဖြင့် ဟပ်တတ်လို့ရှိရင် ဇာတိဆိုတဲ့ နံပါတ်တစ်သူသတ်ယောက်ျားနဲ့ ဇာတိနဲ့ တူပုံလေး ငါ့ပြောစမ်းပါ (မပြောတတ်ဘူး) ဟောဗျာ တစ်နံပါတ် သူသတ်ယောက်ျားက မောင်ဖြူကို ဆွေမျိုးအလယ်က ဆွဲထုတ်လာတယ်လား (မှန်ပါတယ်ဆရာ)၊ တောကြီးထဲ ရောက်မနေဘူးလား (ရောက် သွားပါတယ်ဆရာ)။

ဇာတိနဲ့ တစ်နံပါတ် သူသတ်ယောက်ျား တူတယ်ဆိုတော့ ဘယ်လိုတူပုံလေး (ဇာတိရယ်လို့ ဖြစ်လာလို့ရှိရင်) ဇာတိရယ်လို့ ဖြစ်လာလို့ရှိရင် ပဋိသန္ဓေဖြစ်ကရော့လား (မပြောတတ်ပါဘူးဆရာ)၊ ဟာ - နေရာကျ၊ သေချာစဉ်းစားကြည့်စမ်း။ စုတိနောင် ပဋိသန္ဓေ ဆိုတော့ ဇာတိမဟုတ်လားဟ (ဇာတိပါဆရာ)၊ အဲဒီပဋိသန္ဓေဟာ ပဋိသန္ဓေနေတဲ့ ဇာတိလေးက မောင်ဖြူပေါ့။ ပဋိသန္ဓေလာနေနော် (မှန်ပါတယ်ဆရာ)။ ဟိုဘက်ဘဝတုန်းက မိဘနှစ်ပါး မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဆွေမျိုးဉာတိတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ မိတ်ဆွေသင်္ဂဟတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဟိုဘက်ဘဝတုန်း ကလေ (မှန်ပါတယ်ဆရာ)၊ ဇာတိဆိုတဲ့အဖြစ်မျိုး ရောက်သွားတော့ ဟိုဘက်ဘဝတုန်းက ကြည့်လိုက် မိဘဆွေမျိုး မိတ်ဆွေသင်္ဂဟ ညီရင်းအစ်ကို သားချင်း မောင်နှမသားချင်းတွေ ပါသေးရဲ့လားဟ (မပါ တော့ပါဘူးဆရာ)၊ ဒီဘက်လိုက်နေသေးလား (မလိုက်နိုင်ပါဘူးဆရာ)၊ ကယ်နိုင်သေးလား (မကပ်နိုင် ပါဘူးဆရာ)၊ တချို့လည်း မကယ်နိုင်တော့ သင်္ချိုင်းကုန်းက ပြန်ကြတော့ပေါ့ကွနော် (မှန်ပါတယ်ဆရာ)။ သင်္ချိုင်းကုန်း ထိအောင်လိုက်သေးတယ် မဟုတ်လား (လိုက်ပါသေးတယ်ဆရာ)၊ စုတိလို့ စုတိစိတ် ချလိုက် စုတိစိတ်ကျလိုက် ကျီးအာသလို ဝိုင်းအာလိုက်ကြတာ၊ ငိုလိုက်ကြတာ ဆူညံလို့ အမျိုးမျိုး အဖုံဖုံ ရာဇဝင်ပြောပြီး ငိုတဲ့လူတွေ နောက်ကြောင်း ပြောတာတွေ ပစ္စုပ္ပန်ပြောတာတွေနော် (မှန်ပါတယ်ဆရာ)၊ ငိုလိုက်ကြတာလို့ တတ်နိုင်သေးလား (မတတ်နိုင်ပါဘူးဆရာ)။ ဘယ်နေရာမှ မတတ်နိုင်ဘူး၊ ငိုကြရယ်ကြတာချည်း ဘာမှ မတတ်နိုင်ဘူး ဒီတိုင်းကြည့်နေ နော် (မှန်ပါတယ်ဆရာ)၊ ဘယ်ထိအောင်လိုက်၊ သုသာန်ထိအောင်လိုက် ဒါပါပဲ၊ သုသာန်မြုပ်နှံပြီး ပြန်ကြတာပါပဲလို့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ဒီဘက်က မောင်ဖြူက စုတိလို့ စုတိစိတ်ကျတဲ့ အခါကြတော့ မိဘဆွေမျိုး သားချင်း အပေါင်းတို့ ဝိုင်းအုံးပြီးတော့ ငိုကြွေး၊ သူကတော့ ဘယ်ရောက်သွားတုံး (ဇာတိဖြစ်သွားပါတယ်

http://www.dhammadownload.com



ဆရာ)၊ အေး-ဟိုဘက်ဘဝ ဇာတိဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ ဇာတိဆိုတဲ့ အဖြစ် ရောက်သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေခန်းရောက်သွားပြီတဲ့၊ စုတိနောင် ပဋိသန္ဓေ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဇာတိဟာတဲ့၊ ဇာတိဆိုတဲ့ တရားကြီးက ဘယ်သူနဲ့ တူလဲဆိုတော့ နံပါတ်တစ်ဆိုတဲ့ သူသတ်ယောက်ျားနှင့်တူတယ်တဲ့။ နံပါတ်တစ် သူသတ် ယောက်ျား ကလည်း ဆွေမျိုးအလယ်မှာ တင့်တယ်ဖွယ်ရာစွာ အားကိုးတစ်ခုနဲ့ နေသော သူတစ်ယောက် ကြောက်စရာကောင်းတဲ့ တောကြီးမြက်မည်းထဲ ရောက်အောင် ဆွဲထုတ်လာတဲ့ သူသတ်ယောက်ျားနဲ့ တူတယ်တဲ့။ မတူဖူးလား (တူပါတယ်ဆရာ)၊ ဟောဒီ ဇာတိလေး သေချာကြည့်။ လက်စသတ်တော့ ဒီဇာတိ ဟိုဘက်ဘဝတုန်းက ဒီဇာတိဟာ ဆွေမျိုးအလယ်မှာ တကယ်ပျော်မွေ့ဖွယ်ကောင်းတဲ့ အားကိုးတစ်ခုနဲ့ စုပေါင်းပြီးတော့ အသိုက်အဝန်းကြီးထဲမှာနေတဲ့ ဇာတိလေး နော် (မှန်ပါတယ်ဆရာ)၊ ဟိုတုန်းကတော့ ဇာတိမဟုတ်ဘူးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ငဖြူ ငဖြူထားပါတော့၊ ဟိုဘက် ဘဝတုန်းကတော့ ငဖြူ မိနဲ့ဖနဲ့ ဆွေနဲ့မျိုးနဲ့ သားနဲ့မယားနဲ့ ညီအစ်ကိုမောင်နှမ မိတ်ဆွေသင်္ဂဟ သိုက်သိုက်ဝန်းဝန်းနဲ့ အားကိုးတစ်ခု လက်ကိုင်ပြုပြီးတော့ နေလိုက်တာလို့ ကြောက်စရာ ဘေးရန်ဆို ဘာမှတွေးစရာ ဆစရာ မရှိဘူး။ မောင်ဖြူ မောင်ဖြူ နော် (မှန်ပါတယ်ဆရာ)၊ စုတိစိတ်ကျလို့ စုတိ နောင် ပဋိသန္ဓေဆိုတဲ့ ဇာတိလည်း ရောက်လာ၊ တောကြီးမြက်မည်းထဲလည်းရောက် မရောက် ဖူးလား (ရောက်ပါတယ်ဆရာ)။

ဒါကြောင့် ဇာတိသည် နံပါတ်တစ် သူသတ်ယောက်ျားကြီးနဲ့ တူ၏။ နံပါတ်တစ် သူသတ် ယောက်ျားက မောင်ဖြူဆွေမျိုးအလယ်ကနေ တောထဲရောက်အောင် ဆွဲထုတ်တယ် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ တောထဲရောက်သွားတော့ နှစ်နံပါတ် သူသတ်ယောက်ျားက မလှုန်နိုင်အောင် ထုထောင်းရိုက်နှက် ပုတ်ခတ်လုပ်၊ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ အဲဒါနဲ့ ဘယ်သူနဲ့တူ ဇရာနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ ဟော ဟိုဘက်ဇာတိလို့ ဖြစ်ပြီးတဲ့နောက်ပိုင်းလေး ဇာတိဆိုတဲ့ ပဋိသန္ဓေခဏ နောက်ပိုင်းလေး ဘာတရားတဲ့ (ဇရာတရားပါဆရာ)၊ သြော်-ဇရာတရား နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဇရာတရားက တစ်နာရီထက် တစ်နာရီ၊ တစ်ရက်ထက် တစ်ရက်၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ် နှစ်ပေါင်းများစွာ ကြာကြာ ကြာကြာလာတော့ ကြည့်။ မလှုန်နိုင်အောင် ထုထောင်းရိုက်နှက် ချေမွထားလိုက်တာလို့ လူအိုကြီး မြင်ဖူးရဲ့လား (မြင်ဖူး ပါတယ်ဆရာ)၊ ပြေးနိုင်သေးလား (မပြေးနိုင်ပါဘူးဆရာ)၊ သွားနိုင်သေးလား (မသွားနိုင်ပါဘူးဆရာ)၊ ခုန်နိုင်သေးလား (မခုန်နိုင်တော့ဘူးဆရာ)၊ ကျော်နိုင်သေးလား (မကျော်နိုင်ပါဘူးဆရာ)၊ ထိုင်နိုင်

http://www.dhammadownload.com



သေးလား (မထိုင်နိုင်ပါဘူးဆရာ)၊ ထနိုင်သေးလား (မထနိုင်ပါဘူးဆရာ)၊ ကိုယ့်လက်ကိုယ် သယ်နိုင်သေးလား (မသယ်နိုင်ပါဘူးဆရာ)။ ကိုယ့်ကိုယ်ကိုယ် နိုင်သေးရဲ့လား (မနိုင်တော့ပါဘူးဆရာ)။ မလှုပ်နိုင်ဘူး နော် (မှန်ပါတယ် ဆရာ)၊ ဘယ်သူနှိပ်စက်တာတုံး (ဇရာနှိပ်စက်တာပါဆရာ)၊ ဟောနံပါတ်နှစ် သူသတ်ယောက်ျားရန်သူ နှိပ်စက်တာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မလှုပ်နိုင်ဘူးတဲ့၊ သေရာညောင်စောင်း လျောင်းနေပေါ့တဲ့ နော် (မှန်ပါတယ်ဆရာ)။

သယနဒသကအရွယ် အသက်တစ်ရာတိုင် နေတယ်ထားပါတော့ တစ်ရာလဲစေ့ရော့ အိပ်ရာကလည်း မထ။ ထနိုင်သေးလား (မထနိုင်ပါဘူးဆရာ)၊ ထချင်တော့ လူထူပေးရတယ်လား (မှန်ပါတယ်ဆရာ)၊ သယနဒသကအရွယ်၊ 'သယန'ဆိုတာ သေရာညောင်းစောင်း လျောင်းစက်ပြီတဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ မလှုပ်နိုင်ဘူးတဲ့၊ ဘယ်သူထောင်းထု လုပ်ထားတာတုံး (ဇရာပါဆရာ)၊ ဇရာတရား၊ ဒါဖြင့် ဇရာတရားက နှစ်နံပါတ်ရန်သူနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ နှစ်နံပါတ် သူသတ်ယောက်ျား ထုထောင်း ရိုက်နှပ် ပုတ်ခတ် ကြေမွအောင်လုပ်တယ်၊ မလှုပ်နိုင်ဘူး၊ မလှုပ်နိုင်တော့ တတိယသူသတ်ယောက်ျားက မလှုပ်နိုင်တဲ့ အဆင်းသားနေတဲ့ သူကောင်ကိုမှ သူနာကိုမှ ထက်လှစွာသော သန်လျက်ဖျားနဲ့ လည်ပင်းကို ပိုင်းဖြတ်ပြီး သတ်လိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ အခုလဲ ဇရာနှိပ်စက်လို့ သေရာညောင်စောင်း လျောင်းစက် ပက်လက်ကလေးနေတဲ့ သူအိုကို တော်ကြာတော့ ဘာဖြစ် (သေတာပါဆရာ)၊ သေရော့လား (သေတာပါဆရာ)၊ အဲ-သေရော့ တဲ့။ ဇရာအဆုံး မရဏမဟုတ်လား (မှန်ပါတယ်ဆရာ)၊ သေရောတဲ့။ ဒါကြောင့် သေခြင်းဆိုတဲ့ မရဏတရား တတိယ သုံးနံပါတ် သူသတ်ယောက်ျားနဲ့ တူတယ်တဲ့။ ဇရာနှိပ်စက်လို့ ပက်လက်ကလေးနေတဲ့ သူနာကို စုတိစိတ်ကျသွား သဘောလေး ခန္ဓာပျက်ကြွေသွားတယ်။ ဒါမရဏသဘော နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဇာတိသည် တစ်နံပါတ် သူသတ်ယောက်ျားနဲ့တူ၏။ ဇရာသည် နှစ်နံပါတ် သူသတ်ယောက်ျားနဲ့ တူ၏။ မရဏသည် သုံးနံပါတ် သူသတ်ယောက်ျားနဲ့ တူ၏။

တွေးကြည့်ကြ - ဒီဒုက္ခသုံးမျိုးက ဘဝသစ်ဖြစ်ပြန်လည်း တွေ့ရပြန်ပေါ့။ မတွေ့ဖူးလား (တွေ့မှာပါဆရာ)၊ နောက်တစ်ခါ တစ်ဘဝပြောင်းပြန်လည်း တွေ့ပြန်ပေါ့၊ မတွေ့ဖူးလား (တွေ့မှာပါဆရာ)၊ ဒီလိုချည်းပဲ ဆက်ကာဆက်ကာ တစ်ဘဝပြီး တစ်ဘဝ တစ်ဘဝပြီး တစ်ဘဝ ဆက်ခါဆက်ခါ တွေ့တွေ့တွေ့တွေ့သွားတာ သက်သာခွင့်ရှာရရဲ့လား (မရပါဘူးဆရာ)၊ ဇာတိဆိုတဲ့ ဒုက္ခကစပြ။ ဇာတိဒုက္ခလည်း တို့နောက်နားက တော်တော်ပြောခဲ့ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေခန်း ပင်ပန်းပုံ၊ ဆင်းရဲပုံ၊ ကိုယ်ပဋိသန္ဓေနေလာတာ ပြန်ပြီးမြင်တတ်မယ်ဆို နောက်ထပ်နေချင်စိတ် ရှိမယ်

http://www.dhammadownload.com



မဟုတ်ပါဘူးလို့ ကိုယ်နေလာတဲ့ ပဋိသန္ဓေတိုက်ခန်းမှာ အင်မတန် ပင်ပန်းဆင်းရဲတဲ့ဒုက္ခတွေ ကိုယ်ကိုယ်တိုင် ပြန်မမြင်လို့ မကြောက်ကြဘူးလို့နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် မြတ်စွာဘုရား ကိုယ်တော်မြတ်က အေး - သတ္တဝါတွေ ဒင်းတို့ မျက်လုံးနဲ့ မမြင်တတ် မကြည့်တတ်ရင် ငါကိုယ်တော်မြတ် သိထားတဲ့ ဉာဏ်မျက်လုံးနဲ့ ငါတပ်ပေးမယ်ဆိုပြီးတော့ တပ်ပြလိုက်တယ်။

ဇာတိဆိုတဲ့ ပဋိသန္ဓေခန်းများ တို့နောက်က လေးပိုင်းခွဲပြထားတာ မှတ်မိသေးလားဟ၊ မလိမ်ဝံ့ဘူး၊ မလိမ်ဝံ့ဘူး၊ မှတ်ကလည်း မမှတ်မိဘူး။ မှတ်မိတယ် ပြောရမှာလည်း အခက်၊ မလိမ်ဝံ့ဘူး (မမှတ်မိဘူး) အေး-ကောင်းပါတယ် မမှတ်မိတာ၊ ဦးနှောက်ရှုပ်တယ်၊ သိပ်လည်း မှတ်မထားနဲ့နော်။ ရှင်းရှင်း ရှင်းရှင်းပစ်။ ဟောဒီ သင်တန်းက ပြီးပြီဆိုမှဖြင့် ဘဲလ်ဆွဲပြီးတော့ ဆင်းသွား။ ဟောဒီ အိမ်ပေါ်က ဆင်းသွားရင်း အကုန်ထားခဲ့ဟုတ်လား။ ငါ့ဟောတာ ဟာတွေ အကုန်ထားခဲ့။ မင်းယူမသွားနဲ့ ဦးနှောက်ရှုပ်တယ်။ လျှောင်လျှောင်ထားရတယ်နော်။ ဒီလောက်မိုက်တဲ့ကောင်ပါ။ ဇာတိဒုက္ခ အင်မတန် ကြောက်စရာကောင်း၊ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ကိုးလဆယ်လလုံးလုံး အကျဉ်းအကြပ်ခံနေရတဲ့ဒုက္ခတွေ ကိုယ်ခံလာတဲ့ဒုက္ခသာ ကိုယ့်ပဋိသန္ဓေခန်းသာ ကိုယ်ပြန်မြင်ကောင်းမယ်ဆိုရင် တစ်ယောက်မှ နောက်ထပ် ပဋိသန္ဓေနေချင်ပါတယ်လို့ ရှိမှာမဟုတ်ဘူး၊ ဒါအမှန်နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ ကိုယ်နေလာတဲ့ ပဋိသန္ဓေရဲ့ ပင်ပန်းဆင်းရဲပုံ ကိုယ်ပြန်မမြင်ကောင်းတော့ မကြောက်ကြဘူးလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် သတ္တဝါတွေ ကိုယ့်မျက်စိနဲ့ကိုယ် မမြင်တတ်လို့ရှိရင် မြတ်စွာဘုရားကိုယ်တော်မြတ်က သဗ္ဗညုတ ရွှေဉာဏ်တော်မျက်လုံးနဲ့ တပ်ပြီးတော့ ဒီလို ကြည့်ကြစမ်းလို့ ညွှန်ကြားသွားတဲ့ ဒုက္ခကြီး အင်မတန် ကြောက်စရာကောင်းတယ်။ ဇရာဒုက္ခတဲ့၊ ဒါတော့ သူသူငါငါ မြင်ကြပါ၏။ မြင်ရဲ့လားဟ (မြင်ပါတယ်ဆရာ)။ ဇရာနှိပ်စက်ထားတာလေ (မြင်ပါတယ်ဆရာ)၊ ဇရာနှိပ်စက်ထားတာ အင်မတန် ကြောက်စရာ ကောင်းတယ်လို့၊ နောက်ဆုံးကြတော့ သေရာညောင်စောင်း လျောင်းပြီး ပက်လက်လန်လို့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့် အဲဒါကြည့်၊ မျက်စိလည်း မကောင်းဘူး၊ နားလည်း မကောင်းဘူး၊ နှာခေါင်းလည်း မကောင်းဘူး၊ လျှာလည်း မကောင်းဘူး၊ ကိုယ်လည်း မကောင်းဘူး၊ စိတ်လည်း မကောင်းဘူး၊ တစ်ခုမှ မကောင်းဘူး။ အကုန်လုံး ထုရိုက် ကြွေမွ ဖျက်ဆီးထားလိုက်တာ ဘယ်သူဖျက်ဆီးတုံး (ဇရာကပါဆရာ)၊ အေး - ဇရာဖျက်ဆီး နော် (မှန်ပါတယ်ဆရာ)၊ မလှုပ်နိုင်ဘူး၊ လူရာလည်း မဝင်တော့ဘူးတဲ့၊ အသုံးလည်း မဝင်တော့ဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်နေရာမှ အသုံးမဝင်ဘူး။

http://www.dhammadownload.com



ဒါပေမယ့် တို့ နေ့ခင်းက ငါပြောမိသေးတယ်၊ သင်တန်းသားတစ်ယောက် ဆရာတော်ကြီးတွေနဲ့ ပတ်သက်လို့ အရှေ့တိုက် ဆရာတော်ကြီးက သက်တော်ဘယ်လောက်ရှိပြီ။ အလယ်တိုက်က ဘယ်လောက်ရှိပြီ၊ အနောက်တိုက်က ဘယ်လောက်ရှိပြီနဲ့ ဆရာတော်ဘုရားကြီးတွေ ယခုလို သက်တော်ဝါတော် သိက္ခာတော် အလွန့်အလွန်ကြီးတာတောင်ပဲ စာဝါပို့ချသေးတယ်လို့။ အရှေ့တိုက် ဆရာတော်ကြီးများ သွားကန်တော့စဉ်အခါတုန်းက ရှစ်ဆယ်ကျော်ပြီတဲ့။ နည်းနည်းလေး သတိက မေ့ချင်သလိုလေးရှိတယ် ပြောလိုက်တယ်၊ ငါဒီလို အသက်ကြီးပေမယ့် အချအပို့ အင်မတန်နည်းကြတဲ့ ကျမ်းကြီးကျမ်းဂန် အထက်တန်းဆိုတဲ့ကျမ်းကြီး သံယုတ်ကျမ်း ငါတစ်ဝါတော့ ချနေတယ်တဲ့။ သံယုတ်ချတာနော် (မှန်ပါတယ်ဆရာ)၊ ဆရာတော်လည်း အိုရှာပေါ့၊ ဩော်-ဒီအရွယ်တော်ကြီးထိအောင်ပဲ ပရိယတ္တိသာသနာတော်ကြီးကို ဆက်ပြီးတော့ ကြိုးစားအားထုတ် သင်ကြားပို့ချနေတယ် ဆိုပြီးတော့ အထူးလည်း ကြည်ညိုပါရဲ့။ အလယ်တိုက် တစ်ခါရောက်သွားလည်း အလည်တိုက်ဆရာတော်ကြီး ဖူးမျှော်တော့ သန်သန်မာမာနဲ့ ကျန်းကျန်းမာမာနဲ့ တွေ့ရလို့ ဝမ်းသာ၊ စာပေပရိယတ္တိပို့ ချရဲ့ပဲဟဲ့ ကျန်းမာတယ်နော်။ အရှေ့တိုက် ဆရာတော်ကြီးစာရင် တော်တော်လေး တောင့်သေးတယ်။ အလယ်တိုက်ဆရာတော်ကတော့ ခပ်ပြတ်ပြတ်ကိုးကွ နဂိုကတည်းကနော် (မှန်ပါတယ်ဆရာ)၊ ဒီအတိုင်း ဒီအတိုင်းပါပဲ ကျန်းမာပါတယ်။ အဲဒါ ဝမ်းပန်းတသာနဲ့ သာသနာရေးကိစ္စတွေဘာတွေ ပြောလို့, ဆိုလို့ အနောက်တိုက် ရောက်ပြန်တော့ အနောက်တိုက် ဆရာတော်ကို ဒီနှစ်ဖူးတွေ့ရတော့ မနှစ်ကထက် ပိုပြီးတော့ ဝဝဖြိုးဖြိုးနဲ့ ကျန်းကျန်းမာမာ တွေ့ရပြန်တယ်၊ ပရိယတ္တိသာသနာတော် ချပို့ သင်ကြား၊ ဒီတော့ ဆရာတော်ကြီးတွေအကြောင်း နေ့ခင်းက ပြောနေရင်း သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဖြစ်နဲ့ တစ်နေ့ထက်တစ်နေ့ အရွယ်တော် ကြီးမားခြင်းဟာ တစ်နေ့ထက်တစ်နေ့ တန်ဖိုးပိုရှိပါလားလို့ စိတ်ထဲ အောက်မေ့နော် (မှန်ပါတယ်ဆရာ)။

ကြည့်ကွယ် တို့ဆရာတော်ကြီးတွေ၊ အရှေ့တိုက်ဆရာတော်ကြီးများ ရှစ်ဆယ်ကျော်နေပေါ့၊ သက်တော်ဝါတော် ကြီးလာလေ တန်ဖိုးပိုမရှိဘူးလား (ရှိပါတယ်ဆရာ)၊ သက်တော်ဝါတော် ကြီးလာလေ သိက္ခာတော် မြင့်လာလေ, တန်ဖိုးရှိလေ၊ အသက်အရွယ်ကြီးလာလေ တန်ဖိုးရှိလေ မရှိဖူးလား (ရှိပါတယ်ဆရာ)၊ လူတွေကြတော့ အသက်အရွယ်ကြီးလေ ဘယ့်နှဲ့ဖြစ် (စောက်မြင်ကပ်ပါတယ်ဆရာ)၊ အေး-ဟုတ် မင်းပြောတာ မင်းပြောတာ၊ အပြန်ကြ အဖိုးကြီးတွေက ချောင်းရိုက်လိမ့်မယ် နင်တော့၊ ဘယ့်နှဲ့ သူ့ဘာသူအိုတာ မင်းစောက်မြင်ကပ်တာတုံးဟ။ မင်းဘယ့်နှဲ့လုပ်လို့တုံး "အသက်အရွယ်ကြီးလေ သုံးမဖြစ်သလေ" လို့ နော် (မှန်ပါတယ်ဆရာ)၊ တန်ဖိုးမရှိလေပေါ့ကွ နော် (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)။ ဘာဖြစ်လို့ နင်သိ (မသိပါဘူးဆရာ)၊ ဩော်-အဲဒါကြည့် ရမ်းအုပ်နေ၊ အဓိပ္ပါယ်ဘာမှ နားမလည်ဘူး။ အသက်အရွယ်ကြီးတော့ ဘာဖြစ်လာလဲလို့၊ အလုပ်အကိုင်လည်း မလုပ်နိုင်ဘူး မဟုတ်လား (မလုပ်နိုင်ပါဘူးဆရာ)၊ စီးပွားလည်း မရှာနိုင်ဘူး မဟုတ်လား (မရှာနိုင်ပါဘူးဆရာ)၊ လူငယ်လူရွယ်နဲ့ ပေါင်းသင်းဆက်ဆံရေးလည်း မမျှတော့ဘူး မဟုတ်လား (မမျှပါဘူးဆရာ)၊ သုံးစရာလည်း မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ထားပါတော့။ ဒီတိုင်း သုံးစရာမရှိရင်နေ၊ သားသမီးများက ကျွေး မွေးထား၊ သားသမီးများက ကျွေးမွေးထား၊ ငြိမ်ငြိမ်လေး စားနေတော့ တန်ဖိုးရှိလားဆိုတော့ မရှိဘူးတဲ့။ ဘာပြုလို့ မရှိလဲဆိုတော့ သူ့ကိုယ်က အသက်အရွယ်ကြီးလွန်းအားကြီးလာတော့ ဖောက်ပြန်လာတယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မဖောက်ပြန်ဖူးလား (ဖောက်ပြန်ပါတယ်ဆရာ)။

အသက်ကြီးတော့ လူများဘာဖြစ်တုံးဟ သူငယ်ပြန်တယ် (သူငယ်ပြန်လာပါတယ် ဆရာ)၊ အင်္ဂလိပ်လိုပြောမှ နားလည်တယ်၊ သူငယ်ပြန်တတ်တယ် မဟုတ်လား (ပြန်တတ်ပါတယ် ဆရာ)၊ အသက်ကြီးလွန်းအားကြီးလာရင် ဘာဖြစ်တယ် (သူငယ်ပြန်တတ်ပါတယ်ဆရာ)၊ အဲဒါကြည့် အဲဒါကြည့် နားလည်လား (နားလည်ပါတယ်ဆရာ)၊ တန်ဖိုးယုတ်မသွားဘူးလား (ယုတ်သွားပါတယ် ဆရာ)။ ဘယ့်နှယ့်ဖြစ်ပါလိမ့်မလဲလို့ ငါစဉ်းစား၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများကြတော့ အသက်ကြီးလာလေ တန်ဖိုးရှိလေ၊ အသက်ကြီးလာလေ တန်ဖိုးရှိလာလေ။ ပိုပို ပိုပိုပြီးတော့ တို့စိတ်ထဲတော့ မြတ်တယ် ထင်တယ် နော် (မှန်ပါတယ်ဆရာ)၊ သိက္ခာတော်ကြီး ဝါတော်ကြီး ပုဂ္ဂိုလ်ကြီးများကြတော့ တန်ဖိုးက တိုးတိုး တိုးတိုးလာတာလို့ သေတဲ့အချိန်ထိ။ လူကြတော့ အသက်အရွယ်ကြီးလေ ဖောက်ပြန်လာလေ၊ အသက်အရွယ်ကြီးလေ ဖောက်ပြန်လာလေ။ နောက်ဆုံးကြတော့ သူငယ်ပြန်ရော့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။ တန်းချင်းက အရှေ့နဲ့အနောက် ဖြစ်မနေဘူးလား (ကွာနေပါတယ် ဆရာ)၊ အေး-ကွာနေတယ်။ နေ့ခင်းက ငါပြောမိသေး၊ ဘာသဘောပါလိမ့် ငါစဉ်းစားတော့ လူက အသက်အရွယ်ကြီးလေ သူငယ်ပြန်လေပြန်မှာပေါ့။ ဆရာတော် သမားတော်တွေကြတော့ အသက်အရွယ်ကြီးလေ တန်ဖိုးတိုးလေ တိုးမှာပေါ့ အကြောင်းရှာ၊ ဟိုကတော့ တကယ့်သီလနဲ့ သိက္ခာနဲ့ သမာဓိနဲ့ ပရိယတ္တိ သာသနာတော်ကြီး ဂန္ထဓုရအနေအားဖြင့် နေ့ညမယုတ် ကြိုးစားအားထုတ် အမြတ်ဆုံးဆိုတဲ့ အလုပ်တွေနဲ့ အချိန်ကုန်တာကိုးကွ နော် (မှန်ပါတယ် ဆရာ)၊ သီလရော သိက္ခာရော သမာဓိရော စုံလို့ အမြတ်ဆုံးဆိုတဲ့ အလုပ်တွေနဲ့ အချိန်ကုန်နေတယ်။

http://www.dhammadownload.com



ဒါကြောင့် အရွယ်တော်ကြီးလေ တန်ဖိုးရှိလေ, အရွယ်တော်ကြီးလေ တန်ဖိုးရှိလေ။ လူသားကြတော့ ဘယ့်နဲ့ဖြစ်လဲဆိုတော့ အသက်အရွယ်ကြီးလာလေ သောကဗျာပါဒတွေ များလေ။ အသက်အရွယ်ကြီးလေ သောကတွေများလေ မများဖူးလား (များပါတယ်ဆရာ)၊ များမှာပေါ့၊ ခပ်ရွယ်ရွယ်တုန်းက သားနဲ့ သမီးနဲ့ ဒီလောက်ပဲ ရှိတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ငါးဆယ်ကျော်ခြောက်ဆယ်ရောက်တော့ မြေးတွေ တိုးမလာဘူးလား (တိုးလာပါတယ်ဆရာ)၊ သားသမီးတာဝန်ထက် မြေးတာဝန်တိုးလာပြီ။ ခုနစ်ဆယ်လောက်ရှိလာရင် ခြောက်ဆယ်ကျော် ခုနစ်ဆယ်လောက်ရှိတော့ မြစ်ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)။ သားသမီးတာဝန်ကော, မြေးတာဝန်ကော, မြစ်တာဝန်ကော ပိုမလာဘူးလား (ပိုလာပါတယ်ဆရာ)၊ အေး - အသက်ရှည်လေ သံယောဇဉ်တွေက များလာလေ၊ သူ့မှာ ဒီသံယောဇဉ်တွေအတွက် သောကများလေ မများဖူးလား (များပါတယ်ဆရာ)၊ သောကများသောသူသည်တဲ့ အသက်အရွယ်ကြီးရင် သူငယ်ပြန်တတ်သည်တဲ့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့်လည်း လူသားက လူ့တန်းကသွားရင် အသက်ကြီးလာလေ ပိုဆိုးလေ၊ တန်ဖိုးယုတ်လာလေ၊ တန်ဖိုးယုတ်သွားတယ်။ မယုတ်ဖူးလား (ယုတ်ပါတယ်ဆရာ)၊ သူငယ်ပြန်တတ်တယ်တဲ့ မဟုတ်တဲ့ သောက ဗျာပါဒတွေ များများလာ ဒါတွေနဲ့ အချိန်ကုန်တယ်တဲ့၊ ဆရာတော် သမားတော်နဲ့တူသေးလား (မတူပါဘူးဆရာ)၊ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် အသက်ရှည်ရှည်နဲ့ နေရပါလို၏လို့ ဆုတောင်းတဲ့ အဖိုးကြီးတွေ အမယ်ကြီးတွေ ကြပ်ကြပ်သတိထား။ ရှည်ချင်လည်း ရှည်မှာပေါ့၊ ရှည်တာကတော့ ကံပါလာရင် ရှည်မယ်ဆိုတာ မှတ်ထား။ ရှည်ခဲ့သော် တို့ဘယ်လိုနေပါ့မလဲလို့ ခုကတည်းကတွေးထား။ တို့ ခုကတည်းက စပြီးတော့ သီလသီတင်းဆောက်တည်လို့၊ တကယ့်သူတော်ကောင်းတရား ကြားနာလို့ ကုသိုလ်ကမ္မပထတရားနဲ့ မွေ့လျော်ရရင်ဖြင့် တို့ ရှည်သမျှ အသက်တွေ တို့တန်ဖိုးထွက်မှာပဲလို့ တွက်ထားနော် (မှန်ပါတယ်ဆရာ)၊ အဲလိုမဟုတ်ဘဲနဲ့ ခုကတည်းက သောကောရောကော အုတ်ရောရော ကျောက်ရောရောနဲ့ ရှုပ်ရှုပ်ပွေပွေနဲ့ သားတွေ သမီးတွေ မြေးတွေ မြစ်တွေ ကိစ္စအဝဝတွေနဲ့ ကြောင့်ကြတာတွေ ခုကတည်းက ဖယ်ရှားထား၊ ဒါတွေ မဖယ်ရှားရင် သူငယ်ပြန်မှာပဲ နော် (မှန်ပါတယ် ဆရာ)၊ ဘာဖြစ်မယ် (သူငယ်ပြန်မှာပါဆရာ)၊ အေး-မင်းပြောတာ ငါပြောတာ မဟုတ်ဘူး။ ကြောက် စရာကောင်းလိုက်တာ နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါကြောင့် ဇရာနှိပ်စက်တဲ့အခန်းများ ဇရာနှိပ်စက်ခြင်းကြောင့် လုံးလုံးကြီးသေရာညောင်စောင်း လျောင်းစက်နေတဲ့ နောက်ပိုင်းရောက်တော့ သေရော့တဲ့နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သေခြင်း ဆိုတဲ့ သဘောတရားလေးက ပရိယာယ်နဲ့ပြထားတာ "ခန္ဓာနံ ဘေဒေါ" ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ဘေဒေါ၊ ဖျက်ဆီးခြင်း။ အဲဒါ စတုဝေါကာရ-ရုပ်ခန္ဓာမရှိသော နာမ်ခန္ဓာ လေးပါးဘုံရှိတဲ့အတွက်၊ 'ကဠေဝရဿ နိက္ခေပေါ' ဆိုတာက သူကောင်ပစ်ချခြင်းသည် သေတာခေါ်တာပဲလို့။ ဒါကတော့ ဧကဝေါကာရနဲ့ စတုဝေါကာရဘုံအတွက် သူကောင်ထင်ရှားရှိတဲ့ ဘုံတွေကိုးကွ နော် (မှန်ပါတယ် ဆရာ)၊ အဲဒါ မရဏ၊ ဒါဖြင့် မရဏတရားကိုယ်လေး ကောက်ပြစမ်းပါအုံး။ မုချဆတ်ဆတ် တရားကိုယ် လေးပြစမ်းပါဆိုတော့ ခန္ဓာငါးပါးတို့၏ ဘင်္ဂက္ခဏသည် မရဏ၊ ဘာခေါ်တယ် (ခန္ဓာငါးပါးတို့၏ ဘင်္ဂက္ခဏသည် မရဏပါဆရာ)။ ခန္ဓာငါးပါးတို့၏ ဘင်္ဂက္ခဏဆိုတာ ဘာခေါ်တုံး (ပျက်ခြင်းပါ ဆရာ)၊ ဘင်ခဏ ဘင်ခဏ နော် (ချုပ်ခြင်းပါဆရာ)၊ ဘင်ခဏလေး (မှန်ပါတယ်ဆရာ)၊ မင်း ချင်ချုပ် ပျက်ချင် ဘင်ခဏ၊ ဘာခေါ်လဲ (ဘင်ခဏပါဆရာ)။ ဘင်ခဏ။

ခဏက ဘယ်နှစ်မျိုးရှိတယ် (သုံးမျိုးပါ ဆရာ)။ ဘယ်သူတွေတုံး (ခဏိကမရဏရယ်) ဟောဟော ခဏက ဘယ်နှစ်မျိုးရှိသလဲလို့ မေးနေတာ၊ ဟော - ခဏ ဘယ်နှစ်မျိုးရှိမှန်းတောင် မသိဘူး။ ဥပါဒ်ခဏ (ဥပါဒ်ခဏ) ပြီးတော့ (ဌီခဏ, ဘင်ခဏ) နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ ဒါဖြင့် ဘယ် ခဏက မရဏတုံးဟ (ဘင်ခဏ, ကပါဆရာ)၊ အေး-မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘယ်ခဏက မရဏတုံး (ဘင်ခဏပါဆရာ)။ ဥပါဒ်ခဏ မရဏခေါ်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ဌီခဏကော မရဏခေါ်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ဘယ်ခဏတုံး (ဘင်ခဏပါဆရာ)၊ ခန္ဓာငါးပါးတို့၏ ဘင်ခဏလေးသည် မရဏ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာခေါ်လဲ (ခန္ဓာငါးပါးတို့ ဘင်ခဏပါဆရာ)၊ ဘယ်လိုကောင်မှန် ငါမသိဘူး၊ မြန်မာစကားကို မပြောတတ်ဘဲကိုးကွ နော် ခန္ဓာငါးပါးတို့၏ ဘင်ခဏလေးသည် မရဏ (ခန္ဓာငါးပါတို့သည် ဘင်ခဏ) ဩော် - ခန္ဓာငါးပါးတို့ သည်တဲ့ လျှောက်သွားကြရော့လား၊ ခန္ဓာငါးပါးတို့၏ ဘင်ခဏသည် မရဏ (ခန္ဓာငါးပါးတို့၏ ဘင်ခဏသည် မရဏ) အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ တရားကိုယ် သီးခြား မရှိဘူးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးတို့၏ ဘင်ခဏလေးသည် မရဏ၊ ဇရာဆိုတာလည်း ခန္ဓာငါးပါးတို့၏ ရင့်ကျက်ခြင်း မဟုတ်လား (ရင့်ကျက်မှုပါဆရာ)။ "ဣန္ဒြိယာနံ ပရိပါကော" (ဇရာ) လို့ ဒီနေရာမှာ ဇာတိရယ် ဇရာရယ် မရဏရယ် သုတ်အဋ္ဌကထာပြသွားတော့ "ခန္ဓာနံ ဘေဒေါ"တဲ့။ အဲ "အာယုနော သံဟာနိ၊ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဇိက္ခဝေ ဇရာ"တဲ့။ ခန္ဓာနံ ဘေဒေါ၊

http://www.dhammadownload.com



ကင္ဆေဝရဿ နိက္ခေပေါ၊ ဇိဝိတိန္ဒြိယဿုပစ္ဆေဒေါ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ မရဏံ"လို့ သုံးချက်ပြသွားတယ်။ ဒီနေရာလေး မှတ်စရာလေး။ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ပါတုဘာဝေါ၊ ထင်ရှားဖြစ်ခြင်းသည်။ (နိဗ္ဗတ္တိ၊ ဖြစ်ဆဲဆိုတဲ့ ဥပါဒ်ခဏကလေးသည်)၊ ဇာတိ၊ ဇာတိမည်၏။ သေချာမှတ်ထားစမ်းပါ။ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ပရိပါကော၊ ရင့်ကျက်သော ဌီခဏလေးသည်။ ဇရာ၊ ဇရာမည်၏။ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ဘေဒေါ၊ ပျက်စီးခြင်းဆိုတဲ့ ဘင်ခဏလေးသည်။ မရဏံ၊ မရဏ မည်၏။

ဟော သုတ်အဋ္ဌကထာဆရာက ပြသွားတော့ ဥပါဒ်ရယ် ဌီရယ် ဘင်ရယ်တဲ့ သုံးချက်။ဥပါဒ်က ခန္ဓာငါးပါးတို့၏ ဇာတိခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ ဌီက ခန္ဓာငါးပါးတို့၏ ဇရာတဲ့။ ဘင်က ခန္ဓာငါးပါးတို့၏ မရဏတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးတို့၏ ဥပါဒ်ခဏလေးက ဘာခေါ်တယ် (ဇာတိပါဆရာ)၊ ခန္ဓာငါးပါးတို့၏ ဌီခဏလေးကကော (ဇရာပါဆရာ)။ ခန္ဓာငါးပါးတို့၏ ဘင်ခဏကော (မရဏပါဆရာ)၊ အေး-မရဏ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒါ တစ်နည်းအားဖြင့် မှတ်ဖို့။ ဒါကတော့ ပိုစိတ်သွားတာပေါ့နော် (မှန်ပါတယ်ဆရာ)။ ဒါပေမယ့် ဒီပဋိစ္စသမုပ္ပါဒ်အရာမှာ အခုလို ပရမတ်သေ ခဏတ်သေဆိုတဲ့ ဥပါဒ် ဌီ ဘင်ဆိုတဲ့ ခဏငယ်သုံးချက်ကို ရည်ရွယ်ပြီး ဟောထားတာမဟုတ်ပါဘူးတဲ့။ သမ္မုတိမရဏ ရည်ရွယ်ဟောတာပါတဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သမ္မုတိမရဏဆိုတာ ဘာခေါ်တုံး (ခန္ဓာငါးပါးတို့၏ ချုပ်ခြင်းပါဆရာ)၊ ဟော လုပ်ကုန်ပေ့ါဟ၊ သေခြင်း ဘယ်နှစ်မျိုးရှိ (သုံးမျိုးပါဆရာ)၊ ဘယ်သူ ဘယ်သူတုံး (ခဏိကမရဏရယ်, သမ္မုတိမရဏရယ်, သမုစ္ဆေဒမရဏရယ်)၊ အဲ-ဟုတ်ပြီ၊ ခဏိကမရဏ ဆိုတာ ဘာခေါ်တုံ (ခဏငယ်သုံးချက်နဲ့ သေနေတာပါဆရာ)၊ ဘယ်သူတွေ သေတာတုံး (ရုပ်သေ နာမ်သေပါဆရာ)၊ အေး-ဟုတ်ပြီ၊ သမ္မုတိမရဏဆိုတာ ဘာခေါ်တုံ (လူသေတာပါဆရာ)၊ လူသေတာ နတ်သေတာ ပြဟ္မာသေတာ ခွေးသေတာ ဝက်သေတာ အကုန်ပေ့ါကွာ နော် (မှန်ပါတယ်ဆရာ)၊ သမုစ္ဆေဒမရဏဆိုတာ ဘာခေါ်တုံး (ဘုရားရဟန္တာပါဆရာ)၊ ဘုရားရဟန္တာ၊ နောက်ဆုံးစုတိတော်စိတ်ပေ့ါ နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ခု ပဋိစ္စသမုပ္ပါဒ်အရာမှာ မရဏသုံးမျိုးရှိတဲ့အနက်က ဘယ်မရဏကို ဟောနေတာတုံး (သမ္မုတိမရဏပါဆရာ)။ သမ္မုတိမရဏဖြင့် ဘာသေတာတုံး၊ (လူသေ၊ နတ်သေ၊ ခွေးသေ၊ ဝက်သေပါဆရာ)၊ ဩော်-ဒါဟောတာလား (မှန်ပါတယ်ဆရာ)၊ အေး-မှတ်ထား မှတ်ထား နော် (မှန်ပါတယ်ဆရာ)၊ မေ့မပစ်နဲ့ မေ့မပစ်နဲ့၊ သေခြင်းက သုံးမျိုးသုံးစားရှိတဲ့အနက်က ဒီပဋိစ္စသမုပ္ပါဒ်ရဲ့ မရဏဟာ သမ္မုတိမရဏကို ရည်ရွယ်ချက်နဲ့ ဟောတာလို့ နော် (မှန်ပါတယ်ဆရာ)။ ဒါသောကြာ ဇာတိလို့ရလာရင်

http://www.dhammadownload.com



ဇရာဆိုတဲ့တရားသည် ရှောင်လွှဲလို့ မရပါလား နော် (မှန်ပါတယ်ဆရာ)၊ ဇရာဆိုတဲ့ တရားကြီးရဲ့ နောက်ဆုံးကျရင် မရဏနဲ့ လုံးလုံးတွေ့ခြင်းကြောင့် မရဏဆိုတဲ့ သေခြင်းတရားကြီးသည် ရှောင်လွှဲလို့ မရပါလား ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အခုရှိတဲ့လူတွေ ဇာတိပထမရခဲ့တယ်။ မရဖူးလား (ရပါတယ်ဆရာ)၊ အခု ဘာတွေဖြစ်နေတုံး၊ (ဇရာတွေ ဖြစ်နေပါတယ်ဆရာ)၊ ဇရာတွေ ဖြစ်နေကြတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေခဏ နောက်ပိုင်းက, စ တစ်စတစ်စ၊ တစ်နာရီထက် တစ်နာရီ၊ တစ်ရက်ထက် တစ်ရက်၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက် တစ်နှစ် အိုမင်းမစွမ်း ရင့်ရော်ပြီး လာလိုက်တာ, ပင်ပန်းလာတာ မသိကြဘူး၊ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊

အဲဒီလို လာနေတော့ ဇရာနှိပ်စက်မှုခံနေကြရပြီတဲ့။ ဘယ်ဆွေ ဘယ်မျိုးမှလည်းပဲ ကယ်ပါ, ယူပါလို့ အော်လို့, ဟစ်လို့ မကြားဘူးတဲ့။ နောက်ဘဝက မင်းဆွေမျိုးတို့ရဲ့အလယ်မှာ တကယ်အားကိုးလောက်တဲ့အနေအားဖြင့် မင်းနေလာတာ အခု မင်း ဒီဇရာနှိပ်စက်နေတော့ နှစ်နံပါတ်သူသတ်ယောက်ျားကြီး နှိပ်စက်ခြင်းခံနေရတော့ ပြန်ခေါ်လို့ ရသေးလား (မရပါဘူးဆရာ)၊ ပြန်ခေါ်လို့ ကြားအုံးမလား (မကြားပါဘူးဆရာ)၊ ကြားတောင် မင်းမယုံဘူးနော် (မှန်ပါတယ်ဆရာ)၊ မင်းကလည်း အာရုံမစိုက်ဘူး။ မင်းနဲ့လည်း မဆိုင်ဘူး၊ လိုက်လည်း မလိုက်နိုင်ဘူး၊ ဟိုဘက်က နေပြီးတော့ အခုတော့ ဇရာနှိပ်စက်ခြင်း နှစ်နံပါတ်သူသတ်ယောက်ျား နှိပ်စက်ခြင်းခံနေရပြီ။ ကိုင်း-နောက်ဆုံးကျတော့ ဇရာဆုံးပြီတဲ့။ တို့လူစုတွေ သက်ကျော်ရာကျော် ရှည်ပါစေ၊ အသက်တစ်ရာပြည့်တော့ ဘယ်နှယ့်ဖြစ် (သေမှာပါဆရာ)၊ သေရော့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တတိယသုံးနံပါတ်သူသတ်ယောက်ျား ရန်သူလက်ချက်နဲ့ တွေ့ရော့ နော် (မှန်ပါတယ်ဆရာ)၊ သေမှာပဲလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

## သေခြင်းတရား ဘယ်သူမှ မလွတ်

တောင်ပေါ်က ကိုယ်တော်လေး တရားဟောသလို သေမှာစိုးလို့ ထမင်းစား၊ ထမင်းစားလည်း သေမှာပဲ။ သေမှာစိုးလို့ ဆရာခေါ်၊ ဆရာခေါ်လည်း သေမှာပဲ၊ အသေကို မလွတ်ဘူး။ သူလျှောက်ဟောတဲ့တရား နော် (မှန်ပါတယ်ဆရာ)။ သေမှာပဲတဲ့၊ သေမှာစိုးလို့ ပုန်းနေ၊ ပုန်းနေလဲ သေမှာပဲ၊ သေမှာစိုးလို့ ရှောင်နေ၊ ရှောင်နေလည်း သေမှာပဲ။ သေမှာစိုးလို့ ဆေးကု၊ ဆေးကုလည်း သေမှာပဲတဲ့။ နောက်ဆုံးတော့ သေမယ်မဟုတ်လားဟ (သေမှာပါဆရာ)၊ ဘာတွေလုပ်နေနေ သေမှာပဲ။ အဲဒီ သေခြင်းသဘောတရား မနေ့ညက ပြောထားလို့၊ မရဏာနုဿတိကမ္မဋ္ဌာန်းကလေး စီးဖြန်းကြပါလို့၊

http://www.dhammadownload.com



အင်မတန်မှအေးငြိမ်းတဲ့ သတ္တိလေးရှိတယ်၊ ဒီတရားလေး မကြာမကြာ ဝင်စားပြီလားဆိုမှဖြင့် တစ်ဘက်သားအပေါ် မလိုမုန်းထားတဲ့ အာဃာတစိတ်တွေလည်း ပျောက်တယ်။ ဒေါသ မာန်မာန တရားတွေလည်း ငြိမ်းတယ်။ ရာဂခပ်သိမ်းလဲ ယုတ်သင့်သလောက် ယုတ်တယ်လို့။ နေလို့ ထိုင်လို့ အလွန်ကောင်းတယ် နော် (မှန်ပါတယ်ဆရာ)၊ အစွယ်ကျိုးပြီးသားမြွေ ခြေသုတ်ကြိုးခွေကဲ့သို့ ကိုယ့်ကိုယ်ကိုယ်နေတတ် ထိုင်တတ်ရှိတယ်။ တစ်နေ့တော့ ငါသေရတော့မှာပဲ၊ ညအိပ်ရာဝင် ပက်လက်လှန်၊ အိပ်တော့မယ်လို့ ပက်လက်လှန်လိုက်၊ ဘယ်နဲ့စဉ်းစား (သေမှာပါပဲလို့ စဉ်းစားပါတယ်ဆရာ)၊ သေမှာပါပဲ၊ စဉ်းစားပုံ စဉ်းစားနည်း စုံစုံလင်လင်ထည့်စဉ်းစား သေမှာပါပဲ၊ ဘယ်သူသေမှာ ပြောနေတာတုံး (ကျွန်တော်သေမှာ ပြောတာပါဆရာ)၊ အဲသလို လုပ်စမ်းပါ၊ ပက်လက်လှန်အိပ်မယ်လို့ ပြင်လိုက်တဲ့အချိန်မှာ နောက်ဆုံးလေး တစ်နေ့ကြတော့ ငါသေရအုံးတော့မှာပါပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တစ်နေ့ကြ ငါသေအုံးမှာပဲ၊ သေရတော့မှာပဲ၊ သေခြင်းသဘောတရားသည် ရှောင်လွဲလို့ မရပါလား နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါပေမယ့် ဝတ်ကျေတမ်းကျေ ပါးစပ်က ဆိုရုံလေးနဲ့ ပြီးတာမဟုတ်ဘူး။ စိတ်ထဲကလည်း ထင်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ တစ်နေ့တော့ ငါသေတော့မှာပဲ၊ တစ်နေ့တော့ သေရအုံးမှာပဲ၊ သေခြင်းသဘောတရားသည် ရှောင်လွှဲလို့ မရပါလား။

"ဓုဝံ မေ မရဏံ၊ ဓုဝံ မေ နိစ္စံ"၊ မေ၊ ငါ၏။ မရဏံ၊ သေခြင်းသဘောတရားသည်။ ဓုဝံ၊ မြဲ၏။ မေ၊ ငါ၏။ မရဏံ၊ သေခြင်းသဘောတရားသည်။ နိစ္စံ၊ မြဲလှ၏ နော် (မှန်ပါတယ်ဆရာ)၊ သေခြင်းသဘောတရား ငါ့ရှောင်လွှဲလို့ မရဘူး။ သေတော့မှာပဲ, သေတော့မှာပဲ, မုချသေရတော့မှာပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ သေမဲ့ဘေးကို မရဏာနုဿတိ အနေအားဖြင့် မြင်နေပြီဆိုမှဖြင့် ရာဂလည်း ငြိမ်းတယ်တဲ့။ ဒေါသ မာန်မာနတရားတွေလည်း ကျတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ နေလို့ ထိုင်လို့ ကောင်းတယ်လို့ ခေါ်တယ်။ ဒါမရဏာနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းပြီးသားဖြစ်ကရော့။ သေရမှာ အမှန်ပဲ၊ ဘာပြုလို့ ဇာတိက ရလာကြပြီလို့၊ ဇာတိရလာတော့ အခုဇရာဆိုတဲ့ နှိပ်စပ်ခြင်းခံနေတယ်၊ နောက်ဆုံးကျ မရဏသတ်တော့မှပဲ, သေတော့မှာပဲလို့တွက်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် "ဇာတိပစ္စယာ ဇရာမရဏံ" ဆိုတဲ့ နေရာလေးမှာ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏ ဆိုတော့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ် အဝိဇ္ဇာကစပြီးတော့ ဇရာမရဏကျတော့ ဆုံးရော့ မဆုံးဖူးလား (ဆုံးပါတယ်ဆရာ)၊ ဇရာမရဏတင် ဆုံးနေတယ်ဆိုတော့ ဒီဆယ့်နှစ်ရပ်မှာ ဇရာမရဏ နောက်ဆုံးသတ်ထားတယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် အပြတ်ကြီး ဖြစ်မနေဘူးလား · (ဖြစ်နေပါတယ်ဆရာ)။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် ဆက်စပ်ပြီးလည်တဲ့, အဆက်မပြတ်လည်တယ်ဆိုတဲ့စကား ဟုတ်နိုင်ပါ့ အုံးမလားဟ (မဟုတ်နိုင်ပါဘူးဆရာ)၊ အပြတ်ကြီး ဖြစ်နေတာပေါ့ (မှန်ပါတယ်ဆရာ)။

ကိုင်း-ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် အပြတ်မဖြစ်အောင် တစ်စပ်တည်း စပ်သွားအောင် ဘယ်လို စပ်မတုံး (မစပ်တတ်ဘူးဆရာ) ဟော လုံးလုံးကို မသိတော့ဘူး။ ဟင်း မင်းငါပေးထားတဲ့ စာရွက်များ ရှိသေးလား (ရှိပါတယ်ဆရာ)၊ ရှိရင်ပြန်ကြည့်စမ်း၊ နက်ဖြန်ခါ ပြန်ကြည့်ရမယ်နော် (ကြည့်ပါတယ်ဆရာ)၊ ဘယ့်နှဲ့ လုပ်ဆက်မလဲ၊ ဇရာမရဏတင် ရပ်ထားရင် ပဋိစ္စသမုပ္ပါဒ်ကြီးသည် အပြတ်ကြီးဖြစ်၍နေ၏။ အဝိဇ္ဇာနဲ့ ကွင်းဆက်သွားမယ် မဟုတ်လား (ကွင်းဆက်သွားမှာပါဆရာ)။ ဆက်ပြစမ်းပါ ဒီနေ့ရာလေး (သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ပါဆရာ)၊ ပြီးတော့ကော (အဝိဇ္ဇာပါဆရာ)၊ ဟော ကြားတစ်လုံး ပျောက်သွားပြန်ပြီ မရှိပြန်ဘူး။ အာသဝ မဟုတ်ဘူးလား (အာသဝပါဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ "ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ" နားလည်လား (နားလည်ပါတယ်ဆရာ)၊ "ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသပစ္စယာ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ" နားလည်လား (နားလည်ပါတယ်ဆရာ)။ လှည့်စမ်း၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာ၊ အာသဝါ) မင်းက "ပစ္စယာ" မထည့်ဘဲနဲ့ အာသဝ ချသွားတယ်လားဟ ပြန်ဆိုပါလား ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုဥပါယာသပစ္စယာ (ဇာတိ) ဘယ့်နှဲ့ ဇာတိတုံး (ဇရာ မရဏ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသပစ္စယာ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ) ပြန်ဆို (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဇရာမရဏသောကပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသပစ္စယာ အာသဝါ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ) လှည့်လှည့် လှည့်လှည့် (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝ ဒုက္ခ

http://www.dhammadownload.com



ဒေါမနဿုပါယာ) ဥပါယာသ တင်ထားပါအုံး (ဥပါယာသာ) ဒီမှာ ဇာတိပစ္စယာ အကျိုးတရားတွေ ဘယ်သူတွက်လာတာတုံး ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသပစ္စယာ ဘာတုံး (အာသဝါ) အာသဝပစ္စယာ (အဝိဇ္ဇာ) ထပ်လှည့် (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝ ဒုက္ခဒေါမနဿုပါယ) ဥပါယာသာ (ဥပါယာသာ) ပြီးတော့ ဇရာ မရဏ (ဇရာမရဏ သောက ပရိဒေဝဒုက္ခ ဒေါမနဿုပါယာသ) ပစ္စယာ (ပစ္စယာ)၊ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ။ ထပ်လှည့် (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဇာတိ) ဟော (ဘဝ) ဘဝေါ ဘဝေါ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ (ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသပစ္စယာ အာသဝ) ဟင်း ဥပါယာသပစ္စယာ အာသဝါ ပါလို့ ဆို (ဥပါယာသ-ပစ္စယာ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ) လှည့်ပါ - အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏ) ဝိညာဏံ၊ (ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသပစ္စယာ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ။

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၊ စက်ရဟတ်လို ဆက်စပ်ပြီး လည်မှ ဒါမှ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ဖြစ်တယ်။ အဝိဇ္ဇာ,က စ၊ ဇရာမရဏဆုံး ဒီလိုဆိုတော့ ပဋိစ္စသမုပ္ပါဒ် အပြတ်ဖြစ်နေ နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ, က စ ဇရာမရဏ ဆုံးတယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ပြတ်နေ၊ ဒီလိုဖြင့် နောက်ထပ် မလည်ဘူးဆိုတဲ့ အဓိပ္ပါယ်ရောက်နေ။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို အဆက်မပြတ် လည်ပုံ လည်နည်း ပထမပြစဉ်လည်း တော်တော်လေးပြလာခဲ့။ တစ်လုံးချင်းကောက်သွားမယ်ဆိုတော့ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ၊ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် ဒီလိုဆိုတော့

http://www.dhammadownload.com



ဆက်မသွားဘူးလား (ဆက်သွားပါတယ်ဆရာ)၊ သူ့အကြောင်းနဲ့ သူ့အကျိုး ဆက်စပ်သွားလို့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသပစ္စယာ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ"လို့ ဒီလိုဆိုတော့ ဆက်မသွားဘူးလား (ဆက်သွားပါတယ်ဆရာ)၊ အဲဒီလို လည်ရမယ်၊ ဒီလိုလည်မှ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီး ဖြစ်သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဝေထားတဲ့ စာရွက်လည်း ပြန်ပြီးတော့ လှန့်ဆော်ပေးအုံး, ပြန်လဲကြည့်အုံး။ ဒီတော့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို အဆက်မပြတ် လည်ပုံလည်နည်း၊ အဲဒီလည်ပုံ လည်နည်းလေး သေချာ မှတ်ထား။

ဒါကြောင့် မနေ့ညက ပြသွားတာ ဇာတိ ပစ္စယာ ဇရာ မရဏ၊ ဇာတိကြောင့် ဇရာဖြစ်တယ်။ မရဏ ဖြစ်တယ်၊ ဇရာနဲ့ မရဏတရား နှစ်ပါးကို တစ်ပါးထဲ ကောက်ထား။ အင်္ဂါဆယ့်နှစ်ပါး တစ်ပါးတည်း ယူရတယ်။ ဇရာနဲ့ မရဏသည် အင်္ဂါတစ်ပါး။ ဒါကြောင့် အဝိဇ္ဇာကစ လက်ချိုးရေကြည့် ဇရာ မရဏကျတော့ ဆယ့်နှစ်ခုရှိလိမ့်မယ်။ အင်္ဂါဆယ့်နှစ်ရပ် နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုဖြင့် ပဋိစ္စသမုပ္ပါဒ်ကြီး အပြတ်ကြီးဖြစ်နေပါ့ပဲ၊ အဝိဇ္ဇာ,ကစ ဇရာမရဏဆုံးနေပါပဲလို့ဆိုရင် မဆုံးဘူး၊ အင်္ဂါအနေအားဖြင့်သာ ဆယ့်နှစ်ပါးလို့ ဟောထားတာ။ သံသရာစက်ကြီးကို လည်တော့ ဇရာ မရဏ နောက်နားက "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ"ဆိုတဲ့ တရားငါးပါး ပေါ်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီတရားငါးပါးလည်း အင်္ဂါဆယ့်နှစ်ပါးထဲ ထည့်မဟောတာတဲ့။ အမှန်ကတော့ ဇာတိရှိလို့ ဖြစ်တဲ့တရားငါးပါး ခေါ်တယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဇာတိရှိတဲ့ပုဂ္ဂိုလ်များမှာ ဇရာ မရဏလည်း ဖြစ်တာပဲတဲ့။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသလည်း ဖြစ်တာပဲတဲ့၊ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ ဒါပေမယ့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတာ ဖြစ်ရိုးမှန်ရဲ့သားနဲ့၊ ဇာတိကြောင့် ဖြစ်ရိုးမှန်ရဲ့သားနဲ့ ဇရာမရဏတို့လို အင်္ဂါဆယ့်နှစ်ပါးထဲ ဘာကြောင့် ထည့်သွင်းပြီး မဟောသလဲလို့ မမေးသင့်ဘူးလား (မေးသင့်ပါတယ်ဆရာ)၊ မေးသင့်တော့ ဘယ့်နဲ့ဖြေပါ့ (မဖြေတတ်ဘူး) ဟော ဘာမှ နားမလည်ဘူး။ ဘာမှ လည်း မှတ်မှတ်သားသား မရှိဘူး။ နင်တော့ ဒုက္ခပဲ၊ အစပထမလည်ပုံ လည်နည်းလေး ငါပြစဉ်အခါ ပြောလာခဲ့တဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါးက ဇာတိရသော ပုဂ္ဂိုလ်တိုင်း တထစ်ကျ ဖြစ်ရမယ်လို့ မယူရဘူးတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဇရာ

http://www.dhammadownload.com



မရဏဆိုတဲ့တရားကတော့ ဇာတိဖြစ်ရင် ဘယ့်နဲ့ပြောမလဲ (ဖြစ်မှာပါပဲဆရာ)၊ တထစ်ချ ဖြစ်မယ်လား (ဖြစ်မှာပါဆရာ)၊ ဒါတွေတော့ မုချအကျိုး မဟုတ်လား (မုချအကျိုးပါဆရာ)၊ မုချ အကျိုးတရားမို့လို့ ဇရာ မရဏတရားကတော့ အင်္ဂါဆယ့်နှစ်ပါးထဲ သွင်းဟောထားတယ်တဲ့။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးကတော့ ဇာတိရလာတဲ့ ပုဂ္ဂိုလ်တိုင်း ဖြစ်ကောင်းတယ်လို့ မယူရဘူးတဲ့။ ဖြစ်နိုင်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်၊ မဖြစ်နိုင်တဲ့ပုဂ္ဂိုလ် မဖြစ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ မဖြစ်တဲ့ပုဂ္ဂိုလ် မဖြစ်ဘူး။ ဖြစ်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်ဆိုတော့ သူက ဒါဖြင့် ဇာတိရဲ့ မုချအကျိုး မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)၊ ဖြစ်ချင်တဲ့အခါ ဖြစ်တာပေါ့ (မှန်ပါတယ် ဆရာ)၊ မဖြစ်ချင် မဖြစ်ဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ ဒါ သူက မသေချာဘူးပေါ့ (မသေချာပါဘူးဆရာ)၊ အဲသလို မုချအကျိုးအနေအားဖြင့် မသေချာလို့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးတော့ ဖယ်ထားတယ်။ ဒါပေမယ့် ဒီသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးရဲ့ အဓိပ္ပါယ်လေး အရင်နားလည်အောင် ကြည့်အုံး။ သောက-စိုးရိမ်မကင်း ကြောင့် ကြခြင်းရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ သောကဆိုတာ စိုးရိမ်ပူဆွေးတယ်တဲ့။ ပရိဒေဝ-ငိုကြွေးခြင်း နော် (မှန်ပါတယ်ဆရာ)၊ ဒုက္ခ-ကိုယ်မှာဖြစ်တဲ့ ဆင်းရဲခြင်း။ ဒေါမနဿ-စိတ်မှာဖြစ်တဲ့ ဆင်းရဲခြင်း။ ဥပါယာသ - ဒေါသသဘောလေးက နော် (မှန်ပါတယ်ဆရာ)၊ သောက - စိုးရိမ်မကင်းကြောင့်ကြ ခြင်း။ ပရိဒေဝ-ပူဆွေးငိုကြွေးခြင်း။ ဒုက္ခ-ကိုယ်၌ဖြစ်တဲ့ ဆင်းရဲပင်ပန်းခြင်း။ ဒေါမနဿ-စိတ်၌ဖြစ်တဲ့ ဆင်းရဲ ပင်ပန်းခြင်း။ ဥပါယာသ-အူသည်းဖိုလှိုက် တုန်ခိုက်ရှိုက်ငင် ပင်ပန်းခြင်း၊ ပင်ပန်းဆင်းရဲခြင်း နော် (မှန်ပါတယ်ဆရာ)၊ သဘောလေးတွေက ဒါလေးတွေ ကြည့်။

အဲဒီ တရားငါးပါးဟာတဲ့၊ သုံးဆယ့်တစ်ဘုံ ကျင်လည်နေရတဲ့ ဇာတိရလာတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ဖြစ်တဲ့ပုဂ္ဂိုလ်မှ ဖြစ်တယ်၊ မဖြစ်တဲ့ပုဂ္ဂိုလ် မဖြစ်ဘူးတဲ့ နားလည်ရဲ့လား (နားလည်ပါ တယ်ဆရာ)၊ သောက ပရိဒေဝ ဒေါမနဿ ဥပါယာသ၊ သောက၊ စိုးရိမ်မကင်း ကြောင့်ကြခြင်း။ ပရိဒေဝ၊ ပူဆွေးငိုကြွေးခြင်း။ ဒုက္ခ-ကိုယ်၌ ပင်ပန်းဆင်းရဲခြင်း။ ဒေါမနဿ-စိတ်၌ ပင်ပန်းဆင်းရဲခြင်း။ ဥပါယာသ၊ ရှိုက်ကြီးတငင် ပင်ပန်းခြင်း နော် (မှန်ပါတယ်ဆရာ)။ ဒီတရားငါးပါး အဲဒါလေးမှတ်ထား။ ဒါဖြင့် ဒီတရားငါးပါးက ဘုံသုံးပါးရှိတဲ့ သတ္တဝါတွေ ဇာတိလို့ ပဋိသန္ဓေရလာတိုင်း ဒီတရားငါးပါးနဲ့ တွေ့သလား ဆိုတော့ တွေ့ကောင်းတဲ့ပုဂ္ဂိုလ် တွေ့တယ်၊ မတွေ့ကောင်းတဲ့ပုဂ္ဂိုလ် မတွေ့ဘူး။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သူဇာတိ မုချအကျိုး မဟုတ်ပါဘူးပေါ့ (မဟုတ်ပါဘူးဆရာ)၊

http://www.dhammadownload.com



ဇရာ မရဏကတော့ (မုချအကျိုးပါဆရာ)၊ အေး-မုချအကျိုး၊ ဇာတိဖြစ်လာရင် ဇရာ မရဏဖြစ်ရတော့ မယ်လား (တွေ့ရမှာပါဆရာ)၊ ရှောင်လွှဲလို့ မရဘူး။

ဒါကြောင့် ဇရာနဲ့မရဏ တရားက အိုခြင်းနဲ့ သေခြင်းဆိုတဲ့ သဘောတရားနှစ်ပါးက ဇာတိရလာတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းတဲ့ မရှောင်နိုင် မလွှဲနိုင် မုချအားဖြင့် ဖြစ်ရမယ့် တရားခေါ်တယ်။ ဒါကြောင့် ဇာတိရဲ့ မုချအကျိုး။ ဒါကြောင့် ဇရာမရဏ တရားကိုယ်တော့ အင်္ဂါဆယ့်နှစ်ပါးထဲ ထည့်ပြီး ဟောတယ်တဲ့။ အင်္ဂါဆယ့်နှစ်ပါးထဲ ထည့်ဟောထားတဲ့ တရားတွေက သေချာပြန်စဉ်းစား မုချအကြောင်း မုချအကျိုးချည်းဆိုတာ မှတ်ထား နော် (မှန်ပါတယ်ဆရာ)၊ ရှောင်လွှဲမရကောင်းသော မုချအကြောင်း မုချအကျိုးဆိုတာချည်း မှတ်ထား။ ဒါဖြင့် ခု ဇာတိရလာတော့ ဇာတိကြောင့် ဖြစ်တတ်တယ်ဆိုတဲ့ "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ"ဆိုတဲ့ တရားငါးပါးကကောဆိုတော့ သူက ဇာတိရတိုင်း ဖြစ်ချင်မှဖြစ်တာတဲ့။ ဇာတိရတိုင်းဖြစ်တယ်လို့ တထစ်ချ မဆိုနိုင်ဘူးတဲ့။

## ဗျသနတရားငါးပါး ဆိုတာ

"သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ" တရားငါးပါး၊ အဲဒီတရားငါးပါးတွေ့တဲ့ပုဂ္ဂိုလ်က ဘယ်ပုဂ္ဂိုလ်လဲလို့ ဒီတရားငါးပါးနဲ့ တွေ့တာဟာ ဗျသနတရားငါးပါးနဲ့ တွေ့သော ပုဂ္ဂိုလ်များမှ တွေ့တတ်သည်တဲ့၊ မှတ်ထားနော် သေသေချာချာ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါးကို ဘယ်ပုဂ္ဂိုလ်များဖြစ်တတ်သလဲ၊ ဘယ်ပုဂ္ဂိုလ်များတွေ့တတ်သလဲဆိုရင် ပုဂ္ဂိုလ်တိုင်း မတွေ့တတ်၊ ပုဂ္ဂိုလ်တိုင်း မဖြစ်တတ်။ ဒါဖြင့် ဘယ်ပုဂ္ဂိုလ်ဖြစ်တတ်လို့၊ ဘယ်ပုဂ္ဂိုလ်မဖြစ်တတ်သလဲဆိုရင် ဖြစ်တတ်တဲ့ပုဂ္ဂိုလ်က ဗျသနတရားငါးပါးနဲ့ တွေ့သော ပုဂ္ဂိုလ်မှသာလျှင် ဖြစ်တတ်သည်။ ဘာတရားငါးပါးခေါ် (ဗျသနတရားငါးပါးပါဆရာ)၊ အဲဒီ ဗျသနတရားငါးပါး မှတ်ထား -

(၁) ဉာတိဗျသန၊
(၂) ဘောဂဗျသန၊
(၃) ရောဂဗျသန၊
(၄) သီလဗျသန၊
(၅) ဒိဋ္ဌိဗျသန။

ဗျသန-ဆိုတာ ပျက်စီးခြင်း ခေါ်တယ်။ ဉာတိဗျသန, ဘောဂဗျသန, ရောဂဗျသန, သီလဗျသန, ဒိဋ္ဌိဗျသန၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဆိုစမ်း - တစ်လုံးမှလည်း မရှိတော့ဘူး။ ဉာတိဗျသန

http://www.dhammadownload.com



(ဉာတိဗျသန)၊ ဟုတ်ပြီ ဘောဂ (ဘောဂဗျသန)၊ ရောဂ (ရောဂဗျသန)၊ သီလ (သီလဗျသန)၊ ဒိဋ္ဌိ (ဒိဋ္ဌိဗျသန) ထပ်ဆို (ဉာတိဗျတ်သန ဘောဂဗျတ်သန ရောဂဗျတ်သန သီလဗျတ်သန) ဟောဗျာ ဗျတ်သနချည်းချနေတာကိုးကွ။ ဗျ-သ-န ဗျရယ်, သရယ်, နရယ်၊ ဗျတ်သနာ ဗျတ်သနာ ငါ့ဘယ့်နှဲ့များဆိုနေ အောက်မေ့၊ ဗျသန (ဗျသန) ဉာတိဗျသန (ဉာတိဗျသန ဘောဂဗျသန ရောဂါဗျသန သီလဗျသန ဒိဋ္ဌိဗျသန) ဟော ဗျတ်သနပဲ ဘာမှ မထူးဘူး။ ဟင့် ဗျတ်သနမဟုတ်ဘူး။ ဗျတ်နှနှ ဘယ့်နှဲ့ကောင်ပါလိမ့်။ ဗျသန,ကမှ ပျက်စီးခြင်း ဟောတယ်။ ဉာတိဗျသနဆိုတာ ဆွေမျိုးဉာတိ ပျက်စီးတာတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဉာတိဗျသန-ဆွေမျိုးဉာတိပျက်စီးခြင်း ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘောဂဗျသန-စည်စိမ်ဥစ္စာပျက်စီးခြင်း။ ရောဂဗျသန- ကိုးဆယ့် ခြောက်ပါး ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခြင်း နော် (မှန်ပါတယ်ဆရာ)၊ သီလဗျသန-သီလပျက်စီးခြင်း။ ဒိဋ္ဌိဗျသန-အယူပျက်စီးခြင်း။

ပျက်စီးခြင်းတရားငါးပါး - ဉာတိဗျသန ဘောဂဗျသန ရောဂဗျသန သီလဗျသန ဒိဋ္ဌိဗျသန မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဉာတိဗျသန ဘာပျက်စီးတာ (ဆွေမျိုးသားချင်းပျက်စီးတာ ပါဆရာ)၊ ဟုတ်ပြီ၊ ဘောဂဗျသန ဘာပျက်စီးတာ (စီးပွားရေးပျက်စီးတာပါဆရာ)၊ စီးပွားဥစ္စာ ပျက်စီးတာ နော် (မှန်ပါတယ်ဆရာ)၊ ရောဂဗျသန (ရောဂါဖိနှိပ်ပျက်စီးတာပါဆရာ)၊ ရောဂါဖိစီးနှိပ်စက်ခြင်း နော် (မှန်ပါတယ်ဆရာ)၊ သီလဗျသန (သီလပျက်စီးခြင်းပါဆရာ)၊ ဒိဋ္ဌိဗျသန (အယူပျက်စီးခြင်းပါ ဆရာ)၊ အေး-မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒီ ဗျသနတရားငါးပါးမှာ တစ်ပါးပါးသော်လည်း ကောင်း၊ ငါးပါးလုံးသော်လည်းကောင်း တွေ့မှ စောစောကပြောထားတဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရာငါးပါး ဖြစ်ကောင်းတယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဓိပ္ပါယ်ဆိုကြစို့ - ဆွေးမျိုးဉာတိ သာသမီး ပျက်စီးသွားတယ် ဉာတိဗျသန မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ အဲဒီလို ဆွေးမျိုးဉာတိ ပျက်စီးတယ်ဆိုလို့ရှိရင် ဆုံးပါးသွားတယ်ဆိုရင် စောစောက ပြော ထားတဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးတွေ့၏ နော် (မှန်ပါတယ် ဆရာ)၊ ပြီးတော့ ဘောဂဗျသန တကယ့်စည်းစိမ်ကြီးကနေ ရုတ်တရက်အားဖြင့် ပျက်စီးသွားတယ်၊ ဆုံးရှုံးသွားတယ် ဒီလိုပုဂ္ဂိုလ်ကြ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရား ငါးပါးတွေ့၏ နော် (မှန်ပါတယ်ဆရာ)၊ ရောဂဗျသန - ကိုယ်ကျန်းမာ ချမ်းသာနေရာကနေ ရုတ်တရက် ရှောင်တခင်အားဖြင့် အင်မတန်ကြောက်ဖွယ်လန့်ဖွယ်ကောင်းတဲ့ ကိုးဆယ့်ခြောက်ပါး ရောဂါ တစ်ပါး ပါး ဖိစီးနှိပ်စက်လိုက်ရင် ဗျသနတရားငါးပါး တွေ့၏။ အဲ - သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ

http://www.dhammadownload.com



ဥပါယာသဆိုတဲ့ တရားငါးပါးတွေ့၏နော် (မှန်ပါတယ်ဆရာ)၊ သီလဗျသန-အင်မတန် စင်ကြယ် သန့်ရှင်း ကိုယ်မှာအမြဲတမ်း ဆောက်တည်နေတဲ့ သီလတစ်စုံတစ်ခုသော အကြောင်းအကြောင့် ကျိုးပဲ့ ပျက်စီးသွားခဲ့သော် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးတွေ့၏ နော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိဗျသန-မိမိသမ္မာဒိဋ္ဌိ အယူဝါဒမှ မိစ္ဆာဒိဋ္ဌိသို့ ပြောင်းလဲဖောက်ပြန် ပျက်ဆီး သောပုဂ္ဂိုလ်အား သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါးတွေ့၏၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါ ဒီဗျသနတရားငါးပါးက ဘုံသုံးပါးရှိတဲ့ သတ္တဝါတိုင်း သတ္တဝါတိုင်း တွေ့ကောင်းရဲ့လား (မတွေ့ကောင်းပါဘူးဆရာ)၊ မတွေ့ကောင်းဘူး၊ မတွေ့ကောင်း တဲ့လူ မဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)၊ မတွေ့ကောင်းတဲ့လူ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါး မဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)၊ တွေ့ကောင်းတဲ့လူ ဖြစ်မယ်လား (ဖြစ်မှာပါဆရာ)။

ဒါဖြင့် ဇာတိတော့ အရချင်း မတူဘူးလား (တူပါတယ်ဆရာ)၊ တွေ့ကောင်းတဲ့ပုဂ္ဂိုလ်လဲ ဇာတိ ကြောင့်ဖြစ်လာတာ။ မတွေ့ကောင်းတဲ့ပုဂ္ဂိုလ်လည်း ဇာတိကြောင့် ဖြစ်လာတာ။ ဇာတိကြောင့် ဖြစ်တိုင်း ဒီသောက အစရှိသော တရားငါးပါးဟာ မုချဖြစ်ရမယ်လို့ ဆိုနိုင်ရဲ့လား (မဆိုနိုင်ပါဘူးဆရာ)၊ မဆို နိုင်ခြင်းကြောင့် အင်္ဂါဆယ့်နှစ်ပါးထဲ မထည့်နဲ့၊ မုချအကျိုးမဟုတ်ဘူးတဲ့ နားလည်လား (နားလည်ပါ တယ်ဆရာ)၊ ဒါပေမယ့်လို့ သံသရာကို အဆက်မပြတ် ဆက်စပ်ပြီးတော့ လည်တဲ့အခါကြတော့ ဒီတရားငါးပါး ပါတယ်တဲ့။ အဓိပ္ပါယ်တစ်ခု ငါပြောမယ် ရှင်းသွားအောင်။ ရူပါဝစရ အရူပါဝစရ ဗြဟ္မာများကြတော့ ဗျသနတရားငါးပါး တွေ့သေးရဲ့လားဟ (မတွေ့ပါဘူးဆရာ)၊ မတွေ့ဘူးလား (မတွေ့ပါဘူးဆရာ)၊ ဉာတိဗျသနလည်း မတွေ့ဘူး၊ ဆွေးမျိုးဉာတိ ပျက်စီးလို့ ပူဆွေးရတာ မရှိ ပါဘူး။ ဗြဟ္မာများ နော် (မှန်ပါတယ်ဆရာ)၊ ဘောဂဗျသန-လက်ရှိစည်းစိမ်ကြီး ကျိုးပဲ့ပျက်ဆီးသွား တယ် မရှိပါဘူး နော် (မှန်ပါတယ်ဆရာ)၊ ရောဂဗျသန-ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာ ဖိစီးနှိပ်စက်တယ်လို့လဲ မရှိပါဘူး။ သီလဗျသန-မိမိတည်ပြီးသော သီလကျိုးပဲ့ပျက်စီးတယ်လို့ မရှိကောင်းဘူး။ ဒိဋ္ဌိဗျသန - အယူတစ်ခုမှ တစ်ခုသို့ ပြောင်းလဲသွားတယ် ပျက်စီးခြင်းဆိုတာ မရှိ ပါဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဓိပ္ပါယ်အားဖြင့် အဲဒီလိုမရှိသော ဗြဟ္မာများစဉ်လျက် ဗြဟ္မာ့ဘဝဘုန်းကသာ ဗျသန တရားငါးပါးနဲ့ မတွေ့တာတဲ့၊ ဒါဖြင့် သူတို့ ဒီဗြဟ္မာ့ဘဝ ဖြစ်နေတဲ့အခါကြ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါး ဖြစ်သေးရဲ့လား (မဖြစ်ပါဘူးဆရာ)၊ ဟော ကြည့်

http://www.dhammadownload.com



အခိုက်အတန့် မဖြစ်ဘူးနော် (မဖြစ်ပါဘူးဆရာ)၊ ဇာတိတော့ ရတယ် မဟုတ်လား (ရပါတယ်ဆရာ)၊ ဇာတိရတိုင်း မဖြစ်ဘူးတဲ့။ ကောင်းပါပြီ၊ အဲဒီ ဗြဟ္မာများ ဗြဟ္မာပြည်က စုတိစိတ်ကျလို့ လူ့ဘဝ တစ်ခါ ပြန်ရောက်တော့ကား ဗျသနတရားငါးပါး ရှောင်လို့ ရှားလို့ ရသေးရဲ့လား (မရပါဘူးဆရာ)၊ ဗျသနတရားငါးပါးနဲ့ တွေ့မယ်လား (တွေ့မှာပါဆရာ)၊ ဟော. . . . တွေ့ရင် သောကအစရှိသော တရားငါးပါး မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အဲ သံသရာလည်တာက တစ်ဘဝတည်းနဲ့ လည်နေတာ မဟုတ်ဘူးတဲ့။ ဘဝအမျိုးမျိုး ဘုံအမျိုးမျိုးနဲ့ ပြောင်းလည်နေကြတာတဲ့။ ဒီဘဝ ဒီဘုံ မတွေ့ပေမယ့် ဟိုဘဝ ဟိုဘုံရောက်တော့ တွေ့တတ်တယ် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဇာတိဖြစ်တိုင်း ဇာတိဖြစ်တဲ့ပုဂ္ဂိုလ်တိုင်း ဒီဗျသနတရားငါးပါး တွေ့တယ်လို့ မဆိုနိုင်ဘူးတဲ့။ ဗျသနတရားငါးပါး မတွေ့တဲ့ ပုဂ္ဂိုလ်ကြပြန်တော့လည်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့တရားငါးပါး မဖြစ်ကောင်းပါဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဇာတိရတိုင်း ဖြစ်ရမယ်လို့ တထစ်ကျ မပြောနိုင်တဲ့အတွက် မုချအကျိုးမဟုတ်ဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ မုချအကျိုးမဟုတ်ဘူးတဲ့။

ဒါကြောင့် အင်္ဂါဆယ့်နှစ်ပါးထဲ သူ့ထည့်ပြီးတော့ မရေမတွက်တာပဲ၊ ဒါပေမယ့်လို့ ဘုံသုံးပါး လည်တဲ့အခါကြတော့ ထည့်သွင်းပြီးတော့ ရေတွက်ရမယ်တဲ့။ တရားငါးပါး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ ဒီပုဂ္ဂိုလ်သည် အခိုက်အတန့်အားဖြင့် ဒီဘုံ ဒီဘဝသာ မတွေ့တာတဲ့။ ဟိုဘုံ ဟိုဘဝကြတော့ သူတွေ့မှာပဲဆိုတော့ သူ့သံသရာစက်ရဟတ်ကြီး ဆက်လျက်သား မနေဘူးလား (ဆက်ရက်သားဖြစ်နေပါတယ်ဆရာ)၊ အဲဒီလို လည်ရတယ်။ ဒါကြောင့် ဒီနေရာလေးမှာ "ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသပစ္စယာ အာသဝ၊ အာသဝပစ္စယာ အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ" လှည့်သွားတယ်နော် (မှန်ပါတယ်ဆရာ)၊ လည်မသွားဘူးလား (လည်သွားပါတယ်ဆရာ)၊ ဒါ မိမိတို့ဝေငှထားတဲ့ စက်ဝိုင်းလေးထဲ ပြန်ပြန်ပြန်ပြန်လေ့လာပေး။ တစ်ယောက်နဲ့ တစ်ယောက်လည်း မေးမြန်းပေး၊ ဆွေးနွေးပေး၊ နှီးနှောတိုင်ပင်ပေး။ ဒါမှ မျက်စိက ပွင့်ပွင့် ပွင့်ပွင့်လာမယ်၊ ဉာဏ်က ကြီးထွားလာမယ်။ ပဋိစ္စသမုပ္ပါဒ် သိပ်လည်းလွယ်တယ် မဟုတ်ဘူး။ အလွန့်အလွန်ခက်တဲ့ တရားကြီးဖြစ်နေတယ်။ တော်တော်လေး ကြိုးစားနိုင်မှ ဝိုးတိုးဝါးတား မြင်ကြမယ် နော် (မှန်ပါတယ်ဆရာ)၊ တော်တော်လေး ကြိုးစားနိုင်မှ ဝိုးတိုးဝါးတား မြင်ကြမယ်လို့၊ တရားများ တိတိကျကျနဲ့ လက်ထောက်ပြသလို သင်ကြားပြသပေးတဲ့အခါများ တကယ်ပြတ်သားအောင် တတ်အားသမျှ ကြိုးစားကြရမယ်၊ ဘာပြုလို့လဲဆိုတော့

http://www.dhammadownload.com



အမှောက်မှောက်အမှားမှား အတုအယောင်တွေ ဟုတ်သယောင်ယောင်နဲ့ လုပ်ဆောင်ပြီးတော့ အတ္တနောမတိနဲ့ ပြနေတဲ့ လမ်းစဉ်တွေ သိပ်ပေါတယ်။ စိတ်ပျက်စရာလည်း သိပ်ကောင်းတယ်။ လူတွေလည်း သနားစရာကောင်း၊ တရားတစ်ခုပေါ်နေ မှတ်ထားနော်။ တော်တော်ကြာ ကိုယ်နဲ့ မတွေ့ဘူးလို့ မပြောနိုင်ဘူး။ တွေ့ချင် တွေ့မယ်၊ တရားတစ်ခု ပေါ်နေတယ်။

ဒါပေမယ့် သူ့ကိုယ်တော့ သူနာမည်ကြီးလုပ်နေ၊ ကြီးလည်း ကြီးလောက်တာပေါ့လေ။ တကယ့်ယုံကြည်လေးစားပြီးတော့ လိုက်နေတဲ့ပုဂ္ဂိုလ်တွေလည်း တော်တော်များရဲ့။ တစ်နေ့ကပဲ သတင်းစာထဲတွေ့လိုက်သေး၊ နှစ်ပတ်လည် အစည်းအဝေးကြီးတဲ့။ အဲဒါ သူပြတဲ့တရားကတော့ "စိတ်ကလေး အတိုင်းအတိုင်းထား အလကားနေ"တဲ့ ဟောပုံ ဟောပုံ၊ ဘုရားသာသနာတော့ ဒုက္ခပဲ အောက်မေ့။ လူတွေလဲ သနားစရာပဲလို့ "စိတ်ကလေး အတိုင်းတိုင်းထားပြီးတော့ အလကားနေ" တဲ့ သူဟောတဲ့တရား နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘယ်သူဟောတဲ့ တရားဆိုလို့ရှိရင် ကျောက် ဆည်က ကျောက်သဘော်ဆရာတော် ဟောတဲ့တရားတဲ့။ တို့များဆီတောင် မျက်စိရောဂါရတုန်းက လာသေး၊ ဒီက လမ်းစဉ်ပြောစမ်းပါဆိုလို့ ငါ့မျက်နာကြီးနဲ့ သည်းခံပြီးတော့ တစ်နာရီလောက် ပြောလိုက်ရတယ်။ အဲဒါ တော်တော်ကြီး ဟောပြောပြီးတော့ တွင်တွင်ကျယ်ကျယ်နဲ့ အလုပ်လုပ်လို့ လူတွေလည်း အဟုတ်မှတ်လို့ ယောင်ယောင်မှားမှားနဲ့ ဆိုသလိုပဲ။ အဲဒါပဲ အဟုတ်ထင်ပြီးတော့ တော်တော်ကြီး လေ့လာလိုက်စားနေကြ "စိတ်ကလေး အတိုင်းတိုင်းထား အလကားနေ"တဲ့၊ ဘာမှ မလုပ်ရဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ စိတ်ကလေး အတိုင်းတိုင်းထားပြီးတော့ အလကားနေ လို့ ဆိုတော့ အေးသဘော, ငြိမ်းသဘော ရောက်တာ အဲဒါ နိရောဓ-နိဗ္ဗာန်တဲ့၊ ကြောက်စရာလည်း တော်တော်ကောင်း။ အဲဒါ ကြောက်စရာတော်တော်ကောင်းတယ်။

အဲ . . တို့များ ပထမ တစ်နေ့ လာတွေ့တယ်၊ မျက်စိရောဂါကလည်း ထနေတုန်း ဖြန်းကနဲ ကြွလာလို့ အခန်းထဲက ထွက်ပြီးတော့ နှုတ်ဆက်တယ်။ ဘာကိစ္စတုံး ကိစ္စတော့ အခြားမဟုတ် ပါဘူးတဲ့။ ဆရာနဲ့ တွေ့ချင်လို့၊ ဆရာက တပည့်တော်ပါဘုရားလို့၊ အရှင်ဘုရား အကြောင်း အမိန့် ရှိပါလို့၊ အကြောင်းကတော့ အထူးမဟုတ်ပါဘူးတဲ့။ ဒီကပြတဲ့လမ်းစဉ် သိချင်လို့ပါတဲ့။ အစပထမ မေးစဉ်အခါတုန်းကတော့ မဂ်ဝင် ဖိုလ်ရောက်ဆိုတဲ့လမ်းစဉ် သိချင်ပါတယ်။ မဂ်ဝင် ဖိုလ်ရောက် ကတော့ တပည့်တော်တို့ ဘုရားဟောထားတာတော့ ဝိပဿနာဉာဏ်ဆယ်ပါး ပွားများအားထုတ်ရင် မဂ်ဉာဏ်ဖိုလ်ရတာပဲလို့ ဟောထားတာပဲလို့၊ အရှင်ဘုရားလည်း စာသင်နေတာပဲ၊ စာလည်း သင်နေတာပဲလို့ တပည့်တော် လွဲပြောင်းမပြောတတ်ဘူး။ ဒါဖြင့် ဒီကလမ်းစဉ်လေး ပြောစမ်းပါ။

http://www.dhammadownload.com



လမ်းစဉ်လေး အတိုကောက်လျှောက်ပြီးတော့ ပြော၊ အကျဉ်းချုပ်အားဖြင့် မှတ်သားပါဘုရား။ ရှေ့လျှောက် အရှင်ဘုရား အကျယ်သိပါလိမ့်မယ်လို့ စာသင်ဖူးတဲ့ပုဂ္ဂိုလ်ဆိုရင်၊ လျှောက်ပြောလိုက်တယ်။ သည်းခံပြီးတော့ စကားပြော၊ တစ်နာရီလောက် ပြောလိုက် မျက်စိရောဂါဆိုးတုန်း၊ နောက်တော့ တစ်နာရီလောက်စေ့တော့ သည်းခံပါဘုရား၊ တပည့်တော် မျက်စိရောဂါဆိုးနေတယ်။ ဒါဖြင့်ရင် အားလည်းနာပါရဲ့ ပြန်လိုက်ပါအုံးမယ်၊ နက်ဖြန်ခါ တစ်ခါလာပါရစေတဲ့။ ဟောဒီ ဝဒတ်ရုံမှာ တရားဟောသွားသေးတယ်။ ဟောတာတော့ ဘာတရားဟောတာ တို့များ မပြောတတ်ဘူး။ နက်ဖြန်ခါ တစ်ခါလာပါရစေတဲ့။ အရှင်ဘုရား သည်းခံပါလို့ တပည့်တော် ကျန်းမာတဲ့ အချိန်ဆိုရင် အရှင်ဘုရား အချိန်မရွေး လာနိုင်ပါတယ်၊ ဆွေးနွေးနိုင်ပါတယ်။ အခုတော့ တပည့်တော် ရောဂါ အင်မတန် ဆိုးနေတယ်လို့ ရပ်ဝေးလာတဲ့ပုဂ္ဂိုလ် တပည့်တော် ထွက်ပြီးတော့ နှုတ်ဆက်တာပါ အရှင်ဘုရား သည်းခံပါလို့။

အဲဒါ လျှောက်လိုက်တာတောင် နောက်တစ်နေ့ မနက်ကျ ပေါက်လာသေး။ နောက်တစ်နေ့ မနက်တက်လာတော့ ကိုယ်တိုင်မထွက်တော့ဘူး။ ထွက်ရင် စကားကြောရှည်နေမှာစိုးတာနဲ့ လူတစ်ယောက် လွှတ်လိုက်တယ်။ ဆရာမျက်စိရောဂါ စူးနေလို့, မျက်စိစူးနေလို့ မထွက်နိုင်ဘူး ဘုရားလို့ သည်းခံပါဘုရားလို့ သွားလျှောက်လိုက်တယ်၊ ဒီတော့မှ ပြန်ဆင်းသွား အားနာပါတယ်တဲ့။ အဲဒီ ကျောက်သဘော်ာဆရာတော်ရဲ့ဝါဒ အဲဒါ တို့သင်တန်းဆင်း တစ်ယောက်ကလည်း မြင်းခြံနယ် သွားလို့ သူ့တရား တစ်ခါနာလာ၊ နာလာလို့ အပြန်ကျတော့ ပြောတယ်။ ဒီတိုင်း ဟောနေတယ်တဲ့။ ဒီလို ဒိလို ဟောနေတယ်။ လူတွေကလည်း တော်တော်ကြိုက်ကြတယ်တဲ့။ လူတွေ ကြိုက်တာ ပြောစမ်းပါအုံးလို့၊ ဘယ်လိုကြိုက်တာတုံး "စိတ်ကလေး အတိုင်းအတိုင်းထား အလကားနေ"ဆိုတော့ ကြိုက်တာပေါ့တဲ့။ ဘာမှ အလုပ်မလုပ်ရပဲတဲ့။ အယ်-နေရာကျပေါ့ဟ၊ အခုတစ်ခါ ဘယ်က ဆက်သွယ်ပြီး လာပြန်လည်းဆိုတော့ ဘေးရန်အန္တရာယ်တွေ များတဲ့အကြောင်း ပြောတာပါ။

အခု အဲဒီ သူ့တပည့်အရင်းဆိုတဲ့ မောင်မူဆိုတဲ့ လူတစ်ယောက်က မြို့မှာ အရင်တစ်ပတ်က တစ်ခါဟောသွားတယ်။ ခု တစ်ခါရောက်ပြန်၊ အဲဒါ မြို့နယ် မြို့မြို့ပေါ် လည်း တို့သင်တန်းခွဲကလည်း ရှိတယ်။ အဲ. . . တို့သင်တန်းခွဲထဲ ဝင်ပြီးတော့ စက်ဝိုင်းထဲ ဝင်မွှေနှောက်လုပ်တယ်။ အခု လူတွေ ကမောက်ကမဖြစ်။ ဘာတွေဟောလည်းဆိုတော့ "စိတ်ကလေး အတိုင်းအတိုင်းထား အလကားနေ" တဲ့။ ပြီးတော့ မေးသေးတယ်တဲ့ "စိတ်ကလေး အတိုင်းအတိုင်းထား အလကားနေ"ဆိုတာ ဘယ် အဓိပ္ပါယ်လည်း ဆိုတော့ အကုသိုလ်တွေ လုပ်ချင်သေးသလား မလုပ်ချင်ပါဘူး၊ ဒါတော့ တော်

http://www.dhammadownload.com



သွားကွနော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်တွေကော လိုချင်သေးသလားတဲ့ မေးပုံနော် (မှန်ပါတယ်ဆရာ)၊ အကုသိုလ်လည်း မလုပ်ချင်နဲ့၊ ကုသိုလ်လည်း မလုပ်ချင်နဲ့တဲ့။ ကိုယ်ကျိုးတော့ နည်းကုန်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်လိုချင်သလားတဲ့၊ လိုချင်ပါတယ်၊ နိဗ္ဗာန်လိုချင်လို့ ဘုရားနာနေတာပဲဆို နိဗ္ဗာန်လိုချင်ရင် လောဘတဲ့၊ ကိုယ်ကျိုးတော့ နည်းပြီလို့ သာသနာကြီးတော့ ဖြစ်ချင်တိုင်း ဖြစ်လာကုန်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲ "စိတ်ကလေး အတိုင်းအတိုင်းထား အလကားနေ"ဆိုတဲ့ တရားတော်တော်လေး ခေတ်စားနေ။

အဲဒါ လူတွေက အယောင်ယောင်အမှားမှားနဲ့ အဲဒါ ကြိုက်ကြတယ်တဲ့။ အဲဒါ ကြိုက်ကြတယ်ဆိုတော့ ငါသနားပါတယ်။ ဖြစ်မှဖြစ်ရလေ စိတ်ကလေး အတိုင်းအတိုင်းထားပြီးတော့ အလကားနေရ၊ ကုသိုလ်လည်း မလုပ်ရဘူး၊ အကုသိုလ်လည် မလုပ်ရဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ သူ့အတိုင်းထားတဲ့၊ သူ့အတိုင်းထားရမယ်တဲ့။ သူ့အလိုက်သင့်လေး၊ ဟောတဲ့တရား ဟောတဲ့တရား၊ "စိတ်ကလေး အတိုင်းအတိုင်းထား အလကားနေ" ဘာမှ လုပ်စရာ မလိုဘူး။ ဒီလိုဆိုတော့ ကုသိုလ်လည်း မဖြစ် အကုသိုလ်လည်းမဖြစ်ဘူးတဲ့။ အဲဒီလိုဆိုတော့ အေးရော့, ငြိမ်းရော့။ အဲဒါ အေးတာ ငြိမ်းတာ နိဗ္ဗာန်ပဲတဲ့ မှတ်ထားကြနော် သေသေချာချာ။ တော်ကြာတော့ ကိုယ့်ဆီမရောက်ဘူးလို့ မပြောနိုင်ဘူး၊ ရောက်ချင်ရောက်လာ၊ ရောက်လာတော့ ဘာဖြစ်လဲဆိုတော့ တစ်ဘက်သားက ဒီလိုပဲ လှည့်ကာပတ်ကာ ပြောတော့ ကိုယ့်မှာ မပြတ်သားလို့ရှိရင် အဲဒါ နားယောင်ပြီး ပါသွားတတ်တယ်။ ငါသနားလို့ ကြိုတင်ပြီး ပြောတာ။ တို့ မြို့င်နယ်သင်တန်းသားများ အခုငါးပါးမှောက်နေပေါ့။ တဝက်ကျော်ကျော်လောက် ပါသွားဆိုပဲ သနားပါတယ်လို့ ဖြစ်မှဖြစ်ရလေလို့။ အဲဒါ မပြတ်သားမှု ခေါ်တယ် မှတ်ထားကြ နော်။

တစ်ပဲတန် တစ်မူးတန် အိုးလေးတစ်လုံး ဝယ်တာတောင် တီးခေါက်ဝယ်၊ မဝယ်ဖူးလား (ဝယ်ပါတယ်ဆရာ)၊ ဘာပြုလို့ တီးခေါက်ကြည့်တာတုံး (ကောင်းသလား မကောင်းဘူးလားလို့ပါဆရာ)၊ အနာဆာပါမလားလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရွေးချယ်ဝယ်တယ် မဟုတ်လား (ဝယ်ပါတယ်ဆရာ)၊ တစ်မူးတန် တစ်ပဲတန် တန်ဖိုးရှိသလားဟ (မရှိပါဘူးဆရာ)၊ မရှိတဲ့ အိုးလေး ဝယ်တာတောင် ရွေးချယ်ဝယ်ပါတယ် တီးခေါက်ပြီးတော့ နော် (မှန်ပါတယ်ဆရာ)၊ အခုဥစ္စာ တစ်သံသရာလုံးရဲ့ အရင်းအနှီးကြီး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်သံသရာလုံးရဲ့အတွက်ကြီး ကိုယ့်အတွက်ကို ကိုယ်တွက်သားချကြည့်၊ အဲဒါ မှားသွားပြီဆိုမှဖြင့် အဖတ်ဆယ်မရဘူး၊

http://www.dhammadownload.com



သွားရော့ တစ်သံသရာလုံး၊ တရားမှားရင် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် စုံစုံစမ်းစမ်း မေးမေး မြန်းမြန်း ထောက်ထောက်လှမ်းလှမ်းနဲ့ လုပ်ကြပါလို့။

ဒါကြောင့် အခုလို တိကျပြတ်သားစွာ သင်ကြားပေးတဲ့အခါမှာ မိမိတို့ဉာဏ်မှာ ပြတ်ပြတ်သားသားလေး ယူထား။ အဲဒီက မပြတ်သားရင်ဖြင့် နောက်နားကြရင် လူလိမ်ခံရမယ်။ လူညာခံရမယ်၊ လူပြောခံရမယ်လို့ မှတ်ထားနော်။ မျက်စိလေး ကလယ်ကလယ်နဲ့၊ မျက်လုံးလေး ပျာကလပ် ပျာကလပ်နဲ့၊ တစ်ဘက်သားက ခြောက်တန်တာခြောက်။ မြှောက်တန်တာမြှောက်၊ လှန့်တန်တာ လှန့် လုပ်ပြီး ကိုယ်မပြတ်သားလည်း မျက်တောင်လေး ပျာကလပ်ပျာကလပ်၊ နောက်တော့ မတတ်နိုင်တဲ့အဆုံးကြ ဟုတ်ပ မှန်ပ ဖြစ်နေ နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် နာတယ် အဲဒါ၊ အင်မတန် နာတယ်၊ ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်နိုင်တဲ့သတ္တိရှိပြီးမှ, ဝေဖန်ပြီးတော့မှ လိုက်ရတာက ဒါက မရှုံးဘူး။ ဟာ သူပြောသွားတဲ့ဥစ္စာ ဟုတ်တာဟ, မဟုတ်တာဟ ငါ့ဉာဏ်နဲ့ ဝေဖန်လိုက်တဲ့အခါ ငါ့ဗဟုသုတနဲ့ တိုက်ဆိုင်ကြည့်လိုက်တဲ့အခါကြ သူ့ဥစ္စာအမှား အမှန်မဟုတ်ဘူး။ ဒါက အမှန်ပဲ၊ အဲဒီလို ဝေဖန်နိုင်တဲ့ဉာဏ်နဲ့ ဝေဖန်ပြီးတော့ လိုက်သွားတာက တော်သေး။ ဒါက မိုက်ရာမကျဘူး၊ သူ့ဉာဏ်နဲ့ သူ ဝေဖန်တာလို့ မှန်တာတွေ့လို့ သူလိုက်တာလို့ မှားလည်းမှားခဲနော် (မှန်ပါတယ်ဆရာ)။

အခုတော့ ဒီလို မဟုတ်ဘူး။ တစ်ဘက်သားက အပြောကောင်းပြီး အဟောကောင်းပြီဆိုမှဖြင့် စောစောကပြောလို့ ကိုယ်ကလည်း ဘာမှ မပြောတတ်တော့ မျက်တောင်လေး ပျာကလပ် ပျာကလပ် တော်ကြာပါသွားလေ။ သွားရှာနော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ကြောက်စရာကောင်းတယ်။ ဒါကြောင့် ပြနေတဲ့ သဘာဝလေးတွေ ဘယ်အခန်းက မိမိ၊ တို့သင်တန်းလမ်းစဉ်မှာဖြင့် သူ့အခန်းနဲ့သူ မှတ်စမ်းပါ။ မနိုင်တာလည်း မယူနဲ့၊ မပိုင်တာလည်း မယူနဲ့၊ မနိုင်မနင်းလဲ မလုပ်နဲ့၊ နိုင်တာ လောက်ကလေးတွေ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီးရအောင် ယူထား။ ငါရုပ်ပိုင်း နာမ်ပိုင်းက ပိုင်တယ်ဆို ပိုင်တာယူထား။ ခန္ဓာပိုင်းက နိုင်တယ်ဆို နိုင်တာယူထား တရားမမှားဘူး။ ဘာပြုလို့တုံး ပိဋကတ်သုံးပုံပြန်ကြည့် - အဘိဓမ္မာ ခုနစ်ကျမ်းမှာ ဒီရုပ်နာမ်ခန္ဓာ အာယတနဓာတ်အပြင် ပိုမဟော ဘူးနော် (မှန်ပါတယ်ဆရာ)၊ "စိတ်ကလေး အတိုင်းအတိုင်းထား အလကားနေ"ဆိုတော့ ဘယ် ပါဠိတော် ဘယ်အဋ္ဌကထာ ဘယ်ဋီကာမှ မပါဘူး။ လျှောက်ချင်တဲ့ ဆရာတော်ဘုရားတွေ လျှောက်၊ ကြားကို မကြားဖူးဘူးနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ မဟုတ်တာတွေ တရားလုပ်ပြီးတော့ ဟောတယ် ပြောတယ်တဲ့။

http://www.dhammadownload.com



ဒါကြောင့် သာသနာကြီးမှာ တရားရှာပေမဲ့ အနှောက်အယှက် အဖျက်အဆီးဆိုတဲ့ အတုယောင်တည်းဟူသော တရားလက်နက်တွေက အင်မတန်များလို့ တို့လူစုတွေ ကြိုင်တင်ပြီးတော့ မိမိသင်ကြားလေ့လာနေတဲ့ တရားကို ပြတ်သားအောင်ယူကြ။ ကိုယ့်လက်တွင်း ကိုယ်ပြတ်သားထားတာရှိတော့ သူတစ်ပါး အလိမ်ခံရအုံးမှာလားဟ (မခံရပါဘူးဆရာ)၊ လိမ်တော့ကော ယုံအုံးမှာလား (မယုံပါဘူးဆရာ)၊ အဲဒီလို သွားရမှာ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သေချာကြည့် အခုပဋိစ္စသမုပ္ပါဒ် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောသွားတယ်။ သူတို့ပြောသလို "စိတ်ကလေးအတိုင်းအတိုင်းထား အလကားနေ" ဆိုရင်ဖြင့် ဘုရားကိုယ်တော်မြတ်ဟောတာ ပိဋကတ်သုံးပါး အလကား ရေထဲ မျှောဖို့ ရှိတော့တယ်၊ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ သင်စရာလည်း မလိုဘူး၊ ကြားစရာလည်း မလိုဘူး၊ နာစရာလည်း မလိုဘူး၊ ဟောစရာလည်း မလိုဘူး၊ လိုသေးသလား (မလိုပါဘူးဆရာ)၊ "စိတ်ကလေးအတိုင်းအတိုင်းထား အလကားနေ" ဆို အိပ်နေပေါ့ကွာ ဒါရှိတော့တာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဘာလုပ်စရာ လိုသေးတုံး (ဘာမှလုပ်စရာ မလိုပါဘူးဆရာ)၊ အဲသလိုလုပ်စရာမလိုတော့ ပိဋကတ်သုံးပုံ ရေထဲမျှောဖို့ပဲ ရှိတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပိဋကတ်သုံးပုံ ပရိယတ္တိသာသနာကြီးကို အားကြိုးမာန်တက်နဲ့ ဆောင်ရွက်သင်ကြားနေတဲ့ ဆရာတော်သမားတော်တွေရဲ့ မျက်နှာမှ မထောက်၊ ဒီတရားတော်ကြီးတွေ ပျက်စီးဆုတ်ယုတ်သွားမှာစိုးလို့ ပျောက်ကွယ်သွားမှာစိုးလို့ တစ်လက်နဲ့တစ်လက် ဆက်ဆက် ဆက်ဆက်ပြီးတော့ အပင်အပန်း အနွမ်းအနယ်ခံပြီးတော့ ပို့ချ သင်ကြားနေတဲ့ ပရိယတ္တိနယ်က ဆရာတော် သမားတော် သံဃာတော် အရှင်မြတ်များရဲ့ မျက်နှာလည်း မထောက်၊ ကြောက်လည်း မကြောက်၊ ရှက်လည်း မရှက်။ အဲဒါ ကိုယ့်အတ္တနောမတိအနေအားဖြင့် ကိုယ်တွေ့ရာ ကိုယ်ထင်ရာ ကိုယ်ပြော ကိုယ်ဟော လုပ်နေတယ်။ အဲဒါများ အဲဒီတရားများ အဟုတ်ထင်မှတ်ပြီးတော့ ယောင်ယောင်မှားမှား လိုက်သွားရင် ငါးပါး မဟုတ်ဘူး သံဃာစင်ပါ မှောက်တယ်လို့ သံသရာတောက်လျှောက်ကြီး နော် (မှန်ပါတယ်ဆရာ)။

အကုသိုလ်လုပ်ချင်သေးသလားတဲ့၊ ကုသိုလ်လိုချင်သေးသလားတဲ့ မေးပုံမေးပုံ။ အကုသိုလ်လည်း မလုပ်ရဘူးတဲ့။ ကုသိုလ်လည်း မလုပ်ရဘူးတဲ့၊ ပြီးတော့ နိဗ္ဗာန်လိုချင်သလား၊ လိုချင်တယ်ဆိုတော့ နိဗ္ဗာန်လိုချင်တာ လောဘတဲ့၊ ကြားဖူးလာတာ နော် (မှန်ပါတယ်ဆရာ)၊ လောဘဆိုတာ ကုသိုလ်လား, အကုသိုလ်လားဟ (အကုသိုလ်ပါဆရာ)၊ အေး-မင်းတောင် သိသေး၊ နိဗ္ဗာန်လိုချင်တာ လောဘဆိုရင် မခက်ပေဘူးလားဟ (ခက်မှာပါဆရာ)၊ အေး-လောဘဆိုတာက အကုသိုလ်, အကုသိုလ်စိတ်, အကုသိုလ်စေတသိက်၊ အကုသိုလ်အရာမှာ ဖြစ်တဲ့ တရားကြီး။ နိဗ္ဗာန်လိုချင်တာ

http://www.dhammadownload.com



ဒါအကုသိုလ်လားကွာ ဖြစ်နိုင်မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ မဖြစ်နိုင်ဘဲနဲ့ နိဗ္ဗာန်လိုချင်တာ လောဘ ဖြစ်ကောင်းပါ့မလားဟ (မဖြစ်ကောင်းပါဘူးဆရာ)၊ မှတ်ထားနော် နိဗ္ဗာန်လိုချင်တာ လောဘ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ မှတ်ထား မှတ်ထား မှတ်ထား တွေ့လိမ့်မယ် ဒီလို လူညာ လူဝါတွေနဲ့။ အခု အညာခံကုန်ရပြီ။ နိဗ္ဗာန်လိုချင်တာ လောဘတဲ့။ ကုသိုလ်လိုချင်သေးသလားတဲ့၊ ကုသိုလ်လိုချင်တယ်ဆိုရင် လောဘ၊ ကုသိုလ်လိုချင်တာ လောဘ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ ကုသိုလ်လိုချင်တာ လောဘ မဟုတ်ဘူး။ နိဗ္ဗာန်လိုချင်တာ လောဘ မဟုတ်ဘူး မှတ်ထားနော် သေသေချာချာ။ လောဘဆိုတာ အကုသိုလ်တရား၊ နိဗ္ဗာန်က အင်မတန်မွန်မြတ်တဲ့ ပရမတ်အစစ် အမြတ်ဆုံး၊ နိဗ္ဗာန်လိုချင်တယ်ဆိုတာ လောဘ ဖြစ်ကောင်းပါ့မလား မဖြစ်ကောင်းဘူး၊ နိဗ္ဗာန်လိုချင်တာ လောဘမဟုတ်၊ ဆန္ဒခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဘာခေါ်တယ် (ဆန္ဒပါဆရာ)၊ ဆန္ဒ၊ နိဗ္ဗာန်လိုချင်တာ ဘာခေါ်တယ် (ဆန္ဒပါဆရာ)၊ နိဗ္ဗာန်လိုချင်တာ လောဘဆိုရင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ မင်းအနားများ တစ်စုံတစ်ယောက်က ဆရာလုပ်ပြီးတော့ နိဗ္ဗာန်လိုချင်တာ လောဘလို့ဟောရင် မင်းဘယ့်နဲ့လုပ် (ရိုက်လွှတ်မှာပါဆရာ)၊ အေး - ဆော်ဆော်၊ ဒါတော့ ငါအားပေးတယ် ချသာချ။ မင်းထက်မိုက်တဲ့ လူကရှိသေးတာချနော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လက်မနှေးနဲ့ အုပ်သာအုပ်။ သာသနာဖျက်ဆီးတဲ့ကောင်တွေ နော်။ ဘုရားသနာဖျက်ဆီးနေတာ မဟုတ်လား (ဖျက်ဆီးနေတာပါဆရာ)။

ဘုရားကိုယ်တော်မြတ်က နိဗ္ဗာန်မလိုချင် လိုချင်အောင် ကြံဖန်ဟော၊ နိဗ္ဗာန်လိုချင်ကြ၊ နိဗ္ဗာန် တောင့်တကြ၊ နိဗ္ဗာန်မျှော်လင့်ကြ၊ နိဗ္ဗာန်အာရုံပြုကြ အတင်းတွန်းပို့။ အဲဒါ နိဗ္ဗာန်လိုချင်တာ လောဘတဲ့။ နိဗ္ဗာန်လိုချင်တာ လောဘဆိုတဲ့ အကုသိုလ်ကြီးဖြစ်ရမလိုဖြစ်နေတယ် မဟုတ်ဘူးလား။ (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီကောင်တွေထက် မိုက်တာ လောကမှာမရှိဘူး။ သာသနာဖျက်ဆီးတဲ့ အကောင်တွေ ခေါ်တယ်။ တို့ လူစုတွေမှတ်ထား၊ အဲသလိုများ တတ်ယောင်ဟန်နဲ့ လာဟောရင် နိဗ္ဗာန်များလိုချင်လား၊ ဟာ လိုချင်တာပေါ့။ နိဗ္ဗာန်လိုချင်လို့ ခုလို တရားတွေ ကြိုးစားနေတာပေါ့ဆိုရင် ဟာ နိဗ္ဗာန်လိုချင်ဆိုတာ လောဘလို့ဆိုလို့ရှိရင် အုပ်သာအုပ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ လက်မနှေးနဲ့ အုပ်သာအုပ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အုပ်ဆိုလည်းကွာ ကျိုးပဲ့သွားအောင် မလုပ်ပါနဲ့၊ ဝဋ်လိုက်တတ်တယ် နော်။ လက်ဝါးနဲ့ အုပ်ခိုင်းတာပါ တဖြည်းဖြည်း ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ သာသနာမှာ ဆူးငြောင့်ခလုတ်အနေအားဖြင့် သာသနာ့ဘေးရန် အန္တရာယ်တွေ အင်မတန် များနေတယ်လို့။

http://www.dhammadownload.com



ဒါကြောင့် တို့လူစုတွေ အယောင်ယောင် အမှားမှားဖြစ်မှာစိုးလို့ ပြသွားတဲ့လမ်းစဉ်လေးတွေမှာ ပြတ်သားအောင် ယူကြပါလို့ သတိပေးတာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ မြိုင်သင်တန်းတော့ အခုထိသွားပြီ၊ နှစ်ခါရှိပြီ ထိတာမှ၊ အရင်အပတ်က တစ်ခါထိ၊ ခုတစ်ခါ ထိပြန်ပေါ့။ ဒါပေမယ့် စဉ်းစား-တွေးရတယ်။ ဟိုက ဆရာလုပ်တဲ့ လူလည်း အားပေးစကား ပြောလိုက်ရတယ်။ ဒါလောက်မှ မဝေဖန်တတ်တဲ့ အသိဉာဏ်မရှိတဲ့ လူသားတွေ သွားပစေလို့ နော် (မှန်ပါတယ်ဆရာ)၊ ဖွဲ့လိုဟာတွေ အနှစ်သာရ ဘာမှမရှိဘူး။ သွားပစေ၊ သူတို့ကံ သူတို့စီမံပေါ့။ ကျန်တဲ့လူ အနှစ်သာရနဲ့ ပြည့်စုံတဲ့ ကျန်တဲ့လူတစ်ယောက်တည်းဖြစ်စေ ပြသာပြ။ အားပေးစကား ပြောလိုက်ရတယ် နော် (မှန်ပါတယ် ဆရာ)၊ လူတွေကလည်း လူတွေပဲ အတွေးအဆ မရှိဘူး၊ သိပ်မိုက်တယ်၊ ဘယ်လိအောင်မိုက်သလဲဆို ခုပြောတာတွေ ယုံတာ မိုက်တာကြည့်။ ဘိုးစဉ်ဘောင်ဆက်က ကြားဖူးတယ်။ နိဗ္ဗာန်လိုချင်တာ လောဘ။ ဒီလိုဖြင့် ခက်ရချည်ရဲ့။

ဒါကြောင့် နိဗ္ဗာန်လိုချင်တာ ဘာတုံး (ဆန္ဒပါဆရာ)၊ မှတ်ထား မှတ်မိရဲ့လား (မှတ်မိပါတယ် ဆရာ)၊ နိဗ္ဗာန်လိုချင်တာ ဘာတုံး (ဆန္ဒပါဆရာ)၊ ဆန္ဒ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်လိုချင် တာ လောဘ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ လောဘဆိုတာ ကုသိုလ်လား, အကုသိုလ်လား (အကုသိုလ်ပါဆရာ)၊ အေး ကွာ-နိဗ္ဗာန်လိုချင်တာ အကုသိုလ်ဖြစ်ရမယ်ဆိုတာ ဟုတ်နိုင်ပါ့မလား (မဟုတ်နိုင်ပါဘူးဆရာ)၊ အေး-မဟုတ်နိုင်၊ အုပ်သာအုပ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကြွေးမထားနဲ့၊ မင်းတို့ ဘုရားသာသနာ ဖျက်တဲ့ကောင်တွေ, ဘုရားပုန်ကန်တဲ့ အကောင်တွေဆို အုပ်သာအုပ် ချမ်းသာမပေးနဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါကြတော့ မပြစ်မရှိဘူး။ ကုသိုလ်ရတယ်, ကုသိုလ်ရတယ်။ သာသနာဖျက်ဆီးတဲ့ကောင် ဆုံးမတာ ကုသိုလ်ရတယ် မှတ်ထား နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် မင်းဂါတ်က အရင်ဖမ်းမှာ နားလည်လား၊ တော်တော့်ကို စုတ်ပဲ့ မိုက်ရိုင်းတဲ့ဟာတွေ။ ပညာရှိတွေ နားကြားမှာ မရှက်ဘူး၊ မကြောက်ဘူး။ ထင်ရာတွေဟော၊ ထင်ရာတွေပြော၊ ထင်ရာတွေ လုပ်၊ လူတွေကလည်း အသိဉာဏ်ဘာမှ မရှိတော့ စုရုံးစုရုံး ဟိုလည်း ဟုတ်နိုးနိုး၊ ဒီလည်း ဟုတ်နိုးနိုးနဲ့ ဟိုဘာတဲ့ဆို ပြေးပြီ အုံကြွလို့ အုတ်သိုက်အုတ်သိုက် စုရုံးစုရုံးနဲ့ ဟိုဘာတဲ့ဆို ပြေးပြန်ပေါ့။ အဲသလို လတ်ယားလတ်ယားနဲ့ ဒီလိုနေကြတာပဲလို့၊ ကိုယ်ပိုင်အသိဉာဏ်နဲ့ ဘာမှ မဝေဖန်တတ်ဘူး။ ဝေဖန်တတ်အောင်လည်းပဲ သင်ကြားပြသပေးမယ့်ပုဂ္ဂိုလ်ကလည်း မရှိတော့ အခက်သားပဲ။ အပြစ်လည်း မတင်နိုင်ဘူး။ ဒါကြောင့် တို့လူစုကတော့ တိတိကျကျ ဆိုသလိုပဲ အစ ကနေ အဆုံးတိုင် ပြတ်သားနားလည်အောင် သင်ကြားပြသပေးနေတဲ့ သင်တန်းဆိုတော့ အဲဒီဟာမှ

http://www.dhammadownload.com



မပြတ်သားလို့ ဂယိမ်းဂယိုင်ဖြစ်တတ်တယ်ဆိုရင်လည်း ကံတရားသာချပေတော့ သွားရော့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် အခန်းပြနေတာပဲ သေချာကြည့်။ ပဋိစ္စသမုပ္ပါဒ်အခန်းပြနေတာ အဝိဇ္ဇာက ဇရာမရဏထိ အင်္ဂါဆယ့်နှစ်ပါး၊ အဲဒီအင်္ဂါဆယ့်နှစ်ပါး အနေအားဖြင့် ရေတွက်ကြည့်လိုက်တော့ အဝိဇ္ဇာ,ကစ ဇရာ မရဏဆုံးတာပေါ့ကွာဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကြီး အပြတ်ကြီးဖြစ်ကရော့ နော် (မှန်ပါတယ်ဆရာ)။ အပြတ်ကြီးဖြစ်နေပါလားလို့ တစ်ဘက်သားမေးရင် မပြတ်ဘူး။ မပြတ်ရင် ဆက်ပြစမ်းပါ။ ဆက်ပြပါဆိုတော့ သံသရာလည်တော့ ဒီပုံ ဒီနည်းလည်ရတယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဇာတိရဲ့နောက်မှာ ဇာတိရလာတဲ့ ပုဂ္ဂိုလ်များမှာ ဖြစ်တတ်တဲ့ အကျိုးတရားတွေ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တရားငါးပါးရှိတယ်။ ဒါဖြင့်ရင် ဒီနေရာ ဘယ့်အင်္ဂါဆယ့်နှစ်ပါးထဲမှာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဘာကြောင့် မထည့်တုံး။ ဇာတိရဲ့အကျိုးနဲ့၊ ဒါပေမယ့် ဇာတိရတဲ့ ပုဂ္ဂိုလ်တိုင်း သူက ရတာမဟုတ်ဘူး။ ရတဲ့ပုဂ္ဂိုလ်ရ၊ မရတဲ့ပုဂ္ဂိုလ်မရဆိုတော့ သူက မသေချာလို့ ဇာတိရဲ့မုချအကျိုးမဟုတ်လို့ ဖယ်ထားတယ်။ အင်္ဂါထဲ မသွင်းဘူး။ အင်္ဂါဆယ့်နှစ်ရပ်လို့ ဘုရားဟောထားတာက အကြောင်းတရားရဲ့မုချအကျိုးသာ ဟောထားတာ နော် (မှန်ပါတယ်ဆရာ)၊ မုချအကြောင်း မုချအကျိုးအနေအားဖြင့် ဟောထားတာ။ ဒါဖြင့် ဒီလို အင်္ဂါဆယ့်နှစ်ရပ်ထဲမှာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါး မုချအကျိုးမဟုတ်လို့ ဖယ်ထားရင် ဘာကြောင့် သံသရာလည်တော့ သွင်းတုံး။ သံသရာလည်တော့ အခုန ပြဟ္မာ့ပြည်က ပုဂ္ဂိုလ်သည် လူ့ပြည်ရောက်တော့ ဗျသန တရားငါးပါးနဲ့ တွေ့ပုံပြန်ပြော နားလည်လား (နားလည်ပါတယ်ဆရာ)၊ သူကတစ်ဘဝတည်း နေတာ မဟုတ်ဘူးလို့၊ တစ်ဘုံတည်း နေတာ မဟုတ်ဘူးလို့ ဘဝအမျိုးမျိုး ဘုံအမျိုးမျိုး ပြောင်းနေတာ။ ဒီဘုံ ဒီဘဝ မတွေ့ပေမယ့် ဟိုဘုံ ဟိုဘဝ ကျတော့ သူတွေ့တယ် သံသရာကြီးနော်။

ဒါကြောင့် ဒီကွင်းဆက်ကြီးလို လည်နေတာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီတော့မှ လည်ပြ။ ဒါကြောင့် "ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသပစ္စယာ အာသဝ၊ အာသဝပစ္စယာ အဝိဇ္ဇာ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဒီလိုဆိုတော့ ဝွင်းဆက်သွားရော့ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ သေချာ မှတ်ထား။ ဒါ အဋ္ဌကထာဆရာ လည်ပြလို့ တို့များလည်း တွေ့ရ။ "အာသဝသမုဒယာ အဝိဇ္ဇာ သမုဒယော" (အ၊ နိ၊ ၁၀၊ ၆၁) လို့ ဟောထားတာ တိုက်ရိုက်ရှိ။ ဒါကြောင့် အဝိဇ္ဇာ ဖြစ်လာတဲ့

http://www.dhammadownload.com



အကြောင်းသည် အာသဝတဲ့။ အာသဝဖြစ်လာတဲ့အကြောင်း ဘာတုံးဆိုတော့ စောစောကပြောတဲ့ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ဂွင်းဆက်သွားအောင် လည်တတ်ရမယ် အကြမ်းဖျင်း အကြမ်းဖျင်း၊ ပြီးတော့မှ ဒီသောက အစရှိသော တရားငါးပါး ဖြစ်ပေါ်လာတာဟာ ဇာတိကြောင့် ဖြစ်ပေါ်လာတာ မှန်၏။ ဘယ်လို ပုဂ္ဂိုလ်မျိုး ဖြစ်သလဲ မေးရင် ဗျသနတရားငါးပါးနဲ့တွေ့သော ပုဂ္ဂိုလ်ဖြစ်တတ်၏။

ဗျသနတရားငါးပါး ဆိုတာ ဘာခေါ်တာတုံး၊ ပျက်ဆီးသောတရားငါးပါး ခေါ်တယ်။ ဘယ်သူ ဘယ်သူတုံး ဉာတိဗျသန ဘောဂဗျသန ရောဂဗျသန သီလဗျသန ဒိဋ္ဌိဗျသန။ ဉာတိဗျသန-သူသူငါငါ ကိုယ်တိုင်လည်း တွေ့ဖူးတယ်၊ မြင်လည်း မြင်ဖူးတယ်၊ ကြားလည်း ကြားဖူးတယ်၊ ဆွေမျိုးသားချင်း အရင်းအချာတွေက ပျက်စီး ပြီဆိုမှဖြင့် ဒီတရားငါးပါးတွေ့ကြ နော် (မှန်ပါတယ်ဆရာ)၊ သောက ရှေ့ဦးမဆွ ပူဆွေးတယ်၊ စိုးရိမ်တယ်။ အဲဒီ သောကဆိုတဲ့ သဘာဝလေးက တရားကိုယ်လေးတွေ တစ်ခုချင်း တစ်ခုချင်း ကောက်တော့ အဲဒီသောကမှာ နည်းနည်းလေး ရှင်းစရာလေးတစ်ချက်ရှိ။ "သောကောတိ၊ ဒေါသော" လို့ ဋီကာဖွင့်ထားတာ ရှိပြန်တော့ သောကတရားကိုယ်က ဒေါသလို့ ဒီလိုလည်း ကောက်တယ် နော် (မှန်ပါတယ်ဆရာ)၊ တို့သမ္မောဟဝိနောဒနီအဋ္ဌကထာဆရာပြတဲ့ အလိုကတော့ သောကဟာ ဒေါသမဟုတ်ပါဘူးတဲ့။ အမှန်ကတော့ ဒေါမနဿဝေဒနာလို့ နော် (မှန်ပါတယ်ဆရာ)၊ သောက,က ဒေါမနဿဝေဒနာ ကောက်ပါတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဋီကာကတော့ ဘယ့်နဲ့ဆိုတယ်။ သောက ဘာကောက်ရမယ်၊ (ဒေါသလို့ ကောက်ရပါတယ် ဆရာ)၊ အေး-ဒေါသ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာဆရာကတော့ ဘယ့်နဲ့တုံး သောကဟာ ဒေါမနဿဝေဒနာတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ "သော ပနာယံ အတ္ထတော ဒေါမနဿဝေဒနာ ဟောတိ" သောပနာယံ-သော ပန အယံ သောကော၊ ဤသောကသည်။ အတ္ထတော၊ တရားကိုယ်အားဖြင့်။ ဒေါမနဿဝေဒနာ၊ ဒေါမနဿ ဝေဒနာသည်။ ဟောတိ၊ ဖြစ်၏။ သမ္မောဟဝိနောဒနီအဋ္ဌကထာဆရာက တိုက်ရိုက်၊ သောကရဲ့ တရားကိုယ် တရားသားကောက်ရင် ဒေါမနဿတဲ့။ ဒါပေမယ့် သူဘာလက္ခဏာရှိလဲဆိုတော့ "အန္တောနိဇ္ဈာန လက္ခဏော" မိမိအဇ္ဈတ္တသန္တာန်အတွင်းမှာ ခြောက်သွေ့ပူလောင်ခြင်း လက္ခဏာရှိတယ်တဲ့ ဟုတ်ကဲ့ လား (မှန်ပါတယ်ဆရာ)၊ ခြောက်သွေ့ပူလောင်ခြင်း လက္ခဏာရှိတော့ သောကဖြစ်လာ၊ သောက ဖြစ်တော့ ဘာဖြစ်လဲဆိုတော့ ပရိဒေဝဖြစ်တာပေါ့တဲ့။ ပရိဒေဝဆိုတာ ဘာတုံးတဲ့။ ပရိဒေဝ ဆိုတာ

http://www.dhammadownload.com



ငိုကြွေးတာ ခေါ်တယ်။ မြန်မာလို ပြန်တော့ ငိုကြွေးတာ၊ ဘယ့်နဲ့လုပ် ငိုကြွေးလဲဆိုတော့ "ဝစီပလာပေါ"လို့။ မပီမသ ချွတ်ချွတ်ချော်ချော် အော်ဟစ်၍ ငိုကြွေးခြင်း နော် (မှန်ပါတယ်ဆရာ)၊ ပျက်စီးသူ၏ ဂုဏ်ကျေးဇူး ထုတ်ဖော်၍ ငိုကြွေးခြင်း၊ ပျက်စီးသူ၏ ရာဇဝင်ကို ထင်ရှားအောင် ပြောကြား၍ငိုကြွေးခြင်း၊ မပီးမပြင်အားဖြင့် ချွတ်ချွတ်ချော်ချော်အားဖြင့် ငိုကြွေးခြင်းတဲ့။

ဒါကြောင့် လူများသေတော့ ငိုတော့ ရှိုးရှိုးရှိုက်လို့ နှက်လို့ နာလို့ ငိုတာနဲ့တူရဲ့လား (မတူပါဘူးဆရာ)၊ ဘယ့်နဲ့ထူး ပြောစမ်းပါအုံး၊ ငါ့ပြောစမ်းပါအုံး၊ ဘယ့်နဲ့ထူး (ရာဇဝင်ဇာတ်ကြောင်းတွေ ပြောပြောပြီး ငိုပါတယ်ဆရာ)၊ အောင်မယ် အောင်မယ် ငိုပြစမ်း ဘယ့်နဲ့၊ ရှိုးရှိုးငိုတော့ ဘယ့်နဲ့ငို (မငိုတတ်ဘူးဆရာ)၊ ဟော - အဓိပ္ပါယ်အားဖြင့် ရှိုက်လို့ နှက်လို့ နာလို့ရှိရင် ငိုတဲ့အခါကြ တစ်မျိုးမဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ လူပါသေလို့ ပြုတဲ့အခါကြ ဆွေမျိုးဉာတိပျက်စီးလို့ ငိုတဲ့အခါကြ တစ်မျိုးဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဆရာ)၊ ဘယ်နဲ့ဖြစ်လာ ဘယ်နဲ့ငို ကြားဖူးလား (မကြားဘူးပါဘူးဆရာ)၊ အောင်မာ - ငါ့ညာတယ်၊ တစ်မျိုးတစ်မည် ဖြစ်လာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပါးစပ်ကလည်း ပီလည်းမပီဘူးပေါ့။ (မပီပါဘူးဆရာ)၊ အေး မပီမပြင်ဖြစ်လာ နော် (မှန်ပါတယ်ဆရာ)၊ ချွတ်ချွတ်ချော်ချော်နဲ့ မပီမပြင်နဲ့ ပျက်စီးသူ၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်၍ အော်ဟစ်၍ငိုခြင်းတဲ့။ အဲဒါ တရားကိုယ်ကောက်တော့ တရားကိုယ်က တရားမဟုတ်ပါဘူးတဲ့။ ဝိပ္ပလ္လာသ စိတ္တဇသဒ္ဒရုပ် ခေါ်တယ်။ ဝိပ္ပလ္လာသ-ဖောက်ပြန်တာ။ စိတ္တဇ ဆိုတာ စိတ်ကြောင့်ဖြစ်တဲ့၊ သဒ္ဒရုပ်က အသံရုပ်၊ သူ့မှာ တရားကိုယ် တရားသားက စိတ်စေတသိက် ကောက်မရဘူး။ ရုပ်တရားပဲ ရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဝိပ္ပလ္လာသ စိတ္တဇသဒ္ဒရုပ်၊ လူသေတော့ ငိုသောအခါ တစ်မျိုးပဲလို့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။

အေး-ရှိုးရှိုးငိုတာနဲ့ မတူဘူးတဲ့။ ရှိုးရှိုးငိုတာကြ ရှိုးရှိုးပဲ ငိုတယ်လို့ သိရတယ်။ လူသေလို့ ငိုတော့ ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ဒါလူသေလို့ ငိုတာပဲလို့ မမြင်သော်လည်းပဲ ကြားတာနဲ့ သိကြတယ်လို့ မသိဖူးလား (သိပါတယ်ဆရာ)၊ သိမှာပေါ့ သူက ထူးခြားလာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ပရိဒေဝခေါ်တယ်။ သောကရဲ့ တရားကိုယ် တရားသားကတော့ ဒေါမနဿဝေဒနာ၊ ပရိဒေဝရဲ့ တရားကိုယ် တရားသားကတော့ ဝိပ္ပလ္လာသ စိတ္တဇသဒ္ဒရုပ် ရ၏ နော် (မှန်ပါတယ်ဆရာ)၊ သောက ပရိဒေဝ ဒုက္ခ၊ ဒုက္ခကတော့ ကိုယ်၌ဖြစ်သော ကာယိကဒုက္ခဟု ခေါ်အပ်တဲ့ အကုသလဝိပါက်ကာယဝိညာဏ်မှာ ယှဉ်သော ဝေဒနာကောက်။ ဒါလေးတွေက စာနယ်က၊ မမှတ်တတ်တဲ့ ပုဂ္ဂိုလ်တွေ နားရှုပ်မနေနဲ့အုံး။ မမှတ်တတ်ရင် အသာထိုင်နေ၊ ဆေးလိပ်ကလေးပါလည်း ညှိသောက်

http://www.dhammadownload.com



နေကြ၊ မှတ်တတ်တဲ့ပုဂ္ဂိုလ်က သေချာမှတ်ထား။ ဒါထိုက်သည်အားလျော်စွာ သူ့တရားကိုယ် တရားသားလေးတော့ ကောက်ပေးရအုံးမှာပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ဒုက္ခ သောက ပရိဒေဝ၊ ဒုက္ခ ဒုက္ခရဲ့တရားကိုယ် တရားသားသည် ကာယိကဒုက္ခဟု ဆိုအပ်သော အကုသလဝိပါက် ကာယဝိညာဏ်ယှဉ်သော ဝေဒနာ ကောက်လိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာ စေတသိက်၊ ပြီးတော့ ဒေါမနဿ တစ်ခါလာပြန် ဒေါမနဿက ဘာတုံး စေတသိကဒုက္ခတည်းဟူသော ဒေါသမူစိတ်၌ ယှဉ်တဲ့ ဝေဒနာ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ဥပါယာသ၊ ဥပါယာသကြတော့ ဘာတုံး ဥပါယာသကြတော့ ဒေါသစိတ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ သောကရယ် ပရိဒေဝရယ် ဒုက္ခရယ် ဒေါမနဿရယ် ဥပါယာသရယ် တရားငါးပါး နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ တရားငါးပါးဟာ တို့လူ့လောက လူရယ်လို့ ဖြစ်လာရင် သူလည်းတွေ့ ငါလည်းတွေ့ မတွေ့ဖူးလား (တွေ့မှာပါဆရာ)။

ဇာတိတည်းဟူသော အကြောင်းကြောင့် ရလာတာ ဇရာ မရဏလည်းတွေ့၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသလည်း တွေ့၊ မတွေ့ပေဖူးလား (တွေ့မှာပါဆရာ)၊ အေး-ဒါကြောင့် အဲဒီ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါး တွေ့လာတာ ဘယ်လိုပုဂ္ဂိုလ် တွေ့တတ်သလဲဆိုရင် ဗျသနတရားငါးပါးနဲ့ တွေ့သောပုဂ္ဂိုလ် တွေ့တတ်တယ်တဲ့။ ဉာတိဗျသန-ဆွေမျိုးဉာတိပျက်စီးပြီဆိုလာမှ ခုပြောတဲ့ သောကဆိုတဲ့တရားတွေ ပေါ်လာပေ့။ မပေါ်ဖူးလား (ပေါ်ပါတယ်ဆရာ)၊ ဘောဂဗျသန-စည်းစိမ်ပျက်စီးပြန်တော့လည်း ဒီတရားငါးပါးနဲ့ တွေ့ပြန်တယ်တဲ့။ မတွေ့ဖူးလား (တွေ့မှာပါဆရာ)၊ ရောဂဗျသန-ကိုယ်မှာ ပကတိကျန်းမာ ချမ်းသာရာကနေပြီးတော့ ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် နှိပ်စက်ခံစားရပြန်တော့ တွေ့ပြန်တယ်တဲ့၊ မတွေ့ဖူးလား (တွေ့မှာပါဆရာ)၊ သီလဗျသန-အလွန်တရာ စင်ကြယ်သန့်ရှင်းသော သီလရှိနေရာကနေ သီလပျက်စီးသွားမယ်ဆိုရင် ဒီတရားငါးပါးနဲ့ တွေ့ပြန်ရော့ မတွေ့ဖူးလား (တွေ့မှာပါဆရာ)၊ ဒိဋ္ဌိဗျသန-သမ္မာဒိဋ္ဌိ အယူ ယူရာကနေပြီးတော့ ဖောက်လွဲဖောက်ပြန် မမှန်သော မိစ္ဆာဒိဋ္ဌိအယူဝါဒ ပြောင်းလဲသွားပြန်တော့ ဒိဋ္ဌိဗျသန-အယူပျက်ဆီးခြင်းကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးနဲ့ တွေ့ပြန်တယ်တဲ့။ မတွေ့ဖူးလား (တွေ့မှာပါဆရာ)။

အဲဒီလို အဆက်ကလေးတွေ သေချာမှတ်ထား ဒီနေရာလေးက၊ ဒါကြောင့် ဇာတိပစ္စယာ၊ ဇာတိတည်းဟူသော အကြောင်းကြောင့်။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသပစ္စယာ၊ ဇရာ မရဏ သောက

http://www.dhammadownload.com



ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တည်းဟူသော အကြောင်းတရားတို့ကြောင့်။ အာသဝါ၊ အာသဝေါ တရားလေးပါးတို့သည်။ သမ္ဘဝန္တိ ဖြစ်ကြကုန်၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ အာသဝပစ္စယာ၊ အာသဝေါတရားလေးပါးတည်းဟူသော အကြောင်းကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ ဖြစ်ကြကုန်၏။ ဒီလိုဆိုတော့ ဆက်မသွားဘူးလား (ဆက်သွားပါတယ်ဆရာ)၊ အဲဒီ ဆက်ပုံ ဆက်နည်းလေး၊ ဒါကြောင့် ဆက်ပုံ ဆက်နည်းလေးကို သေသေချာချာ ပြတ်သားအောင် မှတ်ထား မမှားစေနဲ့။ ဇာတိတည်းဟူသော အကြောင်းကြောင့် အကျိုးတရား ဘယ်နှစ်ပါးထွက် (ငါးပါးပါဆရာ)၊ ဇာတိတည်းဟူသော အကြောင်းကြောင့် အကျိုးတရားလေ (ခြောက်ပါးပါဆရာ)၊ ဇာတိတည်းဟူသော အကြောင်းကြောင့် အကျိုးတရားလေ (နှစ်ပါးပါဆရာ)။

အေး-ဟုတ်ပြီ၊ ဟင့်-ငါပြောတဲ့ အိမ်တော်ရာနား ခြသေ့်ကြီး မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ မန္တလေးကပြန်လာ ဝိရောဓိမိ လျှောက်ရှက်ကြွားလိုက် ဝါလိုက်တာ၊ အောင်မာ မင်းမန္တလေး နှံ့ခဲ့လား နှံ့ခဲ့၊ အိမ်တော်ရာ ဘုရားရောက်ခဲ့လာ ရောက်ခဲ့၊ အိမ်တော်ရာဘုရားက ခြသေ့်ကြီး ခြေဘယ်နှစ်ချောင်းရှိ လေးချောင်း၊ ဘေးကဝိုင်းရီလိုက်တယ် ဟဲ့-သုံးချောင်းကွာ၊ နောက်တစ်ခါ ဟဲ့-နှစ်ချောင်းကွာ၊ မင်းလည်း ဒါကျနေတာပဲ မင်းဥစ္စာ၊ ဇာတိတည်းဟူသောအကြောင်းကြောင့် အကျိုးတရားဘယ်နှစ်ပါးရ (တစ်ပါးရပါတယ်ဆရာ)၊ ဟော-ဟဲ့ဆို နောက်တစ်ခါ တစ်ခုမှ ရှိမှာမဟုတ်ဘူး။ နောက် ဟဲ့ဆို တစ်ခုမှ ရှိမှာမဟုတ်တော့ဘူး၊ ဘယ့်နှယ့်ကောင်မှန်း မသိဘူး၊ မင်း ဇာတိတည်းဟူသော အကြောင်းကြောင့် ဖြစ်လာတဲ့ အကျိုးတရား နောက်နားက တရားတွေ ဘာတွေတုံး (ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ပါဆရာ)၊ ဒါနဲ့တစ်ပါးဆို ဘယ်ကထွက်လာတုံး၊ ဘာ အကြောင်းခံလို့ ခေါ်မှန်းမသိ၊ ဘာအကျိုးခေါ်လို့ ခေါ်မှန်းမသိ ဖြစ်နေသလား နင့်ဥစ္စာက၊ ဇာတိ တည်းဟူသော အကြောင်းကြောင့် အကျိုးတရား ဘယ်နှစ်ပါးပေါ်လာတုံး ဟော်-ပြောရင်းမေ့ ကုန်ပြီ။ ဘယ်နှစ်ပါးတုံး (ခုနှစ်ပါးပါဆရာ)၊ အဲ ခုနစ်ပါး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒီ ခုနစ်ပါးထဲမှာ ဇာတိရရင် မုချဖြစ်ရမယ်ဆိုတဲ့ မုချအကျိုးက ဘယ်နှစ်ပါးတုံ (တစ်ပါးပါဆရာ)၊ သြော်-နှစ်ပါးပါဆရာ) ဘယ်သူနဲ့ ဘယ်သူတုံ (ဇရာနဲ့ မရဏပါဆရာ)၊ အေး-ဒါပေမယ့် အင်္ဂါအနေနဲ့တော့ တစ်ခုတည်း ရှိတယ်လား (မှန်ပါတယ်ဆရာ)၊ မင်းက အင်္ဂါအနေနဲ့ ရည်ရွယ်ပြောတာကိုကွ တစ်ခု တစ်ပါးဆိုတာ (ဟုတ်ပါတယ်ဆရာ)၊ အင်္ဂါအနေအားဖြင့် ကြည့်ပြောတာ ဇရာနဲ့ မရဏလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကျန်တဲ့တရား ငါးပါးကကော ဘယ့်နဲ့ (ဖြစ်တဲ့ဘုံမှာဖြစ်ပါတယ်ဆရာ)၊

http://www.dhammadownload.com



မုချအကျိုး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မုချအကျိုး မဟုတ်ခြင်းကြောင့် အင်္ဂါဆယ့်နှစ်ရပ်ထဲ မသွင်းဘူးလား (မသွင်းပါဘူးဆရာ)၊ ဒါပေမယ့် သံသရာစက်လည်တဲ့အခါကြ သူတို့ ငါးပါးမကင်းဘူးလား (မကင်းပါဘူးဆရာ)၊ ပါတယ်လား (ပါပါတယ်ဆရာ)။

ဒါကြောင့် သံသရာစက်လည်ပုံလည်နည်းကြတော့ သူတို့ငါးပါးထည့် လည်ရတယ်လား (မှန်ပါတယ်ဆရာ)၊ အောင်မယ် လည်ပုံလည်နည်းလေး လည်ပြစမ်းပါ၊ နား‌ထောင်စမ်းပါရစေ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ (အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသပစ္စယာ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသပစ္စယာ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ" တော်ပါတော့ တော်ပါတော့၊ သိပ်သွက်လားဟင် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘယ့်နှစ်ရက်ခံပါ့ (ခံပါတယ်ဆရာ)၊ မှတ်ထားနော် လည်တတ်သွားပြီလား (လည်တတ်ပါပြီဆရာ)၊ ဒါဖြင့် ဒီမုချအကျိုးမဟုတ်ဘူးဆိုတဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါးဟာ ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်တတ်တယ် (ဗျသနတရားငါးပါး ဖြစ်သောပုဂ္ဂိုလ်နှင့် တွေ့တတ်ပါတယ်ဆရာ)၊ ပီပီသသ ပြောစမ်းပါဟာ။ ဗျသနတရားငါးပါးနဲ့ တွေ့တဲ့ပုဂ္ဂိုလ် ဖြစ်တတ်တယ်လား (မှန်ပါတယ်ဆရာ)၊ ဗျသနတရားဆိုတာ ဗျသနဆိုတာ ဘာခေါ်တာတုံး (ပျက်စီးခြင်းဟောတာပါဆရာ)၊ အေး-ပျက်စီးတာ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဗျသနတရားငါးပါးက ဘယ်သူ ဘယ်သူတွေတုံး (ဉာတဗျသန) အော်-ချပြီ၊ မင်းဖို့ ကြုံကြုံဖန်ဖန်ပြောတတ်တယ်။ မင်းဆွေတွေ မျိုးတွေ မင်းဒီလိုပဲ ဉာတလို့ ပြောတာလား၊ ဘာကွ ဉာတိမဟုတ်လား (ဉာတိဗျတ်သန ဘောဂဗျတ်သန ရောဂဗျတ်သန သီလဗျတ်သန ဒိဋ္ဌိဗျတ်သန ဆရာ) ဗျတ်သနချည်းနေဟုတ်လား။ မပြင်နဲ့မပြင်နဲ့၊ ဉာတိဗျသနဆိုတော့ ဘာခေါ်တာတုံး မြန်မာလိုတော့ (ဆွေမျိုးသားချင်း ပျက်စီးခြင်းပါဆရာ)၊ ဘောဂဗျသနဆိုတာ ဘာခေါ်တာတုံး (စီးပွားဥစ္စာ ပျက်စီးတာပါဆရာ)၊ ရောဂါဗျသနဆိုတာ ဘာခေါ်တာတုံး (ရောဂါ

http://www.dhammadownload.com



ဖိနှိပ်ပျက်စီးတာပါဆရာ)၊ ရောဂါဖိနှိပ်စက်တာလား (မှန်ပါတယ်ဆရာ)၊ သီလဗျသန ဆိုတာ ဘာ ခေါ်တာတုံး (သီလပျက်စီးတာပါဆရာ)၊ ဒိဋ္ဌိဗျသနဆိုတာ ဘာခေါ်တုံး (အယူအားဖြင့် ပျက်စီးတာ ပါဆရာ)၊ အေး-ဟုတ်ပြီ၊ အယူအားဖြင့် ပျက်စီးတာဆိုတာ ဘယ်အယူကနေ ဘယ်အယူပြောင်းတာတုံး (သမ္မာဒိဋ္ဌိ အယူကနေပြီးတော့ မိစ္ဆာဒိဋ္ဌိအယူ ယူသွားတာပါဆရာ)၊ အေး-သမ္မာဒိဋ္ဌိအယူကနေ မိစ္ဆာဒိဋ္ဌိ အယူယူသွားတာ။ အဓိပ္ပါယ် ဗုဒ္ဓဘာသာယုံကြည်တဲ့လူတစ်ယောက်က ခရစ်ယာန်ထဲ ဝင်သွား တယ်ဆိုပါတော့ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ခရစ်ယာန်ထဲ နေတဲ့လူက ဗုဒ္ဓဘာသာ ပြောင်းလာလို့ရှိရင် ဒါဒိဋ္ဌိဗျသန ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ အယူပြောင်းလို့ ပျက်စီးတယ် ဆိုတာလည်းပဲ ယူတတ်ရသေး။ နဂိုက မိစ္ဆာဒိဋ္ဌိ နောက်သမ္မာဒိဋ္ဌိထဲ ပြောင်းလာတော့ ဒါ ဒိဋ္ဌိဗျသန မဟုတ်။ နဂိုက သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိစွန့်လွှတ်ပြီးတော့ မိစ္ဆာဒိဋ္ဌိထဲ ဝင်သွားရင် ဒါမှ ဒိဋ္ဌိဗျသန ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ဗျသနတရား ငါးပါးနဲ့တွေ့ပြီဆိုမှဖြင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါး ပေါ်လာ ဖြစ်ကရော့ မဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)။

ဒါကြောင့် လူသေလို့ တွေ့ကြုံလာတဲ့ သောကအစရှိတဲ့တရားငါးပါး အရင်တွေ့။ ဉာတိဗျသန ဆွေမျိုးဉာတိအရင်းအချာ တစ်စုံတစ်ယောက် ပျက်စီးပြီဆိုမှဖြင့် ဒီတရားငါးပါးဟာ ရှောင်ရှားလို့ မရပါဘဲလို့ ဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)၊ အေး-သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးရဲ့ တရားကိုယ်လေးတွေ ကောက်တော့ သောကရဲ့ တရားကိုယ်က ဘာကောက် ဒေါမနဿ ဝေဒနာ (ဒေါမနဿဝေဒနာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ "သောပနာယံ အတ္ထတော ဒေါမနဿဝေဒနာ ဟောတိ"။ ဒါပေမယ့် ဒီနေရာမှာ ဋီကာဆရာကတော့ "သောကောတိ ဒေါသော" လို့ ဒီလိုဖွင့်ထားတော့ သောကဟာ ဒေါသလို့ ကောက်ပါ ဒီလိုဖြစ်မနေဘူးလား (ဖြစ်နေပါတယ် ဆရာ)၊ အဲဒါ ဋီကာဆိုထားတဲ့စကားနဲ့ အဋ္ဌကထာဆိုထားတဲ့စကား နည်းနည်းလေး သီကာရီကာလေး ကွာနေ။ ဋီကာဆရာကတော့ ဒေါသကောက်။ အဋ္ဌကထာဆရာကြီးကတော့ ဒေါမနဿဝေဒနာ ကောက် နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဒီဒေါသကကို မထွက်ပါဘူး။ အတူတူတော့ အတူတူပါပဲ မထူးပါဘူး နော် (မှန်ပါတယ်ဆရာ)၊ သီကာရီကာလေး ကွာနေ။ ဒါကြောင့် သောကရဲ့တရားကိုယ် ကောက်တော့ ဒေါမနဿဝေဒနာကောက်၊ စိတ်၌ ပင်ပန်းဆင်းရဲစွာ ခံစားရတယ်၊ ဒါကြောင့် ဒေါမနဿဝေဒနာဆိုတဲ့ ရိုးရိုးဝေဒနာမဟုတ်ဘူး၊ ဒေါမနဿဝေဒနာရဲ့အထူးကို ဆို၏။ ဘာပြုလို့တုံးတဲ့၊ သူက "အန္တောနိဇ္ဈာနလက္ခဏော"လို့ ဆိုထားတာ၊ အဇ္ဈတ္တသန္တာန်အတွင်းမှာ ခြောက်သွေ့ပူလောင်

http://www.dhammadownload.com



တတ်တဲ့သတ္တိ ရှိတယ် နော် (မှန်ပါတယ်ဆရာ)၊ ရင်ထဲပူလို့ တစ်ခါတည်း ဉာတိဗျသန ပျက်စီးတဲ့ပုဂ္ဂိုလ် တွေ့လိမ့်မယ်။ ရင်ထဲမီးလောင်နေ မလောင်ဖူးလား (လောင်ပါတယ်ဆရာ)။

ဒါကြောင့် အတွင်းမှာ ခြောက်သွေ့နေတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ သောက၊ နောက်ဒုတိယနံပါတ်နှစ် ပရိဒေဝကျတော့ ချွတ်ချွတ်ချော်ချော် အော်ဟစ်မြည်တမ်း၍ ငိုကြွေးခြင်း၊ ပျက်စီးသောပုဂ္ဂိုလ်၏ ဂုဏ်သတင်းကို ပြောကြား၍ ငိုကြွေးခြင်း၊ မပီမသအားဖြင့် ပြောဆို၍ ငိုကြွေးခြင်းတဲ့။ သူကျတော့ တရားကိုယ် ဘာကောက်လဲ။ သူက ဝိပ္ပလ္လာသ စိတ္တဇသဒ္ဒရုပ် ကောက်တယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အသံဆိုတော့ ဘာရုပ်တုံးဟ (သဒ္ဒရုပ်ပါဆရာ)၊ သဒ္ဒရုပ်၊ သဒ္ဒရုပ်က ဘယ်နှစ်မျိုးရှိ မမှတ်မိဘူး။ ဥတုကြောင့်ဖြစ်တဲ့ သဒ္ဒရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ သဒ္ဒရုပ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သစ်ပင်တွေ ဘာတွေ တိုးသံ ခိုက်သံ တိုက်သံ လေတိုးသံတွေ ဘာတွေ အသံမပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ သဘော်ဥသြသံတို့ မော်တော်ကားသံတို့ ဒီအသံ တွေက ဘာတုံး (ဥတုဇရုပ်ပါဆရာ)၊ အေး-ဥတုဇသဒ္ဒရုပ်၊ သဒ္ဒတော့ သဒ္ဒ မဟုတ်လား (သဒ္ဒပါပဲဆရာ)၊ ဥတုဇသဒ္ဒရုပ်၊ စိတ်ကြောင့်ဖြစ်လာတဲ့ သဒ္ဒကျတော့ စိတ္တဇသဒ္ဒခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ ဒါဖြင့် အခု ပရိဒေဝ ငိုကြွေးပူဆွေး အော်ဟစ်ပြီးတော့ မြည်တမ်းနေတယ်ဆိုတော့ စိတ္တဇသဒ္ဒရုပ် မဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် သူက ဖောက်ပြန်ပြီးတော့ ဖြစ်လာတဲ့ စိတ္တဇသဒ္ဒရုပ်တဲ့။ မပီမပြင်အားဖြင့် ဂုဏ်ကျေးဇူး ပြောကြား၍ အပြစ်ကိုလည်း ပြောကြား၍ အပြစ်ကိုသော်လည်းကောင်း, ဂုဏ်ကျေးဇူးကိုသော် လည်းကောင်း ထုတ်ဖော်ပြီးတော့ မပီမပြင်အားဖြင့် ချွတ်ချွတ်ချော်ချော် အော်ဟစ်၍ငိုကြွေးသော အခိပ္ပါယ်ကို ပရိဒေဝ ခေါ်၏။ တရားကိုယ် တရားသားကောက်တော့ ဝိပ္ပလ္လသ စိတ္တဇသဒ္ဒရုပ် နား လည်လား (နားလည်ပါတယ်ဆရာ)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဒုက္ခ၊ ဒုက္ခ-ကာယိကဒုက္ခ ကိုယ်၌ ပင်ပန်းဆင်းရဲခြင်းဆိုတဲ့ အကုသလဝိပါက် ကာယဝိညာဏ်ယှဉ်တဲ့ ဝေဒနာ နော် (မှန်ပါ တယ်ဆရာ)၊ ဝေဒနာစေတသိက်၊ ဒါဖြင့် ဒေါမနဿ၊ ဒေါမနဿက-စေတသိကဒုက္ခ စိတ်၌ ပင်ပန်း ဆင်းရဲခြင်းဟု ဆိုအပ်သော ဒေါသမူစိတ်မှာ ယှဉ်တဲ့ ဝေဒနာလို့ ဒီလိုကောက် နော် (မှန်ပါတယ် ဆရာ)၊ ဥပါယာသ၊ ဥပါယာသကြတော့ တိုက်ရိုက် ရှိုက်ကြီးတငင် ပင်ပန်း၍ ပူဆွေးခြင်းဆိုတော့ သူကတော့ ဒေါသတဲ့ နော် (မှန်ပါတယ်ဆရာ)၊ သူကြတော့ ဒေါသ၊ ဒေါသစိတ်ကောက် အကောက် ကလေးတွေ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အေး-မှတ်ထား မှတ်ထား၊ အဲဒါ တရားကိုယ် တရားသားကောက်နည်းလေး၊ ပြီးတော့မှ အဲဒီ တရားငါးပါးမှာ အဋ္ဌကထာဆရာ ဥပမာပြသွားတာက

http://www.dhammadownload.com



သောကရယ် ပရိဒေဝရယ် ဥပါယာသရယ် ဒီတရားသုံးပါးဟာတဲ့ ဒုက္ခနဲ့ ဒေါမနဿ ဖယ်ထားလိုက်။ သောကရယ် ပရိဒေဝရယ် ဥပါယာသရယ် ဒီတရားသုံးပါးက ဘာနဲ့တူသလဲဆိုတော့ ဆီအိုးထဲမှာ ဆီထည့်ချက်သလိုပဲနော် (မှန်ပါတယ်ဆရာ)၊ ပထမ မီးနွေးနွေးနဲ့ချက်တော့ ဒယ်ထဲမှာရှိတဲ့ဆီက ဒယ် အတွင်းမှာသာလျှင် ပူလောင်ပြီးတော့ အမြဲဆူပွက်နေသလို ဒီလိုအနေမျိုးက သောကနှင့် တူတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ "အန္တောနိဇ္ဈာယနလက္ခဏော"ကို အတွင်းမှာ ခြောက်သွေ့ပူလောင် ခြောက် သွေ့ခြင်းလက္ခဏာရှိတယ် ဆိုထားတော့ ဆီအိုးထဲမှာ မီးနည်းနည်းလေးထိုးထားတော့ ဆီအိုးထဲတွင် ဆီက ပွက်ပြီးတော့ ပူလောင်ပြီး ကျက်နေသလိုပဲတဲ့။ သောကနဲ့မတူဘူးလား (တူပါတယ်ဆရာ)၊

ပရိဒေဝကြတော့ ဘာခေါ်လဲ ပရိဒေဝကြတော့ မီးပြင်းပြင်းထိုးလိုက်တယ်ဆိုရင် ဆီအိုး ဝေမကျဘူးလား (ဝေကျပါတယ်ဆရာ)၊ အေး-မီးပြင်းပြင်းထိုးတော့ ဆီအိုးကြီးဝေလျှံ ကျသလိုပဲတဲ့။ ပရိဒေဝကြတော့ အန်ထွက်။ ဒါကြောင့် သူ့ပါးစပ်က နှုတ်က ဝမ်းထဲတွင် မမျိုသိပ်နိုင်တော့ နှုတ်က ထုတ်ဖော်ပြီးတော့ အော်ဟစ်လာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပရိဒေဝ ဆီအိုးမီးပြင်းပြင်း ထိုးလို့ ဆီအိုးဝေလျှံ ပြီးတော့ ဆီပွက်ပြီးကျသလိုပဲတဲ့။ ဒါ ပရိဒေဝနဲ့ တူတယ်တဲ့။ ဥပါယာသကြတော့ ဝေကျတဲ့ နောက်ပိုင်းမှာ ဒယ်အိုးထဲ ကျန်ရစ်ခဲ့တဲ့ဆီဟာ အိုးတွင်းသာလျှင် အလိုလို ပူလောင်ပြီးတော့ ခမ်းခြောက်သွားသလိုပဲတဲ့။ ဥပါယာသတရား နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီတရားငါးပါးများ အင်မတန်မှဆိုးတယ်။ ဉာတိဗျသနကြောင့် ဖြစ်ပေါ်လာတဲ့ ပရိဒေဝတရားဆိုတာ မသိမ်းဆည်း နိုင်ဘူးတဲ့။ ဘုရားလက်ထက်တော်က သောတာပန်ဒါယိကာမကြီး ဆိုတဲ့ ဝိသာခါကျောင်း အစ်မကြီး များတောင် မြေးသေတော့ မနေနိုင် မထိုင်နိုင်ဖြစ်ပြီးတော့ ပရိဒေဝ မီးတောက်လို့ ဘုရားထံ ပြေးရှာရတယ်နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သောကမီး ပရိဒေဝမီး ဒုက္ခမီး ဒေါမနဿမီး ဥပါယာသမီး လို့ မီးဆယ့်တစ်ပါးထဲမှာ ငါးပါးအရေအတွက် ပါ, ပါတယ်လို့နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မီးဆယ့်တစ်ပါးနဲ့ အမြဲဖြစ်ရာဘဝမှာ တဟုန်းဟုန်း တဒီးဒီးနဲ့ လောင်းကျွမ်းနေတဲ့ ပုဂ္ဂိုလ်စုမှာ ဘဝစက်ကြီး ဆက်စပ်တဲ့နေရာကြတော့ "ဇာတိပစ္စယာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသပစ္စယာ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ"လို့။ ဒါကြောင့် သောကနှင့်တကွ ငါးပါးသော တရားကို သံသရာစက် အဆက်မပြတ်လည်တဲ့ အခါကြတော့ ထည့်သွင်း၍ လည်ရပါ၏။

"ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ" ဇာတိတည်းဟူသော အကြောင်းကြောင့်။ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ

http://www.dhammadownload.com



အကျိုးတရား ခုနစ်ပါး နော် (မှန်ပါတယ်ဘုရား)၊ အကျိုးတရား ခုနစ်ပါးထဲမှာ ဇာတိရဲ့ မုချအကျိုးက ဘယ်သူတုံး (ဇရာနဲ့မရဏ ပါဘုရား)၊ ဇာတိရယ်လို့ ရလာရင် ဇရာတည်းဟူသော တရားနဲ့ မရဏ တည်းဟူသော တရားက ရှောင်လွဲလို့ မရဘူးတဲ့။ ဇာတိဖြစ်တဲ့ ပုဂ္ဂိုလ်မှန်မှန်သမျှ ဇရာတရားနဲ့ မရဏတရား ရှောင်လွဲလို့ မရဘူး။ ဒါကြောင့် ဇာတိရဲ့မုချအကျိုးတရား အနေအားဖြင့် အင်္ဂါဆယ့်နှစ်ပါး သွင်းပြီးတော့ ရေတွက်။ ဒါပေမယ့်လို့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးနဲ့ဘဝသံသရာ အဆက်မပြတ် လည်တဲ့အခါကြ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါး တိုးလာတယ် နော် (မှန်ပါတယ်ဘုရား)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သံသရာစက် အဆက်မပြတ် လည်တဲ့အခါကြ ပါလာတယ်တဲ့။ ဒါ မနေ့ညက ရှင်းပြတဲ့အတိုင်း ဒါဖြင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါးနဲ့ တွေ့တတ်တာ ဘယ်လိုပုဂ္ဂိုလ်များ တွေ့တတ်သလဲ ဆိုတော့ ဗျသနတရားငါးပါးနဲ့ ကြုံတဲ့ပုဂ္ဂိုလ်များ တွေ့တတ်တယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဘုရား)၊ ဗျသနတရားငါးပါးဆိုတာ ဘယ်သူတုံး (ဉာတိဗျသန ဘောဂဗျသန ရောဂဗျသန သီလဗျသန ဒိဋ္ဌိဗျသန ပါဘုရား)။

အေး-ဟုတ်ပြီ၊ ဗျသနတရားငါးပါး၊ ဗျသနဆိုတာ ဘာခေါ် (ပျက်စီးခြင်း ဟောတာပါဘုရား)၊ ပျက်စီးခြင်းဟော၊ ပျက်စီးခြင်း ခေါ်တယ် နော် (မှန်ပါတယ်ဘုရား)၊ ဉာတိဗျသန ဆိုတာ ဘာပျက်စီး တာတုံး(ဆွေမျိုးဉာတိပျက်စီးတာပါဘုရား)၊ ဘောဂဗျသနဆိုတာ ဘာခေါ်တာတုံး ( စီးပွားရေး ပျက်စီး တာပါဘုရား)၊ ရောဂဗျသနဆိုတာ ဘာခေါ်တာတုံး (ရောဂါနှိပ်စက်ပျက်စီးတာပါဘုရား)၊ သီလဗျသန ဆိုတာ ဘာခေါ်တာတုံး (သီလပျက်စီးတာပါဘုရား)၊ ဒိဋ္ဌိဗျသန ဘာခေါ်တာတုံး (အယူအားဖြင့် ပျက်စီးတာပါဘုရား)၊ အဲဒီ ဗျသနတရား ငါးပါးနဲ့ ကြုံတဲ့၊ တွေ့တဲ့ပုဂ္ဂိုလ်ကြတော့ သောကလည်း ဖြစ် တယ်တဲ့၊ ပရိဒေဝလည်း ဖြစ်တယ်တဲ့၊ ဒုက္ခလည်းဖြစ်တယ်တဲ့၊ ဒေါမနဿလည်း ဖြစ်တယ်တဲ့၊ ဥပါယာသလည်း ဖြစ်တယ်တဲ့ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဘုရား)၊ သောကဆိုတာ ဘာခေါ် စိုးရိမ်ခြင်း (စိုးရိမ်ခြင်းပါဘုရား)၊ တရားကိုယ်ကောက်တော့ ဘာရ (ဒေါမနဿဝေဒနာပါဘုရား)၊ ဒေါမနဿ ဝေဒနာလို့၊ ပရိဒေဝဆိုတာ ဘာခေါ်တာတုံး (ပူဆွေးငိုကြွေးတာပါဘုရား)၊ ပူဆွေးငိုကြွေးတာလို့နော် (မှန်ပါတယ်ဘုရား)၊ တရားကိုယ်ကောက်တော့ ဘာရ (စိတ်ထဲ၌ ဆင်းရဲတာပါဘုရား)၊ ဟောဗျာ ချတာပဲ ဝိပ္ပလ္လာသ စိတ္တဇသဒ္ဒရုပ်၊ ဘယ့်နဲ့ ပါးစပ်အော်ဟစ်ငိုနေတာ ဒါ စိတ်၌ဆင်းရဲတာလားဟ။

ပရိဒေဝဆိုတာ ငိုကြွေးတာ မဟုတ်လား (မှန်ပါတယ်ဘုရား)၊ လူသေလို့ ငိုတဲ့အခါကြတော့ အဲဒီလို ငိုကြွေးတာ ပရိဒေဝလို့ ခေါ်တယ် နော် (မှန်ပါတယ်ဘုရား)၊ မပီမပြင် ချွတ်ချွတ်ချော်ချော်နဲ့

http://www.dhammadownload.com



အော်၍ငိုကြွေးခြင်း၊ ပျက်စီးသူရဲ့ ဂုဏ်စကားကို ပြောကြား၍ ငိုကြွေးခြင်း ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ပရိဒေဝမှာ တရားကိုယ် တရားသားကောက်တော့ ဝိပ္ပလ္လာသ စိတ္တဇ သဒ္ဒရုပ်။ ဝိပ္ပလ္လာသဆိုတာ ဖောက်လွှဲဖောက်ပြန် မမှန်တာ၊ ကျေနပ်ဟန် သိပ်မတူဘူး။ နောက်ပိုင်းကြတော့ တဖြည်းဖြည်း ကျဲကျဲ ကျဲကျဲလာတော့ စိတ်ကမကျေနပ်ဘူး။ တို့က မဟုတ်ပါဘူး လေါ်ကြီးက ပြောတာပါ၊ ဝိပ္ပလ္လာသ စိတ္တဇသဒ္ဒရုပ် နော် (မှန်ပါတယ်ဆရာ)၊ ဝိပ္ပလ္လာသက ဖောက်လွှဲဖောက်ပြန် မမှန်တာပေါ့ (မှန်ပါတယ်ဆရာ)၊ စိတ္တဇသဒ္ဒရုပ်ဆိုတာ ဘာခေါ် တာတုံး (အသံရုပ်ပါဆရာ)၊ ဘာကြောင့်ဖြစ်တဲ့ အသံရုပ်တုံး (စိတ်၌ဖြစ်တဲ့ အသံရုပ်ပါဆရာ)၊ စိတ်ကြောင့်လို့ ပြောရတယ်။ (စိတ်ကြောင့်ဖြစ်တဲ့ အသံရုပ်ပါဆရာ)၊ အသံရုပ်က ဘယ်နှစ်မျိုးရှိ (နှစ်မျိုးပါဆရာ)၊ ဘယ်သူဘယ်သူတွေတုံး (ဥတုဇရုပ်နဲ့ သဒ္ဒရုပ်ပါဆရာ)၊ ဘာပြောရမှန်း မသိဘူး၊ ကြာရင်တော့ တစ်ခုခုတော့ ဒုက္ခအကြီးစားပါကွာ၊ ဥတုဇသဒ္ဒရုပ်နဲ့ စိတ္တဇသဒ္ဒရုပ် ဒီလို လုပ်ပါဟ၊ သဒ္ဒ,က အသံခေါ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အသံဟာ ဘယ်နှစ်မျိုးရှိလဲ (နှစ်မျိုးပါဆရာ)၊ ဘယ်သူဘယ်သူတုံး၊ (ဥတုဇသဒ္ဒရုပ်နဲ့စိတ္တဇသဒ္ဒရုပ်ပါဆရာ)။

ဥတုဇသဒ္ဒရုပ် ဆိုတာ ဘာခေါ် တာတုံး (သစ်ပင် ဝါးပင် ပြောတာပါဆရာ)၊ ဟောဗျာ ဟင်းဟင်း ဘယ်ဟုတ်မလဲ၊ ရုံးပဒေပင်ပြောတာဟ။ ဟင်းဟင်း - မိုက်လည်း မိုက်တဲ့အကောင် ဥတုကြောင့်ဖြစ်တဲ့အသံ မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ သဘော်ဥသြသံတို့ မော်တော်ကားသံတို့ ကြေးစည်သံတို့ အဓိပ္ပါယ်အားဖြင့် သစ်ပင်လှုပ်သံတို့ သစ်ကိုင်းမြည်သံတို့ အဝိညာဏက-အသက်မဲ့တဲ့ အရာဝတ္ထုတွေက အသံတွေမြည်မြည်နေတာ ဥတုဇသဒ္ဒ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဥတုကြောင့်ဖြစ်တဲ့ အသံမဟုတ်လား (မှန်ပါတယ်ဆရာ)၊ သဝိညာဏက-အသက်ရှိတဲ့ ထင်ရှားရှိတဲ့ သတ္တဝါတွေ ပါးစပ်ကမြည်လာတဲ့ အသံကြတော့ ဘာခေါ် တယ် (စိတ္တဇရုပ်ပါဆရာ)၊ စိတ္တဇသဒ္ဒရုပ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် ပရိဒေဝ ပူဆွေးငိုကြွေးခြင်း၊ ပရိဒေဝမီးတောက်တော့ ရင်ပတ်စည်တီးပြီးတော့ အော်ဟစ်လူးလှိမ့် မငိုဖူးလား (ငိုပါတယ်ဆရာ)၊ မပြီမပြင် ငိုကြွေးခြင်းတဲ့၊ ချွတ်ချွတ်ချော်ချော် ငိုကြွေးခြင်းတဲ့၊ သေသူ၏ ဂုဏ်ကျေးဇူး ပြောကြား၍ ငိုကြွေးခြင်း၊ သေသူ၏ အပြစ်ကို ဖော်၍ ငိုကြွေးခြင်း၊ သေလို့ ပရိဒေဝမီးတောက်တာပေမယ့် ငိုခြင်းနှစ်မျိုး၊ ဂုဏ်ကျေးဇူး ဖော်ပြီးတော့ ငိုတာရှိတယ်၊ အပြစ်ပြောပြပြီး ငိုတာရှိတယ်၊ သွားရော့ဟဲ့ လူမိုက်ကြီးရဲ့လေး ဆိုတာ ရှိသေးတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကြားဖူးလား (ကြားဖူးပါတယ်ဆရာ)၊ အပြစ်ကို ဖော်၍ ငိုကြွေးခြင်း၊ ဂုဏ်ကျေးဇူးကိုပြော၍ ငိုကြွေးခြင်း ဒီလို ငိုကြွေးလာတဲ့ အခါကြရင် ရိုးရိုးငိုတာနဲ့

http://www.dhammadownload.com



တူသေးရဲ့လား (မတူပါဘူးဆရာ)၊ အသံက ပီသသေးရဲ့လား (မပီသပါဘူးဆရာ)၊ မပီမပြင်လို့ ချွတ်ချွတ်ချော်ချော် အားဖြင့် အော်၍ငိုကြွေးခြင်း ဒါပရိဒေဝ ခေါ်တယ်။ ဒီတော့ ဒီအသံတွေချည်း ကောက်မထားဘူးလားဟ (ကောက်ထားပါတယ်ဆရာ)၊ ဒီအသံတွေ ဘာသံလဲလို့ မေးတော့ ဝိပ္ပလ္လာသစိတ္တဇသဒ္ဒရုပ်၊ ဒီငါးခုလေး တရားကိုယ်လေးတွေ သေချာမှတ်ထား။ ဝိပ္ပလ္လာသ စိတ္တဇသဒ္ဒရုပ် နော် (မှန်ပါတယ်ဆရာ)။

ဒါ ပရိဒေဝပြီးရော၊ ပြီးတော့မှ ဒုက္ခ၊ ဒုက္ခဆိုတာ ဘာဒုက္ခတုံးတဲ့၊ ဒုက္ခနှစ်မျိုးရှိ၊ စိတ်ဆင်းရဲတာလည်း ဒုက္ခ၊ ကိုယ်ဆင်းရဲတာလည်း ဒုက္ခ၊ အဲဒီဒုက္ခ ကိုယ်ဆင်းရဲတယ် ကာယိကဒုက္ခဟု ဆိုအပ်သော အကုသလဝိပါက် ကာယဝိညာဏ်နဲ့ ယှဉ်တဲ့ ဝေဒနာစေတသိက် နော် (မှန်ပါတယ်ဆရာ)၊ သူကလည်း ဝေဒနာကောက်ထားတာ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ဒေါမနဿ၊ ဒေါမနဿကော ဘာတုံး၊ စေတသိကဒုက္ခဟု ဆိုအပ်သော ဒေါသမူစိတ်၌ ယှဉ်တဲ့ ဝေဒနာစေတသိက် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပြီးတော့မှ ဥပါယာသ၊ ဥပါယာသကြတော့ ရှိုက်ကြီးတငင် ပင်ပန်းစွာ ပူဆွေးခြင်း နော် (မှန်ပါတယ်ဆရာ)၊ သူကြတော့ ဘာကောက်လဲဆိုတော့ ဒေါသစိတ် နော် (မှန်ပါတယ်ဆရာ)၊ တရားကိုယ် ကောက်တာလေးတွေ မှတ်ထား။ ဒီတော့ ပြန်ကြည့်၊ သောက၊ သောကတော့ မနေ့ညက ငါပြောသလိုပဲ သောက၊ ဋီကာဆရာက "သောကောတိ ဒေါသော"လို့ ဖွင့်ထားတော့ သောကကို ဒေါသလို့လည်း အချို့ကောက်ကြ၏ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် သမ္မောဟ ဝိနောဒနီအဋ္ဌကထာဆရာကတော့ သောက ဒေါမနဿဝေဒနာလို့ ကောက်ထားတယ်။

ဒါကြောင့် "သောပနာယံ အတ္ထတော ဒေါမနဿဝေဒနာ ဟောတိ။ အန္တောနိဇ္ဈာနလက္ခဏော" လို့ သော ပနာယံ သော ပန အယံ သောကော၊ ဤသောကသည်။ အတ္ထတော၊ တရားကိုယ်အားဖြင့်။ ဒေါမနဿဝေဒနာ၊ ဒေါမနဿဝေဒနာသည်။ ဟောတိ၊ ဖြစ်၏၊ သာ၊ ထိုဒေါမနဿဝေဒနာသည်။ အန္တောနိဇ္ဈာနလက္ခဏော၊ အတွင်း၌ ပူလောင်ခြောက်သွေ့သော လက္ခဏာရှိ၏။ အတွင်းမှာ ပူလောင် ခြောက်သွေ့ သောက စိုးရိမ်မကင်းကြောင့်ကြခြင်း နားလည်လား (နားလည်ပါတယ်ဆရာ)၊ သောက တရားကိုယ် ဒေါမနဿဝေဒနာလို့။ ဒါပေမယ့် ဋီကာဆရာကတော့ သောက ဒေါသလို့ ကောက်၏။ "သောကောတိ ဒေါသော"လို့ တော်တော်ဆန်းတယ်ကွနော်၊ ဆွေမျိုးဉာတိ တစ်စုံတစ်ဦး ပျက်စီး သွားပြီဆို မှဖြင့် ရင်ပတ်စည်တီး မြေကြီးလူးလှိမ့် အပူတပြင်းအားဖြင့် ငိုကြွေးတယ်ဆိုတော့ မေတ္တာ လိုလို၊ ကရုဏာလိုလို ဒီလို မထင်ဘူးလား (ထင်ပါတယ်ဆရာ)။ သေချာတရားကိုယ် ကောက်တော့ မေတ္တာ ကရုဏာ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)၊ ဘာတုံး (ဒေါမနဿဝေဒနာပါဆရာ)၊ ဟော

http://www.dhammadownload.com



ဒေါမနဿဝေဒနာ နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ဆိုးတယ်တဲ့၊ တစ်ပြစ်ပေါ် နှစ်ပြစ်ထပ်ရောက် အင်မတန် ဆိုးတဲ့တရား၊ ငိုတာ ကြွေးတာ ရှတ်တရက် ကြည့်တော့ သေသူလွမ်းဆွတ်လို့ ကြေကွဲလို့ သနားလို့ ချစ်လို့ ခင်လို့ ဒီလို ဆိုတော့ ဒီလိုကြောင့် ငိုရပါတယ်ဆိုတော့ မေတ္တာလိုလို ကရုဏာလိုလို ဒီလို ထင်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ မေတ္တာကရုဏာဖြင့်လဲ ငိုနိုင်လေ ကောင်းလေပေါ့။

အခုတော့ ဒီလို မဟုတ်ဘူးတဲ့။ အမှန်ကတော့ ဒေါမနဿဝေဒနာပဲ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ဒါ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးသည် ဆွေမျိုးဉာတိ ပျက်စီးသောပုဂ္ဂိုလ် တွေ့တတ်၏ ဉာတိဗျသန၊ ဥစ္စာပစ္စည်း ပျက်စီးသောပုဂ္ဂိုလ် တွေ့တတ်၏ ဘောဂဗျသန၊ ကိုးဆယ်ခြောက်ပါး ရောဂါဝေဒနာ ဖိစီးနှိပ်စက် အလူးအလဲခံရသော ပုဂ္ဂိုလ် တွေ့တတ်၏ ရောဂဗျသန၊ မိမိအင်မတန် စင်ကြယ်သန့်ရှင်းသော သီလမှ ချို့ယွင်းပျက်ပြားသော ပုဂ္ဂိုလ် တွေ့တတ်၏ သီလဗျသန၊ မိမိသမ္မာဒိဋ္ဌိ အယူဖြူစင်သောဘဝက နေပြီးတော့ မိစ္ဆာဒိဋ္ဌိ မှားသောအယူ ပြောင်းရွှေ့သွားသော ပုဂ္ဂိုလ်များ တွေ့တတ်၏။ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲသလိုမှ တွေ့တတ်တယ်တဲ့။ ဒါပဋ္ဌိစ္စသမုပ္ပါဒ် ဝွင်းဆက်အနေအားဖြင့် လည်ပုံပြနေတာ။

ဒါဖြင့်ရင် ဇာတိပစ္စယာ၊ ဇာတိတည်းဟူသော အကြောင်းကြောင့်။ အကျိုးတရားတွေ ဘယ်နှစ်ပါး ထွက်၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားတွေ ပေါ်လာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တရားတွေနဲ့ တွေ့တဲ့ ပုဂ္ဂိုလ်ကြ ဘာဖြစ်မလဲလို့ မေးစရာရှိ။ ဒီတရားငါးပါးနဲ့ တွေ့ပြီဆိုမှဖြင့် အာသဝေါတရားလေးပါး ဘက် တစ်ပါးပါးလှည့်ဝင်ယိုစီးလာရော့တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါး ဖြစ်ပြီဆိုမှဖြင့် ဒီပုဂ္ဂိုလ် အာသဝေါတရားလေးပါး တစ်ပါးပါး ဘက် ယိုစီးလာရော့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အာသဝေါ တရားလေးပါးဆိုတာ သိလား (မသိပါဘူး ဆရာ)၊ ဘယ်တုံးက မှတ်ထား၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ နော် (မှန်ပါတယ်ဆရာ)၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ အာသဝ-ယိုစီးတာ ခေါ်တယ်။ အာသဝေါတရား လေးပါးလို့ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ ဩဃလည်း ဒီအတိုင်းပဲ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ အတူတူပဲ အာသဝနဲ့၊ ဒါတွေ ပယ်အပ်တဲ့တရားတွေ ခေါ်တယ်။ အာသဝေါတို့ ဩဃတို့ ယောဂတို့ နီဝရဏတို့ သံယောဇဉ်တို့ ကိလေသာတို့ ဒါပယ်အပ်တဲ့ တရားတွေ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ သတ္တဝါတွေ ပုထုဇဉ်တွေသန္တာန်မှာ ဩဃ ယောဂ သံယောဇဉ် နီဝရဏ ကိလေသာ ဆိုတဲ့ တရားတွေက သီးခြားစီရှိနေလို့ သူ့အမည်လေးနဲ့သူ

http://www.dhammadownload.com



သတ်မှတ်ပြီးတော့ ခေါ်ထားကြ။ ဒီတရားတွေက ပယ်အပ်သတ်အပ်တဲ့ တရားတွေပဲလို့။ ဒီတရားတွေ ရင်ထဲရှိနေရင် ဘယ်တော့မှ တရားရတယ် မခေါ်ဘူး။

ဒါကြောင့် ဒီတရားတွေ တစ်စတစ်စနဲ့ တစ်လုံးပြီးတစ်လုံး တစ်လုံးပြီးတစ်လုံး ချုပ်ပျက်ပြုန်းတီး ကုန်အောင်ဆိုပြီးတော့ တရားကို အားထုတ်တယ်။ တရားပွားများတယ်၊ တရားလေ့လာတယ် ခေါ်တယ်။ ဒီလိုတရားကြိုးစား ပွားများအားထုတ် အလုပ်လုပ်မှ ပယ်သင့်ပယ်အပ်သော တရားတွေက တစ်စတစ်စနဲ့ ပယ်ပယ် ပယ်ပယ်သွားတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးနဲ့ တွေ့ပြီးလားဆိုမှဖြင့် ဒီပုဂ္ဂိုလ်ဟာတဲ့ အာသဝေါတရားလေးပါး တစ်ပါးပါးဖြစ်ပါရော့ နော် (မှန်ပါတယ်ဆရာ)၊ အာသဝေါတရား လေးပါး တစ်ပါးပါးဖြစ်ပါရော့တဲ့။ အာသဝေါတရားလေးပါးက ဘယ်သူလဲဆိုတော့ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ၊ ဘယ်သူ ဘယ်သူတွေတုံး (ကာမာသဝ ဒိဋ္ဌာသဝ ဘဝါသဝ အဝိဇ္ဇာသဝပါ ဆရာ)၊ အေး-ဟုတ်ပြီ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ နော် (မှန်ပါတယ်ဆရာ)၊ အာသဝဆိုတာ ဘာခေါ်တုံး (အာသဝေါ တရားလေးပါးပါဆရာ)၊ ဟုတ်ပါပြီ။ အာသဝဆိုတာ ဘာခေါ်တုံး (ကာမာသဝ) ဟော ဘဝါသဝ (ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝပါဆရာ)၊ အာသဝဆိုတာ ဘာခေါ်တုံး၊ ကာမာသဝ ဘဝါသဝ လျှောက်ရေကွာ။ အာသဝဆိုတာ ဘာခေါ်တုံး ယိုစီးတာ နားလည်လား (နားလည်ပါတယ် ဆရာ)၊ ကာမာသဝဆိုတော့ ကာမ,က ငါးဖြာအာရုံ ကာမဂုဏ် ခေါ်တယ်။ အာသဝ,က ယိုစီးတာ၊ ပေါင်းလိုက်တော့ ဘာခေါ် (ကာမ၌ ယိုစီးခြင်းပါဆရာ)၊ ကာမ၌ ယိုစီးခြင်း ထူးလည်း ထူးပါ့ကွာ။ သမားတော်တွေပါတောင် ယိုစီးလိမ့်မယ်။ ငါးဖြာအာရုံ ကာမဂုဏ် တရားဘက်သို့ ယိုစီးခြင်း ဘာခေါ်တယ် (ငါးဖြာအာရုံ ကာမဂုဏ်ဘက်သို့ ယိုစီးခြင်းပါ ဆရာ)၊ ဟုတ်ပြီ ကာမာသဝ နော် (မှန်ပါတယ်ဆရာ)၊ ဘဝါသဝ ဆိုတာက ဘဝဘက်သို့ ယိုစီးခြင်း နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒိဋ္ဌာသဝဆိုတာ အယူဘက်သို့ ယိုစီးခြင်းနော် (မှန်ပါတယ် ဆရာ)၊ အဝိဇ္ဇာသဝဆိုတာ မသိသောဘက်သို့ ယိုစီးခြင်း၊ ပြန်ပြောစမ်း ကာမာသဝဆိုတာ ဘယ်ယို စီးတာတုံး (ငါးဖြာအာရုံ ကာမဂုဏ် ယိုစီးတာပါဆရာ)၊ ငါးဖြာအာရုံ ကာမဂုဏ်ဘက်သို့ ယိုစီးခြင်း၊ ဘဝါသဝဆိုတာ ဘာခေါ်တုံး (ဘဝဘက်၌ ယိုစီးခြင်း ပါဆရာ)၊ ဒိဋ္ဌာသဝဆိုတာ ဘာခေါ်တုံး (အယူဘက်သို့ ယိုစီးခြင်းပါဆရာ)၊ အဝိဇ္ဇာသဝကကော (မသိသောဘက်သို့ ယိုစီးခြင်းပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါပြီဆရာ)။

http://www.dhammadownload.com



သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တရားငါးပါး ဖြစ်လာပြီဆိုမှဖြင့် မျက်လုံးက ပြာလာ၊ မှန်တာလည်း မဝေဖန်တတ်ဘူး၊ အကျိုးအပြစ်လည်း မစိစစ်တတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပါယ်ဆိုကြစို့ကွယ် - လူတစ်ယောက် ရုတ်တရက်အားဖြင့် ဇနီးသည် ဆုံးသွားတယ်၊ ပျက်စီးသွားတယ်၊ ယူကြုံးမရ ပရိဒေဝမီးတွေ တောက်ပြီးတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတွေ ဖြစ်ကရော့ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ ရင်တွင်းမှာ မမျိုသိပ်နိုင်ဘူးတဲ့။ စောစောက ပြောတဲ့ သောကမီးတွေ ပရိဒေဝမီးတွေ ဒုက္ခမီးတွေ ဒေါမနဿမီးတွေ ဥပါယာသမီးတွေက ဝိုင်းလောင်ကြတော့ မီးငါးပါးက ထပြီးတော့ ဟုန်းဟုန်းကြီးလောင်တော့ ထောက်ရာတည်ရာမရ ကြံရာမရ၊ ကြံရာမရတော့, သက်သာခွင့်နည်းနည်းလေးမှ မရတော့ သက်သာခွင့်ရှာတယ် နော် (မှန်ပါတယ်ဆရာ)၊ ပူလှချည်ရဲ့ ပူလှချည်ရဲ့၊ ဒီအပူ ဘယ်ပူနဲ့ မတူပါလားဟ၊ ပူလှချည်ရဲ့ ဖြေလို့ကလည်း မရဘဲကိုး နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ဖြေလို့ မရတော့ ဘယ့်နဲ့ဖြစ်လဲ နောက်မခံသာ မတတ်သာတော့ အဲ-အရက်သွားသောက်လိုက်ပါအုံး ချလိုက်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ သက်သာလိမ့်မယ် ထင်တာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ကြံမိကြံရာတဲ့၊ အရက်သွားသောက်တာ အေးပါတယ်။ မူးမူးနဲ့ ထိုးအိပ်နေ ဒီစိတ်တွေ ပျောက်သွားတာ, ပြေသွားတာ ကြံမိကြံရာ ထကြံ၊ အရက်သွား သောက်လိုက်ပါအုံးမယ်။ တချို့တော့လည်းပဲ ဖဲဝိုင်းတန်း သွားတာ၊ ဖဲကစားနေရတာ အေးတာပါပဲနော် (မှန်ပါတယ်ဆရာ)။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့မီးတွေ လောင်လာပြီဆိုမှဖြင့် ထောက်ရာတည်ရာ မရ၊ မဖြေနိုင် မဆည်နိုင်ဖြစ်လာတော့, ကြံရာမရ ဖြစ်လာတော့ ကြံမိကြံရာ ထအလုပ်လုပ်တယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်သွားရင်တော့ ကောင်းမှာပဲလို့ စိတ်ပြေလက်ပြေ၊ စိတ်ပျောက်လက်ပျောက်။ ဘာလုပ်ရရင် ကောင်းမှာပဲ၊ ဘယ်သွားရင် ကောင်းမှာပဲ၊ ဘယ်လိုနေရရင် ကောင်းမှာပဲ ကြံမလာဘူးလား (ကြံလာပါတယ်ဆရာ)၊ တွေ့ဖူး ကြုံဖူးတဲ့ ပုဂ္ဂိုလ်များ ပိုပြီးတော့ နားလည်၊ ကြံမိကြံရာ ထကြံတယ်တဲ့။ ဘယ်သွားရရင် ကောင်းမှာ၊ ဘာစားရရင် ကောင်းမှာ၊ ဘာသောက်ရရင် ကောင်းမှာ၊ ဘယ်လိုနေရရင် ကောင်းမှာ၊ ဘာကစားရရင်ကောင်းမှာ ဆိုတဲ့ သဘောက အဲဒါဟာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးနဲ့တွေ့တော့ ကာမာသဝဘက် ယိုစီးလာတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ သူစိတ်သက်သာရာ ရရာရကြောင်း ကြံဖန်ပြီးတော့ စဉ်းစားလာ၊ ဒါကာမာသဝဘက် ယိုစီးလာတာနော်။

http://www.dhammadownload.com



တချို့လည်း ဘဝါသဝဘက်၊ ဘဝါသဝဘက် ဆိုတာက ဒီဘဝမျိုးထက် နေရခြင်းဟာ တယ်ဆိုးတာ၊ ဘယ်ဘဝမျိုးနေရခြင်းဟာ ပိုကောင်းမှာပဲ၊ ဒီအဖြစ်မျိုးနဲ့နေခြင်းဟာ သိပ်ဆိုးတာပဲ ငါသည်းမခံနိုင်ဘူး၊ ဘယ်အဖြစ်မျိုးနဲ့နေရရင် သိပ်ကောင်းမှာပဲလို့ ဘဝအားဖြင့် စဉ်းစား နော် (မှန်ပါ တယ်ဆရာ)၊ အဲဒါ ဘဝါသဝ ခေါ်တယ်။ ဒိဋ္ဌာသဝဆိုတာက ဒီလို သောကအစရှိသော မီးတွေ နှိပ်စက်လို့ စိတ်လက်က မသာမကြည်ဖြစ်လို့ ဖြေမဆည် ထိန်းမရ သိမ်းမနိုင်ဖြစ်လာတဲ့ ဘဝကြတော့ တချို့လဲ မိမိလက်ရှိအယူဝါဒစွန့်၊ ဒီဝါဒနဲ့ နေရတာ ဘာမှ ငါ့စိတ်သက်သာရာမရဘူး၊ ဒီအယူက ဟုတ်ချင်မှ ဟုတ်မှာပါ။ ဒီအယူဝါဒကြီး ငါ့စွဲမြဲယုံကြည်ထားပြီးတော့ အဓိပ္ပါယ်ဆိုကြစို့ ငါ့ဘုရား သခင်က တကယ်မတယ်လို့ အောက်မေ့။ ခုတော့ ငါ့ခင်ပွန်းသည် ပျက်စီးသွား၊ ဘုရားကိုယ်တော်မြတ် ကယ်တော်မူပါဆိုလို့လည်း မကယ်ဘူး။ ဒီတော့ ဒီအယူဝါဒဟာ ဟုတ်ဟန်လည်း မတူပါဘူး။ ခုတော့ ငါ့ဒုက္ခကြီးများလို့ မဖြေနိုင် မဆည်နိုင်ဖြစ်နေပြီ။ ဒီအယူဝါဒတော့ မှန်ရာမတူပါဘူး။ အယူဝါဒ တစ်ခုတော့ ငါပြောင်းလိုက်ဦးမှပဲလို့ ဒိဋ္ဌာသဝဘက်ရွေ့တယ်နော် (မှန်ပါတယ်ဆရာ)၊ အယူဘက်ကို ယိုစီးသွားတယ် ဒိဋ္ဌာသဝ။

ဒါကြောင့် ကာမာသဝ-ငါးဖြာအာရုံ ကာမဂုဏ်ဘက် စိတ်သက်သာရာ ရစနိုးဆိုတဲ့ အနေ အားဖြင့် အမျိုးမျိုးကြံစည်ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ဖျော်ဖြေတဲ့ပုဂ္ဂိုလ်များ ငါးဖြာအာရုံကာမဂုဏ် ဘက် ယိုစီးသော ကာမာသဝ၊ ဘဝါသဝ - လက်ရှိဘဝမျိုးသည် ဆိုးလှချည်းရဲ့ အနေအားဖြင့် သက်သာရာ သက်သာကြောင်း ဘဝကောင်းရှာဖွေတဲ့ အနေအားဖြင့် မှားတာ, မှန်တာ မတွေးဆ နိုင်ဘဲနဲ့ ဘဝသစ် ဖြစ်ချင်လှချည်ရဲ့ဆိုတဲ့ စိတ်ဓာတ်တွေ ပေါ်လာ။ ဒါ ဘဝဘက် ယိုစီးခြင်း ဘဝါသဝ။ ဒိဋ္ဌာသဝ - ဒီအယူသည် ဘယ်လို အပြစ်ရှိတယ်၊ ဘယ်လို ဆိုးဝါးတယ်၊ ဘယ်လို ထောက်ရာ တည်ရာ မရဘူး။ ဘယ်လို အားကိုးသော်လည်း မဟုတ်နိုင်ဘူး။ လက်ရှိအယူကြီးတွေ စွန့်ပြီးတော့ တစ်ခုသော အယူတော့ ငါပြောင်းဦးမှပဲ။ အယူမှားဘက်ကို ယိုစီးလာတဲ့ သဘောသည် ဒိဋ္ဌာသဝ။ အဝိဇ္ဇာသဝ,ကတော့ အာသဝေါတရားသုံးပါးလုံးမှာပင်လျှင် မှန်ရာမှန်ကြောင်း ဟုတ်ရာ ဟုတ်ကြောင်း ယထာဘူတအနေအားဖြင့် လုံးလုံးကြီး မသိသောဘက်သို့ သက်ဝင်လာခြင်းသည် အဝိဇ္ဇာသဝလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးနဲ့ တွေ့ပြီဆိုမှဖြင့် အဲဒီ အာသဝေါတရားလေးပါး တစ်ပါးပါးတော့ မုချသွားပေါ့ ဟုတ်ကဲ့ လား (မှန်ပါတယ်ဆရာ)၊ ဥစ္စာပစ္စည်း ပျက်စီးတဲ့လူလည်း ဒီလိုပဲ။ ဆွေမျိုးဉာတိ ပျက်ဆီးတဲ့ပုဂ္ဂိုလ်လည်း ဒီလိုပဲ။ ကိုယ်ကိုကိုယ် ကြံတော တကယ်မြင့်မြတ်တဲ့ စည်းစိမ်ကြီးကနေ ရုတ်တရက် ရှောင်တခင်အားဖြင့်

http://www.dhammadownload.com



ပျက်စီးချို့ယွင်းလို့ နိမ့်ကျတဲ့ဘဝ ရောက်သွားလည်း ဒီအတိုင်းပဲ၊ ဒီလိုပဲ အာသဝေါတရားလေးပါး တစ်ပါးပါး ကိုယ်ကြိုက်ရာကိုယ် ယိုစီးတာပဲ၊ တက်လှမ်းသွား တာပဲဆိုတာ မှတ်ထား။

ရောဂဗျသန-ကိုးဆယ့်ခြောက်ပါး ရောဂါဝေဒနာ နှိပ်စက်လို့ စိတ်လက်ကိုယ် အင်မတန် ပင်ပန်းလို့ တချို့သေလုမခန်း ခံရ၊ ခံရလို့ တချို့လည်းပဲ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတဲ့ ရောဂါသည်တွေလည်း အများကြီးရှိကြ နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုပုဂ္ဂိုလ်တွေလည်း ရှိတာပဲလို့။ အဲဒါကြောင့် ရောဂဗျသနဆိုတဲ့ အနေအားဖြင့်လည်းပဲ ဖြစ်လာပြန်ရင် အာသဝေါတရားလေးပါး တစ်ပါးပါး ယိုစီးသွားတာပဲ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဗျသနတရားငါးပါးကြောင့်လည်းပဲ အာသဝေါတရားးလေပါး ယိုစီးတာ၊ ဗျသနတရားငါးပါးကြောင့်လည်းပဲ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါး လာတွေ့ရ၊ မတွေ့ဖူးလား (တွေ့ပါတယ်ဆရာ)၊ အဲဒီလို တွေ့တတ်လို့ ဒါကြောင့် "ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသပစ္စယာ အာသဝါ" လို့ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသပစ္စယာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တည်းဟူသော အကြောင်းကြောင့်။ အာသဝါ၊ အာသဝေါတရား လေးပါးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ အကျိုးတရားလေးပါး ပေါ်ထွက်လာ တယ်၊ မထွက်ဘူးလား (ထွက်ပါတယ်ဆရာ)၊ အကြောင်းက ဘယ်သူတွေတုံး (ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတွေ ပါဆရာ)၊ အေး- ဒီ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ အကြောင်းတရားတွေကြောင့် အာသဝေါ တရားလေးပါးဆိုတဲ့ အကျိုးတွေ ပေါ်လာတယ်၊ မပေါ်ဖူးလားဟ (ပေါ်လာပါတယ်ဆရာ)၊ ပြီးတော့မှ "အာသဝပစ္စယာ အဝိဇ္ဇာ"လို့။

အဲဒီ အာသဝေါတရားလေးပါး ဖြစ်ခြင်းကြောင့်လည်းပဲ ဒီအာသဝေါတရားလေးပါးဘက် ယိုစီးလာလို့လဲပဲ အဝိဇ္ဇာခေတ်ကြီး ပေါ်ထွက်လာရတယ်တဲ့နော် (မှန်ပါတယ်ဆရာ)။ အကယ်တန္တလို့ အာသဝေါတရားလေးပါးဘက်သို့ မယိုစီးပါဘူးလို့ ဆိုလို့ရှိရင် အဝိဇ္ဇာခေတ်ကြီးက ပေါ်ထွက်ဖို့ မဖြစ် နိုင်ပါဘူးတဲ့။ ဒါကြောင့် "အာသဝပစ္စယာ အဝိဇ္ဇာ"လို့ အာသဝေါတရားလေးပါးစလုံး အဝိဇ္ဇာ၊ အဝိဇ္ဇာကို ဥပနိဿယသတ္တိအားဖြင့် ကျေးဇူးပြုထားတာချည်းပဲလို့။ ကာမာသဝဖြစ်ခြင်းကြောင့်လည်း အဝိဇ္ဇာခေတ်ကြီးပေါ်ရတယ်။ ဘဝါသဝဖြစ်ခြင်းကြောင့်လည်း အဝိဇ္ဇာခေတ်ကြီး ပေါ်ရတယ်။ ဒိဋ္ဌာသဝ ဖြစ်ခြင်းကြောင့်လည်း အဝိဇ္ဇာခေတ်ကြီး ပေါ်ရတယ်။ အဝိဇ္ဇာသဝကြောင့်လည်း အဝိဇ္ဇာခေတ်ကြီး ပေါ်ရတယ်နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါကြောင့် "အာသဝပစ္စယာ အဝိဇ္ဇာ"လို့၊ ဒါကြောင့် အဋ္ဌကထာဆရာဆက်ပြတဲ့ အဆက်ကြီး ခေါ်တယ်။ "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော"လို့ အဋ္ဌကထာတိုက်ရိုက်ပြလို့။ ဒါကြောင့် ဒီနေရာမှာ "ဇာတိပစ္စယာ ဇရာ မရဏ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသပစ္စယာ အာသဝါ"လို့ "အာသဝပစ္စယာ အဝိဇ္ဇာ"ဆိုတော့ ဆက်သွားတယ်နော် (ဆက်သွားပါတယ်ဆရာ)၊ မဆက်သွားဖူးလား (ဆက်သွားပါတယ်ဆရာ)၊ အေး- ဒီလို ဆက်သွားမှ၊ ဒီလိုဆက်သွားတော့ကား "အာသဝပစ္စယာ အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဆိုတော့ ရပ်လို့ ရသေးတယ်လားဟ (မရတော့ပါဘူးဆရာ)။ ဒါမှ ဝဋ်ဆက်နဲ့ လည်သွားတာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို အဆက်မပြတ် လည်ပုံလည်နည်းလို့ ဒီလို မှတ်ထားပါ။ လည်တတ်အောင်လည်း မှတ်ထားကြ။ များများစားစား မမှတ်နိုင်တောင်ပဲ ပဋိစ္စသမုပ္ပါဒ် ရပ်မရအောင် အဆက်မပြတ်သွားအောင် အဆက်မပြတ်ဘဲနဲ့ လည်တတ်ဖို့ ဒါလေးမှတ်ထား။ အဲဒါ မေ့မှာစိုးလို့ရှိရင် ကိုယ်ဘာသာကိုယ် စက်ဝိုင်းလေးတစ်ခု လုပ်ပြီးတော့ အဝိဇ္ဇာကစ အာသဝ ဆုံးအောင်ပေါ့။ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အာသဝ ဆက်တယ် မဟုတ်လား (ဆက်သွားပါပြီဆရာ)၊ အဲဒါ အကန့်လေး အကန့်လေးနဲ့ ပုဒ်ကလေးဖြတ်ဖြတ် ဖြတ်ဖြတ်သွား။ တစ်ကန့်မှ အင်္ဂါတစ်ချက်လို့ မှတ်ထား။ ဒီနေရာမှာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတာ တစ်ကန့်ထား။ ဒါ ဇာတိရဲ့အကျိုးတရားတွေပေါ့နော် (မှန်ပါ တယ်ဆရာ)၊ ပြီးတော့ အာသဝတစ်ကန့်။ အဝိဇ္ဇာတစ်ကန့်။ အဲဒီလိုလှည့်၊

"ပစ္စယာ"ဆိုတာ ကတော့ ပါဠိလို၊ မြန်မာလိုကတော့ အကြောင်း။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာ တည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ ဝေထားတဲ့ စာရွက်ကလေးတွေ နက်ဖြန်ခါကြ ပြန်ကြည့်ကြပါအုံး။ အတွင်းစက်ဝိုင်း ပြောင်းတော့ မယ်လို့ အတွင်းစက်ဝိုင်းတွေ ပြောင်းတော့ သူ့အကန့်လေးနဲ့ သူပြထားတာ။ အဲဒါ ကိုယ့်စာရွက်ကို ကိုယ်ပြန်ပြီးတော့ လေ့လာထားလို့ရှိရင် နက်ဖြန်ခါကြ ဒီက အဓိပ္ပါယ် ပြောလို့ရှိရင် သဘောထဲမှာ ရှင်းရှင်းလေးတွေ လက်ခံ၏။ ပဋိစ္စသမုပ္ပါဒ် စာရွက်ကို သေချာပြန်ကြည့်။ စက်ဝိုင်းတစ်ခု တရား လုံးတွေ တစ်ခါတိုးလိုက် စက်ဝိုင်းတစ်ခု တရားလုံးတွေ တစ်ခါတိုးလိုက် ဒီလို မှတ်မနေနဲ့၊ အခု အပြင်ဆုံးစက်ဝိုင်းကြီးပြနေတော့ အင်္ဂါဆယ့်နှစ်ပါးဆိုတဲ့ ဆယ့်နှစ်လုံးသော တရားပဲရှိတယ်။ ဒုတိယ စက်ဝိုင်းကြတော့လည်းကြည့်၊ ဆယ့်နှစ်လုံးသော တရားပဲ။ ဒါပေမယ့် ဟိုမှာ အကြောင်းတူရာ

http://www.dhammadownload.com



တူရာပေါင်း အကျိုးတူရာတူရာ ပေါင်းလိုက်လို့ အကန့်လေးကန့်နဲ့ခွဲပြီး ပြထားတာ ရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ ပြန်လေ့လာရမယ်၊ ပြီးတော့ တတိယစက်ဝိုင်းကြတော့ ဘာတုံး ဘယ်ကတရားတွေတုံး။ ဒီအင်္ဂါဆယ့်နှစ်ပါးကပဲ အတိတ်ကာလဖြစ်တဲ့တရား၊ ပစ္စုပ္ပန်ကာလဖြစ်တဲ့ တရား၊ အနာဂတ်ကာလဖြစ်တဲ့တရား။ နောက်တစ်ခါ စတုတ္ထစက်ဝိုင်းကြလည်းပဲ ဒီအင်္ဂါ ဆယ့်နှစ်ပါးက တရားပဲ။ ဒါကြတော့ ဘာတုံး။ ဝဋ်သုံးပါးနဲ့ ခွဲထားတယ်။ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဒါပဲရှိတယ်။ အလည်ဆုံးစက်ဝိုင်းကြတော့ အဝိဇ္ဇာနဲ့တဏှာဆိုတဲ့ မူလနှစ်ပါး အဲဒါလေးတွေ ပြန်ပြီးတော့ မျက်စိထဲ အထင်းသား အရှင်းသားနေအောင် ပြန်ပြီးတော့ လေ့လာထား။ ဒီက အဓိပ္ပါယတ္ထ သဘာဝကျကျ ပြောတဲ့အခါကြတော့ သဘောလေးတွေ ရှင်းရှင်းလင်းလင်း လက်ခံလာလိမ့်မယ်။ ဒီလိုမှ မဟုတ်ဘဲနဲ့ စာရွက်မကြည့်ဘဲနဲ့ စာရွက်ချောင်ထိုးထား နာပါရဲ့ဆို လာနာ၊ ဒီက ပြောတာ တခြား၊ ကိုယ်က နားမလည်တာ တခြား ဒီလို ဖြစ်နေ၊ ခရီးရောက်မှာလဲ မဟုတ်ဘူး။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို အစကနေ အဆုံးတိုင် အင်္ဂါဆယ့်နှစ်ပါး အခုလို ကွင်းဆက်အားဖြင့် လည်တတ်တဲ့ တရားကိုယ်တရားသား ရောက်အောင်ပေါ့။ ဝိုးတိုးဝါးတား သာမညအားဖြင့် မိမိဉာဏ်ထဲမှာ ပြတ်သားရှင်းလင်း သွားရင် ငါသောတာပန်လို့ ဝန်ခံနိုင်တယ်လို့ ဘုရားကိုယ်တော်မြတ် တိုက်ရိုက်မိန့်ကြားထားတဲ့ စကားကရှိတော့ ဒါထက် ခရီးရောက်တဲ့ တရားလည်း မရှိပါဘူး။ အင်မတန် ခရီးရောက်တယ် နော် (မှန်ပါတယ်ဆရာ)၊ သောတာပန်တော့ မဖြစ်ချင်ဖူးလား (ဖြစ်ချင်ပါတယ် ဆရာ)၊ သောတာပန်ဖြစ်ချင်တော့ သောတာပန်ဖြစ်နိုင်တဲ့အလုပ်များ မင်းဘယ့်နှစ်ခါများ စိတ်ကူးပေါ်ပြီးတော့ ငါ့သောတာပန်ဖြစ်အောင် ကြိုးစားအုံးမှပဲလို့ ဘယ်နှစ်ခါ စိတ်ကူးပေါ်လဲ (ပေါ်ပါတယ်ဆရာ ခဏ ခဏ)၊ ခဏ ခဏ ပေါ်တယ်လား (ပေါ်ပါတယ်ဆရာ)၊ ပေါ်တော့ ဘယ့်နဲ့လုပ် (ဝိပဿနာတရား ပွားများလာပါတယ်ဆရာ)၊ ဝိပဿနာတရား မင်းပွားများတယ်လား (ပွားများပါတယ် ဆရာ)၊ မင်းလေ (ပွားများပါတယ်ဆရာ)၊ ဘယ်အခန်းကများ ပွားများနေ၊ အဲဒါ အလိမ်ပေါ်တာပဲ။ အဲဒါ အလိမ်ပေါ်တာပဲ (ဝိညာဏခတ်ခြောက်ရပ်ကနေ) အောင်မယ် ဝိညာဏခတ် ခြောက် ရပ်ကနေ ကိုင်ပွားများနေ (ပွားများပါတယ်ဆရာ)၊ အောင်မယ် ဟုတ်လှချည်းလား တန်းတော် တော်မြင့်မှာပဲ။ ဝိညာဏခတ်ခြောက်ရပ်ဆိုတာ ဘယ်သူတုံး (စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှာဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်)၊ အောင်မယ် ဟုတ်ပြီဟေ့ တော်တော်ကို နေရာကျ။

http://www.dhammadownload.com



အဲဒီ ဝိညာဏဓာတ် ခြောက်ရပ် မင်းဘယ်လို လုပ်သိ (သူတို့ လှည့်ပတ်သလို ခံနေရတာပါ ဆရာ)၊ ဩော်-ဒီလိုကိုးကွ၊ ဟင်း ငါ့ပွားများနေတော့ဆိုတော့ ဝိညာဏဓာတ်ခြောက်ရပ် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ်သုံးပါးများတင် ပွားများသလားလို့။ သူတို့လှည့်ပတ်နေသလို ခံနေရတာပဲ။ ဒါ မင်းက အနာကြီး နာနေတာပေါ့လေ။ ဟင်း - အနာကြီးနာနေတာပေါ့ (နာပါတယ်ဆရာ)၊ နာတယ် လား၊ သူတို့လိမ်တိုင်း ငါ့ခံနေရတယ်၊ သူတို့လှည့်ပတ်တိုင်း ငါခံနေရတယ်လား (မှန်ပါတယ်ဆရာ)၊ သိပ်တော့ မဆိုးလှဘူး၊ ဝိညာဏ်လိမ်နေတာပေါ့လေ (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်လိမ်မိမှန်းတော့ မင်းသိတယ်လား (သိပါတယ်ဆရာ)၊ သိပ်တော့မဆိုးလှဘူး၊ ငါ့ဝိညာဏဓာတ်ခြောက်ရပ်ကနေ ဖမ်း နေတယ်ဆိုတော့ အောင်မယ် ဒီကောင် ခန္ဓာအပျက်တွေ ရှုနေပဲ့လားလို့ စိတ်က အောက်မေ့။ ရုပ်ရုံနဲ့ စက္ခုပသာဒနဲ့တိုက်လိုက် စက္ခုဝိညာဏ်စိတ်ကလေး ပေါ်လာလိုက်၊ စက္ခုဝိညာဏ်စိတ်ကလေး ပေါ်လာသည်နဲ့တစ်ပြိုင်နက် ခန္ဓာငါးချက် တစ်ပြိုင်နက် ဖြစ်ပျက်သွားပေါ့။ ဒီလိုလား (မှန်ပါ တယ်ဆရာ)၊ စက္ခုဝိညာဏ်စိတ်ကလေး တစ်ချက်ပေါ်လိုက်ရင် ခန္ဓာငါးချက်ဖြစ်သွားတယ်ဆိုတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ နားလည်တယ်၊ အဲဒါ ဝိညာဏဓာတ်ခြောက်ရပ် ရှုနည်း ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ထိစိတ် သိစိတ် အတိုက်ဓာတ် ခြောက်ပါးနဲ့ အခံဓာတ်ခြောက်ပါး တိုက်တိုင်းတိုက်တိုင်း ဓာတ်တစ်ဆယ့်ရှစ်ပါးကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အပေါ်ဓာတ်ခြောက်ပါး ဝိညာဏ်ဓာတ်ခြောက်ပါး ပေါ်မလာဘူးလား (ပေါ်လာ ပါတယ်ဆရာ)၊ ပေါ်လာတိုင်း ပေါ်လာတိုင်း မြင်ဆဲခဏ ခန္ဓာငါးချက် ဖြစ်ပျက်သွားပြီ။ ကြားဆဲခဏ ခန္ဓာငါးချက် ဖြစ်ပျက်သွားပြီ။ နံဆဲခဏ ဖြစ်ပျက်သွားပြီ။ စားဆဲခဏ ခန္ဓာငါးချက် ဖြစ်ပျက်သွားပြီ။ ထိဆဲခဏ ခန္ဓာငါးချက် ဖြစ်ပျက်သွားပြီ။ သိဆဲခဏ ခန္ဓာငါးချက် ဖြစ်ပျက်သွားပြီ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊

ဩော်-ငါ့ခန္ဓာငါးပါးသည် ဝိညာဏဓာတ်ခြောက်ရပ် အမြဲပြုပြီးတော့ တစ်ဖျတ်ဖျတ်နဲ့ ဖြစ်နေတဲ့ ခန္ဓာငါးပါးသည် နည်းနည်းလေးမှ မြဲတယ်ဆိုတဲ့ နိစ္စလက္ခဏာ ရှာမရပါလားဟဲ့။ ငါ့မျက်တောင် တစ်ခတ်ကလေးအတွင်းမှာ ဖြစ်လိုက်တဲ့ ခန္ဓာပေါင်းဟာ သိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ဖြစ်၊ ပျက်လိုက်တာလည်း သိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ပျက်။

ဒါကြောင့်လည်း မြတ်စွာဘုရားကိုယ်တော်မြတ်က အနိစ္စလို့ ဟောတာပဲ။ အနိစ္စ, အနိစ္စ အမြဲ မရှိပါလားဟဲ့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီလိုလုပ်ပါဟ၊ ဒင်းတို့တွေ လိမ်နေတာ၊ ဝိညာဏ် လိမ်တွေ ငါခံနေရတယ် ဒီလိုချည်းလုပ်မနေပါနဲ့၊ ဒါပေမယ့် ဝိညာဏ်တွေလိမ်သည့်အကြောင်းလဲ

http://www.dhammadownload.com



သိထားရင် ပိုကောင်းတာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်လိမ်လို့ ခံနေရတယ် မဟုတ်လား (ခံနေရပါတယ်ဆရာ)၊ အခုပြောသွားတဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါးနဲ့တွေ့ရင် ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါ တရားလေးပါးဘက် ယိုစီးသွားတယ်၊ ယိုင်သွားတယ်၊ ယိမ်းသွားတယ် ဆိုတာလည်း ဒီဝိညာဏ် လိမ်ပဲဟ (မှန်ပါတယ်ဆရာ)၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လက်ရှိဘဝကြီး လင်နဲ့သားနဲ့ မယားနဲ့ ဆွေနဲ့ မျိုးနဲ့ မိနဲ့ ဖနဲ့ ပျော်ပျော်ပါးပါးကြီးနဲ့ တင့်တောင့်တင့်တယ်နေတော့ သေချာကြည့်စမ်း ဝိညာဏဓာတ်က လိမ်ထားတာ။ ငါ့သားတွေ ငါ့သမီးတွေ ငါ့ခင်ပွန်းတွေ ငါ့ဇနီးတွေ ငါ့မိတွေ ငါ့ဖတွေ ငါ့ဆွေတွေ ငါ့မျိုးတွေ ငါ့ဥစ္စာစည်းစိမ်တွေ ငါ့တိုက်တာတွေ ငါ့ပိုင်ဆိုင်တဲ့ အရာဝတ္ထု အစုစုတွေ စွဲလမ်းမနေဘူးလား (စွဲလမ်းနေပါတယ်ဆရာ)၊ ဝိညာဏ်ဓာတ်က လိမ်ပေးတာ မဟုတ်လား (မှန်ပါတယ် ဆရာ)၊ သူ့အဟုတ်မှတ်မနေဘူးလား (မှတ်နေပါတယ်ဆရာ)၊ အဟုတ်မှတ်နေတော့ အဲဒီလို အဟုတ် မှတ်နေလို့ ဝိညာဏ်ဓာတ်က လိမ်ပေးသည်နဲ့တစ်ပြိုက်နက် နောက်ထပ်ပြီး ဒီဘဝမျိုး မလိုချင်တော့ ဘူးလားဟ (လိုချင်ပါတယ်ဆရာ)၊ လိုချင်တယ်တဲ့၊ ဘဝါသဝ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဖြစ်တာပဲ၊ တရားကွင်းဆက်ကြီး ဘဝါသဝ ဘဝအသစ် ဆက်ကာဆက်ကာ ဒီဘဝမျိုး တိုးပြီးတော့ လိုချင်တယ်။ ဒီဘဝမျိုးနဲ့ နေချင်တယ်လို့ လက်ရှိဘဝကြီး မက်မက်မောမောနဲ့ နှစ်သက်နေတာ ဘဝါသဝ-ဘဝဘက် ယိုစီးသွားပြန်ပေါ့လို့ ဒီလိုသွားရမှာနော် (မှန်ပါတယ်ဆရာ)၊ အဲဒီဥစ္စာအဆိုးဆုံးပဲ၊ ဒါ သဿတဝါဒ ခေါ်တယ်။ ဒီဘဝါသဝဆိုတာ အဆိုးဆုံးလို့၊ ဘဝတမ်းတ မျှော်မှန်းပြီး အလုပ်လုပ်၊ အင်မတန်လည်း ကြောက်စရာကောင်း ကိုယ့်ဘဝတော့ ကိုယ်တယ်ပြီးတော့ နှစ်သက်တယ်၊ မြတ်နိုး တယ်၊ လိုချင်တယ်။

တို့ ဗိမ္ဗိသာရမင်းကြီးကို သေချာကြည့်စမ်း။ သောတာပန်ဘဝနဲ့ သေရှာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အရိယာအစစ်ကြီးပေါ့, ဘုရားဒကာကြီးပေါ့။ မြတ်စွာဘုရား ကိုယ်ဘော်မြတ် ဘုရားအဖြစ် ရောက်ပြီးတဲ့နောက် တစ်နှစ်မြောက်တဲ့အချိန်မှာ သူပင့်လို့ ရာဇဂြိုဟ်သွားပြီးတော့ ဝါဆိုရတယ်၊ အဲဒီဝါဆိုစဉ်အခါတုန်းက ဘုရားဖြစ်ပြီးလို့ တစ်နှစ်မြောက်တဲ့အချိန်မှာ လူပေါင်းတစ်သိန်း ကျော်ဦးစီးပြီးတော့ ဘုရားကိုယ်တော်မြတ်ထံ လာဆည်းကပ်တာသူပဲလို့ ပထမဆုံး နော် (မှန်ပါတယ် ဆရာ)၊ လူပေါင်းတစ်သိန်းကျော် သူနှင့်တကွ သောတာပတ္တိမဂ်ဉာဏ် ရကြတယ်လို့ သောတာပန် အစစ်ကြီးပေါ့၊ ဘုရားလည်း အမြဲဆည်းကပ်၊ ဒါပေမယ့် သေတော့ ဘယ်သွားလဲဆိုတော့ တို့ တာဝတိံသာနတ်ပြည်က ဝေဿဝဏ်နတ်မင်းကြီးထံမှာ အစေခံနတ်သွားဖြစ်တယ် နော် (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ အံ့သြစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အထက် အထက်ဘုံတွေ တက်နိုင်တဲ့ သတ္တဝါရှိသား၊ အရိယာတစ်ယောက်လုံး သေသွားတာလို့ ဝေဿဝဏ်နတ်မင်းထံသွား အစေခံနတ်ကြီး သွားဖြစ်။ ဘာပြုလို့လဲဆိုတော့ အဲဒီဝေဿဝဏ်နတ်မင်းထံမှာ ခုလိုပဲ အစေအခံ အခြွေအရံဘဝနဲ့က ဆယ့်လေးကြိမ်တိတိ ဖြစ်ဖူးတာ စွဲလမ်းခဲ့တဲ့ နေရာဟောင်း နေရာဟောင်း ဘဝဟောင်း နော် (မှန်ပါတယ်ဆရာ)၊ ဒီပဲ ဖြစ်ချင်တယ် အာသာဆန္ဒက ရှိ။ အဲဒီအစွဲအလန်းလေးကြောင့် ဘဝဟောင်း အောက်မေ့တဲ့သတ္တိထူးလေးကြောင့် အရိယာဘဝနဲ့ သေသည်၏အခြားမဲ့၌ ဒီဝေဿဝဏ် နတ်မင်း ထံမှာပဲ အခြွေအရံအဖြစ်နဲ့ သွားပြီးတော့ ဖြစ်ရတယ်။ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါ တယ်ဆရာ)။

## ပတိပူဇိကာအကြောင်း သိကောင်းစရာ

အဲဒါ ဒီဘဝမျိုးဖြင့် နေချင်လှချည်ရဲ့၊ ဒီဘဝမျိုးနဲ့ ပျော်မွေ့လှချည်ရဲ့၊ ဒီဘဝမျိုးလိုချင်လှချည်ရဲ့ ဆိုတဲ့ သတ္တိထူးတွေကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါ ဘာဟုတ်သေး၊ တို့ဘုရားလက်ထက်က ပတိပူဇိကာ အမည်ရှိတဲ့ ဒကာမကြီး လူ့ပြည်လာပြီးတော့ ပဋိသန္ဓေနေ၊ တော်ကြာတော့ ဖွားမြင်လာ အချိန်တန် အရွယ်ရောက် အိမ်ထောင်ရက်သားပါကျ။ ဒါပေမယ့် ပဋိသန္ဓေနေစ ခဏက သူ့ဘဝ ဟောင်း သူပြန်မြင်၊ သူ့ဘဝဟောင်းက ဘာလဲဆိုတော့ တာဝတိံသာနတ်ပြည်က မာလဘာရီနတ် သားက ခင်ပွန်းသည်၊ မာလဘာရီနတ်သားခင်ပွန်းသည် ပြန်ပြန် ပြန်ပြန်မြင်နေ သူက ဇာတိဿရ ဉာဏ်ရ နတ်ဘဝ ရုတ်တရက်လားတာ။ ဒီခင်ပွန်းသည်ထံမှာပဲ ပြန်ဖြစ်ချင်တဲ့ဆန္ဒဓာတ်က အင်မတန်ပြင်းတယ်၊ ဆန္ဒဓာတ်က အင်မတန်ပြင်းတော့ တော်တော်လေး အချိန်တန် အရွယ်ရောက် တော့ အိမ်ထောင်လျက်သားပါကျ။ ကျပေမယ့် အရင်လင်ဟောင်းသာ ခင်တွယ်နေတဲ့ စိတ်ဓာတ်က ရှိ။ ငါ့ဘယ့်နဲ့နည်းနဲ့ ငါ့အရှင်သခင် လင်ယောကျ်ားထံ ပြန်ရောက်ရပ့ါမတုံး။ စနည်းနာလာလိုက်တော့ သူတော်ကောင်းများဟောပြောတဲ့ တရားဒေသနာသံကြားရ၊ ကောင်းမှုကုသိုလ်ပြုရင် ဆုတောင်းရင် ရတာပေါ့။ နတ်ဘဝ ပြန်ဖြစ်တာပေါ့၊ ကိုယ်လိုချင်သလို ဖြစ်တာပေါ့၊ ကြားတော့ သံဃာတော်များ ကိုးကွယ်ဆည်းကပ်၊ ရတနာမြတ်သုံးပါး ကိုးကွယ်ဆည်းကပ်၊ ကုသိုလ်ကောင်းမှု ကြိုးစားအားထုတ် အလုပ်လုပ်၊ လုပ်တိုင်းလုပ်တိုင်း သူ့ကုသိုလ်ကောင်းမှုက ဆုတောင်းလေးတွေက ဘာတောင်း၊ နောက်ဘဝက လင်ဟောင်း မာလဘာရီနတ်သားထံ ပြန်ပြီးတော့ အရင်တိုင်းဖြစ်ရပါလို၏ နော် (မှန်ပါတယ်ဆရာ)၊ လင်ဟောင်းထံ ပြန်ချင်တဲ့ စေတနာနဲ့ချည်း ကုသိုလ်တွေ လုပ်နေ။

http://www.dhammadownload.com



ဒါကြောင့် သူ့နာမည် ဟိုဟိုဒီဒီက အသိများလာတော့ “ပတိပူဇိကာ”လို့ ‘ပတိ’ဆိုတာ အရှင်သခင် လင်ယောကျ်ားခေါ်တယ်။ ‘ပူဇိကာ’ဆိုတာ ပူဇော်တယ် ခေါ်တယ်။ အောက်ကနေ တာဝတိံသာနတ်ပြည်ဘက်လှမ်း ရှိခိုးပူဇော် ငါ့ယောကျ်ားထံ အမြန်ဆုံး ပြန်ပြီးတော့ ဖြစ်ရပါလို၏ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကွယ် လက်ရှိပေါင်းနေတဲ့လင်သည် ငါအဖို့ဩပ္ပါ။ စိတ်ကလေး တစ်ချက်မကွက်ဘူး နော် (မှန်ပါတယ်ဆရာ)၊ သားသမီးလေးငါးခြောက်ယောက်ရတယ်၊ သားသမီးလေးငါးခြောက်ယောက်ရတော့ သူလည်း အသက်အရွယ်အားဖြင့် ခြောက်ဆယ် ခုနစ်ဆယ်ရှိတော့ အရွယ်လွန်တော့ သေရော့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သေတော့ သူပြုတဲ့ ကုသိုလ်ကောင်းမှုတွေက ဆုတောင်းတဲ့အတိုင်းပဲ မာလဘာရီနတ်သားထံ သွားပြန်ဖြစ်တယ်။

မာလဘာရီ နတ်သားဆိုတာ သာမည မအောက်မေ့နဲ့၊ နတ်သမီးပေါင်းငါးရာ အခြံအရံရှိတယ်။ သူ့အလုပ်ကဘာလဲဆိုရင် မိုးလင်းလာပြီလားဆိုမှဖြင့် ဥယျာဉ်တော်ထွက်၊ ဥယျာဉ်တော်ထွက်ပြီးတော့ ပန်းပင်ပေါ်တက်တဲ့ နတ်သမီးက ပန်းပင်ပေါ်တက်၊ ပန်းပါခူးကြ ခြူကြ။ အောက်ကပန်းကို ကောက်ပြီးတော့ ပန်းတွေ သီတဲ့ ကုန်းတဲ့ နတ်သမီးတွေက သီကုံးပြုပြီးတော့ သူ့ကပန်းပင်အောက်မှာ တင်ပလ္လင်ခွေကြီးထိုင်၊ အားလုံးနတ်သမီးတွေက သီပြီးသား ကုန်းပြီးသား ပန်းတွေလာလာပြီးတော့ ဆင်မြန်းကြရတယ် နော် (မှန်ပါတယ်ဆရာ)၊ နတ်များကလည်း တို့လူထက်ပိုဆန်းတယ်။ ဖြစ်နိုင်တာ ဖြစ်နိုင်တဲ့အတိုင်း သက်သက်သာသာလေး မယူဘူး။ နတ်များဟာတဲ့သစ်ပင်အောက်ရောက်သွားရင် နတ်ပြည်က နန္ဒဝန်ဥယျာဉ်လိုပေါ့ ဥယျာဉ်ထဲ ရောက်သွားလို့ရှိရင် မိမိလိုချင်တဲ့ ပန်းခိုင်ဟာ လိုချင်တယ်လို့ စိတ်ကညွတ်လိုက်ရင် ပန်းကိုင်းဟာ အလိုလို ညွတ်ပေးနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို တံချူမဆောင်ဘဲနဲ့ ကိုယ်လိုချင်တဲ့ ပန်းပွင့်က အလိုလိုညွတ်ပေးတယ်၊ အကိုင်းက အလိုလိုညွတ်ပေးတယ် ဆိုတာတောင်ပဲ တော်တော်လျှာရှည်တဲ့နတ်သမီးတွေက အပေါ်တက်ခူးနော် (မှန်ပါတယ်ဆရာ)၊ သူတို့လည်း ပျော်တာပဲတဲ့ ဒီလိုပဲတဲ့၊ အဲဒါ ပန်းပင်ပေါ်တတ်ပြီးတော့ သီချင်းတကြော်ကြော်နဲ့ ပန်းခူးကြ၊ အောက်က ပန်းကောက်တဲ့နတ်သမီးတွေက ကောက်ကြ။ မာလဘာရီနတ်သားကတော့ သင့်တော်တဲ့ နေရာက နေပြီးတော့တင်ပလ္လင်ခွေထိုင်လို့ ရသမျှ ပန်းတွေ လာစုပုံပြီးတော့ ဆင်ကြ ပြင်ကြတယ်နော်။

အဲသလို နေရင်းကနေပြီးတော့ အခုလူ့ပြည်က ပတိပူဇိကာဖြစ်တဲ့ မိန်းမက အဲဒီအခါတုန်းကသူက နတ်သမီးထိပ်တန်းထဲကပေါ့၊ အကြီးဆုံး မိဖုရားနဲ့တူပါရဲ့။ ရုတ်တရက်အားဖြင့် စုတိစိတ်ကျသွားတယ်။ ပန်းခူးရင်းနော် (မှန်ပါတယ်ဆရာ)၊ ပန်းခူးရင်း စုတိစိတ်ကျသွားတော့ နတ်သားက

http://www.dhammadownload.com



သူ့အသံ ပြောသံ ဆိုသံ သီချင်းဆိုသံ မကြားရတော့ သတိထားလိုက်တယ်။ ဒီနတ်သမီး ဘယ်သွားပါလိမ့်၊ အသံမကြားဘူး ပျောက်သွားတယ်၊ ဘယ်သွားပါလိမ့် ဒီလိုအောက်မေ့၊ တစ်အောင့်လောက်ကြာတော့ တယ်မကြာဘူး၊ နတ်တို့၏ အရေအတွက်အားဖြင့် ကွမ်းတစ်ယာညက်ပေါ့၊ တို့လူ့ပြည်က အရပ်သုံးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)။ ကွမ်းတစ်ယာညက် လောက်ကြာတော့ ဘွားကနဲပေါ်လာ၊ သူ့အသံပြန်ပေါ်လာတော့ နတ်သားကမေးတယ် - ဟဲ့. . . နတ်သမီး ခုန တစ်အောင့်လောက် ပျောက်သွားတာ နင်ဘယ်သွားတာတုံး မေး၊ မေးတော့ နတ်သမီးက ပြန်ပြောတယ်။ အရှင်နတ်သားတဲ့ အကျွန်ုပ် အရှင့်အတွက် ပန်းတတ်ခူးရင်းမတ္တ ရုတ်တရက် နတ်သက်ကြွေပြီးတော့ လူ့ပြည်သွားဖြစ်တယ်တဲ့၊ လူ့ပြည် လူသွားဖြစ်တယ်ဆိုတော့ နတ်သားက အံ့ဩတယ်။ ပလီတယ် ထင်တယ် နော် (မှန်ပါတယ်ဆရာ)၊ လူ့ပြည်သွားဖြစ်တယ်တဲ့။

လူ့ပြည်သွားဖြစ်တော့ အခု အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်အရွယ်ရောက်တော့မှ လူ့ပြည်က စုတိစိတ်ကျလို့ အရှင်နတ်သားထံ ပြန်ရောက်ရပါတယ်။ ဟာ ဟုတ်နိုင်စရာ အကြောင်းမရှိပါဘူး။ ခုန သီချင်းသံကြားသေး၊ ခုတစ်အောင့် တစ်ခဏလေးနဲ့ နင်လူ့ပြည်သွားပြီးလူဖြစ်။ လူ့ပြည်က ပြန်လာတယ်ဆိုတော့ ဟုတ်ပါ့မလား၊ ဟုတ်ပါတယ်တဲ့ အသင်နတ်သား ဆင်ခြင်ကြည့်ပါ၊ လူ့ပြည် ရောက်သွားတော့မှ အချိန်တန် အရွယ်ရောက်တဲ့နောက် အိမ်ထောင်ရက်သားပါကျလို့ သားသမီး လေးငါးခြောက်ယောက် ရခဲ့ပါတယ်။ ယောက်ျားက ဘယ်သူတဲ့၊ သားတွေ သမီးတွေက ဘယ်သူတဲ့၊ အဲဒီတော့မှ အကျွန်ုပ်ဟာ လူ့ပြည်ရောက်တဲ့အချိန်ကစ အရှင်နတ်သားကို အမြဲတမ်းတမျှော်မှန်းရော်ရမ်းပြီးတော့ ဒီအဖြစ်မျိုး ပြန်ပြီးတော့ ရချင်လွန်းလို့ ကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ် အလုပ်လုပ်ပြီးတော့ ဆုမွန်ကောင်းတွေ တောင်းလို့။ အခု လူ့ပြည်က စုတိစိတ်ကျလို့ အရှင်နတ်သားထံ ပြန်ရောက်ရကြောင်းပါလို့ လျှောက်တယ်။ ဒါပေမယ့် နတ်သားက ပလီတယ် ထင်တယ်။ နောက်တော့ ဆင်ခြင်ကြည့်တဲ့အခါကြတော့ ဟာ ဟုတ်ပေသားပဲ၊ ဟိုဘဝက ယောက်ျားက ဘယ်သူတဲ့၊ သားတွေ သမီးတွေက ဘယ်သူတဲ့၊ သူ့နာမည်ဘာတဲ့၊ ဒီတော့မှ နတ်သားသံဝေဂ ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ လူ့အသက်များ နှစ်ပေါင်းခြောက်ဆယ်ကျော် ခုနစ်ဆယ်ကျော်လို့ တို့နတ်ပြည်ဖြင့် ခုကွမ်းတစ်ယာညက်လောက်ရှိသေး သူပျောက်သွားတာ နတ်သက်နဲ့ မကွာဘူးလား (ကွာပါတယ်ဆရာ)၊ ကွာမှာပေါ့၊ တို့လူ့ပြည်မှာ လူသက်က နှစ်ပေါင်း တစ်ရာရှိမှ တာဝတိံသာ နတ်ပြည်က တစ်ရက်နော် (မှန်ပါတယ်ဆရာ)၊ မကွာဖူးလား (ကွာလှပါတယ်ဆရာ)၊ လူ့ပြည် နှစ်ပေါင်းတစ်ရာ တာဝတိံသာနတ်ပြည်က တစ်ရက် အသက်ချင်းက ဒီထိအောင် ကွာတယ်။

http://www.dhammadownload.com



ကံချင်းကလည်း ကွာတယ်နော် (မှန်ပါတယ်ဆရာ)၊ နတ်ဖြစ်တဲ့ ကံဆိုတာဟာ လူ့ထက် သာချင်တိုင်း သာတယ် နတ်ဖြစ်တာ။ ဒါကြောင့် ကံဘုံလို့ ခေါ်တယ်၊ နတ်ပြည်ကြတော့ ဘာမှ လိုလေသေးမရှိဘူး ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်၊ တို့ အခုလောကကြီးကတော့ ဘယ့်နှဲ့ဖြစ်၊ လူ့လောကကတော့ ဉာဏ်ဘုံခေါ်တယ်။ ဉာဏ်ရှိမှ ဉာဏ်ရှေ့သွားရှိမှ စားရ သောက်ရတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရှာရတယ် ဖွေရတယ် ရောင်းရတယ် ဝယ်ရတယ် လုပ်ရကိုင်ရတယ် ကြံရစည်ရတယ် အားထုတ်ရတယ် လှုပ်လှုပ်ရှရှနဲ့ အလကား မနေကြဘူး။ နတ်ပြည်ကြတော့ ဘာမှအလုပ်မရှိဘူး။ ကံဘုံကိုကွ၊ ကံကဖန်တီးပေးထားတော့ အရံသင့် စားဖို့လည်း အရံသင့်၊ ဝတ်ဖို့လည်း အရံသင့်၊ နေဖို့၊ ထိုင်ဖို့ ဗိမာန်ဆိုတာလည်း အရံသင့်၊ ပျော်ပါးမှုဆိုတဲ့ နတ်ရေကန်နဲ့ နတ်ဥယျာဉ်ဆိုတာကလည်း အရံသင့် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ပတိပူဇိကာတို့ သေချာကြည့်ပြန်ပြီးတော့ ဘဝဟောင်း ပြန်လို ချင်တယ်၊ မလိုချင်ဖူးလား (လိုချင်ပါတယ်ဆရာ)၊ ဘဝဟောင်း ပြန်လိုချင်တယ်တဲ့။ ဒါ ဘဝါသဝ ခေါ်တယ်။ ဒီဘဝဘက် ယိုစီးတဲ့ စိတ်ဓာတ်ပဲ ရှိတယ်။

ဒါကြောင့် လူများရဲ့ သတ္တဝါများရဲ့ ဒီဘဝနိကန္တိကဆိုတဲ့ဘဝကို နှစ်သက်တဲ့ လောဘဇောလေးက အင်မတန် ကြောက်စရာကောင်းတယ်။ ဘဝနိကန္တိက လောဘဇော ဖြစ်ရာဘဝ လူပဲဖြစ်ဖြစ်၊ ခွေးပဲဖြစ်ဖြစ်၊ ဝက်ပဲဖြစ်ဖြစ်၊ ကြက်ပဲဖြစ်ဖြစ်၊ ငါ့ဘဝဆိုးလှချည်ရဲ့ ဒီဘဝမျိုးဖြင့် မလိုချင်ပါဘူး၊ မနှစ် သက်ပါဘူးလို့ ဘဝစက်ဆုတ်တဲ့ စိတ်က မပေါ်ဘဲကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ စုတိနောင် ပဋိသန္ဓေလို့ ပဋိသန္ဓေခန်းလေးရောက်လို့ ပဋိသန္ဓေလို့ ဆိုလိုက်သည်နဲ့ တစ်ပြိုင်နက် ဒီပဋိသန္ဓေဝီထိမှာပဲ ကိုယ်ရောက်တဲ့ဘဝ ဖြူသလား မဲသလား ကောင်းသလာ ဆိုးသလား ယုတ်သလား မြတ်သလား မသိသေးဘူး။ ပဋိသန္ဓေဝီထိထဲမှာ ပဋိသန္ဓေလို့ နေလိုက်ရင် ပဋိသန္ဓေရဲ့ဝီထိထဲမှာကို နောက်နားက ဘဝနိကန္တိက လောဘဇော စောလိုက်ပေါ့။ ရောက်တဲ့ဘဝ ကြိုက်တယ် ကြိုက်တယ် ကြိုက်တယ် ကြိုက်တယ်နဲ့ ခုနစ်ကြိမ် ခုနစ်ခါကြိုက်ပလိုက်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ခွေးဖြစ်လဲ အတူတူပဲ၊ နွားဖြစ်လဲ အတူတူပဲ၊ ကြက် ငှက်ဖြစ်လဲ အတူတူပဲ၊ အိမ်သာထဲက လောက်ဖြစ်လဲ အတူတူပဲ၊ ဖြစ်တဲ့ဘဝ ဘွားကနဲ ဖြစ်သည်နှင့်တစ်ပြိုင်နက် ကိုယ့်ဘဝကိုယ် ကြိုက်လိုက်ပေါ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘဝနိကန္တိက လောဘဇောခေါ်တယ်။ ဒါခွေးတွေ ဝက်တွေ ငှက်တွေ ကြက်တွေချည်း ပြောနေတာ မဟုတ်ဘူး။ လူတွေ တွေးကြည့်စမ်း၊ ဘယ်သူ့မေးကြည့် အခုရတဲ့ဘဝမျိုး မကြိုက်ဘူးလား၊ ကြိုက်တာချည်းပဲ မကြိုက်ဖူးလား (ကြိုက်ပါတယ်ဆရာ)၊ ပြန်မဖြစ်ခြင် ဖူးလား (ဖြစ်ချင်ပါပါတယ်ဆရာ)၊ ဒီဘဝမျိုးပေါ့ (မှန်ပါတယ်ဆရာ)၊ ဆင်းရဲတာ, ချမ်းသာတာ

http://www.dhammadownload.com



အသာထားပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီဘဝမျိုး ဒီအဖြစ်မျိုးသာ ပြန်လိုချင်တယ်။ ဆင်းရဲတဲ့လူ ဆင်းရဲတဲ့အလျောက်၊ ချမ်းသာတဲ့လူ ချမ်းသာတဲ့အလျောက်။

ဒါကြောင့် ဘဝစက်ဆုပ် ရွံရှာမုန်းတီးတယ်လို့ ပညာရှိ နှလုံးနာတဲ့ အနေမျိုးအားဖြင့် ဘဝရွံ့မုန်းစက်ဆုပ်တယ်ဆိုတဲ့ အလုပ်ကတော့ ရှားတယ်။ ဒီလိုပဲ နှစ်သက်တယ်။ နှစ်သက်လို့လည်းပဲ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီးတစ်ဘဝ ဖြစ်ရာဘဝ ဆက်ကာ ဆက်ကာ ဒီဘဝမျိုး ပြန်ပြီးတော့ မရရအောင် ကြိုးပမ်းတဲ့ အလုပ်တွေ လုပ်ကြတယ်၊ အားထုတ်ကြတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ကြောက်စရာကောင်းတယ်၊ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် သင်္ခါရဓမ္မဆိုတာ သေခြင်းသဘောဆိုတာ အင်မတန်လျင်မြန်တယ်တဲ့။ ဒါကြောင့် သတိသံဝေဂလေးရှိ၊ ရှိထားလို့ ငါတော့ ဘယ်နေ့သေမလဲ၊ သေခြင်းသဘောတရားနဲ့ အချိန်းအချက်မရှိဘူးတဲ့။ ယနေ့ သေချင်သေမယ်၊ နက်ဖြန်သေချင်သေမယ်၊ သဘက်ခါသေချင် သေမယ်။ သေခြင်းသဘောတရားသည် ငါ့မြဲလှချည်ရဲ့လို့ မရဏာနုဿတိ ကမ္မဋ္ဌာန်းလေးလဲ စီးဖြန်းပေးရတယ်။ အမြဲတမ်း တတ်နိုင်ရင် အမြဲတမ်း အလုပ်လုပ်၊ အိပ်ယာဝင်တဲ့အခါကြပြီဆိုမှဖြင့် တစ်မြန်နေ့က ပြောသလိုပေါ့၊ အိပ်တော့မယ်လို့ ပက်လက်လှန်လိုက်ရင် ငါတော့ တစ်နေ့သေရအုံးမှာပဲ။ သေတော့မှာ မလွဲတော့ဘူး။ သေမှာပဲ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာကမ္မဋ္ဌာန်းခေါ်တယ် (မရဏာနုဿတိကမ္မဋ္ဌာန်းပါဆရာ)၊ ဘယ်နှစ်ခါသတိရ (ရပါတယ်ဆရာ)၊ မင်းလိမ်တာလား, တကယ်ပြောနေတာလား (တကယ်ပြောတာပါဆရာ)၊ ငါမေးလိုက်ရင် သူ့အချောချည်းပဲ ဟုတ်လား မဟုတ်လား မပြောတတ်ပါဘူး (မင်းလိမ်တိုင်းချည်း ငါခံနေရတယ်။ ) ငါပြောတာ သတိရတယ်လား (ရပါတယ်ဆရာ)၊ အိပ်ရာဝင်လေ (ရပါတယ်ဆရာ)၊ ဘယ်နှစ်ခါလောက်ရ (အိပ်ယာဝင်တိုင်း ရပါတယ်ဆရာ)၊ အောင်မယ် တိုးတောင်လာသေး၊ အိပ်ယာဝင်တိုင်းရ၊ မှန်ရင် သာဓုပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ သတိရှိရတယ် သတိသံဝေဂ ခေါ်တယ်။ တစ်နည်းအားဖြင့် ထိတ်လန့်မှုသဘောလေး, သေခြင်းသဘောတရား မလွန်ဆန်နိုင်တဲ့ အဓိပ္ပါယ်လေး မရဏာနုဿတိကမ္မဋ္ဌာန်း ခေါ်တယ်၊ အင်မတန်လည်း တန်ဖိုးရှိတယ်။

## သုဗြဟ္မာအကြောင်းသိကောင်းစရာ

အဲဒါ အိပ်ယာဝင်ပြီး အိပ်တော့မယ်လို့ အိပ်ရာထဲ ပက်လက်လှန်လိုက်ရင် တစ်ချက်လောက် ဆင်ခြင်စဉ်းစားပေးပါလို့ နော် (မှန်ပါတယ်ဆရာ)၊ သေခြင်းဆိုတဲ့ဘေး ဝေးသလား။ နီးသလားဟ (နီးပါတယ်ဆရာ)၊ နီးတယ်၊ အခုဆို အခုပဲ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကွေးသောလက် မဆန့်

http://www.dhammadownload.com



မီ၊ ဆန့်သောလက် မကွေးမီတဲ့ အင်မတန်ကြောက်စရာကောင်းတယ်။ ဟို တို့ဘုရားလက်ထက်က သုပြဟ္မာနတ်သားဆိုတာ ရှိတယ်။ ဒီ နတ်သားတော့ တော်တော်တန်ခိုးကြီးတယ်။ နတ်သမီးပေါင်း မိဖုရားတစ်ထောင်ရှိတယ်၊ များလိုက်တာကွနော် (မှန်ပါတယ်ဆရာ)၊ မိဖုရားပေါင်း တစ်ထောင် ရှိတယ် အဲဒီလို အဖြစ်မျိုးတော့ မလိုချင်ဘူးလား (ကောင်းသားပဲ) အောင်မယ် တကယ်လိုချင် သလားဟ၊ လိမ်တော့ မနေနဲ့၊ တကယ်လိုချင်သလား၊ ဟောဒီကောင် မပြောဝံ့ဘူး။ အဲဒါမရိုးသားတဲ့ စိတ်ခေါ်တယ်။ တကယ်လိုချင်သလား၊ အောင်မယ် ချောင်းတွေဘာတွေဟန့်လို့။ ဘယ့်နဲ့ သဘော ရတုံး (ရောက်မယ်, မရောက်မယ် သိမှ မသိဘဲနဲ့ဆရာ)၊ ဩော်- ရောက်ရင် လိုချင်သလားလို့ မေး နေတာ (လိုချင်ပါတယ်) အဲဒါ ငတ်ကြီးကြမှန်း လူသိတာပဲကွနော် (ဘယ်လိုကောင်မှန်းမသိဘူး)၊ အဲဒါ ကာမာသဝ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊

အသုကသ္မိံ နာမ ဌာနေ ကာမေ သေဝိဿာမိ။ အသုကသ္မိံ ဌာနေ၊ ဤအမည်ရှိသော ဘုံ၏ဌာန၌။ ကာမေ၊ ငါးဖြာအာရုံ ကာမဂုဏ်တို့ကို။ (ဝါ) နတ်သမီးတစ်ထောင်တို့ကို။ သေဝိဿာမိ၊ ငါးဖြာအာရုံ ကာမဂုဏ် အနေအားဖြင့် ငါခံစားပေတော့အံ့။ ဥပါဒါန်အကြောင်းတုန်းက ငါပြောခဲ့ ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ကာမုပါဒါန်, ကာမာသဝ, ကာမောဃ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ မက်မော မက်မောပြီးတော့ တချို့လည်း နတ်စည်းစိမ်လိုချင်လိုက်တာ၊ လူ့ဘဝထက် နတ်ဘဝက ပိုကောင်းတယ်ဆိုတော့ နတ်စည်းစိမ်တမ်းတ၊ နတ်ဘဝမျှော်မှန်းရော်ရမ်း၊ ပြီးတော့ ဒီသုပြဟ္မာ နတ်သားက နတ်သမီးမိဖုရားပေါင်း တစ်ထောင်တောင်ရှိတယ် သိပ်များတာ၊ အဲဒါ လူ့ပြည်မှာ မယား မရနိုင်တဲ့ လူပျိုကြီးတို့ မုဆိုးဖိုတို့ အလွတ်အလပ်တွေပေါ့ကွာ ညီးထားကြဟေ့၊ ကြိုးစား ကြိုးစား နတ်ပြည်ရောက်အောင်၊ နတ်ပြည်သိပ်ပေါတာ နော် (မှန်ပါတယ်ဆရာ)၊ မပေါဖူးလား (ပေါပါ တယ်ဆရာ)၊ နတ်သားတစ်ယောက်တစ်ယောက်ကို ငါးရာဆိုတာ အဖျင်းဆုံးဟ။ နတ်သမီးပေါင်း ငါးရာတဲ့၊ နတ်သမီးပေါင်း တစ်ထောင်တဲ့ အခြံအရံတွေ သိပ်များတာ။ ဒီတော့ သုပြဟ္မာနတ်သားက နတ်သမီးပေါင်း တစ်ထောင်ရှိတော့ သူကလည်း ခုန မာလဘာရီနတ်သားလို့ပါပဲ အဆန်းတော့ မဟုတ်ပါဘူး။ သူတို့ တစ်ခါလာရင် ဥယျာဉ်တော်သွား၊ တို့ ပခုက္ကူဇာတ်ရုံ သွားသလိုပေါ့ကွနော်။ တစ်ခါလာ ဇာတ်စင်ရုံ တန်းသွားကြတာပဲ၊ ဟိုလည်းပဲ ဥယျာဉ်တော်သွား သွားပြီးတော့ ဒီလိုပဲ ပန်းခူးတဲ့ နတ်သမီးက ခူး၊ ပန်းဆက်တဲ့ နတ်သမီးက ဆက်။ အဲဒါ ပန်းပဲ အလုပ်လုပ်နေကြတယ်။ ပျော်စရာ ပါးစရာပေါ့။

http://www.dhammadownload.com



ဒီတော့ သုပြဟ္မာနတ်သားက ပန်းပင်အောက်က ထိုင်၊ နတ်သမီးငါးရာ တစ်ဝက်က အပေါ်တက်၊ နတ်သမီးငါးရာက အောက်က နေပြီးတော့ ပန်းတို့ ဘာတို့ သီကြ ကုံးကြ၊ ပြီးတော့မှ နတ်သားဆက်။ အဲဒါ အပေါ်တစ်ဝက်တက်ပြီးတော့ ပန်းခူးနေတဲ့ နတ်သမီးငါးရာ ရုတ်တရက် ပျောက်သွားတယ်နော် (မှန်ပါတယ်ဆရာ)၊ ရုတ်တရက်ပျောက်သွားတော့ ဟဲ့. . . ပန်းပင်ပေါ်တက် ပြီးတော့ ပန်းခူးတဲ့ နတ်သမီးငါးရာ အသံမကြားပါလား ဘယ်ရောက်သွား၊ ကြည့်လိုက်တော့ မရှိတော့ဘူး။ နတ်များ စုတိစိတ်ကျတာ လူလိုမှ မဟုတ်ဘဲ အင်မတန်မှ လျင်မြန်တယ်။ ဆီမီးများ ငြိမ်းသလိုပေါ့နော် (မှန်ပါတယ်ဆရာ)၊ နတ်သမီးငါးရာ စုတိစိတ်ကျသွားပြီလို့ သိတော့ စိတ်ထိတ်လန့်ခြင်း ဖြစ်တယ်။ အင်မတန်ချစ်ခင်တဲ့ အင်မတန်နှစ်သက်တဲ့ မိဖုရားတစ်ထောင်ထဲကနေ မိဖုရားငါးရာ ပျောက်သွားတယ်ဆိုတော့ အဲဒါ ခုနပြောတဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ၊ ပရိဒေဝမီးတွေ တောက်ရော့ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ငါးရာအတွက် ပရိဒေဝမီးတောက်ရတာ တွက်သာကြည့် ဟော့။ တစ်ယောက်ထဲတောင် ဘယ်လောက်ပူသလဲ လောကကြီးကြည့်စမ်း ဟုတ်ကဲ့လားဟ (မှန်ပါ တယ်ဆရာ)၊ ငါးရာအတွက်ဆိုတော့ သက်သာခွင့် ရှာမရဘူး။ ပူလိုက်တာ ပူလိုက်တာ ရုတ်တရက် ရှောင်တခွင်အားဖြင့် ကြည့်၊ ပျောက်သွားတဲ့ နတ်သမီးငါးရာ အစားကလည်း ထိုးလို့ ရုတ်တရက် ဖြစ်တာ မဟုတ်ဘူး။ ရုတ်တရက်လည်း ရှာရတာ မဟုတ်ဘူး။ သူ့ဘုန်းနဲ့ သူ့ကံနဲ့ ပေါ်လာကြတာ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊

ပရိဒေဝမီးတောက်တော့ ငါ့နတ်သမီးတွေ ကိုင်း-မနေရလို့ သေကြပြီ။ ဘယ်သောင် ဘယ် ကမ်းများ ဆိုက်ကြပါလိမ့်၊ ဘယ်ဘဝများ ဖြစ်ကြပါလိမ့်၊ ဒိဗ္ဗစက္ခု-နတ်မျက်စိနဲ့ ကြည့်လိုက် အဝီစိသွားလေနော် (မှန်ပါတယ်ဆရာ)၊ အကုန်လုံး အကုန်လုံး တစ်ပြုံလုံး အဝီစိငရဲဆင်း ငရဲသွား တာလေ။ ကံတူအကျိုးပေးတွေ ခေါ်တယ်။ ကြောက်စရာကောင်းလိုက်တာလို့ မှတ်ထားနော်။ မနေ့ညက ဟိုဘက်က အငြိမ့်ကလည်း ကနေ၊ လေကလည်း တည့်နေတော့ ငါတွေးမိတယ်။ လူပျက်က ပျက်လိုက် ဝါးကနဲဆိုတဲ့ လူအုပ်ကြီး အသံပေါ့ကွာ တစ်ပြိုင်နက် တစ်ပြိုင်နက် နော် (မှန်ပါတယ်ဆရာ)၊ ဝါးကနဲ အုန်းကနဲ အဲဒါစေတနာက တစ်ပြိုင်နဲ တစ်ချက်တည်း အတူအတူ သွားသွားဖြစ်တယ်။ စေတနာတူတွေ တစ်ပြိုင်နက်တစ်ချက်တည်း အတူဖြစ်တဲ့ စေတနာမျိုးတွေ အကျိုးပေးတာ အင်မတန် ကြောက်စရာကောင်းတယ်လို့။ အခု နတ်သမီးငါးရာ တစ်ပြိုင်တည်း စုတိစိတ်ကျသွားတာ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ စေတနာတူတွေခေါ်တယ်။ ကြည့်လိုက်တော့ ဘယ်ဘဝများ သွားဖြစ်ကြပါလိမ့် ကြည့်လိုက်တော့ အဝီစိတန်းသွားလေ၏၊ ဒီတော့မှ သုပြဟ္မာ

http://www.dhammadownload.com



နတ်သားက ထောက်ရာ တည်ရာမရ အင်မတန် ကြောက်တယ်။ အောင်မယ် -တယ်သနားစရာ ကောင်းပါပဲ၊ လက်စသက်တော့ ဒင်းတို့တွေ ပျက်စီးသွားတဲ့အတွက် ငါ့ပရိဒေဝမီးတွေ တောက်နေတဲ့ ကြားထဲ ဘယ်ဘုံ ဘယ်ဘဝများ ရောက်ပါလိမ့်မလဲ ကြည့်လိုက်ပြန်တော့လည်းပဲ အဝီစိရောက်။ ကြောက်စရာ ကောင်းလှချည်ရဲ့၊ ကြောက်စရာကောင်းလှချည်ရဲ့ သေခြင်းသဘောတရားများ တယ်လျင်မြန်ပ့ါ။

ဒါပေမယ့်လေ သူ့အတွက်, သူများအတွက် ရတက်မအေး ဖြစ်နေတာ ထားစမ်းပါအုံး၊ ငါ့ အတွက်တော့ ငါကြည့်စမ်းပါအုံးမယ်၊ ငါ့အသက်များ ဘယ်လောက်များရှည်သလဲလို့ သူ့အသက် သူ့ ဒိဗ္ဗစက္ခုနဲ့ ကြည့်လိုက်တော့ ခုနစ်ရက်ရှိတော့ နော် (မှန်ပါတယ်ဆရာ)၊ အောင်မယ် ငါလည်း ခုနစ်ရက်ကြာ သေမှာပါလား။ ငါ့အသက်လဲ ခုနစ်ရက်ရှိတော့ နေရဖို့ အာယုကွာယတဲ့၊ ပုညကွာယတဲ့ နတ်များသေတာကြ တစ်မျိုး။ ငါ့ကုသိုလ်လည်း ကုန်ပြီ၊ ငါ့သက်တမ်းလည်း ကုန်ပေ့ါ။ ဒီတော့မှ သိပ်ပြီးတော့ ထောက်ရာ တည်ရာ မရအောင် အကြောက်ကြီးကြောက်တယ်။ ဘယ့်နဲ့ လုပ်ရပ့ါမတုံး။ ခုနစ်ရက်ကြာ ငါသေတော့မယ်၊ ခုနစ်ရက်ကြာ ငါသေတော့ ပူလှချည်ရဲ့ ကြောက်လှချည်ရဲ့နဲ့ နောက် တော့မှ လူ့ပြည်က ဘုရားကိုယ်တော်မြတ် သွားသတိရတယ်။ ဩော်-ဘုရားကိုယ်တော်မြတ်ကြီး ထင်ရှားရှိပါတယ်။ ဘုရားထံ ငါပြေးလေမှပဲလို့ ငါ့အားကိုးစရာလဲ ဘာမှမရှိဘူး။ သတိရပုံလေး သေချာကြည့်ကြ။ သေဘေး ခုနစ်ရက်လည်းရင် သေတော့မယ်ဆိုတဲ့ သေဘေးမြင်မှ တရားပြေး ရှာတယ် နော် (မှန်ပါတယ်ဆရာ)၊ လက်ဦးတုန်းက အမှုမဲ့ အမှတ်မဲ့ ပျော်ပျော်ပါးပါး မနေဘူးလား (နေပါတယ်ဆရာ)၊ မေ့မေ့ လျော့လျော့ ငါးဖြာအာရုံ ကာမဂုဏ်စိတ်တွေနဲ့ မေ့လျော့နေလိုက်တာ တရားအားထားစရာ တရားဘယ်ဟာ ရှာရမှန်း မသိဘူး။ ဘုရားလည်း အမှတ်မရဘူး။

အခုတော့ ခုနစ်ရက်လည် သေတော့မယ်လို့ သူ့ကိုယ်သူ သိသည်နှင့်တစ်ပြိုင်နက် အခုနေများ သေသွား သူတို့လို့ ငါအဝီစိတန်းသွားတော့မှာပဲ၊ အဝီစိသွားတော့မှာပဲ၊ သူတို့နောက်လိုက်ရတော့ မှာပဲ။ ငါ့လည်း အားကိုးစရာ တရားလဲ ဘာမှမရှိပါလားဟဲ့။ အဲဒါကြမှ ပျာပျာသလဲနဲ့ ကြောက် စိတ်တွေ အားကြီးပြီးတော့ ဘုရားထံ အမြန်ပြေးတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့် တို့လူစုတွေလည်း ဒီလိုပဲ ကိုယ့်သေမဲ့ရက် ကိုယ်တွက်၊ ရနိုင်လို့ရှိရင် ကိုယ်သေမဲ့ရက်ကိုပဲ သိကြလို့ ရှိရင် ဒီတိုင်းတဖြုံဖြုံနဲ့ မနေနိုင်တာ အမှန်ပဲလို့ နော် (မှန်ပါတယ်ဆရာ)၊ ပျာပျာသလဲ တရားရှာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ငါ့အားကိုးစရာလဲ မရှိပါလားဟ ဒီတိုင်းသေလို့ဖြင့် ငါ့ခက်ရချည်းရဲ့တဲ့။ ငါလည်း သေတော့မှာ ရက်ကဖြင့် ဘယ်လောက်လိုတော့တယ်။ လကဖြင့် ဘယ်လောက်လို

http://www.dhammadownload.com



တော့တယ်၊ နှစ်ကဖြင့် ဘယ်လောက်လိုတော့တယ် ခက်လှချည်ရဲ့ ဒီလိုနေလို့ မတော်ဘူးတဲ့။ အဲသလိုများ သိရင်တော့ကွယ် တို့သင်တန်းနေစရာတောင် ရှိမှာ မဟုတ်ဘူး။ ပြည့်ပြည့်လာကြမှာ နော် (မှန်ပါတယ်ဆရာ)၊ ထောက်ရာ တည်ရာ အားထားစရာဆိုတဲ့ တရားရှာကြ။ အခုတော့ ကိုယ်သေရမယ့်ရက် ကိုယ်က မတွက်တတ် မချက်တတ် နားမလည် မမြင်တတ်တော့ မသေ နိုင်ပါဘူးလေ၊ ဘယ်သူသေသေ မသေနိုင်ဘူးလေ၊ ကိုယ့်နဲ့အရွယ်တူသေလည်း ကိုယ့်သူငယ်ချင်း သေလည်း သူတို့သာ သေတယ်၊ ငါက မသေနိုင်ဘူးလေ။ ကြီးတဲ့လူသေလည်း သူတို့သာ သေတာပါ၊ ငါကတော့ မသေနိုင်ပါဘူး။ ငယ်သူတွေ သေလည်း သူတို့သာ သေသေကုန်တာပါ။ ငါတော့ မသေပါဘူး။ ဘာပြုလို့ စာဆိုက ရှိသားပဲ "သူသေငါပို့၊ ငါသေသူပို့" ဖြင့် တစ်ခါမှ မရှိဘူး မဟုတ် ဖူးလား (မှန်ပါတယ်ဆရာ)၊ မကြောက်ဖူးတဲ့ တရားရှာရမှန်းမသိ။

အခု သုပြဟ္မာနတ်သားကတော့ သူ့ကိုယ်သူ တွက်ကြည့်တော့ ခုနစ်ရက်လည် ငါသေတော့ မှာပဲလို့ အမှန်သိတယ်။ သေရင် ဘယ်သွားမှာတုံးဆိုတော့ ပထမသွားနေတဲ့ မိဖုရားငါးရာနောက် ငါလိုက်ရမယ်တဲ့ အဝီစိငရဲနော်၊ ဒီတော့ ကြောက်တယ်၊ ငါ့အားကိုးလည်း မရှိပါလားဟ။ မနေရလို့ ခုနစ်ရက်လည် သေမှာကြောက်တာက တစ်မျိုး၊ သေပြန်တော့လည်းပဲ ငါ့မိဖုရားတွေနောက် ကောက် ကောက်ပါအောင် ငါလိုက်ရချည်ရဲ့။ ဒီတော့မှ ထောက်ရာ တည်ရာ မရ ကြောက်အားလန့်အား တွေ ပိုတော့မှ ဟိုကြည့် ဒီကြည့် အားကိုးရှာကြည့်တော့ ဘုရားကိုယ်တော်မြတ် သွားမြင်လို့ ဘုရားကိုယ်တော်မြတ်ထံ အမြန်ပြေး - ကယ်တော်မူပါဘုရား၊ ဘုရားတပည့်တော် ကယ်တော် မူပါဘုရား၊ သနားတော်မူပါဘုရား။ ဟဲ့-သုပြဟ္မာနတ်သား ဘာပြုလို့၊ မှန်လှပါဘုရား, ဘုရား တပည့်တော်ရဲ့ မိဖုရားပေါင်းငါးရာ ရုတ်တရက်အားဖြင့် စုတိစိတ်ကျသွား။ ဘယ်သွားသလဲ ကြည့်လိုက်တော့ အဝီစိလားကြတယ်။ တပည့်တော်အသက်လဲ တပည့်တော်ပြန်တွက်ကြည့်ပြန်တော့ ခုနစ်ရက်သာရှိပါတယ်ဘုရား။ တပည့်တော် သေပြန်တော့လည်း ဒီမိဖုရားငါးရာနဲ့ အတူတကွ ပါရမယ်ဆိုတဲ့ အဝီစိငရဲလားရာ လားကြောင်းတွေ တပည့်တော်မြင်လို့ အားထားစရာမရှိ၊ အားကိုး စရာမရှိ၊ ဘယ်မှ ကြည့်လို့ မမြင်တဲ့အတွက် အရှင်ဘုရားထံ အားကိုးတစ်ခုနဲ့ ယခုရောက်ရခြင်းပါ ဘုရားလို့, ကယ်မတော်မူပါဘုရားလို့, သနားတော်မူပါဘုရားလို့ ဘုရားလျှောက်ထားလို့ ဒီနေရာမှာ ဘုရားကိုယ်တော်မြတ်က ရုပ်နာမ် ခန္ဓာ အာယတနဆိုတဲ့ ဝိပဿနာတရား ဟောလို့ တရားလည်းချ သောတာပတ္တိမဂ်ဉာဏ်ရ၊ ဒီမှ ဝမ်းပန်းတသာနဲ့ ပြန်လာ နော် (မှန်ပါတယ်ဆရာ)၊ ငါတော့ အားကိုး စရာရပြီ၊ ကြောက်စရာမရှိဘူး။ အပါယ်လေးပါးလည်း ငါမလားနိုင်တော့ဘူး။ အပါယ်တံခါးလည်း

http://www.dhammadownload.com



ပိတ်ပေ့ါလို့။ စိတ်ချလက်ချ ဝမ်းပမ်းတသာနဲ့ ဒီအခါမှ ပြန်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ တရားဂုဏ်ကျေးဇူး ထူးတယ်။ အရိယာဘဝနဲ့ကြတော့ သူ့ခုနစ်ရက်သေလိမ့်မယ်ဆိုတာကို သေကို မသေဘူးနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တရားရဲ့သတ္တိ တရားဂုဏ်ကျေးဇူး ထူးပုံလေးတွေ သေချာ လည်းမှတ်ထား။ ဒါကြောင့် တို့လူစုတွေလည်းပဲ မိမိတို့ သံသရာထောက်ရာ တည်ရာ မရသေးဘူး ဆိုလို့ရှိရင် ရအောင် ကြိုးစားကြ။ ဒီလမ်းစဉ်ကြီးကတော့ သံသရာမှာ ထောက်ရာ တည်ရာ တကယ် ရတဲ့ လမ်းစဉ်ချပြထားတာ။ မလိုချင် လိုချင် ယူနေလို့တော့ ရမှာ မဟုတ်ဘူး။ တကယ်လိုလိုချင်ချင်နဲ့ စိတ်ပါလက်ပါနဲ့ အင်တိုက်အားတိုက် ကြိုးစားလို့ရှိရင် မုချအားဖြင့် သံသရာမှာ ထောက်ရာ တည်ရာရတဲ့တရား အပါယ်လေးပါးတံခါး ပိတ်တာမှန်၏ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။" (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ၂။ ၃၈၅)

ဗုဒ္ဓသာသနေ၊ ဘုရားမြတ်စွာ သာသနာတော်တွင်း၌။ ဣမိနာ ပန ဉာဏေန၊ ရူပပရိစ္ဆေဒ နာမပရိစ္ဆေဒ နာမရူပပရိစ္ဆေဒ ပစ္စယပရိစ္ဆေဒ တည်းဟူသော ဒီဉာဏ်လေးဆူနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ တရားအားထုတ်သောပုဂ္ဂိုလ်သည်။ လဒ္ဓဿာသော၊ သံသရာ၌ သက်သာရာရသည်။ လဒ္ဓပတိဋ္ဌော၊ သံသရာ၌ ထောက်ရာ တည်ရာ ရသည်။ ဟောတိ၊ ဖြစ်၏။ နိယတဂတိကော၊ အပါယ်လေးပါးက လွတ်၍ ဂွင်းလုံးကျွတ်လွတ်၍ မြဲသော ဂတိရှိသည်။ စူဠ သောတာပန္နော နာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

တို့သင်တန်းအစ နိဒါန်းကတည်းက ဒီအတန်းရောက်အောင် အရောက်ပို့လာခဲ့တယ်နော် (မှန်ပါ တယ်ဆရာ)၊ ဒါကြောင့် "လဒ္ဓဿာသ လဒ္ဓပတိဋ္ဌ" လဒ္ဓဿာသ ဆိုတာ စိတ်မှာ သက်သာစရာ ရသွားပြီတဲ့၊ မကြောက်ဘူးတဲ့။ ကြောက်စရာဘေးတွေ ဝေးသွားပြီ၊ အေးသွားပြီ။ လဒ္ဓပတိဋ္ဌဆိုတာ သံသရာ ထောက်ရာ တည်ရာ ရသွားပြီ၊ ဘယ်တော့မှ မနစ်မွန်းတော့ဘူး ဒီလိုဆိုလိုတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တမြန်နေ့က ပြထားတဲ့အတိုင်း "လဒ္ဓဿာသ လဒ္ဓပတိဋ္ဌ" ပါဠိတော်က ဘုရားကိုယ်တော်မြတ် ဟောသွားလို့ အဋ္ဌကထာဆရာက ဖွင့်ပြတယ်။ လဒ္ဓဿာသ-သက်သာရာ ရတယ် ဆိုတာ ဘာတုံး။ လဒ္ဓပတိဋ္ဌ - တည်ရာ ရတယ်ဆိုတာ ဘာတုံး။

ပရမတ္ထတော သာသနေ အဿာသော နာမ အရိယဖလံ၊ ပတိဋ္ဌော နာမ အရိယမဂ္ဂေါ၊ အယံ ပန အနဓိဂတမဂ္ဂဖလောပိ အဓိဂမုပါယပဋိပတ္တိယံ ဌိတတ္တာ လဒ္ဓဿာသော ဝိယ, လဒ္ဓပတိဋ္ဌော

http://www.dhammadownload.com



ဝိယ စ ဟောတီတိ ဝုတ္တံ "လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော"တိ။ (ဝိသုဒ္ဓိမဂ်ဋီကာ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသဝဏ္ဏနာ၊ ၃၈၅ )

အဋ္ဌကထာဆရာက ဖွင့်သွားတာ အင်မတန် မှတ်သားစရာကောင်း။ ဒါကြောင့် ဒီပါဋ္ဌိလေးများ ရအောင် ကျက်ထားကြစမ်းပါလို့။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ သာသနေ၊ မြတ်စွာဘုရား ကိုယ်တော်မြတ် သာသနာတော်၌။ အဿာသော နာမ၊ သက်သာရာ ရသည်မည်သည်ကား။ အရိယဖလံ၊ အရိယာဖိုလ်တည်း။ ပတိဋ္ဌော နာမ၊ ထောက်ရာ တည်ရာ မည်သည်ကား။ အရိယမဂ္ဂေါ၊ အရိယာမဂ်တည်း။ ပန၊ တစ်နည်းသော်ကား။ အယံ၊ ဤပုဂ္ဂိုလ်သည်။ အနဓိဂတမဂ္ဂဖလောပိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရသေးသော်လည်း။ အဓိဂမုပါယပဋိပတ္တိယံ၊ ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရခြင်းဖြစ်သော အကျင့်၌။ ဌိတတ္တာ၊ တည်သည်၏အဖြစ်ကြောင့်။ လဒ္ဓဿာသော ဝိယ၊ သက်သာရာ ရအပ်သကဲ့သို့လည်းကောင်း။ လဒ္ဓပတိဋ္ဌော ဝိယ၊ ထောက်ရာ တည်ရာ ရအပ်သကဲ့သို့လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌောတိ၊ လဒ္ဓဿာသ လဒ္ဓပတိဋ္ဌ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

အမှန်က မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးဘူး ထားပါတဲ့။ "လဒ္ဓဿာသ" ဆိုတာ ဖိုလ်ဉာဏ် ရတာခေါ်တယ်။ "လဒ္ဓပတိဋ္ဌ" ဆိုတာ မဂ်ဉာဏ်ရတာ ခေါ်တယ်။ ဒါပေမယ့် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးဘူး ထားတဲ့။ တစ်နည်းအားဖြင့် ပြောလိုက်မယ်ဆိုလို့ရှိရင်တဲ့ အဲဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရာရကြောင်း အနေအားဖြင့် ကျင့်ကြံပွားများ အားထုတ်အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်မှန်သမျှကတော့ လဒ္ဓဿာသနဲ့ လဒ္ဓပတိဋ္ဌလို့ ခေါ်ရမယ်တဲ့။ ဒါကြောင့် ဒီအကျင့်ကျင့်နေတဲ့ပုဂ္ဂိုလ် မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လှချည်ရဲ့ဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်နေတဲ့ ပုဂ္ဂိုလ်များ သံသရာမှာ သက်သာရာ ရသွားပြီတဲ့။ သံသရာမှာ ထောက်ရာ တည်ရာ ရသွားပြီဆိုတဲ့ အဋ္ဌကထာအဖွင့်စကားနဲ့ သေသေချာချာ ဟတ်ကြည့်လို့ရှိရင် တို့သင်တန်းသူ သင်တန်းသားများ အမြတ်က ထွက်ချင်တိုင်းထွက် မထွက်ဖူးလား (ထွက်မှာပါဆရာ)၊ လဒ္ဓဿာသ ဖြစ်ပြီးသား၊ လဒ္ဓပတိဋ္ဌ ဖြစ်ပြီးသား။ စိတ်လည်း သက်သာရာ ရသွားပြီ၊ သံသရာလည်း ထောက်ရာ တည်ရာ ရသွား မနစ်မွန်းနိုင်တော့ဘူး။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး မှတ်ထား။ ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်နဲ့ တစ်ထပ်တည်းပြထား။ ဒါကြောင့် -

အယံ ပန အနဓိဂတမဂ္ဂဖလောပိ အဓိဂမုပါယပဋိပတ္တိယံ။ (ပ) ပန။ တစ်နည်းသော်ကား။ အယံ၊ ဤပုဂ္ဂိုလ်သည်။ အနဓိဂတမဂ္ဂဖလောပိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးသော်လည်း။

http://www.dhammadownload.com



အဓိဂမုပါယ-ပဋိပတ္တိယံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရခြင်းအကြောင်းဖြစ်သော အကျင့်၌။ (ပ) လဒ္ဓဿာသော လဒ္ဓပတိဋ္ဌောတိ၊ လဒ္ဓဿာသ လဒ္ဓပတိဋ္ဌ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

အသာဆုံး၊ ဝမ်းလည်း အမြောက်ဆုံး၊ ဒီတစ်ခါလောက် ဝမ်းသာတာ၊ ဒီတစ်ခါလောက် ဝမ်းမြောက်တာမရှိ၊ အင်မတန်မှ မိမိလုပ်တဲ့ကုသိုလ်အပေါ် ပီတိဖြစ်ပါတယ်တဲ့။ ဒါ ဘာကြောင့်လဲ ဆိုတော့ အလှူဝတ္ထုနဲ့ စင်ကြယ်ခြင်း၊ စေတနာနဲ့ သန့်ရှင်းစင်ကြယ်ခြင်း အင်္ဂါနှစ်ပါးနဲ့ ပြည့်စုံလို့ သို့ကလောက်ပဲ ဝမ်းပန်းတသာနဲ့ ဝမ်းလည်းမြောက်ပါတယ်။ ဒါပေမယ့် အလှူတော်ငွေ တစ်ရာ ဆိုတော့ တစ်ရာပဲ တန်ဖိုးထားသလား မဟုတ်ပါဘူးတဲ့။ သင်တန်းရဲ့ ကျေးဇူးဟာ အထူးအားဖြင့် ဆပ်ပေးလို့ မကုန်နိုင်တာ သိပါ၏။ "ဝန်နဲ့အား မြှားနဲ့လေး" ဆိုသလိုပဲ တစ်ကျပ်စု နှစ်ကျပ်စုနဲ့ စင်ကြယ်သန့်ရှင်းသော ပစ္စည်းကိုမှ အရင်းတည်ပြီးတော့ စုဆောင်းလာလို့ လှူဒါန်းရတဲ့ ပစ္စည်း ဖြစ်ပါတယ်။ မိမိအင်အားကလည်း ခပ်သေးသေးမို့လို့ ဒါကြောင့် တစ်ရာဝန်လောက်ပဲ ထမ်းရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီတစ်ရာတန်ဝတ္ထုပစ္စည်း လှူဒါန်းရခြင်းကြောင့် မိမိစိတ်ထား စေတနာထား ကြည်လင်သန့်ရှင်းခြင်း၊ လှူသောဝတ္ထု၌ အပြစ်ကင်းခြင်း ဆိုတဲ့ အင်္ဂါနှစ်ပါးပြည့်စုံသော အလှူဖြစ် သည့်အားလျော်စွာ မိမိဝမ်းမြောက်သလို အားလုံးသော ဓမ္မဒါယကာ အပေါင်းလည်းပဲ ဝမ်းမြောက်ကြ စေရန် မိမိတို့ ဒီကုသိုလ်အဖို့ကြီး ရသလိုလည်းပဲ သင်တန်းသူသင်တန်းသားများ ရကြပါစေရန် ကုသိုလ်အဖို့ အမျှဝေပေးပါဆိုလို့ အမျှဝေတာလေး ခဲယဉ်းတာ မဟုတ်ဘူး။ ကျက်တဲ့ စာမဟုတ်ဘူးဟ။ လေးငါးဆယ်လုံးလောက် လျှောက်ပြီးတော့ ပြောပြီး ဝေလိုက်ပြီးတာပဲလို့ ဝေပေးပါ့မယ်လို့ လက်ခံလိုက်တယ်။ အဲဒီတော့ တို့လူစုက မိမိတို့ ပြုတဲ့ကုသိုလ်လည်း ကုသိုလ်ပြုထားတဲ့ တစ်ဖက် သားက စင်ကြယ်သန့်ရှင်းသော စေတနာ သဒ္ဓါတရားနဲ့ ပတ္တိဒါနအနေအားဖြင့် အလှူကို ဝေငှပေးရင်း တို့လူစုကလည်း ပတ္တာအနုမောဒနာ အနေအားဖြင့် ဒီတစ်ရာတန် မွန်မြတ်သော အလှူကြီးရဲ့အဖို့ကို သာဓုအနုမောဒနာ ခေါ်ဆိုပြီးတော့ အရယူကြပါလို့ ကုသိုလ်ပွားတယ်ခေါ်တယ်။ အင်မတန် မွန်မြတ်တယ်။ ဒီတော့ ဒီက အမျှအတမ်း ပေးဝေမယ်၊ အားလုံးပဲ သာဓုအနုမောဒနာ ခေါ်ဆို၊ သင်ထားတဲ့အတိုင်း ဝတ်ကျေတမ်းကျေ မခေါ်နဲ့ ရမှာမဟုတ်ဘူး။ တကယ့်စေတနာလေးတွေ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း ထားပြီးတော့ သူ့ကုသိုလ်အရင်းတည်ထားလိုက် အင်မတန် သန့်ရှင်းလို့ ဝမ်းပန်းတသာဖြစ်လို့ ငါတို့ကိုလည်းပဲ ရပါစေလို့ စေတနာကောင်းနဲ့ ဝေငှပေးတဲ့ ကုသိုလ်ဟဲ့။ တို့တော့ နှစ်ထပ်ကွမ်းပဲလို့ တို့ကိုယ်တိုင်လှူတာက တစ်ထပ်ဟ။ သူတို့သူတို့ဝေပေးလို့ရတဲ့ ကုသိုလ်က

http://www.dhammadownload.com



တစ်ထပ်ဟလို့ အမြတ်တွေ ထွက်မလာဘူးလား (ထွက်လာပါတယ်ဆရာ)၊ အဲဒီလို လောကုတ္တရာ စီးပွားနဲ့ အတိုးချတတ်ရတယ်။ ခုတော့ လောကီစီးပွားသာ တွက်နေတာ ပိုက်ဆံတစ်မတ်ပေးတာ သုံးခါလောက် ပြန်ရတယ်။ လိုများနေသလားဟ လောကီစီးပွားကြတော့ နော် (မှန်ပါတယ်ဆရာ)၊ လောကုတ္တရာ စီးပွားလည်း ဒီနည်းသွားကြ။ စစ်စစ်ဆေးဆေးနဲ့ မေးမေးမြန်းမြန်းနဲ့ တန်ဖိုးထားပြီးတော့ ဝမ်းပန်းတသာနဲ့ယူ။

အဲ - တို့များက ဆေးဆရာ ဦးမြသန်း၊ ဆရာကတော် ဒေါ်လေးစိန်တို့ရဲ့ ကိုယ်စား ဒီက အမျှဝေ - ကျွန်တော်ကျွန်မတို့က အလွန့်အလွန် မွန်မြတ်သော ဒါနအပေါင်းတို့ထက် အမြတ်ဆုံး ဖြစ်သော ဓမ္မဒါနဟု ခေါ်ဆိုရသော အသံသွင်းရန် ကြိုးခွေအတွက် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော အလှူတော်ငွေ တစ်ရာကို ဓမ္မဒါနအဖြစ်နဲ့ ပူဇော်ပါ၏။ လှူဒါန်းပါရ၏။ ဤသို့ အကျွန်ုပ်တို့ အပြစ် ကင်း၍ သန့်ရှင်းသော အလှူတော်ငွေတစ်ရာကို ပေးလှူရသော ကုသိုလ်၏အဖို့ကို ဓမ္မဒါယကာ ဖြစ်ကြကုန်သော သင်တန်းသူ သင်တန်းသား အပေါင်းတို့အားလည်းကောင်း၊ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျ သတ္တဝါအပေါင်းတို့အားလည်းကောင်း အကျွန်ုပ်တို့၏ ကုသိုလ်အဖို့ကို အမျှပေးဝေပါကုန်၏။ အားလုံးကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါဗျာ (သာဓု သာဓု သာဓု)။

အမျှဝေချင်ရင် ငါးရာလာခဲ့လို့ ငါခေါ်ထားတာ၊ ခုတော့ ဈေးကလျှော့သွား တစ်ရာနဲ့ ဝေရတယ်။ နောက်လာခဲ့အုံး နော် (မှန်ပါတယ်ဆရာ)၊ ဝေပေးမယ်, ဝေပေးမယ် ဝန်မလေးဘူး။ ကိုင်း-ကိစ္စပြီး သွားပြီ၊ တစ်ကိစ္စလိုသေး၊ မပြောလည်း မပြီးဆိုသလိုပေါ့။ အဲဒါ ရင်ထဲ နည်းနည်းလေး တစ်အုံ နွေးနွေးရှိတဲ့ လူများအတွက် တစ်အုံနွေးနွေး မဖြစ်ပါနဲ့လို့ သံသရာလေး ပြန်ရှင်းပေးရမယ်။ တစ်လောက တို့ ညလာပြီးတော့ ဓာတ်ပုံရိုက်သွားတယ်၊ ဓာတ်ပုံရိုက်သွားတော့ ဓာတ်ပုံဆရာက အမှန်ကတော့ ရိုက်ချင်တာ သင်တန်းရိုက်ချင်နေတာ၊ သင်တန်းရိုက်ချင်တာ နှစ်နှစ်လောက်ကြာပြီ၊ ဓာတ်ပုံဆရာက ပြောထားတာ။ သင်တန်းကြီးလည်း ကိုယ်ဖွင့်နေတဲ့သင်တန်း ကိုယ့်ပရိသတ် တစ်ခါမှလည်း မမြင် ဘူးဘူးလို့ ပရိသတ်ထဲ လျှောက်ပြီးတော့ ကြည့်ရမှာလဲ အခက်၊ မကြည့်တော့လည်း မမြင်ရ။ ပရိသတ်နေပုံ၊ ထိုင်ပုံနဲ့ ကမ္မဋ္ဌာန်းရပုံ သိက္ခာရှိပုံ တရားပြနေတုန်း ရိုက်ကြည့်ချင်တယ်။ နောက်နှစ် နှစ်လောက်က တစ်ခါပြောခဲ့ဖူးပြီ နော် (မှန်ပါတယ် ဆရာ)၊ ဒီတော့ ဓာတ်ပုံဆရာက ညရိုက်တဲ့ ကိရိယာက မရှိဘူးတဲ့။ ရှိတော့ ရိုက်ပေးပါ့မယ်လို့။ တာဝန်ခံထားတယ်။ အဲဒီ တာဝန်ခံထားတာ ဓာတ်ပုံဆရာက မရိုက်ဖြစ်။ အခုညရိုက်ကိရိယာရလာတဲ့ ဓာတ်ပုံဆရာက ဒီစကားကြားတော့

http://www.dhammadownload.com



လာရိုက်၊ ကျွန်တော်ရိုက်ပေးပါ့မယ်။ အေး - ရိုက်ပေး ကြည့်ရတာပေါ့ကွယ်။ သင်တန်းကြီးက ပရိသတ်စည်းကားပုံနဲ့ ပရိသတ်များတည်ငြိမ်ပုံ၊ ဣန္ဒြေရှိပုံ ငါတော့ တစ်ရပ်တစ်ကျေးကလာတဲ့ ခရီးသွား ဧည့်သည်များက လာပြောလို့ ငါ့နားတော့ ကြားရရဲ့၊ ဗမာပြည်မှာဖြင့် တကယ့်ပွဲလမ်းသဘင်ကြီး ရောက်ဖူးပါတယ်၊ တကယ့်တရားပွဲကြီးတွေ ရောက်ဖူးပါတယ်။ တကယ့်ပုဂ္ဂိုလ်ကျော်ကြီးတွေ အထိကရ ပုဂ္ဂိုလ်ကြီးတွေ ဟောတဲ့ ပြောတဲ့ ပွဲတွေလည်း ရောက်ဖူးပါတယ်။ ဆရာ့သင်တန်းလို လူဦးရေအားဖြင့် များတယ်ထားပါတော့။ တည်ငြိမ်တဲ့ ဣန္ဒြေဆောင်တာတော့ ကျွန်တော်တို့ တစ်ခါမှ မတွေ့ဘူးပါဘူး။ ဒီက ဘဲလ်တီးပေးသည့်တစ်ပြိုင်နက် ယတိပြတ် မီးရေနဲ့ သတ်သလို ငြိမ်၊ ပြီးဆုံးသည်တိုင်အောင် တည်ငြိမ်သော ဣန္ဒြေယူပြီးတော့ သမာဓိကောင်းကောင်းထားပြီးတော့ နာကြားတဲ့ တရားပွဲ တစ်ခါမှ မတွေ့ဘူးပါဘူး။ ဧည့်သည်များ ပြောသံသာ ကိုယ်ကြားရ ကိုယ့်ပရိသတ်ကို ကိုတစ်ခါမှ ပြန်မမြင်ဖူးဘူး။ ဒါနဲ့ ဒီထိအောင်ပဲ တည်ငြိမ်တဲ့ ဣန္ဒြေတွေ ဆောင်နိုင်တယ်ဆိုရင်ဖြင့် တစ်ရပ်တစ်ကျေးက ခရီးဝေးက ပုဂ္ဂိုလ်များတောင်ပဲ ချီးမွမ်းစကား ပြောကြားတယ်။ ငါကြည့်ချင် စမ်းပါဘိ စိတ်ကအောက်မေ့။ ဒါနဲ့ ဓာတ်ပုံဆရာခေါ် ပြောတော့ ကျွန်တော်ညရိုက်ကိရိယာမရှိလို့ ရှိတဲ့အခါကြ ကျွန်တော်ရိုက်ပေးပါ့မယ်။ အဲ ပဌမပြောတဲ့ ဓာတ်ပုံဆရာလည်း အကြောင်းမညီညွတ်တာနဲ့ မရရှာ၊ အခုလာရိုက်တဲ့ဓာတ်ပုံဆရာ သူ့ညရိုက်ကိရိယာပါလာတော့ ကျွန်တော်ရိုက်ပေးပါ့မယ် ရိုက်ပြပါ့မယ်။

ရိုက်ပြတော့ ရိုက်လည်းပြီးရော့ သင်တန်းသား နေပုံ ထိုင်ပုံပေါ့၊ သူက သင်တန်းသားရိုက်သွားတာမဟုတ်ဘူး၊ တို့များလည်း နှစ်ခါထပ်အောင် ရိုက်သွားတာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ နှစ်ပုံပါသွား၊ နှစ်မျိုးပါသွား၊ ရိုက်သွားပြီးတော့ သူက ဓာတ်ပုံပါ ဆေးပြီး ကူးတော့ ကြည့်တဲ့လူများက လိုက်သွားတော့ တို့များပုံလည်းပဲ တွေ့ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ တို့များ ပုံတွေ့တော့ ကိုယ့်ဆရာသမား ပုံရယ်ဆိုပြီးတော့ အလုအယက်ပေါ့လေ။ သူ့တစ်ပုံ ငါ့တစ်ပုံ ကူးပါ ကူးပါနဲ့ ဝိုင်းမှာကြတော့ ဓာတ်ပုံဆရာ မကူးဝံ့ရှာပါဘူး။ လာပြီး အခွင့်တောင်း၊ ကျွန်တော် ဒီလို ဒီလိုပဲ ဆရာ့ပုံတွေလာကူးခိုင်းကြပါတယ် ဟိုကဒီက၊ အဲဒါ ဘယ်လိုလုပ်ရမတုံးတဲ့။ ကျွန်တော်ကူးပေးရမှာလားတဲ့။ အေးကွယ် အကယ်တန္တု မင်းကူးပေးတော့လို့ ငါပြောလိုက်ရင် သင်တန်းလူကလည်း များတယ်။ ဒီပုံလိုချင်တဲ့လူကလည်း တော်တော်များ၊ များတော့ မင်းတစ်ယောက်ရဲ့ အခွင့်ရေး စီးပွားရေးနဲ့ ငါက ပေးသလိုရောက်တယ်။ တို့သင်တန်းက သင်တန်းနဲ့ပတ်သက်သော တရားကစ စီးပွားမရှာရဘူးလို့ တစ်ဦးတစ်ယောက် ကောင်းစားရေးအတွက် စီးပွားမရှာရဘူး၊ အမြတ်မထုတ်ရဘူး။ စီးပွားရေးနဲ့

http://www.dhammadownload.com



ပတ်သက်ပြီး အလုပ်မလုပ်ရဘူး။ ကုန်ကုန်ပြောကြစို့ တရားဟောတာတောင်ပဲ လာဘ်သပ္ပကာယူပြီး တော့ မျှော်ကိုးပြီး မဟောရဘူး။

ဒါကြောင့် မင်းပေးလိုက်ရင် မင်းစီးပွားရေးနဲ့ မင်းအခွင့်အရေး ပေးသလို ဖြစ်သွားမယ်။ ဒီလိုတော့ မပေးနိုင်ဘူးလို့ တို့လည်း စည်းမျဉ်းဥပဒေ ရေးမထားပေမယ့် ရေးထားသလိုပဲလို့။ တို့သင်တန်းက နားလည်မှုရှိရတယ်။ တစ်ဦးတစ်ယောက် ကောင်းစားရေး အနေအားဖြင့် စီးပွားမရှာရဘူး။ ဒီတော့ လိုချင်တဲ့လူတွေကလည်း ဒီလိုများနေပြန်တော့ ဒါကူးမပေးနိုင်ဘူး။ မကူးရဘူးလို့ ပိတ်ထား ပြန်တော့ မတော်ပေဘူးလို့။ ဓာတ်ပုံလေးတောင် လိုက်ပိတ်ပင်သလား ဆရာသမားရယ်လို့ ကိုးကွယ် ချင်လို့ အမိပ္ပါယ်အားဖြင့် လိုချင်လို့ ဒါလေးတောင် လိုက်ပိတ်ပင်ထားတယ်ဆိုတော့ တို့အပေါ် လည်းပဲ တာဝန်က မကင်းဘူး။ ဒီတော့ ဒီလိုလုပ်၊ မင်းအခွင်းရေးလဲ ရသလောက်ပေးမယ်။ ဒါပေမယ့် အမြတ်အစွန်းကတော့ မင်းကြီးကြီးမစားရဘူး။ မင်းလုပ်ခလောက် ယူရမယ်။ ကူလီခလောက် ယူရမယ်။ ဒီတော့ မင်းအနည်းဆုံးနှုန်းနဲ့ တို့ကို ပြန်ပေးရမယ်။ တို့ကမှတစ်ဆင့် ဝေပေးမယ်၊ ဒီတော့ ဘာဖြစ်မလဲဆို မင်းစားမယ့် အမြတ်ထဲက တို့ကော်မရှင်ရမယ်၊ ကော်မရှင်ရတော့ ဘာဖြစ်သလဲ ဒီကော်မရှင်ကို သင်တန်းအတွက် ရုံပုံငွေအဖြစ်နဲ့ လိုရာကို သုံးမယ်။ ဒီတော့ မင်းပေးနိုင်ပါ့မလား ဆိုတော့ အနည်းဆုံးနှုန်းနဲ့ ကျွန်တော်ပေးပါ့မယ်တဲ့။ သင်တန်းအတွက်ဆိုရင် ကျွန်တော် ကူလီခပဲ ယူပါ့မယ်၊ လုပ်ခပဲ ယူပါ့မယ်၊ ကောင်းရှာပါတယ်။ သင်တန်းလည်း လေးစားပါတယ်။ ဒီတော့ သူလုပ်ခပဲယူပါတော့မယ်ဆိုပြီးတော့ ပုံတွေကူး။ အဲဒီက လဖက်ရည်ဆိုင် ကိုထွန်းဖေက တာဝန်ခံ လက်ခံ၊ ပုံတွေကူးကူး၊ ကူးကူးပြီးတော့ ဒီကမှ တစ်ဆင့် အဲဒါခြောက်လက်မပုံကို တစ်ပုံ နှစ်ကျပ်နဲ့ပေး။ အဲဒါ ဓာတ်ပုံထုံးစံက ခြောက်လက်မပုံဆို အနည်းဆုံး သုံးကျပ်ပေးရပါတယ်။ အချိုးဆုံးနှုန်းနဲ့ ခများ လည်း ပေးထားတယ်။ ဒီကလည်း အချိုဆုံးနှုန်းနဲ့ သင်တန်းဖြန့်၊ လိုချင်တဲ့လူများကို တစ်ပုံ နှစ်ကျပ်ကျတယ်။ အဲဒီထဲ ကော်မရှင်ရတော့ ဘယ်လောက်ရလဲဆို ဓာတ်ပုံ ဘယ်လောက်ကုန်သွား တယ်တော့ မသိဘူး။ ငွေတစ်ရာ ငါးဆယ်လောက်ရတယ်။ အဲဒါ လာပြောတယ်။ ဆရာဒီလို ဒီလို ရတယ်တဲ့ ငွေတစ်ရာငါးဆယ် အဲဒါ ဘာလုပ်ရမတုံး၊ ဖုံးထားတဲ့အမှု ခုတော့ ဖော်ရမှာပဲ မတတ်နိုင်ဘူး။ အဲဒါ ဒီလိုလုပ်လို့ ခုံတွေ မြင်မကောင်း ဆင်မကောင်း ဖြစ်ကုန်ပြီလို့၊ တစ်ရပ်တစ်ကျေးက ဧည့်သည်တွေ လာတောင် ရှက်စရာကောင်းကုန်ပြီလို့။

အဲဒါ တချို့လည်းပဲ ဖြစ်သလို တတ်ထိုင်နေကြတာပဲလို့။ တချို့လည်း မထိုင်ဝံ့တာနဲ့ မထိုင်ကြဘူး။ ကြမ်းတွေလည်း ဖရိုဖရဲနဲ့ ပြိုပျက်ကုန်။ အဲဒါလည်းပဲ ဒီတာဝန်ခံက နှစ်စဉ်မပျက်

http://www.dhammadownload.com



သင်တန်းတစ်ပတ်ပြီးရင် မိမိကိုယ်တိုင်အားဖြင့် တာဝန်ခံခံပြီး ပြင်လာခဲ့ပါတယ်။ ဘယ်သူမှ အပူ မရှာခဲ့ဘူး ပိုက်ဆံကြေးငွေနဲ့ပတ်သက်ပြီး၊ ဖြစ်တဲ့နေရာကတော့ ကိုယ်ထမ်းနိုင်တဲ့ဝန် ကိုယ်ထမ်း သွား ဘယ်သူမှ အကြောင်းမကြားဘူး။ အဲဒါ တစ်နှစ်ကို တစ်ရာ့ငါးဆယ် တစ်ရာ့ခြောက်ဆယ် ကုန်ပါတယ် သင်တန်းတစ်ပတ် တစ်ပတ်ကို၊ ခုံတွေ ပြင်ခစရိတ် ဘယ်သူမှ အကြောင်းမကြားဘူး။ အဲဒါကြောင့် မုသားပါနေရော့ ပြီးခဲ့တဲ့ အပတ်တုံးကတော့ ငွေဆယ့်ရှစ်ကျပ် အလှူတော်ငွေ ရပါတယ်။ ခုံပြင်တဲ့ထဲ ကျွန်တော်တို့ ကုသိုလ်ပါပါရစေတဲ့။ အဲဒီ ပြီးခဲ့တဲ့ အပတ်တုန်းက တစ်ရာ့ ခြောက်ဆယ့်နဲ့ငါးကျပ်ကုန်တယ်။ ကိုယ်ကပဲ စိုက်ထုတ်ပြီး အလုပ်လုပ်တယ်။ အမြတ်တွက်ပြီး အလုပ်လုပ်ပါတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်း ပုဂ္ဂိုလ်တွေ စုပေါင်းပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်တဲ့ စေတနာနဲ့ ဒီခုံပေါ်တက်ပြီးတော့ တစ်နာရီစီ တရားနာတာလို့ တစ်သောင်း ကုန်ဇရပ် ဒီခုံတစ်ချပ်နဲ့ တန်းလျားတစ်ခုနဲ့ ယှဉ်ပြီး တစ်သောင်းကုန် ဇရပ်ကြီးထိုးတာ လှည်းသမား ခိုတယ်၊ နွားသမား ခိုတယ်၊ သူခိုးဓားပြ ခိုတယ်၊ နေပူစပ်ကား သွားလာတဲ့ပုဂ္ဂိုလ် ခိုတယ် ပုဂ္ဂိုလ် မရွေးဘူး။ ဒါပေမယ့် စတုဒိသာဇရပ်ပေါ့၊ ဒီမှာတော့ ခုံတစ်ခုလုပ်ထားရင် ဘယ်ပုဂ္ဂိုလ်လာထိုင်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်တဲ့ ပုဂ္ဂိုလ်များ မဂ်ဉာဏ် ဖိုလ်ဉာဏ် တကယ်လိုချင်တဲ့စေတနာနဲ့ ဘုရားနှုတ်ခပါဌ်တော်က ထုတ်ဖော်ပြီး ဟောတဲ့ ဒေသနာကို သေသေချာချာ နာတယ် တစ်နာရီ နာသွားပြီ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဒီဇရပ်ဟာ ဘယ်လောက်မြတ်သလဲလို့ ဒီတန်းလျား ဒီခုံ ဒီကဒ်ကလေးတွေ ဘယ်လောက်မြတ်သလဲလို့ တွက်ကြည့်၊ အတိုးချတတ်တယ်၊ တကယ့်မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်သော အရိယာဖြစ်ချင်သော အရိယာအလောင်း သူတော် ကောင်းတွေ တရားနာတဲ့ ဇရပ်ပါပဲလားလို့ ဒါ ကိုယ့်အသိဉာဏ်နဲ့ကိုယ် တန်ဖိုးတိုးတာ။ အဲဒီလို တန်ဖိုးတိုးတိုး တိုးတိုးပြီးတော့ သင်တန်းတစ်ပတ်ဆုံးရင် အကုန်ငန်းတိုက်ကြီး ပြင်ရမယ်၊ ကုန်ပေစေဟ ငါ့ဝတ်မှာ စားမှာ ခြိုးခြံမယ်၊ သုံးမှာ ခြိုးခြံမယ်။ ဒီကုသိုလ်ငါလုပ်မှာ ဘယ်သူမှ အကြောင်းမကြားဘူး။ ဘယ်သူ့မှလည်း အကြောင်းမကြားပါဘူး။

အဲ - ပြီးခဲ့တဲ့ အပတ်တုန်းက ငွေဆယ့်ရှစ်ကျပ် အလှူတော်ငွေရလာတယ် ဒါပါပဲ၊ အဲဒီလို ကိုယ်ကတွက်သား ချချ ချချပြီးလုပ်။ ခုကော မလုပ်ဘူးလား ခုလဲ လုပ်ဆဲပါလို့။ ဒါဖြင့် လုပ်ဆဲမှာ သင်တန်းတစ်ပတ်ပြီးမှ သိမ်းကြုံးပြီးတော့ ပြင်ဖို့ အခွင့်ရ၊ ဒီသင်တန်းက နှစ်နှစ်ကျော်ကြီးဆိုတော့ ဘယ့်နဲ့ဖြစ်။ သင်တန်းတစ်ပတ် မဆုံးခင် ခုံတွေက ပျက်ကုန်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ မြင်မကောင်း ဆင်မကောင်းဖြစ်တော့ ကိုထွန်းဖေကပဲ ညွှန်ကြား၊ ကိုထွန်းဖေ မြင်ရဲ့လားလို့

http://www.dhammadownload.com



သင်တန်းတစ်ပတ်ဆုံးရင် ကျုပ်ပြင်မယ်လို့ ရည်ရွယ်ထားတာပဲလို့။ ဒါပေမယ့် သင်တန်းကလဲ တစ်ပတ်မဆုံးသေးဘူး။ ဖြစ်သလိုပဲ ကြားညှပ်ပြင်ကြစို့ရဲ့။ အဲဒီက ကော်မရှင်က ရလာတဲ့ ငွေတစ်ရာ့ငါးဆယ်နဲ့ ဖြစ်သလို ပြင်စမ်းပါလို့။ တကယ့်သုံးမဖြစ်တဲ့ ခုံဖျက်ပစ် အစားထိုးပါလို့။ အဲဒါ ပြင်လိုက်တာ ခုံကအခု အနံလေးတောင်နဲ့ အလျားခြောက်တောင်ရှိတဲ့ တကယ့်တောင့်တင်းတဲ့ ကုဋ္ဌင်ကြီး ထိုင်တဲ့ပုဂ္ဂိုလ်များ သိပါလိမ့်မယ်။ ကုဋ္ဌင်အသစ်ကြီး ဘယ်လောက်ရလဲဆို၊ ကော်မရှင်ခနဲ့ ပြင်တာ ငွေတစ်ရာ့ငါးဆယ် ဆိုတော့ သုံးလုံးရတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ လက်ဖက်ရည်ဆိုင် ကိုထွန်းဖေက သူ့ချည်း သန့်သန့်ကသုံးလုံး၊ တို့များ ဓာတ်ပုံရောင်းပြီးတော့ ရတဲ့ ကုဋ္ဌင်က သုံးလုံး ခြောက်လုံး မနေဘူးလား (ခြောက်လုံးပါဆရာ)။

ဟိုအရှေ့နားက ခေါ်အေးခင်တို့ မအေးရင်တို့ ညီအစ်မက သူတို့အိမ်ရှေ့က ကွပ်ပစ်ကြီး ပျက်သွားတယ်။ သူတို့က ကုဋ္ဌင်တစ်လုံး ကုဋ္ဌင်ခုနစ်လုံးဖြစ်သွားပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါပြီးတော့ ဒီမှာ ပျက်နေတဲ့ကြမ်းတွေ ခုကွပ်လို့ ကွပ်နေဆဲပါပဲလို့။ ကြမ်းတွေလဲ ကောင်းနေတဲ့ ကုဋ္ဌင်တွေ တော်တော်များသွားပါပြီ။ အဲဒါကြောင့် စိတ်ထဲမှာ နည်းနည်းသံသယမကင်းရှိတဲ့ ပုဂ္ဂိုလ်များရှိရင် ရှင်းသွားအောင်လို့ ဒီအမှုမဖော်ချင်ပါဘူး။ ကိုထွန်းဖေ ပြောစဉ်အခါတည်းက လူမသိစေနဲ့လို့ ဘာကြောင့်လဲလို့ လူသိရင်တော့ တော်တော်ဂုဏ်ငယ်တာပဲလို့ လောကမျက်စိနဲ့ ကြည့်ရင် သူတို့သင်တန်းကဟော ခုံပျက်တာတောင် ပြင်မဲ့ဆင်မဲ့လူမရှိလို့ သူတို့ဆရာရဲ့ ဓာတ်ပုံ ရောင်းပြီးတော့ အမြတ်ထုတ်ပြီး ခုံပြင်ရတယ် ဆိုပါလားဆိုတဲ့ အဖြစ်ရောက်မှာစိုးလို့ မပြောနဲ့လို့ တိုးတိုးတိတ်တိတ် အလုပ်လုပ်လို့ မသိလိုက် မသိဘာသာ။ အဲဒီလို မသိလိုက် မသိဘာသာ တိုးတိုး တိတ်တိတ်လုပ်တဲ့ အထဲမှာပဲ တချို့ကနည်းနည်းလေး ဇဝေဇဝါဖြစ်တယ်တဲ့၊ တစ်ဦးတစ်ယောက် ကောင်းစားတဲ့အနေအားဖြင့်၊ စီးပွားရှာတဲ့ အနေအားဖြင့် ဆရာပုံကိုပဲ ထုတ်ရောင်းလေသလား သို့မဟုတ် တစ်နည်းတစ်လမ်းအားဖြင့် ဘယ်လို အသုံးလိုတဲ့အတွက် ဆရာပုံထုတ်ပြီးတော့ ရောင်း သလဲဆိုတာ မသိဘူးတဲ့။ သေသေချာချာ ကျကျနန သိရင် ဒါထက်ပိုပြီးတော့ ရောင်းချင်ရောင်းရ လိမ့်မယ်လို့၊ အဲဒီလို ဝေဖန်သံများ တီးတိုးစကား ပြောသံကြားတဲ့အတွက် လူမသိအောင် ဖုံးထားတဲ့ အမှုတွေလည်း ဖော်ရပါတယ်။ တို့သင်တန်းမှတစ်ပါး အခြားလူတော့ မပြောပါနဲ့။ ဆရာ့ဓာတ်ပုံ ရောင်းပြီးတော့ ခုံပြင်ရတယ်ဆိုတာ တော်တော့ကို အောက်တန်းကျပါတယ်နော် (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် ငါတွေးပြီး ခတ်ရှက်ရှက်နဲ့ ပြောရတာ၊ နောက်တော့ တွေးကြည့်တယ် ဘယ်သူ့ပစ္စည်းမှ ခိုးတာမဟုတ်ဘဲ ရှက်စရာ မလိုပါဘူးလေ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် အခု ဓာတ်ပုံ

http://www.dhammadownload.com



ရောင်းလို့ ကော်မရှင်ရတဲ့ ငွေတစ်ရာ ငါးဆယ်နဲ့ အနံလေးတောင် အလျားခြောက်တောင်ရှိတဲ့ တော်တော်ခိုင်ခံ့တဲ့ ကုဋင်ကြီးသုံးလုံး ရတယ်။ ကုန်သွားပြီ နော် (မှန်ပါတယ်ဆရာ)၊ နောက်ထပ်ပြီးတော့ ဓာတ်ပုံကို ကြိုးစားပမ်းစားနဲ့ ဝယ်ကြလို့ရှိရင်လည်း ဒီကုဋင်မျိုး ဘယ်နှစ်လုံးရမှန်း ငါမသိဘူး ပေါ့ကွာ။ မတတ်နိုင်ဖူး နော် (မှန်ပါတယ်ဆရာ)၊ အဲ အဘက်ဘက်က ကိစ္စအဝဝ ဆိုတာ သိတန်တာမှ သိကြစေရမယ်လို့ အနေအားဖြင့် ကိုယ်တတ်နိုင်တဲ့တာဝန်ကို ကိုယ်ကြိုးပမ်းပြီးတော့ ထမ်းဆောင် ပြီးတော့ တည်ထောင် လာရပါတယ်လို့ ဒီသင်တန်းကို။ ဒါကြောင့် တစ်ခါလဲ ပြောခဲ့ပေ့၊ သူများ တရားဌာနတွေတော့ အထောက်အပံ့တွေနဲ့ ခတန်းက ဆိုရင် တစ်ထောင်ရလို့၊ ခတန်းကဆို ငါးရာရလို့၊ ခတန်းကဆို သုံးရာရလို့ ဗုဒ္ဓသာသနာအဖွဲ့ချုပ်ကြီးက ထောက်ပံ့လို့ အစိုးရ အသိမှတ် ပြုထားသော အဖွဲ့ကြီးကပေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊ တို့ ပဋိပတ္တိဌာနကြီးကြတော့ တို့ကလည်း ဖဆပလအစိုးရ ဂရုကို မစိုက်ဘူး။ ဖဆပလအစိုးရကလည်း တို့ရှိတယ်လို့တောင် မမှတ်ဘူး။ ငုံ့ တောင် မကြည့်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါ ဘာဖြစ်တုံး ဘယ့်နဲ့များ ဖြစ်သေးတုံး (ဘယ့်နဲ့မှ မဖြစ်ပါဘူးဆရာ)၊ အေး-ဘယ့်နဲ့မဖြစ်ရင် ပြီးတာပေ့ါကွာ နော်၊ ဖြစ်မှာသာ စိုးရတယ် မဟုတ်လား၊ (မှန်ပါတယ်ဆရာ)၊ ဘယ့်နဲ့မှ မဖြစ်ဘူး၊ တို့က တို့သွားနေတာပဲ။ ကိုယ့်ကိုယ်ကိုယ် အားကိုးရမယ်ဆိုတဲ့ အတိုင်းပေ့ါကွာ။ ကိုယ်ကိုယ့်ကိုယ် အားကိုးရတာပေ့ါ။

တို့သင်တန်းသူ သင်တန်းသားတွေအနေနဲ့ ကိစ္စအဝဝတွေ အကြောင်းရှိ ညှိနှိုင်းတိုင်ပင် ပြီးတော့ ကြိုးစားပမ်းစား အလုပ်လုပ်။ အောင်မြင်သွားတာပေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါမှ ဝိုင်းသူ ဝန်းသူမရှိလဲ ကိုယ်တစ်ယောက်တည်း ကြိုးစားသင့်တဲ့နေရာလည်း ကြိုးစားရ၊ စတည်ထောင် လာစဉ်တုန်းကတော့ တစ်ယောက်တည်းလိုဆိုသလိုပဲ တာဝန်ခံပြီးတော့ ဒီသင်တန်းကြီးဖြစ်မြောက် အောင် ကြိုးစားခဲ့ရပါတယ်။ နောက်ပိုင်းကျတော့ အကူအညီအထောက်အပံ့တွေ အတော်ကြီး ရကြပါတယ်။ သိပ်လည်း ဝန်လေးစရာလည်း အကြောင်းမရှိပါဘူး။ ဒါကို ရယ်စရာ မောစရာဆိုတဲ့ အနေအားဖြင့် ဓာတ်ပုံအတွက် ရှင်းလင်းပါစေ ဆိုတဲ့အနေအားဖြင့် ထုတ်ဖော်ပြီး ပြောကြားခြင်းပါလို့ ပြီးတော့ လက်ဖက်ရည်ဆိုင် ကိုထွန်းဖေကလည်း သူကိုယ်တိုင်လာ မလုပ်နိုင်တော့ ဒီအိမ်က ငါ့တူလေး ဒီဓာတ်ပုံ ပရိသတ်မြင်အောင် ဆိုပြီးတော့ ရှေ့ထုတ်ထုတ်ပြီး အပြခိုင်း၊ မင်းက ကြည့် တာဝန်ခံ လုပ်ပါကွာ။ ငါမအားလို့ပါကွာဆိုတော့ ထွက်ထွက်ရောင်းတာ ငါ့တူလေးကဖြစ်တော့ ငါကလည်း အတော်မျက်နှာပူ၊ ငါ့အပေါ်များ အထင်လွဲမလားဟာ ဒုက္ခပဲ၊ မင်းမလုပ်ပါနဲ့ကွာ ဒီပြင်လူ လုပ်ပစေဆို ကျွန်တော်မှာထားလို့၊ လုပ်မဲ့လူလည်း မရှိလို့၊ ဒါနဲ့ ငါ့ဓာတ်ပုံဘက်များ ရဲရဲတောင်မကြည့်ဝံ့ဘူး။

http://www.dhammadownload.com



ခါတ်ပုံလေးကလည်း ဝပ်တစ်ရာရှိတဲ့ မီးလုံးလေး ဆွဲပြီးတော့ ဟိုမှာ အလယ်လေးနဲ့ လုပ်ထားတော့ ပုပ္ပါးသားလေး ကျတယ်၊ ချွန်ချပ်လေးဆို ငါသွားတွေးမိတယ်၊ ရှုက်လည်းရှက်၏၊ လူလေးတွေက အုံလို့ ဝိုင်းပြီးတော့ ကြည့်ကြည့် ကြည့်ကြည့်နေကြ။ အဲဒါ ခပ်ရှက်ရှက်နဲ့ပဲ ပေကပ်ပြီးတော့ ငါ့ဒီလိုပဲနေရတာ မတတ်နိုင်ဘူး။ ဟော သူတို့လုပ်မှ ဖြစ်သလိုပေါ့ဟယ်။ အဲဒါကြောင့် မပြောဘဲနဲ့ သဘောထဲမှာ မျှိုသိပ်ပြီးတော့ နေမဲ့ကိစ္စပါပဲလို့ သံသယရှိတဲ့ ပုဂ္ဂိုလ်များလည်း ရှင်းလင်းသွားအောင် ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ နောက်ထပ်ပြီး ဝယ်လို့ရှိရင်လဲ ကုဋေကြီးတွေလဲ တိုးလာအောင် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကိုင်း-ပြောစရာကိစ္စ ပြီးသွားတော့ တစ်မြန်နေ့က အဆက်ကလေး ဆက်ကြအုံးစို့နော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာ,က စ ဇရာမရဏကျအောင် အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဉပါဒါန် ဘဝ ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဉပါယာသ၊ ပြီးတော့မှ အာသဝ၊ အဝိဇ္ဇာ နော် (မှန်ပါတယ်ဆရာ)၊ ဂွင်းဆက်ကြီး ဆက်သွားရော့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ သံသရာစက်ရဟတ်ကို အဆက်မပြတ် လည်ပုံဆိုတဲ့ အဓိပ္ပါယတ္ထပါပဲ။ ဒီလိုလည်သွားတော့ ရပ်လို့ မရတော့ဘူးလို့ ဂွင်းဆက်ဖြစ်သွား။

မုန့်လုံးစက္ကူကပ် သီချင်းကြားဖူးရဲ့လား (ကြားဖူးပါတယ်ဆရာ)၊ ရကောရဖူးရဲ့လား (ကောင်း ကောင်းမရဘူးဆရာ)၊ ဟော ဆိုပြ ခိုင်းမှာစိုးလို့ ငါက သိတယ် နင့်အကြောင်း၊ မုန့်လုံးစက္ကူကပ်က အစအဆုံးရှာရသေးလားဟ (မရပါဘူးဆရာ)၊ ချာလည်လည်နေတာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲ - မုန့်လုံးစက္ကူကပ် သီချင်းသွားနဲ့ အတူတူပဲ၊ ဘာမှ မထူးဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါ ပဋိစ္စ သမုပ္ပါဒ် သံသရာစက်ရဟတ်ကြီးမှာ အဆက်မပြတ်လည်နေကြရတယ်တဲ့ တို့လူစုတွေ၊ အဲဒါ သံသရာ မျက်စိ လည်လို့ မဆုံးဘူး ဒီလိုဖြစ်နေ၊ သံသရာဝဋ်အတွင်းက လွတ်ကင်းနိုင်ဖို့လည်း ခဲယဉ်းတယ်၊ ဘာပြုလို့ လွတ်ကင်းနိုင်တဲ့ လမ်းစဉ်လမ်းစပြပေမဲ့ ရအောင်ယူတတ်တဲ့ ပုဂ္ဂိုလ်ကနည်း၊ ရအောင် မယူတတ်တဲ့ ပုဂ္ဂိုလ်ကများ ဒီလိုဖြစ်။ အင်မတန်မှလည်း ကြောက်စရာကောင်းတယ်။ သတိလေးလည်း ထားကြ၊ တရားနာပြန်သော်လည်း ဆင်ခြင်တုံတရားနဲ့ နာကြ။ စဉ်းလဲစဉ်းစား ဒေလည်း ဝေဖန်ပေါ့။ ငါတို့ အခုသင်ကြားပေးနေတဲ့ဉစ္စာ တတ်ရုံလောက်ကလေး သင်ကြားပေးတာ မဟုတ်ဘူး။ အမှန်တော့ တတ်လည်း တတ်စေရမယ်၊ ဒီသံသရာစက်ရဟတ်ကြီးကိုလည်းပဲ အဆက်ဖြတ်နိုင်ရမယ်ဆိုတဲ့ အနေအားဖြင့် သင်ကြား ပေးနေတာပဲလို့ ပြန်ပြန်စဉ်းစား၊ ပြီးတော့ တို့များ တစ်နေ့ညက ပြောထားတဲ့ ပထမစက်ဝိုင်းပြီးတော့ ဒုတိယစက်ဝိုင်းပြလိမ့်မယ်။ ဒုတိယစက်ဝိုင်းလေ့လာထား။ တတိယစက်ဝိုင်း စတုတ္ထစက်ဝိုင်းပေါ့လေ။ အသီးသီးလေ့လာထားလို့ ငါမှာထားတယ်။

http://www.dhammadownload.com



အဲဒါလေးတွေ ဆက်တိုက်သွားလိမ့်မယ်၊ ဒီတော့ ခုခက်ခက်ခဲခဲနဲ့ ပြလာတာက အင်္ဂါဆယ့်နှစ်ပါး၊ အတွင်းသားကြတော့ ဒီလောက်ခက်ခဲစရာလည်းမရှိဘူး။ အတွင်းသားကြတော့ လွယ်သွား၊ ဘာကြောင့် ဒီအင်္ဂါဆယ့်နှစ်ပါးက တရားတွေပဲ ဆက်ကာ ဆက်ကာ ပြရတယ် နော် (မှန်ပါတယ် ဆရာ)၊ ဒါတွေပဲ ထပ်ပြထားတော့ တရားကိုယ်နဲ့ သဘောအဓိပ္ပါယ်နဲ့က နားလည်ပြီးသားဖြစ်တော့ အတွင်းပိုင်းက ပြစရာသိပ်မလိုလှဘူး။ ဒီက အင်္ဂါဆယ့်နှစ်ရပ်ဆက်စပ်နေတဲ့ စက်ရဟတ်သာ ဘယ်လို လည်တယ်၊ ဘယ်လိုပြတ်သွားတယ်ဆိုတဲ့ သဘာဝ ဒါချပြ။ ဒီတော့ သူ့အခဲယဉ်းဆုံးပဲလို့ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာကစ ဇရာမရဏဆုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် လုံးလုံးကြီး အပြတ်ကြီးဖြစ်နေပေါ့။ ဒီလိုဆိုရင် သံသရာ့စက်ရဟတ်ကြီး အဆက်မပြတ်လည်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား။ ဒီလို မေးစရာရှိတယ်၊ ဒီတိုင်းဆိုရင် ပြတ်နေတာပေါ့။ ဒီလိုမဟုတ်ဘူး၊ သံသရာစက်ရဟတ်ကြီး အဆက်မပြတ် လည် တာကြတော့ ဇာတိတည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေထဲမှာ ဇရာမရဏတင်မကဘူး၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားတွေပါလေရဲ့။ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ပါလာတော့မှ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ အကြောင်းတွေ ပေါ်လာပြီဆိုမှဖြင့် သူ့နောက်က အာသဝဆိုတဲ့ အကျိုးတရားတွေ ဖြစ်တတ်ပါတယ်။ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ နော် (မှန်ပါတယ် ဆရာ)၊

ဒါကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါး၊ ပရိဒေဝမီးတောက် လောင်လာတဲ့ အခါကြတော့ အာသဝေါလေးပါး တစ်ပါးပါး ယိုစီးလာပုံတွေ၊ ယိမ်းသွားပုံတွေ၊ ယိုင်သွားပုံတွေ ဒီအဓိပ္ပါယ်တွေလေး ရှင်းလာခဲ့ပေါ့၊ မှတ်လဲထားနော် သေသေချာချာ။ တစ်နေ့နေ့တော့ တွေ့ကြရမယ်လို့။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတာ မတွေ့ဘူးသေးရင် တွေ့ဖူးကြလိမ့်မယ် နော် (မှန်ပါတယ်ဆရာ)၊ တွေ့ကြလိမ့်မယ်၊ တွေ့တော့ တို့ သင်တန်းကြီးက ဘယ်လိုသင်ကြားပေးလိုက်တယ်။ အခု ဒီသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ မီးတွေ ငါ့လောင်နေပါ့ပဲ။ ဟိုစဉ်အခါတုန်းက သင်ကြားပေးတဲ့ အဓိပ္ပါယ်က ဘယ်လိုတဲ့၊ ငါ့တို့ သင်စဉ်အခါ တုန်းကတော့ မတွေ့သေးဘူးထား။ ခုတော့ တွေ့နေရပါသကော။ တွေ့ပြန်တော့ကောတဲ့၊ ဘယ်လို ဖြေမှ, ဘယ်လိုနေမှ ဘယ်လိုသက်သာခွင့်ရအောင် ကြိုးစားပ့ါ။ ကြပ်ကြပ်ကြီး သတိထားကြပါလို့။ အဲဒါ ဘယ်ဘုံပဲရောက်ရောက် သုံးဆယ့်တစ်ဘုံပဲရောက်နေ။ ဆယ့်တစ်ပါးသော မီးတွေကတော့

http://www.dhammadownload.com



တစ်ဟုန်းဟုန်း တစ်ဟီးဟီးနဲ့ လောင်အုံးတော့မှာပဲ။ အခုဘဝပဲ အလောင်ခံရတော့ မုချလောင်မှာပဲလို့ အဲလောင်တဲ့အခါကြတော့ သတိသံဝေဂဖြစ်ဖို့ လိုတယ်။

ဒါကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးနဲ့တွေ့ပြီဆိုမှဖြင့် အာသဝေါတရားလေးပါး တစ်ပါးပါးဘက် ယိမ်းကြ ယိုင်ကြ ယိုစီးကြ ဖြစ်ကြရော့။ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ အာသဝေါတရားလေးပါးဘက် ယိုင်ပြီဆိုမှဖြင့် အာသဝေါတည်း ဟူသော အကြောင်းကြောင့် အဝိဇ္ဇာက ဖြစ်ပြန်ရော့တဲ့။ အဝိဇ္ဇာဖြစ်လာပြီဆိုမှဖြင့် သင်္ခါရက ဖြစ်ပြန်ရော့ တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ ဂွင်းဆက်လည်မသွားဘူးလား (လည်သွားပါတယ်ဆရာ)၊ အေး-ဂွင်းဆက်လည်သွား၊ အဲဒီလိုလည်သွားတော့ ရပ်နားခွင့် မရတော့ဘူးတဲ့။ သံသရာစက်ရဟတ် အဆက်မပြတ် တစ်လည်ထဲ လည်နေ။ ဘယ်သူလည်သလဲ၊ သူလည်၊ ငါလည်၊ လူလည်၊ နတ်လည်၊ ဗြဟ္မာလည်၊ ခွေး ဝက် ကြက် ငှက် တိရစ္ဆာန်တွေလည်၊ သဝိညာဏက သတ္တဝါတွေ လည်တယ်ဆိုတာ မဟုတ်။ ဒါသမုတိသစ္စာအနေအားဖြင့် ပြောထားတာ၊ မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ ရုပ် နာမ်နှစ်ပါး ခန္ဓာငါးပါး လည်နေတယ်နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ်မှာ ပါလာတဲ့ ဆယ့်နှစ်လုံးသောတရားတွေ အကုန်လုံး စုလိုက်ပေါင်းလိုက်တော့ ရုပ်တစ်လုံးနဲ့ နာမ်တစ်လုံးပဲ ရှိတယ်။ ဒါပဲ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲရုပ်နဲ့နာမ်ဆိုတဲ့ ခန္ဓာငါးပါး ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ အာယတန ဆယ့်နှစ်ပါး ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ ဓာတ် တစ်ဆယ့်ရှစ်ပါး ဖြစ်မသွားဘူးလား (ဖြစ်သွား ပါတယ်ဆရာ)၊ အေး-ဒီရုပ်နာမ်ခန္ဓာ အာယတန ဓာတ်ဆိုတဲ့ တရားတွေပဲတဲ့။ တစ်ခုနဲ့တစ်ခု ကျေးဇူး ပြုပြီးတော့ အကြောင်းကြောင့်အကျိုး အကြောင်းကြောင့်အကျိုး အကြောင်းကြောင့်အကျိုးနဲ့ ဆက်စပ် ပြီးသွားနေတဲ့ တရားကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဘယ်တော့မှ ရပ်နားခွင့်မရဘူးနော်၊ ဒါကြောင့် သံသရာစက်ရဟတ်ကြီး အဆက်မပြတ် လည်နေတယ်လို့ ဒီလိုဆိုလိုတယ်။ ဒါဖြင့် ဒီသံသရာစက် ရဟတ်ကြီး အဆက်မပြတ်လည်နေတော့ လည်နေတဲ့အတိုင်း လိုက်သွားရင် မကောင်းဘူးလား ဆိုတော့ မကောင်းဘူးတဲ့။ ဘာပြုလို့ အခုပဲပြထားတယ် - သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါး၊ ဗျသနတရားငါးခုကြောင့် မုချတွေ့ရတော့မယ်တဲ့။ ရှောင်ကွင်းလို့ မလွတ်တော့ဘူး။ ဉာတိဗျသန ဘောဂဗျသန ရောဂဗျသန သီလဗျသန ဒိဋ္ဌိဗျသန နော် (မှန်ပါတယ် ဆရာ)၊ ဗျသန တရားငါးပါး တစ်ပါးပါးတော့ တွေ့ရတော့မယ်တဲ့။ အဲဒီထဲ သင်တန်းသားတစ်ယောက် မေးသံကြားတယ်။ ဇာတိကြောင့် ဇရာ မရဏဖြစ်တော့၊ ဇရာ မရဏဖြစ်တယ်ဆိုတော့ မရဏဖြစ်ကရော့

http://www.dhammadownload.com



သေရော့တဲ့။ သေတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါး ပေါ်လာရော့တဲ့။ ဒီတရားငါးပါးတွေ့ရမယ်တဲ့။ ကိုယ်သေတာ ကိုယ်ပြန်ပြီးတော့ ပရိဒေဝမီးတောက်လို့ ဖြစ်သေးရဲ့လားတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆက်လျက်သွားတယ်ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ကိုယ်သေတာ ကိုယ်ပြန်ငိုစရာ လိုသေးသလားတဲ့။

ပရိဒေဝမီးတောက်စရာ လိုသေးသလားတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မေးလည်းမေးစရာ၊ သူကလည်း တစ်ဆက်တည်းဖြစ်နေ၊ ဇာတိဖြစ်လာရင် ဇာတိတည်းဟူသော အကြောင်းကြောင့် ဇရာဖြစ်မယ်။ မရဏဖြစ်မယ်၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဖြစ်မယ်ဆိုတော့ အဲဒီဇရာပြီးတော့ သေရော့၊ သေပြီးတော့ ငိုရော့တဲ့ ပူဆွေးလို့၊ ဘယ်နဲ့လဲ ကိုယ်သေတာ ကိုယ်ပြန်ပြီးတော့ ပရိဒေဝမီး ဖြစ်နိုင်အုံးမှာလားလို့။ အဲဒါ မျက်စိလည်သွားတာပြောတဲ့ အဓိပ္ပါယ်လေးက နားမလည်ရှာဘူးနော် (မှန်ပါတယ်ဆရာ)၊ မင်းကော ဘယ့်နဲ့နားလည် ကိုယ်သေတာ ကိုယ်ပြန်ပြီးတော့ ပရိဒေဝမီးတောက်အုံးမှာလား (တောက်စရာမလိုပါဘူးဆရာ)၊ တောက်စရာမလိုဘူးလား (မလိုပါဘူးဆရာ)၊ ဒီလိုဆို ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ပြထားပါပဲ၊ (မသေခင်က ဒါတွေ့နေတဲ့ တရားတွေပါဆရာ)။ ဩော် - မသေခင်က တွေ့၊ ဘယ်သူတွေ့ မင်းအတွက်တွေ့တာလား (မှန်ပါတယ်ဆရာ)၊ မင်းသေလို့ တွေ့တာပေါ့။ မင်းမသာ မင်းပြန်ငိုနေသလားလို့မေးတာ (မငိုပါဘူးဆရာ)၊ ဟော ဘယ်သူ့အတွက် တွေ့တာတုံး။ မင်းသေတာ မင်းပြန်ပူဆွေးလို့ ဖြစ်ပဲ့မလား (မဖြစ်ပါဘူးဆရာ)၊ ငိုကြွေးလို့ ဖြစ်ပဲ့မလား (မဖြစ်ပါဘူးဆရာ)၊ ဒါဖြင့် ဒီသောက ဆိုတဲ့တရားငါးပါး ဘယ်မှာတွေ့နေတာတုံး (မသေခင်က တွေ့နေတာပါဆရာ)၊

အေးလေ မသေခင်က ဘယ်သူကြောင့်တွေ့တာတုံးဟ (ဇာတိကြောင့်တွေ့တာပါဆရာ)၊ ဟောဗျာ အေ း- ဟုတ်ပါပြီ၊ ဘယ်သူတွေ့နေတာတုံးဟ (ကိုယ်ကိုယ်ကိုယ် တွေ့နေတာပါဆရာ)၊ မင်းကိုယ်မှာ တွေ့တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူအတွက် တွေ့တာတုံး (ကိုယ့်အတွက် တွေ့တာပါဆရာ)၊ ဟောဗျာ ဒုက္ခပဲ၊ ဟောဒီကောင်လည်း ဘယ့်နဲ့ကောင်မှန်း မသိဘူး။ ဒီသောက ဆိုတာ တရားငါးပါးဟာ ဘာငါးပါးနဲ့တွေ့တဲ့ ပုဂ္ဂိုလ်မှဖြစ်တတ်တယ် (ဗျသနတရားငါးပါးဆရာ)၊ ဗျသနတရားငါးပါး၊ အဲဒီထဲမှာ ထိပ်ဆုံးက ဘာလဲ (ဉာတိဗျသန) အဲ ဉာတိဗျသန နော်။ ဟင်း- ဟုတ်ကဲ့လား။ ဉာတိဗျသန (မှန်ပါတယ်ဆရာ)၊ ကိုင်း - လောကမှာ ရှိတယ် မဟုတ်လား၊ အဖေရှိတယ်၊ အမေရှိတယ်၊ မိကြီး မိထွေး ရှိတယ်၊ ဘကြီး ဘထွေး ရှိတယ်၊ ဦးကြီး ဦးလေးရှိတယ်၊ ညီအစ်ကို

http://www.dhammadownload.com



မောင်နှမ ရှိတယ် မရှိဖူးလား (ရှိပါတယ်ဆရာ)၊ သားသမီးချင်း ရှိတယ်၊ အဲဒီ ဆွေမျိုးဉာတိထဲက တစ်ယောက်ယောက် ပျက်စီးတော့ မတွေ့ဘူးလားဟ (တွေ့ပါတယ် ဆရာ)၊ ဒါ မင်းအတွက် မင်းပူဆွေးတာ ဟုတ်သေးရဲ့လားဟ (မဟုတ်ပါဘူးဆရာ)၊ သူများအတွက် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူများကြောင့် ပူဆွေးခြင်း ဖြစ်ရတယ် ဒီလိုယူမှပေါ့ နော် (မှန်ပါ တယ်ဆရာ)၊ သောကအစရှိသော တရားငါးပါး လာတွေ့တာဟာ ဘယ့်နဲ့ငါသေပြီးမှ ငါ့အတွက် လာဖြစ်ပါ့မလား။ ဒီလို မယူရဘူး၊ ဉာတိဗျသနကြောင့် ဒီသောကအစရှိသော တရားငါးပါး တွေ့တတ် တယ်။ ဗျသနတရားငါးပါးတောင် ပြထားတာ မှတ်မိသေးရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘယ်သူ ဘယ်သူတုံး (ဉာတိဗျသန ဘောဂဗျသန ရောဂဗျသန သီလဗျသန ဒိဋ္ဌိဗျသန ပါဆရာ)။ အေး-ဟုတ်ပြီ၊ ဒီငါးခုမှာ တစ်ခုခုတွေ့ရင် ဒီသောကအစရှိသော တရားငါးပါး ဖြစ်မယ်လား (ဖြစ်မှာပါ ဆရာ)၊ အေး-ဖြစ်နိုင်တယ် ဖြစ်နိုင်တယ် (မှန်ပါတယ်ဆရာ)၊ ခုန ပြောသလို ကိုယ်ဇရာ မရဏ ဖြစ်သွားခြင်းကြောင့် သောကပရိဒေဝ ကိုယ်ပဲပြန်ဖြစ်ရမယ်ဆို ဖြစ်ကောင်းပါ့မလားဟ (မဖြစ်နိုင်ပါဘူး ဆရာ)၊ မဖြစ်နိုင်ဘူး နော် (မှန်ပါတယ်ဆရာ)၊ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။ အောင်မယ် ဒါပေမယ့် ဖြစ်တာ ငါတွေ့သား။

သေသွားတော့ နတ်သွားမေးတယ်၊ နတ်သွားမေး နတ်ဝင်ပူးတော့ သေတဲ့လူက၊ နတ်ဝင် ပူးတော့ သေတဲ့လူက ငိုလိုက်တာ နော် (မှန်ပါတယ်ဆရာ)၊ အကျိုးတွေ အကြောင်းတွေ ပြောပြီး ငိုလိုက်တာလို့။ ဒါ သူ့အတွက် သူပြန်ပြီးတော့ မီးတောက်နေတာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါယုံရဲ့လား (မယုံပါဘူးဆရာ)၊ အေး . . . မယုံနဲ့ မယုံနဲ့၊ ယုံရင် မင်းပိုက်ဆံ ကုန်သွားအုံးမှာနော် ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ လူလိမ်လူညာဆိုတာ ဒီကစ ခံရတတ်တယ်လို့။ လိမ်ယူတဲ့ လူ ကလဲ အထက်တန်းစားလိမ်နည်း ခေါ်တယ်။ သူကတော့ တင်ပလ္လင်ခွေနဲ့ ကျကျနန အခန့်သား၊ ဟိုမှာ အလိမ်ခံရတဲ့ကောင်က ပုဆစ်ဒူးလေးတွေချ ရှိခိုးမတတ်ကလေးနော် (မှန်ပါတယ်ဆရာ)၊ ပေးလည်း ပေးရသေးတယ်၊ ရှိခိုးမတတ်လည်း ပုဆစ်ဒူးကျ နေရသေးတယ်မဟုတ်လား (မှန်ပါ တယ်ဆရာ)၊ အောက်ကျနောက်ကျနိုင်လိုက်တာလို့ ယုံလိုက်တာလို့ မဟုတ်တာတွေ လျှောက်ယုံ။ အဲဒါသွားမေး၊ နတ်သာသွားမေး ဟောပြီ၊ နတ်သာသွား မေး ဟောပြီ၊ သေလို့တစ်လကြာလည်း ဟောတာ၊ နှစ်လကြာလည်း ဟောတာ၊ သုံးလကြာလည်း ဟောတာ ရှိသေးတယ်။ ဘယ်မှ မသွား သေးဘူး၊ ဘယ်မှာနေလေရဲ့၊ ဘာဖြစ်နေတယ်၊ ဘယ်လိုတဲ့၊ သူက ဘယ့်နဲ့ ပြောတာတဲ့။ မဟုတ်ဖူး လားဟ (မှန်ပါတယ်ဆရာ)၊ ဒီတော့ စုတိနောင် ပဋိသန္ဓေဆိုတာက ဆက်လျက်သား မနေဘဲနဲ့ တစ်လ

http://www.dhammadownload.com



နှစ်လ သုံးလေးလ ကြာမနေဘူးလားဟ (ကြာနေပါတယ်ဆရာ)၊ အဲဒီလိုဖြစ်လို့ အဲဒါလည်း ယုံတာပဲလို့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အလိမ်ခံရတာတောင် အောက်ကျနောက်ကျခံရတယ်လို့။ အထက်တန်းစားနဲ့ မခံရဘူး။ ပုဆစ်ဒူးချပြီးတော့ ပိုက်ဆံလည်း ပေးရသေး အလိမ်လည်း ခံရသေး။ ပုဆစ်ဒူးချပြီး ရှိသေသမှုနေရတယ်။ အဲဒါ နတ်လိမ်ခေါ်တယ်။ ဒါပေမယ့် ကိုယ်စောင့်နတ် အိမ်စောင့် နတ် မြို့စောင့်နတ် ရွာစောင့်နတ် တောစောင့်နတ် တောင်စောင့်နတ် သာသနာတော်စောင့်နတ် စတုလောကပါလ နတ်မင်းကြီးလေးပါး ရှိသမျှ ဆကာမာဝစရ နတ်ထဲအပါအဝင် ဖြစ်တဲ့သူတော် ကောင်းနတ်တွေ ငါပြောတာ မဟုတ်ဘူး။ သူတော်ကောင်းနတ်တွေကြတော့ ဖျင်ဖြူ ဖျင်နီ ခေါင်းပေါင်းသေးရဲ့လား (မပေါင်းပါဘူးဆရာ)၊ ဘယ်တော့မှ မပေါင်းဘူးနော် (မှန်ပါတယ်ဆရာ)၊ မှတ်ထား နော်။ နတ်လိမ်ရယ် တကယ့်နတ်စစ်ရယ် သိချင်လို့ရှိရင် ဖျင်ဖြူ ဖျင်နီလေးပါလာရင် ဘာမှတ်တယ် (နတ်စုတ်ပါဆရာ)၊ ဟဲ နတ်စုတ် မင်းပြောတာ ငါပြောတာ မဟုတ်ဘူး။ နတ်လိမ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဖျင်ဖြူ ဖျင်နီ ပါလာရင် ဘာခေါ်တယ် (နတ်လိမ်ပါဆရာ)၊ အဲ နတ်လိမ် မင်းစဉ်းစားကြည့်စမ်းပါဟာ နတ်ဆိုတာ အင်မတန် ကုသိုလ်ထူးလို့ နတ်ဘဝရသွားတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ သေချာကြည့်စမ်းပါ၊ နတ်ဘဝလည်း ရလေပြီကွယ် လူတောင် မသုံးချင်ဘူး။ ဖျင်ဖြူနဲ့ဖျင်နီ မင်းဝတ်မလား (မဝတ်ပါဘူးဆရာ)၊ အဲဒါ ဖျင်ဖြူလေး ဖျင်နီစလေးနဲ့ ဝတ်ပြန်တော့ လည်းပဲ စဉ်းစားစမ်းပါကွာ၊ လက်လေးသစ်လောက်ရှိတဲ့ အလွှာလေးနှစ်လွှာကိုးကွ။ အဲဒါ နတ်တကယ်ဝတ်ကြည့်ရင် မင်း လံကွတ်တီဖြစ်မှာ အမှန်ကတော့နော် (မှန်ပါတယ်ဆရာ)၊ ဘာဖုံးလို့ လုံမှာတုံးဟ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး ခေါင်းပတ်ပတ်လာပြီဆိုမှဖြင့် ဖျင်ဖြူ ဖျင်နီလေး ပတ်လာပြီဆိုမှဖြင့် ကြောက်ပြီ။ ဖလားသံ အသံပေးလိုက်ရင် ကြောက်ပြီ။ ဂျလောင် ဂျလောင်နဲ့ ရေစင်ဖိုးကိုးခန်း ဖြစ်နေပေါ့။ ထည့်ရမှာ၊ မထည့်ရင် ဘယ့်နဲ့ဖြစ်တော့ မလိုလိုကွနော် (မှန်ပါတယ်ဆရာ)၊

အဲဒါ တို့ ဈေးသူဈေးသားများ သာပြီးတော့ လိုလားသေး။ သူတို့ကတော့ လာဘ်သပ္ပကာမျှော်ရှာ တယ်နော် (မှန်ပါတယ်ဆရာ)၊ ရေစင်ဖိုးတဲ့ စဉ်းစားကြည့် စဉ်းစားကြည့်၊ အဲဒါ နတ်လိမ်တွေ ငါပြောနေတာ ရေစင်ဖိုးတဲ့ မင်းကြားဖူးရဲ့လား။ ဟိုပခန်းနယ်မှာနေတဲ့ ဦးမင်းကျော်က ပခုက္ကူရေစင်ဖိုး ခံစားတယ်။ ပခုက္ကူက ရေဖိုးပေးမှ သူ့ရေသောက်ရမယ်ဆိုတဲ့ အဓိပ္ပါယ် ဒီလို မနေဘူးလား (မှန်ပါ တယ်ဆရာ)၊ အဲဒါ ယုံနိုင်စရာ အကြောင်းမရှိဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့လည်း ကိုယ်တွေးကြည့်ရတယ်။ ဒီနတ်အစစ်က ဒီဖျင်ဖြူ ဖျင်နီလေးသစ်တစ်ဝါးလေး ကြိုက်တာ ဟုတ်နိုင်ပါ့မလားလို့။ သူ့နတ်ဝတ်

http://www.dhammadownload.com



တန်ဆာ ကံပြုပြင်ပြီးသား ဖန်တီးပြီးသား ပါပြီးသား နတ်စစ်လို့ရှိရင် ဟုတ်နိုင်စရာ အကြောင်းရှိပါ့မလား။ တစ်နည်းအားဖြင့် တကယ့်နတ်စစ်လို့ ရှိရင်လည်း ကမ္မဇက္ကဒ္ဒိနဲ့ တန်ခိုးက္ကဒ္ဒိပါဒ်နဲ့ နေတဲ့နတ်တွေ ကြေးဖလားနှုတ်ခမ်းကွဲနဲ့ သတ္တုဖလားနှုတ်ခမ်းပြတ်နဲ့ အရပ်ထဲပိုက်ဆံလျှောက်ခံတာ ဟုတ်နိုင်ပါ့မလား (မဟုတ်နိုင်ပါဘူးဆရာ)၊ အဲဒါ နတ်လိမ် တွေပြောတာ၊ ဒါတွေ ခံရတာလည်း တစ်မျိုးဟ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ နတ်ကောင်းတွေတော့ မပြောလိုပါဘူး၊ ခုန အမျှဝေတဲ့အထဲ နတ်ကောင်းတွေတော့ အမြဲတမ်း ထည့်ဝေတယ်။ ကိုယ်စောင့်နတ် အိမ်စောင့်နတ် မြို့စောင့်နတ် ရွာစောင့်နတ် **တောစောင့်နတ် တောင်စောင့်နတ် သာသနာတော်စောင့်နတ် စတုလောကပါလနတ်မင်းကြီးလေးပါး** သိကြားမင်း ဗြဟ္မာမင်း ယမမင်း သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျ သတ္တဝါဥဿုံ အလုံးစုံတို့အား အမျှ အမျှ အမျှ ပေးဝေပါ၏။ အကျွန်ုပ်ပေးဝေအပ်သော ကုသိုလ်ကောင်းမှု၏ အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါစေကုန်သတည်း။ နတ်ကောင်း နတ်မြတ်တွေ ငါဘယ်သောအခါမှ မမေ့ဘူး။ ဒါတွေက ဘုရားကိုယ်တော်မြတ်လည်း ဟောထားတာ တကယ်ရှိ၊ မရှိဖူးလားဟ (ရှိပါတယ်ဆရာ)၊

ဟို စတုမဟာရာဇ် တာဝတိံသာ ယာမာ တုသိတာ နိမ္မာနရတိ အစရှိတဲ့ နတ်ပြည်ခြောက်ထပ် မနေဘဲနဲ့ တို့ လူပြည်နဲ့ တစ်ပြေးတည်း တစ်လွှားတည်းနေတဲ့ နတ်တွေလည်း အများကြီး။ **အာကာသဇိုး၊ ဘုမ္မဇိုး၊ ရုက္ခဇိုး ဆိုတာရှိ မရှိဖူးလား (ရှိပါတယ်ဆရာ)၊ အဲဒါက နတ်စစ်နတ်မှန်တွေ့တဲ့** နော် (မှန်ပါတယ်ဆရာ)၊ အခုန ဖျင်ဖြူ ဖျင်နီပတ်လာတာက နတ်လိမ်တဲ့။ အဲဒါ မှတ်ထား၊ အဲဒါ တစ်သက်လုံး ညာစားလို့ ပြီးမှာမဟုတ်ဘူး။ ဒီတိုင်း ဒီတိုင်း ဒီလိုသွား နော် (မှန်ပါတယ်ဆရာ)၊ တစ်လောကလည်း ငါ့အိမ်တက်လာတယ်။ ကြေးဖလားလား သတ္တုဖလား၊ ငါ ဖလားတော့ ကောင်းကောင်းမမှတ်မိဘူး။ အရွယ်က အရွယ်ကောင်းလေး လေးဆယ်လောက်ရှိတယ်။ အောင်မယ် ခေတ်ဆန်တဲ့ အဝတ်အစားနဲ့ ရုပ်ကလေးကလည်း သပ်သပ်ရပ်ရပ် သနားကမား အဲဒါ ငါ့အိမ်တက်လာ ပြီးတော့ ငါလည်း အတွင်းဘာလုပ်နေမှန်း မသိဘူး။ အပြင်ဘက် ဖိနပ်ချွတ်က ရပ်ပြီးတော့ ဖလားသံ ပေးလိုက်တယ်။ ဂျလောင် ဂျလောင်နဲ့ ငါက ထကြည့်တယ်။ ဘာတုံး လက်ဦးတုန်းက ငါ့ညှော်သည် တစ်ယောက် တက်လာတယ် မှတ်လို့ ဘာတုံး။ ရေစင်ဖိုးတဲ့၊ ဘယ်ကရေစင်ဖိုးတုံးလို့ ငါက ဝေါက်တယ်။ သူက မသိလို့ မေးတယ်မှတ်လို့၊ ကိုကြီးကျော် ရေစင်ဖိုးတဲ့၊ ဘယ်က ကိုကြီးကျော် သွား၊ ချက်ချင်းဆင်း၊ ပြီးတော့ သူက ဗျစ်တောက်ဗျစ်တောက်နဲ့ မာန်သေးတယ်။ သူမေးလို့လဲ ပြောရသေး၊ လူလည်း မာန်သေးတယ်။ အဲဒါ နတ်လိမ်နဲ့ နတ်စစ် ခွဲမှတ်ထားနော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



သူတို့ကိုယ်တိုင်က တန်ခိုးဣဒ္ဓိပါဒ်ရှိလို့ သူ့ကိုးကွယ်တဲ့ ကြေးတော်မျိုး ကျွန်တော်မျိုးကို မနိုင်စနိုင်တဲ့ တန်ခိုးဣဒ္ဓိပါဒ်ရှိရင် စဉ်းစားစမ်းပါကွာ။ နတ်စင်လူမိုက်က တွန်းချသွား ရေထဲကျသွား ဂွန်ပြန်သွား။ အရပ်ထဲဝင်ပူးတယ် ငါ့နတ်စစ်ရေထဲကျသွားလို့ လုပ်ကြပါအုံး။ ဒါ တန်ခိုးရှိတဲ့ နတ်လားဟ (မရှိပါဘူးဆရာ)၊ နတ်စင်လေးတောင် နေစရာလေးတောင် သူများ ဆောက်ပေးမှ နေရတယ်။ ဒီလို ဖြစ်မနေဘူးလား (မှန်ပါတယ်ဆရာ)၊ အရပ်ထဲ သွားပူးတယ်။ အရပ်ထဲ သွားတိုင်တယ်။ အဲဒါကြောင့် နတ်တုနဲ့နတ်လိမ် နတ်လိမ်နဲ့ နတ်စစ် သေချာမှတ်ထား။ ဩော်-ဒါတွေက နတ်လိမ်တွေပဲ လိမ်နေတာပဲ။ အဲဒီ နတ်လိမ်တွေ ပြောတာယုံလို့ ယုံယုံနေလို့၊ ဒါကြောင့် အခုန ပြောသလို သေမှတစ်လကြာ နှစ်လကြာမှ သွားမေး၊ သေသူကရှိသေးဗျာ။ အဋ္ဌပ္ပတ္တိများပြောပြီး ငိုချင်းချလိုက်သေး။ ဝမ်းနည်း ပက်လက်နော် (မှန်ပါတယ်ဆရာ) အဲဒါ အဟုတ်မှတ်လို့ ယုံယုံ ယုံယုံပြီးတော့ ပုဆစ်ဒူးချနဲ့ အလိမ်လည်းခံရသေးတယ်လို့ ပိုက်ဆံလည်းကုန်သေးရဲ့။ ဒါကြောင့် ဒီသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးဟာ ပရိဒေဝမီးတောက်တယ်ဆိုတဲ့ ကိစ္စကတော့ မိမိ သေတဲ့အတွက် မိမိပြန်ပြီးတော့ မရောက်ကောင်းပါဘူးလို့ ဒါ ရောက်စရာမလိုပါဘူး။ အဲဒါ မေးတဲ့လူက သူ့ဉာဏ်ထဲမှာ လိမ်တိမ်တိမ်လေးဖြစ်နေလို့ မေး။

ဉာတိဗျသန - ငိုမှာပဲ၊ ပရိဒေဝ မီးတောက်မှာပဲ နော် (မှန်ပါတယ်ဆရာ)၊ ဘောဂဗျသန - သောက အစရှိသော တရားငါးပါးဖြစ်မှာပဲ။ ရောဂဗျသန - ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာ နှိပ်စက်လာ ဖြစ်မှာပဲ။ သီလဗျသန - သီလပျက်စီးတဲ့ပုဂ္ဂိုလ်လည်း ဖြစ်တာပဲ။ ဒိဋ္ဌိဗျသန - အယူပြောင်းသွားတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်တာပဲ မဟုတ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အဲဒီလို ယူ၊ အဲဒီလို ယူ၊ ဒီတော့ ဗျသနတရား ငါးပါးနဲ့တွေ့လို့ရှိရင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ အကျိုးတရားတွေ ဖြစ်လာရော့တဲ့။ ဒီအကျိုးတရားတွေ ဖြစ်လာပြီ ဆိုမှဖြင့် ဘာဖြစ်သလဲဆိုတော့ သူ့ကြောင့် ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ ဆိုတာ အာသဝေါတရား လေးပါးဘက် တစ်ပါးပါး ယိုစီးလာတယ်၊ ယိုင်လာတယ်၊ ယိမ်းလာတယ် ခေါ်တယ်။ ဒီလို ယိုင်လာ ယိမ်းလာ ခြင်းကြောင့် အဝိဇ္ဇာတစ်ခါပြန်ပြီးတော့ ဖြစ်ရပြန်တယ်လို့။

ဒါကြောင့် "ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသပစ္စယာ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ ဒီလိုလည်သွား၊ လည်သွားတော့ ဆုံးသေးလား (မဆုံးတော့ပါဘူးဆရာ)၊ မဆုံးဘူး သွားရော့ နော် (မှန်ပါတယ်ဆရာ)၊ နောက်တစ်ပတ်လာလဲ ဒီတိုင်း၊ နောက်တစ်ပတ်လာလဲ

http://www.dhammadownload.com



ဒီတိုင်း စောစောကပြောတဲ့ မုန့်လုံးစက္ကူကပ် ဆိုတဲ့ သီချင်းသွားလိုပဲလို့။ အစက ဘယ်နေလို့ အဆုံးဘယ်နေမှန်း ရှာမရဘူး။ ဒါကြောင့် ရဟတ်စက်ကြီးလိုပဲ အမြဲတစေ လည်နေတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ သံသရာစက်ရဟတ်ကို အဆက်မပြတ် လည်ပုံလည်နည်းလို့။ ဒါပေမယ့် တို့ ဒီအခန်းလေး လက်စသိမ်းခါနီးကြတော့ နောက်ကြောင်းလေး ပြန်ပြီးတော့ အကြမ်းဖျင်းလေးနဲ့ လမ်းခင်းလိုက်ကြအုံးစို့နော် (မှန်ပါတယ်ဆရာ)။

အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဉပါဒါန် ဘဝ ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဉပါယာသ အာသဝ အဝိဇ္ဇာ နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဆိုစမ်း (အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဉပါဒါန် ဘဝ ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဉပါယာသ အာသဝ အဝိဇ္ဇာ) အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ပြီးတော့မှ လုံးကောက်ကလေးတွေ သွားကြမှ၊ အဝိဇ္ဇာဆိုတာ မြန်မာလိုပြန်တော့ ဘာတဲ့ (မသိတာပါဆရာ)၊ တရားကိုယ်ကောက်တော့ ဘာရ (လောဘပါဆရာ)၊ ဟောဗျာ ဒုက္ခမှ အကြီးစားပဲ၊ ပြန်ပြော အဝိဇ္ဇာဆိုတာ မြန်မာလိုဘာတဲ့ (မသိတာပါဆရာ)၊ တရားကိုယ်ကောက်တော့ အဲဒါသာကြည့်ဗျာ။ အဲဒါသာကြည့်ကြ၊ တရားထောက် ကိုသန်းဖေကြီး ဟောဒီ လေးဘက်ထောက် မှောက်နေပေါ့။ အဲဒါသာကြည့်ကြ။ ဘယ်နဲ့တုံး ဘယ်နဲ့တုံး (မောဟပါဆရာ)၊ အဲသလိုလုပ်ပါ။ ဒါများ မေ့တော့ ငါအံ့သြလို့ မဆုံးဘူး။ မင်းက တစ်နေ့ထက်တစ်နေ့ ငါကတော့ နည်းနည်းကျဆင်းတယ်ထင်တယ်။ နိုင်ငံရေးပြောလိုက်ရအုံးမယ်။ သင်တန်းသဘောတရား နည်းနည်း ကျဆင်းတယ်ထင်။ ဟုတ်ကဲ့လား (မဆင်းပါဘူးဆရာ)၊ ကျဆင်းလို့ မင်းအရင်းအမြစ်ကလေး ဆိုတဲ့ ထပ်ပြန်တလဲလဲ ပြထားတဲ့ တရားကိုယ်လေးတောင် မင်းမှားနေတာပေါ့။ မင်းပတ်ဝန်းကျင်က ရိုက်ခတ်သံကြောင့် မင်းတော့ သင်တန်းသဘောတရား မင်းကျဆင်း။ နိုင်ငံရေးစကား ပြောရမှာပေါ့နော်။ အကာတော ဗျာဘော သိပ်မကွယ်နဲ့တဲ့။ ဒီက တိတိကျကျနဲ့ ပေးနေတာ လက်ဆုပ်လက်ကိုင် ရအောင်ယူနော် (မှန်ပါတယ်ဆရာ)၊ ဒါမှ မင်းအသေဖြောင့် အနေဖြောင့်လို့၊ အဲဒါမှ လွဲပြောင်းလို့တော့ မင်းသေရာ မှာပဲ့မယ့်ကိစ္စက အင်မတန်ရှားတယ်။ သေလည်း အကြောက်မလွတ်ဘူး။ သေလည်း တွေတွေ ဝေဝေသေရ၊ နေလည်း တွေဝေဝေနဲ့ နေရ။

အခု တရားကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး မိထားပြီဆိုတော့ သေတော့လည်း တွေတွေဝေဝေမသေရဘူး။ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းနဲ့ သေရတယ်။ နေပြန်လည် ကြည်ကြည်လင်လင်

http://www.dhammadownload.com



သန့်သန့်ရှင်းရှင်းနဲ့ နေရတယ်။ လူမိုက်တွေလိုနေတာ မဟုတ်ဘူး။ ပညာရှိတွေလို နေရတယ်လို့။ တရားသိလာတော့နော် (မှန်ပါတယ်ဆရာ)၊ ဒါ အဝိဇ္ဇာရဲ့တရားကိုယ် တရားသားမှ မင်းမေ့ဖြစ်အောင် မေ့တယ်။ ပြန်ပြောစမ်း မောဟဆိုတာ မြန်မာလို ပြောတော့ဘာတုံး (မသိတာပါဆရာ)၊ တရားကိုယ် တရားသားကောက်တော့ (တွေဝေတာပါဆရာ)၊ ဟော လာပြီဟေ့၊ တွေဝေတာဆိုတာ တရားကိုယ် ကောက်တော့ဘာတုံး (မောဟပါဆရာ)၊ အေးလေ အဲဒါကိုပဲ ထပ်ပြန်တလဲလဲ မေ့နေ၊ ဟုတ်ကဲ့ လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာဆိုတာ မြန်မာလို ပြောတော့ ဘာတုံး (မသိတာပါဆရာ)၊ တရားကိုယ် တရားသားကောက်တော့ (မောဟပါဆရာ)၊ အဲသလိုလုပ်ပါ နားလည်ပြီလား (နားလည်ပါတယ် ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

သင်္ခါရ၊ သင်္ခါရဆိုတာ ဘာခေါ်တုံး (စေတနာပါဆရာ)၊ ဒါ တရားကိုယ်ကောက်တော့ သင်္ခါရ ဆိုတာ ပြုပြင်မှုခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ပြုပြင်မှု အားထုတ်မှုခေါ်တယ်။ သင်္ခါရဆိုတာ ဘာခေါ်တုံး အားထုတ်မှု (အားထုတ်မှုပါဆရာ) မြန်မာလိုပြန်တော့ နော် (မှန်ပါတယ်ဆရာ)၊ တရားကိုယ်ကောက်တော့ ဘာတွေရ (စေတနာတွေပါဆရာ)၊ ဘာစေတနာ ဘာစေတနာရ (ပုညာ ဘိသင်္ခါရရယ် အပုညာဘိသင်္ခါရရယ် အာနေဉ္ဇာဘိသင်္ခါရရယ်ပါဆရာ) လောကီကုသိုလ် စေတနာတွေ အကုသိုလ်စေတနာတွေလား (မှန်ပါတယ်ဆရာ)၊ ပုညာဘိသင်္ခါရထဲက ကာမာဝစရကုသိုလ် စေတနာနဲ့ ရူပါဝစရကုသိုလ်စေတနာ နှစ်မျိုး၊ အပုညာဘိသင်္ခါရ အကုသိုလ်စေတနာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အာနေဉ္ဇာဘိသင်္ခါရက အရူပါဝစရကုသိုလ်စေတနာ မဟုတ်လား (မှန်ပါတယ် ဆရာ)၊ စေတနာတွေ ကောက်တယ်လား (စေတနာတွေ ကောက်ပါတယ် ဆရာ)၊ ကုသိုလ်စေတနာလို့ အကုသိုလ်စေတနာလို့ ကုသိုလ်အကုသိုလ်ဆိုတဲ့ စေတနာတွေကောက်။ ဒါတော့ နားလည်သွားပြီ။

ဒါဖြင့် ဒီနေရာလေးမှာ လောကုတ္တရာစိတ်ရှစ်ပါးမှာ မဂ်စိတ်လေးပါးဟာ မဂ်ကုသိုလ်ဖြစ်ရဲ့ သားနဲ့ မဂ်ကုသိုလ်ကို ဘာကြောင့်မထည့်။ မှတ်မိသေးလား၊ လောကီကုသိုလ် သတ္တရသစေတနာ ဆယ့်ခုနစ်ပါးနဲ့ အကုသိုလ်စေတနာ ဆယ့်နှစ်ပါး ပေါင်းလိုက်တော့ စေတနာ နှစ်ဆယ်နဲ့ကိုးပါး ကောက် သွားတာ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ၊ အကုသိုလ်ရယ် ကာမာဝစရ ကုသိုလ်ရယ် ရူပါဝစရကုသိုလ်ရယ် အရူပါဝစရကုသိုလ်တို့နှင့် ယှဉ်သော စေတနာကောက်၏။ လောကုတ္တရာကုသိုလ်စိတ်ရှစ်ခုမှာ ယှဉ်တဲ့စေတနာကို ဘာကြောင့် မကောက်လည်း၊ မှတ်မိသေလား (မမှတ်မိဘူးဆရာ)၊ အေး-မမှတ်မိတာ ကောင်းတယ်၊ ဦးနှောက်ရှုပ်တယ်၊ သိပ်ပြီး မှတ်မထားနဲ့နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



"လောကုတ္တရာနိ ပန (ဝဋ္ဋမူလစ္ဆေဒကဘူတတ္တာ) ဝဋ္ဋကထာယံ န ယုဇ္ဇန္တီတိ န ဂဟိတာနိ"

လောကုတ္တရာနိ၊ လောကုတ္တရာ ကုသိုလ်စေတနာတို့သည်ကား။ ဝဋ္ဋမူလစ္ဆေဒကဘူတတ္တာ၊ ဝဋ်မြစ်ကို ဖြတ်တတ်သော သဘောကြောင့်။ ဝဋ္ဋကထာယံ၊ ဤဝဋ္ဋကထာအရာ၌။ န ယုဇ္ဇန္တိ၊ မယှဉ်ကုန်။ ဣတိ၊ ဤသို့။ န ဂဟိတာနိ၊ မယူအပ်ကုန်။

လောကုတ္တရာ ကုသိုလ်စေတနာ ကတော့ ကုသိုလ်စေတနာမှန်တယ်ကဲ့။ ဒါပေမယ့် သူက ဘာလုပ်တတ်တယ် (ဝဋ်ကို တောင်းတ လုပ်နေတာပါဆရာ)၊ ဟော့ဗျာ ချတာပဲ မင်းပရိသတ်က ရယ်ကုန်ပြီ။ ခင်ဗျား နားလည်လား။ လောကုတ္တရာကုသိုလ် စေတနာကတော့ ကုသိုလ်စေတနာ ဟုတ်ပါတယ်။ ဝဋ္ဋမူလစ္ဆေဒကဘူတတ္တာ-ဝဋ်မြစ်ကို ဖြတ်တတ်သောသဘောကြောင့် လောကုတ္တရာ ကုသိုလ်စေတနာကတော့ ကုသိုလ်စေတနာ မှန်တယ်။ မှန်ပေမယ့် ဘာလုပ်တတ်တယ် (ဝဋ်မြစ်ကို ဖြတ်တတ်ပါတယ် ဆရာ)၊ ဩော် - ဝဋ်မြစ်ကို ဖြတ်တတ်တယ်လား (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် ဒီနေရာမှာ မယူရဘူးလား (မယူရပါဘူးဆရာ)၊ ဩော်-ဒါဖြင့် ခုယူသွားတဲ့ ကုသိုလ် စေတနာတွေကတော့ ဝဋ်မြစ်ကို ဖြစ်စေတတ်တယ်လား (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည် ပါတယ်ဆရာ)၊ ပြောလိုက်ရင် နားလည်ပါပြီ နားလည်ပါပြီနဲ့ ပြီးတော့ မေးတော့ ဘယ်တော့မှ မရဘူး။ ဟင်း ဒါဖြင့် ဒီနေရာမှာ သင်္ခါရမှာ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ စေတနာ သုံးမျိုးပေါ့ (မှန်ပါတယ်ဆရာ)၊ စေတနာ သုံးမျိုးကောက်သွားတယ်လား (ကောက်ပါတယ် ဆရာ)၊ အကုသိုလ်စေတနာရယ် ကာမာဝစရကုသိုလ် စေတနာရယ် ရူပါဝစရကုသိုလ်စေတနာရယ် အရူပါဝစရကုသိုလ်စေတနာရယ် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ လောကုတ္တရာကုသိုလ် စေတနာတော့ ကုသိုလ်စေတနာဟုတ်ရဲ့သားနဲ့ ဘာကြောင့်မကောက် (သူက သံသရာဝဋ်မြစ်ကို ဖြတ်စေတတ်လို့ မကောက်တာပါဆရာ)၊ ဩော်-လောကုတ္တရာကုသိုလ်က သံသရာဝဋ်မြစ်ကို ဖြတ်စေတတ်တဲ့လား (မှန်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ သံသရာဝဋ်မြစ်ကို ဖြတ်စေတတ်တယ်တဲ့။ ဒါဖြင့် ဒီလောကုတ္တရာကုသိုလ်စေတနာ ဖယ်ထားတော့ လောကီကုသိုလ်စေတနာနဲ့ အကုသိုလ် စေတနာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒါ သင်္ခါရ ပြန်ပြီးတော့ ပြန်လည်းပဲ သတိထားကြပါအုံး။ ပြန်လဲ ဆွေးနွေးပါအုံး။ ပြန်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ပါအုံး။ ပြပြီးသား လမ်းစဉ်လေး အနည်းဆုံးအားဖြင့် တရားကိုယ်လေးတွေနဲ့ သဘောအကျဉ်းလေးတွေ မှတ်မိသွားအောင် ပြန်လည် လုပ်စမ်းပါအုံး။ ပဋိစ္စသမုပ္ပါဒ် အရေးကြီးတာ အဲဒီ အင်္ဂါဆယ့်နှစ်ပါး အရေးကြီးတာပဲ။ အဲဒါ ဆက်စပ်

http://www.dhammadownload.com



ပြီးတော့ အမြဲမပြတ် လည်တတ်ဖို့ရယ်။ လည်သွားတဲ့ အဓိပ္ပါယ်နားလည်လာရင် တရားကိုယ် တရားသားလေးတွေနဲ့ သဘောအဓိပ္ပါယ်လေးတွေ ရှင်းသွားတာရယ် အဲဒါ နားလည်သွားလို့ရှိရင်တဲ့ ဘာလို့ဝန်ခံနိုင်တယ် (ငါသောတာပန်လို့ ဝန်ခံနိုင်ပါတယ်ဆရာ)၊ မင်းပြောရင် အဲဒါတော့ ပြောတတ်သား၊ ပြီးတော့လည်း ဘာမှ အသုံးမကျဘူး။ မင်းသောတာပန်, ငါသောတာပန်တစ်ယောက်ပဲလို့ မင်းဝန်မခံချင်ဘူး, မပြောချင်ဘူးလား (ပြောချင်ပါတယ်ဆရာ)၊ ပြောသာပြောချင်တယ် မင်းဥစ္စာက ပြပြီးသားဟာ ဘာမှ မရှိတာ ခက်နေတယ်၊ ပြောချင် ကြိုးစားရတယ်။ ဒါလေး ကြိုးစားတာ ဆယ့်နှစ်လုံးရှိတာ ဘာမှခဲယဉ်းတာ မဟုတ်ဘူး။ နားလည်ပြီလား (နားလည်ပါပြီဆရာ)။

သင်္ခါရရဲ့အဓိပ္ပါယ် နားလည်သွားပြီလား (နားလည်သွားပါပြီဆရာ)၊ စေတနာသုံးမျိုး ကောက်တယ်။ လောကုတ္တရာကုသိုလ်စေတနာ၊ ကုသိုလ်စေတနာမှန်ရင် ဒါပေမယ့် ဝဋ်မြစ်ကို ဖြတ်တတ်တဲ့ ကုသိုလ်စေတနာတဲ့။ ခုဥစ္စာဝဋ်လည်နေတာ ပြောနေတာ။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဝဋ်လည်နေတဲ့ ကုသိုလ်စေတနာ ပြောနေတာ။ အကုသိုလ်စေတနာတွေ ပြနေတာ။ နောက်တစ်ခါ ဝိညာဏ်တဲ့၊ ပထမဆုံး ဝိညာဏ်ကဘာရ သင်္ခါရကြောင့် ဖြစ်လာတဲ့ ဝိညာဏ်ရ၊ ဘာကောက်၊ ဘာမှ သိဟန်တူဟန် မတူဘူးကွ။ ဖြစ်မှဖြစ်ရလေသနင်းဖေရာ၊ သင်္ခါရကြောင့်ဖြစ်တဲ့ ဝိညာဏ်ဆိုတော့ ဘာတွေရတုံး၊ တရားကိုယ်ကောက်တော့ ပဋိသန္ဓေ (ပဋိသန္ဓေစိတ်ဆယ့်ကိုးပါး ရပါတယ်ဆရာ) အောင်မယ်လေးဟဲ့ (ကမ္မဇရုပ်နှစ်ဆယ်ရပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပဋိသန္ဓေခဏမှာ (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေဆယ့်ကိုးနဲ့ တစ်ဥပါဒ်ထဲပြိုင်ဖြစ်သော ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်နှစ်ဆယ်လား (မှန်ပါတယ်ဆရာ)၊ ဒါရတယ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီနေရာမှာ ကမ္မဇရုပ်လို့ ထည့်ပြတာ မဟုတ်ဘူး။ ဝိညာဏ်သာ ပြောသွားတာနော် (မှန်ပါတယ်ဆရာ)၊ ဒါ သင်္ခါရကြောင့်ဖြစ်တဲ့ အကျိုးဝိညာဏ် မနေဘူးလား (အကျိုးဝိညာဏ်ပါဆရာ)၊ "ဝိညာဏပစ္စယာ နာမရူပံ" ဆိုတော့ အကြောင်းဝိညာဏ် မနေဘူးလား (မှန်ပါတယ်ဆရာ)၊ အကြောင်းဝိညာဏ်က ဘာကောက်၊ (မသိဘူး)၊ ဟင် အဲဒါခက်တာပဲ။ မသိဘူး မသိဘူး၊ ဒီနေရာ လောကီဝိပါက်ဗာတ္တိံသ သုံးဆယ့်နဲ့နှစ်ပါး ဝိပါက်စိတ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပြောလိုက်ရင် နားလည်ပါပြီ ဆရာ။

နှုတ်ကတော့ တော်တော့်ကို နားလည်ပါပြီ နားလည်ပါပြီနဲ့ ဘာမှလည်း မေးလို့မရဘူး။ မှတ်ထားရတဲ့ တရားကိုယ် တရားသားလေးတွေ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဒီနေရာမှာ "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတဲ့ နေရာမှာ စိတ်တစ်ခုယုတ် ကိုးဆယ်လုံး အကုန်ကောက်မှ ပိုပြီးတော့

http://www.dhammadownload.com



သဘာဝကျမယ်တဲ့။ ဘာကြောင့် - ပဋမဘဝင်္ဂတော ပဘူတိ သဗ္ဗမ္ပိ ဝိညာဏံ တသ္မာ တသ္မာ နာမရူပဿ ယထာရဟံ ပစ္စယော ဟောတိ။ ပဋမဘဝင်္ဂတော၊ ပထမဘဝင်မှ။ ပဘူတိ၊ အစပြု၍ ဖြစ်ပေါ်လာသော။ သဗ္ဗမ္ပိ ဝိညာဏံ၊ အလုံးစုံသော စိတ်တစ်ခု ယုတ်ကိုးဆယ်သည်လည်း။ တသ္မာ တသ္မာ နာမရူပဿ၊ ထိုထိုနာမ်ရုပ်နှစ်ပါးအား။ ယထာရဟံ၊ ထိုက်သည့်အားလျော်စွာ။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ပထမဘဝင်စဖြစ်လာတဲ့ အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်ဆိုတဲ့ တရားတွေ နော် (မှန်ပါတယ်ဆရာ)၊ နာမ်ရုပ်နှစ်ပါးကို ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုသွားတယ်တဲ့။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီအကြောင်း ဝိညာဏ်ကတော့ စိတ်တစ်ခုယုတ် ကိုးဆယ်လုံး အကုန်ကောက်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ "သဗ္ဗမ္ပိ ဝိညာဏမ္ပိ" ပုဒ်အရ ပြီးတော့ "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတော့ နာမ်ရုပ်နှစ်ပါးရတယ် မရဖူးလား (ရပါတယ်ဆရာ)၊ နာမ်က ဘယ်သူကောက် (စေတသိက်ငါးဆယ့်နှစ်ပါးပါဆရာ)၊ အေး-ဒီနေရာမှာ စေတသိက်နာမ်ကောက်ရ မယ်နော် (မှန်ပါတယ်ဆရာ)၊ စိတ်နာမ်မကောက်ရဘူး။ အကယ်တန္တိ စိတ်နာမ်ကောက်ရင် ဝိညာဏ်ကြောင့် ဝိညာဏ်ဖြစ်တယ်လို့ ထင်နေမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒီနေရာမှာ စေတသိက်နာမ်ကောက်တဲ့၊ "တတ္ထ နာမန္တိ ဝေဒနာဒိက္ခန္ဓတ္တယံ"လို့ တတ္ထ၊ ဤနေရာ၌။ နာမန္တိ၊ နာမ်ဟူသည်ကား။ ဝေဒနာဒိက္ခန္ဓတ္တယံ၊ ဝေဒနာစေတသိက် သုံးခုတို့၏ အပေါင်း နော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာဆိုတော့ စေတသိက်ခန္ဓာ သုံးပါးရတော့ စေတသိက် ငါးဆယ်နှစ်ပါး မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီနေရာ ရုပ်တရားက ဘယ်သူရ (ရုပ်နှစ်ဆယ်ရှစ်ပါးရပါတယ်ဆရာ)၊ ရုပ်နှစ်ဆယ့်ရှစ်ပါးလုံး အကုန်ရမယ်။ စတုသမုဋ္ဌာနိကရုပ် နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ပြီ "နာမရူပပစ္စယာ သဠာယတနံ" ဆိုတဲ့နေရာ "နာမရူပပစ္စယာ သဠာယတနံ"တဲ့။ သဠာယတနကြဘာရ အာယတနဘယ်နှစ်ပါးရ (အာယတန ဆယ့်နှစ်ပါးရပါတယ်ဆရာ)၊ အာယတန ဆယ့်နှစ်ပါးရမယ် နော် (မှန်ပါတယ်ဆရာ)၊ အဇ္ဈတ္တိကာယတန ခြောက်ပါး၊ ဗာဟိရာယတနခြောက်ပါး ရမယ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ရှိပါသေးလား စတုဝေါကာရဘုံအတွက် ဘာအာယတန (ဆဋ္ဌာယတနပါဆရာ)၊ အေး-ဆဋ္ဌာယတန မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ငါ ဆဋ္ဌသင်္ဂါယနာလို့များ ပြောမလို့လားလို့ထင်နေတာ၊ ဆဋ္ဌာယတန မှတ်မိပြီလား (မှတ်မိပါပြီဆရာ)၊ စတုဝေါကာရဘုံကြတော့ အာယတနဆယ့်နှစ်ပါးရှိတဲ့အနက်က ဘယ်နှစ်ပါးတည်းရလဲ (ခြောက်ပါးရပါတယ်ဆရာ)၊ ဟောဗျာ. . . ကြိတ်သွားပေါ့။ ဆဋ္ဌာယတနလေ၊

http://www.dhammadownload.com



ဆဋ္ဌာယတနတစ်ပါးတည်း ရတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဆဋ္ဌာယတနဆိုတာ ဘယ်သူခေါ်တုံး။ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန အာယတနခြောက်ပါး ဘယ်အာယတနသွားရ (မနာသွားရပါတယ် ဆရာ)၊ အေး - မနာယတန၊ ခြောက်ခုမြောက် မနေဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဆဋ္ဌာယတနနော် (မှန်ပါတယ်ဆရာ)၊ စတုဝေါကာရဘုံအတွက် ဆဋ္ဌာယတန၊ ပဉ္စဝေါကာရဘုံ အတွက်က သဠာယတန။ ဒါကြောင့် "ဆဋ္ဌာယတနဥ္စ သဠာယတနဥ္စ သဠာယတနံ" ဒီနေရာ ဆဋ္ဌာယတနတစ်ပုဒ် ကျေနေတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါလေးတွေ ပြန်ပြီးတော့ စဉ်းစားထား။ အကြမ်းဖျင်းလေးလည်း ဒီနေရာလေးမှာ နှစ်ခေါက် သုံးခေါက်လောက် မွှေနောက်ပြီးမှ အတွင်းစက်ဝိုင်းသွားအောင် အတွင်းစက်ဝိုင်းကို အားလုံးပဲ လေ့လာထားကြပါ။

တမြန်နေ့က အဆက်ကလေး - အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အာသဝ အဝိဇ္ဇာ သင်္ခါရ၊ ပဋိစ္စသမုပ္ပါဒ် အဆက်မပြတ်ဘဲနဲ့ စက်ရဟတ်လို လည်တယ်လို့။ လည်ပုံ လည်နည်း ပြပြီ၊ ပြီးတော့မှ အဝိဇ္ဇာ,က စလို့ ယခုပြလာတဲ့ သဘာဝ အကြမ်းဖျင်းအားဖြင့် ပြန်ပြီးတော့ သုံးသပ်တဲ့ အနေ, ဆင်ခြင်တဲ့အနေအားဖြင့်, နှလုံးသွင်းတဲ့ အနေအားဖြင့် အကြမ်းဖျင်းလေးနဲ့ တစ်ခါထပ်ပြီးတော့ တစ်ခေါက်တန်နဲ့ နှစ်ခေါက်တန်နဲ့ သွား၊ ပြီးတော့မှ အတွင်းစက်ဝိုင်းသွားရမယ် နော် (မှန်ပါတယ်ဆရာ)၊ ဒုတိယစက်ဝိုင်းကော လေ့လာထားရဲ့လား (လေ့လာပါတယ်ဆရာ)၊ ဒုတိယစက်ဝိုင်း အကန့် ဘယ်နှစ်ကန့်ပါတုံး (လေးကန့်ပါဆရာ)၊ ပထမကန့်က ဘယ်နှစ်လုံးရှိ (ငါးလုံးပါဆရာ)၊ ဘယ်သူ ဘယ်သူတုံး၊ လေ့လာထားဆို (အဝိဇ္ဇာရယ် သင်္ခါရရယ် ဥပါဒါန်ရယ် ဘဝရယ်) တဏှာကတော့ ဘယ်ဈေးနဲ့တည့်သွားတုံး။ မင်းဥစ္စာလေးလုံး ရှိပုံ့မယ်ဟ။အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အာသဝ အဝိဇ္ဇာ နော် (မှန်ပါတယ်ဆရာ)၊ တရားကိုယ် တရားသားလေး၊ မကျဉ်းမကျယ်ဆိုတဲ့ သဘောအဓိပ္ပါယ်လေးတွေ၊ အကြောင်းကြောင့် အကျိုးဖြစ်ပုံလေးတွေ ဒါလေးတွေ ပြန်ပြီးတော့ ပါဌ်လျှောက်အဓိပ္ပါယ်အနေအားဖြင့် -

အဝိဇ္ဇာဆိုတာ မြန်မာလိုပြောတော့ ဘာတုံး (မသိတာပါဆရာ)၊ တရားကိုယ်ကောက်တော့ (မောဟပါဆရာ)၊ သင်္ခါရက မြန်မာလိုပြောတော့ ဘာတုံး (စေတနာပါဆရာ)၊ အားထုတ်မှု (အားထုတ်မှုပါဆရာ)၊ တရားကိုယ် ကောက်တော့ ဘာဟုံး (စေတနာပါဆရာ)၊ စေတနာ နော် (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်ဆိုတာက သင်္ခါရကြောင့်ဖြစ်တဲ့ ဝိညာဏ်ကြ ဘာကောက် (ပဋိသန္ဓေ

http://www.dhammadownload.com



စိတ် ဆယ့်ကိုးပါဆရာ၊ ကမ္မဇရုပ်နှစ်ဆယ်ပါဆရာ)၊ ပဋိသန္ဓေဆယ့်ကိုးပါးနဲ့ ကမ္မဇရုပ် နှစ်ဆယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဒီနေရာ ပဋိသန္ဓေ ဆယ့်ကိုးဆို၊ ပဋိသန္ဓေဆယ့်ကိုးသာ ပြသွားတာ ဟိုကတော့ "သဗ္ဗာနိပိ ဗာတ္တိံသ လောကိယဝိပါကဝိညာဏာနိ ဂဟိတာနိ ဟောန္တိ"တဲ့။ သုံးဆယ့် နှစ်ပါးသော ဝိညာဏ်ကောက်၊ အကျိုးဝိညာဏ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ အကြောင်း ဝိညာဏ်ကြတော့ ဘာကောက်။ "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတဲ့ အကြောင်းဝိညာဏ်ကြ ဘာကောက်တုံး မမှတ်မိဘူးလား (မမှတ်မိပါဘူးဆရာ)၊ မမှတ်မိဘူး တမြန်နေ့ညက ပြောပြီးရုံရှိသေး။ အဖိတ်နေ့နဲ့ ဥပုသ်နေ့ နားလိုက်တယ် မရှိဘူး။ စိတ်တစ်ခုယုတ် ကိုးဆယ်ကို အကုန်ကောက်ပေ့ါကွ နော် (မှန်ပါတယ်ဆရာ)။

"ပဌမဘဝင်္ဂတော ပဘုတိ သဗ္ဗမ္ပိ ဝိညာဏံ နာမရူပဿ ယထာရဟံ ပစ္စယော ဟောတိ"။ ပထမဘဝင်စဖြစ်တဲ့ စိတ်တရားတွေ မှန်မှန်သမျှ အလုံးစုံသော နာမ်တရားနဲ့ ရုပ်တရားနှစ်ပါးကို ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုတယ်တဲ့ နားလည်ပြီလား (နားလည်ပါပြီဆရာ)၊ ဒါ အကုန် ကောက်၊ ပြီးတော့ "နာမရူပံ" ဆိုတဲ့နေရာ နာမ်က ဘာကောက် (စိတ်ပါဆရာ)၊ ဘယ့်နဲ့တွေ ဖြစ်ကုန် မှန်း မသိဘူး။ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် နာမ်တရားနဲ့ရုပ်တရား နှစ်ပါးဖြစ်တယ် ဆိုတာ နာမ်တရားက ဒီနေရာ ဘာကောက် (စိတ်တရား ငါးဆယ့်နှစ်ပါး ကောက်ပါတယ်ဆရာ)၊ ဘာတရား ကြည့်စမ်း၊ ပြောပုံ - စိတ်တရား ငါးဆယ့်နှစ်ပါးကောက်။ ဘယ့်နဲ့စိတ်တရား ငါးဆယ့် နှစ်ပါးတုံးဟ။ ဘယ့်နဲ့ဖြစ်မှန်း မသိပါဘူးကွာ။ စေတသိက် မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ စေတသိက်တရား ဘယ်လောက်ရှိ (ငါးဆယ့်နှစ်ပါးပါဆရာ)။

"တတ္ထ နာမန္တိ ဝေဒနာဒိက္ခန္ဓတ္တယံ" တတ္ထ၊ ထိုအရာ၌။ နာမန္တိ၊ နာမ်ဟူသည်ကား။ ဝေဒနာဒိ က္ခန္ဓတ္တယံ၊ ဝေဒနာအစရှိသော ခန္ဓာသုံးခုတို့၏ အပေါင်း၊ ဝေဒနာအစရှိသော ခန္ဓာသုံးခုတို့၏ အပေါင်း ဆိုတော့ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဒီခန္ဓာသုံးပါးက စိတ်ခန္ဓာတွေလား စေတသိက် ခန္ဓာတွေလား (စေတသိက်ခန္ဓာတွေပါဆရာ)၊ စေတသိက်ခန္ဓာက ခန္ဓာဖွဲ့ပုံလေးတွေ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ ဝေဒနာက္ခန္ဓာက ဘယ်သူဖွဲ့၊ ရမ်းတုပ် ဝေဒနာစေတသိက် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သညာက္ခန္ဓာက ဘယ်သူဖွဲ့ (သညာစေတသိက်ပါဆရာ)၊ သင်္ခါရက္ခန္ဓာက ဘယ်သူ ဖွဲ့ (သင်္ခါရပါဆရာ)၊ ဘယ်သူဖွဲ့တုံး (သင်္ခါရစေတနာပါဆရာ)၊ ဟော လုပ်တာပဲ ရမ်းချတာပဲ။ အကုန်လုံး ဘာမှ မရှိဘူး။ မင်းဟာ ဗလန်းများနေတယ်၊ ငါတော့ အပိုတွေ နည်းနည်းများနေတယ် ထင်တယ်။ မဟုတ်တဲ့နေရာ တွင်ကျယ်နေတယ် ထင်တယ်။ မင်းသံသရာက ကယ်တင်တဲ့တရားက

http://www.dhammadownload.com



ဒီတရား နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါမှ မပြတ်သားရင် မင်းသံသရာအပါယ်ဘေးက လွတ်ပါ့မလား (မလွတ်နိုင်ပါဘူးဆရာ)၊ ဒါ မင်းကြောက်ရမှန်းမသိ လန့်ရမှန်းမသိတဲ့ကောင်ပါ။ မင်း ငါ့အတွက် ဘယ်ဒင်းက ကျေးဇူးအများဆုံးတုံး၊ ဒီတရားက ငါ့သံသရာဘယ်လိုကယ်တင်နေတာတုံး။ အပါယ်လေးပါးက တကယ်လွတ်သွားအောင် ဘယ်တရားက ငါပြနေတာတုံး။ ဘယ်တရား ငါ့ဖိပြီး တော့ ကြိုးစားမှ အားထုတ်မှ အားကိုးမှ လက်ကိုင်ထားမှ ငါ့မှာ အပါယ်သံသရာက လွတ်မယ်၊ တွေးမိရဲ့လား (တွေးမိပါတယ်ဆရာ)၊ တွေးသာ တွေးတယ် တစ်လုံးမှ မေးမရဘူး။ ပေါ့ပေါ့ဆဆ ဝတ်ကျေတန်းကျေ မလုပ်ပါနဲ့ဟ။ နင့်လက်ကိုင်ကောင်းတစ်ခုရှိအောင် ကြိုးစား။ တို့များလည်း သင်နိုင်ကြားနိုင်တဲ့အခါ သင်ကြားပြသပေးနေတဲ့အခါ မှတ်ထားနော်။ ငါအကယ်၍ သေသွားသော် လည်းကောင်း၊ မသင်နိုင်သော်လည်းကောင်း စဉ်းစားကြည့် စဉ်းစားကြည့်၊ မလွယ်ဘူး မင်းတို့နော် (မှန်ပါတယ်ဆရာ)၊ မလွယ်ဘူး ဘယ်သူမှ အောင့်အီးသည်းခံပြီးတော့ သင်ကြားပေးမှာ မဟုတ်ဘူး။ မပေးနိုင်လို့ ပြောတာ မဟုတ်ဘူး။ ဘာပြုလို့ သူ့အခွင့်ရေး ကိုယ်အခွင့်ရေး သူ့ကိစ္စ ကိုယ့်ကိစ္စ ခဲယဉ်းတယ်။

မင်းတို့တွေ ကုသိုလ်ကံ အင်မတန် ကောင်းလွန်လွန်းလို့ ငါလိုလူနဲ့လာတွေ့။ ငါ့လိုလူနဲ့ လာ တွေ့တာ၊ ငါတတ်တာ ပြောတာ မဟုတ်ပါဘူး။ နှစ်ရှည်လများကိုပဲ အများအတွက် ငါငဲ့ကွက်ပြီးတော့ ငါ့ရဲ့ကိုယ်ကျိုးကို လုံးလုံးပြန်မကြည့်ဘူး။ ဘာမှပြန်စောင်းလို့မကြည့်ဘူး၊ ဩော် . . အခု ငါ့ဆိုင်ရှိတယ်၊ ဘယ်နှစ်နှစ်ရှိ ဆိုင်တစ်ခေါက်မှ မရောက်ဘူး၊ ကြည့်လည်းမကြည့်ဘူး။ မေးလည်း မမေးဘူး၊ သွားလည်း မသွားဘူး။ ပေလာယျကံ ငါထား၊ ငါ့အလုပ်သာ ကြိုးစားပမ်းစား အလုပ်လုပ်တယ်။ ဒီကတပည့်များ ညီလေးများ ကြည့်ရှုစောင့်ရှောက် သူတို့ဥစ္စာ သူတို့စီမံဖန်တီးနေတယ်။ ငါ အချိန် တန် စားရပြီးတာပဲဆိုတဲ့ အနေနဲ့ ငါကြိုးစားနေ။ အဲဒါ လောကီမျက်စိနဲ့ လူမိုက်တို့အမြင်နဲ့ ကြည့်မယ် ဆို ငါတော်တော် မိုက်တဲ့လူပဲလို့ ဘေးကပြောမှာ၊ ဘာပြုလို့ ကိုယ်ကျိုးကိုယ်စီးပွား လုံးလုံးကြီး ပစ်ထားပြီးတော့ ဒါကိုချည်းဖိ အလုပ် လုပ်နေတယ်ဆိုတော့ လောကလူမိုက်ခေါ်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ အတ္တဟိတ ပရဟိတတဲ့၊ မင်းတို့ကြည့် ခုခေတ်ကြီးဖြစ် အတ္တဟိတ ပရဟိတ၊ အတ္တဟိတ ဆိုတာ ကိုယ့်အကျိုးစီးပွားရှိတာ ကိုယ်လုပ်၊ ပရဟိတ ဆိုတာ သူတစ်ပါးအကျိုးရှိတာ လျှောက်လုပ်၊ လုပ်ကြည့်စမ်း။ အရပ်ထဲက ထွက်ပြီးတော့ ကိုယ့်အိမ်က ကိစ္စပစ်ပြီးတော့ ရပ်လုံး ရွာလုံးကိစ္စ ထွက်ပြီး လုပ်ကြည့်စမ်း။ ဘေးက ကျေးဇူးမတင် မဲအပြစ် မြင်လာတယ်။ အလကား

http://www.dhammadownload.com



ကောင်ပါကွာ လူမိုက်၊ ကိုယ်ကျိုးစီးပွား မှန်းမသိ သူတစ်ပါးအကျိုးမှန်းမသိ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မင်းတို့ လွယ်တယ် မထင်နဲ့လို့ ဒါကြောင့် မင်းတို့ အင်မတန် ကုသိုလ်ကောင်းလွန်လွန်းလို့ ငါလိုလူနဲ့ လာတွေ့တာ ခဲယဉ်းတယ်။ တတ်တဲ့ပုဂ္ဂိုလ်လည်း များတယ်၊ ဟောနိုင် ပြောနိုင်တဲ့ ပုဂ္ဂိုလ်လည်း များတယ်၊ လုပ်နိုင်ဖို့ ခဲယဉ်းတယ်၊ မခဲယဉ်းဖူးလား (ခဲယဉ်းပါတယ်ဆရာ)၊ အဲဒီလို သင်ကြားပြသပြီးတော့မှ မတတ် တတ်အောင်၊ သဘောမရှင်း ရှင်းအောင်၊ အသိဉာဏ်လေးတွေ မဆိုက် ဆိုက်အောင်၊ တကယ်အပါယ်လေးပါး လုံးလုံးကြီးတံခါးပိတ်သွားအောင်၊ သံသရာမှာ ထောက်ရာ တည်ရာ ရအောင်လို့ ငါကြိုးစားပမ်းစားနဲ့ သင်ကြားပြသပေးနေတာ၊ အဲဒါ ဝတ်ကျေတန်းကျေအနေနဲ့နေရင် သေရင် အပါယ်ကမလွတ်ဘူးဆိုတာ မှတ်ထား နော် (မှန်ပါတယ်ဆရာ)၊ "လူသေရင် လူပြန်ဖြစ်တယ်များ" မှတ်မနေနဲ့ ခဲယဉ်းတယ်။ လူသေ တစ္ဆေတောင် ပြန်ဖြစ်ဖို့ ခဲယဉ်းတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ စစ်ကြီးမဖြစ်ခင်တုန်းကမှ သူတော်ကောင်းလေးတွေ ဘာလေးတွေ၊ သူတော်ကောင်းအယောင်လေးတွေ ဘာလေးတွေပေါ်လို့ သေရင် တစ္ဆေ ဖြစ်တယ်။ ဟိုတစ္ဆေခြောက် ဒီတစ္ဆေခြောက် ဟိုလမ်းမသွားဝံ့ ဒီလမ်းမသွားဝံ့။ ခုစစ်ပြီးကာမှ တစ္ဆေခြောက်တယ်များ ကြားသေးလား (မကြားပါဘူးဆရာ)။

တစ္ဆေကို မဖြစ်ဘူး ခင်ဗျာ နားလည်လား၊ တောက်လျှောက်ကြီး ဆင်းကုန်တာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တစ္ဆေတောင် မဖြစ်တော့ဘူး။ တောက်လျှောက်ကြီးသွားကုန်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ စရိုက်က ဒီလောက်ကြမ်းတဲ့ခရီးထဲ ရောက်နေ။ အင်မတန် ဆိုးသွမ်းညစ်ညမ်းတဲ့ ခေတ်ကြီးထဲ ရောက်နေ။ ဆိုးလား မဆိုးလား၊ ညစ်လား မညစ်လား မင်းတို့ တွက်ကြည့်။ ခိုးမှုကြည့် လိုက်ပြန်လပဲ သိန်းနဲ့ချီခိုးတယ် နော် (မှန်ပါတယ်ဆရာ)၊ သုံးသိန်းနဲ့ ငါးသိန်းနဲ့ ခုနစ်သိန်းနဲ့ ဆယ့်သိန်း ဆယ့်ငါးသိန်း သိန်းလေးဆယ်တဲ့ ကြားဖူးလား (ကြားဖူးပါတယ်ဆရာ)၊ အဲဒါကြည့် အဲဒါကြည့် ခိုးမှုကြည့်လဲ သိန်းနဲ့ချီခိုးတယ်။ သတ်မှုကြည့်ပြန်လဲ အရင်တုန်းကတော့ တစ်နှစ်ကြာလို့ လူသတ်မှု တစ်ယောက်တွေ့ဖို့ ခဲယဉ်းတယ်။ လူတစ်ယောက်အသက်ဆိုတာ ဒေါသမချုပ်တည်းနိုင်လို့ ရုတ်တရက် ရှောင်တခင်အားဖြင့် လက်လွန်ခြေလွန်ဖြစ်သွားလို့ သေကြတယ်။ အခုခေတ်များတော့ ပုရွက်ဆိတ်ကလေး သတ်ရတာလောက် ဝန်မလေးဘူး၊ လူတစ်ယောက် စိတ်မဆိုးဘဲနဲ့ သတ်ရဲတယ်။ အသေချင်းကိုထပ်လို့၊ အလောင်းချင်းကိုထပ်လို့ နော် (မှန်ပါတယ်ဆရာ)၊ တို့ မြန်မာပြည်ကြီးမှာ ခုသေနေတဲ့ လူသတ်မှုတွေအတွက်သာ ရုံးတင်လို့ တရားမင်းက စစ်ရမယ်ဆိုလို့ရှိရင်ဖြင့် နောက်

http://www.dhammadownload.com



အနှစ်တစ်ရာ စစ်လို့တောင် ကုန်မှာ မဟုတ်ဘူး။ ကုန်နိုင်ပ့ါမလား (မကုန်နိုင်ပါဘူးဆရာ)၊ အခုတော့ အစိုးရအာဏာ မပြန်နှံ့တဲ့နေရာ ဖြစ်ချင်သလို ဖြစ်သေချင်သလိုသေ၊ သတ်ချင်သလိုသတ်။ အဲဒါတွေ ကြည့် ခိုးမှုကြည့်ပြန်လည်း အရင်နဲ့မတူဘူး။ သတ်မှုကြည့်ပြန်လည်း အရင်နဲ့မတူဘူး။ လုယက်မှု ကြည့်ပြန်လဲ အရင်နဲ့မတူဘူး။ တူရဲ့လား (မတူပါဘူးဆရာ)၊ ခေတ်ကြီးက သိပ်ဆိုးနေတာလို့ အဲဒါ သွားဖြဲလေးတွေနဲ့ ပျော်လိုက်ကြတာ ပျော်လိုက်ကြ၊ သေဘေးမှန်းလည်း ကိုယ့်နားကပ်လို့ ဘယ်တော့ မှလဲ မသိဘူး။ ကနေ့လား နက်ဖြန်လား သဘက်ခါလား သေခြင်းသဘောတရား မြန်တယ်။ မြန်တယ် ဆိုတာ မယုံဘူး။ လက်တွေ့လေးတွေ ပေါ်ပေါ်လာတော့ ယုံတယ်။

ဒါကြောင့် သူသေမလား၊ ငါသေမလား ဆိုတာ တထိတ်ထိတ် တလန့်လန့် နေကြတဲ့အခါ သေခြင်းသဘောတရား အင်မတန် မြန်တယ်။ ဒါကြောင့် မသေခင်နေရတဲ့ အခိုက်ကလေး ငါ့ အားကိုး တစ်ခု လက်ကိုင်ပြုပြီးတော့ တရားလေးတစ်ခုတော့ ရထားမှဟဲ့။ ဒါမှ ငါ ရုတ်တရက် ရှောင်တခင် မနေရလို့ သေရတောင် စိတ်ချလက်ချ အပါယ်ဘေးနဲ့ဖြင့် ငါတကယ်အေးပေပေ့ါ။ တကယ်ဝေးပေ ပေ့ါလို့ ဒီလို ကိုယ့်ကိုယ်ကိုယ်လည်း ဆုံးမတဲ့အနေအားဖြင့် သတိနဲ့ နေကြရတယ်။ တော်တော် မော်တော်ကား အသွားအလာရှုတ်တဲ့ ရန်ကုန်ဆူးလေဘုရားလမ်းတို့ ဘာတို့ ရောက်ဖူးလား မင်း၊ (ရောက်ဖူးပါတယ်ဆရာ)၊ ကဲ - ရောက်ဖူးတော့ ဟိုဘက်လမ်း ဒီဘက်လမ်း ဖြတ်ကူးတော့ မင်းဇိမ်နဲ့ များ ကူးရဲ့သလား (မကူးရဲပါဘူးဆရာ)၊ မကြည့်ဘဲနဲ့များ ဘတ်လဗိုင်ကိုယ်တော်ကြီး ဆွမ်းခံကြွ သလိုများ ခု စင်္ကြံကြွေ ချသွားဝံ့လား (မသွားဝံ့ပါဘူးဆရာ)၊ ဘယ့်နဲ့လုပ်သွား (ဟိုဘက်ကြည့် ဒီဘက်ကြည့် ကြည့်ရပါတယ်ဆရာ)၊ ဟိုဘက်ကြည့် ဒီဘက်ကြည့် ဒီလိုမဟုတ်လား (မှန်ပါတယ် ဆရာ)၊ အေး - ခုလဲဒီလို ဟိုဘက်ကြည့် ဒီဘက်ကြည့် ကြည့်နေရတယ်လား နားလည်လား (နားလည် ပါတယ်ဆရာ)၊ အမှုမဲ့အမှတ်မဲ့ မနေရဘူး။ ဟိုဘက်ကြည့် ဒီဘက်ကြည့် ကြည့်နေရတယ်။ ကျီးကန်း တောက်မှောက် ကနေ့များ သေသွားမလားဟ၊ မသေပြန်ဘူးဟ တစ်ရက်တော့ လွတ်သွားပြန်၊ နက်ဖြန်ခါ ငါသေ မလားဟ၊ သေမင်းနဲ့ အချိန်းအချက်များ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ မရှိဘူး၊ သူသေချင် သေမှာ ဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ကျီးကန်းတောက်မှောက်ကြည့်သလိုပဲလို့ မျက်စိမျက်စိ သတိထားပြီးတော့ သတိနဲ့ နေကြရ။ ဒါကြောင့် မသေခင်လေး အချိန်ရတဲ့ အချိန်လေးမှာ ငါတော့ တရားကောင်းတစ်ခုတော့ ရလေမှပဲလို့ စိတ်ထဲမှာ စွဲစွဲလမ်းလမ်းနဲ့ ကြိုးစားအားထုတ် အလုပ်လုပ်ပါ နော် (မှန်ပါတယ်ဆရာ)၊ သေရင် မသက်သာဘူးဆိုတာ မှတ်ထား။ ကြီးတဲ့လူလည်း တို့သေခါနီးပြီ၊ တစ်နေ့နဲ့တစ်နေ့ သချိုင်း

http://www.dhammadownload.com



ဘက်များ မျက်နှာလှည့်နေပေါ့။ သင်္ချိုင်းဘက်ကပ်ကပ်လာပြီပေါ့။ ကြီးတဲ့လူများရဲ့ အသိတရားလေးက တို့တော့ အခု နာယူနိုင်တုန်း အပါယ်ဘေး တကယ်အေးသွားအောင်၊ သံသရာထောက်ရာ တည်ရာ ရအောင် ကြိုးစားအုံးမှပဲ၊ လူကြီးများကျတော့ ဟိုကလည်း ကြီးလို့ တစ်နေ့တခြား သင်္ချိုင်းဘက် ကပ်သွားတယ်ပြော။ လူရွယ်လူငယ် လူလတ်ကြတော့ သူကလည်းပဲ သေခြင်းနဲ့ အချိန်းအချက် မရှိတဲ့အတွက် ကနေ့လား နက်ဖြန်လား ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ လူငယ်လေးတွေကြ တို့ အငယ်လေးတွေပဲ၊ တို့ အငယ်လေးတွေက မသေနိုင်ပါဘူးလို့ ရှိပါ့မလား (မရှိပါဘူးဆရာ)၊ မရှိဘူး၊ သူလည်း သေချင်သေမှာပဲလေ။ သေမင်းနဲ့ အချိန်းအချက်မရှိ။ အဲဒါကြောင့် သုံးမျိုးသုံးစားရှိတဲ့ အနက်က အမြဲတစေ ကြောက်နေရတာချည်းပဲလို့ သေခြင်းသဘောတရား၊ ဒါကြောင့် မသေခင် ရှေ့အဖို့ကလေး၊ မသေခင်နေရတဲ့ အခိုက်အတန့်ကလေး မြတ်စွာဘုရားကိုယ်တော်မြတ် သာသနာ တော်ကြီးနဲ့ တွေ့တဲ့ကြုံတဲ့အခါမှာ သာသနာနဲ့ တွေ့ရကျိုး ကြုံရကျိုး နပ်ပါစေလို့ အသိဉာဏ်လေး တွေ ဉာဏ်ပတ္တျာခေါ်တယ်။ ဖြန့်ဖြန့် ဖြန့်ဖြန့်ပြီးတော့ ဝေဖန်ပြီးတော့ အညွန့်အဖူးဆိုတာလေးတွေ ခူးရ ဆွတ်ရတယ်။ ဒါလေးတွေ အသုံးချရတယ် နော် (မှန်ပါတယ်ဆရာ)၊ အမှုမဲ့ အမှတ်မဲ့ မနေကြ နဲ့လို့။

ဒါကြောင့် အခု ဒီပဋိစ္စသမုပ္ပါဒ်တရားကြီး စောစောကလည်း ငါပြောထား။ အဝိဇ္ဇာကစ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဒီအလုံးလေးတွေ တစ်လုံးချင်း တစ်လုံးချင်း တရားကိုယ် တရားသားလေးတွေ ကောက်ပြတတ်မယ်။ မကျဉ်းမကျယ်ဆိုတဲ့ သဘောအဓိပ္ပါယ်လေး တွေလည်း ရှင်းတတ်မယ်။ တစ်ခုနဲ့တစ်ခု ကျေးဇူးပြုသွားတဲ့ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့ ဖြစ်ပုံလေးတွေလည်း သိသွားမယ်ဆိုရင် ဘာလို့ ဝန်ခံနိုင်တယ် (သောတာပန်လို့ ဝန်ခံနိုင်ပါတယ်ဆရာ)၊ ကဲ သောတာပန်လို့ ဝန်ခံနိုင်ရင် အပါယ်ကျအုံးမှာလားဟ (မကျတော့ပါဘူးဆရာ)၊ ဘယ်တော့မှ မကျဘူးဆိုတာ မှတ်ထား။ ဒီလောက် လွယ်လင့်တကူနဲ့ အင်မတန် အားကိုးထိုက်တဲ့ လမ်းစဉ် ချပေးတာမှ မယူချင်ကြလည်းပဲ တို့အပြစ်မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဘာမှခဲယဉ်းတာ မဟုတ်ဘူး။ လွယ်လင့်တကူလေး ပြန်ကြည့်စမ်း။ အဝိဇ္ဇာ မြန်မာလို ပြောတော့ ဘာတုံး (မသိတာ ပါဆရာ)၊ တရားကိုယ်ကောက်တော့ (မောဟပါဆရာ)၊ သင်္ခါရ မြန်မာလိုပြောတော့ ဘာတုံး (အားထုတ်တာပါဆရာ)၊ အားထုတ်မှု၊ တရားကိုယ် ကောက်တော့ (စေတနာပါဆရာ)၊ ဝိညာဏ်က ဘာတုံး (ပဋိသန္ဓေစိတ်ဆယ့်ကိုးပါးပါဆရာ၊ ကမ္မဇရုပ်နှစ်ဆယ်) ဒါအကျိုးဝိညာဏ်ပေါ့ (မှန်ပါ တယ်ဆရာ)၊ သင်္ခါရကြောင့်ဖြစ်လာတဲ့ အကျိုးဝိညာဏ် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



"ဝိညာဏပစ္စယာ နာမရူပံ" ဆိုတဲ့ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုတဲ့နေရာမှာ အကြောင်း ဝိညာဏ်က ဘာတုံး ဘယ်သူဘယ်သူတွေရ (စေတသိက်တွေ ရပါတယ်ဆရာ)၊ ဟော ခုနပဲ ပြော သွားပြီ၊ ဝိညာဏ်ဆိုတာ စိတ်လား စေတသိက်လား (စိတ်ပါဆရာ)၊ စိတ်ဖြင့် စေတသိက်တွေ ဘာလို့ရတာတုံးဟ။ စိတ်တစ်ခုယုတ်ကိုးဆယ်၊ စိတ်တရားတွေ မှန်မှန်သမျှ အကုန်လုံး "ပဌမ ဘဝင်္ဂတော ပဘုတိ သဗ္ဗမ္ပိ ဝိညာဏံ ယထာရဟံ နာမရူပဿ ပစ္စယော ဟောတိ" နော် (မှန်ပါ တယ်ဆရာ)၊ ပဌမဘဝင်လေးကစပြီးတော့ ဖြစ်ပေါ်လာတဲ့ အလုံးစုံသော ဝိညာဏ်ခေါ်တဲ့ စိတ်တရား တို့ဟာ ထိုက်သည့်အားလျော်စွာ နာမ်ရုပ်နှစ်ပါးကို ကျေးဇူးပြုတယ်ဆိုတဲ့ စိတ်တရားတွေ အကုန် ကောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီတော့ ဝိညာဏ် တည်းဟူသော အကြောင်းကြောင့် နာမ်ရုပ်နှစ်ပါး ဖြစ်တယ်ဆိုတော့ နာမ်တရားက ဒီနေရာ ဘာကောက် (စေတသိက်တရားတွေ ကောက်ပါတယ်ဆရာ)၊ စေတသိက် ငါးဆယ့်နှစ်ပါးနော် (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ခုန ဝိညာဏ်လည်း နာမ်မဟုတ်ဘူးလား (နာမ်ပါပဲဆရာ)၊ စေတသိက်လည်း နာမ်မဟုတ်ဘူးလား (နာမ်ပါပဲဆရာ)၊ အေး - နာမ်တော့ နာမ်တရားတွေချည်းပဲ၊ ဒါပေမယ့် ဒီနေရာမှာ စိတ်နဲ့စေတသိက် ခွဲထားတယ် နော် (မှန်ပါတယ်ဆရာ)၊ "သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုတုန်းကတော့ အကျိုးဝိညာဏ်ရော အကြောင်းဝိညာဏ်ရော နှစ်ပါးစလုံး စိတ်တရားချည်း အကုန်ကောက်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

"ဝိညာဏပစ္စယာ နာမရူပံ"ဆိုတော့ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုတဲ့နေရာ နာမ်ဟာ စေတသိက်ကောက် စေတသိက်ငါးဆယ့်နှစ်ပါး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရုပ်တရားက ဘာရ (ရုပ်နှစ်ဆယ့်ရှစ်ပါးလုံး ကောက်ပါတယ်ဆရာ)၊ နှစ်ဆယ့်ရှစ်ပါးလုံး အကုန်ရနော် (မှန်ပါတယ်ဆရာ)၊ ရုပ်နှစ်ဆယ့်ရှစ်ပါးလုံး အကုန်ရ၏။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီလောက်ကလေးတွေ အကြမ်းဖျင်းကလေးတွေကွာ မှတ်ထားကြပါ။ တိုတိုတုတ်တုတ်ကလေးတွေ၊ ရုပ်နှစ်ဆယ့်ရှစ်ပါး ရတယ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ "နာမရူပပစ္စယာ သဠာယတနံ"လို့ နာမ်ရုပ်တရား နှစ်ပါးတည်းဟူသော အကြောင်းကြောင့် အာယတနဖြစ်တယ်၊ အာယတနတစ်ဆယ့်နှစ်ပါး ဖြစ်လာ တယ်လို့၊ နာမ်ကြောင့်လည်းပဲ အာယတနဖြစ်တယ်၊ ရုပ်ကြောင့်လည်း အာယတနဖြစ်တယ်။ ဒီနေရာ နာမ်ကြောင့်ဆို နေပြန်တော့ နာမ်တရားတွေ အကုန်ကောက်ပေါ့။ ရုပ်ကြောင့်ဆိုတဲ့နေရာမှာ အကြောင်းရုပ်၊ သဠာယတနဖြစ်စေတတ်သော အကြောင်းရုပ် ရုပ်နှစ်ဆယ့်ရှစ်ပါးလုံး အကုန်မကောက်ရ ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူဘယ်သူ ကောက်ရမလဲဆိုတော့ မဟာဘုတ်လေးပါးရယ်၊

http://www.dhammadownload.com



ဝတ္ထုရုပ် ခြောက်ပါးရယ်၊ အာဟာရရုပ်ရယ်၊ ဇီဝိတရုပ်ရယ် ပေါင်းလိုက်တော့ ဘယ်လောက်ရှိ (ဆယ့်နှစ်ပါးပါဆရာ)၊ ဆယ့်နှစ်ပါး၊ ဒီဆယ့်နှစ်ပါးကို ကောက်ရမယ်။ သူတို့ဆယ့်နှစ်ပါးကမှ သဠာယတနကို ဖြစ်စေတတ်တယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သူတို့ ဆယ့်နှစ်ပါးက ဘာပြုလို့တုံးတဲ့။ မဟာဘုတ်လေးပါးက သဟဇာတပစ္စည်းတပ်တယ်တဲ့။ ဝတ္ထုရုပ်ခြောက်ပါးက နိဿယပစ္စည်းတပ်တယ်တဲ့။ ဇီဝိတရုပ်နဲ့အာဟာရရုပ်က အနုပါလနသတ္တိရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ ကျန်တဲ့ရုပ်တွေက သဟဇာတပစ္စည်းလည်း မတပ်ဘူးတဲ့၊ နိဿယပစ္စည်းလည်း မတပ်ဘူးတဲ့၊ အနုပါလနသတ္တိလည်း မရှိဘူးတဲ့။ ဒါကြောင့် ကျန်တဲ့ရုပ်တွေ ဒီနေရာ မယူပါနဲ့ အကြောင်း ရုပ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

"ရူပါယတနာဒီနံ ပန သဟဇာတနိဿယအနုပါလနဘာဝေါ နတ္ထီတိ အဂ္ဂဟဏံ ဝေဒိတဗ္ဗံ" မူလဋီကာက ရူပါယတနာဒီနံ၊ ရူပါရုံအစရှိသည်တို့၏။ ကျန်တဲ့ရုပ်တွေ အကုန်ယူ။ အာဒိသဒ္ဒါဖြင့် သဟဇာတနိဿယအနုပါလနဘာဝေါ၊ သဟဇာကပစ္စည်း နိဿယပစ္စည်း အနုပါလန သတ္တိရှိသည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဂဟဏံ၊ မယူခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏ နော် - (မှန်ပါတယ်ဆရာ)၊ ကျန်တဲ့ရုပ်တွေက သဟဇာတပစ္စည်းလည်း မရှိဘူးတဲ့၊ နိဿယပစ္စည်းလည်း မရှိဘူးတဲ့၊ အနုပါလနသတ္တိလည်း မရှိဘူးတဲ့။ ဒါကြောင့် ကျန်တဲ့ရုပ်တွေ ဖယ်ထားပါ၊ ဒီနေရာ သဠာယတနတည်းဟူသော အကျိုးဖြစ်စေသော အကြောင်းရုပ် မဟာဘုတ်လေးပါးရယ် ဝတ္ထုရုပ် ခြောက်ပါးရယ် ဇီဝိတရုပ်ရယ် အာဟာရရုပ်ရယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘယ် လောက်တုံး (ဆယ့်နှစ်ပါးပါဆရာ)၊ ဘယ်သူဘယ်သူတွေတုံး (မဟာဘုတ်လေးပါးရယ် ဝတ္ထုရုပ် ခြောက်ပါးရယ် ဇီဝိတရုပ်တစ်ပါးရယ် အာဟာရရုပ်တစ်ပါးရယ်) မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မဟာဘုတ်လေးပါးက ဘာပစ္စည်းရှိတယ်။ သဟဇာတ (သဟဇာတပစ္စည်း ရှိပါတယ်ဆရာ)၊ ဝတ္ထု ရုပ်ခြောက်ပါးက နိဿယ (နိဿယပစ္စည်းရှိပါတယ် ဆရာ)၊ ဇီဝိတရုပ်နဲ့ အာဟာရရုပ်က ဘာသတ္တိ ရှိတယ်။ အနုပါလန (အနုပါလနသတ္တိရှိပါတယ်ဆရာ)၊ အနုပါလနသတ္တိ ရှိတယ်။ အနုပါလနဆိုတာ ဒီရုပ်ခန္ဓာ နာမ်ခန္ဓာ နှစ်ပါးကို မပျက်ပြားအောင် စောင့်စည်းတတ်တဲ့ သတ္တိ အနုပါလနသတ္တိခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ သူတို့နှစ်ပါး စောင့်ထားတာတဲ့။ အာဟာရ ရယ် ဇီဝိတရုပ်ရယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဇီဝိတလည်း မရှိဘူး။ အာဟာရလည်း မရှိဘူးဆို ဒီခန္ဓာကိုယ်ကြီးက ရှိနိုင်ပါ့ဦးမလား (မရှိနိုင်ပါဘူးဆရာ)၊ မရှိကောင်းဘူး။

http://www.dhammadownload.com



ဒါကြောင့် ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ မဟာဘုတ်လေးပါးက သဟဇာတပစ္စည်း ရှိတယ်တဲ့။ သူတို့က အချင်းချင်း အမှီတကဲ သဟဲပြုနေတဲ့ သတ္တိရှိတယ်။ ဝတ္ထုရုပ်ခြောက်ပါးကတော့ နိဿယပစ္စည်းရှိတယ်။ အားလုံးသော တရားတွေက လာပြီး ဒီမှာ မှီဖြစ်ကြရတာတဲ့ ဝတ္ထုရုပ် ဆိုတာ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ဇီဝိတရုပ်နဲ့ အာဟာရရုပ်ကတော့ အနုပါလနသတ္တိ ရှိတယ်တဲ့၊ စောင့်စည်းတတ်တယ်တဲ့ မပျက်မဆီးအောင် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ဒီနေရာမှာ သဠာယတနတည်းဟူသော အကျိုးတရားကို ဖြစ်စေတတ်သော အကြောင်းရုပ်တရားဟာ ဆယ့်နှစ်ပါးသာလျှင် ကောက်ရ၏။ ကျန်သော ရုပ်တရားတွေက သဟဇာတပစ္စည်းမရှိခြင်း၊ နိဿယပစ္စည်း မရှိခြင်း၊ အနုပါလနသတ္တိ မရှိခြင်းကြောင့် ဒီနေရာမယူပါနဲ့ ဟုတ်လား (မှန်ပါတယ် ဆရာ)၊ ဒါဖြင့် ရုပ်ကြောင့် သဠာယတန ဖြစ်တယ်ဆိုတော့ ဒီနေရာမှာ “နာမရူပပစ္စယာ သဠာယတနံ” ဆိုတဲ့ နေရာမှာ အာယတန ဘယ့်နှစ်ပါးရ (ဆယ့်နှစ်ပါးပါဆရာ)၊ ဆယ့်နှစ်ပါးရတယ်။ ဒါပေမယ့် သူ့ဘုံနဲ့ သူခွဲလိုက်တဲ့အခါကြတော့ စတုဝေါကာရဘုံမှာ အာယတနဘယ်နှစ်ပါးရ (တစ်ပါးထဲရပါ တယ်ဆရာ)၊ ဘယ်အာယတနတုံး (မနာယတနပါဆရာ)၊ အေး - မနာယတန၊ သူ့ခေါ်တော့ ဘယ်နဲ့ ခေါ်တယ် (ဆဋ္ဌာယတနပါဆရာ)၊ ဆဋ္ဌာယတနဆိုတာ ဘာခေါ်တုံး (ခြောက်ခုမြောက်) ခြောက်ခု မြောက် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ခြောက်ခုမြောက် အာယတန ဆဋ္ဌာယတန ခေါ်တယ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူက စရေတုံး (စက္ခုက စရေတာပါဆရာ)၊ ရေကြည့်စမ်း (စက္ခု သောတ ဃာန ဇိဝှါ ကာယ မန)။

အာယတနထည့်ပြီး ရေစမ်းပါ။ (စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှာယတန ကာယာယတန မနာယတန) ဩော်-စက္ခာယတနက စပြီး ရေလို့ရှိရင် မနာယတနကြတော့ ဘယ်နှစ်ခုမြောက်ဖြစ်နေ (ခြောက်ခုမြောက်ပါဆရာ)၊ ဩော်-ဒါကြောင့် မနာယတနကို ဆဋ္ဌာယတန ခေါ်တယ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဆဋ္ဌာယတန ဘယ်ဘုံရတာတုံး (နာမ်ခန္ဓာဘုံပါဆရာ)၊ စတုဝေါကာရ ပြောစမ်းပါ ဘယ်ဘုံတုံး (စတုဝေါကာရဘုံပါဆရာ)၊ စတုဝေါကာရဘုံက နာမ်ခန္ဓာလား (မှန်ပါတယ်ဆရာ)၊ ခန္ဓာဘယ်နှစ်ပါးရ (တစ်ပါးပဲ ရပါတယ်ဆရာ)၊ ဟော ချတယ်ဟေ့ (လေးပါးပါဆရာ)၊ အဲဒီလို လုပ်စမ်းပါဟ။ နာမ်တရားဆိုရင် စိတ်စေတသိက် နှစ်ပါးတွဲမနေဘူးလား (တွဲနေပါတယ်ဆရာ)၊ ခန္ဓာဖွဲ့တော့ ဘယ်လောက်ရ (လေးခုရပါတယ်ဆရာ)၊ အေး-အဲဒီလိုလုပ်ပါ။ နာမ်ခန္ဓာနဲ့ ရုပ်ခန္ဓာ ဒီနှစ်ပါးရှိတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ နားလည်ပြီလား (နားလည်ပါပြီ ဆရာ)၊ အသညသတ်ဘုံဆိုတာကော သိလား။ ဧကဝေါကာရဘုံ ခန္ဓာဘယ်နှစ်ပါးရ (တစ်ပါးထဲ

http://www.dhammadownload.com



ရပါတယ်ဆရာ)၊ ဒါ အသညသတ်ဘုံပေါ့ (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ရုပ်ခန္ဓာ နာမ်ခန္ဓာ (ရုပ်ခန္ဓာပါဆရာ)၊ သူတို့ နာမ်မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ အေး-မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီဘုံနှစ်ဘုံကလွဲတော့ ကျန်သမျှကော ခန္ဓာငါးပါးရတဲ့ ပဉ္စဝေါကာရဘုံလား (မှန်ပါတယ်ဆရာ)၊ မှတ်ထားမှတ်ထား၊ ဘာမှ ခဲယဉ်းတာ မဟုတ်ဘူး။ မင်းမှတ်ပေး မင်း နမော်နမဲ့နေလို့ အဲဒါတွေ မေ့မေ့ပစ်တာ။ ဒါတွေက မေ့နိုင်စရာ အကြောင်းမရှိဘူး။ တော်တော်ကို ခက်တဲ့ကောင်ပါ မင်း၊ ဟိုဒင်း ပြောတာကြနေ၊ မင်းကို လူတိုင်းက ချီးမွမ်းနေ။ သန်းဖေ ဒီနေရာရောက်တာ အံ့ဩစရာပဲ။ ဒီအချိုးမျိုးရောက်လိမ့်မယ်လို့ မထင်ဘူး။ အခုတော်တော်ကို တိုးတက်မှုရှိတယ်တဲ့၊ လူတိုင်းက ချီးမွမ်းစကားပြော။ ငါ့လည်း လာပြောကြ၊ နို့မို့ရင် ဒီကောင် အဖတ်ဆယ်ရစရာ အကြောင်းမရှိဘူးတဲ့။ နဂိုကပင်ကို ဇာတိက ကုသိုလ်နဲ့ အကုသိုလ်တောင် ကွဲတဲ့ကောင် မဟုတ်ဘူးတဲ့။ ဟုတ်လည်းဟုတ်တယ် မင်းရာဇဝင်က၊ အဲဒါ ဒီအချိုးရောက်လာတော့ အားလုံးက ဝမ်းမြောက်ပြီးတော့ ဝမ်းပန်းတသာနဲ့ ချီးမွမ်းစကားပြောလို့ အခုများ သန်းဖေ တော်လိုက်တာ ဘာဖြစ်ဖြစ်။ မေးလိုက်ရင် ဒိုးဒိုးဒက်ဒက် တန်းမဆိုင်တာ ရောက်နေတယ်တဲ့ ပြောကြတယ်။ အခုမင်းက အဲဒါ ပေလာယျာကံ ထားပြီးတော့ နမော်နမဲ့နဲ့ နေတာကိုးကွ လေ့မှ မလေ့လာပဲ။

ဟိုဒင်းကြနေ။ ငါ့သမီး တော်တယ် တော်တယ်နဲ့ ချီးမွမ်းတုန်းရှိသေး၊ ယောက်မမြင်းစီးထွက်လာ၊ လေ့လာရတယ်ဟ အားလပ်ခွင့်ရတဲ့အချိန်၊ မင်းတို့ အချင်းချင်း အားလပ်တော့ ဘာတွေပြောနေ (စကားလှမ်းပြောပါတယ်ဆရာ)၊ အေး-ကောင်းတယ် မျှော်နေ မျှော်နေ၊ အဲဒါ စောင့်နေ၊ မမျှော်လည်း သူခေါ်ချင်လာခေါ်မယ် မဟုတ်လား။ ပေါ်ချင်ပေါ်လာမယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မျှော်တော့ကော လာပါ့မလား (လာချင်မှလာတာပါဆရာ)၊ အေး-နင်မျှော်တိုင်းသာ လာမယ်ဆို နင့်အားမှာ မဟုတ်ဘူး။ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ မျက်စိနှစ်ဘက်သား စခန်း သွားပေါ့ကွာ။ အလုပ်ချိန်တွေလည်း လုပ်ပေါ့ အဓိပ္ပါယ်အားဖြင့်၊ အားလပ်ခွင့်ရတဲ့ အချိန်လေးကြတော့ အခု မင်းအသင်းအပင်း ဒီသင်တန်းထဲ ဘယ်လောက်ရှိလဲ (ငါးရောက်လောက်ရှိပါတယ်ဆရာ)၊ နာရီဝါးတာလေ (ငါးရောက်လောက် ရှိပါတယ်) မင်းလိုပဲလား၊ မင်းထက်ပိုတဲ့ လူပါသေးလား (အတူတူပါပဲဆရာ)၊ ဆွဲချလိုက်တယ် ဟိုကောင်တွေက ခံချင်မှာ မဟုတ်ဘူး။ အခု တရားဝင်စားတဲ့ နေရာမှာ တရားအာရုံပြုတဲ့နေရာ တရားလေးစားတဲ့နေရာ မင်းလိုပဲလားလို့ မေးနေတာ။ မဟုတ်တာ ပြောတော့မယ် ဒီကောင်၊ မင်းလိုပဲလား၊ မင်းနဲ့တူသလား (အတူတူပါပဲဆရာ)၊ ဟော အတူတူပဲတဲ့။ အဲဒါမဟုတ်ရင် မင်းနက်ဖြန်ခါ ဝိုင်းအအုပ်ပဲ၊ အဲဒါ တစ်ယောက်နဲ့တစ်ယောက်ကွာ အဖော်သဟဲနဲ့

http://www.dhammadownload.com



နေကြတာပဲ။ ဆွေးနွေးပေ့ါ၊ မနေ့ညက ပြောသွားတာ မှတ်မိရဲ့လားမင်း ဒီနေရာတော့ ငါမေ့နေလို့ မင်းပြောစမ်းဟဲ့ အဓိပ္ပါယ်အားဖြင့်၊ ဒီလိုလေ့လာပေးပါ။ လေ့လာသွားရင် မင်း မှတ်မိသွားတာပေ့ါ နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ဒီနေရာ သဠာယတနဆိုတဲ့ နေရာမှာ "ဆဋ္ဌာယတနဉ္စ သဠာယတနဉ္စ သဠာယတနံ"လို့ တစ်ပုဒ်ထဲလုပ်ထားတာ။ ပုဒ်က နှစ်ပုဒ် မဟုတ်ဘူးလား (နှစ်ပုဒ်ပါဆရာ)၊ ဆဋ္ဌာယတန သဠာယတန နော် (မှန်ပါတယ်ဆရာ)၊ ဆဋ္ဌာယတန ဆိုတာ ခြောက်ခုမြောက်ဆိုတဲ့ မနာယတန စတုဝေါကာရ ဘုံအတွက် ဟောထားတယ်။ စတုဝေါကာရဘုံကြတော့ အာယတနတစ်ပါးတည်းရမှာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဆဋ္ဌာယတနဉ္စ၊ စတုဝေါကာရဘုံ၌ ရသော ဆဋ္ဌာယတနငင်း။ သဠာယတနဉ္စ၊ ပဉ္စဝေါကာရဘုံ၌ ရသော အာယတနတစ်ဆယ့်နှစ်ပါးငင်း နော် (မှန်ပါတယ်ဆရာ)၊ အဇ္ဈတ္တိကာယတန ခြောက်ပါးနဲ့ ဗဟိရာယတနခြောက်ပါးခေါ်တယ်။ ဒီနေရာလည်း သဠာယတနနှစ်ခုပြ၊ ဒီလိုလေး ယူသွားနော် (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ဒီနေရာမှာ သဠာယတနဆိုတဲ့ ပုဒ်မှာ မင်းကြည့်စမ်း။ အာယတနခန်းတုန်းက တို့ပြပြီးသားတွေ အတိုက်ဓာတ်ခြောက်ပါးနဲ့ အခံဓာတ် ခြောက်ပါးမဟုတ်လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အေး-အေး မှတ်ထား မှတ်ထား။ အဲဒါ တရားတွေချည်းဆိုတာ မှတ်ထား။ ဘယ်အခန်းကနေ စီးဖြန်း စီးဖြန်း၊ ဘယ်အခန်းက နှလုံးသွင်း နှလုံးသွင်း တန်ဖိုးအရှိဆုံး ဆိုတာ သေသေချာချာ မှတ်ထားလိုက်။ ဩော်-ဒါဖြင့် ဒီနေရာ သဠာယတန ဆိုတဲ့ပုဒ်မှာ တို့ အာယတန ဆယ့်နှစ်ပါးတုန်းက ပြခဲ့ပြီးဖြစ်တယ်။ အတိုက်ဓာတ် အခံဓာတ် နော် (မှန်ပါတယ်ဆရာ)၊ အတိုက်ဓာတ် အခံဓာတ်နှစ်ပါးကို နားလည်လို့ အာယတနဆယ့်နှစ်ပါး နားလည် သည်နဲ့ တစ်ပြိုင်နက် ဒီကြားက အပေါ်ဓာတ်ဆိုတဲ့ ဝိညာဏဓာတ် ခြောက်ပါးသွင်းလိုက်ရင် ဓာတ် တစ်ဆယ့်ရှစ်ပါး ဖြစ်ကရော့ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)။

အေး-ဒါကြောင့် ပရမတ်ကောင် ဓာတ်ကောင် ရုပ်ကောင် နာမ်ကောင် ခန္ဓာကောင် ခေါ်ထားတာ။ သေချာကြည့်လိုက် ဓာတ်တစ်ဆယ့်ရှစ်ပါး စခန်းသွား၊ မင်းကိုယ်မင်းပြန်ကြည့် ငါ့ကိုယ် ငါပြန်ကြည့်။ ပတ်ဝန်းကျင်သတ္တဝါတွေ ကြည့် လှုပ်လှုပ်လှုပ်လှုပ် ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက် ပျက်လိုက် ဘာလုပ်၊ ဓာတ်တစ်ဆယ့်ရှစ်ပါးလုပ်နေ။ ဓာတ်တစ်ဆယ့်ရှစ်ပါး ဖြစ်၊ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ စက္ခုနဲ့ ရူပါရုံနဲ့ တိုက်လိုက် စက္ခုဝိညာဏ်စိတ်ဖြစ်လိုက် မြင်လိုက် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သဒ္ဒနဲ့သောတ တိုက်လိုက် သောတဝိညာဏ်စိတ်ဖြစ်လိုက် ကြားလိုက် ပျောက် သွားပြီ၊ ဃာနနဲ့ ဂန္ဓာရုံနဲ့ တိုက်လိုက် ဃာနဝိညာဏ်ဖြစ်လိုက် နံစိတ်ကလေးဖြစ်လိုက်။ ပျက်သွားပြီ

http://www.dhammadownload.com



ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဇိဝှါနဲ့ ရသာရုံနဲ့ တိုက်လိုက် ဇိဝှါဝိညာဏ်စိတ်ဖြစ်လိုက် ပျက်သွားပြီ၊ ကာယနဲ့ ဖောဋ္ဌဗ္ဗနဲ့ တိုက်လိုက် ကာယဝိညာဏ်စိတ်ကလေးဖြစ်လိုက် ပျက်သွားပြီ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မနောနဲ့ ဓမ္မာရုံနဲ့ တိုက်လိုက် မနောဝိညာဏ်စိတ်ကလေးဖြစ်လိုက် ပျက်သွားလိုက် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် သူ့ကြည့်လည်းပဲ ဓာတ်တစ်ဆယ့်ရှစ်ပါးဖြစ်နေ။ ငါ့ကြည့်လည်းပဲ ဓာတ်တစ်ဆယ့်ရှစ်ပါးဖြစ်နေ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဓာတ်ကောင်တွေလို့ ဒီဓာတ်ကောင်တစ်ဆယ့်ရှစ်ပါးပေည်း လုံးလုံးလည်း ချုပ်သွား ဘာမှ မဟုတ်တော့ဘူး။ ဟုတ်သေးရဲ့လား (မဟုတ်တော့ပါဘူးဆရာ)၊ တန်ဖိုးလည်း မရှိ၊ ဘာမှလည်းမရှိ၊ ဘာမှလည်း မလုပ်တတ်ဘူး။ အဲဒါဉာဏ်အကွက်ကနေ ဖမ်းပြီးတော့ ဆင်ခြင်ကြည့်စမ်း။ အင်မတန်တန်ဖိုးရှိတဲ့ သဘောလေးတွေ၊ ဆင်ခြင်နေဆဲ ခဏလေးမှာ ဒါဝိပဿနာပွားများအားထုတ်တဲ့ ယောဂါဝစရပုဂ္ဂိုလ်ခေါ်ပါတယ်။ ကိလေသာတွေ ငြိမ်းနေတယ် ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် တန်ဖိုးရှိတယ်။

ဒါကြောင့် သဠာယတနလို့ ဆိုပေမဲ့ သဠာယတနခြောက်ပါးသော အာယတန အဇ္ဈတ္တိကာယတန ခြောက်ပါး, ဗာဟိရာယတနကခြောက်ပါး ဒီလို ယူပါလို့၊ အာယတနဆယ့်နှစ်ပါး နော် (မှန်ပါတယ်ဆရာ)၊ ဒါ အတိုက်ဓာတ် အခံဓာတ် နှစ်ပါး နားလည်သွား။ အာယတနခန်းပြီးတော့၊ ပြီးတော့မှ "သဠာယတနပစ္စယာ ဖဿော" ဆိုတော့ ဟော့ ဖဿတွေ ပေါ်လာပြန်ပြီတဲ့ နော် (မှန်ပါတယ်ဆရာ)၊ စက္ခုနဲ့ရူပါရုံတိုက် ဖဿလုပ်၊ ဖဿလုပ်ပြစမ်းငါ့၊ ပါဠိလေး မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ ဘယ့်နဲ့ဆို (တိဏ္ဏံ သင်္ဂတိ ဖဿော ပါ ဆရာ)၊ အေး-ဟုတ်တယ်။ အနက်လေး ပေးလိုက်စမ်းပါအုံး (တိဏ္ဏံ၊ တရားသုံးပါးလုံးတို့၏၊ သင်္ဂတိ၊ ပေါင်းဆုံခြင်းကြောင့်။ ဖဿော၊ ဖဿ မည်ပါတယ်)၊ အေး-ဟုတ်ပြီ ဟုတ်ပြီ၊ အောင်မယ် ဒါလေးကြတော်သား။ ခုန ငါမာန်တာတွေ ဘွာတေးနော်။ "တိဏ္ဏံ သင်္ဂတိ ဖဿော" မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ တရားသုံးလုံး ပေါင်းတော့ ဖဿဖြစ်တယ်လား (ဖြစ်ပါတယ်ဆရာ)၊ ကဲ တရားသုံးပါးပေါင်းပြစမ်းပါ။ နမူနာလေး စက္ခု (စက္ခုနဲ့ရူပါရုံနဲ့ တိုက် စက္ခုဝိညာဏ်စိတ်ဖြစ်) ဖြစ် ဟုတ်ပြီ ဟုတ်ပြီ၊ (ဖဿ ပြီးတော့မှ ဖြစ်) ဟော မပြောတတ်လို့ပါကွာ သူ့သဘောတော့ ရှင်းပါတယ်။ စက္ခုပသာဒနဲ့ ရူပါရုံနဲ့ တိုက်လား (တိုက်ပါတယ်ဆရာ)၊ တိုက်တော့ စက္ခုဝိညာဏ်စိတ်ကလေး ပေါ်လာတယ် (ပေါ်လာပါတယ်ဆရာ)၊ တရားသုံးလုံးလည်း ပေါင်းသွားတယ်လား (ပေါင်းသွားပါတယ်ဆရာ)၊ တရားသုံးလုံးပေါင်းသွားတော့ ဘာခေါ်တုံး (ဖဿဖြစ်သွားပါတယ်ဆရာ)၊ အေး-ဖဿဖြစ်တယ်။ နားလည်လား (နားလည်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ တရားသုံးလုံးပေါင်းတာကို ဖဿခေါ်၏ နော် (မှန်ပါတယ်ဆရာ)၊ "တိဏ္ဏံ သင်္ဂတိ ဖဿော"လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ ခဏတစ်ဆယ့်ရှစ်ပါး ခုနငါပြောတဲ့အတိုင်း ခဏတစ်ဆယ့်ရှစ်ပါး ဖြစ်တိုင်းဖြစ်တိုင်း တစ်ပါး တစ်ပါး ဖဿ တစ်ချက်တစ်ချက် ပါမသွားဘူးလား (ပါသွားပါတယ်ဆရာ)။

စက္ခုနဲ့ ရူပါရုံနဲ့တိုက်တော့ စက္ခုဝိညာဏ်စိတ်ဖြစ်တယ်။ "တိဏ္ဏံ သင်္ဂတိ ဖဿော" ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဖဿဖြစ်သွားပြီလား (ဖြစ်သွားပါတယ်ဆရာ)၊ သောတပသာဒနဲ့ သဒ္ဒါရုံနဲ့တိုက် သောတဝိညာဏ်စိတ်ဖြစ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်သွား (ဖဿဖြစ်သွားပါတယ် ဆရာ)၊ ဩော်-ဖဿဖြစ်သွား၊ "တိဏ္ဏံ သင်္ဂတိ ဖဿော"နော် (မှန်ပါတယ်ဆရာ)၊ ဃာနပသာဒနဲ့ ဂန္ဓာရုံနဲ့တိုက် ဘာဖြစ်လဲ (ဃာနဝိညာဏ်စိတ်ဖြစ်ပါတယ်ဆရာ)၊ ဃာနဝိညာဏ်စိတ်ဖြစ်၊ တရားသုံးခု မပေါင်းသွားဘူးလား (ပေါင်းသွားပါတယ်ဆရာ)၊ ပေါင်းသွားတော့ ဘာဖြစ် (ဖဿဖြစ်သွားပါတယ် ဆရာ)၊ ဟုတ်ပြီ၊ ဇိဝှါပသာဒနဲ့ ရသာရုံနဲ့တိုက် ဘာဖြစ်တယ် (ဇိဝှါဝိညာဏ်စိတ်ဖြစ်သွားပါတယ် ဆရာ)၊ ဇိဝှါဝိညာဏ်စိတ်ဖြစ်။ တရားသုံးလုံးပေါင်းပြီလား (ပေါင်းပါပြီဆရာ)၊ ဘာဖြစ်တယ် (ဖဿ ဖြစ်သွားပါတယ်ဆရာ)၊ ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့တိုက် ဘာဖြစ်တယ် (ကာယဝိညာဏ်စိတ် ဖြစ်ပါတယ်ဆရာ)၊ တရားသုံးလုံး ပေါင်းပြီလား (ပေါင်းသွားပါပြီဆရာ)၊ ဘာဖြစ်တယ် (ဖဿ ဖြစ်ပါ တယ်ဆရာ)၊ မနောဓာတ်နဲ့ ဓမ္မာရုံနဲ့တိုက် ဘာဖြစ် (မနောဝိညာဏ်စိတ်ဖြစ်ပါတယ်)၊ တရားသုံးလုံး ပေါင်းပြီလား (ပေါင်းသွားပါပြီဆရာ)၊ ပေါင်းတော့ ဘာဖြစ်တယ် (ဖဿဖြစ်ပါတယ်ဆရာ)၊ ဟော- ဖဿဖြစ်သွား နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါ သူ့ဖြစ် ငါ့ဖြစ် ကိုယ့်ဖြစ် ဖြစ်နေတဲ့ တရားတွေပါလားဟာ နော် (မှန်ပါတယ်ဆရာ)။

တရားဘယ်သွားရှာရမှာတုံး (ဘယ်မှ မရှာရပါဘူး ဆရာ)၊ ဘယ်မှာရှိ (မိမိကိုယ်မှာရှိပါတယ် ဆရာ)၊ အေး-အဲဒါတွေ ဖြစ်နေတာ မြတ်စွာဘုရားကိုယ်တော်မြတ် ဖြစ်စဉ်တွေပြနေတာလို့ နော် (မှန်ပါတယ်ဆရာ)၊ သတ္တဝါတွေ အဇ္ဈတ္တသန္တာန်အမှန်အားဖြင့် တစ်ခုပြီးတစ်ခု တစ်ခုပြီး တစ်ခု ဆက်ကာဆက်ကာ အမြဲတစေ ဖြစ်ပျက်နေတယ်ဆိုတဲ့တရားတွေ မြတ်စွာဘုရားကိုယ်တော် မြတ်က ထုတ်ဖော်ပြီးတော့ ဟောနေတာ၊ ဒီလိုမှ မလေ့လာ မသင်ကြားလို့ရှိရင် ငါ့ကိုယ် ဘာတွေပါ လိမ့်မယ်လို့ သိပ့်ါမလား (မသိနိုင်ပါဘူးဆရာ)၊ ငါဘာကောင်ပါလိမ့်၊ ငါ့ကိုယ်ထဲ ဘာတွေရှိပါ လိမ့်၊ ငါ့ကိုယ်ဘယ်လို ဖြစ်နေပါလိမ့် သိကောင်းပါ့မလား (မသိကောင်းပါဘူးဆရာ)။ အဲ - မသိ ကောင်းလေ အထင်ကြီးလေ၊ အထင်ကြီးလေ စွဲလမ်းလေ၊ စွဲလမ်းလေ နောက်ဘဝ ဒါမျိုး ထပ်လို ချင်လေ နော် (မှန်ပါတယ်ဆရာ)၊ ဘဝတဏှာအနေအားဖြင့် သံသရာဝဋ်ရှည်ကြီးသွားရော့။

http://www.dhammadownload.com



ဘယ်တော့မှ သံသရာဝဋ်က ကျွတ်မှာမဟုတ်ဘူး။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က အထင်အမြင်ကြီးနေတဲ့၊ အထင်အမြင်လွဲနေတဲ့၊ မိမိကိုယ်ပေါ်မှာ တလွဲတည်းလွဲနေတဲ့၊ အလွဲအမှား တွေ ကွဲကွဲပြားပြား ခြားခြားနားနား သိအောင်လို့ ဝေဖန်ပြီးတော့ ဟောထားတဲ့တရား။

အခုလို မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ အခါကြတော့ ပြန်ကြည့်လို့ရှိရင် သိရော့။ အောင်မယ် ငါ့ကိုယ်ဒီလို ဖြစ်နေပါပဲ၊ လက်စသတ်တော့ သေချာရှာတော့ ဒီတရားပါပဲလား ဟုတ်ကဲ့ လား (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါ ရှာမရဘူး။ ဒါတွေရှိ ဒါတွေ ဆက်ကာ ဆက်ကာ ဖြစ်နေ တော့ကော ဒီတရားတွေက ကြာကြာခံသလားဆိုတော့ အကိုင်မခံ အကြည့်မခံ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဒီလိုနေဘယ်နော် (မှန်ပါတယ်ဆရာ)၊ ခဏိကမရဏအနေအားဖြင့် ကြည့်တော့ ခဏငယ် သုံးချက်ရှိ တစ်ခါသေရင်၊ မသေဖူးလား (သေပါတယ်ဆရာ)၊ မျက်တောင်တစ်ခတ် ဘယ်လောက်သေ (ကုဋေတစ်သိန်းသေပါတယ်ဆရာ)၊ အဲဒါလောက်တောင် သေနေတာ။ အဲဒီလို သေတော့မှ အဖြစ်အပျက်တွေ အင်မတန် လျင်မြန်စွာ ဖြစ်ချင်း ပျက်ခြင်းကြောင့် မြဲတဲ့ဆိုတဲ့ နိစ္စသလက္ခဏာ နိစ္စသဘာဝ လုံးလုံးရှာမရလို့။ ဒါ အဘဘုရားကိုယ်တော်မြတ်က ချစ်သား ချစ်သမီးတို့ ဒီခန္ဓာငါးပါးဟာ အနိစ္စတရားချည်းပဲ။ ဒီစာတ်တစ်ဆယ့်ရှစ်ပါးသည် အနိစ္စတရားချည်းပဲ။ ဒီအာယတနဆယ့်နှစ်ပါးသည် အနိစ္စတရားချည်းပဲလို့ ဒီလိုဟောတာကို သဘောကျ ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်တတ်၊ စဉ်းစားတတ်၊ နှလုံးသွင်းတတ်၊ ဆင်ခြင်တတ်ရင်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ရဟန္တာတောင် ဖြစ်တယ်။

## ရဟန်းငါးရာဝတ္ထုအကြောင်း

ဘုရားလက်ထက်က ရဟန်းငါးရာဝတ္ထုလေး ပြောလိုက်ရအုံးမယ်။ ဘုရားလက်ထက်က ရဟန်းငါးရာ မြတ်စွာဘုရားကိုယ်တော်မြတ်ထံ တရားတောင်းပြီးတော့ တောရကျောင်းတစ်ခု ဆိတ်ငြိမ်တဲ့ အရပ်ဒေသ သွားပြီးတော့ တရားအားထုတ်ကြလေရဲ့ တိုင်ပင်ပြီးတော့ ဘုရား ကိုယ်တော်မြတ်ထံ တရားတောင်း။ အဲဒါ အဋ္ဌကထာ ဘယ်တရားပေးလိုက်တယ်လို့ မပါလာဘူး။ သူတို့တရားပါ တောင်းပြီးတော့ တရားပါနာယူပြီးတော့ တရားအားထုတ်ရအောင် သင့်လျော်တဲ့ တောကျောင်းတစ်ခု သွားလိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ တောကျောင်းတစ်ခုသွားတော့ တောကျောင်းနားရောက်ခါနီးမှ မိုးကြီးက သည်းထန်စွာရွာ။ ဒါနဲ့ ကျောင်းထဲ သုတ်သီးသုတ်ပြာနဲ့ ဝင်ကြ။ ဝင်ပြီးတော့ ကိုယ့်နေရာလေးတွေ ကိုယ်ယူ မိုးခိုတဲ့ အနေအားဖြင့် ခေတ္တ အပန်းလည်းဖြေရင်း မိုးလည်းခိုရင်း ဆိုပြီးတော့ မိုးခို။ မိုးခိုတော့ သူတို့ တရားအားထုတ်ရအောင် တကယ်တစ်မှု

http://www.dhammadownload.com



တစ်ဖိုလ် မဂ်ဉာဏ်ဖိုလ်ဉာဏ်လိုချင်လို့ သံသရာဝဋ်ဘေးက တကယ်ပြေးချင်လို့ ကျွတ်ချင်လွတ်ချင်လို့ လာတဲ့ ကိုယ်တော်တွေဆိုတော့ အမှုမဲ့ အမှတ်မဲ့ မနေပါဘူး။ ဒီတော့ မိုးခို ရင်းထိုင်နေတော့ ရေတွေ ကလည်းပြည့်၊ မိုးကလည်း ရွာလိုက်တာ သည်းလိုက်တာ။ ကိုယ့်မျက်နှာနဲ့အတည့် အသီးသီး ရဟန်း ငါးရာ သူကလည်းသူ့မျက်နှာနဲ့အတည့်၊ သူကလည်းသူ့မျက်နှာနဲ့အတည့်၊ မျက်နှာနဲ့အတည့်ကျနေတဲ့ မိုးပေါက်ကလေး နော် (မှန်ပါတယ်ဆရာ)၊ အောက်က ရေကန်လေးထဲမှာ ခံထားတဲ့ ရေစင်လေး ပေါ်မှာ မိုးရေမျက်နှာပြင်လေးပေါ်မှာ မိုးလေးတစ်ပေါက်ကျတော့ ပူပေါင်းလေးတွေ ဖြစ်မလာ ဘူးလား (ဖြစ်လာပါတယ်ဆရာ)၊ ဝေဒနာက္ခန္ဓာတုန်းက ဘာနဲ့ ဥပမာပြခဲ့ (ရေပွက်နဲ့ ပြပါတယ် ဆရာ)၊ အေး-ရေပွက်နဲ့ မှတ်မိသေးရဲ့ (မှတ်မိပါတယ်ဆရာ)၊ နော် (မှန်ပါတယ်ဆရာ)၊ ရေပွက်နဲ့ ဥပမာပြတယ်။ ရေပွက်ကလေးတွေ သေချာကြည့်စမ်း။

အဲဒါကိုယ့်မျက်နှာနဲ့ တည့်တည့် အောက်က ရွာချထားတဲ့ မိုးရေရဲ့မျက်နှာပြင်ပေါ်မှာ နောက် ထပ်ကျလာတဲ့ မိုးပေါက်ကလေးတွေက တစ်ပေါက်လျှင် ရေပွက်ကလေးတစ်ပွက်၊ တစ်ပေါက်လျှင် ရေပေါက်ကလေးတစ်ပွက် မိုးပေါက် ကလေးကျလိုက်တော့ ဇောက်ထိုးဆို ဝင်သွားတဲ့ လေလေးက ဟုတ်ခနဲ့ ပြန်တတ်လာတော့ ရေပွက်ကလေး ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ စီပေါင်း ကလေးတွေပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ ပွက်လိုက် ပျက်လိုက်၊ ပွက်လိုက် ပျက်လိုက်၊ ပွက်ပေမယ့် ခဏခံတယ် မဟုတ်လား၊ (ခဏပါဆရာ) ပွက်လိုက် ပျက်လိုက်၊ ပွက်လိုက် ပျက်လိုက်၊ ပွက်လိုက် ပျက်လိုက်၊ အဲဒါ ကိုယ့်မျက်နှာနဲ့ ကိုယ်တည့်တဲ့ ရေပေါက်ကလေးကို ကြည့် ပြီးတော့ ရေပေါက်ကလေးကို ဥပမာထားလို့ မိမိကိုယ်ပေါ်ပြန်ပြီးတော့ အသီးသီးတင်လိုက်ကြတယ်။ သြော်- ငါတို့မျက်စိအောက် တစ်ပေါက်ပြီးတစ်ပေါက် တစ်ပေါက်ပြီးတစ်ပေါက် ဆက်ကာဆက်ကာ ကျနေတဲ့ ရေပေါက်ကလေးတွေဟာ တစ်ပေါက်ကျလိုက် ရေပွက်ကလေးဖြစ်လိုက် ပျက်သွားလိုက် တစ်ပေါက်ကလေးကျလိုက် ရေပွက်ကလေးဖြစ်လိုက် ပျက်လိုက်။ ရေပွက်ကလေးတွေ ဆက်ခါ ဆက်ခါလည်းဖြစ်ရဲ့၊ ဆက်ခါဆက်ခါလည်းပျက်ရဲ့ အဖြစ်ကလည်း မဆဲ။ အပျက်ကလည်း မစဲနော် (မှန်ပါတယ်ဆရာ)၊ နည်းနည်းလေးမှ တည်ငြိမ်မှုရှာမရ။ တည်မြဲမှု ရှာမရ။ တစ်ဖြစ်တည်းဖြစ် တစ်ပျက်တည်းပျက်နေတဲ့ ရေပွက်ကလေးတွေ ဒါလေးတွေ ဥပမာမြင်တော့ ကိုယ်ပေါ်ပြန်တင်၊ ငါတို့ ခန္ဓာလည်း ရုပ်နာမ်ဓမ္မ သင်္ခါရခေါ်ထားတဲ့ ခန္ဓာ အာယတန ဓာတ်ဆိုတဲ့ သဘာဝတရားတွေ ဥပါဒ် ဌီ ဘင်နဲ့၊ ဥပါဒ် ဌီ ဘင်နဲ့၊ ဥပါဒ် ဌီ ဘင်နဲ့ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ရေပွက်ကလေးတွေနဲ့ တူလှချည်ရဲ့။

http://www.dhammadownload.com



ဒါကြောင့် အဖဘုရားကိုယ်တော်မြတ်က ချစ်သားတို့ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး အာယတန တစ်ဆယ့်နှစ်ပါး ဓာတ်တစ်ဆယ့်ရှစ်ပါးဆိုတဲ့ ဒီသင်္ခါရတရားစုတို့ဟာ မြဲတယ်ဆိုတဲ့ နိစ္စလက္ခဏာ နိစ္စသဘာဝ လုံးလုံးရှာမရတဲ့အတွက် အနိစ္စတရားအစစ်လို့ ဟောတာပဲလို့။ ဟောဒီ လက္ခဏာရေး အနိစ္စလက္ခဏာ တစ်ချက်တည်း ကိုယ်ပေါ်ပြန်တင်တာနဲ့ တစ်ပြိုင်နက် လေးမဂ်လေးဖိုလ်ရလို့ အာသဝေါတရားကုန်ခန်း ရဟန္တာတွေ အကုန်ဖြစ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဝိပဿနာဉာဏ်ရဲ့ တန်ဖိုး မှတ်လည်းထားကြ။ ထုံးလေးတွေ မှတ်ထား။ စကားမတတ် ဘာပြုတယ် (ရုံးကိုကပ်ပါ ဆရာ)၊ ဟုတ်တယ် ဟုတ်တယ် ဟုတ်တယ်၊ "စကားမတတ် ရုံးကိုကပ်"တဲ့ ဟုတ်လား။ ရုံးကပ်တော့ ဘယ့်နှဲ့ဖြစ်။ ရုံးကပ်တော့ တော်တော်ကို အတဲ့, နတဲ့ အကောင်။ "တရားမတတ် ရုံးကိုကပ်" နားလည် လား (နားလည်ပါတယ်ဆရာ)၊ တရားဥပဒေ မတတ်တော့ ဘယ်ကပ်ရမယ် (ရုံးကပ်ရပါတယ်ဆရာ)၊ စကားမတတ်တော့ (ထုံးကိုမှတ်ရပါတယ်ဆရာ)၊ အဲဒါမှတ်ထား မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ထုံးဝတ္ထုကလေးကို မှတ်ထားရတယ်တဲ့၊ စကားမတတ်လို့ရှိရင် စကားပြောတတ်အောင် နော် (မှန်ပါတယ်ဆရာ) မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)

ရဟန်းငါးရာသည် ရေပွက်ကလေးတွေ မိုးရွာချတဲ့ ရေပွက်ကလေးတွေ မြင်တာနဲ့ ထိုရေ ပွက်ကလေးတွေ ဥပမာယူပြီးတော့ ခန္ဓာပေါ်တင်ပြီးတော့ သုံးသပ်တာနဲ့ ခဏလေးနဲ့ လေးမဂ် လေးဖိုလ်ရလို့ အာသဝေါတရားကုန်ခန်း ရဟန္တာတွေဖြစ်ကြတယ်။ တရားရတာ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ တရားမှန် တရားစစ် လမ်းကြောင်းလေးတွေ သိထားပြီးခိုမှဖြင့် အကောင်းဆုံး အချက် ကလေးတွေ။ ဒါပေမယ့် ဣန္ဒြိယပရိပါကတဲ့။ ဣန္ဒြေရဲ့ အနုအရင့် လိုသေးတယ်နော် (မှန်ပါတယ်ဆရာ)၊ ငါတော့ ဒီလိုလုပ်သားပဲ၊ ငါ့တော့ တစ်မဂ်တစ်ဖိုလ် မရပါလား၊ လိုသေးတယ် မလျော့ပါနဲ့။ ဣန္ဒြိယ ပရိပါက ဣန္ဒြေအနုအရင့် ရှိပါသေးတယ်။ ဘုရားကိုယ်တော်မြတ်တောင်ပဲ တရားပြတယ်ဆိုတာ ပြလိုက်သောခဏ၌ ရတယ်ဆိုတာ ဟိုက ဣန္ဒြိယပရိပါက ကြည့်ပြီးတော့ အလုပ်လုပ်သွားတာ နော် (မှန်ပါတယ်ဆရာ)၊ အချိန်တန်မှ ချွတ်တာ၊ အချိန်မတန်ရင် ဘယ်တော့မှ မချွတ်ဘူး။ ဣန္ဒြိယပရိပါက ကာလဂမန- ဣန္ဒြေနုသေးတယ်ဆို စောင့်နေတယ်။ ဘယ်အချိန်ကျမှ ရင့်မှ၊ ဘယ်အချိန်ကျမှ တော်မှ ရက်ပိုင်း လိုသေးတယ်၊ နာရီပိုင်း လိုသေးတယ်၊ လပိုင်းလိုသေးတယ်၊ နှစ်ပိုင်းလိုသေးတယ် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒီတော့ ငါ့ဒီလို လုပ်ရဲ့သားနဲ့ ဒီလိုလည်းပဲ ရေပွက်ကလေးတွေ ဥပမာတင်ပြီးတော့ ဝေဒနာက္ခန္ဓာ ပြစဉ်အခါနဲ့ ရေပွက်နဲ့ ဥပမာပြလို့ မိမိခန္ဓာကိုယ်ဖြစ်နေတဲ့ ရုပ်နာမ် ခန္ဓာဆိုတဲ့ ပရမတ်သဘော ဓာတ်သဘောတွေရဲ့ အဖြစ်အပျက်တွေလည်း ငါ့မြင်သား၊ ဆင်ခြင်လည်း ဆင်ခြင်သား တစ်မဂ် တစ်ဖိုလ်မှလည်း မရပါလားလို့ စိတ်မပျက်ပါနဲ့။ ဘုရားကိုယ်တော်မြတ်ကိုက တိုက်ရိုက်ရပါတယ်လို့ ဟောသွားတာ ရ,ရမယ်။ ဘာပြုလို့ ငါမရပါလိမ့် လုပ်ရဲ့သားနဲ့၊ ဣန္ဒြေနုသေးလို့ ဒီလိုဖြစ်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဉာဏ်ဣန္ဒြေနုသေးလို့ အဲဒါ မရသေးပေမယ့်ထား။ ပါရမီက အမြဲတစေဖြစ်နေ။ အထောက်အပံ့အမြဲရ မရဖူးလား (ရပါတယ်ဆရာ)၊ ဘာမှ အားငယ်စရာ မရှိဘူး။ အဲဒါ သေချာ ကြည့်။ "သဠာယတနပစ္စယာ ဖဿော"လို့ တရားသုံးခုပေါင်းလိုက် ဖဿဖြစ်လိုက်၊ တရားသုံးခု ပေါင်းလိုက် ဖဿဖြစ်လိုက်၊ ဒီတော့ ဖဿဘယ်နှစ်ခုထွက် (ခြောက်ခုပါဆရာ)၊ ဩော်-ခြောက်ခု ထွက်လာ နော် (မှန်ပါတယ်ဆရာ) အဲဒီ ဖဿဖြစ်ပြီဆိုမှဖြင့် တရားသုံးခုပေါင်းလို့ ဖဿဖြစ်တယ် ဆိုလို့ရှိရင် ထိုတရားသုံးခုအပေါင်းနဲ့ အထဲပါလာသော အာရုံလေးတွေ မရှိဘူးလားကွာ (ရှိပါတယ် ဆရာ)၊ ရူပါရုံရှိတယ်၊ သဒ္ဒါရုံရှိတယ်၊ ဂန္ဓာရုံရှိတယ်၊ ရသာရုံရှိတယ်၊ ဖောဋ္ဌဗ္ဗာရုံရှိတယ်၊ ဓမ္မာရုံ ရှိတယ်၊ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဒီအာရုံနဲ့ သွားသွားတွေ့လို့လည်း တရားသုံးခုပေါင်းတာ တွေ့ပေါ့ ကွနော် (မှန်ပါတယ်ဆရာ)၊ စက္ခုပသာဒရယ် ရူပါရုံရယ် သူတို့နှစ်ခု တိုက်လိုက်တယ်။ စက္ခုဝိညာဏ်စိတ် ဖြစ်တယ်။ ဩော်-ရူပါရုံနဲ့ လာတိုက်တာကို။

ဒါကြောင့် ဒီအတိုက်ဓာတ် အခံဓာတ် နှစ်ပါးတိုက်လိုက်တော့ မီးလေးပွင့်သွာသလိုပဲ မီး ကျောက်နဲ့သံခဲလေးတွေ မီးလေးပွင့်သွားတဲ့ အနေအားဖြင့် အပေါ်ဓာတ် စက္ခုဝိညာဏ်စိတ် မြင်စိတ် ကလေးပေါ်လာ၊ ပေါ်လာတော့ဘာဖြစ်၊ အဲဒီ သူတို့သုံးခုပေါင်းတာကိုပဲ ဖဿလို့ ခေါ်ထားပါတယ် ဆိုတော့ ဒါဖြင့် ဖဿတွင် ရပ်နေတယ်လားဆိုတော့ မရပ်တော့ဘူးတဲ့။ "ဖဿပစ္စယာ ဝေဒနာ"လို့ ပဋိစ္စသမုပ္ပါဒ် သေချာပြထားတော့ ဩော်-ဖဿပြီးရင် ဝေဒနာကူးစမြဲကိုးနော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာကူးစမြဲ သေချာကြည့်စမ်း ဒီနေရာ၊ ဝေဒနာရဲ့ အဓိပ္ပါယ်လေးတော့ နားလည်ရဲ့လား (နားလည် ပါတယ်ဆရာ)၊ ဝေဒနာဆိုတာ ဘာခေါ်တုံး (အာရုံအရသာခံစားတာပါဆရာ)၊ အေး-အာရုံအရသာ ခံစားကာမျှကလေး နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အာရုံအရသာ ခံစားကာမျှလေးပဲတဲ့။ ဘယ်အာရုံအရသာ ခံစားသလဲ မေးတော့ ခုနတရားသုံးပါးပေါင်းပေးတဲ့ ဖဿထဲ ပါလာသော အာရုံလေး မရှိဘူးလား (ရှိပါတယ်ဆရာ)၊ စက္ခုဖဿဆိုရင်လည်း ရူပါရုံလေး ပါတယ်ပေါ့ (ပါပါတယ်ဆရာ)၊ သောတဖဿဆိုရင်လည်း သဒ္ဒါရုံလေးပါတယ်ပေါ့ (ပါပါတယ်

http://www.dhammadownload.com



ဆရာ)၊ ဂန္ဓဖဿဆိုလည်း ဂန္ဓာရုံလေးပါတယ်ပေါ့ (ပါပါတယ်ဆရာ)၊ ဇိဝှါဖဿဆိုလည်း ရသာရုံလေးပါးတယ်ပေါ့ (ပါပါတယ်ဆရာ)၊ ကာယဖဿဆိုလည်း ဖောဋ္ဌဗ္ဗာရုံလေးပါတယ်ပေါ့ (ပါပါတယ်ဆရာ)၊ မနောဖဿဆိုလည်း ဓမ္မာရုံလေးပါတာပေါ့ (ပါပါတယ်ဆရာ)၊ အာရုံခြောက်ခု မရှိဘူးလား (ရှိပါတယ်ဆရာ)၊ အဲဒီ အာရုံခြောက်ခုက တစ်ခုပေါ်လာလိုက်ရင် ဖဿဆိုတဲ့ သဘောလေးပြီးရင် ထိုပေါ်လာသော တိုက်လာသော အာရုံအရသာလေးခံစားမှုဆိုတဲ့ ဝေဒနာလေးက ပေါ်ပေါ်မလာဘူးလား (ပေါ်ပေါ်လာပါတယ်ဆရာ)၊ ဒီအခန်းလေးတွေ နုလည်း နုတယ်၊ သိမ်လည်း သိမ်မွေ့တယ် ဆိုတော့ ဒါဝင်စားနိုင်မှ ဝင်စားမယ်။ ဝင်စားနိုင်မယ်။ တို့ နောက်နားက ငါတော်တော်ရှင်းရှင်းပေးလိုက်တယ်။ "ယဿ ဖဿော ပါကဋော ဟောတိ" ဆိုတဲ့ပါဠိအရနော် (မှန်ပါတယ်ဆရာ)၊ "ယဿ ဝေဒနာ ပါကဋာ ဟောတိ" ဖဿရယ် ဝေဒနာရယ် စိတ်ရယ်၊ နာမ်ကမ္မဋ္ဌာန်းမြတ်စွာဘုရားကိုယ်တော်မြတ် ပြတော်မူတဲ့နေရာမှာ ဖဿရယ် ဝေဒနာရယ် စိတ်ရယ် ဒီသုံးခု များသောအားဖြင့် ဟောလေ့ ပြောလေ့ ရှိတယ်လို့။ ဒါမြင်ရာလေးကနေ ဖမ်းလိုက်တာပေါ့။ ဝိညာဏ်နဲ့ ဖမ်းဖမ်းဖဿနဲ့ဖမ်းဖမ်း နော် (မှန်ပါတယ်ဆရာ)၊ ဖမ်းချင်ရာဖမ်း ဒါလေးပဲ ဆက်တိုက်သွားနေတာ ကွင်းဆက်ကလေး။

ဒါကြောင့် ဒီနေရာလေးက သိမ်လည်း သိမ်မွေ့တယ်၊ ရှုလို့ နှလုံးသွင်းလို့ ဆင်ခြင်လို့လည်း အကောင်းဆုံး ဆိုတာလေးလည်း မှတ်ထားပါ။ အဲဒါ ပါရမီရင့်ပြီးသားပုဂ္ဂိုလ် ဆိုလို့ရှိရင်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်က တန်းတိုးသွားမှာပဲ။ အင်မတန် တန်ဖိုးရှိတယ်။ သေချာကြည့် - ဒါဖြင့် "စက္ခုသမ္ဖဿဇာ ဝေဒနာ"လို့ စက္ခုကြောင့်ဖြစ်လာတဲ့ ဖဿလေး ဖြစ်လာရင်ပဲ ထိုစက္ခုနဲ့လာတိုက်တဲ့ ရူပါရုံ၊ ထိုရူပါရုံအရသာလေး ခံစားမှုဆိုတဲ့ ဝေဒနာသဘောလေးတွေ ပေါ်လာတယ်၊ မပေါ်ဖူးလား (ပေါ်ပါတယ်ဆရာ)၊ အဲဒါကြောင့် 'စက္ခုသမ္ဖဿဇာ ဝေဒနာ"တဲ့။ မြန်မာလိုပြောတော့ စက္ခုသမ္ဖဿကြောင့်ဖြစ်လာတဲ့ ဝေဒနာ နော် (မှန်ပါတယ်ဆရာ)၊ နောက်တစ်ခါ သောတသမ္ဖဿဇာ ဝေဒနာလည်းကြည့်။ ဒီလိုပဲ "တိဏ္ဏံ သင်္ဂတိ ဖဿော" ဖဿဖြစ်ပြီလားဆိုရင်ဖြင့် ဝေဒနာဖြစ်တယ်၊ ဘယ်အာရုံခံစားတာတုံး။ ဖဿဖြစ်စဉ်အခါတုန်းက အာရုံသုံးခု တရားသုံးခု ပေါင်းတဲ့အထဲမှာ သဒ္ဒါရုံမပါဘူးလား (ပါပါတယ်ဆရာ)၊ အဲဒီ သဒ္ဒဆိုတဲ့ အသံရုပ်နှင့် အာရုံ၏ အရသာလေး ခံစားမှုဆိုတဲ့ ဝေဒနာ နော် (မှန်ပါ တယ်ဆရာ)၊ ဒါလေးပဲ ခံစားလိုက်တာ၊ ပြီးတော့ ဃာနပသာဒနဲ့ ဂန္ဓာရုံတိုက်ပြန်ပြီ ဃာနဝိညာဏ်စိတ်ဖြစ်ပြန်ပြီ နော် (မှန်ပါတယ်ဆရာ)၊ ဒါ ဃာနသမ္ဖဿဇာ ဝေဒနာ ဖြစ်ပြန်ပြီ၊

http://www.dhammadownload.com



ဝေဒနာလေး ပေါ်လာပြန်ပြီတဲ့ ဖဿကြောင့်၊ ဒီဝေဒနာလေး ဘယ်သူခံစား၊ ဘယ်အာရုံခံစားတာတုံး ဂန္ဓာရုံ (ဂန္ဓာရုံပါဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ပြီးတော့မှ ဇိဝှါသမ္ဖဿဇာ ဝေဒနာတဲ့။ လျှာရယ် အရသာရုံလေးရယ်တိုက် ဇိဝှါဝိညာဏ် စိတ်ကလေးဖြစ်။ သူတို့ သုံးခုပေါင်းလိုက်တော့ ဖဿဖြစ်။ အဲဒီ ဖဿဖြစ်လာတဲ့ အကြောင်းကြောင့်ပဲ ဝေဒနာဖြစ်ရတယ်တဲ့။ အာရုံခံစားတဲ့ သဘောလေး ဖြစ်ရတယ်တဲ့။ ဘယ်အာရုံခံစားတာတုံး (ရသာရုံ)၊ အဲ - ရသာရုံ နားလည်လား (နားလည်ပါတယ်ဆရာ)။ ကာယသမ္ဖဿဇာဝေဒနာတဲ့၊ ကာယပသာဒ ရယ် ဖောဋ္ဌဗ္ဗာရုံရယ် တိုက်တော့ ကာယဝိညာဏ်စိတ်ကလေးဖြစ်၊ ဖြစ်တော့ ဘာဖြစ် "တိဏ္ဏံ သင်္ဂတိ ဖဿော" ဖဿဖြစ်ကာရော့။ ဖဿဖြစ်တော့ ဒီနေရာမှာ အဲဒီဖဿကြောင့် ဝေဒနာပေါ်လာပြန် တယ်တဲ့၊ ဒီဝေဒနာ အာရုံ၏အရသာ ခံစားတတ်တဲ့ သဘောလေး၊ ဘယ်အာရုံ၏ အရသာခံစားတုံး (ဖောဋ္ဌဗ္ဗရုံပါဆရာ)၊ ဖောဋ္ဌာရုံခံစားတယ်တဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ခံစားကာမျှ လေးတွေပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ မနောဓာတ်နဲ့ဓမ္မာရုံနဲ့ တိုက် မနော ဝိညာဏ်စိတ်ဖြစ်။ "တိဏ္ဏံ သင်္ဂတိ ဖဿော" ဖဿဖြစ်။ အဲဒီဖဿကြောင့် ဝေဒနာပေါ်လာပြန်ပြီတဲ့။ ဒီဝေဒနာ ဘယ်အာရုံ၏ အရသာခံစား (ဓမ္မာရုံပါဆရာ)၊ ဩော်-ဓမ္မာရုံ မှတ်မိရဲ့လား (မှတ်မိ ပါတယ်ဆရာ)။

ဒီတော့ အာရုံခြောက်ပါးက ဒီဖဿခြောက်မျိုးဖြစ်တယ်ဆိုတာ အာရုံခြောက်ပါးနဲ့ အတိုက် ဓာတ်ခြောက်ပါးနဲ့ ပေါင်းလို့ဖြစ်တာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ အာရုံခြောက်ပါးရဲ့ အရသာလေးတွေကို တရားသုံးခုပေါင်းမိလိုက်ရင်း အာရုံခံစားမှု သဘောလေးပေါ်လာလိုက်ရင်း ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ မင်းတို့ ငါတို့ တစ်ခုချင်း တစ်ခုချင်း ဝေဖန်မယ်ဆို ခက်လှချည်ရဲ့၊ ဘာပြုလို့ မြင်လိုက်ရင် ခံစားပြန်ပေါ့။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကြား လိုက်ရင် ခံစားပြီးသား ဖြစ်ပြန်ပေါ့။ နံလိုက်ရင် ခံစားပြီးသား ဖြစ်ပြန်ပေါ့။ စားလိုက်ရင် ခံစားပြီးသား ဖြစ်ပြန်ပေါ့၊ ထိလိုက်ရင် ခံစားပြီးသား ဖြစ်ပြန်ပေါ့ သိလိုက်ရင် ခံစားပြီးသား ဖြစ်ပြန်ပေါ့၊ မမြန်ဖူးလား (မြန်ပါတယ်ဆရာ)၊ အဲဒါ မြန်ပေမယ့် တစ်ပေါင်းတည်း တစ်စုတည်း အပေါင်းအားဖြင့် ပြုအပ်တဲ့ တရားတွေ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဩော် - တရားသုံးခုပေါင်းတော့ ဖဿဖြစ်၊ ဖဿ ဖြစ်ရင် ဝေဒနာဖြစ်သွားတာ။ ဖြစ်သွားပြီ၊ ခံစားမှုသဘောလေးတွေ ငါသာ မသိလိုက်ရင် လှစ် လှစ် လှစ်လှစ်နဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါ အပေါင်းအားဖြင့် ရှုအပ်တယ်ခေါ်တယ်။ တစ်ခုချင်း ခွဲလိုက်လို့ မှီကောင်းတာ မဟုတ်ဘူး အမှန်က၊ မှီလည်း မမှီကောင်းဘူး။ ဒီတော့ အပေါင်းအားဖြင့်

http://www.dhammadownload.com



ရှုရတယ်။ လက်စသတ်တော့ မျက်စိနှစ်လုံးပြုန်းကနဲ ဖွင့်လိုက်ရင် "တိဏ္ဏံ သင်္ဂတိ ဖဿော"။ ဖဿဖြစ်သွားပြီ၊ "ဖဿပစ္စယာ ဝေဒနာ" ဖြစ်သွားပြီ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ "တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ" ဖြစ်သွားကုန်ပေါ့။

နားက ကြားလိုက် ဖြစ်ပြန်ပေါ့၊ နှာခေါင်းက နံလိုက် ဖြစ်ပြန်ပေါ့။ လျှာက စားလိုက် ဖြစ်ပြန်ပေါ့။ ကိုယ်က ထိလိုက် ဖြစ်ပြန်ပေါ့။ စိတ်ထဲက ကြည့်လိုက် ဖြစ်ပြန်ပေါ့။ ကြည့်လိုက် ဖြစ်ပြန်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒီလို ဖြစ်မသွားဘူးလား။ (ဖြစ်ဖြစ်သွားပါတယ်ဆရာ)၊ အေး-အဲဒီလို ဖြစ်သွားတဲ့ သဘောလေး၊ အဲဒါတွေက ရှုလို့ နှလုံးသွင်းလို့ ဆင်ခြင်လို့ အင်မတန်ကောင်းတဲ့ အခန်းလေးတွေပါလို့။ ဒါ မိမိဖြစ်နေတဲ့ တရားအစစ်တွေ။ အဲဒီ တရားစစ်တွေ ရှု၊ နာနာရှုပေး၊ လက္ခဏာယာဉ်သုံးပါး အနိစ္စပိုင်ရင် အနိစ္စတစ်လုံးထဲ ရှု။ အခုန ဘုရားလက်ထက်တော်က ရဟန်းငါးရာ တစ်ပြိုင်နက် ရေပွက်မြင်တာနဲ့၊ ရေပေါက်ကလေးတွေ မြင်တာနဲ့တောင်ပဲ အာသဝေါတရားကုန်ခန်းတဲ့ ရဟန္တာတွေ တစ်ထိုင်တည်း တစ်ထတည်း တစ်ခဏတည်းဖြစ်ပါတယ်။ ဒီလောက် တန်ဖိုးရှိတဲ့ တရားခေါ်ပါတယ်။ ဒါ ဝိပဿနာ ရုပ်မှန် နာမ်မှန် ဇကန်ထင်ရှားတဲ့ ပရမတ္ထတရားဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တိုက်ရိုက်အားဖြင့် အမြန်ဆုံးပို့စေတတ်တဲ့ တရားခေါ်တယ်။ သွယ်ဝိုက်သောနည်း မဟုတ်ပါဘူး။ တိုက်ရိုက်တိုက်ရိုက် နော် (မှန်ပါတယ်ဆရာ)၊ ဒါထက်ကောင်းတာလည်း မရှိဘူး။

ဒါဖြင့် "ဖဿပစ္စယာ ဝေဒနာ"တဲ့။ ဝေဒနာဖြစ်တော့ ဝေဒနာက ဘာတုံး။ ဣန္ဒြိယဘေဒ အားဖြင့် ပြားတာက ငါးပါး၊ အနုဘဝနလက္ခဏာအားဖြင့် သုံးပါး နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ အနုဘဝနလက္ခဏာအားဖြင့် သုံးပါး၊ ဣန္ဒြိယဘေဒအားဖြင့် ပြားတာက ငါးပါး ဝေဒနာတွေ့ ရတယ်။ "ဖဿပစ္စယာ ဝေဒနာ"လို့ ဖြစ်ကုန်ပေါ့။ သုခဝေဒနာ ဒုက္ခဝေဒနာ သောမနဿဝေဒနာ ဒေါမနဿ ဝေဒနာ ဥပေက္ခာဝေဒနာ ဒါဣန္ဒြိယဘေဒအားဖြင့် ငါးပါးပြားတယ် နော် (မှန်ပါတယ်ဆရာ)၊ ပြီး တော့မှ အနုဘဝနလက္ခဏာအားဖြင့် ပြားတာက သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတဲ့။ ဝေဒနာလေးတွေလည်း မှတ်ထားကြ။ ဝေဒနာအခန်းလေးတွေက နည်းနည်းလေး ပရမ်းပတာဖြစ်မှာ စိုးလို့ ဝေဒနာအရှုအမြင် အပွားအများ အားထုတ်မှုကလည်း များတယ်။ များတော့ ဝေဒနာ အားထုတ်တော့ အားထုတ်သူများတဲ့အတိုင်း မှန်ကန်တိကျလို့ ရှိရင်လည်းပဲ တရားရနိုင်ဖို့ပဲလိုတယ်။ အားထုတ်ပုံ အားထုတ်နည်း မဟုတ်ပြန်တော့လည်းပဲ တရားရဖို့ ခဲယဉ်းတယ်။

ဒါကြောင့် ဝေဒနာဆိုတာ ကိုယ်က နားလည်ထားရမှာက ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ ဝေဒနာသည် ဝေဒနာစေတသိက်ခေါ်၏။ ထိုဝေဒနာစေတသိက်သည်ပင်လျှင် ဝေဒနာက္ခန္ဓာခေါ်၏။

http://www.dhammadownload.com



ထိုဝေဒနာက္ခန္ဓာသည် ဘာလုပ်တတ်သလဲဆို၊ အာရုံ၏အရသာခံစားကာမျှ သဘောလေးပဲ ရှိတယ်၊ ခံစားတတ်တဲ့သဘောလေး နော် (မှန်ပါတယ်ဆရာ)၊ ဒါလေးကို ကိုယ်က အရင်နားလည် ထားရတယ်။ တရားကိုယ်တရားသားနဲ့ မကျဉ်းမကျယ် သဘောအဓိပ္ပါယ်လေး နားလည်ထား။ ပြီးတော့မှ ဒီဝေဒနာ ဘယ်နှစ်မျိုး ဘယ်နှစ်စားရှိ သုခဝေဒနာ ဒုက္ခဝေဒနာ သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာလို့ ဣန္ဒြိယဘေဒအားဖြင့် ပြားတာက ငါးမျိုး။ သုခဝေဒနာ ဆိုတာက ကိုယ်မှာ ချမ်းသာတာ၊ ဒုက္ခဝေဒနာဆိုတာက ကိုယ်မှာ ဆင်းရဲတာ၊ သောမနဿ ဝေဒနာဆိုတာက စိတ်မှာ ချမ်းသာတာ။ ဒေါမနဿဝေဒနာဆိုတာက စိတ်မှာ ဆင်းရဲတာ။ ဥပေက္ခာဝေဒနာဆိုတာက လျစ်လျူရှုတဲ့သဘောတရား မမုန်းမချစ် နော် (မှန်ပါတယ်ဆရာ)၊ ဒီလို နည်းအားဖြင့် ငါးပါးလို့၊ တစ်နည်း သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ အနုဘဝန လက္ခဏာအားဖြင့် သုံးပါးလို့။ သုခဝေဒနာဆိုတာ ကိုယ်မှာ ချမ်းသာမှု၊ ဒုက္ခဝေဒနာဆိုတာ ကိုယ်မှာ ဆင်းရဲမှု၊ ဥပေက္ခာဝေဒနာဆိုတာ ချမ်းသာဆင်းရဲ နှစ်ပါးမှ လွတ်နေသော မမုန်းမချစ် လျစ်လျူ ရှုမှုနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဣန္ဒြိယဘေဒအားဖြင့် ပြားတာက ငါးပါး။ အနုဘဝနလက္ခဏာ အားဖြင့် သုံးပါးလို့ အဲဒါ ဣန္ဒြိယဘေဒအားဖြင့် ပြားတာက ငါးပါး၊ အနုဘဝနလက္ခဏာအားဖြင့် သုံးပါး။ "ဖဿပစ္စယာ ဝေဒနာ"လို့ ဝေဒနာတွေ ပေါ်ထွက်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ မှတ်ထား။

ဩော် - တို့ခံစားနေတာ ဒီလိုပါပဲလား။ ဣန္ဒြိယဘေဒအားဖြင့် ပြားတာ ငါးမျိုးငါးစား ရှိတယ်လို့ ဝေဒနာတွေဆိုတာ၊ အဲဒီ ငါးမျိုးငါးစားပြားနေတဲ့ ဝေဒနာတိုင်း ဝေဒနာတိုင်း ကိုယ်က သိထားလို့ ရှိရင် ရှုရလွယ်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ခုတော့ မသိဘူး၊ ဝေဒနာ ဆိုတာ ဘာခေါ်လဲဆိုတော့ သူတို့သိတာက, များသောအားဖြင့် သိနေတာက အလူးအလဲနဲ့ အိပ်ရာထဲက မထဘဲနဲ့ တကယ်ရောဂါဝေဒနာ ဖိစီးနှိပ်စက်ထားတဲ့ လူမမာတစ်ယောက်လို အဲဒါတော့ သူတို့ သဘောပေါက်၊ ခမျာ ဝေဒနာခံစားနေရရှာတယ်တဲ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါပဲ ဝေဒနာမှတ်တယ်၊ ဝေဒနာက၊ ခမျာ ဝေဒနာ ခံစားနေရရှာတယ် သနားစရာရယ်တဲ့၊ နှစ်ပေါင်း ဘယ်လောက်ကြာပြီ၊ လပေါင်းဘယ်လောက်ကြာပြီ၊ ဒီတောင်ကမှ တက်ပါ့မလား သနားစရာပဲလို့။ အဲဒါကို ဝေဒနာမှတ်တယ်။ ဒါပဲ သိတယ် များသောအားဖြင့် နော် (မှန်ပါတယ်ဆရာ)၊ တိုက်နဲ့ တာနဲ့ မော်တော်ကားနဲ့ ပန်ကာနဲ့ ခုတင်မီးနဲ့ ဒီလို ဇိမ်ခံနေတဲ့ ဝေဒနာ သူမသိဘူးပေါ့ (သိမှာ မဟုတ်ပါဘူးဆရာ)၊ မသိဘူး မသိဘူး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သုခဝေဒနာ

http://www.dhammadownload.com



ဒုက္ခဝေဒနာ သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာ ဝေဒနာငါးမျိုးလည်း နားလည်ထားရတယ်။ အနုဘဝနလက္ခဏာအားဖြင့် အစဉ်တစိုက် ခံစားနေတဲ့ ဝေဒနာသုံးမျိုးလည်း နားလည်ထားရတယ်။ ဒီလိုဆိုတော့ ဘယ်ဘက်က လာလိုက် လာလိုက် ဝေဒနာရဲ့အဓိပ္ပါယ် လေး သိထားတော့ ဝေဒနာရှုလိုက် ဖျတ်ကနဲ ဖျတ်ကနဲ နော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာဖမ်းနိုင် တယ်တဲ့။ အေး-ဒါလေးတွေ နားလည်ထားလို့ရှိရင် ဝေဒနာအရှုရ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ သုခဝေဒနာဖြစ်ဖြစ် ဒုက္ခဝေဒနာဖြစ်ဖြစ် သောမနဿဝေဒနာဖြစ်ဖြစ် ဒေါမနဿဝေဒနာဖြစ် ဖြစ်၊ ဥပေက္ခာဝေဒနာဖြစ်ဖြစ် ဩော် - ဒါဝေဒနာသဘောတွေ၊ "ရေပွက်ပမာ ဝေဒနာ"လို့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောထားတာ။ ခံစားမှုသဘောလေးတွေက ဝေဒနာပဲလို့ ငါခံစားတယ်၊ သူခံစားတယ်၊ ငါနာတယ်၊ သူနာတယ်၊ ငါကိုက်တယ်၊ သူကိုက်တယ်၊ ငါကျင်တယ်၊ သူကျင်တယ် ဆိုတာ မဟုတ်ပါဘဲလား နော် (မှန်ပါတယ်ဆရာ)။

ဒါ ဝေဒနာရဲ့ သဘောလေးတွေ သတ္တိလေးတွေရယ် အာရုံ၏ အရသာခံစားမှု သဘောလေး "ဧဝံ ဝတ္ထုံ အာရမ္မဏံ ကတွာ ဝေဒနာဝ ဝေဒယတိ" (သမ္မောဟ၊ နှာ၊ ၂၅၁) လို့။ လက်စသတ်တော့ အာရုံ၏အရသာ ခံစားတတ်တဲ့သဘောလေးက ဝေဒနာခေါ်ထားတယ်။ ဒီတော့ ရှုရလွယ်တယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါ ဝေဒနာခန်းလေး၊ တို့ ပထမတစ်ခေါက် သွားစဉ်တုန်းက ဒီမှာ အကျယ်ပြလိုက်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ စိတ္တရတောင်က မထေရ်ကြီးများ ဝေဒနာဖမ်းပုံလေး ဟုတ်လား (မှန်ပါတယ်ဆရာ)၊ "ဝေဒနာပစ္စယာ တဏှာ"လို့ ဘစ်ခါလာပြန်တယ်။ ဒီနေရာတော့ အကြောင်းဝေဒနာတဲ့။ ဝေဒနာကြောင့် တဏှာဖြစ်ရတယ်လို့။ ဝေဒနာကြောင့် တဏှာဖြစ်ရတယ် ဆိုတော့ အဲဒီအကြောင်းဝေဒနာကြတော့ ဘယ်ဝေဒနာ ကောက်သလဲလို့ အဋ္ဌကထာဆရာက တိုက်ရိုက်ပြထားတယ်။ "ဝိပါကသုခဝေဒနာ"တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကောင်းကောင်းလေး ချမ်းချမ်းသာသာလေး ခံစားရတာမှ တဏှာဖြစ်မယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကိုယ်ကြိုက်တဲ့ဟင်းလေး စားရအုံးတော့ လက်မပျက်စေနဲ့ဟေ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ တဏှာ တဏှာ နော် (မှန်ပါတယ်ဆရာ)၊ လက်မပျက်စေနဲ့ဟေ့ ဒီလိုလာတယ်။ အစားကောင်းလေး စားရ၊ နောက်ဒါမျိုး ရနိုင်ပါသေးရဲ့လား ဒီလိုလာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ စွဲလမ်းတဲ့ တဏှာ၊ လိုချင်တဲ့ လောဘရမ္မက်ကလေး တက်လာ။

အဲဒါ ကောင်းကောင်းဝတ်ရ၊ ကောင်းကောင်းစားရ၊ ကောင်းကောင်းနေရ၊ ကောင်းကောင်း ထိုင်ရ ဝိပါကသုခဝေဒနာ - ကောင်းကျိုးချမ်းသာနဲ့ ခံစားနေတဲ့ ဝေဒနာမှန်သမျှ တဏှာကူးတာ

http://www.dhammadownload.com



ချည်းပဲ။ မကူးဖူးလား (ကူးပါတယ်ဆရာ)၊ တဏှာဖြစ်တာချည်းပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ "ဝေဒနာပစ္စယာ တဏှာ"တဲ့။ ဒါဖြင့် ကောင်းပါပြီ၊ ဆိုးဆိုးဝါးဝါးနဲ့ ပင်ပန်းဆင်းရဲစွာ ခံစားရတဲ့ ဒုက္ခဝေဒနာကြတော့ တဏှာဖြစ်နိုင်ရဲ့လား (ဖြစ်တာပါပဲဆရာ)၊ အဲ-ဖြစ်တယ်လား။ ကဲ လုပ်စမ်း အချက်ကောင်းလေးပေါ်ပြီ၊ လုပ်ပြစမ်း - ဟုတ်ပြီ ဟုတ်ပြီ၊ ဒီကောင်သိပ်တော့ မခေလှဘူး။ ကဲ တဏှာဖြစ်ပြစမ်း - ရောဂါဝေဒနာ ခံစားနေရပြီတဲ့ လူတစ်ယောက် ဒုက္ခဝေဒနာခံစားနေရပြီ၊ တဏှာဖြစ်ပြစမ်း, ဖြစ်ပြစမ်း (ပြောတော့ ပြောချင်တယ် မေ့နေတယ်) အေး-ငါသိပါတယ်ကွာ ဆေးနည်းပြောတဲ့လူလိုပေါ့၊ မင်းဗိုက်နာနေ ဟိုဆေးသောက်၊ ဘယ်ဆေးတုံး ပန်းကန်နဲ့လက်ခလည် မှတ်မိတယ်၊ ဆေးတော့ မသိဘူး၊ ပန်းကန်နဲ့ လက်ခလည် မှတ်မိတော့ ဒါမျိုးကြ ဟဲ့ - ဒုက္ခဝေဒနာ ဆိုတာလည်း တဏှာကို ဖြစ်စေတတ်တယ်ဆိုတာ မင်းမှတ်မိတယ်ပေါ့ (မှတ်မိပါတယ်ဆရာ)၊ ဖြစ်ပုံ ဖြစ်နည်း ဖြစ်ပြစမ်းဆိုတော့ မင်းမသိဘူးပေါ့ (မသိပါဘူးဆရာ)၊ အဲ ငါလိုင်းလေးပြောင်းပေးမယ်။ ရောဂါဝေဒနာဖိစီးနှိပ်စက်လို့ ဒုက္ခဝေဒနာခံစားနေတဲ့ ပုဂ္ဂိုလ်သည် တဏှာဖြစ်ပြစမ်း။ ဟောဗျာ -ကဲ, မင်းကိုယ်မင်းဖြစ်ကြည့်စမ်း - နက်ဖန်သဘက်သေတော့မဲ့ လူမမာကြီးဖြစ်နေ။ မင်း ဘေးတွေ နံတွေ ထိုးလို့ သန်းဖေမနည်းဖြစ်လို့ အိအဲနဲ့ ဖြစ်လို့ ကဲဘယ့်နှဲ့ မင်းဘာဖြစ်နေတုံး ပြောစမ်း- ကဲ မင်းဘာတွေလိုနေလို့ (ဆေးတို့ ဝါးတို့ လိုချင်ပါတယ်ဆရာ)၊ လိုချင်နေတယ်လား ရောဂါဝေဒနာ ပျောက်ကြောင်းပေါ့ (မှန်ပါတယ်ဆရာ)၊ အဲဒါလိုချင်တာ ဘာတုံး (တဏှာပါဆရာ)၊ အေး-လောဘ လောဘ နော် (မှန်ပါတယ်ဆရာ)၊ တဏှာက တရားကိုယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲ-ဒါကြောင့် မင်းခံစားနေတဲ့ ဒုက္ခဝေဒနာကြောင့်လည်း မင်းတဏှာဖြစ်သင့်သေးတယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဒုက္ခဝေဒနာကြောင့် တဏှာဖြစ်တာတော့ သူမှတ်မိပါတယ်တဲ့။ ပြောတော့ မပြောတတ်ဘူး။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ အခုတော့ ရှင်းသွားပြီပေါ့ (ရှင်းသွားပါပြီဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် ကောင်းပါပြီ။

သုခဝေဒနာကြောင့် တဏှာဖြစ်တယ်ဆိုတာ အထူးပြောစရာ မလိုဘူးပေါ့ (မလိုပါဘူးဆရာ)၊ ဒုက္ခဝေဒနာကြောင့် တဏှာဖြစ်တယ်ဆိုတာလည်း ရှင်းသွားပြီပေါ့ (ရှင်းသွားပါပြီဆရာ)၊ အေး - ဟုတ်ပြီ၊ ရှင်းသွားပြီ။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဥပေက္ခာဝေဒနာကြောင့် တဏှာဖြစ်ပုံ လေး ပြောစမ်းပါ။ မမုန်းမချစ် လျစ်လျူရှုတဲ့ တဏှာဖြစ်ပုံလေး ငါ့ပြောပြစမ်းပါ။ ဘာမှ မသိဘူး ဟင့်၊ ဘာမှ မသိဘူး၊ မင်းတင် မသိဘူး ပရိသတ်လည်း သိဟန်မတူပါဘူး။ "ဥပေက္ခာ သန္တဝုတ္တိတ္တာ၊

http://www.dhammadownload.com



သုခမိစ္စေဝ ဘာသိတာ"တဲ့၊ (ဝိဘင်အဋ္ဌကထာ၊ နှာ၊ ၂၃၂။ ဝိသုဒ္ဓိမဂ်၊ ၂၊ ၆၄၄) ဥပေက္ခာပင်ဖြစ်သော်လည်းပဲ ငြိမ်းချမ်းသော သတ္တိရှိသောကြောင့်တဲ့။ သုခဟူ၍ ရေတွက်ရမယ် ခေါ်ဆိုရမယ်တဲ့။ ဥပေက္ခာဘာနဲ့ တူတယ်။ မမုန်းမချစ် လျစ်လျူရှုတာပါ။ အေး ဟုတ်ပါပြီ၊ ဥပေက္ခာပင်ဖြစ်သော်လည်း ဘာနဲ့တူလို့ ဘယ်ထဲသွင်းထည့် (သုခဝေဒနာထဲ သွင်းပါတယ်ဆရာ)၊ အေး နော် (မှန်ပါတယ်ဆရာ)၊ သုခဝေဒနာထဲ သွင်းလိုက် နော် (မှန်ပါတယ်ဆရာ)၊ သူက ငြိမ်သက်တည်ကြည် သဘောရှိသော သုခ ဟူ၍ပင် ခေါ်ရမယ်တဲ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သုခထဲသွင်းလိုက်တဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဒီတော့ ဝေဒနာ ဘယ်နှစ်ပါး ရသွားတုံး (သုံးပါးပါဆရာ)၊ ဘယ်သူတွေတုံး (သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာပါဆရာ)၊ ဩော်-သုံးမျိုးရသွားပြီ နော် (မှန်ပါတယ်ဆရာ)၊ ဩော်-ဒီဝေဒနာသုံးမျိုးက တဏှာကို ဖြစ်စေတတ်တယ်လား (မှန်ပါတယ်ဆရာ)၊ ဟုတ်ပြီ ဟုတ်ပြီ သုခဝေဒနာကြောင့် တဏှာဖြစ်တယ်ဆိုတာတော့ ပြောစရာမလိုဘူးပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ သူသူငါငါ နားလည်တယ်။ ဒုက္ခဝေဒနာကြောင့် တဏှာဖြစ်ပုံလေး ပြောစမ်းပါ (ဆေးဝါးကုဖို့ ပျောက်ဖို့ လိုချင်တယ် ဆရာ)၊ ဘာမှ မဖြစ်သေးဘဲနဲ့ ဆေးဝါးကုဖို့ လိုချင်နေတာ။ နင့်ဘယ့်နဲ့ဖြစ်လို့တုံး အရင်းမပါ အဖျားမပါ စကားပြောတာ။ ဘယ့်နဲ့ဘာမှ မဖြစ်ဘဲနဲ့ ဆေးဝါးကုဖို့ လိုချင်တာ ဘယ့်နဲ့ ဖြစ်တုံးဟ။ ဩော် - မြန်မာစကားတောင် မပြောတတ်ရှာဘဲကိုး။ ရောဂါဝေဒနာစွဲကပ်နေသော ဒုက္ခဝေဒနာခံစားနေတဲ့ ရောဂါသည်တစ်ယောက်သည် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူ့ရောဂါဝေဒနာကပ်ရောက်မှ ဆေးဝါးအတွက် လိုလာတယ် မဟုတ်လား (လိုပါတယ်ဆရာ)၊ နင့် ဥစ္စာ ရောဂါဝေဒနာဖြစ်တာလည်းမဟုတ်၊ ဘာမှမဖြစ်ဘဲနဲ့ ဆေးဝါးအတွက် လိုလားလို့ ရောဂါဝေဒနာ ဖိစီးနှိပ်စက်နေသော ဒုက္ခဝေဒနာခံစားနေတဲ့ သူတစ်ယောက်သည် ရောဂါပျောက်ကြောင်း ဆေးဝါးကောင်းကို လိုချင်နှစ်သက်၏။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါလေးကို အဓိပ္ပါယ်ရှင်းအောင် မပြောတတ်ဘူး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် ဒုက္ခဝေဒနာကြောင့်လည်း တဏှာဖြစ်သေးတာပေါ့ (မှန်ပါတယ်ဆရာ)၊ ဥပေက္ခာဝေဒနာကြ ဘယ့်နဲ့လုပ် (သုခဝေဒနာထဲ သွင်းရပါတယ်ဆရာ)၊ ဩော်-ဥပေက္ခာသည် သုခဝေဒနာထဲ သွင်းလား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ ဘာသဘောကြောင့် သွင်းတာတုံး (မမုန်းမချစ် လျစ်လျူရှုထားလို့ပါဆရာ)၊ လျစ်လျူရှုတော့ ဘယ်သဘောဖြစ် (စိတ်မှာ ငြိမ်းချမ်းတဲ့ဟာတွေ ရှိပါတယ်ဆရာ)၊ အေး - ငြိမ်းချမ်းတဲ့ သဘော လက္ခဏာနဲ့ တူတယ်လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါကြောင့် သုခထဲ သွင်းရမယ်လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် တဏှာဖြစ်စေတတ်သော ဝေဒနာအကြောင်း ဝေဒနာသည် ဘယ်နှစ်ပါး (သုံးပါးပါဆရာ)၊ ဘယ်သူ ဘယ်သူတုံး (သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဆရာ)၊ အေး-သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာလို့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အေး-ဒါကြောင့် "ဝေဒနာပစ္စယာ တဏှာ" ဝေဒနာပစ္စယာ၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ တည်းဟူသော ဝေဒနာ သုံးပါးတည်း ဟူသော အကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာကြောင့် တဏှာဖြစ်တယ်လို့ ဝေဒနာကြောင့် တဏှာဖြစ်တယ်ဆိုတဲ့နေရာ ဝေဒနာဘယ်နှစ်မျိုးရတုံး (သုံးမျိုးပါဆရာ)၊ ဘယ်သူတွေတုံး (သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဆရာ)၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာလို့ သုခဝေဒနာကြောင့် သူသူငါငါ ချမ်းသာမှု ခံစားရရင် ထိုချမ်းသာမှု နောက်ထပ်ပြီး လိုချင်တယ်ဆိုတဲ့ တဏှာလောဘ ဖြစ်စမြဲ။ ဒါကြောင့် သုခဝေဒနာကြောင့် တဏှာဖြစ်တယ် ဆိုတာတော့ ထင်ရှားတယ်။ ဒုက္ခဝေဒနာကြောင့် တဏှာဖြစ်တယ်ဆိုတာတော့ ဖြစ်နိုင်ဖို့လည်း ခဲယဉ်းတယ်၊ ဒုက္ခခံစားနေတဲ့ပုဂ္ဂိုလ် နောက်တစ်ခါ ဒီဒုက္ခမျိုး ဖြစ်ချင်တယ်ဆိုတဲ့ တဏှာလောဘဖြစ်ဖို့ မခဲယဉ်းဖူးလား (ခဲယဉ်းပါတယ်ဆရာ)၊ ဒါပေမယ့် တိုက်ရိုက်အားဖြင့် မဖြစ်သော်လည်း သွယ်ဝိုက်တဲ့နည်းအားဖြင့် ဒုက္ခဝေဒနာကြောင့် တဏှာဖြစ်သေးတယ်လို့ ဘယ်လိုဖြစ်။ (မမာမကျန်း ခံနေရရင် ဆေးဝါးကုဖို့ လိုချင်ပါတယ်ဆရာ)၊ ရောဂါပျောက်ကြောင်း ဆေးဝါး ကောင်းကို လိုချင်တယ်။ ဆင်းရဲပင်ပန်းနွမ်းနယ်သော ပုဂ္ဂိုလ်သည် ချမ်းသာသော အဖြစ်မျိုးကို လိုချင်တယ်၊ လိုချင်တယ် ဆိုတာ ဘာတုံး (တဏှာပါဆရာ)။

ဒါကြောင့် ဒုက္ခဝေဒနာက တဏှာကို ဖြစ်နိုင်သေး၏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဥပေက္ခာဝေဒနာက တဏှာဖြစ်ပုံတော့ ဘယ့်နဲ့ပြော (သုခဝေဒနာထဲ ပါပြီးသားမို့ပါဆရာ)၊ ဘယ်သူတုံး ဘယ်သူပါတာတုံး (ဥပေက္ခာဝေဒနာပါဆရာ)၊ ဥပေက္ခာဝေဒနာနဲ့ သုခဝေဒနာ သဘောချင်း တူတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဥပေက္ခာဝေဒနာက ဘာသဘောရှိ (ဒုက္ခဝေဒနာလည်း မဖြစ် သုခဝေဒနာလည်း မဖြစ်)၊ မဖြစ်တော့ ဘာဖြစ် (ဥပေက္ခာဝေဒနာဖြစ်ပါတယ်ဆရာ)၊ အေးလေ ဘာသဘော ရှိတုံး ပြောတယ်။ (ငြိမ်းချမ်းတဲ့သဘော ရှိပါတယ်ဆရာ)၊ ငြိမ်းချမ်းတဲ့ သဘောရှိ။ ဒါကြောင့် ငြိမ်းချမ်းတဲ့သဘောရှိခြင်းကြောင့် သုခဝေဒနာထဲကို သွင်းရတယ်လား (မှန်ပါတယ် ဆရာ)၊ ဒါကြောင့် သုခဝေဒနာကြောင့်လည်းပဲ တဏှာဖြစ်တယ်၊ ဒုက္ခဝေဒနာကြောင့်လည်း တဏှာဖြစ်တယ်။ ဥပေက္ခာဝေဒနာကြောင့်လည်း တဏှာဖြစ်တယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "ဝေဒနာပစ္စယာ

http://www.dhammadownload.com



တဏှာ"တဲ့၊ ဒီတော့ ဝေဒနာသုံးပါး အကြောင်းတရားနေရော့။ တဏှာက အကျိုးတရားနေရော့။ အဲဒီတဏှာကို တရားကိုယ် တရားသားကောက်တော့ ဘာရတုံး (လောဘရပါတယ်ဆရာ)၊ လောဘ ရတယ်၊ မြန်မာလိုတော့ လောဘက ဘာခေါ်တာတုံး (လိုချင်တာပါဆရာ)၊ လိုချင်တာတဲ့ တပ်မက် နှစ်သက်တာတဲ့ နော် (မှန်ပါတယ်ဆရာ)၊ တရားကိုယ်က လောဘရ၏။ မြန်မာလိုပြန်တော့ လိုချင်တာ ခေါ်၏။ ဒီတော့ လိုချင်တဲ့ တဏှာက အကျဉ်းအားဖြင့် ဘယ့်နှစ်ပါးရှိတယ် (သုံးပါးပါဆရာ)၊ ဘယ်သူ ဘယ်သူတွေတုံး (ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ) ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊ ကာမတဏှာဆိုတာ ဘာလိုချင်တာတုံး (ငါးဖြာအာရုံ ကာမဂုဏ်လိုချင်တာပါဆရာ)၊ ဘဝတဏှာ ဆိုတာ ဘာလိုချင်တာတုံး (ဘဝကို တပ်မက်မောတာပါဆရာ)၊ ဘဝကို လိုချင်တာ။ ဝိဘဝတဏှာ ဆိုတာ ဘာလိုချင်တာတုံး (ဝဋ်ကို တောင်းတတာပါဆရာ)၊ ဟင်း ဒုက္ခမှ အကြီးစားပါ။ ဒုက္ခမှ အကြီးစားပဲ၊ ဝိဘဝတဏှာဆိုတာ ဘာခေါ်တာတုံး (မေ့နေပါတယ်ဆရာ)၊ ဟင်း မင်းမမေ့တာကို မရှိဘူး။ ဘဝတဏှာဆိုဟာ ဘာဒိဋ္ဌိတုံး (မိစ္ဆာဒိဋ္ဌိပါဆရာ)၊ ဟင်း တော်လည်းတော်လှပေ့။ အဲဒါ ဘာမှ ဂရုမစိုက်ဘူး။ မနေ့က ငါပြောထား နက်ဖြန်ခါလည်း ဒီဥစ္စာတွေ ပါဋ္ဌ်လျှောက် အဓိပ္ပါယ်အားဖြင့် ပြန်ပြောလိမ့်မယ်ဆိုရင် မင်းပြန်တွေးရမယ်, ဆရမယ် (သဿတဒိဋ္ဌိပါဆရာ)၊ ဟင်း -

သဿတဒိဋ္ဌိဆိုတာ မြန်မာလိုပြန်တော့ ဘာတုံး (ဘဝမြဲတယ်လို့ ယူဆတာပါဆရာ)၊ ဒါဖြင့် ဝိဘဝတဏှာဆိုတာ ဘာခေါ်တာတုံး (ဥစ္ဆေဒဒိဋ္ဌိပါဆရာ)၊ မြန်မာလိုပြန်တော့ ဘာတုံး (ဘဝ ပြတ်တယ်လို့ ယူတာပါဆရာ)၊ အေး - မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ငေါက်ပေးမှ နည်းနည်း လေး သင့်ရုံလောက်ကျတယ်။ မင်းဗလမ်းများတယ်။ တဖြည်းဖြည်း တန်းက ပြန်ပြန်နိမ့်၊ ပြပြီးလို့ တစ်ခေါက်ဆုံးရုံလေးရှိသေး ခုတစ်ခေါက် ပြန်ပြ အဲဒါ မေ့ပစ်ကုန်ပေ့။ ကာမတဏှာ - ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ ငါးဖြာအာရုံ ကာမဂုဏ်တရားကို လိုချင်နှစ်သက်ခြင်း။ ဘဝ တဏှာ - ဘဝကို လိုချင်နှစ်သက်ခြင်း။ ဝိဘဝတဏှာ - ဘဝပြတ်သော အယူကို လိုချင်နှစ်သက်ခြင်း နားလည်ပြီလား (နားလည်ပါပြီဆရာ)၊ ဒါ ဘဝတဏှာက ဒိဋ္ဌိအနေအားဖြင့် သဿတဝါဒ သဿဒိဋ္ဌိခေါ်၏။ ဘဝမြဲတယ်လို့ ယူဆ၏။ ဘဝမြဲလို့ တစ်ဘဝပြီး တစ်ဘဝလိုချင်တာ။ ဝိဘဝ တဏှာက ဥစ္ဆေဒဒိဋ္ဌိခေါ်၏။ ဘဝပြတ်သော အယူကို လိုချင်နှစ်သက်ခြင်း ဥစ္ဆေဒိဋ္ဌိ ဥစ္ဆေဒဝါဒ။

ဒါကြောင့် တဏှာတွေတဲ့၊ တဏှာတိုင်း အကုန်လုံး ဒီသံသရာစက်ရဟတ်ကြီးကို အဆက် မပြတ် လည်စေတတ်သော ပကတူပနိဿယ-အကြောင်းရင်း ဖြစ်စေတတ်တယ်လို့ ဒီလို မမှတ်ရ ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ရှိတဲ့အနက်က ဘဝ

http://www.dhammadownload.com



တဏှာနဲ့ ဝိဘဝတဏှာကတော့ လူတစ်ယောက်မှ တစ်မျိုးသာရကောင်း ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ဘဝတဏှာရှိထားတဲ့ပုဂ္ဂိုလ် ဝိဘဝတဏှာဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဝိဘဝတဏှာဖြစ်တဲ့ပုဂ္ဂိုလ် ဘဝတဏှာဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)။ ဒါကြောင့် ဒီနေရာမှာ လူတစ်ယောက်မှာ တဏှာနှစ်မျိုး၊ ကာမတဏှာက ပင်ကို ဇာတိအားဖြင့် ပါလာတာ။ ငါးဖြာအာရုံ ကာမဂုဏ်နှစ်သက်ခြင်း၊ ပြီးတော့မှ ဘဝတဏှာသော်လည်းကောင်း၊ ဝိဘဝတဏှာ သော်လည်းကောင်း တစ်ပါးပါးဖြစ်ရမယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ လူတစ်ယောက် ပုဂ္ဂိုလ် တစ်ပါးမှာ တဏှာဘယ်နှစ်မျိုးကပ်နေ (နှစ်မျိုးပါဆရာ)၊ နှစ်မျိုး၊ ကာမတဏှာ ဒိုင်ခံပေါ့ကွ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဒီကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာလို့ တဏှာသုံးမျိုး သုံးစားရှိ တယ်၊ အခြေခံအားဖြင့်၊ အကျဉ်းအားဖြင့် အဲဒီတဏှာသုံးမျိုးသုံးစား မြောက်ပွားတော့ တဏှာ အကျယ် အားဖြင့် ဘယ်လောက်ဖြစ် (တစ်ရာ့ရှစ်ပါးပါဆရာ)၊ မြောက်တတ်ကဲ့လား။ လင်္ကာလေးဆိုစမ်း (တဏှာ စစ်စစ် တစ်ရာ့ရှစ်)၊ ဟော - တဏှာသုံးတန် (တဏှာသုံးတန် အရင်းခံ အာကာသန်နဲ့မြောက်)၊ တဏှာစစ်စစ် (တဏှာစစ်စစ် တစ်ရာ့ရှစ်) မတတ်နိုင်ဖူး၊ ဖြစ်လာမလွဲကောက်။ ထပ်ဆိုစမ်း - (တဏှာ သုံးတန် (တဏှာသုံးတန် အရင်းခံ အာကာသန်နဲ့မြောက်၊ တဏှာစစ်စစ် တစ်ရာ့ရှစ်၊ ဖြစ်လာ မလွဲကောက်) ထပ်ဆို - (တဏှာသုံးတန် အရင်းခံ အာကာသန်နဲ့မြောက်၊ တဏှာစစ်စစ် တစ်ရာ့ရှစ်၊ ဖြစ်လာ မလွဲကောက်) (တဏှာသုံးတန် အရင်းခံ အာကာသန်နဲ့မြောက်၊ တဏှာစစ်စစ် တစ်ရာ့ရှစ်၊ ဖြစ်လာ မလွဲကောက်) ရပြီးလား (ရပါတယ်ဆရာ)၊ "တဏှာသုံးတန် အရင်းခံ အာကာသန်နဲ့ မြောက်" ဆိုတာ အဓိပ္ပါယ် ဘာဆိုတာတုံး၊ (တဏှာသုံးပါးကို ကာလနှင့် မြောက်ရပါတယ်ဆရာ)၊ အေးလေ ဟုတ်ပါပြီ၊ တဏှာသုံးတန် အရင်းခံဆိုတာ ဘာဆိုတာတုံး (ကာမတဏှာ ဘဝတဏှာ ဝိဘဝ တဏှာရယ်)၊ ဒီသုံးပါး ဘာပြုတာတုံး (အာကာသန်နဲ့ မြောက်ရပါတယ်ဆရာ)၊ အာကာသန်နဲ့မြောက်။ မြောက်ပြစမ်းပါ တစ်ခုချင်း တစ်ခုချင်း (အာ,က အာရုံခြောက်ပါးပါဆရာ)၊ ပြီးတော့ (ကန်, က)၊ ဘာကန်လဲ အာ,က အာရုံခြောက်ပါးနဲ့မြောက်၊ ပြီးတော့ (ကာ,က ကာလသုံးပါးနဲ့ မြောက်ရ ပါတယ်ဆရာ)၊ ကာလသုံးပါးနဲ့ မြောက်၊ ပြီးတော့ကော (သန္တာန်နှစ်ပါးနဲ့မြောက်ရပါတယ်ဆရာ)၊ သန္တာန်နှစ်ပါးနဲ့ မြောက်၊ ပြီးတော့ကော (တစ်ရာ့ရှစ်ပါးပြည့်သွားပါတယ်ဆရာ)၊ ပြည့်သွားပြီလား ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မင်း တော်တော်ကို ဖျင်းတဲ့အကောင်ပဲ။ ဒါလေးများ ဒီနေရာ ငါပြသွားတုန်းက ထပ်ပြန်တလဲလဲ ကျေကျေညက်ညက် မရ ရအောင်ဆိုပြီးတော့ တော်တော်ကြီး သင်ကြားပြသပေး ခုမရှိဘူး၊ အဲဒါလေး အင်္ဂါဆယ့်နှစ်ရပ် တစ်ခေါက်ဆုံးရုံလေးရှိသေး။

http://www.dhammadownload.com



နောက်လေးလ ငါးလကြာရင်တော့ လုံးလုံးမေးရမှာ မဟုတ်ဘူး။ တန်ဖိုးရှိမှန်း မင်းမသိဘဲ ကိုးကွ။ အဲဒါလေးတွေ မင်းပြောတတ် ဟောတတ် ပြတတ်လို့ရှိရင် သူများရှေ့က တင်ပလ္လင်ခွေနဲ့ နေနိုင်တယ်။ အသားယူတဲ့နေရာမှာ ဒါထက် အသားယူလို့ ကောင်းတာ မရှိဘူး။ မင်း ငါမြှောက်ပင့် ပြောနေတာ မဟုတ်ဘူး။ လူ့လောကကြီး သေချာကြည့် - တရားနဲ့ ပတ်သက်လို့ ဂုဏ်ယူတယ်။ တရားနဲ့ ပတ်သက်လို့ အသားယူတယ် ဆိုတဲ့ ဂုဏ်ယူမှု အသားယူမှုထက်ပိုတဲ့ ဂုဏ်ယူမှုဟာ လောကမှာ ဘာမှ မရှိဘူး။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာမှ မရှိဘူးဆိုတာ မှတ်ထား။ ပိုက်ဆံရှိတာလည်းပဲ ဂုဏ်ယူရာမှာ ဘာမှ တန်ဖိုးမရှိဘူး။ ဗဟုသုတများတာလည်း ဂုဏ်ယူစရာ ဘာမှ တန်ဖိုးမရှိဘူး။ လူတွင်ကျယ်ဖြစ်တာလည်း ဂုဏ်ယူစရာ ဘာမှတန်ဖိုးမရှိဘူး။ ဘာပြုလို့ သူတစ်ပါး အရိုအသေ မခံနိုင်ဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မိုက်လို့ ဂုဏ်ယူတာလည်းပဲ ဘာမှတန်ဖိုးမရှိဘူး။ ကြောက်လို့ရိုသေတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တရား ပတ်သက်လို့ ဂုဏ်ယူဆိုတဲ့ ဥစ္စာက အင်မတန် တန်ဖိုးရှိတယ်။ တစ်ဘက်သောပုဂ္ဂိုလ်က ကိုယ့်ကို လေးလေးစားစားနဲ့ ရိုသေသမှု ပြုလို့ ကိုယ်က လူ့ထက် သူ့ထက်ကနေ တင်ပလ္လင်ခွေပြီးတော့ ကျကျနန ဟောနိုင် ပြောနိုင်တယ် ဆိုတော့ တစ်ဘက်သားက ကြည်ညိုတဲ့ အနေအားဖြင့် ရိုသေတယ် ခေါ်တယ်။ ကြည်ညိုတဲ့ အနေအားဖြင့် လေးစားတယ် ခေါ်တယ်။ ဒီဂုဏ်မျိုးမှ တန်ဖိုးရှိတယ် လို့ ခေါ်တယ်။

ဒါလေးတွေ သင်ကြားထားတော့ ကိုယ်တတ်မြောက်လိမ္မာလာ၊ ကိုယ်လောက်မှ မသိသေးသော ပုဂ္ဂိုလ်များ ကိုယ်ကတစ်ဆင့်အားဖြင့် စေတနာကောင်းထားပြီးတော့ ဟောပြောပြသပေး။ ကိုယ့်လည်း အလွန်မွန်မြတ်တဲ့ ဓမ္မဒါနကုသိုလ်ကြီးလဲဖြစ်လို့၊ တစ်ဘက်သားပုဂ္ဂိုလ်လည်း ဓမ္မဒါန ကုသိုလ်ကြီးလည်းဖြစ်လို့၊ ကြည့်လိုက်ပြန်တော့ အဆင်ကလည်း အင်မတန်ပြေ၊ တန်ဖိုးကလည်း အင်မတန်ရှိ။ ဒီလိုနေရာတွေနဲ့ ဂုဏ်ယူပါလို့။ အဲဒါ ဘာမှန်းမှ မသိဘဲနဲ့ ဘယ့်နဲ့သင်သင် ဘယ့်နဲ့ ကြားကြား နားကိုမလည်ဘူး။ ဒါလေးတွေ ဝမ်းထဲမှတ်ထားတာ ဝန်လေးသလား (မလေးပါဘူးဆရာ)၊ မင်းထမ်းထားရသလား (မထမ်းရပါဘူးဆရာ)၊ မထမ်းရဘဲနဲ့ ဘာလို့ ဖျောက်ဖျောက်ပစ်တာတုံး မှတ်ထားရင် ဒါလေး မကြာမကြာလေ့လာရင် ဒါလေးမှတ်မိတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ "တဏှာသုံးတန် အရင်းခံ အာကာသန်နဲ့မြှောက်၊ တဏှာစစ်စစ် တစ်ရာ့ရှစ် ဖြစ်လာ မလွဲကောက်"တဲ့ ရေတတ်သွားပြီလား (ရေတတ်ပါပြီဆရာ)၊ တဏှာသုံးတန်ဆိုတာ ဘယ်သူတုံး (ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ) သုံးမျိုး။ ကာမတဏှာဆိုတာ ဘာခေါ်တုံး (ငါးဖြာအာရုံ ကာမဂုဏ်

http://www.dhammadownload.com



လိုချင်နှစ်သက်တာပါဆရာ)၊ ဘဝတဏှာဆိုတာ ဘာခေါ်တုံး (ဘဝမြဲတာကို နှစ်သက်တာပါဆရာ)၊ ဝိဘဝတဏှာဆိုတာ ဘာခေါ်တုံး (ဘဝပြတ်တာကို နှစ်သက်တာပါဆရာ)၊ ဘဝပြတ်တယ် ဆိုတဲ့ အယူကို နှစ်သက်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ တဏှာက အကျဉ်းအားဖြင့် သုံးပါးပေါ့ (သုံးပါးပါဆရာ)၊ အကျယ်က ဘယ်လောက်ရှိ (တစ်ရာနဲ့ရှစ်ပါးပါဆရာ)၊ တစ်ရာနဲ့ရှစ်ပါး၊ ဘယ်နဲ့လုပ် (တဏှာသုံးတန်နဲ့ အရင်းခံပွားရမှာဆရာ)၊ တဏှာသုံးတန်ကို အရင်းခံပြီးတော့ ဘာနဲ့မြှောက် (အာကာသန်နဲ့မြှောက်)၊ တစ်ခုချင်း ပြောစမ်းပါ။ အာ,က ဘာတုံး (အာရုံခြောက်ပါးနဲ့ မြှောက်ရမှာပါဆရာ)၊ ပြီးတော့ ဘာနဲ့မြှောက် (ကာလသုံးပါးနဲ့မြှောက်)၊ ပြီးတော့ ဘာနဲ့မြှောက် (သန္တာန်နှစ်ပါးနဲ့ မြှောက်)၊ ဩော် - တဏှာစစ်စစ် တစ်ရာ့နဲ့ရှစ်ပါး ဖြစ်လာတယ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ပုထုဇဉ်သန္တာန်မှာရှိတဲ့ တဏှာနော်၊ ဒါထက် ပိုသေးလား (မပိုပါဘူးဆရာ)၊ မပိုဘူး၊ အဲဒါမှတ်ထား သေသေချာချာ။ ပုထုဇဉ်သန္တာန်မှာရှိတဲ့ တဏှာဟာ တစ်ရာရှစ်ပါးရှိတယ်ဆိုတာ မင်းဘေးနားက လူတွေ သွားစွပ်စွဲမနေနဲ့။ မင်းမှာရှိတာ ပြောတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပုထုဇဉ်တွေ သန္တာန်မှာရှိနေသော တဏှာသည် အကျဉ်းအားဖြင့် သုံးပါး၊ အကျယ်အားဖြင့် တစ်ရာ့ရှစ်ပါးရှိ၏ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါပေမယ့် တဏှာသည် သုံးမျိုးသုံးစား အကျဉ်းအားဖြင့် ပြားသော်လည်းပဲ ဘဝဝဋ်မြစ် သံသရာဝဋ်မြစ် ဖြစ်စေတတ်သော သံသရာစက်ရဟတ်ကြီးကို အဆက်မပြတ် လည်စေတတ်သော တဏှာက ဘယ်သူလဲလို့ မေးရင် ဘဝတဏှာနော် (မှန်ပါတယ် ဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဘဝတဏှာတဲ့။

ငါးဖြာအာရုံကာမဂုဏ် နှစ်သက်တယ်ဆိုတဲ့ ကာမတဏှာက သံသရာစက်ရဟတ်ကို အဆက်မပြတ် လည်စေတတ်သော ပကတူပနိဿယ-အကြောင်းရင်း မဟုတ်ပါဘူးတဲ့ နားလည်လား (နားလည်ပါတယ် ဆရာ)၊ ဒါကြောင့် "တဏှာသတ် တဏှာသတ်" ဆိုတာ မသတ်တတ်လည်း အလကားပဲ။ ဘာပြုလို့ မသတ်တတ် အလကားလဲလို့ ကာမတဏှာချည်းသတ်နေတော့ သံသရာဝဋ်မြစ်ပြတ်ပါ့မလား (မပြတ်ပါဘူးဆရာ)၊ သံသရာဝဋ်မြစ် မပြတ်ဘူး ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကော ရပါ့မလား (မရနိုင်ပါဘူးဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်း မရဘူး။ သံသရာဝဋ်မြစ်ကိုလည်း မပြတ်ဘူး။ နို့မို့ ဘာဖြစ်သလဲဆိုတော့ ဝတ်တာချည်းပဲ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ငါးဖြာအာရုံ ကာမဂုဏ် နှစ်သက်တယ်ဆိုတဲ့ ကာမတဏှာ သတ်ခြင်းသည် သံသရာဝဋ်မြစ်ကို မပြတ်နိုင်ပါလို့။ ဘာပြုလို့ ငါးဖြာအာရုံ ကာမဂုဏ် နှစ်သက်တဲ့ ကာမတဏှာသည် သံသရာဝဋ်မြစ်ကို ဖြစ်စေတတ်သော ပကတူပနိဿယ အကြောင်းရင်းလည်း

http://www.dhammadownload.com



မဟုတ်ပါလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော် ဒီနေရာလေးတွေ မျက်စိလည်မှာ စိုးလို့ အရင်တစ်ခေါက်က ပြသွားတာ သေသေချာချာ ရှင်းရှင်းလင်းလင်း ပြောသွားတာ။ သံသရာ ဝဋ်မြစ် ဖြစ်စေတတ်တဲ့၊ သံသရာကို လည်စေတတ်တယ်ဆိုတဲ့ ပကတူပနိဿယအကြောင်းရင်း ဖြစ်တဲ့ တဏှာက ဘယ်သူလဲဆိုတော့ ဘဝတဏှာတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘဝတဏှာ။

ဒါကြောင့် ဘဝတဏှာကို နိကန္တိတဏှာလို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ နိကန္တိတဏှာတဲ့ ဒါပေမယ့် ပါဠိတော် တိုက်ရိုက်ပြထားတာ။ "အဝိဇ္ဇာ ဝါ ဘဝတဏှာ ဝါ" လို့ တဏှာဆိုပေမယ့် သုံးမျိုးစလုံး ကောက်သွားတာ မဟုတ်ပါဘူး။ ဝဋ္ဋကထာခေါ်ထားတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာ တော်ကြီးမှာ ဒီသံသရာ့ စက်ရဟတ်ကြီး မပြတ်လည်စေတတ်တယ် ဆိုတဲ့ တဏှာဟာ ဘဝတဏှာလို့ တိုက်ရိုက်အားဖြင့် ဟောသွားတာ နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာ ဝါ၊ အဝိဇ္ဇာသည်လည်းကောင်း။ ဘဝတဏှာ ဝါ၊ ဘဝကို လိုချင်နှစ်သက်သော ဘဝတဏှာသည်လည်းကောင်းလို့ ဝဋ္ဋကထာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာ ပဋိစ္စသမုပ္ပါဒ်ဝိဘင်း တိုက်ရိုက်အားဖြင့် ဟောကြားတော်မူ၏။ ဒါကြောင့် "အဝိဇ္ဇာ ဝါ ဘဝတဏှာ ဝါ" ဆိုတဲ့ ပါဠိတော်ထောက်ဆသောအားဖြင့် ကာမတဏှာက ဘဝဝဋ်မြစ် ဖြစ်စေတတ်တယ်ဆိုတော့ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူး။ မဟုတ်တာလည်း အင်မတန် ထင်ရှားတယ်။ တို့သောတာပတ္တိ မဂ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်များ သောတာပတ္တိမဂ်ဉာဏ်က သံသရာရေသောက်မြစ် ဘဝရေသောက်မြစ် သံသရာဝဋ်မြစ်ကို ဖြတ်လိုက် တောက်လိုက် ပြီလို့။ သံသရာဝဋ်မြစ်ကြီး ပြတ်သွားပေ့ါလို့ နော် (မှန်ပါတယ်ဆရာ)၊ နောက်ထပ်ပြီး သံသရာရှည် လျားစွာလည်ရန် အကြောင်းမရှိဘူးတဲ့။ သောတာပတ္တိမဂ်ဉာဏ်ရတဲ့ အဆင့်တန်းလိုက်ပြီးတော့ သတ္တက္ခတ္တုပရမသောတာပန်လို့၊ ကောလံကောလ သောတာပန်လို့၊ ဧကဗီဇသောတာပန်လို့ သုံး မျိုးသုံးစား ခွဲလာတော့ အညံ့ဆုံးသောတာပန်က သတ္တက္ခတ္တုပရမသောတာပန်။ ဒီသောတာပန် အညံ့ဆုံးမှာ သံသရာထဲမှာ လူ့ဘဝနဲ့ နတ်ဘဝ စုန်ချီဆန်ချီ ခုနစ်လီနေရမယ်။ ဒါပြီးရင် ဘဝက ပြတ်ပြီး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ သောတာပတ္တိမဂ်ဉာဏ်က သတ်သွားတာလို့။

ဒါကြောင့် ဘဝဝဋ်မြစ်ဖြတ်ပြီးသား ဖြစ်နေတယ်တဲ့။ အကယ်တန္တု ကာမတဏှာသာ ဘဝဝဋ်မြစ်ဖြစ်စေတတ်တဲ့ ပကတူပနိဿယ အကြောင်းရင်းဖြစ်ရင် သောတာပတ္တိမဂ်ဉာဏ်က သတ်မှာပေ့ါတဲ့။ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ သတ်မှာပေ့ါ၊ အခုတော့ သောတာပတ္တိမဂ်က ကာမတဏှာကို ဘာမှ မလုပ်ခဲ့ဘူးနော် (မှန်ပါတယ်ဆရာ)၊ ကာမတဏှာ ဘာမှ မလုပ်ခဲ့လို့ ခုနစ်နှစ်သမီးက သောတာပတ္တိမဂ်ဉာဏ်ရတဲ့ မဟာဝိသာခါ ကျောင်းအစ်မကြီးများ၊ ခုနစ်နှစ်သမီးက

http://www.dhammadownload.com



သောတာပတ္တိမဂ်ဉာဏ် ရလာတဲ့ စူဠဝိသာခါတို့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အချိန်တန် အရွယ်ရောက်တော့ ဒီလိုပဲ လင်နဲ့ သားနဲ့ အိမ်ရာတည်ထောင်ကြတာပဲလို့ မနေဖူးလား (နေပါတယ် ဆရာ)၊ ငါးဖြာအာရုံ ကာမဂုဏ်နဲ့ ရှိသေးတာပဲလို့။ ဒါပေမယ့် သူက မဂ်ရထားတော့ တနုကရ အားဖြင့် ခေါင်းတော့ ခေါင်းပါးသွားပါ၏၊ နည်းတော့ နည်းပါးသွားပါ၏။ လုံးလုံး အကြွင်းမဲ့အားဖြင့် ပယ်ဖြတ်နိုင်တဲ့သတ္တိ မရှိပါဘူး။

ဒါဖြင့် ဒီကာမဂုဏ်တွေ တန်းလန်းထင်ရှားရှိနေတဲ့ သောတာပန်တွေက အပါယ်သံသရာ ကျသေးလား (မကျပါဘူးဆရာ)၊ သံသရာကော နောက်ထပ်လည်အုံးမှာလား (မလည်ပါဘူးဆရာ)၊ မလည်ဘူး။ ဩော်-ဒါဖြင့်ရင် ကာမတဏှာတွေလည်း ရှိရဲ့သားနဲ့၊ သံသရာဝဋ်မြစ်လဲ ဖြတ်ပြီးသား ဖြစ် ရပ်ပြီးသားဖြစ် အပါယ်တံခါးလည်းပိတ်နေ ဒီလိုဆိုလို့ရှိရင်ဖြင့် မုချကာမတဏှာကြောင့် သံသရာလည်တာ မဟုတ်ပေဘူး။ မထင်ရှားဖူးလား (ထင်ရှားပါတယ်ဆရာ)၊ ကာမတဏှာကြောင့် အပါယ်လေးပါးလားတာ မဟုတ်ပေဘူး။ မထင်ရှားဖူးလား (ထင်ရှားပါတယ်ဆရာ)၊ ဘယ်သူကြောင့်လဲ ဆိုတော့ ဘဝတဏှာတဲ့။ သဿတဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)၊ ဘဝတဏှာတဲ့၊ အဲဒီ ဘဝတဏှာကို သောတာပတ္တိမဂ်ဉာဏ်က ပယ်ပြီးဖြတ်ပြီး ဖြစ်သွားတယ်။ သောတာပတ္တိမဂ်ဉာဏ်ရဆိုကတည်းက သောတာပတ္တိမဂ်ဉာဏ်က သတ်လိုက်ပြီ၊ ဘဝတဏှာ သဿတဒိဋ္ဌိ၊ တစ်နည်း သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိနော် (မှန်ပါတယ်ဆရာ)၊ ပယ်ပြီး၊ သတ်ပြီး၊ ရပ်ပြီး၊ ဖြစ်သွားပြီ။ ဒါကြောင့် "ဒိဋ္ဌိမသတ် တဏှာသတ် မပြတ်သံသရာ၊ တဏှာမသတ် ဒိဋ္ဌိသတ် အပြတ်သံသရာ" လို့ ဆိုတတ်ကဲ့လား (ဆိုတတ်ပါတယ်ဆရာ)၊ ဆိုစမ်း - (တဏှာမသတ် ဒိဋ္ဌိသတ် မပြတ်သံသရာ) ဟုတ်ပြီ။ (ဒိဋ္ဌိမသတ် တဏှာသတ် အပြတ်သံသရာ)) ဟောဗျာ ချတယ်ဟေ့။ ဒုက္ခမှ အကြီးစား၊ ဒိဋ္ဌိမသတ်ပဲနဲ့ တဏှာ သတ်တော့ အပြတ်သံသရာ၊ သံသရာပြတ်ကရော့တဲ့လား (ပြန်ဆို) (ဒိဋ္ဌိမသတ် တဏှာသတ် မပြတ်သံသရာ) အဲဒါတော့ ဟုတ်သွားပြီ၊ (တဏှာမသတ်၊ ဒိဋ္ဌိသတ်၊ အပြတ်သံသရာ) အေး အခုမှ ဟုတ်သွားပြီ၊ အဓိပ္ပာယ်က ဘာတုံး၊ (တဏှာမသတ်ဘဲနဲ့ ဒိဋ္ဌိသတ်သွားရင် သံသရာပြတ်သွား ပါတယ်ဆရာ)၊ သံသရာ့ဝဋ်မြစ်ကြီး ပြတ်သွားပြီ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ တည့်သွားပြီ၊ တည့်သွားပြီ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒါလေး သေချာကြည့်။

အဲဒါ မိစ္ဆာဒိဋ္ဌိ သက္ကာယဒိဋ္ဌိ အတ္တိဒိဋ္ဌိဆိုတာ အဲဒါ သဿတဝါဒပဲ နော် (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါ ထင်ရှားရှိတယ်ဆိုလို့ အတိတ် အနာဂတ် ပစ္စုပ္ပန်အနေအားဖြင့် ဒီဘဝ ဟိုဘဝ နောက်ဘဝ အစရှိသည်အားဖြင့် စွဲလမ်းနေတဲ့ ဒါ သဿတဝါဒ ခေါ်တယ်။ ဒါ ဘဝတဏှာလို့

http://www.dhammadownload.com



အဲဒီလို ယုံကြည်မှုကြောင့်လည်းပဲ နောက်ဘဝ ငါဘာဖြစ်မယ်၊ နောက်ဘဝ ငါဘာဖြစ်ချင်တယ်လို့ ဒီလိုလာတာကိုးကွ နော် (မှန်ပါတယ် ဆရာ)။ ဒါကြောင့် ဒီတဏှာကို ဘာတဏှာခေါ်လဲ ဆိုတော့ နိကန္တိတဏှာလို့ -

နိကန္တိတဏှာတိ ယာ ကမ္မံ ကရောန္တဿ တဿ ဖလေ ဥပပတ္တိဘဝေ နိကာမနာ ပတ္ထနာ၊ သာ တဏှာ နာမ”

ဖွင့်ထားတာ။ နိကန္တိတဏှာတဲ့၊ ဘာတဏှာခေါ်တယ် (နိကန္တိတဏှာပါဆရာ)၊ မြန်မာလိုပြန် တော့ ဘဝနှစ်သက်တဲ့တဏှာလို့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ နိကန္တိတဏှာတိ၊ နိကန္တိ တဏှာဟူသည်ကား။ ကမ္မံ၊ ကံကို။ ကရောန္တဿ၊ ပြုသောပုဂ္ဂိုလ်အား။ တဿ၊ ထိုကံ၏။ ဖလေ၊ အကျိုးဆက်ဖြစ်သော။ ဥပပတ္တိဘဝေ၊ ဥပပတ္တိဘဝ၌။ နိကာမနာ၊ နှစ်သက်လိုလားသော။ ယာ ပတ္ထနာ၊ အကြင်ဆုတောင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုဆုတောင်းခြင်းသည်။ တဏှာ နာမ၊ နိကန္တိ တဏှာမည်၏။

လာကတည်းက ဘဝမျှော်မှန်း တမ်းတလာ နော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ကံတွေ လုပ်။ ကံတွေလုပ် ကုသိုလ်ရယ်လို့ မဟုတ်ဘူး။ ကုသိုလ်ကော အကုသိုလ်ကော၊ ကံတွေလုပ်လိုက်လို့ရှိရင် ထိုကံ၏အကျိုးဆက်ဖြစ်တဲ့ ဘဝတွေဟာ ဘယ်လိုဖြစ်လိမ့်မယ်၊ ဘယ်ဘဝရောက်လိမ့်မယ်၊ ဘာတွေ ရလိမ့်မယ်၊ ဘယ်အကျိုးတွေ ခံစားရလိမ့်မယ်လို့ ရည်ရွယ်ချက်ထဲမှာ ရှိတယ်တဲ့။ အဲဒီရည်ရွယ် ချက်နဲ့ ကိုယ်လိုချင်တဲ့ဆုကို ကိုယ်တောင်းတာဟာ ဒါ နိကန္တိတဏှာပဲလို့ အဋ္ဌကထာဆရာက ဖွင့်ပြတယ် အင်မတန်ထင်ရှားတယ်။ ဒါကြောင့် မိမိတို့ လုပ်တဲ့ကုသိုလ်ကောင်းမှုလေးတွေ “နည်းရောင်း များရောင်း တောင်းပြည့်” ဆိုသလို နည်းများမဆို “ဝန်နဲ့အား မြှားနဲ့လေး” မကြာမကြာ သတိပေးတာ လုပ်တတ်ကြပါစေလို့။ သောကောရောကော ပြီးရင် ပြီးစတမ်း ဖြစ်ကတတ်စမ်းဆိုတဲ့ အနေအားဖြင့် မလုပ်ကြနဲ့။ အယောင်ယောင်အမှားမှားနဲ့ ပါပါသွားပေါင်းလည်း များလှပေ့၊ မသိတုန်းက ပါသွားတာ တော်သေးတယ်။ သိရဲ့သားနဲ့ ပါရင် အင်မတန် နာစရာကောင်းတယ်။ ဘာပြုလို့ တစ်ခါလာရင်း ကုသိုလ်ကောင်းမှု လုပ်လိုက်ရင်း ဒီဘဝမျိုးပြန်ပြီးဖြစ်ချင်ရင်း ဒီဘဝတောင်းတရင်း ဒီဘဝမျှော်မှန်းရင်း ဒီဘဝရည်ရွယ်ရင်း မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီစိတ်ကလေးတွေနဲ့ချည်း လုပ်လုပ် လုပ်လုပ်နေတော့ ဘာဖြစ်သလဲဆိုတော့ ဒီလိုပဲ ဆက်ခါ ဆက်ခါ အကျိုးပေး ပေးသွားရင် ဘဝဟာ ပြတ်နိုင်စရာ အကြောင်းမရှိဘူးတဲ့။ ဒီ နိကန္တိတဏှာခေါ်ထားတဲ့ ဘဝတဏှာနဲ့ အလုပ်လုပ်နေတာ

http://www.dhammadownload.com



တွေလို့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒီတော့ သံသရာစက်ရဟတ်ကြီး အဆက်ဖြတ်လို့ ရနိုင်ပါအုံးမလား (မရနိုင်တော့ပါဘူးဆရာ)၊ အေး- မရနိုင်လို့ အဲဒီလို ဘဝမျှော်မှန်းတမ်းတတဲ့ ဘဝကောင်းရာ ငါကောင်းရာဆိုတဲ့ အနေအားဖြင့် လုပ်နေလို့ရှိရင် သံသရာဝဋ်မြစ် ဘယ်တော့မှ ပြတ်မှာ မဟုတ်ဘူးတဲ့။ သံသရာစက်ရဟတ်လည်း ဘယ်တော့မှ အလည်ရပ်မှာ မဟုတ်ဘူးတဲ့။ တစ်လည်ထဲ လည်နေကြ။

ဒါကြောင့် ဘဝမျှော်မှန်းပြီး အလုပ်လုပ်တဲ့ တဏှာကို နိကန္တိတဏှာလို့ အဋ္ဌကထာဆရာက ဖွင့်ပြထားလို့၊ နိကန္တိတဏှာသည်သာလျှင် တဏှာသုံးပါး သုံးစားထဲမှာ၊ နိကန္တိတဏှာသည်သာလျှင် သံသရာဝဋ်မြစ်ကို ဖြစ်စေတတ်၏၊ သံသရာစက်ရဟတ်ကြီး အဆက်မပြတ် လည်စေတတ်သော ပကတူပနိဿယ အကြောင်းရင်းဖြစ်တတ်၏ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ကာမတဏှာ ကျန်ရစ်ခဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် တဏှာသတ်တယ် တဏှာသတ်တယ် ဆိုပေမယ့် တချို့လည်း တဏှာဖိသတ်နေ။ ဘာပြုလို့လဲဆိုတော့ သူတော်ကောင်းများဟောတဲ့ ပြောတဲ့အသံက တဏှာကုန်ခန်းရင် ရဟန္တာဖြစ်သတဲ့။ တဏှာကုန်မှ ဒါမှနေရာကျမှာ ဆိုပြီးတော့ တဏှာချည်း မကုန်ကုန်အောင်၊ မခန်း ခန်းအောင်သတ်တယ်။ မမြင်ချင်နဲ့ မကြားချင်နဲ့ မနမ်းချင်နဲ့ မစားချင်နဲ့ မထိချင်နဲ့ နော် (မှန်ပါတယ်ဆရာ)၊ မကြည့်ချင်နဲ့ မကြားချင်နဲ့ မနမ်းချင်နဲ့ မစားချင်နဲ့ မထိချင်နဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ နော် (မှန်ပါတယ်ဆရာ)၊ ငါးဖြာအာရုံ ကာမဂုဏ် မလိုက်စားနဲ့။ ငါးဖြာအာရုံကာမဂုဏ်တွေ လိုက်စားနေရင် အင်မတန် ကြီးလေးတဲ့ အပြစ်တွေရမယ်။ ဒီတော့ ကြောက်တယ်။ ဒါ ကာမ အာဒီနဝ မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်း ဟောထားတော့ သူတော်ကောင်းဟောတဲ့တရားသံ ကြားပြန်တော့လည်းပဲ ကိုယ်ကလည်းပဲ သြော်-ငါးဖြာအာရုံ ကာမဂုဏ် တရားဆိုတာ သူ့အမှီပြုပြီးတော့ အင်မတန် စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းတဲ့ မကောင်းကျိုးတွေ ပေးတတ်ပါပဲလို့။ ကိုယ်ကလည်း နားလည်ထားတော့ -

ဒါဖြင့် ဒီငါးဖြာအာရုံ ကာမဂုဏ် နှစ်သက်တယ်ဆိုတဲ့ ကာမတဏှာတွေတော့ စွန့်နိုင်သမျှစွန့်မှ ခွာနိုင်သမျှခွာမှပဲ ဆိုပြီးတော့ တဏှာကုန်ခန်း ရဟန္တာဖြစ်တယ်ဆိုတဲ့ စကားအရ တဏှာချည်း ဖိသတ်နေ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တဏှာသတ်လမ်းခေါ်တယ်။ တဏှာချည်း သတ်နေ၊ ဒီတော့ တဏှာချည်းသတ်နေတော့ ဘာဖြစ်လဲဆိုတော့ ငတ်တာပေါ့တဲ့။ ဒါဖြင့် တဏှာမသတ်ဘဲနဲ့ တိုးကျင့်ရမှာလားလို့ ပြောတော့ တိုးလဲကျင့်ကောင်းတဲ့ တရားလည်း မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ အလိုက်သင့်စွာပေါ့လို့၊ ထိုက်သည့်အားလျော်စွာ နေရမယ်၊ သံသရာဝဋ်မြစ်ကြီး ပြတ်ချင်

http://www.dhammadownload.com



လှချည်ရဲ့ဆိုရင် ဘဝတဏှာသတ်ပါ မရှင်းဖူးလား (ရှင်းပါတယ်ဆရာ)၊ သံသရာဝဋ်မြစ် ပြတ်ချင်လို့ ရှိရင် ဘာတဏှာသတ်ရမယ် (ဘဝတဏှာသတ်ရမှာပါဆရာ)၊ သံသရာဝဋ်မြစ်ပြတ်ချင်ရင် ဘဝတဏှာ သတ်။ တစ်မဂ်တစ်ဖိုလ်လိုချင်ရင် ဘဝတဏှာသတ် ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး မှတ်ထား။ ဘဝအသစ်အသစ် မဖြစ်ချင်နဲ့ ဘဝအသစ် အသစ်နောက်ထပ်ပြီး မလိုချင်နဲ့။ လက်ရှိ ဘဝမျိုးတိုးပြီး ဒါမျိုး လိုချင်လှချည်ရဲ့ဆိုတဲ့ ဥပါဒ်မျိုး မဥပါဒ်နဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ကုသိုလ်ကောင်းမှုလုပ်လို့ရှိရင် ဒီလို ဘဝအသစ်အသစ်နဲ့ ဖြစ်ချင်တယ်ဆိုတဲ့ ရည်ရွယ် ချက်နဲ့သာလုပ်ပြီလားဆိုမှဖြင့် ဒါဝဋ္ဋကုသိုလ်ဖြစ်ကရော့ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ ဒီသုံးပါးထဲ သွားပြန်ရော့လို့။ ဝိဝဋ္ဋကုသိုလ်ဖြစ်အောင် လုပ်ရမယ်။ ဘာလို့ ဒီဘဝတွေ လိုချင်တုံး၊ မိမိလိုချင်တာက ဘာတုံး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ အမြန်ဆုံးရချင်တယ် ရောက်ချင်တယ် လိုချင်တယ်ဆိုတဲ့ ဆန္ဒစာတ်ကလေး ပြင်းပြင်းကပ်ထား နော် (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်လိုချင်တယ်ဆိုတာ ဘာခေါ် တာတုံးဟ (ဆန္ဒပါဆရာ)။ လောဘဆိုရင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ လောဘက ဘာတရားတုံး၊ ကုသိုလ်လား, အကုသိုလ်လား (အကုသိုလ်ပါဆရာ)၊ အကုသိုလ်တရား ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်လို ချင်တယ်ဆို လောဘများ ဖြစ်နေမှဖြင့် အကုသိုလ်ကြီး ဖြစ်မကုန် ဘူးလားဟ (ဖြစ်ကုန်မှာပါဆရာ)၊ ကြောက်စရာကြီး ဖြစ်နေပေါ့ကွာ။

အဲဒါ အခု ဘုရားတောင် တို့မြတ်စွာဘုရား ကိုယ်တော်မြတ်တစ်ပါးတည်း စော်ကားတာ မဟုတ်ဘူး။ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ လွန်လေပြီးသော မြတ်စွာဘုရားကိုယ်တော်မြတ်တွေ ပါ သိမ်းကြုံးစော်ကားထားတာ နော် (မှန်ပါတယ်ဆရာ)၊ ကြောက်စရာ အင်မတန် ကောင်းတယ်လို့။ ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်တွေ ပါရမီဖြည့်စဉ် အခါတုန်းက လည်းပဲ ဒီလိုပဲ နိယတဗျာဒိတ်ပန်း ဆင်မြန်းတော်မူလာတာ ဘုရားဖြစ်ချင်လွန်းလို့ နိဗ္ဗာန်လိုချင်လွန်းလို့ သဗ္ဗညုတဉ္ဉာဏ်တော် ရချင်လွန်းလို့ အဲဒီဆန္ဒစာတ်ကြီးတွေ ကပ်ကပ် ကပ်ကပ်ပြီးတော့ ပါရမီ ဆယ်ပါး အပြားသုံးဆယ် အနစ်နာခံပြီးတော့ ဖြည့်ကျင့်ဆည်းပူး အထူးအားထုတ်လာတဲ့ စိတ်ဓာတ် တွေဟာ ဒါတွေဟာ လောဘဖြစ်ကုန်မယ်ဆိုရင် ဒီကိုယ်တော်မြတ်တွေက မုချအကုသိုလ်တရားတွေ ပွားနေတာပဲ ဒီလို ဖြစ်မကုန်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ခုဘုရားကိုယ်တော်မြတ် တစ်ပါးတည်း စော်ကားတာ မဟုတ်ဘူး။ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူပြီးတဲ့ ဘုရားတွေပါ စော်ကား လိုက်တဲ့ စကားခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် နိဗ္ဗာန်လိုချင်တာ လောဘပဲတဲ့။ ဒါ့ထက် မိုက်တွင်းနက်တာလည်း မရှိဘူး။

http://www.dhammadownload.com



ဒါကြောင့် ဒီနေရာလည်း အခုလိုပဲ ဒီလိုပဲ တော်ကြာတော့ ကုသိုလ်တွေ လုပ်ချင်တာ လောဘပဲ ဖြစ်နေအုံးမယ်နော် (မှန်ပါတယ်ဆရာ)၊ မိမိတို့လုပ်တဲ့ ကုသိုလ်ကောင်းမှုလေးတွေကို ဝဋ္ဋကုသိုလ်ငဲ့တဲ့ အနေအားဖြင့် မဖြစ်စေဘဲနဲ့ ဝဋ်သုံးပါးမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ အမြန်ဆုံး ရောက်ရအောင် ရရအောင်ဆိုတဲ့စေတနာ ရည်ရွယ်ချက်နဲ့လုပ်။ ဝိဝဋ္ဋ ကုသိုလ်ဖြစ်ကရော့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြတော့ နိကန္တိတဏှာ ဖြစ်ဦးမှာလား (မဖြစ်ပါဘူးဆရာ)၊ မဖြစ်နိုင်ဘူး။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘဝသုံးပါး ဘုံသုံးပါး လိုလားတောင်းတာ မဟုတ်ဘူးတဲ့။ ဒါကြောင့် "တဏှာသတ်တယ် တဏှာသတ်တယ်"ဆိုတာ မသတ်တတ်လို့ရှိရင်လည်း ငတ်တာ အဖတ်တင်။ သတ်ရမှာက ဘဝတဏှာသတ်ရမှာ၊ အခု သတ်နေတာက ဘဝတဏှာ မသတ်ဘဲနဲ့ ငါးဖြာအာရုံကာမဂုဏ် ခင်တွယ်မှု၊ လိုလားမှု၊ နှစ်သက်မှု တဏှာတွေ သတ်၊ ငတ်တာ အဖတ်တင်မနေဘူးလား (တင်နေပါတယ်ဆရာ)၊ အေး ဒါပဲဖြစ်နေ၊ အဲဒါ တဏှာသတ်ရင် မြတ်တယ်၊ တဏှာသတ်ရင် ကောင်းတယ် ဆိုပေမယ့် သတ်တတ်မှလည်း သတ်ကျိုးနပ်တယ်လို့ အငတ်တော့ အဖတ်တင်မနေစေနဲ့။ ကာမတဏှာသည် သတ်အပ်သော တရားကြီးမဟုတ်ပါဘူး။ သူ့မဂ်နဲ့ သူပယ်သွားတဲ့ တရား နော် (မှန်ပါတယ်ဆရာ)။ ကာမတဏှာသည် မိမိပုဂ္ဂိုလ် [illegible]ားဖြင့် သတ်အပ်သော တရားကြီး မဟုတ်ပါဘူး။ သူ့မဂ်နဲ့ သူပယ်သွားတဲ့တရား။ ဘဝ[illegible]ှာသည် မသေ,သေအောင် ပုဂ္ဂိုလ် အနေအားဖြင့် ကြိုးစား၍ ခွါရ, သတ်ရမယ့် တရားအစစ်ကြီးပါလို့၊ ဘဝတဏှာခေါ်ထားတဲ့ သက္ကာယဒိဋ္ဌိ ခေါ်ထားတဲ့ ကိလေသာကို ပုဂ္ဂိုလ်အနေ[illegible]ားဖြင့် ဆရာကောင်းထံ နည်းခံပြီးတော့ ဒီသက္ကာယဒိဋ္ဌိ အယူမှားကြီး မကွာကွာအောင်, မကျွတ်ကျွတ်အောင်, မရှင်းရှင်းအောင် မလုပ်ရင် ဒီ တိုင်းငုတ်တုတ်ခံမယ်ဆို ဘယ်သံသရာပြုတ်မှာမှ မဟုတ်ဘူး။ ပြုတ်နိုင်ပ့ါမလား (မပြုတ်နိုင်ပါဘူးဆရာ)။

လွန်ခဲ့ပြီးတဲ့ အနမတဂ္ဂ တစ်သံသရာလုံး ဒီလိုပဲ လာခဲ့တာ။ သာသနာနဲ့ တွေ့ပေါင်းလည်း များပြီ။ ဘုရားကိုယ်တော်မြတ်တွေနဲ့ တွေ့ပေါင်း များပြီ။ အရိယာသူတော်ကောင်း အပေါင်းတွေနဲ့ တွေ့ပေါင်း များပြီ။ တစ်ဘဝမတွေ့ တစ်ဘဝတွေ့၊ သံသရာလည်း အင်မတန် ရှည်လျားလို့ အနမတဂ္ဂ တစ်သံသရာလုံး လည်လာတာ။ မိမိကိုယ်၌ ပေါ့ပေါ့ဆဆလာတော့ ဘယ်အခါမှ မသတ်နိုင်ဘူးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲ ခုဘဝရောက်လာတော့ အခုလိုပဲ သာသနာနဲ့ ကြုံတဲ့ တွေ့တဲ့အခါ သူတော်ကောင်းများဟောပြောတဲ့ တရားဒေသနာကြားတော့ ဩော်-လက်စသတ်တော့ ဒီသက္ကာယဒိဋ္ဌိထင်ရှားရှိနေရင် မဂ်တံခါး ဖိုလ်တံခါး မပွင့်ဘူးတဲ့၊ မဂ်ဖိုလ်လမ်း မပေါ်ဘူးတဲ့။ ဘာ ပြုလို့ သက္ကာယဒိဋ္ဌိကိလေသာကိုက မဂ်ကိုတားဆီးထားတဲ့ အန္တရာယ်ငါးပါး တစ်ပါးပါနေတယ်။

http://www.dhammadownload.com



ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လို့ရှိရင် ဒီသက္ကာယဒိဋ္ဌိ ကိလေသာကို အရင်ခွာရမယ်တဲ့၊ သတ်ရမယ်တဲ့၊ သူတော်ကောင်းများတစ်ဆင့်အားဖြင့် ဟောပြောတဲ့ အသံကို နားထောင်တော့ ဒါဖြင့် သက္ကာယဒိဋ္ဌိ ငါသတ်ချင်ပါဘိ၊ သက္ကာယဒိဋ္ဌိ ခွာချင်ပါဘိ ဘယ့်နှဲ့လုပ်ပါ့။ ဟာ- သက္ကာယဒိဋ္ဌိ ခွာချင်လို့ရှိရင် ရုပ်နာမ်ခန္ဓာကို ပြတ်သားနားလည်အောင် သင်ကြားလေ့လာ တတ်မြောက်လိမ္မာတော့ သက္ကာယဒိဋ္ဌိ အလိုလို ကွာသွားလိမ့်မယ်လို့။ ဒီလို တစ်ဆင့်အားဖြင့် သူတော်ကောင်း စကားကြားတော့ ဒါရုပ်ပဲ ဒါနာမ်ပဲ ဒါခန္ဓာပဲလို့ သင်လိုက် ကြားလိုက်တဲ့အခါကြ တတ်မြောက်လိမ္မာ၊ လိမ္မာတော့ သက္ကာယဒိဋ္ဌိ ရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ အလိုလို ကွာသွားတယ် မဟုတ်လား (ကွာသွားပါတယ်ဆရာ)၊ ယုံသေးရဲ့လား ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောက်ျား မိန်းမ ဟုတ်တယ် ပြုတယ် ဆိုတာ ယုံသေးလား (မယုံတော့ပါဘူးဆရာ)၊ ဘယ်နှဲ့နည်းမှ မယုံဘူး။ ဘာပြုလို့ မယုံလဲဆိုတော့ ရုပ်နာမ်ခန္ဓာ နားလည်သွားလို့တဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။

မိမိကိုယ်ပြန်ကြည့်။ ငါရုပ်ပဲ ရှိတယ်၊ နာမ်ပဲရှိတယ်၊ ခန္ဓာပဲရှိတယ်၊ ဘာမှ မရှိပါလားလို့ ဒီလို မျက်ဝါးထင်ထင် ဉာဏ်အားဖြင့် မြင်တဲ့အခါကစ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ဆိုတဲ့ သက္ကာယဒိဋ္ဌိ အယူ ဝါဒက အလိုလို ဖြုစင်သွားတယ်၊ သန့်ရှင်းသွားတယ် ခေါ်တယ် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို သက္ကာယဒိဋ္ဌိ တစ်လုံးတည်း လုံးလုံးကြီးချုပ်လည်းသွားရော့ ဘဝတဏှာလည်း ပြတ်ကရော့ နော် (မှန်ပါတယ်ဆရာ)၊ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အဲဒီလို ဘဝတဏှာ ပြတ်သွားမှ သံသရာမှ သံသရာစက်ရဟတ်ကြီးက အဆက်ဖြတ်နိုင်မယ်တဲ့။ ဒါမှ ထွက်ရပ်ပေါက်မယ်တဲ့။ ဒီလိုမှ အဆက်မဖြတ်နိုင်ရင် ဘယ်တော့မှ သံသရာစက်ရဟတ် အဆက်ဖြတ်နိုင်မှာ မဟုတ်ဘူးတဲ့။ ဒါကြောင့် "တဏှာသတ်တယ် တဏှာသတ်တယ်"ဆိုတဲ့ ရမ်းသတ်တိုင်း ဖြစ်တာမဟုတ်ဘူး။ သတ်သင့်တဲ့ တဏှာကို သတ်မှ ဖြတ်သင့်တဲ့ တဏှာ ဖြတ်မှ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာလို့ တဏှာသုံးမျိုးသုံးစားရှိတဲ့အနက်က ဘဝ တဏှာသည် သံသရာဝဋ္ဋ မြစ်ကို ဖြစ်စေတတ်သော သံသရာစက်ရဟတ်ကို အဆက်မပြတ် လည်စေတတ်သော ပကတူပ နိဿယ အကြောင်းရင်း ဖြစ်ပါ၏။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကြီးလည်တဲ့ အကြောင်းရင်း မူလတရားနှစ်ပါး ဟောထားတာ။ အဝိဇ္ဇာနဲ့ တဏှာလို့ "အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ"လို့ ဟောထားတာ။ အဲဒီ အဝိဇ္ဇာနဲ့ တဏှာမှာ တဏှာသည် သာမညစကားပင်ဖြစ်သော်လည်းပဲ ပါဠိတော် တိုက်ရိုက်ဖွင့်ထားတာ။ ဒီတဏှာသည် ကာမတဏှာလည်း မကောက်နဲ့၊ ဝိဘဝတဏှာလည်း မကောက်နဲ့။ "အဝိဇ္ဇံ ဝါ ဘဝတဏှံ ဝါ"လို့

http://www.dhammadownload.com



တိုက်ရိုက်အားဖြင့် ဖွင့်ဆိုထားတာ ထောက်သောအားဖြင့် ဘဝတဏှာအစစ်ကြီး ညွှန်ပြတော်မူတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး သေချာမှတ်ထား။ ဒါဖြင့် ဒီနေရာမှာ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာလို ဝေဒနာအကြောင်းခံပြီး ဖြစ်ပေါ်လာတဲ့ တဏှာဆိုတဲ့ သဘောလေး တရားကိုယ်ကောက်တော့ ဘာရတယ် (လောဘပါဆရာ)၊ လောဘရတယ်၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒါလေး မှတ်ထား အဲဒါလေးမှတ်ထား လောဘရတယ်။ တဏှာဆိုတဲ့ တရားကိုယ်အားဖြင့် လောဘခေါ် ၏။ လောဘဆိုတာ မြန်မာလိုပြောတော့ လိုချင်တယ်။ မြန်မာလို လေးတွေ ဘာမှ မတတ်စရာ မရှိဘူး။ ပါဠိလိုက ညှပ်မဖြစ်တဲ့နေရာသာ ညှပ်ညှပ်ပြောနေတာ။ သဘောအဓိပ္ပါယ်ကတော့ မြန်မာလိုချည်းပြောနေတာ။ တဏှာ တဏှာနဲ့ အရပ်ထဲလည်း သူ့ပါးစပ်ငါ့ပါးစပ် သုံးကြတာပဲ နော် (မှန်ပါတယ်ဆရာ)။ မသုံးဖူးလား (သုံးပါတယ်ဆရာ)၊ ဒါပေမယ့် သုံးသာနေတယ်၊ စကားလုံးရဲ့အဓိပ္ပါယ် နားမလည်ဘူး။ တဏှာ တဏှာနဲ့ တဏှာလောဘ သိပ်အား ကြီးတာ။ တဏှာရမ္မက် သိပ်တက်တာပဲ ပြောတာပဲ ဘာခေါ်လဲ မေးတော့ ဘာမှလဲ မသိဘူး။

အဲဒါကြောင့် မိမိတို့ ပါးစပ်ကသုံးနေတဲ့ စကားလုံးတွေရဲ့ အဓိပ္ပါယ်လည်းပဲ လည်လည်ပတ်ပတ် မှတ်သားပြီးသားလည်း ဖြစ်ကရော့။ ကိုယ့်ကိုယ်လည်းဖြစ်နေတဲ့ တဏှာရဲ့ အဓိပ္ပါယ်လည်း နားလည်သွား နော် (မှန်ပါတယ်ဆရာ)၊ မင်းကိုယ်မှာ တဏှာအကျဉ်းအားဖြင့် ဘယ်နှစ်ပါးဖြစ်နေ (သုံးပါးရှိပါတယ်ဆရာ)၊ မင်းကိုယ်မှာလေ။ ဒါ မင်းခု ကွန်မြူနစ်ထဲ ဝင်သွားပြီလား (နှစ်ပါးပါဆရာ)၊ ဘယ်လိုကောင်မှန်း မသိဘူး ဟောဒီကောင်၊ ဘယ်သူနဲ့ ဘယ်သူတုံး (ကာမတဏှာနဲ့ ဘဝတဏှာပါဆရာ)၊ ကာမတဏှာနဲ့ ဘဝတဏှာ ဖြစ်နေတယ်လား (မှန်ပါတယ်ဆရာ)၊ မင်း ဝိဘဝတဏှာ ဖြစ်သလား (မဖြစ်ပါဘူးဆရာ)၊ ဝိဘဝတဏှာဖြစ်တဲ့ လူကြတော့ ဘဝတဏှာ ဖြစ်ပါအုံးမလား (မဖြစ်ပါဘူးဆရာ)၊ မဖြစ်ဘူး၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကာမတဏှာနဲ့ ဘဝတဏှာ ရှိတယ်လား (ရှိပါတယ်ဆရာ)၊ ဒါဖြင့် နေစမ်းပါအုံး ခု မင်းသင်တန်းတရားတွေ နာယူမှတ်သားလာတဲ့ အခါကြတော့ မင်းသဿတဒိဋ္ဌိများ ရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ သက္ကာယဒိဋ္ဌိ (မရှိပါဘူးဆရာ)၊ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ဆိုတာ မင်းယုံသေးလား (မယုံတော့ပါဘူးဆရာ)၊ ဟိုဘဝ ငါဘယ်လို ဖြစ်လာတယ်၊ ဒီဘဝ ငါဘယ်လို ဖြစ်နေတယ်၊ နောင်ဘဝ ဘယ်လိုဖြစ်အုံးမယ်ဆိုတာ ယုံသေးလား (မယုံတော့ပါဘူးဆရာ)၊ သဿတဝါဒ မရှိဘူးပေါ့။ (မရှိတော့ပါဘူးဆရာ)၊ သဿတဒိဋ္ဌိ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။

http://www.dhammadownload.com



ပြီးတော့လည်း မင်း ဒီတရားကို မြင်တဲ့အချိန်ကစပြီးတော့ သံသရာတွင်းမှာ သံသရာဒုက္ခ ဖြစ်စေတတ်တယ်ဆိုတာ ဘဝအသစ်အသစ်ကို ဖြစ်ချင်တဲ့ ဆန္ဒရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)၊ မရှိဘူးလား (မရှိတော့ပါဘူးဆရာ)၊ တကယ်ပြောနေတာလားဟ (တကယ်ပါဆရာ)၊ ကောင်းပြီ ကောင်းပြီ မှတ်ထား မင်းစကား၊ မဖြစ်ချင်ဘူးပေါ့ (မဖြစ်ချင်ပါဘူးဆရာ)၊ ဒါဖြင့် မင်းဘဝမျှော်မှန်း တမ်းတတယ်ဆိုတဲ့ ဘဝတဏှာ မင်းမရှိဘူးပေါ့ (မရှိတော့ပါဘူးဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)။ ယုံကြည်ရဲ့လား (ယုံကြည်ပါတယ်ဆရာ)။ ဒါဖြင့် မင်း သဿတဒိဋ္ဌိလည်း ပြုတ်သွားပြီ၊ သက္ကာယဒိဋ္ဌိလည်း ခွာပြီးပယ်ပြီး ဖြစ်သွားပြီ နော် (မှန်ပါတယ်ဆရာ)။ သဿတဒိဋ္ဌိပြုတ်တဲ့အချိန်ကစ မင်းဘဝတဏှာလည်း မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ ဘာတဏှာကျန်နေ (ကာမတဏှာ ကျန်နေ ပါတယ်ဆရာ)၊ အဲဒီ ကာမတဏှာက အပါယ်ပို့အုံးမှာလား (မပို့နိုင်ပါဘူးဆရာ)၊ မပို့နိုင်ဘူး နော် (မှန်ပါတယ်ဆရာ)၊ သဿတဝါဒ သဿဒိဋ္ဌိ ပြုတ်တဲ့ အချိန်ကစ ဒီကာမတဏှာကြောင့် ဖြစ်ပေါ် လာတဲ့ တရားစုတွေက အပါယ်လေးပါး မပို့တော့ဘူး၊ မရောက်တော့ဘူးတဲ့ နော် (မှန်ပါတယ် ဆရာ)၊ အပါယ်လေးပါး ရောက်တယ်ဆိုတာ တခြားမဟုတ်ဘူး၊ မှတ်လည်းထားကြ။ ကိုယ်မှာ အတီတာနန္တရ ဘဝပေါင်းများစွာ ပါလာတဲ့ သိုလှောင်လာတဲ့ ကုသိုလ်ကံတွေလည်း ပါရဲ့၊ အကုသိုလ် ကံတွေလည်းပါရဲ့ ကံကြွေးတွေ အများကြီး မရှိဖူးလား (ရှိပါတယ်ဆရာ)၊ ယခု ပစ္စက္ခ မျက်မှောက် လည်း လူရယ်လို့ ဖြစ်လာတဲ့အချိန်ကစ နေ့နဲ့အမျှ ဖြစ်နေတဲ့ ကုသိုလ်ကံတွေရှိတယ်၊ အကုသိုလ်ကံ တွေလည်း ရှိတယ် မရှိဖူးလား (ရှိပါတယ်ဆရာ)၊ အပရာပရိယဝေဒနီယကံဆိုတဲ့ အလယ် ဇောင်းချက် ဆိုတဲ့ စေတနာကံတွေက အကျိုးမပေးရသေးဘဲနဲ့ မပျောက်ကောင်းပဲကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါတော့ မှတ်မိတယ်လား (မှတ်မိပါတယ်ဆရာ)။

ဒါဖြင့် ကုသိုလ်ကံတွေက ကောင်းကျိုးချမ်းသာ ပေးလိမ့်အုံးမယ်။ အကုသိုလ်ကံတွေက အပါယ် လေးပါးလားလိမ့်အုံးမယ် ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့်လို့ သဿတဒိဋ္ဌိ လုံးလုံး ကြီး ဝွင်းလုံးကျွတ်လွတ်သွားတဲ့ပုဂ္ဂိုလ် သက္ကာယဒိဋ္ဌိ ကွာပြီးသား ရှင်းပြီးသား လင်းပြီးသား ပုဂ္ဂိုလ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီပုဂ္ဂိုလ်မျိုးကြတော့ အဲသလို အပါယ်လေးပါး အကျိုးပေးနိုင်တယ်ဆိုတဲ့ အကုသိုလ်ကံဟောင်းတွေ စုပေါင်းလာတဲ့ ကံဟောင်းတွေက လုံးလုံးကြီး ပပျောက်သွားတယ်တဲ့။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ သူက အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိက ကွာသွားပြီး ရှင်းသွားပြီ တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒီကံဟောင်းတွေက အပါယ်လေးပါး လားစေတတ်တဲ့ ရောက် စေတတ်တဲ့ အပါယဂမနီယသတ္တိရှိတဲ့ ကံဟောင်းတွေက အမှန်ကတော့ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ

http://www.dhammadownload.com



ရှိမှသာ အပါယ်လေးပါး လားနိုင် ရောက်နိုင်တယ်တဲ့၊ ကံကြွေးတွေ ဆပ်ပေးတဲ့နေရာတုန်းက ငါတော်တော် ပြောလာခဲ့တယ်။ ဒါကြောင့် -

သဗ္ဗာနိ စ အပါယာဂမနီယကမ္မာနိ နာမ အတ္တဒိဋ္ဌိယာ သတိယာ ဧဝ ဝိပစ္စန္တိ၊ အသတိယာ န ဝိပစ္စန္တိ။

သဗ္ဗာနိ စ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အပါယဂမနီယကမ္မာနိ နာမ၊ အပါယ်သို့ လားစေတတ် ရောက်စေတတ် ကျစေတတ်သော ကံတို့မည်သည်ကား။ ကံတွေတော့ ရှိတာပေါ့တဲ့၊ အပါယ်လေးပါး လားအုံးမယ်ဆိုတဲ့ ကံတွေ၊ ဒီတရားနဲ့သာ မတွေ့ရင် ကားကနဲသွားမှာ အမှန်ပဲ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီတရားနဲ့ မတွေ့လို့ရှိရင် မင်းအပါယ်လေးပါး သွားမှာ တန်းလို့ မဟုတ်ဘူးလား (သေချာတယ်)၊ အေး - သေချာတယ် သေချာတယ် မှတ်ထား။ နှစ်ခါပြန် သေချာတယ် နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ယုံကော ယုံရဲ့လား (ယုံပါတယ်ဆရာ)၊ ဒီတရားနဲ့ မတွေ့ရင် ငါအပါယ်လေးပါး တန်းပြီးသွားတော့မှာပဲ၊ တစ်ခါပြန် မဟုတ်ဘူး၊ နှစ်ခါပြန် ငါသွားမယ်၊ ယုံဖူးလား (ယုံပါတယ်ဆရာ)၊ ကံဟောင်းတွေ စုပေါင်းလာတာ မနည်းဘူးလို့။ ငါ့မှာ ကာယကံ - ကိုယ်ထိလက်ရောက် လွန်ကျူးလာတယ်။ ဝစီကံ - နှုတ်အားဖြင့် လွန်ကျူးလာတာ။ မနောကံ - စိတ်နဲ့ ပြစ်မှားလာတာတွေ၊ ငါ့မှာ ကာယကံ ဝစီကံ မနောကံဆိုတဲ့ ကံဟောင်းတွေက စုပေါင်းလာတာ မနည်းဘူး။ ကုသိုလ်ဘက်ကသာ ငါပြောစရာ ဆိုစရာ ပြောလောက် ဆိုလောက်အောင်သာ မရှိတာ အကုသိုလ် ဘက်တော့ ငါ့ပုံလို့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ လူတိုင်း လူတိုင်းပဲ၊ မိမိလုပ်လာတဲ့ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ နှစ်မျိုးနှစ်စားမှာ ချိန်ခွင်ထဲ ထည့် ချိန်ကြည့်။ ဘယ်သူက များမတုံး (အကုသိုလ်ကံက များမှာပါဆရာ)၊ အကုသိုလ်ကံများမယ်၊ စောက်ထိုးကြီး နော် (မှန်ပါတယ်ဆရာ)၊ ဒီတိုင်းသွားမှာပဲ။ အဲဒီ ကံတွေက အပါယ်လေးပါးလားမဲ့ ကံချည်းဆိုတာ မှတ်ထား။

ဒါကြောင့် သေရင် အပါယ်လားမှာက သေချာတယ် အခု ဒီတရားနဲ့ တွေ့တော့ အပါယ်လားမှာ ကြောက်ရသေးသလား (မကြောက်ရတော့ပါဘူးဆရာ)၊ လာအုံးမှာလား (မလားတော့ပါဘူးဆရာ)၊ အပါယ်တံခါးပိတ်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ကွာတယ် ရှင်းတယ် လင်းတယ်ဆိုတဲ့ အချိန်ကစပြီးတော့ တို့ အပါယ်မုချ ပို့အုံးမယ်ဆိုတဲ့ ကံတွေက ပြယ်သွားပြီ မြေဖြစ်သွားပြီ လေဖြစ်သွားပြီ မရှိဘူး၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာပြုလို့ အတ္တဒိဋ္ဌိ ပြုတ်လို့ သက္ကာယဒိဋ္ဌိပြုတ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

http://www.dhammadownload.com



သဗ္ဗာနိ စ အပါယာဂမနီယကမ္မာနိ နာမ အတ္တဒိဋ္ဌိယာ သတိယာ ဧဝ ဝိပစ္စန္တိ၊ အသတိယာ န ဝိပစ္စန္တိ။

သဗ္ဗာနိ စ၊ အလုံးစုံလည်းဖြစ်ကုန်သော။ အပါယဂမနီယကမ္မာနိ နာမ၊ အပါယ်သို့ လားစေရောက် စေတတ်သော စုဆောင်းလာတဲ့ ကံအပေါင်းတို့မည်သည်ကား။ အတ္တဒိဋ္ဌိယာ၊ အတ္တဒိဋ္ဌိသည်။ သတိယာ ဧဝ၊ ရှိသော်သာလျှင် ရှိမှသာလျှင်။ ဝိပစ္စန္တိ အပါယ်လေးပါးသို့ ရင့်ကျက်စေတတ်ကုန်၏။ အသတိယာ၊ အတ္တဒိဋ္ဌိ မရှိခဲ့သော်။ န ဝိပစ္စန္တိ၊ အပါယ်လေးပါးသို့ ဘယ်တော့မှ မလား မရင့်ကျက်စေနိုင်။

နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီကံဟောင်းတွေက အပါယ်လေးပါး ကျတယ်ဆိုတာ ဘယ်သူကြောင့် ကျတယ် (အကုသိုလ်ကံကြောင့်ပါဆရာ)၊ အောင်မလေးဟဲ့ မှန်မှန်ပြောပါ အရှင်ကြီးရာ။ ဘယ်လိုကောင်မှန်း မသိဘူး။ အဲဒီ အကုသိုလ်ကံတွေက အပါယ်လေးပါး ပို့တယ်ဆိုတာ ဘယ်သူ့ကြောင့် အပါယ်လေးပါး ရောက်တာတုံးလို့ မေးတယ်။ သူ့ကိုယ်တိုင် နားမလည်ဘူး ဟောဒီကောင် (သက္ကာယဒိဋ္ဌိ မပြုတ်လို့ပါဆရာ)၊ သက္ကာယဒိဋ္ဌိက ပို့တာ၊ အတ္တဒိဋ္ဌိက ပို့တာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သက္ကာယဒိဋ္ဌိက ဘာနဲ့တူ၊ ရထားခေါင်းကြီးနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ နောက်အကုသိုလ်ကံတွေက ဘာနဲ့တူ (ရထားတွဲတွေနဲ့ တူပါတယ်ဆရာ)၊ အေး-ရထားတွဲနဲ့တူ။ ရထားတွဲတွေကို လိုရာခရီးရောက်အောင် ဘယ်သူက ဆွဲသွားတာတုံး (ခေါင်းတွဲက ဆွဲတာပါဆရာ)၊ ခေါင်းတွဲပြုတ်သွားတော့ သွားနိုင်သေးလား (မသွားနိုင်တော့ပါဘူးဆရာ)၊ ဒီလိုပဲ နားလည်လား (နားလည်ပါတယ်ဆရာ)၊ လယ်တီဆရာတော်ကြီးများတော့ ပုလဲသွယ် ပုလဲပုတီး ကုံးကြီးနဲ့ ပြ။ အလုံးတစ်ရာရှိတဲ့ ပုလဲပုတီးကုံးကြီး ပိုးကြိုးကြီးနဲ့သီ နေ့ (မှန်ပါတယ်ဆရာ)၊ ပိုးကြိုးကြီးနဲ့သီထား၊ အလုံးတစ်ရာရှိတဲ့ ပုတီးကုံးကြီး သီထားစမ်း။ အဲဒီ ပုတီးကုံးကြီး စားပွဲပေါ် ချ။ မင်းလိုချင်တဲ့နေရာ ဆွဲမြောက်လိုက်စမ်း။ အလုံးတစ်ရာစလုံး အကုန်ပါမလာဘူးလား (ပါလာ ပါတယ်ဆရာ)၊ ဘာပြုလို့ အလုံးတစ်ရာလုံး မင်းလက်ထဲ အကုန်ပါလာတုံး (ထိပ်ဆုံး အလုံးဆွဲလိုက်လို့ပါဆရာ)၊ အောင်မလေးဟဲ့ နင့်အဖ ထိပ်ဆုံးဆွဲစရာ ထိပ်ဆုံးအလုံးချည်း မဟုတ်လား။ ဘယ်အလုံးဆွဲဆွဲပေါ့ ငါပြောနေတာ၊ ပုတီးကုံးကြီးကို စားပွဲပေါ် ချထား မင်းဆွဲချင်ရာ အလုံးက ဆွဲ။ မင်းလက်ထဲ အလုံးတစ်ရာစလုံး အကုန်ပါမလာဘူးလား (ပါလာပါတယ်ဆရာ)၊ ဘာသဘောကြောင့် အလုံးတစ်ရာစလုံး အကုန်ပါလာတုံး (ပုတီးဆွဲလိုက်လို့ပါဆရာ)။

http://www.dhammadownload.com



သြော် - မင်း နောက်တစ်ဆင့် ထပ်ပြောလိုက်ရ မင်းမကောင်းမှာ မဟုတ်ဘူး မင်းဆွဲတော့ ပုတီးစေ့တစ်လုံး မဟုတ်လား (တစ်လုံးပါဆရာ)၊ ဘာပြုလို့ အလုံးတစ်ရာစလုံး ပါလာတုံး (ကြိုးတန်းလန်းနဲ့ ပါလာလို့ပါဆရာ)၊ ကြိုးကြောင့် ကြိုးကြောင့်၊ ကြိုးတန်းလန်းနဲ့ ပါလာတာ။ ဘယ်လိုခက်တဲ့ကောင်မှန်း မသိဘူး ဟောဒီကောင်၊ ကြိုးကြောင့် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပိုးကြိုးကြီးကြောင့် အလုံးတစ်ရာစလုံး တွဲရက်သားပါတယ် မပါဖူးလား (ပါပါတယ်ဆရာ)၊ ကိုင်း- ဒါဖြင့် စားပွဲပေါ်ပြန်ချထား။ ပိုးကြိုးကြီး ဖြုတ်ပလိုက် နားလည်လား (နားလည်ပါတယ် ဆရာ)၊ ကိုင်း- တစ်လုံးဆွဲမြောက်လိုက်စမ်း တစ်လုံးမြောက်လိုက်စမ်း (မြောက်ပြီးပါပြီဆရာ)၊ သူခိုးနဲ့ပြလည်း ရပါတယ်။ သူခိုးနဲ့၊ ဘယ်လိုပြ သူခိုးနဲ့ (အမှောင်ထဲ အထုတ်လိုက်စမ်းနေတာပါဆရာ)၊ အမှောင်ထဲ အထုပ်လိုက်စမ်းနေတယ်။ အမှောင်ထဲ သူခိုးက ဥစ္စာထုပ်လိုက် စမ်းနေတယ်လား (မှန်ပါတယ်ဆရာ)၊ သြော် - တဏှာလောဘနဲ့။ ဒါဖြင့် ရှာဖွေနေတာ မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ ရှာဖွေခြင်းလျှင် အကြောင်းရင်းရှိသောဒုက္ခ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ပရိယေသနဒုက္ခ ဆိုတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မှတ်ထားနော် ရှာဖွေခြင်းလျှင် အကြောင်းရှိသောဒုက္ခ ပရိယေသနဒုက္ခ တဏှာလောဘ လိုချင်ကာမျှ မတ္တလေးပဲ ရှိသေးတယ်နော် (မှန်ပါတယ်ဆရာ)၊ လိုချင်တယ် လိုချင်တယ် လိုချင်တယ်နဲ့ ဒီလိုပဲ နေသေးတယ်။ ရပြီလားဆို မရသေးဘူး ဟုတ်လား (မှန်ပါတယ်ဆရာ)၊

ကိုင်း-နောက်တော့ သူခိုးက ဥစ္စာထုတ် လက်နဲ့ဆုပ်မိရော့ ရသွားရော့၊ ရသွားတော့ ဘာပြု (မြဲမြဲစွဲစွဲကိုင်ထားပါတယ်ဆရာ)၊ မြဲမြဲစွဲစွဲကိုင်ထားတဲ့ အဲဒီအခါ ဘာနဲ့တူ (ဥပါဒါန် လောဘနဲ့ တူပါတယ်ဆရာ)၊ အေး-ဥပါဒါန်လောဘနဲ့ တူတယ်နော် (မှန်ပါတယ်ဆရာ)၊ လက်ထဲရောက်တဲ့ ပစ္စည်းပြန်လွှတ်အုံးမှာလားဟ (မလွှတ်တော့ပါဘူးဆရာ)၊ မလွှတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ သူ့မှာ ဥပါဒါန်လောဘနဲ့ တူတယ်တဲ့။ သူခိုးသည် ဥစ္စာထုပ်လက်နဲ့ ဆုပ်မိသောအခါ ဥပါဒါန်လောဘနဲ့ တူတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ သူကြတော့ ဘာဒုက္ခ (အာရက္ခဒုက္ခ ပါဆရာ)၊ အာရက္ခဒုက္ခ ဆိုတာ ဘာတုံး (စွဲစွဲမြဲမြဲ လိုချင်တာပါဆရာ)၊ ဟောဗျာ အာရက္ခ ဆိုတာ စောင့်ရှောက်တာ ခေါ်တယ်ကွ နားလည်လား၊ ရပြီးသား ဥစ္စာမပျက် စီးအောင်, ပြန်မပါသွားအောင်, မိမိပိုင်နေအောင် နားလည်လား (နားလည်ပါတယ်ဆရာ)၊ တစ်ပါးသောသူ မယူနိုင်အောင် စောင့်ရှောက်တယ် စောင့်စည်းတဲ့ ဒုက္ခခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ သူက ပိုမကြီးဘူးလား (ကြီးပါတယ်ဆရာ)။ ဒါကြောင့် တဏှာလောဘက ပရိယေသနဒုက္ခ၊ ဥပါဒါန်လောဘက အာရက္ခဒုက္ခ မှတ်ထား သေချာမှတ်ထား။

http://www.dhammadownload.com



တဏှာလောဘ လိုချင်ကာမျှ မတ္တသာ ရှိသေးသည်၊ မရသေးဘူးနော် (မှန်ပါတယ်ဆရာ)၊ ဥပါဒါန် လောဘ ရပြီ၊ ရောက်ပြီ၊ ဖြစ်ပြီ၊ မပျက်စီးအောင် စောင့်စည်းခြင်းဆိုတဲ့ အာရက္ခဒုက္ခ အကြောင်းရင်းရှိ၏၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ လောဘတော့ လောဘချည်းပေါ့ (လောဘချည်ပါပဲဆရာ)၊ ဒီဥပါဒါန်ဆိုတဲ့ ပြင်းထန်သော စွဲလမ်းမှု တည်းဟူသော လောဘကြီး ဖြစ်လာတာ တခြားမဟုတ်ဘူးတဲ့။ မပြင်းထန်သော တဏှာလောဘ အကြောင်းရင်းခံလို့ ဖြစ်လာတာ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တဏှာလောဘက ဥပနိဿယပစ္စည်းတပ်ပေးလို့ ဥပါဒါန်လောဘ လာဖြစ်တာတဲ့။ တဏှာလောဘ မဖြစ်ရင် ဥပါဒါန်လောဘ မဖြစ်နိုင်ဘူးတဲ့။ ဥပါဒါန်လောဘဖြစ်ရင် တဏှာလောဘက စတာချည်းပဲနော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ တဏှာလောဘနဲ့ ဥပါဒါန် လောဘနှစ်မျိုးသွားရော့၊ တဏှာလောဘသည် ဥပနိဿယပစ္စည်းအားဖြင့် ဥပါဒါန်လောဘကို ကျေးဇူးပြုလိုက်၏။ ဩော် - တဏှာလောဘ မှီပြီးတော့ အမှန်က ဥပါဒါန်လောဘဖြစ်ရပါပဲ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ထီထိုးတယ်၊ ထီတော့ ဘယ်နေမှန်းမသိဘူး။ မပေါက်သေးဘူး၊ ဖွင့်ရက်ကလည်း အဝေးကြီးထိုးလိုက်၊ ထိုးတုန်းက စိတ်ကလေးက လိုချင်လို့ထိုးတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာလောဘတုံး (တဏှာလောဘပါဆရာ)၊ ပေါက်ပြီဟေ့ နော် (မှန်ပါတယ် ဆရာ)၊ ပေါက်ပြီဟေ့ ငွေသွားထုတ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လက်ထဲငွေထုတ်ရပြီ ထုတ်လာခဲ့ပြီ။ ဘာလောဘဖြစ် (ဥပါဒါန်လောဘပါဆရာ)၊ ဥပါဒါန်လောဘဖြစ်တယ် နော် (မှန်ပါ တယ်ဆရာ)၊ မပျက်စီးအောင် စောင့်စည်းမယ်၊ မကုန်ခန်းအောင် စောင့်စည်းမယ်၊ ခိုးသားဓားပြ မလုမယက်အောင် စောင့်စည်းမယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဥစ္စာထုပ် လက်နဲ့ ဆုပ်မိနေ ပြီတဲ့ ရသွားပြီ တဏှာလောဘနဲ့ ဥပါဒါန်လောဘ၊ တဏှာလောဘဆိုတာက လိုချင်ကာမျှ မတ္တရှိသေးတာ၊ လိုချင်ကာမျှ ရှိသေးတာတဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် အဲဒီလိုချင်ကာမျှ မတ္တဆိုတဲ့ အသေးစား တဏှာလောဘက ဥပနိဿယပစ္စည်း အားဖြင့် ကျေးဇူးပြုပြီးပေးလို့ ကြွက်ကို ကြောင်ခဲသလို၊ ဖားကို မြွေမျိုသလို စွဲစွဲလမ်းလမ်းကြီး ပြင်း ထန်တဲ့ ဥပါဒါန်လောဘကြီး ဖြစ်ရပါတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဥပါဒါန်ကလဲ ဘယ်နှစ်မျိုး ဘယ်နှစ်စားရှိ (လေးမျိုးပါဆရာ)၊ ဘယ်သူ ဘယ်သူတွေတုံး (ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ပါဆရာ)၊ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်၊ ကာမုပါဒါန် ဆိုတာက ဘာစွဲလမ်းတာတုံး (ငါးဖြာအာရုံ ကာမဂုဏ် စွဲလမ်းတာ ပါဆရာ)၊ ဒိဋ္ဌုပါဒါန်ဆိုတာက ဘာစွဲလမ်းတာတုံး (အယူအားဖြင့် စွဲလမ်းတာပါဆရာ)၊ ဘာအယူတုံး

http://www.dhammadownload.com



(မိစ္ဆာအယူပါဆရာ)၊ ဘယ်လို မိစ္ဆာဒိဋ္ဌိတုံး၊ ဘယ်လို မိစ္ဆာဒိဋ္ဌိတုံး (မပြောတတ်ဘူး)၊ ဟော ငါ ဒီနေရာတုန်းက ဘာဝတ္ထုနဲ့ ကပ်ပြသွားတယ် (မေ့နေ)၊ မပြောတတ်ဘူးရယ် မေ့နေလို့ မသိလို့ မမှတ်မိတာရယ်၊ အဲဒီနေရာတုန်းက နားမလည်လိုက်တော့ဘူး။ သိင်္ဂီတိမင်းကြီး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲမှန်လာပြန်ပြီ။ သိင်္ဂီတိမင်းကြီး ဘာဖြစ်သွားတုံး (အယူအားဖြင့် မှားနေတာ စွဲစွဲလမ်းလမ်း မှားနေတာပါဆရာ)။ ဘယ်လို မှားသွားတာတုံး၊ ဘယ်လိုမှားသွားတာတုံး မှားသွားတာက (ကုသိုလ် မလုပ်ရဘူး အကုသိုလ်မလုပ်ရဘူးဆိုပြီးတော့)၊ ဟော ကုသိုလ်မလုပ်ရ အကုသိုလ်မလုပ်ရ ဒီလို ပြောသွားတယ်လား (မှန်ပါတယ်ဆရာ)၊ ထားပါတော့ ထားပါတော့၊ သိပ်ရှည်မနေတော့ပါဘူး ထားပါတော့။ ပထမတုန်းက ကုသိုလ်ကောင်းမှုတွေ လုပ်နေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူ့သမီးကို ဆယ့်ငါးရက်တစ်ပတ် ဆယ့်ငါးရက်တစ်ပတ် ငွေဘယ်လောက်ပေးတယ် (အသပြာ တစ်ထောင်ပါဆရာ)၊ အသပြာတစ်ထောင်၊ သူ့သမီး ရုဇာအမည်ရှိတဲ့ သတို့သမီး မင်းသမီး နော် (မှန်ပါတယ်ဆရာ)၊ အသပြာတစ်ထောင် တစ်ထောင်ပေးနေတယ်။ လှူဟဲ့ တန်းဟဲ့ အလှူအတန်း ကလည်း ဝါသနာပါတယ်။

နောက်တော့ သူက ဘယ်သူ့တရားနာလာတုံး (ဒိဋ္ဌိတရားပါဆရာ)၊ ဟော ဒိဋ္ဌိတရားနာလာတော့ ဘယ့်နဲ့ဟောလိုက် ဟိုက (ကုသိုလ်လည်း မလုပ်နဲ့၊ အကုသိုလ်လဲ မလုပ်နဲ့တဲ့)၊ ချဲ့လာပြန်ပြီဟေ့။ အကုသိုလ်လည်း မလုပ်နဲ့၊ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုတွေလည်း မလုပ်နဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုက လူမိုက်က လှူရင် လူလိမ္မာက ယူတဲ့တရားတွေ။ ဒီဘဝက ကုသိုလ် တည်းဟူသော အကြောင်းတွေခံလို့ နောင်ဘဝကောင်းကျိုးချမ်းသာဆိုတဲ့ အကျိုးတရားတွေ ပေါ်လိမ့်မယ် ပြောတာ အလကားပြောတာ။ ကမ္ဘာကြီးရှစ်သန်းနဲ့ လေးသိန်းရှိတဲ့အခါကြတော့ ကမ္ဘာသူ ကမ္ဘာသားတွေက စင်ကြယ်သန့်ရှင်းသောအဖြစ်သို့ အကုန်လုံး တစ်ပြိုင်တည်း ရောက်ကြ လိမ့်မယ် ဒီလို ဟောတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ “နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ” ဒီလိုဆိုတယ်။ အလှူပေးခြင်းသည် အကျိုးမရှိ၊ စွန့်ကြဲခြင်းသည် အကျိုးမရှိ၊ ပေးကမ်းချီးမြှင့်ခြင်းသည် အကျိုးမရှိ၊ မိဘဆရာသမားတို့၏ ဝတ်ကြီးဝတ်ငယ် ပြုစုခြင်းသည် အကျိုးမရှိ၊ ယဇ်ကြီးယဇ်ငယ် ပူဇော်ခြင်းသည် အကျိုးမရှိ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါတွေဘာမှ အကြောင်းတရား မဟုတ်ဘူး။ ဒါတွေ လုပ်ခြင်းကြောင့် နောင်ဘဝ အကျိုးတရားတွေ ခံစားရလိမ့်မယ်ဆိုတာ အလကား ပြောတာ လို့ ဒီလိုဟောလိုက်တယ် မဟုတ်လား (ဟောလိုက်ပါတယ်ဆရာ)၊ ဟောလိုက်တော့ သူယုံသွားတယ် လား (ယုံသွားပါတယ်ဆရာ)။ အဲဒါ ဒိဋ္ဌိပေါ့နော် (မှန်ပါတယ်ဆရာ)၊ အယူမှားသွားပြီတဲ့။ သူ့သမီး

http://www.dhammadownload.com



လေးပေးနေကြ အသပြာတစ်ထောင်လည်း မပေးတော့ဘူးတဲ့။ ငါ့သမီးမလျှုနဲ့တော့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

ဒီတော့မှ တို့ ဘုရားလောင်းက ထိုစဉ်အခါတုန်းက နာရဒအမည်ရှိတဲ့ ဗြဟ္မာကြီး ဖြစ်နေလို့ သူတို့ အကြောင်းစုံတွေ သိတာနဲ့ ဗြဟ္မာ့ပြည်က ဆင်းလာပြီးတော့ တရားဟောလို့ ကျွတ်တမ်းပြန်ဝင်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါ ဒိဋ္ဌုပါဒါန်ပေါ့ (မှန်ပါတယ်ဆရာ)။ ကာမုပါဒါန်တော့ ငါဘာဉပမာပြ (မုဒုလက္ခဏာပါဆရာ)၊ အောင်မယ် ဒါတော့ မှတ်မိတယ်၊ ဒါတော့ သူမှတ်မိတယ် မမေ့ဘူးဟဲ့ ဟင့်၊ သီလဗ္ဗတုပါဒါန်ကြတော့ ဘယ်သူပြ ငါ့နက္ခတ္တ (သုနက္ခတ္တပါ)၊ ဟင်း ဟုတ်ပြီ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ သုနက္ခတ္တရဟန်း နော် (မှန်ပါတယ်ဆရာ)၊ အစေလကဂိုဏ်းသားတွေ မြင်ပြီးတော့ မျက်စိကျသွားတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါမှ ခေါင်းပါးသော အကျင့်တွေ ကျင့်ပြီးမှ ဒါမှ တစ်မဂ် တစ်ဖိုလ်ရမှာ အမှန်ပဲ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်သော ခေါင်းပါးတဲ့ အကျင့်တွေ ကျင့်မှ၊ အခုတော့ လေသာ ထောင်တဲ့အနေအားဖြင့် ပြောင်ပြောင်လက်လက်တွေ ဝတ်လို့ စားလို့၊ ကျောင်းကောင်းကြီးတွေနဲ့ နေလို့၊ ခွက်ကောင်းကြီးတွေနဲ့စားလို့၊ အိပ်ရာသင်ဖြူး ကမ္ဗလာ ကောဇောနဲ့အိပ်လို့၊ နူးညံ့သိမ်မွေ့တဲ့ ပိုးဖဲကတ္တီပါ ကမ္ဗလာဆိုတဲ့ သင်္ကန်းတွေရုံလို့ ရမ်းလို့ ဂေါတမ အယူဝါဒ ဟုတ်နိုင်ပါ့မလား။ အကျင့် အကြံတွေ ဟုတ်နိုင်ပါ့မလားလို့ ဖောက်ပြန်သွားတာ၊ ခွေးအကျင့် နွားအကျင့်ကမှ မုချ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ မျက်မှောက်ပြုနိုင်တဲ့ အကျင့်တရားကြီးပဲလို့ စိတ်ထဲစွဲလမ်းယုံကြည်သွားတယ်။ သီလဗ္ဗတုပါဒါန် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ သီလဗ္ဗတုပါဒါန်လို့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ အတ္တဝါဒုပါဒါန်ကျ ငါဘာဉပမာပြသွား (မေ့နေ)၊ အင်း မသိတာရယ် မေ့တာရယ် မမှတ်မိတာရယ်။ သစ္စကပရိဗိုဇ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မှန်သွားပြန်ပေါ့ဟ။

## မြတ်စွာဘုရားနဲ့သစ္စကပရိဗိုဇ်ဝါဒပြိုင်ပုံ

သစ္စကပရိဗိုဇ်ဆိုတာ ဘယ်သူနဲ့ စကားပြောတာတုံး (မြတ်စွာဘုရားနဲ့ပါဆရာ)။ ဩော်-ဘုရားနဲ့ ဝါဒပြိုင်တယ်လား (မှန်ပါတယ်ဆရာ)၊ ဘာဝါဒတုံး (အတ္တဝါဒပါဆရာ)၊ ဩော်-ဟုတ်ပြီ၊ သူက အတ္တဝါဒ၊ တို့ ဘုရားကိုယ်တော်မြတ်က ဘာတုံး (အနတ္တပါဆရာ)၊ အေး-အနတ္တ၊ အတ္တနဲ့အနတ္တ ပြိုင်ပွဲကြီးကိုကွ နော် (မှန်ပါတယ်ဆရာ)၊ နိုင်းတော့ မနိုင်းယှဉ်ကောင်းဘူး။ မနိုင်းယှဉ်ကောင်းပေမယ့် ဒီနေရာမျာ ဒီသစ္စကပရိဗိုဇ်ရဲ့ဝါဒမှ မချိုးဖျက်လို့ရှိရင် သတ္တဝါတွေ အယူအားဖြင့် တွေဝေလို့

http://www.dhammadownload.com



အပါယ်လေးပါးလားမှာ တစ်ပုံတစ်ခေါင်းကြီး မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ မနိုင်းကောင်း မပြိုင်ကောင်းပေမယ့်လို့ တို့ဘုရားကိုယ်တော်မြတ်က လက်ခံပြီးတော့ ပြိုင်ရမယ်လို့ ဝါဒပြိုင်ရ အတ္တဝါဒနဲ့ အနတ္တဝါဒ၊ တို့ဘုရားကိုယ်တော်မြတ်ပွင့်တော်မူစက ဗောဓိပလ္လင်နဲ့ ရွှေပလ္လင် အောင်မြင်တော်မူတဲ့ အချိန်ကစ အေး-လောကကြီးက ဘာလောကကြီးတုံး။ အတ္တလောကကြီး၊ ဝါဒက ဘာဝါဒတုံး အတ္တဝါဒကြီး ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ သို့ကလောက်တောင် အဝိဇ္ဇာ အမှောင်ထုကြီး ကြီးပြီးတော့ မိုက်မှောင်ကြီးကျနေတဲ့ လောကထဲ တို့ဘုရားကိုယ်တော်မြတ်ဘွားကနဲ လာပွင့်တော့ တို့ဘုရားကိုယ်တော်မြတ်က အနတ္တ၊ နတ်လောက လူ့လောက ဗြဟ္မာ့လောက လောကသုံးပါးဟော့ နတ်တွေကော လူတွေကော ဗြဟ္မာတွေကော မင်းတို့ယူထားတဲ့ အတ္တဝါဒဆိုတာ အတ္တလောကဆိုတာ မဟုတ်ဘူးဟ။ တစ်လောကလုံးနဲ့ လောကသုံးပါးနဲ့ ပြောင်းပြန်ပြန်လိုက်တယ်။ အနတ္တတရား ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဘုရားကိုယ်တော်မြတ် လေးဆယ့်နဲ့ ငါးဝါ အနတ္တဝါဒ ချပြီးပြသွားတာ ကြိုက်တဲ့လူလည်း ကြိုက်၏။ ကြိုက်တဲ့လူနဲ့မကြိုက်နဲ့လူ မကြိုက်တဲ့လူက သင်္ချာသင်္ချေ ရေတွက်လို့မကုန်နိုင်။ ကြိုက်တဲ့လူကြတော့ အကန့်အသန့်ကလေးနဲ့ နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် နည်းတယ်လို့ သိနိုင်ခဲ့တဲ့ တရားကြီးဖြစ်နေ။ သတ္တဝါတွေရဲ့ ဉာဏ်က္ကန္ဓေမှာ ဒီလို မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ အနတ္တဝါဒဆိုတဲ့ တရားကြီး လက်ခံနိုင်ဖို့ အလွန်မှ ခက်ခဲတယ်တဲ့၊ လွယ်တဲ့ တရားမဟုတ်ပါဘူး။

ဒါကြောင့် ဉာဏ်ရည်တွေ ထက်သန်တဲ့ပုဂ္ဂိုလ်များကြတော့ အနတ္တဝါဒ မြတ်စွာဘုရားကိုယ်တော် မြတ်ဟောတော်မူ၍ သဘောကျ၊ ကျွတ်တမ်းဝင်ကြ၊ လက်ခံနိုင်တဲ့ဉာဏ်က္ကန္ဓေ မရှိတဲ့ပုဂ္ဂိုလ်က လည်းပဲ အလွန့်အလွန်များတော့ အဲဒါ သသည်၏အခြားမဲ့၌ ဒီအတ္တဝါဒစွဲကြီးနဲ့ သွားကြပြန်ပြီ၊ လက်ရှိ ဘဝနဲ့ ဘာမှမထူးပါဘူး။ သုံးဆယ့်တစ်ဘုံလည်လို့ မဆုံးနိုင် မကုန်နိုင် မဆုံးနိုင် ဒီလို သွားနေနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ အတ္တဝါဒပဲဆိုတာ မှတ်ထား၊ ငါဟုတ်တယ်။ သူဟုတ်တယ်၊ ပုဂ္ဂိုလ်သတ္တဝါ ဟုတ်တယ်၊ အသက်လိပ်ပြာ ဟုတ်တယ် အတ္တဝါဒ နော် (မှန်ပါတယ်ဆရာ)၊ တစ်နည်းအားဖြင့် ခိုင်မြဲတဲ့ အနှစ်သာရရှိတယ်၊ အာဏာတန်ခိုး အစိုးရတယ်၊ ငါ့အလိုလိုက်တယ် အတ္တဝါဒ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာ သစ္စကပရိဗိုဇ်ကြီးကလည်း အတ္တဝါဒအနေအားဖြင့် တို့ ဘုရားကိုယ် တော်မြတ် စပြီးမေးလျှောက်လို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်း ဒီအတ္တဝါဒ ပြန်ပြီးတော့ ဖြေ၊ အတ္တဝါဒမဟုတ်တဲ့အကြောင်း လက်တွေ့အားဖြင့် ဖြေ။ ဒီနေရာ သစ္စကပုရဗိုဇ်ကို အောင်တော်

http://www.dhammadownload.com



မူရှာတယ်။ ဒါတောင် သိကြားကူလိုက်ရသေး နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ အတ္တဝါဒုပါဒါန်တဲ့၊ အဲဒီလို အယူသန်နေတဲ့ ဥစ္စာကြတော့ အတ္တဝါဒုပါဒါန်တဲ့။

ဒါကြောင့် ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ဥပါဒါန်တရားလေးပါး နော် (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်တရားလေးပါးလို့၊ အဲဒီ ဥပါဒါန်ဆိုဟာ ဘာလဲလို့ "ဥပမနံ ဥပါဒါနံ" စွဲလမ်းခြင်းဟာ ဥပါဒါန်ပါပဲတဲ့။ စွဲလမ်း၍ ယူခြင်းသည် ဥပါဒါန်ပဲ ဥပါဒါန် နော် (မှန်ပါတယ်ဆရာ)၊ "ယံ ကမ္မံ ဘဝဿ ပစ္စယဘူတံ "ဣဒံ ကတွာ အသုကသ္မိံ နာမ ဌာနေ ကာမေ သေဝိဿာမိ ဥစ္ဆိဇ္ဇိဿာမီ"တိ အာဒိနာ နယေန ပဝတ္တံ ဥပဂမနံ ဂဟဏံ ပရာမသနံ၊ ဣဒံ ဥပါဒါနံ နာမ" တိုက်ရိုက်။ ဥပဂမနံ ဥပါဒါနန္တိ၊ ဥပဂမန ဥပါဒါနံ ဟူသည်ကား။ ဘဝဿ ပစ္စယဘူတံ၊ ဘဝ၏အကြောင်းဖြစ်၍ ဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤကံကို။ ကတွာ၊ ပြု၍။ အသုကသ္မိံ ဌာနေ၊ ဤမည်သော ဘုံဘဝဌာန၌။ ကာမေ၊ ငါးဖြာအာရုံ ကာမဂုဏ်တရားတို့ကို။ သေဝိဿာမိ၊ မှီဝဲအံ့။ ဥစ္ဆိဇ္ဇိဿာမိ၊ စွန့်အံ့။ ဣတိ အာဒိနာ နယေန၊ ဤသို့ အစရှိသော နည်းဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ ဥပဂမနံ၊ စွဲလမ်းခြင်းသည်။ ဂဟနံ၊ ယူခြင်းသည်။ ပရာမသနံ၊ သုံးသပ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့ စွဲလမ်းခြင်း ယူခြင်း သုံးသပ်ခြင်းသည်။ ဥပါဒါနံ နာမ၊ ဥပါဒါန် မည်၏ နော် (မှန်ပါတယ်ဆရာ)၊ စွဲလမ်းတာ။ ဒါတစ်စုံတစ်ခုသော ကံကိုပြု၊ ဒီကံဟာ ဘဝအထောက်အပံ့ ဖြစ်စေတတ်တဲ့ကံပဲ။ ဘဝသစ်ကို ဖြစ်စေတတ်တဲ့ ကံပဲလို့ ဒီကံတွေရှိတယ်လို့ သူတော်ကောင်း တရားနာကြားရတော့ ဒီကံတော့ ငါလုပ်လေဦးမှပဲ။ ဒီကံလုပ် ဒီဘဝမျိုးတော့ ရောက်မှာပဲ။ ဒီဘဝ ရောက်လို့ရှိရင်ဖြင့် ငါးဖြာအာရုံ ကာမဂုဏ်ချမ်းသာမှုက သိပ်ပြီးတော့ ပေါများဆိုပဲ, ပြည့်ဝဆိုပဲလို့ သတင်းစကားကြား။

အဲဒီလိုဘုံဌာန ရောက်လို့ရှိရင် ငါးဖြာအာရုံ ကာမဂုဏ်တရားတွေ ငါခံစားလိုက်အုံးမယ်။ သို့မဟုတ် ဒီငါးဖြာအာရုံ ကာမဂုဏ်တရားတွေ ဒီဘုံဒီဘဝ ရောက်လို့ရှိရင်ဖြင့် ငါစွန့်လွှတ်တော့မယ်။ အဲသလို အနေအားဖြင့် စွဲစွဲလမ်းလမ်းနဲ့ ယူခြင်းသုံးသပ်ခြင်း စွဲလမ်းခြင်းသည် ဥပါဒါန် မည်၏ ဟူ၍ မှတ်။ ဥပါဒါန်ဘယ်နှစ်ပါးရှိ (လေးပါးပါဆရာ)၊ ဘယ်သူတွေတုံး (ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်ပါဆရာ)၊ ကာမုပါဒါန်ဆိုတာ ဘာခေါ်တုံး (ငါးဖြာအာရုံ ကာမဂုဏ် စွဲလမ်းတာပါဆရာ)၊ ဒိဋ္ဌုပါဒါန်ဆိုတာ ဘာခေါ်တာတုံး (အယူအားဖြင့် စွဲလမ်းတာပါဆရာ)၊ သီလဗ္ဗတုပါဒါန်ဆိုတာ ဘာခေါ် တာတုံး (အကျင့်အားဖြင့် စွဲလမ်းတာပါဆရာ)၊ အတ္တဝါဒုပါဒါန် ဆိုတာ ဘာခေါ်တုံး (ငါ့ကိုယ်ပဲလို့ စွဲလမ်းတာပါဆရာ)၊ ကာမုပါဒါန်တုန်းက ငါးဖြာအာရုံ ကာမဂုဏ် စွဲလမ်းမှုဆိုတဲ့ ဥပါဒါန်တုန်းက ဘာသက်သေဝတ္ထုပြတုံး (မုဒုလက္ခဏာပါဆရာ)၊ ဒါတော့ ကောင်း

http://www.dhammadownload.com



ကောင်း မှတ်မိတယ်။ ဟင်း - ဒိဋ္ဌုပါဒါန်တော့ ဘယ်သက်သေပြ မသိပြန်ဘူးတဲ့။ (ရုဇာဆိုတဲ့ မင်းသမီးပါဆရာ)၊ ဟာ သူမှတ်ချင်တာ သူမှတ်ထားတာနော်၊ ပွိုင့်နဲ့ မှတ်ထားတာ။ သင်္ဂီတိမင်းကြီး ဝတ္ထု မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကြုံကြုံဖန်ဖန် အခေါ်ခက်တဲ့ ရုဇာမင်းသမီးတော့ သွားမှတ်မိတယ်။ ရုဇာမင်းသမီးက အယူမှားသွားတာ မဟုတ်ဘူး၊ သင်္ဂီတိမင်းကြီးက မှားတာ၊ သမီးတော်ရုဇာက ပြင်ပေးရတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ တကယ့်တရားခံတော့ မိအောင်မဖမ်းဘူး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "နတ္ထိ ဒိန္နံ နတ္ထိ ယိဋ္ဌံ" ဒိန္နံ၊ အလှူပေးခြင်းသည်။ နတ္ထိ၊ အကျိုးမရှိ။ ယိဋ္ဌံ၊ ယဇ်ကြီးယဇ်ငယ် ကျွေးခြင်း ပေးခြင်း ပူဇော်ခြင်းသည်။ နတ္ထိ၊ အကျိုးမရှိ။ အလှူဒါနလုပ်နေတာ အလကား အကျိုးမရှိဘူး။ အလှူဆိုတာ မိုက်တဲ့လူက လှူတယ်။ လိမ္မာတဲ့ လူကယူတဲ့ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အယူအားဖြင့် မှားသွားတယ်။ ဒါ ဒိဋ္ဌုပါဒါန်လို့ ခေါ်တယ်။

သီလဗ္ဗတုပါဒါန်ကြ ဘယ်သူသက်သေပြ (သုနက္ခတ္တရဟန်းပါဆရာ)၊ သုနက္ခတ္တရဟန်းနော် (မှန်ပါတယ်ဆရာ)၊ ခွေးအကျင့် နွားအကျင့် ဒီအကျင့်မျိုးမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီး ရောက်မယ် ရမယ်လို့ ဒီလိုအယူလွဲတဲ့ အနေအားဖြင့် ဒီလိုအကျင့်မျိုးမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာရမယ် ဆိုတဲ့ အကျင့်က သီလဗ္ဗတုပါဒါန် သီလဗ္ဗတအကျင့်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီအကျင့်မျိုးကို ယုံကြည်စွဲလမ်းသွားတာ သီလဗ္ဗတုပါဒါန်လို့။ အတ္တဝါဒုပါဒါန်ကြ ဘယ်သူပြ (သစ္စက ပရိဗိုဇ်ပါဆရာ)၊ သစ္စကပရိဗိုဇ် အတ္တဝါဒကိုကွ နော် (မှန်ပါတယ်ဆရာ)၊ အတ္တဝါဒတဲ့။ တို့ဘုရား ကိုယ်တော်မြတ်က အနတ္တဝါဒ၊ ဘုရားမပွင့်ခင်တုန်းက လောကကြီးတစ်ခုလုံးက အတ္တဝါဒနဲ့နေကြ၊ ငါရှိတယ် ငါ့ကိုယ်ရှိတယ်၊ လူရှိတယ်၊ ယောကျ်ားရှိတယ်၊ မိန်းမရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါရှိတယ်၊ တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ စကြဝဠာ လောကဓာတ် နေ လ နက္ခတ်တာရာ အဖြာဖြာ ရှိတယ်၊ ဘုံတွေဗိမာန်ရှိတယ်လို့ အတ္တဝါဒအားဖြင့် စွဲလမ်းပြီး ယုံကြည်ပြီး နေကြတယ်။

တို့ဘုရားကိုယ်တော်မြတ် ပွင့်တော်မူတဲ့အချိန်ကစလို့ တို့ဘုရားကိုယ်တော်မြတ်က ဒီဝါဒဆိုး ကြီးတွေ ချိုးဖဲ့ဖျက်ဆီးလို့ အစွပ်စွဲလည်း ခံရ ဝိဘဇ္ဇဝါဒီတဲ့။ တို့ဘုရားကိုယ်တော်မြတ် ပွင့်တော်မူ လာတဲ့အခါကြတော့ သဗ္ဗညုတရွှေဉာဏ်တော်မှာ မြင်တော်မူတဲ့အတိုင်း တရားစစ် တရားမှန်တွေ ထုတ်ဟောတော့ လောကကြီးဖြစ်ပေါ်နေတဲ့ တရားနဲ့က အရှေ့နဲ့အနောက် နော် (မှန်ပါတယ်ဆရာ)၊ ပြောင်းပြန်ဖြစ်မသွားဘူးလား (ပြောင်းပြန်ဖြစ်သွားပါတယ်ဆရာ)၊ ပြောင်းပြန်ဖြစ်သွားတော့ တို့ဘုရား မပွင့်ခင်က ပွင့်နေတဲ့ ဘုရားလက်ဟောင်း အမည်ခံနေတဲ့ မက္ခလိဂေါသာလ ပူရဏကဿပ အစ

http://www.dhammadownload.com



ရှိတဲ့ ဝါဒသမားတွေက ဘာပြောတယ်၊ တီးတိုးစကား ပြောကြတယ် အရပ်ထဲမှာနော်၊ မကြားခဏ ပြောကြတယ်။ ဂေါတမက ဝိဘဇ္ဇဝါဒီတဲ့၊ သူ့ဝါဒ အဟုတ်ထားပြီးတော့ တစ်ပါးသော ဝါဒချိုးဖဲ့ ဖျက်ဆီးတတ်တဲ့ သတ္တိရှိတယ်၊ ဝိဘဇ္ဇဝါဒီ နော် (မှန်ပါတယ်ဆရာ)။ ဒီတော့ ရဟန်းတော်များ မြတ်စွာ ဘုရားကိုယ်တော်မြတ် လျှောက်တယ်။ အရှင်ဘုရားတဲ့ မြို့တွင်း ရွာတွင်းသွားတဲ့အခါကြတော့ တစ် ဘက်သောပုဂ္ဂိုလ်များက စွပ်စွဲကြပါတယ်တဲ့။ ရှင်ကြီးဂေါတမ ဝိဘဇ္ဇဝါဒီသမားပဲ။ တစ်ဘက်သော ဝါဒ ချိုးဖဲ့ဖျက်ဆီး၍ မိမိဝါဒသာ အမှန်ထားပြီးတော့ ဟောလေ့ ပြောလေ့ရှိတယ်လို့။ အရှင်ဘုရား စွပ်စွဲပါတယ်ဘုရားဆိုတော့ အေး-ဟုတ်တယ်တဲ့၊ ငါဟာ ဝိဘဇ္ဇဝါဒီပဲလို့ ဝန်ခံတယ်။ ဒါပေမယ့် သူတစ်ပါး မှန်ကန်စွာ တိကျစွာ ဟောပြောနေတဲ့ ဝါဒမျိုးကို ချိုးဖဲ့ဖျက်ဆီးတဲ့ အနေအားဖြင့် ငါဝိဘဇ္ဇဝါဒီ မဟုတ်ပါဘူးတဲ့။ လောကကြီး တစ်ခုလုံးမှာ အကုန်လုံး တစ်ပြုံလုံး အမှားအယွင်းတွေ ဖြစ်နေတဲ့ကြားထဲ ငါဘုရားကိုယ်တော်မြတ်က အမှန်ဆုံးဆိုတဲ့ လမ်းစဉ်ချလိုက်တော့ အမှန်ဆုံးလမ်းစဉ်နဲ့ ဆန့်ကျင် ဘက်ဖြစ်သမျှ ဝါဒတွေက မချိုးဖဲ့သော်လည်း ချိုးဖဲ့ဖျက်ဆီးပြီးသား ဖြစ်နေတယ်တဲ့။ မှန်တယ်တဲ့ သူတို့ပြောတဲ့စကား၊ ဘုရားကိုယ်တော်မြတ် ဝန်ခံတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဝိဘဇ္ဇဝါဒီ။

အဲဒါကြောင့် တို့ဘုရားကိုယ်တော်မြတ် မပွင့်ခင်တုန်းကတော့ အတ္တဝါဒနဲ့နေတာ၊ လောကကြီး လူ့လောက နတ်လောက ဗြဟ္မာ့လောက။ ဒါပေမယ့် အရိယာလောက မပါဘူး။ အန္ဓလောက ပြော တယ်။ အန္ဓပုထုဇဉ်လောကကတော့ အတ္တဝါဒနဲ့နော် (မှန်ပါတယ်ဆရာ)၊ ငါရှိတယ်၊ ငါ့ကိုယ်ရှိ တယ်၊ ပုဂ္ဂိုလ်ရှိတယ်၊ သတ္တဝါရှိတယ်၊ အသက်လိပ်ပြာရှိတယ်၊ အကောင်အထည် ဒြပ်သဏ္ဌာန် ရှိတယ်၊ တုံး တိုင် တော တောင် ရေ မြေ သမုဒ္ဒရာ စကြဝဠာလောကဓာတ် ရှိတယ်၊ ဒီဝါဒနဲ့ နေကြ။ တို့ဘုရားကိုယ်တော်မြတ် ပွင့်တော်မူတဲ့အခါမှ အတ္တဝါဒ အတ္တနိယဝါဒဆိုတာ မဟုတ်ဘူးဟေ့ မှား နေတယ်၊ ချစ်သားတို့ ချစ်သမီးတို့ ဒီဝါဒစွဲနဲ့သာ အမြဲနေလို့ သေကြမယ်ဆိုရင်ဖြင့် အပါယ်က လွတ်မယ် မဟုတ်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါတောင် သဗ္ဗညုတရွှေဉာဏ်ရှင်က အစဉ်အလာအားဖြင့် ဓမ္မနိယာမဖြစ်ပုံတွေ ချပြီးတော့ အလုံးစုံပြန်ပြီး ဟောပြ အနတ္တဝါဒ၊ အတ္တမဟုတ်ဘူး အနတ္တ နော် (မှန်ပါတယ်ဆရာ)။ အဲဒီမှာ အတ္တနဲ့အနတ္တပြိုင်ပွဲကြီးပေါ့။ ဒါကြောင့် သစ္စကပရိဗိုဇ် နောက် ဆုံးထားပြီးတော့ ဒီပြိုင်ပွဲမှာ သစ္စကပရိဗိုဇ်တို့ လက်မြှောက်သွားရ။ အတ္တဝါဒ ငါပြတဲ့ အတ္တဝါဒ ငါယူတဲ့ အတ္တဝါဒ လားလားမှ မဟုတ်ပါလားလို့၊ ရုတ်တရက်အားဖြင့် ဝန်ခံသွားရှာရတယ်။ အဲဒီ အတ္တစွဲက တို့ဘုရားကိုယ်တော်မြတ်က လေးဆယ့်နဲ့ငါးဝါတိုင်တိုင် ကိုယ်တော်တိုင်အားဖြင့် ဒီအနတ္တ ဝါဒကြီးချပြလို့ သဘောရှင်းတဲ့ မနောလင်းတဲ့ ပုဂ္ဂိုလ်များလည်းပဲ သံသရာဝဋ်တွင်းက လွတ်ကင်း

http://www.dhammadownload.com



ကုန်ကြပြီလို့၊ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံယူပြီးတဲ့ နောက်ပိုင်းလည်းပဲ တောက်လျှောက် အာစရိယပရမ္ပရာ သိဿာနုသိဿ-ဆရာအဆက်ဆက် တပည့်အဆက်ဆက် တစ်လက်မှ တစ်လက် ကမ်းကမ်းပြီးတော့ ဒီအနတ္တဝါဒကြီးကို တကယ့်ပညာရှိသူတော်ကောင်း အပေါင်းတွေက ကောင်းသော စိတ်ထားဖြင့် နားလည်မှုရအောင် ဆိုပြီးတော့ ဒီသာသနာကြီး တစ်စနဲ့တစ်စ ပြုပြု ပြုပြုလာကြ။ ယုံတဲ့ပုဂ္ဂိုလ်လည်း ရှိတယ်၊ မယုံတဲ့ပုဂ္ဂိုလ်လည်း ရှိတယ်၊ မယုံတဲ့ပုဂ္ဂိုလ်ကလည်းပဲ ရေတွက်လို့ ကုန်နိုင်စရာ အကြောင်းမရှိ။ ယုံတဲ့ပုဂ္ဂိုလ်ကတော့ အနည်းငယ်ခန့် ဒီအတိုင်းလာခဲ့တာ ကနေ့အထ ပေါ့ကွနော် (မှန်ပါတယ်ဆရာ)။ အဲဒါကြောင့် အတ္တစွဲဆိုတဲ့ အတ္တဝါဒ အတ္တနိယဝါဒနဲ့သာ သွားနေမယ် ဆိုရင်ဖြင့် အပါယ်လေးပါးက လုံးလုံးကြီး လွတ်စရာ အကြောင်းမရှိဘူး။ အပါယ်လေးပါးတော့ တန်းလို့ နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်ကြောက်စရာကောင်းတယ် မှတ်တုံး မှတ်ထားနော်။ ကိုယ့်တန်းလေး ကိုယ်ပြန်ပြန်တွေးကြည့်ကြ။

တို့ သင်တန်းသူ သင်တန်းသားတွေကတော့ အတ္တဝါဒ ယုံကြည်သေးလားဟ (မယုံကြည်တော့ ပါဘူးဆရာ)၊ ဘာဝါဒ ယုံကြည်သွားတုံး (အနတ္တဝါဒ ယုံကြည်သွားပါတယ်ဆရာ)၊ အေး-အနတ္တဝါဒ ယုံကြည်သွားပြီ၊ ယုံကြည်တယ်ဆိုတာက၊ အပြောကောင်းလို့ဟ။ သူပြောရင် မယုံမရှိဘူး။ ယုံတတ်တာပဲဟ။ ဒီလို အယုံမျိုးလား မိမိဉာဏ်မှာ တကယ်ရှင်းလင်းပြတ်သားလို့ အနတ္တဝါဒ ယုံတာလား (ဉာဏ်နဲ့ ပြတ်သားလို့ ယုံကြည်တာပါဆရာ)၊ ဩော်-မိမိတို့ဉာဏ်ထဲမှာ အသီးသီးပြတ်သားနားလည် လို့ အနတ္တဝါဒ ဟုတ်ပေတယ်လို့ ဝန်ခံသွားတာပေါ့ (မှန်ပါတယ်ဆရာ)၊ အဲဒါလေး သေချာကြည့်။ ဒါကြောင့် တို့ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းမှာ ပြထားတာ။

"သင်္ခါရာနံ လက္ခဏေ သမ္မူဠ္ဟော သင်္ခါရာနံ သဘာဝလက္ခဏသာမညလက္ခဏဉ္စ အသလ္လ- က္ခေတွာ သင်္ခါရာနံ အတ္တတော အတ္တနိယတော သုခတော ဓုဝတော သုဘတော စ ဝိကပ္ပေတိ"

သတ္တဝါတွေ ဘာကြံနေတုံးတဲ့။ ရုပ်နာမ်ဓမ္မ သင်္ခါရဆိုတဲ့ သဘာဝတော့ သဘာဝလက္ခဏာ လည်း မသိ။ သာမညလက္ခဏာ လည်းမသိ။ ဒါကြောင့် သင်္ခါရာနံ၊ ရုပ်နာမ်ဓမ္မခေါ်ထားတဲ့ သင်္ခါရ တရားတို့၏။ လက္ခဏေ၊ သဘာဝလက္ခဏ သာမညလက္ခဏာဆိုတဲ့ လက္ခဏာနှစ်ပါး၌။ သမ္မူဠ္ဟော၊ တွေဝေသော အန္ဓပုထုဇဉ်သူမိုက်သည်။ သင်္ခါရာနံ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားနှစ်ပါးတို့၏။ သဘာဝ- လက္ခဏဉ္စ၊ သဘာဝလက္ခဏာကိုလည်းကောင်း။ သာမညလက္ခဏဉ္စ၊ သာမညလက္ခဏာကိုလည်း ကောင်း။ အသလ္လက္ခေတွာ၊ လုံးလုံးကြီး ပိုင်းခြားနားမလည်သည်ဖြစ်၍။ သင်္ခါရာနံ၊ ရုပ်နာမ်ဓမ္မသင်္ခါရ

http://www.dhammadownload.com



တရားတို့၏။ အတ္တတော၊ ငါဟူ၍ ငါ့ကိုယ်ဟူ၍။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အတ္တနိယတော၊ ငါပိုင်ဥစ္စာ ပစ္စည်းဟူ၍။ သုခတော၊ ချမ်းသာ၏ဟူ၍။ ဓုဝတော၊ မြဲ၏ဟူ၍၊ သုဘတော၊ တင့်တယ်၏ ဟူ၍။ ဝိကပ္ပေတိ၊ အမြဲတစေ ကြံဆ၍ နေ၏။

ကြည်စမ်း သင်တန်းပြင်မှာ သေချာကြည့်စမ်း ငါဂုဏ်ဖော်တာ မဟုတ်ပါဘူး၊၊ သင်တန်း ဧရိယာအတွင်း မဝင်ဘဲနဲ့ ပြင်ပက နေကြတဲ့လူတွေ တို့ပခုက္ကူမြို့ကြီး လူဦးရေပေါင်း သုံးသောင်းကျော် ရှိတယ်။ သင်တန်းတက်တာ သုံးထောင်ကျော် နော် (မှန်ပါတယ်ဆရာ)၊ မပြောပလောက်ပါဘူး။ အဲဒီ သင်တန်းဧရိယာထဲ မဝင်ဘဲနဲ့ အပြင်ဘက်ထွက်နေတဲ့ ယောင်တောင်ယောင်တောင်နဲ့ ကိုယ့် ကိုယ်ကိုယ် အဟုတ်ထင်တဲ့လူက တစ်မျိုး၊ တကယ်သွေးနားထင်ရောက်နေတဲ့လူက တစ်မျိုး၊ ဘဝင် မြင့်နေတဲ့ လူကတစ်မျိုး၊ အထင်ကြီးနေတဲ့လူက တစ်မျိုး၊ အဲဒါ ပုဂ္ဂလ ဓိဋ္ဌာန်အနေအားဖြင့် နှိမ်ချလို့ ပြောတာ မဟုတ်ပါဘူး။ ဒီပါဠိအရအားဖြင့် ကြောက်စရာ ကောင်းလိုက်တာလို့၊ ဘာတွေတုံးလို့ အယူဝါဒလျှောက်ကြည့်တော့ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ဆိုတဲ့ အယူဝါဒတွေ မဟုတ်လား (မှန်ပါတယ် ဆရာ)၊ များသောအားဖြင့်၊ တချို့လည်းပဲ တို့သင်တန်း မလိုက်ပေမယ့် ဆရာကောင်းထံနည်းခံလို့ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူး၊ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ဆိုတဲ့ အတ္တဝါဒ မယုံဘူး၊ အနတ္တဝါဒ ယုံတယ်ဆိုတာနဲ့ အချို့အချို့သော အနည်းငယ်ခန့် ရှိမပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် များသောအားဖြင့် ပြောရတယ်။ များသောအားဖြင့် သင်တန်းဧရိယာ ပြင်ဘက်ထွက်ကြည့်။ ငါဟုတ်ဟ၊ ငါ့ကိုယ် ဟုတ်တယ်ဟ၊ ငါလူဟ၊ ငါယောက်ျားဟ၊ ငါမိန်းမဟ၊ ငါ ပုဂ္ဂိုလ် ငါသတ္တဝါ ငါ့အသက်နဲ့ ငါ့ခေါင်းနဲ့ လက်နဲ့ ကိုယ်နဲ့ ခြေနဲ့ အထည်ဒြပ်သဏ္ဍာန်နဲ့ ငါ အကောင်အထည်ပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီဝါဒသမားတွေ မဟုတ်လား (မှန်ပါတယ် ဆရာ)၊ ဘာဖြစ်လို့ ဒီဝါဒစွဲနေလဲဆိုတော့ -

"သင်္ခါရာနံ လက္ခဏေ ဝိမုဠှော"လို့။ သင်္ခါရာနံ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏။ လက္ခဏေ၊ မှတ် ကြောင်းလက္ခဏာ၌။ ဝိမုဠှော၊ တွေဝေသော။ (ဝါ) မသိမမြင်သော နားမလည်သော အန္ဓပုထုဇဉ် သည်။ မသိဘူးတဲ့။ ရုပ်တစ်လုံးမှလည်း မသိဘူးတဲ့၊ နာမ်တစ်လုံးမှလည်း မသိဘူးတဲ့။ ဒါပေမယ့် သာသနာကြီးနဲ့တော့ တွေ့နေပေါ့ နော် (မှန်ပါတယ်ဆရာ)၊ သာသနာတွင်း လူလာဖြစ်ရတဲ့အခါ ကြတော့ အခါကောင်းကြီးပဲလို့ ဘာသိလဲဆိုတော့ ဘာမှမသိဘူး ရုပ်တစ်လုံးမှလည်း မပြတ်သား၊ နာမ်တစ်လုံးမှလည်း မပြတ်သားတဲ့၊ မပြတ်သားလို့ ငါပြတ်သားအောင် ကြိုးစားပါ့မယ်လို့ ဒီလို အသိဉာဏ်လည်း မပေါ်ဘူး။ မပေါ်တော့ အဖော်လုပ်နေတဲ့ ပုဂ္ဂိုလ်များကလည်းပဲ ဟ နင်ဒီလိုမျိုး နေလို့ တော်ပါ့မလား၊ သာသနာနဲ့ တွေ့တဲ့ ကြုံတဲ့အခါ အင်မတန်ရခဲတဲ့ လူ့ဘဝ ဒုလ္လဘကြီး ရထား

http://www.dhammadownload.com



ပြီးတော့ ဒီလိုနေပြီး ဒီလိုသေလို့ဖြင့် ဘဝဆုံးတော့မပေါ့ ရှုံးတော့မပေါ့။ ဘာမှ ပင်ပန်းဆင်းရဲတာ မဟုတ်ဘူး အမှန်အားဖြင့်၊ ရုပ်တစ်လုံး သိအုံးတော့ နာမ်တစ်လုံးသိအုံးတော့ ခန္ဓာငါးပါးသ်အုံး တော့ပဲ အနည်းဆုံးအားဖြင့် အဲသလောက်ပြတ်သားသွားရင်ဖြင့် ရုပ်နာမ်ဓမ္မ သင်္ခါရတရား နားလည် သွားရင် ပုဂ္ဂလ သတ္တ အတ္တ ဇီဝ သုဉ်းဆိတ်သွားလို့ ဉာဏ်ထဲ အနတ္တဝါဒ ပေါ်လာရင်ပဲ တော်လောက် ပေါ့ဟဲ့၊ ဒီအချိုးမှ နင်ရောက်အောင် မကြိုးစားနိုင်ဘူးလားလို့ အကျိုးလိုလားတဲ့ အနေအားဖြင့် တိုက်တွန်းနှိုးဆော်မယ့် အဖော်ကလည်း မရှိ။ ဘာပြုလို့ သူလိုငါလိုကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အတူတူပဲ တစ်ယောက်ကြည့်လည်း ဒီအတိုင်း၊ တစ်ယောက်ကြည့်လည်း ဒီအတိုင်း၊ မနှိုးလည်း မနှိုးဆော်ဘူး၊ တိုက်လည်း မတိုက်တွန်းဘူး ဒီလိုကြည့်နေကြတာ၊ သနားစရာ အင်မတန်ကောင်း ပါတယ်လို့။

ဒါကြောင့် ဒီရုပ်တစ်လုံး နာမ်တစ်လုံးမှ မပြတ်သားတော့ ဘယ်နဲ့ဖြစ်နေလဲ ဆိုတော့ ငါဟုတ် တယ်၊ သူဟုတ်တယ်၊ ပုဂ္ဂိုလ်ဟုတ်တယ်၊ သတ္တဝါဟုတ်တယ်၊ ယောကျ်ား မိန်းမ ဟုတ်တယ်၊ အသက် လိပ်ပြာ ဟုတ်တယ်၊ ငါခြေထောက်နဲ့ လက်နဲ့ ကိုယ်နဲ့ အထည်ဒြပ်သဏ္ဌာန်နဲ့ ငါအကောင်အထည်ပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီအစွဲနဲ့ နေရော့၊ အဲဒီအစွဲနဲ့ နေပြီးတော့ အဲဒီအစွဲနဲ့ သေ တော့ ဘယ်သွား (အပါယ်လေးပါးသွားပါတယ်ဆရာ)၊ အေး-အဲဒါ ဝဋ္ဋကထာခေါ်ထားတဲ့ ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော်မှာ သမ္မောဟဝိနောဒနီအဋ္ဌကထာဆရာ ဖွင့်ထားတာလို့ နော် (မှန်ပါတယ် ဆရာ)၊ အင်မတန် ကြောက်စရာကောင်းတယ်။ သွားမှာပဲတဲ့ အပါယ်ကိုတန်းလို့။ ကိုယ့်ဘဝလေးမှ ကိုယ်နှမြောကြရင် ကြိုးစားသင့်ပါတယ်လို့။ ဘာမှ ပင်ပန်းတာ မဟုတ်ဘူး။ ဘာမှ ဝန်လေးတာ မဟုတ်ဘူး။ သင်တဲ့ကြားတဲ့ပုဂ္ဂိုလ်က သင်ကြားပေး၊ ကိုယ်က လာထိုင်ပြီးတော့ နာရုံ မှတ်ရုံလေးပဲ။ ဒါအမှန်ကတော့ ကြောက်စိတ်ကို မရှိလို့၊ တစ်နည်းအားဖြင့်လည်းပဲ လောဘ ဒေါသ မောဟ ဆိုတဲ့ တရားတွေက များပြီးနေတော့ မိမိရဲ့ သံသရာဖြစ်စဉ်လေးမှ လမ်းစဉ်လေးမှ တွေးတောတဲ့ အချိန် ကာလမရတဲ့ လူစားမျိုးခေါ်တယ်။ တစ်နေ့နေ့ ငါသေရတော့မှာပဲ ဒီအတိုင်းကြီး မသေပဲတော့ နေမှာမဟုတ်ဘူး သေတော့မှာပဲ၊ သေရအုံးတော့မှာပဲ၊ အသက်အတိုင်း နေအုံးတော့ နှစ်ပေါင်း တစ်ရာအပြင် ပိုမနေရဘူး။ တစ်ရာကြတော့ ငါသေရတော့မယ်။ သေတာတော့ ဟုတ်ပါပြီ၊ မနေရလို့ သေရတယ် ထားပါတော့ ဖြစ်ချင်လိုက်တာလည်း ဒီဘဝမျိုး ပြန်ပြီးတော့ အစားထိုးချင်တယ်။ ဒါပေမယ့် ကြိုးစားမှုကြည့်လိုက်တော့ ဝေးလိုက်တာ။ ငါသေရင် ဘယ်များ သွားမလဲ၊ ဘယ်များ ဖြစ်မလဲလို့ ရှေ့ရေးလေးတောင်ပဲ တွေးဖော်မရဘူး မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ တွေးတတ်တဲ့ပုဂ္ဂိုလ်

http://www.dhammadownload.com



တွေးဖော်ရတဲ့ပုဂ္ဂိုလ်က ဘယ့်နဲ့နည်းမှ စိတ်အေးလက်အေး ဒီတိုင်း မနေဘူး။ ရှာမယ်နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မတော်တဆ ငါ ဒီအတိုင်းများ သေရင် အပါယ် လေးပါးများလားရင် ခက်လှချည်ရဲ့။ ဒီလို စိုးရိမ်ကြောင့်ကြတွေရှိနေတဲ့ ပုဂ္ဂိုလ်က အလကားနေပါ့ မလားဟ (မနေပါဘူးဆရာ)၊ အားကိုးရာရှာမယ် မဟုတ်လား (ရှာမှာပါဆရာ)။

ခုတော့ သူ့ကြည့်လည်း အတူတူ၊ ငါ့ကြည့်လည်း အတူတူ ဒီတိုင်းနေတာပဲ။ ပျော်စရာရှိ ပျော်လိုက်၊ မော်စရာရှိ မော်လိုက်၊ ကြွားစရာရှိ ကြွားလိုက်၊ တုစရာရှိ တုလိုက်၊ ပစရာရှိပလိုက်။ အဲဒါမျိုးကဖြင့် မတိုက်တွန်းပါဘူး။ ရွှရွှ ရွှရွှ ရွှရွှနဲ့ နေတာပဲ တစ်ခါတည်း၊ ကြွကြွ ကြွကြွနဲ့ ဘယ့်နဲ့ဖြစ်နေလဲဆိုတော့ တိရစ္ဆာန်သာသာရှိတယ်လို့ အတွေးအခေါ် အမြော်အမြင်လည်း မရှိ ကြဘူး။ ဆင်ခြင်မှုလည်း မရှိကြဘူး။ ကြောက်စိတ်လည်း မရှိကြဘူး နော် (မှန်ပါတယ်ဆရာ)၊ သနား စရာသိပ်ကောင်းတယ်လို့။ ဒါကြောင့် ဒီသင်တန်း အပင်ပန်းခံပြီးတော့ တက်ကြတဲ့ သင်တန်းသူ သင်တန်းသားများ မှတ်သားကြစမ်းပါ။ တို့ကို တို့ပြန်ပြီးတော့ စစ်ဆေးကြည့်လို့ရှိရင်လို့ အခုတော့ တွေးလည်းတွေးရဲပြီပေ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ တွေးရဲပြီ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သံသရာရေးနဲ့ တွေးလို့ ရှိရင် ဝန်လေးစရာ ရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ ခုတော့ ရုပ်နာမ် ဓမ္မ သင်္ခါရဆိုတဲ့သဘာဝတွေလည်း တို့ သာမညလက္ခဏာ သဘာဝလက္ခဏာအားဖြင့် သိပြီ။ ပထဝီဆိုတာ ဘာလက္ခဏာရှိသလဲ၊ ပထဝီဓာတ်ရဲ့ အစအဆုံးလေး စဉ်းစားတဲ့အခါကြတော့ သဘောတရားသွား ဆုံးတယ်။ သဘောလေးရှိတာ၊ အကောင်အထည် အထည်ဒြပ်သဏ္ဌာန် လုံးဝရှာမရ နော် (မှန်ပါ တယ်ဆရာ)၊ ဒါ သဘာဝလက္ခဏာ ခေါ်တယ်။ အဲဒီ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းလေးချက်နဲ့ ဖြစ်နေတဲ့ ပထဝီဓာတ်ကလေးတစ်လုံးကိုက သေသေချာချာ ဉာဏ်အားဖြင့် စဉ်းစားကြည့်လို့ရှိရင်ဖြင့် အကြည့်လည်းမခံ၊ အထိလည်းမခံ၊ အကိုင်လည်းမခံ၊ လှစ်လှစ်လှစ်လှစ်နဲ့ ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်။ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်နဲ့ အသစ် အဟောင်းလေးတွေ ပြောင်းနေပါလားလို့၊ ဒါပေမယ့် တို့သင်တန်းသားတွေကတော့ ကြေကြေညက်ညက်ကလေး ရှိကြ ပြီနော် (မှန်ပါတယ်ဆရာ)၊ အနိစ္စအချက်ကလေးတွေ အဲဒါ သာမညလက္ခဏာ ခေါ်တယ်။ သဘာဝ လက္ခဏာလည်း သိပြီးသား၊ သာမညလက္ခဏာလည်း သိပြီးသား။

ဒါကြောင့် "သင်္ခါရာနံ လက္ခဏေ သမ္မူဠှော သင်္ခါရာနံ သဘာဝလက္ခဏာသာမညလက္ခဏာဥ္စ အသလ္လက္ခေတွာ သင်္ခါရာနံ အတ္တတော အတ္တနိယတော သုခတော ဓုဝတော သုဘတော စ ဝိကပ္ပေတိ" ဒီလို မမှတ်သား နားမလည်တဲ့ အန္ဓပုထုဇဉ်တွေကြတော့ ဘယ်နဲ့ဖြစ်သလဲလို့၊ ဒီရုပ်နာမ်

http://www.dhammadownload.com



ခန္ဓဆိုတဲ့ ရုပ်တရား နာမ်တရား နှစ်ပါးခေါ်ထားတဲ့ သင်္ခါရကို ရုပ်တရား နာမ်တရားနှစ်ပါးကို ကိုယ့်ကိုယ်ကိုယ် ရှိမှန်းမသိ၊ မသိတော့ ဘယ်နှဲ့ဖြစ်။ အတ္တတော၊ ငါဟူ၍ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ငါပဲဟ၊ ငါ့ကိုယ်ပဲဟ၊ ယောက်ျားပဲဟ၊ မိန်းမပဲဟ၊ ပုဂ္ဂိုလ်ပဲ၊ သတ္တဝါပဲ၊ အသက်လိပ်ပြာနဲ့ စွဲရော့ မစွဲဖူးလား (မှန်ပါတယ်ဆရာ)၊ ဒါအတ္တဝါဒ ခေါ်တယ်။ ဒါတင်လားတဲ့ - အတ္တတော၊ အတ္တနိယတောတဲ့။ ဒါတင်မကသေးဘူး ဟောဒါက ငါ့မယား၊ ဒါက ငါ့လင်၊ ဒါကငါ့သား။ ဒါက ငါ့မြေး၊ ဒါက ငါ့သမီး၊ ဒါကငါ့မြစ်၊ ဒါက ငါပိုင်တဲ့ ဘဏ္ဍာ ဥစ္စာရွှေငွေ ရတနာ အထွေထွေ ငါ့ဥစ္စာတွေပဲ အတ္တနိယဝါဒ၊ ငါရှိမှ ငါ့ပစ္စည်းရှိတော့မှာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အတ္တနိယဝါဒဆိုတာ အတ္တဝါဒကြောင့် ဖြစ်လာတာ စွဲရော့။ အဲဒါ စိတ်ထဲက အမြဲတစေ ယူဆနေတယ်၊ ဒါတင်လားတဲ့ မဟုတ်သေးဘူး၊ ဓုဝတောတဲ့။ အဲဒီ ရုပ်ခန္ဓ နာမ်ခန္ဓ ခေါ်ထားတဲ့ သင်္ခါရခန္ဓ ငါကောင်ကြီးလို့ စွဲထားတဲ့ အတ္တကြီးက မြဲတယ်တဲ့။ ဓုဝ-မြဲတယ်တဲ့နော် (မှန်ပါတယ်ဆရာ)။

တစ်သက်တစ်ခါ ပျက်သွားတယ် သေသွားတယ်ဆိုတာ သိတယ် မဟုတ်လား (သိပါတယ်ဆရာ)။ အဲဒီ တစ်သက်တစ်ခါ မသေခင် သေတဲ့အချိန်ထိ ဒီအတောတွင်းတော့ မပျက်ဘူး ခိုင်နေတယ်လို့ ယူမနေဘူးလား (ယူနေပါတယ်ဆရာ)၊ ယူလည်း ယူစရာကိုးကွ။ မင်းစဉ်းစားကြည့်စမ်း အဓိပ္ပါယ်အားဖြင့် လူတစ်ယောက်ဟာ မောင်ဖြူဆိုတဲ့ လူတစ်ယောက် မိဘလက်ထက်က မွေးဖွားပြီးလာတော့ သူတစ်စတစ်စနဲ့ ကြီးပြင်းလာ အိမ်ထောင်ရက်သားပါကျလို့ အသက်ငါးဆယ် ခြောက်ဆယ်အရွယ်ရှိတော့ မိဘလက်တွင်း သူနေစဉ်အခါတုန်းက အိမ်လေးက အိုဟောင်းနွမ်းသွားတော့ အိမ်လေးအသစ်ပြန်ဆောက်၊ မဆောက်ရဘူးလား (ဆောက်ရပါတယ်ဆရာ)၊ ဝင်းထရံတို့ ဘာတို့ ပြင်မကာရဘူးလား (ကာရပါတယ်ဆရာ)၊ အိမ်အိုတော့ ဟိုနေရာက အစားထိုး၊ ဒီနေရာက အစားထိုး ပြုပြင်မပေးရဘူးလား (ပေးရပါတယ်ဆရာ)၊ ဒီတော့ မောင်ဖြူက စဉ်းစားတယ်။ တစ်သက်တစ်ခါ သေတာဆိုတာ သူနားလည်တယ်။ ဒါတော့ သိတယ်။ ဒါပေမယ်လို့ အဲဒီ သေတဲ့အချိန်ထိ သူ့တစ်သက်မှာ ငါနေတဲ့အိမ်သာ တစ်ကြိမ်သော်လည်းကောင်း နှစ်ကြိမ်သော်လည်းကောင်း ဟောင်းနွမ်းပျက်စီးခြင်းကြောင့် အသစ်ပြန်၍ဆောက်ရ၏။ ငါ့ကိုယ်တော့ ဟောင်းနွမ်းသွားလို့ အသစ်တစ်ခါ ပြန်ဆောက်ရတယ် မရှိ။ ဘယ်နေရာက ဆွေးမြေ့ပျက်ဆီးသွားလို့ အစားထိုးရတယ်မရှိ။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်သက်မှာ တစ်ခါသေတာ၊ မသေခင် ကြားကတော့ လုံးလုံးလျားလျား ခိုင်မြဲတဲ့ ဓုဝသဘောရှိတယ်၊ မစွဲဖူးလား (စွဲပါတယ်ဆရာ)၊ အဲဒါ ဓုဝတော၊ ပြီးတော့ သုခတောတဲ့။ စိတ်အလိုလိုက် အကြိုက်ကလေးတွေနဲ့တွေ့ သုခလို့မှတ်။ ဒီခန္ဓာကောင် ဖြစ်လာတာကို သုခတရား

http://www.dhammadownload.com



မှတ်တယ်နော် (မှန်ပါတယ်ဆရာ)၊ သုဘတော တဲ့၊ ကိုယ့်ကိုယ်ကိုယ် တယ်ပြီးတော့ တင့်တယ်တယ်လို့ ထင်တယ်၊ သုဘထင်တယ်။ ရုပ်ချောတဲ့လူက ချောသလို၊ ရုပ်မလှတဲ့လူက မလှသလို၊ အိုတဲ့လူက အိုသလို အကြီးတန် မှန်ကြိုက် အိုလေ မှန်ကြိုက် နော် (မှန်ပါတယ်ဆရာ)၊ ကိုယ့်ကိုယ်ကိုယ်တော့ တယ်ပြီးတော့ လှတယ်ထင်တယ် ဒါ သုဘ။

ဒါကြောင့် "အတ္တတော အတ္တနိယတော သုခတော ဓုဝတော သုဘတော စ ဝိကပ္ပတိ" ဒီလို ချည်းပဲ အမြဲတစေ မိမိတို့ အသိဉာဏ်လေးတွေထဲမှာနေပြီးတော့ ဒီအသိဉာဏ်နဲ့သာ သေရင်တော့ ဘယ်သွားမတုံး (အပါယ်လေးပါးသွားမှာပါဆရာ)၊ ဟော-တန်းလို့နော် (မှန်ပါတယ်ဆရာ)၊ သံသရာမှာ အဓောဂမနည်းအားဖြင့် ခရီးသွားနေကြရတယ်။ ကြောက်စရာကောင်းလိုက်တာလို့ သူတို့ မသိရှာလို့၊ တကယ်သိတဲ့ ပညာရှိ သူတော်ကောင်း အပေါင်းကလည်း စိတ်ထဲတထိတ်ထိတ်နဲ့ သနားရှာတယ်။ ဖြစ်မှ ဖြစ်ရလေ၊ ပြောလို့လည်းမရ၊ လှည့်ပတ်ဖြားယောင်းလို့လည်းမရ၊ ပရိယာယ်နဲ့ ဆွဲဆောင်လို့ လည်း မရ။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကြည့်ပါကွာ တို့သင်တန်းကြီး ခု ဆယ့်နှစ်ထဲ ရောက်လာပေါ့။ အကယ်တန္တိ အခုလိုပဲ သတိသံဝေဂသာ ရှိကြမယ်၊ သတိလေးတွေသာ အမှန် ရကြမယ်ဆိုလို့ ရှိရင် သင်တန်းနေရာတောင် ဆန့်စရာမရှိဘူး။ ပခုက္ကူမြို့လည်း လူဦးရေ ကုန်ခမန်း သွားပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ တစ်လှည့်စီ တက်ကြ ယူကြမယ်ဆိုလို့ရှိရင် အပြေးအလွှား ပေါ့လို့။ အခုတော့ ယူရမှန်းလဲမသိ၊ လိုက်ရမှန်းလဲမသိ၊ ကြိုက်ရမှန်းလည်းမသိ နေလိုက်ကြတာ လို့။ အဲဒါ အသိဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကတော့ ဘယ့်နဲ့မြင်တုံး အဓိပ္ပါယ်ဆိုကြစို့ကွယ်။ အင်မတန်နက်တဲ့ ချောက်ကမ်းပါးကြီးဘက် အကွယ်အကာမရှိ အတားအဆီးမရှိတဲ့ ချောက်ကမ်းပါး ကြီးဘက် ဘာမှအသိအလိမ္မာ ဉာဏ်ပညာမရှိတဲ့ ကလေးတစ်ယောက် လျှောက်သွားနေတာနဲ့ မတူဘူးလား၊ ဟင်း (မှန်ပါ တယ်ဆရာ)။

အဲဒါ မင်းစိတ်ထဲ မင်းကိုယ်ထဲ ကြည့်စမ်းကွာ ချောက်ကမ်းပါးကြီးထဲကျ ရစရာမရှိဘူး။ အရိုး အသားတောင် ရှာလို့မရဘူး၊ အဲဒီချောက်ကမ်းပါးကြီးဘက်ကို လုံးလုံးကြီး အသိအလိမ္မာ ဉာဏ်ပညာ မရှိသော မတ်တတ်သွားစ အရွယ်ကလေးက တရွေ့ရွေ့နဲ့ လျှောက်သွားနေတယ်၊ မင်းစိတ်ထဲ ဘေးက မြင်နေတော့ ဘယ့်နဲ့နေ (အသဲတထိတ်ထိတ်နဲ့ နေပါတယ်ဆရာ)၊ တထိတ်ထိတ်နေတယ် (မှန်ပါ တယ်ဆရာ)၊ အေး အေး-ကျတော့မှာ နော် (မှန်ပါတယ်ဆရာ)၊ ကျတော့မှာပဲ၊ ကျတောမှာပဲ၊ ကျတော့မှာပဲ၊ သွားရှာတော့မှာ၊ သွားရှာတော့မှာ၊ အဲဒါ မင်း ဒီတိုင်းကြည့်နေချင်တဲ့ စိတ်ရှိပါ့မလား (မရှိပါဘူးဆရာ)၊ ဘယ့်နဲ့လုပ် (သွားခေါ်မှာပါဆရာ)၊ အေး- သွားခေါ်ရမှာ နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



အဲဒါ စိုးရိမ်မှု ကြောင့်ကြမှု ခေါ်တယ်။ ကျတော့မှာပဲလို့ ငါမခေါ်လို့ရှိရင် ခေါ်သူလည်း ဘယ်သူမှ မရှိ။ မုချ ကျတော့မှာပဲ၊ အဲဒီလို ပညာရှိ သူတော်ကောင်းများရဲ့ ဉာဏ်မျက်စိတော့ ဒီတိုင်း မြင်တယ်။ တစ်ပြုံတစ်ခေါင်းကြီး သွားတော့မှာပဲ သွားတော့မှာပဲ။ သမဝါယမစနစ်နဲ့ သွားမလား၊ ကွန်မြူစနစ်နဲ့ သွားမလား ဘယ့်နဲ့သွားမတုံး၊ သွားတော့မှာ သွားတော့မှာ ဟင်း (မှန်ပါတယ်ဆရာ)၊ တစ်ပြုံ တစ်ခေါင်းကြီး ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ မသိရှာဘူး။ ဒီလိုပဲ နေကြတယ်။

ဒါကြောင့် အင်မတန်မှ ကြောက်စရာကောင်းတဲ့ ကြောက်စရာကောင်းတယ်ဆိုတဲ့ အပါယ် ဘေးက ဒါ တာဝန်ခံ သင်တန်းလိုက်တဲ့ပုဂ္ဂိုလ်များ တကယ်ဝေးပါ၏၊ တကယ်အေးပါ၏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ တန်ဖိုးတွေ တန်ဖိုးတွေ။ ဒါကြောင့် သင်တန်းကလည်း တစ်ပတ်ဆုံးကာ နီးပြီ၊ ပဋိစ္စသမုပ္ပါဒ်ပြီးလို့ရှိရင် သစ္စာလေးပါး၊ သစ္စာလေးပါးပြီးရင် နိဗ္ဗာန်၊ နိဗ္ဗာန်ပြီးရင် သင်တန်း တစ်ပတ် ပြန်လှည့်ရတော့မယ်။ နည်းနည်းလောက် ခေတ္တလောက်နားပြုပြီးတော့ အဲဒီနောက် သင်တန်း တစ်ပတ်အစ မိမိနဲ့ အင်မတန် ချစ်ကျွမ်းဝင်လို့ ခင်မင်တဲ့ပုဂ္ဂိုလ်များ မိမိသံသရာကြီးမှာ ထောက်ရာ တည်ရာ ရသလို၊ သက်သာရာရသလို ရစေချင်တဲ့ ချစ်ကျွမ်းဝင်တဲ့ပုဂ္ဂိုလ်များ အခုကတည်းက နိုးဆော်ထားကြ။ ငါအရင်တုန်းကတော့ စည်းကမ်းလုပ်ထားတယ်။ သင်တန်းမှာ ရုပ်ခံတတ်ရှစ်ပါး ပြပြီးတဲ့နောက်ပိုင်းမှာ မခေါ်နဲ့တော့လို့၊ လူသစ်မခေါ်နဲ့တော့လို့ ငါမှာမှာထားတယ် နော် (မှန်ပါတယ်ဆရာ) ရုပ်ခံတတ်ရှစ်ပါး ပြပြီးတဲ့နောက်ပိုင်းမှာ လူသစ်ခေါ်လာတော့ ခမျာလည်းပဲ နိဒါန်းကစ မပါတော့ လက်က မခံနိုင်ဘူး၊ ငြီးငွေ့။ မသိပါဘူးလေ သူ့သင်တန်းလိုက်ရတာ ဘာတွေ မှန်းလဲ မသိဘူး၊ နားကလည်း မလည်နဲ့ အဲဒီလိုဖြစ်ကရော့ စိတ်ဟာ ပျက်သွားတတ်တာ၊ စိတ်ပျက် လို့ နောက်ပြန်ပြီးတော့ လန်သွားပြီဆိုမှဖြင့် ဒီလူ့နောက် ဘယ်တော့မှ ခေါ်မရဘူးနော် (မှန်ပါတယ် ဆရာ)။ သူ့အတွက် ဒါဆုံးရှုံးမှုပဲလို့။

ဒါကြောင့် ရုပ်ခံတတ်ရှစ်ပါးပြပြီးတဲ့ နောက်ပိုင်းမှာ လူသစ်ကို မခေါ်နဲ့၊ ခေါ်ချင်လို့ရှိရင် နောက် တစ်ပတ် သင်တန်းအစကခေါ်။ ဒီလိုပဲ ငါမှာမှာထား။ အခုနောက်ပိုင်းကြတော့ ဒီစည်းကမ်း လုပ်လို့ မရပါဘူးကွာ။ ဟိုပဋိစ္စသမုပ္ပါဒ်ရောက်မှာလည်း ပြေးခေါ်တာပဲဟ၊ သစ္စာလေးပါးကျမှာလဲ ခေါ်တာပဲ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဘာပြုလို့တုံးဆိုတော့ အဖော်ကလည်း အင်မတန်မှ မြင်စေချင်လွန်းလို့ မသိနေပစေပဟ၊ ကြားရ, နာရတဲ့ ကုသိုလ်က အင်မတန် တန်ဖိုးရှိနေတာဟ၊ လူဖြစ်ကျိုးနပ်နေတာ ကုသိုလ်တွေက နေ့စဉ်မပြတ်ရနေ ဘာမှ မသိဘူးထားဟ။ အင်မတန်းမြင့်တဲ့ နောက်ပိုင်း အတန်း *ကြီးက ဝင်လိုက်ပေမယ့်* သူ့အဖို့တော့ နာတဲ့ကုသိုလ်ကတော့ တန်ဖိုးမဖြတ်နိုင်အောင် မြတ်နေတယ်။

http://www.dhammadownload.com



ငါ့သူငယ်ချင်း ငါ့လူတော့ အဲဒီအမြတ်တွေ ထွက်ပေစေတော့ နောက်တစ်ပတ်ကျမှ ရေရေလည်လည် နဲ့ပြတ်ပြတ်သားသား အစကနေပြီးတော့ လိုက်စေတော့ မတတ်နိုင်ဘူး၊ အခုကတည်းက စခေါ် ရမယ် ဆိုတော့ အတင်းခေါ်၊ တချို့လဲပဲ လိုက်ကြပါတယ်။ အဲဒီနောက်ပိုင်းမှာ တော်တော်အခြေခံ ရင့်နေ မြင့်နေမှ လိုက်ကြတယ်၊ လိုက်ပေမယ့်လည်း တချို့လည်း အာရုံးစူးစိုက်လိုက်တော့ ဒီထဲကပဲ တော်သင့်သလောက်လည်း တော်ကြပါတယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ခုတစ်ပတ်သင်တန်းက စခါနီးပြီလို့ အင်မတန် မိမိနှင့် ချစ်ကျွမ်းဝင်တဲ့ ပုဂ္ဂိုလ်များရှိ ခေါ်ကြပါ။ ခုကတည်းက နှုတ်ဆက်ထားပါ၊ နှုတ်ဆက်ထားတော့လည်း သာမညဝတ်ကျေ တန်းကျေ မလုပ်နဲ့၊ ကိုယ်လည်းအကျိုးရှိ သူလည်းအကျိုးရှိ ဆိုသလိုပေါ့။ သင်တန်းမလိုက်မိလို့ရှိရင် ဘယ် ထိအောင် တို့မှာ အကျိုးယုတ်တယ်၊ နစ်နာတယ် ဆိုတဲ့ သဘောလေးတွေလည်း ပြော၊ သင်တန်းလိုက် မိလို့ရှိရင် ဘယ်ထိအောင် အကျိုးရှိ၊ ဘယ်ထိအောင် သာသနာနဲ့ တွေ့ကျိုး ကြုံကျိုး နပ်တယ်ဆိုတဲ့ သဘောလေးတွေလည်း ရှင်းပေး နော် (မှန်ပါတယ်ဆရာ)၊ အဲဒါပေမယ့် ယုံလောက်အောင် ပြောရတယ်၊ ပြောတဲ့ပုဂ္ဂိုလ်က ပေါ့ပေါ့ဆဆ ပြောတော့ တစ်ဘက်သားလည်း ပေါ့ပေါ့ဆဆဖြစ်တော့ မလိုက်ဘူး။ တစ်ဘက်သားလည်း လေးလေးနက်နက် ထိအောင် ပြောရမယ်၊ အစပြောကတည်းက မင်းအင်မတန်ချစ်လို့ မင်းငါတိုက်တွန်းတာ၊ မင်းငါပြောရအုံးမယ် ဒီကစ နော် (မှန်ပါတယ်ဆရာ)၊ ဟိုလူက စဆွဲပြောလို့ရှိရင် မင်း ငါအင်မတန်ချစ်လို့ စတာမဟုတ်လား (မှန်ပါတယ်ဆရာ)၊ မင်း ငါအင်မတန်မုန်းလို့ ပြောရတယ်ဆို လက်ခံပါ့မလား (ခံမှာမဟုတ်ပါဘူးဆရာ)၊ မင်း ငါအင်မတန် ချစ်လို့ဆိုတဲ့ စကားလေးက, စ၊ မင်း ငါအင်မတန် ခင်လို့, မင်း ငါအင်မတန်ချစ်လို့ တကယ် အမြတ် ဆုံးဆိုတဲ့ အကျိုးထူးတရားကြီး ရရာရကြောင်းအတွက်မို့လို့ ငါသက်သက်လာပြီးတော့ သည်းခံ ပြီးတော့ မင်းငါတိုက်တွန်းနေတာ, သတိပေးနေတာ, ဆွဲဆောင်နေတာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ပြောရတယ်။ အဲဒါ အပြောမတတ်ရင်လည်း တစ်ဘက်သားက ပိုပြီးတော့ လန်သထက် လန်သွားတတ်တယ်။

ဒါကြောင့် နောက်တစ်ပတ်သင်တန်းမှာ အစကနေပြီးတော့ လိုက်နိုင်အောင် အခုကတည်းက ကြိုတင်ပြီးတော့ ပြောထား၊ ပြောထား နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ခုလက်က ဝင်လိုက်လို့ရှိရင် လုံးလုံးကြီး လက်မခံနိုင်တဲ့ အကြောင်းတွေ၊ နားမလည်နိုင်တဲ့ အကြောင်းတွေ၊ လိုက်မယ်ဆိုလို့ ရှိရင် အစကနဦးက ပါလာမှ ကောင်းတဲ့အကြောင်းတွေ ဒီလိုပြော နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ကြောင့် စောစောကပြောတဲ့ "သင်္ခါရာနံ ဝိမုဋ္ဌော သင်္ခါရာနံ လက္ခဏေ သမ္မုဋ္ဌော သင်္ခါရာနံ

http://www.dhammadownload.com



သဘာဝလက္ခဏာသာမညလက္ခဏာစ္စ အသလ္လက္ခေတ္တာ သင်္ခါရာနံ အတ္တတော အတ္တနိယတော သုခတော ဓုဝတော သုဘတော စ ဝိကပ္ပေတိ” ဆိုတဲ့ ပါဠိအရ တို့သင်တန်းသူ သင်တန်းသားများ အမြတ်ထွက်နေတာက ဒီရုပ်နာမ်ဓမ္မ သင်္ခါရာဆိုတဲ့ သဘာဝလက္ခဏာ သာမညလက္ခဏာ ဆိုတဲ့ လက္ခဏာတွေ ပိုင်းခြားထင်ထင် မြင်ထားတော့ မိမိတို့ကိုယ်မှာ အတ္တဝါဒမရှိဘူး၊ အတ္တနိယဝါဒ မရှိဘူးလို့ နော် (မှန်ပါတယ်ဆရာ)၊ ယုံကြည်မှုက အနတ္တဝါဒ ယုံကြည်ထား။ ဒါဘုရားသားတော်အစစ် ဘုရားသမီးတော်အစစ်တွေတဲ့။ ဘာပြုလို့ ဘုရားစကား ယုံသွားပြီလို့ ဒီလိုခေါ် ရတယ်နော် (မှန်ပါတယ် ဆရာ)။

ဒါကြောင့် အမြတ်တွေက ထွက်ချင်တိုင်း ထွက်နေတယ်။ အပါယ်လေးပါး လုံးလုံးတံခါးပိတ် တယ်ဆိုတာ တာဝန်ခံပါ၏၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါထက် ကောင်းတဲ့လမ်းစဉ်များ ရှာကြည့်ပါကွာ။ အပါယ်လေးပါးကို လုံးလုံးတံခါးပိတ်ပေးနိုင်တယ်ဆိုတဲ့ ဂတိမြဲတယ်ဆိုတဲ့ လမ်းစဉ် ရှာကြည့်။ ဒါ တို့အဘဘုရားကိုယ်တော်မြတ် ချထားတဲ့ လမ်းစဉ်ပဲလို့။ အဲဒီလမ်းစဉ်ကြီးကို အခု သေသေချာချာ ပိုင်ပိုင်နိုင်နိုင်နဲ့ ရထားတဲ့ သင်တန်းသူ သင်တန်းသားတွေ ဘယ်လောက်ဝမ်းသာ စရာကောင်း, ဘယ်လောက်အားရစရာကောင်း နော် (မှန်ပါတယ်ဆရာ)၊ အဲပြီးတော့မှ မနေ့ညက အဆက်ကလေးပြန်ကြည့်။ “တဏှာပစ္စယာ ဥပါဒါနံ”၊ တဏှာတည်းဟူသော အကြောင်းကြောင့် ဥပါဒါန်ဖြစ်လာတယ်ဆိုတော့ ဥပါဒါန်က အကျိုးတရား၊ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်။ အဲဒီ ဥပါဒါန်ကြောင့် တစ်ခါ အကြောင်းခံလိုက်။ ထိုဥပါဒါန်တရားလေးပါးကြောင့် ဘာဖြစ်သလဲဆိုတော့ ဘဝဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဘဝဖြစ်ကရော့တဲ့။ “ဥပါဒါနပစ္စယာ ဘဝေါ”လို့၊ ဥပါဒါန်တရားလေးပါးအကြောင်း ဖြစ်မသွားဘူးလား (အကြောင်းဖြစ်သွားပါတယ်ဆရာ)၊ အကျိုးက ဘယ်သူတုံး (ဘဝပါဆရာ)၊ အဲဒီ ဘဝက ဘယ်နှစ်မျိုးရ (နှစ်မျိုးပါဆရာ)၊ ဘယ်သူနဲ့ ဘယ်သူတုံး ကမ္မဘဝနဲ့ ဥပပတ္တိဘဝ နော် (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝနဲ့ဥပပတ္တိဘဝ နော် (မှန်ပါတယ် ဆရာ)၊ ကမ္မဘဝဆိုတာ ဘာခေါ်တုံး၊ တရားကိုယ်ကောက်တော့ ဘာရ (စေတနာပါဆရာ)၊ ဘာ စေတနာတွေရ၊ ဘာလောက်မှန်းကို မသိဘူး။ သင်္ခါရတုံးက ဘာတွေရ (စေတနာပါဆရာ)၊ ဘာ စေတနာတွေရ မသိဘူး၊ သိသေးလား (မသိပါဘူးဆရာ)၊ အေး-ကောင်းတယ်နော်။ ဦးနှောက်ထဲ ရှုပ်နေလိမ့်မယ်။ ဒါတွေ လက်ခံမထားနဲ့ နော်။ လောကီကုသိုလ် အကုသိုလ်မှာယှဉ်သော စေတနာ နော် (မှန်ပါတယ်ဆရာ)၊ ဟိုတုန်းက မင်းမကောက်ခဲ့ဘူးလား။ ပုညာဘိသင်္ခါရဆိုတာ ဘာခေါ် တုံး၊ ကာမာဝစရကုသိုလ်နဲ့ ရူပါဝစရကုသိုလ်မှာ ယှဉ်တဲ့စေတနာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



အပုညာဘိသင်္ခါရ ဘာခေါ်တုံး (အကုသိုလ်စေတနာပါဆရာ)၊ အဲ အကုသိုလ်စေတနာ၊ အာနေဉ္ဇာဘိသင်္ခါရဆိုတာ ဘာခေါ်တုံး၊ အရူပါဝစရ အ,အနဲ့ လုပ်မနေပါနဲ့ (အရူပါဝစရစေတနာပါဆရာ)၊ အရူပါဝစရကုသိုလ်မှာ ယှဉ်တဲ့စေတနာလား (မှန်ပါတယ်ဆရာ)။ ဒီအတိုင်း မဟုတ်ဘူးလား။ အခုလည်းပဲ လောကီကုသိုလ်သတ္တရသ လောကီကုသိုလ်ဆယ့်ခုနှစ်ခုမှာယှဉ်သော စေတနာ ဆယ့်ခုနစ်ခုရယ်၊ အကုသိုလ်စေတနာ ဆယ့်နှစ်ခုရယ် နှစ်ဆယ့်နဲ့ကိုးပါး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ စေတနာလေးတွေ သန့်သန့်ကောက်တယ်။ သင်္ခါရနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ ဒါကမ္မဘဝလား (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝ ကမ္မဘဝ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါဖြင့် ဒီကမ္မဘဝ အကြောင်းဘဝလား အကျိုးဘဝလား (အကြောင်းဘဝပါဆရာ)၊ အေး-အကြောင်းဘဝ၊ သင်္ခါရနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ သင်္ခါရနဲ့တူတယ်၊ ဒါဖြင့် ဥပပတ္တိဘဝဆိုတာ ဘာတုံး (ပဋိသန္ဓေစိတ်ဆယ့်ကိုးနဲ့ ကမ္မဇရုပ်နှစ်ဆယ်ပါဆရာ)၊ ဟော, ဟော, ဟော လုပ်ကုန်ပေါ့ဟေ့ ချကုန်ပေါ့။ ဥပပတ္တိဘဝဆိုတာ အကြောင်းဘဝလား အကျိုးဘဝလား (အကျိုးဘဝပါဆရာ)၊ အကျိုးဘဝ၊ ဘဝဘယ်နှစ်ပါးရ (နှစ်ပါးရပါတယ်ဆရာ)၊ ဘယ်လောက် (နှစ်ပါးရပါတယ်ဆရာ)၊ ကဲ ပြောစမ်းပါအုံး၊ မင်းရတဲ့နှစ်ပါး ငါ့ပြောစမ်းပါအုံး၊ ဘယ်ဘဝနဲ့ ဘယ်ဘဝတုံး၊ ပြောစမ်းပါအုံး (ကမ္မဘဝကတစ်ပါး)၊ ပြီးတော့ကော (ဥပပတ္တိဘဝကတစ်ပါး)၊ ဟောဗျာ ဒုက္ခမှ အကြီးစားပါကွာ။ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ ယခုခွဲပြလို့ ကမ္မဘဝက စေတနာနှစ်ဆယ်ကိုး ရတယ်။ ဥပပတ္တိဘဝဆိုတာ ဘယ်သူတုံးလို့ မေးနေတော့ ဥပပတ္တိဘဝဆိုတာ ဘဝကြီးကိုးပါး ရတယ်ဆိုတာ မှတ်မိလား (မမှတ်မိဘူး)၊ မမှတ်မိတာ ရှိပါတယ်ကွာ မင်းဦးနှောက်ထဲ ရှုပ်နေတယ်နော်။ ကာမဘဝ ရူပဘဝ အရူပဘဝ သညီဘဝ အသညီဘဝ နေဝသညီနာသညီဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဥပပတ္တိဘဝဆိုတာ အကျိုးဘဝမဟုတ်လား (မှန်ပါတယ်ဆရာ)၊ "ဥပပတ္တိဘဝေါ နာမ တေန ကမ္မေန နိဗ္ဗတ္တံ ဥပါဒိန္နက္ခန္ဓပဉ္စကံ။ ဥပပတ္တိဘဝေါ နာမ၊ ဥပပတ္တိဘဝမည်သည်ကား။ တေန ကမ္မေန၊ ထိုကမ္မဘဝကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်ပေါ်လာသော။ ဥပါဒိန္နက္ခန္ဓပဉ္စကံ၊ ဥပါဒိန္နခန္ဓာငါးပါးတည်း။ ခန္ဓာငါးပါး လာရ ဟင် (မှန်ပါတယ်ဆရာ)၊ ခုန ဘဝကြီးကိုးပါးစလုံး လျှောက်ကြည့်ရင် ခန္ဓာငါးပါးချည်း မဟုတ်ဘူးလား (ခန္ဓာငါးပါးချည်းပါပဲ ဆရာ)၊ ကာမဘဝဆိုလည်း ခန္ဓာငါးပါး၊ ရူပါဘဝဆိုလည်း ခန္ဓာငါးပါး၊ အရူပါဝစရဆိုလည်း ခန္ဓာငါးပါး သုံးဆယ့်တစ်ဘုံ အကုန်လုံး ချုံပြီးတော့ ဘဝကြီးကိုးပါးနဲ့ ဝေဖန်ထားတော့ သုံးဆယ့်တစ်ဘုံ

http://www.dhammadownload.com



ဘယ်ဘုံဖြစ်ဖြစ် ခန္ဓာငါးပါးလာဖြစ်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီက ဥပါဒိန္နကခန္ဓာပဲတဲ့။ ဒီဥပါဒိန္နကခန္ဓာက ဘယ်သူကြောင့် ဖြစ်လာလဲဆိုတော့ ထိုကမ္မဘဝကြောင့် ဖြစ်လာတဲ့ တရားပဲတဲ့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "ဥပပတ္တိဘဝေါ နာမ တေန ကမ္မေန နိဗ္ဗတ္တံ ဥပါဒိန္နကခန္ဓပဉ္စကံ။ ဥပပတ္တိဘဝေါ နာမ၊ ဥပပတ္တိဘဝမည်သည်ကား။ တေန ကမ္မေန၊ ထိုကမ္မဘဝကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်ပေါ်လာသော။ ဥပါဒိန္နကခန္ဓပဉ္စကံ၊ ဥပါဒိန္နကခန္ဓာငါးပါးတည်း။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် ဥပါဒါနပစ္စယာ၊ ဥပါဒါန် တည်းဟူသော အကြောင်းကြောင့်။ ဘဝေါ၊ သည်။ ဟောတိ၊ ဖြစ်၏ ဆိုတော့ ဘဝဟာ ဘယ်နှစ်မျိုးရ (နှစ်မျိုးရပါတယ်ဆရာ)၊ ဘယ်သူနဲ့ ဘယ်သူတုံး (ကမ္မဘဝနဲ့ ဥပပတ္တိဘဝ ပါဆရာ)။ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ၊ ကမ္မဘဝက အကြောင်းဘဝလား အကျိုးဘဝလား (အကြောင်း ပါဆရာ)၊ ဥပပတ္တိဘဝက အကြောင်းဘဝလား အကျိုးဘဝလား (အကျိုးဘဝပါဆရာ)၊ အေး-မှတ်ထား။ ဒါဖြင့် ကမ္မဘဝ တရားကိုယ်ကောက်တော့ ဘယ်သူရတုံး (စေတနာရပါတယ်ဆရာ)၊ ဘာစေတနာ ဘာစေတနာရ၊ လောကီ ကုသိုလ်စေတနာရယ် (လောကီကုသိုလ်စေတနာရယ်)၊ အကုသိုလ်စေတနာရယ် (လောကီကုသိုလ် စေတနာရယ် အကုသိုလ်စေတနာရယ်)၊ လောကီ ကုသိုလ်စေတနာက ပေါင်းလိုက်တော့ ဘယ်လောက်ရ ဆယ့်ခုနစ် (ဆယ့်ခုနစ်)၊ အကုသိုလ်စေတနာက (ဆယ့်ကိုးပါးဆရာ)၊ ဟောဗျာ ဒုက္ခမှ အကြီးစားပါကွာ (ဆယ့်နှစ်ပါးပါဆရာ)၊ အဲဒီလို လုပ်စမ်းပါဟ၊ သူတို့နှစ်ခုပေါင်းလိုက်တော့ ဘယ်လောက်ရှိ (နှစ်ဆယ့်ကိုးပါဆရာ)၊ နားလည်ရဲ့လား (နားလည် ပါတယ်ဆရာ)၊ ဒီလုံးကောက် အဓိပ္ပါယ်ကလေးတွေတော့ တတ်အောင် သင်ထားပါလို့ မကြာမကြာ ထပ်ပြန်တလဲလဲ ပြောနေ။ ဒါလေးတော့ တတ်အောင် သင်ထားပါ။

တို့ ဒီလိုမှ မဟုတ်ရင်ကွာ မင်းတို့ တော်ကြာတော့ ဘယ့်နဲ့ဖြစ်လာလဲ ဆိုတော့ တို့ ပဋိစ္စသမုပ္ပါဒ် ပြသွားတာ ရက်ဘယ်လောက်၊ ရက်ပေါင်းဘယ်လောက်ကြာ။ သင်တန်းကပြ သိပ်ကောင်းတာပဲ ပြောလိမ့်မယ်၊ သိပ်ကောင်းတော့ တစ်ဘက်သားပြော။ ပဋိစ္စသမုပ္ပါဒ်က စက်ကလေးလှည့်ပြစမ်းပါ။ စက်ကလေးကတော့ လှည့်ပြတတ်တယ်။ ဝီဝီမြည်အောင် လှည့်ပြတတ်တယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ် ပြောပေ့လေ။ ဒါတော့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီလည်တဲ့အထဲမှာ အဝိဇ္ဇာရဲ့ တရားကိုယ်လေး ပြောစမ်းပါ။ အဲဒါတော့ ကျုပ်မေ့တော့တော့ဖြစ်နေပြီ ဆိုတော့ မင်းဥစ္စာ ဟုတ်နိုင်ပ့ါမလားဟ (မဟုတ်နိုင်ပါဘူးဆရာ)၊ ကောင်းနိုင် ပါအုံးမလား (မကောင်းနိုင်ပါဘူးဆရာ)၊ မင်းကော နာမည်မပျက်ဘူးလား (ပျက်မှာပါဆရာ)၊

http://www.dhammadownload.com



မင်းတင်မက ငါတော့ကော (မပျက်ပါဘူးဆရာ)၊ မပျက်ဘူးလား၊ ငါ့သဘော်သဆေးနဲ့ ရေးထား၊ ဒီလိုမလုပ်ပါနဲ့ကွ။ လုံးစေ့ပတ်စေ့ကလေးတော့ မှတ်ထားပါ။ အကျဉ်းလေးတွေ နော် (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ မင်းပြော မှန်ပ့ါမှန်ပ့ါနဲ့ ပြီးတော့ တစ်ခုမှလည်း မဟုတ်ဘူးဆိုတာကြနေ။ အရင်လည်း တစ်ခေါက်လုံးစေ့ ပတ်စေ့နဲ့ သေသေချာချာ ရှင်းရှင်း ရှင်းရှင်း သွား။ ခုတစ်ခေါက် ကောက်သင်းကောက်တဲ့အနေအားဖြင့် ပြန်ပြီးတော့ စစ်ဆေးတဲ့ အနေအားဖြင့် စစ်တမ်းထုတ်တဲ့ အနေအားဖြင့် ပြန်မေးကြည့် တစ်ခုမှ မရှိဘူး။ မင်းဥစ္စာ မဟုတ်သေးပါဘူးဟာ၊ ကြိုးစားပါအုံး။

ဒါဖြင့် ကမ္မဘဝက စေတနာနှစ်ဆယ့်နဲ့ကိုးပါး ကောက်တယ်လား (မှန်ပါတယ်ဆရာ)။ လောကီကုသိုလ်စေတနာနဲ့ အကုသိုလ်စေတနာပေ့ါ (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ စေတနာဆိုတာ ကံခေါ်တယ် မဟုတ်လား (ကံပါဆရာ)၊ ကံဆိုတာကလည်း စေတနာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" စေတနာကို ငါဘုရားကိုယ်တော်မြတ် ကံလို့ဟောတယ်တဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကံဆိုရင် သိပြီလား (သိပါတယ်ဆရာ)၊ ဘာတုံး (စေတနာပါဆရာ)၊ အေး- ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါ မင်းတို့ငါတို့ ခု သုံးဘုံသူ သုံးဘုံသားတွေ ဝမ်းထဲမှာ အမြဲတစေအားဖြင့် ပြုလုပ်နေတဲ့ စေတနာတွေ ပြောနေတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီစေတနာတွေ မဟုတ်ဘူးလား နောက်ဘဝ ဖြစ်အုံးမယ်ဆိုတာ (မှန်ပါတယ်ဆရာ)၊ ဖြစ်မယ်လား (ဖြစ်မှာပါဆရာ)၊ သူတို့ပဲ ဒီဘဝကနေ ဟိုဘဝရောက်အောင် ပို့လိုက်၊ ဟိုဘဝကနေ ဟိုဘဝ ရောက်အောင် ပို့လိုက်ဆိုတာ ဘယ်သူက ပို့တာတုံး (စေတနာက ပို့နေတာပါဆရာ)၊ အေး - စေတနာက ပို့နေတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ စေတနာက ပို့နေတာ။

ဒါကြောင့် " တေန ကမ္မေန နိဗ္ဗတ္တံ ဥပါဒိန္နက္ခန္ဓပဉ္စကံ" လို့ ပြထားတာ။ တေန ကမ္မေန၊ ထိုစေတနာခေါ်သော ကံကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်ပေါ်လာသော။ ဥပါဒိန္နက္ခန္ဓပဉ္စကံ၊ ဥပါဒိန္နခန္ဓာငါးပါးတဲ့။ ဒါဥပပတ္တိ ဘဝတွေတဲ့။ ခန္ဓာအသစ်တွေ အသစ်တွေ ဆက်ကာဆက်ကာ ဖြစ်သွားတယ်။ စေတနာက မဖြစ်ပဲ မနေဘူးဟ၊ အမြဲတစေ လုပ်နေတာ၊ မင်းကိုယ်မင်းပြန်ကြည့် မနက်မိုးလင်းလာ မျက်စိနှစ်လုံး ပြန်းကနဲ ဖွင့်တဲ့အချိန်က မင်းစေတနာတွေ တဖွားဖွား ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ဘာစေတနာတွေတုံး (အကုသိုလ်စေတနာနဲ့ ကုသိုလ်စေတနာတွေပါဆရာ)၊ အောင်မယ် . . . ကုသိုလ်များ ထည့်ပြောလိုက်သေး၊ ဘယ်နှစ်ခါများ ဖြစ်ဖူးတုံး တစ်နေ့လုံး၊ ဘယ်နှစ်ခါမှ

http://www.dhammadownload.com



မဖြစ်ဖူးဘူး။ မိုးလင်းလာ မြင်းလှည်းပေါ် တက်လိုက်ကတည်းက လိုက်ပြီ လောဘဇောနဲ့ ကြာပွတ်ကလေးကိုင်ပြီးတော့ ဟင် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်စေတနာ ဝင်ရဲ့လား (မဝင်ပါဘူးဆရာ)၊ ဒါနဲ့ဘာကုသိုလ်စေတနာ အကုသိုလ်စေတနာ ငါ့လိမ်တာတုံး။ ဒါပေမယ့် မင်းပြန်ပြောပါလား နေ့ခင်းတစ်နေ့လုံး ဖြစ်လာတဲ့ အကုသိုလ်တွေ ကျွန်တော်သင်တန်းလာတဲ့ တစ်နာရီနဲ့ ချေတာ ကုန်ရော့ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒီ စေတနာလေးတွေကအမြဲတစေ ဖြစ်နေတဲ့ စေတနာလေးတွေ ကုသိုလ်စေတနာဖြစ်လိုက် အကုသိုလ်စေတနာဖြစ်လိုက်။ ဒါပေမယ့် အကုသိုလ်က များတယ်။

အဲဒါ ကာယကံနဲ့ လုပ်လိုက်၊ ဝစီကံနဲ့လုပ်လိုက်၊ ဒီတော့ စိတ်ထဲအလိုလို ဖြစ်နေတဲ့ စေတနာတွေလည်း ဖြစ်လိုက် ကမ္မပထသာ မမြောက် ဒီလိုချည်းနေကြတယ်။ အဲဒါ လူကြည့်လည်း အတူတူပဲ၊ နတ်ကြည့်လည်း အတူတူပဲ၊ ဗြဟ္မာကြည့်လည်း အတူတူပဲ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီလိုနေကြတာပဲတဲ့ စေတနာတွေက၊ အဲဒီစေတနာတွေက အလကားဖြစ်နေတယ် မမှတ်နဲ့တဲ့။ ကြောက်စရာကောင်းပုံ - "ဧကစိတ္တံ ဧကပဋိသန္ဓိံ ဇနေတိ" ဧကစိတ္တံ၊ တစ်ခုသော စိတ်စေတနာလေးသည်။ ဧကပဋိသန္ဓိံ၊ တစ်ခုသော ပဋိသန္ဓေ တစ်ဘဝသော ပဋိသန္ဓေကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ကိုင်း- စေတနာလေးတစ်လုံးကို တစ်ဘဝတဲ့ ပဋိသန္ဓေအကျိုးပေးတာ နားလည်လား (နားလည်ပါတယ် ဆရာ)၊ စေတနာလေးတစ်လုံးကို တစ်ဘဝ၊ စေတနာတစ်လုံးကို တစ်ဘဝ၊ မင်းတစ်နာရီလောက်ဖြစ်ထားတဲ့ အတောအတွင်းမှာဖြစ်နေတဲ့ စေတနာတွေကိုက ဘဝပေါင်းများစွာ ပေးလို့ ကုန်ပါ့မလား (မကုန်နိုင်ပါဘူးဆရာ)၊ ကြောက်စရာ သိပ်ကောင်းတယ်ဟ။

ဒါကြောင့် ဒီနေရာလေးမှာ "ကမ္မဘဝေါ"ဆိုတဲ့ လောကီကုသိုလ်မှာယှဉ်တဲ့ စေတနာဆယ့်ကိုးနဲ့အကုသိုလ်စေတနာ ဆယ့်နှစ်ခုယှဉ်တဲ့ စေတနာဆယ့်နှစ် ပေါင်းလိုက်တော့ နှစ်ဆယ်နဲ့ကိုးရတယ်။ မရဖူးလား (ရပါတယ်ဆရာ)၊ အေး-မှတ်ထား။ ဒါဖြင့် ဒီကမ္မဘဝအကြောင်းဘဝပေါ့ နော် (အကြောင်းဘဝပါဆရာ)၊ ဥပပတ္တိဘဝဆိုတာ အကြောင်းဘဝလား အကျိုးဘဝလား (အကျိုးဘဝပါဆရာ)၊ အကျိုးဘဝ၊ သူ့ကြတော့ အကျိုးဘဝဆိုတော့ ဘာတွေတုံးဆိုတော့ "ဥပပတ္တိဘဝေါ နာမ တေန ကမ္မေန နိဗ္ဗတ္တံ ဥပါဒိန္နက္ခန္ဓပဉ္စကံ"။ အဲဒီ ကမ္မဘဝ စေတနာကြောင့် ဖြစ်လာဘဲ့ ခန္ဓာအသစ်တွေပဲတဲ့။ ဥပပတ္တိဘဝဆိုတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီတော့ အကျိုးဘဝ ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ ဒါလေးတော့ မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)၊ ထိုကမ္မဘဝကြောင့် ဖြစ်ပေါ်လာသော ခန္ဓာအသစ်သည် ဥပပတ္တိဘဝမည်၏။ မမည်ဖူးလား (မည်ပါတယ်ဆရာ)၊

http://www.dhammadownload.com



အဲဒါ မှတ်ထား။ ဒါဖြင့် ကဲ မင်း ငါပြန်မေးအုံးမယ် - ကမ္မဘဝက စေတနာတွေ ကောက်ထားရော့လား (ကောက်ထားပါတယ်ဆရာ)၊ သင်္ခါရတုံးက စေတနာတွေ ကောက်မထားဘူးလား (ကောက်ပါတယ်ဆရာ)၊ စေတနာကောက်ခြင်းတော့ တူမနေဘူးလား(တူပါတယ်ဆရာ)၊ စေတနာကောက်ခြင်း တူနေတော့ကား သင်္ခါရတုန်းကလည်းပဲ ဒီစေတနာတွေ ဒီတရားကိုယ် ဒီတရားသား ကောက်တယ်။ အခု ကမ္မဘဝ ပဋိစ္စသမုပ္ပါဒ် နောက်ပိုင်းရောက်လာတော့ ကမ္မဘဝကျလည်း ဒီစေကနာတွေ ပြန်ကောက်ပြန်တယ်။ ဘုရားသာသနာ ဘုရားဒေသနာတော်မှာတဲ့ စကားတစ်ခုဆိုပြီးလို့ရှိရင် နောက်ထပ်အပိုဆိုတဲ့ အနေအားဖြင့် မဆိုရဘူးတဲ့။ ဆိုရင် ဘာဖြစ်သလဲလို့ တစ်ဖန်ပြန်ပြီးတော့ ဆိုတယ် ဆိုတဲ့ အပြစ်သင့်တယ်တဲ့။ ပုနရုတ္တိဒေါသ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ စာပေကျမ်းဂန်များ စည်းနဲ့ ကမ်းနဲ့ လာတာ။ ထင်တိုင်းပြောရတာ မဟုတ်ဘူး။

ကိုရင်ကြီးတစ်ပါး သူ့အမေဆီ စာရေးလို့ အပိုတွေပါ နေလို့ဖြစ်တာ မဟုတ်ဘူး။ ဒကာမကြီး စာရေးလိုက်ပြီ၊ (ဝါ) စာရေးလိုက်သည်။ ဝါ, ပေါက်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒကာမကြီး စာရေးလိုက်သည် (ဝါ) စာရေးလိုက်သည်။ ဘာထူးတုံးဟ (မထူးပါဘူးဆရာ)၊ ဒါတောင် ထူးတယ်လို့ ထင်သေးတယ်၊ ဝါ, ပေါက်ပြီးရေးလိုက်တယ် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုပဲ ဆိုပြီးသား စကား နောက်တစ်ဖန် ထပ်ပြီးတော့ ဆိုရင် ပုနရုတ္တိဒေါသ သင့်တယ်တဲ့၊ မဆိုရဘူးတဲ့။ ဒါဖြင့် ခု ဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတာ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးက ဖြစ်နေတော့ သင်္ခါရတုန်းကလည်း ဒီစေတနာပဲရတယ်။ ဒီတရားကိုယ် ဒီတရားသား ကောက်တာပဲ။ အခု ကမ္မဘဝ ကောက်ပြန်တော့လည်း ဒီတရားကိုယ် တရားသားကောက်တယ်ဆိုတော့ ဆိုပြီးသား ထပ်ဆိုရာ မရောက်ဘူးလား (ရောက်နေပါတယ်ဆရာ)၊ ရောက်ရင်လည်း ပုနရုတ္တိဒေါသသင့်တယ် ဆိုတဲ့ အဓိပ္ပါယ် ပေါ်မနေဘူးလား (ပေါ်နေပါတယ်ဆရာ)၊ ဘုရားကိုယ်တော်မြတ်ကို ဒီလို စွပ်စွဲကောင်းတာ မဟုတ်ဘူးတဲ့။ မြတ်စွာဘုရားကိုယ်တော်မြတ် မုချ ဒီလိုဒေါသမျိုးသင့်တဲ့ အသုံးမျိုးတော့ မသုံးလေတန် မဟောလေတန်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မင်း ဒါဖြင့် မဟောလေတန် မဟောတဲ့နည်းရှာရမယ်။ ပုနရုတ္တိဒေါသမသင့်တဲ့နည်းလေး ရှာကြည့်ရမယ်။

ဒါဖြင့် သင်္ခါရတုန်းက ကောက်တဲ့ စေတနာနဲ့ ကမ္မဘဝကောက်တဲ့ စေတနာ ဘာထူးတုံး မေးတယ်၊ မနေ့က ငါပြန်ပြောထားတယ်၊ နွေးထားလို့ (သင်္ခါရတုန်းက ကောက်တဲ့ စေတနာက ဟိုအတိတ်က စေတနာပါဆရာ)၊ အေး-ဟုတ်ပြီ ဟုတ်ပြီ၊ ငါ မင်းကို မာန်မိတာတွေ ကွာနော်။

http://www.dhammadownload.com



တော်ပေသားပဲ ကောင်းပြီ။ တစ်ခုတော့ မှန်သွားပြီ၊ ဒါဖြင့် ဒီကမ္မဘဝကောက်တဲ့ စေတနာက ဘယ်မှာတုံး (အခုလက်ရှိ ပစ္စုပ္ပန်ဘဝ စေတနာပါဆရာ)၊ အေး-ဟုတ်လိုက်တာ ဟုတ်လိုက်တာ တော်တော်ကို နေရာကျတယ်။ သင်တန်းသားများလည်း သန်းဖေပေါ်ပြစ်မှားရင် သည်းခံကြပါနော်၊ တောင်းပန်ကြ၊ တောင်းပန်ကြ မဆိုးလာဘူးလားဟ ဟုတ်လား၊ သင်္ခါရတုန်းကကောက်တာ အတိတ်ဘဝတုန်းက ကံတွေလား (မှန်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ အခု ကမ္မဘဝကောက်တဲ့ စေတနာက ပစ္စက္ခမျက်မှောက် (မှန်ပါတယ်ဆရာ)၊ ပစ္စုပ္ပန်လား (ပစ္စုပ္ပန်ပါဆရာ)၊ ဩော် - အတိတ်ကံနဲ့ ပစ္စုပ္ပန်ကံ နှစ်ပါးခွဲခြား ထားတာကိုးကွ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အောင်မယ် ဒါ တစ်နည်းရသွားပြီ၊ နောက်တစ်နည်း ပြောစမ်းပါအုံး -

ကိုသန်းဖေတို့ဆရာ ဘယ့်နှဲမျှား သင်ထား။ နောက်တစ်နည်း ပြောစမ်းပါအုံး (မေ့နေတယ်)၊ ဩော်-ခက်လိုက်လေကွာ တကယ့်ကို၊ ဘယ်နဲ့တုံး ပုဗ္ဗစေတနာ မုဉ္စစေတနာ မမှတ်မိဘူးလား။ ဘယ့်နှဲ့တုံး ဒီနေရာမှာ ငါကျောင်းတွေ အလှူတွေတောင် ငါဆောက်ခဲ့ လှူခဲ့ပြသေး ဘယ့်နှဲ့တုံး (ရှေ့ပြေးစေတနာပါဆရာ)၊ အောင်မယ် ရှေ့ပြေးစေတနာ၊ အောင်မယ် ပုဗ္ဗစေတနာဆိုတာနဲ့ ရှေ့ပြေး စေတနာ ရမ်းချလိုက်သေး၊ လုပ်ပြစမ်းပါ- သင်္ခါရ ဘယ်စေတနာတုံး၊ ကမ္မဘဝ ဘယ်စေတနာတုံး ကိုင်းပါ ဖြူကြ ကျောင်းဆောက်မယ်လို့တဲ့။ ကိုင်း-ကျောင်းတစ်ဆောင်တော့ ဆောက်ဦးမှာပဲ။ ငါ့ကိုယ်တော်ကျောင်း မိုးမလုံ လေမလုံ ဖြစ်နေပြီ။ ငါ့လည်း ရောင်းလို့ ဝယ်လို့က အတော်ကောင်းတော့ ငွေလေးငါးခြောက်ထောင်ဆိုသလို စုမိ ဆောင်းမိလို့ အပိုအလျှံဖြစ်နေတယ်။ ကျောင်းဒကာ အခေါ်ခံရ နည်းသလားဟ။ ဆိုင်းဘုတ်ကြီးဆွဲရ နည်းသလားဟ။ ငါတော့ ကျောင်းလှူအုံးမှပဲ စိတ်ကူးပြီ၊ ကိုင်း-ကူးပြီတဲ့။ ဒါပေမယ့် ဆောက်ပြီလားဆိုတော့ ဖြူက စဉ်းစားတယ် - လေးနှစ်စီမံကိန်း သွပ်တွေကလည်း မလာသေးဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီတိုင်း ဝယ်ဆောက်လို့ရှိရင် သွပ်ဈေး သံဈေးတွေက သိပ်ကြီးတယ်တဲ့၊ လေးနှစ်စီမံကိန်း ပြန်လည်ထူထောင်ရေးတွေက သိပ်များနေတော့ သစ်သားဈေးကလည်း သိပ်ကြီးတယ်တဲ့၊ မကျဘူးတဲ့။ အညာကလည်း သစ်ဖောင်တွေက မကျသေးဘူးတဲ့။ သစ်ဈေးလည်း သိပ်ကြီးနေတယ်၊ မဆောက်နိုင်သေးဘူးတဲ့၊ ခုတောတွင်း ငါ့ဖာသာ ဆောက်လို့ရှိရင် ခုနေ ဘာမှကြီးကြီးကျယ်ကျယ် ရမှာမဟုတ်ဘူးတဲ့။ ဆောက်မယ်လို့လည်း ရည်ရွယ်ပြီးပြီ။ စေတနာက ပြီးပြီ ဆောက်မယ် ဆောက်မယ် ဆောက်မယ်နဲ့၊ ဒါပေမယ့် ခုနပြောသလို ဘာကြောင့် ညာကြောင့်ဆိုတဲ့ အကြောင်းတွေကြောင့် မဆောက်ဖြစ်သေးဘူးတဲ့။

http://www.dhammadownload.com



ကိုင်း - သင်္ခါရရန့် ကမ္မဘဝ ငါ့ခွဲပြစမ်းပါ (မခွဲတတ်ဘူး)၊ အဲ အလကားကောင်ပဲ၊ မင်း နှစ်ပြားမှ တန်တဲ့ကောင် မဟုတ်ဘူး။ အဲဒီတုန်းက ဖြစ်နေတဲ့ စေတနာတွေက ဘာတွေတုံး (ပုဗ္ဗစေတနာ ပါဆရာ)၊ ပုဗ္ဗစေတနာ ဘာတုံး (ရှေ့ပြေးစေတနာပါဆရာ)၊ အောင်မယ်လေး ရှေ့ပြေးတွေ နောက်ပြေး တွေနဲ့ ဒါချည်းဆင့်ဆင့်နေတယ်။ ပုဗ္ဗစေတနာက ဘာတုံး သင်္ခါရရန့် ကမ္မဘဝ ငါမေးနေတာ (သင်္ခါရ ပါဆရာ)၊ မနည်းတွေးချရတယ် အဲဒါ၊ အဲဒါလည်း သိလို့ချတာ မဟုတ်ဘူး။ အဲဒါ ရမ်းချတာ၊ အဲဒါ သင်္ခါရ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပုဗ္ဗစေတနာသည် သင်္ခါရ၊ ရှေ့ပြေးလို့ ငါတစ်ခါမှ ထည့်မဟောဖူးဘူး။ ရှေ့ဆုံးဖြစ်တဲ့ ပုဗ္ဗစေတနာသည် သင်္ခါရ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကိုင်း-ဒါနဲ့ ငဖြူက နောက်တော့ အခွင့်လမ်းသင့်တော့ ကျောင်းဆောက်တယ်။ ကျောင်းပါဆောက် သုံးလလေးလလောက် ဆောက်တော့ ပြီးသွား။ ငါးထောင်တန် ခြောက်ထောင်တန် ကျောင်းကြီး ပြီးသွား။ ကိုင်း-ပြီးသွားတော့ ရေစက်မိုးစက်ချ ဘုန်းကြီးလှူပြီ။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား။ ဒေမ ပူဇေမ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။ ဒီစေတနာ ဘာစေတနာခေါ်တုံး (ကမ္မဘဝစေတနာပါဆရာ)၊ ဟော ဗျာ-မုဉ္စလား ပရလားလို့ မေးတာ (ပရစေတနာပါဆရာ)၊ အဲလေ ပုဗ္ဗလား မုဉ္စလားလို့မေးတာ မုဉ္စစေတနာ (မုဉ္စစေတနာပါဆရာ)၊ တစ်နည်းအားဖြင့် အပရစေတနာ ပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ စေတနာက ဘာတုံး သင်္ခါရလား ကမ္မဘဝလား (ကမ္မဘဝပါ ဆရာ)၊ ပြန်ပြီး အသစ်ဟောရတာမှ သက်သာပါသေးတယ် သန်းဖေရာ နော်။ ကမ္မဘဝ ဖြစ်မသွား ဘူးလား (ဖြစ်သွားပါတယ်ဆရာ)။

ဒါဖြင့် စေတနာရှေ့ဦးမဆွ မလှူခင်က ကြိုတင်ပြီး ဖြစ်ပေါ်နေသော ပုဗ္ဗစေတနာသည် ဘာတုံး (သင်္ခါရပါဆရာ)၊ လှူဆဲခဏ ဖြစ်ပေါ်သော စေတနာသည် ဘာတုံး (ကမ္မဘဝ)၊ ဟုတ်ပါတယ် ဟုတ်ပါတယ် ဟုတ်ပါတယ်၊ အချိန်ကုန်လွန်းလို့ ကမ္မဘဝ (ကမ္မဘဝပါဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ကား ဆိုပြီးသားစကားကို နောက်တစ်ဖန်ထပ်ပြီးတော့ ဆိုတဲ့အတွက် ပုနရုတ္တိ ဒေါသသင့် ပါ့ဦးမလား (မသင့်ပါဘူးဆရာ)၊ အဓိပ္ပါယ် ခြားနားမသွားဘူးလား (ခြားနားသွားပါတယ်ဆရာ)၊ ဟုတ်ကဲ့ လား (မှန်ပါတယ်ဆရာ)၊ စောစောက မင်းဖြေထားတဲ့အတိုင်း သင်္ခါရတုန်းက အတိတ်ဘဝက စေတနာ ကောက်တယ်။ ကမ္မဘဝကြတော့ ပစ္စုပ္ပန်စေတနာ ကောက် တယ်၊ ဒီလိုဆိုတော့ကော ပုနရုတ္တိဒေါသသင့်ပါအုံးမလား (မသင့်နိုင်ပါဘူးဆရာ)၊ တစ်နည်း အားဖြင့် မလှူမီရှေ့အဖို့က ကုသိုလ်မပြုမီ ရှေ့အဖို့နဲ့ ရှေ့အဖို့က ဖြစ်ပေါ်နေတဲ့ ပုဗ္ဗစေတနာကိုတော့ သင်္ခါရကောက်တယ်။ လှူဆဲခဏ ပြုဆဲခဏ စေတနာကိုတော့ ကမ္မဘဝကောက်တယ်ဆိုတာ

http://www.dhammadownload.com



ပုနရုတ္တိဒေါသသင့်ပါအုံးမလား (မသင့်နိုင်တော့ပါဘူး ဆရာ)၊ မသင့်ဘူး။ အဲဒါထက်ပိုပြီးတော့ စိတ်တာလေး တစ်ခုသွားကြဦးစို့။ တစ်ဝီထိ တစ်အာရုံမှ ကုသိုလ်ဝီထိ ဖြစ်ဖြစ် အကုသိုလ်ဝီထိ ဖြစ်ဖြစ် ဝီထိတစ်အာရုံမှာ ကောင်းကျိုးဆိုးကျိုး ပေးနိုင်တဲ့ဇောက ဘယ်နှစ်လုံးပါ (ငါးလုံးပါဆရာ)၊ ဟော အဲဒါ မင်းမင်း၊ အဲဒါ မရဏာသန္နဇောဆိုတာ သေခါနီး မျက်ဖြူလန်နေတဲ့အခါ စောတာ အဲဒါ မင်းပဲ၊ ဘယ်လိုကောင်မှန်းကို မသိပါဘူးကွာ။ ငါကြားဖူးပါတယ် ပကတိအကောင်းသားကနေ ဇောငါးလုံး စောတယ်လို့ ခုနစ်လုံးမဟုတ်ဘူးလား (ခုနစ်လုံးပါဆရာ)၊ အောင်မယ်လေးဟဲ့ ဖြစ်မှဖြစ် ရလေ ဒီကောင် မရဏာသန္နဇော စောဖူးပြီထင်တယ်။ သေခါနီး ရောက်ဖူးခဲ့သလား (မရောက်ဖူးပါ ဘူးဆရာ)၊ ဟင်း ကြုံကြုံဖန်ဖန် တစ်ခါမှ မပြောဘူးတာတွေ လျှောက်ကြိတ်နေ။ ဇောခုနစ်လုံး စောတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ တစ်ဝီထိတစ်အာရုံမှာ ဇောခုနစ်လုံး စောတယ် မဟုတ် လား (စောပါတယ်ဆရာ)၊ ပထမဇောက ဘယ်နှစ်လုံးတုံး (တစ်လုံးပါဆရာ)၊ သတ္တမဇောက ဘယ် နှစ်လုံးတုံး (တစ်လုံးပါဆရာ)၊ အလယ်ဇောက ဘယ်နှစ်လုံးတဲ့ (ငါးလုံးပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိ ပါတယ်ဆရာ)၊ မှတ်ထားနော် သေသေချာချာ။ ဇောခုနစ်လုံး မနေဘူးလား (ခုနစ်လုံးပါတယ်ဆရာ)။

အဲဒီ ဇောခုနစ်လုံးမှာ ရှေ့ခြောက်လုံးက သင်္ခါရကောက်တယ် နားလည်လား (နားလည်ပါတယ် ဆရာ)၊ နောက်ဆုံးတစ်လုံးက ကမ္မဘဝ (ကမ္မဘဝကောက်ပါတယ်ဆရာ)၊ နားလည်လား (နားလည် ပါတယ်ဆရာ)။ ရှေ့စေတနာ နောက်စေတနာ ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဆရာ)၊ အခုန တော့ကာ အတိတ်စေတနာနဲ့ ပစ္စုပ္ပန်စေတနာလည်း ရှေ့စေတနာ နောက်စေတနာ ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဆရာ)၊ အခုန ကျောင်းလှူလိုက်တဲ့ ကုသိုလ်ကောင်းမှုစေတနာလည်း ရှေ့စေတနာ နောက်စေတနာ ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဆရာ)၊ အခု ဇောခုနစ်လုံးလည်း ရှေ့ဇော ခြောက်လုံးနဲ့ နောက်ဇောတစ်လုံး ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဆရာ)၊ အဲဒီ ဇောစိတ်မှာယှဉ်တဲ့ စေတနာခုနစ်လုံးကို ရှေ့ဇောခြောက်လုံးမှာယှဉ်တဲ့ စေတနာခြောက်လုံးသည် သင်္ခါရဟူ၍ မှတ်နော် (မှန်ပါတယ်ဆရာ)၊ နောက်ဆုံး သတ္တမဇောမှာ ယှဉ်တဲ့စေတနာသည် ကမ္မဘဝ ဟူ၍မှတ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် ခုလို သုံးနည်းသုံးစားအားဖြင့် ဝေလိုက် ခွဲလိုက်တော့ကား ဆိုပြီးသား စကား ထပ်ပြီးဆိုခြင်းကြောင့် သင့်ရောက်တယ်ဆိုတဲ့ ပုနရုတ္တိဒေါသ အပြစ်များ ရှိသေးလား (မရှိပါ ဘူးဆရာ)၊ မရှိဘူးတဲ့။ ဆိုသင့်တယ်, ဆိုအပ်တယ်, ဆိုကောင်းတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ဆိုသင့် ဆိုအပ် ဆိုကောင်းလို့ တို့အဘဘုရားကိုယ်တော်မြတ် ဟောကြားတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါကြောင့် "ဥပါဒါနပစ္စယာ ဘဝေါ" ဥပါဒါနပစ္စယာ၊ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့် ဘဝဖြစ်တယ်ဆိုတဲ့ နေရာမှာ ဘဝဟာ ကမ္မဘဝနဲ့ ဥပပတ္တိဘဝနှစ်မျိုး ကမ္မဘဝခေါ်တယ်။ ကမ္မဘဝနဲ့ ဥပပတ္တိဘဝနှစ်မျိုး ကမ္မဘဝဆိုတာ အကြောင်းဘဝ၊ ဥပပတ္တိဘဝဆိုတာ အကျိုးဘဝတဲ့။ ကမ္မဘဝက တရားကိုယ်တရား သားကောက်တော့ ဘာတွေရ လောကီကုသိုလ် စေတနာ တစ်ဆယ့်နဲ့ခုနစ် အကုသိုလ်စေတနာ ဆယ့်နှစ် စေတနာလေးတွေ ကောက်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ ပေါင်းလိုက်တော့ စေတနာ နှစ်ဆယ်နဲ့ကိုးရပါတယ်တဲ့။ အဲဒီစေတနာတွေက အကြောင်းတရားတွေပဲတဲ့။ သတ္တဝါများ တစ်ဘဝနဲ့ တစ်ဘဝ ဆက်ကာဆက်ကာ ပဋိသန္ဓေအသစ်အသစ်ဖြစ်အောင် ဆက်ဆက်ပို့နေတာ သူတို့ပဲ။ စေတနာတည်းဟူသော လမ်းကြောင်းကြီးပေါ် သွားနေကြနော် (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂိုလ်ကတော့ ဒီဘက် ဘဝရှိသေး၊ စေတနာကတော့ ဟိုဘက်ဘဝက လက်ရပ်ခေါ်နေပေါ့။ သွားနှင့်ပေါ့ သွားနှင့် ဖူးလား (သွားနှင့်ပါတယ်ဆရာ)၊ ကုသိုလ်ကောင်းမှု တစ်ခုလုပ်လိုက်တယ်ဆိုရင် လှမ်းဆုတောင်းတယ် မဟုတ်လား (တောင်းပါတယ်ဆရာ)၊ ဒီဘဝသေလို့ရှိရင် နတ်ပြည်ဖြစ်ရပါလို၏လို့ဆိုတော့ ဟော စေတနာက နတ်ပြည်လမ်းညွှန်ထားပေါ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ရည်ရွယ်ချက်က ဟိုဘက်စရံပေးပြီးသား ဖြစ်နေပေါ့။ ဒီက သေရင်လိုက်ပေတော့ အရံသင့် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီစေတနာတွေပဲ အကြောင်းခံ, ခံ, ခံပြီးတော့ ပေးနေလို့ အကျိုးတည်း ဟူသော ခန္ဓာငါးပါးတွေ တစ်ဘဝပြီး တစ်ဘဝ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ ခန္ဓာငါးပါး အကျိုးတရားခေါ်တယ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အေး-စေတနာက အကြောင်းတရား မဟုတ်ဘူးလား (အကြောင်းတရားပါဆရာ)။

ဒါကြောင့် ကမ္မဘဝမှာ တရားကိုယ် တရားသား ကောက်ခဲ့သော် လောကီကုသိုလ် တစ်ဆယ့် ခုနစ်ပါးမှာ ယှဉ်သောစေတနာ ဆယ့်ခုနစ်ရယ်၊ အကုသိုလ်စိတ်ဆယ့်နှစ်ပါးမှာယှဉ်တဲ့ စေတနာ ဆယ့်နှစ်ပါးရယ် အားလုံးစေတနာနှစ်ဆယ့်ကိုးပါးရတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဥပပတ္တိဘဝဆိုတာ အကြောင်းဘဝလား အကျိုးဘဝလားဆိုတော့ အကျိုးဘဝတဲ့။ အဲဒီအကျိုး ဘဝဟာ တရားကိုယ် တရားသား ကောက်စမ်းပါဆိုတော့ "ဥပပတ္တိဘဝေါ နာမ တေန ကမ္မေန နိဗ္ဗတ္တံ ဥပါဒိန္နက္ခန္ဓပဉ္စကံ"၊ တရားကိုယ် ကောက်လိုက်တော့ "ဥပပတ္တိဘဝေါ နာမ ဥပပတ္တိ ဘဝမည်သည်ကား။ တေန ကမ္မေန၊ ထိုကမ္မဘဝကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်သော။ ဥပါဒိန္နက္ခန္ဓပဉ္စကံ၊ ဥပါဒိန္နက္ခန္ဓာငါးပါးတည်း။" ဟော ခန္ဓာငါးပါး အကျိုးတရားကြီး ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊

http://www.dhammadownload.com



ကမ္မဘဝ အကြောင်းတရား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ခန္ဓာငါးပါး ဘာကြောင့်ဖြစ်။ ပစ္စယပရိဂ္ဂဟဉာဏ် မှတ်မိသေးလား (မှတ်မိပါတယ် ဆရာ)၊ ခန္ဓာငါးပါး ဘာကြောင့်ဖြစ် (အဝိဇ္ဇာ တဏှာ ကံကြောင့် ဖြစ်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒီအတိုင်း ကံပြဋ္ဌာန်းတယ် မဟုတ်လား၊ ကံမဟုတ်လား (ကံပါဆရာ)၊ ကံပြဋ္ဌာန်းတယ်နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာနဲ့တဏှာက အကြောင်း၊ ကံ၏အကြောင်းတွေ မသိလို့ လိုချင်၊ လိုချင်တော့ ပြုလုပ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာက မသိတာ၊ တဏှာက လိုချင်တာ၊ ကံက လုပ်တာ။ သြော်-လက်စသတ်တော့ ဒီလည်းပဲ အကြောင်းနဲ့အကျိုး ဆက်စပ်ပြထားတာ။ ကမ္မဘဝကြောင့် ဥပပတ္တိဘဝဖြစ်တယ်။

ဒါကြောင့် ဥပပတ္တိဘဝေါ နာမ၊ ဥပပတ္တိဘဝမည်သည်ကား။ တေန ကမ္မေန၊ ထိုကမ္မဘဝကြောင့် (ဝါ) ထိုစေတနာကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်သော။ ဥပါဒိန္နက္ခန္ဓပဉ္စကံ၊ ဥပါဒိန္နခန္ဓာငါးပါးတည်း။ အနုပါဒိန္နရုပ်နဲ့ ဥပါဒိန္နရုပ် ခွဲထားလို့ရှိရင် ဒါဥပါဒိန္နခန္ဓာခေါ်တယ်။ အမှန်ကတော့ ခန္ဓာငါးပါး တရားကိုယ်ရ မရဖူးလား (ရပါတယ်ဆရာ)၊ အဲဒီ ငါးပါးဘယ်ဖြစ်တတ်သလဲဆို ဘဝကြီးကိုးပါး ဖြစ်တတ်တယ်။ ကာမဘဝ ရူပဘဝ အရူပဘဝ သညီဘဝ အသညီဘဝ နေဝသညီနာသညီဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝ ဘဝကြီးကိုးပါး လိုက်ကြည့် ခန္ဓာငါးပါးချည်း မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါကြောင့် ခန္ဓာငါးပါးသည် အကျိုးတရားအစစ် ဘယ်သူ့ကြောင့်ဖြစ်လဲ၊ ကံတည်းဟူသော အကြောင်း တရားကြောင့် ဖြစ်တယ် မှန်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အေး-မှန်တယ်။ အေး-ဒါကြောင့် အကြောင်းအကျိုးဆက်နေတဲ့ သဘောလေးတွေ အကြောင်းက ဘယ်သူတုံး စေတနာဟဲ့။ အကျိုးက ဘယ်သူတုံး ခန္ဓာငါးပါးဟဲ့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီလို သွားနေတာ၊ အဲသလို အကြောင်းအကျိုး ဆက်စပ်ပြီးတော့ မိမိတို့ဉာဏ်ထဲမှာ ပြတ်ပြတ်သားသား နားလည်အောင် ကြိုးစားထားပါလို့။ ဒီလို မဟုတ်ဘူး ခုတော့ ဘယ့်နဲ့ဖြစ်၊ ရုပ်သဘော နာမ်သဘောကို စောစောက ပြောတဲ့တိုင်း ရုပ်ဓမ္မ နာမ်ဓမ္မ သင်္ခါရတို့၏ သဘာဝလက္ခဏာ သမညလက္ခဏာ မသိတဲ့ ပုဂ္ဂိုလ်ကြတော့ အတ္တနိယ အတ္တဝါဒနဲ့ အတ္တဝါဒ အတ္တနိယဝါဒနဲ့ အမြဲတစေမှတ်၊ မမှတ်ဖူးလား (မှတ်ပါတယ်ဆရာ)။ မှတ်နေတော့ ဘယ့်နဲ့ဖြစ်လာလဲဆိုဒတော့ -

အယံ သတ္တော အသ္မာ လောကာ ပရံ လောကံ ဂစ္ဆတိ။ အသ္မာ လောကာ ဣမံ လောကံ အာဂစ္ဆတီတိ ဝိကပ္ပေတိ။ အယံ သတ္တော၊ ဤသတ္တဝါသည်။ အသ္မာ လောကာ၊ ဤမည်သော လောကမှ။ ပရံ လောကံ၊ တစ်ပါးသော လောကသို့။ အာဂစ္ဆတိ၊ သွား၏ နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



အသ္မာ လောကာ၊ ဤမည်သော လောကမှ။ ဣမံ လောကံ၊ ဤလောကသို့။ အာဂစ္ဆတိ၊ လာပြန်၏။ ဣတိ ဤသို့။ ဝိကပ္ပေတိ၊ ကြံဆ၏။ ပဋိစ္စသမုပ္ပါဒ်ရဲ့ သဘောသွားလေးတွေ အကြောင်းအကျိုး ဆက်စပ်တဲ့ အဓိပ္ပါယ်လေးတွေ ရုပ်လည်းမသိ နာမ်လည်းမသိ ပဋိစ္စသမုပ္ပါဒ်လည်း မသိတော့ ဘယ့်နှဲ့ ဖြစ်နေလဲဆိုတော့ အခု ဒီလူတွေဟာ ဟိုဘက်ဘဝက သေပြီးတော့ ဒီဘက်ရောက်လာကြတယ် မဟုတ်ဖူးလာ (မှန်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝက သေပြီးတော့ ဒီဘက်ဘဝ ရောက်လာကြတယ်။ ဟောဒီဘက်ဘဝကသေ သေပြီးတော့ ဟိုဘက်ဘဝသွားအုံးမှာ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ထွက်ထဲက ဒီလူတွေ ဒီပုဂ္ဂိုလ်တွေ ဒီသတ္တဝါတွေ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ အဲဒီလိုချည်းပဲ သေတတ်တယ်တဲ့။ အသ္မာ လောကာ ပရံ လောကံ ဂစ္ဆတိ။ အသ္မာ လောကာ၊ ဤမည်သော လောကမှ။ အယံ သတ္တော၊ ဤသတ္တဝါသည်၊ ဤလူသည်၊ ဤပုဂ္ဂိုလ်သည်၊ ဤကောင်သည်။ ပရံလောကံ တစ်ပါးသော လောကသို့။ ဂစ္ဆတိ၊ သွား၏။ သွားပဟေ့ ဖြေုတော့ သေပေ့ါဟ။

ဒီဘဝသေပြီးတော့ ဟိုဘက်ဘဝ သွားဖြစ်အုံးမှာပဲ။ ပုဂ္ဂိုလ်သတ္တဝါ အနေအားဖြင့် ဒီလိုပဲ တွေးဆနေရ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီဘက်က လူသေရင် ဟိုဘက်သွားဖြစ်တယ်။ ဟိုဘက် ကလူသေတော့ ဒီဘက်လာဖြစ်တယ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါမှန်သလား မှား သလား (မှားနေပါတယ်ဆရာ)၊ မှားနေတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ အယူအဆမျိုးနဲ့ သေပလား ဆို ဘယ်သွားမတုံး (အပါယ်လေးပါးဆရာ)၊ အပါယ်လေးပါးသွား မင်းကြပ်ကြပ် သတိထားပေ့ါကွာ နော် (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် ဒီနေရာမှာ ကမ္မဘဝနဲ့ ဥပပတ္တိဘဝမှာ ကမ္မဘဝက ပဋိသန္ဓေအသစ်ကို ဖြစ်စေတတ်တဲ့ ကုသိုလ်ကံ အကုသိုလ် ကံ နှစ်ပါးကို စေတနာနှစ်ပါးကို ကောက်ထား၊ မကောက်ဖူးလား (ကောက်ပါတယ်ဆရာ)၊ ပဋိသန္ဓေ အသစ်ကို ဖြစ်စေတတ်သော ကုသိုလ်ကံနဲ့ အကုသိုလ်ကံကို ကောက်ထား၏။ အဲဒီ ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတဲ့ နှစ်ပါးပဲတဲ့။ ဥပပတ္တိဘဝဖြစ်စေတတ်တယ်၊ ဒါဖြင့် ဥပပတ္တိဘဝ တရား ကိုယ်ကောက်တော့ ဘယ်သူရ (ခန္ဓာငါးပါးရပါတယ်ဆရာ)၊ အေး-ခန္ဓာငါးပါး နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီ ခန္ဓာငါးပါး ဘယ်သူကြောင့် (ကမ္မဘဝကြောင့်ဖြစ်)၊ အေး-ကမ္မဘဝ ကြောင့်ဖြစ်တယ်၊ ကံကြောင့်ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ကံကြောင့် ဖြစ်တယ်၊ စေတနာကြောင့် ဖြစ်တယ်။ ဒါဖြင့်ရင်ကွယ် ဒီဘက်ဘဝ လူ ဟိုဘက်ဘဝသွားဖြစ်တယ်ဆိုတာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)၊ ဒီမှာ အကြောင်းအကျိုး ဆက်ကြည့်တော့ (မဟုတ်ပါဘူးဆရာ)၊ အကြောင်းက ဘယ်သူလာတွေ့နေတုံး (ကမ္မဘဝ လာတွေ့တာပါဆရာ)၊ စေတနာလာတွေ့နော် (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ) အကျိုးက ဘယ်သူတွေ့ (ခန္ဓာငါးပါးလာတွေ့ပါတယ်ဆရာ)၊ သြော်-ခန္ဓာငါးပါး တွေ့တယ်။ ဒါ့အပြင် ပဋိစ္စသမုပ္ပါဒ် ရှာကြည့်တော့ ရှိသေးသလားဟ (မရှိပါဘူးဆရာ)၊ သေချာ ပဋိစ္စသမုပ္ပါဒ် အစကနေ အဆုံးတိုင် ပြန်ကြည့်စမ်း။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ . . . ကိုင်း-အဝိဇ္ဇာက စရှာကြည့်စမ်း။ ပုဂ္ဂိုလ်သတ္တဝါ ရှာရလား (မရပါဘူးဆရာ)၊ အကောင်အထည် ရှာရလား (မရပါဘူး ဆရာ)၊ ယောက်ျား မိန်းမရှာရလား (မရပါဘူးဆရာ)၊ အသက်လိပ်ပြာ ရှာရရဲ့လား (မရပါဘူးဆရာ)၊ အထည်ဒြပ်သဏ္ဌာန် ရှာရလား (မရပါဘူးဆရာ)၊ ဘာမှ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ဘာမှ မရှိဘူး ရုပ်နာမ်နှစ်ပါး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရုပ်နာမ်နှစ်ပါးပဲ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဒီလိုသွားနေ။

ဒါကြောင့် သေသေချာချာ ပဋိစ္စသမုပ္ပါဒ် အာရုံခံပြီးတော့ စဉ်းစားကြည့်စမ်း။ ကမ္မဘဝကြောင့် ဥပပတ္တိဘဝ ဖြစ်ရတယ်။ ဘာပြုလို့တုံး ဥပပတ္တိဘဝ ဆိုထားတာ "ဥပပတ္တိဘဝေါ နာမ တေန ကမ္မေန နိဗ္ဗတ္တံ ဥပါဒိန္နက္ခန္ဓပဉ္စကံ" ဥပပတ္တိဘဝဆိုတာ တစ်ခြားမဟုတ်ဘူး။ တေန ကမ္မေန ထိုကမ္မဘဝ ကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်သော။ ဥပါဒိန္နက္ခန္ဓပဉ္စကံ၊ ဥပါဒိန္နခန္ဓာငါးပါးတည်း လို့ ဆိုထားတော့ သြော်- လက်စသတ်တော့ အကျိုးခန္ဓာ ကောင်ဆိုတဲ့ ခန္ဓာငါးပါး တရားကြီးသာ အမှန်က ကမ္မဘဝကြောင့် စေတနာကြောင့် လာဖြစ်တဲ့ တရားပါပဲလား။ ဘာကောင်မှ မဟုတ်ဘူး မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ ဟိုက အကြောင်းခံပေးတာ အကောင်ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ ဟိုကလည်း စေတနာ၊ "တေန ကမ္မေန နိဗ္ဗတ္တံ" ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ တေန ကမ္မေန၊ ထိုစေတနာ တည်းဟူသော ကံကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်ပေါ်လာသော။ ဥပါဒိန္နက္ခန္ဓပဉ္စကံ၊ ဥပါဒိန္နခန္ဓာငါးပါးတည်း။ သြော် - လက်စသတ်တော့ ခန္ဓာကောင် အကျိုးကောင်ကြီး ဖြစ်လာအောင် လုပ်ပေးလိုက်တာလည်းပဲ အမှန်က စေတနာကံလေးရ။ စေတနာကံ အကြောင်းခံလို့ လာဖြစ်ပြန်တော့လည်း အကောင်အထည် မဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး။ အမှန်က ခန္ဓာငါးပါးရတယ်လို့ အဲဒီလို အကျိုးအကြောင်း ဆက်စပ်တဲ့ သဘာဝလေးတွေ ပြတ်ပြတ်သားသား နားလည်အောင် ဟိုအစကနေပြီးတော့ အခေါက် ခေါက် အထပ်ထပ်ဆိုသလိုပဲ ပြန်ပြန် ပြန်ပြန်ပြီးတော့ သုံးသပ်ကြပါ။

ဘယ်ရောက်သွားပါလဲ (ဘဝ ပါဆရာ)၊ "ဥပါဒါနပစ္စယာ ဘဝေါ" ဥပါဒါနပစ္စယာ၊ ဥပါဒါန် တရားလေးပါးကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်။

http://www.dhammadownload.com



ဥပါဒါန်က အကြောင်းတရား၊ ဘဝက အကျိုးတရား၊ ဘဝဆိုတဲ့ အကျိုးတရား ဘယ်နှစ်ပါးရ (နှစ်ပါး ပါဆရာ)၊ ဘယ်သူနဲ့ဘယ်သူတုံး (ကမ္မဘဝနဲ့ ဥပပတ္တိဘဝပါဆရာ)၊ ကမ္မဘဝနဲ့ဥပပတ္တိဘဝ၊ ကမ္မဘဝ ဆိုတာ အကြောင်းဘဝလား အကျိုးဘဝလား (အကြောင်းဘဝပါဆရာ)၊ ဥပပတ္တိဘဝဆိုတာ အကြောင်းဘဝလား အကျိုးဘဝလား (အကျိုးဘဝပါဆရာ)၊ ဘဝနှစ်မျိုးလာရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘဝနှစ်မျိုးသည် ဘယ်သူကြောင့်ဖြစ် (ဥပါဒါန်ကြောင့် ဖြစ်ပါတယ်ဆရာ)၊ အေး- ဥပါဒါန်ကြောင့် ဖြစ်၊ မှတ်ထားနော် သဲသဲကွဲကွဲလေးတွေ အလုံးကောက်ကလေးတွေတော့ တတ်ရမယ်။ အလုံးကောက်ကလေးတွေ နားလည်ရမယ်လို့ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ် ဆိုတော့ ဥပါဒါန်က အကြောင်းတရား၊ ဘဝက အကျိုးတရား၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့်အကျိုး ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒီတိုင်းသွား။ ဒီလိုပဲ အကြောင်းတရားနဲ့ အကျိုးတရား လှည့်ပတ်ပြီးသွားနေလို့ မပြတ်တဲ့သဘောက ပဋိစ္စသမုပ္ပါဒ်၊ ဘယ်တော့မှ မပြတ်ဘူး၊ ဘယ်တော့မှ မရပ်ဘူး။ ဒီအကြောင်းသာလုပ်ရင် ဒီအကျိုးဖြစ်မှာပဲ။ ဒီအကြောင်းသာလုပ်ရင် ဒီအကျိုးဖြစ်မှာပဲလို့ ဒီလိုချည်းသွားနေ။ ဒါဖြင့် ဒီအကျိုးမဖြစ်အောင် ဘယ့်နဲ့ လုပ် ဒီအကြောင်းမလုပ်နဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒီလိုမှ အကြောင်းချုပ်မှ အကျိုးပြုတ်တယ်။ အကြောင်းချုပ်မှ အကျိုးပြုတ်တယ်တဲ့။ အကြောင်းမချုပ်ဘဲနဲ့ အကျိုးဘယ်တော့မှ မပြုတ်ဘူး၊ အကြောင်းမချုပ်လို့ အကျိုးမပြုတ်ပြန်တော့လည်းပဲ ဒီစက်ရဟတ် ရပ်လို့ ရပ့်မလားဆို ဘယ်အခါမှ မရဘူး။

ဒါကြောင့် "ဥပါဒါနပစ္စယာ ဘဝေါ" ဆိုတဲ့နေရာမှာ ဥပါဒါန်က ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ဥပါဒါန်တရားလေးပါး။ အဲဒီ ဥပါဒါန်တရားလေးပါး သူသူငါငါ ပုထုဇဉ်သတ္တဝါများမှာ တစ်ပါးမဖြစ် တစ်ပါးဖြစ်။ တစ်ပါးမဖြစ် ကစ်ပါးဖြစ်ဆိုတော့ ရှောင်လွှဲလို့က မရဘူး ဖြစ်ကြတယ်၊ ဖြစ်တော့ ဘာဖြစ်လဲဆိုတော့ ဘဝလာဖြစ်။ အကျိုးတည်းဟူသော ဘဝတွေ လာပေါ်။ ဒီအကျိုးတရားတည်းဟူသော ဘဝလာပေါ်တော့ ဘဝဘယ်နှစ်မျိုးရ နှစ်မျိုးရ။ ဘယ်သူတုံး ကမ္မဘဝနဲ့ ဥပပတ္တိဘဝ၊ ကမ္မဘဝဆိုတာ အကြောင်းဘဝ၊ ဥပပတ္တိဘဝဆိုတာ အကျိုးဘဝ၊ အဲဒီ ကမ္မဘဝ ကလည်းပဲ တရားကိုယ် တရားသားကောက်တော့ စေတနာပဲပြန်ရ။ သင်္ခါရကောက်တဲ့ အတိုင်းပါပဲ လို့နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ကမ္မဘဝ။ ဥပပတ္တိဘဝ ဆိုတာ ဘယ်သူတုံး ဆိုတော့ ဘဝကြီးကိုးပါး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဥပပတ္တိဘဝဆိုတာ ဘဝကြီးကိုးပါး ကာမဘဝ ရူပဘဝ အရူပဘဝ သညီဘဝ အသညီဘဝ နေဝသညီနာသညီဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝ။ ဒါသုံးဆယ့်တစ်ဘုံကို ဘဝကိုးမျိုးနဲ့ ဝေဖန်ပြီး

http://www.dhammadownload.com



ပြထားတာ။ ဘဝကိုးပါးနဲ့ ဝေဖန်လိုက်တော့ သုံးဆယ့်နဲ့တစ်ဘုံကုန်ရော့။ ဒါပေမယ့် တရားကိုယ် တရားသား ကောက်စမ်းပါဆိုတော့ ဥပပတ္တိဘဝဆိုတာ ထိုကမ္မဘဝကြောင့် ဖြစ်ပေါ်လာသော ခန္ဓာငါးပါးရ နော် (မှန်ပါတယ် ဆရာ)၊ "ဥပပတ္တိဘဝေါ နာမ တေန ကမ္မေန နိဗ္ဗတ္တံ ဥပါဒိန္နက္ခန္ဓပဉ္စကံ"။ ဘဝဆိုတာ တခြားမဟုတ်ဘူးတဲ့။ ဒီကမ္မဘဝကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားတည်းဟူသော ခန္ဓာငါးပါးလာရ၊ ဒါဖြင့် သုံးဆယ့်တစ်ဘုံမှာ ခန္ဓာက လွတ်တဲ့ဘုံရယ် ရှိသလားဟ (မရှိပါဘူးဆရာ)၊ ခန္ဓာချည်းပဲ။ ဒါ သမ္မုတိအနေအားဖြင့် သုံးဆယ့်တစ်ဘုံလို့ ခေါ်ထားတာ။ ဘယ်ပုံကြည့်ကြည့် ခန္ဓာချည်း တွေ့ရနော် (မှန်ပါတယ်ဆရာ)၊ ခန္ဓာချည်းတွေ့ရ။ ဧကဝေါကာရကြည့်ကြည့် စတုဝေါကာရကြည့်ကြည့် ပဉ္စဝေါကာရကြည့်ကြည့် ခန္ဓာတစ်ပါးရှိတဲ့ဘုံ၊ ခန္ဓာလေးပါးရှိတဲ့ဘုံ ခန္ဓာငါးပါးဖြစ်တဲ့ဘုံ ဒီလိုသာ ကွဲသွားမှာ။

ဒါဥပပတ္တိဘဝရဲ့ တရားကိုယ် တရားသား ခန္ဓာငါးပါးရတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ဒါဖြင့်ရင် ဥပါဒါန်ကြောင့်ဖြစ်လာတဲ့ ကမ္မဘဝနဲ့ ဥပပတ္တိဘဝဆိုတဲ့ အကျိုးနှစ်ပါးတော့ နားလည်ပြီ။ အကျိုးတရား ဘဝနှစ်ပါး နားလည်ပါပြီလို့။ အဲဒီ အကျိုးရလာတဲ့ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ ဆိုတဲ့ အကျိုးဘဝနှစ်မျိုးထဲမှာ "ဘဝပစ္စယာ ဇာတိ"လို့ အကြောင်းဘဝလုပ်ကြတော့ ဘယ်သူကောက် သွားတုံး၊ (လောကီဝိပါက်စိတ် သုံးဆယ့်နှစ်ရယ်) ဟော လုပ်ပုံ လုပ်ပုံ၊ ဒါရမ်းကန်းပြီးတော့ "ဘဝပစ္စယာ ဇာတိ" ဘဝပစ္စယာ၊ ဘဝတည်းဟူသော အကြောင်းကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏ ဆိုတော့ ဇာတိတည်းဟူသော အကျိုးကို ဖြစ်အောင်လုပ်ပေးတဲ့ အကြောင်းဘဝက ဘယ်သူတုံး (ကမ္မဘဝပါဆရာ)၊ အဲဒီလို လုပ်ပါ။ ရမ်းအုတ်တာပဲ တစ်ခါတည်း ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)၊ ကမ္မဘဝ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝက တရားကိုယ်ကောက်တော့ ဘာတွေရ (ငါးဖြာ အာရုံ ကာမဂုဏ်)၊ ဟော မြင်လား ဒီလိုကောင်ပါဆို ဒီကောင်က နည်းနည်းဖောက်ပြန်တယ်ထင်တယ်၊ ငါ့တော့ အာရုံလည်း သွင်းဟန်မသိဘူး။ ကမ္မဘဝလေ၊ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ နှစ်မျိုးရှိတယ် မဟုတ်လား (နှစ်မျိုးပါဆရာ)၊ ကမ္မဘဝ တရားကိုယ်သိလား။ ခုနတုန်းက သိတယ်ဆို ဘာကောက်တုံး တရားကိုယ် ဘာကောက်တုံး (မေ့သွားတယ်ဆရာ)၊ ဟင်း ကောင်းတယ် ကောင်းတယ် ဦးနှောက်ထဲ သွင်းမထားနဲ့နော် စာရင်းရှုပ်တယ်၊ ဦးနှောက်ရှုပ်တယ်။ ဘယ်လောက်ဖျင်းသား ညံ့သားရတဲ့ ကောင်လဲလို့ မင်း ကမ္မဘဝနဲ့ ဟိုက သင်္ခါရနဲ့ ပြန်ပြန်ပြန် အဓိပ္ပါယ်ကို ရှင်းရှင်းနေ တယ်။ သင်္ခါရတုံးက ဘာတွေကောက်တုံး တရားကိုယ် (စေတနာပါဆရာ)၊ ဘာစေတနာတွေတုံး သင်္ခါရတုန်းက ဘာ စေတနာတွေတုံး (မခွဲတတ်ဘူး)၊ ဟင်း ဒုက္ခမှ အကြီးစားပဲကွာ။ မင်း နှစ်ရက်ရှိသေးတာ အဖိတ်နေ့နဲ့

http://www.dhammadownload.com



ဥပုသ်နေ့ရှိသေးတာ။ ဒုက္ခပဲ အဲဒါမှ၊ ငါသိပ်စိတ်ပျက်တယ်ကွ အဲဒါမျိုးကြတော့ တကယ်ပဲ၊ သင်္ခါရ၊ “အဝိဇ္ဇာပစ္စယာ သင်္ခါရာ” တုန်းက သင်္ခါရရဲ့ စေတနာတောင် မင်းမကောက် တတ်ပြန်ဘူးလား။ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ပုညာဘိသင်္ခါရ ဘာစေတနာတွေတုံး (ကာမာဝစရကုသိုလ်နဲ့ ရူပါဝစရကုသိုလ်ပါဆရာ)၊ ကာမာဝစရကုသိုလ်နဲ့ ရူပါဝစရ ကုသိုလ်မှာ ယှဉ်တဲ့ စေတနာလား (မှန်ပါတယ်ဆရာ)၊ အပုညာဘိသင်္ခါရဆိုတာကော (အကုသိုလ် စေတနာပါ ဆရာ)၊ အာနေဉ္ဇာဘိသင်္ခါရဆိုတာကော (အရူပါဝစရစေတနာပါဆရာ)၊ အဲဒါတွေ မဟုတ်ဘူးလားဟ၊ ဒီသင်္ခါရနဲ့ကမ္မဘဝ စကားနှစ်ခု ထပ်နေလို့ ပုနရုတ္တိဒေါသ အပြစ်များ သင့်မလား ဆိုပြီးတော့ ငါခွဲစိတ်ပြ မသင့်ဘူး။ သင်္ခါရလည်း စေတနာပဲ၊ ကမ္မဘဝလည်း စေတနာပဲ၊ သင်္ခါရတုန်းက စေတနာကောက် တယ်။ ကမ္မဘဝတုန်းက စေတနာကောက်တယ်ဆိုတော့ ဆိုပြီးသားစကား နောက်တစ်ဖန် ထပ်ဆို ခြင်းကြောင့် ပုနရုတ္တိဒေါသ သင့်သလားလို့ စာဒကတက်စရာ အကြောင်းရှိတယ်။ ဘုရားကိုယ်တော်တိုင် ဟောထားတာ မသင့်ရာ၊ မသင့်တဲ့အကြောင်း ပြောစမ်းပါ -

သင်္ခါရတုန်းက ကောက်တဲ့ စေတနာက ပုဗ္ဗစေတနာ။ ကမ္မဘဝကောက်ထားတဲ့ စေတနာက ပရစေတနာ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ မင်းမေးပြောရင် မှတ်မိတာချည်းပဲ။ ဒါဖြင့် ကမ္မဘဝက ဘာတွေကောက်တုံး (စေတနာကောက်မှာပါဆရာ)၊ ဘာစေတနာ ဘယ်စေတနာတုံး ဘာမှ မသိဘူး။ လောကီကုသိုလ်ယှဉ်တဲ့ စေတနာ ဆယ့်ခုနစ်ပါးရယ်၊ အကုသိုလ်ဆယ့်နှစ်ခုမှာယှဉ်တဲ့ စေတနာ ဆယ့်နှစ်ပါးရယ် နှစ်ဆယ့်နဲ့ကိုး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ မှန်ပါတယ်ပဲ မင်းတတ်တယ်။ ဒီပြင်တော့ မတတ်ဘူး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ သင်္ခါရတုန်းက ဘာတွေတုံး ဒီအတိုင်း မဟုတ်ဘူးလား (ဒီအတိုင်းပါပဲဆရာ)၊ ဒါပေမယ့် သင်္ခါရဆိုပြီးသား စကားတွေ ဒီကမ္မဘဝ လာပြီးတော့ ဆိုနေတော့ ဆိုပြီးသားစကား နောက်တစ်ဖန်ဆိုခြင်းကြောင့် ပုနရုတ္တိဒေါသ မသင့်ဘူးလားဆိုတော့ မင်းဘယ့်နဲ့ပြော (မသင့်ပါဘူးလို့ပြောမှာပါဆရာ)၊ မသင့်တဲ့အဓိပ္ပါယ်လေး ပြောစမ်းပါ (ဟိုက အတိတ်ကဆိုခဲ့တဲ့ စေတနာပါဆရာ)၊ ဘယ့်နဲ့ အတိတ်ကဆိုခဲ့တဲ့ စေတနာ၊ ဘယ့်နဲ့ အတိတ်ကဆိုခဲ့တဲ့ စေတနာတုံးဟ (အတိတ်ကဖြစ်တဲ့စေတနာပါဆရာ)၊ အတိတ်ဖြစ်တဲ့စေတနာ၊ အခု ကမ္မဘဝဖြစ်တဲ့ စေတနာကြတော့ကော (ယခုလက်ရှိ ပစ္စုပ္ပန်ဖြစ်တဲ့စေတနာပါဆရာ)၊ အဲဒါလေးတော့ မင်းမှတ်မိသားနဲ့ ဒါတရားကိုယ် မကောက်တတ်ဘူးဆိုတော့ မခက်ဘူးလား မင်းဥစ္စာက။ အခုကောက်တတ်သွားပြီလား (ကောက်တတ်ပါတယ်ဆရာ)၊ တော်တော်ကို ညံ့တဲ့ကောင်ကိုးကွ လှော်ရင်းနစ်ဆိုတာ မင်းပဲ အဲဒါ။ ဒါဖြင့် သေချာကြည့် -

http://www.dhammadownload.com



"ဘဝပစ္စယာ ဇာတိ" ဘဝပစ္စယာ၊ ဘဝတည်းဟူသော အကြောင်းကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏ တဲ့။ ဘဝက အကြောင်း၊ ဇာတိက အကျိုး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ အကြောင်းဆိုတဲ့ ဘဝမှာ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ နှစ်မျိုးရှိတဲ့အနက်က ဘယ်ဘဝ ကောက်မတုံး (ကမ္မဘဝကောက်ပါတယ်ဆရာ)၊ ကမ္မဘဝကောက်တယ်၊ တရားကိုယ် ဘာတွေရ (စေတနာတွေ ရပါတယ်ဆရာ)၊ ဘာစေတနာတုံး, ဘယ်လောက်တုံး စေတနာဘယ်လောက်ရှိတယ် (နှစ်ဆယ့်ကိုးပါ ဆရာ)၊ နှစ်ဆယ့်ကိုးပါး လောကီကုသိုလ် ဆယ့်ခုနစ်ပါး ယှဉ်တဲ့စေတနာ ဆယ့်ခုနစ်ခုလား (မှန်ပါ တယ်ဆရာ)။ ပြီးတော့ အကုသိုလ် (အကုသိုလ်ဆယ့်နှစ်ပါးရပါတယ်ဆရာ)၊ အကုသိုလ်ဆယ့်နှစ်ပါးမှာ ယှဉ်တဲ့ စေတနာက ဆယ့်နှစ်ခု နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပေါင်းလိုက်တော့ ဘယ် လောက်ရှိ (နှစ်ဆယ်နဲ့ကိုးပါဆရာ)၊ အဲဒီ နှစ်ဆယ့်ကိုးပါးသော စေတနာ ကမ္မဘဝ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ ကမ္မဘဝကြောင့် ဇာတိဖြစ်တယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ဘဝေါတိ ဧတ္ထ ကမ္မဘဝေါ အဓိပ္ပေတော"လို့ ဘဝေါတိ ဧတ္ထ၊ ဘဝဟူသော ဤပါဌ်၌။ ကမ္မဘဝေါ၊ ကမ္မဘဝကိုသာလျှင်။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ "ဘဝပစ္စယာ ဇာတိ"ဆိုတဲ့နေရာ ဘဝပုဒ်ဟာ တခြားမဟုတ်ဘူးတဲ့။ ဥပပတ္တိဘဝမကောက်ပါနဲ့၊ ကမ္မဘဝကို ကောက်ပါ။ နားလည်လား (နားလည် ပါတယ်ဆရာ)၊ မေးလိုက်ရင် နားလည်တာပဲ။

ကိုင်း-ပြန်ပြောစမ်း ဥပါဒါန်တည်းဟူသော အကြောင်းကြောင့် ဘာဖြစ်တယ် (ကမ္မဘဝနဲ့ ဥပပတ္တိ ဘဝဖြစ်ပါတယ်ဆရာ)၊ ဘဝနှစ်မျိုးဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝ အကြောင်းဘဝလား အကျိုးဘဝလား (အကြောင်းဘဝပါဆရာ)၊ ဥပပတ္တိဘဝက အကျိုးဘဝလား အကြောင်းဘဝလား (အကျိုးဘဝပါဆရာ)၊ ကမ္မဘဝက တရားကိုယ် ဘာကောက် (စေတနာပါဆရာ)၊ စေတနာဘယ် လောက်ရ (နှစ်ဆယ်နဲ့ကိုးပါဆရာ)၊ နှစ်ဆယ်နဲ့ကိုး လောကီကုသိုလ်မှာယှဉ်တဲ့စေတနာက ဘယ် လောက် (ဆယ့်ခုနစ်ပါးပါဆရာ)၊ အကုသိုလ်မှာယှဉ်တဲ့စေတနာက (ဆယ့်နှစ်ပါးပါဆရာ)၊ ပေါင်း လိုက်တော့ ဘယ်လောက်ရှိ (နှစ်ဆယ့်နဲ့ကိုးပါးပါဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ မှတ် မိလား (မှတ်မိပါတယ်ဆရာ)၊ ဥပပတ္တိဘဝက ဘဝဘယ်နှစ်မျိုးရ (ကိုးပါးပါဆရာ)၊ ကိုးပါး ရေတတ် ကဲ့လား (မရေတတ်ဘူး)၊ ဟော-ကောင်းတယ်၊ ဒါရှင်းသွားတာပဲ နော်။ ကိုးပါး မှတ်မိလား (မှတ်မိပါ တယ်ဆရာ)၊ ကာမဘဝ ရူပဘဝ အရူပဘဝ သညီဘဝ အသညီဘဝ နေဝသညီနာသညီဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝ ဘယ်လောက်ရှိ (ကိုးပါးပါဆရာ)၊ အဲဒီ ဘဝကိုးပါးက ဘဝအားဖြင့် ရေတွက်လို့ ကိုးပါးရတယ်။ တရားကိုယ်အားဖြင့် ရေတွက်တော့ ဘာရ

http://www.dhammadownload.com



(ခန္ဓာငါးပါးရပါတယ်ဆရာ)၊ အေး-ခန္ဓာငါးပါးလာရ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ထိုကမ္မဘဝကြောင့် ဖြစ်ပေါ်လာသော ခန္ဓာငါးပါးကို ရတယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီခန္ဓာငါးပါးဟာ ဘယ်သူ့ကြောင့် ဖြစ်သလဲဆို မင်းဘယ့်နဲ့ပြော (ကမ္မဘဝကြောင့် ဖြစ်တာပါဆရာ)၊ အေး-ကမ္မဘဝကြောင့် ဖြစ်တာနော် (မှန်ပါတယ်ဆရာ)၊ ပစ္စယပရိဂ္ဂဟဉာဏ်တုန်းက မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ ခန္ဓာငါးပါးဖြစ်လာသော အကြောင်းရင်းတရားသည် ဘယ်နှစ်ပါးတုံး (သုံးပါးပါဆရာ)၊ ဘယ်သူဘယ်သူတွေတုံး (အဝိဇ္ဇာ တဏှာ ကံ ပါဆရာ)၊ အေး-အဝိဇ္ဇာ တဏှာ ကံ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဝိဇ္ဇာ တဏှာ ကံလို့ ပစ္စယပရိဂ္ဂဟဉာဏ်တုန်းက သုံးမျိုးသုံးစား ပြတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီကြတော့ ခန္ဓာငါးပါးဘာကြောင့်ဖြစ် (ကမ္မဘဝကြောင့် ဖြစ်ပါတယ်ဆရာ)၊ သြော်- ကမ္မဘဝကြောင့်ဖြစ်၊ ကံမဟုတ်လား၊ အဝိဇ္ဇာ တဏှာ ကံ ဆိုတာ သူမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဂွင်းဆက်ဂွင်းဆက် ဘယ်ကလှည့်ဆက်ဆက် ဒါဆက်လို့ ရတယ်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြတော့ ကမ္မဘဝကြောင့် ခန္ဓာငါးပါးဖြစ်တယ်ဆိုတော့ ခန္ဓာငါးပါး အကျိုးတရားနေရော့၊ ကမ္မဘဝ အကြောင်းတရားနေရော့။ ဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်တုန်းကတော့ အဝိဇ္ဇာ တဏှာ ကံလို့ အတိတ်အကြောင်းက ဒီလိုပြတယ်။ ခုပဋိစ္စသမုပ္ပါဒ် အရာကြတော့ ခန္ဓာငါးပါး ဘာကြောင့်ဖြစ်၊ ကံကြောင့်ဖြစ်၊ ကံတစ်ခုတည်း ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ သဘောချင်းက လွဲမနေဘူးလား (လွဲနေပါတယ်ဆရာ)၊ အဲဒါ လွဲမယူနဲ့ တစ်ထပ်တည်းယူရမယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ကံကိုက ကံလုပ်တာကိုက အဝိဇ္ဇာတဏှာကြောင့် လုပ်တာနားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီတော့ အဝိဇ္ဇာတဏှာ ပါပြီးသား မနေဘူးလား (ပါပြီးသားဖြစ်နေပါတယ်ဆရာ)၊ ဒါပေမယ့် ဒီနေရာက ကံပြဋ္ဌာန်းလို့ "ကမ္မဘဝေါ အဓိပ္ပေါတော"လို့ ဒီလိုဆိုသွားတာ။ ဒီနေရာ ခန္ဓာငါးပါး ဖြစ်သော အကြောင်းအရင်းသည် ကံကြောင့် ဖြစ်တယ်၊ ကမ္မဘဝကြောင့် ဖြစ်တယ်၊ စေတနာကြောင့် ဖြစ်တယ်၊ သူပြဋ္ဌာန်းလို့တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သူပြဋ္ဌာန်းလို့ သူသာအဓိကထားပြီးတော့ ဟောသွားတာတဲ့။ ဒါဖြင့် သူပြဋ္ဌာန်းတာ အဝိဇ္ဇာ တဏှာ မပါဘူးလားဆိုတော့ ပါပြီးသား။ ဒီကံကိုက ဘာကြောင့် လုပ်လဲဆိုတော့ အဝိဇ္ဇာ တဏှာကြောင့် လုပ်တာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာတဏှာကြောင့် လုပ်တဲ့ကံတဲ့။ ဒီကံကြောင့် ခန္ဓာငါးပါး လာဖြစ်တယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါကြောင့် ကမ္မဘဝကြောင့် ဇာတိဖြစ်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝ

http://www.dhammadownload.com



အကြောင်းဘဝနေရာ၊ ဇာတိက အကျိုးတရားနေရာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဒီလိုချည်း ဆက်စပ်ဆက်စပ်သွားနေတာ။ ဒါကြောင့် ကမ္မဘဝကြောင့် ဇာတိဖြစ်၏။ ဥပပတ္တိဘဝကြောင့် ဇာတိဖြစ်တယ်လို့ ဆိုလို့ရပါမလား (မရပါဘူးဆရာ)၊ မရဘူးနော် (မှန်ပါတယ်ဆရာ)။

အဲဒီ နေရာလေးမှာ တစ်ခါမှတော့ မပြောခဲ့ဘူးပေါ့လေ။ ဒီနေရာလေးကိုလည်း သတိလစ်လစ်နေတယ်။ ဒီဥပပတ္တိဘဝဆိုတာ အမှန်ကတော့ ဇာတိထဲ သက်ဝင်တယ်လို့ မှတ်ထားရမှာနော် (မှန်ပါတယ်ဆရာ)။ ဥပပတ္တိဘဝသည် ဇာတိဘက်သို့ သက်ဝင်၏။ ဒီလိုယူထားပါ။ ကမ္မဘဝကြောင့် ဖြစ်တုန်းကလဲ ကမ္မဘဝကြောင့် ဥပပတ္တိဘဝဖြစ်တာ နော် (မှန်ပါတယ်ဆရာ)၊ "ဥပပတ္တိဘဝေါ နာမ တေန ကမ္မေန နိဗ္ဗတ္တံ ဥပါဒိန္နက္ခန္ဓပဉ္စကံ" ဆိုတော့ ဥပပတ္တိဘဝဆိုတာ ဥပပတ္တိဘဝေါ နာမ၊ ဥပပတ္တိဘဝမည်သည်ကား။ တေန ကမ္မေန၊ ထိုကမ္မဘဝကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်သော။ ဥပါဒိန္နက္ခန္ဓပဉ္စကံ၊ ဥပါဒိန္နခန္ဓာငါးပါးတည်း-လို့ ဆိုတော့ ကမ္မဘဝကြောင့်ဖြစ်တဲ့ ခန္ဓာငါးပါး ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ဒါ ဥပပတ္တိဘဝတရားကိုယ်တော့ ခန္ဓာငါးပါးပြန်ရ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဥပပတ္တိဘဝသည် ကမ္မဘဝကြောင့်ဖြစ်သော အကျိုးဘဝဖြစ်ခြင်းကြောင့် ဇာတိနဲ့ အတူတူပဲလို့ ဇာတိဘက်ကို ရေတွက်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဇာတိဘက်ကို ရေတွက်ရမယ်။ ဒါကြောင့် ဇာတိတစ်ခါကြပြန်တော့လည်း ဘယ်သူလဲဆိုတော့ အကြောင်းကမ္မဘဝပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝ လာရတယ်။ ဒါကြောင့် အကြောင်းဘဝသည် ကမ္မဘဝ၊ ကမ္မဘဝကို ကောက်၊ အကြောင်းတရားတွေ၊ အကျိုးတရားသည် ဘယ်သူလဲ ဆိုတော့ ဇာတိ အဲဒါလေးမှတ်ထား။ ကမ္မဘဝက အကြောင်းတရား၊ ဇာတိက အကျိုးတရား ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇာတိဆိုတော့ မင်းနားလည်သလိုခေါ်တော့ ဘာခေါ်တာတုံး (ပဋိသန္ဓေနေတာပါဆရာ)၊ အေး-ပဋိသန္ဓေနေတာနော် (မှန်ပါတယ်ဆရာ)၊ ဇာတိ ပဋိသန္ဓေတည်နေခြင်း ဆိုတော့ အဲဒီဇာတိဟာ ပစ္စုပ္ပန်လား အနာဂတ်လား (ပစ္စုပ္ပန်ပါဆရာ)၊ ဟော နင်ပဲ အဲဒီသေခါနီး အဲဒီဘဝထပ်ပြီး ပဋိသန္ဓေနေအုံး (အနာဂတ်ပါဆရာ)၊ ဘယ်လိုကောင်မှန်းကို မသိဘူး။ တစ်ဘဝထဲမှာ ပဋိသန္ဓေနှစ်ခါ ပြန်နေတယ်လို့ ကြားဖူးသလား (မကြားဖူးပါဘူးဆရာ)၊ ဒါဖြင့် ဇာတိက အနာဂတ်တရားပေါ့ (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ပစ္စုပ္ပန်တရားက ပဋိစ္စသမုပ္ပါဒ် ဘယ်ကစ ဘယ်ဆုံး (အဝိဇ္ဇာကနေ ဝေဒနာဆုံးပါတယ်ဆရာ)၊ ဟော-မြင်လား၊ ပါးစပ်ကတော့ ဦးမလေးဘူး။ ဟော ဒီကောင် ဒီလို ဦးမလေးတာကြောင့်

http://www.dhammadownload.com



မဟုတ်တာတွေ ပြောပြောနေတာပဲ မင်း။ မင်းပြန်ကြည့်စမ်းပါ ဒီပစ္စုပ္ပန်တရားက ဘယ်ကနေစလို့ ဘယ်ဆုံးတုံးလို့ သေချာကြည့်စမ်းပါ။ ခုနပဲ နင်ပြောပြီးတော့ အဝိဇ္ဇာ သင်္ခါရ သင်္ခါရ ဘယ်တရားလဲ ဆိုတော့ အတိတ်ကစေတနာပါတဲ့။ ခုဖြစ်လာပြန် ပစ္စုပ္ပန်ထဲ သွင်းပြန် (ဝိညာဏ်ကနေ ဘဝ ဆုံးပါတယ်ဆရာ)၊ အေး-အဲဒီလို လုပ်ပါ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဝိဇ္ဇာနဲ့ သင်္ခါရက ဘာတရားတုံး (အတိတ်ကဖြစ်တဲ့တရားပါဆရာ)၊ ပစ္စုပ္ပန်ဖြစ်တဲ့ တရားက ဘယ်တရားတုံး (ဝိညာဏ်ကနေ ဘဝဆုံးတာပါဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဝိညာဏ်ကနေ ဘဝဆုံးပေမယ့် ဘယ်မှာဆုံး ကမ္မဘဝထဲ ဆုံးရမယ် နားလည်ပြီလား (နားလည်ပါပြီဆရာ)၊ ဥပပတ္တိ ဘဝက ဘယ်ဘက်သွင်းရမယ် (ဇာတိသွင်းရမှာပါဆရာ)၊ အေး - ဇာတိထဲသွင်းတော့ ဘာတရား ဖြစ်သွား (အနာဂတ်တရားပါဆရာ)၊ ဒါတောင်လာသေးတယ်။

ကုသိုလ်စိတ်၌ယှဉ်သော စေတနာ၊ အကုသိုလ်စိတ်၌ယှဉ်သော စေတနာလို့ အားလုံး ဘယ် လောက် နှစ်ဆယ့်နဲ့ကိုး မနေဘူးလား (မှန်ပါတယ် ဆရာ)၊ အဲဒီ နှစ်ဆယ့်ကိုး ရူပါဝစရကုသိုလ် ပါတယ်၊ အရူပါဝစရကုသိုလ်ပါတယ်။ ကာမာဝစရကုသိုလ်ပါတယ်။ အစဉ်အတိုင်း ယူလို့ရှိရင် ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ်မှာ ယှဉ်သော စေတနာ တစ်ဆယ့်နဲ့ ခုနစ်ပါးရယ်၊ အကုသိုလ်စိတ်မှာယှဉ်တဲ့ စေတနာ ဆယ့်နှစ်ပါးရယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီနှစ်ဆယ့်နဲ့ကိုးပါး သာ စေတနာတရားတွေ ကံတရားတွေပဲတဲ့။ နောက်ဘဝကို ပဋိသန္ဓေအသစ် ဖြစ်အောင် လုပ်ပေးနေတာတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ နောက်ဘဝကို ပဋိသန္ဓေ အသစ်ဖြစ်အောင် လုပ်ပေးနေတာတဲ့။ ဒီတော့ ဒီသတ္တဝါများဟာ တစ်ဘဝပြီး ကစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာဆက်ကာ မရပ်မနားဘဲနဲ့ ခန္ဓာအာယတနတည်းဟူသော သံသရာကြီး ပြေးလွှား နေပုံလေးတွေ ပြန်ပြီးတော့ စဉ်းစားကြည့်တော့ ဘယ်သူမပြု မိမိမှု ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူလုပ်ပေးလို့ လည်တာတုံး (ကိုယ့်ဟာကိုယ်လုပ်လို့ လည်တာပါဆရာ)၊ ကိုယ့်ဟာကိုယ်လုပ် ဘာတွေလုပ်နေ (အကုသိုလ်ကံနှင့် ကုသိုလ်ကံလုပ်နေတာပါဆရာ)၊ အေး-ကုသိုလ်ကံနဲ့ အကုသိုလ်ကံ တရား နှစ်ပါးလုပ်နေ။ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ ကုသိုလ်ကံတရားနဲ့ အကုသိုလ်ကံတရား နှစ်ပါးကို အလုပ်လုပ်နေတယ်တဲ့။ ဒါဖြင့် ဒီကုသိုလ်ကံ အကုသိုလ်ကံတရား နှစ်ပါးက အလုပ်လုပ် နေတော့ကာ သိလို့လုပ်သလား၊ မသိလို့ လုပ်သလားဆို ဘယ့်နဲ့ပြော (မသိလို့လုပ်နေတာပါဆရာ)၊ အေး-မသိလို့ လုပ်နေတာနော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာကြောင့် ဒီလိုမဟုတ်လား (မှန်ပါ တယ်ဆရာ)၊ ဟိုပထမပိုင်းပြထားတဲ့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"အတိုင်း ဘာမှမထူးဘူး။ ဩော်-မသိလို့

http://www.dhammadownload.com



လုပ်နေကြ၊ မသိတော့ ဘာတွေလုပ်၊ ကံတွေလုပ်။ ဘာကံတုံး ကုသိုလ်ကံနဲ့ အကုသိုလ်ကံ လုပ်နေ၏ နော် (မှန်ပါတယ်ဆရာ)၊ မသိလို့ လုပ်တာတဲ့၊ မလိမ္မာလို့ လုပ်တာတဲ့၊ မိုက်လို့လုပ်တာတဲ့၊ တွေဝေလို့ လုပ်တာတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

အဲဒါကြောင့် ဒီကံက အကြောင်းခံလို့ ဒုတိယဘဝသစ် ပဋိသန္ဓေသွားဖြစ်တယ် မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ သိလို့လုပ်ရင် လိမ္မာလို့လုပ်ရင် နားလည်လို့လုပ်ရင် တတ်လို့လုပ်ရင်တဲ့ ဘာမှ ပဋိသန္ဓေ အသစ်အသစ် ဖြစ်စရာ မလိုဘူးတဲ့။ သံသရာကြီးလည်းပဲ တစ်ဘဝပြီး တစ်ဘဝ ဆက်ကာ ဆက်ကာ ဖြစ်စရာ မလိုဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မျက်စိလည်တတ်တယ်၊ မျက်စိလည်တတ်တယ် ဒီနေရာလေးက နည်းနည်းအတွေးလေးကောင်းမှ ဘုရားကိုယ်တော်မြတ်ကတော့ တိုက်ရိုက်အားဖြင့် ဟောသွားတာ။ ဒါပေမယ့် မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ရွှေဉာဏ်ဝေတော်ရဲ့ လိုရင်းအဓိပ္ပါယ်ကို ကိုယ့်ဉာဏ်က မချဉ်းကပ်နိုင် မမီနိုင်တော့ ဒီမှာတင် တော်တော်ကြီးကို တွေဝေတတ်တယ်။ တောလိုလို တောင်လိုလိုနဲ့ ဟိုစဉ်းစား ဒီစဉ်းစားနဲ့ ဟိုပြစ်တင် ဒီပြစ်တင်နဲ့ အဲဒီလိုလည်း ဖြစ်တတ်တယ်။

ဒါကြောင့် ဒီကမ္မဘဝ ကုသိုလ် အကုသိုလ်ကံ နှစ်ပါးဆိုတဲ့ ကမ္မဘဝလုပ်လို့ ဘဝသစ်သွားပြီး တော့ ဇာတိဆိုတဲ့ ပဋိသန္ဓေဖြစ်ပြန်ပေါ့။ မဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)၊ အကယ်တန္တိ သိလို့ လိမ္မာလို့ လုပ်ရင် ဒီပဋိသန္ဓေအသစ်ဖြစ်ပါအုံးမလား (မဖြစ်တော့ပါဘူးဆရာ)၊ "ခီဏာ ဇာတိ" အဝိဇ္ဇာ ကုန်ခန်းနေတဲ့ အသိဉာဏ်ပြည့်စုံပြီးသော ဘုရားရဟန္တာများကြတော့ "ခီဏာ ဇာတိ" ကုန်ပြီးသော ဇာတိရှိတယ်တဲ့။ မြန်မာလိုပြန်တော့ ပဋိသန္ဓေကုန်ပြီတဲ့။ နေသေးရဲ့လား (မနေတော့ပါဘူးဆရာ)၊ မနေဘူး။ အဲဒါကို သိလို့လုပ်တာပေါ့။ သိလို့လုပ်တာကြတော့ အခုလိုပဲ ဒီကုသိုလ်ကံ အကုသိုလ်ကံ ဆိုတဲ့ တရားတွေဟာ အကျိုးတရားရဲ့အဖြစ်ဖြင့် လာပေးအုံးမလားဆိုတော့ မပေးတော့ဘူး။ မပေး ကောင်းဘူး နော် (မှန်ပါ တယ်ဆရာ)၊ အကျိုးအနေနဲ့ ဘယ်တော့မှ လာမပေးဘူး။ နို့ လုပ်ဖော့ကော ကုသိုလ် အကုသိုလ် ခေါ်သေးလားဆိုတော့ မဟုတ်ပါဘူး။ ဒါ ကြိယာဖြစ်သွားပြီ။

ဒါကြောင့် ဘုရားရဟန္တာများလုပ်တဲ့ ကုသိုလ်တရားတွေကြတော့ ကုသိုလ်လို့ မခေါ်ဘူး။ ဘာပြုလို့ သူတို့ကတော့ လေသီး လေပွင့်လိုပဲတဲ့။ အကျိုးမျှော်ကိုးစရာမရှိ၊ ဒါကြောင့် သူတို့ကြတော့ ကြိယာခေါ်တယ်။ ပြုကာမျှမတ္တ ပြုတာပဲရှိ ဘယ်တော့မှ အကျိုးမပေးဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အကျိုးမပေးလိုပေါ့။ ဘဝသစ် ပဋိသန္ဓေအသစ် ဖြစ်သေးသလား (မဖြစ်တော့ပါဘူးသရာ)၊ ဘုရားရဟန္တာ အခု မင်းတို့ငါတို့ လုပ်နေတဲ့ သင်္ခါရ ခေါ်ထားတဲ့ ကုသိုလ်ကံမျိုးတွေ လုပ်ခြင်းကြောင့်

http://www.dhammadownload.com



အကျိုးပေးသေးလား (မပေးတော့ပါဘူးဆရာ)၊ ပဋိသန္ဓေအသစ်များ ဖြစ်သေးလား (မဖြစ်တော့ပါဘူးဆရာ)၊ ဟော မဖြစ်ဘူး။ ဒီတော့ သူတို့လုပ်တဲ့ကုသိုလ် မင်းတို့ ငါတို့ နားလည်မှုခေါ်ထားတဲ့ ကုသိုလ် ဆိုတဲ့တရားတွေဟာ ဘုရားကိုယ်တော်မြတ်လည်း လုပ်ရက်ပဲ နော် (မှန်ပါတယ်ဆရာ)၊ ဘုရားကိုယ်တော်မြတ် လေးဆယ့်နဲ့ငါးဝါ တရားဟော မသွားဘူးလား (ဟောသွားပါတယ်ဆရာ)၊ ဘာကုသိုလ်တွေတုံး (ဓမ္မဒါန ကုသိုလ်တွေပါဆရာ)၊ အေး-ဟုတ်လိုက်တာ ဓမ္မဒါနကုသိုလ်တွေ လုပ်ဖူးလားကွာ (လုပ်ပါတယ်ဆရာ)၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန် ရှင်မဟာကဿပ အစရှိတဲ့ ရဟန္တာပေါင်းမြောက်များစွာ ကုသိုလ်တွေ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ဘာကုသိုလ်တွေ (ဓမ္မဒါန ကုသိုလ်တွေပါဆရာ)၊ ဟုတ်တယ်။ တရားဟောတယ် စာချတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီပြင် ဗုဒ္ဓဝေယျာဝစ္စ ဘုရားဖူးတယ်၊ ဘုရားဟောတဲ့ တရားတော်နာတယ်၊ ကုသိုလ်တွေ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ အဲဒီ ကုသိုလ်တွေက ကုသိုလ်လို့ ခေါ်နိုင်သေးလား (မခေါ်နိုင်ပါဘူးဆရာ)၊ အကယ်တန္တု ကုသိုလ်ခေါ်ရင် နောက်ပိုင်း သူဘာဖြစ်မယ် (အကျိုးပေးမှာပါဆရာ)၊ အေး-အကျိုးပေးမယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ရှင်းရှင်းလေး မှတ်ထားနော်။ ကုသိုလ်ဆိုလို့ရှိရင် နောက်ပိုင်း အကျိုးပေးရမယ် မဟုတ်ဘူးလား (ပေးရမှာပါဆရာ)၊ ခုတော့ ဒီကိုယ်တော်မြတ်ကြီးတွေ အကျိုးပေးသေးသလား (မပေးတော့ပါဘူးဆရာ)၊ မပေး၊ လုပ်တော့ လုပ်တယ် မဟုတ်လား (လုပ်ပါတယ်ဆရာ)၊ မပေးတော့ဘူးတဲ့။ မပေးတော့ သူ့ဘာခေါ်တယ် (ကြိယာလို့ခေါ်ပါတယ်ဆရာ)၊ အေး-ကြိယာ မြန်မာလိုပြန်တော့ ကြိယာဘာတဲ့ အဓိပ္ပါယ် (ပြုကာမျှမတ္တကလေး) အေး - ပြုကာမျှ မတ်တတ်ကလေးလို့ကွာ ဒုက္ခ ထိုင်ရက် ထိုင်ရက် မတ္တ မတ္တ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပြုကာမျှ ပါဠိနဲ့ သုံးရင် မတ္တလို့ သုံးတယ်နော် (မှန်ပါတယ်ဆရာ)၊ မတ်တတ်မဟုတ်ပါဘူး၊ ရပ်တဲ့ မတ်တပ်မဟုတ်ပါဘူး မတ္တ နော် (မှန်ပါတယ်ဆရာ)၊ ပြုကာမျှ မတ္တရယ်တဲ့ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဒါ ကြိယာ၊ ဘာခေါ်တယ် (ကြိယာ) အေး-ကြိယာ ဘာခေါ်တယ် မြန်မာလိုက (ပြုကာမျှ မတ္တကလေးပါဆရာ)၊ အေး-ပြုကာမျှ မတ္တလေး နော် (မှန်ပါတယ်ဆရာ)၊ မတ်တတ်မလုပ်နဲ့နော် (မလုပ်ပါဘူးဆရာ)၊ အေး-ပြုကာမျှ မတ္တရယ်တယ်တဲ့၊ ပြုတယ် ပြောရရှိတယ်တဲ့။

ဒါကြောင့် သူတို့ကြတော့ ကုသိုလ်မခေါ်ဘူး ခေါ်သေလား (မခေါ်တော့ပါဘူးဆရာ)၊ မခေါ်ဘူး ကုသိုလ်ခေါ်ရင် နောက်ပိုင်း ခန္ဓာကပေါ်လာမှာ မဟုတ်လား (ပေါ်မှာပါဆရာ)၊ ခုတော့ ပေါ်သေးလား (မပေါ်တော့ပါဘူးဆရာ)၊ ခီဏာ ဇာတိ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တို့ ဒီခန္ဓာ အသစ် အသစ် ဖြစ်စေတတ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ တရားနှစ်ပါးကို ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်က

http://www.dhammadownload.com



တစ်နည်း ခုပြောနေတဲ့ သင်္ခါရ၊ အခုပြနေတဲ့ ကမ္မဘဝ ဆိုတဲ့အလုပ်တွေ လုပ်တဲ့ပုဂ္ဂိုလ်က မိမိအဇ္ဈတ္တသန္တာန် အမှန်အားဖြင့် အဝိဇ္ဇာနုသယထင်ရှားရှိသော ပုဂ္ဂိုလ်များသာလျှင် လုပ်တဲ့တရားတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာနုသယ ထင်ရှားရှိတဲ့ ပုဂ္ဂိုလ်များသာလျှင် လုပ်တဲ့တရားလို့ ဒီလိုဆိုထားတော့ကွယ် အကုသိုလ်လုပ်လည်းပဲ မသိလို့ လုပ်တာမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်လုပ်တော့ကော (မသိလို့လုပ်တာပါဆရာ)၊ အေး-မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သဘောကျရဲ့လား (ကျပါတယ်ဆရာ)၊ မင်းဟာမင်း ကျချင်ကျ မကျချင်နေပေ့ါကွာ နော် နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါ မှတ်ထား မှတ်ထား။

ဒါကြောင့် ဒီနေရာ လက်တွေ့အားဖြင့် ပြနေပေ့ါ။ ကမ္မဘဝကြောင့် ခန္ဓာငါးပါး ဇာတိ ဖြစ်တယ်လို့၊ ဇာတိက အကျိုးတရား၊ ကမ္မဘဝက အကြောင်းတရား မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဟော သက်သေခံကြီး ထင်ရှားနေပေ့ါ။ ကမ္မဘဝကြောင့် ဇာတိဖြစ်တယ်ဆိုတော့ ပေါ်နေပြီ။ အမှုက ပေါ်နေပြီ မပေါ်ဖူးလား (ပေါ်နေပါတယ်ဆရာ)၊ ဒီ ဇာတိဆိုတဲ့ ပဋိသန္ဓေ ဘယ်သူကြောင့်လာဖြစ် (ကမ္မဘဝကြောင့် လာဖြစ်ပါတယ်ဆရာ)၊ ဟော ကမ္မဘဝကြောင့်၊ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး နော် (မှန်ပါတယ်ဆရာ)၊ ကမ္မဘဝကြောင့် ဖြစ်နေပြီ၊ မထင်ရှားဖူးလားကွာ (ထင်ရှားပါတယ်ဆရာ)၊ အေး-ဒါကြောင့် ကမ္မဘဝကြောင့် ဇာတိဆိုတဲ့ ပဋိသန္ဓေလာဖြစ်တယ်။ နောက်တစ်ခါ ကမ္မဘဝလုပ်လို့ ဒီလို ဇာတိဆိုတဲ့ ပဋိသန္ဓေဖြစ်၊ နောက်တစ်ခါ ကမ္မဘဝလုပ်ရင် ဇာတိဆိုတဲ့ ပဋိသန္ဓေဖြစ်။ ဒီလိုဆိုတော့ ဒီစက်ရဟတ်ကြီးက ရပ်နားလို့ ရသေးရဲ့လား (မရတော့ပါဘူးဆရာ)၊ ဒီလိုလည်မှာ မဟုတ်ဘူးလား (လည်မှာပါဆရာ)၊ ဒါ သံသရာလည်ကြောင်း တရားတွေ အားထုတ်နေတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ သံသရာလည်ကြောင်းတရား အားထုတ်နေတယ်တဲ့။ ခုသက်သေခံပြထား။ ပဋိစ္စသမုပ္ပါဒ် လည်ပုံ လည်နည်းပြတော့ ဝဋ္ဋကထာ ဝဋ်သုံးပါး လည်စေတတ်တဲ့တရားလို့။ အကြောင်းကြောင့် အကျိုး အကြောင်းကြောင့် အကျိုး အကြောင်းကြောင့် အကျိုး ဆက်စပ်ဆက်စပ်ဖြစ်နေတာ မရပ်မနား။ အခု ကမ္မဘဝကြောင့် ဇာတိဖြစ်၏။ ဒါဖြင့် ကမ္မဘဝက အကြောင်းတရား နော် (မှန်ပါတယ်ဆရာ)၊ ဇာတိက ဘာတရားတုံး (အကျိုးတရားပါဆရာ)၊ အဲ ဇာတိ ဒီနေရာဇာတိ တရားကိုယ် တရာသားလေး ကောက်ပြစမ်းပါဆိုတော့ မင်းဘာကောက် (ပဋိသန္ဓေစိတ် ဆယ့်ကိုးရယ် ကမ္မဇရုပ် နှစ်ဆယ်ရပါတယ်ဆရာ)၊ အေး ဟုတ်လိုက်တာ ဟုတ်လိုက်တာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါက ဒါပေမယ့် အဲဒါမင်း ဝိညာဏ်တုန်းက ပြလာတဲ့ အခိပ္ပါယ်။

http://www.dhammadownload.com



ဇာတိကြတော့ ဒီလိုအဓိပ္ပါယ် မပြဘူး။ ဒါပေမယ့် မင်းပြောတဲ့ အဓိပ္ပါယ်ထဲက မထွက်ပါဘူး။ ဇာတိကြတော့ "ဇာတိတိ ပနေတ္ထ သဝိကာရာ ပဌမာဘိနိဗ္ဗတ္တက္ခန္ဓာ ဒဋ္ဌဗ္ဗာ။ ဇာတီတိ ဧတ္ထ ပန၊ ဇာတိဟူသော ဤပါဠိ၌ကား။ သဝိကာရာ၊ ဥပါဒ် ဌီ ဘင် ဆိုတဲ့ ဖောက်ပြန်ခြင်းနှင့်တကွဖြစ်သော။ ပဌမာဘိနိဗ္ဗတ္တက္ခန္ဓာ၊ ခန္ဓာငါးပါးတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇာတိဆိုတဲ့ ဒီနေရာလေးမှာတဲ့ ဥပါဒ် ဌီ ဘင် ဆိုတဲ့ ခဏငယ်သုံးချက်နဲ့တကွ ဖြစ်လာတဲ့ ခန္ဓာငါးပါးကို ဆိုတာပါတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီလိုခန္ဓာငါးပါးကို ဥပါဒ် ဌီ ဘင်နဲ့ ခဏငယ်သုံးချက်နဲ့ ဖြစ်လာတော့ ခန္ဓာငါးပါးကို ဆိုတာပါဆိုတော့ မင်းစောစောက ပြောထားတဲ့ ဘာတဲ့ ခုနမင်းပြောတာ (ပဋိသန္ဓေစိတ် ဆယ့်ကိုးရယ် ကမ္မဇရုပ်နှစ်ဆယ်ရယ်)၊ ကမ္မဇရုပ်နှစ်ဆယ် (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ဒီထဲ ဘယ့်နဲ့လုပ် ဝင်ပါ့မလဲဆိုတော့ ဝင်အောင်သွင်းပေးရတာပေါ့ကွာ။ ဒါပါပဲ အဓိပ္ပါယ်ကတော့ ဆိုလိုတာကတော့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ပဋိသန္ဓေ ဆယ့်ကိုးနဲ့ ကမ္မဇရုပ် နှစ်ဆယ်ကို ခန္ဓာဖွဲ့လိုက်တော့ ဘယ်လောက်ရ (ခန္ဓာငါးပါးရပါတယ်ဆရာ)၊ ခန္ဓာငါးပါးရ နာမ်ခန္ဓာငါးပါးနဲ့ ရုပ်ခန္ဓာတစ်ပါး နော် (မှန်ပါတယ်ဆရာ)၊ ဒါပြန်မကျဘူးလား (ကျပါတယ်ဆရာ)၊ အေး-ဟိုက အကျယ်ပဋိသန္ဓေစိတ်တွေ ဘာတွေ ဝိညာဏ်နဲ့ ပြထားတာ မဟုတ်တော့ ဇာတိအနေနဲ့ ပြထားတော့ ဒီမှာ ခန္ဓာပဲ ကောက်သွားတာ။ ဇာတိ၊ ဇာတိအနေနဲ့ပြတော့ ခန္ဓာငါးပါးကို ကောက် သွား၏။ ဥပါဒ် ဌီ ဘင် ခဏငယ်သုံးချက်နဲ့တကွ ဖြစ်သော ခန္ဓာငါးပါးကို ခေါ်၏ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။

က္လေပနာယံ ဇာတိသဒ္ဒေါ သဝိကာရေသု ပဌမာဘိနိဗ္ဗတ္တက္ခန္ဓေသု ပဝတ္တတိ။ ပန။ အထူးကို ဆိုဦးအံ့။ က္လေ၊ ဤအရာ၌။ အယံ ဇာတိသဒ္ဒေါ၊ ဤဇာတိခေါ်တဲ့ သဒ္ဒါသည်။ အခုပြနေတဲ့ "ဘဝပစ္စယာ ဇာတိ" ဆိုထာတဲ့ ဇာတိသဒ္ဒါဟာတဲ့။ အယံ ဇာတိသဒ္ဒေါ၊ ဤဇာတိဟူသော သဒ္ဒါသည်။ သဝိကာရေသု၊ ဥပါဒ် ဌီ ဘင်နှင့်တကွ ဖြစ်ကုန်သော။ ပဌမာဘိနိဗ္ဗတ္တက္ခန္ဓေသု၊ ရှေ့ဦးမဆွ ပထမဆုံး ဖြစ်သော ခန္ဓာငါးပါးတို့၌။ ပဝတ္တတိ၊ ဖြစ်၏။ စုတိနောင် ပဋိသန္ဓေဆိုတော့ စုတိက ဥပါဒ် ဌီ ဘင်လို့ ခဏငယ်သုံးချက်စေ့တော့ ချုပ်ပြီးတော့ ဘာဖြစ်။ (ဟိုဘက်မှာ ဥပါဒ်ခဏသွားဖြစ်ပါတယ်ဆရာ)၊ အရင်းမရှိ အဖျားမရှိ ပြောတာ၊ ဘာဥပါဒ်ခဏဖြစ်တာတုံး (ပဋိသန္ဓေဥပါဒ်ခဏဖြစ်တာ ပါဆရာ)၊ အဲဒီလိုထည့်ပါ။ ပဋိသန္ဓေ ဥပါဒ်ခဏဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒီပဋိသန္ဓေစိတ် ကလေးက လည်း ခဏငယ်ဘယ်နှစ်ချက်ရှိ (ခဏငယ်သုံးချက်ပါဆရာ)၊ ဥပါဒ် ဌီ ဘင် မဟုတ်လား (မှန်ပါတယ် ဆရာ)၊ အေး-အေး အဲဒါ သဝိကာရေသု ပဌမာဘိနိဗ္ဗတ္တက္ခန္ဓေသု ဆိုတော့ သဝိကာရေသု၊ ဥပါဒ် ဌီဘင်နှင့်တကွ ဖြစ်ကုန်သော။ ပဌမာဘိနိဗ္ဗတ္တက္ခန္ဓေသု၊ ရှေ့ဦးမဆွ ပထမဆုံး ဖြစ်သော ခန္ဓာငါးပါးတို့၌။

http://www.dhammadownload.com



ပဝတ္တတိ၊ ဖြစ်၏။ ဒီတော့ စုတိနောင် ပဋိသန္ဓေဆိုတော့ ပဋိသန္ဓေလေး တစ်ချက်မှာ ဥပါဒ်ဋ္ဌီဘင်လို့ ခဏငယ်သုံးချက်နဲ့ ဘွားကနဲ့ပေါ်လာသော ခန္ဓာငါးပါးကို ဆိုပါတယ်တဲ့ မရှင်းဖူးလား (ရှင်းပါတယ်ဆရာ)၊ ရှင်းရှင်းလေး အဲဒါဆိုလို့တာကတော့ ခဏတ္တယသမင်္ဂီဖြစ်သော ပဋိသန္ဓေ ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ် ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာနဲ့ ရူပက္ခန္ဓာ ကမ္မဇရုပ်။ ခဏတ္တယသမင်္ဂီဆိုတာက ခဏငယ်သုံးချက်နဲ့ ပြည့်စုံသောလို့ တရားကိုယ် ကောက်တော့ ခဏတ္တယသမင်္ဂီဖြစ်သော ပဋိသန္ဓေ ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်သည် ဇာတိမည်၏။ ဒီလိုကောက်ရတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ မလည်ပါဘူး၊ မင်းညာတာ၊ ကိုင်း ငါပြောသလို ပြောစမ်းပါ (ဆရာပြောသလိုတော့ မပြောတတ်ဘူး)၊ ဟော တကယ်နားလည်သလိုပဲဥစ္စာ။

ခဏတ္တယသမင်္ဂီဖြစ်သော (ခဏတ္တယသမင်္ဂီဖြစ်သော)၊ ခဏတ္တယ သမင်္ဂီဖြစ်သော ဆိုတာ အဲဒါဘာဆိုတာတုံး (ခဏငယ်သုံးချက်နဲ့)၊ ပြည့်စုံသော ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ခဏတ္တယ-ခဏငယ်သုံးချက်အပေါင်း ခေါ်တယ်။ သမင်္ဂီ,က ပြည့်စုံတယ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ခဏတ္တယသမင်္ဂီဖြစ်သော ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ် ပြောစမ်း (ခဏတ္တယသမင်္ဂီ ဖြစ်သော)၊ ဟုတ်ပြီ၊ ပဋိသန္ဓေဝိပါက် (ပဋိသန္ဓေဝိပါက်)၊ နာမက္ခန္ဓာ (နာမက္ခန္ဓာ) ကမ္မဇရုပ် (ကမ္မဇရုပ်)၊ ဇာတိ (ဇာတိဖြစ်သွားပါတယ်ဆရာ)၊ ဇာတိဖြစ်သွားတယ် ပြန်ပြောစမ်း (ခဏတ္တယသမင်္ဂီဖြစ်သော ပဋိသန္ဓေဝိပါက်)၊ နာမက္ခန္ဓာ (နာမက္ခန္ဓာ)၊ ကမ္မဇရုပ် (ကမ္မဇရုပ်)၊ သည် ကမ္မဇရုပ်သည် ဇာတိဖြစ်၏။ အေး-ဇာတိဖြစ်၏။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ခဏတ္တယသမင်္ဂီဆိုတာ ဘာခေါ်တာတုံး (ခဏငယ်သုံးချက်နဲ့ ပြည့်စုံသောပါဆရာ)၊ အေး-ခဏငယ် သုံးချက်နဲ့ ပြည့်စုံသော၊ ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာဆိုတော့ ပဋိသန္ဓေစိတ်တွေက ဝိပါက်စိတ် မဟုတ်လားဟ (မှန်ပါတယ်ဆရာ)၊ အဲဒါ ဝိပါက်စိတ်ကို နာမက္ခန္ဓာ လေးပါးမရဘူးလား (ရပါတယ်ဆရာ)၊ ပဋိသန္ဓေဝိပါက်စိတ်ချည်းပဲ ဝိညာဏက္ခန္ဓာ ထိုပဋိသန္ဓေဝိပါက်စိတ်နဲ့ ယှဉ်ဖော် ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရားတွေက ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ နာမ်ခန္ဓာလေးပါး မနေဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာဆိုတည်းက လေးပါးပါသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ကမ္မဇရုပ်ဆိုတော့ ရူပက္ခန္ဓာ မနေဘူးလား (ရူပက္ခန္ဓာပါဆရာ)၊ ခန္ဓာ ဘယ်နှစ်ပါးရှိ (ငါးပါးရပါတယ်ဆရာ)၊ အေး-အဲဒါပဲနော် (မှန်ပါတယ်ဆရာ)၊ မြန်မာလိုပြောတော့ ခဏတ္တယသမင်္ဂီ ဖြစ်သော ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်သည် ဇာတိခေါ်၏။ ဇာတိမည်၏။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ပြန်ပြောစမ်း ဘာတဲ့ (ခဏတ္တယသမင်္ဂီဖြစ်သော) ရှေ့မတက်နိုင်ဘူး (ခဏတ္တယသမင်္ဂီ

http://www.dhammadownload.com



ဖြစ်သော လောကီဝိပါက်)၊ ဟော ဝိပါက် ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ (ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာ)၊ ကမ္မဇရုပ်သည် (ကမ္မဇရုပ်သည် ဇာတိဖြစ်၏)၊ ပြန်ဆိုစမ်း (ခဏတ္တယသမင်္ဂီဖြစ်သော ပဋိသန္ဓေစိတ် ဝိပါက်)၊ နာမက္ခန္ဓာ (နာမက္ခန္ဓာ ကမ္မဇရုပ်)၊ သည် ဟော ဟော ခုနဘယ်နှယ့်ဖြစ်သွား (ကမ္မဇရုပ်သည် ဇာတိဖြစ်၏)၊ အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဓိပ္ပါယ်တော့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာတဲ့တုံး အဓိပ္ပါယ် (ခဏငယ်သုံးချက်နဲ့ ပြည့်စုံသော ခန္ဓာငါးပါး လာဖြစ်တာပါဆရာ)၊ အေး-အတိုကောက်ချလိုက်တယ်။ ဒါ အေးတာပဲနော်။ ခဏငယ်သုံးချက်နဲ့ လာဖြစ်တဲ့ ခန္ဓာငါးပါး မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး - ဒါ ခဏတ္တယသမင်္ဂီ ခန္ဓာငါးပါး ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဇာတိပဲတဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် ဇာတိရဲ့ အဓိပ္ပါယ်လေး သိသွားပြီပေါ့ (သိသွားပါပြီဆရာ)။

"ဇာတိပစ္စယာ ဇရာ မရဏံ" ဇာတိပစ္စယာ၊ ဇာတိတည်းဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာ မရဏတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိကြောင့် ဇရာဖြစ်လာတယ်တဲ့ နော် (မှန်ပါ တယ်ဆရာ)၊ ဇရာဆိုတာ ဘာခေါ်တာတုံး (အိုမင်းရင့်ကျက်တာပါဆရာ)၊ အိုမင်းရင့်ကျက်တာ ဇရာ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါဟာ ဇရာဆိုတဲ့ အခန်းကြတော့ ငါနောက်နားလဲ ပြောခဲ့ပါပြီ။ ပါကဋဇရာနဲ့အပါကဋဇရာ-ထင်ရှားတဲ့ဇရာနဲ့ မထင်ရှားတဲ့ဇရာနော် (မှန်ပါတယ်ဆရာ)၊ ပါကဋဇရာ ဆိုတာက ဆံဖြူတယ်။ သွားကျိုးတယ်၊ မျက်စိမှုန်တယ်၊ ခါးကိုင်းတယ်၊ နားထိုင်းတယ်၊ အရေတွန့်တယ်။ ဒါတော့ သူမြင်ငါမြင် မြင်တယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အရပ်ထဲ ဆံတွေ ဘာတွေဖြူလို့ ခါးတွေ ဘာတွေကိုင်း နားတွေဘာတွေထိုင်း အရေတွေဘာတွေတွန့် ဟာ အဘိုးကြီး အိုလှပြီ အိုလှပြီ၊ အိုဆိုတာ ဘာတုံး (ဇရာပါဆရာ)၊ အေး-ဇရာ အိုလှပြီဟေ့ ဒါသူမြင် ငါမြင်တဲ့ မြင်ကောင်းတဲ့ သဘောလေးတွေ။ ဒါ ပါကဋဇရာခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် မြင်တာဟာ ဆံဖြူ ခြင်းတို့ သွားကျိုးခြင်းတို့ နားထိုင်းခြင်းတို့ ခါးကိုင်းခြင်းတို့ အရေတွန့်ခြင်းတို့ မြင်တာဟာ ဇရာကို မြင်တာ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)၊ ဘာမြင်တာတုံး (ရုပ်ကိုမြင်တာပါဆရာ)၊ ဟော ရုပ်ကို မြင်တယ် ရူပါရုံကို မြင်တယ်နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဟောဒါ လေးကျ အတော်သား တစ်ချက် တစ်ချက် ကြောင်သွားတာ တယ်ဆိုးတယ်။ ရူပါရုံမြင်တာ ပေါ့ (မှန်ပါတယ်ဆရာ)၊ ဇရာမြင်တာ မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)၊ ဇရာ ဘာပြုလို့ မမြင် (မမြင် ကောင်းလို့ပါဆရာ)၊ အေး-ဟုတ်ပြီ တည့်လို့ တည့်လို့၊ ဒါလေးကျ မင်းနဲ့ငါနဲ့ တည့်လိုက်တာ လွန်လို့ မမြင်ကောင်းဘူးနော် (မမြင်ကောင်းပါဘူးဆရာ)၊ ဒါပေမယ့် ဇရာ ဘယ်လိုလုပ်သိသလဲဆိုတော့

http://www.dhammadownload.com



မင်းဘယ့်နဲ့ပြော (ဉာဏ်နဲ့သိရမှာပါဆရာ)၊ အေး-ဘယ့်နဲ့လုပ် ဉာဏ်နဲ့သိ (ရုပ်ကိုကြည့်ခြင်းဖြင့် ဇရာတော့ ဖြစ်လာပြီဆိုတာ သိရမှာပါဆရာ)၊ ဟော ဆံဖြူတာတွေ သွားကျိုးတာတွေ ခါးကိုင်းတာ နားထိုင်းတာ အရေတွန့်တာတွေ မြင်ကတည်းက ဇရာပဲလို့ ဉာဏ်အားဖြင့် သိရမယ်လား (မှန်ပါတယ် ဆရာ)၊ မနောဒွါရ လာထင်ကောင်းတဲ့တရားတွေကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဉာဏ်နဲ့ သိရမယ်တဲ့။

ဒါဖြင့် ဥပမာလေး ပြောစမ်းပါ (မပြောတတ်ဘူး)၊ ဟင်း ခုချိန်မွမ်းနေ၊ ငှါဟာတွေ ပြန်ပေး ကိုင်း- တောထဲသွားတော့ မီးလောင်သွားတယ်၊ လောင်စာတွေမြင်တယ်၊ ပြာတွေမြင်တယ်၊ မီးသွေးတွေ မြင်တယ် မြင်လား (မြင်ပါတယ်ဆရာ)၊ ဘာဖြစ်တာလဲ အဲဒါ (မီးလောင်သွားတာပါဆရာ)၊ မီးလောင် သွားတာ သိတယ်လား (သိပါတယ်ဆရာ)၊ မီးလောင်မှန်း သိတယ်လား (သိပါတယ်ဆရာ)၊ တကယ် သိလား (တကယ်သိပါတယ်ဆရာ)၊ ဒါဖြင့် မင်းမီးကို မြင်လိုက်သလား (မမြင်လိုက်ပါဘူးဆရာ)၊ ဘာကြည့် ပြောတာတုံး (မီးကြောင်းကြီးကြည့်ပြောတာပါဆရာ)၊ အေး-မီးသွားတဲ့ လမ်းကြောင်းကြီး ကြည့်ပြောတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မီးတော့ မင်း မမြင်ရဘူးပေါ့ (မမြင်ရပါဘူးဆရာ)၊ ဒါပေမယ့် မင်းမြင်တာ မှားသလားဆို ဘယ့်နဲ့ပြော (မှန်ပါတယ်ဆရာ)၊ မှန်တယ်နော် (မှန်ပါတယ် ဆရာ)၊ အခုလည်း ဇရာတရား မြင်ကောင်းရဲ့လား (မမြင်ကောင်းပါဘူးဆရာ)၊ ဒါဖြင့် မင်းဘာကြည့် ပြောတာတုံး (ရုပ်ကိုကြည့် ပြောတာပါဆရာ)၊ အေး- ရုပ်ကို ကြည့်ပြောတယ်၊ မြင်ကောင်းတဲ့ ရူပါရုံကို ကြည့်ပြောတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ရူပါရုံက ဘာတွေမြင်နေတုံး (ဆံဖြူတယ် သွားကျိုးတယ် နားထိုင်းတယ် မျက်စိမှုန်တယ် ခါးကိုင်းတယ်)၊ အရေတွန့်တယ် ဟုတ်လား (မှန်ပါတယ် ဆရာ)၊ သွားကျိုးတာ ထည့်ပါအုံး နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါတွေက ဘာတွေတုံး အဲဒါတွေက ဇရာသွားတဲ့ လမ်းကြောင်းကြီး မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဇရာကိုတော့ မမြင်ရဘူးပေါ့။ (မမြင်ရဘူးဆရာ)၊ ဒါဖြင့် မှားသေးလား (မမှားပါဘူးဆရာ)၊ မမှားဘူး နော် (မှန်ပါတယ်ဆရာ)၊ သေချာမှတ်ထား သေချာမှတ်ထား၊ အဲဒါ ဇရာသွားတဲ့ လမ်းကြောင်း ကြည့်ပြီးတော့ ပြောတာတဲ့။

ဇရာကတော့ မြင်ကောင်းတာ မဟုတ်ပါဘူးတဲ့။ မနောဒွါရလာထင်ကောင်းတဲ့ အာရုံခေါ်တယ်။ ဉာဏ်နဲ့မြင်ရတယ်တဲ့။ မီးသွားတဲ့ လမ်းကြောင်းလား မီးသွေးတို့ ပြာတို့ လောင်စာတို့သာ မြင်ရတယ်။ မီးတော့ မမြင်လိုက်ရဘူးတဲ့။ ဒါပေမယ့် ဒီနေရာ မီးလောင်သွားတာပဲ လွဲအုံးမလား (မလွဲပါဘူးဆရာ)၊ ဒီဥပမာလိုပဲတဲ့ မြင်ကောင်းသော ရူပါရုံ အဆင်းရုပ် ဆံဖြူတာ သွားကျိုးတာ ခါးကိုင်းတာ နားထိုင်းတာ အရေတွန့်တာဆိုတဲ့ မြင်ကောင်းသော ရူပါရုံ အဆင်းရုပ်တွေ မြင်တော့ သြော်-အိုမှကို အိုလှပေါ့

http://www.dhammadownload.com



ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဇရာတရားပါပဲလား ဇရာနှိပ်စက်ခြင်း ဇရာဖျက်ဆီးခြင်းခံထားရတဲ့ လက်ရာတွေပဲလို့ ဇရာသွားတဲ့ လမ်းကြောင်းကြီး ကြည့်ပြီးတော့ မြင်ရတယ်တဲ့။ ဉာဏ်အားဖြင့် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဇရာတရားက ပါကဋဇရာ အပါကဋဇရာ နှစ်မျိုးနှစ်စား ရှိတဲ့အနက်က ပါကဋဇရာဆိုတာ သူမြင်ငါမြင် ဇရာသွားတဲ့လမ်းကြောင်း ကြည့်ပြီးတော့ ပြောနေကြတဲ့ သဘောလေးတွေ ပါကဋဇရာခေါ်တယ်။ အပါကဋဇရာကြတော့ ရုပ်ဇရာ နာမ်ဇရာ ခေါ်တယ်။ ရုပ်ဇရာ နာမ်ဇရာ ခန္ဓာဇရာ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ရုပ်ဇရာ နာမ်ဇရာ ခန္ဓာဇရာပေါ့။ ဒီတော့ ရုပ်ဇရာ နာမ်ဇရာကျတော့ မြင်ကောင်းပါ့မလား (မမြင်ကောင်းပါဘူးဆရာ)၊ သိကောင်းပါ့ မလား (မသိကောင်းပါဘူးဆရာ)၊ မသိကောင်းဘူး။ ဒါပေမယ့် ဉာဏ်နဲ့ ကြည့်ရတယ်။ ရုပ်ဇရာဆိုတာ ရုပ်ရင့်ကျက်လာတာ ရုပ်အိုလာတာ။ နာမ်ဇရာဆိုတာ နာမ်ရင့် ကျက်လာတာ နာမ်အိုလာတာ ခေါ်တယ်။ အဲဒီအခန်းလေးတွေကျ သေချာပြန်ကြည့်။ ရုပ်အိုလာတယ် ဆိုတဲ့ သဘောကို ရုတ်တရက် အားဖြင့် မထင်နိုင်ဘူး။ နာမ်အိုလာတယ် နာမ်ရင့်ကျက်လာတယ် နာမ်ဟောင်းနွမ်းဆွေးမြေ့လာတယ် ဆိုတဲ့ သဘောတွေ ရုတ်တရက်အားဖြင့် မထင်နိုင်ဘူး။

ဒါပေမယ့် အခုနတုန်းက ဇရာသွားတဲ့ လမ်းကြောင်းမိနေတဲ့ လူတွေ သေချာကြည့်စမ်း။ မျက်စိက ငယ်ငယ်ရွယ်ရွယ်တုန်းကလို ကြည်လင်သေးရဲ့လားဟ (မကြည်လင်တော့ပါဘူးဆရာ)၊ ဒါဖြင့် စက္ခု ပသာဒရုပ်က ရှိတယ် မဟုတ်လား (ရှိပါတယ်ဆရာ)၊ အဲဒီစက္ခုပသာဒရုပ် ငယ်စဉ်တုန်းကလို သူလို ငါလို ရှိရဲ့သားနဲ့ ဘာကြောင့် သူအမြင် မပြတ်သားတုံး ကြည်လင်မသန့်ရှင်းတုံးဆိုတော့ သူ့ရဲ့စက္ခု ပသာဒ အကြည်ရုပ်ကလေးတွေကိုက တစ်စတစ်စ ရင့်ကျက်ဟောင်းနွမ်းလာပြီတဲ့၊ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ အေး-ထင်ရှားတယ်၊ နားကလည်း ထိုင်းတယ်တဲ့။ သောတာပသာဒရုပ် မရှိလို့လား (ရှိပါတယ်ဆရာ)၊ ရှိတယ်လား (ရှိပါတယ်ဆရာ)၊ ရှိရင် ငယ်ငယ်ရွယ်ရွယ်တုန်းကလို ဘာကြောင့် ပေါ့ပေါ့ပါးပါး မကြားနိုင်တော့တာတုံးဆိုတော့ သူ့သောတာပသာဒ အကြည်ရုပ်ကလေး တွေကိုက ဩော်-အဓိပ္ပါယ် ငါပြောမယ်၊ တို့ စက္ခုပသာဒဆိုတဲ့ အကြည်ရုပ်ကလေးက ကမ္မဇ မှန်ကလေး မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မှန်လေး၊ ရူပါရုံဆိုတဲ့ အဆင်းရုပ်တွေ လာလာတိုက်တယ် မဟုတ်လား (တိုက်ပါတယ်ဆရာ)၊ တိုက်ပါများတော့ မပွန်းဘူးလား (ပွန်းပါတယ်ဆရာ)။ ပွန်းပွန်း တော့ မှိန်လာတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ကိုယ့်အိမ်ကိုယ်ကြည့်နေတဲ့ မှန်ကြည့်စမ်းပါကွာ။ မှန်တစ်ချပ်တော့ ဝယ်ထားတာ ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ်ကြာတော့ အရင်လို ကြည်သေးရဲ့လား (မကြည်တော့ပါဘူးဆရာ)၊ ပွတ်ပါသတ်ပါများတော့ တဖြည်းဖြည်း မှုန်လာတယ် မဟုတ်လား

http://www.dhammadownload.com



(မှုန်လာပါတယ်ဆရာ)၊ ဒီသဘောလိုပဲ အခုလည်း တစ်စတစ်စနဲ့ ကမ္မဇဓာတ်မှုန် ခေါ်ထားတဲ့ ပသာဒအကြည်ရုပ်ကလေးတွေက တဖြည်းဖြည်းနဲ့ မှေးမှိန်လာပြီတဲ့။

ဒါကြောင့် စက္ခုပသာဒ အကြည်ရုပ်ပင် ရှိသော်လည်းပဲ ငယ်ရွယ်သူတို့လို ကြည်လင်ပြတ်သား မမြင်အားတော့ဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သောတပသာဒ နားအကြည်ရုပ် ရှိပင်ရှိသော်လည်းပဲ ငယ်ရွယ်သူများလို မကြားကောင်းတော့ဘူးတဲ့။ သောတပသာဒလည်း မှုန်လာပေါ့။ အကြည်ရုပ်ကလေးတွေ မှုန်လာနော် (မှန်ပါတယ်ဆရာ)၊ ကမ္မဇဓာတ်မှုန် ကံဖြင့်ပြုလုပ်ထားတဲ့ အကြည်မှုန်လေးတွေ တဖြည်းဖြည်း မှုန်လာကုန်ပြီတဲ့။ ဃာနပသာဒရုပ် ပသာဒရုပ် ထင်ရှားရှိလျက်သားနဲ့ ငယ်ရွယ်စဉ်တုန်းကလို ရုတ်တရက်အားဖြင့် အနံ့ကို ခံသော်လည်း ပြတ်ပြတ်သားသား အနံ့မရတော့ဘူးတဲ့။ ဘာပြုလို့ ၎င်းဃာနပသာဒဆိုတဲ့ အကြည်ရုပ်ကလေးသည် မှိန်လာပြီ မှုန်လာပြီတဲ့။ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဇိဝှါပသာဒရုပ် တော်ရုံတန်ရုံ အရသာမျိုးလည်း လျှာမတိုးတော့ဘူး ဘာပြုလို့ ဇိဝှါပသာဒ မရှိလို့လား (ရှိပါတယ်ဆရာ)၊ ရှိပင်ရှိလင့်ကစား ၎င်း ဇိဝှါပသာဒဆိုတဲ့ အကြည်ရုပ်ကလေးတွေလည်း မှုန်လာကုန်ပေါ့။ အားသေးလာ ရင့်ရော်လာ ဆွေးမြေ့လာ ဟောင်းနွမ်းလာနော် (မှန်ပါတယ်ဆရာ)၊ ကာယပသာဒရုပ် တော်ရုံတန်ရုံ ထိပေမယ့် ထိမှန်းမသိတော့ဘူးတဲ့။ ဘာပြုလို့ ကာယပသာဒရုပ် အကြည်ဓာတ်တွေက တဖြည်းဖြည်း မှိန်လာကုန်ပြီတဲ့။ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဟဒယဝတ္ထု မနောဓာတ်ကလေး မှီရာတည်ရာဆိုတဲ့ စိတ်ဓာတ်ကလေးက ထင်မြင်ရာဆိုတဲ့ ဟဒယဝတ္ထုရုပ် အကြည်ရုပ်ကလေးကလည်းပဲ ငယ်ငယ်တုန်းကလို မဟုတ်ဘူးတဲ့။ မေ့တစ်ချက် လျော့တစ်ချက် ဘယ်နေရာမှ ကောင်းကောင်းမွန်မွန် ပြတ်ပြတ်သားသား မရှိတော့ဘူးတဲ့။ ဘာပြုလို့ ထိုမနောဓာတ်ကလေးရဲ့ မှီရာဆိုတဲ့ ဟဒယဝတ္ထုရုပ်ကလေးကလည်းပဲ ဟောင်းနွမ်း အိုမင်း ယိုယွင်းလာပြီတဲ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊

အဲဒါမြင်ကောင်းပါ့မလား (မမြင်ကောင်းပါဘူးဆရာ)၊ စက္ခုပသာဒ အကြည်ရုပ်ကလေး မှုန်သွားတာ မြင်ကောင်းပါ့မလား (မမြင်ကောင်းပါဘူးဆရာ)၊ သောတပသာဒကော (မမြင်ကောင်းပါဘူးဆရာ)၊ ဃာနပသာဒကော (မမြင်ကောင်းပါဘူးဆရာ)၊ ဇိဝှါပသာဒ (မမြင်ကောင်းပါဘူးဆရာ)၊ ကာယပသာဒ (မမြင်ကောင်းပါဘူးဆရာ)၊ ဟဒယဝတ္ထု (မမြင်ကောင်းပါဘူးဆရာ)၊ မမြင်ကောင်းဘူးနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ရုပ်အိုတာ ခေါ်တယ်။ ရုပ်ဇရာလို့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါကျ အပါကဋဇရာလို့ မထင်ရှားသော မမြင်အားသော ဇရာမျိုးခေါ်တယ် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အပါကဋဇရာတဲ့၊ နာမ်ဇရာကြတော့ကောတဲ့ နာမ်ဇရာကြတော့ ဒီအသိဓာတ်

http://www.dhammadownload.com



ကလေး တဖျတ်ဖျတ်နဲ့ ပေါ်ပေါ် ပေါ်ပေါ်နေတဲ့ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ် ဝိညာဏဓာတ် ခြောက်ရပ်၊ ငယ်ငယ်တုန်းက ဖျတ်ကနဲဆို သိပြီပေါ့။ ချက်ကနဲဆို နားကွက်က မီးတောက်တယ်ဆိုတာမျိုးလိုပေါ့ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ အခုတော့ မြင်စိတ်ကလေး ပေါ်ပြန်လည်းပဲ မပြတ်သားတော့ဘူး။ နံစိတ်ကလေး ပေါ်ပြန်လည်း မပြတ်သားတော့ဘူး။ စားစိတ်ကလေး ပေါ်ပြန်လဲ မပြတ်သားဘူး။ ထိစိတ်ပေါ်လည်း မပြတ်သားဘူး။ ကြံစည်စိတ်ကူးစိတ်ပေါ်ပြန်လဲ မပြတ်သားဘူး နော် (မှန်ပါတယ်ဆရာ)၊ စိတ်မရှိလို့လားတဲ့။ ရှိပါ တယ်တဲ့။ ဝိညာဏဓာတ်ခြောက်ရပ် အမြဲတမ်းရှိတယ်တဲ့။ ဝိညာဏဓာတ် မဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ ဝိညာဏဓာတ်ခေါ်ထားတဲ့ နာမ်တရားတွေ အမြဲတစေ ရှိနေတာပေါ့တဲ့။ ရှိပင်ရှိသော် လည်းပဲ ဒီဝိညာဏဓာတ် ခြောက်ရပ်ဆိုတဲ့ နာမ်ဓာတ်ကလေးဟာ တဖြည်းဖြည်းနဲ့ ရင့်ရော် ဟောင်းနွမ်းလာပြီတဲ့ နာမ်ဇရာတရား။ ဒါကြောင့် ဘယ်နေရာမှ သိမှုလေးတွေ မပြတ်သားတော့ဘူးတဲ့။ ပြတ်သားသေးရဲ့လား (မပြတ်သားတော့ပါဘူးဆရာ)၊ အေး-ဒါကြောင့် ဒီနာမ်ဟောင်းနွမ်းလာတယ် ဆိုတဲ့ ရင့်ရော်လာတယ်ဆိုတဲ့ သဘောလေးတွေ မြင်ကောင်းပါ့မလား (မမြင်ကောင်းပါဘူးဆရာ)၊ မမြင်ကောင်းဘူး။

ဒါကြောင့် ရုပ်ဇရာ နာမ်ဇရာဆိုတဲ့ တရားနှစ်ပါးဟာ အပါကဋဇရာခေါ်တယ်။ လုံးလုံးကြီး မြင်ကောင်းတဲ့ တရားမဟုတ်။ လုံးလုံးကြီးမြင်ကောင်းတဲ့ ဇရာမဟုတ်။ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ အဲဒါ ဇရာပဲ။ လူ့လောကတော့ အိုမင်းလာရင် ဇရာခေါ်တယ်။ ဒါပေမယ့် ရုပ်ဇရာ နာမ်ဇရာ အဓိပ္ပါယ် နားမလည်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ ပရိစ္ဆိန္နဇရာ အပရိစ္ဆိန္နဇရာလို့ ပရိစ္ဆိန္နဇရာ ဆိုတာက ပိုင်းခြားပိုင်းခြားပြီးတော့ ဒီအရွယ်ကဟိုအရွယ် ဟိုအရွယ်က ဟိုအရွယ် ပြောင်းရွှေ့ပြောင်းရွှေ့ ပြီးတော့ ရင့်ရော် ရင့်ရော်သွားတဲ့ သဘောလေးတွေသိ။ အပရိစ္ဆိန္နဇရာဆိုတာ မမြင်ဘူး၊ အပိုင်း အခြားမထင်ဘူး၊ မရဘူး ဘယ်လိုဟာတုံးတဲ့။ အပရိစ္ဆိန္နဇရာဆိုတာ ခုနပရိစ္ဆိန္နဇရာကတော့ လူအို လူပျိုဘဝကနေပြီးတော့ တစ်စတစ်စနဲ့ အိုသွားတယ်ဆိုတော့ မြင်ကောင်းတယ်။ အပိုင်းအခြားနဲ့နော် (မှန်ပါတယ်ဆရာ)၊ ခုအသက်နှစ်ဆယ်ရှိပြီဟာ ဝဖြိုးစိုပြေတဲ့အခါ အဆင်းရုပကာလှတဲ့အခါ သုံးဆယ် လေးဆယ် ငါးဆယ် အိုလာပြီဟေ့ အိုလာပြီ၊ ခုနစ်ဆယ် ဟာ-တော်တော်ကိုအိုပေါ့။ သူ့အပိုင်းအခြားနဲ့ သူ ဒါမြင်ကောင်း ထင်ကောင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ ပိုင်းခြားလို့ ရတယ်တဲ့။

အပရိစ္ဆိန္နဇရာဆိုတာ ပိုင်းခြားလို့ မရဘူး။ အပိုင်းအခြား မထင်ကောင်းဘူး။ အဲဒီ ဇရာကြတော့ ဘာကုံး အသက်မရှိတဲ့ အဝိညာဏက အရာဝတ္ထုတွေ ကြည့်လိုက်တော့ ကျောက်သံပတ္တမြား ရွှေငွေ

http://www.dhammadownload.com



စိန်ကျောက် ဒီအရာဝတ္ထုတွေကြည့်စမ်းနော် (မှန်ပါတယ်ဆရာ)၊ တစ်နာရီထက် တစ်နာရီ တစ်နေ့ထက် တစ်နေ့ ရင့်ကျက်ရင့်ကျက် မနေဘူးလား (နေပါတယ်ဆရာ)၊ ရင့်ကျက်မှန်း သိရဲ့လား (မသိပါဘူး ဆရာ)၊ ကြည့်လိုက် ဒီအတိုင်းပဲ ဒီတိုင်းထင်ရတယ် မထင်ဖူးလား (ထင်ပါတယ်ဆရာ)၊ ဒါပေမယ့် တစ်နေ့ထက် တစ်နေ့ တစ်လထက်တစ်လ ရင့်ကျက်တယ်ဆိုတော့ မမှန်ဖူးလား (မှန်ပါတယ်ဆရာ)၊ မှန်တယ်၊ ဒါ အသက်မရှိတဲ့ အဝိညာဏက အရာဝတ္ထု၊ သဝိညာဏက ပိုင်းကြည့်တော့ မွေးစကလေး လေးနော် (မှန်ပါတယ်ဆရာ)၊ မွေးစကလေးလေးကြည့်စမ်း တစ်နေ့ထက်တစ်နေ့ တစ်ရက်ထက် တစ်ရက် တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် ရင့်ကျက်ရင့်ကျက် မသွားဘူးလား (သွားပါတယ် ဆရာ)၊ ဒါပေမယ့် ဒီထင်နေတာကတော့ တစ်နေ့ထက်တစ်နေ့ ကြီးထွားလာတယ်။ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြည့်ဖြိုးလာတယ် ဒီလို မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ တစ်နေ့ထက်တစ်နေ့ တိုးပွားလာတယ် ဒီလိုမထင်ဘူးလား (ထင်ပါတယ်ဆရာ)၊

အေး ဒါကြောင့် အဲဒါကြတော့ အပရိစ္ဆိန္နဇရာခေါ်တယ်။ ဟိုမှာဖြစ်နေတဲ့ သဘာဝနဲ့ ဒီမှာ မျက်မြင် မြင်နေတာ တစ်ခြားစီဖြစ်နေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ခုန ကျောက်သံပတ္တမြားနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ မဆုတ်တဲ့ပြင် တိုးတောင်တိုးသေးတယ်လို့ ဒီလိုထင်တယ်။ အမှန် ကတော့ ဟိုမှာ ရင့်ရော်ပြီးတော့ တဖြည်းဖြည်း ရင့်ကျက် ရင့်ကျက်လာတယ်ဆိုတဲ့ သဘာဝပါလာ မပါဖူးလား (ပါလာပါတယ်ဆရာ)၊ အဲဒါက မမြင်နိုင်သော အပိုင်းအခြားအားဖြင့် မပြနိုင်သော အပရိစ္ဆိန္နဇရာမျိုး ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီဇရာတရားတွေ ဘယ်သူကြောင့်ဖြစ် ဇာတိ ကြောင့် ဖြစ်။ ရှောင်လွဲလို့ရသေးလား (မရပါဘူးဆရာ)၊ ဇာတိနောက်ပိုင်းမှာ သေတဲ့အချိန်ထိ ဇရာတရားချည်းပဲလို့ ဆက်တိုက်ကြီးသွားနေ မသွားဖူးလား (သွားပါတယ်ဆရာ)။

ခုန ဇာတိက ဘယ်နေရာလေးကောက်ထားတယ် (ကမ္မဘဝကောက်ထားပါတယ်ဆရာ)၊ ဟော ဗျာ ချလိုက်တာပဲဟေ့။ ဘယ်လိုကောင်မှန်း မသိဘူး။ ဇာတိက ဘာကောက်တာတုံး (ပဋိသန္ဓေ စိတ်ဆယ့်ကိုးနဲ့ ကမ္မဇရုပ်နှစ်ဆယ် ကောက်ထားပါတယ်ဆရာ)၊ ဟော ဗျာ နောက်ပိတ်ဆုံးသတ် ကလေးကို ငါပြောထားတာကို မှတ်မထားဘူး။ ဒီနေရာကြ ဒီလိုမပြောရဘူး။ ဟိုမှာ "သင်္ခါရပစ္စယာ ဝိညာဏံ"တော့ ဝိညာဏ်နဲ့ပြလို့ ပဋိသန္ဓေစိတ် ဆယ့်ကိုးလို့ပြောတာ။ စိတ်နဲ့ ပြောနေတာ။ ဒီကြတော့ ဇာတိနဲ့ ပြနေတာ ဇာတိပြတော့ ဘာပြောရမယ် (ခဏယ်သုံးချက်နဲ့ဖြစ်သော ခန္ဓာငါးပါး ပါဆရာ)၊ အေး-ခဏယ်သုံးချက်နဲ့ဖြစ်သော ခန္ဓာငါးပါး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘယ်လို ကောင် မှန်းကို မသိပါဘူးကွာ ရမ်းအုပ်လိုက်တာ တစ်ခါတည်း၊ ခဏယ်သုံးချက်နဲ့ ပြည့်စုံသော ခန္ဓာငါးပါး

http://www.dhammadownload.com



မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ခဏငယ်သုံးချက်နဲ့ ပြည့်စုံသော ခန္ဓာငါးပါးဆိုတော့ ခဏတ္တယသမင်္ဂီဖြစ်သော ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်ဆိုတော့ ဥပါဒ် ဌီ ဘင် ဆိုတော့ ဇာတိပြီးမသွားဘူးလား (ပြီးသွားပါတယ်ဆရာ)၊ ဇာတိပြီးသွားတော့ မသေမချင်း နောက်လျှောက်ပြီးတော့ ဇာတိနောက်ပိုင်းကနေ စပြီးလာတဲ့ တရားတွေက ဘာတရားတွေတုံး (ဇရာနဲ့ မရဏပါဆရာ)၊ ဟောဗျာ ချသွားပြန်ပေါ့။ မင်း ငါ့မရဏ မေးတာ မဟုတ်ဘူး။ မင်းပဲ အရင်ချပေတော့ ဇရာမေးနေတာဟ ဇာတိရဲ့ နောက်နားက စဖြစ်တာ။ ဘာတရားတွေတုံး (ဇရာတွေပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ခဏတ္တယသမင်္ဂီ ခဏငယ်သုံးချက်နဲ့ပြည့်စုံသော ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်ဆိုတော့ ဥပါဒ် ဌီ ဘင်ဆို ပြီးမသွားဘူးလား (ပြီးသွားပါတယ်ဆရာ)၊ အဲဒီပြီးသွားတဲ့နောက်ပိုင်း ဆက်ဖြစ်လာတဲ့ ရုပ်တရား နာမ်တရားတွေကျ ဘာခေါ်တုံး (ခန္ဓာငါးပါးပါဆရာ)၊ ဟောဗျာ ချလိုက်ပြန်ပေါ့။ ဇရာ ဇရာ ဇရာအပိုင်းအခြားလေး မေးနေတာ။ ဇရာဘယ်ကစဖြစ် ပြောစမ်း (ဇာတိကစဖြစ်တာပါဆရာ)၊ ဟော ဖြစ်လိုက်တာ မြင်လား။ ဒါဖြင့် ဇာတိနဲ့ဇရာ တစ်ထပ် တည်းပေါ့ (မဟုတ်ပါဘူးဆရာ)၊ ဘယ့်နဲ့လုပ်မှာတုံးဟ တို့ (ဇာတိဖြစ်ပြီးမှ ဇရာဖြစ်မှာပါဆရာ)၊ အဲ ဇာတိနောက်က စဖြစ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဇရာဖြစ်တဲ့ အပိုင်းအခြားလေး နားလည်အောင် နားလည်အောင် မေးနေတာ။ ဇာတိက ဘယ်နေရာတွေ ယူတုံး (ဥပါဒ် ဌီ ဘင် ခဏငယ်သုံးချက်နဲ့ ခန္ဓာငါးပါးလာဖြစ်တဲ့ အချိန်ပါ)၊ ခန္ဓာငါးပါးဟာ ခန္ဓာငါးပါးဖြစ်တာတော့ သိပြီ၊ ဇာတိက၊ အဲဒီခန္ဓာငါးပါးက ဘယ်ထိအောင် ယူရမတုံး ဇာတိက (ပဋိသန္ဓေနေတုန်း ယူတာပါဆရာ)၊ အောင်မယ်လေး မှန်မှန်ဟောပါ ရှင်ကြီးရယ်။ ပဋိသန္ဓေနေတုန်း ယူရမှာ။ အဲဒီ ခန္ဓာငါးပါး အချိန်လေးပိုင်းခြားစမ်း ဘယ်လောက်ယူရမှာတုံး ဇာတိခဏလေးက ဘယ်လောက်ယူရမှာတုံး (ခဏငယ်သုံးချက်နဲ့ ပြည့်စုံတာပါဆရာ)၊ "ပြည့်စုံသော"က ပါလိုက်သေးတယ်ဟ။

ခဏငယ်သုံးချက်ထဲ ယူရမှာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်လိုကောင်မှန်း မသိဘူး။ မြန်မာစကားလဲ ကောင်းကောင်းနားလည်ဟန် မတူပါဘူး။ ခဏငယ် ခဏတ္တယသမင်္ဂီ ခဏငယ်သုံးချက်နဲ့ပြည့်စုံသော နားလည်လား (နားလည်ပါတယ်ဆရာ)၊ ခဏငယ်သုံးချက်နဲ့ ပြည့်စုံသော ဆိုတော့ ဟိုဘက်ကို ဇာတိ ခေါ်အုံးမလားဟ (မခေါ်တော့ပါဘူးဆရာ)၊ မခေါ် ဘာခေါ်မတုံး (ဇရာပါဆရာ)၊ အေး-ဇရာ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဇရာ ဘယ်ချိန်ကစဖြစ် (ခဏငယ်သုံးချက်နဲ့ ပြည့်စုံသော နောက်ပိုင်းမှာ ခေါ်ပါတယ်ဆရာ)၊ ဘာပြောမှန်းကို မသိဘူး။ အဲဒါကြည့်သာ မှတ်ထားကြ။ ဥပါဒ် ဌီ ဘင် ခဏငယ်သုံးချက်နဲ့ ဖြစ်လာတဲ့ ခန္ဓာငါးပါးရဲ့နောက်ပိုင်းက ဇရာတွေ မဟုတ်ဘူးလား

(မှန်ပါတယ်ဆရာ)၊ ဒီဇရာတရားက ဘယ်ထိအောင်သွားမတုံး (သေတဲ့အထိ သွားမှာပါဆရာ)၊ မရဏထိ သွားမှာနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ခန္ဓာငါးပါးလေးက ဇာတိကောက်ထားတာ ခန္ဓာငါးပါး ပဋိသန္ဓေခဏလေးက ဘယ်လောက်ကြာသလဲဆို ဥပါဒ် ဌီ ဘင်လို့ ခဏငယ်သုံးချက်ပဲ အသက်ရှိတယ်။ ဒါဇာတိပြီးရော့ ပဋိသန္ဓေ နော် (မှန်ပါတယ်ဆရာ)၊ ဇာတိပြီးတဲ့နောက် ဘာဆက်ဖြစ်သလဲဆိုတော့ ဇရာတရားတွေ ဆက်ဖြစ်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဇရာတရားတွေက ဘယ်သူ့ကြောင့်ဖြစ် (ဇာတိကြောင့်ဖြစ်တာပါဆရာ)၊ ဇာတိကြောင့် ဖြစ်တယ်။ "ဇာတိပစ္စယာ ဇရာမရဏံ" နော် (မှန်ပါ တယ်ဆရာ)၊ ဇာတိကြောင့်ဖြစ်တဲ့ တရားတွေပဲတဲ့။ ဒါဖြင့် ဇာတိဖြစ်တဲ့ပုဂ္ဂိုလ်တိုင်းဟာ ၎င်းတစ် နာရီထက် တစ်နှစ်ထက် တစ်ရက်ထက် တစ်လထက် တစ်လ ရင့်ကျက်မှု ဆိုသော ပါကဋဇရာ အပါကဋဇရာ ဒီဇရာတရားတွေ ရှောင်လွဲလို့ ရကောင်းသေးလားဟ (မရပါဘူးဆရာ)၊ သုံးဆယ့်တစ်ဘုံ အကုန်ခြုံခြုံကြည့်ရင်း ရင့်တာ မြတ်တာ ယုတ်တာ နိမ့်တာ အပထား၊ ဇာတိဖြစ်တဲ့ပုဂ္ဂိုလ်မှန်မှန်သမျှ ဇရာတရားရှောင်လွဲလို့ ရသေးလား (မရပါဘူးဆရာ)၊ လွတ်တဲ့ပုဂ္ဂိုလ်ရှိသေးလား (မရှိပါဘူးဆရာ)၊ အကုန်ဖြစ်မှာပေါ့ (ဖြစ်မှာပါဆရာ)၊ ဒါဖြင့် ဇာတိဖြစ်ရင် သူဖြစ်မှာပေါ့ (ဖြစ်မှာပါပဲဆရာ)၊ ဒါမုချ အကျိုးပေါ့ (မုချအကျိုးပါဆရာ)၊ မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)။

ဇာတိပစ္စယာ၊ ဇာတိတည်းဟူသော အကြောင်းကြောင့်။ ဇရာ၊ ဇရာတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏ဆိုတော့ ဒီဇရာတရားဟာ ဇာတိဖြစ်တဲ့ ပုဂ္ဂိုလ်မှန်မှန်သမျှ သုံးဆယ့်တစ်ဘုံမှာ ရှောင်ကွင်းလို့ ငြင်းလို့ ရကောင်းတဲ့တရား မဟုတ်ဘူးတဲ့။ ဇာတိဖြစ်ရင် အကုန်ဖြစ်ရမယ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဇာတိရဲ့ မုချအကျိုးတရား မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဇာတိရဲ့ မုချအကျိုးတရား နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ဇရာ ဇရာ ဇရာနဲ့ တက်တက်သွား ရင့်ရင့် သွား ကျက်ကျက်သွားတော့ ဇရာဆုံးတော့ ဘာနဲ့တွေ့ (မရဏနဲ့တွေ့မှာပါဆရာ)၊ မရဏနဲ့ တွေ့ရော့ မရဏဆိုတာ ဘာခေါ်တာတုံး (သေခြင်းပါဆရာ)၊ သေခြင်း နော် (မှန်ပါတယ်ဆရာ)၊ မရဏဆိုတာ သေခြင်းတဲ့။ "ခန္ဓာနံ ဘေဒေါ၊ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ၊ ကဠေဝရဿ နိက္ခေပေါ" သေခြင်းရဲ့ ပရိယာယ်တွေ ပြထားတာ။ "ခန္ဓာနံ ဘေဒေါ" ဆိုတာ ပရမတ်သေ ဓာတ်သေ ပြတာပါ။ သေဆိုတာ တခြားမဟုတ်ပါဘူး။ ခန္ဓာငါးပါး ပျက်သွားတာတဲ့ နော် (မှန်ပါတယ်ဆရာ)၊ "ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ" ဆိုတာက ဇီဝိတိန္ဒြိယဿ၊ ဇီဝိတိန္ဒြေ၏။ ဥပစ္ဆေဒေါ၊ ပြတ်ခြင်း ဒါလဲ သေတာပါပဲတဲ့။ ဒါကြတော့ ဘာခွဲခေါ်ထားတုံး သဝိညာဏကနဲ့ အဝိညာဏက ခွဲခေါ်ထားတာ။ အဝိညာဏက ဆိုတဲ့ သစ်ပင်

http://www.dhammadownload.com



ဝါးပင် ကောက်ပင် အစရှိတဲ့ အပင်တွေကြတော့ ဇီဝိတိန္ဒြေရှိသလား (မရှိတော့ပါဘူးဆရာ)၊ ရှိကောင်းရဲ့လား (မရှိကောင်းပါဘူးဆရာ)၊ မရှိကောင်းဘူး။

ဒါပေမယ့် ကောက်ပင်သေတယ် သစ်ပင်သေတယ် ဒီလို မသုံးဘူးလား (သုံးပါတယ်ဆရာ)၊ ဒီလို သုံးထားတာ ဟုတ်ကဲ့လား ဟုတ်ကဲ့လားလို့ မေးတယ် (ဟုတ်ပါတယ်ဆရာ)၊ ဟော ဟုတ်နေ မင်းချည်းဟုတ်နေ။ သစ်ပင်သေတယ် ဝါးပင်သေတယ်ဆိုတာ ဇီဝိတိန္ဒြေမရှိဘဲနဲ့ သေတယ်လို့ သုံးတဲ့ စကား ဟုတ်ကဲ့လားလို့ မေးတာ။ အောင်မယ် ဘယ့်နဲ့ဖြစ်နေပါလိမ့်။ စာများကြံနေသလား ကိုယ်တော် ကြီးတစ်ပါး စာကြံသလို လုပ်မနေပါနဲ့။ ဟင်း - သူများစာကြံသလို စာပြန်လိုက်တော့။ ဘဂဝါ၊ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်သည်။ အာဟ၊ မိန့်ဆိုတော်မူပြီ ဟုတ်ပေတယ်။ အာဟလို့ မိန့်ဆိုတာ အာမဟရင် မိန့်ကို မိန့်နိုင်မှာ မဟုတ်ဘူးဆိုတာကျနေ။ သေတယ်ဆိုတဲ့ဥစ္စာက "ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ"တဲ့။ ဇီဝိတိန္ဒြိယဿ၊ ဇီဝိတိန္ဒြေ၏။ ဥပစ္ဆေဒေါ၊ ပြတ်စဲခြင်း နားလည်လား (နားလည်ပါတယ်ဆရာ)၊ သဝိညာဏက၊ အသက်ထင်ရှားရှိတဲ့ သတ္တဝါတွေမှ ဇီဝိတိန္ဒြေရှိတယ် မဟုတ်လား (ရှိပါတယ်ဆရာ)၊ ဒါမှ သေတယ်လို့ ခေါ်နိုင်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် သစ်ပင် ဝါးပင် ကောက်ပင် အစရှိဥစ္စာတွေ သေတယ်ဆိုတာ ဟုတ်ကဲ့လား (မဟုတ်တော့ပါဆရာ)၊ အောင် မလေး ခုမှပေါ်တော့တယ်။ သူတို့ကတော့ ခယ, ဝယသဘော မဟုတ်လား ကုန်ခန်းသွားတယ်၊ ပျက်စီးသွားတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခယဝယသဘောကို တင်စားပြီးတော့ သစ်ပင်ပေါ် တင်စားပြီးတော့ သေတယ်လို့ သုံးနေတာ။ သူတို့မှာ ဇီဝိတိန္ဒြေမရှိဘူး နော် (မှန်ပါတယ်ဆရာ)။

"ခန္ဓာနံ ဘေဒေါ-ခန္ဓာငါးပါးတို့၏ ပျက်စီးခြင်းသည် သေ၏၊ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ-ဇီဝိတိန္ဒြေ တို့၏ ပြတ်ခြင်းသည် သေ၏၊ ကဠေဝရဿ နိက္ခေပေါ-သူသေကောင်ကို ပစ်ချခြင်းသည် သေ၏။ ဒါသေခြင်း၏ ပရိယာယ်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ သေခြင်းက ဘယ်နှစ်မျိုးရှိ (သုံးမျိုးပါဆရာ)၊ ဘယ်သူဘယ်သူတုံး (ခဏိကမရဏရယ် သမုစ္ဆေဒမရဏရယ်) ချလိုက်တာပဲ ပြီးတော့ကော (ဟစ်ခု မေ့နေတယ်)၊ မင်းတော့ ရယ်စရာဖြစ်နေပြီမင်း၊ ဘာမှ မကြာသေးဘူး။ ဒါတွေ ခုပြောပြီးလို့ နောက်တစ်ပတ်ပြန်ပြောရုံရှိသေး၊ ခဏိကမရဏဆိုတာ ဘယ်သူ ခေါ်တုံး (ခဏငယ်သုံးချက်ပါဆရာ)၊ သမုစ္ဆေဒမရဏဆိုတာ ဘယ်သူခေါ်တုံး (လူသေ ခွေးသေ ခေါ်တာပါဆရာ)၊ ဟောဗျာ ငါနဲ့ ထိတ်လန့်လေးနဲ့ဆိုတာ ဖြစ်နေ (ဘုရားရဟန္တာသေတာပါဆရာ)၊ အောင်မလေးဟဲ့ ဟင်း ဟင်း ဖြစ်မှဖြစ်ရလေ ဆိုတာကျနေ။ ဒါဖြင့် လူတွေ နတ်တွေ သေတာကြ ဘာခေါ်တုံး (သမ္မုတိမရဏ ပါဆရာ)၊ ဩော်-ခုမှပေါ်လာ၊ ဟင်း ခဏိကမရဏ ရုပ်သေန ဓမ်သေ ပရမတ်သေ ဓာတ်သေ ခန္ဓာသေ

http://www.dhammadownload.com



နားလည်လား (နားလည်ပါတယ်ဆရာ)၊ ရုပ်တွေ နာမ်တွေ သေတော့ ဘယ်လိုသေသွားတုံး (ခဏငယ် သုံးချက်စေ့ သေသေသွားတာပေါ့)၊ ဩော် ခဏငယ်သုံးချက်စေ့ သေသွား၊ ခဏငယ်သုံးချက် စေ့ သေသွားတယ်၊ ပျက် ပျက် ပျက်သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါခဏငယ်သုံးချက်နဲ့ သေခြင်း ကြောင့် ဘာသေခေါ်တယ် (ခဏိကမရဏပါဆရာ)၊ ဒါဖြင့် လူသေ နတ်သေ သူသေ ငါသေ ဆိုတဲ့ အသေကျ ဘာတုံး (သမ္မုတိမရဏပါဆရာ)၊ ဘာပြုလို့ သမ္မုတိမရဏခေါ်တုံး (သူသေတယ် ငါသေတယ် သမုတ်ကြလို့ပါဆရာ)၊ အရပ်က သမုတ်လို့ ပါးစပ်က သမုတ်လို့လား (မှန်ပါတယ်ဆရာ)၊ ဩော် ဒါ သမ္မုတိမရဏ ငဖြူသေတယ် ငနီသေတယ်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ သမုစ္ဆေဒ မရဏ ဆိုတာ ဘာခေါ် တုံး (ဘုရားရဟန္တာရဲ့ ပြတ်ခြင်းပါဆရာ)၊ ဘုရားရဟန္တာ ဘုရားရဟန္တာတို့၏ အသေပြတ်ခြင်း အသေရပ်ခြင်း နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘုရားရဟန္တာများ အသေ ပြတ်သွားတယ် အသေရပ်သွားတယ်လား (မှန်ပါတယ်ဆရာ)။ အေး-ဒါကြောင့် သေခြင်းဆိုတဲ့ နေရာလေး ခန္ဓာနံ ဘေဒေါ -ခန္ဓာငါးပါးတို့၏ ပျက်စီးခြင်း သေခြင်း။ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ - ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်း သေခြင်း။ ကဠေဝရဿ နိက္ခေပေါ- သူကောင်ပစ်ချခြင်း သေခြင်း။

"ဇာတိပစ္စယာ ဇရာမရဏံ" ဇာတိပစ္စယာ၊ ဇာတိဇရာတည်းဟူသော အကြောင်းကြောင့်။ ဇရာမရဏတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိကြောင့် ဇရာမရဏဖြစ်တယ်။ ဇာတိက ပဋိသန္ဓေ ပဋိသန္ဓေခဏ ရှေ့ဦးမဆွ လာဖြစ်တဲ့ ခန္ဓာငါးပါး၊ ဇရာက ရင့်ကျက်တဲ့သဘော၊ မရဏက ခန္ဓာငါးပါး ပျက်ဆီးတဲ့သဘော။ ဇာတိရယ် ဇရာရယ် မရဏရယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇာတိက တရားကိုယ်ကောက်တော့ ဘာရတယ် (ပဋိသန္ဓေစိတ်ရပါတယ်ဆရာ)၊ လာပြန်ပြီ ဇာတိ ဇာတိ မင်းဥစ္စာ "သင်္ခါရပစ္စယာ ဝိညာဏံ" တုန်းက ဝိညာဏ်အကောက်ချည်း သွားပြောနေ။ ဇာတိကျ ဘယ့်နဲ့ကောက် (လောကီကုသိုလ် ဆယ့်ခုနစ်ရယ်)၊ ဟင်းဟင်း ဒုက္ခမှ အကြီးစားပါကွာ။ ဒီကောင်ကို အိုးနင်းခွက်နင်း ဖြစ်နေပြီ ဘယ်လိုမှန်းမသိဘူး။ မနေ့ညက ထပ်ပြန်တလဲလဲ သင်ပေးလိုက်တယ်။ ခုမရှိဘူး။ ခဏငယ် သုံးချက်နဲ့ ပြည့်စုံသော ခန္ဓာငါးပါး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ခဏတ္တယသမင်္ဂီဖြစ်သော ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်သည် ဇာတိ။ ဒါ ပဋိသန္ဓေဝိပါက်ဆိုတော့ နာမ်ခန္ဓာလေးပါးရ။ ကမ္မဇရုပ်ဆိုတော့ ရုပ်ခန္ဓာ တစ်ပါးရ ပေါင်းလိုက်တော့ ခန္ဓာငါးပါး၊ ခဏတ္တယသမင်္ဂီဖြစ်သောဆိုတော့ ခဏငယ်သုံးချက်နဲ့ ပြည့်စုံသောလို့၊ ခဏငယ်သုံးချက်နဲ့ ပြည့်စုံသော ခန္ဓာငါးပါး ရှေ့ဦးမဆွ ပဌမ ဆုံးလာဖြစ်တဲ့ ခန္ဓာငါးပါး ဒါဇာတိ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဇာတိက ဘယ်ချိန်လေးရ (ခဏငယ်သုံးချက်ရပါတယ်ဆရာ)၊ ခဏငယ်သုံးချက်နောက်မှာ တောက်လျှောက်ဖြစ်သွားတာ

http://www.dhammadownload.com



ဘာတရားတုံး (ဇရာတရားတွေပါဆရာ)၊ ဇရာတရားက ဘယ်ထိအောင်ဖြစ် (မရဏထိအောင် သွားပါတယ်ဆရာ)၊ မရဏထိအောင် သွားတယ်။ ဇာတိရယ် ဇရာရယ် မရဏရယ် ဒါလာလတ္တံ့ အနာဂတ် ဖြစ်မယ့်တရားတွေ၊ ဒီကပို့လိုက်ထဲက "ဘဝပစ္စယာ ဇာတိ" ဒီဘက် ပစ္စုပ္ပန် ဘဝက နေပြီးတော့ "ဘဝပစ္စယာ ဇာတိ" အခုရထားတဲ့ ပစ္စုပ္ပန်ဘဝကနေပြီးတော့ ပဋိသန္ဓေအသစ်ကို ဖြစ်စေတတ်သော ကုသိုလ်ကံနဲ့ အကုသိုလ်ကံ တရားနှစ်ပါး ဒါ "ဘဝပစ္စယာ" မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အကြောင်းဘဝ၊ အကြောင်းဘဝဆိုတာ ကမ္မဘဝလား ဥပပတ္တိဘဝလား (ကမ္မဘဝ ပါဆရာ)၊ ကမ္မဘဝ၊ ကမ္မဘဝ၊ ကံတွေ ကောက်ထားတာနော် (မှန်ပါတယ်ဆရာ)၊ ဒီဘက်ဘဝ,က နေပြီးတော့ ကုသိုလ်ကံ အကုသိုလ်ကံ တရားနှစ်ပါးကို ကြိုးစားအားထုတ် အလုပ်လုပ်။ ကြိုးစား အားထုတ် အလုပ်လုပ်တော့ ထိုကံတွေကြောင့် ဒုတိယဘဝသစ်၌ ဇာတိဖြစ်၏၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ) အနာဂတ် အနာဂတ် ဇာတိဖြစ်၏။ ပြီးတော့ ဇာတိက ဘယ်ကာလလောက် ဇာတိခေါ်သလဲဆိုတော့ ရှေ့ဦးမဆွ ပထမဆုံး စုတိနောင် ပဋိသန္ဓေလို့ ပဋိသန္ဓေခဏလာပြီးတော့ ဖြစ်တဲ့ခန္ဓာငါးပါး၊ ဒီခန္ဓာငါးပါးလည်း ခဏတ္တယသမင်္ဂီဆိုထားတော့ ခဏငယ်သုံးချက်စေ့တော့ ပြည့်သွား။ ဇာတိခေတ်ကုန်သွား မကုန်ဖူးလား (ကုန်ပါတယ်ဆရာ)၊ ဇာတိကာလကုန်သွား၊ ပြီးတော့ သူ့နောက်ပိုင်း ဆက်ပြီးတော့ မသေမချင်း ဖြစ်သွားတာ ဇရာတရားလို့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဇရာတရားလည်း ဖြစ်လို့လည်းဆုံးရော့ ဘာနဲ့တွေ့ (မရဏနဲ့တွေ့မှာပါဆရာ)၊ မရဏနဲ့တွေ့။

ဒါကြောင့် "ဇာတိပစ္စယာ ဇရာမရဏံ" ဇာတိပစ္စယာ၊ ဇာတိတည်းဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သေသေချာချာကြည့်။ ပစ္စုပ္ပန်ဘဝ, က နေပြီးတော့ ဘာအကြောင်းခံလိုက်တယ် (ကမ္မဘဝ,ကနေ အကြောင်းခံလိုက်ပါတယ်ဆရာ)၊ ကမ္မ ဘဝက အကြောင်းခံလိုက်၊ ကမ္မဘဝဆိုတာ ဘာခေါ်တုံး (စေတနာပါဆရာ)၊ ဘာစေတနာတွေတုံး (ကုသိုလ်ကံနဲ့ အကုသိုလ်ကံ စေတနာတွေပါဆရာ)၊ အေး-ကုသိုလ်ကံနဲ့ အကုသိုလ်ကံ စေတနာ တွေနော် (မှန်ပါတယ်ဆရာ)၊ ဒီစေတနာတွေ ရှိခြင်းကြောင့် ဒုတိယဘဝမှာ ဘာဖြစ်တယ် (ပဋိသန္ဓေ ဖြစ်ရမှာပါဆရာ)၊ ဇာတိနော် (မှန်ပါတယ်ဆရာ)၊ ဇာတိပဋိသန္ဓေတည်နေရ ပြန်တယ်တဲ့။ ဒီဇာတိ ကလည်း ဥပါဒ် ဌီ ဘင် ခဏငယ် သုံးချက်စေ့တော့ ဇာတိအခေါ်ရပ်သွား။ နောက်ပိုင်းကြတော့ မသေမချင်း ဇရာတရားလို့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဇရာတရားက ဘယ်မှာဆုံးလည်း ဆိုတော့ မရဏမှာ သွားဆုံး၊ သူလည်းဆုံးရော့။ မရဏနဲ့ လုံးလုံးကြီးတွေ့ မတွေ့ဖူးလား (တွေ့ပါတယ် ဆရာ)။

http://www.dhammadownload.com



ဒါကြောင့် ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ ဓမ္မစကြာသုတ်များ ဘုရားကိုယ်တော် မြွက်ဟောသွား။ ဒါပေမယ့် ဒီအထဲတော့ ဗျာဓိဒုက္ခ မပါလာဘူး။ ဘာပြုလို့ မပါလာလဲဆိုတော့ ဇရာဒုက္ခထဲမှာ ဗျာဓိဒုက္ခက ပါဝင်ပြီးသား ဖြစ်နေတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဗျာဓိ ဒုက္ခဆိုတာ သိလား (မသိဘူး)၊ အံ့ဩပါကွာ ဇာတိဒုက္ခက ဘာတုံး (ခဏငယ်သုံးချက်နဲ့ပြည့်စုံသော ပါဆရာ)၊ ဟောဗျာ ဒုက္ခမေးတာ၊ ဇာတိ ဒုက္ခဆိုတာ ဘာတုံးလို့ (ပဋိသန္ဓေနေခြင်း ဒုက္ခပါဆရာ)၊ ပဋိသန္ဓေနေလို့ ဆင်းရဲတာလား (မှန်ပါတယ်ဆရာ)၊ ဇရာဒုက္ခဆိုတာ ဘာတုံး (အိုခြင်းဒုက္ခပါဆရာ)၊ အိုလို့ ဆင်းရဲတယ်လား (မှန်ပါတယ်ဆရာ)၊ ဗျာဓိဒုက္ခဆိုတာ ဘာတုံး (မသိဘူးဆရာ)၊ အောင်မယ် လေး ဘယ်လောက်များ အံ့ဩစရာကောင်း အဲဒါသာ မှတ်ထား။ မရဏဒုက္ခဆိုတာ ဘာတုံး (သေခြင်းရဲ့ ဆင်းရဲတာပါဆရာ)၊ အေး-ဟုတ်ပြီ အဲဒီကြားများ လောကဆင်းရဲတစ်ခု မင်း မတွေ့ ဖူးဘူးလား (မမှတ်မိဘူးဆရာ)၊ မင်းက သံတုံးသံမှုန်စားထားတာလား၊ မင်းက ကျောက်တိုင် ကျောက်ခဲ လား။ ဇာတိဒုက္ခ ပဋိသန္ဓေနေလို့ ဆင်းရဲတာ။ ဇရာဒုက္ခ အိုလို့ ဆင်းရဲတာ။ မရဏဒုက္ခ သေလို့ ဆင်းရဲတာ။ အိုလို့ ဆင်းရဲတာ သေလို့ ဆင်းရဲတာကြားထဲ ဘာများရှိ (နာလို့ ဆင်းရဲတာ)၊ အေး- နားလည်ပြီလား (နားလည်ပါတယဆရာ)၊ မင်းကိုယ်မင်း သံတိုင်ကျောက်ခဲ မှတ်နေသလား။ မင်း တစ်ခါမှ မတွေ့ဖူးဘူးလား (မတွေ့ဖူးဘူးဆရာ)၊ အောင်မယ် ရှင်ဗာကုလောင်းလေးပါ။ တစ်ခါမှ နင်မမာမကျန်း မဖြစ်ဖူးဘူးလား (ငယ်ငယ်တုန်းကတော့ ဖြစ်ဖူးပါတယ်ဆရာ)။ ဩော် ဒါဖြစ်နေ၊ အဲဒီလို ထမင်းရေပူလာလျှာလွှဲ ငယ်ငယ်တုန်းက ဖြစ်ဖူးတယ်တဲ့။

ဗျာဓိဒုက္ခ ကိုးဆယ့်ခြောက်ဖြာသော ရောဂါဝေဒနာ နှိပ်စက်တဲ့ ဆင်းရဲခြင်း ခေါ်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီအရင်တော့ ဇာတိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခ သုံးခုထဲပြသွား။ ဗျာဓိဒုက္ခပါသေးရဲ့လား (မပါပါဘူးဆရာ)၊ ဘာပြုလို့မပြ (ဇရာထဲသွင်းထားလို့ပါဆရာ)၊ အေး- ဇရာထဲသွင်းထား မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အန္တောဂဓပဲတဲ့ မထူးပါဘူးတဲ့၊ ဇရာလည်း ဗျာဓိပါပဲတဲ့။ အိုတော့ မနာဘူးလား (နာပါတယ်ဆရာ)၊ အေး-အိုတော့ နာတယ် ဘာမှ မထူးဘူးနော် (မှန်ပါတယ်ဆရာ)၊ ရောဂါ အထူးအားဖြင့် သီးသန့်ဖြစ်မှရယ် မဟုတ်ပါဘူးတဲ့။ အိုလာပြန်တော့ အိုနာခေါ်တယ်။ မနာဖူးလား (နာပါတယ်ဆရာ)၊ အေး-အိုနာ ခေါ်တယ်။ အေး-ဗျာဓိက ဒီထဲပါပြီးသား ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ ဒီတော့ သုံးမျိုးသုံးစားပြ၊ ပြပေမယ့် ဗျာဓိဒုက္ခပါပြီးသား ဒီလို မှတ်ရမယ်။ အဲဒီဆိုတဲ့ တရားဟာ ဟိုဘက် ဘဝကနေပြီတော့ ကမ္မဘဝ ခေါ်ထားတဲ့ ကုသိုလ်ကံ အကုသိုလ်ကံ စေတနာနှစ်ပါးကို အားထုတ်ခြင်း

http://www.dhammadownload.com



ကြောင့် ဒီဘက်ဘဝလာပြီးတော့ ဇာတိလာဖြစ်တဲ့လား (မှန်ပါတယ်ဆရာ)၊ အနာဂတ်ဘဝသစ်မှာ ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဇာတိဖြစ် ဇရာဖြစ် မရဏဖြစ်၊ ဇာတိဇရာ မရဏ အဲဒီ တရားသုံးပါး ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒီတရားသုံးပါးဘာနဲ့ တူသတုံး (လူဆိုးသုံး ယောက်နဲ့တူပါ)၊ လူဆိုးသုံးယောက် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ လူဆိုးဆိုတာ ခိုးရုံလေးခိုး လူဆိုးခေါ်တာပဲဟ။ လိမ်ရုံလိမ်လည်း လူဆိုးခေါ်တာပဲ။ သောက်စားမူးယစ်နေလဲ လူဆိုးခေါ်တာပဲ။ ဒီနေရာ မင်းပြောတဲ့ လူဆိုးသုံးယောက်က ဘယ်ထိအောင် ဆိုးတာတုံး (လူသတ်သမားသုံးယောက် ပါဆရာ)၊ အဲဒီလို လုပ်စမ်းပါဟ။ သူသတ်သမားသုံးယောက်နဲ့ တူတယ်လား။ (မှန်ပါတယ်ဆရာ)။

ဇာတိက နံပါတ်တစ် ဇရာက နံပါတ်နှစ် မရဏက နံပါတ်သုံး။ ပြောစမ်းပါ လူဆိုးသုံးယောက် ဥပမာလေးက လူဆိုးသုံးယောက်က ဘယ်သူ ဘယ်သူတုံး။ နံပါတ်တစ်က ဘာကောင်တုံး (ပစ္စုပ္ပန်ဘဝ ကနေပြီးတော့ ဇာတိကနေ ဆွဲထုတ်လာတာပါဆရာ)၊ သူခိုးပြော လူသတ်ပြောစမ်းပါ၊ လူသတ် ယောက်ျားကို၊ ဘယ့်နဲ့ ပစ္စုပ္ပန်ဘဝကနေ ဆွဲထုတ်လာ။ လူသတ်သမားသုံးယောက်ရဲ့ အဓိပ္ပါယ် ငါပြော စမ်းပါအုံး ရှင်းအောင် နံပါတ်တစ်လူသတ်သမားက ဆွေမျိုးဉာတိကြားကနေ ဆွဲထုတ်လာတာပါ ဆရာ)၊ ဟော ဆွေမျိုးဉာတိတို့၏ အလယ်က နော် (မှန်ပါတယ်ဆရာ)၊ သွေးဆောင်ပြီးတော့ လူသူမနီးတဲ့ တောကြီးထဲရောက်အောင် ထုတ်ဆောင်တဲ့ တာဝန်ခံတယ်လား (မှန်ပါတယ်ဆရာ)၊ ငါက ဖြူဆိုတဲ့လူကို ကူဖော်လောင်ဘက်ဆိုတဲ့ ဆွေမျိုးတွေအလယ်က မသိမသာနဲ့ ပရိယာယ်အားဖြင့် ဆွဲဆောင်ပြီးတော့ တောထဲ ရောက်အောင် ပို့မယ်။ သူက တာဝန်ယူတယ်လား (မှန်ပါတယ်ဆရာ)၊ ဒါနံပါတ်တစ် သူသတ်ယောက်ျားလား (မှန်ပါတယ်ဆရာ)၊ နံပါတ်နှစ် သူသတ်ယောက်ျားက ဘယ့်နဲ့လုပ်တယ် ဘာပြုတယ် (တောထဲရောက်တော့ သူမလှုန်နိုင်အောင် နှိပ်စက်ပါတယ်ဆရာ)၊ အော်-ဒီဆွဲဆောင်လာတဲ့ ဖြူဆိုတဲ့ လူကို တောထဲ ရောက်တဲ့အခါကြ တောထဲသာရောက်ပစေ ညက်ညက်ကျေအောင် မလှုန်နိုင်အောင် ထုထောင်း ရိုက်နှက်လုပ်ဖို့တာဝန်က ငါ့တာဝန်ထားတဲ့လား (မှန်ပါတယ်ဆရာ)။ သုံးနံပါတ်လူဆိုးက (ဟိုကျသူက သတ်ပစ်လိုက်ပါတယ်ဆရာ)၊ ဟောဗျာ- ဘယ်လောက်များ တိုတောင်းလဲလို့ ဟင်း မလှုန်နိုင်အောင် ထုထောင်းရိုက်နှက်ထားလို့ရှိရင် အသက်သေအောင်သတ်ဖို့က ငါ့တာဝန်ထားစမ်း ဒီလိုလား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ငါချည်းလျှောက်ပြောတာ သူပြောတာ တစ်ခုမှ မပါဘူး။ မြန်မာစကားမှ နင်မပြောတတ်ဘဲကိုးကွ။ လူတစ်ယောက် လိမ့်ပတ်လည်အောင် နင်ပြောတတ်ပါ့မလား (သိပ်စိတ် မရှိဘူး)၊ သိပ်စိတ်မရှိဘူး၊ ဟောဗျာ ဘာပြုလို့တုံး ဟင်း ဘာစိတ်မရှိတာလဲ (နားလည်ရင်လည်

http://www.dhammadownload.com



မလည်ရင် မပြောချင်ဘူးဆရာ)၊ ဟော အဲသလို သည်းခံရတယ်ကွနော် ဟင်း တော်လည်းတော်ပ့ါကွာ။ ဟင်း ဆုကြီးပန် အလောင်းအလျာကျနေ သည်းခံခြင်းဂုဏ်လည်း တယ်ပြည့်စုံတယ်၊ သည်းခံ ပြောရတယ်ကွ နားမလည် လည်အောင်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် လူသတ်သမား သုံးယောက်တော့ နံပါတ်တစ် နံပါတ်နှစ် နံပါတ်သုံး သူတို့ သုံးယောက်တော့ အဓိပ္ပါယ် ငါသိသွားပါပြီကွာ။

တစ်နံပါတ်လူသတ်ယောက်ျားနဲ့ ဘယ်သူနဲ့တူတုံးဟ (ဇာတိနဲ့တူပါတယ်ဆရာ)၊ ဟော-ဇာတိနဲ့ တူတယ်။ တူပုံလေး ပြောစမ်းပါ။ ဒီဇာတိက ဘယ်ကဆွဲထုတ်လာ (ဆွေမျိုးဉာတိကြားက ဆွဲထုတ်လာပါတယ်ဆရာ)၊ ဘယ်ဘက်က (ပစ္စုပ္ပန်ဘဝ, ကဆရာ)၊ ဟော ပစ္စုပ္ပန်ဘဝ အတိတ်ဘဝလို့ ပြောရတယ်နော် (မှန်ပါတယ်ဆရာ)၊ အတိတ်ဘဝက ဒီရောက်အောင် ဆွဲထုတ်လာတယ်လား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကြည့် ကြည့် ကြည့် မင်းပဋိသန္ဓေ မင်းပြန်ကြည့်။ မင်းဟိုဘက်ဘဝက စုတိစိတ်ကျလာတော့ ဒီဘက်က ပဋိသန္ဓေလို့ လာဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေခဏလေးမှာ ဇာတိနော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ပဋိသန္ဓေခဏလေးတုန်းက မင်းပြန်စဉ်းစား ဟိုဘက်ဘဝတုန်းက တော်ခဲ့တဲ့ အမိတို့ အဖတို့ အမတို့ အရီးတို့ ကြီးတော်တို့ ဘကြီး ဘထွေးတို့ ညီတို့ အစ်ကိုတို့ မောင်တို့ နှမတို့ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ မင်းခင်မင်ရင်းနှီးတဲ့ မိတ်ဆွေသင်္ဂဟတွေ အကြောင်းတွေရှိလို့ရှိရင် ငါ့ကို ပြောကွ၊ အသက်နဲ့လဲမည့် လူစားတွေ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဟန်ရေးပန်ရေးပေ့ါကွာ၊ ဟုတ်ဟုတ် မဟုတ်ဟုတ်ပေ့ါကွာနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို တင့်တောင့်တင့်တယ် ဖွယ်ဖွယ်ရာရာနဲ့ တကယ်အကြောင်းထူးရှိလို့ရှိရင်ဖြင့် တို့အသက်ချင်းလဲရပါစေလို့ ကူညီမယ့် ဆွေမျိုးဉာတိကြားကနေပြီးတော့ မင်းဒီဘက် ဆွဲထုတ်လာတော့ မင်းဒီဘက် ဘဝ ပဋိသန္ဓေ ဖြစ်မနေဘူးလား (ဖြစ်နေပါပြီဆရာ)၊ ဇာတိပေ့ါနော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ဇာတိအဖြစ်ရောက်တော့ ဟိုဘက်က ဆွေမျိုးဉာတိတွေ ဘယ်နှစ်ယောက် များပါလာ (တစ်ယောက်မှ ပါမလာပါဘူးဆရာ)၊ လိုက်နိုင်သေးရဲ့လား (မလိုက်နိုင်တော့ပါဘူးဆရာ)၊ ကူနိုင်သေးရဲ့လား (မကူနိုင်ပါဘူးဆရာ)၊ တစ်နံပါတ်ရန်သူနဲ့ မတူဘူးလား (တူတူပါပဲဆရာ)၊ ဆွေမျိုးအလယ်က မောင်ဖြူဆိုတဲ့ လူတစ်ယောက်ကို တောရဲ့သာယာဖွယ် နှစ်သက်ဖွယ်ဆိုတဲ့ သဘောတွေ ဂုဏ်ကျေးဇူးတွေ ပြောကြားပြီးတော့ လှည့်ပတ်ဖြားယောင်းပြီးတော့ တစ်နံပါတ် သူသတ်ယောက်ျားက မောင်ဖြူကို တောကြီး အလယ် တကယ်ခေါ်သွားတာနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ ဘယ်ဆွေမှလည်း မသိဘူး။ ဘယ်ဆွေမျိုးမှလည်း မလိုက်နိုင်ဘူး။ ဇာတိ မင်းတို့ ငါတို့ ဇာတိရယ်လို့ ဖြစ်လာပုံ သေချာကြည့်။

http://www.dhammadownload.com



ဟိုဘက်ဘဝက စုတိစိတ်ကျ ဒီဘက်ဘဝက ဇာတိ ခဏငယ်သုံးချက်နဲ့ ပြည့်စုံသော ပထမဆုံး ဖြစ်ပေါ်လာတဲ့ ခန္ဓာငါးပါး ဇာတိဖြစ်လာ။ အဲဒီ ဇာတိလေးကြည့် ဩော်-လက်စသတ်တော့ ဟိုဘက် ဘဝတုန်းကတော့ ငါ့မိတွေ ဖတွေ ဆွေတွေ မျိုးတွေနဲ့ သိုက်သိုက်ဝန်းဝန်းနဲ့ ယုယုယယ ခင်ခင် မင်မင် ကြင်ကြင်နာနာ အကြောင်းရှိရင် အသက်နဲ့လဲမယ်လို့ ဖွဲ့ကောင်း အသဲကောင်းနဲ့ ငါ့ရင်းနှီးတဲ့ ဉာတိမိတ်ဆွေသင်္ဂဟအပေါင်းတွေ ငါဒီဘက် ဇာတိအဖြစ်နဲ့ ရောက်လာတော့ ဘယ်သူမှ ပါမလာဘူး။ ဘယ်သူမှခေါ်လို့ အော်လို့လဲမရ ဘယ်သူမှလည်း မပေါ်လာကြ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ မတူဘူးလား တစ်နံပါတ်သူသတ်ယောက်ျားနဲ့ (တူပါတယ်ဆရာ)၊ ဆွဲထုတ်လာပြီတဲ့၊ ကိုင်း-ဇာတိ ဆွဲထုတ်လာတော့ တောကြီးအလယ်ရောက် ဘယ်ဆွေမျိုးမှ ကူဖော်လောင်ဘက်မရှိ ခေါ်လို့ အော် လို့ မကြားလို့ ဇာတိတရားကြီးဖြစ်။ တောကြီးအလယ်ရောက်တော့ နှစ်နံပါတ်သူသတ်ယောက်ျားက ဘာပြောတုံး မင်းခေါ်လာလို့ တောကြီးအလယ်သာရောက်ပစေ။ တကယ်မလှုန်နိုင်အောင် ထုထောင်း ရိုက်နှက် သတ်ပုတ်ညှဉ်းပန်းနှိပ်စက်မှုတာဝန် ငါ့တာဝန်ထားပါလို့ ပြော တယ်။

နံပါတ် (၂) ဘယ်သူနဲ့တူတုံး (ဇရာနှင့် တူပါတယ်ဆရာ)၊ ဩော် အခု ဇာတိနောက်ပိုင်းက စပြီးတော့ တစ်နေ့ထက်တစ်နေ့ တစ်ရက်ထက်တစ်ရက် တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် ရင့်ကျက် ရင့်ကျက် ရင့်ကျက်လာတဲ့ ဇရာသဘောတွေ့လား (တွေ့လာပါတယ်ဆရာ) ထုထောင်း ရိုက်နှက် လုပ်နေပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ထုထောင်းရိုက်နှက်လုပ်နေတော့ ခုတော့ အစိတ်တို့ နှစ်ဆယ်တို့ သုံးဆယ်တို့ လေးဆယ်တို့ ငါးဆယ်တို့ဆိုတော့ တော်သေးတာပေါ့လေ၊ သွက်သွက် လက်လက် သွားလို့ လာလို့ ထုမှန်း ထောင်းမှန်း ရိုက်မှန်း နှက်မှန်း မသိသေးဘူးပေါ့ နော် (မှန်ပါတယ် ဆရာ)၊ ခြောက်ဆယ် ခုနစ်ဆယ် ရှစ်ဆယ် ကိုးဆယ်ကြတော့ လှုပ်နိုင်သေးလားဟ (မလှုပ်နိုင် တော့ပါဘူးဆရာ)၊ ပြန်များ ခုခံနိုင်သေးရဲ့လား (မခုခံနိုင်တော့ပါဘူးဆရာ)၊ တစ်ဘက်သားရန်သူကို ပြုစုတဲ့ အနေအားဖြင့် ပြန်ပြီးတော့ ခုခံဖို့ဝေးစွ၊ ကိုယ့်လက်တောင် ကိုယ်မသယ်နိုင်တော့ဘူး။ သယ် နိုင်သေးလား (မသယ်နိုင်ပါဘူးဆရာ)၊ ကိုယ့်ကိုယ်တောင် ကိုယ်မသယ်နိုင်တော့ဘူး၊ မတ်တတ်မသွား နိုင်ဘူး၊ မထိုင်နိုင်ဘူး၊ လူထူမှ ထရတယ်၊ လူထူမှ ထိုင်နိုင်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နှစ်နံပါတ်တည်းဟူသော သူသတ်ယောက်ျားနဲ့ ဇရာတရားနဲ့ ဒါကြောင့် တူတယ်တဲ့။ နှိပ်စက်ညှဉ်းဆဲ ထုရိုက်၊ ရိုက်နှက် ဖိစီးနှိပ်စက်ထားလိုက်တာလို့ မလှုပ်နိုင်ဘူး လှုပ်နိုင်သေးလား (မလှုပ်နိုင်ပါဘူးဆရာ)၊

ဒါကြောင့် ဒသကနည်းနဲ့ပြသွားတော့ သယနဒသကဆိုတာ တစ်ရာရောက် သက်တမ်း တစ်ရာဆိုတဲ့အတိုင်း နှစ်ပေါင်းတစ်ရာနေရတော့ နောက်ဆုံးသယနဒသက ဘယ်သူမှ မတွန်းမထိုး

http://www.dhammadownload.com



မရိုက်မပုတ်ဘဲနဲ့ အိပ်ရာထဲ လဲရှာတယ်၊ သယနဒသက မှတ်မိရဲ့လား (မှတ်မိပါ တယ်ဆရာ)၊ ဘာတုံး သယနဒသက (အသက်တစ်ရာပြည့်နေတာပါဆရာ)၊ အေးလေ အသက်တစ်ရာပြည့်တော့ ဘာဖြစ်နေတုံး (ပက်လက်လှန်ပြီး မလှုပ်နိုင်ဘူးဆရာ)၊ ဟော-ပက်လက်တောင် လှန်လိုက်သေး။ အိပ်ရာထဲက မထနိုင်ဘူးတဲ့ အိပ်လျက်သား နေရတော့တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ထိုင်နိုင်သေးသလား (မထိုင်နိုင်ပါဘူးဆရာ) ထနိုင်သေးလား (မထနိုင်ပါဘူးဆရာ)၊ ဘယ်သူ ရိုက်ပုတ်ထုထောင်းထားတုံး (ဇရာတရားကပါဆရာ)၊ ဩော်-ဇရာတရား မထင်ရှားဖူးလား (ထင်ရှားပါတယ်ဆရာ)၊ အေး-ငယ်ငယ်ရွယ်ရွယ်တော့ သိမှာ မဟုတ်ပါဘူးလို့။ ပျိုမျစ်တဲ့ နုနယ်တဲ့ အရွယ်ဆိုတော့ သန်သန်မာမာ သွားလို့ လာလို့ "စိတ်လိုက်မာန်ပါ" ဆိုသလိုပေါ့ "စိတ်သွားရာကိုယ်ပါ" ဆိုသလိုပေါ့။ သွားချင်တိုင်းလည်း ပြုန်းကနဲ သွားလိုက်တာပဲ၊ ထိုင်ချင်တိုင်းလည်း ထိုင်လိုက်တာပဲ၊ ထချင်တိုင်းလည်း ထလိုက်တာပဲ၊ လုပ်ချင်တိုင်းလည်း လုပ်လိုက်တာပဲ မသိသေးဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် တို့ ပဋိသန္ဓေနောက်ပိုင်း ဇာတိရဲ့နောက်ပိုင်းက စပြီးတော့ ဇရာနှိပ်စက်တာပဲ မဟုတ်ဘူးလား (နှိပ်စက်တာပါပဲဆရာ)၊ နှိပ်စက်မှန်း မသိရှာဘူး။ ထုရိုက်၊ ရိုက်ချင်လည်းရိုက်၊ နှက်ချင်လည်းနှက်၊ ချိုးချင်တိုင်း ချိုး၊ ဖွဲ့ချင်တိုင်းဖွဲ့၊ သတ်ချင်တိုင်းသတ်၊ ဖြစ်ပျက်လာလိုက်တာ မသိရှာဘူး။အားမကုန်ခန်းသေးဘူး ခေါ်တယ်၊ မနွမ်းသေးဘူး ခေါ်တယ်၊ မပင်ပန်းသေးဘူး။

နောက်ဆုံး ဘယ်မှာသိရ၊ ဒသကဆယ်ပါးနဲ့ပိုင်းပြတဲ့ သယနဒသကကြတော့ သိလာပေါ့နော် (မှန်ပါတယ်ဆရာ)၊ အသိဆုံးပဲ အသိဆုံးပဲ၊ အဲဒါကြမလှန်နိုင်ဘူးတဲ့၊ လူထူမှ ထနိုင်တယ်တဲ့၊ လူထူမှ ထိုင်နိုင်တယ်တဲ့၊ လူခွံ့မှ စားနိုင်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ တတ်နိုင်သေးလား (မတတ်နိုင်ပါဘူးဆရာ)၊ ဒါကြောင့် နှစ်နံပါတ်သူသတ်ယောကျ်ားနဲ့ အလားတူသော ဇရာတရား ခေါ်တယ် တူကောတူရဲ့လား (တူပါတယ်ဆရာ)၊ မကြောက်ဖူးလား (ကြောက်ပါတယ်ဆရာ)၊ အခုလည်း နှိပ်စက်နေတာ မဟုတ်ဘူးလား (နှိပ်စက်နေတာပါဆရာ)၊ မင်းသိလျက်လား (သိပါတယ်ဆရာ)၊ တကယ်သိပြီလား (တကယ်ပါဆရာ)၊ တကယ်သိရင် ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အေး-ကြောက်စရာ အလွန်ကောင်းတယ် မှတ်ထား မှတ်ထား။ ဒါဖြင့် နှစ်နံပါတ်သူသတ်ယောကျ်ားက တောကြီးအလယ် မင်းသာ တကယ်ယူလာမယ်၊ တကယ်ခေါ်လာမယ်ဆိုလို့ရှိရင်ဖြင့် နလန်မထူအောင် ရိုက်နှက်ညှဉ်းပမ်းနှိပ်စက်မှုက ငါ့တာဝန်ထားဆိုတဲ့အတိုင်း တာဝန်ထားလို့ ရိုက်နှက် နှိပ်စက်ညှဉ်းပန်းနေတာ မလှုပ်နိုင်ဘူး (မှန်ပါတယ်ဆရာ)၊ သုံးနံပါတ် သူသတ်ယောကျ်ားက မလှန်နိုင်အောင် ညှဉ်းပမ်းနှိပ်စက်လို့ ပက်လက်လှန်နေရင်တဲ့ အသက်သတ်ဖို့က ငါ့တာဝန်ထားလို့။

http://www.dhammadownload.com



ထက်လှစွာသော သန်လျက်သွားနဲ့ လည်ပင်းတိကနဲ ဖြတ်သတ်လိုက်တယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီသုံးနံပါတ် ရန်သူနဲ့ ဘယ်သူနဲ့တူတုံး (မရဏတရားနဲ့တူပါတယ်ဆရာ)၊ မရဏတရားနဲ့ တူတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဇရာနှိပ်စက်လို့ ပက်လက်လည်းလန်နေရော့ ဘာဖြစ်၊ သေရော့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇရာနှိပ်စက်လို့ ပက်လက်လည်း လှန်နေရော့ သေရော့ မသေဖူးလား (သေမှာပါဆရာ)၊ သေမှာပဲ လာသေးတယ်၊ သေရော့နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ သေချာကြည့်စမ်း။ တစ်နံပါတ်သူသတ်ယောက်ျား၊ နှစ်နံပါတ်သူသတ်ယောက်ျား၊ သုံးနံပါတ်သူသတ်ယောက်ျား သူသတ်ယောက်ျားသုံးဦးနဲ့ ဇာတိ ဇရာ မရဏဆိုတဲ့ တရားသုံးပါးနဲ့ တူတယ်၊ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ပြန်ပြန်တွေးတွေးကြည့် တရေးရေးနဲ့ ပေါ်ပေါ်လာတော့ ဩော်-လက်စသတ်တော့ ဘဝအသစ်အသစ် ဆက်ကာဆက်ကာ ဖြစ်ရခြင်းဟာ ဒီလိုပဲ ရက်စက်ကြမ်းကြုတ်လှစွာသော သူသတ်သမားသုံးယောက်တို့၏ လက်တွင်းကို သက်ဆင်းနေရပါပဲ။ မထင်ရှားဖူးလား (ထင်ရှားပါတယ်ဆရာ)၊ ဒါများ ကောင်းသလား, ဆိုးသလား (မကောင်းပါဘူးဆရာ)၊ မကောင်းဘူး နော် (မှန်ပါတယ်ဆရာ)၊ သုခလား, ဒုက္ခလား (ဒုက္ခပါဆရာ)၊ ဒုက္ခ။

ဒါကြောင့် "ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ" ဒုက္ခချည်း ဘုရားဟောသွားတာ သုခတစ်လုံးမှ ရှာမရဘူး၊ ရသေးလား (မရပါဘူးဆရာ)၊ ဇာတိ ဒုက္ခလည်း ပဋိသန္ဓေခဏလေး ကောက်ထားတယ်။ အဲ-ကိုးလလွယ် ဆယ်လဖွားရုံလေး ဇာတိဒုက္ခကြတော့ ဒီအတိုင်း ခွဲပြသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေတည်ကစ မွေးဖွားအချိန်ထိ ဇာတိရဲ့ဒုက္ခလေးချက်ပြတယ်။ နောက်ပိုင်း ပဝတ္တိရောက်လာတော့ ဖွားမြင်ပြီးတဲ့နောက်ပိုင်းမှာ ဇရာဒုက္ခဆိုတာကတော့ သေတဲ့အချိန်ထိ နေ့မစဲ ညမစဲ လမစဲ နှစ်မစဲ အမြဲတစေ နှိပ်စက်၍နေ၏။ ဇရာတရားနှိပ်စက်နေ မနှိပ်စက်ဘူးလား (နှိပ်စက်ပါတယ်ဆရာ)၊ ဒါများ သုခလား, ဒုက္ခလား (ဒုက္ခပါဆရာ)၊ ဒုက္ခ "ဇရာပိ ဒုက္ခာ" ကို နော် (မှန်ပါတယ်ဆရာ)၊ "ဇရာပိ ဒုက္ခာ"တဲ့။ ဒါဖြင့် ဇရာနှိပ်စက်လို့ ပက်လက်လန်နေတဲ့အခါကြတော့ သေရော့တဲ့၊ သေတာကော သုခလား, ဒုက္ခလား (ဒုက္ခပါဆရာ)၊ "မရဏမ္ပိ ဒုက္ခံ" တဲ့ နော် (မှန်ပါတယ်ဆရာ)၊ "မရဏတော ဥတ္တရိ ဒုက္ခံ နာမ နတ္ထိ" မရဏတော၊ သေခြင်းသဘောတရားထက်။ ဥတ္တရိ၊ အပိုအလွန်။ ဒုက္ခံ နာမ၊ ဆင်းရဲမည်သည်။ နတ္ထိ၊ မရှိ။ လောကမှာ ဆင်းရဲဆိုတာ သေခြင်းဆင်းရဲဟာ အဆင်းရဲဆုံးပဲတဲ့ မဆင်းရဲဖူးလား (ဆင်းရဲပါတယ်ဆရာ)။

ဒါကြောင့် ပုထုဇဉ် သတ္တဝါ မှန်မှန်သမျှ သေခြင်းဆိုတဲ့ သဘောတရား အကြောက်ဆုံး၊ သေမှာ အကြောက်ဆုံးခေါ်တယ်။ မကြောက်ဖူးလား (ကြောက်ပါတယ်ဆရာ)၊ သေမှာ အကြောက်ဆုံးပဲတဲ့။

http://www.dhammadownload.com



ဘာပြုလို့ ကြောက်လဲဆိုတော့ သူ့ထက်ဆင်းရဲတာ မရှိဘူးတဲ့ သူအဆင်းရဲဆုံး နော် (မှန်ပါကယ် ဆရာ)၊ သူအဆင်းရဲဆုံး သူအပင်ပန်းဆုံးခေါ်တယ်။ ဒါကြောင့် သေခြင်းဆိုတဲ့ သဘောတရားကျ တော့ သူသူငါငါ အထူးသဖြင့် ကြောက်ကြတယ်တဲ့။ ကြောက်လည်းကြောက်စရာ။ ဒါကြောင့် ဇာတိ ဇရာ မရဏ ထိုတရားသုံးပါး ဘွားကနဲသွားဖြစ်လိုက်ရင် အဓိပ္ပါယတ္တာ ပြတ်ပြတ်သားသား နားလည် လို့ရှိရင် ဖြစ်ခြင်တဲ့စိတ်က မရှိ။ တစ်နံပါတ် သူသတ်ယောက်ျားလက်တွင်း ရောက်ရသလိုပဲ။ ပစ္စုပ္ပန် ဘဝက အဓိပ္ပါယ်အားဖြင့် ဆွေးမျိုးဉာတိတို့၏အလယ်၌ တင့်တောင့်တင့်တယ် ဖွယ်ဖွယ်ရာရာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေလင့်ကစားလို့ တစ်နံပါတ်သူသတ်ယောက်ျား လှည့်ဖြားခေါ်ဆောင်လို့ လူသူ မနီးတဲ့ တောင်ကြီးတောကြီးထဲ ရောက်ရသလို ရောက်ပြန်တော့လည်းပဲ နှစ်နံပါတ်သူသတ်ယောက်ျား သဖွယ် ဇရာတရားက နလန်မထူအောင် ရိုက်နှက် ညှဉ်းပန်းနှိပ်စက်ခြင်း၊ သုံးနံပါတ်က နလန်မထူ အောင် ရိုက်နှက်နှိပ်စက်ညှဉ်းပမ်း အားအင်ကုန်ခန်းတဲ့ အချိန်ကြတော့ ထက်လှစွာသော သန်လျက် သွားနဲ့ လည်ပင်းကို ယတိပြတ် ဖြတ်၍သတ်ဘိသကဲ့သို့။ ဒါကြောင့် တို့ ဘဝအဆက်ဆက် သံသရာ အဆက်ဆက် ဒီသူသတ်ယောက်ျား သုံးယောက်နှင့်တူသော ဇာတိ ဇရာ မရဏ တရားသုံးပါးရဲ့ နှိပ်စက်ညှဉ်းပန်းမှုတွေ, သတ်မှု ဖြတ်မှုတွေ ခံခဲ့ရပေါင်းက မရေတွက်နိုင်ဘူး မဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ နောက်တစ်ခါ ခန္ဓာအသစ်ဖြစ်တော့လည်း ဒီလိုချည်းသွားမှာ မဟုတ်လား (ဒီလို သွားမှာပါဆရာ)၊ ဆုံးစရာအကြောင်း ရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ သုခ အလုံးလေးရယ်လို့ တစ်လုံးမှ ရှာမရဘူး။ မြူမျှရှာမရဘူး၊ သေချာကြည့် ဒုက္ခချည်းပဲတဲ့။

ယခု ဇာတိကနေ မရဏကျအောင် ဒုက္ခတရား ဟောထားတာ သေချာကြည့်။ ဇာတိပိ ဒုက္ခာ- ပဋိသန္ဓေ နေရခြင်းနှင့် ဆင်းရဲခြင်း။ ဇရာပိ ဒုက္ခာ-ဇာတိနောက်ပိုင်းမှာ သေတဲ့အချိန်ထိ အမြဲတစေ ရင့်ကျက်အိုမင်းမစွမ်း ဖြစ်ပေါ်၍ နေခြင်းဆိုတဲ့ ဇရာလည်း ဒုက္ခပဲ၊ မရဏမ္ပိ ဒုက္ခံ-ဇရာဆုံးလို့ လုံးလုံး ကြီးသေပြန်တော့လည်း ဒုက္ခပဲ၊ ဒုက္ခချည်းပဲ သုခရှာရလား (မရပါဘူးဆရာ)၊ အဲဒါကြောင့် သုခဆို မြူမျှရှာမရတဲ့ သံသရာထဲ တဝဲဝဲလည်လည်နဲ့ ကျင်လည်နေရ ဘယ်တော့ရပ်ပ့ါ၊ ဘယ်တော့ပြတ်ပ့ါ ဘာမှ မသိတဲ့ အသိဉာဏ်မျိုးနဲ့သာနေရင် ဒီသံသရာဝဋ္ဋမြစ်က ဘယ်တော့မှ ပြုတ်မှာလဲ မဟုတ်ဘူး။ ချုပ်မှာလဲ မဟုတ်ဘူးတဲ့။ သံသရာထဲ တဝဲဝဲလည်လည် နေကြရ၊ ဒီလိုပဲ မျက်စိလည်နေပါပဲနော် (မှန်ပါတယ်ဆရာ)၊ သေချာပြန်ကြည့်။ အဲဒီလို ဖြစ်နေတာ ဘယ်သူကြောင့် ဖြစ်၊ (ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကြောင့် ဖြစ်နေပါတယ်ဆရာ)၊ အေး - ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါး အကြောင်း ခံခံပေးတယ်နော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး အကြောင်းခံခံပေးလို့

http://www.dhammadownload.com



အကျိုးဆိုတဲ့ ခန္ဓာကြီးသွားသွားပေါ်တယ် မဟုတ်လား (မှန်ပါတယ်ဘုရား)၊ ခု ဇာတိဆိုတဲ့ခန္ဓာငါးပါး မဟုတ်ဘူး လား (မှန်ပါတယ်ဘုရား)၊ ဇရာဆိုလဲ ခန္ဓာငါးပါး မဟုတ်လား (မှန်ပါတယ်ဘုရား)၊ မရဏဆိုလည်း ခန္ဓာငါးပါး မဟုတ်လား (မှန်ပါတယ်ဘုရား)၊ မှတ်ထား သေသေချာချာ။ ဒါကြောင့် သေချာကြည့်ရင် အကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးထဲရှိတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဘုရား)၊ သေချာကြည့်ရင် အကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးတည်း ရှိတယ်တဲ့။ တရားများများ မရှိပါဘူးတဲ့။ အကြောင်းခံလို့ အကျိုးပေါ်တာ အကြောင်းလုပ်လို့ အကျိုးပေါ်တာတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဘုရား)၊ ဒါကြောင့်

အတီတေပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ အနာဂတေပိ ဧတရဟိပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ တတော ဥဒ္ဓံ သတ္တော ဝါ ပုဂ္ဂလော ဝါ နတ္ထိ, သုဒ္ဓသင်္ခါရပုဉ္ဇော ဧဝါတိ တီသု အဒ္ဓါသု ကင်္ခံ ဝိတရတိ။ (ဘိ၊ ဋ္ဌ၊ ၂၊ ၂၄၂)

အင်မတန် ကောင်းတယ် အဋ္ဌကထာ ဆရာပြသွားတာ။ အတီတေပိ၊ အတိတ်ဘဝကလည်း။ ပစ္စယာ စေဝ၊ ပစ္စယခေါ်ထားတဲ့ အကြောင်း တရားတို့သည်လည်းကောင်း။ ပစ္စယသမုပ္ပန္နဓမ္မာ စ၊ ထိုအကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားတို့သည်လည်ကောင်း ဟုတ်ကဲ့လား (မှန်ပါတယ်ဘုရား)။ အနာဂတေပိ၊ အနာဂတ်ဘဝ၌သော်လည်းကောင်း။ ဧတရဟိ၊ ယခု ပစ္စုပ္ပန်ဘဝ၌ သော်လည်းကောင်း။ ပစ္စယာ စေဝ၊ အကြောင်းခေါ်တဲ့ ပစ္စယတရားတို့သည်လည်းကောင်း။ ပစ္စယ သမုပ္ပန္နဓမ္မာ စ၊ ထို အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားတို့သည်လည်းကောင်း။ အတ္ထိ၊ ရှိကုန်၏ နော် (မှန်ပါတယ်ဘုရား)၊ တတော၊ ထိုအကြောင်းတရား အကျိုးတရား နှစ်ပါးထက်။ ဥဒ္ဓံ၊ အပိုအလွန်။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်လည်းကောင်း။ သတ္တော ဝါ၊ သတ္တဝါသည်လည်းကောင်း။ နတ္ထိ၊ မရှိတဲ့။ သုဒ္ဓသင်္ခါရပုဉ္ဇော ဧဝ၊ ပုဂ္ဂိုလ် သတ္တဝါမဖက် သက်သက်သော ရုပ်နာမ်ဓမ္မဆိုတဲ့ သင်္ခါရ အစုအပုံသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဥတွာ၊ သိ၍။ (ဝါ) သိသောကြောင့်။ တီသု၊ သုံးပါးကုန်သော။ အဒ္ဓါသု၊ အတိတ်ဘဝ ပစ္စုပ္ပန်ဘဝ အနာဂတ်ဘဝဆိုတဲ့ ကာလသုံးပါးတို့၌။ ကင်္ခံ၊ တွေတွေဝေဝေနဲ့ ယုံမှားခြင်းကို။ ဝိတရတိ၊ လွန်မြောက်နိုင်လေတော့၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဉာဏ်ခေါ်တယ်နော် (မှန်ပါတယ်ဘုရား)၊ အင်မတန်တန်ဖိုးရှိတယ်။ ဒါကြောင့် တို့လူစုတွေ ပဋိစ္စသမုပ္ပါဒ် အခုသံသရာစက်ကြီးကို လည်ပုံလည်နည်း ပြနေတော့ သေသေချာချာလည်း စဉ်းစားကြ။ အရင်း အဖျားပေါ်လေ ပြန်ပြန်ဝေဖန်။

http://www.dhammadownload.com



အဝိဇ္ဇာက စပြီးတော့ အကြောင်းကြောင့်အကျိုး၊ အကြောင်းကြောင့်အကျိုး၊ အကြောင်းကြောင့် အကျိုး ဆက်စပ်ဆက်စပ်ဖြစ်နေပြန် မရပ်မနား ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မရပ်မနား ဆက်စပ် ဖြစ်နေတာ အဲဒီထဲ သေချာကြည့်။ အတိတ်တရားရယ် ပစ္စုပ္ပန်တရားရယ် အနာဂတ်တရားရယ် အတိတ်က အဝိဇ္ဇာ သင်္ခါရ၊ ပစ္စုပ္ပန်ကတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ၊ အနာဂတ်ဖြစ်အုံးမှာက ဇာတိ ဇရာ မရဏ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး ဘဝသုံးပါးမှာ အမြဲတစေ လှည့်ပတ်ပြီးတော့ မရပ်မနားနဲ့ ရဟတ်ခြားလို သွားနေတဲ့တရားစဉ်ကြီး ကြည့်လိုက်စမ်း။ အတိတ် တရားထဲလည်း ပုဂ္ဂိုလ် သတ္တဝါရှိရဲ့လား (မရှိပါဘူးဆရာ)၊ ပစ္စုပ္ပန်တရားထဲကော (မရှိပါဘူးဆရာ)၊ အနာဂတ်ဖြစ်အုံးမဲ့ တရားထဲကော (မရှိပါဘူးဆရာ)၊ အေး-ဒါကြောင့် "တတော ဥဒ္ဓံ သတ္တော ဝါ ပုဂ္ဂလော ဝါ နတ္ထိ သုတ္တသင်္ခါရပုဉ္စော ဧဝ" ဘာတရားတွေရှိတုံးဟ (ရုပ်နာမ်ဓမ္မ သင်္ခါရတွေချည်း ရှိပါတယ်ဆရာ)၊ သြော်- ရုပ်နာမ် ဓမ္မ သင်္ခါရတွေ ချည်းသွားနေတာနော် (မှန်ပါတယ်ဆရာ)၊ ဒါတွေချည်းသွားနေတာ အကြောင်း ခံလိုက် အကျိုးပေါ်လိုက်၊ အကြောင်းခံလိုက် အကျိုးပေါ်လိုက်၊ အကြောင်းခံလိုက် အကျိုးပေါ်လိုက် ဒီလိုသွားနေတာ ရပ်လို့များ ရသေးရဲ့လား (မရပါဘူးဆရာ)၊ မရဘူး။ ဒီလိုချည်းသွားနေတာ ဘာပြု လို့တုံး ဒီအကျိုးဖြစ်အောင် အကြောင်းက ထပ်ထပ်လုပ်တယ်ကိုးကွ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ အကျိုးဖြစ်အောင် အကြောင်းက ထပ်ထပ်လုပ်တော့ ဒီအကြောင်းကြောင့်ပဲ အကျိုးက ဆက်ဖြစ်၊ အကြောင်းကြောင့် အကျိုးက ဆက်ဖြစ်။

မနေ့ညက တို့များပြောသွားကဲ့ စကားလေး သေချာမှတ်ထားကြ။ ကုသိုလ်လုပ်လုပ် အကုသိုလ် လုပ်လုပ် အဝိဇ္ဇာကြောင့် လုပ်တယ်လို့ တထစ်ချ မှတ်ထားပါလို့။ နားလည်လား (နားလည်ပါတယ် ဆရာ)၊ ဒါ သင်္ခါရမဟုတ်ဘူးလား (သင်္ခါရပါဆရာ)၊ အေး-ဒီပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ သင်္ခါရသုံးမျိုး ကြိုးစားအားထုတ် အလုပ်လုပ်တယ်ဆိုတာ အာယူဟန ကံနှစ်ဝကို လုပ်တယ်ဆိုရင် အဝိဇ္ဇာကြောင့်လို့ တထစ်ချ မှတ်ထားပါလို့ နော် (မှန်ပါတယ်ဆရာ)၊ တစ်ထစ်ချ မှတ်ထား။ အဝိဇ္ဇာမရှိတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်ကြတော့ သင်္ခါရ မခေါ်တော့ဘူးတဲ့။ ကုသိုလ် အကုသိုလ် မခေါ်တော့ဘူးတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာခေါ်တယ် (ကြိယာမျှ မတ္တကလေးပါ ဆရာ)၊ ကြိယာ ကြိယာ၊ သူမြန်မာလိုတော့ မှတ်မိတယ် နားလည်လား (နားလည် ပါတယ်ဆရာ)၊ ဘုရား ရဟန္တာကိုယ်တော်မြတ်များလည်း ဒီကုသိုလ်ခေါ်ထားတဲ့တရားတွေ လုပ်နေတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘုရားကိုယ်တော်မြတ် လေးဆယ့်ငါးဝါ ဒေသနာတွေ ဟောနေတာ

http://www.dhammadownload.com



ဒါမမ္မဒါနကုသိုလ်တွေ မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဘုရားကိုယ်တော်မြတ်ကိုယ်တော်တိုင် ဟောဖျှင်သုတ်ဟောသွားတယ် ဒါမမ္မဒါနကုသိုလ်စေတနာ နော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်တွေ လုပ်သွားတာပဲ။ ရဟန္တာကိုယ်တော်မြတ်တွေကော သိန်းပေါင်းများစွာဆိုတဲ့ ရဟန္တာကိုယ်တော်မြတ် တွေ တရားဟောခြင်း စာပို့ချခြင်း နော် (မှန်ပါတယ်ဆရာ)၊ ဗုဒ္ဓဝေယျာဝစ္စ ဓမ္မဝေယျာဝစ္စ သယ်ပိုး ရွက်ဆောင်ခြင်း မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ သူတို့ လုပ်တာ ကုသိုလ်ခေါ်တယ်လား (မခေါ်ပါဘူးဆရာ)၊ ကံခေါ်တယ်လား (မခေါ်ပါဘူးဆရာ)၊ မခေါ်ဘူး ဘာခေါ်တယ် (ကြိယာ)၊ အေး- ကြိယာ၊ ကြိယာဆိုတာ မြန်မာလိုပြန်တော့ ဘာတယ် (ပြုကာမျှမတ်တတ်လေးပါဆရာ)၊ မတ်တတ် ကလေး ထိုင်လျက်မဟုတ်ဘူးလား ပြုကာမျှမတ္တ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပြုကာမျှ မတ္တလေး နော် (မှန်ပါတယ်ဆရာ) ဒီကိုယ်တော်မြတ်တွေပြုတဲ့ တရားတွေကြတော့ နောင်ဘဝ အကျိုးပေးအုံးမလား (မပေးတော့ပါဘူးဆရာ)၊ မပေးဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တို့ ဘယ်လိုပုဂ္ဂိုလ်မျိုး လုပ်တာမှ အကျိုးပေးသလဲဆိုတော့ အဝိဇ္ဇာနုသယ အဇ္ဈတ္တသန္တာန် ထင်ရှားရှိသော ပုဂ္ဂိုလ်လုပ်တာမှ အကျိုးတရားအဖြစ်နဲ့ လာပေးတတ်တယ်။ ပေးနိုင်တယ်တဲ့၊ ပေးကောင်းတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် -

"အဝိဇ္ဇာနုသယသန္တာနေယေဝ သင်္ခါရာနံ ဝိပါကဓမ္မဘာဝတော ပဝတ္တနတော အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တိ။

အဝိဇ္ဇာနုသယသန္တာနေယေဝ၊ အဝိဇ္ဇာနုသယသန္တာန်၌ ထင်ရှားရှိသော ပုဂ္ဂိုလ်၌သာလျှင်။ သင်္ခါရာနံ၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ၊ တစ်နည်း လောကီကုသိုလ် အကုသိုလ်၌ ယှဉ်သော စေတနာတရားတို့၏ နော် (မှန်ပါတယ်ဆရာ)၊ ဝိပါကဓမ္မဘာဝေန၊ အကျိုး တရား၏အဖြစ်ဖြင့်။ ပဝတ္တနတော၊ ဖြစ်တတ်သောကြောင့်။ ဒီပုဂ္ဂိုလ်တွေမှ အဝိဇ္ဇာနုသယသန္တာန်မှာ ထင်ရှားရှိတဲ့ပုဂ္ဂိုလ်တွေမှသာလျှင် ဒီစေတနာမျိုးတွေက ဒီကံမျိုးတွေက အကျိုးတရား၏အဖြစ်ဖြင့် လာပေါ်တယ်တဲ့။ အကျိုးတရားအဖြစ်နဲ့ လာပေးတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က "အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တိ" လို့ ဟောသွားတာ။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တိ" အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ ဟောသွားတာတဲ့။ ဒါလေးက နည်းနည်းလေး ရှုပ်လည်းရှုပ်တယ်၊ နည်းနည်းလေးလည်း ခက်လည်းခက်တယ်၊ ကြပ်ကြပ်ကလေး စဉ်စားပေး။ ဩော် လက်စသတ်တော့ ဒီမိမိလုပ်တဲ့ ဒါနသီလ သမထ ဆိုကြပါစို့၊ လုပ်နေတဲ့ ကုသိုလ်တွေ နင်ဘာလို့ ကုသိုလ်လုပ်၊ ကုသိုလ်လုပ်ရင် အကျိုးကပေါ်တော့မှာ မပေါ်ဖူးလား (ပေါ်မှာ

http://www.dhammadownload.com



ပါဆရာ)၊ ဘာပြုလို့ အကျိုးပေါ်လဲလို့ သူ့အဇ္ဈတ္တသန္တာန်ကိုက အဝိဇ္ဇာဓာတ်ခံနဲ့ လုပ်နေတာ။ လုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ မျှော်မှန်းနေတာက အကျိုးမျှော်မှန်းတယ်လို့ မမျှော်မှန်း ဘူးလား (မျှော်မှန်းပါတယ်ဆရာ)၊ ကုသိုလ်လုပ်ရင် ငါကောင်းကျိုးချမ်းသာတွေ ရလိမ့်မယ်လို့၊ အကျိုးမျှော် မှန်းပြီးတော့ လုပ်နေတဲ့အလုပ်တွေ။

ဒါကြောင့် ဒီလို အဝိဇ္ဇာနုသယသန္တာန်မှာ ထင်ရှားရှိတဲ့ ပုဂ္ဂိုလ်သာလျှင် ဒီကုသိုလ်မျိုးတွေကလည်း အကျိုးတရားအဖြစ်နဲ့လာပြီး ပေးတယ်တဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာနုသယ လုံးလုံး ကြီး ကင်းပြတ်နေသော ဘုရားရဟန္တာအစရှိတဲ့ ပုဂ္ဂိုလ်အပေါင်းကြတော့ ဘယ်တော့မှ ဒီတရားတွေက အကျိုးတရားအဖြစ်နဲ့ မလာတော့ဘူး အကျိုးပေးပါအုံးမလား (မပေးတော့ပါဘူးဆရာ)၊ မပေးဘူး။ ဒါကြောင့် မှတ်ထား သေသေချာချာ။ ဒါကြောင့် ဒီနေရာမှာ ကမ္မဘဝကြောင့် ဇာတိဖြစ်တယ်ဆိုတာ ဇာတိဆိုတာ အကျိုး၊ ခန္ဓာငါးပါး မရဘူးလား (ရပါတယ်ဆရာ)၊ ခန္ဓာငါးပါး အကျိုးတရား၊ ဒီဘက်ကံက အကြောင်းတရား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီအကြောင်းနဲ့အကျိုး။ ဩော်-လက်စသတ် တော့ ဒီလို အဝိဇ္ဇာနုသယသန္တာန်မှာ ထင်ရှားရှိတဲ့ အဝိဇ္ဇာဓာတ် အရင်းခံနဲ့သာ တို့ ဒီကုသိုလ်တွေ အကုသိုလ်တရားတွေဆိုတဲ့ ကံတရားတွေ ကြိုးစားနေလို့ရှိရင် ပဋိသန္ဓေတွေကလည်း ဆက်ကာ ဆက်ကာ ဖြစ်အုံးမှာပါလား မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ အကျိုးပေးမှာကိုးကွ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် "သင်္ခါရာနံ ဝိပါကဓမ္မဘာဝေန ပဝတ္တနတော"။ ဒီသင်္ခါရတရားတွေဟာ အကျိုးတရား၏အဖြစ်ဖြင့် ဖြစ်မှာပဲတဲ့။ ဘာပြုလို့ သူအကြောင်တရားတွေ လုပ်နေတာကဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကြောင်းတရားတွေ လုပ်နေတာတဲ့။

တို့ သောတာပတ္တိမဂ်ဉာဏ် သကဒါမိမဂ်ဉာဏ်ရတဲ့ အောက်မဂ် အောက်ဖိုလ်ရတဲ့ ကျောင်း အမကြီး ဝိသာခါတို့၊ အနာထပိဏ်တို့ ထင်ရှားတာ ပြောလိုက် ရမှာပေါ့။ ဒီပြင် ဒီပြင် အောက်မဂ်ရတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ သင်္ချာသင်္ချေပေါ့။ ဒါပေမယ့် သာသနာမှာ ဒါနကုသိုလ်အနေအားဖြင့် မြှုပ်နှံ သွားပုံတွေ၊ သီလကုသိုလ် အနေအားဖြင့် မြှုပ်နှံသွားပုံတွေ သေချာကြည့်စမ်း။ ကျောင်းအစ်မကြီး ဝိသာခါတို့ ရှစ်နှစ်သမီးက သောတာပတ္တိမဂ်ဉာဏ်ရ၊ ဘဝအားဖြင့် ကုန်ပြီးသားခေါ်တယ်နော် (မှန်ပါ တယ်ဆရာ)၊ အနာထပိဏ်သူဌေးကြီးလည်း သောတာပတ္တိမဂ်ဉာဏ်ရ။ ဘဝအားဖြင့် ကုန်ပြီးသားတွေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူတို့ လုပ်သွားတဲ့ ကုဋေပေါင်းများစွာ သာသနာမြှုပ်နှံပြီးတော့ သွားလိုက်တာ ပုဗ္ဗာရုံကျောင်းတော်ကြီးဆောက်၊ ဇေတဝန်ကျောင်းတော်ကြီးဆောက် ကုဋေ ပေါင်းများစွာ ကုန်ကြခံပြီးတော့ သာသနာအရင်းအနှံမြှုပ်နှံပြီး ရက်ရက်စက်စက်လုပ်သွား။ သူတို့ရဲ့

http://www.dhammadownload.com



ရည်ရွယ်ချက် သေချာကြည့်။ သူတို့က ဘဝအားဖြင့် ကုန်ပြီး သွားဆိုတော့ ဘယ့်နှဲ့ဖြစ် ဒီကုသိုလ်ကောင်းမှုတွေကြောင့် နောင်ဘဝကြတော့ ဘယ်လိုစည်းစိမ်မျိုး ရ, ရပါလို၏ ရည်ရွယ်ချက်ပါလား (မပါပါဘူးဆရာ)၊ ဆုတောင်းတွေကော ပါသေးလား (မပါပါဘူးဆရာ)၊ မပါဘူး နော် (မှန်ပါတယ်ဆရာ)၊ နို့ ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်တယ်လို့ ဒီလိုမေးတယ်၊ အခုလူတွေလုပ်တဲ့ အလုပ်တွေကျတော့ ရည်ရွယ်ချက်မပါဘဲနဲ့ မလုပ်ဘူး၊ ရည်ရွယ်ချက်နဲ့ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ ကျောင်းဆောက်အုံးတော့ ကျောင်းနဲ့အလားတူစွာ ကျောင်းမှာရတဲ့ အကျိုးတရားငါးပါးမျိုး ငါ့နောက်ဘဝ နောက်ဘဝ ရ, ရပါလို၏။ အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာန။ အာယု-အသက်ရှည်ခြင်း။ ဝဏ္ဏ-အဆင်းလှခြင်း။ သုခ-ချမ်းသာခြင်း။ ဗလ-ခွန်အားကြီးခြင်း။ ဉာဏ-ဉာဏ်ပညာကြီးခြင်း နော် (မှန်ပါတယ်ဆရာ)၊ အကျိုးထူးတရားငါးပါး အဓိပ္ပါယ်အားဖြင့် ဆိုကြစို့ -ငါကျောင်းလှူလို့ရှိရင် ကျောင်းနဲ့အလားတူစွာ ငါ့ကျောင်းပေါ် ခိုအောင်းတဲ့ ပုဂ္ဂိုလ်များ၊ သီတင်းသုံးတဲ့ပုဂ္ဂိုလ်များ အကျိုးတရား ရသလို ငါလည်းတူသော အကျိုးတွေ ပေးလိမ့်မယ်။ "ကုသလံ သဒိသံ ပါကံ ဇနေတိ" ကုသိုလ်တရားဆိုတာ တူသောအကျိုးပေးတယ်တဲ့။ ကျောင်းကို ခိုမှီးသီတင်းသုံးတဲ့ပုဂ္ဂိုလ်များမှာ ကျောင်းက အရင်းအနှီးပြုလို့ အကျိုးတရားတွေ ခံစားရသလိုပဲ ငါ့လည်းပဲ ထပ်တူထပ်မျှ အကျိုးရလိမ့်မယ် မဟုတ်ဘူးလား။ အဲဒါက ပြုတဲ့ကုသိုလ်နဲ့ သဘောတူ ထပ်တူပေးတဲ့အကျိုး ၊အဲဒီ အကျိုးတင်ပဲ အတောမသတ်နိုင်တော့ လောဘကနောက်ထပ် ထပ်လာတော့ ဘယ့်နှဲ့ဖြစ်။ လိုချင်စိတ်တွေက သိပ်များလာတော့ အပိုအလျှံ ဆုတွေတောင်းတယ် မတောင်းဖူးလား (တောင်းပါတယ်ဆရာ)၊ အဲဒါရည်ရွယ်ချက်တွေ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ရည်ရွယ်ချက်တွေ။ ရည်ရွယ်ချက်ထားမှာပေါ့တဲ့ ဒီကုသိုလ်ကလည်း အကျိုးပေးမှား အမှန်ကိုတဲ့ ပေးဖူးလား (ပေးမှာပါဆရာ)။

ဒါကြောင့် "ဝိပါကဓမ္မဘာဝေန ပဝတ္တနတော"လို့။ ဒီသင်္ခါရတွေက အကျိုးတရားရဲ့အဖြစ်နဲ့ ပေးအုံးမယ်။ ကိုင်း-အဲဒီအကျိုးတွေပေးတော့ နောင်ဘဝ ဇာတိဖြစ်အုံးမယ် မဟုတ်လား (ဖြစ်မှာပါဆရာ)၊ ဒီအကျိုးတွေ ရမယ်မဟုတ်လား (ရမှာပါဆရာ)၊ အဲဒါကြောင့် ဒီကုသိုလ် အကုသိုလ်ဆိုတဲ့ သင်္ခါရမျိုးဟာ အဝိဇ္ဇာစာတ်အရင်းခံအားဖြင့် လုပ်နေတဲ့ ပုဂ္ဂိုလ်မှန်မှန်သမျှတော့ အကျိုးပေးမှာချည်းပဲ မပေးဖူးလား (ပေးမှာပါဆရာ)၊ ဒါဖြင့် ဒီလိုသာပေးနေ သံသရာက ထွက်ပေါက်ရပါအုံးမလားဟ (မရနိုင်ပါဘူးဆရာ)၊ မရနိုင်ဘူး။ ဘာပြုလို့ ဒီအကြောင်းတွေ ခံနေတာတဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ကျောင်းအစ်မကြီး ဝိသာခါ, အနာထပိဏ် ကုဋေမှားစွာ စွန့်လွှတ်ပြီးတော့ သာသနာတော်ကြီး မြှုပ်နှံတာ ဘာရည်ရွယ်ချက်နဲ့ မြှုပ်နှံတာတုံး မေးစရာ မလိုဘူးလား (လိုပါတယ်ဆရာ)၊

http://www.dhammadownload.com



ရက်စက်လိုက်တာ သာသနာ့ပြင်ပ လူတွေ ဒီလိုမလုပ်ရဲဘူး။ အနာထပိဏ်သူဌေးတို့ကျ မွဲတယ် နော် (မှန်ပါတယ်ဆရာ)၊ သူဌေးဘ၀က မွဲတယ်၊ စားရမဲ့ သောက်ရမဲ့ ဘ၀မျိုးတောင် ရောက်တယ်။ ဒါလောက်တောင် ရက်ရက်စက်စက် ရဲရဲဝံ့ဝံ့ စွန့်လွှတ်သွားတာ ရက်စက်လှချည့်။ သာသနာကြီး မြုပ်နှံသွားတာ ရက်စက်လှချည့်။ ဘယ်လို ရည်ရွယ်ချက်တွေပါလိမ့် လူမင်းစည်းစိမ်လိုသလား၊ နတ်မင်းစည်းစိမ်လိုသလား၊ သိကြားမင်းစည်းစိမ်လိုသလား၊ ဗြဟ္မာမင်းစည်းစိမ်လိုသလား ဘာစည်းစိမ်မှ လိုစရာမရှိဘူးတဲ့။ သူတို့က ဘ၀ကုန်ခမ်းပြီးသား နော် (မှန်ပါတယ်ဆရာ)၊ ဘ၀ပြတ်ပြီးသား အပိုင်းအခြားပဲ ရှိတယ်။ ဘာစည်းစိမ်မှ မလိုဘူးတဲ့။ ဒါ သတ္တက္ခတ္တုပရမ သောတာပန်ဆိုတာ အညံ့ဆုံး။ လူ့ပြည် နတ်ပြည် စုန်ချီ ဆန်ချီ ခုနစ်လီပဲဖြစ်တယ်။ ဒါ့အပြင် ဘ၀ကပြတ် မပြတ်ဖူးလား (ပြတ်သွားပါတယ်ဆရာ)၊ ဒါဖြင့် စုန်ချီ ဆန်ချီ ခုနစ်လီနေတဲ့အထဲမှာ အကန်တန္တု အဲဒီလို မျိုးစေ့တွေ မလုပ်လို့ရှိရင် ဖြစ်ရာဘ၀ လူဆင်းရဲဖြစ်နေမှာ မကြောက်ဘူးလားဆိုတော့ ဒီအသိဉာဏ်မျိုးရတဲ့ ဒီမဂ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်က ဖြစ်ရာဘ၀ ဘယ်တော့မှ ယုတ်ညံ့တဲ့အမျိုး မဖြစ်ဘူးတဲ့။ ဆုတောင်းချင်တောင်း မတောင်းချင်နေတဲ့။ ကုသိုလ်လုပ်ချင်လုပ် မလုပ်ချင်နေတဲ့။ ဒီဒါနမျိုးစေ့လေး မျှော်ကိုးပြီးတော့ ငါ့အကျိုးပေးလိမ့်မယ်လို့တော့ ရည်ရွယ်မနေနဲ့။ ဘယ်တော့မှ ယုတ်ညံ့တဲ့အမျိုး မဖြစ်ဘူး။ မြင့်မြတ်တဲ့အမျိုးသာ ဖြစ်မယ်ဆိုတာ တိုက်ရိုက်နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် သူတို့အတွက်က ဒီကုသိုလ်ကောင်းမှုတွေ သိန်းကလောက်တောင် ကုဋေကုဋာစွန့်လွှတ်ပြီးတော့ လှူဒါန်းသွားတာဟာ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာ ဘ၀ကောင်းရာ ငါကောင်းရာဆိုတဲ့ ရည်ရွယ်ချက်ပါသေးလား (မပါပါဘူးဆရာ)၊ ဒီလို အကျိုးထူးတရားကို ရည်ရွယ်ချက်မပါဘဲနဲ့ ဘာကိုမျှော်လင့်လို့ သိန်းကလောက်တောင် ရက်ရက်ရောရောနဲ့ ရဲရဲဝံ့ဝံ့ သူဌေးဘ၀ ကနေ ဆင်းရဲသားဘ၀ရောက်အောင် စွန့်လွှတ်နိုင်တာလဲလို့မေးတော့ သူတို့ရတဲ့တရားနော် (မှန်ပါတယ်ဆရာ)၊ သူတို့က တရားရသွားပြီ မဟုတ်လား (ရသွားပါပြီဆရာ)၊ ဘာတရား ရတာတုံး (ရုပ်နာမ်ဓမ္မ သင်္ခါရ ဖြစ်သွားတာပါဆရာ)၊ ဘာမဂ်ရသွား (သောတာပတ္တိမဂ်ဉာဏ်ရသွားတာပါဆရာ)၊ အေး ဟုတ်ပြီ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ မလွဲပါဘူး မင်းဖြေတာ ရုပ်နာမ်ဓမ္မသင်္ခါရသိလို့ သောတာပတ္တိမဂ်ဉာဏ် ရတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ တရားရတော့ သူတို့ဘ၀ သံသရာစက်ရဟတ်ကြီး ပြတ်မနေ ဘူးလား (ပြတ်နေပါတယ်ဆရာ)၊ အခုနပြောတဲ့ ဒုက္ခမျိုးတွေ တွေ့ဦးမှာလား (မတွေ့တော့ ပါဘူးဆရာ)၊ ခုနစ်ဘ၀ ဟိုဘက်မရှိတော့ဘူးပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒီတရား မတွေ့လို့ရှိရင် ခုနစ်ဘ၀ ဟိုဘက်ရေတွက်လို့ ကုန်ပါ့မလား (မကုန်နိုင်ပါဘူးဆရာ)၊ တစ်တွေ့ထဲ

http://www.dhammadownload.com



တွေ့ရမှာပေါ့နော် (မှန်ပါ တယ်ဆရာ)၊ အဲဒီ ဒုက္ခတွေ ပြန်ပြီးတော့ စဉ်းစားပြီးတော့ အတိုးတွက်နဲ့ တွက်ကြည့်စမ်း။ အကယ်တန္လူ ဘုရားသာသနာတော် ဘုရားဆိုဆုံးမတော်တည်း ဟူသော တရားတော်မြတ်နဲ့ မတွေ့လို့ တစ်မဂ်တစ်ဖိုလ်မှ မရခဲ့သော်လို့ အပါယ်လေးပါးလားရမဲ့ ဘဝကလည်း ကုဋေကုဋာအားဖြင့် ရေတွက်လို့ ကုန်နိုင်စရာ အကြောင်းမရှိ။ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ သံသရာထဲ ပေါ်များများရမယ့်ဘဝကလဲ သင်္ချာသင်္ချေ မရမတွက်နိုင်။ အပါယ်လေးပါး လားပြီးတော့ မြုပ်များများရမှာပဲ ဘဝသင်္ချာသင်္ချေ မရေမတွက်နိုင်၊ ခံလိုက်ရမဲ့ဒုက္ခတွေလို့ မြင်တယ်နော် (မှန်ပါတယ်ဆရာ)၊ အခု အဖဘုရားကိုယ်တော်မြတ် ဟောပြတဲ့တရားနာကြားရပေလို့ တို့ သံသရာထောက်ရာ တည်ရာရသွားတဲ့ သံသရာမနစ်မွန်းတော့ဘူး။ သံသရာဝဋ်တွင်းက တို့မုချလွတ်ကင်းတော့မယ်။ ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာနဓာတ်ကြီးလည်း မုချ ငါတို့ ခိုမှီးရတော့မယ်လို့ ဝမ်းအသာဆုံးနည်းအားဖြင့် ဝမ်းသာ၊ မသာဖူးလား (သာပါတယ်ဆရာ)၊ ဝမ်းသာရုံလား မေးတော့ ကျေးဇူးအတင်ဆုံးနည်းအားဖြင့် တင်တယ်၊ မတင်ဘူးလား (တင်ပါတယ်ဆရာ)၊ ဒီတရားနဲ့ တွေ့ပေလို့, သင်္ချာသင်္ချေ မရေမတွက်နိုင်လို့ တစ်သံသရာလုံး ခံရအုံးမယ့် ဒုက္ခတွေ ကုန်ဆုံးသွားတယ်၊ လုံးလုံးဂွင်းလုံးကျွတ် ငါတို့ လွတ်ရပေတယ်လို့ ကျေးဇူးမတင်ဘူးလား (တင်ပါတယ်ဆရာ)၊ ဒီတရားနဲ့ မတွေ့ရင် အဆုံးအစမရှိ တရားပြန်ကျေးဇူးတင် မတင်ဘူးလား (တင်ပါတယ်ဆရာ)၊ ဒီတရား ဘယ်သူဟောပါလိမ့်။ အဖဘုရားကိုယ်တော်မြတ် ဟောပေလို့ ဆုံးမပေလို့ အဖဘုရားကိုယ်တော်မြတ် ကျေးဇူးမတင်ဘူးလား (တင်ပါတယ်ဆရာ)၊ အဲဒါ ဘုရားကျေးဇူး တရားကျေးဇူးတွေ မိမိအပေါ် တင်ပေဖူးတဲ့ ကျေးဇူးတွေ ဆပ်ပေးလို့ မကုန်တဲ့ ဂုဏ်တွေ အာရုံပြန်ပြုပြီးတော့ ကျေးဇူးဆပ်တာတဲ့။ ရက်ရောနိုင်တာပေါ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တကယ့်ရက်ရောတဲ့ စေတနာတွေ မပါဘူးလား (ပါပါတယ်ဆရာ)။

ဒါကြောင့် သူဌေးဘဝက မွဲအောင် လှူတဲ့လူ လှူမှာပေါ့။ ဒါနောက်ထပ် မရှိ၊ ဆယ်ဆရှိ ဆယ်ဆ အကုန်သွန်သေးတယ် နော် (မှန်ပါတယ်ဆရာ)၊ သွန်ရဲမှာပေါ့တဲ့၊ ဆပ်လို့မှ မကုန်ဘဲ၊ ဘယ်လို ဆပ်လို့မှကုန်ပ့ါ (ဘယ်လိုမှဆပ်လို့ မကုန်နိုင်ပါဘူးဆရာ)၊ ဘယ်လိုမှ ဆပ်လို့မကုန်နိုင်ဘူး။ အဲဒါ တရားဂုဏ်ကျေးဇူး ဘုရားဂုဏ်ကျေးဇူး အထူးသိတဲ့ အနေအားဖြင့် ကျေးဇူးဆပ်တဲ့အနေအားဖြင့် ပြုတဲ့ကုသိုလ်မျိုး ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ရက်ရောတာတဲ့။ အခု ငါတို့ သူငါဆိုတဲ့ လူတကာ လုပ်နေတာမျိုးတွေ ဘဝကောင်းရာ ငါကောင်းရာ အနေအားဖြင့် အကျိုးကို မျှော်ကိုးပြီး လုပ်တဲ့ ကုသိုလ်မျိုး မဟုတ်ပါဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ သူတို့ဘာဖြစ် ကျေးဇူးဆပ် အနေအားဖြင့် လုပ်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး-ကျေးဇူးဆပ်တဲ့အနေအားဖြင့်

http://www.dhammadownload.com



လုပ်တယ် အဲဒါလေး မှတ်ထား။ ဒါကြောင့် "သင်္ခါရာနံ ဝိပါကဓမ္မဘာဝေန ပစ္စယော"လို့ ဒီကုသိုလ် အကုသိုလ်ခေါ်ထားတဲ့, စေတနာခေါ်ထားတဲ့ သင်္ခါရမျိုးတွေက မိမိအဇ္ဈတ္တသန္တာန် အနုသယထင်ရှား ရှိသော ပုဂ္ဂိုလ်များလုပ်ရင်သာ အကျိုးတရားအနေအားဖြင့် ဖြစ်တတ်တယ်တဲ့။ အကျိုးတရား အနေအားဖြင့် ဖြစ်နိုင်တယ်တဲ့။ အဝိဇ္ဇာနုသယ လုံးလုံးကြီးကင်းပြတ်ပြီးသော ဘုရားရဟန္တာကိုယ်တော် မြတ်များကြတော့ လုပ်ပေမယ့် အကျိုးမရှိ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါလေး သေသေ ချာချာ မှတ်ထား။ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ အကြောင်းလွှဲပြောင်းလို့ မရဘူး။ အဝိဇ္ဇာ ကြောင့်သာလျှင် ဒီသင်္ခါရဖြစ်ရမယ်။ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရဖြစ်ရမယ်။ အဝိဇ္ဇာမှတစ်ပါး အကြောင်းလွှဲပြောင်း၍ သင်္ခါရမဖြစ်ကောင်းတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် မင်းတို့ တော်ကြာ တွေ့ချင်တွေ့မယ် မှတ်လဲထား။ တော်ကြာတော့ ပဋိစ္စသမုပ္ပါဒ် နှစ်မျိုးကြီး ဖြစ်နေတတ်တယ်။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုတော့ ခုတိုင်းပြနေတဲ့ ပဋိစ္စသမုပ္ပါဒ်က တစ်မျိုး "ဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်မျိုးလည်း မင်းတို့ တွေ့ချင် တွေ့လိမ့်အုံး မှတ်ထား၊ ဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)၊ "ဝိဇ္ဇာပစ္စယာ သင်္ခါရာ" လို့ ဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဘယ့်နဲ့နေရ (အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဖြစ်ရမှာ ပါဆရာ)၊ ဩော် - "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ပဲဖြစ်ရမယ်လား (မှန်ပါတယ်ဆရာ)၊ "ဝိဇ္ဇာပစ္စယာ သင်္ခါရာ"တော့ မဖြစ်ကောင်းဘူးပေါ့ (မဖြစ်ကောင်းပါဘူးဆရာ)၊ အေး-ဝိဇ္ဇာဉာဏ်နဲ့လုပ်လို့ အဝိဇ္ဇာ ခါတ်ကင်းပြတ်နေတဲ့ ပုဂ္ဂိုလ်လုပ်ရင် ဘယ်တော့မှ သင်္ခါရ မဟုတ်ဘူး။ ဒါကြောင့် အကြောင်းနဲ့ အကျိုးကလွှဲပြောင်းလို့ မရဘူးလို့၊ အဝိဇ္ဇာကြောင့်သာလျှင် သင်္ခါရ ဖြစ်ရတယ်။ ဝေသဒ္ဒါလေးနဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မိမိတို့ပြုလုပ်နေကြသော ကမ္မဘဝ ခေါ်ထားတဲ့ အနာဂတ်ကာလ ပထမဆုံးဖြစ်မယ့် ဇာတိခေါ်တဲ့ ပဋိသန္ဓေနေခန်းလေး ဒီကနေ လှမ်းလှမ်း လှမ်းလှမ်းပြီးတော့ စရံပေး တယ် နော် (မှန်ပါတယ်ဆရာ)၊ လူ့ဘဝလိုချင်လည်း လူ့ဘဝ ဆုတောင်းလို့၊ နတ်ဘဝလိုချင်လည်း နတ်ဘဝဆုတောင်းလို့၊ ဗြဟ္မာဘဝလိုချင်လည်း ဗြဟ္မာဘဝ ဆုတောင်း မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)။

ဒါကြောင့် ဒီကမ္မဘဝ အကြောင်းခံလို့ ကံခေါ်ထားတဲ့ စေတနာတွေ အကြောင်းခံလို့ ခန္ဓာ အသစ်တွေ ဆက်ကာ ဆက်ကာ ဖြစ်ရတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့်လိုက် ပြန်တော့ ဒါဖြင့် စေတနာခေါ်ထားတဲ့ကံက အကြောင်းတရား မနေဘူးလားကွာ (အကြောင်းတရား ပါဆရာ)၊ သူ့ကြောင့်သွားဖြစ်တဲ့ခန္ဓာငါးပါးက အကျိုးတရားမနေဘူးလား (အကျိုးတရားပါဆရာ)၊

http://www.dhammadownload.com



ဒါဖြင့် ဒီလိုပဲ အကြောင်းတရားရယ် အကျိုးတရားရယ်၊ အကြောင်းတရားရယ် အကျိုးတရား ရယ်လို့ ဆက်စပ်သွားမနေဘူးလား (သွားနေပါတယ်ဆရာ)၊ ဒါ့အပြင် ရှာကြည့်တော့ ဘာများရှိ (ဘာမှ မရှိပါဘူးဆရာ)၊ ဘာမှ မရှိဘူးလား (ဘာမှ မရှိပါဘူးဆရာ)၊ အကျိုးတရားနဲ့ အကြောင်းတရား နှစ်ပါးပေါ့ (မှန်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် "အတီတေပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ အနာဂတေပိ ဧတရဟိပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ တတော ဥဒ္ဓံ သတ္တော ဝါ ပုဂ္ဂလော ဝါ နတ္ထိ, သုဒ္ဓသင်္ခါရပုဉ္ဇော ဧဝါတိ တီသု အဒ္ဓါသု ကင်္ခံ ဝိတရတိ။" အင်မတန် မှတ်စရာကောင်းတယ်။

အတီတေပိ၊ အတိတ်ကာလ၌လည်း။ ပစ္စယာ စေဝ၊ အကြောင်းတရားခေါ်တဲ့ ပစ္စယတို့သည် လည်းကောင်း။ ပစ္စယသမုပ္ပန္နဓမ္မာ စ၊ ထိုအကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော ခန္ဓာငါးပါး ဆိုတဲ့ အကျိုးတရားတို့သည်လည်းကောင်း။ အနာဂတေပိ၊ လာလတ္တံ့သော အနာဂတ်ဘဝ၌လည်း ကောင်း။ ဧတရဟိ၊ ယခုပစ္စုပ္ပန်ဘဝ၌လည်းကောင်း။ ပစ္စယာ စေဝ၊ ပစ္စယခေါ်ထားတဲ့ အကြောင်း တရားတို့သည်လည်ကောင်း။ ပစ္စယသမုပ္ပန္နဓမ္မာ စ၊ ထိုအကြောင်းတရားကြောင့် ဖြစ်ပေါ်သော ခန္ဓာငါးပါးဆိုတဲ့ အကျိုးတရားတို့သည်လည်ကောင်း။ အတ္ထိ၊ ရှိကုန်၏ နော် (မှန်ပါတယ်ဆရာ)၊ တတော၊ ထို အကြောင်းတရား အကျိုးတရား နှစ်ပါးထက်။ ဥဒ္ဓံ၊ အပိုအလွန်။ သတ္တော ဝါ၊ သတ္တဝါ သည်လည်းကောင်း။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်လည်ကောင်း။ နတ္ထိ၊ မရှိကုန်။ ရှိသေးလား (မရှိပါဘူးဆရာ)၊ ပုဂ္ဂိုလ်သတ္တဝါ ရှာရသေးလား (မရပါဘူးဆရာ)၊ ဘာမှ မရှိဘူး မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို မြင်ကြစမ်းပါလို့ ဒီလို သိကြစမ်းပါလို့ ဒီလိုမြင်တတ် ဒီလိုသိတတ်သွားရင် အပါယ်လေးပါးက လုံးလုံးတံခါးပိတ်၊ စိတ်သာချ နော် (မှန်ပါတယ်ဆရာ)။ အင်မတန် တန်ဖိုးရှိတဲ့ အခန်းတွေခေါ်တယ်။ ဒါကြောင့် "သုဒ္ဓသင်္ခါရပုဉ္ဇော ဧဝါတိ တီသု အဒ္ဓါသု ကင်္ခံ ဝိတရတိ"၊ သုဒ္ဓသင်္ခါရပုဉ္ဇော ဧဝ၊ ပုဂ္ဂိုလ် သတ္တဝါမဖက် သက်သက်သော ရုပ်နာမ်ဓမ္မ သင်္ခါရ အစုအပုံသည်သာ လျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ တီသု၊ သုံးပါးကုန်သော။ အဒ္ဓါသု၊ အတိတ် ပစ္စုပ္ပန် အနာဂတ်ဆိုတဲ့ ကာလသုံးပါး ဘဝသုံးပါးတို့၌။ ကင်္ခံ၊ ယုံမှားခြင်းကို (ဝါ)၊ သို့လော သို့လော ဟုတ်သလို လိုနဲ့ တွေးတောခြင်းကို။ မင်းတို့ ငါတို့ ဒီဉာဏ်မမြင်တုန်းကတော့ ဘာနဲ့လာခဲ့၊ "ကင်္ခံ"ဆိုတဲ့ ယုံမှားမှုနဲ့ လာခဲ့ နော် (မှန်ပါတယ်ဆရာ)၊ တစ်ဘဝရောက်လာလည်း ငါ, ငါဟာ လူဟ၊ ငါယောက်ျား၊ ငါပုဂ္ဂိုလ် ငါသတ္တဝါ ငါမိန်းမ ငါ့ခေါင်းနဲ့ ကိုယ်နဲ့ လက်နဲ့ ခြေနဲ့ အသက်လိပ်ပြာနဲ့ အကောင်အထည် အထည်ဒြပ်သဏ္ဌာန်နဲ့ မလာဖူးလား (လာပါတယ်ဆရာ)၊ ဟောဒါက ငါ့မိဘ၊ ဒါကငါ့ဆွေမျိုး၊ ဒါက မိတ်ဆွေသင်္ဂဟ ၊ဒါက ငါ့ရပ်ကွက်တူနေတွေ လူတွေ နတ်တွေ ဗြဟ္မာတွေ ယောက်ျား မိန်းမ ပုဂ္ဂိုလ်

http://www.dhammadownload.com



သတ္တဝါတွေ ဒီလို မလာဘူးလား (လာပါတယ်ဆရာ)။ ဟုတ်နိုး ဟုတ်နိုးနဲ့ အဲဒီလို ဟုတ်နိုး ဟုတ်နိုးနဲ့ အမျိုးမျိုးအတွေးအဆတွေနဲ့ မျှော်မှန်းရော်ရမ်းပြီး လာကြတော့ကား ဒါ ကင်္ခါတရားခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဘယ်တော့မှ သူ့အသိဉာဏ် မပြတ်ခဲ့ဘူးတဲ့။ ဒီလိုပဲ ထွေးလုံးရစ်ပတ်နဲ့ တစ်သံသရာ လုံးလာတာတဲ့ မလာဖူးလား (လာပါတယ်ဆရာ)၊ အသိဉာဏ် ဘယ်တုန်းကမှ မပြတ်ဘူးတဲ့။ သူ့ဉာဏ်နဲ့ ယုံမှားသံသယကြီးက ဘယ်တော့မှ မရှင်းခဲ့ဘူးတဲ့ ရှင်းရဲ့လာ (မရှင်းပါဘူးဆရာ)၊ "ကင်္ခါ"လို့ ယုံမှား မှုနဲ့လာခဲ့။ ဘဝတိုင်း ဘဝတိုင်း ဒီအတိုင်းနည်း ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ခုတော့ ဘာဖြစ်လဲလို့ "တီသု အဒ္ဓါသု ကင်္ခံ ဝိတရတိ" ကိုင်း-ဟိုဘက်ဘဝတုန်းက မင်းကိုယ်မင်း ရှိတယ်ဆိုတာ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝတုန်းကပေါ့ အဲဒါမှ ဒုက္ခပဲ ရေတိမ်နစ်ဆိုတာ အဲဒါခေါ်တာပဲ။ ဟိုဘက်ဘဝက မင်းရှိသလား (မရှိပါဘူးဆရာ)၊ ဟင် (မရှိပါဘူးဆရာ)၊ မရှိပါဘူး ခုနလည်း ရှိပါတယ်ဆို။ အခုဘဝကော မင်းရှိလား (မရှိပါဘူးဆရာ)၊ ဟိုဘက်ဘဝတုန်းက မင်း လူဆိုတာ ဟုတ်သလား (မဟုတ်ပါဘူးဆရာ)၊ နတ်ဆိုတာ ဟုတ်သလား (မဟုတ်ပါဘူးဆရာ) ဒါ တွေ့ထင်တယ် ငါတော့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဟော အဲဒါကြတော့ အကိုက်။ ဒါဖြင့် စစ်မဖြစ်ခင်တုန်းက ဟိုသစ်ညိုပင်က ခြောက်တာ မင်းပေါ့။ ဟိုဘက်တုန်းက မင့်ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)၊ ဟိုဘက်ဘဝတုန်းက ဘာတုံး (နာမ်ရုပ်ဓမ္မ သင်္ခါရပါဆရာ)၊ အေး-ရုပ်နာမ် ဓမ္မ သင်္ခါရ၊ အခု ပစ္စုပ္ပန်ဘဝရောက်တော့ မင်းသန်းဖေဆိုတာ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ မင်းလူပဲ ယောက်ျားပဲဆိုတာ ဟုတ်သလား (မဟုတ်ပါဘူးဆရာ)၊ မင်းဘာတုံး (ရုပ်နာမ် ဓမ္မ သင်္ခါရ ခန္ဓာငါးပါးရှိတာပါဆရာ)၊ ဩော်-ရုပ်နာမ်ဓမ္မ သင်္ခါရဆိုတဲ့ အစုအပုံပေါ့ (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီပြင် ဘာမှ မရှိဘူးပေါ့ (မရှိပါဘူးဆရာ)။

ကိုင်း-ဒီဘဝက သမ္မုတိမရဏအနေအားဖြင့် အားလုံးက သမုတ်လိုက်တယ် သန်းဖေသေပေါ့ အဟုတ်မှတ်လို့ လန့်လည်း မသွားပါနဲ့ကွာ။ မင်းတော့ သေတာ ကောင်းတယ်၊ ငါကတော့ သေပေါ့ဆိုတော့ ဟိုဘက်ဘဝ သွားဖြစ်အုံးမယ်တဲ့၊ လူဖြစ်မလား နတ်ဖြစ်မလား ပုဂ္ဂိုလ်သတ္တဝါဖြစ်မလား အသက်လိပ်ပြာဖြစ်မလားဆို မင်းဘယ့်နှဲ့ပြော (ဘာမှမဖြစ်ပါဘူးဆရာ)၊ ဘာမှ မဖြစ်ဘူးလား။ တစ္ဆေလေးတော့င် မဖြစ်ဘူးလား ဘာဖြစ်အုံးမှာတုံး (ရုပ်နာမ်ဓမ္မ သင်္ခါရပဲသွားဖြစ်မှာပါဆရာ)၊ အော်-ဟိုဘက်လည်း ရုပ်နာမ်ဓမ္မ သင်္ခါရလား (မှန်ပါတယ်ဆရာ)၊ ကိုင်း-မင်းသေချာကြည့်။ အခု ပစ္စုပ္ပန် ကာလ ပစ္စုပ္ပန်ဘဝလေးပေါ်က ထိုင်ကြည့်လိုက်စမ်း။ လွန်ခဲ့သော အတိတ်တုန်းကလည်း အခု ငါရထားတဲ့ ဘဝလိုပဲ ရုပ်နာမ် ဓမ္မ သင်္ခါရပဲ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။ အခုဖြစ်ဆဲဟိုကဲ့

http://www.dhammadownload.com



ပစ္စုပ္ပန်ဘဝကြည့်ပြန်လည်း ရုပ်နာမ်ဓမ္မသင်္ခါရပဲ ဘာမှမရှိဘူး၊ ရှိသလား (မရှိပါဘူးဆရာ)၊ နောက်ဖြစ်အုံးမယ် ဆိုတဲ့ အနာဂတ်ကြည့်ပြန်လည်း ရုပ်နာမ်ဓမ္မသင်္ခါရပဲ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ အတိတ် အနာဂတ် ပစ္စုပ္ပန် ဆိုတဲ့ ကာလသုံးပါး ရုပ်နာမ်ဓမ္မ သင်္ခါရတွေဖြစ်တာ ဘာကြောင့်လဲလို့ဆိုတော့ အကြောင်းကြောင့် နော် (မှန်ပါတယ်ဆရာ)၊ စေတနာကံတည်းဟူသော အကြောင်းကြောင့် အကျိုးဆိုတဲ့ခန္ဓာငါးပါး ဖြစ်လိုက်။ အခုပစ္စက္ခ မျက်မှောက်ရောက်ပြန်တော့လည်း အကြောင်းတွေ လုပ်ပြန်ပေါ့ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ) ကံသင်္ခါရဆိုတဲ့ အကြောင်းတွေလုပ်။ ဒီအကြောင်းတရားပဲ ရှိတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အရင်အတိတ်က ပို့လိုက်တဲ့ အကျိုးတရား ခန္ဓာငါးပါးရယ်၊ ခုနောက်ထပ်လုပ်တဲ့ အကြောင်းတရား ဒါပဲရှိတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းနဲ့အကျိုးပေါ့ (အကြောင်းနဲ့အကျိုးပဲ ရှိပါတယ်ဆရာ)၊ အတိတ်တုန်းကလည်း အကြောင်းနဲ့အကျိုးပဲ မင်းကိုယ်ကြည့်လိုက်၊ အကျိုးက ဟိုဘက်ဘဝ ပို့လိုက်တဲ့ ခန္ဓာငါးပါး၊ အကြောင်းက ဘာလုပ်၊ အကြောင်းက ကံတရားတွေ မင်းကြိုးစားအားထုတ် အလုပ်လုပ် နော် (မှန်ပါတယ်ဆရာ)၊ အခု ဘဝရောက်ပြန်လည်းပဲ မင်းခန္ဓာငါးပါးက ဘာတရားတုံး (အကြောင်းတရားပါ ဆရာ)၊ ဟော ဟော ဟော (အကျိုးတရားပါဆရာ)၊ ဘယ်လိုကောင်မှန်း မသိဘူး။ ဒါလေးတောင် ကပ်ပြီး မျက်စိလည်သေး။ ခန္ဓာငါးပါး အကျိုးတရား မဟုတ်လား (အကျိုးတရားချည်းပါဆရာ)၊ အဲဒီ ခန္ဓာကောင်ကြီး ဖြစ်ရဲ့သားနဲ့ ခန္ဓာကောင်အတိုင်း ငြိမ်နေသလား (မငြိမ်ပါဘူးဆရာ)၊ ဘာတွေလုပ် (အကြောင်းတွေခံအုံးမှာပါဆရာ)၊ ဩော်-အကြောင်းတွေခံ၊ ခံအုံးမှာပဲ မလုပ်ပါနဲ့ မင်းခံနေတယ် မဟုတ်လား (ခံနေပါတယ်ဆရာ)၊ ခွေးမသား ပရိယာယ်လုပ်သေး။ ဘယ်လိုအကြောင်းခံတွေများ ရှိသေးလို့လား၊ အကြောင်းတွေခံနေတယ် မဟုတ်လား (ခံနေပါတယ်ဆရာ) အေး-ခံနေ။ ဒါဖြင့် မင်းဒီဘဝကြည့်လိုက်တော့ ဘာနဲ့ဘာရှိလဲ (အကြောင်းနဲ့အကျိုးပဲရှိပါတယ်ဆရာ)၊ အေး-အကြောင်းနဲ့ အကျိုးနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီဘဝက သေတော့ နောင်ဘဝ တစ်ခါသွားပြန်ဖြစ်တော့ ဘွားကနဲ ဖြစ်လိုက်တော့ ခန္ဓာငါးပါး အကျိုးပြန်မဖြစ်ဘူးလား (ဖြစ်မှာပါဆရာ)၊ ခန္ဓာငါးပါး အကျိုးပြန်ဖြစ်တော့ ဟိုဘက်လည်း ခန္ဓာငါးပါး အကျိုးတရားအတိုင်း မင်းနေအုံးမှာလား (မနေပါဘူးဆရာ)၊ ဘာတွေ လုပ်အုံးမယ် (အကြောင်းတွေခံအုံးမှာပါဆရာ)၊ အကြောင်းတွေ ခံအုံးမယ် သွားရောဇ့်နော် (မှန်ပါတယ်ဆရာ)၊ တောက်လျှောက်ကြီး ဘယ်တော့မှ သံသရာရပ်နားခွင့် ရမှာ မဟုတ်ဘူးလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် -

http://www.dhammadownload.com



အတီတေပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ အနာဂတေပိ ဧတရဟိပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ တတော ဥဒ္ဓံ သတ္တော ဝါ ပုဂ္ဂလော ဝါ နတ္ထိ။ အဲဒီ အကြောင်းရယ် အကျိုးရယ် ဒီတရားနှစ်ပါးရှိတယ်တဲ့။ ထိုအကြောင်းတရား အကျိုးတရား နှစ်ပါးထက် အပိုအလွန်ဆိုတဲ့ အနေအားဖြင့် ပုဂ္ဂိုလ် သတ္တဝါရယ်လို့ မရှိပါဘူးတဲ့၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ သုဒ္ဓသင်္ခါရပုဉ္ဇော ဧဝ၊ ပုဂ္ဂိုလ်သတ္တဝါမဖက် သက်သက်သော ရုပ်နာမ်ဓမ္မ သင်္ခါရဆိုတဲ့ အစုအပုံတရားသည်သာလျှင်။ ပဟောတိ၊ ဖြစ်၏ နော် (မှန်ပါတယ်ဆရာ)၊ ဣတိ၊ ဤသို့။ ဥတ္တွာ၊ သိ၍။ တီသု၊ သုံးပါးကုန်သော။ အဒ္ဓါသု၊ အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါး ဘဝသုံးပါးတို့၌။ ကင်္ခါ၊ တစ်သံသရာလုံးက ရင်ထဲမှာ မရှင်းခဲ့သော ယုံမှားခြင်းကို။ ဝိတရတိ၊ လွန်မြောက်နိုင်ပေတော့၏။

ခုတော့ မင်းဒီယုံမှားမှုကြီး လွန်သွားပြီလား (လွန်ပါပြီဆရာ)၊ ခုတော့ ပြတ်ပြတ်သားသား သိသွားပြီလား (သိပါပြီဆရာ)၊ အတိတ်တုန်းက ဘာကောင်တုံး (ရုပ်နာမ်ခန္ဓာပါဆရာ)၊ ဟော-ရုပ်နာမ်ခန္ဓာကောင်လား (မှန်ပါတယ်ဆရာ)၊ ရုပ်ကောင်နာမ်ကောင်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အခု ပစ္စုပ္ပန်ဘာကောင်တုံး (ရုပ်ကောင် ခန္ဓာကောင်ပါပဲဆရာ)၊ ရုပ်ကောင်များဖြစ်သွားပြီ ရုပ်နာမ်နော် (မှန်ပါတယ်ဆရာ)၊ အနာဂတ် ဘာကောင်တုံး (ရုပ်နာမ်ခန္ဓာပဲသွား ဖြစ်အုံးမှာပါဆရာ)၊ ရုပ်နာမ်ခန္ဓာပဲ ဖြစ်အုံးမယ်လား (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂိုလ်သတ္တဝါတော့ မဟုတ်ဘူးပေါ့ (မဟုတ်တော့ပါဘူးဆရာ)။ ခု ငါပြောတဲ့ အဓိပ္ပါယ် မင်းနားလည်သလိုများ မင်းယုံရဲ့လား (ယုံပါတယ်ဆရာ)၊ ဘုရားကိုယ်တော်မြတ် ကိုယ်တော်တိုင် ဟောသွားတာ ငါသဘောလည်း ရှင်းရှင်းလင်းလင်း သိရတယ်လို့။ မင်းတကယ်ယုံကြည်ရဲ့လား (တကယ်ပါဆရာ)၊ မင်း ဝါစာကမ္မာတော့ မလုပ်နဲ့နော် (မလုပ်ပါဘူးဆရာ)၊ ဟင်း ဟင်း - ငါ့တော့ တစ်ပတ်မရိုက်နဲ့နော် (မရိုက်ပါဘူးဆရာ)၊ မင်း အင်မတန်ကိုပဲ တန်ဖိုးရှိတဲ့ အခန်းမို့လို့ သေသေချာချာ မင်းမှတ်စေချင်လို့ ပြောတာ။ ငါ့တော့ တစ်ပတ်မရိုက်နဲ့ တတ်လို့ သင်တာက တစ်မျိုး ခမျာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဩော်-တို့ သင်တန်းသူတစ်ယောက် သုံးတာ ငါကတောင် အတုခိုးထားသေး။ သင်တန်းသူတစ်ယောက် ဘယ်သူရယ်လို့ နာမည်ဖော် မပြောပါဘူး။ ဈေးဈေး၊ တို့ဈေးသင်တန်းသားတွေကလည်း တော်တော်အစွာသားကိုး ရန်ဖြစ်နေတယ် အိမ်နားနီးချင်းပေါ့လေ စကားများတော့ပေါ့ကွာ၊ ခွန်းကြီးခွန်းငယ်စကားများ၊ စကားများတော့ ဘေးကဝင် သင်တန်းသူတစ်ယောက်က ထောက် - တော်ပါအေ မပြောပါနဲ့။ ညီး သင်တန်းလဲလိုက်နေသေးတယ် ဒီလောက်ကြီး ဒေါသကြီးလို့ ဘယ်ဖြစ်ပဲ့မလဲ၊ တော်တော် နောက်မပြောနဲ့ မပြောနဲ့။ အဲ သင်တန်း လိုက်ပေမယ့် ငါတရားသိတာ တရားရှိတာ မဟုတ်သေးဘူးတဲ့။ ငါနည်းခိုးထားတာ ဟုတ်သားပဲ

http://www.dhammadownload.com



သိရုံသိတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ တရားမရှိသေးဘူးပေါ့ (မရှိပါဘူးဆရာ)၊ အဲဒါ မှန်တာပြောတာ ငါကအလွန်သဘောကျ၊ ဟောဒီစကားလေးတော့ ငါမှတ်ထားအုံးမယ်လို့ ငါတရားသိရုံသိတာတဲ့ တရားမရှိသေးဘူးတဲ့။ မှန်တာပြောတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး-သိတာက တစ်မျိုး ရှိတာက တစ်မျိုး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တရားသိရုံလေး မနေကြပါနဲ့ ရှိအောင်ကြိုးစားကြပါလို့နော် (မှန်ပါတယ်ဆရာ)၊ သိဆိုတာ ကြက်တူရွေးတတ် မဟုတ်ဘူးလား (ကြက်တူရွေးတတ်ပါဆရာ)၊ ကြက်တူရွေးသင်ပေး တတ်တယ် မဟုတ်လား (တတ်ပါတယ်ဆရာ)။

တို့လည်း သုတမယဉာဏ်အနေအားဖြင့် အားလုံးနားလည်ပါစေဆိုပြီးတော့ ညစဉ်ညတိုင်း သင်သင်ပေးတော့ တတ်မြောက်လိမ့်မှာ မလာဖူးလား (လိမ့်မှာလာပါတယ်ဆရာ)၊ ဒါပေမယ့် ဘာမှ မလုပ်တာစာလို့ရှိရင် အဲဒီတတ်လာတာကိုပဲ ငါကလည်း ကျေးဇူးတင်တယ်။ ဒါပေမယ့်လို့ အဲဒီတင် ရပ်မနေပါနဲ့၊ သိရုံလေး ရပ်မနေကြပါနဲ့လို့ တရားငါသိသားပဲ၊ တရားငါသိသားပဲနဲ့ သိရုံလေးတင်ရပ် မနေကြပါနဲ့ ရှိအောင် ကြိုးစားကြပါလို့နော် (မှန်ပါတယ်ဆရာ)၊ အခုလည်း မင်း ငါအဲဒါမျိုးဖြစ်မှာစိုးလို့ မင်းက တရားထောက်လုပ်နေလို့ မင်းအတိုင်အဖောက်အနေအထားဖြင့် ငါမေးမေး၊ မေးမေးနေတော့ မင်းနားရေကလည်း ဝနေတော့ မင်းသင့်သလောက် သိမှာ မဟုတ်လား (သိပါတယ်ဆရာ)၊ အဲဒါ သိရုံလေးသိပြီးတော့ မရှိမှာစိုးလို့ ငါက ပြောတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သိလည်း သိရမယ်၊ ရှိလည်းရှိရမယ်ပေါ့ (မှန်ပါတယ်ဆရာ)၊ ရှိဆိုတာကလည်း သိမှ ရှိတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သိရုံလေးနဲ့ မနေကြပါနဲ့လို့။ အဲဒါ သိရုံလေး ရပ်နေတဲ့ လူတွေလည်း သင်တန်းထဲ ငါတော်တော်တွေ့။ ငါခုန ရန်ဖြစ်တာနဲ့ ပြောတာ မဟုတ်ပါဘူး။ ရန်ဖြစ်တာကတော့ ဖြစ်မှာပေါ့ ဒေါသမှ မကုန်သေးဘဲ။ ဒေါသဆိုတာ ဘာမဂ်ကမှ ပယ်တယ် (လေးမဂ်လေးဖိုလ်ကြမှ ပယ်ပါတယ်ဆရာ)၊ ဟာ-ချပြီဟေ့ ရမ်းအုတ်လိုက်တာ ဘာမပြောနဲ့၊ သက်မုံးသုံးမဂ် (သုံးမဂ်ကြမှ ပယ်တာပါဆရာ)၊ သြော်-သုံးမဂ် သူကဗိုလ်လိုပြောမှ နားလည်တာ သုံးမဂ်ကြမှ ပယ်တယ်လား (မှန်ပါတယ် ဆရာ)၊ အေး-ဒီတောအတွင်းတော့ကွယ် ဒါ ဒေါသရှိသင့်သလောက် ရှိမယ် မဟုတ်လား (ရှိမှာပါဆရာ)၊ တချို့က အဲဒါကို သင်တန်းထည့်ထည့် ထည့်ထည့်ပြောသေးတယ်၊ သင်တန်းသူ သင်တန်းသားက စကားများလို့ ဒေါသကြီး အောင်မလေး သင်တန်းလည်းလိုက်သေးရဲ့ ဒေါသလည်း ကြီးလိုက်တာဟဲ့။ ဒါနဲ့ကိုယ် သူတို့ကိုသူတို့ သင်တန်းဆင်းတဲ့ ဘေးက ဘေးကနော် (မှန်ပါတယ်ဆရာ)၊ ဘေးက အမြင်အမြင်၊ အဲဒါနောက် အဲဒီလိုမျိုး ပြောသံကြားရင် သင်တန်းဆင်းမို့လို့ စမ်းကြည့်စမ်း

http://www.dhammadownload.com



ပါလားပြော သတ္တိသိတယ် နော် (မှန်ပါတယ်ဆရာ)။ အဲဒါ အပိုင်းအခြားလေးတွေလည်း နားမလည် ဘဲနဲ့ ဘေးက မြင်တယ်ကိုးကွ။ သင်တန်းလိုက်ရင် တကယ့်သူတော်ကောင်းကြီး ဖြစ်သွားလိမ့်မယ် ထင်တယ်။ ဘုရားရဟန္တာများလိုပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဦးချိုကျိုးပြီးသား နွားလို၊ ခြေသုတ်ကြိုးခွေလို၊ အစွယ်ကျိုးပြီးသော မြွေလို ဒီလို ထင်တယ်။ မဟုတ်ပါဘူး သူ့မဂ်နဲ့ သူပိုင်းသွားတာ ပါလို့။

ဒါကြောင့် သုံးမဂ်ရကာမှ ဒေါသကုန်ပါတယ်လို့။ ဒါ သုံးမဂ်ရောက်သွားမယ်ဆို သည်းခံနိုင်တဲ့ သတ္တိရှိတာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီအတောအတွင်းဆိုလို့ရှိရင် မတတ်နိုင်သေးဘူး။ သူလို ငါလိုပဲလို့။ ဒါကြောင့် တရားသိရုံလေးတင် မနေကြပါနဲ့ ရှိအောင်လည်း ကြိုးစားကြပါလို့။ ပိုမကောင်း ဘူးလား (ကောင်းပါတယ်ဆရာ)၊ အေး-အဲဒီလိုလုပ် အဲဒီလိုလုပ်။ ဒါကြောင့် မင်း ငါလည်း သိရုံလေး သိပြီးတော့ ရှိတယ်ဆိုတဲ့ အပိုင်းမရောက်မှာစိုးလို့ ထပ်ပြန်တလဲလဲ မေးနေ။ ဒါဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးမှာ မင်းပုဂ္ဂိုလ် သတ္တဝါ ရှင်းသွားပြီပေါ့ (ရှင်းပါတယ်ဆရာ)၊ ဘုရား ကိုယ်တော်မြတ် မရှိဘူးပြောတယ်နော် (မှန်ပါတယ်ဆရာ)၊ မင်းကလည်း မရှိဘူးဆိုတဲ့စကား ယုံရဲ့ လား (ယုံပါတယ်ဆရာ)၊ အေး-ယုံယုံနော် (ယုံပါတယ်ဆရာ)၊ ဒါ ဝစာကမ္မာ ငါပြောလို့ မဖြစ်ဘူး။ ငါကိုယ်တိုင်က တိတိကျကျနဲ့ ယုံကြည်လေးစားမှ ငါကိုယ်တိုင်က အသိဉာဏ်လေးတွေ ပြတ်သားလို့ ငါနားလည်လို့ ငါစိုက်လိုက်မတ္တ အနေအားဖြင့် ငါယုံကြည်ပြီဆိုမှဖြင့် ငါ့မှာ အင်မတန်ကြောက် ဖွယ်ကောင်းတဲ့ အပိုင်းအခြားမရှိ လားရအုံးမယ် ဖြစ်ရအုံးမယ်ဆိုတဲ့ အပါယ်ဘဝ အပါယ်သံသရာ အပါယ့်ဝဋ္ဋဒုက္ခကြီးတော့ ငါ့ငြိမ်းပေပေါ့လို့ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ တကယ်ကောင်း ရဲ့လား (တကယ်ပါဆရာ)၊ အေး-ကျေးဇူးလည်းတင်စရာကောင်းတယ်၊ ဝမ်းလည်းသာစရာကောင်း တယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တရားအသိတွင် ရပ်မနေကြနဲ့ ရှိအောင်လည်း ကြိုးစားကြလို့ တချို့လည်း တော် တော်ကြီး သိကြပါတယ်၊ သိပြီးတော့ တချို့လည်း တယ်ရှိဟန် မတူသေးဘူး၊ တယ်ပရိယာယ် မာယာတွေ များသေး နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ရှိအောင်လည်း လုပ်ကြ။ အဲဒါကြောင့် ဒီနေရာလေးမှာ "အတီတေပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ အနာဂတေပိ ဧတရဟိပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ တတော ဥဒ္ဓံ သတ္တော ဝါ ပုဂ္ဂလော ဝါ နတ္ထိ, သုဒ္ဓသင်္ခါရပုဉ္ဇော ဧဝါတိ တီသု အဒ္ဓါသု ကင်္ခံ ဝိတရတိ။ အယံ ပန ဝိပဿနာသင်္ခါရသံလက္ခဏော ဉာတပရိညာ နာမ။

http://www.dhammadownload.com



အတီတေပိ၊ လွန်ခဲ့ပြီးသော အတိတ်ဘဝကလည်း။ ပစ္စယာ စေဝ၊ အကြောင်းတရားတို့သည် လည်းကောင်း။ ပစ္စယသမုပ္ပန္နဓမ္မာ စ၊ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားခေါ်တဲ့ ခန္ဓာငါးပါး တို့သည်လည်းကောင်း။ အနာဂတေပိ၊ နောင်လာလတ္တံ့ အနာဂတ်ဘဝ၌လည်း။ ဧတရဟိပိ၊ ယခု ပစ္စုပ္ပန်ဘဝ၌လည်း။ ပစ္စယာ စေဝ၊ အကြောင်းတရားဆိုတဲ့ ပစ္စယတို့သည်လည်းကောင်း။ ပစ္စယ သမုပ္ပန္နဓမ္မာ စ၊ ထိုအကြောင်းကြောင့် ဖြစ်ပေါ်လာသော ခန္ဓာငါးပါးဆိုတဲ့ အကျိုးတရားတို့ သည်လည်းကောင်း။ ဟောန္တိ ဖြစ်ကုန်၏။ တတော၊ ထိုအကြောင်းတရား အကျိုးတရား နှစ်ပါးထက်။ ဥဒ္ဓံ၊ အပိုအလွန်။ သတ္တော ဝါ၊ သတ္တဝါသည်လည်းကောင်း။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်လည်းကောင်း။ နတ္ထိ၊ မရှိ။ သုဒ္ဓသင်္ခါရပုဉ္ဇော ဧဝ၊ ပုဂ္ဂိုလ်သတ္တဝါမဖက် သက်သက်သော ရုပ်နာမ် ဓမ္မ သင်္ခါရခေါ်တဲ့ အကြောင်းတရား အကျိုးတရား နှစ်ပါးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဉတွာ၊ သိ၍။ (ဝါ)၊ သိသောကြောင့်။ တီသု၊ သုံးပါးကုန်သော။ အဒ္ဓါသု၊ အတိတ် ပစ္စုပ္ပန် အနာဂတ်ဆိုတဲ့ ဘဝသုံးပါး ကာလသုံးပါးတို့၌။ ကင်္ခါ၊ တစ်သံသရာလုံးက ရင်တွင်း၌ မရှင်းမလင်းခဲ့သော ရှုပ်ထွေးမှု ခေါ်တဲ့ ယုံမှားခြင်းကို။ ဝိတရတိ၊ လွန်မြောက်နိုင်ပေတော့၏။

အင်မတန် မှတ်စရာ ကောင်းတယ်၊ ပြီးတော့ ကိုယ့်တန်းလည်း ကိုယ်ပြန်ပြီးတော့ မြင်ရတော့ ဝမ်းလည်းသာရ၊ ဝမ်းလည်း သာရတယ်။ လွန်ခဲ့သော အတိတ်ဘဝက ကြည့်လိုက် ဘာရှိ၊ အကြောင်း တရား အကျိုးတရား နှစ်ပါး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ခု ဖြစ်ဆဲဆိုတဲ့ ပစ္စုပ္ပန်ဘဝကြည့်တော့ ဘာရှိ (အကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးပါဆရာ)၊ နောင်ဖြစ်အုံးမယ့် ဖြစ်လတ္တံ့ဆိုတဲ့ အနာဂတ်ဘဝကြည့်တော့ ဘာရှိ (အကြောင်းနဲ့အကျိုးပါဆရာ)၊ ဒါ့အပြင် ဘာများရှိသေး (ဘာမှ မရှိပါဘူးဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါ အသက် လိပ်ပြာ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ ယောကျ်ား မိန်းမ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ အကောင်အထည် ရှိသေးလား (မရှိပါဘူးဆရာ)၊ ဘာမှ စူးစမ်းရှာဖွေလို့ မရဘူး။ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်၊ ဒီအကြောင်းကြောင့် ဒီအကျိုး ဖြစ်တယ်နဲ့ အတိတ်ဘဝကြည့်လိုက်လည်း ဒီအကြောင်းတရားနဲ့အကျိုးတရား နှစ်ပါး၊ အခု ပစ္စုပ္ပန်ဘဝ ကြည့်လည်း အကြောင်းတရား အကျိုးတရားနှစ်ပါး၊ အနာဂတ်ကြည့်လည်း အကြောင်းတရား အကျိုးတရား နှစ်ပါး ဒါပဲ ရှိတယ်။ ဒီတော့ ပစ္စုပ္ပန်ယခုရထားတဲ့ဘဝက ထိုင်ကြည့်လိုက်။ ကြည့်လိုက် တော့ အခုဒီသင်တန်းတက်ပြီးတော့ နာယူကြတော့ ဘယ့်နှနားလည်တုံး။ တို့ကိုယ်တို့ ပြန်ကြည့် ရုပ်နာမ်ခန္ဓာပဲ ရှိတယ်၊ ဘာမှ မရှိဘူး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရုပ်နာမ် ခန္ဓာပဲ ရှိတယ် ဘာမှာ မရှိဘူး။ အခုပြထားတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီး ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ

http://www.dhammadownload.com



တဏှာ ဥပါဒါန် ဘဝ ဒီတရားလာတွေ့. ဒါ ပစ္စုပ္ပန် အခုဖြစ်နေတဲ့တရား၊ ဒီတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတာကတော့ ခန္ဓာငါးပါး ခန္ဓာကောင်လာဖြစ်ပုံ ပြထားတာ။ တဏှာ ဥပါဒါန် ဘဝ ဆိုတာကတော့ ဒါကတော့ ခုဘဝထဲမှာ ထပ်ပြီးတော့ လုပ်တဲ့ အကြောင်း။ ဒါကြောင့် အခုဘဝမှာ ပဋိသန္ဓေခဏက အကျိုးကောင် တစ်နည်း ဝိပါက်ကောင် ခန္ဓာကောင်ကြီး လာဖြစ် မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ ဖြစ်တော့ ဒီအကျိုးကောင်ကြီးက ဝိပါက်ကောင်ကြီးက ဝိပါက်ကောင် အတိုင်း နေသလား (မနေပါဘူးဆရာ)၊ ဘာတွေထပ်လုပ် (ကုသိုလ်ကံတွေ အကုသိုလ် ကံတွေ ထပ်လုပ် ပါတယ်ဆရာ)၊ အကြောင်းတွေ ထပ်လုပ်တယ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ အကြောင်း တွေက ဘာဖြစ်တတ် (ဇာတိဖြစ်စေတတ်ပါတယ်ဆရာ)၊ ဇာတိဖြစ်စေတတ်တယ်၊ ဘဝအသစ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့် အဲဒါကြည့် အဲဒီလို ပစ္စုပ္ပန်ဆတ်ဆတ် လက်ရှိရထားတဲ့ ပစ္စုပ္ပန် ဘဝက ထိုင်ပြီး ကြည့်လိုက်တော့ မိမိဖြစ်နေတဲ့ ပစ္စုပ္ပန်မှာ အကြောင်းနဲ့ အကျိုးတရား နှစ်ပါးပဲ ရှိပါလားလို့ သိလိုက်တော့ကား လွန်ခဲ့သော အတိတ်လှမ်းကြည့်လိုက် ဘာမြင်တုံး (အကြောင်းနဲ့ အကျိုးပဲ မြင်ပါတယ်ဆရာ)၊ အခု လက်ရှိဘဝဖြစ်တာနဲ့ ထူးသေးလား (မထူးပါဘူးဆရာ)၊ မထူးဘူး ပေါ့ (မထူးပါဘူးဆရာ)။

ဒါဖြင့် အတိတ်ကြည့်လိုက်တဲ့အခါကြတော့ အတိတ်က လွန်ခဲ့ပြီးတဲ့ တစ်ဘဝတည်း မြင်ကောင်းသလားဟ (မမြင်ကောင်းပါဘူးဆရာ)၊ လွန်ခဲ့ပြီးတဲ့ တစ်ဘဝလည်း သိကောင်းသလားလို့ မေးတယ်၊ ဟိုဘဝ သံသရာအစထိအောင် ဘယ့်နှဲ့မြင် (အကြောင်းနဲ့အကျိုးချည်း မြင်ပါတယ် ဆရာ)၊ ဩော်-ဒီလို မြင်သွားတယ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ယထာဘူတဉာဏ်လည်း ခေါ်တယ်။ ကင်္ခါဝိတရဏဉာဏ်လည်း ခေါ်တယ်။ သမ္မာဒိဋ္ဌိဉာဏ်လည်း ခေါ်တယ်။ အမည် နာမသာကွဲနေတာ သဘောက အတူတူပဲတဲ့။ ဒါဖြင့် ပစ္စုပ္ပန်ဘဝကနေပြီးတော့ ရရှိတဲ့ ပစ္စုပ္ပန်ပေါ်ကနေ ကြည့်လိုက်ရင်တဲ့ လွန်ခဲ့တဲ့ အနာဂတ်ကို မျှော်လိုက် အတိတ်ကို မျှော်လိုက်ရင် ဘယ်ထိအောင် မြင်သလဲဆိုတော့ သံသရာအစထိအောင် မြင်တယ် မမြင်ဖူးလား (မြင်ပါတယ်ဆရာ)၊ ဟိုဘဝတုန်းကလည်း ဒီအတိုင်း အကြောင်းတရား အကျိုးတရား နှစ်ပါး။ ဟိုဘဝလည်း အကြောင်းတရား အကျိုး တရားနှစ်ပါး။ ဟိုဘဝ ဟိုဘဝနဲ့ သွားနေ သံသရာဆုံးအောင်ပေါ့။ အစရောက်တော့ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒီတိုင်းချည်းပဲပေါ့ (ဒီတိုင်းချည်းပါပဲဆရာ)၊ ထူးသေးလား (မထူးပါဘူးဆရာ)၊ ဘယ်ဘဝမှ ပုဂ္ဂိုလ်သတ္တဝါ ရှာမရဘူး။ ဒီအကြောင်းတရားနဲ့အကျိုးတရား နှစ်ပါး ရှိတယ်လို့၊ လွန်ခဲ့ပြီးတဲ့ အတိတ်သံသရာ ကြီးလည်း မျှော်မှန်းတော့ သေသေချာချာ ပြတ်ပြတ်သားသား မြင်သွား။

http://www.dhammadownload.com



ဒါကြောင့် လွန်ခဲ့ပြီးတဲ့ အတိတ်သံသရာကြီးလည်းပဲ၊ ပါလာတဲ့ ကံကွေးတွေက၊ အလိုလို စင်ကြယ်သန့်ရှင်းသွားတယ်တဲ့။ အမှားတွေ ပျောက်သွားတယ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ သမ္မာဒိဋ္ဌိဉာဏ်၊ ဒါဖြင့် ဒီပစ္စုပ္ပန်ဘဝက မြင်သလိုပဲ အတိတ်တစ်သံသရာလုံး ပြန်မြင်သလိုပဲ နောင်ဖြစ် ရအုံးမယ်လို့ နိဗ္ဗာန်မရောက်မချင်း ဖြစ်ရအုံးမယ်ဆိုတဲ့ဘဝတွေက အနမတဂ္ဂသံသရာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ လာလတ္တံ့ အနာဂတ်ကို မျှော်မှန်းပြန်တော့ ကြည့်လိုက်စမ်း ဒုတိယဘဝလည်း ဒီအတိုင်း ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒုတိယဘဝ ဘာဖြစ်မှာတုံး (အကြောင်းနဲ့အကျိုးဖြစ်မှာပါ ဆရာ)၊ ဒို့ပြင် မပိုဘူးပေါ့ (မပိုပါဘူးဆရာ)၊ ပစ္စုပ္ပန်ဖြစ်နေသလိုပေါ့ (မှန်ပါတယ်ဆရာ)၊ တစ်ထပ်တည်း တစ်ထပ်တည်း။ ဒါကြောင့် ဒီဗဟိုတည့်တည့်ထိုင်ကြည့်၊ ကြည့်နော် ကြည့်လည်း ကြည့်တတ် ရတယ်, ကြည့်လည်း ကြည့်ပေးရတယ်။ ဒါမှပိုပြီး စင်ကြယ်သန့်ရှင်းသွားတယ် ခေါ်တယ်။ ဩော်- ဒုတိယဘဝလည်း ဒီအကြောင်းတရား အကျိုးတရား နှစ်ပါးပဲ။ တတိယဘဝ (အကြောင်းတရား အကျိုးတရား နှစ်ပါးပဲ ဆရာ)၊ စတုတ္ထကတော့ (အကြောင်းတရား အကျိုးတရား နှစ်ပါးပဲ)၊ ပဉ္စမက (အကြောင်းတရား အကျိုးတရား နှစ်ပါးပဲ)၊ ဆဋ္ဌမကော (အကြောင်းတရား အကျိုးတရား နှစ်ပါးပါပဲ)၊ သတ္တမ အဋ္ဌမ နဝမ ဒသမ သွားရော့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ဘယ်ထိအောင် သွားမတုံး (သံသရာဆုံးအောင် သွားမှာပါဆရာ)၊ နိဗ္ဗာန်ထိအောင် သွားမယ်လား (မှန်ပါတယ်ဆရာ)။ နိဗ္ဗာန်ထိ အောင် ဒီတိုင်းမြင်သွား။ ဒီတော့ လွန်ခဲ့ပြီးတဲ့ အတိတ် "အတီတေပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ" အတီတေပိ၊ လွန်ခဲ့သော အတိတ်ဘဝ၌လည်း။ ဒီလိုဆိုထားတော့ သာမညဖြစ်နေ အတိတ်တစ် ဘဝတည်း မြင်ကောင်းတာလားဟ (မမြင်ကောင်းပါဘူးဆရာ)၊ တစ်ဘဝတည်း မြင်ကောင်းတာလားလို့ မေးတယ်။ ဟောဗျာ ဒီကောင် မြန်မာစကား နားမလည်ဘဲကို။ အတိတ်လှမ်းကြည့်လိုက်တော့ တစ်ဘဝတည်း မြင်ကောင်းသလားလို့မေးတာဟ (မမြင်ကောင်းပါဘူးဆရာ)၊ ဘယ်နှစ်ဘဝ မြင် ကောင်း (သံသရာအစကနေ မြင်ကောင်းပါတယ်ဆရာ)၊ လွန်ခဲ့ပြီးတဲ့ သံသရာအစထိအောင် မြင်ကောင်းတယ်လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အတီတေပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာစ အနာဂတေပိ၊ အနာဂတ်လာလတ္တံ့ဘဝ၌လည်းဆိုတော့ သာမညဖြစ်နေ။ အနာဂတ် မျှော်မှန်းပြီးတော့ ဒီဘဝသေသွား ဒုတိယဘဝလောက်သာ မြင်ကောင်းတယ်လား (မဟုတ်ပါဘူးဆရာ)၊ ဘယ်ထိအောင်မြင်ရ (နိဗ္ဗာန်မရောက်မချင်းပါဆရာ)၊ နိဗ္ဗာန်ရောက်သည် တိုင်အောင် ပြောရတယ်။ မင်းဥစ္စာ မရောက်မချင်းဆိုတော့ မြင်လို့ကို ဆုံးမှာမဟုတ်ဘူး။ နိဗ္ဗာန် ရောက်သည့်တိုင်အောင် လား (မှန်ပါတယ်ဆရာ)၊ မြင်တယ်လား (မြင်ပါတယ်ဆရာ)၊ ပစ္စုပ္ပန်ဘဝတော့

http://www.dhammadownload.com



ဆိုစရာ မရှိဘူးပေါ့။ ပစ္စုပ္ပန်က စမြင်တာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အလည်တည့်တည့်ကစမြင်။ ဒါဖြင့် မင်းဒီလို မြင်လိုက်တော့ကား အတိတ်တစ်သံသရာလုံးအတွက်လည်း မင်းမှာ က၀ါဆိုတဲ့ သို့လော သို့လော တွေးတောလာတဲ့ ယုံမှားမှုကြီး ရှင်းမသွားဘူးလား (ရှင်းသွားပါတယ်ဆရာ)၊ သို့လောသို့လော တွေးတောလာဆိုတာ တခြားမဟုတ်ဘူးဟေ့ အတွေးတွေက အများကြီးဟ။ အခု ဘဝ သေချာကြည့်နော် သင်တန်းမလိုက်ဘူးတဲ့လူတွေ အတွေးတွေ အတွေးတွေ။ က၀ါဆိုတဲ့ ယုံမှားမှု တရားကြီး ရင်ထဲမှာ အမြဲရှိ သူတို့ရင်ထဲမှာ၊ ကြည့်နော် ကိုယ့်ပတ်ဝန်းကျင်လည်း နှိုင်းဆနှိုင်းစာ ကြည့်ရတယ် ဒါမှ ကိုယ့်တန်းသာတာလေးတွေ သိပြီး ဝမ်းသာရတယ်။ ကြည့်ကြည့် သူတို့ရင်ထဲမှာ အဖေလို့ သူတို့ ခေါ်လိုက်တယ်။ ခေါ်တဲ့အတိုင်း တကယ်မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ အမေလို့ ခေါ်လိုက်တယ်၊ ခေါ်လိုက်တဲ့အတိုင်း တကယ်မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ ဘကြီး ဘထွေး ခေါ်လိုက်တယ် ခေါ်လိုက်တဲ့အတိုင်း တကယ်မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ မိကြီး မိထွေး ခေါ်လိုက်တယ် ခေါ်လိုက်တဲ့အတိုင်း တကယ်မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ ညီအစ်ကို မောင်နှမ တကယ်မထင်ဘူးလား (ထင်ပါတယ် ဆရာ)၊ ဆွေမျိုးသားချင်းတကယ် မထင်ဘူးလား (ထင်ပါ တယ်ဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါ တကယ်မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ အသက်လိပ်ပြာ တကယ် မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ လူတွေ နတ်တွေ တကယ်မထင်ဘူးလား (ထင်ပါတယ်ဆရာ)၊ အဲဒါကြည့် အဲဒါကြည့် နော် (မှန်ပါတယ်ဆရာ)၊ သူတို့ရင်ထဲ ရှင်းရဲ့လား (မရှင်းပါဘူးဆရာ)၊ ဘယ် တော့မှ မရှင်းဘူး။ အဲဒါကြောင့်ပေါ့ သူတို့စိတ်ထဲမှာ တကယ်ဟုတ်တယ် မှတ်တော့ နောက်ထပ်နောက် ထပ်ပြီးတော့ ဘဝသစ်တွေ ဖြစ်ချင်တဲ့ဆန္ဒ ရှိတယ်တဲ့။ ရှေ့တိုးတိုး၊ တိုးတိုးပြီးတော့ တစ်မျိုးအားဖြင့် ဒီမိ ဒီဖ ဒီဆွေ ဒီမျိုး ဒီဘကြီး ဘထွေး ဦးကြီး ဦးလေး မိကြီး မိထွေး ဒီဆွေမျိုးစုနဲ့ သိုက်သိုက်ဝန်းဝန်းနဲ့ ဖြစ်ချင်တဲ့ စေတနာဓာတ်တွေက အမြဲကပ်နေတယ်။

အဲဒါ ဘာပြုလို့လဲဆိုတော့ သူတို့မပြတ်သားလို့နော် (မှန်ပါတယ်ဆရာ)၊ သူတို့ မပြတ်သားလို့ ပြတ်သားတဲ့ တို့လူစုကြတော့ ခေါ်ကာမတ္တ ပြောကာမတ္တ သတိလစ်တဲ့အခါ ခေါ်ကာမတ္တ ပြောကာ မတ္တနော် (မှန်ပါတယ်ဆရာ)၊ သတိကနေ ဆင်ခြင်ကြည့်လိုက်တော့ မဟုတ်မှန်း သိတယ်မဟုတ်လား (သိပါတယ်ဆရာ)၊ သိတယ်လား (သိပါတယ်ဆရာ)၊ မင်းကောသိရဲ့လား (သိပါတယ်ဆရာ)၊ အမှတ် တမဲ့တော့ ခေါ်ပြောနေတာပေါ့ (မှန်ပါတယ်ဆရာ)၊ အမှတ်တမဲ့တော့ ခေါ်ပြောနေတယ် သေချာ စဉ်းစားလိုက်တော့ (မရှိမှန်း သိပါတယ်ဆရာ) ဩော်-မရှိမှန်း တကယ်သိတယ်လား (သိပါတယ်ဆရာ)၊ အေး-ဒီဘဝလည်း မရှိဘူး၊ လွန်ခဲ့သော အတိတ်ဘဝလည်း မရှိဘူး။ ခုဘဝလည်း မရှိဘူး။ လာလတ္တံ့

http://www.dhammadownload.com



အနာဂတ်ဘဝလည်း မရှိဘူး။ မင်းစိတ်ထဲမှာ ဘဝသုံးပါး ကာလသုံးပါး စင်ကြယ်သန့်ရှင်းနေတယ်လား (သန့်ရှင်းနေပါတယ်ဆရာ)၊ စင်ကြယ်သန့် ရှင်းနေတော့ ဒီယုံမှားခြင်းဟာ မင်းမှာ လွန်မြောက်သွားပြီတဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ကိုယ့်ပတ်ဝန်းကျင် မြင်မြင်သမျှ သင်တန်းမလိုက်ရ သေးသော ဒီတရားမဆည်းပူးရသေးသော ဒီအသိဉာဏ်မရှိသေးသော သူတစ်တွေ ကြည့်လိုက်တော့ "ကင်္ခါ" ခေါ်ထားတဲ့ တစ်ဘဝလာလည်း ဟုတ်နိုးဟုတ်နိုး၊ တစ်ဘဝလာလည်း ဟုတ်နိုးဟုတ်နိုး၊ ဟုတ်နိုးလို့ ထင်တဲ့အတိုင်းပဲ တွေ့နိုးတွေ့နိုး ရနိုးရနိုး ရောက်နိုးရောက်နိုးနဲ့ ဒီလိုပဲ ယုံမှားမှုဆိုတဲ့ တရားကြီးက ရင်တွင်းက ထင်ရှားရှိတယ်တဲ့ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဘယ်တော့မှ ဒီတရားကြီး သူတို့ လွန်မြောက်နိုင်မှာ မဟုတ်ဘူးတဲ့။ ဘာပြုလို့တုံး ဒီတရားမသိလို့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တို့သင်တန်းသူ သင်တန်းသားများကြတော့ ဒါရုပ်ပဲ ဒါနာမ်ပဲ ဒါခန္ဓာပဲ ဒါပရမတ်ပဲ ဒါပညတ်ပဲလို့ ပြတ်သားနားလည်တော့ အတိတ်တစ်သံသရာအတွက်လည်း စင်ကြယ်သန့်ရှင်းသွား မသန့်ရှင်းဘူးလား (သန့်ရှင်းသွားပါတယ်ဆရာ)၊ ပစ္စုပ္ပန်ဘဝကြီး တစ်ခုလုံးအတွက်လည်း စင်ကြယ် သန့်ရှင်းသွား၊ သန့်ရှင်းရဲ့လား (သန့်ရှင်းပါတယ်ဆရာ)၊ အနာဂတ်ဖြစ်အုံးမယ်ဆိုတဲ့ တစ်သံသရာ လုံးလည်း သန့်ရှင်းစင်ကြယ် သွားတယ်တဲ့ စင်ကြယ်ရဲ့လား (စင်ကြယ်ပါတယ်ဆရာ)၊ အဲဒါ "ကင်္ခါ" ဆိုတဲ့ ယုံမှားမှုကြီး လွန်မြောက်သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ကင်္ခါဆိုတဲ့ ယုံမှားမှုကြီး သို့လော သို့လော တွေးတောစရာ ရှိသေးရဲ့လားဟ (မရှိပါဘူးဆရာ)၊ ပြတ်သားသွားပြီပေါ့ (မှန်ပါတယ်ဆရာ)၊ ပြတ်သားသွားပြီ၊ ခြားနားသွားပြီ၊ နားလည်သွားပြီတဲ့၊ ရှင်းသွားပြီလို့ ဒီလို ခိုတယ်။ ရင်တွင်းမှာ ဒီကင်္ခါဆိုတဲ့ ယုံမှားမှုကြီး သံသရာအစထဲက ဘဝများစွာ တစ်ဘဝလာလည်း ဟုတ်နိုးဟုတ်နိုး ရနိုး ရနိုး တွေ့နိုးတွေ့နိုးနဲ့ အမျိုးမျိုးအားဖြင့် အယောင်ယောင်အမှားမှားနဲ့လာတဲ့ ယုံမှားမှုဆိုတဲ့ ကင်္ခါတရား ကြီး အခုတော့ ရှင်းလင်း၍ သွားပါ၏ မရှင်းဖူးလား (ရှင်းပါတယ်ဆရာ)။ ဒါကြောင့် "တီသု အဒ္ဓါသု ကင်္ခံ ဝိတရတိ" ဘဝသုံးပါး ကာလသုံးပါးမှာဖြင့် ပြန်လိုက်တော့ကွယ် ဘဝသုံးပါး ကာလသုံးပါးလို့ ကာလနဲ့ပိုင်းခြားပြောနေရ။ တစ်သံသရာလုံး စင်ကြယ်သန့်ရှင်း မသွားဘူးလား (သန့်ရှင်းသွားပါတယ် ဆရာ)၊ သံသရာအစကနေ နိဗ္ဗာန်ရောက်အောင်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ တစ်သံသရာလုံး တောက်လျှောက်ကြီး စင်ကြယ်သန့်ရှင်းသွားပြီတဲ့။ ငါတို့အယူ ဖြူစင်သွားပြီ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ တန်ဖိုးရှိ တန်ဖိုး သေချာပြန်ပြီးတော့ ချိန်ထိုးကြည့်စမ်း။ ဒီအသိဉာဏ်ရပေလို့ ဒီဉာဏ်မြင်ပေလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ငါပြောတာ ဟုတ်ကော ဟုတ်ကဲ့လား (ဟုတ်ပါ တယ်ဆရာ)၊ ဒီအသိဉာဏ်ရပေလို့ပေါ့ (မှန်ပါတယ်ဆရာ)၊ ဒီဉာဏ်မြင်ပေလို့ပေါ့ (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒီအသိဉာဏ်နဲ့ ဒီဉာဏ်ဘယ်ကရ (ဆရာ့ဆီက ရတာပါဆရာ)၊ သင်တန်းကလို့ပြော၊ ငါ့ထည့် ထည့် မပြောနဲ့။ အလိုလိုမှ လူတွေက မုန်းကလည်းမုန်း၊ သင်တန်းကလို့ပြော (သင်တန်းကပါဆရာ)၊ သင်တန်းက ပြောတော့ လက်သည်ရှာမရဘူး နားလည်လား။ ခုံတွေရှိတယ် မဟုတ်လား သင်တန်း၊ ဒင်းတို့ပြိုး ခုံတွေပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ဘယ်ကရတုံး (သင်တန်းကပါဆရာ)၊ အေး-ဒါကြောင့် သင်တန်းလိုက်တဲ့ကျေးဇူးဟာ ထူးရောထူးသလား (ထူးပါတယ်ဆရာ)၊ ထူးတယ် မဟုတ် လား (ထူးပါတယ်ဆရာ)၊ ဒါဖြင့် သင်တန်းလိုက်တဲ့ ကျေးဇူးထူးမှန်း မင်းကိုယ်တိုင် သိပြီပေါ့ (သိပါတယ် ဆရာ)၊ အပြင်လူများ ဘယ်နှစ်ခါများပြောဖူး အားရပါးရ (ပြောပါတယ်ဆရာ)၊ ငါ့မလိမ်နဲ့ (မလိမ်ပါ ဘူးဆရာ)၊ ဟော မင်းပြောတော့ ဘယ်နှစ်ယောက်များအားကျပါလာ၊ တစ်ယောက်မှ မပါဘူး။ သိပ်အားရှိစရာကောင်း၊ "တီသု အဒ္ဓါသု ကင်္ခါ ဝိတရတိ" တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ "အယံ ပန ဝိပဿနာသင်္ခါရသလ္လက္ခဏော ဉာတပရိညာ နာမ" ဒီလို ဝိပဿနာဉာဏ် အမြင်ကို ကင်္ခါဝိတရဏဉာဏ်အားဖြင့် မြင်လိုက်လို့ ကောင်းစွာမှတ်သားတတ်တဲ့ ပုဂ္ဂိုလ်ဟာ ဘာခေါ်လဲဆိုရင် ပရိညာသုံးပါးပိုင်ထားတဲ့ အနက်က ဉာတပရိညာဆိုတဲ့ နံပါတ်တစ်ရောက်ပါပြီတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဉာတပရိညာတဲ့၊ တီရဏပရိညာတဲ့၊ ပဟာနပရိညာတဲ့။ ဘုရားရဲ့သာသနာတွင်းကို တကယ့်သက်ဆင်းချင်လို့ ရှိရင်တဲ့ ဘုရားသာသနာရဲ့ အတွင်းလူ ဖြစ်ချင်လို့ ရှိရင် ဘုရားရဲ့သားတော် သမီးတော် သာဝကအစစ်ဖြစ်ချင်လို့ရှိရင် တစ်နည်း နိဗ္ဗာန်ကို ရောက်ချင် ရချင်ရင်တဲ့ ရောက်အောင် ရအောင် သွားတဲ့လမ်းမို့ စခန်းသုံးခုတဲ့။ နံပါတ်တစ်စခန်းက ဉာတ ပရိညာတဲ့။ နံပါတ်နှစ်စခန်းက တီရဏပရိညာတဲ့။ နံပါတ်သုံးစခန်းက ပဟာနပရိညာလို့ ပရိညာ သုံးပါး ဘုရားကိုယ်တော်မြတ် ဟောထားတာ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ သေချာကြည့်။

သာသနာကြီးနဲ့ တွေ့ရဲ့ ကြုံရဲ့သားနဲ့မှ မဂ်ဖိုလ်နိဗ္ဗာန်ကို ဖြောင့်ဖြောင့်တန်းတန်းသွားတဲ့ လမ်းခရီးမှာ စခန်းသုံးခု တစ်ခုမှ မရောက်ဘူး၊ တစ်ခုမှ မရဘူး ဆိုလို့ရှိရင် သာသနာ့အတွင်းလူ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ သာသနာနားမှာ ရစ်သီရစ်သီနဲ့ သာသနာတွင်းတော့ မရောက်ပါဘူး မှတ်ထားနော်။ ဒါ ကိုယ်တော်မြတ် တိတိကျကျ ပြောသွားတဲ့စကား တရား၊ ကိုယ့်ကိုယ်များ ကိုယ်အထင်ကြီးမနေနဲ့၊ ဒီတရားမသိရင် သာသနာတွင်းကို မရောက်သေးဘူးနော် (မှန်ပါတယ်ဆရာ)၊ သာသနာ့ပြင်ပနားက ရစ်သီရစ်သီလေးရှိသေး၊ ဘယ့်နဲ့ ဘုရားကြည်ညိုတယ် ပြောပြော၊ ဘယ့်နဲ့တရားကြည်ညိုတယ် ပြောပြော၊ ဘယ့်နဲ့ သံဃာကြည်ညိုတယ် ပြောပြော၊ ဘယ်လောက်ပဲ ကြိုးစားအားထုတ် အလုပ်လုပ်၊ ရတနာသုံးပါး ဘယ့်နဲ့ ဆည်းကပ်တယ် ပြောပြော

http://www.dhammadownload.com



နော် (မှန်ပါတယ်ဆရာ)၊ သူ့အလိုကတော့ သဒ္ဒါတရား ရှေ့ထားပြီးတော့ သဒ္ဒါအားကောင်းကောင်းနဲ့ ရတနာသုံးပါး အမြဲတစေ ဆည်းကပ်နေတာ မှန်တယ်။ ဒါပေမယ့် သူသာသနာတွင်း ရောက်ပြီမလား (မရောက်ပါဘူးဆရာ)၊ မရောက်နိုင်ဘူးတဲ့၊ သာသနာပြင်ပပဲ ရှိသေးတယ်၊ သာသနာနား ရစ်သီရစ်သီနဲ့ ဒီလို နေရတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ သာသနာနဲ့ တွေ့ရဲ့ ကြုံရဲ့သားနဲ့မှ သာသနာတွင်း သက်ဆင်းနိုင်တဲ့ပုဂ္ဂိုလ် သက်ဝင်နိုင်တဲ့ပုဂ္ဂိုလ် မဖြစ်ရတာ အင်မတန် ဝမ်းနည်းစရာကောင်းတယ်။ ပြန်ကြည့် ပြန်ကြည့် တန်းလေးတွေ ခွဲခွဲ၊ ခွဲခွဲပေးရတယ် မှတ်ထားကြနော် ကိုယ့်တန်းကိုယ်နော်။

တို့ ဘယ်လိုပုဂ္ဂိုလ်စားလဲ ဘယ်လိုလူစားလဲ၊ တို့ အဖဘုရားကိုယ်တော်မြတ်ရဲ့ ထားတော်မူတဲ့ သာသနာတွင်းကို သက်ဆင်းနိုင်တဲ့ အတွင်းပုဂ္ဂိုလ်ဖြစ်နေပြီ နားလည်လား (နားလည်ပါတယ်ဆရာ)၊ "ဧဝံ သဒ္ဓါရေ သလ္လက္ခေတွာ ဋှိတဿ ပန ဘိက္ခုနော ဒသဗလဿ သာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ။ ပတိဋ္ဌာလဒ္ဓါ နာမ၊ စူဠသောတာပန္နော နာမ ဟောတိ နိယတဂတိကော" တိုက်ရိုက် တိုက်ရိုက်၊ ဧဝံ၊ ဤသို့။ သင်္ခါရေ၊ ယခုပြနေတဲ့ ရုပ်နာမ် သင်္ခါရတရားတို့၌။ သလ္လက္ခေတွာ၊ ကောင်းစွာ ပိုင်ခြားမှတ်သား၍။ ဋှိတဿ၊ တည်သော။ ဘိက္ခုနော ပန၊ ရဟန်းအားကား။ ဘိက္ခုနော ပန-ဆိုတာ ရဟန်းလို့ ဘိက္ခု-သဒ္ဒါဆိုတာ ရဟန်းလို့ ဟောသွားတာ၊ ရဟန်းတွေ ဟောသွားတာ။ တို့ မပါဘူးလို့ ဒီလို မမှတ်နဲ့၊ ဘိက္ခုဆိုတဲ့ ပုဒ်ထဲမှာ သံသရာဘေးကို တွေးတတ်ဆတတ်တဲ့ ကြောက်ရွံ့တတ်တဲ့ ပုဂ္ဂိုလ်မှန်မှန်သမျှ လူပဲဖြစ်ဖြစ် ဖန်ရည်ဆိုးတဲ့အဝတ်သင်္ကန်း ဝတ်နေတဲ့ ရဟန်းတော်ပဲဖြစ်ဖြစ် ဘိက္ခုတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဘိက္ခုထဲ အကုန်ပါတယ် ဒါ တိုက်ရိုက်တိုက်ရိုက်၊ ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်က "ဘိက္ခဝေ" "ချစ်သားတို့"လို့ ပရိသတ်ကို ခေါ်တော်မူတဲ့အခါမှာ ဟာ သူ့ရဟန်း တွေသာ သူခေါ်နေတာ၊ တို့လူတွေမှ မပါပဲဘဲလို့ သူရဟန်းတွေ မူထားပြီးတော့ ဟောနေတာ။ တို့ လူသားတွေမှ မပါဘဲနဲ့ ဒီလိုမအောက်မေ့နဲ့၊ အဲဒီ "ဘိက္ခဝေ"ထဲမှာ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိသတ် အကုန်ပါပါသွားတယ်။ လူကော ရဟန်းကော နော် (မှန်ပါတယ်ဆရာ)။ ဘာပြုလို့တုံး "ဘိက္ခု"ဆိုတဲ့ပုဒ်ကိုက သံသရာဘေးကို တွေး၍ ကြောက်ရွံ့ထိတ်လန့်တတ်တဲ့ စိတ်ရှိတဲ့ ပုဂ္ဂိုလ် မှန်မှန်သမျှ ဘိက္ခု-ထဲပ ါတယ်။ "ဘိက္ခု"လို့ ခေါ်ထိုက်တယ်တဲ့ လူပဲဖြစ်ဖြစ် ရဟန်းပဲ ဖြစ်ဖြစ်တဲ့ ဘိက္ခု-ပုဒ်က နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ပရိသတ်လေးပါး တရားဟောတော်မူတဲ့အခါ "ဘိက္ခဝေ ဘိက္ခဝေ"နဲ့ ခေါ်ခေါ် ဟောတာ တခြားမဟုတ်ဘူးတဲ့၊ ဘိက္ခုပုဒ်အရ ဆိုလို့ရှိရင်ဖြင့် အမြတ်ဆုံးသော ပရိသတ်ကို အဓိကထားပြီး ခေါ်ခြင်းပါတဲ့။ လူရယ် ရဟန်းရယ် ပိုင်းခြားတာ မဟုတ်ပါဘူး နားလည်

http://www.dhammadownload.com



လား (နားလည်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် ဒီနေရာလည်းပဲ ဇဝံ၊ ဤသို့။ သင်္ခါရေသု၊ ရုပ်နာမ် ဓမ္မ သင်္ခါရ တရားစုတို့၌။ သလ္လက္ခေတွာ၊ ပိုင်းခြားမှတ်သား၍။ ဠိတဿ၊ တည်သော။ ဘိက္ခုနော၊ ပန၊ ရဟန်းအားကား။ ရဟန်းအားဆိုရင် အကုန်ပါမယ်နော် (မှန်ပါတယ်ဆရာ)၊ နားလည်ပြီလား (နားလည်ပါ ပြီဆရာ)၊ နားလည်ပြီလား (နားလည်ပါတယ်ဆရာ)၊ ဘိက္ခုပုဒ်က လာတာ၊ ဘိက္ခုနော ပန၊ ရဟန်းအား။ ဒသဗလဿ၊ အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်၏။ သာသနေ၊ သာသနာတော်မြတ်၌။ မူလံ၊ အမြစ်အရင်း အတွင်း ကျကျအဖြစ်သို့။ ဩတိဏ္ဏော နာမ၊ သက်ဆင်းသော သက်ဝင်သော ပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။ ပတိဋ္ဌာလဒ္ဓါ နာမ၊ သံသရာကြီး၌ ထောက်ရာ တည်ရာ ရသည်။ ဟောတိ၊ ဖြစ်၏။ စူဠသောတာ ပန္နော နာမ၊ စူဠသောတာပန် သောတာပန် အငယ်စားမည်သည်။ ဟောတိ၊ ဖြစ်၏။ နိယတဂတိကော၊ မြဲ သော ဂတိရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘယ်လောက်အားရှိစရာကောင်း။ ဂတိ၊ မြဲသွားပြီ။ နားလည် လား (နားလည်ပါတယ်ဆရာ)၊ ဂတိမြဲတယ်ဆိုတာ ဘာခေါ်တာတုံး (အပါယ်လေးပါးမကျတော့ ပါဘူးဆရာ)၊ အပါယ်လေးပါး မကျဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဘယ်သွားမှာတုံး (နိဗ္ဗာန် သွားမှာပါဆရာ)၊ ဟောဗျာ အကွက်ကျော်ကိုချလိုက်တာပဲ။ ဂတိက သေချာကြည့်စမ်း။ အပါယ် လေးပါး ဆိုတာ ဒုဂ္ဂတိလား သုဂတိလား (ဒုဂ္ဂတိပါဆရာ)၊ ဒုဂ္ဂတိ၊ လူရယ် နတ်ရယ် ဗြဟ္မာရယ်ဆိုတော့ ဘာဂတိ (သုဂတိပါဆရာ)၊ ဩော်-နှစ်မျိုးမနေဘူးလား (နှစ်မျိုးပါဆရာ)၊ ဒုဂ္ဂတိနဲ့ သုဂတိ နှစ်မျိုး ရှိတဲ့အနက်က ပုထုဇဉ်ဘဝနဲ့ သေခဲ့လို့ရှိရင် ဒုဂ္ဂတိလားချင်လားမယ်လား (မှန်ပါတယ်ဆရာ)၊ သုဂတိ လားချင်လားမယ်လား (မှန်ပါတယ်ဆရာ)၊ မမြဲဘူးပေါ့ (မမြဲပါဘူးဆရာ)၊ ဂတိနှစ်ပါး မမြဲဘူးပေါ့ (မမြဲပါဘူးဆရာ)၊ ဒါ အခုလိုပဲ စူဠသောတာပန်ဘဝနဲ့ရောက်လာတဲ့ အခါကြတော့ ဂတိမြဲသွားပြီ လား (မြဲသွားပါပြီဆရာ)၊ ဘယ်ဂတိမြဲသွားတုံး (ဒုဂ္ဂတိမြဲသွားပါပြီဆရာ)၊ ဟောဗျာ မင်းပဲသွားတော့ မင်းတစ်ယောက်ထဲကြွပေတော့ (ဒုဂ္ဂတိမကျဘူးလို့ ပြောတာပါဆရာ)၊ ဒုဂ္ဂတိ လွတ်သွားပြီလား (လွတ်သွားပါပြီဆရာ)၊ ဘယ်ဘက်မြဲသွားတုံး (သုဂတိဘက်မြဲသွားပါတယ်ဆရာ)၊ အဲသလို လုပ်ပါဟ။ ကိုယ်ကိုယ်တိုင်က နားလည်ထားရတယ်။ နားလည်လား ဒုဂ္ဂတိ လွတ်သွားပြီလား (လွတ်သွား ပါပြီဆရာ)၊ ဒုဂ္ဂတိလွတ်သွားတော့ သုဂတိ တစ်ခုတည်း ကျန်တော့တယ် မဟုတ်လား (မှန်ပါတယ် ဆရာ)၊ အဲဒါ မြဲတယ် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ မလွဲတော့ဘူးတဲ့၊ သို့လော သို့လော တွေးတောစရာလည်း မရှိတော့ဘူးတဲ့။ ဂတိမြဲသွားပြီတဲ့၊ ဒါဆို စူဠသောတာပန် ဖြစ်သွားပြီ ဘာဖြစ် သွားတယ် (စူဠသောတာပန်ဖြစ်သွားပါတယ်ဆရာ)။

http://www.dhammadownload.com



စူဠသောတာပန်ဆိုတာ ဘာခေါ်တုံး (သံသရာထောက်ရာ တည်ရာ ရတာပါဆရာ)၊ အောင်မယ် စူဠသောတာပန် နာမည်လေး ပြောတာပါ ဘာခေါ်တာတုံး၊ စူဠ ဘာခေါ်တုံး (အငယ်စားပါဆရာ)၊ သောတာပန်ကကော ဟောဗျာ တောက်တက်လို့မြည်တာ ဘာကောင်တုံး မေးနေပြန်ပေါ့ သောတာပန်က ဘာတုံးဟ (သောတာပန် ပါပဲဆရာ)၊ သောတာပန်ဖြစ် စူဠအငယ်စား သောတာပန်က သောတာပန် တွဲလိုက်တော့ ဘာလဲ (စူဠသောတာပန်ပါဆရာ)၊ ဟုတ်ပြီ မြန်မာလိုပြန်တော့ ဘာတုံး (အငယ်စားသောတာပန်ပါပဲဆရာ)၊ အဲ ဒါလေးတောင် ဝေ့လည်ကြောင်ပတ်ဖြစ်နေတယ်။ သောတာပန်အငယ်စား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သောတာပန် အငယ်စားဆိုတာနဲ့ မဟာသောတာပန် သောတာပန်အကြီးစား ဆိုတာနဲ့ ဘာထူး (မကွာပါဘူးဆရာ)၊ မကွာဘူးလား (မကွာပါဘူးဆရာ)၊ ဒါလေးတော့ တော်သားပဲ မကွာဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် မဟာသောတာပန်က မဂ်သတ်ပြီးသား ပုဂ္ဂိုလ်ခေါ်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ သောတာပတ္တိမဂ်ဉာဏ်ရပြီးသား စူဠသောတာပန် ရပြီးလား (မရသေးပါဘူးဆရာ)၊ မရသေးဘူး။ ဒါဖြင့် မရသေးဘဲနဲ့ သူ့ဘာကြောင့် စူဠသောတာပန်ခေါ်တုံး (မဂ္ဂန္တရာယ် တစ်ပါးပါးငြိနေလို့ပါဆရာ)၊ ဟောဗျာ ဒုက္ခမှ အကြီးစားပါပဲ ရမ်းအုတ်တာပဲ တစ်ခါတည်း။ သောတာပတ္တိမဂ်ဉာဏ်လည်း မရသေးဘဲနဲ့ စူဠသောတာပန်လို့ ဘာကြောင့် ခေါ်တုံးလို့ (ဂတိမြဲသွားလို့ပါဆရာ)၊ ဒါလည်း ဟုတ်သလိုလိုတော့ရှိ။ ဒါပေမယ့် မင်းအဖြေမဟုတ်ပါဘူးကွာ။ သောတာပတ္တိမဂ်ဉာဏ်ရမယ့်ဆဲဆဲပုဂ္ဂိုလ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မုချရမယ်လား (မုချရမှာပါဆရာ)၊ အဲ မုချသူရတော့မယ်ဆိုတော့ အနေးနဲ့ အမြန် မဟုတ်ဘူလားဟ (အနေးနဲ့အမြန် ပါဆရာ)၊ သောတာပတ္တိမဂ်ဉာဏ်ရမယ့် ပုဂ္ဂိုလ်ဆိုတော့ သောတာပန်နဲ့ ထူးသေးလားလို့ (မထူးပါဘူးဆရာ)၊ ကနေ့မရ မနက်ဖြန်ပေါ့ (မှန်ပါတယ်ဆရာ)၊ ရအုံ့ဆဲဆဲပေါ့နော် (မှန်ပါတယ်ဆရာ)၊ နားလည်လား ငါပြောတာ (နားလည်ပါတယ်ဆရာ)၊ အကျိုးတရား ရှုကြည့်လိုက်တော့ စူဠသောတာပန်နဲ့ မဟာသောတာပန် ဘာကွာတုံး (မကွာပါဘူးဆရာ)၊ မကွာဘူး၊ ဒါတော့လည်း သူအစွဲသား။ မင်းကိုတော့မင်း စူဠသောတာပန် ဖြစ်ပြီလို့ ထင်သလား (ထင်ပါတယ်ဆရာ)၊ တကယ်ထင်ရဲ့လားဟ (တကယ်ထင်ပါတယ်ဆရာ)၊ မှတ်ထား မှတ်ထား။

မင်းဒီတိုင်းသာ ယုံယုံကြည်ကြည်နဲ့ မင်းကိုယ်မင်း စွဲမြဲနေ မင်းတော့ တော်သွားပြီ၊ တန်းတော့ မသေးလှဘူး။ ငါကတော့ စူဠသောတာပန်ဖြစ်ပြီ နားလည်လား (နားလည်ပါတယ်ဆရာ)၊ စူဠသောတာပန်ဖြစ်ပြီတဲ့ ဂတိမြဲသွားပြီတဲ့။ ဂတိမြဲသွားပြီဆိုတော့ အပါယ်လေးပါး တံခါးပိတ်သွားပြီ ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒုဂ္ဂတိမသွားတော့ဘူးပေါ့ (မသွားတော့ပါဘူးဆရာ)၊ မှတ်ထားနော်။

http://www.dhammadownload.com



ဒီတန်းတွေများ သာမညတန်းမှတ်မနေနဲ့။ ရနိုင်ခဲ ရောက်နိုင်ခဲတဲ့တန်းတွေ။ စူဠသောတာပန်ဆိုတဲ့တန်း ဂတိလည်းမြဲတယ်။ စူဠသောတာပန်၊ သောတာပန် အငယ်စားလည်းဖြစ်တယ်။ စူဠသောတာပန်နဲ့ မဟာသောတာပန် သေချာမှတ်ထားကြ။ ဘယ်သူက ခဲယဉ်းသလဲလို့ ပုံလေးပြထားရှိတယ်။ စူဠ သောတာပန်နဲ့မဟာသောတာပန်ဟာတဲ့ စူဠသောတာပန်က အိမ်ရှေ့မင်းနဲ့ တူတယ်တဲ့။ မဟာ သောတာပန်က ရှင်ဘုရင်အစစ်နဲ့တူတယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အိမ်ရှေ့မင်းနဲ့ ရှင်ဘုရင်အစစ်နဲ့ အဖြစ်ချင်းလိုက်ကြည့်ပါတဲ့။ ရှင်ဘုရင်ဖြစ်ဖို့က ခဲယဉ်းသလား အိမ်ရှေ့မင်းဖြစ်ဖို့က ခဲယဉ်းသလားလို့ ပြောစမ်း (အိမ်ရှေ့မင်းဖြစ်ဖို့က ခဲယဉ်းပါတယ်ဆရာ)၊ ရှင်ဘုရင်ဖြစ်ဖို့က မခဲယဉ်း ဘူးလား (မခဲယဉ်းပါဘူးဆရာ)၊ ရှင်ဘုရင်နဲ့အိမ်ရှေ့မင်း ဘယ်သူက ပိုကြီးသတုံး၊ (ရှင်ဘုရင်က ကြီးပါတယ်ဆရာ)၊ ဒါရှင်ဘုရင်ဖြစ်တာ မခဲယဉ်းဘူးလား (မခဲယဉ်းပါဘူးဆရာ)၊ ဘာပြုလို့ မခဲယဉ်းတုံး (ကပ်နေလို့ပါဆရာ)၊ ဟောဗျာ ချလိုက်တာပဲ၊ ဘာနဲ့ကပ်နေမှန်း ငါတော့ မပြောတတ်ဘူး၊ ရှင်းအောင် ပြောစမ်းပါ့ဟ ဘယ်နဲ့ကပ်နေတုံး (အိမ်ရှေ့မင်းနဲ့ရှင်ဘုရင် ကပ်နေလို့ပါဆရာ)၊ ဟော ပြောလိုတဲ့ အဓိပ္ပါယ်ကတော့၊ မင်းကိုယ်စားလှယ်၊ ငါက ရှင်းပေးရတာပေါ့ကွ၊ စူဠသောတာပန်ဖြစ်လို့ရှိရင် အိမ်ရှေ့မင်းဖြစ်လို့ရှိရင် ရှင်ဘုရင်ဖြစ်ဖို့ကတော့ ၊ အိပ်နေတော့ မကြိုးစားနဲ့တော့လို့၊ လွယ်လွယ်လေး ဒီလိုလား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အိမ်ရှေ့မင်းဆိုတာ ရှင်ဘုရင် လောင်းပေါ့ (ရှင်ဘုရင်လောင်းပါဆရာ)၊ ဩော်-အိမ်ရှေ့မင်းဖြစ်လာတဲ့ ဘဝကျရင် ရှင်ဘုရင်ဖြစ်ဖို့တော့ မကြိုးစားနဲ့တော့ အိပ်သာနေတော့ ဒီလိုလား (မှန်ပါတယ်ဆရာ)၊ ဖြစ်မှာပဲလား (ဖြစ်မှာပါပဲဆရာ)၊ အိမ်ရှေ့မင်းဖြစ်ဖို့ကတော့ အိပ်နေလို့ ရပါ့မလား (မရနိုင်ပါဘူးဆရာ)၊ ကြိုးစားရမှာပေါ့ (ကြိုးစား ရမှာပါဆရာ)၊ အေး-အဲဒါ မှတ်ထား မှတ်ထား။ ဒါကြောင့် စူဠသောတာပန်သည် အိမ်ရှေ့မင်းနှင့် တူ၏။ မဟာသောတာပန်သည် ရှင်ဘုရင်အစစ်နဲ့တူ၏။ ရှင်ဘုရင်အစစ်ဖြစ်ဖို့နဲ့ အိမ်ရှေ့မင်းဖြစ်ဖို့ ရှင်ဘုရင်ဖြစ်ဖို့က လွယ်၏။

ဒါကြောင့် အိမ်ရှေ့မင်းဖြစ်ရင် ဖြစ်ပြီးထားတော့၊ မကြိုးစားတော့လည်း ဖြစ်မှာပဲ ဒီလိုမဟုတ် လား (မှန်ပါတယ်ဆရာ)၊ အိမ်ရှေ့မင်းဖြစ်ဖို့က မလွယ်တဲ့၊ အိမ်ရှေ့မင်းဖြစ်ဖို့က အလုအယက် ကြိုးစား လုပ်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီဥပမာလိုပဲ စူဠသောတာပန် နဲ့ မဟာသောတာပန်ဆိုတာ မဟာသောတာပန်ဖြစ်ဖို့က လွယ်၏။ စူဠသောတာပန်ဖြစ်ဖို့က ခက်၏။ ဘာပြုလို့ခက်၊ ဟာ - စူဠသောတာပန်ဖြစ်ဆိုတာ ဒီရုပ်တွေ နာမ်တွေ ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် အစရှိသည်အားဖြင့် ပရမတ် ပညတ် ဒီသဘာဝတွေ မုချဆတ်ဆတ်အားဖြင့်

http://www.dhammadownload.com



နားလည်အောင် ဆရာ့ထံ နည်းခံပြီး သင်ရမယ်၊ ကြားရမယ်၊ လေ့ကျက်ရမယ်၊ နှုတ်ငုံဆောင်ရမယ် မလုပ်ရဘူးလား (လုပ်ရပါတယ်ဆရာ)၊ ဒီလိုလုပ်မှ စူဠသောတာပန် ဖြစ်မယ်လား (မှန်ပါတယ်ဆရာ)၊ ကိုင်း-စူဠသောတာပန်ဖြစ်သွားတော့ မဟာသောတာပန် ဖြစ်ဖို့ကျတော့ ဘာလိုသေးတုံး (မလိုတော့ပါဘူးဆရာ)၊ မလို ဘူးလား (မလိုပါဘူးဆရာ)၊ အိပ်နေရက်ပေါ့ (မှန်ပါတယ်ဆရာ)၊ တကယ်မှတ်လို့ အိပ်လည်းမနေနဲ့အုံးနော်။ မဟာသောတာပန်ဖြစ်မယ်လား (ဖြစ်မှာပါဆရာ)၊ အားမထုတ်သော်လည်း ဖြစ်မယ်တဲ့ ဒီပုဂ္ဂိုလ် နော် (မှန်ပါတယ်ဆရာ)၊ ဖြစ်ရမယ် ဘာပြုလို့တုံး၊ သောတာပန် အငယ်စား ဖြစ်သွားပြီတဲ့။ အကြီးစားဆိုတာကတော့ မဂ်သတ်ဖို့ အချိန်ပဲရှိတော့တယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲသလောက် တန်ဖိုးရှိတဲ့ တန်းခေါ်တယ်။ အဲဒီတော့ စူဠသောတာပန်တန်းလည်း ရောက်သွား ဂတိကလည်း မြဲသွား စူဠသောတာပန်လည်း အခေါ်ခံနိုင်ရောတဲ့။ ဒါပဲလား မေးစရာရှိတယ်။ "ဒသဗလဿ သာသနေ မူလံ ဩတိဏ္ဏော နာမ" မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ သာသနာတော်ရဲ့ အမြစ်အရင်း အတွင်းကျကျ အဖြစ်လည်း ရောက်သွားပြီတဲ့။ သာသနာတွင်း ဒီမှာ သက်ဆင်းတယ် နော် (မှန်ပါတယ်ဆရာ)၊ သာသနာအတွင်းလူဖြစ်သွားပြီ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ သာသနာတွင်း လူဖြစ်သွားပြီဆိုတော့ ကောင်းပြီ။

ဒါဖြင့် ငါစောစောက ပြောတဲ့အတိုင်း အဲဒီဉာဏ်မျိုးမှ မရောက်တဲ့ အန္ဓပုထုဇဉ်ဘဝနဲ့နေလို့ ရွှေကျောင်း ငွေကျောင်း ဇရပ် တန်ဆောင်း ကျောင်းကန် ဘုရား ရေတွင်း ရေကန် ဆောက်လုပ်လှူဒါန်း တကယ့်အလှူကြီးတွေပေး။ ဘုရားတရားသံဃာ ရတနာမြတ်သုံးပါး တစ်နေ့ အကြိမ်ပေါင်းများစွာ ဆည်းကပ်။ ဒါပေမယ့် အန္ဓပုထုဇဉ်ပဲ ဒီဉာဏ်မျိုးတော့ မပေါ်ဘူးတဲ့၊ မရဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီလောက် မွန်မြတ်တဲ့ကုသိုလ်ကောင်းမှုတွေ ဆည်းပူးအားထုတ် အလုပ်လုပ်နေသော်လည်းပဲ သာသနာတွင်းလူ ခေါ်ရဲ့လား (မခေါ်ပါဘူးဆရာ)၊ ဟော - သာသနာနား ရစ်သီရစ်သီနဲ့နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်ခြားနားတယ်ဆိုတာ အဲဒါ တွက်ကြည့်။ ဒါ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူတဲ့ ဒေသနာအစစ်။ ဒီတော့ သေသေချာချာ ပြန်ပြီးတော့ မိမိတို့ကိုယ်လည်း မိမိတို့ စစ်တမ်းထုတ်။ တို့ ဘယ်ခရီးလောက်တော့ ရောက်နေပေါ့။ တို့တန်းဟာ သာမည မဟုတ်ပါပဲဘဲ အင်မတန်မွန်မြတ်တဲ့ အဆင့်အတန်းကြီး ရောက်နေပါလားလို့ ဝမ်းလည်းသာရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဝမ်းလည်းသာတယ်၊ အားလည်းကိုးရတယ်။ အဲဒီလို ပြန်ပြန်တွေးပြီးတော့ ဝမ်းသာမှုလေးတွေ ပေးပေးနေတာက အင်မတန် တန်ဖိုးရှိတယ်။ မေ့မေ့လျော့လျော့ မနေကြနဲ့၊ ကိုယ့်တန်းလေးကို ကိုယ်ပြန်ပြန်စစ်ဆေးရတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ စူဠသောတာပန်တန်း အနည်းဆုံး

http://www.dhammadownload.com



အားဖြင့် တို့သင်တန်းသူ သင်တန်းသားများဟာ သင်တန်းကို ယုံကြည်တဲ့ သဒ္ဓါစိတ်နဲ့ ကြည်ညိုလေးစားတဲ့ သဒ္ဓါစိတ်နဲ့ လိုက်တဲ့ သင်တန်းသူ သင်တန်းသားတိုင်း သင်တန်းသားတိုင်း ယခုပြောနေတဲ့ စူဠသောတာပန်တန်းကိုတော့ဖြင့် ဖြောင့်ဖြောင့်တန်းတန်းကြီး ရောက်ကြပါစေ, ရကြပါစေဆိုတဲ့ အောက်ထစ်ဆုံးစေတနာနဲ့ သေသေချာချာ သည်းခံပြီး သင်ကြားပေးနေပါတယ်နော် (မှန်ပါတယ်ဆရာ)၊ အားလုံး သင်တန်းသူ သင်တန်းသားမှန်သမျှ ရောက်လောက်ကဲ့လားဟ (ရောက်ရောက်လောက်ပါတယ်ဆရာ)၊ ဒီတန်းကိုလေ (ရောက်လောက်ပါတယ်ဆရာ)၊ မင်း စနည်းများ နာကြည့်ရဲ့လား (နာဖူးပါတယ်ဆရာ)၊ ဟောဗျာ စနည်းနာကြည့်ရတယ်ကွ တော်တော်ရှိုးရိုးအအ မိန်းမသားထဲက စာမတတ် ပေမတတ် ရိုးရိုးအအ,အနေနဲ့ မိန်းမသားဖြစ်ဖြစ် ကိုယ်နဲ့နီးစပ်ရာ နီးစပ်ရာ တီးခေါက်စမ်း။ သင်တန်းလိုက်နေ ဘယ်တန်းများ ရောက်နေပြီ ထင်သလဲ။ ကိုယ့်အချိုးအစားက ဘယ်လောက်ခရီး ရောက်လာပြီ ထင်သလဲ၊ သံသရာထောက်ရာ တည်ရာ ရတယ်လို့ ထင်သလား။ ဂတိမြဲတယ်လို့ ထင်သလား တီးခေါက်စမ်း။ ပေါ်လာလား ဟင်း ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒီနှစ်တော့ ငါတော်တော်လေး ကျေနပ်ပါတယ်။ ဘာကြောင့်လဲ လူသစ်တွေထဲက ထူးထူးဆန်းဆန်းဆို ခုတစ်ပတ်မှလိုက်တဲ့ လူတွေလာပြီးတော့ ကန်တော့ကြ။ တချို့လည်း အစုနဲ့ အစုလိုက် အပြုံလိုက်ပေါ့လေ။ အစုအဝေးနဲ့လာကြ၊ တချို့လည်း တစ်ယောက်တည်း ငါလည်းပဲ ကိုယ်ရည်ရွယ်ချက်ကြီး အောင်မြင်ရဲ့လား မအောင်မြင်ရဲ့လား ဆိုပြီးတော့ ရာခိုင်နှုန်းနဲ့ တွက်တွက်ပြီးတော့ မေးမေးစမ်း။ သံသရာထောက်ရာ တည်ရာများ ရရဲ့လား သင်တန်းလိုက်တာ ဟာ-ရပါတယ်။ ကျွန်တော်တို့ ကျွန်မတို့ တကယ့်ကိုပဲ စိတ်ထဲဝမ်းပမ်းတသာဖြစ်လို့ တို့တော့ အပါယ်လေးပါးတော့ မုချတံခါးပိတ်မယ်။ သံသရာတော့ ထောက်ရာ တည်ရာ ရမယ်ဟဲ့။ သံသရာရေးနဲ့ တွေးလို့ရှိရင် စိတ်လေးစရာ မရှိဘူးဟဲ့ ရပါတယ်၊ ဒီတန်းကတော့ အေး-ဝမ်းသာတယ် ဝမ်းသာတယ် ဒီတန်းရောက်လို့ရှိရင် ဒီတန်းရောက်အောင်လေး ရည်မှန်းပို့နေတာ အောက်ထစ်ဆုံး မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတာထားတော့ သူ့ပါရမီဓာတ်ခံရင့်သန်တဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင် မုချရမယ်။ မဂ်စကား ဖိုလ်စကားတော့ ကိုယ်ပြောကောင်းတဲ့ တာဝန်လည်း မဟုတ်ဘူး။ ဒီတန်းအရောက်ပဲ ဆိုပြီးတော့ ပို့နေတဲ့ သင်တန်းဆိုတော့ ဒီတန်းပဲ လှမ်းလှမ်းလှမ်းလှမ်းပြီးတော့ ထောက်လှမ်းရတယ်။ ဒါဖြင့် ကောင်းပါပြီ၊ ကိုယ့်ကိုယ်ကိုယ် ငါတော့ စူဠသောတာပန်ဖြစ်ပြီ အန္ဓပုထုဇဉ်ဘဝနဲ့ မသေနိုင်တော့ဘူး။ ငါ့ဂတိလည်း မြဲသွားပြီ။ သံသရာထောက်ရာ တည်ရာ ရပြီလို့ ယုံကြည်တော့ ဝမ်းသာပါတယ်။ ဒါပေမယ့် ရုပ်နာမ်ခန္ဓာတော့ ကွဲရဲ့လား ကွဲပါတယ် ကွဲပါတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂိုလ်သတ္တဝါ

http://www.dhammadownload.com



ရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)၊ ဒီအသိလေးတော့ ရှင်းပါတယ်။ ဘယ်တော့မှ မေ့နိုင်စရာအကြောင်း မရှိဘူး ဖြေကြပါတယ်၊ အဖြေများပါတယ်၊ ငါလည်း အများကြီးဝမ်းသာတယ်။ ဩော်-ခုတစ်ပတ်သင်တန်းမှာ လိုက်တဲ့လူသစ်ပင် ဆိုသော်လည်းပဲ လူဟောင်းနဲ့ မခြားပါလားလို့။ မိမိလိုရာတန်းတော့ဖြင့် အဆင့်အတန်းတော့ အမှန်ရောက်ကြပေါ့လို့ တော်တော်ကိုဝမ်းမြောက်။ အဲဒါငါ့ကိုယ်ကလည်း မနေနိုင် မထိုင်နိုင် မေးချင်တယ်။ ဘာပြုလို့ သိချင်တယ် ကိုယ်ကလည်းပဲ ထောက်လှမ်းချင်တယ်ပေါ့လေ။ ဒီသာသနာကြီး လူတိုးလာဟဲ့။ သာသနာလင်းလာဟဲ့ ဘယ်လောက်ပုဂ္ဂိုလ်တွေ များလာပြီဟဲ့။ ငါကြိုးစားတဲ့ အကျိုးတော့ နပ်ပဟဲ့။ အဲဒီလို သိချင်လို့တဲ့ ထောက်လှမ်းချင်တဲ့ အနေအားဖြင့် မေးတာ စမ်းတာပါလို့။ အဲဒီလိုမေးတဲ့ စမ်းတဲ့ အကြောင်းကြားရင်ပဲ နှစ်စဉ်မပြတ် အစုလိုက် အပြုံလိုက် လာနေကြ ကန်တော့နေကြလူတွေ ဒီတစ်ခါ ပေါ်မလာဘူး။ ကန်တော့ပွဲနဲ့ လူသုံးယောက်လွှတ်လိုက်တယ်။ ဟာ ဒီတစ်ခါတော့ ထူးလှချေလား၊ ခါတိုင်းကျ အစုလိုက် အပြုံလိုက် အိမ်မဆန့် ယာဂဆန့် ဆိုသလိုပါပဲ၊ ဒီတစ်ခါ ကန်တော့ပွဲနဲ့ လူသုံးယောက် ဘယ်နဲ့တုံးခေါ်မရဘူးတဲ့။ ဘာပြုလို့တုံး ဆရာက မေးတယ် ပြောလို့တဲ့။ ဩော်- ငါတော့ခက်ပေါ့။ မေးတာကတကယ့်ခဲဆစ်ခဲရာအနေအားဖြင့် မေးမေးနေတာ မဟုတ်ပါဘူး။ ဒီလောက်လည်း ကြောက် မနေပါနဲ့။ ငါလည်း ကျားမဟုတ်ပါဖူးကွ နော် (မှန်ပါတယ်ဆရာ)၊ သင့်ရုံလောက်ကလေး တီးခေါက်စမ်း တာပါ။ အဆင့်အတန်းလေး သိချင်လို့ ဒီလို နည်းနည်းပါးပါးလေး တီးခေါက်စမ်းလိုက်တယ်ဆိုတော့ ထွက်လာတဲ့ အသံကြားရင် ကိုယ်ကနားလည်တယ်နော် (မှန်ပါတယ်ဆရာ)၊ အားပါးတရ ပြောတာလို့ လှိုက်လှိုက်လှဲလှဲနဲ့ ဝမ်းပန်းတသာပြော။ ဒီက မေးလိုက်ရင် သိတယ် သိတယ်၊ သူ့အချိုးအားဖြင့် သူတကယ် ယုံကြည်မှုကြီးနဲ့ ဒီသင်တန်းလိုက်ရခြင်းကြောင့် သူသံသရာ ထောက်ရာ တည်ရာ ရနေပြီဆိုတာ သူ့ဝမ်းပန်းတသာဖြစ်လို့ ပြောတာ။ အသံထွက် ငါက ဖမ်းဖမ်းကြည့်တယ်။ မစစ်ပါဘူး ခဲရာခဲဆစ်လျှောက်ပြီးတော့ မေးလား စမ်းလား မဟုတ်ပါဘူး။ နောက်တစ်ခါ မလာပဲ မနေကြနဲ့နော်။ မမေးပါဘူး၊ မမေးပါဘူး ဟုတ်လား (မှန်ပါတယ်ဆရာ)။

တချို့တော့ အဲဒီထဲ နည်းနည်းပါးပါးတော့ ပါသေးတယ်ပေါ့ကွာ။ ဝေ့လည်ကြောင်ပတ်မို့လို့ သိပ်လည်းပြတ်သားဟန် မတူပါဘူး။ သင်တန်းလိုက်ရတာ ဘယ့်နဲ့တုံး။ သံသရာများ ထောက်ရာတည်ရာ ရသလား။ အဲ-အဲ သံသရာထောက်ရာ တည်ရာ အဲ-ရပါရဲ့ ဒီလိုကို။ အဲ-အဲ ဆိုတာကဈေးကိုင်တယ် ငါကသိတယ် ဟင်း (မှန်ပါတယ်ဆရာ)၊ မပြတ်သားဘဲ ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ မပြတ်သားတော့ သိပ်မရဲဘူး။ သူ့အသံထွက်က သက်သေခံပြနေတာ။ အဲ အဲ လုပ်နေတည်းက

http://www.dhammadownload.com



တယ်မဟုတ်ဘူး။ ဒီလို နေရာကျတော့ ငါ့တိုတိုတုပ်တုပ် အလုပ်လုပ်ရတာပေါ့ကွာ။ အဲ-တော်ပြီလေ မလိုက်ဘဲနေတာ စာရင်တော့ပေါ့။ ကြိုးစားလိုက် ကြိုးစာလိုက်၊ နာရတဲ့ ကုသိုလ်ဆို နည်းတယ်မှတ်လို့ ဒီလိုနဲ့ ပြီးရတာပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ဘယ်ခရေစေ့တွင်းကျ ပုဒ်ပါဌ် အက္ခရာ အနေအထား တွေနဲ့ စစ်ဆေးမေးမြန်းနေလို့ ဖြစ်နိုင်ပဲ့မတုံးဟာ။ မမေးပါဘူး ဒီလိုလဲ မလုပ်ပါဘူး။ တချို့ကလည်း မေးမှာ စမ်းမှာ ကြောက်တာနဲ့ ငါ့ဆီမလာဘူးတဲ့ကွယ် ခက်မှခက်ရပလေ။

ဒါကြောင့် ခု သမ္မောဟအဋ္ဌကထာ သတိပဋ္ဌာန်အဖွင့်က ဝိဘင်းကပြသွားတဲ့ ပါဠိအရဆိုလို့ရှိရင် တို့သင်တန်းသူ သင်တန်းသားများဟာ သင်တန်းတစ်ပတ် သည်းခံပြီး လိုက်ရရင် လိုက်ရကျိုးနပ်ပါ တယ်လို့ မနပ်ဖူးလား (နပ်ပါတယ်ဆရာ)၊ အဲဒါ မလိုက်သေးတဲ့ ပုဂ္ဂိုလ်များလည်း အားကျအောင် ပြောပေ့ါကွာနော် (မှန်ပါတယ်ဆရာ)၊ မေတ္တာနဲ့ကရုဏာနဲ့ ရှေ့ထားပြီးတော့ ဒီတစ်ပတ်တော့ သင်တန်း လိုက်ဖြစ်အောင် လိုက်စမ်းကွာ။ မင်း ငါအင်မတန် ချစ်လွန်လွန်းလို့ပြောတာဟော့၊ လိုက်ကြည့်စမ်း၊ လိုက်ကြည့်စမ်း၊ မင်းနောက်တော့ မလိုက်ချင်နေ၊ လိုက်မိတဲ့အချိန်ကျတော့ လေးရက်တန်တယ် ငါးရက် တန်တယ် ခြောက်ရက်တန်တယ် ဆိုသလို ခုနစ်ရက်လောက်ပေ့ါကွာ သီတင်းတစ်ပတ်လောက် မင်းလိုက်ကြည့်။ အဲဒါ ခုနစ်ရက် တစ်ပတ်လောက် လိုက်ကြည့်၊ မကြိုက်တော့ မင်းမလိုက်ဘဲနေပေ့ါ ကွ။ အဲဒါ မင်း ငါအင်မတန် ချစ်လွန်လွန်းလို့ ပြောတာ၊ ဒီလို ပြောပေး နော် (မှန်ပါတယ်ဆရာ)၊ ဒီလို ပြောပြီးခေါ်၊ ကိုယ်လည်း အကျိုးများတယ်။ ဒါ တို့များက မတိုက်တွန်းရပါဘူးကွာ။ ဘယ်သူ ဖြစ်ဖြစ် ကိုယ်မှာ အင်မတန်မွန်မြတ်တဲ့ ရူပါရုံမြင်ရရင်၊ သို့မဟုတ် သဒ္ဒါရုံ အသံကြားရရင်၊ ဂန္ဓာရုံ အနံ့ နံရရင်၊ ရသာရုံ အရသာလေး စားရရင်၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိလေး တွေ့ရရင် နော် (မှန်ပါတယ် ဆရာ)၊ အထူးတလည်အနေအားဖြင့် အမြတ်ဆုံးဆိုတဲ့ သဘောလေးတွေ တွေ့ပလား ကြုံပလား ဆိုမှဖြင့် ဘယ်သူ့အရင် သတိရသလဲဆို ကိုယ်အချစ်ဆုံးလူ သွားသတိရတယ်တဲ့ နားလည်လား (နားလည် ပါတယ်ဆရာ)၊ ငါကတော့ မြင်ရပေ့ါကွာ၊ ဘယ်သူတော့ မြင်စေချင်လိုက်တာဟ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒီလိုလာတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။

အစားကောင်းလေး စားရအုံးတော့ ငါကတော့ စားရကောင်းလိုက်တဲ့ အရသာတွေကွာ ဘယ်သူတော့ စားစေချင်လိုက်တာ အချစ်ဆုံးသောပုဂ္ဂိုလ်ပြန်ပြန်ပြီးတော့ သတိရတယ် နော် (မှန်ပါ တယ်ဆရာ)၊ စားစေချင်တယ်တဲ့၊ အချစ်ဆုံးသော ပုဂ္ဂိုလ်ပြန်ပြန်သတိရတယ်တဲ့။ အဲဒါ ဝတ္ထုရားပဲ သူငယ်ချင်းဖြင့်လဲ သူငယ်ချင်းပေ့ါ၊ မိတ်ဆွေဖြင့်လည်း မိတ်ဆွေပေ့ါ။ ဆွေမျိုးဉာတိဆိုလည်း ဆွေမျိုး ဉာတိပေ့ါ၊ သို့မဟုတ် မိမိသားမယားဖြင့်လည်း သားမယားပေ့ါ။ မိမိလင်သားဖြစ်လည်း လင်သားပေ့ါ။

http://www.dhammadownload.com



ဘယ်သူဖြစ်ဖြစ် လောကအချစ်ဆုံးတဲ့။ တစ်ယောက်တော့ ရှိတယ်မဟုတ်လား (ရှိပါတယ်ဆရာ)၊ အစားကောင်းလေး စားရင်ဘယ်သူ့အရင်အမှတ်ရ (ကိုယ့်အချစ်ဆုံးသူငယ်ချင်း အမှတ်ရပါတယ်ဆရာ)၊ သူငယ်ချင်း မင်းဘုရားစူး။ ဒါမင်း ငါ့ကြောင်တောင်လိမ်တာ အစားကောင်းလေး မွန်မွန်မြတ်မြတ် စားရတော့ ဘယ်သူ့အရင် သတိရတုံး (မိန်းမအရင် အမှတ်ရပါတယ်ဆရာ)၊ အဲသလို လုပ်စမ်းပါ တည့်တည့်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အချစ်ဆုံး အရင်သတိရမှာပေါ့ (မှန်ပါတယ်ဆရာ)၊ ငါ့တော့ စားရပြီ၊ ဒင်းတော့ ငါစားစေချင်လိုက်တာ အရသာကောင်းလေးကိုးကွ နော် (မှန်ပါတယ် ဆရာ)၊ အကယ်တန္တု မိန်းမမရှိဘူးဆိုပါတော့ အချစ်ဆုံးမိဘဖြစ်စေ၊ မိတ်ဆွေသင်္ဂဟဖြစ်စေ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီကောင်ကတော့ ဘာမှ သိဟန်မတူဘူးကွ ဖြစ်မှဖြစ်ရလေ သန်းဖေရာ သဉ်္ဉါရကြောင့် ဖြစ်တဲ့ဝိညာဏ်ဆိုတော့ ဘာတွေရတုံး။ တရားကိုယ်ကောက်တော့ (ပဋိသန္ဓေစိတ် ဆယ့်ကိုးရယ်)၊ အောင်မလေးဟဲ့ (ကမ္မဇရုပ်နှစ်ဆယ်ရယ်ရပါတယ်ဆရာ)။ လောကအချစ်ဆုံး အချစ် ဆုံး အဆင့်အတန်းနဲ့ သွားတာ။ အဲဒါ ထုံးစံပဲတဲ့။ ဒါကြောင့် -

တို့ ဘုရားလောင်းက အခါတစ်ပါးမှာ အမတ်ပညာရှိဖြစ်၊ ရှင်ဘုရင်အပါး ခစားနေရင်းမတ္တ တစ်နေ့ သောအခါ ဝိုင်းပြီးဂုံးချောကြတော့ ရှင်ဘုရင်က မျက်နှာညိုတယ်။ မျက်နှာညို မျက်နှာအိုတော့ သြော်- ငါ့အတွက်ဖြင့် ရှင်ဘုရင် မသက်မသာဖြစ်ပေါ့၊ အထင်အမြင်လွဲပေါ့။ မျက်နှာညို မျက်နှာအို ရုံတင်မကဘူး၊ တောရွာ ဇနပုဒ် နှင်ထုတ်လိုက်တယ်၊ သွားတော့ ငါ့တိုင်းတွင်း ပြည်တွင်း မနေရ၊ သို့ကလောက်တောင် အကျင့်ဆိုးရှိတဲ့အမတ် ငါ့နားမကပ်နဲ့ဆို၊ ရှင်ဘုရင်က နှင်ထုတ်တယ်။ ဒါပေမယ့် အင်မတန် ရှင်ဘုရင်ကြည်ညိုတာ၊ ရှင်ဘုရင်ကလည်း ဒီအမတ်ကို အင်မတန်ကြည်ညိုတယ်။ တောရွာ ဇနပုဒ် ရုပ်ဖျက်ပြီး သွားနေရှာရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုနဲ့နေတော့ ရက်ပေါင်းများစွာ လပေါင်းများစွာလေး ကြာလာတော့ လလေးအတော်အတန်ကြာလာတော့ ရှင်ဘုရင်လည်း လွမ်း၊ ငါ့အရှင်သခင် ငါ့အရှင်သခင်နဲ့ မေတ္တာပါပို့လို့ အဝေးကနေပြီးတော့ မေတ္တာနဲ့ပို့လို့ အင်မတန်မှ လွမ်းဆွတ်တယ်၊ ဘယ်လိုနည်းနဲ့ ရှင်ဘုရင်ထံ ပြန်ပြီးတော့ ငါ့ရောက်ရပ့ါမလဲ။ တစ်နေ့သော အခါကြတော့ တစ်ယောက်က ကျီးသေလေး ပုံ့သကူကောက်လာတာ မြင်တော့ သူက မေးတယ် - ဟေ့ သူငယ် အဲဒီကျီးသေလေး ငါ့အသပြာငါးပဲနဲ့ ရောင်းပါကွယ်၊ ဟာ ရောင်းတာ ပေါ့ခင်ဗျာ၊ ကျီးသေဆိုတာ တန်ဖိုးရှိတာမှ မဟုတ်ဘဲနော် (မှန်ပါတယ်ဆရာ)၊ ဒီကျီးကန်းသေလေး အမွေးပါနှုတ် ရေမိုးပါ စင်ကြယ်ဆေးကြော သန့်သန့်ရှင်းရှင်းလုပ်ပြီးတော့ ကင်ကျကျနန၊ ဘုရားလောင်းအမတ်က ကျကျနန ကင်ပြီးတော့မှ ကျက်လောက်ပြီ ဆိုတော့မှ တောတွင်းသားတစ် ယောက်ကို နန်းတော်ထဲက

http://www.dhammadownload.com



ရှင်ဘုရင်သွား အဆက်ခိုင်းတယ်။ အမတ်ပညာရှိက ဆက်ခိုင်းတာပါလို့ အရှင်ဘုရား ခက်တောင့် ခက်ယဉ်း ရခဲတဲ့အစာမို့လို့၊ မွန်မြတ်လွန်လွန်းလို့၊ ကောင်းလွန်လွန်းလို့ ဒါကြောင့် အရှင်ဘုရားထံ အရောက်ဆက်သခိုင်းလို့ ဘုရားကျွန်တော်မျိုး လာဆက်သရပါတယ်ပြော။ ဒီကနေ ကျီးကန်းအကင် လေးယူပြီးတော့ တောတွင်းသားကပြေး၊ ပြေးပြီးတော့ ရှင်ဘုရင်နန်းတော် တံခါးမှူး အကျိုးအကြောင်း ပြောဝင်။ ဝင်ပြီးတော့ ရှင်ဘုရင်သွားဆက် ကိုယ်ထိလက်ရောက်၊ ဟာ - ဘာတုံးဟ တောတွင်းသား၊ မှန်လှပါ ဘုန်းတော်ကြောင့် အရှင်မင်းကြီးရဲ့အမတ်က အဆက်ကပ်ခိုင်းလို့ ပါဘုရား။ ဒါ ဘာသား တုံးကွ၊ ဘာကင်တုံး၊ ကျီးကန်းသားပါဘုရား။ ပညာရှိချင်းကြတော့ တယ်သိ။ ကျီးကန်းသားအကင်လေး ကိုင်ပြီးတော့ သေသေချာချာကြည့်။ ခုခေတ်လိုဖြင့် အခက်သား နော် (မှန်ပါတယ်ဆရာ)၊ ငါ့မလေး မစား လုပ်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရှင်ဘုရင်ကလည်း ပညာရှိ၊ အမတ်ကလည်း ပညာရှိ သိတယ်၊ သြော်-ဘာဖြစ်ဖြစ် စားကောင်း သောက်ဖွယ်လေးများ အမြတ်တနိုးရလို့ရှိရင်တဲ့ ကိုယ့်ချစ်တဲ့လူကို အရင်ပြေးပြီး သတိရစမြဲလို့ ရှင်ဘုရင်က စဉ်းစားတယ်နော် (မှန်ပါတယ်ဆရာ)။

အခု ငါ့အမတ်ဟာ ငါ့အပေါ် တော်တော်ချစ်ဟန်တူတယ်တဲ့။ ဘာမှ တန်ဖိုးမရှိတဲ့ ကျီးသား လေးကင်ထားတဲ့ ကျီးသားကင်လေးတောင်ပဲ ငါ့ထံ အရောက်ပို့ စားစေချင်လွန်းလို့ ဟုတ်ကဲ့ လား (မှန်ပါတယ်ဆရာ)၊ ဒါထက် တန်ဖိုးရှိတဲ့ စားကောင်းသောက်ဖွယ်ဆိုရင်ဖြင့် ဘယ်ဆိုဖွယ်ရာရှိတော့ မလဲတဲ့။ ဆယ်ဆထမ်းပိုး ပိုပြီးတော့ ငါ့အမှတ်ရမှာပေါ့။ ပညာရှိ အယူကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့မှ အမတ်ပညာရှိ တောတွင်းကပြန်ခေါ်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လက်ရှိ ရာထူးဌာနန္တရ ပြန်ချီးမြှင့်တော်မူတယ်။ အဲဒီထုံးဝတ္ထု သက်သေသာဓက ရှိတယ်။ ဒါကြောင့် အစား ကောင်းလေးစားရရင် မိမိစားရလို့ရှိရင် အချစ်ဆုံးသောပုဂ္ဂိုလ်ရဲ့မျက်နှာ ပြန်မြင်တယ် မမြင်ဖူးလား (မြင်ပါတယ်ဆရာ)၊ မှတ်ထား မှတ်ထား၊ ဒီအတိုင်းပဲ တို့လူတို့ အခု သင်တန်းကြီးမှာ စုံတွဲပါတဲ့ ပုဂ္ဂိုလ်ပါတယ်၊ စုံမတွဲဘဲနဲ့ လာတဲ့ပုဂ္ဂိုလ်လည်း လာကြတယ်နော် (မှန်ပါတယ်ဆရာ)၊ ယောကျ်ားက လာတယ်၊ မိန်းမက သင်တန်းမလိုက်ဘူး။ ကတ်တီးကတ်ဖဲ့လုပ်နေ၊ ယောကျ်ားက လာတော့ ယောကျ်ားက တရားအရသာ မသိဘူးလား (သိပါတယ်ဆရာ)၊ ကောင်းလိုက်တာကွာ။ သင်တန်း ကယ်ပေလို့ မကယ်ရင် ငါတော့ အပါယ်တန်းလို့ ဟုတ်ဖူးလားကွ (ဟုတ်ပါတယ်ဆရာ)၊ ဟုတ်တာတွေ ငါကလည်း ပြောနေတာ၊ သင်တန်းမကယ်ရင် အပါယ်တန်းလို့ မဟုတ်လား (တန်းလို့ပါဆရာ)၊ တားလို့ရပါအုံးမလား (မရပါဘူးဆရာ)၊ ဘယ့်နဲ့နည်းမှ မရဘူးဆိုတာ မှတ်ထား။ ဝိနိပါတဘေးက ပြေးမလွတ်ဘူး။ သင်တန်းကယ်ပေလို့ မကယ်ရင် ငါအပယ်တန်းလို့ နည်းနည်းလေးလိုတော့တယ်။

http://www.dhammadownload.com



လိုက်မိလို့ဟာနော် လိုက်မိလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မလိုက်မိဘဲနဲ့ ကိုယ့်ကိုယ် လူရည်လည်ကြီး လုပ်ပြီးတော့ ယောင်လည်ယောင်လည်သာနေရင်တော့ အပါယ်တန်းလို့။ ခုတော့ အသေဖြောင့် အနေဖြောင့် ကောင်းလိုက်တာ၊ မသိဘူးတာတွေ သိရ၊ မမြင်ဘူးတာတွေ မြင်ရ၊ မကြားဘူးတာတွေ ကြားရ၊ နားမလည်ဘူးတာတွေ လည်ရ၊ အရသာရှိလိုက်တာ ဘယ်လိုမှန်း မသိဘူး။ အရင်နဲ့လည်း မတူဘူး။ ငါ့ချမ်းသာလိုက်တာ ဘယ်လိုမှန်းမသိဘူး။ အရသာထူးတွေ မတွေ့ဖူးဘူးလား (တွေ့ပါတယ်ဆရာ)၊ တွေ့တော့ ဘယ်သူပြန်သတိရ (ကိုယ့်ချစ်တဲ့လူ သတိပြန်ရပါတယ်ဆရာ)၊ ချစ်တဲ့လူ ပြန်သတိရတော့ ဒီလိုပဲ ပရိယာယ်အားဖြင့် ဖြားယောင်းပြီးတော့ တစ်စတစ်စနဲ့ သိမ်းသွင်းရတယ်နော် (မှန်ပါတယ်ဆရာ)။

ကိုယ့်အိမ်သူဖြစ်လည်းပဲ ချော့မော့ ဖြားယောင်း ရတယ်။ အိမ်သူချော့မော့ ဖြားယောင်းတာ အလွယ်လေးပါကွာ။ သင်တန်းပါစေချင် မင်းငါ့ချစ်သမှ ဟောဒီဘဝ ချစ်တာ မဟုတ်ဘူး။ တကယ့်ကို ဘဝအဆက်ဆက် ဘဝကုန်ဆုံးလို့ လုံးလုံးကြီးနိဗ္ဗာန် အတူဝင်တဲ့ အချိန် ထိအောင် ငါချစ်လွန်းလို့ပါကွာ ပါတယ် မပါဖူးလားကွာ (ပါမှာပါဆရာ)၊ တချို့က တစ်ဘဝလောက် အောက်မေ့နေတာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒီဘဝသာ ရေစက်ဆုံလို့ ပေါင်းနေရတာပါ။ ဒီဘဝသာ ချစ်နေတာပါ၊ ဟိုဘဝ ဟိုဘဝကြတော့ ကိုယ့်လမ်းကိုယ် သွားနေတာ၊ သူ့လမ်းသူ သွားတာပဲ။ လူမိုက်တွေးက ဒီလိုသွားနေတာ မတွေးဖူးလား (တွေးပါတယ်ဆရာ)၊ ဟိုဘဝ ဟိုဘဝကြတော့ တွေ့တာမဟုတ်ပါဘူး။ ကြုံတာမဟုတ်ပါဘူး ဒီလိုမှတ်။ အဲဒီတော့ ဒီလိုမဟုတ်ဘူး၊ ငါ့မေတ္တာက မင်းအပေါ် ချစ်ထားတဲ့ မေတ္တာက ဒီတစ်ဘဝတွင် အောက်မေ့တာ မဟုတ်ပါဘူး ချစ်တာ မဟုတ်ပါဘူး။ ဘဝအဆက်ဆက်၊ အဆက်ဆက် အဲသလိုပဲ မကွဲမကွာ မကွေမကွာဘဲနဲ့ အတူတကွ ပေါင်းသင်းဆက်ဆံပြီးတော့ နိဗ္ဗာန်ကို အတူတကွ ဝင်လိုတဲ့ အချိန်ထိအောင် ငါက မင်းအပေါ် ချစ်ပါတယ်ဆို၊ ပါရမယ်၊ မပါဖူးလား (ပါမှာပါဆရာ)၊ ပါမှာပဲဆို ပါအောင် ခေါ်ရမှာနော် (မှန်ပါတယ်ဆရာ)၊ ပါလာ၊ ပါလာတော့ အဆင်မပြေဘူးလား (ပြေပါတယ်ဆရာ)၊ သူလည်း ဒီတရားရသွား။ ကိုယ့်လည်းပဲ ကိုယ်ချစ်တဲ့ အကျိုးလည်းနပ်သွားနော် (မှန်ပါတယ်ဆရာ)၊ ယောကျ်ားမပါလို့ မိန်းမ ချည်းလိုက်လာပြန်လည်း ဒီအတိုင်း ဘာမှ မထူးဘူး။ ဒီတိုင်းသာပြော၊ တချို့တော့ ဒီလို မဟုတ်ဘူးတဲ့။ တရားသိတော့ မိန်းမက သင်တန်းလိုက် တရားသိ၊ အိမ်ကလူတွေက မလိုက်ဘူး။ ဂျစ်တီးဂျစ်ကန်ကြီးနဲ့ ကိုးလိုးကန့်လန့်ပြော။ ဒီတော့ ဘာဖြစ် မိန်းမက စိတ်ဆိုးတယ်။ ခေါ်လို့လဲမရ တစ်ကြိမ်နှစ်ကြိမ် သုံးလေးကြိမ် ဆိုသလိုခေါ်လို့က မရတော့ ပေလယျာကံထားတယ်၊ ဟ - နင်အိမ်ကလူများ ခေါ်ပါ လားဟ သင်တန်း၊ မခေါ် ချင်ပါဘူး။ သူ့လမ်းသူ

http://www.dhammadownload.com



သွားမှာ မထူးပါဘူး ဟင်း ဟင်း နော် (မှန်ပါတယ်ဆရာ)၊ တယ်မုန်းမယ် ထင်တယ်နော် ပြောပုံ၊ မခေါ်ချင်ပါဘူး၊ သူ့လမ်းသူသွားမှာ မထူးပါဘူးတဲ့၊ ကိုယ့်လမ်းကိုယ်သွားကြမှာပါ၊ ဘာမှမထူးဘူးတဲ့၊ သူ့ဟာသူဖြစ်ချင်ရာဖြစ်၊ နစ်ချင်ရာနစ်၊ ဟော - ဒီလို ဖြစ်နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုနေတော့ ဘယ့်နှဲ့ဖြစ်လဲဆိုတော့ မိန်းမက တရားမြင်တယ်၊ ယောကျ်ားက တရားမမြင် အန္ဓ၊ နေရတဲ့ မခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ တစ်ဆူဆူ တပွက်ပွက် တကျက်ကျက်လို့ မကောင်းဘူး ဒီလိုနေတာ အမှန်က အဆင်ပြေစေရမယ်။ ဟော နှစ်ယောက်စလုံး ညီညီညာညာ လိုက်လာပြီလားဆိုတော့ တရားနှစ်ယောက်စလုံး သိပြီလားဆိုမှဖြင့် အဆင်ကိုပြေလို့ မပြေဖူးလား (ပြေပါတယ်ဆရာ)၊ သင်တန်းတော်တော်နုစတုန်းက ငါမကြာမကြာ ကြားပါတယ်။ မိန်းမက သင်တန်းလိုက်၊ ယောကျ်ားက သောက်စားမူးယစ်၊ မိန်းမက သင်တန်းအပျက်မခံ ညစဉ်မှန်မှန်သွား။ အဲဒါ ယောကျ်ားခေါ်၊ ယောကျ်ားက သင်တန်း သူကိုယ်တိုင်မလိုက်တဲ့အပြင် မိန်းမ မာန်မာန်ရိုက်သေး နော် (မှန်ပါတယ်ဆရာ)၊ အဲဒါမျိုးတွေ အဆင်မပြောမှုတွေ မသေမချင်း အဆင်မပြေ ဖြစ်တတ်တယ်လို့။

ဒါကြောင့်လည်း အဆင်ပြေအောင် အစစအရာရာ လက်ချီလက်ချညီအောင် အတိုင်အဖောက်လည်း ရအောင် လင်စုံမယားဖက် သင်တန်းတက်ပြီဆိုတော့ ဆွေနွေးစရာလူတောင် တခြားမရှာရဘူးနော် (မှန်ပါတယ်ဆရာ)၊ ကိုယ်အချင်းချင်း ဆွေးနွေးနေ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အင်မတန်ကောင်း အင်မတန်ကောင်း။ အဲဒါ အရိယာချင်းတွေလိုပဲလို့ အင်မတန်လည်းပဲ ကြည်လင်သန့်ရှင်းတယ်၊ ပျော်မွေ့စရာလည်းကောင်းတယ် ခေါ်တယ် တရားနဲ့မွေ့လျော်ခြင်း။ ဒါကြောင့်လည်းပဲ အခုနစောစောကပြောသလို ကိုယ်ကိုယ်တိုင်ကတော့ သံသရာကြီး ထောက်ရာတည်ရာရ၊ ဝမ်းမြောက်ဝမ်းသာဖြစ်လို့ ကိုယ်ကိုယ်တိုင်ထောက်ရာတည်ရာ ရသလို ကိုယ်အချစ်ဆုံးဆိုတဲ့ အိမ်သူအိမ်သားများနှင့်တကွ မိတ်ဆွေသင်္ဂဟများလည်း ပါအောင် ဆွဲဆောင်ကြပါလို့ ကိုယ်လည်း အင်မတန်သာသနာပြုတဲ့ ကုသိုလ်ကြီးလည်း ရပါတယ် နော် (မှန်ပါတယ်ဆရာ)၊ သာသနာတစ်ဘက် တစ်လှမ်းက ပြုတယ်လို့ ခေါ်တယ်။ သာသနာပြုတဲ့ ကုသိုလ်ကြီးလည်း ရပါတယ်။ ပေလာယျက်မထားကြပါနဲ့လို့။ ပေလာယျက်ထားလည်း ဒီလိုမိုက်လျက်မိုက်လျက်နေတာပဲ ဘာမှ မထူးဘူး။ ဒီတော့ သနားစရာကောင်းတယ်။ သတ္တဝါတစ်ဦးတစ်ယောက်အဖို့ ဝေဖန်ကြည့်မယ် ဆိုလို့ရှိရင် -

ငါတစ်နေ့ညက ပြောသလို လူမမယ်ကလေးငယ်လေးက အလံတစ်ရာလောက်နက်တဲ့ ချောက်ကမ်းပါးကြီးဘက် အတားအဆီးမရှိတဲ့ဘက် တစ်ရွေ့ရွေ့သွားနေတာ ဘေးကမြင်ရတဲ့လူကြီးလိုပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ စဉ်းစားကြည့် အင်မတန် သနားစရာကောင်းတယ်။ သေရင် အပါယ်သွားမှာ၊

http://www.dhammadownload.com



သေရင် အပါယ်သွားမှာ၊ သွားတော့မှာ၊ သွားတော့မှာ ကျတော့မှာ၊ ကျတော့မှာနဲ့ ဒီလိုနေတာ။ ဒါကြောင့် ခုရောက်ထားတဲ့ တန်းကလေးတွေ ပြန်ပြန်ပြီးတော့လက်ချိုး၊ ပြန်ပြန်ပြီးတော့ တန်ဖိုးတွက်။ ဘယ်လောက်နှစ်သက်စရာကောင်း၊ ဘယ်လောက်ဝမ်းမြောက်စရာကောင်း သေပျော်နေပျော်ဟဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

ဧဝံ သန္တိရေ သလ္လက္ခေတွာ ဌိတဿ ပန ဘိက္ခုနော ဒသဗလဿ သာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ။ ပတိဋ္ဌလဒ္ဓါ နာမ, စူဠသောတာပန္နော နာမ နိယတဂတိကော။

ဧဝံ၊ ဤသို့။ သန္တိရေ ရုပ်နာမ်ဓမ္မ သန္တိရတို့ကို။ သလ္လက္ခေတွာ၊ ပိုင်းခြားမှတ်သား၍။ ဌိတဿ၊ တည်သော။ ဘိက္ခုနော ပန၊ ရဟန်းအားကား။ ဒသဗလဿ၊ အားတော်ဆယ်တန် ဉာဏ်တော် ဆယ်ပါးနဲ့ ပြည့်စုံသော မြတ်စွာဘုရားကိုယ်တော်မြတ်၏ သာသနာတော်မြတ်၌။ မူလံ၊ အမြစ်အရင်း အတွင်းကျကျဖြစ်လို့ မူလသည်။ ဩတိဏ္ဏံ နာမ၊ သက်ရောက်ခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ သာသနာတွင်း သက်ဆင်းသွားပြီတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါမှ သာသနာအတွင်းလူတဲ့။ အဲဒီ သာသနာအတွင်းလူနဲ့ သာသနာအပြင်လူ ခွဲထားတာလေးကိုပဲ ကွဲကွဲပြားပြား မှတ်သားရင် အင်မတန် ဝမ်းနည်းစရာကောင်းတယ်။ သာသနာအတွင်း ကျပြီးတဲ့ တို့သင်တန်းသားက ဝမ်းသာစရာ ကောင်းတယ်၊ မကောင်းဖူးလား (ကောင်းပါတယ်ဆရာ)၊ မှတ်ထားနော် သေသေချာချာ၊ တန်ဖိုး လေးက ဒီကစခွဲပေးတာ။ ပတိဋ္ဌာ လဒ္ဓါ နာမ၊ ထောက်ရာတည်ရာ ရသွားပြီတဲ့ သံသရာ မနစ်မွန်းတော့ ဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "ပတိဋ္ဌာ လဒ္ဓါ နာမ"ဆိုတဲ့ အကြောင်းလည်း အဿာသ၊ သက်သာရာရတာနဲ့ ထောက်ရာတည်ရာ ရတာလဲ ငါဖွင့်ပြောခဲ့ပေါ့။ ပတိဋ္ဌာ လဒ္ဓါ နာမ၊ ထောက်ရာ တည်ရာရသည်။ ဟောတိ၊ ဖြစ်၏။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ။ ဖြစ်၏။ နိယတဂတိကော၊ မြဲသော ဂတိရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒီတန်းရောက်အောင်ပို့နေတာ လို့၊ ဒီတန်းရောက်အောင်ပို့တာ ရောက်ကြရဲ့လား ရောက်တာပေါ့။ ဘာပြုလို့ရောက်၊ ဒီသင်တန်း ရောက်လို့ အဓိပ္ပါယ်တ္ထသိရင် ရောက်တာပေါ့။ ဘယ်နှဲ့သိ အတိတ်တစ်သံသရာလုံးလည်း ပြန်ကြည့် လိုက်ရင် အကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးရှိ မဟုတ်ဖူးလားဟ (မှန်ပါတယ်ဆရာ)၊ ခုရောက်ဆဲ ပစ္စုပ္ပန်ဘဝကြည့်လိုက် အကြောင်းတရား အကျိုးတရားနှစ်ပါးရှိ၊ နောင်ဖြစ်အံ့မယ်ဆိုတဲ့ နိဗ္ဗာန် ဒုတ်ဒုတ်ထိ အနာဂတ် သံသရာကြီးကြည့်ပြန်လည်း အကြောင်းနဲ့အကျိုးတရား နှစ်ပါးရှိ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ့ပြင် ဘာရှိသေးတုံး (ဘာမှမရှိပါဘူးဆရာ)၊ အေး- ဒါသိရင် ဒီလို ဖြစ်ပါတယ်

http://www.dhammadownload.com



ဆိုတော့ ဘုရားစကားမယုံရင် ဘုရားစကား ပုံကန်ရာရောက်တယ်။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါလေးသိဖို့ အရေးကြီးတာ။

ဒါကြောင့် ဒီအသိလေး မြဲမြဲကြီး ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားကြပါလို့။ မကြာမကြာလည်း ပြန်ပြန်တွေးတွေးတွေးပေး။ ဒီဝမ်းသာစရာ အရေးလေးတွေ တွေးတွေးတွေးနေတာ အင်မတန်တန်ဖိုးရှိတယ်။ ဒီပြင်ဟာတွေ တွေးမနေနဲ့နော် (မှန်ပါတယ်ဆရာ)၊ အေး-ဒါအခု ဇာတိ ဇရာ မရဏ ဆိုတဲ့ သုံးပုဒ်နဲ့ ပတ်သက်ပြီးတော့ ဘေးကထွက်သွားတဲ့ အဓိပ္ပါယတ္ထပေါ်ကွာနော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ဇာတိ ဇရာ မရဏ ပဋိစ္စသမုပ္ပါဒ် အင်္ဂါအနေအားဖြင့် ဆယ့်နှစ်ပါးကုန်ရော့။ ဒါပေမယ့် သံသရာစက်ကြီးကို အဆက်မပြတ်လည်ရာကျတော့ တရားငါးပါးတိုးလာ။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ တရားငါးပါး တိုးလာတယ်လား (တိုးလာပါတယ်ဆရာ)၊ ဒီတရားငါးပါးဟာ ဘယ်သူကြောင့်ဖြစ်တုံး (ဇာတိကြောင့်ပါဆရာ)၊ အေး-ဇာတိကြောင့် ဇာတိရတဲ့ ပုဂ္ဂိုလ်ဖြစ်တတ်တယ်လား (ဖြစ်တတ်ပါတယ်ဆရာ)၊ ဇာတိရတဲ့ပုဂ္ဂိုလ်တိုင်း ဖြစ်သလား (မဖြစ်ပါဘူးဆရာ)၊ ဇာတိရတဲ့ပုဂ္ဂိုလ်တိုင်း မဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)၊ ဖြစ်တယ့်ပုဂ္ဂိုလ်ဖြစ်တယ်လား (ဖြစ်ပါတယ်ဆရာ)၊ ဟုတ်ပြီ ဒါဖြင့် သူဇာတိရဲ့ မုချအကျိုးလို့ ခေါ်နိုင်ပါ့မလား (မခေါ်နိုင်ပါဘူးဆရာ)၊ မုချအကျိုးမဟုတ်ဘူးနော် (မဟုတ်ပါဘူးဆရာ)၊ ဇာတိရတဲ့ပုဂ္ဂိုလ်တိုင်း ဖြစ်ချင်မှဖြစ်တယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဖြစ်ချင်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ မဖြစ်ချင်တဲ့ပုဂ္ဂိုလ်လည်း မဖြစ်ဘူးဆိုတော့ နှစ်ဆတွဲကြီး ဖြစ်မနေဘူးလားဟ (ဖြစ်နေပါတယ်ဆရာ)၊ မသေချာဘူးပေါ့ (မသေချာပါဘူးဆရာ)၊ မရေမရာပေါ့ (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဇာတိရဲ့ မုချအကျိုး မဟုတ်မဘူးဆိုတာ မထင်ရှားဖူးလား (ထင်ရှားပါတယ်ဆရာ)။

ဒါဖြင့် သူ့အင်္ဂါထဲ မသွင်းနဲ့တဲ့ ဖယ်ထားတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အင်္ဂါဆယ့်နှစ်ရပ်ထဲ သွင်းတာက မုချအကြောင်းနဲ့ မုချအကျိုးတရားတွေ သွင်းထားတာတဲ့။ ဒါကော နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ အေး-နားလည် မှတ်ထား။ ဒါပေမယ့်လို့ သံသရာစက်ကြီးကို ဆက်ပြီးတော့ လည်တဲ့အခါကြ ဒီတရားငါးပါး ပါတယ်တဲ့ မပါဖူးလား (ပါပါတယ်ဆရာ)၊ အဓိပ္ပါယ်ဆိုကြစို့ကွာ ဗြဟ္မာ့ပြည်ရောက်နေတဲ့ ပုဂ္ဂိုလ်သည် ဗြဟ္မာ့ဘဝဖြစ်နေတုံးတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားတွေ ကင်းမယ်ပေါ့ (ကိန်းနေပါတယ်ဆရာ)၊ ကင်းမယ် ကင်းမယ် (ကိုင်းနေပါတယ်ဆရာ)၊ ဘာကိန်းရမှာတုံး ကင်းနေတယ်လား (ကင်းနေပါတယ်ဆရာ)၊ ဒါပေမယ့် ဗြဟ္မာ့အသက်ကုန်လို့ စုံလာတဲ့အခါကြ လူ့ဘဝရောက်တော့ ပြန်မတွေ့ဘူးလား (တွေ့မှာပါဆရာ)၊ အေး-

http://www.dhammadownload.com



ဟိုဘဝသာလွတ်နေတာ ဒီဘဝကြတွေ့အုံးမယ် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးဟာ မဖြစ်တဲ့ အခိုက်အတန့်ရယ် မဖြစ်ချင် မဖြစ်ဘူးပေါ့ (မဖြစ်ပါဘူးဆရာ)၊ ဒါပေမယ့် ဖြစ်ချင်တဲ့အခါ ဖြစ်တယ်လား (ဖြစ်ပါတယ်ဆရာ)၊ အေး-ဘုံဌာနနဲ့ ဘဝလိုက်လို့ပေါ့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် သံသရာကို လည်တော့ ဒီတရားငါးပါးပါတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ သံသရာလည်တော့ ဒီတရားငါးပါးပါတယ်လို့ ဆိုထားတော့ ဒီတရားငါးပါး ဖြစ်တတ်တာက ဘယ်လိုအဖြစ်မျိုးနဲ့ တွေ့တဲ့ပုဂ္ဂိုလ် ဘယ်လိုတရားမျိုးနဲ့တွေ့တဲ့ပုဂ္ဂိုလ်မှ ဖြစ်တတ်တုံး (ဗျသနတရားငါးပါးနဲ့ တွေ့တဲ့ပုဂ္ဂိုလ်မှ ပါဆရာ)၊ ဟုတ်ပြီ ဗျသနတရားငါးပါး၊ ဒါလေးတော့ သူမမေ့ဘူး မှတ်ထား၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဗျသနတရားငါးပါးနဲ့ တွေ့တဲ့ပုဂ္ဂိုလ်ဖြစ်တတ်တယ်လား (ဖြစ်တတ်ပါတယ်ဆရာ)၊ ဗျသန တရားငါးပါးက ဘယ်သူတုံး (ဉာတိဗျသန ဘောဂဗျသန ရောဂဗျသန သီလဗျသန ဒိဋ္ဌိဗျသနပါဆရာ)၊ အေး-ဗျတ်သနချည်း ဟုတ်ကဲ့လား ချသာချ ဉာတိဗျသနနော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်တာတုံး (ဆွေးမျိုးဉာတိဆုံးရှုံးတာပါဆရာ)၊ ဟော-ဆွေမျိုးဉာတိ ပျက်စီးတယ်လား (မှန်ပါတယ်ဆရာ)၊ ဘောဂဗျသန (ပစ္စည်းဥစ္စာပျက်စီးတာပါဆရာ)၊ ဟုတ်ပြီ ရောဂဗျသန (ရောဂါအနာနှိပ်စက်ပျက်စီးတာပါဆရာ)၊ ဟုတ်ပြီ၊ သီလဗျသန (သီလအားဖြင့် အကျင့်အားဖြင့် ပျက်စီးတာပါဆရာ)၊ ဟုတ်ပြီ ဒိဋ္ဌိဗျသန (အယူအားဖြင့် ပျက်စီးတာပါဆရာ)၊ ဟုတ်ပြီ ဟုတ်ပြီ ငါးခုနော် (မှန်ပါတယ်ဆရာ)၊ ဒီတရားငါးပါးတော့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါတို့ ပုထုဇဉ်လိုင်းက ကြည့်လိုက်ရင် ဒီတရားငါးပါး ရှောင်လို့ကွင်းလို့ ရရဲ့လားဟ (မရပါဘူးဆရာ)၊ မရနိုင်ဘူးတဲ့ တွေ့ရမှာပဲလို့နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ဒီတရားငါးပါးနဲ့ တွေ့နေတဲ့ပုဂ္ဂိုလ်သည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့တရားဖြစ်မယ်လား (ဖြစ်မှာပါဆရာ)။ ဒါကြောင့် ဗျသနတရားငါးပါးနဲ့ တွေ့သော ကြုံသောပုဂ္ဂိုလ်များမှာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါးဖြစ်တတ်ပါသည်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဉာတိဗျသန အရင်ဖြစ်ကြည့် ဆွေမျိုးဉာတိပျက်စီး သားမယားပျက်စီး မိဘပျက်စီး ဘကြီး ဘထွေးပျက်စီး ဦးကြီးဦးလေးပျက်စီး အင်မတန် ချစ်ခင်ရင်းနှီးတဲ့ ဆွေမျိုးသားချင်းတွေ ပျက်စီးရော့ တစ်ယောက်ယောက် နော် (မှန်ပါတယ်ဆရာ)၊ ဒါမွေ့တာပဲလို့ အဆန်းမဟုတ်ပါဘူး။ ပျက်စီးရော့၊ ဒီလို ပျက်စီးလာပြီဆိုမှဖြင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါး ဖြစ်လာပြီတဲ့ မဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)၊ ဖြစ်ရမယ် ဖြစ်မှာပါပဲ

http://www.dhammadownload.com



မလုပ်နဲ့ ဖြစ်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဖြစ်နိုင်တယ်တဲ့ ဖြစ်ကောင်းတယ်၊ ဒီမှာ လာဖြစ်တယ် ဒါပဲလားတဲ့ မဟုတ်သေးဘူး။ ဘောဂဗျသန-သိန်းသန်းကုဋေ ချမ်းသာနေတဲ့ပုဂ္ဂိုလ်က ကုန်းကောက် စရာမရှိတဲ့ ဘ၀မျိုး ပြုန်းကနဲကျသွား မဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)၊ သောက ပရိဒေ၀ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးဖြစ်ပြန်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ကိုယ့်ကိုယ်မှ အပ်ကျစရာမရှိအောင် နည်းနည်းလေးမှ အချိန်လေးမရအောင် မခံသာအောင် ကိုးဆယ့်ခြောက်ရောဂါဝေဒနာ ဖိစီး နှိပ်စက်နေတဲ့ ရောဂါသည် သောက ပရိဒေ၀ ဒုက္ခ ဒေါမနဿ ဥပါယာသဖြစ်ပြန်ပြီ၊ မဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)၊ ဘယ်ထိအောင် ဖြစ်လဲဆိုတော့ ကြာတော့ ကိုယ့်ကိုယ်ကိုယ်တောင် သတ်ပစ် လိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီရောဂါကြီးခံစားရတာ သေတာက အေးပါတယ်။ ဒီဝေဒနာနဲ့ သေရတာ သေတာက ကောင်းသေးတယ်နဲ့ သေတာကတောင် ပိုကောင်းတယ် ထင်ပြီးတော့ ကိုယ့်ကိုယ်ကိုယ်တောင် အဆုံးစီရင်သွားကြတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါ သောက ပရိဒေ၀ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါး ဖြစ်တယ်။

သီလဗျသန-သီလပျက်စီး၊ သီလပျက်စီး အင်မတန် အကျင့်သိက္ခာကောင်းနေတဲ့ ဘ၀က ရုတ်တရက် ရှောင်တခင်အားဖြင့် မိမိအကျင့်သိက္ခာဆိုတဲ့ သီလပျက်စီးသွားလို့ရှိရင်လည်း သောက ပရိဒေ၀ ဒုက္ခ ဒေါမနဿ ဥပါယာသဖြစ်တတ် ပါတယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ တို့ နိပါတ်များမှာ လာတာ မိုးသုံးနှစ်ခေါင်လို့ အကျင့်ကောင်းတဲ့ ရသေ့လေး၊ မိုးသုံးနှစ်ခေါင်လို့ လူ့ပြည်မှာ မိုးတွေ ခေါင်အားကြီးတော့ သိကြားမင်း ပဏ္ဍုကမ္ဗလာတင်းလို့ ကြည့်လို့ လူ့ပြည်မှာ အကျင့်ကောင်းတဲ့ ရသေ့လေးကြောင့် မိုးခေါင်နေတယ်တဲ့ နော်။ ငတ်မွတ်ခေါင်းပါးခြင်း ဒုဗ္ဘိက္ခန္တရဘေး၊ ငတ်မွတ် ခေါင်းပါးခြင်းဘေးတွေ ဖြစ်၊ ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်၊ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်တော့ ဘာဖြစ်လဲဆိုတော့ ဝိလုမ္ပန္တရကပ် လုယက်စားသောက်တဲ့ ကပ်ကြီးဆိုက် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ သိကြားမင်းက နတ်သမီးတစ်ယောက်ခေါ်ပြီးတော့ သီလအဖျက်ဆီးခိုင်းတယ်။ ဒီရသေ့သီလပျက်စီးမှ မိုးလေ၀သ ပြန်ကောင်းလိမ့်မယ်ဆိုပြီးတော့ နတ်သမီးခေါ်ပြီးတော့ သီလအဖျက်ခိုင်းတယ်။ သီလအဖျက်ခိုင်းလို့ သီလပျက်သွားရှာတယ်။ ဒါပေမယ့် နတ်တို့၏အတွေ့ဟာ လူမှာတွေ့လိုက်လို့ရှိရင် သတိမေ့သွား တယ် နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်မေ့သလဲဆိုလို့ရှိရင် နတ်အတွေ့နဲ့ လူ့အတွေ့ ကွာပုံ လေး၊ နတ်သမီးအပွေ့အပိုက်ခံရတဲ့ ရသေ့က မေ့သွားလိုက်တာ တစ်ခါတည်း၊ ဒီအတွေ့က ဘယ်ကြမှ ပြေသလဲဆိုတော့ သုံးနှစ်ကြာမှ ပြေတယ်တဲ့။ သုံးနှစ်ကြမှ လုံးလုံးသတိရတယ် နော် (မှန်ပါတယ်ဆရာ)၊ ခုနေများရှိရင် မေ့ဆေးအဖြစ်နဲ့ သုံးရရင် တန်ဖိုးရှိမှာပေါ့ နော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



သုံးနှစ်ကြာမှ သတိရတယ်။ ကြည့်လိုက်တော့ သူနေတဲ့ ကျောင်းသင်္ခမ်းလေး တောတွေ ချုံတွေ အုံ့ဝိုင်းရံ သစ်ပင် ဝါးပင်တွေကြီးလို့ ပြန်ဆင်ခြင်ကြည့်တော့မှ နတ်သမီးဖျက်ဆီးတဲ့ အဓိပ္ပါယ်သွားတွေ့။ ငါ့အင်မတန် မြင့်မြတ်တဲ့ အကျင့်သီလကြီး ဒီနတ်သမီးဖျက်ဆီးလို့ ပျက်စီးပါပေါ့လားလို့ ဆိုပြီးတော့ ငိုလိုက်တာ ချုံးပွဲချပြီး၊ အဲဒါကြည့် သီလပျက်စီးခြင်းကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ ဒီတရားတွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)။

ဒိဋ္ဌိဗျသန-အယူပျက်စီးလည်းပဲ သမ္မာဒိဋ္ဌိအယူ ဖြူစင်တဲ့ဘဝကနေပြီးတော့ မသူတော်တို့၏ မိစ္ဆာဒိဋ္ဌိအယူကို ပြောင်းလိုက်ပြန်လည်းပဲ ဒီလိုပဲ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဖြစ်တယ်လို့ မဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)၊ အေး-ဖြစ်ရမယ်။ ဒါကြောင့် ၎င်း ဉာတိဗျသန ဘောဂဗျသန ရောဂဗျသန သီလဗျသန ဒိဋ္ဌိဗျသန ဗျသနတရားငါးပါး တစ်ပါးပါးနဲ့ တွေ့ကြုံသော ပုဂ္ဂိုလ်များမှာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါး ဖြစ်တတ်ပါကယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ သောက ဘာခေါ်တုံး (ငိုကြွေးတာပါဆရာ)၊ ဟောဗျာ၊ သောကဆိုတာ စိုးရိမ်မကင်း ကြောင့်ကြခြင်းတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ပရိဒေဝ ဘာခေါ်တုံး (တောက်လောင်တာပါဆရာ)၊ ဟောဗျာ အရင်းမရှိ မဖျားမရှိ ချလိုက်တာပဲ၊ ငိုကြွေးတာ မဟုတ်လားဟ (မှန်ပါတယ်ဆရာ)၊ ပရိဒေဝ ငိုကြွေးတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒုက္ခ-ကိုယ်ပင်ပန်းတယ် (ကိုယ်ပင်ပန်းပါတယ်ဆရာ)၊ ဒေါမနဿ (စိတ်၌ ပင်ပန်းပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ၊ ဥပါယာသ အတွင်းဆွေးဆွေးတယ်နော် (မှန်ပါတယ် ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ၊ သောက ဘာပြုတယ် (စိုးရိမ်မကင်းပါဆရာ)၊ စိုးရိမ်မကင်းကြောင့်ကြခြင်း၊ ပရိဒေဝ (ငိုကြွေးတာပါဆရာ)၊ ဒုက္ခ (ကိုယ်၌ ပင်ပန်းတာပါဆရာ)၊ ဒေါမနဿ (စိတ်၌ပင်ပန်းတာပါဆရာ)၊ ဥပါယာသ-အတွင်းဆွေးဆွေး တယ် (အတွင်းဆွေးဆွေးတာပါဆရာ)၊ နားလည်လား အတွင်းဆွေးဆွေးတာ၊ နားလည်လား (နား လည်ပါတယ်ဆရာ)၊ အေး-နားလည်တယ် ထားပါတော့ကွာ။

သောက ဘာပြုတယ် (စိုးရိမ် ကြောင့်ကြခြင်းပါဆရာ)၊ ပရိဒေဝ (ငိုကြွေးခြင်းပါဆရာ)၊ ဒုက္ခ (ကိုယ်၌ ပင်ပန်းခြင်းပါဆရာ)၊ ဒေါမနဿ (စိတ်၌ပင်ပန်းခြင်းပါဆရာ)၊ ဥပါယာသ (အတွင်းဆွေး ဆွေးတာပါဆရာ)၊ အေး-ဟုတ်ပြီ။ ဒါ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရား ငါးပါးသည် ဗျသနတရားငါးပါးနဲ့ တွေ့သော ပုဂ္ဂိုလ်များမှာ ဖြစ်တတ်တယ်လို့။ ဒီသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါး တရားကိုယ်တရားသား နက်ဖြန်မှ ကောက်ကြစို့။ ဗျသနတရားငါးပါးနဲ့ တွေ့တဲ့ ကြုံတဲ့ပုဂ္ဂိုလ်များ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ

http://www.dhammadownload.com



တရားငါးပါး ဖြစ်တတ်တယ်လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဉာတိဗျသန-ဆွေမျိုးဉာတိ ပျက်စီးခြင်း၊ ဘောဂဗျသန-ဥစ္စာစည်းစိမ်ပျက်စီးခြင်း၊ ရောဂဗျသန-ကိုးဆယ့်ခြောက်ပါး ရောဂါဝေဒနာ နှိပ်စက်၍ ပျက်စီးခြင်း။ သီလဗျသန-သီလပျက်စီးခြင်း၊ ဒိဋ္ဌိဗျသန-အယူအားဖြင့် ပျက်စီးခြင်း၊ ပျက်စီးခြင်း ငါးမျိုး တစ်မျိုးမျိုးတွေ့တဲ့ ပုဂ္ဂိုလ်များ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးဖြစ်ရတယ်တဲ့။ ဒါဖြင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုကဲ့ တရားငါးပါးဟာ ဘယ်တရားတည်းဟူသော အကြောင်းကြောင့် ဖြစ်သလဲဆိုတော့ ဇာတိတည်းဟူသော အကြောင်းကြောင့် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇာတိတည်းဟူသော အကြောင်းကြောင့် ဖြစ်တယ်လို့။ ဒါကြောင့် ဇာတိတည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားက ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ၊ ဇရာနဲ့မရဏ တစ်လုံးတည်းပြတယ်။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသငါးလုံး ပေါင်းလိုက်တော့ ခြောက်လုံး နော် (မှန်ပါတယ်ဆရာ)၊ ဇာတိတည်းဟူသော အကြောင်းကြောင့် အကျိုးတရား ဘယ်နှစ်ပါး ပေါ်လာ (ခြောက်ပါးပေါ်လာပါတယ်ဆရာ)၊ ခြောက်ပါးပေါ်လာ ဘယ်သူဘယ်သူတုံး (ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တို့ပါဆရာ)။

အေး-ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ခြောက်မျိုးပေါ်လာတော့ ခြောက်မျိုးစလုံး ဇာတိရတဲ့ ပုဂ္ဂိုလ်တိုင်းမှာ ဖြစ်ကောင်းလား (မဖြစ်ကောင်းပါဘူးဆရာ)၊ ဇာတိရတဲ့ ပုဂ္ဂိုလ်တိုင်းဖြစ်ကောင်းတာက မုချအကျိုးက ဘယ်နှစ်ပါးတုံး (နှစ်ပါးပါဆရာ)၊ ဘယ့်နဲ့ ဘယ်သူတုံး (ဇရာနဲ့မရဏပါဆရာ)၊ ဇရာနဲ့မရဏ၊ သောကအစရှိသော ငါးပါးသော အကျိုးတရား ကတော့ ဖြစ်ချင်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ မဖြစ်ချင်တဲ့ ပုဂ္ဂိုလ်မဖြစ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သူက ဇာတိရဲ့ မုချ အကျိုးမဟုတ်ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)၊ အဲဒါကြောင့် ဇာတိရဲ့ မုချအကျိုးတရား မဟုတ်ခြင်းကြောင့် အင်္ဂါဆယ့်နှစ်ရပ်မှာ ထည့်ပြီးတော့ မရေတွက်ဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အင်္ဂါဆယ့်နှစ်ရပ်က ဇာတိရဲ့ မုချအကျိုးဖြစ်တယ်။ ဇရာနဲ့မရဏ တရားနှစ်ပါးသာ ထည့်ပြီး ရေတွက်ထားတယ်တဲ့ အင်္ဂါအနေအားဖြင့် ဟောတာ။ ဒါပေမယ့်လို့ သံသရာကို ဆက်စပ်ပြီးတော့ လည်တဲ့အခါကြတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးဟာ ဖြစ်ရတယ်၊ ဖြစ်တတ်တယ်၊ ဖြစ်နိုင်တယ်၊ ဖြစ်ကောင်းတယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် သံသရာ စက်ရဟတ်ကို အဆက်မပြတ်လည်တဲ့ နေရာကျတော့ ၎င်းသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးထည့်ရေရတယ်။ ဒါမှ ပဋိစ္စသမုပ္ပါဒ် ဝင်္ဂဆက်

http://www.dhammadownload.com



ကြီးဖြစ်သွား နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ နေရာလည်းပဲ ရှေးပညာရှိများကတော့ နှစ်မျိုးနှစ်စား ယူထားတာ ရှိတယ်။ ဘယ်လိုယူထားတုံး အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ။ ဇရာမရဏသောက ပရိဒေဝဒုက္ခဒေါမနဿုပါယာသပစ္စယာ အဝိဇ္ဇာ-လို့ အာသဝမခံဘဲနဲ့ အဝိဇ္ဇာကူးတဲ့ နည်းလည်း ရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဒီလိုလှည့်မှာ။ အဲဒါ ဘာပြုလို့လဲဆိုတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတရားငါးပါးဖြစ် ထည်းက အဝိဇ္ဇာ,က ပါလာပြီတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသပစ္စယာ အဝိဇ္ဇာ"လို့ ဒီလို ကူးမယ် ဆိုလည်း ကူးနိုင်တယ်တဲ့။ ဒါလည်း ဟုတ်တာပဲနော် (မှန်ပါတယ်ဆရာ)၊ ဒါလဲဖြစ်တာပဲလို့။ ဒါပေမယ့်လို့ "အာသဝသမုဒယာ အဝိဇ္ဇာ"လို့ ပါဠိတော် မြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက် ဟောထားတဲ့ စကားအရ ဆိုလို့ရှိရင် ပိုပြီးတော့ သဘာဝကျတာက "ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသ ပစ္စယာ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ"လို့ ဒီလိုဆို ပိုပြီးတော့ နေရာမကျလားကွယ် (နေရာကျ ပါတယ်ဆရာ)၊ မြတ်စွာဘုရားကိုယ်တော်မြတ် ပါဠိတော်နဲ့လည်း ကိုက်သွား။ ဒါကြားက အာသဝ တစ်ခုခံ၊ ဒီတော့ ဘယ့်နဲ့နေတုံး အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အာသဝ အဝိဇ္ဇာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လည်တတ်ကဲ့လား (လည်တတ်ပါတယ်ဆရာ)၊ လည်စမ်း (အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အာသဝ အဝိဇ္ဇာ သင်္ခါရ)၊ အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီလိုဆိုတော့ ရပ်လို့ ရသေးလား (မရတော့ပါဘူးဆရာ)၊ အဲသလို လည်ရမယ် တဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲ သံသရာကြီးမှာ သတ္တဝါတစ်ဦးတစ်ယောက်ဟာ မရပ်မနားဘဲနဲ့ ပြေးသွားနေတယ်ဆိုတဲ့ အဓိပ္ပါယတ္ထပြ၊ ကာလအားဖြင့် ဝေဖန်ပြန်တော့ အတိတ်ရယ် ပစ္စုပ္ပန်ရယ် အနာဂတ်ရယ်နော် (မှန်ပါတယ်ဆရာ)၊ အကျိုးအကြောင်း ဝေဖန်ပြန်တော့လည်း အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဒီလိုပဲ ဆက်စပ်ပြီး ဖြစ်နေတယ်။

http://www.dhammadownload.com



ဒါကြောင့် မနေ့ကပြထားတဲ့ ဗျသနတရားငါးပါးနဲ့တွေ့သော ပုဂ္ဂိုလ်များသည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးသည် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဗျသနတရား ငါးပါးဆိုတာလည်း အစုလိုက် အပြုံလိုက် ပြုံပြီးတော့ ငါးမျိုးစလုံး တွေ့ရမယ်လို့ ပြောတာ မဟုတ်ဘူး။ တစ်ပါးပါးတွေ့ရင်ပဲ ဒီတရားငါးပါး ဖြစ်ရတော့မယ် နော် (မှန်ပါတယ်ဆရာ)၊ ဉာတိဗျသန ဖြစ်သော် လည်းကောင်း၊ ဘောဂဗျသနဖြစ်သော်လည်းကောင်း၊ ရောဂဗျသနဖြစ်သော်လည်းကောင်း၊ သီလဗျသနဖြစ်သော်လည်းကောင်း၊ ဒိဋ္ဌိဗျသနဖြစ်သော်လည်းကောင်း သောက အစရှိသော တရား ငါးပါး မုချဖြစ်တော့မယ်တဲ့၊ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ မနေ့ညက တို့ပြထား သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ၊ သောက ဆိုတာ စိုးရိမ်မကင်း ကြောင့်ကြခြင်း၊ ပရိဒေဝ ဆိုတာ ငိုကြွေးခြင်း၊ ဒုက္ခဆိုတာ ကိုယ်ခံစားတဲ့ ဆင်းရဲ၊ ဒေါမနဿ ဆိုတာ စိတ်ခံစားရတဲ့ဆင်းရဲ၊ ဥပါယာသ ဆိုတာ ရင်တွင်းမှာ အမြဲမပြတ် ဆင်းရဲပင်ပန်းခြင်း နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ သူ့တရားကိုယ် တရားသားလေးတွေနဲ့ ကောက်ထား၊ တရားကိုယ်တရားသားလေးတွေနဲ့ အကျဉ်းအားဖြင့် ကောက် ထား၊ သောက ဆိုတာ ဘာခေါ်လဲလို့ တရားကိုယ် တရားသားကောက်တော့ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ ဘာတုံး တယ်မှတ်မိပါ့မလား (စိုးရိမ်မကင်း ကြောင့်ကြခြင်း ပါဆရာ)၊ ဟော- တရားကိုယ်တရားသား ကောက်တော့ကားလို့ ပြောတယ်၊ ဘာရ (အဲဒါတော့ မမှတ်မိဘူးဆရာ)၊ ဟော-တယ်နေရာကျ။ ဒါတရားကိုယ်တရားသားကောက်တာ မှတ်မိသေးလားဆိုတော့ မှတ်မိပါ တယ်ဆိုတော့ အဟုတ်များလို့မှတ် သောက၊ မြန်မာလိုပြန်တော့ စိုးရိမ်မကင်း ကြောင့်ကြခြင်းလား (မှန်ပါတယ်ဆရာ)၊ ပူဆွေးခြင်းပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ တရားကိုယ် တရားသားကောက်တော့ ဒေါမနဿဝေဒနာ နော် (မှန်ပါတယ်ဆရာ)၊ ဒေါမနဿဝေဒနာ ဝေဒနာ စေတသိက်ကောက်သွား။

ဒါပေမယ့် ဒီနေရာမှာ နှစ်ဝါဒကွဲနေလို့ "သောကောတိ ဒေါသော"လို့ ဖွင့်ထားတဲ့ စာကလည်း ရှိထား။ သောကောတိ၊ သောကဟူသည်ကား။ ဒေါသော၊ ဒေါသတည်း ဆိုတော့ ဒေါသရတယ် နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ ဒေါမနဿဝေဒနာ ကောက်တယ် ဆိုတော့ ဘယ်ဝါဒလဲ မေးတော့ သမ္မောဟဝိနောဒနီအဋ္ဌကထာ ဆရာရဲ့ဝါဒအရဆို ဒေါမနဿဝေဒနာကောက်။ သူက ပိုပြီးတော့ သဘာဝကျတယ်။ ဒါကြောင့် "သော ပနာယံ အတ္ထတော ဒေါမနဿဝေဒနာ ဟောတိ"။ သော ပနာယံ သော ပန အယံ သောကော၊ ဤသောကသည်။ အတ္ထတော၊ တရားကိုယ်အားဖြင့်, သရုပ်အားဖြင့်။ ဒေါမနဿဝေဒနာ၊ ဒေါမနဿဝေဒနာသည်။ ဟောတိ၊ ဖြစ်၏။ ဒေါမနဿဝေဒနာ ကောက် နော် (မှန်ပါတယ်ဆရာ)၊ သောက ဘာကောက်မယ် (ဒေါမနဿဝေဒနာကောက်ပါမယ်

http://www.dhammadownload.com



ဆရာ)၊ ဒေါမနဿဝေဒနာ မှတ်မိရဲ့လား (မှတ်မိပါပြီဆရာ)၊ ဒေါမနဿဝေဒနာ အထူးလို့ ဆိုထားတာ၊ ဒေါမနဿဝေဒနာအထူးတဲ့၊ ဒါဖြင့် သူက ဘယ့်နဲ့နေလဲ ဆိုတော့ "အန္တောနိဇ္ဈာနလက္ခဏော"လို့ အတွင်း၌ ပူလောင်ခြောက်သွေ့ခြင်း လက္ခဏာရှိ နော် (မှန်ပါတယ်ဆရာ)၊ အတွင်း၌ ပူလောင်ခြောက်သွေ့လက္ခဏာရှိ၏။ အပြင်မထွက်ဘူးတဲ့ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)၊ အတွင်းမှာ လောင်နေတယ်၊ အတွင်းမီးခေါ်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အတွင်းမီးခေါ်တယ်။

ဒါကြောင့် အန္တောနိဇ္ဈာနလက္ခဏော၊ အတွင်း၌ ပူလောင်ခြောက်သွေ့သောလက္ခဏာရှိ၏။ အဲဒါ သောကရဲ့ တရားကိုယ်တရားလေးနဲ့ သဘောအဓိပ္ပါယ်လေး လုံးကောက်ကလေးတွေတော့ မှတ်ကြ မှတ်ကြ မှတ်ထား။ ပြီးတော့မှ ကိုယ်ပေါ်ပြန်ပြန်ဝေဖန်ကြ။ ပတ်ဝန်းကျင်က မြင်မြင်သမျှ သဝိညာဏက သတ္တဝါများ သူသူငါငါ လူတကာအပေါ် ဝေဖန်ရ တရားဆိုတာ၊ တရားဆိုတာ မိမိခန္ဓာ သူတစ်ပါးခန္ဓာလို့ ဘုရားကိုယ်တော်မြတ်က ဟောထားတာ။ မိမိခန္ဓာ ပြန်ရှုရင်ရှု၊ မရှုရင် သူတစ်ပါးခန္ဓာ ရှု။ သူတစ်ပါးခန္ဓာမရှုရင်လည်း မိမိခန္ဓာရှု၊ ရှုကောင်းတယ် နော် (မှန်ပါတယ်ဆရာ)၊ တုံး တိုင် ရေ မြေတော့ မပါဘူး၊ ဒါတွေ ရှုမနေနဲ့။ အမှန်က သူတစ်ပါးခန္ဓာ မိမိခန္ဓာ ဒီနှစ်မျိုးနှစ်စားသာ ဟောထားတာ။ ဒါကြောင့် မိမိခန္ဓာပေါ်ဖြစ်စေ၊ တစ်ပါးသော သူတို့၏ ခန္ဓာပေါ်ဖြစ်စေ တင်စား၍ ရှုမြင်ပွားများ အားထုတ်ကောင်း၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ သောက၊ တရားကိုယ် တရားသားလည်း ကောက်ပြီးသွားပြီ၊ သဘော အဓိပ္ပါယ်လည်း နားလည်သွားပြီ။

## ပရိဒေဝအဓိပ္ပာယ် အရကောက်

ပရိဒေဝ-ပူဆွေး ငိုကြွေးခြင်း၊ ဘယ့်နဲ့ငိုကြွေး၊ ဂုဏ်အားဖြင့် ပြောကြား၍ ငိုခြင်း၊ အပြစ်အားဖြင့် ပြောကြား၍ ငိုခြင်းတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဖန်ဖန် အထပ်ထပ် ဂုဏ်အားဖြင့် ပြောကြား၍ငိုခြင်း၊ အပြစ်အားဖြင့် ပြောကြား၍ ငိုခြင်း ပရိဒေဝတဲ့၊ ပရိဒေဝမီးတောက်တယ်။ ဉာတိဗျသန-ဆွေမျိုးဉာတိ တစ်စုံတစ်ယောက် ပျက်စီးပြီလားဆိုမှဖြင့် ရင်ဘတ်စည်တီး ရှိုက်ကြီးတငင် ပင်ပန်းဆိုတာ ငိုကြွေးကြတယ် မြင်ဖူးတယ် မဟုတ်လား (မြင်ဖူးပါတယ်ဆရာ)၊ ဒါ ပရိဒေဝမီးတောက်တယ်လို့ ဒီလိုခေါ်တယ်။ သောက မီးတောက်တယ်၊ ပရိဒေဝမီးတောက်တယ်၊ ဒုက္ခမီးတောက်တယ်၊ ဒေါမနဿမီးတောက်တယ်၊ ဉပါယာသ မီးတောက်တယ်တဲ့ မီးဆယ့်တစ်ပါးထဲ အကုန်ပါတယ် နော် (မှန်ပါတယ်ဆရာ)၊ ဇာတိကစပြီး ရေသွား။ ဒီတော့ ပရိဒေဝဆိုတာ အဖန်ဖန် အထပ်ထပ် ငိုကြွေးခြင်း၊ မပီမပြင် ချွတ်ချွတ်ချော်ချော် ငိုကြွေးခြင်း၊ ဂုဏ်စကားကို ပြောကြား၍ငိုကြွေးခြင်း၊ အပြစ်ကိုဖော်၍

http://www.dhammadownload.com



ငိုကြွေးခြင်း နော် (မှန်ပါတယ်ဆရာ)၊ ငိုတယ် မဟုတ်ဘူးလား (ငိုပါတယ်ဆရာ)၊ တချို့လည်း ဂုဏ်ကျေးဇူးဖော် ငိုတယ် မဟုတ်လား (ငိုပါတယ်ဆရာ)၊ တချို့တော့လည်း အပြစ်ဖော် ငိုတယ် မဟုတ်လား (ငိုပါတယ်ဆရာ)၊ ငိုတဲ့အသံ ကြည့်ပြန်တော့ မပီမပြင်တဲ့ ချွတ်ချွတ်ချော်ချော်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နဂိုရှိုးရှိုးတန်းတန်း နာလို့ ကျင်လို့ ရိုက်လို့ နှက်လို့ ငိုတာနဲ့ တူရဲ့လား (မတူပါဘူးဆရာ)၊ မတူဘူး။ အသံနေအသံထားကိုက တစ်မျိုး ပြောင်းလာတယ် နော် ( မှန်ပါတယ်ဆရာ)၊ အဲဒါ သက်သက်လုပ်တယ်နဲ့တော့ မမှတ်နဲ့၊ ဒီသဘော ဖြစ်သွားတာပဲ။ ဒီနည်းနဲ့ငိုရင် ပရိဒေဝမီးနဲ့ ငိုရင် ဒီလိုငိုနည်းငိုကြရတယ် နော် (မှန်ပါတယ်ဆရာ)၊ ရိုက်တဲ့ နှက်တဲ့အခါကြ ဒီလိုငိုနည်းလုပ် ငိုလို့ ဖြစ်တယ်လားဟ (မဖြစ်ပါဘူးဆရာ)၊ မဖြစ်ဘူး မဟုတ်လား (မဖြစ်ပါဘူးဆရာ)၊ ဉာတိဗျသနကြတော့ မလုပ်ရဘဲနဲ့ အလိုလိုဖြစ်လာတယ်။ မပီမပြင် ချွတ်ချွတ်ချော် ချော်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ငိုပုံငိုနည်းက တခြားစီ တခြားစီ၊ ဒါ ပုဂ္ဂိုလ်က လုပ်တာမဟုတ်ဘူး။ သူ့သဘာဝ ဓာတ်ကိုက ဒီအတိုင်းပေါ်လာတာ။ ဒါဖြင့် သူ့တရားကိုယ်တရားသား ကောက်စမ်းပါဆိုတော့ ဘာရမလဲဆိုတော့ သူကအသံနဲ့ အော်ငိုနေတာ မဟုတ်ဘူး (မှန်ပါတယ်ဆရာ)၊ တရားကိုယ် ကောက်တော့ ဘာရ။ အဲဒါ ငါစောစောက မှတ်မိသေးရဲ့လားဆို မှတ်မိတယ်လို့ သူပြောမှာ။ တရားကိုယ် ကောက်တော့ ဘာရ (မကောက်တတ်ဘူးဆရာ)၊ အေး - ကောင်းပါတယ်။ ဦးနှောက်ရှုပ်နေ သွင်းသွင်းမထားနဲ့ ခေါင်းထဲနော်။

ဝိပ္ပလ္လာသ, စိတ္တဇသဒ္ဒရုပ်၊ ဝိပ္ပလ္လာသဆိုတာ ဖောက်လွဲဖောက်ပြန် နော် (မှန်ပါတယ်ဆရာ)၊ စိတ္တဇသဒ္ဒရုပ်ဆိုတာ ဘာတုံး (အသံရုပ်ပါဆရာ)၊ ဟောဗျာ မင်းပြောမှ ငါသိတော့တယ်။ စိတ္တဇသဒ္ဒရုပ် အဲဒီအသံက သဒ္ဒရုပ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သဒ္ဒရုပ်က ဘယ်နှစ်မျိုးရှိလဲ (တစ်မျိုးတည်း ပါဆရာ)၊ ရယ်ကုန်ပြီသိလား၊ နင့်ပရိသတ်က ရယ်ကုန်ပြီ။ ဘယ်လိုအကောင်မှန်းကို မသိဘူး။ နင်တော့ တဖြည်းဖြည်း ငါကျကျလာတယ် ထင်ပါရဲ့ မတက်တဲ့အပြင်။ သဒ္ဒဆိုတဲ့ အသံရုပ်ဟာ ဘယ်နှစ်မျိုး ရှိလဲ၊ ဘယ်နှစ်မျိုးရှိတုံး နားမလည်ဘူး (မလည်ပါဘူးဆရာ)၊ ကောင်းတယ်။ နင့်အသက်ရှိတဲ့ သဝိညာဏက သတ္တဝါတွေ ပြောဆိုနေတဲ့ အသံကြတော့ ဘာကြောင့်ဖြစ်တာတုံး (စိတ်ကြောင့် ဖြစ်တာပါဆရာ)၊ စိတ်ကြောင့်ဖြစ်တာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဘာရုပ် ခေါ်မယ် (စိတ္တဇရုပ်ပါဆရာ)၊ စိတ္တဇသဒ္ဒရုပ် (စိတ္တဇသဒ္ဒရုပ်ပါဆရာ)၊ စိတ်ကြောင့်ဖြစ်သောအသံ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် မော်တော်ကားတို့ သင်္ဘောဥသြတို့ စက်ဥသြတို့ တောသံ တောင်သံတို့ တိုးသံ တိုက်သံတို့ ကြေးစည်သံတို့ ခေါင်းလောင်းသံတို့ အသက်မရှိတဲ့ အရာဝတ္ထု အစုစုရဲ့

http://www.dhammadownload.com



အသံတွေကြတော့ ဘာကြောင့် ဖြစ်တဲ့ အသံတွေတုံး (ဥတုဇရုပ်ပါဆရာ)၊ ဥတုဇသဒ္ဒရုပ်၊ ဘာကြောင့်ဖြစ်တာတုံး (ဥတုဇသဒ္ဒရုပ်ပါဆရာ)၊ ဘာကြောင့်ဖြစ်တာတုံး (ဥတုကြောင့်ဖြစ်တာပါဆရာ)၊ ဟော ဒါတော့လည်း သိသား၊ သိမှာပေါ့ ငါအကုန် လိုလို ဖြေပေးနေတာ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီအသံနှစ်မျိုးအပြင် လောကကြီးမှာ ဘာရှိတုံး၊ (ဘာမှမရှိပါဘူးဆရာ)၊ ဘာသံရှိသေးတုံး (ဘာသံမှ မရှိပါဘူးဆရာ)။ ဒါဖြင့် ကောင်းပြီကွာ။

ရေဒီယို ဘာသံတုံးကွ (လေထဲကလာတဲ့ အသံပါဆရာ)၊ ဟောဗျာ အဲသလို ကောက်မှားလေ။ စိတ်ကြောင့်ဖြစ်တဲ့အသံလား ၊ဥတုကြောင့်ဖြစ်တဲ့အသံလားလို့ ငါမေးတယ် (ဥတုဇသဒ္ဒရုပ်ပါဆရာ)၊ ဩော်-ဥတုဇသဒ္ဒရုပ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် လူတွေကို ဆိုနေပါပဲလားဟ (အဝေးကြီးကဆိုတာပါဆရာ)၊ ဟောဗျာ ကြံကြံဖန်ဖန်တော့ အတော်ပြောတတ်တဲ့အကောင်။ ဥတုကြောင့် ဖြစ်လာတာပေါ့ကွ။ ပထမက စိတ္တဇသဒ္ဒရုပ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လူကိုယ်တိုင်ဆိုတုန်းက စိတ္တဇသဒ္ဒ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နောက် ဒီစိတ္တဇသဒ္ဒ-စိတ်ကြောင့်ဖြစ်လာတဲ့ အသံရုပ်ကို ဓာတ်နဲ့ ဖမ်းလိုက်တော့ကား ဓာတ်ကြိုးခွေထဲဝင်သွားရော့၊ ဓာတ်ပြားထဲဝင်သွား မဝင်ဖူးလား (ဝင်ပါတယ်ဆရာ)၊ တစ်နည်းအားဖြင့် ဟိုကဆိုလိုက်တဲ့ အသံဟာ လေလှိုင်းထဲလွင့်လာရော့ နော် (မှန်ပါတယ်ဆရာ)၊ ဒီကြတော့ ရေဒီယိုခလုတ်နဲ့ ဒီတစ်ခါတွေ့ပြန်တော့ ဒီလာပြီးတော့ အသံက ဖြစ်ကရော့။ အဲဒီလို ပြောင်းလာတော့ ဘာရုပ်ဖြစ်သွား (ဥတုဇသဒ္ဒရုပ်ဖြစ်သွားပါတယ်ဆရာ)၊ ဩော်-ဥတုဇသဒ္ဒရုပ် ဖြစ်သွား ပြီလား (မှန်ပါတယ်ဆရာ)၊ ပထမကတော့ ဘာတုံး (စိတ္တဇသဒ္ဒရုပ်ပါဆရာ)၊ အေး-မှတ်မိလား (မှတ်မိပါတယ်ဆရာ)။

## ပရိဒေဝရဲ့အဓိပ္ပာယ်

ဒါကြောင့် ပရိဒေဝလို့ ချွတ်ချွတ်ချော်ချော် အော်၍ငိုခြင်း၊ မပီမပြင်ဆို၍ငိုခြင်း၊ ဂုဏ်ကျေးဇူးကို ပြောကြား၍ငိုခြင်း၊ အပြစ်ကိုဖော်၍ငိုခြင်းတဲ့။ ဒါ သဒ္ဒရုပ်ရတယ်၊ တရားကိုယ်ကောက်တော့ နော် (မှန်ပါတယ်ဆရာ)၊ ဒီပြင် ဘာရအုံးမှာတုံးဟ (ဒီပြင်ဘာမှမရပါဘူးဆရာ)၊ အသံရုပ်ပဲ မဟုတ်လား (အသံရုပ်ပဲဆရာ)၊ အဲဒီအသံက စိတ်ကြောင့်လား, ဥတုကြောင့်လား (စိတ်ကြောင့်ပါဆရာ)၊ ဒါဖြင့် ဘာရုပ်ခေါ်တုံး (စိတ္တဇသဒ္ဒရုပ်ပါဆရာ)၊ အေး-စိတ္တဇသဒ္ဒရုပ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ စိတ္တဇသဒ္ဒရုပ်တဲ့၊ သူက "လာလပ္ပနလက္ခဏာ" ရှိတယ်။ လာလပ္ပနလက္ခဏာရှိတယ်။ လာလပ္ပန လက္ခဏာဆိုတာ တခြားမဟုတ်ဘူး။ အထပ်ထပ် မပီမပြင်ဆို၍ ငိုကြွေးခြင်းတဲ့ နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



အထပ်ထပ်အားဖြင့် မပြီမပြင်ဆို၍ ငိုကြွေးခြင်း လက္ခဏာရှိတယ်တဲ့။ လာလပ္ပနလက္ခဏာတဲ့၊ သောက တုန်းကတော့ အန္တောနိဇ္ဈာနလက္ခဏာ-အတွင်း၌ ပူလောင်ခြောက်သွေ့ခြင်းလက္ခဏာ၊ ပရိဒေဝ ကြတော့ လာလပ္ပနလက္ခဏာ-အထပ်ထပ်အားဖြင့် မပြီမပြင်ဆို၍ ငိုကြွေးခြင်းတဲ့ မှတ်မိလား (မှတ်မိ ပါတယ်ဆရာ)၊ တရားကိုယ်လေးတွေ ကောက်ထား သေချာမှတ်မိအောင်။ မင်းမှာ တစ်ယောက်တည်း မဟုတ်ပါဘူး ထင်ပါရဲ့။ မှတ်မိအောင် မှတ်ထားဟဲ့ မှတ်ထားဟဲ့ ပြီးတော့လည်း မေး၊ ဘယ်တော့မှ မရဘူး။

## ဒုက္ခဆိုတာ

ပြီးတော့မှ သောက ပရိဒေဝ ဒုက္ခ၊ ဒုက္ခဆိုတာ ဆင်းရဲပင်ပန်းတာခေါ်တယ်။ ဘယ်မှာ ဆင်းရဲ ပင်ပန်းတာတုံး (ကိုယ်မှာပါဆရာ)၊ ကိုယ်မှာတဲ့နော် (မှန်ပါတယ်ဆရာ)၊ ကာယိကဒုက္ခဟု ဆိုအပ်သော အကုသလဝိပါက် ကာယဝိညာဏ်နဲ့ယှဉ်သော ဝေဒနာကို ကောက်။ တရားကိုယ်ကောက်တော့ ဝေဒနာ ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာရ။ ကာယိကဒုက္ခဖြစ်သော အကုသလဝိပါက် ကာယဝိညာဏ်နှင့် ယှဉ်သော ဝေဒနာသည် ဒုက္ခခေါ်၏။ ကိုယ်၌ ပင်ပန်းခြင်းခံစားမှု၊ သူက ဘာလက္ခဏာရှိသလဲ ဆိုတော့ "အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏာ"လို့၊ အနိဋ္ဌ-အလိုမရှိအပ်သော၊ အာရမ္မဏ,က အာရုံ၊ အလိုမရှိအပ်သော အာရုံကို ခံစားခြင်း လက္ခဏာရှိတယ်တဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အလိုမရှိအပ်သော အာရုံကို ခံစားခြင်းလက္ခဏာရှိ၏၊ အနိဋ္ဌာရမ္မဏာ နုဘဝနလက္ခဏာ၊ ဘယ်သူတုံး ဒုက္ခ၊ တရားကိုယ် ကောက်တော့ ဝေဒနာရ ဘယ်ယှဉ်တဲ့ဝေဒနာတုံး၊ အကုသလဝိပါက် ကာယဝိညာဏ်နော် (မှန်ပါတယ်ဆရာ)၊ ကာယိကဒုက္ခဟု ဆိုအပ်သော အကုသလ ဝိပါက် ကာယဝိညာဏ်နှင့်ယှဉ်သော ဝေဒနာသည် ဒုက္ခခေါ်၏၊ ကိုယ်မှာ ပင်ပန်းရှာတယ်၊ မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)။

## ဒေါမနဿ ဆိုတာ

ဒေါမနဿ - သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဒေါမနဿက စိတ်မှာ ဆင်းရဲပင်ပန်းတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် စေတသိကဒုက္ခတဲ့၊ စိတ်၌ ပင်ပန်းဆင်းရဲခြင်း စေတသိက ဒုက္ခဟု ဆိုအပ်သော ဒေါသမူစိတ်မှာယှဉ်သော ဝေဒနာရ၏။ သူလည်း ဝေဒနာပဲ နော် (မှန်ပါတယ် ဆရာ)၊ ဒုက္ခတုန်းကလည်း တရားကိုယ်ကောက်တော့ ဝေဒနာပဲ။ ဒေါမနဿတရားကိုယ်ကောက် လည်း ဝေဒနာပဲ။ ဒါပေမယ့် စိတ်နဲ့ယှဉ်တာရယ်, ကိုယ်၌ယှဉ်တာရယ် ဒီနှစ်မျိုးသွားရတယ် နော်

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ သူကတော့ ဘာလက္ခဏာရှိ "အနိဋ္ဌာနုဘဝနလက္ခဏာ"လို့ ဒေါမနဿကြတော့ "အနိဋ္ဌာနုဘဝန လက္ခဏာ၊ အလိုမရှိခြင်း၌ ခံစားခြင်းလက္ခဏာရှိ၏။ အလိုမရှိခြင်း၌ ခံစားခြင်း လက္ခဏာရှိ၏။ ဒုက္ခတုန်း ကတော့ အလိုမရှိအပ်သော အာရုံ၌ ခံစားခြင်းလက္ခဏာ ရှိ၏။ သူကြတော့ အာရုံမပါဘူး၊ အလိုမရှိခြင်း၌ ခံစားခြင်းလက္ခဏာရှိတယ် နော် (မှန်ပါတယ်ဆရာ)၊ "အနိဋ္ဌာနုဘဝန လက္ခဏာ"လို့ ဒါ ဒေါမနဿ၊ အဲ "အနိဋ္ဌာနုဘဝနလက္ခဏာ"လို့ အလိုမရှိအပ် အလိုမရှိခြင်း၌ ခံစားခြင်းလက္ခဏာရှိ၏။ အနိဋ္ဌာနုဘဝန လက္ခဏာရှိ၏ မှတ်မိတယ်နော် (မှတ်မိပါတယ်ဆရာ)။

## ဥပါယာသဆိုတာ

ဥပါယာသ, ဥပါယာသက တရားကိုယ်ကောက်တော့ ဒေါသစိတ် နော် (မှန်ပါတယ်ဆရာ)၊ ဥပါယာသတရားကိုယ်ကောက်တော့ ဘာရ (ဒေါသစိတ်ပါဆရာ)၊ ဒေါသစိတ်၊ သူကြတော့ ဘာ လက္ခဏာ ရှိလဲဆိုတော့ "ဗျာသတ္တိလက္ခဏာ"တဲ့။ "ဗျာသတ္တိလက္ခဏာ"ဆိုတာ ခြားဟုတ်ပါဘူးတဲ့။ ဆွေမျိုးဉာတိ အစရှိသည်တို့၏ ပျက်စီးခြင်းကြောင့် အတွင်း၌ ပူဆွေးခြင်းသဘောရှိ၏ နော် (မှန်ပါတယ်ဆရာ)၊ ဆွေမျိုးဉာတိတို့၏ ပျက်စီးခြင်းကြောင့်ဖြစ်သော အတွင်း၌ ပူဆွေးခြင်းသဘော ရှိ၏။ ဗျာသတ္တိလက္ခဏာ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ တရားကိုယ်ကောက်တော့ ဘာရတယ် ဒေါသ (ဒေါသပါဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဓိပ္ပါယ်မရှင်းတတ်သော် အလုံးကောက် တရားကိုယ်လေးတွေ ပြန်ပြော စမ်းပါ။ သောက တရားကိုယ်ကောက်တော့ ဘာရ (ဒေါမနဿဝေဒနာ ပါဆရာ)၊ အေး-ဟုတ်ပြီ၊ ပရိဒေဝက တရားကိုယ်ကောက်တော့ ဘာရ (စိတ္တဇသဒ္ဒရုပ်ပါဆရာ)၊ ဝိပ္ပလ္လာသထည့်ပေး (ဝိပ္ပလ္လာသ စိတ္တဇသဒ္ဒရုပ်ပါ ဆရာ)၊ သို့မဟုတ် သီချင်းဆိုတာနဲ့ မှားသွားအုံးမယ် နော် (မှန်ပါတယ်ဆရာ)၊ ဝိပ္ပလ္လာသစိတ္တဇသဒ္ဒရုပ် သဒ္ဒရုပ်ရတာပေါ့ (မှန်ပါတယ်ဆရာ)၊ ဒုက္ခက ဘာရ ဝေဒနာ (ဝေဒနာရပါတယ်ဆရာ)၊ ဒေါမနဿ,က ဘာရ (ဝေဒနာရပါတယ်)၊ အေး-ဟုတ်ပြီ။ ဥပါယာသ,က ဘာရ (ဒေါသပါဆရာ)၊ အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘယ်နှစ် ရက်ခံ၊ ဟင့် ဘယ်နှစ်ရက်ခံမှာတုံး၊ နက်ဖြန် ပြန်၊ ပါအုံးမလား (ပါအုံးမှာပါဆရာ)၊ ပါကောင်းပါရဲ့။ အောင်မလေး မနည်းကြိုးစားရ၊ မှတ်ထားပါ ငါပြောပါ့မယ်။ နင်လို လူတစ်ယောက်က အဲဒါလေးတွေ အစကနေ အဆုံးတိုင် အလုံးကောက်ကလေးတွေ အဓိပ္ပါယ်လေး မတိုမရှည်လေးနဲ့ တရားကိုယ် တရားသားလေးနဲ့ ကောက်တတ်လို့ အဓိပ္ပါယ်လေး လည်လည်ပတ်ပတ် အခုငါပြသလို အင်္ဂါဆယ့် နှစ်ရပ် ပဋိစ္စသမုပ္ပါဒ် ဆက်စပ်ပုံကလေးကို နင်ပြောတတ် ဆိုတတ်လို့ ရှိရင်လို့၊ နင့် လူတွင်မကဘူး၊

http://www.dhammadownload.com



နတ်တွေကပါ ချီးမွမ်း။ နတ်အချီးအမွမ်းများ မခံချင်ဘူးလား (ခံချင်ပါတယ်ဆရာ)၊ တကယ်ခံချင်သလား (တကယ်ခံချင်ပါတယ်ဆရာ)၊ အေး-နတ်အချီးမွမ်း ခံချင်လို့ရှိရင် ငါပြောတာလုပ်။ နတ်တွေ ချီးမွမ်းလိမ့်မယ်၊ အရင်တုန်းကတော့ တော်တော်မိုက်တဲ့အကောင်ပဲနော် (မှန်ပါတယ်ဆရာ)၊ အရင်တုန်းကတော့ တော်တော်မိုက်တဲ့ကောင်၊ ခုတော့ တကယ့် လူလိမ္မာလေးတစ်ယောက် ဖြစ်နေပြီလို့။ သူတော်ကောင်း သမ္မာဒေဝဆိုတဲ့ နတ်မြတ်နတ်ကောင်းတွေက အမြဲတစေ ကြည့်ရှု။ လူတစ်ယောက် သူတော်ကောင်းဖြစ်သွားရင် နတ်တွေက အင်မတန် ဝမ်းသာတယ် မှတ်ထားကြ နော်။ လူတစ်ယောက် သူတော်ကောင်းဖြစ်သွားရင် နတ်တွေက အလွန်ဝမ်းသာ၏။ နတ်တွေဆိုတာ ရာဇမတ် ခေါင်းပတ်တာ ငါပြောတာမဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဖလားကိုင်ပြီးတော့ အရပ်ထဲ ရေစင်ဖိုး လည်ခံတာ ပြောတာ မဟုတ်ဘူး။ ဒီနတ်တွေ ပြောတာ မဟုတ်ဘူး။ ဆကာမာဝစရ နတ်ခေါ်တယ်။ သမ္မာဒေဝ နတ်မြတ် နတ်ကောင်း နတ်အပေါင်း နတ်တွေကို ဘယ်လောက်များတယ်ထင်။ နတ်ပြည်က ခြောက်ထပ်တောင် ရှိတယ်။ အဲဒါ နတ်ပြည်ခြောက်ထပ်အပြင်ပဲ တို့လူနဲ့တစ်တန်းတည်းနေတဲ့ နတ်တွေ ကိုက မရေမတွက်နိုင်ဘူး သိပ်များတယ် နော် (မှန်ပါတယ်ဆရာ)၊ သူတော်ကောင်းများ ပေါ်လာပြီဆို သူတို့ဝမ်းသာလွန်းလို့ ကောင်းချီးနုမော် သာခုခေါ်ကြ။ ဒါသူတော်ကောင်း အစစ်ဖြစ်ရုံလေးရှိသေးတာ။ မနေ့ညက ငါပြောသွားတဲ့ သာသနာတွင်း သက်ဝင်လာတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ပေါ်လာပြီဆိုမှဖြင့် သူတို့မျက်ခြေမပြတ် အမြဲတစေစောင့်ရှောက် သာသနာစောင့်နတ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သာသနာစောင့်နတ်ဆိုတာ တချို့က ကျောင်းထောင့်နေသလိုလို ဘုရားထောင့်နေသလိုလိုနော် (မှန်ပါတယ်ဆရာ)၊ မဟုတ်ပါဘူး၊ သီလသမာဓိ ပညာဆိုတဲ့ ဘုရားသာသနာ သုံးရပ် တည်နေတဲ့ ပုဂ္ဂိုလ်တွေ ကို အမြဲမပြတ် စောင့်ကြပ်နေတာကို သာသနာစောင့်နတ်ခေါ်တယ်။ နှုတ်ကထွက်လဲပဲ သီလနဲ့ ပတ်သက် တဲ့စကား၊ သမာဓိနဲ့ပတ်သတ်တဲ့စကား၊ ပညာနဲ့ပတ်သက်တဲ့စကား ဘုရားသာသနာ ဒါပဲ ရှိတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူ ဘယ်သူတွေတုံး (သီလ သမာဓိ ပညာ ပါဆရာ)၊ အေး-သီလ သမာဓိ ပညာ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

သီလ သမာဓိ ပညာ၊ အဲဒါမဂ္ဂင်နဲ့ ကောက်တော့ ဒီထဲမဂ္ဂင်တရားကိုယ် ရှစ်ပါးပါသွားနော် (မှန်ပါတယ်ဆရာ)၊ မဂ္ဂင်တရားကိုယ်ရှစ်ပါးကို သီလသာသနာ သမာဓိသာသနာ ပညာသာသနာလို့ အဲဒီမဂ္ဂင်ခိုက်အနေအားဖြင့် တည်နေတဲ့ပုဂ္ဂိုလ်ဆိုရင် သာသနာသုံးရပ်တည်တယ်တဲ့။ အဲသလို တည်လာတဲ့ပုဂ္ဂိုလ်ကြတော့ သာသနာတွင်း သာသနာအတွင်းလူဖြစ်သွား၊ ဘုရားသားတော်စစ် သမီးတော်စစ် သာဝကအစစ်တွေတဲ့။ အဲဒီပုဂ္ဂိုလ်မျိုးကြတော့ သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်း

ဗျာဘောတွေ ကြွယ်ကြွယ် တန်ဖိုးမရှိတာတွေ လုပ်နေ၊ တန်ဖိုးရှိတာလေးတွေ ထုတ်ပေးတာကြတော့ ဂရုမမူ၊ ပစ်စလက်ခတ်ထား။ မနေ့ညပြော ကနေ့ည မေးမရ၊ ဘယ့်နဲ့ လုပ်ဖြစ်ပ့ါ။

ဒါကြောင့် မင်းတကယ့်ကိုပဲ လူချီးမွမ်းခံရလောက်တဲ့ တန်းမျိုးရောက်ချင်လို့ရှိရင် ငါပြောတဲ့အတိုင်း ငါသင်ပေးတဲ့အတိုင်း တတ်အောင်သင်၊ ဘာမှ ခဲယဉ်းတာ မဟုတ်ဘူး။ မလေ့လာရင် ခဲယဉ်းတယ်၊ လေ့လာရင် အလွယ်လေး နော် (မှန်ပါတယ်ဆရာ)၊ စာတွေ ဘာတွေ သင်ကြားနေရတာ မဟုတ်ဘဲ ခုလုံးကောက်အားဖြင့် မှတ်သွား၊ ပြီးတာပဲ မပြီးဖူးလား (ပြီးပါတယ်ဆရာ)၊ ကြိုးစား ကြိုးစား တန်ဖိုးတွေ တိုးလာအောင် အရင်သန်းဖေ မဟုတ်ဘူး၊ ခုသန်းဖေ၊ မင်းက မပြောရဘူး။ ဘေးက ပြောလိမ့်မယ်။ အရင်သန်းဖေ မဟုတ်ဘူး၊ ခုသန်းဖေ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို နာမည်သစ်ကလေးတွေ ပြောင်း ကြစမ်းပါလို့။ လူသစ်ကလေးတွေ ပြောင်းကြစမ်းပါ။ လူတိုင်းလူတိုင်း မင်းတင်မဟုတ်ပါဘူး။

ဒါကြောင့် ဒီတရားရဲ့ အရသာကို သဘာဝကျကျနန သိရတဲ့ ပုဂ္ဂိုလ်များကြတော့ မိမိတို့ကိုယ်မိမိတို့ တစ်ဘဝပြောင်းလို့ သူကောင်းလေးတွေ ဖြစ်လာတယ်ဆိုတဲ့ အဓိပ္ပါယ် အရသာလေးတွေခံစားရတဲ့ပုဂ္ဂိုလ်ကြတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ သူတို့သိပါတယ်။ သိတဲ့လူလည်း များပါတယ်။ တို့ အရင်နဲ့ မတူဘူး၊ တို့အရင်နဲ့ မတူဘူး၊ တို့အရင်နဲ့ မတူဘူး၊ ထူးတယ်။ အရင်ဘဝမျိုးနဲ့ သေလို့ရှိရင် မင်းတို့အဖတ်ဆယ်စရာမရှိဘူး။ ခုတော့ အရင်ဘဝမျိုးနဲ့ မဟုတ်ဘူး။ သင်တန်းလိုက်ပြီးတော့ ဘဝပြောင်းသွား တစ်ဘဝတည်း နှစ်ဘဝပြောင်း မပြောင်းဖူးလား (ပြောင်းပါတယ်ဆရာ)၊ ဘာက ဘာပြောင်းတုံး (အန္ဓဘဝက နေပြီးတော့)၊ သူပြောင်းတဲ့ ဘဝကို သူမပြောတတ်ဘူး။ ဘယ်ပြောင်းတတ်မတုံး၊ သူဟုတ်မှ မဟုတ်ဘဲနဲ့ ဘာပြောင်းတုံး။ အန္ဓဘဝကနေ အန္ဓဘဝပြောင်းသွား (မပြောင်းပါဘူး၊ သာသနာတွင်း လူဖြစ်သွားတာပါဆရာ)၊ သာသနာတွင်း လူဖြစ်သွားတယ်။ အမည်လေး တပ်လိုက်စမ်းပါ။ ဘာခေါ်တယ် (သောတာပန်ပါဆရာ)၊ အောင်မယ် တန်းမြင့်လှချည်းလား။ မင်းတော့ အပြန်ခေါင်းအုပ်ပြန်ရမယ်၊ ဘာသောတာပန်တုံး (စူဠသောတာပန်ပါဆရာ)၊ အဲသလို လုပ်စမ်းပါကွနော်။ အန္ဓဘဝကနေ စူဠသောတာပန် ပြောင်းသွားပြီလား (ပြောင်းသွားပါပြီဆရာ)၊ အသေမကောင်းလားကွယ် (ကောင်းပါတယ် ဆရာ)၊ ကြောက်စရာကော လိုသေးလား (မလိုတော့ပါဘူးဆရာ)၊ အနေကော မကောင်းလားကွယ် (ကောင်းပါတယ်ဆရာ)၊ အနေကောင်း အသေကောင်းပါကွ နော် (မှန်ပါတယ် ဆရာ)၊ အပါယ်ဘေးများ တွေးပြီး ကြောက်စရာလိုသေးသလား (မကြောက်တော့ပါဘူးဆရာ)၊ ကြောက်စရာလည်း မရှိဘူးပေါ့ (မရှိပါဘူးဆရာ)၊ ငါ့အပါယ်ဘေးတော့ တကယ်အေးပေါ့။

http://www.dhammadownload.com



ကြောက်စရာလည်း မရှိဘူးဆို ထင်ရာလည်း စွတ်မိုက်မနေပါနဲ့ကွနော် နားလည်လား (နားလည်ပါတယ်ဆရာ)၊ မလုပ်နဲ့ဟေ့။

တချို့ကလည်း သင်တန်းနားရေလေးဝလာတော့ တရားဝိနည်းရှောင်ပြီး လုပ်တဲ့သူက လုပ်သေးတာပဲ။ ရှေ့နေများ ရှေ့နေများလိုပဲ ဥပဒေတတ်တော့ ဝေ့လည်ကြောင်ပတ် တယ်ပြောတတ်တယ်ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ တရားက တရားဥပဒေနဲ့တော့ မတူဘူး။ မောင်တို့ ဘာပြုလဲဆိုတော့ ငါကြားနေတာပေါ့လေ။ တချို့လည်းပဲ သက္ကာယခွာ ဖဲရိုက်နေရော့တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဟင်း ဘယ်သက္ကာယခွာ ဒီဖဲရိုက်နေတာ တော်လိမ့်မတုံး သင်တန်းလုပ်။ ဟာ မင်းတို့ဂ ပုဂ္ဂိုလ်အနေအားဖြင့် ရိုက်တာ မြင်တာ ကိုကွလို့နော်၊ ရှိသေးတာကိုနော်၊ ဟင်း - သက္ကာယခွာ ဖဲရိုက်နေ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မလုပ်ကြနဲ့ မကောင်းဘူးနော် (မှန်ပါတယ်ဆရာ)၊ နို့ ဒါပေမယ့် ဒီလိုပဲ ဖဲရိုက်ခြင်းကြောင့် ဒီအသိဉာဏ်မျိုးရပေမဲ့ ဖဲရိုက်ခြင်းဟာ အပါယ်လားဆိုတော့ မလားဘာက မှန်ပါတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် တရားတန်ဖိုး လျော့တတ်တယ်တဲ့။ သူများရဲ့အထင်အမြင် အသေးခံရတတ်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)။

ဖဲရိုက်တယ်ဆိုတာ ဒုစ္စရိတ မှတ်ထားပါလို့၊ စီးပွားဖြစ်ရိုက်ရင် မပြောတတ်ဘူးပေါ့ကွာ။ စီးပွားဖြစ် ရိုက်တယ် ဆိုရင်ဖြင့် ဒါ ဒုရာဇီဝခေါ်တယ်။ အပျော်တမ်းကစားတယ်၊ စစ်ဘုရင်ထိုးတယ်၊ ဖဲရိုက်တယ်၊ ပေါ်ကာဆွဲတယ်၊ မာကျောက်ဆွဲတယ် နော် (မှန်ပါတယ်ဆရာ)၊ အပျော်တမ်းတွေ မဟုတ်လား (အပျော်တမ်းတွေပါဆရာ)၊ အပျော်တမ်းပေမဲ့ တဖြည်းဖြည်း စီးပွားပျက်တတ်တယ် မဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)၊ အဲဒါတွေ လုပ်ခြင်းကြောင့် ဒီအသိဉာဏ်မျိုးဆိုတဲ့ပုဂ္ဂိုလ်များ အပါယ်လား မလားဆို မလားပါ ဘူးတဲ့။ ဒုစ္စရိတမတ္တ - ဒုစရိုက်သဘောလေး နော် (မှန်ပါတယ်ဆရာ)၊ ကင်းလားဆို မကင်းပါဘူးတဲ့။ မကင်းပေမဲ့ ငါဟာ တို့အပါယ်မှမလားပဲဘဲကွယ်။ ဒီလောက်လေးတော့ ဘာအရေးကြီးလဲဆိုပေတဲ့ ဒီဖဲရိုက်တာတို့ ပိုကာဒေါင်းတာတို့ မာကျောက်ကစားတာတို့ ဒါတွေက နာမည်က တော်တော်ကြီးလို့ မကြီးဖူးလား (ကြီးပါတယ်ဆရာ)၊ တော်တော်ဆိုးတယ်၊ တော်တော်ဆိုးတော့ ကိုယ့်ဂုဏ်လဲ ထိခိုက်တတ်တယ်တဲ့။ တရားလည်း အရိုအသေကင်းမဲ့တတ်တယ်တဲ့ တစ်ဘက်သားက နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တရားရှိသေတဲ့အနေ, တရားလေးစားတဲ့ အနေအားဖြင့် ရှောင်သင့်လည်း ရှောင်ကြပေါ့လို့ အပါယ်တံခါး ပိတ်တာတော့ ပိတ်ပါ၏၊ မှန်ပါ၏, မဟုတ်ဖူးလားဟ (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါကြောင့် အန္ဓပုထုဇဉ်ဘဝက နေပြီးတော့ ခုစူဠသောတာပန်ဘဝရောက်လာပြီလား (မှန်ပါတယ်ဆရာ)၊ သေတော့ ဘာနဲ့ သေမတုံး (စူဠသောတာပန်ဘဝနဲ့ သေမှာပါဆရာ)၊ ဩော်- စူဠသောတာပန်ဘဝနဲ့ပဲ သေရမယ်လား (မှန်ပါတယ်ဆရာ)၊ အသေမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အသေမမြတ်လား (မြတ်လာပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ၊ ဒီတရားသာ မသိရင် အန္ဓဘဝနေ သေရမယ်လား (အန္ဓနဲ့ပဲသေမှာပါဆရာ)၊ အန္ဓနဲ့သေ ဘယ်သွားမတုံး (အပါယ်လေးပါး သွားမှာပါဆရာ)။ အပါယ်လေးပါးသွားမယ်၊ သေချာတယ်၊ မသေချာဖူးလား (သေချာပါတယ်ဆရာ)၊ အေး-သေချာတယ်။ ဒါကြောင့် အင်မတန် ကြောက်စရာကောင်းတဲ့ အပါယ်လေးပါးကြီး ဒုဂ္ဂတိဘဝကြီး လုံးလုံးကြီး တံခါးပိတ်လို့ စိတ်ချ လက်ချ ကောင်းရာသုဂတိသာလျှင် လဲလျောင်းရာရှိတယ်၊ လားရာရှိတယ်လို့ ဆိုထားတဲ့ တရားကိုးကွ စူဠသောတာပန် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တရားရဲ့သဘော တရားရဲ့အရသာ တရားရဲ့ အကျိုးက များလွန်လွန်းလို့ တို့များကလည်း တိုက်တွန်းပေးတာ။ ပခုက္ကူတစ်မြို့လုံး ဂွင်းလုံးကျွတ် ကျွတ်သွားအောင်ကို လိုက်စေချင်တာ။ ဒီအသိဉာဏ်လေး ရ,ရသွား၊ လူတိုင်းလူတိုင်း ရ, ရသွား၊ ဒီအတတ်မျိုး လူတိုင်းတိုင်းတတ်၊ ဒီအမြင်မျိုး လူတိုင်းတိုင်းမြင်။ တို့မြို့ကြီး ဘာဖြစ်သွား အရိယာမြို့ကြီး ဖြစ်မသွားဘူးလား (ဖြစ်သွားမှာပါဆရာ)၊ ညတောင် တံခါးမပိတ်နဲ့ အိပ်တော့ နော် (မှန်ပါတယ်ဆရာ)၊ နေရာမကျဘူးလား (ကျပါတယ်ဆရာ)၊ ညတံခါးမပိတ်နဲ့ အိပ်တော့ ဆိုတာ လူအိပ်ခိုင်းတာ မဟုတ်ဘူး။ လူကတော့ တော်ရာ ရှောင်အိပ်ပြောတာ နားလည်လား။

တို့မြို့ကြီးက ကောင်းပေမယ့် အရိယာဘဝ ရောက်သွားပေမယ့် ဘေးပတ်ဝန်းကျင်က ကောင်းချင်မှ ကောင်းအုံးမှာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တံခါးမပိတ်နဲ့ အိပ်တော့ တခြားအိပ်ရှောင်အိပ် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ တကယ်ပြောတာဟော့ လူတိုင်းလူတိုင်း ဒီတရားကို မြင်စေချင်တယ်။ တို့စေတနာတွေ ဒီတိုင်းထား။ တစ်နေ့တစ်နေ့ တွက်သားချချကြည့်။ ဘယ်နှစ်နှစ်လောက်ဆို လူဘယ် လောက်ကျမှာပဲ ဘယ်လောက်ပါကောင်းရဲ့, ဘယ်လောက်သိ ကောင်းရဲ့ ဒီလိုချည်းတွက်သားချ။ အဲဒါ တရားရဲ့သဘာဝက အကျိုးကျေးဇူးက များလွန်လွန်းလို့ အရသာလည်း ကောင်းလွန်လွန်းလို့ မသေခင်လည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာနဲ့ နေရ ထိုင်ရ ဖြေတတ်တယ်၊ နေတတ်တယ်တဲ့၊ ပူစရာရှိလည်းပဲ အလွန်အကျွံကြီး မဟုတ်ဘူးတဲ့၊ ဝမ်းသာစရာရှိလည်း အလွန်အကျွံကြီး မဟုတ်တော့ဘူးတဲ့။ ဖြေတတ် နေတတ်နော်၊ အင်မတန်ကောင်းတယ်။ သေပြန်တော့လည်းပဲ မဂ်စခန်း ဖိုလ်စခန်း လှမ်းရုံလေး ရှိတော့တယ်တဲ့။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရမဲ့ဆဲဆဲ၊

http://www.dhammadownload.com



ဒါကြောင့် မဟာသောတာပန်ဖြစ်မဲ့ သောတာပန် အလောင်းလေးတွေမို့လို့ စူဠသောတာပန်-သောတာပန်အငယ်စားလို့ အမည်တပ်ထားတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် နောက်တစ်ပတ် သင်တန်းဖွင့်လို့ ရှိရင် ကိုယ်နဲ့အကျွမ်းဝင်ရာတွေ ခုကတည်းက နှုတ်ဆက်ထား။ သင်တန်းတစ်ပတ် ဆုံးကာနီးပြီ၊ နောက်တစ်ပတ်ဖွင့်လို့ရှိရင် လိုက်ဖြစ်အောင်လိုက်ပါ။ ကြိုးစားပါနော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ကောင်းလွန်းလွန်းလို့ မင်း ငါပြောတာပါ လိုက်ကြည့်စမ်းပါ။ မကြိုက်တော့မှ ပြန်သွားပေါ့ အဓိပ္ပါယ်အားဖြင့်၊ စမ်းရုံလေးတော့ စမ်းကြည့်စမ်းပါ။ တိုက်တွန်းစမ်းပါလို့နော် (မှန်ပါတယ်ဆရာ)၊ တိုက်တွန်းကြစမ်းပါ။ တစ်လှည့်စီ တစ်လှည့်စီ မလိုက်ရသေးတဲ့ပုဂ္ဂိုလ်လည်း အမြောက်အများ ပါ,ပါ၊ ပါ,ပါလာအောင် အင်မတန်ကောင်းတဲ့တရား မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ အေး-ဒါကြောင့် ခုညကတည်းက နှုတ်ဆက်ထား။ သင်တန်းလိုက်ပြန်လည်း အစကနေလိုက်မှ တန်ဖိုးရှိ မရှိဖူးလား (ရှိပါတယ်ဆရာ)၊ ကွင်းဆက်နဲ့ သင်သွားတာဆိုတော့ အခြေခံလေးက စပါလာမှ ဒါမှလည်း ပြတ်သားတယ်။ ဒါမှလည်း နောက်ပိုင်းတွေ လက်ခံနိုင်တယ်။ ခုလတ်မှ ဝင်ဝင်လိုက်ပြန် တော့လည်း အဲဒါ ဇဝေဇဝါနဲ့ မသေမချာ ဖြစ်တတ်တယ်လို့ မပိုင်မနိုင် ဖြစ်တတ်တယ်နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ခုကတည်းက နှုတ်ဆက်ထားကြပါလို့။ အေး-ဒါကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါး၊ သောက တရားကိုယ်ကောက်ရင် ဒေါမနဿဝေဒနာရ၏။ ပရိဒေဝ တရားကိုယ်ကောက်လို့ရှိရင် စိတ်ကြောင့်ဖြစ်တဲ့ ဝိပ္ပလ္လာသ စိတ္တဇရုပ် ရ၏၊ စိတ္တသဒ္ဒရုပ် ရ၏၊ စိတ္တဇသဒ္ဒရုပ်ရ၏ နော် (မှန်ပါတယ်ဆရာ)၊ ဒုက္ခလည်းပဲ ကိုယ်၌ဖြစ်သော အကုသလဝိပါက် ကာယ ဝိညာဏ်နဲ့ယှဉ်တဲ့ ဝေဒနာရတယ်။ ဒေါမနဿလည်း စိတ်၌ယှဉ်တဲ့ ဝေဒနာရ၏ နော် (မှန်ပါတယ်ဆရာ)၊ ဥပါယာသ,က ဒေါသသက်သက် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးရဲ့အကျိုး သိသွားပြီပေါ့ (သိသွားပါပြီဆရာ)၊ အဓိပ္ပါယ်လည်း နားလည်ပြီလား (နားလည်ပါပြီဆရာ)၊ တရားကိုယ် ကောက်တတ်ရဲ့လား (ကောက်တတ်ပါတယ်ဆရာ)၊ သောက ဘာကောက် (ဒေါမနဿဝေဒနာပါဆရာ)၊ ပရိဒေဝ ဘာကောက် (ဝိပ္ပလ္လာသ စိတ္တဇသဒ္ဒရုပ် ပါဆရာ)၊ အေး-ဟုတ်ပြီ။ ဒုက္ခက ဘာကောက် (ဝေဒနာပါဆရာ)၊ ဒေါမနဿက ဘာကောက် (ဝေဒနာပါဆရာ)၊ ဥပါယာသ ဘာကောက် (ဒေါသပါဆရာ)၊ အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘယ်နှစ်ရက်ခံမှာတုံး (တစ်ရက်

http://www.dhammadownload.com



နှစ်ရက်ခံပါလိမ့်မယ်ဆရာ)၊ ဟော-မြင်လား၊ ဒါတော့ သူမလိမ်ဘူး မှန်တဲ့ အတိုင်းပြောတာ။ တစ်ရက်နှစ်ရက်တော့ ခံပါလိမ့်မယ် မှတ်ထားဟ နော် (မှန်ပါတယ်ဆရာ)၊ မပျောက်စေနဲ့ မှတ်ထား။

နင့်ငါ အင်မတန် သနားလွန်လွန်းလို့ တိုက်တိုက်တွန်းတွန်းနဲ့ သင်ကြားပေးနေတာ၊ နင့်လူတန်ဖိုး လေးရှိလာအောင်လို့ ပြောနေတာ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အချင်းချင်းလည်း ဟောပြော ပေးရမယ် နော် (မှန်ပါတယ်ဆရာ)၊ နာချင်တဲ့ပုဂ္ဂိုလ်ရှိရင် ဟောပြောပေး ပြသပေး၊ ဒါမှလည်း နှုတ်က လည်း တက်လာတယ်။ နှုတ်ကလည်း သွက်လာတယ် ခေါ်တယ်။ ဒါမှလည်း ကိုယ့်ဉာဏ်က ပြန်ပြီး တော့ ပိုပို ပိုပိုတက်တယ်၊ နှုတ်မဆိတ်ကြပါနဲ့လို့၊ သင်တန်းသူ သင်တန်းသားများ နှုတ်မဆိတ်လို့ရှိရင် ဘာဖြစ် ပြောတတ်တယ်၊ နှုတ်ကလေးတွေ တဖြည်းဖြည်း တဖြည်းဖြည်း တက် တက် တက်လာ။ ဉာဏ်ကောတဲ့ ဉာဏ်လည်း ပွင့်လင်းပွင့်လင်းလာတယ်။ ဒါကြောင့် နာလို ကြားလိုတဲ့ပုဂ္ဂိုလ်များရှိရင် ဦးမလေးပါနဲ့ ဟောပေးကြပါလို့။ ဒါပေမယ့် မနာချင်တဲ့ပုဂ္ဂိုလ်တော့ သွားမဟောနဲ့။ အကဲ့ရဲခံရအုံးမယ် နော် (မှန်ပါ တယ်ဆရာ)၊ ဒီတရားလေး စကားစ၊ ဟိုက ဟောချင်လို့ စကားစလိုက်ရင် ဟိုက ကြိုက်ပုံ ပေါ်သလား၊ ကြိုက်ပုံမပေါ်သလားဆိုတာ အကဲခတ်တတ်ရဲ့လား (ခတ်တတ်ပါတယ်ဆရာ)၊ အေး - ခတ် ခတ် ခတ်၊ ကြိုက်ပုံမပေါ်တဲ့လူတော့ မဟောနဲ့နော် (မဟောပါဘူးဆရာ)၊ မဟောနဲ့ မဟောနဲ့။

တို့ဘုရားအလောင်း ကိုယ်တော်မြတ်ကြီးတောင် တရားဟောမှားလို့ အထောင်းခံရတယ်။ နုစဉ်အခါတုန်းက၊ ဒီတော့ ဟိုဘက်ကမ်းကူးမယ်လို့ ကြည့်လိုက်တော့ ကူးတို့သွားမြင်တယ်။ ကူးတို့ပို့တဲ့သူငယ်က ခပ်ငယ်ငယ်ရှိသေး။ တို့ဘုရားကိုယ်တော်မြတ်ကြီးက ဟယ်ခက်တာပဲ၊ မြစ်နဲ့တွေ့နေပေ့ါ၊ လှေနဲ့မှ မကူးလည်း ဖြစ်ဟန်မတူဘူး။ ဒီတော့ ကူးတို့သမားလေး အလကား ပို့ပါဆိုလည်း ပို့မှာမဟုတ်ဘူးတဲ့ ပိုက်ဆံနဲ့ စီးပွားရှာနေ၊ ဘယ့်နဲ့လုပ် ငါကြံရပ့ါ။ ငါ့လည်း ပိုက်ဆံက တစ်ပြားမှ မပါဘူး။ အေး - မတတ်နိုင်ဘူး၊ သူလည်း အကျိုးရှိ၊ ကိုယ်လည်း အကျိုးရှိ ဆိုသလိုပေ့ါ။ ကူးတို့ခထက် ပိုပြီးတော့ တန်ဖိုးရှိတဲ့ တံစိုးလက်ဆောင် ငါပေးရရင် သူလည်း ကျေနပ်ရဲ့၊ ငါ့လည်း အမြတ်ထွက် သူလည်းမြတ်ရဲ့ပေါ်လေ။ ဒီတော့ ကူးတို့သမားလေး မလိမ့်တပတ်နဲ့ သူငယ်ဦး ဟိုဘက်ကူးချင်တယ်ကွယ်၊ တစ်ဆိတ်လိုက်ပို့ပါဟာ ပို့တာပေ့ါခင်ဗျာ ထုံးစံအတိုင်းကိုးကွ ကူးတို့ကိုနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဂုဏ်တော်အခုပို့နေတဲ့ ကူးတို့က ဟိုဘက် ဒီဘက်ဆို တစ်ယောက် တစ်မတ်ခင်ဗျာ။ အေးကွယ် ပို့သာပို့ပါကွယ် ထုံးစံအတိုင်းပေ့ါ။ မလိမ့်တပတ်ကိုးကွ နော် (မှန်ပါတယ် ဆရာ)၊ ဒါဖြင့် တက်ခင်ဗျာဆိုတော့ လှေပေါ်တက်ပို့၊ ဟိုဘက်ကမ်း ရောက်တော့ လှေပေါ်ကဆင်း။ ဆင်းတော့ ဆရာကြီး ကူးတို့ခ အေးကွာ ရမှာပေ့ါ။ အေးလေ-ခင်ဗျား ခုသွားမဲ့ဟန်ပြင်နေတာ

http://www.dhammadownload.com



ကူးတို့ခပိုက်ဆံဗျ၊ ဒီလိုပါကွယ် ငါ့တူရယ် မင်း ငါတစ်ခုပြောပါ့မယ်၊ ငါတစ်ခု ပြောပါ့မယ် ဆိုကတည်းက ပိုက်ဆံမပေးချင် မပေးနိုင်ဘူးဆိုတဲ့အနေက ပေါ်လာတယ်။

ကူးတို့သမားလေးက သိပ်မကြိုက်ဘူး။ ဘာပြောမတုံး ခင်ဗျာ။ ငါပြောပါမယ်။ မင်း ခုလူတစ်ယောက် တစ်မတ်ယူတာ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ တစ်မတ်အပြင် ကျွန်တော်ပို မယူပါဘူး။ အဲဒီ တစ်မတ်ပေးဗျာ အေးပါကွာ ဖြေးဖြေးပေါ့ နေစမ်းပါဦး။ ငါစကားတစ်ခုပြောပါ့မယ်။ မင်းကူးတို့ခ လူတစ်ယောက် တစ်မတ်ရတယ် မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ တစ်မတ်ကွာ သရေစာဝယ်စားလိုက် ဘာမှမကြာဘူး ကုန်သွားတာပဲ သူငယ် ငါ့တူ၊ ဦးတစ်ခုပြောမယ် - တစ်မတ်ထက် မရေမတွက်နိုင်အောင် တန်ဖိုးများတယ် ဆိုတဲ့ တရားလက်ဆောင် မင်း ငါပေးမယ်ကွယ် ယူပါ။ ဟာ မလိုချင်ဘူးဗျာ၊ ပိုက်ဆံတစ်မတ်လိုချင်တယ်။ မဟုတ်ဘူး ငါ့တူရ တစ်မတ်ဆိုတာ ခဏလေး သုံးလိုက် ကုန်သွားတာ၊ တရားလက်ဆောင်ဆိုတာက တရားဆိုတာ အင်မတန် နာရခဲတယ်၊ ကြားရခဲတယ်။ ဒီတရားနာရပြန်တော့လည်း သံသရာအဆက်ဆက်သုံးလို့ မကုန်ပါဘူးကွာ၊တစ်ဘဝတွင် မကပါဘူး ငါ့တူရယ် စိတ်ကူးမလွဲပါနဲ့။ ဦးတရားဟောပါ့မယ်၊ မနာချင်ဘူး ခင်ဗျာ၊ တရား ကျုပ်မနာချင်ဘူး၊ ခင်ဗျာ၊ ပိုက်ဆံတစ်မတ်ပေး။ ဦးက မပေးချင်လို့ ပြောတာ မဟုတ်ပါဘူး ငါ့တူ။ ဦးမှာ ပိုက်ဆံက တစ်ပြားမှမပါဘူး။ ဒါဖြင့်ရင် ဒီအလာပိုက်ဆံက တစ်ပြားမှ မပါဘဲနဲ့ အခု မြစ်ကူးစရာက ပက်ပင်း ပါလာတွေ့နေလို့ ငါ့တူလည်း အကျိုးများစေတော့ ငါလည်း ဒီဘက်ရောက်ဖြစ်စေ ဆိုပြီးတော့ ငါပရိယာယ်စကားနဲ့ သုံးပြီးတော့ ဒီဘက်ကို မင်း ငါ့အပို့ခိုင်းတာ ပိုက်ဆံတစ်ပြားမှ မရှိဘူး။

ဒါကြောင့် မင်းပိုက်ဆံတစ်မတ်ထက် အဆပေါင်းများစွာ မြတ်ချင်တိုင်းမြတ် သာချင်တိုင်းသာ ဆိုတဲ့ တရားတစ်ပုဒ် ငါဟောမယ်ကွာ တရားနာပါ။ ဟာ နားမလည်ဘူး၊ နားမလည်လည်းပဲ ငါတော့ ပေးစရာ တစ်ပြားမှ မရှိဘူး ဆိုတယ်။ လှေပို့တဲ့ကူးတို့သားက ဘုရားလောင်းဆွဲထောင်းပါလေရော့ နော် (မှန်ပါတယ် ဆရာ)၊ လိုမ့်လို့ချည်းထောင်းတာ ငါ့ပိုက်ဆံတစ်မတ်ပေး အခုပေး၊ တရားမနာချင်ဘူး၊ တရားနာပါကွာ ဟာမရဘူး မနာချင်ဘူး ထောင်းလိုက်တာလို့ ထောင်းလို့ အားရတော့မှ လွှတ်လိုက်တယ်တဲ့။ မနာချင်တဲ့ပုဂ္ဂိုလ် သွားပြီးတော့ တရားဟောပြန်လည်း လှေသူကြီးနဲ့ ဘုရားလောင်းလို ကူးတို့ကူးတဲ့ ဘုရားလောင်းလို အထောင်းခံရမှာလည်း စိုးရသေးတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ပြောမယ်ကြံလည်း ကြည့်ဟော ကြည့်ပြောပေါ့။ နှုတ်တော့ မဆိတ်ကြပါနဲ့လို့။ ဟောရင်လည်း ကိုယ့်မှာ ဓမ္မဒါနကုသိုလ်လည်း ဖြစ်တယ်။ နာတဲ့ပုဂ္ဂိုလ်လည်း ဓမ္မဒေသနာ ကုသိုလ်လည်းဖြစ်တယ်။ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ အင်မတန် တန်ဖိုးကြီးပါတယ်။ စေတနာကောင်းနဲ့

http://www.dhammadownload.com



ထားဟော။ ကိုယ့်လည်း ညဏ်ရည်တွေတိုးရင့်တယ်။ ညဏ်သွက်လာတယ်။ ညဏ်ထက်လာတယ်။ နှုတ်က လျှာစလည်း လိုက်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ နှုတ်မဆိတ်နဲ့ နှုတ်မဆိတ်နဲ့။

အဲဒါကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါး အဓိပ္ပါယတ္ထ တရားကိုယ် တရားသားပြီးကြ။ ပြီးတော့ ဘာဖြစ်သလဲလို့ အဲဒီ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားငါးပါးဖြစ်တဲ့ ပုဂ္ဂိုလ်များဟာ ဘယ်လိုဖြစ်လာတတ်သလဲဆိုတော့ အာသဝေါ တရား လေးပါးဘက် ယိုစီးလာတတ်တယ်၊ ယိုင်လာတတ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အာသဝေါတရားလေးပါး သူတို့ကြောင့်, သူတို့ကြောင့်၊ သူတို့ဖြစ်ပြီဆိုမှဖြင့် အာသဝေါတရားလေးပါး ဘက် ယိုစီးလာပြီ၊ ယိုင်လာပြီ။ အာသဝေါတရားလေးပါး သိလား (ဒိဋ္ဌာသဝ)၊ ပြော ပြော၊ ပြော၊ ပြောပါ ပြောပါစေ့ရင် ပြီးတာပဲ၊ (အဝိဇ္ဇာသဝ)၊ ဟုတ်ပြီ (ကာမာသဝါ) ဟုတ်ပြီ၊ (တစ်ခုက မေ့နေတယ် ဆရာ)၊ ဟောဗျာ ဘဝါသဝ (ဘဝါသဝ)၊ အဲ မှတ်ထားကြဟေ့။ ဘယ်စာအရ ပြောတာတော့ ငါမပြောတတ်ဘူး။ ဒိဋ္ဌာသဝ, ကစ၊ မှတ်မိတာက ဖမ်းချလိုက်တာပေါ့ကွ နော်။ လေးခုစေ့တာ လိုရင်းမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ ဟုတ်ပြီ။ မင်းသဘော ရေပါ ဘယ်ကစ ရေရေ၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ကာမာသဝ ဆိုတာက ငါးဖြာအာရုံ ကာမဂုဏ်ဘက်ကို ယိုစီးလာတယ်တဲ့ ယိမ်းယိုင်လာတယ် ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ တရားငါးပါး တွေ့ပြီလားဆိုမှဖြင့် တချို့လည်း ငါးဖြာအာရုံ ကာမဂုဏ်ဘက် ယိမ်းလာတယ်၊ ယိုင်လာတယ်၊ ညွတ်လာ တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ယိုစီးလာတယ်တဲ့။ ဒီတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးနဲ့ တွေ့ပြီဆိုမှဖြင့် ဘဝဘက် ယိုစီးလာတတ်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဘယ်ဘဝမျိုး ဖြစ်ရရင် ကောင်းမှာပဲ။ ဘယ်ဘဝအနေမျိုးဆိုရင် နေရာကျမှာ ပဲလို့ ဘဝဘက် နှစ်သက်တဲ့သဘောလေး၊ ဘဝဘက် ယိုစီးလာတဲ့သဘောလေး ဒီလိုဖြစ်လာတယ် နော် (မှန်ပါတယ် ဆရာ)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားငါးပါးနဲ့တွေ့။ ဒိဋ္ဌာသဝ - အယူအားဖြင့် အယူဘက်ကိုလည်း ယိုစီးလာတတ်တယ်တဲ့။ ဘယ်အယူဝါဒဆိုရင် သိပ်နေရာကျမှာ။ ခု ငါ့အယူဝါဒ က ဘယ်လို ဖြစ်နေလို့နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာသဝ - သောက အစရှိသော တရားငါးပါးနဲ့ တွေ့လာတဲ့ ပုဂ္ဂိုလ်များသည် အဝိဇ္ဇာသဝ အဝိဇ္ဇာဓာတ်ဘက်သို့ ယိုစီး၍ လာကြ၏။ အဝိဇ္ဇာသဝ ဆိုတာ ဘယ်လိုတုံးတဲ့။ စောစောက ပြောတဲ့ ကာမာသဝဘက်၊ ဘဝါသဝဘက်၊ ဒိဋ္ဌာသဝဘက် ယိုစီး လာတယ် ဆိုတဲ့ အဝိဇ္ဇာကြောင့်ပဲ နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါကြောင့် "အာသဝသမုဒယာ အဝိဇ္ဇာ"လို့ ဘုရားကိုယ်တော်မြတ်က ဟောထားတာ။ အဝိဇ္ဇာကြောင့်ဖြစ်တာတဲ့၊ ဒါဖြင့်ရင် ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝလို့ အာသဝေါတရားလေးပါး အကျိုးအနေအားဖြင့် ဖြစ်ပေါ်လာတော့ တစ်ခါအကြောင်းအနေနဲ့ ရှာပြန်တော့ ဘယ်သူလဲဆိုတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတွေပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ တရားတွေနဲ့ တွေ့ပြီဆိုမှဖြင့် မုချအာသဝေါတရားလေးပါး ဘက် တစ်ပါးပါး အနေအားဖြင့် ယိုစီးရမယ်၊ ယိမ်းယိုင်လာရမယ်တဲ့။ အကြောင်းကြောင့် အကျိုးဖြစ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီအာသဝေါတရားလေးပါး ဖြစ်လာပြန်တော့လည်းပဲ အဝိဇ္ဇာကင်းသလားဆို မကင်းပြန်ဘူးတဲ့။ ဒါကြောင့် "အာသဝပစ္စယာ အဝိဇ္ဇာ"လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က တိုက်ရိုက်ဟောသွားတာ။ ဒီအာသဝ ဖြစ်လာပြီဆိုမှဖြင့် အဝိဇ္ဇာက ဖြစ်ကရော့ မဖြစ်ဖူးလား (ဖြစ်မှာပါဆရာ)၊ အာသဝဖြစ်လို့ရှိရင် အဝိဇ္ဇာက ဖြစ်နိုင်တယ်တဲ့, ဖြစ်တယ်တဲ့ ဖြစ်ရမယ်တဲ့။

ဒါကြောင့် "အာသဝသမုဒယာ အဝိဇ္ဇာ" မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာကြတော့ "အညာဏလက္ခဏာ"လို့ ဘာမှ မသိတဲ့ လက္ခဏာရှိတယ်။ ဒါဖြင့် "အာသဝသမုဒယာ အဝိဇ္ဇာ"ဆိုတော့ အဝိဇ္ဇာလည်းရောက်ကရော့ "အဝိဇ္ဇာပစ္စယာ"ဆိုတော့ ဘာဖြစ် (သင်္ခါရဖြစ်ပါတယ်ဆရာ)၊ သင်္ခါရဖြစ်နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ ဝဋ်က ဆက်မသွားဘူးလား (ဆက်သွားပါတယ်ဆရာ)၊ ဆက်သွား တော့ အကြောင်းအကျိုး တစ်ခါပြန်ကြည့်တော့ ရပ်လို့ရရဲ့လား (မရတော့ပါဘူးဆရာ)၊ အဝိဇ္ဇာဖြစ်လာ ပြန်ပြီ ဆိုလို့ရှိရင် အဝိဇ္ဇာ တည်းဟူသော အကြောင်းကြောင့် ဘာတွေဖြစ်မတုံး (သင်္ခါရတွေ ဖြစ်မှာပါဆရာ)၊ ဟော သင်္ခါရဖြစ်ပြန်။ သင်္ခါရဖြစ်တယ်ဆိုကတည်းက သင်္ခါရအကြောင်းခံ တော့ ဘာဖြစ် (ဝိညာဏ်ဖြစ်မှာ ပါဆရာ) ဝိညာဏ်အကြောင်းခံတော့ (နာမ်ရုပ်ဖြစ်မှာပါဆရာ)၊ နာမ်ရုပ်အကြောင်းခံတော့ (သဠာယတန ဖြစ်မှာပါဆရာ)၊ သဠာယတနအကြောင်းခံတော့ (ဖဿ ဖြစ်မှာပါဆရာ)၊ ဖဿအကြောင်းခံတော့ (ဝေဒနာ ဖြစ်မှာပါဆရာ)၊ ဝေဒနာအကြောင်းခံတော့ (တဏှာဖြစ်မှာပါဆရာ)၊ တဏှာအကြောင်းခံတော့ (ဥပါဒါန်ဖြစ်မှာပါဆရာ)၊ ဥပါဒါန်အကြောင်း ခံတော့ (ဘဝဖြစ်မှာပါဆရာ)၊ ဘဝအကြောင်းခံတော့ (ဇာတိဖြစ်အုံးမှာ ပါဆရာ)၊ ဇာတိအကြောင်း ခံတော့ (ဇရာမရဏ ဖြစ်အုံးမှာပါဆရာ)၊ ဆက်ပြော (ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်အုံးမှာပါဆရာ)၊ ဩော် -ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အကြောင်းခံတော့ကော (အာသဝဖြစ်အုံးမှာပါဆရာ)၊ အာသဝအကြောင်းခံတော့ (အဝိဇ္ဇာဖြစ်အုံးမှာ ပါဆရာ)၊ အဝိဇ္ဇာအကြောင်းခံတော့ (သင်္ခါရပါဆရာ)၊ မင်းဥစ္စာ မင်းလျှောက်ပြောသွားစမ်း-

http://www.dhammadownload.com



အဝိဇ္ဇာကြောင့် (အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်အုံးမှာပါဆရာ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်အုံးမှာပါဆရာ၊ ဝိညာဏ်ကြောင့် နာမ်ရုပ်နှစ်ပါး ဖြစ်အုံးမှာပါ။ နာမ်ရုပ်နှစ်ပါးကြောင့် သဠာယတန ဖြစ်အုံးမှာပါ။ သဠာယတနကြောင့် ဖဿဖြစ်အုံးမှာပါ။ ဖဿကြောင့် ဝေဒနာဖြစ်အုံးမှာပါ။ ဝေဒနာကြောင့် တဏှာ ဖြစ်အုံးမှာပါ။ တဏှာကြောင့် ဥပါဒါန်ဖြစ်အုံးမှာပါ။ ဥပါဒါန်ကြောင့် ဘဝဖြစ်အုံးမှာပါ။ ဘဝကြောင့် ဇာတိဖြစ်မှာပါဆရာ၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဖြစ်အုံးမှာပါ။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တို့ကြောင့် အာသဝဖြစ်အုံးမှာ ဆရာ။ ခုမှပါသွား ခုမှပါသွားတယ်၊ ခုမှပါသွားတယ်။ ဥပါယာသတို့ကြောင့် (အာသဝဖြစ်ဦးမှာပါဆရာ)၊ အာသဝကြောင့် (အဝိဇ္ဇာဖြစ်အုံးမှာပါဆရာ)၊ ဒီလိုပြောစမ်း။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ် ပြောစမ်း (အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကြောင့် အာသဝ၊ အာသဝကြောင့် အဝိဇ္ဇာ၊ ချသွား တယ်ကွာ မင်း သိတယ်ဗျ ပရိသတ်က၊ ပရိသတ် သိတယ်။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကြောင့် (အာသဝဖြစ်အုံးမှာပါ)၊ အာသဝ ကြောင့် (အဝိဇ္ဇာဖြစ်အုံးမှာပါ)၊ ငါ့အဖော်ခေါ်နေ ဆိုပါ။ မင်းဆိုပါကွ (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်အုံးမှာ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်အုံးမှာပါ၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်အုံးမှာပါ၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်အုံးမှာပါ၊ သဠာယတနကြောင့် ဖဿဖြစ်အုံးမှာပါ၊ ဖဿကြောင် ဝေဒနာဖြစ်အုံးမှာပါ၊ ဝေဒနာကြောင့် တဏှာဖြစ်အုံးမှာပါ၊ တဏှာကြောင့် ဥပါဒါန်ဖြစ်အုံးမှာပါ၊ ဥပါဒါန်ကြောင့် ဘဝဖြစ်အုံး မှာပါ၊ ဘဝကြောင့် ဇာတိဖြစ်အုံးမှာပါ၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဖြစ်အုံးမှာပါ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကြောင့် အာသဝဖြစ်အုံးမှာပါ၊ အာသဝကြောင့် အဝိဇ္ဇာဖြစ်အုံးမှာပါ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်အုံးမှာပါ)၊ တော်တော့ တော်တော့ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ရပ်လို့ ရသေးရဲ့လား (မရတော့ပါဘူးဆရာ)၊ အကြောင်းခံလိုက်ရင် အကျိုးပေါ်မယ်လား (ပေါ်မှာချည်းပါဆရာ)၊ အကြောင်းခံလိုက်ရင် အကျိုးဖြစ် သွားမယ်လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ရပ်မရဘူးပေါ့။ (ရပ်မရပါဘူးဆရာ) ဒါဖြင့် အကျိုး မပေါ်ချင်တော့ ဘယ့်နဲ့လုပ် (အကြောင်းတွေ ဖြုတ်ပစ်ရမှာပါဆရာ)၊ သြော်-အကျိုးမပေါ်ချင် အကြောင်းရပ်လိုက် အကြောင်းဖြတ်လိုက်လား (မှန်ပါတယ်ဆရာ)၊ အေး - ဟုတ်ပြီ ဟုတ်ပြီ မှတ်ထား နော်။ လည်ပုံလည်နည်းလေး မှတ်ထား သေသေချာချာ။

http://www.dhammadownload.com



ဒါ ပဋိစ္စသမုပ္ပါဒ် အပြတ်ကြီးလည်း ဖြစ်နေတတ်တယ်။ အဝိဇ္ဇာကစ ဇရာ မရဏဆုံးနေလို့ရှိရင် အပြတ်ကြီးဖြစ်မနေဘူးလား (ဖြစ်နေမှာပါဆရာ)၊ အပြတ်မဟုတ်ဘူး။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ လည်နေတယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ မရပ်မနားလည်ပုံ ရပ်မရပုံ ဖြတ်မရပုံလေး အခုလည်ပုံ လည်နည်းလေးတွေ ပါးစပ်ထဲမှာ ညက်ညက်ကျေနေအောင် မှတ်ထား။ တစ်နည်းအားဖြင့် ညက်ညက်ကျေကျေနေတော့လည်းပဲရွတ်။ အမြဲတမ်းရွတ် နော် (မှန်ပါတယ်ဆရာ)၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသပစ္စယာ အာသဝါ၊ အာသဝပစ္စယာ အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ရွတ်စမ်းပါ။ ဒါလေးတွေ ညတိုင်းညတိုင်း ဘုရားပုတိုး ရှိခိုးဝတ်တတ်ပြီး ရွတ်။ လယ်တီဆရာတော် ရေးထားတဲ့ စာအုပ်ထဲ မတွေ့ဘူးလား။ စေတီများ ပရိဘောဂစေတီတို့၊ ဓာတုစေတီတို့ ဓမ္မစေတီတို့၊ ပြီးတော့ ဘာတုံးဟ ဥဒ္ဒိဿစေတီတို့၊ စေတီလေးမျိုးရှိတဲ့အနက်က ဘုရားတည်ကြစို့ဆိုတော့ ဓာတ်တော်လည်း ဌာပနာစရာမရှိ။ ပရိဘောဂ ဘုရားအသုံးအဆောင်လည်း ဌာပနာစရာ မရှိ။ စာပေဌာပနာစရာမရှိ။

ဟင်း ဒီလိုဆိုလို့ရှိရင် ဌာပနာဖို့ လူနတ် ပြဟ္မာသတ္တဝါတို့ ဦးခိုက်ပူဇော်ထိုက်အောင် ဆိုပြီးတော့ ပဋိစ္စသမုပ္ပါဒ်များ ရွှေပြား ငွေပြား မတတ်နိုင်ဘူးဆို ပေရွက်ရေး ပဋိစ္စသမုပ္ပါဒ်ရေးနော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စသမုပ္ပါဒ်ရေးပြီးတော့မှ ရေးတဲ့ရွှေပြား ငွေပြား ပေရွက်တို့ ခွေလိပ်ပြီးတော့ ဌာပနာ တိုက်ထဲထည့်။ အဲဒီ စေတီထဲ ဌာပနာတည် ဓမ္မစေတီတဲ့။ လူနတ် ပြဟ္မာ သတ္တဝါတို့ ပူဇော်ဦးခိုက် ရှိခိုးထိုက်တယ်တဲ့။ စေတီထိုက် မသွားဘူးလား (ထိုက်သွားပါတယ် ဆရာ) ဒီလိုပဲတဲ့။ ဟိုလည်းပဲ ပဋိစ္စသမုပ္ပါဒ် ရွှေပြား ငွေပြား ရေးထားလို့ စေတီထိုက်တာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဓမ္မစေတီ ထိုက်တယ်။ လူလည်း ဒီလိုပဲတဲ့။ ဒီပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး ရွတ်ဖတ်သရဇ္ဈာယ်နေ စေတီမထိုက်ဘူးလား (ထိုက်ပါတယ် ဆရာ)၊ ရှိခိုးထိုက်တယ်၊ ပူဇော်ထိုက်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဘေးရန် အန္တရာယ် ခပ်သိမ်းလည်း ကင်းငြိမ်းတယ်တဲ့၊ အသက်လည်း ရှည်တယ်၊ ကျန်းမာတယ်၊ ချမ်းသာတယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ လာဘ်သပ္ပကာလည်း များတယ်၊ ဈေးလည်း ရောင်းကောင်းတယ် တည့်ပေးရအုံးမယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ရွတ်ပါ ရွတ်ပါ၊ ကိုယ်လည်း နှုတ်ကလေးတွေ တက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ကြိုးစားကြ။ တစ်လောက ပြောထားတဲ့အတိုင်း

http://www.dhammadownload.com



သေခြင်းသဘောတရား ကျောကပ်လို့ ကနေ့လား နက်ဖြန် လား သဘက်လား ဒီလလား နောက်လလား ဒီနှစ်လား နောက်နှစ်လား သွားဖြလေးတွေနဲ့ ပြုံးစိ ပြုံးစိနဲ့ မနေကြနဲ့လို့ အမှုမဲ့အမှတ်မဲ့၊ သေခြင်းသဘောတရား ငါ့ကျောကပ်နေပါလားဆိုတာလေးတွေး၊ အချိန်းအချက် မရှိပါလားဟဲ့။ ကွေးသော လက်မဆန့်မီ၊ ဆန့်သော လက်မကွေးမီ သင်္ခါရဓမ္မ ပျက်စီးမှု ဆိုတာ အင်မတန် လျင်မြန်ပါလားလို့၊ တို့ဇာတိရယ်လို့ ရလာစဉ်အခါတည်းက သေမင်းရဲ့ခံတွင်း သက်ဆင်းဖို့ အချိန်မရွေး အစာအနေ အားဖြင့် ပေးနေရပေ့။ ပြုပြင်ဖန်တီးနေရတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တို့ဘုရားလက်ထက်တော်က မဟာဝါဏိဇ္ဇ-ကုန်သည်ကြီး လှည်းပေါင်းငါးရာနဲ့ ကုန်ရောင်း ထွက်လာ။ ဂင်္ဂါမြစ်ဆိပ်ကမ်းနားကျတော့ မြတ်တစ်ဘက်ကမ်း ကူးမယ်ကြံတော့ မိုးလေဝသ အင်မတန် အားကြီး၊ မိုးကကောင်းတော့ ဂင်္ဂါမြစ်မကူးနိုင်ရှာဘူး။ ရေတွေကလျှံလို့၊ တို့ ဂင်္ဂါမြစ်ဆိုတာ နွေပေါက်တဲ့ အခါကြ လှည်းဖြတ်ကူးလို့ ဖြစ်တယ်ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ မြစ်ပြင်ကသာ ကျယ်တာ၊ ရေက အတိမ်လေး။ အခုတော့ မိုးဦးပေါက်စကလည်း ဖြစ်နေတော့ မိုးကလည်း အင်မတန် ကောင်းနေတော့ ဂင်္ဂါမြစ်ကြီး ရေတွေလျှံလို့ ကမ်းနဖူးရောက်တော့ ရေလျှံမှန်းသိတော့ မကူးနိုင်။ ရေတွေက အင်မတန် ကြီးတော့ မဖြစ်ဘူး။ ငါ့ကုန်တွေလည်း အနင့်သားတင်လာတယ်။ ဟိုဘက်ကမ်း လည်း ရုတ်တရက် မကူးနိုင်တော့ ဒီဘက်မှာပဲ တဲအုပ်ခဏထိုးပြီးတော့ ငါအရောင်းအဝယ် လုပ်လေမှပဲ။ မဟာဝါဏိဇ္ဇ-ကုန်သည်ကြီးက လှည်းပေါင်းငါးရာနဲ့ ကမ်းဆိပ်တွင် နေရာထိုင်ခင်းပါ ရွေးချယ်ပြီးတော့ တဲအုပ်ကန္နား ထိုးတယ် ကျကျနန အခိုင်အမာပေ့ါကွာ။ ဝါတွင်းသုံးလ နေနိုင်အောင် သစ်နဲ့ ဝါးနဲ့ အဆောက်အဦးတွေ ပါလုပ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က အာရုံကျင်းလို့ အလင်းဘက် ရောက်တဲ့အခါမှာ သတ္တဝါများကို ကယ်တင်တော်မူတတ်တဲ့ သနားခြင်းတည်းဟူသော မဟာကရုဏာ သမာပတ်ဝင်စားတော်မူတယ် ဘုရားတို့ထုံးစံတဲ့။

မြတ်စွာဘုရားကိုယ်တော်မြတ် အလုပ်ရှုပ်ပုံ၊ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ကာလပတ်လုံးလည်း အနွမ်းအနယ် အပင်အပန်း အဆင်းရဲခံပြီးတော့ မနေမနား ကြိုးစားပြီးတော့ ပါရမီဖြည့်ရသေး နော် (မှန်ပါတယ်ဆရာ) ဒီလို ပါရမီဖြည့်လာတော့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်လို့ ဘုရားအဖြစ် ရောက်လို့ ဗောဓိပင်နှင့်ရွှေပလ္လင် အောင်မြင်လို့ ဘုရားအဖြစ်ရောက်တော့ ဇိမ်ပဲလားဆိုတော့ အဲဒီကျမှ သာဆင်းရဲ၊ ပင်ပန်းလိုက်တာလို့ ဘေးကနေကြည့်တော့ တို့ဘုရားကိုယ်တော်မြတ် ချမ်းသာမှု ရသွားပေ့ါ။ ဒီလိုအောက်မေ့၊ ဒါပေမယ့် ကိလေသာတည်းဟူသော နှိပ်စက်ခြင်းမှ, ပူပန်ခြင်းမှ ကင်းလို့ ချမ်းသာခြင်းတော့ ဖြစ်ပါ၏။ ကိုယ်တော်မြတ်ရဲ့ ပင်ပန်းခြင်းကတော့ မသက်သာရှာပါဘူး နော်

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ ကိလေသာနှိပ်စက်လို့ ပူပန်ခြင်းတော့, ဆင်းရဲခြင်းမှတော့ ကင်းပါ၏တဲ့။ အာသဝေါ တရားကုန်ခန်းတဲ့ အချိန်ကစလို့ တကယ့်အမြတ်ဆုံးဆိုတဲ့ သဥပါဒိသေသနိဗ္ဗာနဓာတ်ကြီး ရောက်သွား လို့ ချမ်းသာတာ မှန်ရဲ့။ ဒါပေမယ့် ကိုယ်၏ပင်ပန်းခြင်းဆိုတဲ့ ကိုယ်တော်မြတ် ပင်ပန်းမှုကတော့ ပြောစရာ မလိုဘူး။ သိပ်ဆင်းရဲ၊ သိပ်ပင်ပန်း ဘာပြုလို့တုံး။ အားလုံးသော ဝေနေယျသတ္တဝါ ဉဿုံ အလုံးစုံတို့ကို ရာဟုလာသားကဲ့သို့ သနားတော်မူခြင်း တည်းဟူသော မဟာကရုဏာဓာတ်က ပြဋ္ဌာန်းထားတော့ သနားတော်မူတဲ့အလိုက်ပဲ ထိုက်သည့်အားလျော်စွာ ကယ်တင်တော်မူတဲ့ ကိစ္စ တာဝန်ကြီးက သေးတာ မဟုတ်ဘူးတဲ့။ အချိန်နာရီအားဖြင့် မရွေးနိုင်ဘူး။ ကိုယ်တော်မြတ် ဗုဒ္ဓကိစ္စ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ သေချာကြည့်။ ညဦးတော့ အားလုံး ပရိသတ်လေးပါး လူ့ပြည်သာ တရားဟောနော် (မှန်ပါတယ်ဆရာ) ပထမပိုင်း၊

ညလယ်ဆိုတော့ ရဟန်းပရိသတ်များ တရားဟော နော် (မှန်ပါတယ်ဆရာ)၊ နောက်ဆုံး ပစ္ဆိမယံ ကြတော့ အဲဒီမှာ သုံးပိုင်းခွဲလိုက်တယ်။ ပထမယံရယ်၊ ဒုတိယယံရယ်၊ တတိယယံရယ်လို့ ညဦးပိုင်း သုံးပိုင်းခွဲထားတာ။ ပထမယံက လူသူလေးပါးဆိုတဲ့ ပရိသတ် တရားဟော၏။ ညလယ်ယံရောက်တော့ ရဟန်းတော်များ တရားဟော၏။ နောက်ဆုံး ပစ္ဆိမယံခေါ်ထားတဲ့ တတိယယံ နံပါတ်သုံးကြတော့ အဲဒီယံလေးမှာပဲ သုံးပိုင်းခွဲ၊ သုံးပိုင်းခွဲရသေးတယ်၊ ဘယ်လောက်ကျ၊ ဆယ့်နှစ်နာရီ သုံးပုံပုံတော့ ဘယ်လောက်ကျ၊ လေးနာရီစီ မကြာဘူးလား (လေးနာရီစီကြာပါတယ်ဆရာ)၊ ပထမညဦးပိုင်း လေးနာရီ ဘယ်သူ့တရားဟောတယ် (လူတွေ ဟောပါတယ်ဆရာ)၊ ညလယ်ပိုင်း လေးနာရီ ဘယ်သူ့တရား ဟောတယ် (ရဟန်းတွေ ဟောပါတယ်ဆရာ)၊ နောက်ပိုင်းက လေးနာရီ ကျန်နေတယ် လား (လေးနာရီ ကျန်နေပါတယ်ဆရာ)၊ အဲဒီ လေးနာရီ သုံးပုံပုံ၊ သုံးပုံပုံတော့ တစ်ပုံဘယ်လောက်စီကျ (တစ်နာရီနဲ့ မိနစ်နှစ်ဆယ်ပါဆရာ)၊ အေး-ဟုတ်ပြီ တစ်နာရီနဲ့မိနစ်နှစ်ဆယ် မှတ်မိလား (မှတ်မိပါတယ် ဆရာ)၊ အဲ သုံးပုံပုံတော့ ပထမဆုံး တစ်နာရီနဲ့မိနစ်နှစ်ဆယ်ကို နတ်ပြဟ္မာပရိသတ်ကို တရားဟောတော် မူ၏၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အလယ်က တစ်နာရီနဲ့မိနစ်နှစ်ဆယ် မကျန်ဘူးလား (ကျန်နေပါတယ် ဆရာ)၊ အဲဒီ တစ်နာရီနဲ့ မိနစ်နှစ်ဆယ်ကို ကိုယ်တော်မြတ် တစ်နေ့လုံး တစ်ညလုံး ပင်ပန်းတော်မူခြင်းကြောင့် ကိုယ်လက်ဆန့်တော်မူတယ်ဆိုတဲ့ ကာယဂေလညဘာ-ပြေစေပျောက် စေခြင်းအကျိုးငှာ ကိုယ်လက်ဆန့်တော်မူ၏၊ လဲလျောင်းတော်မူ၏။ တစ်နာရီနဲ့မိနစ်နှစ်ဆယ် အနားယူလိုက်တယ်နော် (မှန်ပါတယ်ဆရာ)၊ နောက်ပိုင်း တစ်နာရီနဲ့ မိနစ်နှစ်ဆယ် ကျန်မနေဘူးလား (ကျန်နေပါတယ်ဆရာ)၊ အဲဒီ တစ်နာရီနဲ့ မိနစ်နှစ်ဆယ်ကျ ကိုယ်တော်မြတ်ထပြီး ဘာလုပ်သလဲလို့

http://www.dhammadownload.com



လောကဓာတ်ကြီး ရွှေညဏ်တော်ကွန်ယက် ကြီးဖြန့်ပြီး ကြည့်တော်မူတယ်။ ကနေ့ ဘယ်သတ္တဝါ ငါကယ်ရမ့်။ ရွှေညဏ်တော်ကွန်ယက်ကြီး ဖြန့်လိုက်တော့ ကွန်ယက်ဆိုတာ ကွန်ယက်ကြီးနဲ့ အုပ်လိုက်ရင် ကွန်ယက်ထဲနေတဲ့ ငါးလွတ်သေးရဲ့ လား (မလွတ်ပါဘူးဆရာ)၊ ဒီပမာလိုပဲ။

အဲဒီ ကွန်ယက်နဲ့ပမာတူတဲ့ သတ္တဝါတွေ အကုန်လုံး နားလည်လား။ ညဏ်တော်တည်း ဟူသော ကွန်ယက်ကြီးဖြန့်ပြီး အုပ်လိုက်တော့ ဒီထဲက သတ္တဝါတွေ မှန်မှန်သမျှ လွတ်သေးရဲ့လား (မလွတ်ပါဘူး ဆရာ)၊ ညဏ်ထဲက မလွတ်တာပြောတယ်၊ ကြည့်လိုက်တယ်တဲ့ ဒီအခါမှ ကနေ့တော့ ငါ ဘယ်ပုဂ္ဂိုလ် ကယ်ရမယ်။ ယောကျ်ားဖြင့် ယောကျ်ား၊ မိန်းမဖြင့်မိန်းမ၊ သူဌေးဖြင့်သူဌေး၊ သူကြွယ်ဖြင့် သူကြွယ်၊ ကုန်သည်ဖြင့် ကုန်သည်၊ ဆင်းရဲသားဖြင့် ဆင်းရဲသား၊ လူမိုက်ဖြင့် လူမိုက်၊ လူလိမ္မာဖြင့် လူလိမ္မာ ငါကယ်ရမယ်လို့ အဲဒီ ကရုဏာသမာပတ်ကြီး ဝင်စားလို့ အဲဒီပေါ်လာတဲ့အခါကြတော့ ဒီတော့မှ သွားပြီး ကယ်မတော်မူတယ်နော် (မှန်ပါတယ်ဆရာ)၊ အခုလည်း မြတ်စွာဘုရားကိုယ်တော်မြတ် မဟာကရုဏာ သမာပတ်ဝင်စားတော်မူတော့ မဟာဝါဏိဇ္ဇ-ကုန်သည်ကြီးမြင်လို့ ရှင်မဟာအာနန္ဒာ နောက်လိုက်ခေါ်ပြီးတော့ ထွက်တော်မူလာခဲ့တယ်။ မဟာဝါဏိဇ္ဇကုန်သည်ကြီးနှင့် မနီးမဝေး အနားရောက်တဲ့အခါကြ ဘာပြော။ ချစ်သားအာနန္ဒာ ကြည့်စမ်း၊ မဟာဝါဏိဇ္ဇ ကုန်သည်ကြီးက သူ့ကိုယ်သူ တကယ် အသက်မသေပဲ နေရလိမ့်မယ်ထင်ပြီးတော့ အဆောက်အအုံတွေဆောက် အားကြိုးမာန်တက်နဲ့ လုပ်နေလိုက်တာလို့ ဘုရားက ဒီလိုမိန့်ကြားတယ်။ ရှင်မဟာအာနန္ဒာက လျှောက် တယ်။ မဟာဝါဏိဇ္ဇကုန်သည် အရှင်ဘုရား ပျက်စီးဖို့ ကိန်းများမြင်သလားလို့။ အေး-ငါမြင်တယ် ခုနစ်ရက်အတွ င်း ပျက်ဆီးဖို့မြင်တယ်။ ဒါဖြင့် တပည့်တော် သနားလွန်လွန်းလို့ ကယ်မပါရစေဘုရား။ အေး - ကယ်မချင်လည်း ကယ်မပေတော့ ရှင်မဟာအာနန္ဒာ သွားပြီးတော့ အကျိုးအကြောင်းတွေ သွားပြောပေ့။ မဟာဝါဏိဇ္ဇ-ကုန်သည်ကြီး အင်တိုက် အားတိုက် လုပ်နေလိုက်တာ တစ်သက်လျာတစ် ဘဝ ငါမသေတော့ဘူး အောက်မေ့၊ ဒါဖြင့် တပည့်တော် အပြစ်များ မြင်သလားဘုရား မြင်တာပေ့၊ အဖဘုရားကိုယ်တော်မြတ်က ပြောလိုက်တယ်၊ ဘယ့်နှဲ့မြင်တုံး ခုနစ်ရက်သာ နေရမယ်တဲ့၊ ခုနစ်ရက်စေ့ ရင် အသက်အန္တရာယ် မြင်တော်မူတယ်လို့ မြတ်စွာဘုရား ကိုယ်တော်မြတ် မိန့်ကြားတော်မူတယ်ဆိုကာ မျှ လူများ အဲသလိုတွေ ကိုယ်သေမဲ့ရက်ကလေး ကိုယ်သိထားရင် သိပ်ကောင်းမှာ နော် (မှန်ပါတယ် ဆရာ)၊ ဓားပြလည်း ရှိမှာမဟုတ်ဘူး။ သူခိုးလည်း ရှိမှာ မဟုတ်ဘူး။ ပြန်ပေးလည်း ရှိမှာမဟုတ်ဘူး။ သူပုန်လည်း ရှိမှာမဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဖဆပလ အစိုးရတောင် ရှိချင်မှရှိမှာ၊ စိတ်ပျက်မှာကို လုပ်မဲ့လူမှ ရှိမှာမဟုတ်ဘဲ နော် (မှန်ပါတယ်ဆရာ)၊ ဝန်ကြီးလုပ်မဲ့ ကြံလိုက်ရင် ဖြစ်ပါ

http://www.dhammadownload.com



ဖူးလေ ငါက ဘယ်နေ့ သေမှာပဲ လုပ်မဲ့လူ ရှိပါအုံးမလား (ရှိမှာမဟုတ်ပါဘူးဆရာ)၊ ရှိမှာကို မဟုတ်ဘူး။ ကြည့် -

မဟာဝါဏိဇ္ဇ-ကုန်သည်ကြီး ခုနစ်ရက်ကြာ သေလိမ့်မယ်ဆိုတော့ သုတ်သီးသုတ်ပျာလို့ အရှင်ဘုရား ဒါဖြင့် တပည့်တော် ထောက်ရာတည်ရာရအောင် တပည့်တော် ချီးမြှောက်တော်မူပါဘုရား။ ဘုရားထံ ခေါ်လာခဲ့။ ဘုရားထံ ခေါ်လာတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က အေး- သက်သာရာ ရစေမယ်။ ငါဘုရားကိုယ်တော်မြတ် ဟောကြားတော်မူတဲ့ တရားဒေသနာ နာပေတော့။ မြတ်စွာဘုရား ကိုယ်တော် မြတ် တရားပြတယ်။ တရားပြတော့ ခဏချင်းနဲ့ သောတာပတ္တိမဂ်ဉာဏ်ရ သောတာပန် ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ကြည့်စမ်း။ ခဏလေး ခဏလေး သောတာပန်ရသွားတယ်၊ သောတာပန် ဖြစ်သွား တယ်။ သောတာပတ္တိမဂ်ဉာဏ်ရတော့ သောတာပန်အစစ် ဖြစ်သွားတယ်ဆိုရင် ရင်ထဲအေးလို့ သေ ဘေးတောင် မကြောက်ရှာဘူးလို့ နော် (မှန်ပါတယ်ဆရာ)၊ သောတာပတ္တိမဂ်ဉာဏ်လည်းရရော့ ဘုရားအမှူးရှိတဲ့ သံဃာတော်များ ပင့်ပြီးတော့ သူပါလာတဲ့ ကုန်လေးထဲက စားကောင်း သောက်ဖွယ်တွေချ ကိုယ်တော်မြတ်တွေ ဆွမ်းတွေပါ လုပ်ကျွေးလို့ အဲဒီမှာ နေတယ်။ ဒါ သေမဲ့ရက်ကလေး သိတော့ သုတ်သီးသုတ်ပျာဆိုသလို တရားရှာရတယ်။ ပျော်နိုင်သေးရဲ့လားဟ (မပျော်နိုင်ပါဘူးဆရာ)၊ ကုန်ရောင်းကုန်ဝယ် စိတ်ကူးနိုင်သေးရဲ့လား (မကူးနိုင်ပါဘူးဆရာ)၊ စီးပွားဖြစ်ဖို့ သူဌေးဖြစ်ဖို့ သူကြွယ်ဖြစ်ဖို့ အလုပ်တွေ နည်းနည်းလေးမှ စိတ်ကူးခန်းမရောက်ဘူး။ ဘာရှာတုံး အားကိုးရာရှာတယ်။ မရှာဖူးလားဟ (ရှာပါတယ်ဆရာ)၊ အားကိုးအားထား တရားရှာတယ်။ အားကိုးစရာ ဘာလဲ ဆိုတော့ တရားပဲရှိ။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ထံ သုတ်သီးသုတ်ပျာနဲ့ ပြေးလို့ တရားပါနာလို့ ဟောဒီ သောတာပတ္တိမဂ်ဉာဏ် ရသွားတယ်လို့။

ဒါကြောင့် သေခြင်းဆိုတဲ့ သဘောတရား မင်းတို့ ငါတို့ သူငါဆိုတာတွေက မြင်ကောင်းတာ မဟုတ်၊ သိကောင်းတာ မဟုတ်တော့ အမှုမဲ့အမှတ်မဲ့ နေကြတာလို့ သွားဖြဲလေးတွေနဲ့၊ ပျော်ဟဲ့၊ ပါးဟဲ့၊ မော်ဟဲ့၊ ကြွားဟဲ့၊ တုဟဲ့၊ ပဟဲ့။ ဒါကြောင့် သေခြင်းသဘောတရား ကျောကပ်နေတာ အချိန်မရွေးဘူး။ မဟာဝါဏိဇ္ဇထုံး နှလုံးထောက်သောအားဖြင့် မိမိတို့ရဲ့သေဘေးကို တွေးဆတဲ့ အနေအားဖြင့် မသေခင် ရှေ့အဖို့ကလေးတော့ တရားကောင်းတစ်ခု လက်ကိုင်ပြုပြီး ရအောင် ယူလိုက်မယ်ဆိုတဲ့ အနေအားဖြင့် ကြိုးစားကြ။ အင်္ဂါဆယ့်နှစ်ပါးရယ်၊ အစပ်သုံးပါးရယ်၊ အလွှာ (၄) ပါးရယ်၊ အခြင်းအရာ (၂၀)ရယ်၊ ကာလ (၃)ပါး၊ ဝဋ္ဋ (၃)ပါး၊ မူလ (၂)ပါး။ ဝေထားတဲ့ စာရွက်ကလေးတွေ အောက်နားက ပါလိမ့်မယ်၊ အင်္ဂါ (၁၂) ပါး၊ အခြင်းအရာ (၂၀)၊ အလွှာ (၄) ပါး၊ အစပ်

http://www.dhammadownload.com



(၃) ပါး၊ ကာလ (၃) ပါး၊ ဝဋ္ဋ (၃) ပါး၊ မူလ (၂)ပါး တွေ့လား (တွေ့ပါတယ်ဆရာ)၊ အခု တို့အဝိဇ္ဇာက စပြီးတော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အာသဝ အဝိဇ္ဇာအထိ ပြီးသွားပြီ။ ဒီအပိုင်းကတော့ ဘာပြ (အင်္ဂါ ၁၂-ပါးပါဆရာ)၊ အေး - အင်္ဂါ (၁၂) ပါးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အင်္ဂါ (၁၂)ရပ် ပြီးသွားပြီတဲ့။ အင်္ဂါ (၁၂)ပါး ပြီးတော့ အခြင်းအရာ (၂၀) တို့၊ အလွှာ (၄) ခုတို့၊ အစပ် (၃) ဖြာတို့ ဒါတွေပြတယ် နော် (မှန်ပါတယ်ဆရာ)၊ စောစောထဲက ငါမှာထားတယ်။ အင်္ဂါ (၁၂) ပါးပြီးလို့ ရှိရင် ဒုတိယစက်ဝိုင်းကြည့်ထား၊ ဒုတိယစက်ဝိုင်း ဆက်လိမ့်မယ်တဲ့။ ကြိုတင်ပြီးတော့ သတိပေးထား ကြည့်မိရဲ့လား (ကြည့်မိပါတယ်ဆရာ)၊ ဒါပေမယ့် ဒုတိယစက်ဝိုင်းမှာ အကန့် ဘယ်နှစ်ကန့်ရှိလဲ (၄-ကန့်ပါဆရာ)၊ တစ်ကန့် တစ်ကန့် တရားဘယ်နှစ်လုံး ရှိလဲ (၅-လုံးပါဆရာ)၊ တစ်ကန့်တစ်ကန့် တရား (၅)လုံး။ ပထမအကန့်မှာ တရား (၅) လုံး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒုတိယအကန့်မှာ တရား (၅) လုံး၊ တတိယအကန့်မှာ တရား (၅) လုံး၊ စတုတ္ထအကန့်မှာ တရား (၅) လုံး ပေါင်းလိုက်တော့ တရားပေါင်း ဘယ်လောက်ရှိလဲ (၂၀-ပါဆရာ)၊ တရားပေါင်း (၂၀) ရှိတယ်။ လုံးရေပေါင်း (၂၀) ရှိ။ ငါက အခြင်းအရာ အဓိပ္ပာယ်ပြောနေတုန်း သူက ရှေ့က အခြင်းအရာ(၂၀) ဖြစ်သွားရော။ တစ်ကန့်မှာ တရား (၅)လုံးဆိုတော့ (၄) ကန့်မှာ အလုံးပေါင်း ဘယ်လောက်ရှိလဲ (၂၀-ပါဆရာ)၊ နှစ်ဆယ်၊ လေးငါးလီ နှစ်ဆယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ ပထမကန့်က တရား (၅) လုံးဆိုတာ ဘယ်လိုသူတွေတုံး (အဝိဇ္ဇာ၊ သင်ခါယ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ပါဆရာ)၊ သင်ခါယတဲ့ ပြန်ပြော (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝပါဆရာ)၊ အေး ဟုတ်ပြီ။ ဒီလိုလုပ်ပါကွ နော်။

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။ တရား (၅)လုံး မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒုတိယကန့်က ဘယ်နှစ်လုံးတုံး (၅-လုံးပါဆရာ)၊ ဘယ်သူဘယ်သူတွေတုံး (ဝိညာဏ်၊ သဠာယတန၊ နာမ်ရုပ်၊ ဖဿ၊ ဝေဒနာ ပါဆရာ)၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာနော် (မှန်ပါတယ်ဆရာ)၊ တတိယအကန့်က တရားဘယ်နှစ်လုံးတုံး (၅-လုံးပါဆရာ)၊ ဘယ်သူဘယ်သူတွေတုံး (တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရပါဆရာ)၊ အေး ဟုတ်ပြီ။ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ၊ စတုတ္ထ အကန့်မှာ တရားဘယ်နှစ်လုံးတုံး (၅-လုံးပါဆရာ)၊ ဘယ်သူဘယ်သူတုံး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဆရာ)၊ အေး ဟုတ်ပြီ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တရားလုံးရေပေါင်း (၂၀) ဖြစ်မနေဘူးလား (၂၀-ပါဆရာ)၊ နှစ်ဆယ်ဖြစ်နေတော့ ပဋိစ္စသမုပ္ပါဒ်တရား အရင် အင်္ဂါ(၁၂)ရပ်ပြတုန်းက အင်္ဂါ (၁၂)ပါးတို့၊ (၁၂)လုံးရှိ၊ ဟိုအလုံးတွေ တိုးလာပြန်ပြီးလား၊ (မတိုးပါဘူးဆရာ) ဩော် မတိုးဘူးလား (မတိုးပါဘူးဆရာ)၊ ဒီ (၁၂) လုံးပဲလား (ဒီ ၁၂-

http://www.dhammadownload.com



လုံးပါပဲဆရာ)၊ အေး ဒီ (၁၂)လုံး နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် အကြောင်းတရား၊ အကြောင်းတရားဖြစ်ကောင်းတဲ့ အကြောင်းတရားက တစ်သန့်၊ အကျိုးတရားဖြစ်ကောင်းတဲ့တရားက တစ်သန့်၊ အကြောင်းဖြစ်ကောင်းတဲ့တရားက တစ်သန့်၊ တူရာတူရာ ဆွဲပေါင်းလိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ တူရာ တူရာပေါင်းလိုက်တဲ့ အင်္ဂါ (၁၂) ပါးထဲက၊ တူရာ တူရာဆွဲပေါင်းလိုက်တော့ အကြောင်းဖြစ်ကောင်းတဲ့ တရားချည်းတစ်သန့် ပေါင်းလိုက်တော့ အဝိဇ္ဇာတဲ့၊ သင်္ခါရတဲ့၊ တဏှာတဲ့၊ ဥပါဒါန်တဲ့၊ ဘဝတဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒီနေရာ ဘဝက ဘာဘဝ ယူရမှာတုံး (အတိတ်ဘဝပါဆရာ)၊ မဟုတ်ပါဘူး။ ကမ္မဘဝနဲ့ဥပပတ္တိဘဝ၊ ကမ္မဘဝဆိုတာ ဘာဘဝတုံး၊ အကြောင်းဘဝလား၊ အကျိုးဘဝလား၊ (အကြောင်းဘဝပါဆရာ)၊ ဥပပတ္တိဘဝ (အကြောင်းဘဝပါဆရာ)၊ ဥပပတ္တိဘဝကကော ချကုန်ပြီ၊ ပြောပြီးရုံရှိသေးတယ်၊ “ဥပါဒါနပစ္စယာ ဘဝေါ” ဆိုတဲ့နေရာမှာ ဥပါဒါန် (၄)ပါးကြောင့် ဘဝဖြစ်တယ်ဆိုတော့ အကျိုးဘဝ ဘယ်နှစ်ပါးရတုံး (၂-ပါး ရပါတယ်ဆရာ)၊ ဘယ်သူနဲ့ ဘယ်သူတုံး (ကမ္မဘဝနဲ့ ဥပပတ္တိဘဝပါဆရာ)၊ ကမ္မဘဝက အကြောင်းဘဝလား အကျိုးဘဝလား (အကြောင်းဘဝပါဆရာ)၊ ဥပပတ္တိဘဝက အကြောင်းဘဝလား၊ အကျိုးဘဝလား (အကြောင်းပါဆရာ)၊ သြော် ဗျ အတင်းချတာပဲ မလျော့ဘူး။ ဘယ့်နှယ့်ဖြစ်ကုန်တာတုံးဟ။ နင်ပရိသတ်ကလည်း နောက်ကနေ ဝိုင်းဝိုင်းရီနေတော့တယ်။

ကမ္မဘဝက အကြောင်းဘဝ၊ တရားကိုယ်ကောက်တော့ ဘာရလဲ။ တရားကိုယ်ကောက်တော့ ဘာရတုံး (စေတနာရပါတယ်ဆရာ)၊ စေတနာရတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လောကီကုသိုလ် တစ်ဆယ့်ခုနစ်ပါးယှဉ်တဲ့ စေတနာရယ်၊ အကုသိုလ်စိတ် (၁၂)ပါးယှဉ်တဲ့ စေတနာရယ် စေတနာ (၂၉) မရဘူးလား (ရပါတယ်ဆရာ)၊ ဒီစေတနာကံတွေက အကြောင်းလား, အကျိုးလား (အကြောင်းပါဆရာ)၊ အေး - ဒါကမ္မဘဝ အကြောင်းဘဝ။ ဥပပတ္တိဘဝက တရားကိုယ်ကောက်တော့ ဘာရလဲ (ခန္ဓာငါးပါးရပါတယ်ဆရာ)၊ အေး ခန္ဓာငါပါး။ ဒါဖြင့် ခန္ဓာငါပါးက အကြောင်းလား အကျိုးလား (အကျိုးပါဆရာ)၊ ဒါနဲ့ ခုနတုန်းက အကြောင်းဆို၊ ဘယ်လိုကောင်မှန်းကို မသိဘူး။ ဒါနဲ့ ကမ္မဘဝက အကြောင်းဘဝ၊ ဥပပတ္တိဘဝက အကျိုးဘဝလား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ကိုင်း ဒီနေရာ သေချာကြည့်စမ်း။ ပထမအကနဲ့နဲ့ တရား (၅)လုံး ရှိတယ်။ ဘယ်သူနဲ့ဘယ်သူတုံး အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီမှာပါတဲ့ ဘဝက အကြောင်းဘဝလား အကျိုးဘဝလား၊ ကမ္မဘဝလား၊ ဥပပတ္တိဘဝလားလို့ မေးတယ် (ကမ္မဘဝပါဆရာ)၊ ကမ္မဘဝ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီနေရာလေးတွေ ထွေးထွေး ထွေးထွေး

http://www.dhammadownload.com



နေမှာစိုးလို့ ခွဲပြီးတော့ အရင်မေးရတယ်။ ဒီနေရာ ဥပပတ္တိဘဝယူလို့ ဖြစ်ပဲ့မလားလို့ ဆိုတော့ မဖြစ်ဘူးတဲ့။ ဘာဖြစ်လို့ ဒီနေရာမှာ ပထမအကန့်ထဲမှာ ရှိထားတဲ့ တရား(၅)ပါးက အကြောင်းတရားကြီး သန့်သန့် စုပေါင်းပြီး ပြထားတဲ့အကန့် ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာလည်း အကြောင်းပဲ၊ ကမ္မဘဝလည်း အကြောင်းပဲ၊ တဏှာလည်း အကြောင်းပဲ၊ ဥပါဒါန်လည်း အကြောင်းပဲ၊ ကမ္မဘဝလည်း အကြောင်းပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် သူ့စာထဲ ရေးထားတာက ဒီငါးပါးကိုတော့ ဘာခေါ်လဲ။ အတိတ်အကြောင်းတရား (၅)ပါးတဲ့ ဒီလိုလား (မှန်ပါတယ်ဆရာ)၊ တွေ့လား (တွေ့ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အတိတ်အကြောင်းတရား (၅)ပါးဆိုတော့ ဒီနေရာမှာ ဘဝဟာ ဥပပတ္တိဘဝယူလို့ ဖြစ်ပဲ့မလား (မဖြစ်ပါဘူးဆရာ)၊ ကမ္မဘဝယူရမှာ နော် (မှန်ပါတယ်ဆရာ)၊ လွယ်လွယ်လေးပဲ၊ လွယ်လွယ်လေးပဲ။ နားသိပ်ပြီး ထွေးမနေကြနဲ့။ ပြပြီးသား အင်္ဂါ(၁၂)ရပ်က တရားကိုယ်နဲ့ သဘော အဓိပ္ပါယ် နားလည်ပြီးသားဆိုတော့ ဘာမှ ခဲယဉ်းတာ မဟုတ်ဘူး။ အဲ့ဒီ အင်္ဂါ (၁၂)ပါးထဲက တရား (၁၂) လုံးကိုပဲ ဒီမှာ သဘောတူရာ တူရာကို အကြောင်းတရားဖြင့် အကြောင်းတရားချည်း စုလိုက်၊ အကျိုးတရားဖြင့် အကျိုးတရားချည်း စုလိုက် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပြ၊ ဘာမှ ခဲယဉ်းတာမဟုတ်ဘူး။ ဒါကြောင့် စာရွက်ပေးထားတဲ့ စာရွက်ကို ပြန်ပြီးလေ့လာကြပါလို့။ အင်္ဂါ (၁၂)ပါးကို ပြတ်သားနားလည်ပြီးတဲ့နောက်ပိုင်းကျတော့ လွယ်တယ်၊ အမှတ်ရအသားရ လွယ်တယ်။ ဘာဖြစ်လို့ အဓိပ္ပါယ်လည်း နားလည်ပြီးသား၊ တရားကိုယ်လည်း သိပြီးသားဆိုတော့ ရှင်းတယ်။ ဒါကြောင့် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ - ထိုတရား (၅) ပါးသည် အတိတ်အကြောင်းတရား (၅)ပါး ခေါ်၏။ ဘာဖြစ်လို့လဲ အတိတ်တုန်းက လုပ်ခဲ့တဲ့ တရားငါးပါးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မင်းတို့ ငါတို့ အခု ပစ္စုပ္ပန်ဘဝလာပြီး ရောက်နေတဲ့ ကိုယ့်ဘဝကိုယ် ပြန်ကြည့်စမ်း။ ဒီဘဝ ဘာရှိတုံး။ ဒီဘဝ အခုလက်ရှိဘဝ ဘာရှိတုံး (ခန္ဓာငါးပါးရှိပါတယ်ဆရာ)၊ အေး ခန္ဓာငါးပါး ရှိတယ်။ ခန္ဓာငါးပါးက အကျိုးလား, အကြောင်းလား (အကျိုးဘဝကြီးပါဆရာ)၊ အေး အကျိုးဘဝကြီး နားလည်လား (နားလည်ပါတယ်ဆရာ)။

အဲ့ဒီ ခန္ဓာငါးပါးတည်းဟူသော အကျိုးကောင်ကြီး ဝိပါက်ကောင်ကြီး၊ ခန္ဓာကောင်ကြီး လာဖြစ်လာအောင် ဘယ်သူလုပ်ပေးတုံး (အဝိဇ္ဇာရယ်၊ သင်္ခါရရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ် ဘဝရယ် လုပ်ပေးတာပါဆရာ)၊ အေး ဟုတ်ပြီ။ ဘယ်တုံးက လုပ်တုံး (အတိတ်အကြောင်းကပါဆရာ)၊ အေး လွန်ခဲ့သော ဘဝ၊ အတိတ်အကြောင်းတွေ မပြောနဲ့ လွန်ခဲ့သောဘဝက ဒီလိုမဟုတ်လား (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မင်း ဟိုဘက်ဘဝတုန်းက အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဆိုတဲ့ တရားငါးပါးကို ကြိုးစားအားထုတ် အလုပ်လုပ်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အခုဘဝ လားပြီးတော့ ခန္ဓာ ကောင်ကြီး၊ အကျိုးကောင်ကြီး၊ ဝိပါက်ကောင်ကြီး လာဖြစ်တယ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အဲ့ဒါ အကျိုးတရားကြီး မှတ်ထား၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဆိုတဲ့ တရားငါးပါးသည် အတိတ်တုန်းက လုပ်ခဲ့သော အကြောင်းတရားငါးပါးသည် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အခိပ္ပါယ် ဒီငါးလုံးတော့ အခိပ္ပါယ် ရှင်းပြီးသားလား (ရှင်းပါတယ်ဆရာ)၊ ရှင်းပါပြီ။ အဝိဇ္ဇာ တရားကိုယ်ကောက်တော့ ဘာရလဲ (မောဟ ရပါတယ်ဆရာ)၊ သင်္ခါရ တရားကိုယ်ကောက်တော့ ဘာရလဲ (စေတနာပါဆရာ)၊ ကုသိုလ်စေတနာ အကုသိုလ်စေတနာ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ တဏှာက တရားကိုယ်ကောက်တော့ ဘာရလဲ (လောဘ ပါဆရာ)၊ ဥပါဒါန်တရားကိုယ်ကောက်တော့ ဘာရလဲ (စွဲလန်းတာပါဆရာ)၊ လောဘ ပြောပါ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တဏှာကလည်း လောဘ၊ ဥပါဒါန်ကလည်း လောဘလား (လောဘကြီးပါဆရာ)၊ ဘာထူးလဲ၊ (မထူးပါဘူး . . . ထူးပါတယ်ဆရာ)၊ ဘယ့်နှယ့်ထူးလဲ (လောဘ အသေးလေးနဲ့ အကြီးကြီးပါဆရာ)၊ သြော် လောဘအသေးလေးနဲ့ အကြီးကြီးလား (မှန်ပါတယ်ဆရာ)၊ တဏှာလောဘက နှမ်းစေ့လောက်ရှိ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ တရားကိုယ်ကောက်တော့ ဘာရလဲ (ကမ္မဘဝနဲ့ ဥပပတ္တိဘဝ ရပါတယ်ဆရာ)၊ ဟင်း ဟင်း . . . ချပြန်ပြီ။ ခုပြောပြီးပြီ ရှိသေးတယ်၊ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဆိုတဲ့ ဒီအကြောင်း ငါးပါးထဲမှာ ပါနေတဲ့ ဘဝဟာ ကမ္မဘဝ၊ ဥပပတ္တိဘဝ။ နှစ်မျိုးစလုံးရသလား (မရပါဘူးဆရာ)၊ ဘယ်သူရတုံး (ကမ္မဘဝပဲ ရပါတယ်ဆရာ)၊ ကမ္မဘဝရတယ်။ တရားကိုယ်ကောက်တော့ ဘာရလဲ (စေတနာပါဆရာ)၊ ဘာစေတနာတုံး။ တိုတို ပြော ကုသိုလ်စေတနာနှင့် အကုသိုလ်စေတနာ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။

ဘာစေတနာတုံး (ကုသိုလ်စေတနာနဲ့ အကုသိုလ်စေတနာပါဆရာ)၊ ကံနှစ်မျိုးပေါ့ (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ကမ္မဘဝ ခေါ်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲ့ဒါ တို့ အင်္ဂါ(၁၂)ပါးတုန်းက အပြန်ပြန်အထပ်ထပ် ဆိုသလိုပေါ့ကွယ်။ သရုပ်ကွဲ အခိပ္ပါယ် ရှင်းပြ။ တရားကိုယ်လေးတွေ ကောက်ပြတယ်။ တော်တော်ကြီး အပင်ပန်း အနွမ်းနယ်ခံပြီးတော့ သင်ပြလာလို့ ဒီဘက်ကျတော့ ရှောရှောရှူရှူနဲ့ လွယ်လင့်တကူ ဖြစ်တာပေါ့နော် (မှန်ပါတယ်ဆရာ)၊ နို့မို့ ဟိုလည်း မပြတ်သားဘူးဆိုရင် ဒီလည်း မပြတ်သားနဲ့ သင်ရဦးမှာပဲ မရပ်မနား၊ အခုတော့ လွယ်သွားပြီ။ ဒီတော့ အဝိဇ္ဇာရဲ့တရားကိုယ်ကောက်တော့ အဝိဇ္ဇာဆိုတာ ဘာတုံး။ မြန်မာလို ပြော

http://www.dhammadownload.com



တော့ မသိတာပဲတဲ့။ တရာကိုယ်ကောက်တော့ မောဟရတယ်။ သင်္ခါရဆိုတာ ဘာခေါ်။ သင်္ခါရဆိုတာ ပြုတာလုပ်တာပေါ့။ တရားကိုယ်ကောက်တော့ ဘာတွေတုံး၊ စေတနာတွေ ရတာပေါ့။ ကုသိုလ် စေတနာနဲ့အကုသိုလ်စေတနာ ကံနှစ်ခုပေါ့လို့ ကုသိုလ်ကံ အကုသိုလ် မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ တဏှာတဲ့၊ တဏှာဆိုတာ လိုချင်တာပေါ့နော်။ တရားကိုယ်ကောက်တော့ လောဘပေါ့။ ဥပါဒါန်ဆိုတာ စွဲလမ်းတာပေါ့၊ တရားကိုယ်ကောက်တော့ လောဘပေါ့။ ဘဝဆိုတာ ကမ္မဘဝ။ သူလည်းပဲ ကံတရားပဲ။ တရားကိုယ်ကောက်တော့ စေတနာရတာပဲတဲ့ ကံနှစ်မျိုးလာရတယ် မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)၊ မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)၊ အဲ့ဒါ မင်းတို့ ငါတို့ လွန်ခဲ့သော အတိတ်ဘဝက အားထုတ်လာသော တရားငါးပါး။ ဒါကြောင့် အတိတ်အကြောင်းတရား ငါးပါးလို့ အောက်နားက ရေးထားတယ်။ စာရွက်လေးမှာ ကြည့်ကြသေးလားဟေ့။ ပြန်လည်း ကြည့်ကြပါဦးဟ။ အတိတ်အကြောင်းတရား (၅)ပါး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒါလေးတွေ ငါးခု။

ပဋိစ္စသမုပ္ပါဒ် အကြောင်းခံလေး အကြောင်းတရားငါးပါးကို အတိုချုပ်ကလေး မြန်မာလို မသိလို့ လိုချင် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မသိလို့ဆိုတာ ဘယ်သူတုံး (အဝိဇ္ဇာပါဆရာ)၊ ဟုတ်ပြီ။ လိုချင်တာက ဘာတုံး (တဏှာပါဆရာ)၊ ဟုတ်ပြီ။ မသိလို့လိုချင်၊ လိုချင်တော့ စွဲလန်းပေါ့၊ စွဲလန်းတာ ကဘာတုံး (ဥပါဒါန်ပါဆရာ)၊ အေး မသိလို့ လိုချင်၊ လိုချင်လို့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်တဲ့။ ဘာတုံးဟ (ဘဝပါဆရာ)။ ပြီးတော့ကော (သင်္ခါရပါဆရာ)၊ အေး-ဟုတ်ပြီ။ ဘဝနဲ့ သင်္ခါရ ပြုလုပ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကံချည်းရတယ်၊ ရတယ်မဟုတ်လား (ကံချည်းပါဆရာ)၊ အေး ဟုတ်ပြီ။ မသိလို့ လိုချင်၊ လိုချင်လို့ စွဲလန်း၊ စွဲလန်းလို့ ပြုလုပ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဆိုစမ်း (မသိလို့ လိုချင်၊ လိုချင်လို့ စွဲလန်း၊ စွဲလန်းလို့ ပြုလုပ်) ဟုတ်ပြီ။ လွယ်ခဲ့သော အတိတ်ဘဝ (မှန်ပါတယ်ဆရာ)၊ ထပ်ဆိုစမ်း (မသိလို့ လိုချင်၊ လိုချင်လို့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်) ဟုတ်ပြီ။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မသိလို့ဆိုတဲ့ အဓိပ္ပါယ်ရော နားလည်ရဲ့လား (နားလည်ပါတယ် ဆရာ)၊ ဘာမသိလို့တုံး (အဝိဇ္ဇာပါဆရာ)၊ ဘာမသိလို့တုံး မေးတယ်။ ဘာမသိလို့တုံး (ဘာမသိတာ မသိဘူးဆရာ)၊ အေး - ဘာမသိတာ မသိဘူးဆိုတာ အဲ့ဒါပေါ့ဟ။ နင်မှသိ၊ မသိနဲ့ဘဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

မသိတာ အဝိဇ္ဇာက ဘာမသိလဲလို့မေးရင် ပြန်စဉ်းစား၊ ပြန်စဉ်းစား။ ဘာမသိလဲလို့ မေးရင် ဒီဘဝမှာ ခန္ဓာကောင်ကြီး လာဖြစ်။ ဒုက္ခတုံး ဒုက္ခခဲကြီးပဲဆိုတာ မင်းသိခဲ့ရဲ့လားကွ (မသိခဲ့ပါဘူးဆရာ)၊ အဲ့ဒါ မှတ်ထား။ ဒုက္ခမှန်း မသိတာတဲ့ နော် (မှန်ပါတယ်ဆရာ)၊ "အဝိဇ္ဇာ အညာဏလက္ခဏာ"လို့

http://www.dhammadownload.com



အဝိဇ္ဇာ ဘာမှမသိဘူးတဲ့။ ဒါ မင်းဟိုဘက်ဘဝတုန်းက ဒီအဝိဇ္ဇာကြီးက ရှေ့ကနေတော့ သူမသိရှာဘူး။ ဘာမသိ (ဒုက္ခကောင်ကြီးမှန်း မသိလို့ပါဆရာ)၊ အေး -ဒုက္ခကောင်ကြီးမှန်း မသိဘူး။ ဒုက္ခတုံး ဒုက္ခခဲကြီးမှန်း မသိဘူးနော် (မှန်ပါတယ်ဆရာ)၊ လိုချင်တယ်တဲ့။ မသိတော့ လိုချင်ရှာတယ်တဲ့။ ဘာလိုချင်တာတုံး (ခန္ဓာငါးပါးလိုချင်တာပါဆရာ)၊ အေး - ခန္ဓာငါးပါးလိုချင်တာ၊ ဘဝလိုချင်တာ ဘဝလိုချင်တာနော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘဝအသစ်သစ် ဖြစ်ချင်တယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ လူ့ဘဝ ဖြစ်ချင်တယ်၊ နတ်ဘဝ ဖြစ်ချင်တယ်၊ ဗြဟ္မာဘဝ ဖြစ်ချင်တယ်။ ဘဝကို နှစ်သက်တာ ဘဝတဏှာလို့ တဏှာခန်းတော့ မပြောခဲ့ဘူးလား (ပြောခဲ့ပါတယ်ဆရာ)၊ တဏှာမှာ ဘယ်နှစ်မျိုးပြခဲ့လဲ (သုံးမျိုးပါဆရာ)၊ ဘယ်သူတုံး (ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာပါဆရာ)။

အေး - ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ရှိတဲ့အနက်က ဘယ်တဏှာကို အဓိကထားပြီးတော့ ဟောသွားလဲ (ဘဝတဏှာ အဓိကထားတာပါဆရာ)၊ အေး ဘဝတဏှာ အဓိကထား ဟောနော် (မှန်ပါတယ်ဆရာ)၊ ဘဝလိုချင်တယ် သဿတဝါဒ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကိုင်း ဒီနေရာမှာ မသိလို့ လိုချင်တယ်ဆိုတာ ဘယ်လိုချင်တာတုံး (ဘဝလိုချင်တာပါဆရာ)။ ဟုတ်ပြီ။ လိုချင်တော့ စွဲလန်းလာတယ်တဲ့။ စွဲလန်းမလာဘူးလား (စွဲလန်းလာပါတယ်ဆရာ)၊ စွဲလန်းတာဘာတုံး (ဥပါဒါန် ပါဆရာ)၊ အေး ဥပါဒါန်၊ မလွတ်ဘူးသူက နော် (မှန်ပါတယ်ဆရာ)၊ နောက်ပြန်မဆုတ်ဘူး။ ဒီဘဝမျိုး ငါမရရင် မဖြစ်ဘူး ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မသိလို့ လိုချင်တယ်၊ လိုချင်လို့ စွဲလန်းတယ်တဲ့၊ စွဲလန်းကာမျှနဲ့ ဒီဘဝမျိုးကို စွဲလန်းရုံလေး စွဲလန်းနေလို့ လက်ပိုက်ကြည့်နေလို့ ရပ့်မလား (မရပါဘူးဆရာ)၊ ဘာလုပ်ရမှာတုံး (ကံတွေကြိုးစားရမှာပါဆရာ)၊ သြော်-ကံတွေ လုပ်ရမယ်လား (မှန်ပါတယ်ဆရာ)။

အေး ဒါကြောင့် မသိလို့ လိုချင်၊ လိုချင်လို့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်၊ ပြုလုပ်တာက ဘာတုံး (သင်္ခါရနဲ့ဘဝပါဆရာ)၊ သင်္ခါရနဲ့ ကမ္မဘဝ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်ပါး ကြိုးစားတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး အဲ့ဒါ အဲ့ဒါ သေချာမှတ်။ ဒီဘက်ဘဝ ပို့လိုက်ခြင်းကံက ပို့လိုက်၏၊ မပို့လိုက်ဘူးလား (ပို့လိုက်ပါတယ်ဆရာ)၊ ဒါ "ဘဝပစ္စယာ ဇာတိ"လို့။ အင်္ဂါ (၁၂) ပါးတော့ ပြခဲ့တယ်။ ဘဝပစ္စယာ၊ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးတည်းဟူသော ကမ္မဘဝကြောင့်။ ဇာတိ၊ ဒုတိယဘဝသစ်နဲ့ ပဋိသန္ဓေဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကံက ပို့တယ်နော် (မှန်ပါတယ်ဆရာ)၊ "ကမ္မံ သတ္တေ ဝိဘဇတိ"တဲ့၊ "သတ္တေ သတ္တာ ကမ္မသကာ"တဲ့။ "သတ္တေ

http://www.dhammadownload.com



သတ္တာ ကမ္မဒါယဒါ၊”။ ကမ္မံ၊ ကံသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝိဘဇတိ၊ ကောင်းကျိုး ဆိုးကျိုး ထိုနှစ်မျိုးကို ဝေဖန်တတ်၏။ ကံဝေဖန်ပေးတာတဲ့၊ သူဆရာပဲ နော် (မှန်ပါတယ်ဆရာ)၊ သဗ္ဗေ သတ္တာ ကမ္မဿကာ - သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။ ကိုယ်ပိုင်ပစ္စည်းက ဘာတုံး (ကံပါဆရာ)၊ အေး-ကံ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူ့ကျတော့ သူခိုး ဓားပြ တိုက်နိုင်သေးသလား (မတိုက်နိုင်ပါဘူးဆရာ)၊ ပြန်ပေးဆွဲနိုင်သေးသလား (မဆွဲနိုင်ပါဘူးဆရာ)၊ ရန်သူမျိုးငါးပါး နှိပ်စက်ဖျက်ဆီးလို့ ဖြစ်သေးသလား (မဖြစ်ပါဘူးဆရာ)၊ ကိုယ်ပိုင်ပစ္စည်း ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အကျိုးပေးရမယ့် ကာမာဝစရဆိုတဲ့ ကုသိုလ်ကံပါလာတဲ့ လူတစ်ယောက် ဘယ်တော့မှ အကျိုးမပေးဘဲ မနေဘူးဆိုတာ မှတ်ထား၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အကျိုးမပေးနိုင်တဲ့ အကုသိုလ်ကံ ပါလာတဲ့ လူတစ်ယောက် ဘယ်လောက် ကြိုးစား ကြိုးစားလို့ ဘာမှ မဖြစ်ဘူးနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ကံအကျိုးပေးမယ့် ပုဂ္ဂိုလ်ကျတော့ ဘယ်ပုဂ္ဂိုလ်မှလည်း ဖျက်ဆီးလို့ ရတာ မဟုတ်ဘူး။ ရန်သူမျိုးငါးပါး ဖျက်ဆီးလို့ ဖြစ်ကောင်းတာ မဟုတ်ဘူး။ ချမ်းသာမှာပဲတဲ့။ ကိုယ်လုပ်တိုင်းလဲ ရတယ်များ ထင်မနေကြနဲ့တဲ့။ ကံက အခြေခံအားဖြင့် ပါလာတာ။ ဒါကြောင့် “သဗ္ဗေ သတ္တာ ကမ္မဿကာ” သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏တဲ့။ ကိုယ်ပိုင်တဲ့ပစ္စည်းက ဘာတုံး (ကံပါဆရာ)၊ ကံ၊ ကံပေးမှ ရတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ “ဥစ္စာကံပေး မရသေး” ဘာတဲ့ (နှောင့်နှေးဗျာပါမရှိရာပါဆရာ)၊ အောင်မယ် တော်သား။ “ဥစ္စာကံပေး မရသေး နှောင့်နှေးဗျာပါ မရှိရာ” တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကံပေးမှ ရတာ။ ကံမပေးဘဲနဲ့ ဘယ်တော့မှ မရဘူး။ ကိုယ်လုပ်တိုင်းများ ဟုတ်တယ်များ ထင်မနေကြနဲ့။ တချို့လည်း ကိုယ်လုပ်တိုင်း ကံပေးတာကို နားမလည်ကြဘူး။ အပေါက်လမ်းလေး တည့်လာပြီ၊ ဖွံ့ဖြိုးရှိလာပြီ၊ အကျိုးလေး ပေးလာပြီဆိုတော့ အပရာပရိယဝေဒနီယကံ ဘဝပေါင်းများစွာ စုပေါင်းလာတဲ့ အလယ်ဇောငါးချက်တည်းဟူသော အပရာပရိယကံက ငါ့ထောက်ပံ့လို့ နေရာတကာ အခွင့်အလမ်းလေး သင့်လာပါလားလို့ နားမလည်တော့ ဘာဖြစ်လဲ ဘဝင်မြင့်လာတယ်၊ ဖောက်ပြန်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ စိတ်ကြီးဝင်လာတယ်။ ကိုယ့်ကိုကိုယ် အထင်ကြီး ခြေဖျားထောက် လက်မထောင်တယ်။ ဘာဖြစ်လဲ အယူတောင်ဖောက်ပြားလာတယ်။

တို့တိုင်းပြည်မပျက်ခင်တုန်းက တစ်ခါကြားလိုက်တယ်။ ဒီလိုပဲ အရောင်းအဝယ်တက်၊ အရင်တုန်းကတော့ ပွတ်ပွတ်သပ်သပ်နဲ့ ရှာဖွေစားသောက်နေရင်း မတ္တက နေပြီးတော့ အခွင့်အလမ်း

http://www.dhammadownload.com



လေးက ကောင်းလာတော့ ကြည့်မယ့်၊ ရှုမယ့်သူနဲ့။ ဘေးက စောင့်ရှောက်ပေးမယ့်လူနဲ့။ အရောင်းအဝယ်လေး ဘာလေးတည့်တော့ စစ်မဖြစ်ခင် စစ်ဖြစ်ခါနီးဆဲဆဲဆိုတော့ ငွေတစ်သိန်းကျော်လောက် တက်လာတော့ ဘာဖြစ်သလဲဆိုတော့ ပြောပုံ ပြောပုံ၊ အဲ့ဒါ မိမိရဲ့ ဘိုးဘွား၊ မိဘလည်း စော်ကားတယ်၊ ဆရာသမားလည်း စော်ကားတယ်။ သူ့ကိုယ်သူ အထင်ကကြီး၊ ဘဝင်ကမြင့်၊ မာနကကြီး။ ဘယ်နှယ့် ဖြစ်လာ၊ ပျက်စီးလာပုံက သတ္တဝါများ ကံစီမံတယ်ဆိုတာ အလကားပြောတာ။ ကြိုးစားနိုင်မှ ရတာတဲ့။ အကြံဉာဏ်ကောင်းနိုင်မှ ရတာ။ အခု သူ့ကြည့်တဲ့။ ဘယ်ကုသိုလ်ကောင်းမှုမှ မလုပ်ဘဲနဲ့ ငွေတစ်သိန်း ကျော်လောက် ချမ်းသာလာတယ်တဲ့။ ကံတရားဆိုတာ အလကားပြောတာ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ဉာဏ်ရှိမှ၊ ဝီရိယရှိမှ၊ ဒါကြောင့် -

သူကြိုးစားလို့၊ အရောင်းအဝယ်ကောင်းလို့၊ သူကြံနိုင် စည်နိုင်လို့ သူ့မှာ ကြီးပွားတယ် ဆိုတဲ့ အကြောင်းပြောတယ်။ ဘေးက ဝိုင်းဝေါက်ကြ၊ ငန်းကြတယ် - မင်းတယ်မိုက်တဲ့ကောင်ပဲ။ မင်း ဘိုးဘွား မိဘစော်ကားတဲ့လူပဲ။ မိရိုးဖလာက ဆင်းသက်ပြီး ဗုဒ္ဓဘာသာ "ကမ္မဿ ကမ္မဖလဿ သဒ္ဓဟိတွာ"လို့ ကံ, ကံ၏ အကျိုးကို ယုံကြည်တဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးဖြစ်လျက်သားနဲ့ မင်းစော်ကားတာ မင်းဘယ်လိုကောင်ညာလိုကောင် ဘေးက ဝိုင်းပြောလိုက်တော့ အသာငြိမ်သွားတယ်။ အဲ့ဒါကြည့် ကြည့်၊ ထင်တာကိုကွ နော် (မှန်ပါတယ်ဆရာ)၊ ငါတော်လို့၊ ငါကြိုးစားလို့၊ ငါအကြံဉာဏ်ကောင်းလို့၊ ငါလုံ့လဝီရိယရှိလို့ ဒီလို ကြီးပွားလာတယ်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ထင်တာ ထင်တာ။ အဲဒါ ထင်ယုံထင်တာက အရေးမကြီးပါဘူး။ ဒါပေမယ့် ကိုယ်တော်တယ်ဆိုတာ မဟုတ်ဘူးလား ဆိုတော့ ပါသင့်သလောက် ပါတာပေါ့။ အကြောင်းမကင်းတဲ့တရား။ ဒါပေမယ့် ခုနက ပြောသလို ဖောက်လွှဲဖောက်ပြန်နဲ့၊ အယူတောင် မိစ္ဆာဘက်ပြောင်းသွားတယ်ဆိုတော့ ကြောက်စရာ မကောင်း ဘူးလား (ကောင်းပါတယ်ဆရာ)၊ ဒါကြောင့် ထင်မနေကြနဲ့လို့။ ဘုရားကိုယ်တော်မြတ် တိုက်ရိုက် ဟောသွားတဲ့ ပါဠိတော် သေချာကြည့် -"သဗ္ဗေ သတ္တာ ကမ္မဿကာ" သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။ "သဗ္ဗေ သတ္တာ ကမ္မဒါယဒါ" သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ။ သတ္တဝါတို့သည်။ ကမ္မဒါယဒါ။ ကံသာလျှင် ဆိုးမွေကောင်းမွေ ခံစရာ အမွေအနှစ်ရှိကြကုန်၏။ အခု ပစ္စက္ခ မျက်မှောက် စားလို့ သောက်လို့ ဝကြတယ်။ တော်တော်ကြာတော့ နောက်ဆုံးမှာ ဘာဖြစ်မှာတုံး (သေမှာပါဆရာ)၊ သေမှာပဲလား (သေမှာပါဆရာ)။

http://www.dhammadownload.com



သေမှာဆိုတော့ သူ့မှာ အမွေစား အမွေခံနဲ့ ဘာပါသွားတုံး (ကံ,ပါသွားပါတယ်ဆရာ)၊ အေး- အဲ့ဒါ မှတ်ထား နော် (မှန်ပါတယ်ဆရာ)၊ "သဗ္ဗေ သတ္တာ ကမ္မဿကာ"တဲ့။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် ဆိုးမွေ ကောင်းမွေ ခံစရာ အမွေခံ ပစ္စည်း ရှိကြကုန်၏။ ထင်မနေနဲ့ တို့ဘိုးက အမွေပေးရင် ဘယ်လောက်ရမှာလဲ။ တို့ဘွားက အမွေပေးရင် ဘယ်လောက်ရမှာလဲ။ တို့မိဘနှစ်ပါးက အမွေပေးရင် ဘယ်လောက်ရမလဲ ထင်မနေနဲ့။ ဒါတွေက တည်မြဲတဲ့ ကိစ္စတွေ မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ တည်မြဲတဲ့ကိစ္စ မဟုတ်ဘူး။ ရန်သူမျိုးငါးပါး ဖျက်ဆီးရင် ပျက်စီးနိုင်တဲ့ သဘောတရားတွေ။ ဒါတွေ အားထားရင် အပိုပဲလို့။ တို့ဘာပါလာတုံး၊ လွန်ခဲ့သော အတိတ်ဘဝက ပစ်ချလိုက်တဲ့ ကံတည်းဟူသော အမွေနှစ် ပါလာတယ်တဲ့။ အခု ဘာတွေ သုံးစားနေတုံး။ လွန်ခဲ့သော အတိတ်ဘဝက ပစ်ချလိုက် စီမံဖန်တီးပေးတဲ့ ကံရဲ့ အမွေအနှစ်တွေ။ တို့သုံးစားနေကြရတယ်နော် (မှန်ပါတယ်ဆရာ)၊ အစာဟောင်း ခေါ်တယ်။ ကံဟောင်းက ပြုပြင်ပေးတာ နော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပာယ် အခုဘဝ ချမ်းချမ်းသာသာနဲ့ တကယ့်ကိုပဲ တော်တော်ကြီး ချမ်းချမ်းသာသာနဲ့ နေရတဲ့ လူချမ်းသာတစ်ယောက်။ သူကတော့ ထင်လိမ့်မယ် - ဒီဘဝ ငါကြိုးစားလို့ ငါလူချမ်းသာ ဖြစ်တယ်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အမှန်က သူကံဟောင်း စားနေရ တာပါကွ ဟုတ်ကဲ့လား (ဟုတ်ပါတယ်ဆရာ)၊ ဘယ်ကကံတုံး (အတိတ်က ပစ်ချတဲ့ကံပါဆရာ)၊ အေး - အတိတ်က စီမံပေးလိုက်တဲ့ကံ နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီက ပါလာတဲ့ အမွေပစ္စည်း သူစားနေတာပါ၊ ကံမွေခေါ်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တို့ဝိသာခါဇာတ်များ လာပုံက မိဂါရသူဌေးက မိစ္ဆာဒိဋ္ဌိ ယောက္ခမကြီး၊ ကျောင်း အစ်မ ဝိသာခါ လက်ထပ်ပွဲမှာ ပုဏ္ဏဝဍ္ဎနသတို့သားနဲ့ လက်ထပ်ပြီးတော့ မိဂါရသူဌေး ယောက္ခမအိမ် ထည့်လိုက်၊ ယောက္ခမအိမ် ထည့်လိုက်တော့ ယောက္ခမလည်း သူဌေး၊ ဒီက ဝိသာခါကလည်း အသက်အရွယ် ငယ်ငယ်လေး ရှိသေးတယ်။ (၁၈) နှစ် အရွယ်လေး၊ လင်အိမ်သားအိမ်ရယ်လို့ လိုက်သွား။ သူကတော့ ဘုရားကိုယ်တော်မြတ်ရဲ့ သမီးတော်အစစ် (၈)နှစ်သမီးက သောတာပတ္တိ မဂ်ဉာဏ် ရတယ်။ ဘုရားနဲ့ကင်းလို့ မနေနိုင်၊ တရားနဲ့ ကင်းလို့ မနေနိုင်၊ သံဃာနဲ့ ကင်းလို့ မနေနိုင်။ ဟိုကျတော့ ဒီက မိဘများ သွန်သင်ပေးတဲ့အတိုင်း ယောက္ခမအိမ်ကျတော့ ယောက္ခမကြီးကို မိဘသဖွယ်လို လုပ်ကျွေးရှာရတယ်။ ယောက္ခမ ထမင်းစားရာ၌လည်း အနီးအပါးအနားက ယပ်တွေ ပါခပ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ဒီလို နေရတယ်။ သေသေဝပ်ဝပ်နဲ့ ရိုရိုသေသေ လေးလေးစားစား လုပ်ကျွေးရတယ်။ အဲ့ဒါ မိဘကိုက မှာလိုက်တဲ့ စကားအရ ဆုံးမလိုက်တဲ့ စကားအရ ဟိုကျတော့

http://www.dhammadownload.com



ကျိုးကျိုးနွံနွံလို့ မိကောင်းဖခင် သားသမီးပီပီ ယောက္ခမ အရိပ်အကဲကြည့်ပြီးတော့ အစစအရာရာ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ် ပြုရတယ်၊ စုရတယ်။ တစ်နေ့ကျတော့ မိဂါရသူဌေးက မက္ခလိ ဂေါသာလ အစရှိတဲ့ မိစ္ဆာဒိဋ္ဌိအယူ ကိုးကွယ်တတ်တဲ့လူ။ သူက ဘုရားသာသနာ ဘုရားအစစ် ကိုးကွယ်နေတဲ့သမီး။ တစ်ဖက်တစ်လမ်းစီ ဖြစ်နေကြတယ်။

ဒီတော့ တစ်နေ့ကျတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဆွမ်းခံကြွလာတယ်။ မိဂါရ သူဌေးအိမ် ရပ်တယ်။ ရပ်တော့ ဝိသာခါက ဘာပြောလဲဆိုတော့ ယောက္ခမ ထမင်းစားတာ ယပ်ကလေး တဖျပ်ဖျပ်နဲ့ ခပ်ပေး၊ မတ်တပ်ကနေပြီးတော့ အားနာနေတယ် - ဩော် ဆွမ်းတော်ရပ်လို့ ခက်လိုက်တာ ငါက ဘုရားသမီးတော်အစစ်။ ငါ့ယောက္ခမက မိစ္ဆာဒိဋ္ဌိ။ အဲ့ဒါ ဘယ်လိုများ လျှောက်ရပါ့မလဲ။ "ကန်တော့ပါစေ"ဆိုလည်း မတော်လိုက်တာနော်။ ဒီတော့ လျှောက်တယ် - အရှင်ဘုရားတဲ့ ဒီတော့ မိဂါရသူဌေးက ထမင်းစားနေတယ် နော် (မှန်ပါတယ်ဆရာ)၊ အရှင်ဘုရားတဲ့ တပည့်တော်မှာ ယောက္ခမက အစာသစ်စားနေတာ မဟုတ်ပါဘူးဘုရား၊ အစာဟောင်းစားနေတာပါဘုရားလို့ လျှောက်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကြည့်စမ်း - ဝိသာခါ သောတာပန်မ ငယ်သာ ငယ်တယ် စကားတတ်ပုံ၊ တပည့်တော်မှာ ယောက္ခမက အစာသစ် စားနေတာ မဟုတ်ပါဘူးဘုရား၊ အစာဟောင်းစားနေတာပါလို့ လှမ်းလျှောက်လိုက်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နားလည် လား အဲ့ဒါ (နားလည်ပါတယ်ဆရာ)၊ ဘယ့်နှယ့်နားလည်လဲ (အတိတ်က ကံဟောင်းတွေ စားတာ နေပါတယ်ဆရာ)၊ ဩော် - အတိတ်က ကံဟောင်းပေးတဲ့ အကျိုးတွေ ခံစားနေတယ်လား (မှန်ပါတယ် ဆရာ)၊ အေးကွယ် - မင်းက တော်သေးတယ်။ မိဂါရသူဌေးက ဒီလိုမဟုတ်ဘူး။ "အစာသစ်စားနေတာ မဟုတ်ပါဘူးဘုရား၊ အစာဟောင်းစားနေတာပါ"ဆိုတော့ "သူမစင်တွေ စားနေတယ်"ဆိုလို့ ဒေါပွရှာ တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီနေရာ ဒေါသအမျက် ထောင်းထောင်းထွက်လို့ ရက်ရက်စက်စက် ရိုင်းရိုင်းစိုင်းစိုင်း မိမဆုံးမ ဖမဆုံးမ ကလေကဝကွ၊ အိမ်ကြိုအိမ်ကြားကမွေးတဲ့ သားသမီးတွေ ကြည့် စမ်း။ ငါလို ယမကြီး သူဌေးကြီးကို အစာဟောင်းစားသလေး ဘာလေးနဲ့၊ သူကတော့ မစင်ယူ ထားတာကို အစာဟောင်း (မှန်ပါတယ်ဆရာ)၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ငါအစာဟောင်း စားသလေး ဘာလေးနဲ့ ငါ့ကို စော်ကားမော်ကားလုပ်တယ်လို့ ဒီအချိန်မှာ အုတ်ကာသောင်းနင်း ဖြစ်ပြီးတော့ ချွေးမကို အိမ်ပေါ်က နှင်ချ၊ ချက်ချင်း ဆင်းရမယ်၊ သွားတော့ ငါ့သားနဲ့ မတန်ဘူး။ ငါ့အိမ်နဲ့လည်း မတန်ဘူး။ ပြန်ပေတော့လို့ နှင်ချတယ်။

http://www.dhammadownload.com



ဝိသာခါက ဘယ်ရမလဲ၊ ပထမ လက်ထပ်တဲ့အခါတည်းက စာချုပ်စာတမ်းနဲ့လာတယ်။ သူမှာ အမှားအမှန် စစ်ဆေးဖို့ သူကြွယ် (၈) ယောက် ပါလာတယ်။ သာမညပုဂ္ဂိုလ်တွေ မှတ်လို့။ သူကြွယ် (၈)ယောက် ပါလာတယ်။ ဝိသာခါက အပြောမှား အဆိုမှား အနေမှား အထိုင်မှား ရှိခဲ့သော် အငြင်း အခုံပွားခဲ့သော် မှန်သလား မှားသလားလို့ စစ်ဆေးဖို့ ခုံအဖွဲ့ဆိုတဲ့ အနေအားဖြင့် ဓနဥ္စယ အဖလုပ်တဲ့ သူဌေးကြီးက သူကြွယ်ပေါင်း (၈)ဦး ပေးလိုက်တယ်။ ပညာရှိ လူလိမ္မာတွေပေါ့ကွာနော် (မှန်ပါတယ် ဆရာ)၊ ယောက္ခမကြီး နှင်ချတော့ သူက ဟင်း . . မဆင်းနိုင်ဘူးတဲ့ဆိုလို့ ဒီလိုနှင်ချ ဆင်းလိုက် ခေါ်လာတက်လိုက် ဒီလိုအစားထဲက မိန်းမစားထဲက မဟုတ်ဘူးတဲ့။ ကလေကဝ အစားထဲက မဟုတ်ဘူး။ တစ်ပဲတန် ခြောက်ပြားတန် မဟုတ်ဘူးတဲ့။ ပျံလွှားမဟုတ်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မဆင်းနိုင်ဘူးတဲ့။ အကျိုးအကြောင်းကို စစ်ဆေးမေးမြန်းပြီးမှ မှန်လျှင် မှန်တယ်၊ မှားလျှင် မှားတယ်။ ဒီအခါကျမှ ဆင်းသင့် ဆင်းမယ်၊ မဆင်းသင့် မဆင်းဘူးတဲ့။ နည်းလမ်းကျနအောင် ပြန်ပြောတယ် နော် (မှန်ပါတယ်ဆရာ)၊ မလှုပ်နိုင်ဘူးကွယ် လူကြီးဖြစ်ပေမယ့် ကျကျနန နည်းလမ်းနဲ့ စည်းကမ်းနဲ့ ပြောလိုက်တော့ မလှုပ်နိုင်ဘူး။ ဒါဖြင့် ကောင်းပြီ၊ သင့်အမှားအမှန် စစ်ဆေးဖို့ မေးမြန်းဖို့ ခုံအဖွဲ့အနေအားဖြင့် လွှတ်လိုက်တဲ့ ထည့်လိုက်တဲ့ သူကြွယ် (၈) ယောက် ခေါ်ပြီးတော့ စစ်ဆေးမယ်။ သူကြွယ် (၈)ယောက် ချက်ချင်းခေါ်တယ်။ ဘာကိစ္စတုံး၊ သူဌေးမင်း၊ ဟာ - သင်တို့သမီးက ဒီလို ဒီလိုပဲ ငါ့ကို အရှက်တကွဲ အကျိုးနည်း ရက်ရက်စက်စက် ငါ့ပြောမှ ပြောရက်ပလေ။ သူတို့ဘက်က ရဟန်းတော်မြတ်လာပြီး ဆွမ်းခံရပ်တာ ငါမလောင်းတာနဲ့ ငါ့ကို စောင်းပါးရိပ်ခြေအနေအားဖြင့် တပည့်တော်မရဲ့ ယောက္ခမသည် အစာသစ်စားတာ မဟုတ်ပါဘူးဘုရား၊ အစာဟောင်းစားနေပါတယ်။ သက်သက် ငါ့ကို စော်ကားတယ်။ ကျွန်ုပ်ကို စော်ကားတယ် မစင်စားနေပါတယ်လို့။ ဒါကြောင့် ကျွန်ုပ်အိမ်မှာ မထားနိုင်ဘူး၊ ချက်ချင်းဆင်းရမယ်လို့ နှင်ချတယ်။ အဲဒါ နှင်ချတော့ သူမဆင်းနိုင်ဘူး၊ တော်ရုံတန်ရုံ အမျိုးအစား မဟုတ်ဘူးတဲ့။ အမှားအမှန် စစ်ဆေးမေးမြန်းပြီးမှ ဆင်းသင့်ရင် ဆင်းမယ်၊ မဆင်းသင့်ရင် မဆင်းဘူးလို့ ပြောလို့ အဲ့ဒါ အမှားအမှန် စစ်ဆေးဖို့လို့ ဆုံးမဖို့ ထည့်လိုက်တဲ့ ခင်ဗျား တို့ခုံအဖွဲ့ပဲ ကြည့်ပြီးတော့ စစ်ဆေးမေးမြန်း ဆုံးဖြတ်ပေးပါ။

ဒီတော့ ခုံသမာဓိ သူကြွယ် (၈) ဦးက မေးတယ်။ သမီး ပြောမိသလား၊ ပြောမိပါတယ်၊ သြော် ပြောမိသကိုးကွယ်၊ လက်ဦးတော့ ထိတ်သွားတယ် (မှန်ပါတယ်ဆရာ)၊ ပြောမိသကိုး။ အေး ပြောမိတာ ထားစမ်းပါဦး။ အဓိပ္ပါယ် ပြောစမ်းပါ၊ ရည်ရွယ်ချက်နဲ့ ပြောတာ။ ဒီလိုပါတဲ့ အခု ကျွန်မယောက္ခမ မိဂါရသူဌေးကြီးက အမှန်တော့ မိစ္ဆာဒိဋ္ဌိအယူကိုးကွယ်နေတာပါတဲ့။ ကျွန်မက မြတ်စွာဘုရား

http://www.dhammadownload.com



ကိုယ်တော်မြတ်ရဲ့ သမီးတော်အစစ်ပါ။ ဒီတော့ ဒီမိဂါရသူဌေးကြီးက မိလည်းမိဘ ယောက်လည်း ယောက္ခမပါပဲ။ ဒါပေမယ့် ဒီဗုဒ္ဓဘာသာ အယူဝါဒနဲ့ဆိုလို့ရှိရင် သူက နည်းနည်းလေးမှ ကံ, ကံ၏ အကျိုးကို ယုံစားတာ မဟုတ်ဘူးတဲ့။ နားလဲလည်တာ မဟုတ်ဘူးတဲ့။ ဒီတော့ ဘာသာအယူအားဖြင့် အင်မတန် ဆန့်ကျင်ဖက် ဖြစ်နေတော့ တစ်ဇွန်း တစ်ယောက်မ ဆိုသလိုပဲ လောင်းဖို့ လှူဖို့ အင်မတန် ခဲယဉ်းပါတယ်တဲ့။ အင်မတန် ငြိုငြင်ပါတယ်တဲ့။ ဒီတော့ လာရပ်တော်မူတဲ့ ရဟန်းတော်မြတ်ကို ကျွန်မ လျှောက်ထားတာက - အရှင်ဘုရား ဘုရားတပည့်တော်ရဲ့ ယောက္ခမဖြစ်သော မိဂါရသူဌေးဟာ အစာသစ်ကို စားနေတာ မဟုတ်ပါဘူးဘုရား၊ အစာဟောင်းကို စားနေပါတယ်လို့ လျှောက်ထားတဲ့ အဓိပ္ပါယ်က ဒီလိုပါ။ အချင်းချင်းမှ နားလည်နိုင်တယ်တဲ့။ သူက အမှန်စင်စစ်တော့ သူ သူဌေးဖြစ်လာ တာက အခုစားသောက်နေရတဲ့ စည်းစိမ်ရိပ်ငြိမ်ကြီးက လွန်ခဲ့သော အတိတ်ဘဝက ကံက စီမံဖန်တီး ပေးလိုက်တဲ့ ကံဟောင်းပြုပြင်ပေးတဲ့ အစာကို စားနေလို့ အစာဟောင်းလို့ ဆိုတာပါ။ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။

ဒီတော့မှ သူကြွယ် (၈)ယောက်က ပြန်ငေါက်တယ်။ ဟင်း - မိဂါရသူဌေး ဒီလောက်မှ နားမလည် ဘူးလား၊ သူဌေးသာလုပ်နေတယ် ဟင်း (မှန်ပါတယ်ဆရာ)၊ နားမလည်ရှာဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘယ့်နှယ့်တုံး သူဌေးမင်း ဝိသာခါသတို့သမီးက ဖြေသွားတာ ကြားတယ် မဟုတ် လား။ ကြားပါတယ် ကြားပါတယ်။ ကိုင်း -သူဖြေသွားတာနဲ့ မိဂါရသူဌေးကြီး ယူဆထားတဲ့ အဓိပ္ပါယ်နဲ့ ဘာဆိုင်လဲ၊ အဲ့ဒီလိုတော့လည်း အမှန်သားပဲ။ ကျွန်ုပ်ကလည်း ဒီထိအောင် နားလည်တာ မဟုတ်ဘူး သူဌေးဖြစ်နေပေမယ့်၊ အေး - အဲ့ဒါလွန်ခဲ့သော အတိတ်ဘဝက ပစ်ချလိုက်တဲ့ ကံဟောင်းက စီမံ ဖန်တီးပေးလိုက်လို့ သူဌေးမင်းမှာ သူဌေးစည်းစိမ်ရိပ်ငြိမ်ကြီး ခံစား စံစားနေရပါတယ်ဆိုတဲ့ အကြောင်း သူပြောတာတဲ့။ ယခု ဖြစ်နေတဲ့ ဘဝမှာတော့ ကံအသင့်တင့်ဆိုတဲ့ အလုပ်ကိုတော့ သူမလုပ် သေးပါဘူးလို့ လျှောက်ထားတဲ့၊ ချစ်သမီး ဟုတ်ရဲ့လား၊ ဟုတ်ပါတယ် ဒီအတိုင်းပါပဲ။ ဒီတော့မှ နေစေဗျာ၊ နေစေဗျာ ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဝန်ခံရရှာတယ်။ အဲ့ဒါကြည့် ဒါကြောင့် "သဗ္ဗေ သတ္တာ ကမ္မဿကာ၊ သဗ္ဗေ သတ္တာ ကမ္မဒါယဒါ" သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါမှန်သမျှတို့သည်။ ကမ္မဒါယဒါ၊ ကံသာလျှင် ဆိုးမွေ ကောင်းမွေ ခံစရာ အမွေအနှစ် ဥစ္စာရှိကြကုန်၏တဲ့။ ဖြစ်ရာဘဝ ကံပါလာကြ မပါဘူးလား (ပါ,ပါတယ်ဆရာ)၊ အဲ့ဒါ အမွေခံ အမွေစား၊ ဆိုးမွေ ကောင်းမွေ ခံစရာ ဥစ္စာပစ္စည်းပဲဆိုတာ မှတ်ထားတဲ့။ ဟုတ်တယ်မဟုတ်လား (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ အဲ့ဒါ ကံအကြောင်းလေးတွေ ဒါကြောင့် သိပ်လည်း မထင်ကြနဲ့၊ ရိုးလို့ သိပ်လည်း မထင်ကြနဲ့၊ ထင်သလောက် မပေါက်ဘူးလားဆို ပက်လက်ကိုလန်လို့၊ အဲဒီမှာ စိတ်အပျက် လက်အပျက် အပျက်ကြီးပျက်ပြီး သွက်သွက်လည်သွားတယ်။

အမိပ္ပာယ်ထီထိုးရော့ကွာ။ ဟုတ်နိုးဟုတ်နိုးနဲ့ ထီထိုးရော၊ ထီထိုးတဲ့ အချိန်ကစပြီးတော့ သိန်းထီကြီး မှန်းနေတာ၊ သိန်းဆုကြီး မှန်းနေတာ။ ပေါက်လာရင်တော့ ဘယ်လို နေလိုက်မှ၊ ဘယ်လို ထိုင်လိုက်မှ၊ ဘာတွေ လုပ်လိုက်မယ်၊ ညာတွေ လုပ်လိုက်မယ်၊ သူ့စိတ်ထဲကလည်း ဘယ့်နှယ့်ဖြစ်နေ၊ ပေါက်လိမ့်မယ်ချည်း ထင်နေနော် (မှန်ပါတယ်ဆရာ)၊ ပေါက်လိုက်မယ် ထင်နေ၊ ညအိမ်မက်တွေ မက်၊ မက်မှာပေါ့ သူဉပါဒါန်က စွဲလန်းနေတာ ထီပေါက်တယ် မက်လိုမက်၊ ဘာလုပ်တယ် အံမယ်လေး အတိတ်တွေ နိမိတ်တွေ ကောင်းလိုက်တာ။ ဘယ့်နှယ့် ဘာညာနဲ့ သူထီအကြောင်းချည်း ပြောနေတာ အားကြီးမာန်တက်၊ ထီကလည်း ဖွင့်ရော တမဲမှလည်း မပါလာဘူး နော် (မှန်ပါ တယ်ဆရာ)၊ သိန်းဆု မပြောနဲ့ ငါးရာဆုတွေတောင် မပါလာဘူး။ အဲ့ဒီမှာ စိတ်ပျက် လက်ပျက် အပျက်ကြီးပျက် မလှုပ်ချင်ဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ထင်မနေနဲ့ ကံပေးမှ ရတာလို့ ကံသာ အဓိက။ အဲ့ဒါကြောင့် တစ်ဘဝပြီးတစ်ဘဝ ဆက်ကာဆက်ကာ ပဋိသန္ဓေအသစ်အသစ်ဖြစ်စေ တတ်တယ် ဆိုတာ ကံက ပစ်ချလိုက်တာ၊ ကံစီမံဖန်တီးပေးလိုက်တာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကံပို့လိုက်တယ် ခေါ်တယ်။ ဒါကြောင့် ဒီနေရာမှာ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။ ဘဝဆိုတာ ကမ္မဘဝ ကောက်။ အင်္ဂါ (၁၂)ရပ်တုန်းကလည်း "ဘဝပစ္စယာ ဇာတိ" ဘဝပစ္စယာ၊ ကမ္မဘဝ တည်းဟူသော အကြောင်းကြောင့်။ ဇာတိ၊ ဒုတိယဘဝအဖြစ်နဲ့ ပဋိသန္ဓေဖြစ်ရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဒုတိယဘဝဖြစ်။ ပဋိသန္ဓေဖြစ်အောင် ပို့လိုက်တာ တခြားမဟုတ်ဘူး။ ကံက ပို့လိုက်တာတဲ့။ ကံက ဘယ်နှစ်ပါးတုံး။ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ အေး ဒါကြောင့် အဲ့ဒီ ကံဆိုတာ ဘာလဲဆိုတော့ ပြုတာ လုပ်တာပဲတဲ့။ ကိုယ်နဲ့လုပ်၊ နှုတ်နဲ့လုပ်၊ စိတ်နဲ့လုပ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံ ကံ (၃) ပါးထားတယ်။

ဒါကြောင့် အဝိဇ္ဇာက မသိတာ၊ တဏှာက လိုချင်တာ၊ ဥပါဒါန်က စွဲလန်းတာ၊ ဘဝနဲ့ သင်္ခါရက ပြုလုပ်တာ။ မသိလို့ လိုချင်၊ လိုချင်တော့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ တိုတိုလေး တိုတိုလေး။ မသိလို့ လိုချင်၊ လိုချင်လို့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ် ဆိုစမ်း (မသိလို့ လိုချင်၊ လိုချင်တော့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်)၊ အေး -ဟုတ်ပြီ၊ မှတ်မိလား (မှတ်မိ ပါတယ်ဆရာ)၊ ဒါ တို့ စွန်းလွန်းဆရာတော်ကြီး ပျံလွန်တော်မမူခင်တုန်းက လက်သုံးအနေအားဖြင့်

http://www.dhammadownload.com



အတိုဆုံး လှည့်သွားတဲ့ ပဋိစ္စသမုပ္ပါဒ် ခေါ်တယ်နော်။ မသိလို့ လိုချင်၊ လိုချင်တော့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်တယ်တဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မသိလို့ဆိုတာ ဘာတုံး (အဝိဇ္ဇာပါဆရာ)၊ အဝိဇ္ဇာပါ။ ဘာ မသိတာတုံး (ခန္ဓာငါးပါးလိုချင်တာပါဆရာ)၊ ဪ-ဗျာ (ဒုက္ခမှန်းမသိတာပါ ဆရာ)၊ အဲလို လုပ်စမ်းပါ။ ဒုက္ခမှန်းမသိတာ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူ့ကို ဒုက္ခမသိတာတုံး (ခန္ဓာငါးပါးကို ပါဆရာ)၊ အေး-ခန္ဓာငါးပါး ဒုက္ခမှန်းမသိတာနော် (မှန်ပါတယ်ဆရာ)၊ လိုချင်တယ်ဆိုတာ ဘာတုံး (တဏှာပါဆရာ)၊ ဘာလိုချင်တာတုံး (ဘဝကိုပါဆရာ)၊ ဒါနဲ့ ဘာတဏှာတုံး (ကမ္မဘဝပါဆရာ)၊ ဪဗျာ (ဘဝတဏှာပါဆရာ)၊ ဘာတွေဖြစ်ဖြစ်သွားမှန်း မသိပါဘူး။ ဘဝတဏှာ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ စွဲလန်းတယ်ဆိုတာ ဘာစွဲလန်းတာလဲ (ဥပါဒါန်ပါဆရာ)၊ ဥပါဒါန် ဘာကို စွဲလန်းတာလဲ (ဘဝကို လိုချင်လို့ စွဲလန်းတာပါဆရာ)၊ ဘဝ၊ လိုချင်တဲ့ဘဝ စွဲလန်းတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြုလုပ်တယ်ဆိုတာ ဘာလဲ (သင်္ခါရပါဆရာ)၊ ဒါတစ်ခုထဲလား (စေတနာပါဆရာ)၊ ဪ ဒါတစ်ခုထဲလား (ဘဝပါဆရာ)၊ ဒါလေးတောင် လိုက်ဈေးဆစ်တယ်။ သင်္ခါရနဲ့ကမ္မဘဝ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မသိလို့လိုချင် ပြန်ပြော (မသိလို့ လိုချင်၊ လိုချင်တော့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်)။ မသိလို့လိုချင်၊ လိုချင်တော့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်၊ မသိတာ ဘာတုံး (အဝိဇ္ဇာပါဆရာ)၊ လိုချင်တာ ဘာတုံး (တဏှာပါဆရာ)၊ စွဲလန်းတာ ဘာတုံး (ဥပါဒါန်ပါဆရာ)၊ ပြုလုပ်တာ ဘာတုံး (သင်္ခါရနဲ့ကမ္မဘဝပါဆရာ)၊ အေး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မသိလို့ဆိုတာ ဘာမသိတာတုံး (ဒုက္ခမှန်းမသိတာပါဆရာ)၊ ဘာဒုက္ခမှန်း မသိတာတုံး (ခန္ဓာငါးပါးကို ဒုက္ခမှန်းမသိတာပါဆရာ)။ အေး အဲ့ဒီလို ထည့်ထည့်ပြီး ပြောပါ နားလည်လား (နားလည်ပါတယ်ဆရာ)။

လိုချင်တာက ဘာလိုချင်တာတုံး (ဘဝလိုချင်တာပါဆရာ)၊ ဒါနဲ့ သူ့ကို ဘာတဏှာခေါ်တုံး (ဘဝတဏှာပါဆရာ)၊ ဘဝတဏှာ နော် (မှန်ပါတယ်ဆရာ)၊ စွဲလန်းတယ်ဆိုတာဘာတုံး (ဥပါဒါန်ပါဆရာ)၊ ဘာကို စွဲလန်းတာတုံး (ဘဝကိုစွဲလန်းတာပါဆရာ)၊ လိုချင်တဲ့ဘဝ စွဲလန်းတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြုလုပ်တာက ဘာတုံး (သင်္ခါရနဲ့ ကမ္မဘဝပါဆရာ)၊ ဘာတွေပြုလုပ်လဲ (အကုသိုလ်ကံနဲ့ ကုသိုလ်ကံစေတနာလုပ်ပါတယ်ဆရာ)၊ အေး-ကုသိုလ်ကံနဲ့ အကုသိုလ်ကံစေတနာ (၂)ပါးလုပ်တယ် နော် (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော်။ ဒါ့ကြောင့် အတိုချုပ်ကလေး မသိလို့လိုချင်၊ လိုချင်တော့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ အတိတ်ဘဝကပေါ့ (အတိတ်ဘဝကပါဆရာ)၊ ကိုင်း-အတိတ်ဘဝက မသိလို့ လိုချင်တယ်၊ လိုချင်တော့ စွဲလန်းတယ်၊

http://www.dhammadownload.com



စွဲလန်းတော့ ပြုလုပ်တယ်တဲ့။ လုပ်ခဲ့ပြီ၊ မသိတာ ဘာမသိတုံး၊ ခန္ဓာငါးပါးသည် ဒုက္ခတုံး ဒုက္ခခဲကြီးပဲ ဒုက္ခကောင်ကြီးပဲဆိုတာ သူမသိရှာဘူး။ မသိတော့ ဘာဖြစ်သလဲ၊ ဒီခန္ဓာငါးပါးထပ်ပြီးတော့ အသစ် အသစ်ဖြစ်ချင်တယ်ဆိုတဲ့ ဘဝတဏှာ လိုချင်တယ်။ လိုချင်တော့ ဘာဖြစ်လဲ၊ လိုချင်တာက လိုချင်ကာမျှနဲ့ မပြီးနိုင်ဘူး။ မရရင် ငါမနေဘူးဟ၊ စွဲလန်းမှုဆိုတဲ့ ဥပါဒါန်တရားကြီး ဖြစ်လာတယ်။ ခန္ဓာငါးပါးကြီး နော် (မှန်ပါတယ်ဆရာ)၊ စွဲလန်းတော့ ဘာလုပ်တုံးတဲ့။ စွဲလန်းကာမျှနဲ့တော့ ရမှာ မဟုတ်ဘူးတဲ့။ သဒ္ဓမ္မသဃဝန သူတော်ကောင်းတရား ငါနာကြားဖူးတာက ဒီလိုပဲ လူ့ဘဝ၊ နတ်ဘဝ၊ ပြဟ္မာ့ဘဝဆိုတော့ လူဖြစ်၊ နတ်ဖြစ်၊ ပြဟ္မာဖြစ်။ လိုချင်လို့ရှိရင်ဖြင့် ကာမာဝစရကုသိုလ်၊ ရူပါဝစရ ကုသိုလ်၊ အရူပါဝစရကုသိုလ်ဆိုတဲ့ ကုသိုလ်ကံတရားတွေ ကြိုးစားရတယ်တဲ့။ ငါကြားဖူးတယ် မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲ့ဒီတော့မှ ဒါန၊ သီလ သမထ ဆိုတဲ့ တရားတွေ ကြိုးစားတယ်တဲ့။ ကံတွေ လုပ်တယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါန သီလ သမထ၊ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်အစုစု ကုသိုလ်ကောင်းမှုတွေ လုပ်တယ် မလုပ်ဘူးလား (လုပ်ပါတယ် ဆရာ)၊ အဲ့ဒီလို လုပ်မှ ရမှာကိုး နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒါ ကံပဲတဲ့။ ဒါ ကမ္မဘဝနဲ့ သင်္ခါရ။

ဒါကြောင့် မသိလို့ လိုချင်၊ လိုချင်တော့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရောတဲ့။ ရပြီလား (ရပါပြီဆရာ)၊ အတိတ်ဘဝ ခုနတုန်းက မသိလို့လိုချင်၊ လိုချင်တော့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်လိုက်တာ ဒီဘက်ဘဝ ဘာလာရလဲ (ခန္ဓာငါးပါး လာရပါတယ်ဆရာ)၊ ဩော်-ခန္ဓာငါပါး လာရတယ်။ ပြုလုပ်တော့ရတယ် နော် (မှန်ပါတယ်ဆရာ)၊ မသိလို့ လိုချင်၊ လိုချင်လို့ စွဲလန်း၊ (လိုချင်တော့ စွဲလန်း၊) စွဲလန်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ၊ ရပြီလား (ရပါပြီဆရာ)၊ အဲ့ ရရှိတော့ ခံကြတော့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာတွေခံနေကြလဲ (ဒုက္ခတွေခံနေရပါတယ်ဆရာ)၊ ဘာဒုက္ခတွေ ခံနေတာလဲ (ခန္ဓာငါးပါးဒုက္ခတွေပါဆရာ)၊ အဲလေ ဘာတွေ ဘာတွေ ဖြစ်နေလဲ ခန္ဓာငါးပါး၊ စဖြစ်လာတဲ့အချိန်ကစ ဘာတွေဖြစ်လဲ။ ဘာဒုက္ခတွေ ဖြစ်လဲ (ဇာတိဒုက္ခက စဖြစ်တာ ပါဆရာ)၊ အောင်မာ ဟုတ်ပြီ ဟုတ်ပြီ။ လုပ်စမ်း လုပ်စမ်း ပြီးတော့ကော (ဇရာဒုက္ခ၊ မရဏဒုက္ခတွေ ဆက်ဖြစ်ပါတယ်ဆရာ)၊ ဩော် ဆက်ဖြစ်သွားသေးလား (မှန်ပါတယ်ဆရာ)၊ မရဏဒုက္ခရောက်ပြီ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဩော် ဟိုဘက်ဘဝက မသိလို့ လိုချင်၊ လိုချင်တော့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရတယ်၊ ရတော့ ခံကြတော့ဆို ရတဲ့အချိန်က ခံနေရတယ်ဟုတ်လား (ခံရ ပါတယ်ဆရာ)၊ ဘာဒုက္ခက စခံရလဲ (ဇာတိဒုက္ခက စခံရပါတယ်ဆရာ)၊ ဩော်-ဇာတိဒုက္ခက စခံရတယ်။ ဇာတိဒုက္ခပြီးတော့ ဘယ်သူတုံး (ဇရာ၊ မရဏထိအောင်ပါဆရာ)၊ အောင်မလေး

http://www.dhammadownload.com



တစ်ခုချင်းပဲ ပြောစမ်းပါဟာ သိမ်းကျုံးချသွားလိုက်တာ ဇာတိဒုက္ခ ခံပြီးတော့ ဘယ်သူခံရတုံး (ဇရာဒုက္ခတွေ ခံနေရပါတယ်ဆရာ)၊ ဇရာဒုက္ခခံရပြီးတော့ ဘယ်သူခံရတုံး (ဗျာဓိဒုက္ခတွေ ခံနေရပါတယ်ဆရာ)၊ ဗျာဓိဒုက္ခခံရပြီးတော့ ဘယ်သူခံရတုံး (ဇရာဒုက္ခ . . . မရဏဒုက္ခ ခံရပါတယ်ဆရာ)၊ ဒါတောင် ဗျာသေးတယ်၊ မရဏဒုက္ခ ခံရတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မရဏဒုက္ခလည်း ရောက်ပြီးရော့ ဒီလက်ရှိ ပစ္စုပ္ပန်ဘဝ ဒုက္ခကုန်သွားပြန်ပြီလား (ကုန်သွားပါပြီဆရာ)၊ တစ်ဘဝဆိုက် ဇာတ်သိမ်းသွားပြီလား (မှန်ပါတယ်ဆရာ)၊

အေး-အေး အဲ့ဒီလို အဲ့ဒီလို သွားတာကွ အဲ့ဒီလို သွားတာ။ ဒါဖြင့် ကဲ့ ကြည့်ကွ၊ ဒီဘက်ဘဝမှာ ဇာတိဆိုတဲ့ ပဋိသန္ဓေက စပြီးတော့ ဇာတိဒုက္ခ ခန္ဓာငါးပါးကြီး နော် (မှန်ပါတယ်ဆရာ)၊ ဇရာဒုက္ခ ခန္ဓာငါးပါး၊ ဗျာဓိဒုက္ခ ခန္ဓာငါးပါး၊ မရဏဒုက္ခ ခန္ဓာငါးပါး။ သြော်-လက်စသတ်တော့ ဒီဘက်ဘဝ ရောက်လာတော့ ဇာတိကစ၊ ခန္ဓာကောင်ကြီးက ဇာတိဒုက္ခခံလိုက်၊ ဇရာဒုက္ခခံလိုက်၊ ဗျာဓိဒုက္ခခံလိုက်၊ မရဏဒုက္ခ ခံလိုက်။ အဲ့ဒီလို ခံရတယ်ဆိုတဲ့ ဒုက္ခအပေါင်းတွေ ဟိုဘက်ဘဝတုန်းက မင်းမြင်ခဲ့ရဲ့လား (မမြင်ခဲ့ပါဘူးဆရာ)၊ အေး-မမြင်ခဲ့လို့ ဒီခန္ဓာသစ်ကြီး ဖြစ်ချင်တယ်ဆိုလို့ ဆုတောင်းတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘဝတဏှာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲ့ဒါဆို မသိလို့ လိုချင်တယ်တဲ့ ကိုက်ရဲ့လား (ကိုက်ပါတယ်ဆရာ)၊ လိုချင်ရုံ မဟုတ်ဘူး။ လျှမ်းလျှမ်းတက် ငမ်းငမ်းတက် စွဲလန်းလာပြီး ဥပါဒါန်တဲ့၊ စွဲလန်းတာတင် မဟုတ်သေးဘူး။ သဒ္ဓမ္မသဝနာ-သူတော်ကောင်းတရား နာကြားလို့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်ဆိုတဲ့ သင်္ခါရနဲ့ကမ္မဘဝ မင်းလုပ်ခဲ့ပြီတဲ့။ မြင်လား (မြင်ပါတယ် ဆရာ)၊ အဲ့ဒီလို မင်းလုပ်ခဲ့လို့ ဒီဘက်ဘဝလာပြီးတော့ ခန္ဓာငါးပါး ဒီပဋိသန္ဓေခဏ ပထမဦးဆုံး လာဖြစ်တယ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ပဋိသန္ဓေခဏ ပထမဆုံးလာဖြစ်တဲ့ အချိန်ကစ သူလည်း ဘွားခနဲ ဖြစ်လိုက်၊ ဒုက္ခလည်း ဘွားခနဲ ရောက်လာတယ်။ ဒုက္ခနဲ့ ခန္ဓာငါးပါးနဲ့ ခွဲလို့ ရသေးလား (မရပါဘူးဆရာ)၊ ဖြစ်တာရော ရှေ့နဲ့ နောက်နဲ့ ဘယ်သူက အရင်၊ ဘယ်သူက နောက်တုံး (တစ်ပြိုင်တည်း ဖြစ်တာပါဆရာ)၊ အေး တစ်ပြိုင်နက် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် စုတိနောက် ပဋိသန္ဓေဆို၊ ပဋိသန္ဓေခဏလေး။ ဇာတိလို့ ရလိုက်ရင် ဇာတိဒုက္ခ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါး ရှေးဦးစွာ ပထမဆုံး လာဖြစ်တယ်။ ဇာတိလို့ ဖြစ်လိုက်ရင် ဇာတိဒုက္ခ၊ ဒုက္ခက စဖြစ်တယ်။

ဒါကြောင့် ခန္ဓာငါးပါးသည် သေသေချာချာ ရှုကြည့်တော့ ဒုက္ခတုံး ဒုက္ခခဲကြီးပါလား။ ဒုက္ခကောင်ကြီးပါလားဆိုတာ ဟိုဘက်ဘဝတုန်းက မသိရှာဘူးတဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



မသိလို့ လိုချင်တာတဲ့။ လိုချင်လို့လည်း စွဲလန်းတာတဲ့၊ စွဲလန်းလို့လည်း ပြုလုပ်တာတဲ့၊ ပြုလုပ်လည်း ရလာတာပဲတဲ့၊ ရလာလို့လည်း ခံနေရတာတဲ့။ သူခံမနေရဘူးလား (ခံနေပါတယ်ဆရာ)။ ဇာတိဒုက္ခ ခံနေရပြီလား (မှန်ပါတယ်ဆရာ)၊ ဇာတိဒုက္ခ ခံပြီးပြီ။ ဇရာဒုက္ခ ခံနေဆဲ၊ ဗျာဓိဒုက္ခ ခံရဆဲ၊ မရဏဒုက္ခ နောက်ဆုံး ဒီဘဝ လက်စသိမ်းဦးမယ်။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး အဲ့ဒါ သေချာကြည့်။ ဒါကြောင့် ဟိုဘက်ဘဝက မသိလို့ လိုချင်၊ လိုချင်လို့ စွဲလန်း၊ စွဲလန်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိရောတဲ့။ ရတယ်နော် (ရပါတယ်ဆရာ)၊ အဲ့ဒီ ရတယ်ဆိုတာ အဲ့ဒါ ဒုတိယအကန့်လာခဲ့တာ။ ဒုတိယအကန့်က အောက်နားက စာလေးက ဘယ့်နှယ့်ရေးထားလဲ (အကျိုးတရားငါးပါးပါဆရာ)၊ ပစ္စုပ္ပန် (ပစ္စုပ္ပန်အကျိုးငါးပါးပါဆရာ)၊ သူများပြောမှ ပစ္စုပ္ပန်အကျိုးတရား ငါးပါးလို့ ရေးထားတယ်နော် (မှန်ပါတယ်ဆရာ)၊ အေး ဟိုဘက်က အကြောင်းတရား ငါးပါး လုပ်လိုက်တော့ ဒီဘက်ဘဝ လာပြီး အကျိုးတရားငါးပါး လာပေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ ဘယ်သူဘယ်သူတုံး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဆရာ)။ အေး ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ သေချာမှတ်ကြနော်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ သေချာမှတ်ကြ၊သေချာမှတ်ကြ။ အဲ့ဒီဝိညာဏ်လေးက ဒီဘက်ဘဝမှာ ပထမဆုံး ပဋိသန္ဓေဝိညာဏ်လေး မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ နော် (မှန်ပါတယ်ဆရာ)၊ အင်္ဂါ (၁၂) ရပ်တုန်းက ငါတော်တော် အထပ်ထပ် ပြောခဲ့ ပဋိသန္ဓေဝိညာဏ်လေး၊ စုတိနောင် ပဋိသန္ဓေလို့ ဟိုဘက်ဘဝတုန်းက စုတိက ဥပါဒ် ဌီ ဘင် လို့ ခဏငယ်သုံးချက်စေ့တော့ ပျက်၊ ပျက်ပြီးရင် ဆက်ပြီးတော့ ဒီဘက် ပဋိသန္ဓေ ဥပါဒ် ဌီ ဘင် ဒီလို မလာဘူးလား (လာပါတယ်ဆရာ)၊ အဲ့ ပဋိသန္ဓေ ဥပါဒ်ခဏလေး ပထမဆုံး ပေါ်လာတဲ့ ဝိညာဏ်လေးပဲတဲ့။ ပဋိသန္ဓေဝိညာဏ်လေး ပေါ်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေဝိညာဏ်လေးဖြစ်၊ ဝိညာဏ်ပြီးတော့ ဘာဖြစ်တုံးတဲ့။ တို့ သတ္တာဟနဲ့ ပြတာ မှတ်မိသေးလား၊ မမှတ်မိဘူး နော်။ တွေးမနေပါနဲ့၊ မမှတ်မိပါဘူး။ ဝိညာဏ်လေးပြီးတော့ သတ္တာဟနဲ့ တက်လာ၊ တစ်စစနဲ့ ဟိုသဠာယတနထိအောင်သွား။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေဝိညာဏ်လေး ပြီးရင် "ဝိညာဏပစ္စယာ နာမရူပံ"လို့ နောက်နားက ပြလာတဲ့အတိုင်း နာမ်တရားနဲ့ ရုပ်တရား နှစ်ပါးပေါ်လာ၏။ နာမ်က ဘယ်သူတုံး၊ ရုပ်က ဘယ်သူတုံး (ရုပ်နှစ်ဆယ့်ရှစ်ပါးပါဆရာ)၊ နာမ်ကရော (စိတ်တရားပါ ဆရာ)၊ ဩော် လုပ်ကုန်ပေါ့၊ "သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုတဲ့နေရာမှာ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ် ဆိုတော့ ပဋိသန္ဓေဝိညာဏ်လေး ကောက်သွားပြီလို့ ဒီလို ပြောတယ်။ ဒါဖြင့် ကောင်းပါပြီ၊ "ဝိညာဏပစ္စယာ နာမရူပံ"

http://www.dhammadownload.com



ဆိုတော့ နာမ်နဲ့ ရုပ်နှစ်ပါးတဲ့၊ ဝိညာဏ်ကြောင့် ရုပ်က နှစ်ဆယ့်ရှစ်ပါး ရတယ်၊ နာမ်က ဘယ်သူ့ ကောက်တုံး (ပဋိသန္ဓေဆယ့်ကိုးနဲ့) ဟော ဟော ဟော လုပ်ကုန်ပြီ၊ လုပ်ပုံက စေတသိက် နာမ်မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ မှန်တာချည်းပဲသူ၊ စေတသိက်ငါးဆယ့်နှစ်ပါး မရဘူးလား (ရပါတယ်ဆရာ)၊ ဒါက စေတသိက်နာမ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ နာမ်နဲ့ ရုပ်နှစ်ပါး ဖြစ်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတနဆိုတော့ အာယတန ဘယ်နှစ်ပါးဖြစ် (ဆယ့်နှစ်ပါးရပါတယ်ဆရာ)၊ ဩော် ဆယ့်နှစ်ပါး ရတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ စတုဝေါကာရဘုံအတွက်ဆိုရင်တော့ ဘယ်လောက်ရလဲ၊ အာယတန ဘယ်နှစ်ပါး ရလဲ (တစ်ပါးတည်းပါဆရာ)၊ ဩော် ဘယ်သူတုံး (နာမ်ခန္ဓာတစ်ပါးတည်းရပါတယ်ဆရာ)၊ ဩော် အာယတနမေးတာ နာမ်ခန္ဓာတစ်ပါးတည်းလို့ "အမ္ဗ ဝါ ပုဋ္ဌော သမာနော လဗုဇံ ဗျာကရေယျ"တဲ့၊ အမ္ဗ၊ သရက်ပင်ကို။ ပုဋ္ဌော၊ မေးအပ်သည်။ သမာနော၊ ရှိသော်။ လဗုဇံ၊ ပိန္နဲပင်က။ ဗျာကရေယျ၊ ဖြေကြား၏။ ဘယ့်နှယ့်တုံး၊ အာယတနမေးတာ မင်း ခန္ဓာပြောနေလားဟ။ စတုဝေါကာရဘုံအတွက် ဆို အာယတနဘယ်နှစ်ပါး ရသေးတုံး။ ငါတော့ တော်တော်သက်သာတယ်၊ မင်းမဖြေဘဲနေတာ (ဆဋ္ဌာယတနတစ်ပုံတည်းရပါတယ်ဆရာ)၊ ဩော်-ဆဋ္ဌာယတနတစ်ပါးတည်းရတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဆဋ္ဌာယတန ဆိုတော့ အာယတနတစ်ဆယ့်နှစ်ပါး ဘယ်အာယတနခေါ်တုံး (မနာယတန ပါဆရာ)၊ ဩော် . . . တော်တော့ တော်သား။ နည်းနည်း ဖျင်းနေတယ်။ မနာယတန တစ်ပါးတည်း ရတယ် (မှန်ပါတယ်ဆရာ)၊ ခြောက်ခုမြောက် အာယတနပေါ့ နော် (မှန်ပါတယ်ဆရာ)၊ စတုဝေါကာရ ဘုံဆိုကတည်းက နာမ်ချည်းရှိတယ် မဟုတ်လားဟ (နာမ်ချည်းရှိပါတယ်ဆရာ)၊ ဒါကြောင့် အာယတန ထဲက နာမ်အာယတန တစ်ပါးပေါ့ (မှန်ပါတယ်ဆရာ)၊ အေး အေး အပေါ်က အာယတနငါးပါး ရုပ်အာယတနတွေကိုကွ နော် (မှန်ပါတယ်ဆရာ)၊ တော်သား တော်သား၊ သိပ်တော့ မဆိုးလှဘူး။

ဒါကြောင့် "ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ" လို့ အာယတနဆယ့်နှစ်ပါး သွားတယ်။ "သဠာယတနပစ္စယာ ဖဿော"ဆိုတော့ ဖဿဖြစ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ "သဠာယတနပစ္စယာ" ဆိုတဲ့ အာယတနဆယ့်နှစ်ပါး အတိုက်ခံတတ် အခံခံတတ်၊ အတိုက်ခံတတ် ခြောက်ပါး၊ အခံခံတတ် ခြောက်ပါး။ သူတို့ချင်း တိုက်ကြတယ်၊ မတိုက်ဘူးလား (တိုက်ပါတယ်ဆရာ)၊ စက္ခုနဲ့ရူပါရုံတို့လည်း တိုက်၊ တိုက်တော့ ဘာဖြစ်လဲ (စက္ခုဝိညာဏ်စိတ်ဖြစ်လာတယ်ဆရာ)၊ စက္ခုဝိညာဏ်စိတ် ဖြစ်ကရော ဖြစ်လိုက်တော့ ဘာဖြစ်တုံး (ဖဿဖြစ်ပါတယ်ဆရာ)၊ ဩော် ဖဿ

http://www.dhammadownload.com



ဖြစ်ကရော၊ ဘာပြုတုံး ဆိုစမ်းပါဦး၊ ဘာဖြစ်သေးတုံး (တိဏ္ဏံ သင်္ဂတိ ဖဿော ပါဆရာ)၊ အောင်မယ် သိပ်မဆိုးလှဘူး။ လုပ်စမ်း "တိဏ္ဏံ သင်္ဂတိ ဖဿော"။ အနက်ကလေး လုပ်စမ်းပါဦး (ဝါဲဏ္ဏံ၊ တရားသုံးလုံး။ သင်္ဂတိ၊ ပေါင်းဆုံပြီးသည်လည်းကောင်း။ ဖဿော၊ ဖဿမည်ပါတယ်ဆရာ)၊ ဩော် ဟင်း ဟင်း . . . တယ်နေရာကျ၊ တိဏ္ဏံ၊ တရားသုံးလုံး နော် (မှန်ပါတယ် ဆရာ)၊ နောက်က ကိုတွေ၊ နှင့်တွေ၊ ဘာတွေ မထည့်နဲ့။ တိဏ္ဏံ၊ တရားသုံးလုံး။ သင်္ဂတိ၊ ပေါင်းပြီးတော့ ဟုတ်လား။ ဖဿော၊ ဖဿဖြစ်၏တဲ့ နော် (မှန်ပါတယ်ဆရာ)၊ တို့လူတွေ နားလည်ပြီသားတွေ ဘယ်လိုပြောပြောပေါ့ဟ။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး ဟုတ်ပါတယ် မင်းအကြောင်းတော့ ငါသိပါတယ်။ သိပ်ရှည်ရှည်ကြီး ပြောနေစရာ မလိုဘူး။ "တိဏ္ဏံ သင်္ဂတိ ဖဿော"တဲ့။ တရားသုံးလုံး ပေါင်းတော့ ဖဿဖြစ်ကရောလား (မှန်ပါတယ်ဆရာ)၊ တရားသုံးလုံး ပေါင်းပြစမ်းပါ၊ ဟောဗျာ ခုပေါင်းနေရင်း မတ္တ မသိပြန်ဘူးတဲ့ (တိဏ္ဏံ သင်္ဂတိ ဖဿော ပါဆရာ)၊ အေးလေ ဟုတ်ပြီ။ အဲ့ဒီ သုံးလုံးပေါင်း ပြစမ်းပါ ဖဿဖြစ်အောင် ဘယ်သူ ဘယ်သူ ပေါင်းတာတုံး (ရူပါရုံနဲ့စက္ခုနဲ့ တိုက်) အေး တိုက်၊ (စက္ခုဝိညာဏ်စိတ်ဖြစ်) ဖြစ် (ဖြစ်ပြီး ဖဿဖြစ်ပါတယ်ဆရာ)၊ ဟော ဗျာ ဘယ်သုံးလုံး ပေါင်းပြစမ်း၊ ပေါင်း ပြစမ်းပါဟ။ သုံးလုံးပေါင်းစမ်းပါ၊ သုံးလုံးဖြစ်အောင် (စက္ခုနဲ့ ရူပါရုံနဲ့တိုက်) တိုက် (စက္ခုဝိညာဏ် စိတ်ဖြစ်ပါတယ်ဆရာ)၊ ဖြစ်ကရော့ (ဖြစ်ပါတယ်ဆရာ)၊ သုံးလုံးပေါင်းပြစမ်းပါ ပြော (ပေါင်းပြီးပါပြီ ဆရာ)၊ ဘယ်ကပေါင်းတာတုံးဟ တိုက်တာတွေ ဖြစ်တာတွေ မင်းပြနေတာပဲလား။ သုံးလုံးရေပြစမ်းပါ။ သုံးလုံးထိအောင် (ရူပါရုံရယ်) ဟုတ်ပြီ၊ (စက္ခုရယ်) အေး ဟုတ်ပြီ၊ (စက္ခုဝိညာဏ်စိတ်ရယ်) အေး ဟုတ်ပြီ၊ အဲ့ဒီလို လုပ်စမ်းပါဟ နော် (မှန်ပါတယ်ဆရာ)၊ မင်းဥစ္စာက ပေါင်းပြစမ်းပါဆို တော်ကြာ လာပြန်ပြီ ရူပါရုံနဲ့စက္ခုပသာဒတိုက်၊ စက္ခုဝိညာဏ်ဖြစ်။ သုံးလုံးဖြစ်၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

"တိဏ္ဏံ သင်္ဂတိ ဖဿော"တဲ့၊ ဖဿဖြစ်ပြီ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဖဿဖြစ်တော့ တရားသုံးခု ပေါင်းလိုက်ရင် ဖဿဖြစ်တယ်ဆိုတော့ ဖဿဖြစ်တယ်ဆိုကတည်းက တားလို့ ဆီးလို့ မရဘူးတဲ့။ "ဖဿပစ္စယာ ဝေဒနာ" ဒီလိုမလာဘူးလား (လာပါတယ်ဆရာ)၊ ထိုဖဿရဲ့ ဖဿဖြစ်စဉ် အခါတုန်းက ပေါ်လာသော အာရုံအရသာလေး ခံစားမှုဆိုတဲ့ ဝေဒနာဖြစ်ပြီတဲ့။ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ အင်မတန်လျင်မြန်တယ်။ အဲ့ဒီနေရာလေးမှာ သေချာကြည့်ကြ။ အဲ့ဒါ ဝိညာဏ် ရယ်၊ နာမ်ရုပ်ရယ်၊ သဠာယတနရယ်၊ ဖဿရယ်၊ ဝေဒနာရယ် တရားငါးပါး နော် (ငါးပါးပါဆရာ)၊ အဲ့ဒီတရားငါးပါးပေါင်းတော့ အဲ့ဒါ ခန္ဓာကောင်လည်း ခေါ်တယ်၊ ဝိပါတ်ကောင်လည်း ခေါ်တယ်။ သမ္မုတိပညတ်အနေအားဖြင့် ကြည့်တော့ လူကောင်၊ နတ်ကောင်၊ ပြဟ္မာကောင်၊ ခွေးကောင်၊

http://www.dhammadownload.com



ဝက်ကောင်၊ ဆိတ်ကောင်၊ ကြက်ကောင်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ အကောင်အထည်ဆိုတဲ့ ရုပ်လုံးပေါ်ကာမျှနဲ့ ရှိသေးတယ်တဲ့၊ အကျိုးလည်းမရှိသေးဘူး၊ အပြစ်လည်း မရှိသေးဘူး သူ့မှာ နော် (မှန်ပါတယ်ဆရာ)၊ ဘာမှ သူမလုပ်တတ်သေးဘူးတဲ့။ အကောင်အထည် ရုပ်လုံးပေါ်ကာမျှ ရှိသေးတယ်တဲ့၊ လက်ရှိဘဝမှာ လူဖြစ်လည်း လူဖြစ်လာပေါ့၊ နတ်ဖြစ်လည်း နတ်ဖြစ်လာပေါ့၊ ခွေးဖြစ်လည်း ခွေးဖြစ်လာပေါ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာမှ အကြောင်းအကျိုးကို မခံတတ်သေးဘူးတဲ့။ မလှုပ်ရှားတတ်သေးဘူး ခေါ်တယ်။ မပြုလုပ်တတ်သေးဘူး နားလည်လား (နားလည်ပါတယ်ဆရာ)၊ အကောင်မည်ကာမျှမတ္တလို့ လူ့ဘဝ၊ နတ်ဘဝ၊ ခွေးဘဝ၊ ဝက်ဘဝ၊ ကြက်ဘဝ၊ ငှက်ဘဝမည်ကာမျှ မတ္တကလေး ရှိသေးတယ် နော် (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်ရယ်၊ နာမ်ရုပ်ရယ် သေချာကြည့်၊ ဝိညာဏ်ကြောင့် ပဋိသန္ဓေလာဖြစ်တဲ့စိတ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေတစ်ဆယ့်ကိုး ဘာများ သူအကြောင်းတရား လုပ်တတ်သေးလဲ (မလုပ်တတ်သေးပါဘူးဆရာ)၊ ကုသိုလ်၊ အကုသိုလ် ဘာလုပ်တတ်သေးလဲ (မလုပ်တတ်သေးပါဘူးဆရာ)၊ ဘာမှ မတတ်ဘူးပေါ့ (ဘာမှ မတတ်သေးပါဘူးဆရာ)။ အဲ့ဒါ ပဋိသန္ဓေလာတဲ့စိတ် မှတ်ထား။ နာမ်ရုပ်၊ နာမ်လည်း စေတသိက် ငါးဆယ့်နှစ်ပါး စိတ်နဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ သမ္ပယုတ္တဓမ္မတရားတွေပေါ့ နော် (မှန်ပါတယ်ဆရာ)၊ "လူသွားရာ အရိပ်ပါသလို"တဲ့၊ စိတ်ဖြစ်ရင် စေတသိက်က ပါလာတယ်။

ရုပ်တဲ့၊ ရုပ်နှစ်ဆယ်နဲ့ရှစ်ပါး၊ စတုသမုဋ္ဌာနိကရုပ်၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းလေးချက်နဲ့ လုပ်ပေးတဲ့ရုပ်၊ သူကလည်း ဘာမှ မလုပ်တတ်ဘူး၊ ဘာမှလည်း မသိဘူး။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ စေတသိက်ကလည်း ငါးဆယ့်နှစ်ခု သူ့လက္ခဏာနဲ့သူနေပေမယ့်၊ ဘာမှ မလုပ်သေးဘူးတဲ့သူ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကောင်း မကောင်းဆိုတာလည်း သူ ဘာမှ မသိသေးဘူး။ ဘာမှ မလုပ်တတ်ဘူးတဲ့၊ ဒီတိုင်းနေသေးတာပဲတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သဠာယတနတဲ့၊ ဒါက ဘာတုံးတဲ့။ အခံဓာတ်ကလည်း မှန်ချပ်လိုပဲတဲ့။ အတိုက်ဓာတ်ကလည်း လာလာတိုက်တဲ့ အရိပ်သဘော ရှိတာပဲတဲ့။ သူဘာမှ မလုပ်တတ်ဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သေချာကြည့် ဖဿ၊ ဖဿဆိုတာ သူတို့ချင်း တိုက်လို့ ဝတ္ထုနဲ့ အာရုံတွေတွေ့တာ ဖဿ ခေါ်တာပဲတဲ့ အမှန်ကတော့၊ တွေ့တာ တွေ့တာပဲတဲ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဝေဒနာတဲ့၊ ဝေဒနာ ဆိုတာ အာရုံအရသာ ခံစားကာမျှ သဘောလေး။ သူကလည်းပဲ သူ့လာတိုက်တဲ့ အာရုံလေး၊ ဝတ္ထုနဲ့ တိုက်လိုက်တဲ့ အာရုံလေး အရသာလေးတွေ ခံစားကာမျှ

http://www.dhammadownload.com



ရှိသေးတယ် နော် (မှန်ပါတယ်ဆရာ)၊ ကောင်းတယ်၊ ဆိုးတယ် ဆိုတဲ့ သဘောတွေ မပေါ်နိုင်သေးဘူးတဲ့၊ ခံစားရုံလေးပဲ ရှိသေးတယ်တဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် ဒီတရားငါးပါးအတိုင်း နေလို့ရှိရင်တဲ့၊ ကြည့် စုတိနောင် ပဋိသန္ဓေ၊ ပဋိသန္ဓေဝိညာဏ်က စ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အကောင်အထည် ရုပ်လုံးပေါ်ကာမျှရှိသေးတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကုသိုလ်လည်း မရှိသေးဘူး၊ အကုသိုလ်လည်း မရှိသေးဘူး နော် (မှန်ပါတယ်ဆရာ)၊ မလုပ်တတ်သေးဘူး ခေါ်တယ်၊ လုပ်တတ်ရဲ့လား (မလုပ်တတ်ပါဘူးဆရာ)၊ အကျိုးကောင်ကြီး မဟုတ်လားဟ (အကျိုးကောင်ကြီးပါဆရာ)၊ အကျိုးကောင်ကြီးသက်သက်တဲ့။ ဒီအကျိုးကောင်ကြီးဟာ, ဒီအကျိုးတရားငါးပါးဟာ ဘာကြောင့် ဖြစ်သလဲဆိုတော့ လွန်ခဲ့သော အတိတ်ဘဝက အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝတွေရဲ့ အကြောင်းတရားတွေက စီမံပေးလိုက်လို့ သူ့ခမျာ ဒီဘက်လာပြီးတော့ အကျိုးတရားငါးပါး လာပေါ်တာ။ အကျိုးပဲရှိသေးတယ် နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒါဝိပါက်ကောင်ကြီးပေါ့ (ဝိပါက်ကောင်ကြီးပါဆရာ)၊ ခန္ဓာကောင်ကြီးပေါ့ (ခန္ဓာကောင်ကြီးပါဆရာ)၊ ရုပ်ကောင် နာမ်ကောင်ကြီးပေါ့ (မှန်ပါတယ်ဆရာ)၊ ပရမတ်ကောင်၊ ဓာတ်ကောင်ကြီးပေါ့ (မှန်ပါတယ်ဆရာ)၊ သမ္မုတိအနေနဲ့ ခေါ်တော့ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်၊ ခွေးကောင်၊ ဝက်ကောင်၊ ကြက်ကောင်၊ ငှက်ကောင်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အကောင်အထည် ရုပ်လုံးပေါ်ကာမျှပေါ့ (ရုပ်လုံးပေါ်ကာမျှ ရှိသေးပါတယ်ဆရာ)၊ အေး - ရုပ်လုံးပေါ်ကာမျှ ရှိသေးတယ်။ မှတ်ထားနော် သေသေချာချာ၊ ပြန်ပြန်စဉ်းစား၊ အဲဒီနေရာလေးတင် ရပ်ပြီးတော့ လူ့ဘဝပဲဟာ၊ နတ်ဘဝပဲဟာ၊ လူဖြစ်နေပြီဟဲ့၊ နတ်ဖြစ်နေပြီဟဲ့ဆိုရင် အဲဒီ ဝိညာဏ်ကစ ဝေဒနာရောက်အောင်လေးတင် ဒီငါးလုံးတည်း ပေါင်းပြီးတော့ ဖြစ်နေတဲ့ ဘဝနဲ့ နေလိုက်ရင် ဟိုဘက် ဘာမှမဖြစ်ဘူး နားလည်လား (နားလည်ပါတယ်ဆရာ)၊ လာလတ္တံ့ အနာဂတ် ဘာဖြစ်အုံးမှာတုံး (ဘာမှ မဖြစ်နိုင်ပါဘူးဆရာ)၊ ဘာမှ မဖြစ်နိုင်ဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အကျိုးတရားက အကျိုးတရား ထပ်ဖြစ်အောင် လုပ်တယ်လို့ ရှိဖူးရဲ့လား (မရှိပါဘူးဆရာ)။

ခု ဒီငါးခုက အကျိုးတရားကြီး မဟုတ်လား (အကျိုးတရားချည်းပါဆရာ)၊ အကျိုးတရားကွ၊ ဒီအကျိုးတရားက နောက်အနာဂတ်ဘဝ အကျိုးတရားဖြစ်အောင် လုပ်ပေးနိုင်ပဲ့မလား (မပေးနိုင်ပါဘူးဆရာ)၊ အဲဒါကြောင့် ရုပ်လုံးပေါ်ကာမျှ ရှိသေးတယ်လို့ သမုတိအနေအားဖြင့် ဒါလူကွ၊ ဒါနတ်ကွ၊ ဒါဗြဟ္မာ၊ ဒါခွေး၊ ဒါဝက်၊ ဒါကြက်၊ ဒါငှက် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ရုပ်လုံး

http://www.dhammadownload.com



အကောင်အထည် ပေါ်ကာမျှရှိသေးတယ်၊ ဒါရုပ်လုံး အကောင်အထည်ကြီးက ဒါအကျိုးကောင်ကြီး ခေါ်တယ်။ အကျိုးကောင်တဲ့၊ ဝိပါက်ကောင်တဲ့၊ ခန္ဓာကောင်တဲ့၊ ရုပ်ကောင် နာမ်ကောင်တဲ့၊ ပရမတ်ကောင် ဓာတ်ကောင်တဲ့ နားလည်လား (နားလည်ပါတယ် ဆရာ)၊ သူဘာမှ မတတ်နိုင်ဘူးပေါ့ (မတတ်နိုင်ပါဘူးဆရာ)၊ ဒီတိုင်းပဲနေပြီး သေသွားရင် သိပ်ကောင်းမှာ နောက်ဘဝ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ သူအကြောင်းမခံလို့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒါကြောင့် ထိုအကျိုးတည်းဟူသော ခန္ဓာကောင်ကြီးသည် အကျိုးငါးပါးတည်းဟူသော ခန္ဓာကောင်ကြီး (ဝါ) ရုပ်လုံးပေါ်ကာမျှဆိုတဲ့ ရုပ်ကောင် နာမ်ကောင် ခန္ဓာကောင်ကြီးသည် ဘာကြောင့် ဖြစ်သလဲဆို လွန်ခဲ့သော အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝဆိုတဲ့ အကြောင်းတရား ငါးပါးကြောင့် လာပေါ်တဲ့အကျိုး မထင်ရှားဖူးလား (ထင်ရှားပါတယ်ဆရာ)၊ ဒါကြောင့် "အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ" အတီတေ၊ လွန်ခဲ့ပြီး အတိတ်ဘဝက။ ဟေတဝေါ၊ အကြောင်း တရားတို့သည်။ ပဉ္စ၊ ပဉ္စငါးပါးတို့တည်း။ လွန်ခဲ့သော အတိတ်ဘဝ အကြောင်းတရားငါးပါးတဲ့။ ဣဒါနိ ဖလပဉ္စကံ၊ ဤပစ္စုပ္ပန်ဘဝ၌။ ဖလပဉ္စကံ၊ အကျိုးတရားငါးပါးသည်။ ဟောတိ၊ ဖြစ်၏နော် (မှန်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝတုန်းက အတိတ်တုန်းက အကြောင်းတရားငါးပါးတဲ့။ ပစ္စုပ္ပန်ဘဝ လာတော့ အကျိုးတရားငါးပါးတဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ် ဆရာ)၊ အဲဒါ အတိတ်အကြောင်းရယ် ပစ္စုပ္ပန်အကျိုးရယ် ဆယ်ပါးဖြစ်မသွားဘူးလား (ဆယ်ပါး ပါဆရာ)၊ ပြီးတော့မှ အဲဒီအထဲမှာ ပစ္စုပ္ပန်အကြောင်းတရား ငါးပါးလို့ တစ်ခါလာပြန်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူ ဘယ်သူတွေတုံး (တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ပါဆရာ)၊

ဟော - တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ၊ အခုန လွန်ခဲ့သော အတိတ်ဘဝတုန်းက လုပ်လာတဲ့ အကြောင်းတရား ငါးပါးနဲ့ ထူးသေးရဲ့လားဟ (မထူးပါဘူးဆရာ)၊ စာလုံး အနေအထားလေး ပြောင်းတိ ပြောင်းပြန်နေတာ တစ်ခုပေါ့ (မှန်ပါတယ်ဆရာ)၊ အဓိပ္ပါယ်ထူးသေးလား (မထူးပါဘူးဆရာ)၊ အဲဒါကြောင့် ခုန ငါပြောတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးကောင် ဝိပါက်ကောင်ကြီး ဖြစ်နေခဲ့သော် နောက်ဘဝ ဘာမှဖြစ်စရာ အကြောင်းမရှိ၊ အကျိုးကောင်ကြီးနော် (မှန်ပါတယ်ဆရာ)၊ အဲဒီလူ့ဘဝ မင်းတို့ မင်းတို့ ခုရထားတဲ့ လူ့ဘဝ လူကောင်၊ နတ်ဘဝ နတ်ကောင်၊ ဗြဟ္မာ့ဘဝ ဗြဟ္မာကောင်၊ ခွေးဘဝ ခွေးကောင် ဒီလို ရုပ်လုံးပေါ်ကာမျှ အကောင်အထည် ဘဝတည်းဟူသော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ တရားငါးပါး အကျိုးတရားငါးပါးတင်ရပ်၍ နေကြသလားဆိုတော့

http://www.dhammadownload.com



ကြည့်စမ်း လှုပ်လှုပ်ရွရွနဲ့ သွားလာနေကြတဲ့ သူသူငါငါ လူတကာတွေ ကြည့်စမ်း။ ခုန အကျိုးတရားတင် ရပ်နေကြ ရဲ့လား (မရပ်ပါဘူးဆရာ)၊ လှုပ်လှုပ်ရွရွနဲ့ (မရပ်ပါဘူးဆရာ)၊ မရပ်ဘူးလား (မရပ်ပါဘူးဆရာ)၊ အလုပ် လုပ်နေကြတယ်လား (လုပ်ပါတယ်ဆရာ)၊ အေး - လုပ်ပေ့ါကွနော် (မှန်ပါတယ်ဆရာ)၊ လုပ်နေကြပြီ၊ သိတတ်တဲ့အရွယ်ကစပြီးတော့ အလုပ်လုပ်ကြပြီတဲ့။ ဘာတွေလုပ် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေ လုပ်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကိုယ်နဲ့လုပ်တယ်၊ နှုတ်နဲ့လုပ်တယ်၊ စိတ်နဲ့လုပ်တယ်။ ကံဘယ်နှစ်မျိုးရှိ (သုံးမျိုးပါဆရာ)၊ ဘယ်သူ ဘယ်သူတွေတုံး (ကာယကံ ဝစီကံ မနောကံပါဆရာ)။

အေး-ကာယကံဆိုတာ ဘာခေါ်တုံး (ကိုယ်၌ပြုလုပ်တာပါဆရာ)၊ ကိုယ်နဲ့လုပ်တယ်။ ဝစီကံဆိုတာ ဘာခေါ်တုံး (နှုတ်နဲ့ပြုလုပ်တာပါဆရာ)၊ မနောကံဆိုတာ ဘာတုံး (စိတ်နဲ့ပြုလုပ်တာပါဆရာ)၊ အေး-ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒါ ကိုယ်နဲ့လုပ်၊ နှုတ်နဲ့လုပ်၊ စိတ်နဲ့လုပ်။ တစ်ခါ ကောင်းတာလုပ် မကောင်းတာလုပ် ခွဲလိုက်တော့ ဒုစရိုက်နဲ့သုစရိုက် ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ မကောင်းတာလုပ်ရင် ဒုစရိုက်ဆယ်ပါး ကာယကံသုံးပါး ဝစီကံလေးပါး မနောကံသုံးပါး နော် (မှန်ပါတယ်ဆရာ)၊ ကောင်းတာလုပ်ရင် သုစရိုက်ဆယ်ပါးလို့ ဘာတွေတုံး ဒုစရိုက်ဆယ်ပါး ရှောင်လိုက် သုစရိုက်ဆယ်ပါးဖြစ်၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ သုစရိုက် သီးသန့်လေး ဖြစ်နေရတာ မဟုတ်ဘူးဟေ့၊ သုစရိုက်ဆယ်ပါးဆိုတာ သီးသန့်ဖြစ်နေရတာ မဟုတ်ဘူးဟ။ ဒုစရိုက် ရှောင်လိုက်ရင် ဘာဖြစ်တယ် (သုစရိုက်ဖြစ်သွားပါတယ်ဆရာ)၊ အဲ မလွယ်ဖူးလား (လွယ်ပါတယ်ဆရာ)၊ ပိုက်ဆံလည်း မကုန်ဘူးဟ။ လုံလည်းလုံရော့ နော် (မှန်ပါတယ်ဆရာ)၊ ဒုစရိုက်ရှောင်လိုက်ရင် သုစရိုက် ဖြစ်ကရော့တဲ့။ ဩော်-လက်စသတ်တော့ ကာယကံ ဝစီကံ မနောကံတို့ အလုပ်သုံးမျိုးနဲ့ ဒီလူတွေ လုပ်နေကြပါပဲ ဒီသတ္တဝါတွေ၊ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ ဒါဖြင့် ခုန ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးကောင်ကြီးဘဝနဲ့ နေကြရဲ့လား (မနေပါဘူးဆရာ)၊ ဒါဖြင့် သူတို့ အကြောင်း တရားတွေ ဆက်လုပ်ပြန်ပြီပေ့ါ (လုပ်မှာပါဆရာ)၊ လုပ်မှာပါလို့ လုပ်နေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ လုပ်နေရတယ်လား (လုပ်နေရပါတယ်ဆရာ)၊ အေး-လုပ်နေ ဘာတွေလုပ်နေ (ကာယကံ ဝစီကံ မနောကံ ကံတွေလုပ်နေပါတယ်ဆရာ)၊ ကံတွေလုပ်နေ ကာယကံ ဝစီကံ မနောကံဆိုတဲ့ ကံသုံးပါး လုပ်နေတယ်လား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com



အဲဒီ ကံသုံးပါးကတော့ ကောင်းတဲ့ကံ၊ မကောင်းတဲ့ကံလား (မှန်ပါတယ်ဆရာ)၊ မကောင်းတဲ့ကံတော့ ဘာခေါ်တယ် (အကုသိုလ်ကံပါဆရာ)၊ ကောင်းတဲ့ကံတော့ (ကုသိုလ်ကံပါဆရာ)၊ အေး-ဒီနှစ်ခု ပြန်ရောက်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါကြောင့် ဘာတဲ့ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ လာပြန်ပြီ ခုနအတိုင်း ဒီတော့ ဒီက စာလုံးလေး ကမောက်ကမ နေတာတစ်ခုပဲ ထူးပါတယ်တဲ့။ အတိတ်က အကြောင်းတရားတွေနဲ့ အတူတူပါပဲတဲ့။ တူဖူးလား (တူပါတယ်ဆရာ)။ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ အဲဒါလေးခုန လက်ာလေးတိုင်း ပြန်လိုက်စမ်းပါ။ ဒီငါးလုံး စီလိုက်စမ်းပါ။ (မသိလို့ လိုချင် လိုချင်တော့စွဲလမ်း စွဲလမ်းတော့ပြုလုပ်)၊ မသိလို့ဆိုတာ ဘယ်သူတုံး (အဝိဇ္ဇာပါဆရာ)၊ လိုချင်တာက ဘယ်သူတုံး (တဏှာပါဆရာ)၊ စွဲလမ်းတာက ဘာတုံး (ဥပါဒါန်ပါဆရာ)၊ ပြုလုပ်တာဘာတုံး (အဝိဇ္ဇာနဲ့သင်္ခါရပါဆရာ)၊ ဟောဗျာ ဆွဲချလိုက်တာပဲ ဘယ့်နဲ့ကောင်မှန်းကို မသိပါဘူးကွာ (သင်္ခါရ နဲ့ဘဝပါဆရာ)၊ အဲသလို လုပ်စမ်းပါဟ။ ပြန်ပြောစမ်း မသိလို့လိုချင် လိုချင်တော့စွဲလမ်း စွဲလမ်းတော့ ပြုလုပ် (မသိလို့လိုချင် လိုချင်တော့စွဲလမ်း စွဲလမ်းတော့ပြုလုပ်)၊ ငါဆိုသလို ပြန်ဆို မသိလို့လိုချင် လိုချင်တော့စွဲလမ်း စွဲလမ်းတော့ပြုလုပ် လုပ်စမ်း (မသိလို့ လိုချင် လိုချင်တော့ပြုလုပ်)၊ ဟင်းဟင်းဟင်း ဒါကြောင့် အတိတ်ဘဝက အကြောင်းတရားငါးပါး၊ အခုပစ္စုပ္ပန် ဘဝထဲလည်း ဒီအကြောင်းမျိုးပဲ ထပ်ပြီးတော့ ဝိပါက် ခန္ဓာကောင် အကျိုးကောင်ကြီးက ထပ်လုပ်ပြန်ပြီတဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ် ဆရာ)၊ အဲဒါကြောင့် အတိတ်အကြောင်းတရားငါးပါး၊ ပစ္စုပ္ပန် အကျိုးတရားငါးပါး ၊ပစ္စုပ္ပန် အကြောင်း တရားငါးပါးဟူ၍ မှတ်။

အင်္ဂါဆယ့်နှစ်ပါးပြီးတော့ အခြင်းအရာနှစ်ဆယ် မနေ့ကပြထားတဲ့ လက်စအတိုင်း ဒုတိယ စက်ဝိုင်းမှာ အကန့်လေးကန့် တစ်ကန့်တစ်ကန့်မှာ တရားငါးလုံး၊ တစ်ကန့်တစ်ကန့်မှာ တရားငါးလုံး ဆိုတော့ အကန့်လေးကန့်ဆိုတော့ လေးငါးလီ နှစ်ဆယ်၊ အဲဒီ လေးကန့်ထဲပါတဲ့ တရားဟာ အလုံးရေအားဖြင့် နှစ်ဆယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ်ပြတုန်းက ဆယ့်နှစ်လုံးရှိ၊ ဒီဆယ့်နှစ်လုံးထက် တရားတွေ ပိုများသလား ပွားသလားဆိုတော့ များလည်းမများဘူး ပွားလည်း မပွားဘူး။ ဒီဆယ့်နှစ်လုံးပဲရှိတယ်။ အဲဒီဆယ့်နှစ်လုံးထဲက အကြောင်းသန့်သန့် အကျိုးသန့်သန့် ဒီလို ခွဲထွက်လာတယ်။ အကြောင်းဖြစ်ကောင်းတဲ့ တရားချည်းတစ်သန့် အကျိုးဖြစ်ကောင်းတဲ့ တရားက တစ်သန့် ဒီလိုခွဲထွက်လာလို့ အားလုံးက ဘယ်လောက်ရှိ အကြောင်းက ငါးပါး အကျိုးက ငါးပါး ဆယ်ပါးရှိ နေဘ် (မှန်ပါတယ်ဆရာ)၊ နှစ်ပါးတောင် ကျန်ရစ်ခဲ့သေး။ မင်း ဒီအကန့်လေးကန့်ထဲက

http://www.dhammadownload.com



တရားလုံးနှစ်ဆယ် သေချာကြည့်ရဲ့လား (ကြည့်ပါတယ်ဆရာ)၊ အင်္ဂါဆယ့်နှစ်ပါးထဲက ပြထားတဲ့ အထဲက ဘာကျန်ရစ်ခဲ့၊ အင်္ဂါဆယ့်နှစ်ပါးပြထားတဲ့ တရားဆယ့်နှစ်လုံးလုံး အကုန်ပါသလား (ပါ, ပါတယ်ဆရာ)၊ အကုန်ပါသလား (ပါပါတယ်ဆရာ)၊ ပါတယ်။

မင်း နောက် ပရိသတ်က ရယ်ကုန်ပေါ့ သေချာကြည့်စမ်း။ ပထမအကန့်က အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ၊ ဒုတိယအကန့်က ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နောက်တစ်ခါ တတိယအကန့်က တဏှာ ဥပါဒါန်ဘဝ အဝိဇ္ဇာ သင်္ခါရ၊ စတုတ္ထ အကန့်က ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အကုန်ပါရဲ့လား (ပါပါတယ်ဆရာ)၊ အင်္ဂါ ဆယ့်နှစ်ပါး ငါ့ရေပြစမ်း (အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ)၊ အဲဒီ ဇာတိနဲ့ ဇရာ မရဏဆိုတဲ့ မင်းဘနဲ့ မင်းဘိုးအေက ဘယ်နေခဲ့။ ဘယ်ပါလဲ (မပါဘူးဆရာ)၊ ဟော ဖြစ်သွားပြန်ပေါ့၊ မပါဘူး နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပိုတောင် နည်းမသွားဘူးလား (နည်းသွားပါတယ်ဆရာ)၊ ပိုတောင် နည်းသွားသေး၊ အဲဒီ ဇာတိနဲ့ ဇရာ မရဏက ဘာပြုလို့ ချန်ပစ်ခဲ့သလဲလို့ ဒီလိုမေးရင် ဝိညာဏ် အစရှိသော တရားငါးပါးကို အကျိုး တရားငါးပါးကို ယူလိုက်ရင်တဲ့ ဇာတိ ဇရာ မရဏဟာ ပါပြီးသားဖြစ်သွားတယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါကြောင့် အခြင်းအရာ နှစ်ဆယ်ကြတော့ ဇာတိနဲ့ ဇရာ မရဏ နှစ်ပါးကို ထားပစ်ခဲ့တယ်တဲ့။ ဝိညာဏ် အစရှိသော အကျိုးတရားငါးပါး ယူလိုက်ရင် ဘာဖြစ်တယ် (ဇာတိနဲ့ ဇရာ မရဏ တရား ပါပြီးသားဖြစ်နေပါတယ်ဆရာ)၊ အေး-မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီတော့ ပြန်ကြည့်။ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ပထမအကန့်၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဒုတိယ အကန့်၊ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ တတိယအကန့်၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ စတုတ္ထအကန့်၊ အားလုံးအကန့်လေးကန့် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ တစ်ကန့် တစ်ကန့် တရားငါးလုံးစီဆိုတော့ လေးကန့်ဆိုတော့ ဘယ်လောက်ရှိ (နှစ်ဆယ်ပါဆရာ)၊ အဲဒါ အခြင်း အရာ နှစ်ဆယ်လို့ ဝီသတာကာရ-အခြင်းအရာ နှစ်ဆယ်လို့ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အင်္ဂါ ဆယ့်နှစ်ပါးရှိတယ် (ဆယ့်နှစ်ပါးပါဆရာ)၊ အခြင်းအရာ ဘယ်လောက်ရှိတယ် (နှစ်ဆယ်ပါဆရာ)၊ အစပ်က ဘယ်လောက်ရှိတယ် (သုံးစပ်ပါဆရာ)၊ အလွှာက ဘယ်လောက်ရှိ (လေးလွှာပါဆရာ)၊ ကာလက ဘယ်လောက်ရှိ (သုံးပါးပါဆရာ)၊ ဝဋ်က ဘယ်နှစ်ပါးရှိ (နှစ်ပါးပါဆရာ)၊ သစ္စာက ဘယ်နှစ် ပါးရှိ (လေးပါးပါဆရာ)၊ အေး (နှစ်ပါးပါဆရာ)၊ ဟောဟော အိမ်တော်ရာက ခြသေ့ကြီး မှတ်မိသေး

http://www.dhammadownload.com



ရဲ့လား။ ဟော့လို့ ဆိုလိုက်ရင် တစ်ချောင်းပြုတ်သွားတယ်၊ နောက်တစ်ခါ ဟော့လို့ဆိုလိုက်ရင် တစ်ချောင်းပြုတ်သွားတယ်၊ သစ္စာဘယ်နှစ်ပါးတုံး (နှစ်ပါးပါဆရာ)၊ မူလဘယ်နှစ်ပါးတုံး (နှစ်ပါးပါဆရာ)၊ အေး-အဲဒါလေးတွေ လျှောက်ပြီးတော့ ဒီတရားဆယ့်နှစ်လုံးကိုပဲ စုရုံးစုရုံးပြီးတော့ ဆိုင်ရာဆိုင်ရာတွဲသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီတရားဆယ့်နှစ်လုံးပြင် ပိုသေးလား (မပိုပါဘူးဆရာ)၊ မပိုပါဘူး။ ဒါကြောင့် အင်္ဂါဆယ့်နှစ်ပါးဆိုတဲ့ တရားဆယ့်နှစ်လုံးကို အဓိပ္ပါယ်ရော တရားကိုယ်တရားသားရော ရှင်းရှင်းရှင်းရှင်းသွားအောင် အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့ သဘာဝလေးတော်တော်ကြီးပဲ ဖိပြီးတော့ သင်ကြားပေးလိုက်။ အဲ-သင်ကြားပေးတဲ့အတိုင်း တတ်မြောက်လိမ္မာသွားတဲ့ ပုဂ္ဂိုလ်များကြတော့ အတွင်းစက်ဝိုင်းက တို့များမသင်မကြားဘဲနဲ့ စက်ဝိုင်းထဲကြည့် စဉ်းစားတာနဲ့ ပေါ်တယ် မပေါ်နိုင်ဖူးလား (ပေါ်နိုင်ပါတယ်ဆရာ)၊ အဓိပ္ပါယ်ရော တရားကိုယ်ရော သိပြီးသားဖြစ်နေတော့ ပေါ်တာပေါ့။ ဒါတွေ ဒါတွေပေါ့ နော် (မှန်ပါတယ်ဆရာ)၊ တရားတိုးလာတာ မဟုတ်ဘဲ။ ဒါပေမယ့်လို့ ဒီလို အင်္ဂါဆယ့်နှစ်ရပ်ပြီးတဲ့ အတွင်းပိုင်းကြလာတော့ သူ့အကန့်လေးနဲ့သူပြလာတယ်။

ဒါကြောင့် ပထမအကန့်က အကြောင်းဖြစ်ကောင်းတဲ့ တရားချည်း စုလိုက်ပေါင်းလိုက်တယ်။ အကြောင်းတရားချည်း တစ်သန့် နော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူတွေတုံး (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝပါဆရာ)၊ ပြန်ဆိုစမ်းပါ (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝပါဆရာ)၊ ခုမှ 'ရ' ဖြစ်သွားတယ်။ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ နော် (မှန်ပါတယ်ဆရာ)၊ ဆရာနည်းဆိုတာ မှတ်လည်းထားရတယ်။ ကိုယ်နှုတ်ကျိုးပေမယ့် ပြင်ထားရတယ်၊ တရားစာနှင့်တွေ့သွားတောင်ပဲ ပြောတာဆိုတာလေး နားထောင်လိုက်ရင် အစွန်းအစသိ၊ ဆရာကောင်းတပည့် ဥပနိဿယကောင်းရနေတယ်။ "အဝိဇ္ဇာ သင်္ခါယ တဏှာ ဥပါဒါန် ဘဝ"လို့ မင်းပြောသွားတယ်ကိုက ပေါ့ဆဆနဲ့၊ တစ်ဘက်သားက မင်းအထင်အမြင်သေးခံရတယ်။ မင်းအထင်သေးမှာ မဟုတ်ဘူး ငါပါအထင်သေးခံရမှာ၊ သင်တဲ့ဆရာကိုက နေရာမကျပါဘူး။ "သင်္ခါယ သင်္ခါယ" ယပက်လက်နဲ့ ရကောက်တောင် မကွဲရှာဘူး။ ဒီကစ နော် (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော် လူ့ဝတ္တရား လူ့ဝတ် လူ့ဝတ် လောကဝတ္တရားတဲ့ ဆရာနည်းမပြရင် မကျတာတွေ အများကြီးရှိတယ် မှတ်ထား သေသေချာချာ။ ဆရာ့အပေါ်လာတာပဲ။ ဘယ်သူ့အပေါ်မှ မလာဘူး။ တချို့များ ရဟန်းသံဃာနဲ့တွေ့ ဝတ်ချလိုက်တာတဲ့။ ပုဆိုးစကလေး လက်ယှက်ကလေးထိုးပြီးတော့ ပုဆိုးစလေးများကိုင်ကိုင်သေး။ ပုဆိုးကလည်းကိုင်ဆောင့်ဆောင့်ကနေပြီးတော့ အဲဒါလေး သုံးကြိမ်လောက် လက်ဝါးလေးနဲ့ ညွှန့်ပဲ့ညွှန့်ပဲ့နဲ့ လုပ်လိုက်သေးတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီလို မင်းမြင်ဖူးရဲ့လား (မြင်ဖူးပါတယ်ဆရာ)၊ ဒူးမချဘူးနော်

http://www.dhammadownload.com



(မချပါဘူးဆရာ)၊ "ဦးနှိပ် ဦးနှိပ်တယ်"ဆိုတဲ့အတိုင်း သူတို့ကလည်း ဦးနှိပ်တယ်ဆိုတဲ့ အတိုင်း နှိပ်နှိပ်နေတာကိုးကွကြမ်း၊ အဲဒါ ဆရာနည်းမကျဘူး ခေါ်တယ်။ မိဘတော့ ထားပါတော့ မိဘဆိုတာ မျိုးက ပေလယျက်ပဲလို့ မွေးပြီး ကျောင်းပစ်ပို့လိုက်တာပဲ။ ဖြစ်ချင်ရာဖြစ်ကရော့လို့။ ဒီတော့ ကျောင်းက ဆရာသမားအပေါ် တာဝန်က ကျတယ်။ ငယ်စဉ်တောင်ကျေး ကလေးကစပြီးတော့ အသွန်အသင် ဆုံးမကြည့်ရတယ်။

"ပဥ္စပတိဋ္ဌိတေန ဝန္ဒနာ"ဆိုတာ ဘာမှန်းမသိဘူး။ ဆရာကိုယ်တိုင်က မသိတော့လည်း တပည့် မသင်နိုင်ဘူး။ အဲဒါ အချိုးမကျတာ၊ ထိခြင်းငါးပါးနဲ့ ရှိခိုးဆိုတဲ့ သဘောလေးမှ ကျကျနန တချို့ လည်းပဲ အသက်အရွယ်ကြီးလှပါပြီ ငါတွေ့တာတွေ များပါပြီ၊ ခုနပြောသလိုပဲ ကြမ်းနှိပ်တာပဲ ရှိခိုး တာတဲ့နော် (မှန်ပါတယ်ဆရာ)။ လက်ကလေးနှစ်ဘက် လက်ဆစ်ကလေးထိုးပြီးတော့ ဆောင့်ဆောင့် ထိုင်နေတာ အောက်တွဲလွဲကျတဲ့ ပုဆိုးစကလေးများ လက်ကြားလေးညှပ်လိုက်သေး။ အဲဒါလေးနဲ့ ကြမ်းဖိတာပဲ၊ သုံးခါလောက်ဖိ ပြီးရော့၊ ပြီးတော့ ထိုင်ပြန်တော့ ဒူးထောင်ပေါင်ကားတဲ့ ရဟန်းတော်များ ရှေ့နော် (မှန်ပါတယ်ဆရာ)၊ ဒါရဟန်းတော်များရှေ့မို့ ဒီလိုလားဆိုတော့ ဘုရားရှေ့လည်း ဒီလိုပဲ ဘာမှမထူးဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ရှိခိုးတဲ့ ကန်တော့တဲ့ ရှိခိုးနည်းလေးတောင်ပဲ နိဿျည်းမကျခဲ့ဘူးလို့ အသက်ကလည်းကြီးလှပြီ၊ သေခါလည်း နီးကြပေါ့လို့ လူလောကကြီး လူရယ်လို့ ဖြစ်လာ ဘာနဲ့အချိန်ကုန်ကြ၊ ပြတ်သားတာလည်း တစ်လုံးမှ မရှိပါလားလို့ ပြန်စဉ်းစားကြည့် နော် ဟုတ်လား မဟုတ်လားလို့ အင်မတန် ရှက်စရာကောင်းတယ်၊ အင်မတန်ရှက်စရာ ကောင်းတယ်။

တို့လူလောက လူဖြစ်၊ လူတို့ရဲ့ အခွင့်အရေး ကျပ်ပြည့်တင်းပြည့်ရရင် ပြီးစတမ်းဆို ပြီးတော့ တချို့လည်း မော်မှု ကြွားမှု တုမှု ပမှု ချမ်းသာမှု ကြီးပွားမှု နာမည်ကြီးမှု ဂုဏ်ရှိမှု ထင်ပေါ်ကျော်ဇောမှု အလုအယက် ဒါလောက်ပဲ အားထုတ်တယ်။ တို့ ဝတ္တရားတွေ ဘာတွေ ရှိပါလိမ့်၊ နေရေး ထိုင်ရေး ပြောရေး ဆိုရေး ပေါင်းသင်းဆက်ဆံရေးကစ ဘာတွေများလိုပါလိမ့်၊ ဘာတွေ အတုအပခိုးဖို့ နိဿျည်းယူဖို့၊ တို့အောက်က ပေါ်လာတဲ့ လူငယ်လူရွယ်များတစ်ဆင့်အားဖြင့် ဆုံးမတတ်ဖို့ သွန်သင် တတ်ဖို့ ဘာမှအတွေးအခေါ် အမြော်အမြင် မရှိဘူး။ အဲဒါနဲ့ အသက်အရွယ်ကြီး သေပြန်ရော့၊ သေပြန် နောက်တစ်ဘဝဖြစ်ပြန်၊ နောက်ဘဝ ဒီဘဝ သောကော ရောကော သွားနေတဲ့လူ တော်ရီ ရော့ရီ နောက်ဘဝကျ ဒါထက်ပိုဆိုးတော့မယ်ပေါ့ မဆိုးဖူးလား (ဆိုးပါတယ်ဆရာ)။ ဒါကြောင့် ဆရာမပြု နည်းမကျတဲ့။ ဘယ်သူ့ပေါ်လာလဲဆိုတော့ သင်ကြားတဲ့ ဆရာအပေါ် လာတာပဲ။ ဆရာ မသင်လို့ အဲဒါ ဆရာကောင်း တပည့်ဆိုတာ တို့ သံဃာချင်းချင်းမှသာသိ။ သံဃာချင်းချင်း တစ်ပါးနဲ့

http://www.dhammadownload.com



တစ်ပါး ဒီလိုပဲ တိုက်တာရောက်လာတဲ့ ဆရာတော်သမားတော်ထံ ဝင်ပြီးတော့ ဆည်းကပ်လိုက်တယ် ဆိုရင် ဝတ်ချတာမြင်တာနဲ့ တော်တော်ကျကျနန အဆုံးအမအသွန်အသင်ကောင်းတဲ့ ဆရာကောင်းရဲ့ တပည့်ပဲဆိုတာ အကြီးအကဲလုပ်တဲ့ ပုဂ္ဂိုလ်က သိတယ် နော် (မှန်ပါတယ်ဆရာ)၊ ရဟန်းတော်များ ဒီတိုင်းပါပဲ။ လူလိုပါပဲ သိပ်မထူးပါဘူး။ တချို့လည်း ခုနပြောသလို ဒူးတောင်မချဘူး၊ ကြမ်းကုန်း နှိပ်လိုက်တာပဲ ပြီးသွားပြန်၊ ရှိတာပဲ ဒါတွေလည်းပဲ၊ ဒေါင့်တွေမောက်တွေနဲ့ အဲဒါတွေ ဘယ်သူ့ အပေါ်လာလဲဆို ဆရာ့အပေါ်လာတယ်။ ဒါကြောင့် ဆရာမပြ နည်းမကျတဲ့။ သေသေချာချာလည်း မှတ်။ ကိုယ့်လိုတဲ့ဝတ္တရားတွေ မှားနေတာတွေ ပိုနေတာတွေ၊ ပိုတာတွေလည်း နှုတ်ပစ်၊ လိုတာတွေ လည်း ဖြည့်၊ မှားတာတွေလည်းပြင်၊ မသေခင်လေးနေကြ ထိုင်ကြ၊ နေရ ထိုင်ရတဲ့ အခိုက်အတန့် လည်း ဝတ္တရား ဝတ်နိဗဒ္ဓ ပြည့်စုံကြပါစေလို့ အဆင်ပြေကြပါစေလို့ နေရာတကာပေါ့။ အပြော အဆိုမှစလို့ လိမ္မာယဉ်ကျေးမှုရှိဖို့ ဒါကြောင့်လည်း မြတ်စွာဘုရားကိုယ်တော်မြတ်က မင်္ဂလာ တရားတော် "အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ"လို့ ဥပနိဿယမပေးနိုင်တဲ့ ဆိုးကျိုးသာ ပေးမယ်ဆိုတဲ့ လူမိုက်မျိုးကိုတော့ မဆည်းကပ်နဲ့တဲ့။ ဥပနိဿယပေးနိုင်တဲ့ အမှားကို ပြင်ပေးနိုင်တဲ့ သွန်သင်နိုင်တဲ့ ပညာရှိသူတော်ကောင်းကို ဆည်းကပ်ကြတဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ကိုယ်နှုတ်ကပျက်နေတာ ပြင်သင့်ပြင်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ အသက် အရွယ်ကြီးလာလို့ မပြီမသကျတော့ ငါအဓိပ္ပါယ် မပြောလိုပါဘူး။ တချို့လည်း သွားတွေ ဘာတွေ ကျိုးလို့ ကိုယ့်ပါးစပ်က ထွက်တဲ့အသံမှာ လေမထိန်းနိုင်တော့ ဘုရားများရှိခိုးပြန်လိုက်တာ "နမော တဿ ဘဂဝတော အယတော် သမ္မာသမ္ဗုဒ္ဓဿ၊ နမော တဿ ဘဂဝတော အယတော်"နဲ့ အဲဒါကိုတော့ သူ့ပါးစပ်ကို မထိန်းနိုင်ဘဲကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အဲသလိုလည်းရှိတယ် ဒါတွေတော့ ထည့်မပြောပါဘူး။ ဒါဖြင့် "နမော တဿ ဘဂဝတော အရဟတော"လို့ ငယ်ရွယ်သူ အဖို့က ပြတ်ပြတ်သားသား ဆိုရမယ်။ ဒီလိုမှ တိတိကျကျ ရှိမယ်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး - အခုလည်း ဒီလိုပဲ ပြောစမ်းပါအုံး ခုန ငါးခု (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ပါဆရာ)၊ သင်္ခါယ ပါအုံးလား၊ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ နော် (မှန်ပါတယ်ဆရာ)၊ ဒီတရားငါးပါးက အကြောင်းတရားချည်းပဲလို့ အကုန်လုံး ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းတရားငါးပါးတဲ့။ ဘာအကြောင်းတရားငါးပါးတုံးဆိုတော့ အတိတ်အကြောင်းတရားငါးပါးတဲ့။ "အတီတေ ဟေတဝေါ ပဉ္စ" အတီတေ၊ အတိတ်ကာလက။ ဟေတဝေါ၊ အကြောင်းတရားတို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ ဘယ်သူလဲဆိုတော့ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ

http://www.dhammadownload.com



တရားကိုယ် တရားသားလေးတွေတော့ မနေ့ကလည်း ထပ်ကောက်ပြပြီ။ အင်္ဂါဆယ့်နှစ်ရပ်တုန်း ကလည်း ပြပြီးသားဖြစ်နေပြီ။ လိုသေးသလား (မလိုပါဘူးဆရာ)၊ ပြန်ကောက်လိုက်စမ်းပါ အကြမ်း လေး အဝိဇ္ဇာတရားကိုယ် ဘာကောက် (မောဟပါဆရာ)၊ သင်္ခါရ တရားကိုယ် ဘာကောက် (စေတနာပါဆရာ)၊ ဘာစေတနာတွေတုံး (အကုသိုလ်ကံနှင့် ကုသိုလ်ကံစေတနာပါဆရာ)၊ အေး- အကုသိုလ်ကံနဲ့ ကုသိုလ်ကံနော် (မှန်ပါတယ်ဆရာ)၊ တဏှာဆိုတာက ဘာကောက် (လောဘပါ ဆရာ)၊ ဉပါဒါန်က ဘာကောက် (စွဲလမ်းတာပါဆရာ)၊ ဟောဟော-ဘယ်လိုကောင်မှန်း မသိဘူး တရားကိုယ် မင်းငါမေးနေတာ (လောဘပါဆရာ)၊ အာရုံက တခြားရောက်ရောက်သွားတယ် ထင်ပါရဲ့နှင်။ တဏှာက တရားကိုယ်ဘာကောက် (လိုချင်တာပါဆရာ)၊ ဟောဗျာ ဟောဗျာ ဖြစ်စုံပါ ဆို ဖြစ်စုံ၊ ဖြုစိပါဆို ဖြစ်စုံ သင်လို့ကို မရဘူး။ ဟင်း-ဟာ ဟာ ဖြုစိဆိုမှ ဖြုစိပြန်ကျ ဟင်း - တဏှာက တရားကိုယ်ကောက်တော့ ဘာရ (လောဘပါဆရာ)၊ ဉပါဒါန်က တရားကိုယ်ကောက်တော့ ဘာရ (လောဘပါဆရာ)၊ အဲဒီလို လုပ်ပါနော် (မှန်ပါတယ်ဆရာ)။ ဘဝက တရားကိုယ်ကောက်တော့ ဘာရ (ကမ္မဘဝပါဆရာ)၊ တရားကိုယ်ကောက်တော့ (စေတနာပါဆရာ)၊ အေး-စေတနာ မှတ်မိရဲ့ လား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် ခုန မင်း သင်္ခါရတုန်းက စေတနာကောက်တယ်။ ကမ္မဘဝလည်း စေတနာကောက်တယ်ဆိုတော့ ဘာထူး (ထူးပါတယ်ဆရာ)၊ ဘယ့်နဲ့ထူး (သင်္ခါရက အတိတ်က ကောက်တဲ့ စေတနာပါဆရာ)၊ အတိတ်ကကောက်တဲ့ စေတနာလို့ပဲ ပြောင်းပြန်ကြီးမှ ပြောတတ် ပလေ။ အတိတ်စေတနာကို ကောက်တယ်လို့ ဒီလိုလေး ပြောစမ်းပါဟ။ သင်္ခါရက ဘာကောက်တုံး (အတိတ်က စေတနာကောက်တာပါဆရာ)၊ အတိတ်က စေတနာကို ကောက်တယ် (မှန်ပါတယ် ဆရာ)၊ ကမ္မ ဘဝ စေတနာကတော့ ဘာကောက်တာတုံး (ပစ္စုပ္ပန်ဘဝက စေတနာပါဆရာ)၊ ပစ္စုပ္ပန် ဘဝက စေတနာကောက်တယ်လား (မှန်ပါတယ်ဆရာ)၊ ဒါ အင်္ဂါဆယ့်နှစ်ရပ်တုန်းက အတိတ်နဲ့ ပစ္စုပ္ပန် ခွဲပြတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အခုတော့ သင်္ခါရရော ကမ္မဘဝရော ဒီအတိတ်ထဲမှာ ချည်းရောက်နေ (ရောက်နေပါတယ်ဆရာ)၊ အဲဒါ အကြောင်းတရားချင်းတူလို့ ပေါင်းပေးတာတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းတရားချင်း တူတာတွေ လာပေါင်းလိုက်တာတဲ့။

ဒါကြောင့် အဝိဇ္ဇာ သင်္ခါရ တဏှာ ဉပါဒါန် ဘဝ အကြောင်းတွေချည်းပဲ၊ ဘယ်တုန်းက အကြောင်းတုံး၊ အတိတ်တုန်းကအကြောင်း၊ ဟင်း - ဒါဖြင့် ခုနတုန်းကတော့ ကမ္မဘဝက ပစ္စုပ္ပန် အကြောင်းဆိုပါလား မဟုတ်ဘူး၊ အတိတ်တုန်းကလည်း ဒီအကြောင်းရှိတာပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အတိတ်တုန်းကလည်း ဒီအကြောင်းရှိတာပဲ။ ပစ္စုပ္ပန်လည်း ဒီအကြောင်းရှိအုံး

http://www.dhammadownload.com



မှာပဲ နော် (မှန်ပါတယ်ဆရာ)၊ နှစ်မျိုးရ နှစ်မျိုးရ။ ဒါကြောင့် အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝဆိုတဲ့ အကြောင်းတရားငါးပါး ပြန်လည်းကြည့်။ လွန်ခဲ့သော အတိတ်ဘဝက ၎င်းတရားငါးပါးကို ကြိုးစား အားထုတ် အလုပ်လုပ်ခဲ့လို့ ခုဘဝ ဘာလာဖြစ် (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ လာဖြစ်ပါတယ်ဆရာ)၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာလာဖြစ်။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ လာဖြစ်တာကို တစ်ခုတည်း တစ်ပေါင်းတည်းနဲ့ တစ်လုံးတည်းပြောတော့ ဘယ့်နှဲ့ပြော။ ဘာလာဖြစ် (ဇာတိလာဖြစ်တာပါဆရာ)၊ ဟောဗျာ ဘာကောင်လာဖြစ်တုံး (ခန္ဓာ ငါးပါးလာဖြစ်တာပါဆရာ)၊ ခန္ဓာကောင်၊ ဘာကောင် (ခန္ဓာကောင်ပါဆရာ)၊ ပြီးတော့ (ဓာတ်ကောင် ပါဆရာ)၊ ပြီးတော့ကော (ပရမတ်ကောင်)၊ ပြီးတော့ကော (ရုပ်ကောင် နာမ်ကောင်ပါဆရာ)၊ ပြီးတော့ကော ဝက်ပိ (ဝိပါက်ကောင်ပါဆရာ)၊ အောင်မယ် ဗိုလ်လိုပြောမှ နားလည်လား။ ဝိပါက် ကောင်လား (မှန်ပါတယ်ဆရာ)။ ဝိပါက်ကောင် ဆိုတာ မြန်မာလို ပြောတော့ ဘာခေါ်တာတုံး (ဝဋ်ကောင်ကြီးပါဆရာ)၊ ဟောဗျာ ဟင်း. . . နင့်ချည်း ဝဋ်ကောင်ချည်းဖြစ်နေ အဲဒီ၊ အကျိုးကောင် မဟုတ်ဘူးလား၊ 'ဝိပါက'သဒ္ဒါက အကျိုးဟောတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အကျိုးကောင်ကြီး မဟုတ်ဘူးလား (အကျိုးကောင်ကြီးပါဆရာ)၊ ဒီငါးပါးက အကြောင်းတရားလား၊ အကျိုးတရားလား (အကျိုးတရားပါဆရာ)၊ အကျိုးကောင်ကြီးတဲ့ အကျိုးတရားတွေ စုပေါင်းထားတာတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီခန္ဓာကောင် ဝိပါက်ကောင် ပရမတ်ကောင် ဓာတ်ကောင် အကျိုးကောင် ကြီးဟာ ဘာပြုလို့ဖြစ် (အတိတ်အကြောင်းတရားငါးပါးကြောင့် ဖြစ်တာပါဆရာ)၊ ဟော အတိတ် အကြောင်းတရား ငါးပါးကြောင့်ဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ ပစ္စုပ္ပန်ရထားတာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တို့ ဥစ္ဆေဒဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ယူပြီးနေကြတဲ့ တို့ရုပ်ဝါးသမားတွေပေါ့ကွယ်။ အခု နောက်တိုးလာတဲ့ နိုင်ငံရေးဝါဒ ကွန်မြူနစ်လစ်စင်းဆိုတာ အဲ-သူတို့ကတော့ ဘယ့်နှဲ့ ယူထားလဲဆိုတော့ ဟာ - အတိတ်လည်း မရှိဘူး၊ အနာဂတ်လည်း မရှိဘူး၊ လွန်ခဲ့သော အတိတ်ဘဝက ဘာဖြစ်တယ်လို့ မပြောရဘူးတဲ့။ နောက်ဘဝကလည်း ဘာဖြစ်အုံးမယ်လို့ မရှိဘူးတဲ့နော် (မှန်ပါတယ် ဆရာ)။ အခု ဖြစ်ဆဲဆိုတဲ့ ပစ္စုပ္ပန်မှာပဲ ရှိတယ်တဲ့၊ အတိတ်မရှိဘူးတဲ့၊ အနာဂတ် မရှိဘူးတဲ့ မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို ယူထားလို့ ဥစ္ဆေဒဒိဋ္ဌိထဲရောက်။ ဒါ သူတို့ဝါဒ ဘဝပြတ် တယ်လို့ ယူထားတာပေါ့။

ဒါကြောင့် ဒီဘဝပြီးရင် မျှော်ကိုးမနေနဲ့။ အကျိုးလည်း မရှိဘူး အကြောင်းလည်း မရှိဘူး သေဆုံး လောင်တုံး၊ ဒီတော့ ဘာဖြစ်သွားဆိုတော့ အကြိယဒိဋ္ဌိ အဟေတုဒိဋ္ဌိ နတ္ထိကဒိဋ္ဌိ ဖြစ်သွား နော်

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ ဥစ္ဆေဒဒိဋ္ဌိမျိုးကွ အဲဒီလို ယူထားတယ်။ ဘာပြုလို့လဲလို့မေးတော့ အတိတ်ကို လှမ်း မျှော်မှန်းနိုင်တဲ့ ဉာဏ်အမြင် မရှိလို့တဲ့။ သူတို့ မမြင်နိုင်ဘူးတဲ့။ ရှိရင် မြင်ရမယ်၊ ရှိရင် သိရမယ် နော် (မှန်ပါတယ်ဆရာ)၊ လွန်ခဲ့သော အတိတ်ကာလကြီး ဒီကနေ ပြန်မြင်လို့ဖြစ်ပါ့မလား လွန်ပြီး သွားဟ (မမြင်နိုင်ပါဘူးဆရာ)၊ မမြင်နိုင်ဘူးမဟုတ်လား (မမြင်နိုင်ပါဘူးဆရာ)၊ မဖြစ်သေးတဲ့ အနာဂတ် ကော ဒီကလှမ်းကြည့်လို့ မြင်ပါ့မလား (မမြင်နိုင်ပါဘူးဆရာ)၊ ဒါပေမယ့် အနုမာန မျက်မှန်းဆ ဆိုသလိုပေါ့ကွယ်၊ မြင်ကောင်းတဲ့နည်းနဲ့ ကြည့်ရင် မြင်ရမယ်။ သိကောင်းတဲ့နည်းနဲ့ ကြည့်ရင် သိရမယ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အခု ပစ္စုပ္ပန်ဆတ်ဆတ်ကြီးပေါ် ရောက် နေကြတော့ တို့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရားငါးပါးက ဘွားဘွားကြီး ပေါ်လို့ မပေါ်ဖူးလား (ပေါ်ပါတယ်ဆရာ)၊ ဒါမဟုတ်ဘူးလို့ ပြောနိုင်ပါ့မလား (မပြော နိုင်ပါဘူးဆရာ) ဒါဟုတ်တာတော့ ဝန်ခံရမှာပေါ့ (ဝန်ခံပါတယ်ဆရာ)။ အဲဒါ ဟုတ်တာဝန်ခံနေရင် သေချာကြည့်စမ်း၊ ဩော် - ခု ပစ္စုပ္ပန်ကိုက်ဆိုတဲ့ အနေအားဖြင့် ပစ္စုပ္ပန်ဘဝမှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ငါတို့ ဖြစ်ပေါ်နေတဲ့ တရားကြီးဟာ ထင်ရှားနေပါပဲ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ထင်ရှားနေပါ့ပဲ။

ဒီလိုလက်ရှိ ပစ္စုပ္ပန်ဘဝမှာ ဒီအဖြစ်မျိုး ထင်ရှားနေမှန်း သေသေချာချာ ဝန်ခံနိုင်လို့ရှိရင် နောက် ဘဝလည်း ဒီတရားမျိုး မုချဖြစ်အုံးမယ် မသိနိုင်ဘူးလား (သိနိုင်ပါတယ်ဆရာ)၊ နောက်ဘဝ မုချဖြစ် အုံးမယ်လို့ သိလာရင် လွန်ခဲ့ပြီးသော ဘဝကလည်း ဒီတရားငါးပါး မုချဖြစ်ပြီးသားဆိုတာ မသိဘူး လား (သိနိုင်ပါတယ်ဆရာ)၊ ပစ္စုပ္ပန်ထောက်ကြည့်ရင် အတိတ်လည်းမြင်တာပဲ၊ အနာဂတ်လည်း မြင်တာပဲလို့ ဒါပစ္စုပ္ပန်နဲ့ ဝေဖန်ကြည့်ရင် အသိသာကြီးနော် (မှန်ပါတယ်ဆရာ)၊ ဒီလိုမှ မသိသေး လည်းဘဲ အလွယ်လေးရယ် မနေ့ကရယ် ကနေ့ရယ် နက်ဖန်ရယ်ဟာ ရက်သုံးရက် မဟုတ်ဘူးလား (သုံးရက်ပါဆရာ)၊ ဒီနေ့တော့ မင်းမုချဆတ်ဆတ်တွေ့နေပြီလား (တွေ့နေပါတယ်ဆရာ)၊ ဒီနေ့ ရှိမှန်းတော့ မင်းသိတယ်လား (သိပါတယ်ဆရာ)၊ ဒါပစ္စုပ္ပန် ဒီနေ့သေချာကြည့်၊ မနေ့ကကော မရှိဘူးလား (ရှိပါတယ်ဆရာ)၊ နက်ဖြန်ခါကော (ရှိပါတယ်ဆရာ)၊ ဒါဖြင့် နက်ဖြန်ခါရောက်ပလား (မရောက်သေးပါဘူးဆရာ)၊ မရောက်သေးပေမယ့် မင်း နက်ဖြန်ခါရှိမယ်ဆိုတာတော့ မင်းသိထားတယ် မဟုတ်လား (သိထားပါတယ်ဆရာ)၊ ဒီနေ့လက်ရှိအနေအားဖြင့် ဒီနေ့ဖြစ်ပေါ်နေတဲ့နေ့ ထောက် ကြည့်လိုက်ရင် မနေ့ကလည်းပဲ ရှိတာပဲ၊ နက်ဖြန်ခါလည်းရှိအုံးမှာပဲ ဒီလိုမနေဘူးလား (မှန်ပါတယ် ဆရာ)၊ အတိတ်ရယ် အနာဂတ်ရယ် ပစ္စုပ္ပန်ရယ် ဆိုတဲ့ ကာလသုံးပါး ပစ္စုပ္ပန်ဘဝကနေနေကြည့်ရင်

http://www.dhammadownload.com



အတိတ်လည်းမြင်တာပဲ၊ အနာဂတ်လည်း မြင်တာပဲ နော် (မှန်ပါတယ်ဆရာ)၊ "အနုမာနေန ဉာတဗ္ဗံ" ဆိုတဲ့အတိုင်း အနုမာနမျက်မှန်းဆ၍ဆိုတဲ့ သဘောလေးက ဉာဏ်အားဖြင့် ဝေဖန်ပြီး သိရတယ်တဲ့။ သိကောင်းတယ်တဲ့ မနေ့ကရှိလို့ ဒီနေ့ရှိတာပေါ့။ ဒီနေ့ရှိ နက်ဖြန်ရှိအုံးမှာပေါ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မနေ့ကတော့ ရှိတယ်၊ ဒီနေ့မရှိဘူးဆိုရင် ဟာ- ဒါ မဟုတ်နိုင်ဘူး။ မနေ့ဆိုတဲ့ နေ့ဟာ ရှိတယ်ဆိုလို့ရှိရင် ဒီနေ့လည်း ရှိနေပေါ့။ ဒါ ငါကိုယ်တိုင်သိတယ်၊ နက်ဖြန်လည်း ဒီလို ရှိအုံးမှာပေါ့။ ဒါဖြင့် နက်ဖြန်ရှိပြီးလို့ မင်းကသိတာလားဆို နက်ဖြန်က မရှိရသေးပါဘူး။ မရှိသေးပေမဲ့ မုချရှိမယ်ဆိုတာ သေချာနေတဲ့သဘော မပေါ်ဖူးလား (ပေါ်ပါတယ်ဆရာ)၊ ဒီလိုပါပဲ သတ္တဝါများရဲ့ ဘဝလည်းပဲ အခု ပစ္စုပ္ပန်ဘဝမှာ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာလို့ ဝိပါက်ကောင်ကြီး ပေါ်နေတာ မြင်ကတည်းက အခု ပစ္စုပ္ပန်ဘဝ မုချဆတ်ဆတ် ကလေး လာပေါ်တဲ့အကောင် မဟုတ်ဘူးလို့ ဟိုဘက်ဘဝကလည်း ပေါ်ပြီးသားဖြစ်ရမယ်။ နောက်လည်းပေါ်အုံးမှာပဲ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ခမျာများလည်း လောကုတ္တရာ စာပေနဲ့ မသက်ဆိုင်တဲ့ လူမျိုးက ဝေဖန်ထားတဲ့တရားဆိုတော့လည်း သူတို့ဉာဏ်မှာ မထင်ကောင်း မမြင်ကောင်း မထင်နိုင် မမြင်နိုင်တော့လည်းပဲ ပြောမှာပဲနော် (မှန်ပါတယ်ဆရာ)၊ အတိတ်မရှိဘူးတဲ့ လွန်ခဲ့သော အတိတ်ဘဝရယ်လို့ မရှိဘူးတဲ့ သတ္တဝါများ၊ အခုဖြစ်နေတဲ့ ပစ္စုပ္ပန်ဘဝပဲ ရှိတယ်တဲ့။

ဒီတော့ အတိတ်လည်း မရှိဘူးဆိုတော့ ပစ္စုပ္ပန်ဘဝပဲ ရှိနေတယ်ဆိုတော့ နောက် အနာဂတ် ဘဝတွေလည်း မျှော်မနေနဲ့ မရှိဘူးတဲ့။ အတိတ်လည်း မရှိဘူး၊ အနာဂတ်လည်း မရှိဘူး။ ဒီလို ကိုးကွယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တို့ဘုရားလက်ထက်ကတော့ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ အကိရိယဒိဋ္ဌိတို့ အဟေတုကဒိဋ္ဌိတို့ နတ္ထိကဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိရင်းကြီးနေကနေစပြီးတော့ ဒီအယူဝါဒနဲ့ ဟောပြောနေတဲ့ သာသနာ့ပြင်ပက ဂိုဏ်းသူဂိုဏ်းသားတွေက တော်တော်များတယ်။ အဲဒီဝါဒက တော်တော်ကြီး တိမ်မြုပ်ပြီးလာလိုက်တာ အခု သာသနာ နှစ်ထောင်ငါးရာပြည့်ခါနီးမှ တော်တော်ကြီး ခေတ်စား လာပြန်တယ်လို့။ ဥစ္ဆေဒဒိဋ္ဌိခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီဘဝပြီးရင် သေဆုံးလောင်တုံး မျှော်မနေနဲ့ ဘာမှမရှိ။ လွန်ခဲ့သော ဘဝကလည်း ဘာကောင်မှ မဖြစ်ခဲ့ဘူး။ အခုဘဝတော့ ဖြစ်၏။ အခုဘဝဖြစ်တာလည်း အခုဘဝ တစ်သက်လျာ တစ်ဘဝတည်းရှိတယ်၊ နောက်ဘဝ ဘာမှမဖြစ် အဲဒါအကိရိယတို့ အဟေတုကတို့၊ နတ္ထိကတို့ သွားရော့ ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်တယ်နော် (မှန်ပါတယ် ဆရာ)၊ တို့ဘုရားကိုယ်တော်မြတ် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကြိုးစား၍ ရှာတော်မူမှ ရတော်မူတဲ့ သဗ္ဗညုတဉာဏ်တော်နဲ့ ဝေဖန်တော်မူလိုက်တဲ့အခါကြတော့ ကာလသုံးပါးတန်းလို့ ပေါ်လာ။

http://www.dhammadownload.com



အကြောင်းကြောင့်အကျိုး၊ အကြောင်းကြောင့်အကျိုး၊ ထိုဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တရားငါးလုံး ပေါင်းထားသော ဝိပါက်ကောင် ခန္ဓာကောင် ရုပ်ကောင် နာမ်ကောင် ပရမတ်ကောင် ဓာတ်ကောင်ကြီးသည် အမှန်ကတော့ အကျိုးတရားချည်ပဲတဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အကျိုးတရားချည်းပဲတဲ့။ အဲဒီအကျိုးတရားဟာ အလကားလာဖြစ်တာ မဟုတ်ဘူး။ အလကား လာဖြစ်လည်း အကျိုးလို့ မခေါ်နိုင်ဘူးတဲ့။ ခေါ်နိုင်ပါ့မလား (မခေါ်နိုင်ပါဘူးဆရာ)၊ အလကား လာဖြစ်တာ မဟုတ်ဘူးတဲ့။ အကြောင်းကြောင့် ဖြစ်လာတဲ့အကျိုးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)။

လှည်းမောင်းလို့ လှည်းကြောင်းထင်တယ်တဲ့။ လှည်းမမောင်းဘဲနဲ့ လှည်းကြောင်းထင်ပါ့မလား (မထင်ပါဘူးဆရာ) လှည်းမောင်းတာ အကြောင်းခေါ်တယ်၊ လှည်းကြောင်းထင်တာက အကျိုး ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ လှည်းကြောင်းကြီးဘာကြောင့်ထင်၊ (လှည်းမောင်းလို့ ထင်ပါ တယ်ဆရာ) အေး လှည်းမောင်းလို့ ထင် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ လှည်းမမောင်းဘဲနဲ့ လှည်းကြောင်းကြီးထင်ကောင်းနေပါ့မလား (မထင်ကောင်းပါဘူးဆရာ)၊ ဒါ လောကီဖြစ်ဖြစ် လောကုတ္တရာဖြစ်ဖြစ် ဒီလိုချည်းသွားတာပါပဲ။ အကြောင်းကျိုးဆက်လျက်သားနေတာ။ လောကီ လည်း ဒီနည်းတိုင်းပဲ မဝေဖန်လို့ပါ။ လှည်းမောင်းလို့ လှည်းကြောင်းထင်တယ်၊ လှည်းမောင်းတာက အကြောင်း၊ လှည်းကြောင်းထင်တာက အကျိုး။ အခုလည်း ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ တရားငါးခု ပေါင်းစုပြီးတော့ ပေါ်လာတဲ့ ခန္ဓာကောင် ဝိပါက်ကောင်ကြီး အကျိုး ကောင်ကြီး ပေါ်လာတာ အလကားပေါ်လာတာ မဟုတ်ဘူးတဲ့။ အကြောင်းကြောင့် ပေါ်လာတာ။ ဘယ်တုန်းက အကြောင်းတုံး၊ လွန်ခဲ့သော အတိတ်ဘဝက လုပ်တဲ့အကြောင်း၊ လွန်ခဲ့သော အတိတ် ဘဝက အကြောင်း၊ လွန်ခဲ့သော အတိတ်ဘဝအကြောင်းတွေက ဘယ့်နဲ့လုပ်လာ။ ဘယ်သူတွေတုံး အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မင်းတို့ ငါတို့တွေ လွန်ခဲ့သော အတိတ်ဘဝက အဝိဇ္ဇာရယ် သင်္ခါရရယ် တဏှာရယ် ဥပါဒါန်ရယ် ဘဝရယ် နော် (မှန်ပါတယ်ဆရာ)။ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဒီငါးခု မလုပ်ခဲ့ဘူးလား (လုပ်ခဲ့ပါတယ်ဆရာ)၊ လုပ်ခဲ့တယ်၊ အဲဒီလုပ်ခဲ့တာလေး လင်္ကာလေး မနေ့က ငါပြောထားတာ ဆိုစမ်းပါ (မသိလို့လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်)၊ အေး-ဟုတ်ပြီ၊ ပြုလုပ်တော့ ဘာဖြစ် (ရရော့ပါဆရာ)၊ ရရော့၊ ရရော့ဆိုတော့ ပစ္စုပ္ပန်လား အတိတ်လား (ပစ္စုပ္ပန်ပါဆရာ)၊ အေး-ပစ္စုပ္ပန် ရတယ်နော် (မှန်ပါတယ် ဆရာ)၊ မသိလို့လိုချင်၊ လိုချင် တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရော့တဲ့။ ရတော့

http://www.dhammadownload.com



ဘာဖြစ် (ခံကြရော့တဲ့)၊ ခံကြရော့ ဘာတွေခံရ (ဒုက္ခတွေပါဆရာ)၊ အေး-ဒုက္ခတွေ၊ ရတဲ့အချိန်ကစ ဒုက္ခတွေဖြစ်လာတယ်လား (မှန်ပါတယ်ဆရာ)၊ ဘာဒုက္ခ (ဇာတိဒုက္ခပါဆရာ)၊ သူ့နောက် (ဇရာဒုက္ခ ပါဆရာ)၊ သူ့နောက် (ဗျာဓိ ဒုက္ခပါဆရာ)၊ သူ့နောက် (မရဏဒုက္ခပါဆရာ)၊ သူ့နောက် (ကုန်ပြီဆရာ)၊ ဟော ကုန်ပြီလား၊ သေမှကိုးကွနော် စလာကတည်းက ဒုက္ခနဲ့ လာတာ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒုက္ခရဲ့တရားကိုယ် တရားသားသည် ဘယ်သူလဲဆို ဘယ့်နဲ့ပြောပ့ါ (ဇာတိပါဆရာ)၊ (ဇာတိပါဆရာ)၊ ဟို ဒုက္ခရဲ့ တရားကိုယ် တရားသားသည် ဘယ်သူလဲဆို ဘယ့်နဲ့ပြော၊ ဟောဗျာ ဒီကောင်ကြီး သူမေ့နေတာကိုးကွ (ဝိပါက်ကောင်ကြီးပါဆရာ)၊ ခန္ဓာ ခန္ဓာ နော် (မှန်ပါတယ်ဆရာ)၊ ဒုက္ခရဲ့တရားကိုယ် တရားသားသာ ဘယ်သူတုံး (ခန္ဓာငါးပါးပါဆရာ)၊ နင် အနိစ္စ ဒုက္ခ အနတ္တဆိုတာ မှတ်မိသေးလားဟ (မှတ်မိပါတယ်ဆရာ)၊ အနိစ္စရဲ့ တရားကိုယ်တရားသား ဘယ်သူတုံး (ခန္ဓာငါးပါးပါ ဆရာ)၊ ဒုက္ခရဲ့တရားကိုယ်တရားသား ဘယ်သူတုံး (ခန္ဓာငါးပါးပါဆရာ)၊ အနတ္တရဲ့ တရားကိုယ် တရားသား ဘယ်သူတုံး၊ (ခန္ဓာငါးပါးပါဆရာ) ဟောဒီ လက္ခဏာယာဉ်သုံးပါးများ ငါ့သင်လိုက်ရတာ ပါးစပ်က အမြုပ်ထွက်လို့ တစ်ခါမှ ပြန်တွေးဟန်မတူဘူး ဟောဒီကောင်။ ဘယ်နှစ်ခါပြန်တွေးဖူးတုံး (မတွေးမိဘူး)၊ အေး-ကောင်းတယ် ကောင်းတယ် ဦးနှောက်ရှုပ်တယ် နော်။ တစ်ခါမှ မတွေးဘူးတဲ့ မိုက်လည်း မိုက်တဲ့ကောင်ဟေ့ တွေးရတယ်ကွ ခန္ဓာငါးပါး ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခတရားချည်းပဲ၊ ဒုက္ခတို့ ခန္ဓပဉ္စကံ - ခန္ဓာငါးပါးက ဒုက္ခတရား၊ သုခမှ မဟုတ်ဘဲ။ ဒုက္ခ ဒုက္ခ၊ ဒုက္ခ ဒုက္ခ၊ ခန္ဓာငါးပါး ဒုက္ခ၊ ဒုက္ခ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အနိစ္စနဲ့တွေ့လဲ ခန္ဓာငါးပါး အနိစ္စ၊ ခန္ဓာငါးပါး အနိစ္စ၊ ခန္ဓာငါးပါး အနိစ္စ၊ အနတ္တနဲ့တွေ့လည်း ခန္ဓာငါးပါး အနတ္တ၊ ခန္ဓာငါးပါး အနတ္တ အဲဒါများကွာ တော်တော်ကြီးကို ဖိဖိစီးစီး သင်ကြားထားပါတယ်။ အဲဒီကြားထဲက ငါ့ကို တချို့က လာလာမေးတယ်။ ရုတ်တရက် ရှောင်တခင် ဆိုသလိုပေါ့လေတဲ့ အမြဲမပြတ် တစ်လုံးကောင်း နှစ်လုံးကောင်း အနေအားဖြင့် နှလုံး သွင်းစရာ တရားလေးများ, နည်းလေးများ လိုချင်လို့တဲ့ လာလာတောင်းတယ်။ ခက်လိုက်တာ အားလပ်ချိန်ရတိုင်း ရတိုင်းပေါ့ကွယ် အလုပ်မပျက် အကိုင်မပျက် အသွားမပျက် အလာမပျက်ပေါ့လေ။ ကြုံကြားကြုံကြားမှာ နှလုံးသွင်းစရာ တိုတိုတုတ်တုတ်နဲ့ မှတ်သားစရာ တရားလေးများ လိုချင်လို့ပါတဲ့ လာတောင်း။ ငါတော်တော် အောင့်အောင့်နေရတယ်ဟေ့ သိလား။ လွှတ်ကနဲ လွှတ်ကနဲ ထွက်သွားမှာ စိုးလို့ အတော်သည်းခံရတယ်။ ဩော်-လိုချင်လို့ တောင်းတာပဲလေ ခင်ဗျားလည်း သင်ပြီးကြားပြီးတွေ မေ့လျော့နေဟန်တူပါရဲ့ဆိုတော့ ပြန်ပြန်ပြောရတယ်။

http://www.dhammadownload.com



ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က "ယာနတ္တယမုခေန သဗ္ဗဒုက္ခနိယျာနိကဓမ္မဒေသနာ" လို့ ဟောထားတာ ယာဉ်သုံးပါးထက် ကောင်းတာလည်း မရှိဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုက်ရိုက်အားဖြင့် ပွားများနေဆဲခဏမှာ မုချရနိုင်တယ်။ တစ်မဂ်တစ်ဖိုလ်တော့ ကောင်းကောင်း ရနိုင်တဲ့တရား၊ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာယာဉ်သုံးပါးကို သင်ကြားထားတဲ့ ခန္ဓာပေါ်တင် ရှုပေ့ါဟဲ၊ ဟုတ်သား ဟုတ်သား။ ဒီတော့မှ သတိရတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တရားက များပြီးတော့ ထွေးရလား ပြားပြားဖြစ်နေတာကိုးကွ။ ဟိုဒင်းက ကောင်းသလို၊ ဒီဒင်းက ဟုတ်သလိုလို ဘယ်ဒင်းလုပ်ရမှန်း မသိဖြစ်နေ၊ အမှန်ကတော့ သေချာမှတ်ကြပါလို့။ အားလပ်ခွင့်လေးရတဲ့အခါ စိတ်ငြိမ်မှုရတဲ့အခါ ခန္ဓာငါးပါးသည် အနိစ္စ၊ ခန္ဓာငါးပါးသည် ဒုက္ခ၊ ခန္ဓာငါးပါးသည် အနတ္တ။ တို့ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ်သုံးပါး ဟောစဉ်အခါတုန်းက ပြောခဲ့ပေ့ါ။ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်က အနိစ္စချည်း ခန္ဓာငါးပါး အနိစ္စ အနိစ္စနဲ့ အနိစ္စတစ်လုံးတည်း သုံးသပ်လာတဲ့ ရဟန်းပေါင်းငါးရာ။ ဒုက္ခတစ်လုံးတည်း သုံးသပ်လာတဲ့ ရဟန်းပေါင်းငါးရာ။ အနတ္တ တစ်လုံးတည်း သုံးသပ်လာတဲ့ ရဟန်းပေါင်းငါးရာ။ ဒါပေမယ့် ခမျာများ ဒီစဉ်အခါတုန်းက ခန္ဓာငါးပါးရဲ့ သဘော တရားကိုယ် သရုပ် ဟုတ်ဟုတ်ငြားငြား သိဟန်မတူရှာပါဘူး။ သိလို့ရှိရင်လည်း ဒီစဉ်အခါတုန်းက သူတို့ အားထုတ်ပွားများနေရင်းပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသွားမှာ အမှန်ပဲ။ ဒါပေမယ့် တို့ဘုရားလက်ထက်တော်မှာ လာပြီးတော့ ရဟန္တာတွေလာဖြစ်ကြ၊ ဖြစ်တော့လည်း လွယ်လိုက်တာ ခဏ နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်တန်းဖိုးရှိတဲ့ တရားမှတ်လို့ လေ့လာဖူးရင် အားထုတ်ဖူးရင်တဲ့ ကိုယ့်ပါရမီမရင့်သေးလို့ တစ်မဂ်တစ်ဖိုလ် မရဘူးထားပါလို့ နောက်ဘဝ နောက်ဘဝကြတော့ မီးခဲပြာဖုံးသလိုပဲတဲ့၊ မှည့်နေတဲ့ အနာဖောက်လိုက်သလိုပဲ ဒီလက္ခဏာသုံးပါးဆိုတဲ့တရားနဲ့ ဘွားကနဲ တွေ့လိုက် ချက်ချင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတယ်၊ ဘယ်လောက်မြန်သလဲလို့နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒီတရားထက် ကောင်းတာ မရှိဘူး။ ဒါကြောင့် အားလပ်ခွင့်ရတဲ့ခါကြတော့ ထွေးရလား ပြားပြားလုပ်မနေကြနဲ့။ ငါ၏ ခန္ဓာငါးပါးသည် အနိစ္စ၊ ငါ၏ခန္ဓာငါးပါးသည် ဒုက္ခ၊ ငါ၏ခန္ဓာငါးပါးသည် အနတ္တ၊ ခန္ဓာငါးပါး အနိစ္စ ခန္ဓာငါးပါးဒုက္ခ ခန္ဓာငါးပါးအနတ္တ တစ်လုံးတည်းနိုင် တစ်လုံးတည်းပွားများ အတူတူပဲ။ ဒါပွားများစရာတရား နှလုံးသွင်းစရာတရား ဆင်ခြင်စရာတရား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါလေးမှတ်ထား။ ဒါကြောင့် ခု ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ တရားငါးပါး ပေါင်းလိုက်တော့ အကျိုးကောင်ကြီး လာဖြစ်တယ်။ အကောင် အထည်ရုပ်လုံးပေါ်ကာမှ ရှိသေးနော် (မှန်ပါတယ်ဆရာ)၊ ဘာမှသူ့မှာ အကျိုးအပြစ် ဝေဖန်စရာ

http://www.dhammadownload.com



မရှိသေးဘူးတဲ့။ ဘာပြုလို့ သူဘာမှ မလုပ်တတ်သေးပါဘူးတဲ့။ ဝိညာဏ်ကလည်း ပဋိသန္ဓေစိတ် ကောက်ထားတာတဲ့။ ပဋိသန္ဓေစိတ် ပဋိသန္ဓေခဏရထားတာ ပဝတ္တိဝိညာဏ်ဆိုတော့ ဝိညာဏ် နောက်က နာမ်ရုပ်။ ဒါပဝတ္တိဝိညာဏ် ကောက်တယ်။ ပဋိသန္ဓေဝိညာဏ်ကော ပဝတ္တိဝိညာဏ်ကော ဝိညာဏ်ပဲ ရှိသေးတယ်။ ဘာမှ သူမတတ်ဘူး၊ စိတ်ပဲ ရှိသေးနော် (မှန်ပါတယ်ဆရာ)၊ နာမ်ရုပ်တဲ့၊ ထိုပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်တို့နဲ့ သမ္ပယုတ္တမေမွ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တရား ငါးဆယ့်နဲ့နှစ်ပါး နာမ်တရားက၊ ရုပ်က ကံကြောင့် စိတ်ကြောင့် ဥတုကြောင့် အာဟာရကြောင့်ဖြစ်သော အကြောင်းတရားလေးပါးကြောင့် ဖြစ်လာတဲ့ စတုသမုဋ္ဌာနိကရုပ် နှစ်ဆယ့်နဲ့ရှစ်ပါး။ သဠာယတနတဲ့၊ ကမ္မဇခာတ်မှ အကြည်ခြောက်ချပ် မှန်ခြောက် ချပ်ပေါ်လာ။ ကံပြုပြင်စီမံပေးလို့ ကံရုပ်ကလေး နော် (မှန်ပါတယ်ဆရာ)၊ နောက် သဠာယတနတဲ့၊ အပြင်ဗာဟိရယတနခြောက်ပါးတဲ့။ အတိုက်ခာတ် ဒီလိုနေရော့။ ပြီးတော့မှ ထိုအတိုက်ခာတ်နဲ့ အခံခာတ်နှစ်ပါး တိုက်တိုင်း တိုက်တိုင်း အာရုံနဲ့ ဝတ္ထုနဲ့တွေ့ထိမှုဆိုတဲ့ ဖဿလေး လာလာဖြစ်တယ်။ ဖဿ၊ ဖဿဖြစ်တာပါ။ အာရုံနဲ့ဝတ္ထုတွေ့တာပဲ၊ ဘာခာတ်လဲဆို ဘာမှမတိုက်ကြဘူး။ ဖဿဖြစ်တော့ ဘာဖြစ်လဲဆိုတော့ ထိုဖဿ ဝတ္ထုနဲ့ လာလာတိုက်တဲ့ အာရုံ၏ အရသာလေး ခံစားမှုသဘောလေး ဝေဒယိကလက္ခဏာ ခံစားကာမျှ သက်သက်ကလေး ဝေဒနာလို့ ဒီဝေဒနာလည်း ဘာမှမလှုန့်ဆော် တတ်သေးဘူး၊ ဘာမှ မပြုပြင် တတ်သေးဘူး။ အကြောင်းမခံတတ်သေးဘူး၊ ဝေဒနာပဲရှိသေးတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီတရားငါးပါးဟာ အပြစ်ကင်းလို့ သန့်ရှင်းတဲ့ တရားငါးပါး ခေါ်တယ် အပြစ်ကင်းလို့ သန့်ရှင်းတဲ့ တရားငါးပါးလို့ ပေါင်းလိုက်တော့ ဒါခန္ဓာငါးပါးရတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီငါးပါး အပြစ်ကင်းလို့ သန့်ရှင်းတဲ့ ခန္ဓာငါးပါးခေါ်တယ်။ ဘာပြုလို့ အကျိုးမျှ ဝိပါကမျိုးဆိုတဲ့ အကျိုးတရား သက်သက်ပဲတဲ့။

ဒါကြောင့် တို့ ဝိပဿနာဉာဏ်ဆယ်ပါးတုန်းက ပြခဲ့ပေါ့။ "ဣမေ မေ ပဉ္စက္ခန္ဓာ နိဒဿကာ" မေ၊ ငါ၏။ ဣမေ ပဉ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ နိဒဿကာ၊ ဝိပါကမျိုး အကျိုး ဖြစ်ခြင်းကြောင့် အချည်းနှီးသာ ဖြစ်ခဲ့၏။ နိဒဿက တရားခေါ်တယ်။ အချည်းနှီးပဲ ဘာမှမဖြစ်ဘူး။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဝိပါကမျိုး အကျိုးတရားဖြစ်ခြင်းကြောင့် ဝိပါကပဲတဲ့။ ဝိပါက်ကောင်ကြီးပဲ။ ဒါဖြင့် ဒီလူဖြင့်လည်း လူကောင်ပေါ့ကွယ်။ နတ်ဖြစ်လည်း နတ်ကောင်ပေါ့၊ ခွေးဖြင့်လည်းခွေးကောင်ပေါ့ ရုပ်လုံးပေါ်ကာမျှ မဟုတ်လားကွ (ပေါ်ကာမျှ ရှိပါသေးတယ်)၊ ဒီအတိုင်း သာနေလို့ သေသွားရင် နောက်ဘဝ ဘာမှမဖြစ်ဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ နောက်ဘဝ

http://www.dhammadownload.com



ဖြစ်စရာ ဘာအကြောင်းပါ (မပါပါဘူးဆရာ)၊ မပါဘူး မပါဘူး။ အဲဒီတိုင်းနေလို့ သေသွားရင် ဒါပေမယ့် ဒါ ဒီနေရာလေးတွေ ကွက်ပြောထားတာ ပိုင်းပြောထားတာကိုးကွ၊ လွန်ခဲ့သော အတီတာနန္တရဘဝက စုပေါင်းလာတဲ့ ကံဟောင်းတွေ အများကြီးရှိတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဖြစ်ရင် ဒါကြောင့်ပဲ ဆိုတာ မှတ်ထား။ သြော် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရား သက်သက်ကလေးသာ ဒီမှာလာဖြစ်နေရင် သေသည်၏အခြားမဲ့၌ ထိုခန္ဓာကောင်ကြီးကြောင့် ထိုအကျိုးတရားငါးပါးကြောင့် ဘာမှ မဖြစ်နိုင်ဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဖြစ်လည်း မဖြစ်ကောင်းဘူး။ အကျိုးကြောင့် အကျိုးဖြစ်တယ်လို့ ဘယ်တော့မှ မရှိဘူး။ ဒါ အကျိုးကောင်တဲ့၊ အကျိုးကြောင့် အကျိုးပြန်ဖြစ်လို့ ဖြစ်ပါ့မလားဟ (မဖြစ်နိုင်ပါဘူးဆရာ)၊ အကျိုးကြောင့် အကျိုး မဖြစ်ကောင်းဘူး။ ဒါဖြင့် ကောင်းပြီ၊ မင်းတို့ ငါတို့ ပဋိသန္ဓေခဏက စပြီးတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတော့ တက်စုံ လက်စုံ အကောင်အထည်ကြီး ရုပ်လုံးပေါ်တော့ လူ့ဘဝ ငါလူဟဲ့ ယောက်ျားဟဲ့ မိန်းမဟဲ့ ပုဂ္ဂိုလ်ဟဲ့ သတ္တဝါဟဲ့ နတ်ဟဲ့ ဗြဟ္မာဟဲ့ ခွေးဟဲ့ ဝက်ဟဲ့ ကြက်ဟဲ့ ခန္ဓာကောင်ကြီး ဝိပါက်ကောင်ကြီး ရုပ်လုံးပေါ်ကြတော့ ဒီအတိုင်းများ ငြိမ်ငြိမ်လေးနေ သလားဟ (မနေပါဘူးဆရာ)၊ မနေဘူး။ လှုပ်လှုပ်ရွရွ လုပ်ကြတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘာတွေ လုပ် (ကုသိုလ်ကံနဲ့ အကုသိုလ်ကံတွေ လုပ်ကြပါတယ်ဆရာ)။ အေး-ကုသိုလ်ကံတွေ အကုသိုလ်ကံ တွေလုပ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကောင်းတဲ့ကံ မကောင်းတဲ့ကံ နှစ်ပါးလို့ ဒါတွေ အားထုတ် နေကြတယ်တဲ့။ ဒါတွေ လုပ်နေကြတယ်တဲ့။ ကုသိုလ်ကံတစ်ခါ ခွဲပြန်တော့ ကာယကံ ဝစီကံ မနောကံ သုံးမျိုး၊ အကုသိုလ်ကံတစ်ခါခွဲပြန်တော့ ကာယကံ ဝစီကံ မနောကံတဲ့ သုံးမျိုးတဲ့၊ ကိုယ်နဲ့လုပ် တယ်တဲ့၊ နှုတ်နဲ့လုပ်တယ်တဲ့၊ စိတ်နဲ့လုပ်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ကော ကုသိုလ် လည်း ဒီအတိုင်းပဲ ကိုယ်နဲ့လုပ်တယ်၊ နှုတ်နဲ့လုပ်တယ်၊ စိတ်နဲ့လုပ်တယ် သုံးမျိုးသုံးမျိုးစီ ထွက်လာ။ အဲဒါကြည့် အဲဒါကြည့် လူကောင် နတ်ကောင် ဗြဟ္မာကောင်ဆိုတဲ့ အကျိုးတရားငါးပါး ဘွားကနဲ ပေါ်လို့ ရုပ်လုံးကြီး ပေါ်ပြီးတဲ့အချိန်ကစ မရပ်မနား လုပ်နေ၊ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ မရပ်မနား လုပ်နေကြပြီလို့၊ အဲဒါ မရပ်မနားလုပ်နေတော့ ဒီစိတ်တွေ ဒီစေတနာလေးတွေက အခု ပစ္စက္ခမျက်မှောက် ကြိုးစားနေတဲ့ စိတ်တွေ စေတနာတွေက ဘာဖြစ်၊ ဒုတိယ ဘဝသစ် ပဋိသန္ဓေ ဖြစ်အုံးမယ်လား (ဖြစ်မှာပါဆရာ)၊ အေး - ဒုတိယဘဝသစ် ပဋိသန္ဓေ ဖြစ်အုံးမယ်။

ဒါကြောင့် "ကေစိတ္တံ ကေပဋိသန္ဓိံ ဇနေတိ" ကေစိတ္တံ၊ တစ်ခုသော စိတ်၌ ယှဉ်သောဇောစေတနာ လေးတစ်လုံးသည်။ ကေပဋိသန္ဓိံ၊ တစ်ခုသောဘဝ၌ ပဋိသန္ဓေအသစ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏

http://www.dhammadownload.com



တဲ့။ များလိုက်တာတွေ လုပ်ထားတာလည်း ပြောစရာမရှိဘူး၊ ဟိုကတော့ ဇောစေတနာလေးတစ်လုံး စိတ်ကလေးတစ်လုံး ပဋိသန္ဓေတစ်ခါ၊ စိတ်ကလေးတစ်လုံး ပဋိသန္ဓေတစ်ခါလို့ ဒီလိုသွားနော် (မှန်ပါတယ်ဆရာ)၊ အဲ အခုပစ္စက္ခမျက်မှောက်လုပ်ထားတဲ့ ပဋိသန္ဓေအသစ်ကို ဖြစ်အောင်လုပ်ထားတဲ့ ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ ကံလုံးလေးတွေကိုက ရေတွက်လို့ မကုန်နိုင်ဘူး မများဖူးလား (များပါတယ်ဆရာ)၊ အဲဒါ နောက်ဖြစ်အုံးမဲ့ ပဋိသန္ဓေတွေက ထပ်လို့ ဘယ်တော့ ဘဝစက်ကြီး ဖျက်ဆီးလို့ ရပ်နိုင်ပါ့မလဲလို့ မရပ်နိုင်ဘူးတဲ့။ ဒါကြောင့် မရပ်နိုင် ဒီတိုင်းသာ နေမယ်ဆိုရင် အတောလည်းမသတ် အမျောလည်းမရပ် တပတ်ပတ်နဲ့ လည်အုံးမယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒီတိုင်းမနေရအောင် ၎င်းပဋိစ္စသမုပ္ပါဒ်ကြီး အမျောလည်းရပ်သွားအောင် အတောလည်း သတ်သွားအောင် အပတ်ပတ်အထပ်ထပ်နဲ့ မလည်ရလေအောင် သံသရာဝဋ္ဋဒုက္ခအတွင်းက တကယ်လွတ်ကင်းလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီး မျက်မှောက်ပြုနိုင်ကြအောင် ဆိုပြီးတော့ သင်တန်းအပတ်တကုတ်နဲ့ အားထုတ်ပြီး လိုက်ကြ သင်ကြ ကြားကြ၊ လိုက်ကြိုး သင်ကြိုးလည်းပဲ နာယူကြိုးလည်းပဲ နပ်လောက်အောင်ဆိုသလိုပေါ့။ ၎င်းပဋိစ္စသမုပ္ပါဒ် အဆုံးနားကျတော့ ဒီပဋိစ္စသမုပ္ပါဒ် ဘဝဆက်ကြီး ဖျက်ဆီးတဲ့နည်းလေး တစ်ခါထုတ်ပြရအောင် နော် (မှန်ပါတယ်ဆရာ)၊ တို့လူစုတွေ တန်းဘယ်လောက်ရောက်လာပြီ၊ ဘယ်လောက်တန်ဖိုးရှိနေပြီနဲ့ ဒီသဘောလေးတွေ ထုတ်ပြီးတော့ ပြ။ ဒါကြောင့် ပြလာသမျှ သဘာဝလေးတော့ ဟိုး အဝိဇ္ဇာကစ အင်္ဂါဆယ့်နှစ်ရပ်ကစ လုံးကောက်ကလေးတွေ အကျယ်တဝင့် မမှတ်နိုင်ပေမယ့် လုံးကောက်ကလေးတွေတော့ မှတ်ခဲ့ကြပါလို့ ကိုယ်လည်းပဲ တန်ဖိုးရှိပါတယ်။ တစ်ဘက်သားလည်း တစ်ဆင့်အားဖြင့် ဟောလို့ပြောလို့ရှိရင် အင်မတန်မှ မွန်မြတ်တဲ့ဓမ္မဒါန ကုသိုလ်ကြီးလည်း ပွားပါတယ်, ရပါတယ်။

ဒါကြောင့် အားရပါးရ လုပ်ကြစမ်းပါလို့ နာပြီး ပစ်ထား၊ နာပြီး ပစ်ထားနဲ့ ဘယ်တိုးတက်မှု ရှိ။ ကိုယ်လည်း တရားမရပါဘူး။ တရားဆိုတာ ပွားများနာနေဆဲခဏ မရရင် ပွားများနေဆဲ ခဏရရမယ်။ နှလုံးသွင်းနေဆဲ ခဏရရမယ်၊ စိတ်ကူးနေတဲ့ခဏပါ ရရမယ် နော် (မှန်ပါတယ်ဆရာ)၊ ရနိုင်တာ ချည်းပဲလို့ တို့လမ်းက တစ်မျိုးကွ တကူးတက အိမ်ပစ်ယာပစ် အနေအားဖြင့် သွားပြီမှ အားထုတ်မှ တရားရမယ် မဟုတ်ပါဘူး။ တို့လမ်းက တစ်မျိုးပါ။ တို့လမ်းက မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်ကြားတော်မူထားတဲ့ လမ်းစဉ်တိုင်းချပြထားတာ သွားရင်းလည်း တရားရမှာပဲ၊ နေရင်း ထိုင်ရင်းလည်း တရားရမှာပဲ။ စားရင်း သောက်ရင်းလည်း တရားရမှာပဲ။ လျှောင်းနေလဲ တရားရမှာပဲလို့နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်မှ ရရာရကြောင်းဆိုတဲ့ လမ်းကောင်းတွေ အင်မတန်များတယ်၊

http://www.dhammadownload.com



ဒါမြတ်စွာဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတဲ့နည်း။ "တိဋ္ဌန္တဿ ဝါ ဂစ္ဆန္တဿ ဝါ နိသီဒန္တဿ ဝါ နိပဇ္ဇန္တဿ ဝါ"လို့ ဟောသွားတာ၊ ရပ်နေရင်း၊ သွားနေရင်း၊ ထိုင်နေရင်း၊ စားနေရင်း၊ "ခါဒန္တဿ ဝါ ဘုဥ္ဇန္တဿ ဝါ" ဆိုတာပါသေး၊ ခဲနေရင်း စားနေရင်း ရနိုင်ပါတယ်တဲ့။ "မဂ္ဂဖလပဋိဝေဓော နာမ န ဟောတီတိ နတ္ထိ" နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက် အားရှိစရာကောင်းလဲ။

ဒါကြောင့် နှလုံးသွင်းစရာ အချက်ကလေးတွေ အလက်ကလေးတွေ မှတ်လည်း ထားကြပါလို့။ အားလပ်ခွင့်လေးရလာရင် အလုပ်မရှိဘဲနဲ့ ငါအားနေတုန်း ဆေးလိပ်တဖွာတော့ သောက်အုံးမှ ဆေးလိပ်သောက်နေရင်း ဆေးလိပ်လည်း မပျက်ပါဘူး။ ဆေးသောက်ရင်းလဲ ဒီတရားဝင်စားနေပဲ့လား ငါ့ခန္ဓာငါးပါး အနိစ္စ၊ ငါ့ခန္ဓာငါးပါး ဒုက္ခတရား။ ငါ့ခန္ဓာငါးပါးအနတ္တတရား နော် (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးသည် အနိစ္စ ဒုက္ခ အနတ္တ၊ အနိစ္စ ဒုက္ခ အနတ္တ ပွားနေစမ်းပါ။ ဆေးလိပ်သောက်ကော ပျက်သလား (မပျက်ပါဘူးဆရာ)၊ နှုတ်ကဆိုရတာ မဟုတ်ဘူး၊ စိတ်ထဲက ကူးနေရတာ ပြောတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ဝိပဿနာပါပဲလို့။ ဝိပဿနာက အင်မတန်လွယ်တယ်၊ အလုပ်ရမှာ အင်မတန်လွယ်တယ်၊ ရတော့ အမြတ်က အလွန်ကြီးပါတယ်။ အလုပ်ရမှ သက်သာတယ်၊ အမြတ်ထွက်တော့ အင်မတန်ကြီးတယ် နော် (မှန်ပါတယ်ဆရာ)၊ သမထက အလုပ်ရမှာ အလွန် ခက်တယ်၊ ရလာတဲ့အမြတ်က အလွန်နည်းတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မသေမချာထဲက မသေမချာထဲက ရတဲ့အမြတ် ခေါ်တယ်။ သမထနယ်က တွက်ကြည့်။ လက်ရှိစျာန်နဲ့ ရုတ်တရက် သေသွားမှ ဗြဟ္မာပြည်ရောက်နိုင်ရိုးရှိတယ် နော် (မှန်ပါတယ်ဆရာ)။ ဝိပဿနာက ဒီလို မဟုတ်ဘူး။

ဒါကြောင့် အင်မတန် တန်ဖိုးရှိလွန်လွန်းလို့၊ ဒါကြောင့် ဆေးလိပ်သောက်ရင်း ကွမ်းစားရင်း စဉ်စားကြည့်စမ်းပါ၊ ဒါလေးတွေ စဉ်းစားစရာ အလုပ်ကလေးတွေ၊ အဲဒါကြောင့် တချို့က လာလာပြီး တော့ ငါ့ထံ တရားလာလာတောင်းရ။ အခွင့်သာတဲ့ အချိန်လေးမှာ အားလပ်ခွင့်ရတဲ့ အချိန်လေး တိုတိုတုတ်တုတ်နဲ့ နှလုံးသွင်းစရာ တရားလေးများ လိုချင်လို့ပါတဲ့။ ဩော် ခများလည်း မေ့လျော့ နေဟန်တူရဲ့ ပြန်ပြီးတော့ ရှင်းလင်းပေးလိုက်ရတယ်။ အဲဒါမျိုးတွေကလည်း အများကြီး။ ဒါကြောင့် တို့သင်တန်းကတော့ ပြသမျှ အခန်းလေးတွေကတော့ တကယ်မက်မောစရာအခန်းလေးတွေ ဖြစ် နေတော့ ထွေလာပြားပြားဖြစ်ခြင်လည်း ဖြစ်မယ်ပေ့ါကွာနော် (မှန်ပါတယ်ဆရာ)၊ ဟိုအခန်းကပဲ ပွားများ ရတော့မလိုလို ဒီအခန်းကပဲ နှလုံးသွင်းရတော့မလိုလို ဒီလိုဖြစ်နေ မရွေးတတ် မချယ်တတ်လို့ လှစ်ကနဲဆို အလွယ်လေး ခန္ဓာငါးပါး အနိစ္စ ခန္ဓာငါးပါးဒုက္ခ ခန္ဓာငါးပါးအနတ္တ၊ ခန္ဓာငါးပါး အနိစ္စလို့ ဆိုလိုက်သည်နဲ့ တစ်ပြိုင်နက် မိမိမှာဖြစ်နေသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တည်းဟူသော

http://www.dhammadownload.com



ခန္ဓာငါးပါးသည် ဥပါဒ် ဌီ ဘင် ခဏငယ်သုံးချက်နဲ့ ဆက်စပ်ပြီးတော့ ပျက်နေတာဟာ မျက်တောင်တစ်ခတ်အတွင်းမှာ သိန်းသန်းကုဋေပဲလို့ ကိုယ်သင်ပြီးကြားပြီးဆိုတော့ နားလည်မှု မရှိဘူးလားကွ (ရှိပါတယ်ဆရာ) နားလည်မှုရှိတော့ ဒါမြင်လိုက်တာပေါ့ အနိစ္စ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ အေး-အလွယ်လေး အဲသလို နှလုံးသွင်းကြပါလို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ တရားငါးပါးသည် အကျိုးတရားငါးပါး ဖြစ်ပေါ်၍လာ၏။ ဘာအကျိုး တရားငါးပါးတုံး (ပစ္စုပ္ပန်အကျိုးတရား ငါးပါးပါဆရာ)၊ အေး-ပစ္စုပ္ပန် အကျိုးတရားငါးပါး နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပစ္စုပ္ပန် အကျိုးတရားငါးပါးတဲ့။ ဒီပစ္စုပ္ပန် အကျိုးတရား ငါးပါးသည် ဘာကြောင့်ဖြစ် (အတိတ်အကြောင်းတရားငါးပါးကြောင့် ဖြစ်တာပါဆရာ)၊ မှတ်ထား အတိတ်အကြောင်း တရားငါးပါးကြောင့် ဖြစ်တယ်၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဒါဖြင့်ရင် ဒီဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ပစ္စုပ္ပန်အကျိုးတရား ငါးပါးကြီး အကျိုး ကောင်ကြီးက အကျိုးကောင်အတိုင်း နေရဲ့လား (မနေပါဘူးဆရာ)၊ မနေတော့ ဘာတွေ ထပ်လုပ် (ကုသိုလ်ကံတွေ အကုသိုလ်ကံတွေ ထပ်လုပ်ပါတယ်ဆရာ)၊ ဘာတရားငါးပါး ထပ်ပြီးတော့ လုပ်တုံး (တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ လုပ်ပါတယ်ဆရာ)၊ သြော်-ဒီငါးခု ထပ်လုပ်ပြန်ပြီလား (လုပ်ပါတယ်ဆရာ)။ ဘယ်သူ ဘယ်သူ (တဏှာ ဥပါဒါန် ဘဝ သင်္ခါရ) ဟောဟော (တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရပါဆရာ)၊ တစ်ခါတစ်ခါ ကြောင်သွားချင်တယ် ဒီကောင်က။ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရလား (မှန်ပါတယ်ဆရာ)၊ ဒီ ငါးပါးထပ်လုပ်နေတယ်လား (လုပ်ပါတယ်ဆရာ)၊ လုပ်နေကြပြန်ပြီတဲ့၊ ကိုယ့်ကိုယ်ကိုယ် ပြန်စစ်တမ်းထုတ်စမ်း ဟုတ်သလား မဟုတ်ဘူးလားလို့။ တို့လူစုတွေ အခု လွန်ခဲ့သော အတိတ်ဘဝက ပစ်ချလိုက်သော အကြောင်းတရားငါးပါးကြောင့် တို့တော့ လူတော့ဖြစ်ပြီ၊ ယောကျာ်း မိန်းမတော့ဖြစ်ပြီ၊ ပုဂ္ဂိုလ်သတ္တဝါတော့ဖြစ်ပြီ သမုတိအနေအားဖြင့် အကျိုးကောင်ကြီးတော့ ဖြစ်လာပေါ့၊ ခန္ဓာကောင်ကြီးတော့ ဖြစ်လာပေါ့။ အကျိုးကောင် ခန္ဓာကောင် ဝိပါက်ကောင် ဘဝနဲ့ပဲ တို့ ရပ်နေသလား၊ သို့မဟုတ် တို့ဘာတွေလုပ်နေသလဲလို့ ပြန်ဝေဖန် ဘာတွေ လုပ် (ကုသိုလ်ကံ အကုသိုလ်ကံတွေ လုပ်နေပါတယ်ဆရာ)၊ ဟာ ငါးခုစလုံး ပြောပါ (တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ပါဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီတရားငါးပါးနဲ့ လွန်ခဲ့သော အတိတ်ဘဝက လုပ်လာတဲ့ တရားငါးပါးနဲ့ ထူးသေးလား (မထူးပါဘူးဆရာ)၊ မထူးရင် သိတန်လေး သိလိုက်စမ်းပါ။ လက်ာလေး လုပ်စမ်းပါ ဘယ့်နဲ့ (မသိလို့လိုချင် လိုချင်တော့စွဲလမ်း စွဲလမ်းတော့ပြုလုပ်)၊ အင်း-

http://www.dhammadownload.com



ဟုတ်ပြီ၊ မသိလို့ လိုချင်၊ လိုချင်တော့စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ် တဲ့လား (မှန်ပါတယ်ဆရာ)၊ မသိလို့ ဆိုတာ ဘာတုံး (အဝိဇ္ဇာပါဆရာ)၊ လိုချင်တာက ဘာတုံး (တဏှာပါဆရာ)၊ စွဲလမ်းတာက ဘာတုံး (ဥပါဒါန်ပါဆရာ) ပြုလုပ်တာက ဘာတုံး (သင်္ခါရပါဆရာ)၊ ဒါ တစ်ခုကျန်နေ (ဘဝပါဆရာ)၊ ပြုလုပ်တာက ဘာတုံး (ကမ္မဘဝနဲ့သင်္ခါရပါဆရာ)၊ အေး-ဟုတ်ပြီ အဲသလို လုပ်ပါနော် (မှန်ပါတယ်ဆရာ)။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပြန်ဆိုလိုက်စမ်းပါအုံး (မသိလို့လိုချင် လိုချင်တော့စွဲလမ်း စွဲလမ်းတော့ ပြုလုပ်)၊ ဟုတ်ပြီ၊ မသိလို့လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ် နော် (မှန်ပါတယ်ဆရာ)၊ မသိလို့ ဆိုတာ ဘာတုံး (အဝိဇ္ဇာပါဆရာ)၊ လိုချင်တာက ဘာတုံး (တဏှာပါဆရာ)၊ စွဲလမ်းတာက ဘာတုံး (ဥပါဒါန်ပါဆရာ)၊ ပြုလုပ်တာက ဘာတုံး (ကမ္မဘဝနဲ့ သင်္ခါရပါဆရာ)၊ အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ကိုင်း-တို့လူတွေ ဒါတွေလုပ်နေသလား မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ လုပ်တယ်လား (လုပ်ပါတယ်ဆရာ)၊ ဘာတွေ ဘာတွေ လုပ်တယ် (မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်ပါတယ်ဆရာ)၊ ဟော-မသိလို့လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်တယ်လား (မှန်ပါတယ်ဆရာ)၊ တစ်ခုချင်း ငါမေးမယ် တို့လူတွေလုပ်နေတာ မသိလို့လား (မှန်ပါတယ်ဆရာ)၊ မသိတော့ သူတို့ဘာဖြစ် (လိုချင်တာပေါ့ဆရာ)၊ လိုချင်တယ်လား (လိုချင်ပါတယ် ဆရာ)၊ လိုချင်တော့ ဘာဖြစ် (စွဲလမ်းတာပါဆရာ)၊ စွဲလမ်းတယ်လား (စွဲလမ်းပါတယ်ဆရာ)၊ စွမ်းလမ်းတော့ဘာဖြစ် (ပြုလုပ်ပါတယ်ဆရာ)။ အဲပြုလုပ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီငါးခု လုပ်နေတယ်လား (လုပ်ပါတယ်ဆရာ)၊ ပြန်ပြောအုံး မသိလို့လား (မသိလို့ပါဆရာ)၊ သူတို့ဘာတွေ မသိလို့တုံး (ဒုက္ခမှန်းမသိလို့ပါဆရာ)၊ အရင်းမရှိ အဖျားမရှိ ပြောပြီ၊ ဘာဒုက္ခမှန်း မသိလို့တုံး (ခန္ဓာငါးပါး ဒုက္ခမှန်း မသိလို့ပါဆရာ)၊ ဩော်-ခန္ဓာငါးပါး ဒုက္ခမှန်း မသိလို့လား (မှန်ပါတယ်ဆရာ)၊ မသိတော့ သူတို့ဘာဖြစ် (လိုချင်ပါတယ်ဆရာ)၊ ဘာလိုချင်တုံး (ခန္ဓာငါးပါးကိုပါဆရာ)၊ ဩော်-ခန္ဓာငါးပါးလိုချင်တယ်လား (မှန်ပါတယ်ဆရာ)။ ဟုတ်ပြီ ဟုတ်ပြီ၊ မသိလို့ တို့လူတွေ မသိကြလို့ ဘာတွေ မသိတုံး၊ ခန္ဓာငါးပါးသည် ဒုက္ခတုံး ဒုက္ခခဲကြီးဆိုတာ မသိလို့ မသိတော့ ဘာဖြစ်။ မသိတော့ လိုချင်တာပေါ့တဲ့။ ဘာလိုချင်တာတုံး ခန္ဓာငါးပါးလိုချင်တယ်၊ ဘဝလိုချင်တယ် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါး လိုချင်တာ ဘဝလိုချင်တာ အတူတူပဲ နော် (မှန်ပါတယ်ဆရာ)၊ ဘာမှ မထူးဘူး။ ဒီကောင်မျိုး ထပ်ဖြစ်ချင်တယ် ဒီဘဝမျိုးရချင်တယ်ဆိုတာ အတူတူပဲ ဘာမှမထူးဘူး။ ဩော်-ခန္ဓာငါးပါးသည် ဒုက္ခတုံး ဒုက္ခခဲကြီးဆိုတာ မသိလို့တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com



ဒါဖြင့် တို့လူတွေ သင်တန်းသား တွေတော့ ခန္ဓာငါးပါးသည် ဒုက္ခမှန်း မသိလို့လားလို့ မေးတော့ ဘယ့်နဲ့ဖြေပ့ါ (အဲဒါတော့ မပြောတတ်ပါဘူးဆရာ)၊ ဟော-မင်းကိုယ်စားပဲ မင်းစဉ်းစား ကြည့်စမ်းပါ။ ကိုင်း-ငါတစ်ခု မေးပ့ါမယ် မသိလို့၊ မသိလို့ လိုချင်တယ်၊ လိုချင်တော့ စွဲလမ်းတယ်၊ စွဲလမ်းတော့ ပြုလုပ်ကြတယ်လို့ စွပ်စဲနေပြီ၊ အခု ခန္ဓာငါးပါးရနေတဲ့ အချိန်ကစ ခန္ဓာကောင်ကြီးအတိုင်း မနေကြဘူး။ တရားငါးပါး ထပ်လုပ်ပြန်ပြီတဲ့ ဘာလုပ်တုံး၊ မသိလို့ရယ် လိုချင်တယ်၊ စွဲလမ်းတယ် ပြုလုပ်တယ်တဲ့ လုပ်ပုံ။ မသိလို့ဆိုတာ ဘာမသိလို့တုံး ခန္ဓာငါးပါးသည် ဒုက္ခမှန်း မသိလို့ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါး ဒုက္ခမှန်း မသိလို့ လိုချင်တာပေါ့ (မသိလို့လိုချင်တာပါ ဆရာ)။ ကိုင်း-တို့ သင်တန်းသူ သင်တန်းသားများသည် ခန္ဓာငါးပါး ဒုက္ခမှန်း မသိလို့ဆိုတဲ့စကား ဟုတ်ပ့ါမလား (မဟုတ်ပါဘူးဆရာ)၊ ဖြစ်သွားပြန်ပေါ့ ဒုက္ခမှန်း သိကြတယ်လား (သိပါတယ်ဆရာ)၊ သိတယ်လား (သိမှာပါဆရာ)၊ သိမှာပါပဲလား။ ဒါဖြင့် တို့သင်တန်းသူ သင်တန်းသားများ ခန္ဓာငါးပါး ဒုက္ခမှန်း သိတယ်လား (သိပါတယ်ဆရာ)၊ သိတော့ လိုချင်အုံးမလားဟ (မလိုချင်ပါဘူးဆရာ)၊ ဘာမလိုချင်တာတုံး (ခန္ဓာငါးပါးကိုပါဆရာ)၊ ခန္ဓာငါးပါးတို့ ဘဝသစ်တို့ပေါ့ (မှန်ပါတယ်ဆရာ)၊ မလိုချင်ဘူးတဲ့လား (မလိုချင်ပါဘူးဆရာ)၊ မလိုချင်တော့ စွဲလမ်းအုံးမှာလားဟ (မစွဲလမ်းပါဘူးဆရာ)၊ စွဲလမ်းမှု မရှိတော့ဘူးလား (မရှိပါဘူးဆရာ)၊ စွဲလမ်းမှု မရှိတော့ လုပ်အုံးမှာလား (မလုပ်ပါဘူးဆရာ)၊ မင်းသာ မလုပ်ဘူး ပြောနေ၊ နေ့တိုင်းချည်းချနေ လုပ်တယ် မဟုတ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ မင်းဥစ္စာ ဘယ်အရင်း အဖျားညီလို့တုံးဟ။ ခု ငါက မလုပ်ဘူးဆို မလုပ်ဘူး၊ လုပ်တယ်ဆို လုပ်တယ်၊ ဟင်း - ဘယ့်နဲ့တုံးဟ တို့ သင်တန်းသူ သင်တန်းသားများသည် ခန္ဓာငါးပါးကို ဒုက္ခမှန်း မသိလို့လား သိသလား (သိပါတယ်ဆရာ)၊ သိတယ်လား (သိပါတယ်ဆရာ) သိရင် လိုချင်ပါအုံးမလား (မလိုချင်ပါ ဘူးဆရာ)၊ မလိုချင်ရင် စွဲလမ်းပါအုံးမလား (မစွဲလမ်းပါဘူးဆရာ)၊ မစွဲလမ်းရင် လုပ်ပါအုံးမလား (မလုပ်ပါဘူးဆရာ)၊ ဟဲဟဲ-မင်းစကားမြဲမြဲ မှတ်ထားနော်၊ မလုပ်တော့ဘူးလား (လုပ်တော့ လုပ်နေ တာပါပဲဆရာ)၊ ဟင်း - အဲသလို ကောင်ပါဆို၊ ဒီလိုကောင်ပါလို့ ဆိုတယ်။ အရှုံးမခံ ဇွတ်အော် ပြောတယ်၊ ပြီးတော့ သူ့ဥစ္စာသူ လျှောချတယ်၊ လုပ်တော့လုပ်နေတာပဲ၊

ဒါပေမယ့် ဒီလို ရှိတယ်ဟ၊ မသိတော့ လိုချင်တယ်၊ လိုချင်တော့ စွဲလမ်းတယ်၊ စွဲလမ်းတော့ ပြုလုပ်တယ်ဆိုတဲ့လမ်းက တစ်လမ်း နော် (မှန်ပါတယ်ဆရာ)၊ သိတော့ မလိုချင်တော့ဘူးတဲ့၊ မလိုချင် တော့ မစွဲလမ်းတော့ဘူး၊ မစွဲလမ်းတော့ မလုပ်တော့ဘူး၊ မလုပ်တော့ဘူးဆိုတာ သိလား (သိပါတတ် ဆရာ)၊ ဘယ့်နဲ့သိ (ဝိပါက်ဖြစ်အောင် မလုပ်တာပါဆရာ)၊ အေး-ဟုတ်ပြီ ဟုက်ပြီ နော် (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ဘဝတမ်းတမျှော်မှန်းတဲ့အနေနဲ့ မလုပ်ဘူးပေါ့ (မလုပ်ပါဘူးဆရာ)၊ တို့ သင်တန်းသားတွေလေ (ဟုတ်ပါတယ်ဆရာ)၊ ဟုတ်တယ်လား ဟင်း-ဟုတ်ကဲ့လားဟ၊ ဟင်း-ဘဝကောင်းရာ ငါကောင်းရာ ဆိုတဲ့ အနေအားဖြင့် အခုနပြောတဲ့ ကံတရားတွေ မလုပ်တော့ဘူးပေါ့ (မလုပ်ပါဘူးဆရာ)၊ ဟုတ်ကဲ့လား (အဲဒါတာဝန်မခံနိုင်ဘူးဆရာ)၊ ဟောဗျာ - ဒါတော့ တာဝန်မခံနိုင်ဘူးလား၊ လုပ်တော့ လုပ်တာပေါ့လို့။ မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ် ဒါတစ်လမ်းသွားတယ်နော် (မှန်ပါတယ်ဆရာ)၊ သိတော့ မလိုချင်ဘူးတဲ့၊ မလိုချင်တော့ မစွဲလမ်း၊ မစွဲလမ်းတော့ မလုပ်တော့ဘူး၊ ဘယ်လို မလုပ်တာတုံး။ ဘဝကောင်းရာ ငါကောင်းရာ ဘဝတဏှာအနေအားဖြင့် မလုပ်တော့ဘူး ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါတို့ သင်တန်းသား၊ များသောအားဖြင့်ကွာ စောစောက အန္တပုထုဇဉ် လုပ်နည်းကိုင်နည်း ဆိုတာကတော့ တော်တော်လေး ခေါင်းပါးသွားဟန်တူပါတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘဝကောင်းရာ ငါကောင်းရာဆိုတဲ့ အနေအားဖြင့် မလုပ်တဲ့လူတွေ တော်တော်လည်း များတယ်လို့ ကြားပါတယ်။ ဘာလုပ်ဖို့လုပ်တုံးလိုမေးတော့ ဝိဝဋ္ဋကုသိုလ်အနေအားဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ဖို့ ရဖို့လို့ လုပ်တာများတယ် ဒီလို မလုပ်လား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် သင်တန်းပြင်ပလည်း လာလိမ့်အုံးမယ် ဟင်း-သူတို့သင်တန်းသားကြီးမှ ဒီကုသိုလ်မျိုးလုပ်တာမှတ်လို့ တို့ပြင်ပက လူတွေလည်း ဒီကုသိုလ်မျိုး လုပ်တာကြာလှပြီ ဟုတ်ပါ့မလား ဟုတ်တာပေါ့။ သက်သေခံရှာစမ်း။

တို့ အလှူဖိတ်စာတွေ ဖတ်ကြည့်ပါလားလို့ ပြောမှာပေါ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အလှူဖိတ်စာတွေ လာသမျှဖြင့် သံသရာဝဋ္ဋ်အတွင်းမှ လွတ်ကင်းထုတ်လျော က် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်ရပါစေခြင်းအကျိုးငှာ အောင်မယ် ဒီလိုလာတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ စာပုံနှိပ်တိုက်က ရေးပေးတာဗျ နော် (မှန်ပါတယ်ဆရာ)၊ ဒီဖိတ်စာမျိုးနဲ့ချည်း ဖိတ်တာပဲ။ ဘယ်ဖိတ်စာ ကြည့်လိုက် ကြည့်လိုက် အလှူဖိတ်စာဆို ဒီတိုင်းလာတာပဲ။ သံသရာဝဋ္ဋ်အတွင်းက လွတ်ကင်း ထွက်မြောက်ချင်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီး မျက်မှောက်ပြုချင်လို့ နိဗ္ဗာန်ရောက်ချင်လို့ ရချင်လို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ စာရေးဆရာကောင်း ကောင်းသလိုပေါ့။ ချဲ့ထွင်ပြီးတော့ တချို့တော့ တိုတိုတုတ်တုတ် အလုပ်လုပ်သွားတယ်။ အဲဒီလို မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရည်သန်ပြီးတော့ လုပ်တဲ့ကုသိုလ်ကြတော့ ဝဋ္ဋကုသိုလ်ဖြစ် မသွားဘူးလား (မဖြစ်ပါဘူးဆရာ)၊ ဘာဖြစ်သွား (ဝိဝဋ္ဋကုသိုလ်ဖြစ်သွားပါတယ်ဆရာ)၊ အေး-ဝိဝဋ္ဋကုသိုလ် နော် (မှန်ပါတယ်ဆရာ)၊ ငါမှားသွားတာပါကွာ။ ဝိဝဋ္ဋကုသိုလ်ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ အေး-ဝိဝဋ္ဋကုသိုလ်ဖြစ်

http://www.dhammadownload.com



သွားတယ်။ သံသရာတွင်း အကျိုးပေးပါအုံးမလား (မပေးတော့ပါဘူးဆရာ)၊ မပေးဘူး နော် (မှန်ပါတယ် ဆရာ)၊ အဲဒါ ဝိဇ္ဇာဉာဏ်နဲ့ လုပ်တဲ့ကုသိုလ်မျိုး ခေါ်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဝိဇ္ဇာဉာဏ်နဲ့လုပ်တဲ့ ကုသိုလ်မျိုးတဲ့ သိလို့ မလိုချင်တော့ဘူးတဲ့။ မလိုချင်တော့ မစွဲလမ်းတော့ဘူး၊ မစွဲလမ်းတော့ အရင်လိုလုပ်တာမျိုး မလုပ်တော့ဘူးလို့ ဒီလိုဆိုလိုတယ်။ လုံးလုံးကြီး လက်ပိုက်ထိုင်နေတာ မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ သိလာတယ်တဲ့၊ သိလာတော့ မလိုချင်၊ မလိုချင်တော့ မစွဲလမ်း၊ မစွဲလမ်းတော့ မလုပ်တော့ဘူးတဲ့၊ မလုပ်တော့ဘူးဆို လက်ပိုက်ထိုင်နေတာလားဆို မဟုတ်ပါ ဘူးတဲ့ လုပ်နေတာပါတဲ့။ လုပ်တာ ဘယ်နဲ့လုပ်တာတုံး အရင်လုပ်ကာမျိုး မဟုတ်ဘူးတဲ့။ အရင်တုန်း ကသာ, အန္ဓပုထုဇဉ်ဘဝတုန်းကသာ ဘဝကောင်းရာ ငါကောင်းရာဆိုတဲ့ အနေအားဖြင့် လုပ်နေ တာတဲ့။ ဘဝတဏှာအနေအားဖြင့် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အခုတော့ ဒီလိုမျိုး မဟုတ် ဘူးပေါ့ (မဟုတ်ပါဘူးဆရာ)။

အေး-တို့သင်တန်းသူ သင်တန်းသားများသည် များသောအားဖြင့် တို့များကြားရ မြင်ရ တွေ့ရတာက အရင်လို မဟုတ်တာ များတယ်။ နိဗ္ဗာန်မျက်မှောက်ပြု မျက်မှောက်ပြုချင်တဲ့ဆန္ဒ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်လိုချင်တဲ့ဆန္ဒ ဒီလိုစေတနာဓာတ်တွေနဲ့ အခုတော့ ကြိုးစားပမ်းစားနဲ့ အားထုတ် အလုပ် လုပ်တယ်ဆိုတော့ ဩော်-ဒီကုသိုလ်မျိုးကြတော့ သံသရာတွင်းမှာ အကျိုးပေးစရာ အကြောင်း မရှိ နော် (မှန်ပါတယ်ဆရာ)၊ သံသရာတွင်း အကျိုးပေးမဲ့တရားတွေ မဟုတ်ဘူးလို့ အကြောင်းတရားတွေ မဟုတ်ဘူး။ သံသရာတွင်း အကျိုးပေးတတ်တဲ့ တရားဆိုတာက လူ့ဘဝ နတ်ဘဝဆိုသလိုပဲ မျှော်ကိုးလို့ ရည်ရွယ်လို့ မှန်းထားလို့ လုပ်တဲ့ကုသိုလ်မျိုးမှ ဝဋ္ဋကုသိုလ်မျိုးမှ ဝဋ္ဋတမ်းတလုပ်တဲ့ ကုသိုလ်မျိုး ဒါမျိုးမှ အကျိုးတရားအနေနဲ့ သွားတာကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေး မှတ်ထား၊ တို့များကတော့ ဂုဏ်ရှိအောင် မြှောက်မြှောက်ပြောတာပါ့ကွာ ဒါပေမယ့် ဟုတ်ဟန်မတူပါဘူး သူတို့လုပ်တာတွေက များသောအားဖြင့် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဘဝသံသရာကြီးမှာ သံသရာ့ဘဝစက်ကြီး ဖျက်ဆီးဖို့ဆိုတဲ့ လုပ်ငန်းတွေ အသိဉာဏ်တစ်လုံး ပြဋ္ဌာန်းနေတာပါလို့။ အသိဉာဏ်တွေ ပိုင်သွားရင် လုပ်တတ်ကရော့၊ သွားတတ်ကရော့ပေါ့၊ လာတတ်ကရော့ပေါ့၊ နေတတ် ထိုင်တတ် စားတတ် သောက်တတ်ကရော့ပေါ့။ သံသရာစက်ကြီးလည်း ဖျက်ဆီးတတ်ကရော့ပေါ့လို့၊ ဒီအသိဉာဏ်လေးမှ မပါရင် ဘယ်တော့မှ မဖျက်ဆီးနိုင်ဘူး နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဒီအကျိုးတရား ငါးပါးချည်းရလာတော့၊ ရလာတဲ့အတိုင်း မနေကြ ဘာတွေ

http://www.dhammadownload.com



ထပ်လုပ်။ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ မသိလို့လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ လုပ်ကြပြန်ပြီ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ အဲဒါတွေလုပ်။

ဒါကြောင့် ဒီတရားက တခြားဟောနေတဲ့ တရားမဟုတ်ဘူး။ မင်းတို့ ငါတို့ အသီးသီး သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ဖြစ်နေတဲ့ တရားတွေ ထုတ်ဖော်ပြီး ဟောနေ နော် (မှန်ပါတယ်ဆရာ)၊ ဒါတွေ ဟောနေတာ။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ပြန်ပြန် ပြန်ပြန် မေးကြပါလို့။ ပြန်ပြန်လည်း ပညာမျက်စိလေးနဲ့ ကြည့်ကြပါလို့ နင်ဘာတွေလုပ်နေတုံးဟ၊ နင်ခုဖြစ်နေတာ ဘာကောင်တုံးဟ။ ဟာ ဘာကောင်ကြီးပဲ၊ ဘာကောင်ဖြစ် နင့်အကြောင်းမဲ့သက်သက် လာဖြစ်တဲ့ အကောင်ကြီးလား ဟာ မဟုတ်ပါဘူး၊ အကြောင်းကြောင့် ဖြစ်။ တစ်ယောက်တစ်ယောက်တည်း ပဋိစ္စသမုပ္ပါဒ် လည်နေတာ၊ အကြောင်းကြောင့်ဖြစ်တယ် ဘယ်တုံးက အကြောင်းတုံး၊ အတိတ်က အကြောင်းတွေပေါ့။ ဘယ်သူတွေတုံး အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ၊ အောင်မလေး အတိတ်က ဒီတရား ငါးပါးက လုပ်ခဲ့လို့ ဒီဒုက္ခကောင်ကြီး လာပြီးတော့ ဖြစ်ရတယ်။ အကျိုးဒုက္ခဆိုတဲ့ တရားကြီး လာပေါ်နေရတယ်။ ငါ့ဖြစ်စ ဥပါဒ်ခဏကစပြီးတော့ ဒုက္ခနဲ့ လာခဲ့ပါတယ်။ မရဏဒုက္ခ လက်စသိမ်း ဘယ်တော့မှ ဒုက္ခခပ်သိမ်းက ကင်းငြိမ်းမယ် မဟုတ်ဘူး ဒုက္ခနဲ့ချည်း နေရတာ၊ ဘာပြုလို့ ဒီခန္ဓာကောင်ကြီးကိုက ဒုက္ခကောင်ကြီးလို့ ဆိုထားတော့ ဒုက္ခရဲ့ တရားကိုယ် တရားသားအစစ်၊ ဟာ ဒုက္ခ ဒုက္ခ၊ ဒုက္ခ ဒုက္ခ ကြည့်ပါ သေသေချာချာ။ သစ္စာလေးပါးပြတော့ သေချာလာလိမ့်အုံးမယ်။ ခန္ဓာငါးပါးကို ဒုက္ခမှန်းသိအောင် ကြိုးစားကြည့်စမ်းပါလို့။ ဒါဖြင့် ဒုက္ခတုံး ဒုက္ခခဲကြီး ဆိုတာ ပဋိသန္ဓေ ဥပါဒ်ခဏက စပြီးတော့ ဒုက္ခကြီးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီဒုက္ခကို သေသေချာချာကြည့်။ ခန္ဓာငါးပါးဟာ ဒုက္ခအစစ်ပါပဲလားလို့ နားလည်အောင်ကြည့်တဲ့။ "သစ္စာဝင်တယ်၊ သစ္စာကိုတ်တယ်"ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ ကြည့်စမ်းကွယ် ခန္ဓာငါးပါး တကယ့်ဒုက္ခတုံး ဒုက္ခခဲကြီး မှန်းသိလာလို့ ခန္ဓာငါးပါးကြီးလိုချင်သေးသလား (မလိုချင်တော့ပါဘူးဆရာ)၊ ချစ်သေးသလား (မချစ်ပါဘူးဆရာ)၊ ခင်သေးသလား (မခင်တော့ပါဘူးဆရာ)၊ နှစ်သက်သေးသလား (မနှစ်သက်တော့ပါဘူးဆရာ)၊ မြတ်နိုးသေးသလား (မမြတ်နိုးတော့ပါဘူးဆရာ)၊ လိုချင်သေးသလား (မလိုချင်တော့ပါဘူးဆရာ)၊ အေး အေး အဲဒါသိဖို့။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က သစ္စာလေးပါး ဒုက္ခပရိညာတဗ္ဗကိစ္စ ဒုက္ခမှန်းသိအောင် လုပ်စမ်းပါတဲ့ တိုက်တွန်းသွား နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တို့လူစုလည်းပဲ ဟောဒီ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခေါ်ထားတဲ့ အကျိုးတရားငါးပါး ဆိုတဲ့

http://www.dhammadownload.com



ခန္ဓာငါးပါးကောင်ကြီး ခန္ဓာကောင်ကြီး သေချာကြည့်လိုက်တော့ ပဋိသန္ဓေ ဥပါဒ်ခဏကစပြီး ဇာတိ ဆိုတဲ့ ဒုက္ခကြီးနဲ့ လာခဲ့ပါတယ် မလာဖူးလား (လာပါတယ်ဆရာ)၊ ဇာတိဒုက္ခပြီးတော့ ဇရာဒုက္ခ သွားလိုက်တာလို့ တစ်စက္ကန့်လေးမှ မလပ်ဘူး။ ဇရာတရားနဲ့ သွားတာနော် (မှန်ပါတယ်ဆရာ)၊ ဇရာ ဒုက္ခ တော်ကြာ ဗျာဓိဒုက္ခ၊ တော်ကြာ မရဏဒုက္ခ၊ မရဏဒုက္ခကြတော့ တစ်ဘဝလက်စသိမ်းပြန်ရော့၊ သိမ်းတော့ ငြိမ်းသလားဆို မဟုတ်ပါဘူး။ ဒုတိယဘဝသစ် တစ်ခါပြောင်းကြပြန် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒုက္ခမှန်း သိအောင်လုပ်။ ဒုက္ခမှန်းသိရင် ခန္ဓာရှိမုန်းလုံးလုံးကြီး စိတ်နာလာလိမ့်မယ်။ ဒါမှ ခန္ဓာသစ်တွေ မဖြစ်ချင်တော့မှာပေ့ါတဲ့။ အဘဘုရားကိုယ်တော်မြတ်က ဒါလမ်းချထားတာပါ နော် (မှန်ပါတယ်ဆရာ)၊ အတိုချုပ်တော့ ဒါပါပဲ။ ဒါကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ပစ္စုပ္ပန်အကျိုးတရားငါးပါး ပေါ်ပြီးတော့ ဒီအကျိုးတရားတင် ရပ်မနေဘဲနဲ့ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရဆိုတဲ့ အကြောင်းတရားငါးပါး ထပ်လုပ်ပြန်၏။ အဲဒီ အကြောင်းတရား ငါးပါးက ဘာအကြောင်းတုံး (ပစ္စုပ္ပန်အကြောင်းတရားငါးပါးပါဆရာ)၊ ဟော ပစ္စုပ္ပန်အကြောင်းတရား ငါးပါး မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ပစ္စုပ္ပန်ထဲမှာချည်းပဲ တရား ဘယ်နှစ်ပါးရသွား (ဆယ်ပါးရသွားပါတယ်ဆရာ)၊ ဟော - ဆယ်ပါးရသွား မှတ်မိရဲ့လား (မှတ်မိပါ တယ်ဆရာ)၊ ပစ္စုပ္ပန်ထဲမှာ တရားဆယ်ပါး ရ၍သွား၏နော် (မှန်ပါတယ်ဆရာ)။ အဲဒါ သေသေချာချာ ကြည့်။ ရှေ့နောက် တစ်ဆင့်တိုးတော့ တစ်ပွင့်တိုးလိုက်တော့ စတုတ္ထလေးနံပါတ် ပစ္စုပ္ပန်အကြောင်း တရားငါးပါး အကြောင်းခံကာနဲ့ ဒုတိယဘဝ ဘာဖြစ်မယ် (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပြန်ဖြစ်မှာပါဆရာ)၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်မယ်လား (မှန်ပါ တယ်ဆရာ)၊ ဝေထားတဲ့ စာရွက်ကလေး ပြန်ကြည့်ကြပါလို့။ ရှင်းရှင်းလေးရယ် အင်မတန်လည်းပဲ မှတ်စရာသားစရာလည်း ကောင်းပါတယ်။

မိမိရဲ့ဖြစ်စဉ်ကြီး ပြ၊ လွန်ခဲ့သော အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရ ကဏှာ ဥပါဒါန် ဘဝ အကြောင်းတရားငါးပါးခံလို့ အခုပစ္စက္ခ မျက်မှောက် ပဋိသန္ဓေခဏ ဥပါဒ်ကစ၍ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရားငါးလုံး ငါတို့လာရ၏။ ပစ္စုပ္ပန်အကျိုး၊ ဒီပစ္စုပ္ပန် အကျိုးတရား ငါးပါးရနေတာ၊ နေတဲ့အတိုင်းမနေ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရဆိုတဲ့ အကြောင်းတရားငါးပါး ထပ်လုပ်ပြန်၏။ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)၊ လုပ်ပြန်တော့ အနာဂတ် ဘဝမှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရားငါးပါး ရအုံးမယ်။ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ တူရာတူရာ ပေါင်းလိုက်စမ်း။ လေးကွက်မှာ တရားလုံး

http://www.dhammadownload.com



နှစ်ဆယ်ရှိ။ လေးကွက်မှာ တရားလုံးနှစ်ဆယ်ရှိတော့ အကျိုးတရားချည်း ဘယ်နှစ်ပါးပါ (ဆယ်ပါးပါ ဆရာ)၊ အကြောင်းတရားချည်း ဘယ်နှစ်ပါးပါ (ဆယ်ပါးပါဆရာ)။ အကြောင်းတရားက ဘာ အကြောင်း ဘာအကြောင်းတုံး (အဝိဇ္ဇာ)၊ ဟင်း-ဟင်း - အကြောင်းတရားက အတိတ်အကြောင်းကြီး ဆယ်ပါးလား အနာဂတ်အကြောင်းကြီး ဆယ်ပါးလား ဘာတုံး (အနာဂတ်အကြောင်း အနာဂတ် အကျိုး တရားငါးပါးပါဆရာ)၊ ဟင်း ဟင်း-လုပ်ပုံလုပ်ပုံ၊ အတိတ်-အတိတ်၊ အတိတ်က, စပြော (အတိတ်အကြောင်းတရား ငါးပါးပါဆရာ)၊ ပြီးတော့ကော (ပစ္စုပ္ပန်အကြောင်းတရားငါးပါးပါဆရာ)၊ သြော်-အတိတ်အကြောင်း တရားငါးပါးနဲ့ ပစ္စုပ္ပန်အကြောင်းတရားငါးပါးလား (မှန်ပါတယ်ဆရာ)၊ ဘယ်နှစ်ပါးရှိ (ဆယ်ပါးပါဆရာ)၊ ဒါဖြင့် အကျိုးတရားဆယ်ပါး ပြောစမ်းပါ (အနာဂတ်အကျိုး တရားငါးပါးပါဆရာ)၊ မင်းဘယ်နှယ့်လုပ်ပဲ့၊ ဘယ်ကစ နေပါလိမ့်နော် ဒုက္ခမှ အကြီးစား (ပစ္စုပ္ပန် အကျိုးတရားငါးပါးပါဆရာ)၊ ပြီးတော့ကော (အနာဂတ် အကျိုးတရားငါးပါးပါဆရာ)၊ ပေါင်း လိုက်တော့ ဘယ်လောက်ရှိ (ဆယ်ပါးပါဆရာ)၊ ဒါပေမယ့် အတိတ်အကြောင်းတရားငါးပါး ပစ္စုပ္ပန်အကြောင်းတရားငါးပါး ဆယ်ပါးလား (မှန်ပါတယ်ဆရာ)၊ အတိတ်အကြောင်းတရားငါးပါး ပစ္စုပ္ပန်အကြောင်းတရားငါးပါး တရားကိုယ် တရားသားများ ထူးသေးသလားဟ (မထူးပါဘူးဆရာ)။ ဒါဖြင့် ပစ္စုပ္ပန်အကြောင်း တရားငါးပါးနဲ့ အနာဂတ် အကျိုးတရားငါးပါးကော တရားကိုယ် တရားသား ထူးသေးသလား (မထူးပါဘူးဆရာ)၊ ဒါဖြင့် တူရာတူရာ ထပ်လိုက်တော့ တရားက ဘယ်နှစ်လုံးရှိတုံး (ဆယ်လုံးရှိပါတယ်ဆရာ)၊ သြော် - ဆယ်လုံးရှိ၊ ဆယ်လုံးက ဘယ်သူ ဘယ်သူတွေတုံး (အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ)၊ ဘယ့်နဲ့ဟာတွေ လျှောက်ပြောပါလိမ့်။ ဆယ်လုံးတွင် သူ့စာရင်းအရေအတွက် ရေပေါ့ကွနော် (မှန်ပါတယ်ဆရာ)။

ကုသိုလ်ပါဝင်ကြတဲ့ နည်းများမဆို ကုသိုလ်ရှင်များ နောက်နားက ရွှေပူးရွှေးရပ် မောင်တိုး ငွေငါးရာ အမျှအတမ်းဝေပေး၊ နောက်ပွဲစား ရွှေပြည်အေးပွဲစား ဦးဘအုန်း+ဒေါ်လုံးတင်တို့ ငွေငါးရာ ပတ္တာနုမောဒနာအနေအားဖြင့် အမျှတမ်းဝေပေး။ ၎င်းနောက် ဆရာဦးမြသန်း ငွေတစ်ရာ အမျှတမ်း ပေးဝေ သာဓုအနုမောဒနာ ခေါ်ဆိုကြ။ ဒါက တိုက်ရိုက်အားဖြင့် ကျွန်တော် ကျွန်မတို့ ပြုတဲ့ကုသိုလ် ကောင်းမှု ပတ္တိဒါန ပတ္တာနုမောဒနာအနေအားဖြင့် အမျှအတမ်းဝေပေးပါလို့ ပြောတဲ့အတွက် ဝေပေးရ။ အားလုံးသင်တန်းသူ သင်တန်းသားလည်းပဲ ဒီပေးဝေတဲ့ ကုသိုလ်ရဲ့အဖို့ကို သာဓုအနုမောဒနာ ခေါ်ဆိုလို့ အသီးသီးပဲ ငါးရာသမားက ဝေတော့ ငါးရာတန်ရတယ်။ တစ်ရာသမားဝေပြန်တော့ တစ်ရာတန် ကုသိုလ်ဖိုးရတယ် အစရှိသည်အားဖြင့် ဒီလိုပဲ အသီးသီးကုသိုလ်ပွား။ ပတ္တာနုမောဒနာ

http://www.dhammadownload.com



ပတ္တိဒါနဆိုတဲ့ အဓိပ္ပါယတ္တလည်း ရှင်းလင်းပြီပေ့ါ။ ဒါလည်း နားလည်တဲ့အတိုင်း၊ ဒီတော့ ကြွင်းကျန်နေတဲ့ နည်းများမဆိုလို့ သူသူငါငါ လူတကာလှူထားတဲ့ ကုသိုလ်ကောင်းမှုအတွက်ကတော့ အမျှတမ်းပေးဝေပေးပါလို့ တိုက်တွန်းမှုက မရှိတော့ ဒီလိုပဲ အမှတ်တမဲ့နေလိုက်၊ နောက်တော့ စဉ်းစားမိ နည်းများမဆို လှူဒါန်းရတဲ့ကုသိုလ်ရှင်တွေအတွက်လည်းပဲ ကုသိုလ်ကောင်းမှု ပတ္တိဒါန ပတ္တာနု မောဒနာ ဒီကုသိုလ်လည်းပဲ ဖြန့်ပြီးတော့ အမျှဝေလိုက်ရင် သူလှူတဲ့ကုသိုလ်အဖို့ကိုယ်က သာဓု အနုမောဒနာ ခေါ်ဆိုလို့ ကိုယ်ကလည်းရ၊ ကိုယ်လှူတဲ့ကုသိုလ်ကောင်းမှုအဖို့ ကိုယ်ကအမျှ အတမ်း ဝေလို့ တစ်ဘက်သား သာဓုအနုမောဒနာခေါ်ပြန်တော့ ကုသိုလ်ရ၊ ကုသိုလ်တွေ ဆထက်ထမ်းပိုး တိုးပြီးတော့ပွား၊ အင်မတန်အကျိုးများတဲ့ အလုပ်ပဲလို့။ ပြီးတော့လည်းပဲ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး။ လူဆိုတာ စိတ်ဓာတ်ကလေးလဲ ရှိတတ်တယ်။ ငါးရာသမားတော့ အမျှအတမ်း ဝေတယ်၊ တစ်ရာသမားတော့ အမျှတမ်းဝေတယ်။ တို့ပြားငါးဆယ်က စလို့ ငါတို့သူငါတို့ အတွက်တော့ အမျှတမ်း မဝေရလေခြင်းလို့ ဒီလိုလည်းပဲ ရင်တွင်းမှာ စိတ်ဓာတ်ကလေးတွေ မဖြစ်ပေါ်ရအောင် ညီညီမျှမျှ ဆိုသလိုပေ့ါ။

ဒါကြောင့် ကနေ့တစ်ချိန် စာရင်းကတော့ မပိတ်သေးပါဘူး။ နောက်လာမယ့် လူအများအတွက် လည်း နောက်တစ်ချိန်ပေ့ါ။ စုပေါင်းပြီးတော့ ကုသိုလ်ကောင်းမှု အမျှတမ်းဝေရအောင် ဘာပြုလို့ ဒီနေ့ ဒီအချိန်လေးမှာ စောစောတုန်းက အောက်မေ့ထားတယ် စာရင်းပိတ်ကာမှ ငါဝေရကောင်း မလားလို့၊ ဒါပေမယ့် ဒီနေ့ ဒီအချိန်လေးမှာ စောစောတုံးက အောင်းမေ့ထားတယ်။ စာရင်းပိတ်ကာမှ ငါဝေရကောင်းမလားလို့။ ဒါပေမယ့် ဒီအချိန်လေးဟာ တစ်ရစ်အားဖြင့် ဝေရခြင်းဟာ တခြား မဟုတ်ပါဘူး။ ဩော် မစန်းရင်ပွဲရုံက မစန်းရင်ကိုယ်တိုင်က အခုပဲ ကြိုးတစ်ခွေစာ လေးဆယ့်နဲ့ငါးကျပ် ကိုယ်ထိလက်ရောက်လာပြီးတော့ သာဟတ္ထိကဒါနခေါ်တာပေ့ါ။ ဓမ္မဒါနကုသိုလ်ကြီး အင်မတန်မှ လိုချင်လွန်းလို့ လှူဒါန်းပါတယ်တဲ့။ အဲဒါ သူပြုတဲ့ကုသိုလ်လည်းပဲ စေတနာ သဒ္ဓါတရား ထက်ထက် သန်သန်နဲ့ လှံ့လပယောဂမပါဘဲနဲ့ စင်ကြယ်သန့်ရှင်းတဲ့ ကုသိုလ်ဖြစ်သည့်အတွက် သူ့ရဲ့ကုသိုလ်အဖို့ကို လည်း သင်တန်းသူ သင်တန်းသား ဓမ္မဒါယကက အပေါင်းကိုလည်းပဲ အညီအမျှ ရကြစေခြင်းအကျိုးငှာ အမျှအတမ်း ပေးဝေပေးပါလို့ ကိုယ်တိုင်ပြောသွားတယ်၊ ဝေရပေလိမ့်မယ်လို့။ စောစောတုန်းက ကိုယ်က ကြေငြာထားတာ၊ အမျှအတမ်းဝေခြင်း ဝေပေးပါ့မယ်လို့ ဘယ်ကုသိုလ်ဖြစ်ဖြစ် အမျှအတမ်း ဝေရ တာဝန်မလေးပါဘူးလို့ ကိုယ်လည်း ရတာပါပဲလို့။

http://www.dhammadownload.com



ဒီတော့ ဒီကြိုးတစ်ခွေစာ လေးဆယ်ငါးကျပ် လှူသွားတဲ့ မစန်းရင်ပွဲရုံက မစန်းရင်ကိုယ်တိုင်က လှူသွားတဲ့ ငွေလေးဆယ်ငါးကျပ်က တော်တော်တန်ဖိုးကြီးပါတယ်။ ဘာပြုလို့တုံး သူလည်း လေးဆယ့်ငါးကျပ်၊ ငါလည်း လေးဆယ့်ငါးကျပ်ပဲလို့ ပြောစရာရှိ မဟုတ်ဘူး။ ဒီပြင် လူကတော့ တရား အရသာ တရားကျေးဇူး ခံစားရလို့ အဓိပ္ပါယ်ဆိုကြစို့ - ဝန်နဲ့အား မြှားနဲ့လေး ကိုယ်တတ်အားသမျှ အားရပါးရနဲ့ ထည့်ကြ လှူကြ တမ်းကြ။ မစန်းရင် ကိုယ်တိုင်ကတော့ သင်တန်း ဒီတစ်ခါမှမရောက်ဖူး။ တစ်ခါမှလည်း တရားကလည်း မနာဖူးဘူး။ ဒါပေမယ့် သင်တန်းမနာဘူး သင်တန်းမရောက်ဖူးပေမယ့် သင်တန်းရဲ့ တရားကျေးဇူးဂုဏ်သတင်းကို အထူးအားဖြင့် ကြားသိရတဲ့အတွက် အပြင်ပက အလိုလို သဒ္ဓါစိတ်ကြွပါတယ်တဲ့။ ကိုယ်ကိုယ်တိုင်လည်း နာချင်စိတ် အင်မတန်ရှိပါတယ်။ အဲဒီလို သင်တန်း မလိုက်ဘူးဘဲနဲ့ အပြင်ပက လာရောက်ပြီးတော့ သဒ္ဓါတရားအလျောက် ပေါ်ပေါက်လို့ ထည့်သွင်း လှူဒါန်းတဲ့ ပုဂ္ဂိုလ်များအတွက်ဆိုတော့ ပိုပြီးတော့ ကျေးဇူးတင်ရတယ်။ တရားမနာဘူးဘဲနဲ့ သင်တန်း ကျေးဇူးမခံစားရဘဲနဲ့ ဖြစ်ပေါ်လာတဲ့ သဒ္ဓါတရားကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ကျေးဇူးမတင်ထိုက်ဘူး လားကွာ (တင်ထိုက်ပါတယ်ဆရာ)။ ဒါကြောင့် ဒီအချိန်လေးမှာ ကိုယ်တိုင်မျက်မြင်အားဖြင့်လည်းပဲ အမျှအတမ်းပေးဝေတဲ့ ကုသိုလ်ကောင်းမှုအဖို့ ဝေငှမှုလေးလဲပဲ သိသွားရော့၊ ပိုပြီးတော့လည်း ဝမ်းသာရ။ ဒါနဲ့ တတ်သ၍လဲ ဆိုသလိုပေါ့၊ ကနေ့ နောက်ဆုံးပိတ်ထည့်သွားတဲ့ စာရင်းအထိ ထည့်ပြီးလှူဒါန်းပြီးသား ပုဂ္ဂိုလ်များ ပြားငါးဆယ်ကစ၍ တစ်ရာထိပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ မိမိတို့ လှူဒါန်းထားတဲ့ ကုသိုလ်ကောင်းမှု အသီးသီး ကိုယ်စားအနေနဲ့ တို့များက ဒီက အမျှဝေပေး မယ်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါအပြန်အလှန် ဆိုသလို ဝမ်းပန်းတသာနဲ့ သာဓုအနုမောဒနာ ခေါ်ကြ။ ဒီကုသိုလ်တွေဟာ နည်းများမဆိုလို့ လှူဒါန်းထားတဲ့ ကုသိုလ်တွေဟာ အင်မတန် စင်ကြယ် သန့်ရှင်း အပြစ်ကင်းတယ်။ ထက်သန်သော စေတနာ သဒ္ဓါတရား ရတနာသုံးပါးရဲ့ဂုဏ်ကို အထူးသဖြင့် ယုံကြည်လေးစားစွာနဲ့ ထည့်သွင်းလှူဒါန်းထားတယ် ဆိုတာကတော့ ယုံမှားစရာ မရှိပါဘူးလို့။ ဘာပြုလို့ သင်တန်းသူ သင်တန်းသားများကိုးကွနော် (မှန်ပါတယ်ဆရာ)။

တရားကျေးဇူး တရားရသွား ခံစားပြီးသားလည်းဖြစ်၊ တရားကျေးဇူး အထူးတင်ရှိတဲ့ အနေ အားဖြင့် ကျေးဇူးတုံ့ပြန် တစ်ဖန်ဆပ်ပေးတဲ့အနေအားဖြင့် ပြာငါးဆယ်ကစ၍ မိမိတို့ အသီးသီး လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှုရဲ့အဖို့ အဲဒါ စိတ်ထဲက ရည်ရွယ်ထား။ တို့ကိုယ်စား အမျှပေးနေတယ် အမျှဝေနေတယ်လို့။ ပြီးတော့လည်း ဝမ်းပန်းတသာနဲ့ တို့ ဓမ္မဒါယကာ မိတ်ဆွေချင်း လှူတဲ့ ကုသိုလ် ကောင်းမှုအဖို့ တို့က ဝမ်းပန်းတသာနဲ့ သာဓုအနုမောဒနာ ခေါ်ဆိုပါတယ်လို့ စိတ်ထဲရည်ရွယ်၊

http://www.dhammadownload.com



တွက်ကြည့် တွက်ကြည့် လူက သုံးထောင်ကျော်ကျော်ရှိတော့ ကုသိုလ်ပေါင်း ဦးရေတွက် သုံးထောင်ကျော် မနေလားဟ (မှန်ပါတယ်ဆရာ)၊ အဲဒီ သုံးထောင်ကျော် ပြုတဲ့ကုသိုလ် တစ်ယောက်ချင်း တစ်ယောက်ချင်း စဉ်းစား။ အခုနေ ဆရာက ကြိုးခွေအတွက် လှူဒါန်းထားတဲ့ ကုသိုလ်ရှင်တွေရဲ့ ကိုယ်စား အမျှဝေလိုက်ခဲ့သော် တို့က သာဓု သာဓုလို့ ဝမ်းပန်းတသာ ခေါ်လိုက်ခဲ့သော် လူသုံးထောင်ကျော်လှူထားတဲ့ ကုသိုလ်ပေါင်းဦးရေ သုံးထောင်ကျော်အဖို့ ငါရတာပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရည်ရွယ်ချက်ကလေးပါမှနော်။ နည်းတဲ့ ကုသိုလ်တွေ မဟုတ်ဘူး။

ဒါကြောင့် စိတ်ထဲ စေတနာထဲ ထက်ထက်သန်သန်လေး အင်မတန် စင်ကြယ်သန့်ရှင်းတဲ့ ကုသိုလ်ပဲလို့ ဒီလိုလည်း ရည်ရွယ်၊ ဒီလိုနေရာမျိုး လှူရတဲ့ ကုသိုလ်ကောင်းမှုလည်း စေတနာအလျောက်ပေါ့လေ။ ထိုက်သည့်အားလျော်စွာ ကိုယ့်အင်နဲ့ ကိုယ်အားနဲ့ တတ်အားသမျှ ကြိုးစားပြီး လှူဒါန်းကြ။ ဝမ်းလည်းသာကြစမ်းပါ။ တို့လုပ်ရတဲ့ ကုသိုလ်သည် ဘယ်ထိအောင် မွန်မြတ်တယ်ဆိုတဲ့ သက္ကပဉှသုတ်လည်း ဟောပြီးပါပြီ။ ဒါပုံစံလေး ပြောချင်လို့ပါ၊ လူလူချင်း မတူကြပုံ၊ ကုသိုလ်ပြုရချင်းတောင် မတူကြပုံလေး အဆင့်အတန်း ဘယ်လိုကွာခြားသလဲလို့။ ဓမ္မဒါနဆိုတဲ့ ကုသိုလ်သည် သက္ကပဉှသုတ်ဟောတဲ့အတိုင်း သိန်းသန်းကုဋေ မရေမတွက်နိုင်အောင် မြောက်များစွာသော ဥစ္စာစီးပွားတွေ စုံပုံပြီးတော့လှူ။ တစ်ပုဒ်တစ်ဂါထာဆိုတဲ့ ဓမ္မဒါနကုသိုလ်ကောင်းမှုနဲ့ နှိုင်းဆရင် တစ်ဆယ့်ခြောက်စိတ်စိတ်မှာ တစ်စိတ်စာ ရှိတယ်တဲ့။ မသာဖူးလားကွယ် (သာပါတယ်ဆရာ) သာချင်တိုင်းသာ မြတ်ချင်တိုင်းမြတ် အဲဒီလို မြတ်တဲ့ ကုသိုလ်မှာလာပြီးတော့ ဆုံဆည်းပြီး လှူကြရတယ်။ ဟောတစ်နေ့ကပဲ ညောင်ဦးမှာ ဆေးဝက်ဘာတို့ ဆေးဝက်ဘာကိုယ်တော် တရားပွဲ ကျင်းပသွား။ တရားပွဲကျင်းပတယ်ဆိုတော့ တရားပွဲက ပြောပလောက်တဲ့ တရားမဟုတ်ပါဘူး။ ကဲ့ရဲ့တာတော့ မဟုတ်ပါဘူး။ မှတ်စရာ သားစရာ မိမိမှာ အဖတ်တင် ကျန်ရစ်စရာလို့ သံသရာထောက်ရာ တည်ရာ ရစရာ ဘာတစ်လုံးပါလဲဆို ဘာတစ်လုံးမှ မပါဘူးတဲ့။ နာတဲ့လူက ပြောပါတယ်။ ဝတ္ထုဇာတ်လမ်းလေးတောင် ကောင်းကောင်း မပါဘူးတဲ့။ တရားဟောလည်းပဲ အတ္ထုပ္ပတ္တိတွေ လျှောက်ပြော ရယ်စရာမောစရာတွေနဲ့ အဆိုကောင်း အငိုကောင်း အသံပစ်ပြီး ဟစ်ပြီးတော့ အော်လိုက် ဆိုလိုက် ငိုလိုက် ဆေးဝက်ဘာနာမည်လည်း ကြီးပါတယ်။ အဲဒါ သုံးညဟောတာ ငွေသုံးသောင်းကျော်ရတယ်တဲ့။ ဘာလုပ်ဖို့လဲလို့ လှူတဲ့နေရာလည်းပဲ ငွေချည်းမဟုတ်ဘူး။ လက်စွပ်ပါတဲ့လူက လက်စွပ်ချွတ် လှူတယ်၊ နားကပ်ပါတဲ့လူက နားကပ်ဖြုတ်လှူတယ်။ လှူလိုက်ကြတာတဲ့၊ အဲဒီလို ရက်ရက်စက်စက် သုံးညလောက်ဟောရတယ်။သုံးသောင်းကျော်ရတယ်တဲ့ တွက်ကြည့် ဘာလုပ်ဖို့တုံး။ ဒီကိုယ်တော်က ငွေတွေ

http://www.dhammadownload.com



အလှူခံတာ ဘာအကြောင်းတုံးမေးတော့ ဆေးဝက်ဘာကျောင်းကြီး ဆောက်မလို့တဲ့။ တိုင်တလုံး တစ်ထောင်ကုန်တဲ့၊ ထားပါ တိုင်တစ်လုံးတစ်ထောင်ပဲ ကုန်ကုန်၊ တစ်သောင်းပဲကုန်ကုန် အဲဒီ ဆေးဝက် ဘာကျောင်းကြီး ဆောက်ပြီးတော့ ဘာလုပ်၊ စာသင်တိုက်လည်း မဟုတ်ပါဘူး။ ကြားဖူးတာက ဒီလိုပဲ။ သူလို ငါလိုပါပဲ မထူးပါဘူး။ တကယ် ပရိယတ္တိသာသနာကြီးပြုနေတဲ့ စာသင်သားတွေ နေစရာ ထိုင်စရာ မရှိဆိုတဲ့ ပရိယတ္တိသာသနာပြုတဲ့ တိုက်ကြီး တာကြီးရဲ့ အတွက်ဆိုရင် ကုသိုလ်ပြုလိုက်ရ။ ကိုယ်ကိုယ်တိုင် ပရိယတ္တိသာသနာကြီး ပြုတယ်ဆိုတဲ့ အဓိပ္ပါယ်ရောက်တယ်ကိုးကွ နော် (မှန်ပါတယ် ဆရာ)၊ အဲဒါ တွက်ကြည့်စမ်း ဘာပြုလို့ ဒီလောက်တောင် ဒီပုဂ္ဂိုလ်ရပါလိမ့်လဲလို့ မေးတော့ အသံကလည်း သိပ်ကောင်းတာပဲတဲ့။ ဘယ်မင်းသားနဲ့မှ မတူဘူးတဲ့။ ဆေးဝက်ဘာ ကောင်းတာ ပြန်လာတော့ ပြော။ အသံကလည်း သိပ်ကောင်းတာ ဘယ်မင်းသားနဲ့မှ မတူဘူးတဲ့ဆိုတာ ပြောတာ လည်းပဲ သိပ်ပြီးတော့ ဇာတ်ဟန်ပါတယ်တဲ့။ နေပုံ ထိုင်ပုံကလည်း ဇာတ်အချိုးအစားတိုင်း မင်းသားများ ယပ်တောင်ကလေး တစ်ဖျတ်ဖျတ်နဲ့ ယပ်တောင်မှ ထိပ်က မင်းသားမင်းသမီးကိုင်သလိုပဲ ငှက်မွေး လေးတွေ တပ်လို့ကွ နော် (မှန်ပါတယ်ဆရာ)။ ရုံယမ်းထားတာက ကတ္တီပါ အညိုရောင် သက်န်းလေး၊ ရုပ်ကတော့ အသားဝါလေး ဝင်းလို့၊ ရုပ်ကလည်း ရုပ်ချောကို ရပေမပေ့ါလို့။ အဲဒါ အဲဒါ တခြား မဟုတ်ပါဘူး။ နှိုင်းစာကြည့်စမ်းပါ ပြောတာ။ ဆေးဝက်ဘာကျောင်းကြီးဆောက်လို့ တိုင်တစ်လုံးပဲ တစ်သောင်း ကုန်ထားဆောက်ပါတော့ တို့ ကြိုးခွေလှူရတဲ့ ဓမ္မဒါန နှိုင်းစာ ဘယ်နဲ့နေ (ဓမ္မဒါနက အများကြီး မြတ်ပါတယ်ဆရာ)၊ အေး-အများကြီးမြတ်တယ်။ 'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဘုရား ကိုယ်တော်မြတ် ဟောထားတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီတော့ အမြတ်ဆုံးဆိုတဲ့ ကုသိုလ်ကောင်းမှုမှာ ငါတို့ စုပေါင်းပြီးတော့ ပြုနေရပါပဲလို့ အခုန သုံးသောင်းကျော်လှူရတဲ့ ပရိသတ်နဲ့ မကွာဘူးလား (ကွာပါတယ်ဆရာ)။ ငါတိုင်းစရာလေး ထွာစရာလေး ပြောတာ၊ ဆေးဝက်ဘာနဲ့ ငါနဲ့ ဘာမှ မဆိုင်ဘူး။ ဝန်တို မစ္ဆေရရှိလို့ ပြောတာ မဟုတ်ပါဘူးနော် (မှန်ပါ တယ်ဆရာ)၊ တစ်သိန်းပဲရရ တစ်သောင်းပဲရရပေ့ါ။ ဒါပေမယ့် တို့လူစုတွေဟာ မိမိတို့လုပ်ထားတဲ့ ကုသိုလ်လေးတွေ ပြန်ပြန်ချိန်ထိုး ပြီးတော့ အမျိုးမျိုးဝမ်းသာစရာ၊ ဩော်-တို့ လူဖြစ်ကျိုးနပ်ပါပေရဲ့။ ပြားငါးဆယ်ကစ တတ်အား သမျှလေး လှူရတဲ့ကုသိုလ် သိန်းသန်းကုဋေ မရေမတွက်နိုင်တဲ့ ဥစ္စာအစုအပုံ ရတနာပုံတွေ စုံပုံလှူသော ပစ္စယဒါန ခေါ်ထားတဲ့ ဒါနတွေထက် ဆယ့်ခြောက်ပုံ ပုံလို့ တစ်ပုံစာမှ မမီနိုင်အောင် သာချင်တိုင်းသာ မြတ်ချင်တိုင်းမြတ်တဲ့ ဓမ္မဒါနကြီး ငါတို့ ပြုကြရပေတယ်လို့ ဝမ်းသာစရာမကောင်းဘူးလား (ကောင်းပါ တယ်ဆရာ)၊ ချိန်ထိုးစရာ ချိန်ထိုးစရာ။

http://www.dhammadownload.com



ဒါကြောင့် လူဖြစ်ကျိုးနပ်တဲ့နေရာမှာ တို့ သင်တန်းသားများ နှစ်ထပ်ကွမ်း မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နှစ်ထပ်ကွမ်း မြတ်တယ်။ ဘာပြုလို့ သူသူငါငါ လူတကာကတော့ လူရယ်လို့ ဖြစ်လာပေမယ့် သာသနာနဲ့ တွေ့ရ ကြုံရပေမယ့် သာသနာရဲ့ ဝိမုတ္တိရသတည်းဟူသော ဓမ္မက္ခန္ဓာ အစစ် ဒေသနာအစစ် ဖြစ်တော်မူတဲ့ မဂ်တရား ဖိုလ်တရားကို မုချရစေတတ်သော ရုပ်နာမ်ဓမ္မ မနာကြားရခြင်း နော် (မှန်ပါတယ်ဆရာ)၊ တို့ သင်တန်းသားများတော့ နာရတယ် မဟုတ်လား (နာရ ပါတယ်ဆရာ)၊ အံကိုခွလို့ပေါ့နော် (မှန်ပါတယ်ဆရာ)၊ နည်းတယ်မှတ်လို့ သင်တန်းတစ်ပတ်ကို နှစ်နှစ်ကျော် မဟုတ်ဖူးလားဟ (မှန်ပါတယ်ဆရာ)၊ နေ့စဉ်နဲ့အမျှ နာနေရ။ ဒါက တစ်ထပ်၊ ၎င်းအပြင် ထိုက်သည့်အားလျော်စွာ ပစ္စယဒါန အနေအားဖြင့် လုပ်ကြစို့။ မိမိတို့ အိတ်ထဲက ပစ္စည်းလေးများ အသီးသီးထုတ်ပြီးတော့ လှူဒါန်းကြစို့ဆိုတော့ အမြတ်ဆုံးဆိုတဲ့ ဓမ္မဒါန လာပြီး လုပ်ကြပြန်တယ် ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူများလို သူများယောင်လို့ ယောင်လိုက်ရ။ အမယ့်မောင် တောင်မှန်းမသိ မြောက်မှန်း မသိဆိုသလိုပဲ သူများကောင်းတိုင်း ကောင်းလိုက်ကြတာပဲ။ မိမိလှူတဲ့ အလှူဒါနသည် ဘယ်အတန်းတုံး ဘယ်အစားတုံး ဘယ်အချိုးတုံး ဘယ်အမျိုးတုံး ဘယ်လောက်တန်း ရှိသတုံး ဘယ်လောက်တန်းဖိုး ရှိတယ်ဆိုတာ မရေမတွက်တတ် မဝေဖန်တတ်။ ဒါသောကော ရောကော ဆိုတဲ့ အနေအားဖြင့် လုပ်ကြ။ ဒါတွေ စာပြန်တော့ တို့သင်တန်းသားက တစ်ဘန်းသာပြန်။ မသာ ဖူးလား (သာပါတယ်ဆရာ)၊ သန့်သန့်ရှင်းရှင်းလေး အမြတ်ဆုံးဆို ဓမ္မဒါနခန်းက နေပြီးတော့ ကြိုးပမ်းကြရတယ်လို့။

ဒါကြောင့် သူသူငါငါ လူတကာစာရင် နှစ်ထပ်ကွမ်းသာတယ်။ မသာဖူးလား (သာပါတယ် ဆရာ)၊ အေး-အဲဒါလေးတွေ နှိုင်းယှဉ်ပြီး ပြန်ပြန်အာရုံပြုကြ။ ကုသိုလ်ပြုခြင်းတူပါအုံးတော့ဟဲ့ တို့သင်တန်းသားများက ကိုယ်ပြုတဲ့ ကုသိုလ်ရဲ့ အဓိပ္ပါယတ္တပြတ်သား နားလည်ပြီးမှ ကိုယ့်အင်နဲ့ အားနဲ့ မျှတရင် တကယ့်ယုံကြည်တဲ့ သဒ္ဓါတရား ရှေ့ထားပြီးတော့ စင်ကြယ်သန့်ရှင်းစွာနဲ့ အလုပ် လုပ်ကြရတယ်လို့။ မဟပ္ဖလ မဟာနိသံသ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမှန်ရောက်အောင် ပို့မည့် ဒါနမျိုး ခေါ်တယ်။ ဓမ္မဒါနကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် သို့ကလောက်တောင် အဆင့်အတန်း အားဖြင့် မြင့်ချင်တိုင်းမြင့် သာချင်တိုင်းသာထားတဲ့ အသီးသီးလုပ်ထားတဲ့ ကုသိုလ်ကောင်းမှု ယနေ့ည ကိုယ်ထိလက်ရောက် လာပြီးလှူသွားတဲ့ မစန်းရင်ရဲ့ ငွေလေးဆယ့်ငါးကျပ် ကြီးစေ့ခွေစာ စလို့ပေါ့လေ။ ပြားငါးဆယ်အထိ ရှိရှိသမျှသော ကျွန်တော် ကျွန်တော်မတို့ ပြုအပ်သော ဒါနထဲမှာ အမြတ်ဆုံး ဆိုပေတဲ့ ဓမ္မဒါန ကြီးခွေအလှူတည်းဟူသော ကုသိုလ်ကောင်းမှု၏အဖို့ကို ကျုနိုပ်တို့နှင့် ဓမ္မဒါယကာ

http://www.dhammadownload.com



ဖြစ်ကြကုန်သော သင်တန်းသူ သင်တန်းသား အပေါင်းမှစ၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျသတ္တဝါ အပေါင်းတို့အား အကျွန်ုပ်တို့က အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ အမျှရကြပါစေခြင်း အကျိုးငှာ အကျွန်ုပ်တို့၏ ကုသိုလ်ကောင်းမှုအဖို့ကို အားလုံး ကြားကြားသမျှ အမျှအမျှအမျှ ပေးဝေပါ၏။ (သာဓု-သာဓု-သာဓု)၊ ဟော့ကောင် သာဓုမခေါ်ဘူးလား (ခေါ်ပါတယ်ဆရာ)၊ တိုးတိုး လေးခေါ်၊ ဘယ်နဲ့ခေါ် အများကြီးရတာဟ အမြတ်ထွက်လာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အလကား ထိုင်နေရင်း လူသုံးထောင်ကျော်ရဲ့ ကုသိုလ်တွေ အကုန်စုယူလိုက်တာ၊ တစ်ပြားမှ အရင်းမပါဘူး။ မဟုတ်ပါဘူးလား (မှန်ပါတယ်ဆရာ)။ အင်မတန် ဝမ်းသာစရာကောင်း။

ကိုင်း-တမြန်နေ့က အဆက်ကလေး သွားကြစို့နော် (မှန်ပါတယ်ဆရာ)၊ ပြနေတဲ့ အခန်း ပဋိစ္စသမုပ္ပါဒ်တရားကလည်း တော်တော်နက် တော်တော်ကြီးခက်တဲ့ အခန်းလဲရောက်နေ။ အဲဒီ ကြမှ ရုတ်တရက် ရှောင်တခင်နဲ့ ဝင်ပြီးလိုက်တဲ့ ပုဂ္ဂိုလ်များအတွက်ဆိုတော့ လက်ခံချင်မှ ခံနိုင် တော့မပေါ့လို့၊ ဘာပြုလို့ သင်တန်းပြီးကာနီး အချိန်ရောက်နေတယ်ဆိုတော့ သင်တန်းက အနက်ဆုံး အခက်ဆုံး အပိုင်းရောက်ပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် အာရုံစိုက်ပြီးတော့ သမာဓိ ကောင်းကောင်းထားလို့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ဒေသနာအစစ် ကျမ်းဂန်ထဲက ထုတ်ဖော်ပြီး ဟောနေခြင်းကြောင့် အလွန်မှန်ကန်တိကျသော မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ တရား တော်အစစ်ကြီးကို ငါနာကြားရပေတယ်ဆိုတဲ့ စေတနာလေးထားပြီး နာကြားလို့ရှိရင်တဲ့ ဓမ္မဿဝန ကုသိုလ်ဖြစ်တယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ ဒါလဲ ဘာဒါနတုံး (ဓမ္မဒါနပါဆရာ)၊ ဩော်-ဓမ္မဒါန ထိုင်နေရင်းမတ္တ နော် (မှန်ပါတယ်ဆရာ)၊ ဓမ္မဒါနရဲ့ အချိုးစားကလည်း ဘယ်ကစပြောလဲ ဆိုတော့ တစ်ပုဒ်တစ်ဂါထာက  စတယ်နော် (မှန်ပါတယ်ဆရာ)။ တစ်ဂါထာမှာ အက္ခရာ ပေါင်းရင် သုံးဆယ့်နဲ့ နှစ်လုံးရှိ။ သုံးဆယ့်နဲ့နှစ်လုံးပဲရှိ။ အက္ခရာသုံးဆယ့်နဲ့နှစ်လုံး တစ်ဂါထာခေါ်တယ်။ အဲဒီ တစ်ဂါထာ ဟောရင်ပဲ ဓမ္မဒါန ဖြစ်ပါတယ်။ ဒီတစ်ဂါထာ နာရင်ပဲ ဓမ္မဒါန ဖြစ်ပါတယ်ဆိုတော့ တို့တစ်နာရီ တိတိဟောတော့ သုံးဆယ့်နှစ်လုံး ဆိုတဲ့ ဂါထာပေါင်းက အက္ခရာနဲ့ ရေတွက်ကြည့်ရင် အလုံးပေါင်းက နည်းမှာမဟုတ်ဘဲကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ထောင်သောင်းထက် မနည်းပါဘူး။ ဒီတော့ ဓမ္မဒါနတွေ တစ်ထိုင်တည်း တစ်နာရီထဲမှာကိုပဲ ဓမ္မဒါနတွေ ချင်းနဲ့တောင်းနဲ့ ထည့်ကောင်းတဲ့ ပစ္စည်းဖြင့်လည်း သယ်လို့ပိုးလို့ ကုန်နိုင်စရာ အကြောင်းမရှိပါဘူးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ မများဘူးလားဟ (များလှပါတယ်ဆရာ)။

အေး-လောကီစီးပွားအမြတ်တွက်သလိုပဲ လောကုတ္တရာစီးပွားလည်း ဇစ်ဖက်က အမြတ်တွက်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ အမြတ်တွက်ကဲ့လားဟ (ထွက်ပါတယ်ဆရာ)၊ တွက်တွက်တွက်၊ ဒီလိုလေးချိုးချိုးပြီးတော့ အမြတ်တွက်။ ကနေ့အဖို့ ကုသိုလ်နဲ့အကုသိုလ် ကုသိုလ်က ငါဘယ်လောက် ရသွားပြီ။ အကုသိုလ်ကတော့ နည်းတယ် (သို့မဟုတ်) ကနေ့အဖို့ အကုသိုလ်က များတယ်၊ ကုသိုလ်က နည်းတယ်၊ တွက်ရမယ် တွက်ရမယ်။ ဒါကြောင့် ကုသိုလ်နဲ့ အကုသိုလ် ကံနှစ်ပါးကိုချည်း အရင်းထားပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ဟော။ ဒီကံနှစ်ပါးပဲတဲ့ တစ်ဘဝနဲ့တစ်ဘဝ ဆက်ကာဆက်ကာ ပဋိသန္ဓေအသစ်အသစ် ဖြစ်အောင် လုပ်လုပ်ပေးနေတာ သူပဲလို့။ သံသရာချဲ့ထွင်တတ်တဲ့ သံသရာကို နစ်မွန်းစေတတ်တဲ့ အကြောင်းအရင်းတရားဆိုပြီးတော့ ဘုရားကိုယ်တော်မြတ် ဟောထားလို့။ ဒါ ဒီကံနှစ်ပါးထဲက။ ဒါကြောင့် ကိုယ်ကိုယ်တိုင် စဉ်းစားလို့ အကုသိုလ်ကံများလို့ရှိရင် တို့ အပါယ်လေးပါး ခန္ဓာသစ်တွေ ဖြစ်ရအုံးမယ်။ ကုသိုလ်များလို့ရှိရင်လဲ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ ဆိုတဲ့ ကောင်းရာသုဂတိရောက် ရအုံးမယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခန္ဓာသစ်ကတော့ ဖြစ်အုံးမှာပဲလို့ အဲဒါကြောင့် ကုသိုလ်ပဲများသလား အကုသိုလ်ပဲ များသလားလို့။

ဒါကြောင့်လောကီစီးပွား ရှာရင်လည်း ကုသိုလ်ကောင်းမှု တစ်ဘက်တစ်လမ်းက ကြည့်ရတယ်။ တစ်ဘက်တစ်လမ်းက ရှာရ ဖွေရ၊ လောကီစီးပွားချည်းအနေအားဖြင့် ပစ်မထားရဘူး။ တစ်နေ့သော အခါကြတော့ ငါလောကုတ္တရာစီးပွားတော့ ရှာပါအုံးမယ်ဆိုတဲ့ စိတ်ကလေးလဲ ထားရတယ်။ ဒါမှ နှစ်ဘက်မျက်စိ ပညာရှိ မျက်စိခေါ်တယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)။ ဘာပြုလို့လဲဆိုတော့ လောကုတ္တရာ စီးပွားကမှ ကိုယ့်နောက် ထပ်ကြပ်မကွာ ပါမှာတဲ့။ လောကီစီးပွားဆိုတာကတော့ တစ်ဘဝပဲတဲ့၊ ဟိုဘဝထိအောင် မလိုက်ပါဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မိမိတို့ကိုယ်လည်း မိမိတို့ ပြန်ကြည့်စမ်း။ ဘဝပေါင်းများစွာ ငါတို့မင်းတို့ ကျင်လည်လာတာ ဖြစ်လာတာ ဖြစ်ပေါင်းစုံခဲ့ပြီ ဘုံပေါင်း စုံခဲ့ပြီလို့။ နတ်ဘဝလည်း ဖြစ်ဖူးတယ် မဟုတ်လား (ဖြစ်ဖူးမှာပါဆရာ)၊ ဖြစ်ဖူးတယ်လို့ လိုက်ရတယ်၊ ဖြစ်ဖူးမှာပေါ့ဆိုတော့ အဲဒါက ထင်တစ်လုံးနဲ့ပြောတာ။ နတ်ဘဝလည်း ဖြစ်ဖူးပြီလား (ဖြစ်ဖူးပါတယ်ဆရာ)၊ ဗြဟ္မာ့ဘဝကကော (ဖြစ်ဖူးပါတယ်ဆရာ) ဗြဟ္မာ့ဘဝဖြစ်တာ အကြိမ်ဘယ်လောက်ရှိ (မပြောတတ်ဘူးဆရာ)၊ ဟော-အဲဒီလို သံသရာစက်လည်ပုံလေးတွေက ပြနေရင်းမတ္တဖောင်စီးရင်း ရေငတ်ဆိုတဲ့ကောင် လှော်ရင်းနဲ့နစ်၊ ဗြဟ္မာ့ပြည်မှာ ဖြစ်ဖူးတဲ့အကြိမ်ပေါင်း ဘယ်လောက်ရှိပြီ ထင်တုံး (မရေတွက်နိုင်အောင်ရှိမှာပါဆရာ)၊ အဲဒီလို လုပ်စမ်းပါဟ၊ ခွေးမသား သံသရာ သူက

http://www.dhammadownload.com



မနေ့ကမှ သံသရာဝင်လာသလိုလို နတ်ပြည်ဖြစ်ဖူးတဲ့အချိန်က ဘယ်လောက်ရှိတုံး (မရေမတွက် နိုင်အောင် များပါတယ်ဆရာ)၊ လူ့ပြည်ဖြစ်ဖူးတဲ့ အကြိမ်ကကော (မရေမတွက်နိုင်အောင်များမှာ ပါဆရာ)၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံဖြစ်တာကကော (မရေ မတွက်နိုင်အောင် ဖြစ်အုံးမှာပါဆရာ)၊ ဖြစ်အုံးမှာပါ အဲဒါ မင်း မင်း၊ နားလည်လား မင်းပဲ အဲဒါ၊ ပြန်ပြော ဗြဟ္မာပြည်ဖြစ်တာ အကြိမ်ဘယ်လောက်များ (မရေမတွက်နိုင်ပါဘူးဆရာ)၊ နတ်ပြည် ဖြစ်တာကော (မရေတွက်နိုင်ပါဘူး ဆရာ)၊ လူ့ပြည်ဖြစ်တာကော (မရေတွက်နိုင်ပါဘူးဆရာ)၊ အပါယ် လေးပါးကော (မရေမတွက်နိုင်ပါ ဘူးဆရာ)၊ အဲဒီလို လည်နေတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုလည်နေတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ သံသရာလည်တယ် ခေါ်တယ် မဟုတ် လား (မှန်ပါတယ်ဆရာ)၊ အပါယ်လေးပါးလားတော့ ဒုဂ္ဂတိတဲ့။ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ လားတော့ သုဂတိတဲ၊ ကောင်းတဲ့ဂတိ မကောင်းတဲ့ဂတိ နှစ်မျိုးရှိတယ် မဟုတ်လား (မှန်ပါတယ် ဆရာ)၊ အဲဒီ ဘုံအားဖြင့် ရေတွက်တော့ သုံးဆယ့်တစ်ဘုံ အဲဒါ စုန်ချည်ဆန်ချည်နဲ့ မင်းတို့ ငါတို့ ကျင်လည်လာတာ ဖြစ်ပေါင်းများပြီတဲ့။ ဗြဟ္မာ့ပြည်လည်းပဲ ဗြဟ္မာ့ပြည် ဗြဟ္မာမင်းဖြစ်တာလည်း များပြီတဲ့ မရေတွက်နိုင်ဘူး။ နတ်ပြည် နတ်ဖြစ်တာလည်း များပြီတဲ့၊ လူ့ပြည်လူဖြစ်တာလည်း များပြီတဲ့။ အပါယ်လေးပါး လားရပေါင်းလည်း များပြီတဲ့ မရေမတွက်နိုင်ဘူးတဲ့။

ဒါကြောင့် "သံသာရဿ ပုဗ္ဗကောဋိ န ပညာယတိ" သံသာရဿ၊ သံသရာ၏။ ပုဗ္ဗကောဋိ၊ အစ အဆုံးသည်။ န ပညာယတိ၊ မထင်။ သတ္တဝါ တစ်ယောက်ရဲ့ သံသရာကျင်လည်ပုံ ရေတွက် ပြစမ်းပါဆို အစလည်း မထင်ဘူး၊ အဆုံးလည်း မထင်ဘူးတဲ့။ သို့ကလောက်တောင် များလား မများ ဖူးလား (များပါတယ်ဆရာ)၊ အဲဒီ များလာတဲ့ သဘောလေးတွေ ပြန်ပြန်ပြန်ပြန်ကြည့်။ ဩော်- လက်စသတ်တော့ တို့ဗြဟ္မာ့စည်းစိမ်ကြီးရတာလည်းပဲ မရေမတွက်နိုင်ဘူးလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သုံးဆယ့်တစ်ဘုံမှာ ဘယ်စည်းစိမ် အမြင့်မြတ်ဆုံးတုံး (ဗြဟ္မာ့ဘုံပါဆရာ)၊ အေး- ဗြဟ္မာ့ဘုံ၊ ဗြဟ္မာ့စည်းစိမ်နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ချမ်းသာတဲ့ ဘယ်ဘုံနဲ့မှ မတူဘူးတဲ့။ ဗြဟ္မာ့စည်းစိမ်ကြီးတွေ ရတဲ့ပုဂ္ဂိုလ်များ လက်လွှတ်ချင်ပါ့မလားဟ (မလွှတ်ချင်ပါဘူးဆရာ)၊ မလွှတ်ချင်ဘူး။ ဒါပေမယ့် နေရရဲ့လား (မနေရပါဘူးဆရာ)၊ ဗြဟ္မာ့စည်းစိမ်ကြီးတွေ ကြိမ်ဖန်များစွာ ရခဲ့ဖူးပြီ။ လက်မလွှတ်ချင်ဘူး၊ နည်းနည်းလေးမှ မခွဲချင်ဘူး။ ဒါပေမယ့် မြဲရဲ့လား (မမြဲပါဘူးဆရာ)၊ အချိန်တန်တော့ ထားပစ်ခဲ့ရတယ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဗြဟ္မာဘဝတုံးက ဗြဟ္မာ့မင်းကြီးတွေ ဖြစ်တုန်းက မင်းဖြစ်စဉ်အခါတုန်းက မင်းကိုယ်တိုင် ဗြဟ္မာ့ဘဝ ဗြဟ္မာ့မင်းဖြစ်တယ်ဆိုတာ ယုံ

http://www.dhammadownload.com



သလားဟေ့ (မပြောတတ်ပါဘူးဆရာ)၊ ဟော အဲဒါသာ တွက်ကြည့်။ တို့ သင်တန်းသားတွေ ဘယ်လောက်တရားရေဝတဲ့ ကောင်လည်းဆိုတာ ဒါဖြင့် မင်းဗြဟ္မာ့ပြည်ဖြစ်ဖူးတယ်ဆိုတာ မင်း မယုံဘူးပေါ့ (ယုံပါတယ်ဆရာ)၊ ယုံလည်း ယုံတယ် ပြောပါလားဟ။ မင်းကိုယ်တိုင် ဗြဟ္မာပြည် ဗြဟ္မာမင်းကြီး ဖြစ်တယ်ဆိုတာ မင်းယုံရဲ့လား (ယုံပါတယ်ဆရာ)၊ နတ်ပြည် နတ်မင်းကြီးဖြစ်တယ်ဆိုတာ ယုံရဲ့လား (ယုံပါတယ်ဆရာ)၊ လူ့ပြည် လူမင်းကြီး ဖြစ်ခဲ့တယ်ဆိုတာ ယုံရဲ့လား (ယုံပါတယ်ဆရာ)၊ အပါယ်လေးပါး လားတယ်ဆိုတာ ယုံရဲ့လား (ယုံပါတယ်ဆရာ)၊ ယုံယုံယုံ စုံပြီ ဘုံပေါင်းက နားလည် လား (နားလည်ပါပြီဆရာ)၊ အနမတဂ္ဂ တစ်သံသရာလုံး ကျင်လည်လာတာ ရေတွက်လို့ မကုန်ဆုံးနိုင် ဘူးတဲ့။ ဗြဟ္မာ့ဘဝ ဘယ်လောက်ကြာခဲ့ အကြိမ်ဘယ်လောက်များခဲ့ မရေမတွက်နိုင်။ နတ်ဘဝ လည်းပဲ မရေမတွက်နိုင်။ လူ့ဘဝ မရေမတွက်နိုင် ဒီလိုသံသရာလည်နေ နားလည်လား (နားလည် ပါတယ်ဆရာ)၊ ဘာမဂ် ဘာဖိုလ်မှ မရတော့ သံသရာစုန်ချည်ဆန်ချည်နဲ့ ဒီလိုပဲ အမြဲတစေ လည်နေ ခဲ့ရတယ်တဲ့ တွက်ကြည့်စမ်း။ ဒါပေမယ့် အမြတ်ဆုံးဆိုတဲ့ ဗြဟ္မာ့စည်းစိမ်ကြီးနဲ့ မင်းနေစဉ်အခါတုန်းက ဗြဟ္မာ့စည်းစိမ်ကြီး မမက်မောဘူးလားဟ (မက်မောပါတယ်ဆရာ)၊ ဗြဟ္မာ့စည်းစိမ်များ မင်းခွဲချင် ခွါချင်ရဲ့လား (မခွဲချင်ပါဘူးဆရာ)၊ စွန့်ချင်ရဲ့လား (မစွန့်ချင်ပါဘူးဆရာ)၊ ဒါပေမယ့် အချိန်တန်တော့ ထားခဲ့ရတယ်လား (ထားခဲ့ရပါတယ်ဆရာ)၊ မနှမျောဘူးလား (နှမျောပါဘူးဆရာ)၊ ဟင်းဟင်း နှမျောပါတယ်၊ ကိုယ့်နောက်ပါသေးလား (မပါဘူးဆရာ)၊ မပါဘူး။ ဒါနဲ့ နတ်ပြည်ရောက်ပြန်ရော့တဲ့ နတ်မင်းကြီးတွေဖြစ် နတ်မှာလည်းပဲ နတ်ဆင်းရဲတဲ့ နတ်လတ်တန်းစားတဲ့ နတ်အထက်တန်းလွှာတဲ့။ နိုင်ငံရေး စကားသုံးရအုံးမယ်။ အောက်တန်းလွှာ အထက်တန်းလွှာနော် (မှန်ပါတယ်ဆရာ)၊ နတ်လည်း အထက်တန်းလွှာတဲ့၊ မင်း သိကြားမင်းဖြစ်ပေါင်း မရေမတွက်နိုင်ဖြစ်ခဲ့တယ်ဆိုတာ ယုံရဲ့လား (ယုံပါတယ်ဆရာ)၊ ယုံရမယ် ယုံရမယ်။

အဲဒီ ဝေဇယန္တာပြာသာဒ်ကြီးနဲ့ တငြိမ့်ငြိမ့်နဲ့ ခံစားစံစားနေတဲ့ သိကြားစည်းစိမ်ကြီးများ မမက် မောဘူးလား ဒီစဉ်အခါတုံးက (မက်မောပါတဲ့)၊ ဉာဏ်နဲ့ပြန်ကြည့်နော် (မှန်ပါတယ်ဆရာ)၊ မက်မော မယ်လို့ ဘာလို့တုံး ခုလူ့ဘဝ မပြောပလောက်တဲ့ ကိုယ်အိမ်ကုပ်အိမ်စုတ်ကလေးတောင်ပဲ တစ်ဘက် သားက ပေးပါဆို မပေးရက်ဘူးနော် (မှန်ပါတယ်ဆရာ)၊ မင်း ဒီထဲက ထွက်သွားပါဆို မသွား ရက်နိုင်ဘူး။ အင်မတန် မက်မောတာ။ ဒါဖြင့် ဒါတွေ မက်မောရင်ဖြင့် သိကြားမင်းဘဝတုန်းက ရထားတဲ့ ဝေဇယန္တာပြာသာဒ်ကြီးနဲ့ သိကြားစည်းစိမ်ကြီးကို သာမက်မောပေါ့နော် (မှန်ပါတယ်ဆရာ)၊ မက်မော မယ် ခင်တွယ်တယ် နှစ်သက်တယ် မြတ်နိုးတယ် အထင်ကြီးတယ် သိကြားမင်းစည်းစိမ်ကြီး အင်မတန်

http://www.dhammadownload.com



မက်မော။ ဒါပေမယ့် အချိန်တန်တော့ ထားခဲ့ရတယ်လား (ထားခဲ့ရတာပါပဲဆရာ)၊ ထားခဲ့ရပြန်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ပိုင်ရဲ့လားဟ (မပိုင်ပါဘူးဆရာ)၊ မပိုင်ပြန်ဘူး။ အစိုးရရဲ့လား (မရပါဘူး ဆရာ)၊ မရပြန်ဘူး လက်လွှတ်ခဲ့ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ပြန်တွေးကြည့်စမ်း တရေးရေးနဲ့ မနှမျောဘူးလား (နှမျောပါတယ်ဆရာ)၊ သိပ်နှမျောစရာကောင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ တွက်ကြည့် တွက်ကြည့်။ လူ့ဘဝတစ်ခါ လာပြန်တော့ လူ့ဘဝလည်းပဲ လူ့အောက်တန်းစားတဲ့၊ လူ့လတ်တန်းစားတဲ့၊ အထက်တန်းစားတဲ့၊ ပဒေသရာဇ် ဧကရာဇ် စကြဝတေး မန္ဓာတ်တဲ့ လေးကျွန်း သနင်း စကြမန္ဓာတ် မင်းကြီး ဖြစ်ပေါင်းလည်းများပြီလို့ ဟုတ်ကဲ့လားဟ (မှန်ပါတယ်ဆရာ)။ ဒါဖြင့် စကြဝတေး မန္ဓာတ်မင်းကြီး တကယ့်စကြာရတနာကြီးနဲ့ အရှေ့အနောက်တောင်မြောက် ဆိုတဲ့ ကျွန်းကြီးလေးကျွန်း လှည့်လှည့်၊ လှည့်လှည့်သွားနေတဲ့ စကြာရတနာကြီးတွေ အဲဒီ ရလာတဲ့ ဘဝတုန်းက မင်းစိတ်ထဲမှာ မခင်တွယ်ဘူးလား (ခင်တွယ်ပါတယ်ဆရာ)၊ မမြတ်နိုးဘူးလား (မြတ်နိုး ပါတယ်ဆရာ)၊ မကြိုက်ဘူးလား (ကြိုက်ပါတယ်ဆရာ)၊ မနှစ်သက်ဘူးလား (နှစ်သက်ပါတယ်ဆရာ)၊ ဒါနဲ့ ခင်တွယ်မြတ်နိုး ကြိုက်တယ် နှစ်သက်တယ်ဆိုပေမဲ့ အချိန်တန်တော့ ထားခဲ့ရတယ်လား (ထားခဲ့ရပါတယ်ဆရာ)၊ မနှမျောဘူးလား (နှမြောပါတယ်ဆရာ)၊ အေး-အဲဒါ ဘာပြုလို့လဲဆိုတော့ ကိုယ်မပိုင်လို့တဲ့နော် (မှန်ပါတယ်ဆရာ)၊ ကိုယ်မပိုင်လို့ အနိုင်နိုင်ထားပစ်ခဲ့ရတယ်။ ဒီဘက်ပါ သေးရဲ့လား (မပါတော့ပါဘူးဆရာ)၊ ဒီဘက် ဘာလေးမှ မပါလာဘူး နော် (မှန်ပါတယ်ဆရာ)၊ အဆင့် အဆင့် အသီးသီး ဖြစ်ရာဘုံဌာန အကုန်လုံး ခဝါချဆိုတဲ့ အနေအားဖြင့် ထားခဲ့ရတာချည်းပဲ။ ဘာပြုလို့ ကိုယ်မပိုင်လို့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ ပိုင်ရဲ့လား (မပိုင်ပါဘူးဆရာ)၊ မပိုင်ဘူးတဲ့၊ ကိုယ်ပိုင် တာက ဘာပိုင်လဲဆိုတော့ ကံနှစ်ပါးပိုင်လာခဲ့တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကိုယ့်နောက် ဘာပါလာတုံး (ကုသိုလ်နဲ့ အကုသိုလ်ကံ ပါလာပါတယ်ဆရာ)၊ ဟော-ကုသိုလ်ကံနဲ့ အကုသိုလ် ကံပါလာ၊ ဒီနှစ်ခုပဲ ပိုင်တယ်ပေါ့ (မှန်ပါတယ် ဆရာ)။

ဒါကြောင့် "သဗ္ဗေ သတ္တာ ကမ္မဿကာ" သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာပိုင်တုံး (ကံသာပိုင်ပါတယ်ဆရာ)၊ ကံတော့ ပိုင်တယ်လား (ပိုင်ပါတယ်ဆရာ)၊ ဒါကတော့ သွားရာလိုက် နေတာပေါ့ (လိုက်ပါတယ်ဆရာ)၊ အေး-သွားရာလိုက်နေနော် (မှန်ပါတယ်ဆရာ)၊ သွားရာမှာ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးက အမြဲလိုက်နေတယ်။ ဘယ်တုံးက ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးလဲဆိုတော့ ခုနတုံးက ဘဝသုံးထပ် ဘုံသုံးရပ်မှာ တရစပ် ကျင်လည်လာတဲ့ ဘဝပေါင်းများစွာက

http://www.dhammadownload.com



ပြုလုပ်လာတဲ့ ကံဟောင်းတွေ ခေါ်တယ်။ ဒါတွေတော့ အမြဲတစေ ပါနေတယ်လား (ပါပါတယ်ဆရာ)၊ အေး-သူကတော့ လူသွားရာ အရိပ်ပါသလိုပဲတဲ့ ကပ်လျက်သားလိုက်၊ ကပ်ရက်သားလိုက်လိုက်တော့ ဘာလုပ်သလဲလို့ ကံနှစ်ခုကလည်း ပါပါလာတယ် မတည့်ကြဘူး။ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ တည့်ရဲ့လား (မတည့်ပါဘူးဆရာ)၊ ပဋိပက္ခနော် (မှန်ပါတယ်ဆရာ)၊ ဆန့်ကျင်ဘက် မတည့်ဘူးတဲ့ သူတို့နှစ်ခု၊ သူတို့နှစ်ခု မတည့်တော့ ဘယ်နဲ့ဖြစ်သလဲဆိုတော့ သူတို့ကလည်း မိမိနောက်ကပ်လျက်သား ပါ,ပါလာတော့ သင့်သင့်မြတ်မြတ် မနေကြဘူးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဖြစ်ရာဘဝ လိုက်လိုက်ပြီးတော့ ရန်ဖြစ်ကြတယ် မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ ဖြစ်ရာဘဝ လိုက်လိုက်ပြီးတော့ ရန်ဖြစ်ကြတယ်တဲ့။ အမွေခံပစ္စည်းနှစ်ခု ကံနှစ်ခုက နတ်ဘဝလည်းပဲ နတ်ချင်းရိုက် နတ်ဘဝလည်းပဲ လိုက်ပြီးတော့ သူတို့နှစ်ခု ရန်ဖြစ်တာပဲတဲ့၊ လူ့ဘဝရောက်လည်း လူ့ဘဝအရောက်ပဲ သူတို့နှစ်ခုက ရန်ဖြစ်တာပဲတဲ့ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ ကံနှစ်ခု ရန်ဖြစ်ပုံ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဘယ့်နဲ့တုံး (ကုသိုလ်ကံကောင်းလို့ရှိရင် အကုသိုလ်ကံ ပြေးရပါတယ်)၊ သြော်-ကုသိုလ်ကံကောင်းရင် အကုသိုလ်ကံ ပြေးပြီလား (မှန်ပါတယ်ဆရာ)၊ လုံးလုံးပြေးရော့လားဟ (မပြေးပါဘူးဆရာ)၊ ဘယ့်နဲ့လုပ် (ကုသိုလ်ကံနိမ့်ရင် အကုသိုလ်ကံက တစ်ခါဖိချပါတယ်ဆရာ)၊ သြော်-ဟုတ်ပြီဟေ့။ ကုသိုလ်ကံအားနိမ့်သွားရင် အကုသိုလ်ကံ ဖိထားပြန်ရော့လား (မှန်ပါတယ်ဆရာ)၊ သြော်-ဒါကြောင့် လူ့လောကကြီး ကောင်းတစ်လှည့် မကောင်းတစ်လှည့် သွားတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အခု အကျိုးတွေ ပေးပြန်ပေါ့တဲ့။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အခု ဘာဖြစ်ပြန် အကျိုးမပေးပြန်ဘူးတဲ့။ ဒီလိုဖြစ်တယ် မဟုတ်လား (ဖြစ်ပါတယ်ဆရာ)၊ အခု ကျန်းမာပြန်ပေါ့တဲ့။ အခု မကျန်းမာပြန်ဘူး ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါ ဘယ်သူတွေတုံး (ကုသိုလ်ကံနဲ့ အကုသိုလ်ကံပါဆရာ)၊ သြော်-သူတို့နှစ်ခု ရန်ဖြစ်တာကိုးကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒီတော့ တွက်ကြည့်ကြလို့ သြော်-တို့ ကိုယ်ပိုင်ဥစ္စာပစ္စည်းအနေနဲ့ ပါလာတာ ကံနှစ်ခု၊ တို့ သွားရာ ထက်ကြပ်မကွာ ပါနေတာ ကံနှစ်ခု ဘယ်သူတုံး ကုသိုလ်ကံနဲ့ အကုသိုလ်ကံ၊ ဒီကံနှစ်ခုကလည်းပဲ အလုအယက် ဆိုသလိုပဲ သူတစ်လှည့် ငါတစ်လှည့် ဗိုလ်လုပွဲကြီးလို မိမိဖြစ်ရာဘဝ လိုက်လိုက်ပြီးတော့ ပဋိပက္ခအနေအားဖြင့် ရန်ဖြစ်နေကြတယ်တဲ့။ ကုသိုလ်ကံက တစ်လှည့်ပေးလိုက် အကုသိုလ်ကံက တစ်လှည့်ဝင်လိုက် ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)၊ အကယ်တန္တိမျှား ပါလာတဲ့ အမွေခံတည်းဟူသော ကံနှစ်ပါးထဲမှာ အကုသိုလ်ကံတွေ သိပ်များနေ။ ကုသိုလ်က လှန်နိုင်ပါအုံးမလားဟ (မလှန်နိုင်ပါဘူးဆရာ)၊ ဒါကြောင့် လူရယ်လို့ ဖြစ်လာရင် တစ်သက်လုံး ဆင်းရဲလို့ မဆုံးဘူးတဲ့နော်

http://www.dhammadownload.com



(မှန်ပါတယ်ဆရာ)၊ မြင်ဖူးတယ် မဟုတ်လား (မြင်ဖူးပါတယ်ဆရာ)၊ ကုသိုလ်ကံတွေက များလှပေမယ့် အကုသိုလ်ကံနည်းတဲ့ ပုဂ္ဂိုလ်ကြပြန်တော့လည်းပဲ အကုသိုလ်ကံ နလန်ထူနိုင်သေးလား (မထူနိုင်ပါဘူး ဆရာ)၊ သြော်-ဒါကြောင့် လူရယ်လို့ ဖြစ်လာ တစ်သက်လုံး ချမ်းသာလို့ မပြီးသေးဘူးတဲ့ မဟုတ်ဖူးလား ဟ (မှန်ပါတယ်ဆရာ)၊ အေး-ကုသိုလ်ကံကလည်းပဲ နည်းနည်း အကုသိုလ်ကံကလည်း နည်းနည်း အညီအမျှပေါ့လေ။ ကုသိုလ်ကံတစ်ကျပ် အကုသိုလ်ကံတစ်ကျပ် ဖြန်းမျှခြင်းပါလာတော့ ဘယ့်နဲ့ဖြစ်နေ သူတစ်ပြန် ငါတစ်လှည့်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ အေး - ဒါကတော့ ပူလိုက် အေးလိုက်ဆိုတဲ့ သဘောလိုပဲ။ အမြဲတစေ ခုကောင်းလိုက် ခုဆိုးလိုက် ခုကောင်းလိုက် ခုဆိုးလိုက် သြော်-ဒါကြောင့် ဖြစ်ရာဘဝ ဘုံဌာနမှာ သံသရာဝဋ်အတွင်းက မလွတ်ကင်းသမျှ ကာလပတ်လုံး မိမိတို့နောက်မှာ အမြဲထပ်ကြပ်မကွာ ပါနေတာ ဘာလဲဆိုရင် "သဗ္ဗေ သတ္တာ ကမ္မဿကာ"လို့ ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့အတိုင်း ကံတည်းဟူသော အမွေခံပစ္စည်းနှစ်ခု ပါလာ၏။ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)။

ဒါကြောင့် တို့လူစုက စဉ်းစား၊ ဒီလိုသာ တို့နောက် ထက်ကြပ်မကွာ အမြဲလိုက်နေမယ်ဆိုလို့ ရှိရင်ဖြင့်ရင် အင်မတန် မကောင်းသော အကျိုးပေးတတ်တဲ့ ဆိုးဝါးသော အကုသိုလ်ကံဆိုတဲ့ အမွေခံ တော့ တို့မပါစေရဘူးဟ ဒီလို ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကောင်းကျိုးချမ်းသာ ဖြစ်ရာဘဝ အမြဲတစေ ပေးတတ်တယ်ဆိုတဲ့ ကုသိုလ်ကံဆိုတဲ့ အမွေခံပစ္စည်းတော့ ပါမှပဲ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ကုသိုလ်ကံတည်းဟူသော အမွေခံပစ္စည်းနဲ့ အကုသိုလ် ကံတည်း ဟူသော အမွေခံပစ္စည်း နှစ်မျိုးနှစ်စားရှိတဲ့အနက်က အကုသိုလ်ကံ တည်းဟူသော အမွေခံပစ္စည်းတော့ နည်းနိုင်သမျှ နည်းကြပါစေနော် (မှန်ပါတယ်ဆရာ)၊ ဖြစ်ရာဘဝ ဖြစ်ရာဘဝ တင့်တောင်းတင့်တယ် လှလှပပ သပ်သပ်ရပ်ရပ် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ချမ်းချမ်းသာသာ ကြွယ်ကြွယ်ဝဝ ဆိုသလိုပဲ ဖြစ်ကြရအောင်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အကုသိုလ်ကံတည်း ဟူသော ကိုယ်ပိုင်အမွေခံပစ္စည်း နည်းပြီးတော့ ကုသိုလ်ကံတည်းဟူသော ကိုယ်ပိုင်ပစ္စည်း များကြပါ စေလို့ များအောင်ကြိုးစား။

ဒါကြောင့် တို့သင်တန်းသူ သင်တန်းသားများတော့ အင်မတန် အားရှိစရာကောင်း။ ကြည့်စမ်း ကံနှစ်မျိုးနှစ်စားရှိတဲ့အနက်က ကုသိုလ်ကံတည်းဟူသော အမွေခံပစ္စည်းတွေ ဘယ်လောက်များသလဲ လို့ (ချစ်တီး) လောက်ချမ်းသာတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ခုခေတ် (ချစ်တီး) ပြောတာ မဟုတ်ဘူး။ အရင် (ချစ်တီး) ပြောတာ အခု (ချစ်တီး)ကတော့ မွဲနေရှာ။ ဟုတ်ကဲ့လား (မှန်ပါတယ်

http://www.dhammadownload.com



ဆရာ)၊ ကုသိုလ်ကံအမွေခံ ကိုယ်ပိုင်ပစ္စည်းတွေက ချစ်တီးလောက် ချမ်းသာတယ်လို့ တွက်စမ်း။ သင်တန်းတစ်ပတ်တွက်ကြည့်။ တစ်နေ့ တစ်နာရီ တစ်နေ့ တစ်နာရီ တစ်နေ့ တစ်နာရီနဲ့ သင်တန်းတစ်ပတ်ကို အရင်တုန်းက တစ်နှစ်နဲ့တစ်လ ဆယ့်သုံးလနော် (မှန်ပါတယ်ဆရာ)၊ အခု သင်တန်းကတော့ နှစ်နှစ်နဲ့သုံးလလား ရှိသွားပေါ့။ သင်တန်းတစ်ပတ်လုံး စွဲစွဲမြဲမြဲနဲ့ အားခဲပြီးတော့ နေ့နဲ့အမျှ ဘုရား တရားသံဃာ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူး အထူးသဖြင့် ယုံကြည်တဲ့အနေအားဖြင့် လေးစားတဲ့အနေအားဖြင့် တို့ တစ်မဂ်တစ်ဖိုလ်မှ ရစေတော့ဆိုတဲ့ စေတနာရှေ့ထားပြီးတော့ လာလာ လာလာကြတော့ ဖောလုံးလေးတွေနဲ့ စေတနာလုံးတွေနဲ့ တွက်ကြည့်လို့ရှိရင် တို့သင်တန်းသူ သင်တန်းသားများ နေ့မပျက် ရက်မပျက် ဆက်ကာဆက်ကာ နာရတဲ့ ဓမ္မဒါနကုသိုလ် ရေတွက်လို့ ကုန်သေးရဲ့လား (မကုန်တော့ပါဘူးဆရာ)၊ ချင်းနဲ့ တောင်းနဲ့များ ထည့်ရရင် ထည့်စရာ ရှိအုံးမှာလားဟ (မရှိပါဘူးဆရာ)၊ အေး-အဲဒါ ဖောလုံးတွေနဲ့ တွက်ကြည့်။ ဘယ်လောက်များသလဲဆိုတာ ဒီတော့ တို့ သင်တန်းသူ သင်တန်းသားများ ဒီစောစောကပြောတဲ့ ကုသိုလ်ကံ အမွေခံပစ္စည်းနဲ့ အကုသိုလ်ကံ အမွေခံပစ္စည်း ချိန်ခွင်ထဲထည့်ချိန် ဘယ်ဘက်ကများတုံးဟ (ကုသိုလ်ကံက များပါတယ်ဆရာ)၊ ကုသိုလ်ကံက များတယ်နော် (မှန်ပါတယ်ဆရာ)၊ အားရှိစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ကုသိုလ်ကံမှ ထိပ်တန်းကုသိုလ်ကံခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါနပြုအုံးတော့ ပစ္စယဒါန တို့ထက် သာချင်တိုင်းသာ မြတ်ချင်တိုင်းမြတ်ဆိုတဲ့ အမြတ်ဆုံးသော ဓမ္မဒါနကုသိုလ် ဒီလိုမပာတ်လား (မှန်ပါတယ်ဆရာ)၊ တရားနာပြန်တော့လည်း ဒါနအပေါင်းတို့ထက် အမြတ်ဆုံးဆိုတဲ့ ဓမ္မဒါနကုသိုလ် ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ထိပ်တန်းကချည်း အလုပ်လုပ်နေတယ်နော် (မှန်ပါတယ်ဆရာ)၊ ဝမ်းသာစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အေး-ဒါကြောင့် သိပ်ဝမ်းသာစရာကောင်း။

ဒါကြောင့် သွားရာ ထက်ကြပ်မကွာ အမြဲတစေပါနေ။ အမွေခံပစ္စည်းနဲ့ အကုသိုလ်ကံတည်းဟူသော အမွေခံပစ္စည်း ဒီနှစ်နည်းမှာ ခွဲခြားစိတ်ဖြာ ဝေဖန်ကြည့်လိုက်တော့ တို့ သင်တန်းသူသင်တန်းသားများသည် ကုသိုလ်ကံဆိုတဲ့ အမွေခံပစ္စည်းကဖြင့် လိုတာနဲ့တောင် ပိုနေပေါ့နော် (မှန်ပါတယ်ဆရာ)၊ သိပ်ဝမ်းသာစရာကောင်း ဝမ်းလည်းသာကြ၊ ငါဝမ်းသာအောင် ကြိုးစားပြောနေရတာ နောက်လည်း ဓမ္မဒါန လာနိုင်သမျှ ကြိုးစားလာကြပါစေလို့ စာရင်းကတော့ မပိတ်သေးဘူးနော် (မှန်ပါတယ်ဆရာ)၊ တဖွဲဖွဲနဲ့လာလည်း လာပါတယ် မဆိုးပါဘူး။ နောက်နှစ်ရက်သုံးရက်တုန်းက ငါစိတ်ပျက်သွားတယ်။ ခန်းပြီး ထင်တယ်ဟေ့။ ဒီနေ့တော့ တစ်ယောက်မှ မပေါ်လာဘူး။ နှစ်ရက်သုံးရက်လောက် ပြတ်သွား။ နောက်နေ့ပေါ်လာတယ်။ အစိတ် သုံးဆယ် နှစ်ဆယ် ဆယ်ငါးကျပ်

http://www.dhammadownload.com



ငါးကျပ် အမျှင်မပြတ်ဘူး လာနေတယ် နော် (မှန်ပါတယ်ဆရာ)၊ လာကြပါတယ် လာကြပါတယ်။ အင်မတန်မွန်မြတ်တဲ့ ကုသိုလ်ကောင်းမှု၊ ကုသိုလ်ကောင်းမှုအတွက်မို့လို့ ဒီကလည်း စိတ်ပါလက်ပါနဲ့ တိုက်တွန်းပေးကြတာ။ နည်းများမဆိုပေါ့လို့ တတ်အားသမျှ ကြိုးစားကြ။ လှူဖွယ်ဝတ္ထုပစ္စည်းက အကျိုးပေးတာ မဟုတ်ပါဘူး၊ စေတနာက အကျိုးပေးတာပါလို့ အဲဒီလို ပြောတိုင်းလည်း ပြားငါး ဆယ်ချည်း လာမနေကြပါနဲ့ကွာ နော်။

ဒါနဲ့ တစ်နေ့က တို့ ပဋိစ္စသမုပ္ပါဒ်အဆက်ကလေး စကြအုံးစို့နော် (မှန်ပါတယ်ဆရာ)၊ ပဋိစ္စ သမုပ္ပါဒ်ဆိုတော့ တန်းကလည်း မြင့်နေပေ့ါ။ ဒါပေမယ့် စောစောက ပြောသလိုပဲ သဒ္ဓမ္မဿဝနဆိုတဲ့ သူတော်ကောင်းတရား နာကြားနေရတာပဲဆိုတဲ့ အာရုံလေးထားပြီး နာနေ။ ဓမ္မဒါနကုသိုလ်တွေ တစ်ထိုင်တည်း တစ်ထတည်း တစ်ခဏတည်းနဲ့ ယူလို့မကုန်အောင် ရနိုင်တယ်လို့ အင်မတန် မွန်မြတ် တယ်။ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး ငါနာရ ပါလားလို့ စိတ်ထဲလည်း ဒီလိုအောက်မေ့၊ ကြည့်ကွယ် တစ်နေ့က တို့ ဘာရောက်သွား။ အခြင်းအရာ နှစ်ဆယ် ရောက်သွားပြီလား (မှန်ပါတယ်ဆရာ)၊ အခြင်းအရာနှစ်ဆယ်တဲ့။ ဒါ သတ္တဝါများ ငါတို့ သူငါ ဆိုတဲ့ သတ္တဝါတွေ သံသရာစက်ရဟတ်ကြီးမှာ အဆက်မပြတ် လည်နေတယ်ဆိုတဲ့ တရား တော်ကြီးကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုလုပ်လို့ ဒီလိုလည်တယ်ဟဲ့။ ဒီလိုကျင့်လို့ ဒီလိုလည် တယ်ဟဲ့။ လည်ပုံ လည်နည်းပြ။ အဲဒါဒီလိုချည်း လည်နေရ၊ ဘယ်တော့ရပ်မလဲဆို ရပ်ပုံရပ်နည်း မတတ်ပြန်လည်း ရပ်လို့ဖြတ်လို့ကို မရဘူး။ ဒါကြောင့် သတ္တဝါတစ်ယောက်ရဲ့ အစအဖြစ်က စွန်းရိပ် မထင်ဘူးလို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဟောထားတာ၊ အန္ဓပုထုဇဉ်ဘဝနဲ့ နေမယ်ဆိုလို့ရှိရင်တဲ့ ထိုသတ္တဝါသည် ဘယ်ကစလို့ ဘယ်ဆုံးမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူးတဲ့။ ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ကြောက်စရာကောင်းတယ်။ ဒါ အန္ဓပုထုဇဉ်ဘဝနဲ့ နေမယ်ဆိုလို့ ရှိရင်။

ဒါကြောင့် အန္ဓပုထုဇဉ်ဘဝနဲ့ မွေးလာပြီး အန္ဓပုထုဇဉ်ဘဝနဲ့ သေကြမယ်ဆိုရင်ဖြင့် ဒီလိုပဲ အစနဲ့အဆုံး ဘယ်ကစလို့ ဘယ်မှာဆုံးမယ်လို့ လုံးလုံးကြီး မပြောနိုင်တဲ့ သံသရာစက်ရဟတ်ကြီးထဲမှာ အဆက်မပြတ် တလည်လည်နဲ့ လည်ကြရအုံးမှာ နော် (မှန်ပါတယ်ဆရာ)၊ အဲသလိုပဲ မလည်ရအောင် ဒုက္ခခပ်သိမ်းတွေလည်း ကင်းငြိမ်းသွားအောင် တို့တစ်မဂ် တစ်ဖိုလ်ရမှ နိဗ္ဗာန်မျက်မှောက်ပြုနိုင်မယ်။ နိဗ္ဗာန်ရောက်မှ တကယ့်ချမ်းသာအစစ်ကြီးနဲ့ တွေ့ရမယ်လို့ ဒီဆန္ဒလေးကတော့ ပြင်းပြင်းလေးထား။ လောကထဲမှာ လောကီအာရုံတွေ မျက်စိလှည့်စားတိုင်းများ မျက်စိမလည်ကြနဲ့နော်။ ကိလေသာ

http://www.dhammadownload.com



မကုန်သေးတာ မကုန်သေးပေါ့။ ကိုယ့်အသိဉာဏ်တွေ ရွေ့ပြေးနေတာ ရွေ့ပြေးနေတာ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ) ကိုယ့်အသိဉာဏ်လေးက ရွေ့ပြေးထား။ လောကီအာရုံတွေ လှည့်ပတ်တိုင်း ငါမယုံတော့ဘူး။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီနည်းလေး သိထားရမှာ မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ လောကီအာရုံတွေ လှည့်ပတ်တိုင်း ငါယုံနေရင် သုံးဆယ့်တစ်ဘုံတည်းဟူသော သံသရာဝဋ်တွင်းက ငါမလွတ်ကင်းတော့ဘူး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မလွတ်ကင်းရင် ဖြစ်တိုင်းသောဘဝမှာ အိုဘေးဆိုး နာဘေးဆိုး သေဘေးဆိုးကြီးနဲ့ တွေ့ရမယ် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်တော့မှ ငါလွတ်မှာ မဟုတ်ဘူး။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့်ရင် ထိုလောကီအာရုံတွေက လှည့်ပတ်ဖြားယောင်းခြင်း မခံရအောင် ဘယ့်နဲ့လုပ်၊ တစ်မဂ် တစ်ဖိုလ်ရအောင် လုပ်မှဖြစ်မယ်။ တစ်မဂ် တစ်ဖိုလ်ရတော့ ဘာဖြစ်။ တစ်မဂ် တစ်ဖိုလ်ရမှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။ နိဗ္ဗာန်မျက်မှောက်ပြုတော့ ဘာဖြစ်၊ နိဗ္ဗာန်မျက်မှောက်ပြု နိဗ္ဗာန်ရောက်မှ တကယ့်ချမ်းသာအစစ်ဖြစ်မယ်။ ဘာပြုလို့ နိဗ္ဗာန်ရောက်သော ပုဂ္ဂိုလ်များသည် ဘယ်တော့မှ မအို ဘူးတဲ့၊ ဘယ်တော့မှ မနာဘူးတဲ့၊ ဘယ်တော့မှ မသေဘူးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မကောင်းဖူးလားဟ (ကောင်းပါတယ်ဆရာ)၊ ဒါထက် ကောင်းတာ ဘာရှိသေး (ဘာမှမရှိပါဘူးဆရာ)၊ ဘယ်တော့မှ မအိုဘူးတဲ့၊ ဘယ်တော့မှ မနာဘူးတဲ့၊ ဘယ်တော့မှ မသေဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါ တယ် )၊ ဒီသုံးခုပိုင်လိုက်ရင်ကွယ် လူ့လောကတွက်ကြည်စမ်းပါ။ ဘယ့်နဲ့ဆင်းရဲတယ် ပြောပြော၊ ဘယ့်နဲ့ချမ်းသာတယ် ပြောပြော ဆင်းရဲတဲ့လူက ဆင်းရဲတဲ့အလျောက်၊ ချမ်းသာတဲ့လူက ချမ်းသာတဲ့ အလျောက် အခုဖြစ်နေတဲ့ဘဝ မင်း ဘယ်တော့မှ မသေဘူးဆိုရင် ထတောင်ခုန်ရဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ခုဖြစ်နေတဲ့ဘဝလေး ဆင်းရဲချမ်းသာ အသာထားပေါ့။ ကိုယ့်ဘဝလေး ကိုယ် မနှစ်သက်ဘူးလား (နှစ်သက်ပါတယ်ဆရာ)၊ ဘယ်တော့မှ မစွန့်ချင်ဘူး မဟုတ်လား (မစွန့်ချင် ပါဘူးဆရာ)၊ ခွဲလည်း မခွဲချင်ဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ အေး-ဘယ်တော့မှ မင်းမသေဘူးတော့ ဆိုလို့ရှိရင် မင်းထတောင်ခုန်ရဲ့။

ခွေ ၄၀-မှ ၆၀-ထိ

http://www.dhammadownload.com

A 1660



# မန္တလေးတိုင်းဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
# (အောက်မြန်မာပြည်) ၏
## အမှုဆောင်လူကြီးများ

| | | |
|---|---|---|
| ၁။ | ဦးချစ် | နာယက |
| ၂။ | ဦးမြင့်စိုး | ဥက္ကဋ္ဌ |
| ၃။ | ဦးသန်းရှိန် | ဒုတိယ ဥက္ကဋ္ဌ |
| ၄။ | ဦးဘငြိမ်း | အတွင်းရေးမှူး |
| ၅။ | ဦးငွေးကျော် | တွဲဘက်အတွင်းရေးမှူး |
| ၆။ | ဦးတင်မောင်လတ် (ခ) ဦးအောင်မင်္ဂလာ | တွဲဘက်အတွင်းရေးမှူး |
| ၇။ | ဦးတေဇာဘုန်းဦး | ဘဏ္ဍာရေးမှူး |
| ၈။ | ဦးသာဆယ် | စာရင်းစစ် |
| ၉။ | ပါမောက္ခ ဒေါက်တာ ဒေါ်ချိုလေးမာ | ပြန်ကြားရေး |
| ၁၀။ | ဦးတင့်ဝေ | ။ |
| ၁၁။ | ဒေါက်တာ ဒေါ်ခင်မြင့်စန်း | ။ |
| ၁၂။ | ဦးချစ်လှိုင် | ။ |
| ၁၃။ | ဦးကြီးစိန် | ။ |
| ၁၄။ | ဒေါ်ယဉ်ယဉ်သိန်း | ။ |

http://www.dhammadownload.com



# ပစ္စက္ခဉာဏ်ဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏ သင်တန်းခွဲများအပေါ်၌ ရပ်တည်ချက်

၁။ ပစ္စက္ခဉာဏ်ဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) သည် အမှတ် (၈၆)၊ သီရိ (၅)လမ်း၊ (၂) ရပ်ကွက်၊ လှိုင်မြို့နယ်တွင် တည်ရှိသည်။

၂။ ပစ္စက္ခဉာဏ်ဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) အနေဖြင့် ဆရာကြီး၏ ဩဝါဒမှုအတိုင်း တစ်ဦးတစ်ယောက်ချင်းထံမှငင်း၊ သင်တန်းခွဲများထံမှငင်း မည်သည့်အကြောင်းနှင့်မျှ အလှူငွေကောက်ခံခြင်း မရှိခဲ့ပါ။

၃။ နောက်နောင်တွင်လည်း မည်သည့်အကြောင်းကြောင့်နှင့်မျှ အလှူငွေကောက်ခံခြင်း ပြုလုပ်မည်မဟုတ်ပါ။

၄။ သင်တန်းခွဲများအား လိုအပ်သော သင်တန်းတရားခွေများကို ဓမ္မဒါနအဖြစ် ယခင်က ဖြန့်ချိသကဲ့သို့ ယခုလည်း ဆက်လက်ဖြန့်ချိသွားပါမည်။

၅။ ထိုနည်းအတူ ဆရာကြီး ဦးကြင်ရွှေဟောကြားခဲ့သော သင်တန်းတရားတိတ်ခွေများမှ တရားစဉ်များကို ယခင်က ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသကဲ့သို့ ယခုလည်း ပိုမိုပြန့်ပွားစေရန် စာအုပ်, စာပေအဖြစ် ဆက်လက်ဆောင်ရွက်ပြီး ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသွားပါမည်။

ဦးမြင့်စိုး
(ဥက္ကဋ္ဌ)
ပစ္စက္ခဉာဏ်ဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
(အောက်မြန်မာပြည်)
အမှတ် (၈၆)၊ သီရိ (၅) လမ်း၊
(၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုံး - ၅၂၄၀၇၈

http://www.dhammadownload.com



## သစ္စာပါရမီဆုတောင်း

ဤနေ့ယခု အစပြု၍ အကျွန်ုပ်တို့ ပြုအပ်သော ကုသိုလ်ပေါင်းစု မြတ်ကောင်မှုနှင့်အတူ ညီတူ ညီမျှ မျှဝေခံစားကြစေရန် . . .

- ဝါတွင်းသုံးလ ရက်ပေါင်းကိုးဆယ် ပျက်ရက်မရှိ လှူလဝီရိယရှိလျက် ၁၉၉၅-ခုနှစ်မှ စ၍ စာသင်တိုက်ကြီး (၇)တိုက်မှ ဘုရားရှင်၏တပည့်သား သံဃာတော်အရှင်မြတ် (၉)ပါး တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ဤသို့တစ်ဖန် အကြောင်းခံ၍ ပရိယတ္တိစာသင်တိုက် (၇)တိုက်မှ သံဃာတော် အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ကျောင်း, ကန်, ဇရပ်, သိမ်တော်မြတ်ကို ဆောက်လုပ် ထည့်ဝင်လှူဒါန်းရသော ကုသိုလ်ကံ စေတနာ၊
- ဘုရားရှင်၏တပည့်သား ဂိလာန သံဃာတော် အရှင်သူမြတ်များအား ဆေးပစ္စည်းများဖြင့် ထောက်ပံ့လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- နှစ်စဉ် တရားသင်တန်းခွဲများမှ မှာယူကြသော တရားတိတ်ခွေများအား အခမဲ့ကူးပေးခြင်း၊ တရားတိတ်ခွေများ လှူဒါန်းခြင်း၊ တရားစာအုပ်များ ထုတ်ဝေလှူဒါန်းခြင်း ဓမ္မဒါနကုသိုလ် ကံစေတနာ၊

ဤသို့ ပစ္စယဒါန, ဓမ္မဒါန နှစ်ဌာနတို့ဖြင့် ထောက်ပံ့လှူဒါန်း မှန်ကန်သော ကုသိုလ် အစွမ်းသတ္တိတို့ကြောင့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော "အမတ" မည်ခေါ် ရွှေပြည် တော်သို့ ရောက်ရာအမှန် မြတ်နိဗ္ဗာန်ကို ကေန်မျက်မှောက် ပြုလွယ်နိုင်ကြပါစေသော်။

**နာယကကြီး ဦးချစ်**

ပခုက္ကူဝိပဿနာသင်တန်းခွဲများ

တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

http://www.dhammadownload.com